ပန္နလေးမြို့

ဧမ္ဘစကြာပဇိုပတ်သာသနာပြုအဖွဲ့ချုပ်

၅

မဟာသတိပဋ္ဌာန်ပဇိုပတ်လုပ်ငန်းစဉ်

တရားနေတော်ဟောခန့်ကျမ်း

ပဌမတွဲ



ကျမ်း ၁၁

ဧမ္ဘစကြာပဇိုပတ်သာသနာပြုရိပ်သာ
မင်္ဂလာဥယျာဉ်ရပ်-အာရှေပြင်
ပန္နလေးမြို့

မန္တလေးမြို့

ဓမ္မစကြာ ပဋိပတ်သာသနာပြု-အဓိ

၃

မဟာသတိပဋ္ဌာန် ပဋိပတ်လုပ်ငန်းစဉ်

တရားဓာတ်ဟောစဉ်ကျမ်း

ပဌမတွဲ

မူပိုင် ☆ ကျမ်းစာ

ဓမ္မစကြာ ပဋိပတ် သာသနာပြုရိုပ်သာ
မဂ်လာဥယျာဉ်ရပ်-အရှေ့ပြင်
မန္တလေးမြို့။



ကျေးဇူးရှင် ဓမ္မစကြာ မူလနာယက ဆရာတော်ဘုရား၊

၎င်းအမှာ

သံသရာထွက်လမ်း မဂ်စခန်းကို ရှာမှီးဆည်းပူးအားထုတ်ကြ ကုန်သော အို-မမှမိတ်ဆွေအပေါင်းသူတော်ကောင်းတို့ ဤမမှ စကြာ ပဋ္ဌိပတ်သာသနာပြုရိပ်သာရှိ ၁-ပေါ် ထုတ်ရေး၊ ၂-ပေါ် ထွက်ရေး၊ ၃-ကိန်းဝပ် တည်နေရေးအဖွဲ့မှ တင်ဆက် ထုတ်ဝေလိုက်သော "မဟာသတိပဋ္ဌာန် ပဋ္ဌိပတ်လုပ်ငန်းစဉ် တရားတော်ဟောစဉ်ကျမ်း" သည် ကျေးဇူးရှင် ဓမ္မစကြာ မဟာနာယက ဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်က ဟောကြား ဆုံးမ သွားသော တရားတော်ဟောစဉ်ဖြစ်ပါသည်။

ကျေးဇူးရှင် ဓမ္မစကြာ မဟာနာယက ဆရာတော်ဘုရား မရှိ သည့်နောက်ပိုင်းတွင် ၎င်းတရားတော်ဟောစဉ်များကို မဂ်တရား ဖိုလ်တရားကိုလိုလားကြကုန်သော ဓမ္မမိတ်ဆွေအပေါင်းသူတော် ကောင်းတို့ အလွယ်တကူ ပွားများအားထုတ် နိုင်ကြပါစေခြင်း အကျိုးငှါ တင်ဆက်ထုတ်ဝေလိုက်ရပါသည်။

သို့သော်လည်း ဓမ္မစကြာ ပဋ္ဌိပတ် သာသနာပြု ရိပ်သာရှိ ၁-ပေါ် ထုတ်ရေး၊ ၂-ပေါ် ထွက်ရေး၊ ၃-ကိန်းဝပ် တည်နေရေး အဖွဲ့အနေဖြင့် ရရှိသမျှသော မှတ်စု-မှတ်ရာများနှင့် ညှိနှိုင်းပြီး ထုတ်ဝေရခြင်းဖြစ်သောကြောင့် အမှားများပါရှိပါက ဖြည့်စွက် ယူကြပါရန်။

၎င်းတရားတော်ဟောစဉ်ကျမ်းသည် ကျေးဇူးရှင် ဓမ္မစကြာ မဟာနာယကဆရာတော်ဘုရား၀ါဘွင်းသုံးလပတ်လုံး သင်တန်း ပေးသနားတော်မူသော တရားတော် ဟောစဉ်ဖြစ်ခြင်းကြောင့်

(၁) "အမှာ"

ကျမ်းစာအုပ် – တအုပ်ထည်း ရိုက်နှိပ်လျှင် စာအုပ် ကြီးခြင်း၊ စာမျက်နှာ များခြင်းတို့ကြောင့် ကြည့်ရှုကြကုန်သော ပုဂ္ဂိုလ် များအဖို့ ဝန်လေးမည်စိုးရှိ ပဌမတဲ့, ဒုတိယတဲ့, တတိယတဲ့, အနေအားဖြင့် သုံးတဲ့ခွဲ၍ ထုတ်ဝေလိုက်ရပါသည်။

ကျန်ရှိနေသေးသော ဒုတိယတဲ့ နှင့် တတိယတဲ့ များကိုလည်း ဆက်လက်ရိုက်နှိပ် ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း ဓမ္မမိတ်ဆွေ အပေါင်း သူတော်ကောင်းတို့ထံ ပန်ကြားလိုက်ပါသည်။

ပေါ်ထုတ်ရေး၊ ပေါ်ထွက်ရေး၊
ကိန်းဝပ်တည်နေရေးအဖွဲ့
ဓမ္မစကြာ•ပဋိပတ်သာသနာပြုရိပ်သာ
နန်းရှေ့-မန္တလေး။

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	အကြောင်းပြနိဒါန်း	၁
၂။	ကန်တော့ခဏ်း	၃
၃။	ဆုပေးခဏ်း	၄
၄။	တရားတောင်းခဏ်း	၅
	ရုပ်နာမ်ပိုင်း - နာမရူပပရိစ္ဆေဒဥာဏ်	
၅။	ကမ္ဘာတရားတည်နေပုံ၊ ပုံစံနံပါတ် (၁) ဟောစဉ်	၇
၆။	မဟာဒဏ္ဍနားလားဝတ္ထု	၅၆
၇။	မီးဓါတ်ကြီး ၄-ပါး လောကတည်နေပုံ ပုံစံနံပါတ် (၂) ဟောစဉ်	၆၄
၈။	သညာသိ ပရမတ်လောကတည်နေပုံ ပုံစံနံပါတ်(၃)ဟောစဉ်	၁၀၉
၉။	လောကီအပ္ပနာ သမာဓိဈာန်တရားလောက ပေါ်ထွက်ပုံ၊ ပုံစံနံပါတ် (၄) ဟောစဉ်	၁၂၂
၁၀။	ဥဂ္ဂသေန သူဌေးသားဝတ္ထု	၁၆၉

၁၁။ ပညာနယ်လောက ပထဝီခါတ်၌ မြို့ ၄-ပါးနေပုံ
ပုံစံနံပါတ် (၅) ဟောစဉ် ၂၂၇

၁၂။ ယထာဘူတအသိ ပထဝီခါတ်၌
အနတ္တနှင့် အတ္တနေပုံ၊ ပုံစံနံပါတ်(၆)ဟောစဉ် ၂၃၃

၀၃။ သမုတိသစ္စာနယ် အဝင်သဘောနှင့်
ပရမတ္ထသစ္စာနယ် အထွက်သဘောနေပုံ
ပုံစံနံပါတ် (၇) ဟောစဉ် ၃၄၂

ပစ္စယပရိဂ္ဂဟဉာဏ်

၀၄။ နာမ်တရားလောကဟောတုနှင့် ပစ္စယအကြောင်း
ပေါ်ထွက်ပုံ၊ ပုံစံနံပါတ် (၈) ဟောစဉ် ၃၆၅

၁၅။ ပစ္စယပရိဂ္ဂဟဉာဏ် သိမ်းဆည်းပုံ
ပုံစံနံပါတ် (၉) ဟောစဉ် ၄၁၁

၁၆။ ပရမတ်ယုံမှားခြင်း ၈-ပါး သိမ်းဆည်းပုံ
ပုံစံနံပါတ် (၁၀) ဟောစဉ် ၄၀၉

အကြောင်းပြ-နိဒါန်း။

သုံးပါးမြတ်စွာ ရတနာကို သဒ္ဓါရိုးရိုး ဦးညွှတ် ကျိုးလျက် ကိုးဝင်ခယ မနှည်မကင်း အားထုတ်ခြင်းဖြင့် ကျေးဇူးရှင် ဓမ္မစကြာ မူလ မဟာနာယက ဆရာတော်ဘုရားကြီး၏ အဆုံးအမ သြဝါဒအတိုင်း မန္တလေးမြို့ အရှေ့ပြင် ' ဓမ္မစကြာ- ပဋိပတ် သာသနာပြု ရိပ်သာကြီး " တွင် ရှင်တော်မြတ်ဘုရား၏ မဂ် ' သာသနာ, ဖိုလ်သာသနာဖြစ်သော " ဓမ္မစကြာ, အနတ္တလက္ခဏာ သုတ်, မဟာသတိပဋ္ဌာန်တရားတော်မြတ်ကြီး " တို့၏ အနာဂတ် သာသနာတော်ကြီးကို ပြုစုစောင့်ရှောက် ထိန်းသိမ်းတော်မူကြ ကုန်သော (၁) ဝန်ဆောင်သံဃာတော်များအဖွဲ့၊ (၂) လက်ရှိ နာယကကြီးများအဖွဲ့၊ (၃) ဓမ္မစကြာ ဓမ္မမိတ်ဆွေများ အဖွဲ့- ဟူသော သုံးဖွဲ့အစု အပေါင်းပြု၍ စည်းလုံးညီညာ သဒ္ဓါပန်း ဖြာကြလျက်—

ရှင်တော်မြတ်ဘုရား လုပ်ငန်းစဉ်ထား၍ ရှေ့ကြာကုမ္ဒဒ် နှုတ် အာလုပ်မှ ဖေ့ထုတ်လှစ်ချေ ဟောကြားတော် မူလေပြီးသော မဟာသတိပဋ္ဌာန အမည်တော်ရသည့် သုတ်တော် မြတ်ကြီး၏ အတိုဂမ္ဘီ ကျမ်းအဆိုကို ကျေးဇူးရှင် ဓမ္မစကြာ မူလ - မဟာ နာယက ဆရာတော် ဘုရားကြီးသည် မန္တလေးမြို့ " ဓမ္မစကြာ ပဋိပတ် သာသနာပြုရိပ်သာကြီး " ၌ ၁၃၂၉-ခုနှစ်တွင် မြို့နယ် ခရိုင် အသီးသီးမှ ဓမ္မစကြာ ဝိပဿနာ လုပ်ငန်းစဉ် တရား, သင်တန်း နည်းများကို ဝါတွင်း ပေးလတိုင်တိုင် ဝါကပ်၍ ခံယူတော်မူကြသော သံဃာတော် အရှင်မြတ်များ နှင့် တကွ သီလရှင်ယောဂီတို့ပါ အနှေ့ဝါသိက တပည့်အပေါင်းတို့အား—

အကြောင်းပြ နိဒါန်း။

အိုနာသေမှု ဘေးစုံချုပ်ငြိမ်း–ဓမ္မကိန်း၍ ရှိန်းပြီးရာ အမှန်ပြည်နိဗ္ဗာန်သို့ မဖေါက်မပြန် အမှန်ရောက်ရန်ရည်သန်တော်မူပြီး ဒေသနာနည်း, လက်တွေ့နည်း, သဘာဝနည်း, ထုံးစံနည်းတင်သုံးနည်းယှဉ်ကာပုံစံပေါင်း လေးဆယ်နှင့်မေတ္တာတော်ရှေ့ထား ဝိညာဏ်မှားသဘာဝ တရားကိုပြောကျခါသွားသည့်နှယ်သင်တန်းနည်း အသွယ်သွယ်ဖြင့် နေ့ရောညပါ နည်းမျိုးစုံဖွင့်၍ ဆန်းကြယ်ခမ်းနားစွာ ကျင့်စဉ်လမ်း–ပဋိပတ်တရား–လုပ်ငန်းစဉ်များကို ဖွင့်ပြဟောကြား ချီးမြှင့်တော်မူသွားသည့်အတိုင်း ...

ဤ "မဟာသတိပဋ္ဌာန် ပဋိပတ် လုပ်ငန်းစဉ် တရားတော်မြတ်ကြီး" ကို ဟောစဉ်ကျမ်း အဖြစ် ရုပ်နာမ်ပိုင်း, ခန္ဓာပိုင်း, ပဋိစ္စသမုပ္ပါဒ် အပိုင်း, အပိုင်းသုံးပိုင်း ဝိုင်းဝန်းပြုစု ဖေါ်ထုတ်တော်မူကြပြီး တိကွဟာသ ဇဝန ဂမ္ဘီ ဉာဏ်လေးလံဖြင့် အခွန်ကိုခွါ အကာကိုရှား အသားကိုချေ အနှစ်ကိုတေ၍ သဘာဝအနတ္တဉာဏ်ထင်မြင်လိုကြသည့် ပါရမီရှင် သူဌေးစင်အပေါင်းတို့အတွက်–

ကံကျိုးတူဆုံ ကျတ်ခွင့်ကြုံသဖြင့် ပါရမီအစုံ ဘာဂီအဟုန် ကွန့်မြောက်လျက် သတိပဋ္ဌာန်ကျေးဇူး ဉာဏ်ရောင် မြူးကာ ကြည်နူးသဒ္ဓါ ဖန်ခါခါဖြင့် အကျိုးပြီးကြ စေကြောင်း ဤအဖွဲ့ကြီး ၃–ဖွဲ့က ပိုဋ္ဌတ် လိုစွက် မှားပြင် မှန်လိုက်နာဟူသော အရိယာခမ္မ ၄–ချက်ကို အစဉ်ခံယူထားရှိပြီး နှစ်ထောင်းရှင်ဟိတ်-တဖိတ်ဖိတ်နှင့်ဇောစိတ် မနသိ အလိလီဖြင့် အောင်မြင်စွာ ထုတ်ဝေလိုက်ရပါသတည်း။

ကန်တော့ခဏ်း။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ၊
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ၊
ဣမာယ ဓမ္မာနု မေ့ပဋိပတ္တိယာ အာစရိယာနံ ပူဇေမိ။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရား ကိုးပါးအားလျှော်သော ဝိပဿနာဉာဏ် ဆယ်ပါး, လုပ်ငန်းစဉ်ပဋိပတ် ဓမ္မစက္ကြာ အနုဘွဲလက္ခဏသုတ် မဟာသတိပဋ္ဌာန်တရားခုတ် အကျင့်မြတ်ဖြင့်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ကန်တော့ပါ၏ အရှင်ဘုရား။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရား ကိုးပါးအားလျှော်သော ဝိပဿနာဉာဏ် ဆယ်ပါး, လုပ်ငန်းစဉ်ပဋိပတ် ဓမ္မစက္ကြာ အနုတ္တလက္ခဏသုတ် မဟာသတိပဋ္ဌာန်တရားခုတ် အကျင့်မြတ်ဖြင့်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ကန်တော်ပါ၏ အရှင်ဘုရား။

ဣမာယ မ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရား ကိုးပါးအားလျှော်သော ဝိပဿနာဉာဏ် ဆယ်ပါး, လုပ်ငန်းစဉ်ပဋိပတ် ဓမ္မစက္ကြာ အနတ္တလက္ခဏသုတ် မဟာသတိပဋ္ဌာန်တရားခုတ် အကျင့်မြတ်ဖြင့်။ သံဃံ၊ သံဃာတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ကန်တော့ပါ၏ အရှင်ဘုရား။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤလောကုဘွာရာတရား ကိုးပါးအားလျှော်သော ဝိပဿနာဉာဏ် ဆယ်ပါး, လုပ်ငန်းစဉ်

ပဋ္ဌိပတ် ဓမ္မစက္ကြာ အနတ္တလက္ခဏာသုတ် မဟာသတိပဋ္ဌာန်တရား ဓာတ် အကျင့်မြတ်ဖြင့်။ အာစရိယာနှံ၊ ကျေးဇူးရှင် ဓမ္မစက္ကြာ နာယကဆရာတော်ဘုရားကြီးကို။ ပူဇေမိ၊ ပူဇော်ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

ဆုပေးခဏ်း။

ဤသို့လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံစေတနာ၊ မင်ဖိုလ်ရရာရကြောင်း ကောင်းမြတ်သော အကျင့်ပဋ္ဌိပတ်ကြောင့် အဝိဇ္ဇာဘဝတဏှာမယနှာဘိ၊ အဝိဇ္ဇာဘဝတဏှာဖြင့်ပြီးသော လှည်းပုန်တောင်းလည်းရှိပေထသော။ ပုညာဒိအာဘိသင်္ခါရာရုံ၊ ပုညာဘိသင်္ခါရစသော စက်အကန့်လည်း ရှိပေထသော။ ဇရာမရဏနေမိ၊ ဇရာမရဏတည်းဟူသော အကွပ်လည်းရှိပေထသော။ အာသဝသမုဒယမယေန၊ အာသဝဟူသော အကြောင်းဖြင့်ပြီးသော။ အကွေ့နှ၊ ဝင်ရိုးဖြင့်။ ဝိဇ္ဇာတ္ဌာ၊ ထိုး၍။ တိဘဝရထေ၊ ဘဝသုံးပါးတည်းဟူသော ရထားလှည်းဘီးစက်၌။ သမ္မာယောဇိတံ၊ ကောင်းစွာမပြတ် တပ်ဆင်အပ်ထသော။ အနာဒိကာလပဝတ္တံ၊ အစမထင်သော ကာလပတ်လုံး လည်ပတ်၍လည်း နေ့ပေထသော့။ ဧတံ သံသာရစက္ကံ၊ ထိုပဋ္ဌိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်ကြီးကို။ ဝိပဿနာဉာဏပါဒေဟိ၊ ဝိပဿနာဉာဏ်တည်းဟူသော ဆယ်ပါးသော ခြေတော်တို့ဖြင့်။ ဓမ္မစက္ကပထဝိယံ၊ သစ္စာလေးပါးတရားတည်းဟူသော ဓမ္မစက္ကြာမြေဓာတ်၌။ ပတိဋ္ဌာယ၊ သစ္စဉာဏ်,ကိစ္စဉာဏ်,ကတဉာဏ် သုံးပါးသောဉာဏ်တို့ဖြင့် ရပ်တည်လျက်။ အနတ္တလက္ခဏသုတ္တဟတ္ထေန၊ ခန္ဓာငါးပါး တည်းဟူ

သော အနတ္တလက္ခဏသုတ် လက်တော်ကြီးဖြင့်။ ကမ္မကွယကရုံ၊ ကုသိုလ် အကုသိုလ်ကံတို့၏ ကုန်ခြင်းကိုပြုတတ်သော။ ဥာဏဖရသုံ၊ မဟာသတိပဋ္ဌာန်တရား လေးပါးတည်းဟူသော ပုဆိန်ကြီးကို။ ဂဟေတွဲဘန်၊ခိုင်ခိုင်မြဲမြဲ ကိုင်ဆွဲတော်မူကြ၍။ အရာ၊ပဋ္ဌိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်မှ။ သပ္ပုရိသာ၊ သံသရာဝဋ္ဋ တဏှာညွှတ်မှ လွတ်မြောက်လိုကြကုန်သော အမျိုးကောင်းသားအမျိုးကောင်းသွီးတို့သည်။ ဆိန္ဒန္တု ဟနန္တု၊ ဖြတ်ပယ်ခုတ်ထွင်း ကြင်းကြင်းသာ ရှင်းလင်းတော်မူနိုင်ကြပါစေကုန်သတည်း။ (၀၊) ဆိန္ဒန္တု ဟနန္တု၊ ရှင်တော်မြတ်ဘုရားရဲ့ အနာဂတ် သာသနာတော်ဝယ် ဓမ္မစကြာ အနတ္တလက္ခဏသုတ် မဟာသတိပဋ္ဌာန်တရားမြတ်ကြီးတို့နှင့် မလွဲနိုင်အောင် ရှင်းလင်းတော်မူနိုင်ကြပါစေဟု မေတ္တာပြုသည် သာဓု သာဓု သာဓု ခေါ်စေသော်။

တရားတောင်းခဏ်း။

အဇ္ဇောဟံ ဘဒန္တေ အာဒိ ကတ္ဝာ အတ္တာနံ အာစရိယာနံ သန္တိကေ နိယျာဒေမိ၊ အနုဂ္ဂဟံ ကတ္ဝာ အဇ္ဇေ ဝါသိ ကောတိ မံ ဓာရေထ။ ။

ဘဒန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ အဇ္ဇ၊ ယနေ့။ အာဒိ ကတ္ဝာ၊ အစပြု၍။ အတ္တာနံ၊ မိမိ၏ခန္ဓာငါးပါး ရုပ်နာမ် ၂ ပါးကို။ အာစရိယာနံ၊ တရားပိုင် ဓာတ်ပိုင်တော်မူကြသော ဆရာသခင်ကျေးဇူးရှင်တို့၏။ သန္တိကေ၊ အထံတော်၌။ နိယျာဒေမိ၊ အပ်နှင်းလှူဒါန်းပါ၏။

မံ၊ တပည့်တော်:ကို။ အနုဂ္ဂဟ၊ အစဉ်စောင့်ရှောက်ချီးမြှောက်ခြင်းကို။ ကတ္တာ၊ အကြောင်းပြု၍။ အန္တေဝါသိကောတိ၊ အရှင်မြတ်တို့၏ အဘွင်းနေတပည့်ဟု၍။ ဗာရေထ မှတ်တော်မူကြပါကုန်အရှင်ဘုရား။

တပည့်တော်၏ စက္ခုဒ္ဒါရ,သောတဒ္ဒါရ,ဃာနဒ္ဒါရ,ဇိဝှါဒ္ဒါရ, ကာယဒ္ဒါရ, မနောဒ္ဒါရ ဟုဆိုအပ်သော ခြောက်ပါးသောဒ္ဒါရ၊ ခြောက်ပါးသောအာရုံ၊ ခြောက်ပါးသော ဝိညာဏ်တို့၌ အရှင်မြတ်တို့၏"မဟာသတိပဋ္ဌာန် လုပ်ငန်းစဉ် တရားတော်မြတ်ကြီး" သည် ကျရောက်တည်နေ ကိန်းဝပ်ပါစေသတည်း။

ထိုတရားတော်၏ တန်ခိုးကြောင့် တပည့်တော်တို့သည် အကြည်ဓာတ်ခြောက်ပါးနှင့်တကွ အသိုဓာတ်ခြောက်ပါး၊ မီးဓာတ်လေးပါး၊ သစ္စာလေးပါး၊ သတိပဋ္ဌာန်တရား လေးပါးတို့ကို ယခုဘဝနှင့် အပိုင်ရရှိနိုင်၍ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ရုပ်ထူး နာမ်ထူး အသိဉာဏ်အထူးတို့ကို မျက်မှောက်ပြုနိုင်ရပါလို၏။

တပည့်တော်တို့၏ ကိုယ်တွင်းသန္တာန်၌ရှိသော လောဘ, ဒေါသ, မောဟ, မိစ္ဆာ, ဝိစိကိစ္ဆာ, အဝိဇ္ဇာ ဒိဋ္ဌိဟုဆိုအပ်သော အကုသိုလ်အညစ်အဆိုး ကိလေသာ ရန်အပေါင်းတို့သည် ကင်းစင်ချုပ်ပျောက်၍ သမ္မာဒိဋ္ဌိ အမောဟ ဝိဇ္ဇာပညာအလင်းဓာတ် အမြန်ပေါက်ရောက်ရပ်ပါလို၏ အရှင်မြတ်ဘုရား။

ပုံစံနံပါတ် (၁)


ကမ္ဘာ့တရားတည်ရှိမှု
ခန္ဓာ-၅ ပါး
သက္ကာယ ဒိဋ္ဌိ
သတ္တလောက
ရေသောက်မြစ်
ရေသောက်မြစ်
သဿတဒိဋ္ဌိ
ဥစ္ဆေဒဒိဋ္ဌိ
တာဝန်ခံအာမတ်ကြီးများအနေနဲ့
ပထဝီ-အာဇဝါ-ဝါယော-တေဇော-ဝဏ္ဏ-ဂန္ဓ-ရသ-သြဇာ
ဒိဋ္ဌိဥပဒေ
တဏှာဥပဒေ
မာနဥပဒေ
အကြားခံတော်အနဲ့
ဒုကုသိုလ်စိတ်-၁၂-ပါး
ဒုစရိုက်-၁၀-ပါး
ပုဒ်မ
အကြားတော်အနဲ့
ကာမကုသိုလ်စိတ်-၈-ပါး
သုစရိုက်-၁၀-ပါး
ပုဒ်မ
အကြားတော်အနဲ့
မဟဂ္ဂုတ်ကုသိုလ်-၉-ပါး
သမထက်-၉-ပါး
ပုဒ်မ
အောက်အမှီးသံသရာ
ဒေဝလယ်တန်းသံသရာ
အထက်တန်းသံသရာ
၁. ငရဲဘုံ
၂ တရိစ္ဆာန်ဘုံ
၃ ပြိတ္တာ ဘုံ
၄ အသုရကယ်ဘုံ
၁ - နတ်ဘုံ - ၆
၂ - လူ့ဘုံ - ၁
အရူပ - ၄ - ဘုံ
သုဒ္ဓါဝါသ-၅ ဘုံမှ
တယိုရူပ-၁၁-ဘုံ

မဟာ သတိပဋ္ဌာန်

ပဋ္ဌိပတ် လုပ်ငန်းစဉ် တရားတော်

ဟောစဉ်ကျမ်း။

၁၃၂၉-ခုနှစ်=၀ါဆိုလပြည့်နေ့ ဟောစဉ် ပုံစံနံပါတ် (၁)

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟာတော၊ ပဋ္ဌိစ္စသမုပ္ပါဒ်-သံသရာစက်ရဟာတ်ကို ပယ်ဖျက်သုတ်သင် ရှင်းလင်းတော်မူပြီးထသော။ (၀ါ)လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ဝတ်စင်းကော်ရော် မြတ်ပူဇော်ကို ခံယူတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဖေါက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလိုကိုယ်တော်တိုင် ဥယျာဉ်တရားငါးပါးအပေါင်းကို အကုန်အစင် ထိုးထွင်း၍ သိမြင်တော်မူပြီး ထသော။ တဿ ဘဂဝတော၊ ထိုဝိပဿီအစရှိသော ခုနှစ်ဆူသော ရှင်တော်မြတ်ဘုရားအား။ ဧမ-မမ၊ ပါရမီဂုဏ်းဝင် သူတော်စင်အပေါင်း၏။ နမော—နမကာရော၊ စေတနာ ဇောကြူး မနော မြူးလျက် ကြည်နူးဝန္ဒနာ ဖန်ခါခါဖြင့် ရှိခိုးကတော့ရခြင်းသည်။ အတ္ထ-ဘဝတု၊ ဖြစ်ပါစေသတည်း။

ဒီနှစ်ဝါတွင်းသုံးလပတ်လုံး ဤ မဟာသတိပဋ္ဌာန် တရားတော်ကြီးကို ဟောကြားတော်မူမယ်၊ဒီနေ့မှစ၍ ဇာန်ဆောင်မုန်း

လပြည့်နေ့အထိ ဟောကြားရပါလိမ့်မယ်၊ ဒီတော့ မဟာသတိပဋ္ဌာန်လုပ်ငန်းစဉ်တရားတော်ကြီးဟာ ဘုရားရှင် ဝါတော် နှစ်ဆယ်မြောက်မှ ဟောကြားတော်မူတဲ့ တရားတော်ကြီး ဖြစ်ပါတယ်၊ ဒီ မဟာသတိပဋ္ဌာန် လုပ်ငန်းစဉ် တရားတော်ကြီးဟာ အပိုင်းအားဖြင့် နှစ်ဆဲ့တစ်ပိုင်း ရှိတဲ့အနက်မှာ သမထနှင့်ဆိုင်တဲ့ နဝသိဝထိက ကိုးပိုင်းကို ချန်လှပ်ပြီးတော့ ကျန်တဆဲ့နှစ်ပိုင်းကို ယခုနှစ် ဓမ္မစကြာပဋိပတ်သာသနာပြုရိပ်သာမှာ ဝါဆိုတော်မူကြသော သံဃာတော် အရှင်သူမြတ်များ နှင့် သီလရှင်ယောဂီများကို အမှူးထားပြီး ဖွင့်ပြသွားပါမယ်။

ဒီမဟာသတိပဋ္ဌာန်လုပ်ငန်းစဉ်တရားတော်ကြီးကို ဖွင့်ပြလာတာနဲ့ အာနာပါနလုပ်ငန်းစဉ်ဟာလဲ ပါလာပါတယ်၊ ဒီတော့ အလုပ်တရားလဲပါတယ်၊ အသိတရားလဲပါတယ်၊ အဲဒါ အသိတရားကို အရင်ရှာပြီးမှ အလုပ်တရားကို လုပ်ရမယ်၊ နောက်မှ ဒီအသိနဲ့ အလုပ်ပေါင်းစပ်ပြီး ပဋိဝေဓပညာဖြင့် ယူသွားရမယ်။ ဒါကြောင့် ဝါတွင်း သုံးလပတ်လုံး ဖြစ်စေ — သို့မဟုတ် တန်ဆောင်မုန်းလပြည့်နေ့အထိဖြစ်စေ—ဟောကြားပြသ သွားရပါလိမ့်မယ်၊ ဒီ၊တော့ ဘုရားရှင် ဝါတော်နှစ်ဆယ်မြောက်မှ ဒီမဟာသတိပဋ္ဌာန်တရားတော်ကြီးကို ဘာ့ကြောင့် ဟောကြားရသလဲ၊ ဒီတော့ ဒီသဘိပဋ္ဌာန်တရားနဲ့ လုတ်သောတရားသည်မရှိဘူးလို့ ရှင်တော်မြတ်က "သတိ စ ခ္ဓါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ" လို့ ဟောကြားတော်မူသွားပါတယ်။

ဘိက္ခဝေ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို ဧကန်ရှုကြား အို-ချစ်သားတို့။ သတိ စ၊ သတိတရားသည်လည်း။ သဗ္ဗတ္ထိကံ၊ အလုံးစုံသောတရားတို့၌ တည်၏ဟူ၍။ အဟံ၊ သင်တို့ဆရာ ငါဘုရား

သည်။ ဝဒါမိ၊ သဒ္ဓောစိမ့်အောင် ဟောမိန့်တော်မူ၏– လို့ ဟောကြားထားပါတယ်။ ဒီ သဘိပဋ္ဌာန်လုပ်ငန်းစဉ်တရားတော် ကြီးဟာ ဆားနဲ့ညပမာဘူပါတယ်၊ ဒီမဟာသတိပဋ္ဌာန် တရား တော်ကြီးကို တင်ဆက်ပြပါမယ်။

ဣမ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ
ဝိဟရတိ အာတာပီ သမ္မဇာနော သတိမာ
ဝိနေယ္ယ လောကေ အဘိဇ္ဈာဒေါမနဿန္တိ။

ဘိက္ခဝေ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို ကေန်ရှုကြား အို.... ချစ်သားတို့။ ဣမ၊ ဤ မဂ်သာသနာ ဖိုလ်သာသနာတော်၌။ ဘိက္ခု၊ သတိပဋ္ဌာန်လုပ်ငန်းစဉ်တရားကို အားထုတ်သော ယောဂါ၀စရပုဂ္ဂိုလ်သည်။အာတာပီ၊မဖြစ်မနေ အရိုးကြေကြေအရေ ခန်းခန်း ကြိုးပမ်းသော အားလုံးလနှင့် ပြည့်စုံသည်ဖြစ်၍။သမ္မ ဇာနော၊ ရုပ်နာမ်ခမ္ဓာ သဘာ၀တရားတို့၌ စူးယှသော ဉာဏ် အမြင်နှင့်ပြည့်စုံသည်ဖြစ်၍။သတိမာ၊ဖြစ်ခြင်းပျက်ခြင်းဟူသော ကမ္မဋ္ဌာန်းအာရုံနှင့်ပြည့်စုံသည်ဖြစ်၍။ လောကေ၊သည်ဘဝခန္ဓာဟူ သော ပညတ်စဲ့လောကဌ။ အဘိဇ္ဈာဒေါမနဿ ၊ ချစ်ခြင်းမုန်း ခြင်းနှစ်ပါးကို။ ဝိနေယ္ယ၊ ပယ်ဖျောက်၍။ ကာယေ၊ ရူပကာယ ဟူသော ခန္ဓာကိုယ်အစုဌ။ ကာယာနုပဿီ၊ ရူပကာယကို အဖန် တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ ကမ္မဋ္ဌာန်းအာရုံ၌မွေ့လျော်၍ နေ၏–လို့ ပဋ္ဌမဥဒ္ဒေသ အနေနဲ့ဟောကြား ထားတဲ့ တရား တော်ရဲ့ လုပ်ငန်းစဉ်ကို တင်ဆက်ပြပါမယ်။

ဒီပါဠိတော်ကို အကျဉ်းချုံးပြီး ဝေဖန်ကြည့်ရင် အကြည် ဓာတ်ခြောက်ပါးနဲ့ အာရုံခြောက်ပါးတို့တိုက်လိုက်တဲ့ အခါမှာ

ဘယ်လိုဆင်ခြင်မလဲ။ အဲဒါ မျက်စေ့နဲ့ မြင်တဲ့အခါမှာ၊ နှာခေါင်းနဲ့နံတဲ့အခါမှာ၊ နားနဲ့ကြားတဲ့အခါမှာ၊ လျှာနဲ့လျှက်တဲ့အခါမှာ၊ ကိုယ်နဲ့ထိတွေ့တဲ့ အခါမှာ ဘယ်လိုဆင်ခြင်မလဲ။ ဒါတွေကိုဆင်ခြင်တတ်သွားရင် အားလုံးသောတရားတို့ကို ဆင်ခြင်တတ်သွားပြီ၊ (ဥပမာ) လာဘ်ရေပုဂ္ဂံကိုကြည့်တဲ့အခါမှာ မြင်တယ်၊ ဘာကိုမြင်တာလဲလို့မေးရင် လာဘ်ရေပုဂ္ဂံကို မြင်တယ်လို့ပြောမှာဘဲ၊ ဝိပဿနာကို လိုက်စားဘူးတဲ့ သူကတော့ အဆင်းကို မြင်တယ်လို့ ပြောမှာဘဲ၊ မလိုက်ဘူးတဲ့ သူကတော့ လာဘ်ရေပုဂ္ဂံကိုမြင်တယ်လို့ပြောမယ်၊ အဲဒါ လာဘ်ရေပုဂ္ဂံ သဏ္ဌာန်ကို မြင်တယ်လို့ ပြောမှာဘဲ၊ အနှစ်တွေဟာ ဒုါဘဲဖြေမှာဘဲ။

ဒါဖြင့်ရင် သဏ္ဌာန်ကထွက်နေလို့ သဏ္ဌာန်မှာ ရှိတယ်လို့ ပြောမှာဘဲ မဟုတ်လား၊ အဲဒါသဏ္ဌာန်က နောက်ကလိုက်ပြီး ထောက်ခံနေတယ်၊ ဒီအနေနဲ့သာ ပြောနေကြပါတယ်— ဒီလို အသိမျိုးဟာ သတိပဋ္ဌာန်တရားထဲ မဝင်သေးပါ၊ ကိုင်းဒီတော့ လာဘ်ရေ ပုဂ္ဂံမှာကို အဘိဓ္ဓာဒေါမနဿ လောကကြီးဟာ ပါလာပါပြီ၊ ဒါကိုဖျက်ပစ်ရမယ်။

အဘိဓ္ဓာ ဒေါမနဿ လောကကြီးပါလာပုံကို တင်ပြမယ်၊ ဒီတော့ ဘာကိုမြင်သလဲ ? လာဘ်ရေပုဂ္ဂံကိုမြင်တယ်၊ဒီတော့ ဒီလို လာဘ်ရေပုဂ္ဂံလို့ ခေါ်တာဟာ နာမပညတ်ပါ၊ နာမပညတ်ဟာ သဏ္ဌာနပညတ်ကနေပြီး ထွက်လာတာပါ၊ ဒီတော့ ပညတ်အနေနဲ့နာမပညတ်နဲ့သဏ္ဌာနပညတ် ၂ ပါးထွက်နေပြီ၊ ဒါကို အနှစ်တွေက ဆွဲထားတာပါ၊ ဒုါဟာမမှန်တဲ့ သဘာဝတွေပါ၊ အဲဒီလို ဆွဲလိုက်တဲ့ အထဲမှာကို အဘိဓ္ဓာ ဒေါမနဿ

လောကလို့ ခေါ်တယ်၊ ဒီအဘိဇ္ဈာဒေါမနဿလောကကို သွားဆွဲလိုက်တဲ့အတွက် ထိုပုဂ္ဂိုလ်မှာ ဥပါဒါန်အစဲ့လောကကြီးပေါ် ထွက်လာတော့မယ်၊ ပေါ်ထွက်လာရင်ဘဲ ဘာတွေ ဖြစ်လာမလဲ ဆိုတာကို ဆက်စပ်ပြအုံးမယ်။

ဒီတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ် နှစ်ပါးကို ဆွဲရင် အဘိဇ္ဈာဒေါမနဿ လောကဖြစ်လာမယ်၊ ဖြစ်လာရင်ဘဲ ချစ်ခြင်း,မုန်းခြင်းတွေ ပေါ်လာတော့မယ်၊ ဒီတော့ လာဘ်ရေပုဂ်ံ ကိုလဲမြင်လာရော၊ အဲဒါ ဣဋ္ဌ, အနိဋ္ဌ နှစ်ပါးမှာ တပါးပါးအနေနဲ့ ဆွဲရတော့မယ်၊ ဒီနှစ်ချက်သာလျှင် အနွတ္တေမှာ ရှိနေတယ်၊ ဒီလို ဆွဲတာကို ဘုရားရှင်က သာယာရင် အဘိဇ္ဈာ လောက၊ မသာယာရင် ဒေါမနဿလောက လို့ ပြလာပါတယ်။ အဲဒီလို သာယာရင် ဣဋ္ဌ, မသာယာရင် အနိဋ္ဌ အနေနဲ့လဲ ပေါ်လာရော နောက်က ဥပါဒါန်,ဘဝ,ဇာတိစသည်တို့ဟာ ပါလာပြီ၊ ဒီတော့ သညာဝိညာဏ်တို့နဲ့ အဲဒါ သုခဝေဒနာ ဒုက္ခ ဝေဒနာတွေကို ခံစားလာတော့တယ်၊ အဲဒါသညာ ဝိညာဏ်ဖြင့်သာ ခံစားလာကြတယ်။

ဒီလိုဖြစ်လာရင် ပဋ္ဌိစ္စသမုပ္ပါဒ်ကြီးဟာ လည်လာပြီ၊ ဒုက္ခ ဝေဒနာကျပြန်တော့လဲ တဏှာမှာ အကုသိုလ်တရားတွေဖြစ်ပြီး အဲဒါ ဝေဒနာ, တဏှာ, ဥပါဒါန်,ဘဝ စသည်တို့ ဖြစ်အုံးမှာဘဲ မဟုတ်လား၊ ဒါကြောင့် အနွတ္တေမြင်တဲ့အမြင်မှာ ဘုရားရှင် ဝါတော်နှစ်ဆယ်ပြည့်မှ ဟောကြားတဲ့ မဟာသတိပဋ္ဌာန်တရားဟာ နှစ်ပြားသားမှ မရှိသေးပါ၊ (ဝါ) မပါသေးပါ၊ အဲဒါ အကုသိုလ်တရားတွေသာ အမြဲပွားစီးနေတော့တယ်။ ဒီတော့

ဘုရားရှင်ရဲ့ အလိုတော်ကျအတိုင်း မပေါ်ပေါက် လာသေးလို့ မြင်လိုက် ကြားလိုက် နံလိုက် လျှက်လိုက် ထိတွေ့လိုက်တဲ့ အခါမှာကို အဘိဓျာဒေါမနဿတွေဖြစ်လာပြီး ဣဋ္ဌ, အနိဋ္ဌ, ဖြစ်ပြီး သုခဝေဒနာ, ဒုက္ခဝေဒနာတွေဖြစ်လာပြီ။

အဲဒီလို ဣဋ္ဌ, အနိဋ္ဌ, သုခ,ဒုက္ခဝေဒနာတွေလဲဖြစ်လာရော၊ တဏှာ, ဥပါဒါန်,ဘဝ,ဇာတိတွေဖြစ်လာပြီး တဆဲ့တပါးသော မီးတွေတောက်နေပြီ၊ သေသေချာချာတွေးပါ၊ တကြိမ်တခါမှ ဒီမဟာသတိပဋ္ဌာန် လုပ်ငန်းစဉ်တရားကို မပေါက်သေးတော့ရင် အခု အသက်အရွယ်တွေကလဲ ကြီးရင့်လာကြပြီ၊ အဲဒါ ဒီတရားတွေ မပေါက်သေးဘဲ၊ အကုသိုလ်တရားတွေသာ ဒုနှစဉ်နဲ့ အမျှတိုးပွားနေကြတာဘဲမဟုတ်လား။

ဒီတော့ ဓမ္မစကြာ ပဋ္ဌိပတ် သာသနာပြု ရိပ်သာကြီးဖွင့်လာတဲ့အခါမှာ မိမိရဲ့ အကြည်ဓါတ်တွေက မြင်လိုက် ကြားလိုက်တဲ့အခါမှာ အဘိဓျာဒေါမနဿလောက မပေါ်အောင် ဘယ်လိုလုပ်မလဲဆိုတာကိုဘဲ တင်ပြီးခဲ့ကြည့်ပါအုံး၊ ဒီတော့သံသရာကြီးစလာတာဟာ အမြင်မှားဘဝကစပြီး စလာတာပါ၊ ဒီအမြင်မှားကြီးကို ယနေ့ကစပြီးတော့ ဆေးကုရတော့မှာဘဲမဟုတ်လား၊ဒါမှ သဘာဝလေးတွေ တွေ့ပြီးတော့ အဘိဓျာဒေါမနဿလောကကြီး မထွက်တော့ဘဲ ဘုရားရှင်ဟောကြားတဲ့ မဟာသတိပဋ္ဌာန်လုပ်ငန်းစဉ်တရားကြီးထဲကိုရောက်မယ်။

ဒီတော့ သတိပဋ္ဌာန်တရားဟာ ကမ္မဋ္ဌာန်းတိုက်ထဲဝင်ပြီး အားထုတ်ရမှာလား၊ ကမ္မဋ္ဌာန်းတိုက်ထဲဝင်ပြီး အားထုတ်မှ အလုပ်တရားလား၊ ဒီလိုမဟုတ်ပါ၊ အမြင်အသိတွေမှာကို အသိ

တရားကို အရင်လုပ်ငန်းစဉ်ပေးပြီးတော့မှ နှလုံးအိမ်မှာ ရှိနေတဲ့ သတိပဋ္ဌာန်တရားဖြစ်တဲ့ အာနာပါန လုပ်ငန်းစဉ် တရားကြီးကို အားထုတ်ရမှာပါ။ ဒီတော့ အာရုံငါးပါးမှာကို (၀၊)မြင်-ကြား နံ့ လျှက် ထိတွေ့ ဆိုတဲ့ ဒီငါးချက်မှာကို အသိတရားအနေနဲ့ အရင်လုပ်ငန်းစဉ်ပေးရမယ်။ ဒီငါးပါးကို ထိန်းနိုင်လာရင် အာနာပါနတရားကြီးကို အားထုတ်ဘို့ရာ ဝန်မလေးတော့ပါ၊ ဒါကြောင့် ဒီအာနာပါန လုပ်ငန်းစဉ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းတိုက်ထဲ၀င်ပြီး အားမထုတ်တာနဲ့ သတိပဋ္ဌာန်တရားမဟုတ်ဘူးလို့ မယူလိုက်ပါနဲ့၊ ဒီတော့ မျက်စေ့, နား,နှာ, လျှာ, ကိုယ်မှာရှိနေတဲ့ သတိပဋ္ဌာန်တရားကို အရင်အားထုတ်ရမယ်။

ဒါတွေကိုပိုင်လာမှ နှလုံးအိမ်မှာရှိနေတဲ့ အာနာပါနတရားကို သင့်လျော်တဲ့နေရာမှာ-(၀၊) ဆိတ်ငြိမ်ရာနေရာမှာ အားထုတ်ရပါတယ်၊ သင်တန်းအနေနဲ့ဆိုရင် တလသင်တန်းပေးရပါတယ်၊ မျက်စေ့, နား, နှာ, လျှာ, ကိုယ်မှာရှိနေတဲ့ သတိပဋ္ဌာန်တရားတို့ကို သိမ်းဆည်းပြီးမှ နှလုံးအိမ်မှာရှိနေတဲ့ သတိပဋ္ဌာန်တရားကို အာနာပါနလုပ်ငန်းစဉ်ဖြင့် သိမ်းဆည်းရမယ်။ ဒီတော့ရင် .

မြတ်စွာဘုရားသည် ဇေတဝန် ရွှေကျောင်းဌ ကိန်းအောင်းမှ,လျှော် သီတင်းသုံးနေတော်မူစဉ်အခါ ကျောင်းရှေ့ မ် ငါးရုတို့၏ အကြီး အမှူး ဖြစ်သော ပရိယတ္တိဌ လိမ္မာတော်မူသော ပေါဋ္ဌိလမဟာထေရ်သည် မြတ်စွာဘုရားကို ပူဇော်သောအခါ ရှင်တော်မြတ်က " ချစ်သား တုဿ လာသလော "ဟု မေးတော်မူ၏။ ပေါဋ္ဌိလ မထေရ်သည် သာသနာတော်၏ အစီးအပွား

များစေခြင်းငှါ ပရိယတ္တိသာသနာကို အားထုတ်နေပါလျက် ရှင်တော်မြတ်သည် ငါ့ကို တုစ္ဆတုစ္ဆဟူ၍သာ မိန့်တော်မူ၏။

တုစ္ဆ ဟူသည်လည်း အချိုးနှိုးသော အနက်သဘောသာရှိ၏ဟု နှလုံးသွင်း၍ ဖေါ်ဦးလမထေရ်သည် ထိတ်လန့်တုန်လှုပ်သည်ဖြစ်၍ လေးကြိမ်တိုင် လာသော အခါလည်း "ချစ်သားတုစ္ဆ လာသလော" ဟုသာ မေးတော်မူပြန်ရာ "ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား၊တပည့်တော်သည် သာသနာဇောင်ရဲ့ အစီးအပွားကို အလိုရှိ၍ ပရိယတ္တိခမ္မာကို အားထုတ်နေပါလျက် တုစ္ဆ တုစ္ဆ ဟူ၍ လေးကြိမ်တိုင်အောင် မိန့်တော်မူသောကြောင့် တပည့်တော်သည် တုန်လှုပ်၍နေပါသည်၊ အချိုးနှိုးဖြစ်ကြောင်းကို မိန့်တော်မူပါ' ဟုလျှောက်ထားရာ ရှင်တော်ဘုရားသည် -

"ချစ်သား သင်သည်ကား ကန်ဘောင်ရိုးတို့ကိုသာ အလုံအခြုံဆည်း၍ ကန်တွင်းဌာရှိသောရေကို မသောက်လေသောကြောင့် တုစ္ဆ ဟု ငါခေါ်သည်" ဟု မိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူလေသော် တပုဒ်သောအကျဉ်းရာကိုပြုလျှင် တထောင်သော အနက်ကို မြင်နိုင်သောပုဂ္ဂိုလ်ဖြစ်၍ သက်နုံးသုံးထည် သပိတ်တလုံးကိုလွယ်၍ သားရေနွယ်ကို ကိုင်ပြီးလျှင် မြတ်စွာဘုရား ရှေ့တော်ဌာ ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီပြီးလျှင် "ကမ္မဋ္ဌာနံ ဒေထ ဘန္တေ" ဟု ကမ္မဋ္ဌာန်းကိုတောင်းလေ၏။ မြတ်စွာဘုရားသည် အဆိပ်ထန်သောမြွေကို အလမ္ပါယ် အထံသို့ လွှတ်လိုက်သကဲ့သို့ "သာဝတ္ထိမြို့မှ သုံးယူဇနာကွာသော တောအုပ်ဌာ အရည်ဝါသီ တိဿမထေရ်သည်ရှိ၏၊ ထိုမထေရ်ထံသို့သွား၍ တရားတောင်းလေတော့" ဟု မိန့်တော်မူလေ၏။

ပေါ်ဦးလမထေရ်သည် တခွန်းသော ရှင်တော်မြတ်ဘုရား စကားဖြင့် လက်ခံရစ်သွယ်၍ ပူဇော်ကန်တော့ခဲ့ပြီးလျှင် ထိုတောအုပ်သို့ သွားလေ၏။ အရည်ဝါသီ တိဿမထေရ်သည် ပေါ်ဦးလမထေရ်ကို ရှင်တော်မြတ်က လှတ်လိုက်ကြောင်း သိနှင့်နေ၍ သိက္ခာကြီးသည်က တကြောင်း၊ ပရိယတ်ဌာလိမ္မာကျမ်းကျင်တတ်မြောက်သည်က တကြောင်း ထိုအကြောင်းတို့ကို ထောက်ရှု၍ ခရီးဦးကြိုဆိုပြု၍ သပိတ်သင်္ကန်းတို့ကို လှမ်းယူလေ၏။ ပေါ်ဦးလမထေရ်သည် ရောက်လျှင်ရောက်ခြင်းပင် ဆောင့်ကြောင့် ထိုင်၍ "ကမ္မဋ္ဌာနံ ဒေထ အာစရိယ–ကမ္မဋ္ဌာန်းပေးတော်မူပါဘုရား" ဟု တောင်းလေ၏။

ထိုအခါ တိဿမထေရ်သည် "အရှင်ဘုရား တပည့်တော်မပေးသာချေ၊ ဟိုနားမှာ တဖက်ရပ်မိုးသောတဲငယ်၌ သာမဏေငယ်ရှိ၏၊ ထိုသာမဏေငယ်သို့သွား၍ တောင်းတော်မူပါ" ဟု ဆိုပြန်လေ၏။ တခွန်းသောစကားဖြင့်ပင် ထ၍သွားလေသော် ခုနှစ်နှစ်အရွယ်မျှသာ ရှိသေးသော သာမဏေငယ်သည် ကိုယ်ရုံကို တခြားသို့ချထား၍ မြေမှုန့်ကိုဖြင့် ကစား၍ နေလေ၏။ မထေရ်ကြီးကိုမြင်လေလျှင် ကိုယ်ရုံကိုယူပြီး လက်ကတော့တင်၍ တဲငယ်သို့ဝင်၍ ထိုင်နေလေ၏။ မထေရ်သည်ဆောင့်ကြောင့် ထိုင် လက်အုပ်ချီပြီး "ကမ္မဋ္ဌာနံ ဒေထ အာစရိယ-ကမ္မဋ္ဌာန်းတရား ပေးတော်မူပါဘုရား" ဟု တောင်းလေ၏။ ထိုအခါ သာမဏေငယ်သည် "အရှင်ဘုရား ဆရာ၏အာဏာကို တည်ပါမည်လော" ဟု မေးလေ၏။

မထေရ်သည် "သာမဏေ တည်ပါစေအံ့" ဟု ဆိုလေ၏။ "ထိုသို့တည်ပါအံ့၊ အရှင်ဘုရား ထိုရေကန်သို့သွား၍ ဦးခေါင်း

စောက်ထိုး ဆင်းတော်မူလော့ ” ဟု ဆိုလေ၏။ မထေရ်သည် တခွန်းတည်းသော စကားဖြင့် ထ၍ရေကန်သို့ သွားပြီးလျှင် သင်္ကန်းကိုပုံခဲ့၍ ဦးခေါင်းညွှတ်ပြီးလျှင် စောက်ထိုးဆင်း၍ ဆံပင်ကို ရေစွတ်သောအခါ “ အရှင်ဘုရားတက်တော်မူခဲ့လော့” ဟု ခေါ်ပြီးလျှင် ရေကန်မှတက်ခဲ့၍ ဆောင့်ကြောင့်ထိုင်လေ သောအခါ “အရှင်ဘုရား တောင်ပို့တခုဟု ကယ်ပေါက် ခြောက် ပေါက်ရှိပါ၏၊ ထိုခြောက်ပေါက်တို့ကုန် ငါးပေါက်တို့ကိုပိတ်၍ တပေါက်တည်းဖွင့်သာ အားထုတ်၍ဖမ်းလျှင် မကြာခင် ထိုဖွတ် ကောင်ကို မိပါလိမ့်မည် ” ဟု ဆိုလျှင် ပေါဠိလမထေရ်သည် ထ၍ ရက္ခမှုသို့ဝင်ပြီးလျှင် အာနာပါနတရားကို ဆင်ခြင်သော်...

ထွက်သက်၌ အနိစ္စ၊ ဝင်သက်၌ ဒုက္ခ၊ နှစ်ပါးခံ့အနတ္တ ဟု သုံးသပ်၍ သုံးရက်မြောက်သောနေ့၌ ပဋိဘာဂနိမိတ် ထင်လေ၏။ ဝိပဿနာကိုရစဉ် မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်တော်မှ မြင်တော်မူ၍ သြဘာသ ရောင်ခြည်တော်ကို လွှတ်တော်မူလေ၏။ “ပေါဠိလ ကိလေသာတည်းဟူသောမြူကို သုတ်သင်လေ လော့ ” ဟု မိန့်တော်မူလျှင် မြတ်စွာဘုရားသည် ငါ့ကို နှိုးဆော်ချီးမြှင့်လေပြီတကား ဟု အာနာပါနကိုပင် အားထုတ် သော ထိုအခါ၌ပင် အရဟတ္တဖိုလ်သို့ရောက်လေ၏။

ဤသို့ အရဟတ္တဖိုလ်သို့ရောက်လေလျှင်....မြတ်စွာဘုရားအထံ တော်သို့သွား၍ ရှိခိုးပူဇော်ပြီးလျှင်.... မိမိကျောင်းတော်သို့ ပြန် ကြွသွားတော်မူလေ၏။ ၎င်းပေါဠိလရဟန်းကြီးအား ကြည့်လျှင် အပေါက် ငါးပေါက်ကို ပိတ်ပြီး အပေါက်တပေါက်မှ နေပြီး အာနာပါနတရားကို ပွားများလိုက်တာနဲ့ တရားရပြီး ရဟန္တာ

အထိ ဖြစ်သွားသော သာဓကကို ထောက်ရှုပြီး မိမိတို့လည်း ဤကဲ့သို့ အားထုတ်ရမည်ဖြစ်၏။

ကိုင်းတရားကို သွားကြဦးစို့ရဲ့၊ ဒီတော့ ယခု မျက်စေ့, နား, နှာ, လျှာ, ကိုယ်စသည်တို့က ဖမ်းတဲ့သတိပဋ္ဌာန်တို့ကို တင်ဆက်ပြီး ပြအုံးမယ်၊ ဒါကို တလသင်တန်းအနေနဲ့ ပေးရမယ်၊ နောက်မှ နှလုံးအိမ်မှာရှိတဲ့ သတိပဋ္ဌာန်တရားကို တလသင်တန်း ပေးရမယ်၊ ဒါမှ တဆင့်ထက် တဆင့် တက်လို့ရပါတယ်၊ ကိုင်း ဒီတော့ မျက်စေ့, နား, နှာ, လျှာ, ကိုယ် ကနေပြီး ဖမ်းဆိုတော့ရင် (၀၊) တရားကို ရှာဆိုရင်.... ထိုပုဂ္ဂိုလ်ဟာ ပဋ္ဌမကမ္ဘာ့တရားနဲ့ သာသနာ့ဘရားကို အရင်နားလည်ထားရမယ်။

မျက်စေ့, နား, နှာ, လျှာ, ကိုယ်မှာရှိနေတဲ့ ကမ္ဘာ့တရားနဲ့ သာသနာ့တရားကို အရင်ခွဲရမယ်၊ ပုံစံမှာကြည့်ပါ၊ ယခုပြနေတဲ့ တလသင်တန်းကို နားလည်လာမှ သုတမယဉာဏ်တွေ ပွားစီးလာမယ်၊ ဒီလို ငါးပေါက်က တလသင်တန်း, နှလုံးအိမ်ပေါက်ကလဲ တလသင်တန်းပေးပြီးမှ ရှေ့ကိုခန္ဓာနည်း, ပဋ္ဌိစ္စသမုပ္ပါဒ်နည်း ရှုစဉ်ဆိုပြီးတော့ တလသင်တန်းပေးရမယ်၊ ဒါမှ တရားဉကျောင်းကျပါမယ်၊ ဒါကြောင့် ယခုနှစ် " ဓမ္မစက္ကာ ပဋ္ဌိပတ် သာသနာပြုရိုပ်သာကြီး " တွင် ၀ါဆိုတော် မူကြသော သံဃာတော်များ, သီလရှင် ဟော ဂီများအတွက် အခြေခံ အနေဖြင့် သင်တန်းပေးလိုက်ပါတယ်။

ဒီတော့ ဒီကရားတော်ဟာ သိမ်မွေ့ပါတယ်၊ သိမ်မွေ့ပုံကတော့ " ဂ ဓ ဆ ဇ ဏ ၀ါ ဓ ဆ ဌ ၊ ပ ဇ ၊ ဗ ၊ ဘ ၊ " သွားသော်လည်း သွားသည်ဟု အပြားအားဖြင့် သိရမယ်၊ ဒါကို မဟာသတ္တိ၊

ပဋ္ဌာန်တရားလုပ်ငန်းစဉ် အနေနဲ့ ပေးတဲ့အခါမှာ သွားတယ် သွားတယ် ဘယ်သွား—ဘယ်သွားဆိုပြီးတော့ ချလာကြတယ်၊ ဒီလို လုပ်လာတာတွေဟာ ဒီမဟာသတိပဋ္ဌာန်တရားကြီးထဲဝင်ပြီလား မဝင်ပါ၊ ဘာ့ကြောင့်လဲဆိုတော့ ဘုရားရှင် ဟောထားတာက သမ္မာဇာန ပုဒ်ကြီးခတ္တံပြီး ဟောကြားထားတာဖြစ်ခြင်းကြောင့် မဝင်တာပါ၊ ဒီတော့ သွားတယ်သွားတယ်ဆိုတာဟာ—

> တတ္ထ ကာမံ သောဏ သိင်္ဂါလာဒယောပိ ဂစ္ဆန္တာ ဂစ္ဆာမာတိ ပဇာနန္တိ၊ ပန နေတံ ဧဝရူပံ ဇာနနံ သန္ဓာယ ဝုတ္တံ။ (ပဏ္ဏာသ အဋ္ဌကထာ)

တတ္ထ၊ထိုသွားခြင်း အစရှိသည်၌။ သောဏသိင်္ဂါလာဒယောပိ၊ အိမ်ခွေး, တောခွေး အစရှိသော အည့်စား သတ္တဝါ တို့သည်လည်း။ ဂစ္ဆန္တာ၊ သွားကုန်သည်ရှိသော်။ ဂစ္ဆာမ၊ သွားကုန်၏။ ဣတိ၊ ဤသို့။ ကာမံဇာနန္တိ၊ အကယ်၍ကား သိကုန်၏။ ပနတထာပိ၊ ထိုသို့သိကုန်သော်လည်း။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဇာနနံ၊ ဤသို့ သိခြင်းမျက်စိ။ သန္ဓာယ၊ ရည်၍။ နဝုတ္တံ၊ ရှင်တော်ဘုရားမဟော။

သဘောကား— တောခွေး အစရှိသော တိရစ္ဆာန်တို့သည်လည်း မြင်—ကြား-နံ-လျှက်—ထိ—သိရုံကာမျှဖြင့် အာရုံကို အကယ်၍ သိကုန်၏၊ ထိုအသိမျိုးသည် မြတ်စွာဘုရား၏ သာသနာတော်မြတ်၏အသိမျိုးမဟုတ်ပါ၊ဟု ဟောကြားခြင်းဖြစ်၏။

ဘုရားရှင်ဟောကြားထားတာက ပညာသိပါအောင်ရှုရမယ်၊ ဘယ်လိုပါအောင်ရှုရမလဲ၊ ဒီတော့ရင် ပညာသားမပါဘဲ မဟာ

သတိပဋ္ဌာန်လုပ်ငန်းစဉ်တရားထဲ မဝင်တဲ့တရားတွေကို မလုပ်ကြပါနဲ့၊ နောက် တချက်က "အဘိက္ကန္တေ ပဋိက္ကန္တေ သမ္မဇာနကာရီ ဟောတိ" လို့ပြလာတဲ့အတိုင်း (ဥပမာ) လက်လေးနှစ်ချောင်းနဲ့ ရှေ့တက်တယ်, နောက်ဆုတ်တယ်လို့ပြပြီး ဒါကိုပညာနဲ့ ဆင်ခြင်ရမယ်လို့ ပြလာတယ်၊ ဒါကို ဆရာတော်တို့ပင် ၁၂၉၅ ခုနှစ်က တရားပေးတဲ့ဆရာကြီးတွေထဲမှာ လုပ်လာခဲ့ရပါတယ်။

နောက်တခါ ထမင်းစားရင်းမှတ်ရမယ်၊ ထမင်းတလုပ်မှာကို ၄၉-ချက်ရအောင် ထိ-ကိုင် စား-ဆိုပြီး လုပ်ခိုင်းလာတယ်၊ ဆရာတော်ကိုယ်တိုင်ပင် သုံးဆဲ့နှစ်ချက်ထိ ရအောင် အားထုတ်လာခဲ့ရတယ်၊ အဲဒါကို နည်းသေးတယ်ဆိုပြီးတော့ အဲ့ဒါ ၄၉-ချက်ရအောင် အလုပ်ခိုင်းပါတယ်၊ ဒါဟာ သည်ရဲ့အမှတ်တွေကို မှတ်ခိုင်းတာပါ၊ ဒါဟာသည်ရဲ့ သဘောတွေပါ၊ ပညာရဲ့သဘောမပါသေးပါ၊ ဘုရားရှင်က ရှေ့သို့တက်သော်ရင်း၊ နောက်သို့ဆုတ်သော်ရင်း ပညာဖြင့် ဆင်ခြင်ရမယ်လို့ ပြလာတာပါ၊ ဒါဟာ ဘယ်လောက်သိမ်မွေ့သလဲ? ဒါကိုပညာဖြင့်သာ ဆင်ခြင်ရမယ်။

ဒီတော့ ဘုရားရှင် ဟောကြားထားတဲ့ မဟာ သတိပဋ္ဌာန်တရားတွေမှာ ဘယ်လိုလုပ်ငန်းစဉ်အနေနဲ့ ယူသွားရမယ် ဆိုတာကို ဟော'ကြား ပြသသွားပါမယ်၊ နောက်တခါ ဝေဒနာအခန်းကျတော့လဲ ပိဋ္ဌကတ် အဋ္ဌကထာတွေက "အဘိညာတေ ပရိညာတေ အာဟာရေ" ဆိုတဲ့ပုဒ်တွေနဲ့ ဖွင့်ပြထားပါတယ်။ ဒါကို သဘာဝရှင်းအောင် မရှင်းနိုင်ကြပါ၊ ဒီသဘာဝတွေကို နောက်ကဏ္ဍတွေကျတော့ ရှင်းပြပါမယ်၊ ယခု ရှေ့ပိုင်းမှာကို မျက်စေ့,နား,နှာ,လျှာ,ကိုယ်မှာရှိနေတဲ့ မဟာသတိပဋ္ဌာန်တရား

တွေ့ကို ရှင်းတတ်သွားအောင် (၀၊)အားတုတ်တတ်သွားအောင် ပြောပြ ဟောပြသွားပါမယ်။

ဒီတော့ မျက်စေ့ပေါက်ကို ပိတ်တဲ့အခါမှာ သမထနဲ့ ပိတ်တာက မကြည့်ဘဲနဲ့နေရင် ရတာပဲ၊ သမထပိတ်ဆိုတာ မျက်စေ့မှိတ်ပြီး ပိတ်ထားတာပါ၊ ဒီလိုမကြည့်ဘဲနဲ့ မျက်စေ့မှိတ်ပြီးပိတ်ရင်ကော ရမလား၊ အဲဒါ အရင်က တကြိမ်တခါထဲမြင်ဘူးထားတာနဲ့ အဲဒီမြင်ထားတဲ့ အာရုံဟာ နှလုံးအိမ်ထဲမှာ စဲ့ခင်နေပြီ၊ ဒါကြောင့် မျက်စေ့မှိတ်ပြီးသမထပိတ်နဲ့ ပိတ်သော်လဲ နှလုံးအိမ်မှာစဲ့နေတဲ့အတွက် ပိတ်လို့မရပါ၊ ဝိပဿနာနဲ့ ပိတ်တာကျတော့ မျက်စေ့နဲ့ကြည့်ပြီးပိတ်ရမယ်၊ ဒီခတော့ ရူပါရုံနဲ့ မျက်စေ့နဲ့ဆုံတဲ့အခါမှာ ဘယ်လိုပိတ်မလဲ ?

တကယ်ကြည့်ပြီး ပိတ်နိုင်လာမှ မဟာသတိပဋ္ဌာန် လုပ်ငန်းစဉ်တရားထဲဝင်လို့ရမယ်။ အဲဒါမကြည့်ဘဲနဲ့ ပိတ်ရင် သမထပိတ်ဖြစ်ခြင်းကြောင့် မဟာသတိပဋ္ဌာန်လုပ်ငန်းစဉ်တရားထဲမဝင်နိုင်ပါ၊ ဒါကြောင့် ဘုရားရှင်က...

စက္ခုနာ သံဝရော သာဓု၊ သာဓု သောတေန သံ ရော။
ဃာနေန သံဝရော သာဓု၊ သာဓု ဇိဝှါယ သံဝရော။
ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။ ။
(ဓမ္မပဒဘိက္ခုဝဂ်)

လို့... ရှင်တော်မြတ်ဘုရားကဟောကြားခဲ့ပါတယ်။ ဒီတော့ မျက်စေ့, နား, နှာ, လျှာ, ကိုယ်စသော အပေါက်တို့ကို စောင့်

စည်း ပိတ်ပင်နိုင်လာလျှင် အလုံးစုံသော ဒုက္ခတို့မှ လွတ်ကင်းနိုင်ပါတယ်၊ ထို့ကြောင့် မျက်စေ့, နား, နှာ, လျှာ, ကိုယ်တို့ကို သမထ ပိတ်နဲ့ မပိတ်ဘဲနဲ့ မဟာသတိပဋ္ဌာန် လုပ်ငန်းစဉ် တရားဖြင့်ရင် ပိတ်ရမယ်။

(ဥပမာ) လာဘ်ရေ ပုဂ်ကို ရှုပါ၊ ဘာခေါ် သလဲ? လာဘ်ရေပုဂ်လို့ခေါ်တယ်၊ ဒုါဟာ အနှစ်တွေမြင်တဲ့အမြင်ပါ၊ ပဋ္ဌမ ဟောထားတာကို ပြန်စဉ်းစားပါ၊ အဲဒါ အဘိဓ္ဓာ ဒေါမနဿ လောကအထိ ချပြခဲ့ပါပြီ ယခု တဏှာ, ဥပါဒါန်, ဘဝ စသည့်ဟာတွေ မဖြစ်အောင် ချပြမယ်၊ ဒီတော့လာဘ်ရေ ပုဂ်ကိုမြင်တယ်၊ ဒီလာဘ်ရေပုဂ်ဆိုတဲ့ အရာဝတ္ထုလေးမှာ— လာဘ်ရေပုဂ်လို့ခေါ်တဲ့ အမည်လေးဟာ ရှိသလားလို့ မေးရင် ဘယ်လိုပြောမလဲ? (တနည်း) သဏ္ဌာနပညတ်ဟာ ဒီအရာဝတ္ထုမှာ ရှိသလား ဒီလိုမေးရင် ဘယ်လိုပြောမလဲ၊ အဲဒါ ဒီအရာဝတ္ထုဖြစ်တဲ့ လာဘ်ရေပုဂ်မှာဘဲ ရှိတယ်လို့ ပြောရင် အဲဒါ ကမ္ဘာ့တရားကြီးထဲကျသွားပြီ။

ဒါဖြင့်ရင် နာမပညတ်ဟာ ဒီအရာဝတ္ထုမှာ မရှိဘူးလို့ ဆိုရင်လဲ ဒီလာဘ်ရေ ပုဂ်ဆိုတဲ့ နာမပညတ်ကြီးဟာ ဘယ်ကဖြစ်လာတာလဲ၊ အဓိစ္စ သမုပ္ပန္နအကြောင်းတရားလေးပါ၊ ကင်းပြီးဖြစ်နေတဲ့ မိုဃ်းကျရွှေကိုယ်လေးလား၊ အဲဒါ ဘယ်လိုပြောမလဲ၊ ဒီတော့ မျက်စေ့က ထွက်လာတဲ့ မဟာသတိပဋ္ဌာန်ကို တွေ့အောင် ရှာရမယ်ဆိုတာနဲ့ ~~ဒီသာဝကို ကိုင်လာရတယ်~~ ဒီနှစ်ချက်ဟာ ပဋ္ဌမဆုံး ~~မဟာသတိပဋ္ဌာန်နဲ့ ဥပဓိတ်ပဋ္ဌာန်ထဲ~~ ပညာရဲ့သဘာဝလေးပါဘဲ။

စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်
၁၀ ၉ ၇ ၄

ဒီတော့ သတိဆိုတာ သညာဝိညာဏ်ဖြင့် မှတ်တာ မဟုတ်ပါ ပညာကနေပြီး ပေါ်လာမှ သတိဖြစ်တာပါ၊ ဒါကြောင့် "သတိ ရဟိတာ ပညာနာမ နတ္ထိ"လို့ ဒေသနာတော်က ပြထားပါတယ်၊ ဒီတော့ သတိဆိုတဲ့ စေတသိက်မှာ သောမနဿမှာကိုဘဲ လာကပ်တာဘဲ မဟုတ်လား၊ ဒီတော့ ဘာကြောင့် ဘုရားရှင် ဝါတော်(၂၀)ကျမှ ဒီသတိပဋ္ဌာန်လုပ်ငန်းစဉ်တရားကြီးကို ဟောကြားရသလဲ၊ အဲဒါ ရှေ့ပိုင်းမဂ္ဂင် ၈-ပါးဖွဲ့တဲ့အခါမှာ အဲဒါ အပြည့်အစုံမထွက်နိုင်သေးတဲ့အတွက် ဘုရားရှင် မဟောကြားဘဲ ထားခဲ့တာ၊ ဝါတော် (၂၀) မြောက်မှ ဖွဲ့လာရခြင်းဖြစ်ပါတယ်။

အဲဒါ ဝါတော် (၂၀) မြောက် လာတဲ့ အခါမှာ မဂ္ဂင်တွေ အားလုံး ပြည့်စုံလာတဲ့ အတွက်ကြောင့် မဂ္ဂင် ၈-ပါးမှာ ပါတဲ့ သမ္မာသတိ မဂ္ဂင်ကထုတ်ပြီးတော့ ဒီမဟာသတိပဋ္ဌာန် လုပ်ငန်းစဉ်တရားတော်ကို လုပ်ငန်းစဉ်အနေဖြင့် ဟောကြားလာတာပါ ဒီမဟာသတိပဋ္ဌာန်တရားတော်ဟာ ပရမတ္ထသဘာဝပါ၊ ဒါဟာ ပညာကထွက်လာတဲ့သတိပါ၊ သညာဝိညာဏ်နဲ့ မှတ်တဲ့ သတိကျတော့ ပညတ်တရားကြီးက နေပြီးထွက်လာတာပါ။

ကိုင်း·ဒီတော့ လာဘ်ရေပုဂ်လို့ခေါ်တဲ့ နာမပညတ်လေးဟာ ဒီလာဘ်ရေပုဂ်ဆိုတဲ့ အရာဝတ္ထုမှာရှိသလားလို့ မေးရင် ဘယ်လိုပြောမလဲ၊ ဒါကိုစဉ်းစားပါ၊ နာမပညတ်ဟာ ဘယ်ကထွက်လာပါသလဲဆိုရင် သညာရဲ့ အမှတ်ကနေပြီးထွက်လာတာပါ၊ သဏ္ဌာနပညတ်ကျတော့ ဝိညာဏ်ရဲ့ အသိက နေပြီးတော့ ထွက်လာတာပါ၊ (ဥပမာ) ဒီနေ့တရားနာယူကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးကြီးတွေဟာ ရှစ်တုံးလေး တတုံးကို

ယူပြီးတော့ စေးပိုင်အောင်ဆုပ်နယ်ပြီး စိတ်ဝိညာဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်က နှားရုပ်လေး လုပ်လိုက်စမ်းပါ၊ နှားရုပ်လေး လုပ်ပြီးတော့ တဦးတယောက်ကို ဒါဘာလဲလို့ မေးရင် ဘယ်လိုပြောမလဲ?။

အဲဒါ နှားရုပ်လေးပါ့လို့ ပြောမှာဘဲမဟုတ်လား၊ ဒါဟာ ရှိ့တုံးက သူ့အလိုလို နှားရုပ်လေး ဖြစ်လာတာ မဟုတ်ပါ၊ သညာဝိညာဏ်က လုပ်ကြံလိုက်တဲ့အတွက်ကြောင့် နှားဆိုတဲ့နာမပညတ်နဲ့ သဏ္ဌာနပညတ်လေးတွေ ထွက်လာတာပါ၊ ဒီနာမပညတ်နဲ့ သဏ္ဌာနပညတ်တို့ဟာ သညာ ဝိညာဏ်က ထွက်လာကြောင်းကိုပြလာတာပါ၊ ဒါနဲ့မှ မကျေနပ်သေးရင် ဒီနှားရုပ်လေးကို ဖျက်ပြီးတော့ ခွေးရုပ်လေးလုပ်လိုက်စမ်းပါ၊ ဒီလိုလုပ်တော့ကော ခွေးရုပ်မဖြစ်ဘူးလား၊ ဖြစ်လာပြန်တာဘဲ မဟုတ်လား၊ ဒါတွေဟာ သညာဝိညာဏ်လုပ်ကြံနေတဲ့သဘောတွေပါ၊ ဒါကြောင့် ရှိ့ဆိုတဲ့ အဆိုင်အခဲ ဃနကြီးမှာ ဗျာပါရမရှိပါ၊ အဲဒါ ငါခွေးရုပ်လေးဖြစ်ချင်တယ်၊ နှားရုပ်လေးဖြစ်ချင်တယ်ဆိုတဲ့ ဗျာပါရလေးဟာ ဒီရှိ့တုံးလေးမှာ မရှိပါ။

အဲဒါ သညာ ဝိညာဏ်ကသာ ဗျာပါရလေး ရှိနေ တာဘဲ မဟုတ်လား၊ အဲဒါကြောင့် နာမပညတ်နဲ့ သဏ္ဌာနပညတ်တွေ ဖြစ်လာတာပါ၊ အဲဒါအကျဉ်းနည်းဖြင့် ဟောပြ လိုက်သော်လဲ မိမိတို့အိမ်ပြန်ရောက်သွားရင် ပြန်ပြီးတော့ စဉ်းစားပါ။

ဒီတော့ နာမပညတ်က သညာရဲ့အမှတ်၊ သဏ္ဌာနပညတ်ကျတော့ ဝိညာဏ်ရဲ့ အသိက ထွက်လာတာပါ၊ ဒီသဘာဝတွေ မမြင်ကြလို့ အနွေတွေမှာ လဘက်ရေပုံ့မှာကို နာမပညတ်ရှိနေ

တယ်လို့ ထင်နေကြ ပြောနေကြတယ်၊ သေသေချာချာ ပြော ရရင် သညာဝိညာဏ်လုပ်ကြံတဲ့ သဘောသာလျှင် တွေ့နေတော့ တယ်၊ ဒီတော့လဘက်ရေပုဂ္ဂံမှာ နာမပညတ်ရှိတယ်လို့ ယူနေ ရင်ဘဲ အဘိဓမ္မာ ဒေါမနဿလောကကြီး ပေါ်လာတော့မယ်၊ အဲဒီလို မပေါ်အောင်လို့၊ နာမနဲ့ သဏ္ဌာန ပညတ်တို့ဟာ သညာနဲ့ဝိညာဏ်တို့ လုပ်ကြံ ထားတာပါလားလို့ ဆိုတာကို သိအောင် ဆင်ခြင်သုံးသပ်နိုင်ရမယ်။

ဒီသညာဝိညာဏ် လုပ်ကြံတာကို ငါလို့ စဉ်ယူနေတာဟာ ငါတို့ရဲ့ အမြင်မှားကြီးပါလား ဆိုတာကို သိလာတာနဲ့ တဖြေးဖြေး စိတ်ဝိညာဏ်ဟာ ရင့်သန်လာတော့မယ်၊ ဒါဟာ စဉ်းစားဘို့ တချက်ပါ။ နောက် တချက်က နာမပညတ်ဟာ လဘက်ရေပုဂ္ဂံမှာ ရှိတယ်–မရှိဘူးဆိုတာဟာ သညာဝိညာဏ်နဲ့ ဆွဲပြီး ပြောနေတာပါ၊ ဒီတော့ ဒီလဘက်ရေ ပုဂ္ဂံမှာရှိတဲ့ အနေနဲ့ လိုက်ကပ်ပြမယ်၊ မရှိတဲ့ဘက်ကတော့ အဲဒါသညာ ဝိညာဏ်က လုပ်ကြံတာဘဲလို့ ဆိုတာ့ကို ပြလိုက်ပါပြီ။

ဒီအစိုင်အခဲ ဃနကြီးကတော့ ပစ္စုပ္ပန်မှာ ပေါ်ထွက်နေတဲ့ ဥတုကဖန်ဆင်းထားတဲ့ ရူပ်ကြီးဖြစ်ခြင်းကြောင့် လုပ်ကြံခံရတဲ့ အနေနဲ့သာ ရှိပါတယ်၊ ဘယ်သူတွေက (ဝါ) သညာ ဝိညာဏ် သွားတွေက ဘာဘဲ လုပ်လုပ် – လုပ်ချင်ရာ လုပ်၊ သူကတော့ လုပ်ကြံခံနေရတဲ့ အရာဝတ္ထုကြီးသာလျှင်ဖြစ်တယ်၊ ကိုင်းဒီနေ့ အမှန်နဲ့ အမှား လောကကို တင်ဆက်ပြီး ပြလိုက်ပါပြီ၊ ဒါမှ ဥပါဒါန် ဘဝ ဇာတိ–အစရှိတဲ့ သဘာဝတွေ ဇာတ်သိမ်းသွား ပါလိမ့်မယ်။

ညဟောစဉ်။

ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယ္ယ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

လို့ ရှင်တော်မြတ် မဟာသတိပဋ္ဌာန် တရားတော်ကြီးမှာ ဟောကြားတော်မူခဲ့သည့်အတိုင်း နေ့ခင်းပိုင်းမှာ လုပ်ငန်းစဉ် အနေနဲ့ အနည်းငယ် တင်ဆက်ပြီးပြခဲ့ပါပြီ။

ဒီတော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေအဘက် မှာဘမ်းချခဲ့ပါတယ်၊ တရားအားမထုတ်ရသေးတဲ့ ပုဂ္ဂိုလ်တွေအတွက်ဆိုရင် မျက်စေ့ပေါက်, နားပေါက်, နှာခေါင်းပေါက်, လျှာပေါက်, ကိုယ်ပေါက်မှာ ရှိနေတဲ့ မဟာသတိပဋ္ဌာန် တရားတွေကို အရင်အားထုတ်ရပါတယ်၊ ဒီတော့မျက်စေ့, နား, နှာ, လျှာ, ကိုယ်ပေါက်တွေမှာရှိတဲ့ မဟာသတိပဋ္ဌာန်တရားတွေကို သိသင့် သိထိုက်သလောက် တင်ဆက်ပြီးပြခဲ့ပါပြီ။

ဒီတော့ သာသနာတော်ဝန်းကျင်မကျန် ရိပ်သာကြီးရိပ်သာငယ်တွေနဲ့ ဆရာတော်တို့ပါ ကိုယ်တိုင်လုပ်ငန်းစဉ် ပေးလာတဲ့ ပဋိပတ်လုပ်ငန်းစဉ်တွေမှာ သွားတယ်=သွားတယ်ဆိုပြီး ဘယ်ညာ ဘယ်ညာဆိုပြီး ပေးလာခဲ့ကြတယ်၊ ဆရာတော်တို့ ကိုယ်တိုင်လဲ အားထုတ်လာခဲ့ရပါသေးတယ်၊ နောက်တခါ ထမင်းတလုပ်မှာကို (၄၉) ချက်ရအောင် မှတ်ပြီးစားလာခဲ့ရပါတယ်၊ အဲဒီလို အားထုတ်ခဲ့ရတဲ့ လုပ်ငန်းစဉ်တွေဟာ ယခု ဓမ္မစကြာ တရားတော်, အနတ္တလက္ခဏသုတ်တရားတော်, မဟာသတိပဋ္ဌာန်

တရားတော်တွေရဲ့ လုပ်ငန်းစဉ်တွေနဲ့ ဝေဖန်ကြည့်တဲ့အခါမှာ ဆရာတော်တို့ အားထုတ်ခဲ့တဲ့ တရားအလုပ်ဘေးဟာ ပညာရဲ့ သဘာဝမပါဘဲ အဲဒါအလုပ်တရားမှာသာ ဦးစိုက်ပြီး မသိတာရှုပ်၊ သိတာကနာမ် ဆိုပြီး ပညာသားမပါတဲ့ ရှုပ်နာမ်တွေကိုသာ ရှာလာခဲ့ရပါတယ်၊ ဒါဟာ သဘာဝ ပညာအနေနဲ့ မဝင်နိုင်ပါ၊ ပရိယတ်ထဲမှာသာ ဆိုက်ရောက်နေပါသေးတယ်။

ဒါတွေဟာ ဘေဒါယီရဲ့ ပညာရေးစနစ်တွေပါ၊ ဒီ ပညာရေးစနစ်တွေကို ပညာရဲ့ သဘာဝနဲ့ ဝေဖန်ကြည့်ရင် အဲဒါ ပညာရဲ့သဘာဝ နှစ်ပြားသားမှ မပါဘဲ သည်ဘာ ဝိညာဏ်ရဲ့ သဘောတွေပါ၊ ဒါဟာ သမထရဲ့ အလုပ်ထဲမှာဘဲ ရှိနေသေးတယ်၊ အဲဒီလို သမထရဲ့အလုပ်တွေနဲ့သာ အချိန်ကုန်ခဲ့ကြတယ်၊ ဒုဿကြောင့် ယခု တရား နာယူကြတဲ့ ပုဂ္ဂိုလ်တွေဟာ ယခုလို အချိန်မကုန်ရအောင် သွားတယ် သွားတယ်ဘဲ လုပ်လုပ်၊ စားတယ်-စားတယ်ဘဲ လုပ်လုပ်၊ အာနာပါနကိုဘဲ အားထုတ် အားထုတ်၊ ဘာကိုဘဲ အားထုတ် အားထုတ် ပရမတ် အစစ်ကို တွေ့အောင် အားထုတ်နိုင်ရင် ရှေ့ကိုတက်လို့ရပါတယ်၊ ဒီလိုမှ ပရမတ်အစစ်ကို မတွေ့ရင် အချိန်သာကုန်ရုံဘဲရှိမှာဘဲ။

ဒီတော့ နေ့ခင်းပိုင်းမှာကို မျက်စေ့ နား, နှာ, လျှာ,ကိုယ် မှာရှိနေတဲ့ သတိပဋ္ဌာန်တရားတို့ရဲ့ လုပ်ငန်းစဉ်ကို ခံယူနိုင်ပြီ၊ ဒုတိယအဆင့်ကိုတက်နိုင်အောင် ယခုအခြေခံအနေနဲ့ ပေးခဲ့ပါပြီ၊ ဒီတရားရဲ့ လုပ်ငန်းစဉ်ကို အရိုးကြေကြေ အရေခန်းခန်းကြိုးစား အားထုတ်ပြီးတော့သွားနိုင်ရမယ်။

ဒီတော့ မဟာသတိပဋ္ဌာန် လုပ်ငန်းစဉ်ကို အားထုတ်တဲ့အခါမှာ ဘယ်ကနေပြီး အရင်အားထုတ်ရမှာလဲ၊ ဒီတော့ သတိဆိုတဲ့ သဘောဟာ သညာဝိညာဏ်က ထွက်လာတာလား၊ အဲဒါပညာကနေပြီး ထွက်လာတာလား ဆိုတာတွေကို တဖြေးဖြေးနဲ့ ပေါ်လှင်လာတော့မယ်၊ ဒီနေ့ည ကမ္ဘာ့တရားကြီးကို ဟောကြားရပါဘော့မယ်။ "ဣမ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္မဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ" လို့ ဆုံးမလာတဲ့ မဟာသတိဋ္ဌပဟာန် လုပ်ငန်းစဉ်တရားတော်ကြီးကို ခံယူနိုင်အောင် မျက်စေ့, နား, နှာ, လျှာ, ကိုယ် ပေါက်တွေမှာရှိနေတဲ့ မဟာသတိပဋ္ဌာန်တရားတွေကို အရင်ရှာရမယ်။

ဒီတော့ စက္ခုနဲ့ရူပါရုံဆုံလိုက်တဲ့အခါမှာ အနှစ်တွေကျတော့ ဘယ်လိုမြင်သလဲ၊ ကလျာဏပုဂ္ဂိုလ်တွေကျတော့ ဘယ်လိုမြင်သလဲ၊ သောတာပန်ပုဂ္ဂိုလ်ကျတော့၊ သကဒါဂါမ်ပုဂ္ဂိုလ်ကျတော့၊ အနာဂ မ်ပုဂ္ဂိုလ်ကျတော့၊ ရဟန္တာပုဂ္ဂိုလ်ကျတော့ ဘယ်လိုမြင်သလဲ ဆိုတာတွေကို သိသာအောင် လုပ်ငန်းစဉ်အနေနဲ့ ဟောပြသွားပ မယ်၊

ဒီမဟာသတိပဋ္ဌာန်လုပ်ငန်းစဉ်ကို အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ကမ္ဘာ့တရားနဲ့ သာသနာ့ဘာရားကို နားလည်ရမယ်၊ သာသနာ့ဝန်ကို ထမ်းဆောင်နေကြသော်လဲ သာသနာ့တရားကို တွေ့ပြီလား၊ တရားအားထုတ်ရင် ကမ္ဘာ့တရားနဲ့ သာသနာ့တရားကို သိထားရမယ်၊ (ဝါ)နားလည်ထားရမယ်၊ ဒီတော့ ရှေးဆရာတော်ကြီးတွေက ဟောကြားခဲ့တဲ့ အတိုင်း ကမ္ဘာ့တရားနဲ့ သာသနာ့တရားကို ခွဲရမယ်။

ဒီတော့ သာသနာ့တရားနဲ့ ကမ္မာ့တရားကို မခွဲမှီ အနှစ်နဲ့ ကလျာဏကို အရင်ခွဲရမယ်၊ ဒီတော့ အနှစ်ဆိုတာ ခန္ဓာ,အာယတန, ဓာတ်, သစ္စာတရားတို့ကို သင်ခြင်း၊ ဆောင်ခြင်း၊ နာကြားခြင်း၊ ဆွေးနွေးမေးမြန်းခြင်း၊ ဆင်ခြင်ကြံစည်ခြင်းမရှိတဲ့ ပုဂ္ဂိုလ်ကို အနှစ်လို့ ခေါ်တယ်။ ဒီတရားကွေကို သင်ခြင်း၊ ဆောင်ခြင်း၊ နာကြားခြင်း၊ ဆွေးနွေးမေးမြန်းခြင်း၊ဆင်ခြင်ကြံစည်ခြင်းတို့နဲ့ ပြည့်စုံပြီး တရားတော်များကို သိလာတဲ့ပုဂ္ဂိုလ်ကိုမှ ကလျာဏ ပုဂ္ဂိုလ်လို့ ခေါ်တယ်။ ဒီတော့ နားလည်ရမယ်၊ ပြည့်စုံရမယ် ဆိုတာဟာ ပိုဋ္ဌကတ်သုံးပုံကို အာဂုံဆောင်နေတဲ့ ပုဂ္ဂိုလ်ကိုလဲ ကလျာဏ ပုဂ္ဂိုလ်လား၊ စျာန်သမာပတ်တွေ့ရနေတဲ့ အာဠာယ ဥဒကတို့ဟာလဲ ကလျာဏ ပုဂ္ဂိုလ်လား။

ဒီတော့ ရူပ်တရား နာမ်တရားတွေကို ပညာဖြင့် မြင်လာမှ ကလျာဏဖြစ်ပါတယ်လို့၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွေက ဆုံးဖြတ်ချက်ချထားပါတယ်၊ ဒါဟာ အနှစ်နဲ့ ကလျာဏ ခွဲတာအကျဉ်းနည်းလို့ မှတ်ထားပါ၊ (အကျယ်သိလိုက ဝိသာခါတရားဟောစဉ်ဌာ်ရှုပါ) ဒီတော့ ရူပ်တရားကို ယထာဘူတအသိနဲ့မှ မသိရင်-(၀၊)နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးကိုမှ မသိရင် အနှစ်ဘဲ၊ဒါတွေကိုသိမှ ကလျာဏပုဂ္ဂိုလ်လို့ ခေါ်တယ်၊ ဒီတော့ သဘာဝနည်း, လက်တွေ့နည်းတွေနဲ့ တင်ဆက်ပြီးပြပါ အုံးမယ်။

(ဥပမာ)လဘက်ရေပုဂံကို ရှေ့မှာချပြီး ဒါဘာလို့ ခေါ်သလဲလို့ မေးရင်=လဘက်ရေပုဂံပါလို့ ပြောမယ်၊ ဒါ့ဖြင့်ရင် ဒီလဘက်ရေ ပုဂံလို့ ခေါ်တဲ့ နာမပညတ်ဟာ ဘယ်က နေပြီး ထွက်လာသလဲ၊ အဲဒါ ဓာတ် ၄ ပါး၊ ဓာတ် ၈ ပါးဖြစ်တဲ့ ဃန

အစိုင်အခဲကြီးကထွက်လာပါတယ်လို့ ပြောရင် အဲဒါ အန္ဓရဲ့ အသိမျိုးဘဲ၊ ပိဋ္ဌကတ်သုံးပုံကို အာဂုံဆောင်နေတဲ့ ပုဂ္ဂိုလ်တွေ ကိုလဲမေးပါ၊ ဒီလိုသာပြောနေသေးရင် အန္ဓအသိမျိုးဘဲ ရှိနေသေးတယ်၊ ဒီတော့ လဘက်ရေပုဂ်ဆိုတဲ့ နာမပညတ်ဟာ ပရမတ်တည်းဟူသော ဓာတ် ၄-ပါး, ဓာတ် ဂ-ပါးက ထောက်ခံနေတာလို့ ပိဋ္ဌကတ်ကပြောလာမယ်၊ ဒါဟာ အန္ဓတွေသိတဲ့ သင်္ခေတပရမတ်တွေပါ။

ဒီတော့ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ၂ ပါးကိုပိုင်တဲ့ ရေတွင်းတကာကြီးကျတော့ ဒီလို မပြောတော့ပါ၊ ဒီတော့ မိမိသိထားတဲ့ အသိဖြင့်ထောက်ကြည့်လိုက်ပါ-ထောက်ပြမယ်၊ ဒီတော့နာမပညတ်ဟာ အဆိုင်အခဲ ဃနကြီးက ထွက်လာတာပါလို့ ပြောမလား၊ သဏ္ဌာနပညတ်ဟာလဲ ဓာတ် ၄ ပါး ဓာတ် ဂ-ပါး အဆိုင်အခဲ ဃနကြီးကဘဲ ထွက်လာတာပါလို့ ပြောမလား၊ ဒီလိုပြောနေသေးရင် အန္ဓတွေပြောတဲ့ အပြောထဲရောက်သွားမယ်။

ဒီတော့ မဟာသတိပဋ္ဌာန် လုပ်ငန်းစဉ် အနေနဲ့ တင်ဆက်လိုက်ရင် နာမပညတ်နဲ့ သဏ္ဌာနပညတ်တည်းဟူသော ပညတ်ရိပ် ၂-ပါး ဇာတ် မသိမ်းသေးသမျှ(ဝါ)မချုပ်ငြိမ်းသေးသမျှ ပရမတ် ရုပ်နာမ်ကို မတွေ့သေးပါ၊ မတွေ့သေးရင် ထိုပုဂ္ဂိုလ်ဟာ ကမ္ဘာ့တရားထဲမှာသာ ရှိနေပါသေးတယ်၊ ဒီတော့ ကမ္ဘာ့တရားဆိုတာဟာ အန္ဓတွေမှာရှိနေတဲ့တရားတွေပါ၊ အန္ဓဆိုတာ လဘက်ရေပုဂ်ခေါ်တဲ့ နာမပညတ်ဟာ အဆိုင်အခဲ့ဃနကြီးက ထွက်လာတာပါလို့ ပြောနေတဲ့ ပုဂ္ဂိုလ်ကို ဆိုလိုတာပါ။

ဒီကမ္မာ့ တရားကြီးကို နားလည်လာအောင် အနည်းငယ် ဖေါ်ပြပါအုံးမယ်၊ ဒီကမ္မာ့တရားကြီးဟာ ရုပ်တရား နာမ်တရားကို ပညာဖြင့် မသိတဲ့ အနှစ်တွေရဲ့ နှလုံးအိမ်ထဲမှာ အစဉ်ရှိနေတဲ့တရားကြီးပါ၊ဒီတရားကြီးဟာ မိမိရဲ့နှလုံးအိမ်ထဲမှာရှိနေတဲ့တရားကို မသိကြလို့ပါ၊ အဲဒါကိုသိလာအောင် ယခုဖေါ်ထုတ်ပြီးပြရပါတော့မယ် ဒီတော့ ဒီပုံစံမှာ ပြထားတဲ့အတိုင်း ခန္ဓာပူရမ္ပိုကြီးမှာ သက္ကာယဒိဋ္ဌိမင်းတရားကြီးက အရှည်သဖြင့် အုပ်ချုပ်နိုင်အောင် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ရေသောက်မြစ်ချပြီး အုပ်စိုးနေတယ် (၀၊)စိုးစံနေတယ်။

ဒါကို နားလည်အောင် ရှင်းပြအုံးမယ်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ ဘယ်ကဖြစ်လာတာလဲလို့ ထောက်လိုက်ရင် ပထမ အမီဝမ်းတွင်းက ပဋိသန္ဓေစိတ်နဲ့ တပြိုင်နက် ဖြစ်လာတဲ့ တရားတွေပါ၊ (၀၊) ယခုတရားတော်ကို လာရောက်နာယူနေတဲ့ ထောင်ကဲ ဦးချစ်ရှေရဲ့ ခန္ဓာကိုယ်ကြီးပါ၊ ဒါကိုခန္ဓာပူရမ္ပိုလို့ ခေါ်တာပါ၊ သက္ကာယဒိဋ္ဌိမင်းတရားကြီးက ဘယ်လို စိုးစံနေသလဲဆိုတော့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တ၀ါတွေကို ငါငါလို့စဲ့ယူနေတာကို သက္ကာယဒိဋ္ဌိမင်းတရားကြီးက စိုးစံနေတယ်လို့ ခေါ်တာပါ၊ ဒါဟာ အကျဉ်းနည်းဖြင့် တင်ဆက်ပြီးပြလိုက်တာပါ၊(ဒါကို သင်္ကြန်အခါတွင်းတုံးကလဲ ၁၅ ရက်သင်တန်းမှာ ဟောကြားခဲ့ပါပြီ)

ယခုဒီနေရာမှာ လက်တွေ့အနေနဲ့ သဘာ၀ နည်းဖြင့်သာ တင်ဆက်ပြီးပြပါတော့မယ်၊ဒေသနာနည်းနဲ့ဆိုရင်လဲ အင်မတန်မှ ကျယ်ဝန်းသွားမယ်၊ လက်တွေ့နည်းနဲ့ကျတော့လဲ၊ တရားနာ

ကြတဲ့ ပုဂ္ဂိုလ်ဘေးက အသိဉာဏ်တွေ နှုန့်နှေး နေသေးတဲ့ အတွက်ကြောင့် ပြလို့ မရသေးပါ၊ ဒါ့ကြောင့် သဘာဝနည်းဖြင့် သာ တင်ဆက်ပြီးပြပါမယ်။

"ဣဓ ဘိက္ခဝေ ဘိက္ခု ကာဒယ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယ္ယ လောကေ အဘိဇ္ဈာဒေါမနဿံ"

လို့ ဒီဥဒ္ဒေသကိုအခြေခံထားပြီး တင်ဆက်ပြပါမယ်၊ ဒီတော့ အမျိုးကောင်းသား အမျိုးကောင်းသမီးကြီးတွေ နားလည်အောင် သတိချပ်ပြီး နာယူကြပါ၊ သဘာဝနည်းဆိုတာဟာ ပညာရဲ့ သဘာဝတွေပါ ပါဘယ်၊ မဂ်ရတယ်, ဖိုလ်ရဘယ် ဆိုတာဟာ သဘာဝနယ်ကျယ်လ မှ မဂ်ဖိုလ်တရားကို ရပါတယ်၊ ဒါ့ကြောင့် တရားပိုင် ဓာတ်ပိုင်တဲ့ ဆရာတော်ကြီးတွေက (သဘာဝနယ်၊ သိဉာဏ်ကျယ် မဂ်ဝယ် ဖိုလ်သို့ ဆိုက်လတံ့။ မဂ်ဆိုက်သူမှာ၊ ဒီဌိကွာ ဝိဇ္ဇာခေါ်ဆိုပါ။) လို့ ရေးလာကြပါတယ်။

ဒီတော့ သဘာဝမကျရင် မဂ်ကိုမရပါ၊ အဲဒါ ဘေဒါယီရဲ့ ပညာရေး စနစ်တွေကိုသာ လိုက်နေရင် အချိန်ကုန်ရုံသာ ရှိမှာဘဲ၊ အဲဒါ သဘာဝနယ်ဟာ မကျယ်တော့ပါ၊ ဒီတော့ မဂ်တရား ဖိုလ်တရားကို မရတော့ပါ၊ နောက်ဆုံးမှာ သမထ တရားထဲမှာသာ ကျပြီးတော့ ရေနည်းတဲ့ ငါးများလို တဖြည်း ဖြည်းနဲ့ အသိဉာဏ်ဘေးဟာ ကျဉ်းလာတော့မယ်၊ အဲဒါ စား တယ် စားတယ် , သွားတယ် သွားတယ် ဆိုတဲ့ဟာကိုလဲ ပညာ အနေနဲ့မှ မယူနိုင်ရင် ဘေဒါယီရဲ့ ပညာရေး စနစ်ထဲမှာသာ ကျနေမှာဘဲ မဟုတ်လား ?

ကိုင်း ကမ္ဘာ့တရားကြီးနေပုံကို တင်ဆက်ပြီး ပြပါအုံးမယ်၊ ဒီတော့ မဟာသတိပဋ္ဌာန် တရားတော်ရဲ့ အစမှာ ကမ္ဘာ့တရားကြီး တည်နေပုံကို အရင်စပြီး ဖေါ်ပြရပါတယ်၊ ဒါ့ကြောင့် သဘာဝနည်းဖြင့်သာ ဟောကြားသွားပါမယ်၊ ကိုင်း (ဥပမာ) လဘက်ရေပုဂ်ကို ရှေ့မှာချပြီး ဒါဟာ ဘာလို့ခေါ်သလဲလို့ မေးရင် ဘယ်လိုပြောမလဲ၊ လဘက်ရေပုဂ်လို့ ခေါ်ပါတယ် ဘုရားလို့ပြောမှာဘဲမဟုတ်လား၊ ဒါဖြင့်ရင် ဒီလဘက်ရေပုဂ်လို့ခေါ်တဲ့ နာမပညတ်ဟာ ဘယ်ကထွက်လာတာလဲလို့ မေးရင်ကော၊ အဲဒါ ဓာတ် ၄–ပါး ဓာတ် ၇–ပါးက နေပြီး ထွက်လာတာပါလို့ ပြောမှာဘဲ မဟုတ်လား၊ နောက် သဏ္ဌာန်ပညတ်ကျတော့လဲ ဒီအတိုင်းဘဲ ပြောမှာဘဲ။

အဲဒီလိုပြောနေတာသည်ပင် အန္ဓတွေရဲ့ အစ္စဲအယူ ဓမ္မတာလို့ခေါ်တယ်၊ ဒါဟာ သံသရာအစ ကမ္ဘာလဆန်းတရက်နေ့ကစပြီးတော့ စ္စဲယူလာတဲ့ အစ္စဲအယူတွေပါ၊ လူဖြစ်ပြန်တော့လဲ နတ်ဖြစ်ပြန်တော့လဲ, ဗြဟ္မာဖြစ်ပြန်တော့လဲ, ဒီအစ္စဲအယူကြီးတွေကို ခေါင်းပေါ်တင်ပြီး ယူလာခဲ့ကြပါတယ်၊ (၀၊) သံသရာကြီးလည်ခဲ့ကြပါတယ်၊ အဲဒီလိုလည်ခဲ့တာ့ဟာ ယခု ရှင်ဂေါ်တမသာသနာ့ဝန်ထမ်းတွေနေတဲ့အခါမှာ မင်းဒီအစ္စဲကြီးတွေကို ယူသွားချင်သေးသလား၊ ဒီအထုပ်ကြီးကို စွန့်ပစ်ပါတော့လားဆိုရင် အန္ဓတွေမှာ မစွန့်နိုင်ကြသေးပါ၊ ဒီအစ္စဲ အယူကြီးတွေကို ခေါင်းပေါ် တင်ပြီး သံသရာ လည်ချင်နေကြသေးတယ်။

ဒီအစ္စဲအယူ အထုပ်ကြီးတွေကို ဖယ်ရှားပစ်နိုင်အောင် သာသနာ့တရားကို လက်တွေ့ယူရတော့မှာဘဲ မ'ဟုတ်လား၊ ဒီတော့ ကမ္ဘာ့တရား ဆိုတာဟာ သညာဝိညာဏ်ဖြင့် ဆဲ့ယူနေတာကို

ခေါ်တယ်၊ သာသနာ့တရားဆိုတာဟာ သညာဝိညာဏ်လွတ်ပြီး ပညာဖြင့်ယူသွားတဲ့တရားကိုခေါ်တယ်။

ဒီတော့ လဘက်ရေပုဂံလို့ခေါ်တဲ့ နာမပညတ်လေးဟာလဲ သညာဝိညာဏ်က ပြောနေတာဘဲ မဟုတ်လား၊ ဒီတော့ နာမပညတ် သဏ္ဌာနပညတ်တို့ဟာ ဓာတ် ၄ ပါး ဓာတ် ၈ ပါးဖြစ်တဲ့ အစိုင်အခဲ ဃနကြီးကထွက်လာပါတယ်လို့ဘဲ ပြောမှာဘဲ မဟုတ်လား၊အဲဒီလိုပြောတာဟာ သညာဝိညာဏ်နယ်မှာရှိကြတဲ့ အနှစ်တွေပြောနေတာ ဖြစ်ခြင်းကြောင့် ဒီတရားကို ကမ္ဘာ့တရားလို့ခေါ်တာပါ၊ ဒါဟာ သာသနာ့တရားကို မတွေ့လို့ပါ၊(၀ါ) ပညာသဘောဖြင့် မတွေ့လို့ပါ။

အဲဒီလို အစိုင်အခဲ ဃနကြီးက ထွက်လာတာပါလို့ ပြောနေတာဟာ"အရိယာနံ အဒဿာဝီ"အရိယာတရားတို့ကို မမြင်ခြင်းကြောင့်—(၀ါ) အရိယာပုဂ္ဂိုလ်တို့ကို မဖူးမျှော်ခဲ့ခြင်းကြောင့်ပါ၊ နောက်တခါ "အရိယာမမ္မဿ အကောဝိဒေ" အရိယာတရားတို့၌ မလိမ္မာခြင်းကြောင့်ပါ၊ နောက်တခါ "အရိယာ ဓမ္မေ အဝိနီတော" အရိယာတရားတို့ကို မထုံးဖေါက်နိုင်ခြင်းကြောင့်ပါ၊ ဒါကြောင့် အဆိုင်အခဲ ဃနကြီးက နေပြီးတော့ နာမပညတ်, သဏ္ဌာနပညတ်တွေ ထွက်နေတာပါလို့ ပြောနေတာပါ။

ဒီတော့ အရိယာတရားခို့ ဘာ့ကြောင့် မလိမ္မာသလဲ ဆိုရင် အရှယ်သာကြီးလာသော်လဲ သာသနာတရားကို ပညာဖြင့်မမြင်ဘဲ သညာဝိညာဏ်ဖြင့်သာ ယူနေတဲ့အတွက်ကြောင့်ပါ၊ နောက်မထုံးဖေါက်နိုင်ခြင်း ဆိုတာက ဝိပဿနာဉာဏ်တွေကို တခါမှ

မသင်ကြားဘူး မနာကြားဘူးလို့ပါ၊ ဒါကို အဋ္ဌကထာ ဆရာကြီးတွေက အကြောင်းဟိတ်တွေ့ ခတ်ပြီးတော့ ပြလာပါတယ်၊ ဒီတော့နာမပညတ် သဏ္ဌာနပညတ်တို့ဟာ ဘယ်ကနေပြီး ထွက်လာသလဲလို့ မေးရင် ဘယ်လိုပြောမလဲ၊ မခြောနိုင်တာဟာ ခုနကပြခဲ့တဲ့အကြောင်းသုံးချက်ကို မသိခဲ့ခြင်း အတွက်ကြောင့် မပြောနိုင်တာပါ။

ဒီတော့ ဓာတ်ကြီး ၄·ပါး၊ ဂ ပါး တို့မှာ နာမပညတ်, သဏ္ဌာနပညတ်တို့ရှိနေတယ်လို့ ယူလိုက်တဲ့ပုဂ္ဂိုလ်ကို သက္ကာယ ဒိဋ္ဌိမင်းတြားကြီးက အုပ်စိုးနေတယ်လို့ခေါ်တယ်၊ သက္ကာယ ဆိုတာဟာ "သန္တော ကာယော သက္ကာယော"လို့ဆိုတဲ့ အတိုင်း သက္ကာယဆိုတာ ထင်ရှားရှိနေတဲ့ သဘောပါ၊ ဒီဋ္ဌိ ဆိုတာက နာမနဲ့သဏ္ဌာနပညတ်တို့ကို ဒီဓာတ် ၄ ပါး ဓာတ် ဂ ပါးမှာ တကယ်ရှိတယ် အဟုတ်ရှိတယ်လို့ ယူထားတဲ့ အယူဝါဒမျိုးပါ၊ ဒါကြောင့် ယခုရနေတဲ့ ခန္ဓာငါးပါးခေါ်တဲ့ ခန္ဓာပုံရမြို့ကြီးမှာ သက္ကာယဒိဋ္ဌိ မင်းတြားကြီးက စိုးစံနေတယ်လို့ ပြလာတာပါ။

ဒီတော့ ဒီလဘက်ရေပုဏ်လေးကို ခန္ဓာပုံရမြို့လို့ ယူလိုက်ပါ၊ နာမပညတ်နဲ့ သဏ္ဌာနပညတ်တို့ဟာ ဒီလဘက်ရေပုဂ်မှာရှိနေကြတယ်လို့ စဉ်ယူနေဘာက သက္ကာယဒိဋ္ဌိမင်းတြားကြီး စိုးစံနေတယ်လို့ ယူလိုက်ပါ၊ အဲဒီလိုစဉ်ဟူလာတာဟာ သံသရာအစ, ကစပြီး လူဖြစ်ပြန်တော့လဲ, နတ်ဖြစ်ပြန်တော့လဲ, ဗြဟ္မာ ဖြစ်ပြန်တော့လဲ ဒီအစဉ်အယူတွေဖြင့်သာ သံသရာလည်ခဲ့ကြတယ်၊ ဒါက ခန္ဓာပုံရမြို့ကြီးမှာ သက္ကာယဒိဋ္ဌိမင်းတြားကြီး စိုးစံပုံပါ၊ နောက်ရေသောက်မြစ်ဖြစ်တဲ့ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့ ကျတော့

ဒီဓာတ် ၄-ပါး ဓာတ် ၈-ပါးမှာ နာမပညတ်ရှိတယ်လို့ ရူပ်တရားပေါ်မှာ စဲ့ယူနေတာကျတော့ သဿတဒိဋ္ဌိ ရေသောက်မြစ်လို့ခေါ်တယ်၊ နောက်တခါ နာမ်တရားအပေါ်မှာ စဲ့ယူနေတာကျတော့ ဥစ္ဆေဒဒိဋ္ဌိ ရေသောက်မြစ်လို့ခေါ်တယ်။

နာမ်တရားဆိုတာ တချို့က ရူပ်တရားကိုမှီပြီးမှ ဖြစ်လာတာပါ၊ ချုပ်တော့လဲ ရူပ်တရားကိုမှီပြီးမှ ချုပ်ရတာပါ၊ သူ့ဟာသူ ကိုယ်တွေ့ခံစားလို့မရပါ၊ သူ့သဘာဝဟာ ကင်းတယ်ပြတ်တယ်ဆိုတဲ့အနေနဲ့ သဘာဝပညာကို မရှာမှီးနိုင်တဲ့သူတွေယူတဲ့ အယူမျိုးတွေကျတော့ ဥစ္ဆေဒဒိဋ္ဌိလို့ခေါ်တယ်။

ဒီတော့ နာမပညတ်နဲ့သဏ္ဌာနပညတ်တို့ ပေါ်ထွက်လာတာဟာ ဒီဓာတ် ၈ ပါး ဓာတ် ၄ ပါးတို့က ထွက်လာတာပါလို့ အနှစ်အသားအနေနဲ့ စဲ့ယူထားတာကို သဿတဒိဋ္ဌိရေသောက်မြစ်လို့ ခေါ်တာပါ၊ ဒါကြောင့် ရူပ်တရားပေါ်မှာ သဿတဒိဋ္ဌိရေသောက်မြစ်ရှိနေတယ်၊ ဥစ္ဆေဒဒိဋ္ဌိကျတော့ ဒီအဆိုင်အခဲ ဃနကြီးက နာမပညတ်, သဏ္ဌာနပညတ်တို့မထွက်ပါ၊ သူ့ဟာသူထွက်လာတာပါလို့ စဲ့ယူထားတာကို ဥစ္ဆေဒဒိဋ္ဌိ ရေသောက်မြစ်လို့ခေါ်တယ်၊ ဒါက နာမ်တရားအပေါ်မှာ ရေသောက်မြစ်ချထားတာပါ၊ ကိုင်းအထက်က စက်ဝိုင်းပုံစံကို တင်ဆက်ပြီးပြလိုက်ပါပြီ။

သာဓု ခေါ်ကြပါတော့ .. ။

သာဓု-သာဓု-သာဓု။

ဝါဆိုလဆုတ် (၁)ရက်နေ့ ဟောစဉ် ပုံစံနံပါတ် (၁)

"ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယ္ယ လောကေ အဘိဇ္ဈာ ဒေါမနဿံ"

လို့မနေ့က မျက်စေ့သတိပဋ္ဌာန်, နား, နှာ, လျှာ, ကိုယ် သတိပဋ္ဌာန်တွေကို ပြခဲ့ပါပြီ၊ ဒီတော့ ငါးပါးသော အပေါက်တွေကို ပိတ်တဲ့ သတိပဋ္ဌာန်တရားတွေကို သက္ကပဏ္ဍသုတ်မှာ သိကြားမင်းကြီးက ဘုရားရှင်ကို ပုစ္ဆာတဆယ်လေးချက် မေးလျှောက်တဲ့အခါမှာ ဘုရားရှင်ကပုစ္ဆာဖြေလို့ လေးခုပြီးမြောက် ငါးခုရောက်တဲ့အခါလဲကျရော အနှစ်ပုထုဇဉ် သိကြားမင်းကြီးက နေပြီး သောတာပန် သိကြားမင်းကြီး ဖြစ်သွားတယ်။

ဒါ့ကြောင့် "မဟာသတိပဋ္ဌာန် ပဋ္ဌိပတ် လုပ်ငန်းစဉ် တရားတော်ကြီး" မှာ ငါးပါးသော အပေါက်တွေ ပိတ်ပုံကို ယခုနှစ် "ဓမ္မစက္ကာ ပဋ္ဌိပတ် သာသနာပြုရိပ်သာကြီး" မှာ ဝါ့ဆိုဝါကပ် တော်မူကြသော သံဃာတော်များနှင့် သီလရှင်, ယောဂီများ အတွက် အကျဉ်းနည်းဖြင့် ပြထားပါတယ်၊ ဒီငါးပါးသော အပေါက်တွေကို သတိပဋ္ဌာန်နည်းနဲ့ ပိတ်နိုင်လာမှ အနှစ်ဘဝမှ လွတ်ပြီး ကလျာဏအဖြစ်ကိုရမယ်၊ (ဝါ)ဒီအပေါက်ငါးပေါက် ကိုပိတ်နိုင်လာမှ နှလုံးအိမ်သတိပဋ္ဌာန်ကနေပြီး မဂ်တရား ဖိုလ် တရားတွေကို ရနိုင်ပါတယ် အသိဉာဏ်တွေကျယ်လာမှ မဂ် တရား ဖိုလ်တရားတွေကို ရနိုင်တယ်ဆိုတာ တထစ်ချဆုံးဖြတ်ပါ၊ ဘုရားရှင် ပရိနိဗ္ဗာန်ပြုခါနီးဆဲဆဲမှာ ငါဘုရားဟောကြားတော်

မူခဲ့သော သုတ်, အဘိဓမ္မာ, ဝိနည်းတရားခေတ်တွေဟာ သင်တို့ရဲ့ဆရာဘဲလို့ ညီတော်အနန္ဒာကို ဟောကြားခဲ့ပါတယ်။

"ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"

လို့ မဟာပရိနိဗ္ဗာန သုတ်တော်မှာ မိန့်တော်မူခဲ့ပါတယ်၊ ဒီတော့ ဘုရားရှင်က ဖြစ်ပျက်ကိုရှုခိုင်းတဲ့ အခါမှာ သူ့သဘာဝ အတိုင်း ဖြစ်ခဲပါလာတဲ့ ဖြစ်ပျက်ကို ရှုရမှာကို ဒီလိုမရှုတော့ဘဲ သဏ္ဌာန်, အရိပ်, နိမိတ် လက္ခဏာတွေကဖြစ်လာတဲ့ ဖြစ်ပျက်တွေကိုသာ ရှုလာကြတယ်၊ ဒါဟာ ဘုရားရှင်ရဲ့အလိုတော်ကျ ဖြစ်မလား? မဖြစ်ပါ၊ ဖွဲ့ထောင်းလို့ ဆန်ကောင်းမထွက်သလိုပါဘဲ ဒုံ့ကြောင့်....

သဘာဝနယ်၊ သိဉာဏ်ကျယ်၊ မဂ်ဝယ်ဖိုလ်သို့ဆိုက်လတံ့။
မဂ်ဆိုက်သူမှာ၊ ဒီဌိကွာ၊ ဝိဇ္ဇာခေါ်ဆိုပါ။
ဝိဇ္ဇာဖြစ်လျှင်၊ ဉာဏ်အစဉ်၊ ထင်မြင်နိုင်တော့တာ။
ဉာဏ်ပေါက်သူမှာ၊ ဝိညာဏ်ဟာ၊ ဝင်ကာမနှောက်ပါ့။

လို့ရေးလာကြပါတယ်။

ဒီတော့ သဘာဝနဲ့ယ်ကြီး ကျယ်လာအောင် ခွဲပြမယ်....၊ ပညာမြင် ဉဒယဗ္ဗယဉာဏ်ကြီးဟာ ဝိနည်းပိဋကတ်ကိုတချက်ထဲ ဦးထားတယ်၊ ပညာမြင် ဉဒယဗ္ဗယဉာဏ်ကြီးကို ပိုင်လာရင် သံဃာတော်များမှာ လောကဝဇ္ဇသိက္ခာပုဒ်, ပဏ္ဏတ္တိဝဇ္ဇသိက္ခာ

ပုဒ် ဆိုပြီး နှစ်မျိုးရှိတယ်၊ လောကဝဋ္ဌ သိက္ခာပုဒ် ဆိုတာက သူတပါးအသက်ကို သတ်တာကိုခေါ်တယ်၊ ဒီအပြစ်ကို ကျူးလွန်လျှင် လူနရာ ရဟန်းပါ အပြစ်ရှိတယ်၊ ပဏ္ဏတ္တိသိက္ခာပုဒ် ကျတော့ ဥပမာ...ညစာထမင်းစားတဲ့ ရဟန်းကျတော့ အပြစ်ရှိလာပါတယ်၊ လူတွေကျတော့ ဘယ်လောက်ပင် စားစား အပြစ်မရှိပါ။

ဒီသိက္ခာပုဒ် နှစ်ပါးမှာ...ပညာမြင် ဥဒယဗ္ဗယဉာဏ်ကြီးကို ပိုင်ရင် ထိုရဟန်းဟာ လောကဝဋ္ဌသိက္ခာပုဒ်ကို နားလည်လာတော့တယ်၊ ရဟန္တာကြီးတွေကျတော့ သူကိုယ်တိုင် သိလာတော့တယ်၊ ဒါ့ကြောင့် သဘာဝနယ်ကြီးကို ချိုရတော့မှာဘဲမဟုတ်လား၊ သဘာဝနယ်ကျယ်အောင် ချိုတာကို ဝိပဿနာလို့ ခေါ်တယ်၊ မချိုနဲ့လို့ ပိတ်ပင်ထားတာသည်ပင် ဘေဒါယီ ပညာရေးစနစ်ဘဲ မဟုတ်လား?

ဘေဒေါ ယဿ နတ္ထိတိ ဘေဒါယီ။

ယဿ၊ အကြင်ပညာရေးစနစ်အား။ ဘေဒေါ၊ အပြားသည်။ ဘေဒေါ ဘိန္နာ၊ ခွဲခြမ်းစိတ်ဖြာခြင်းသည်။ နတ္ထိ၊ မရှိ။ ဃော၊ ထိုပညာရေးစနစ်သည်။ ဘေဒါယီ၊ ဘေဒါယီပညာရေးစနစ်မည်၏ .. လို့ ဒီလိုဝိုင်ဂြိုဟ်ပြုလာပါတယ်။

ဒီတရားကို မနေ့က ပြလိုက်ပြီဘဲ မဟုတ်လား၊ ဒီပုံစံကြီးကို ဒီည ဥက္ခေါ်ဝင်းချရတော့မယ်၊ ဒီတော့ မျက်စေ့သတိပဋ္ဌာန် နား, နှာ, လျှာ, ကိုယ် သတိပဋ္ဌာန်ကြီးတွေကို တွေ့အောင် လုပ်ငန်းစဉ် ဖွင့်ရအုံးမယ်၊ ပြောပြမယ်၊ နာမနဲ့ သဏ္ဌာန

ပညတ်တို့ ထွက်နေတာဟာ ဃနကြီးတွေ ရှိနေလို့ပါ၊ ဒီဃန ကြီး ရှိနေရင် နာမနဲ့ သဏ္ဌာနပညတ်ဟာ ထွက်မှာဘဲ။

ဒီတော့ နာမနဲ့ သဏ္ဌာန ပညတ်နှစ်ပါး မထွက်အောင် အဆိုင်အခဲ့ ဃနကြီးကို ချေရမယ်၊ ဒီဃနကြီး ကျေသွားမှ အနတ္တပါ၊ ဃနကြီး ရှိနေသေးရင် အတ္တပါ၊ ဒီဃနကြီးကို ချေနိုင်ဘို့ရာလဲ တကယ့်ကိုအားထုတ်ရပါတယ်၊ ပိဋ္ဌကတ်တော်က မြင့်မိုရ်တောင်ကြီးကိုသာလျှင် ချေနိုင်မယ်၊ ဒီ ရူပ်ဃန နာမ်ဃနကြီးကျေအောင် ချေနိုင်ဘို့ရာ အင်မတန်မှ ခဲယဉ်းပါတယ် လို့ပြလာပါတယ်။

ဒီဃနကြီးကို တဆယ့်ငါးရက်လောက် ချေလိုက်မှ ပရမတ် ရူပ်နာမ်လေးတွေ ထွက်လာမယ်၊ ဒီရူပ်နာမ်ကို ထပ်ထပ်ပြီး ဖွတ်လာမှ သူ့ထက်နှုးညံ့တဲ့ ရူပ်နာမ်လေးတွေကို တွေ့လာမယ်၊ ဒါကို လေးချက်လဲ ဖွတ်လိုက်ရော တကယ့်ပရမတ်အစစ်ဖြစ်တဲ့ (၀၊)သညာဝိညာဏ်တို့ လာကပ်လို့မရတဲ့ ပရမတ်ရူပ်နာမ်လေးတွေကို လာတွေ့တော့မယ်၊ ဒီကျအောင် ပါဠိတော်အတိုင်း ဟောပြသွားပါမယ်။

တလပြည့်သွားရင်ဘဲ ငါးပါးသော ပဿာဒမှာရှိတဲ့ (၀၊) မျက်စေ့, နား, နှာ, လျှာ, ကိုယ်မှာရှိတဲ့ သတိပဋ္ဌာန်တရားတွေ ပေါ်ပြီးတော့ ရှေ့ကိုနှလုံးအိမ်မှာရှိတဲ့ အာနာပါနကြီးကို တလသင်တန်းတက်ရပါတော့မယ်၊ ဒါလဲ တလပြည့်သွားရင် ဘုရားရှင်ဟောကြားတဲ့ "ပုန စ ပရံ ဘိက္ခဝေ" ဆိုတဲ့ နည်းတွေကို ထပ်ထုတ်လာရဦးမယ်၊ ဒီကနေပြီးတော့မှ မြေဘုပဃနာသတိ ပဋ္ဌာန်ကြီးကိုပြပြီး ဥက္ကောင်းချရပါတော့မယ်၊ ဒီအတိုင်းရေးဆဲ့ လို့ပြီးပါပြီ။

ကိုင်း .. မနေ့ကတရားကို သွားကြ ဦးစို့ရဲ့၊ ပုံစံကို ကြည့်ပါ၊ ခန္ဓာပူရမ္ပိုကြီးမှာ သက္ကာယဒိဋ္ဌိ မင်းတရားကြီးက သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ရေသာက်မြစ် နှစ်ပါးကို ချပြီး စိုးစံ နေပါတယ်၊ ဒီဟာကို နားလည်သွားရင်ဘဲ ဒီနေ့ တရားနာရကျိုး နပ်ပါပြီ၊ ကိုင်း-ကမ္ဘာတရားဆိုတာဘာလဲ ? ဥပမာ လဘက်ရေပုဂံကိုကြည့်ရင် ဘာကိုမြင်သလဲ၊ လဘက်ရေ ပုဂံ ကိုမြင်တယ်၊ လဘက်ရေ ပုဂံဆိုတဲ့နာမပညတ် ဟာ ဘယ်ကထွက်လာသလဲ၊ ဒီအဆိုင်အခဲ့ကြီးက ထွက်လာတယ်လို့ ယူတာကို ကမ္ဘာတရားလို့ခေါ်တယ်။

" မိဘဆရာ၊ လက်ဦးစွာကား၊ ဒီမှာကား ဆား၊ ဒီမှာငါး နှင့်၊ စပါးပြောင်းနှမ်း၊ ခေါ်ရိုးတန်းနှင့်၊ ကျမ်းကြီး သွင်သွင်၊ ဆင့်ဆင့်သင်လျက် " လို့ ဆိုတဲ့အတိုင်း ပက်လက် အိပ်တတ်တဲ့ အရွယ်ကစပြီး သညာဝိညာဏ် အမှတ်လေးတွေ မှတ်လာတာဘဲမဟုတ်လား၊ ဒါဟာ အစမထင်တဲ့ဘဝကနေပြီး ယူလာတာပါ။

ဒီအဆိုင်အခဲ့ဆနကြီးကနေပြီးတော့ နာမပညတ်နဲ့ သက္ကာနပညတ်တွေထွက်လာတာလို့ ယူလာခဲ့ကြတယ်၊ ဒီတော့ဘယ်လို ပင်လှုဒါန်းကြသော်လဲ ဒီအစ္စကြီးဟာကျတ်မလား၊ မကျတ်ပါ၊ သေသေချာချာ တွေးပါ၊ ဒီလဘက်ရေ ပုဂံလို့ခေါ်တဲ့ နာမပညတ်ဟာ အဆိုင်အခဲဆနကြီးမှာ ရှိတယ်လို့ ယူထားတဲ့သူကို အနှိုင်းလို့ ခေါ်တယ်၊ ဒီအနှိုင်းရဲ့ နှလုံးအိမ်ထဲမှာ သက္ကာယဒိဋ္ဌိ မင်းတရားကြီးက အုပ်ချုပ်နေတယ်၊ ဘယ်လိုအုပ်ချုပ်နေသလဲ ပြောပြမယ်။

လာဘ်ရေပုဂ်လို့ ခေါ်တဲ့ နာမပညတ်ဟာ အဆိုင်အခဲမှာ ရှိတယ်လို့ ယူရင် အဆိုင်အခဲသည် လာဘ်ရေပုဂ်၊ လာဘ်ရေပုဂ်သည် အဆိုင်အခဲ၊ အဆိုင်အခဲ၌ လာဘ်ရေပုဂ်ရှိ၏၊ လာဘ်ရေပုဂ်၌ အဆိုင် အခဲ ရှိ၏—လို့ ယူလာတော့တယ်။ ဒါဟာ အတ္တဒိဋ္ဌိ အစွဲလေးချက်ဖြစ်တယ်၊ ဒါဟာ တကယ့် ပရမတ်မပါတော့ဘဲ ပညတ်အနေနဲ့သာ ယူလာတော့တယ်။

ဒီတော့ ဒေါမုံးသည်ငါ၊ ငါသည် ဒေါမုံး၊ ဒေါမုံး၌ ငါရှိ၏၊ ငါ၌ ဒေါမုံးရှိ၏·လို့ စွဲတာဟာ အန္ဓကြီးတွေဘဲ မဟုတ်လား။ ဒီအစွဲကြီးက ယခု ကျွတ်ပြီလား၊ မကျွတ်သေးရင် အန္ဓဘဲ၊ ဒါန, သီလတွေကို ဘယ်လောက်ပင် ပြုလုပ်နေသော်လဲ တနေ့နေ့စ်ဆယ့်ကိုးပါးသော ကံတရားရဲ့ စီမံရာကို (၀၊) ဆွဲခေါ်ပို့ဆောင်ရာကို လိုက်ရတော့မှာဘဲမဟုတ်လား၊ ဒီသက္ကာယဒိဋ္ဌိကြီးဟာ မိမိမှာကိုပင် ရစ်ပတ်ထားတာဘဲ မဟုတ်လား၊ ယခု အစွဲလေးချက်တုပ်ထားတာကို ပေါ်လွင်အောင်ပြောနေတာပါ။

ဒီတော့ အဆိုင်အခဲ့သည် နာမပညတ်၊ နာမပညတ်သည် အဆိုင်အခဲ၊ အဆိုင်အခဲ၌နာမပညတ်ရှိ၏၊ နာမပညတ်၌ အဆိုင်အခဲ့ရှိ၏—လို့ လေးချက်ထွက်နေပြီ၊ ဒါကို ပုံစံမှာ တင်တော့ ခန္ဓာပူရမြို့မှာ သက္ကာယဒိဋ္ဌိမင်းတရားကြီး စိုးစံနေတယ်၊ ဘယ်လို စိုးစံနေသလဲဆိုရင် ဒေါမုံးသည်ငါ၊ ငါသည် ဒေါမုံး၊ ဒေါမုံး၌ ငါရှိ၏၊ ငါ၌ဒေါမုံးရှိ၏—လို့ အစွဲလေးချက်ချပြီး စိုးစံနေတယ်၊ ဒီလိုစွဲယူနေတာဟာ ဘာ့ကြောင့် စွဲယူနေသလဲလို့ ပဋ္ဌာန်းတော်က ပြတဲ့အခါမှာ ဘယ်လိုပြသလဲဆိုတော့—

"အရိယာနံ အဒဿာဝီ" အရိယာတရားတို့ကို မမြင်ခြင်းကြောင့်၊ နောက်ဘခါ "အရိယာခမ္မဿ အကောဝိဒေါ" အရိယာ တရားတို့၌ မလိမ္မာခြင်းကြောင့်၊ "အရိယာ ဓမ္မေ အဝိနိတော" အရိယာတရားတို့ကိုမထွင်းဖေါက်နိုင်ခဲ့ခြင်းကြောင့် လို့ ပြလာပါတယ်၊ ဒီတော့ ဘယ်လိုထွင်းဖေါက်မလဲ ?

ဒါနဲ့ သီလ, ဘာဝနာ ဆိုသော ကမ္မာတရားထဲမှ သီလနဲ့ ထွင်းဖေါက်လို့ မရပါ၊ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး တည်းဟူသော သာသနာတရားထဲက သီလဖြင့်သာ ထွင်းဖေါက်လို့ ရနိုင်ပါတယ်၊ ဒုတိယ သမာဓိနဲ့ ထွင်းဖေါက်မယ်၊ ဒီတော့ သမာဓိဟာ နှစ်မျိုးရှိတယ်၊ ပညာနဲ့ယှဉ်တဲ့ သမာဓိ, ပညာနဲ့ မယှဉ်ဘဲ့သမာဓိ လို့ နှစ်မျိုးရှိတယ်၊ ဒီနေရာမှာ နှစ်ပါးလုံးရသော်လဲ ပညာနဲ့ယှဉ်တဲ့ သမာဓိက ပိုပြီးကောင်းပါတယ်။

နောက်ဆုံးပညာနဲ့ထွင်းဖေါက်လာနိုင်မှ ဘေဒါယီရဲ့ ပညာရေး စနစ်တွေ ပျောက်ပြီးတော့ ဃနကြီး သုဉ်းဆိတ်ပြီးအနတ္တ ဓာတ်ကိုတွေ့မယ်၊ ဒီတော့မှ ငါးပါးသော ပဿာဒတွေမှာ ရှိတဲ့ သတိပဋ္ဌာန်တရားတွေကို တွေ့ပြီး ကလျာဏမျက်စေ့ပေါက်လာမယ်၊ ဒီတော့ ရှေ့ကိုတဖြေးဖြေးနဲ့ တက်ပြီးတော့မှ နောက်ဆုံးရုပ်တရား, နာမ်တရားဘေးကို တဖွားဖွားနဲ့ မြင်လာပြီး သဘာဝနယ်ကြီး ကျယ်လာတော့မယ်။ (ဒါဟာသက္ကာယဒိဋ္ဌိမင်းတရားကြီး စိုးစံပုံ)

နောက်သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ရေသောက်မြစ် နေပုံကို ပြောပြဦးမယ်၊ဃနဆိုတဲ့ အဆိုင်အခဲကြီးပေါ်လာတာနဲ့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ နှစ်ချက်လာကုတ်ထားတယ်၊ ဘယ် သတ္တဝါ

မဆို ပေါ်ချင်တဲ့ဘုံမှာဘဲ ပေါ်ပေါ် ဒီရေသောက်မြစ်နှစ်ချက်ဟာ ကုတ်ထားတာဘဲ၊ ဘာ့ကြောင့် ကုတ်ထားသလဲ၊ ခန္ဓာပူရမ်ကြီးခိုင်မြဲပြီး သက္ကာယဒိဋ္ဌိမင်းတရားကြီးက ကြာကြာ စိုးစံနိုင်အောင် ကုတ်ထားတာပါ။

ဒီဃနကြီး ပေါ်ထွက်နေတာကို ပစ္စုပ္ပန်လို့ခေါ်တယ်၊ ယခုရနေတဲ့ ခန္ဓာငါးပါးကြီးသည်ပင် ပေါ်နေတဲ့ ပစ္စုပ္ပန်ပါ၊ ဒီပစ္စုပ္ပန်ခန္ဓာကိုယ်ကြီး ခိုင်မြဲလာအောင် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးက အတိတ်, အနာဂတ် အနေနဲ့ ရေသောက်မြစ်ချထားတယ်၊ ဒီတော့ ခန္ဓာကောင်ကြီးဟာ ဘယ်ကစပြီး ဖြစ်လာသလဲ? အတိတ်ဘဝကပစ်ချလိုက်တဲ့ အတ္တက်ကြောင့် ဖြစ်လာတာဘဲမဟုတ်လား၊ ဒုါဖြင့်ရင် အသက်ခုနှစ်ဆယ့် ငါးနှစ်ပြည့်လို့သေတဲ့ အခါမှာရော အနာဂတ်ဘဝကို မသွားဘူးလား၊ ဒါ့ကြောင့် အတိတ် ပစ္စုပ္ပန် အနာဂတ် ဆိုပြီး ကာလ သုံးပါးယန္တရား လေးဖြစ်ပြီး သံသရာ လည်နေပြီ၊ ဒါကို သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ရေသောက်မြစ်ချထားတယ်လို့ ခေါ်တာပါ။

ယခုရနေတဲ့ ခန္ဓာငါးပါးကောင်ကြီးက ပစ္စုပ္ပန်, သဿတဒိဋ္ဌိ ရေသောက်မြစ်က အတိတ်, ဥစ္ဆေဒဒိဋ္ဌိ ရေသောက်မြစ်က အနာဂတ် အနေနဲ့ ရေသောက်မြစ် ချထားတယ်၊ ဒီလိုကာလ သုံးပါး ယန္တရား ဖြစ်နေရင် ဘယ်တော့မှ မပြတ် တော့ပါ၊ ဒါ့ကြောင့် ဒီ ခန္ဓာကောင်ကြီးဟာ ကာလသုံးပါး ယန္တရားဖြစ်နေတာကို ရေသောက်မြစ် ချထားတယ်လို့ ခေါ်တာပါ၊ အဲဒါ အတိတ်ဟာလဲ ငါဆိုတဲ့ထဲမှာပါနေပြီ၊ အနာဂတ်ကလဲ ငါဆိုတဲ့ထဲမှာပါနေပြီ၊ ဒီတော့ ပဌမဃနကြီးကို အရင်ချေပြီးတော့မှ

ဒီရေသောက်မြစ်တွေကို ပညာမြင် ဉဒယဗ္ဗယဉာဏ်ကြီးနဲ့ နှုတ်ပစ်ရမယ်၊ ဒုါဟာ အကြမ်းနဲ့ညီးဖြင့် မှတ်ထားပါ။

ဒီမဟာသတိပဋ္ဌာန် လုပ်ငန်းစဉ် တရားတော်ကြီးဟာ ယခုမျက်စေ့နဲ့မြင်တဲ့ ပုဂ္ဂိုလ်ကြီးတွေဆီက ရတာမဟုတ်ပါ။ တကယ့်ကိုတရားပိုင်, ဓာတ်ပိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေဆီက ဆယ်နှစ်တိုင်တိုင် "ခြေသုတ်ပုဆိုး၊ မြေစွယ်ကျိုးသို့၊ ချိုကျိုးနွားလား၊ ဒုန်းစက္ကားပမာ" တကယ် တပည့်ခံပြီးမှ ရယူခဲ့တဲ့ တရားပါ။ တရားပိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေကလဲ ဒီတရားတော်ကြီး ဖြင့်ရင် လူ့ရပ်, လူ့ခွင်မှာ ဟောကြားပြီး သာသနာပြုပါဆိုပြီး အပ်လိုက်တဲ့ တရားဖြစ်ခြင်းကြောင့် ယခုလိုအပိုင်ဟောနေတာပါ။

ဒီတော့–ဒီတရားတော်ကြီး ဥက္ကောင်းချတဲ့ အခါမှာ တခါ့ ထဲမချလိုက်ဘဲ...။

ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧवं ဘာဝေယ္ယ သတ္တဝဿာနိ တဿ ဒ္ဝိန္နံ ဖလာနံ အညတရံ ဖလံ ပဋိကင်္ခံ ဒိဋ္ဌေ၀ ဓမ္မေ အညာ သတိ၀ါ ဥပါဒိသေသေ အနာ၀ါမိတာ။

ဘိက္ခဝေ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို ကေန်ရှုပြား အို–ချစ်သားတို့။ ယောဟိကောစိ၊ အမှတ်မထင် အကြင်သို့သော ရဟန်းရှင်လူသည်။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေသတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်တရားတို့ကို။ ဧवं၊ ဤ ငါဘုရား ဟောကြားတော်မူအပ်သည့်အတိုင်း။ သတ္တဝဿာနိ၊ခုနစ်နှစ်တို့ပတ်လုံး။

ဘာဝေယျ၊ မဖြစ်မနေ အရိုးကြေကြေ အရေခန်းခန်း ကြိုးပမ်းသော အားလုံးလွှဖြင့် ပွားများကြောင်းအံ့။ တဃ၊ ထို ပွားများ အားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်အား။ ဒ္ဒိန္ဒ ၊ သင်္ချာအပြား နှစ်ပါးအားဖြင့် ရေတွက်အပ်ကုန်သော။ ဖလာနံ၊ အနာဂါမိဖိုလ် အရဟတ္တဖိုလ်တို့တွင်။ အညတရံ၊ တပါးပါးသော။ ဖလံ၊ ဖိုလ်ကို။ ပါဋိကင်္ခံ ၊ မျှော်မှောက်ပြုရာ၏။ ဒိဋ္ဌေဝ၊ မြွေ၊ ပစ္စုပ္ပန် ဖြစ်သော အတ္တဘောဌ်။ အညာ အရဟတ္တဖိုလ်နှင့် ယှဉ်သော။ သတိ၊ ၀ါ သတိပဋ္ဌာန်တရား ဥက္ကောင်းသည်လည်း။ ဘာဝေယျ၊ ကောန်မလွဲ အမှန်ဘဲ ဖြစ်ပေါ်ရာ၏။ ဥပါဒ်သေသော၊ ပစ္စုပ္ပန်ကံ–ဥပါဒါန် အရိပ်၏ ကြွင်းကျန်ခြင်းသည်။ သတိ ပညတ်ရိပ် ခန္ဓာဇာတ်မသိမ်းသေးသဖြင့် ငြိမ်းခြင်းအဖြစ်သို့ မရောက်ကြကုန်သေး၊သော။အနာဂါမိတာ၀၊ ပရမတ်ရိပ် ခန္ဓာဇာတ်သိမ်းသော အနာဂါမိ ဖိုလ်သည်လည်း။ ဘာဝေယျ၊ ကောန်မလွဲ အမှန်ဘဲ ဖြစ်ခေါ်ရာ၏။

ဘိက္ခဝေ ဆိုတဲ့ နောက်ပိုင်းပုဒ်တွေခံပြီး ခုနစ်နှစ်၊ ခြောက်နှစ်၊ ငါးနှစ်၊ လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ်၊ တနှစ်ဆိုပြီး ရှေ့လာတယ်၊ ဒီတွင်မဟုတ်သေးပါ၊ ခုနစ်လ၊ ခြောက်လ၊ ငါးလ၊ လေးလ၊ သုံးလ၊ နှစ်လ၊ တလ–တဆယ် ငါးရက်ထိအောင် လျှော့လာပြန်သေးတယ်၊ နောက်ဆုံး ခုနစ်ရက်ထိအောင် လျှော့ချလိုက်တယ် ဒီတော့ ဘယ်လောက်များသေချာသလဲ၊ ဒါကို ယခု ပါရမီရေစက် ဆုံစီးလာကြသဖြင့် ယခု ပြဘို့အချိန်ကျလာပါပြီ၊ ကမ္မဋ္ဌာန်းတိုက် လေးဆယ်လေးလုံးမှာကို ထွက်နေပါပြီ၊ ဒီတော့ ဃနကြီးကို သန္တာပနမီးခတ်နဲ့ ဒဟမီးခတ်ဖြင့် ချေဖျက်ရတော့မယ်။

ဒီဃနကြီးဆိုတဲ့ ပုဂ္ဂိုလ်ကြီးထဲမှာ သန္တာန်ပွန် မီးခြောက်နဲ့ ဒဟ မီးခြောက်သာ ရှိနေတယ်၊ ပရိပါစက မီးခြောက်နဲ့ ဥသမ မီးခြောက် တို့ဟာ ထင်ရှားစွာ မရှိတော့ပါ။ ဒါ့ကြောင့် ဒါကို ဖျက်ပြပါ တော့မယ်၊ ဒီတော့ ကာလသုံးပါးနေပုံနဲ့ သဿတဒိဋ္ဌိ, ဥစ္ဆေဒ ဒိဋ္ဌိ ရေသောက်မြစ်ချုပ်ကို တင်ဆက်လိုက်ပါပြီ၊ ဒါ့ကြောင့် ရှင်တော်ဘုရားက ခန္ဓာအိမ်ကြီးတွေ့ ဆောက်လုပ်လာတာကို -

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ။
သဗ္ဗာတေဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခိတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ...

လို့ ဥဒါန်းကျူးရင့်တော်မူတယ်။

ဒီတော့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ရေသောက်မြစ် ခြေထား တာသည် အတိတ်နဲ့အနာဂတ်ပါ. ဒါ့ကြောင့် အတိတ်မရှိဘူး အနာဂတ်မရှိဘူးလို့ ပြောတာတွေ့ဟာ သညာဝိညာဏ်ဖြင့် ဆွဲကိုင်ပြီး ပြောနေတာပါ၊ ဒီတရားဟာ ပညာဖြင့်သာ ရှာလို့ ရတဲ့တရားမျိုးပါ၊ ကိုင်း ဒီတော့ " ဒေါ်မုံးသည်ငါ၊ ငါသည် ဒေါ်မုံး၊ ဒေါ်မုံးဌာ ငါရှိ၏၊ ငါဌာ ဒေါ်မုံးရှိ၏ " လို့ ဆိုတဲ့ အစ်ဇလေးချက်ထဲမှာကို သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ရေသောက်မြစ် တွေ့ပါလာပြီ၊ တခါထပ်ပြီး ပြောအုံးမယ်၊ ကလျာဏတွေ့ ကျတော့ သူ့ထက်နက်တဲ့ အသိကို သိရအုံးမယ်၊ ဒီဃနကြီးကို မီးခြောက်လေးပါးနဲ့ ခွဲလိုက်တဲ့အခါမှာ သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိ တို့ဟာ ဝုတ်တုတ်ကြီး ကျန်နေတော့မယ်။

ဒါကို ဝိပဿနာဉာဏ်တွေနဲ့ ဆွဲထုတ်ပြမယ်၊ ဒါမှထင်ရှားလာတော့မယ်၊ ယခုတော့ မထင်ရှားသေးပါ၊ ဒီနေရာကထဲက ဒီသဘာဝတွေကို နားလည်ထားရမယ်၊ ဒီရေသောက်မြစ်ကြီးတွေကို တလသင်တန်းမှာကို နားလည်ထားရမယ်၊ ဒီရေသောက်မြစ်တွေကို ဖေါ်ထုတ်နိုင်ရင် ငါးပါးသောပသာဒက(၀)မျက်စေ့, နား, နှာ, လျှာ, ကိုယ်က နေပြီးတော့ သတိပဋ္ဌာန်တရားကြီးတွေ ပေါက်လာတော့မယ်၊ ဒီတော့မှ "ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ ဘဝိဿတိ" လို့ ဆိုတဲ့ ဒါရုစရိယ သုတ္တန်နှင့် ကိုက်လာမယ်၊ ဒီတော့ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ရေသောက်မြစ်အနေနဲ့ ကုတ်ထားတာကို အနှအသိဖြင့်သိပြီ။

ကိုင်း... ကလျာဏအသိ သိအောင် ပြောပြရအုံးမယ်၊ အတိတ် ရေသောက်မြစ်ဟာ ဘယ်အနေနဲ့ ကုတ်ထ့ားသလဲ ဆိုတာကို ပြန်ရှာလိုက်ပါ၊ ရှာပြမယ်၊ အစ့ဲလေးချက် ထုက်နေတဲ့ ထိုယောဂီမှာ မိမိရထားတဲ့ နာမကဋ္ဌနှာ ကတတ္တာရုပ်ကြီးပေါ်မှာ သာယာတဲ့ သဿတဒိဋ္ဌိအနေနဲ့ အမြဲကပ်နေတယ်၊ အဲဒါ စားကောင်း ဝတ်ကောင်း အိပ်ကောင်းတွေနဲ့ သာယာနေသေးတယ်၊(၀)ပြုပြင်နေသေးတယ်၊ ဒါဟာသဿတဒိဋ္ဌိ ရေသောက်မြစ်ချဆားလို့ပါ၊ ဒါကို မဆွဲဘူးလို့ ဘယ်သူက ပြောနိုင်သလဲ၊ မပြောနိုင်ပါ၊ ဒီတော့ ဘဝတဏှာကြီးဟာ ဒီသဿတဒိဋ္ဌိက နေပြီး ထုက်လာတာပါလို့ ပိဋ္ဌကတ်တော်က ပြလာပါဘယ်၊ ဘဝယန္တရားကြီးထဲမှာ မိမိဘဝနဲ့ သာ လည်နေတာဟာ ဘာ့ကြောင့်လဲဆိုတော့ ဒိသဿတဒိဋ္ဌိကထုက်လာတဲ့ ဘဝတဏှာကြီးကြောင့်ပါ။

ဒီတော့ ဘဝတဏှာကြီးဟာ ယောက်ျားများထက် မိမိမှာ ရှစ်ဆသာပါတယ်၊ ဒါ့ကြောင့် သံသရာလည်တဲ့အခါမှာလဲ မိမိဘဝနဲ့ သာလည်ရထယ်လို့ ပိဋကတ်တော်က ပြလာပါတယ်၊ ဒီတော့ ဒါနသီလတွေ ပြုလုပ်ပြီးတော့ ယခု ဘဝထက်သာတဲ့ ဘဝတဏှာကြီးတွေကိုသာ တောင်းနေကြတယ်၊ ဒါဟာ ဘဝတဏှာ သဿတဒိဋ္ဌိ ရေသောက်မြစ်ကြီး ချထားတာကြောင့် ရုပ်ပင်ကြီးက ထွက်နေလို့ သဿတဒိဋ္ဌိ အတိတ် သဘော အဝိဇ္ဇာ ပြဋ္ဌာန်းနေတယ် ခေါ်းကောင် ဝက်ကောင်လေးတွေ့ မှာတောင် ဘဝတဏှာကြီးရှိလို့ ရုပ်ပေါ်မှာ သာယာနေသေးတယ်၊ ဒါကို ဘဝသံယောဇဉ်လို့ ခေါ်တယ်။

ဘယ်သတ္တဝါမဆို မသာယာတဲ့ ဘဝတဏှာမျိုး ရှိသလား မရှိပါ၊ ဒါဟာအဝိဇ္ဇာ မဟာတမမှောင်ကြီးကျနေလို့ပါ၊ ဒါဟာ သဿတဒိဋ္ဌိ ရေသောက်မြစ်ကြီးချထားပြီး အတိတ်ဆိုတာနဲ့ အဝိဇ္ဇာကြီးကိုသာ ပြေးကြည့်ပါ၊ ပညတ်ရိပ်တွေဖုံးနေတာကိုရှာ၊ ဘယ်လိုဖုံးနေသလဲဆိုတာကို ပြောပါမယ်၊ "ခန္ဓာကိုယ်ကြီးသည် ဒေါ်မုံး၊ ဒေါ်မုံးသည် ခန္ဓာကိုယ်ကြီး၊ ခန္ဓာကိုယ်ကြီးဌာ ဒေါ်မုံးရှိ၏၊ ဒေါ်မုန်းဌာ ခန္ဓာကိုယ်ကြီးရှိ၏ "လို့ အစဲ့ လေးချက်ဖြင့် ဖုံးထားတော့တယ်။

ဒါ့ကြောင့် ခန္ဓာပူရမ္ပိုကြီးမှာ သက္ကာယဒိဋ္ဌိ မင်းတရားကြီးက စိုးစံနေတယ်လို့ ပြထားတာပါ၊ ဒါဟာ ရုပ်တရားအပေါ်မှာ သာယာနေတဲ့ အနေနဲ့ အတိတ်သဘော သဿတဒိဋ္ဌိ ရေသောက်မြစ်ကြီး ချထားတယ်၊ နောက် နာမ်ပေါ်က ထွက်လာတဲ့ ရေသောက်မြစ်ကျတော့ ဥစ္ဆေဒဒိဋ္ဌိ ရေသောက်မြစ်ပါ၊ ဒါက အနာဂတ်ကိုသွားတာပါ၊ ဒီတော့ ရုပ်ကြီးဟာ ဒီဘဝမှာ

သေမှာဘဲ၊ ဒီတော့ကင်းတယ်၊ ဟိုဘဝကိုမပါဘဲနဲ့ ကင်းနေပြီ၊ ဒီလိုသိလာတော့ ဒီရူပ်ကြီးဟာ ပြတ်တယ်ဆိုပြီး နာမ်တရားလေးကသာ ဟိုအနာဂတ်ဘဝကိုသာ သွားမှာဆိုပြီးတော့ နာမ်တရားလေးကို ဥစ္ဆေဒဒိဋ္ဌိ ရေသောက်မြစ် အနေနဲ့ ဆွဲထားပြီးတော့ ရူပ်တရားကြီးကျတော့ပြတ်တယ် ဆိုတဲ့အနေနဲ့ ယူထားတယ်၊ အနာဂတ်ကိုသွားမဲ့နာမ်တရားလေးကို ဥစ္ဆေဒဒိဋ္ဌိ အနေနဲ့ ဆွဲထားတာကို ဝိဘဝတဏှာလို့ ခေါ်တယ်။

ဒီဥစ္ဆေဒ ဒိဋ္ဌိ ရေသောက်မြစ်ကျတော့ အနာဂတ် ဖုံးထားပြီ၊ (၀ါ)တဏှာက အားကောင်းနေပြီ၊ ဝိဘဝတဏှာဆိုတာက အာရုံခြောက်ပါးတွင် မဟုတ်တော့ဘဲ ဥစ္ဆေဒဒိဋ္ဌိနဲ့ ယှဉ်ပြီးတော့ ဆွဲထားတဲ့တဏှာပါ၊ဒီတဏှာဟာ သဘာဝမကျတဲ့ တဏှာပါ၊ အာရုံခြောက်ပါးကို ခံစားတဲ့တဏှာဟာ သဘာဝ ကျတဲ့ တဏှာပါ၊ ဒီဝိဘဝတဏှာကျတော့ သဘာဝ မကျတော့ဘဲ အတိတ် အနာဂတ်ကိုပါ ဥစ္ဆေဒဒိဋ္ဌိနဲ့ယှဉ်ပြီးတော့ ဆွဲထားတဲ့ တဏှာပါ၊ ဒီတဏှာမှာ အဝိဇ္ဇာရော တဏှာပါဖုံးထားပြီ။

လက္ခယ် သန်းခေါင် မိုးယိမ်းမှောင်ပြာကျရုံတွင် မကတော့ဘဲ မျက်စေ့ကိုယ်ပါ ဖုံးထားတဲ့အနေဖြစ်နေပြီ၊ ဒါကြောင့် ဒိဋ္ဌိနဲ့ယှဉ်တဲ့တဏှာဟာ အားကောင်းတယ်လို့ပြလာတာပါ၊အနာဂတ် ဥစ္ဆေဒဒိဋ္ဌိကျတော့ အာရုံခြောက်ပါးတွေကို တွေ့လိုက်တာနဲ့ သာယာတပ်နှစ်သက်တာကို ဝိဘဝတဏှာ.ဒါဟာသဘာဝ မကျတဲ့တဏှာပါ။

အနာဂတ်ကို သွားတာကျတော့ ဒီရူပ်ကြီးဟာ ပစ္စုပ္ပန်မှာ သေမှာဘဲ၊ အနာဂတ်ကို မလိုက်တဲ့အတွက် ကင်းတယ် ပြတ်

တယ်ဆိုပြီး နာမ်တရားလေးကိုသာ ဆဲထားပြီး ဥစ္စာဒဒိဋ္ဌိချလိုက်ပြီ၊ ဒီမှာ ဝိဘဝတဏှာ-ဒိဋ္ဌိရှေ့သွားဖြစ်တဲ့ တဏှာကြီးက ဖုံးထားပြီး အနှစ်တွေ့မှာ ဒီအတိုင်းသာလျှင် ရှိနေတယ်၊ ဒီအတိုင်းသာရှိနေရင် ဒီပုဂ္ဂိုလ်ဟာ ဘာတွေ့လုပ်လာတော့မလဲ ဆိုတော့ တဏှာ, မာန, ဒိဋ္ဌိတို့နဲ့ခွဲပြီး နှစ်ဆယ်ကိုးပါးသော ကံတရားတွေကို လုပ်လာတော့မယ်၊ ဒီကနေ ထောင်ကြီးထဲရောက်အောင် ပို့တော့မယ်၊ ကိုင်း....ညပိုင်းကျမှခွဲပြီး ဟောပါတော့မယ်။

ညဟောစဉ်။

" သာသနာတော်သုံးရပ် ပဋ္ဌိပတ်တွင် ဓာတ်လေးပါး, ဓာတ်ခြောက်ပါး, ဓာတ်ရှစ်ပါး စကားပညတ် ဓာတ်ချင်တိုင်း ဓာတ်ကြတော့ ပိဋ္ဌကတ်သုံးပုံ ဒီခေတ်တွင် ကြုံခါမှ တုန်လိုတုန်ရုံလိုရုံ ခေါင်းမြီးခြုံကြ သဘာဝ ဝိသဘာဂနှင့်မနေ ဗေဒင်ကဗေဒင် စကြာတရားတော်ကလဲ ဓမ္မစကြာ လာချင်တိုင်းလာကြတော့ ဂ,ငယ်သုံးစုံ ဥသျှစ်ထု ကြက်ဥတွေ့ထောင်းသည်နှယ် ဓာတ်ပေါင်းတွေ့စုံလျှင် ဝက်ဘာဝေ ဆံကေတော်မြတ် စံကိန်းဝပ်သည့် မေ့ဓာတ်တော်အစုံ ကိုးသွယ်ဂုဏ်အတုမရှိ ပြုရသည့် မဟာသတိပဋ္ဌာန်လုပ်ငန်းစဉ်တရားတော်ကြီးရဲ့ဂုဏ်ကို မယုံလျှင် စမ်းမလား ရှေ့နန်းတော်ကြီးရဲ့ မိတ်ဖက် ကြက်သရေတော်ဝင်းပြောင် တောင်ဝေဘူအလုံးကို အသုံးတော်ကျပြီမို့ ပညာရှိအရေး အမေးတော်ထွက်ခါမှ ဥာဏ်လတ်နက် ဝရဇိန် နှင့် တထိန်ထိန်ထွန်းလတံ့ ရှေ့မော်ကွန်းရောင် တပြောင်ပြောင်သည် ကမ္ဘာလောင်ဆူဝေလို့ မကြာစတမ်း" လို့

တရားပိုင်ခြာတ်ပိုင်တဲ့ပုဂ္ဂိုလ်ကြီးတွေ အမိန့်ရှိသွားတဲ့အတိုင်း တရားနာရုံဖြင့် မပြီးသေးပါ၊ လုပ်ငန်းစဉ်နှင့်တကွ အကြိမ်မြောက်မြောက် အဖန်ဖန်ပွားများဆင်ခြင်လာမှ ပေါက်ရောက်နိုင်ပါတယ်၊ ဒါ့ကြောင့်ထပ်ထပ်ပြီးဟောကြားနေရတာပါ၊ ဒီမဟာသတိပဋ္ဌာန် လုပ်ငန်းစဉ် တရားတော်ကြီးကို စနစ်တကျနဲ့ အားထုတ်နိုင်ပြီး ပရမတ်ရူပ်နာမ်ထွက်လာပုံ, ခန္ဓာလေးတွေ ထွက်လာပုံ, ပဋ္ဌိစ္စသမုပ္ပါဒ်ကြီး ပတ်နိုင်ပုံတွေ၊ မဂ်တရား ဖိုလ်တရားအထိ တက်နိုင်ပုံတွေကို တကယ်တက်နိုင်ဘို့ဟာ အင်မတန်မှ အရေးကြီးပါတယ်၊ အလုံးစုံသောတရားတွေဟာ ဒီမဟာသတိပဋ္ဌာန်တရားထဲမှာသာ ဥဒ္ဒေသင်းကျပါတယ်။

ဒီမဟာသတိပဋ္ဌာန်တရားတော်ကြီးကိုဟောကြားတဲ့အခါမှာ အကျိုးတရား (၇)ပါးကို ထုတ်ပြလာပါတယ်။

> " ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကရိယာယ။

ဘိက္ခဝေ၊ ခန္ဓာငါးတန် ရူပ်နှင့်နာမ်ကို ကေန်ရှုပြား အို ချစ်သားတို့။ အယံမဂ္ဂေါ၊ ဤသတိပဋ္ဌာန် တည်းဟူသော ခရီးသည်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ ရာဂစသော ကိလေသာအညစ်အကြေးမှ စင်ကြယ်စေခြင်းငှါ။ ကောယနော၊ တကြောင်းတည်းသာဖြစ်သောခရီးတည်း။ သောကပရိဒေဝါနံ၊ စိုးရိမ်ပူဆွေး ငိုကြွေး မည်တန်းခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်စေခြင်းငှါ။ ကောယနော၊ တကြောင်းတည်းသာ ဖြစ်

သော ခရီးတည်း။ ဒုက္ခဒေါမနဿာနံ၊ ဆင်းရဲခြင်း နှလုံးမသာ ယာခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ငြိမ်းစေခြင်းငှါ။ ကောယနော၊ တခြားတည်းသာ ဖြစ်သောခရီးတည်း။ ဉာယဿ၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို။ အဂိဂမာယ၊ ရခြင်းငှါ။ ကောယနော၊ တခြားတည်းသာ ဖြစ်သောခရီးတည်း။ နိဗ္ဗာနဿ၊ မျက်မှောက်ပစ္စုပ္ပန်နိဗ္ဗာန်ကို။ သစ္ဆိကရိယာယ၊ မျက်မှောက် အာရုံပြုခြင်းငှါ။ ကောယနော၊ တခြားတည်းသာဖြစ်သော ခရီးတည်း—လို့ မဟာသတိပဋ္ဌာန်ပါဠိတော်ကြီးမှာ ဟောကြား လာပါတယ်။

ဒီတော့ ကိုလေသာကင်းရှိနေတဲ့ သတ္တဝါတွေဟာလဲ ကိုလေ သာတွေ စင်ကြယ်ရမယ်၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့ကိုလဲ လွန်မြောက်ရမယ်၊ ဆင်းရဲခြင်း နှလုံးမသာယာခြင်းတို့ဟာလဲ ချုပ်ပျောက်ရမယ်၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကိုလဲ ရ,ရမယ်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်အာရုံပြုနိုင်ရမယ် လို့ အကျိုးတရား တွေကို ပြလာပါတယ်။

ဒီမဟာသတိပဋ္ဌာန်တရားတော်ကြီးကို နေ့မပျက် ရက်မပျက် ဘဲနဲ့ အချိန်မှန်မှန်နာယူနိုင်လာရင် တကယ်ကို လုပ်ငန်းစဉ် အနေနဲ့ ခံယူလာနိုင်ပါတော့မယ်၊ဒါ့ကြောင့် ဒီမဟာသတိပဋ္ဌာန် တရားတော်ကြီးကို ငါတို့အပိုင်ရအောင် နေ့မပျက် ညမပျက် နာယူနိုင်အောင် အားလုံးလွှကြီးတွေ မေ့တော်မူကြပါ၊ ဒီနေ့ည အစပထမ ဟောကြားထားတဲ့ ကမ္မာတရားကြီးကို ဉက္ခောင်း ချရပါတော့မယ်။

ဒီတော့ ဒေသနာတွေ, လက်တွေ, သဘာဝတွေ ဆိုပြီးတော့ နည်း (၃)နည်းရှိတယ်၊ ဒေသနာတွေဆိုတာက စာပေပရိယတ်တွေကို သင်အံလေ့ကျက်လာတဲ့ဟာကို ခေါ်တယ်၊ ပဋိပတ်ကို အားထုတ်တာကျတော့ လက်တွေလို့ ခေါ်တယ်၊ ဒီဒေသနာတွေနဲ့ လက်တွေနှစ်ပါးကနေပြီး ထွက်လာတဲ့ပညာကိုမှ သဘာဝတွေလို့ ခေါ်တယ်။

ဒီတော့ ဗုံစံထဲမှာရှိနေတဲ့ ကမ္ဘာတရားကြီးကို ပုန်ကန်ရတော့မယ်၊ ဒါဖြင့် ဒီပုံစံထဲမှာ ဘယ်သူ့ကို ပုန်ကန်ရမလဲဆိုရင် ဘယ်လိုပြောမလဲ၊ သင်္ကြန်တွင်းတုံးက "ဆရာဝန် ဦးဝင်းဖေ" ဖြေသွားတဲ့ အဖြေဟာ လက်တွေနည်းဖြင့်ရင် မှန်တယ်၊ သဘာဝနည်းဖြင့်ရင် မပြည့်စုံသေးပါ၊ ယခု သဘာဝနည်းဖြင့်သာ ဖြေပါ၊ ဖြေနိုင်ရင် တကယ်ဟုတ်လာပြီ၊ ဒီတော့ ဆရာတော်တို့ဟာ ဒကာ ဒကာမတွေ လူဒါန်းတဲ့ ပစ္စည်းလေးပါးကို သုံးဆောင်ရမှာ အင်မတန်မှ ကြောက်ပါတယ်၊ ဒီတော့ ဘုရားရှင်က သူမျှားရဲ့ကျေးဇူးကို သိတတ်တာက ငါဘုရားရယ်, ပစ္စေကဗုဒ္ဓါရယ်, ကိလေသာ အသေဝါတရားတွေကင်းကွာတဲ့ ရဟန္တာရယ်၊ ဒီ (၃)ပါးသာ ကတညုတ ကတဝေဒီ–လို့ အမိန့်ရှိသွားပါတယ်။

ဒီတော့ သတိပဋ္ဌာန်တရား၁တော်ကြီးကို (၁) ရူပ်နာမ်ပိုင်း (၂) ခန္ဓာပိုင်း (၃) ပဋိစ္စသမုပ္ပါဒီပိုင်းဆိုပြီး တန်ဆာဆင်ပြီး ဟောကြားသွားပါမယ်၊ ယခုလို ကမ္မဋ္ဌာန်းတိုက် ၄၄ လုံးတွေက နေထွက်နေသလို သန္တာပ်ပန် မီးခတ်နဲ့ ဒဟ မီးခတ်တွေနဲ့ ဒီတရားတော်ကြီးတွေကို မိမိရဲ့နှလုံးအိမ်ထဲမှာ ပေါ်လာပြီးတော့

အရိယာတရား ခုံရုံးထဲကိုဝင်နိုင်အောင် ကြိုးစားရမယ်၊ ဒီတော့ ယခု မေးလိုက်တာက အင်မတန်မှ နက်နဲသိမ်မွေ့လှပါတယ်၊ ဒီကနေ့ ကမ္ဘာတရား ပဌမ ပုံစံကြီးကို ဥက္ခောင်းချရတော့မယ်၊ ဒီကမ္ဘာတရားကြီးကို သန္တာန်ပွန်မီး, ဒဟမီးဓာတ်နှစ်ပါးတို့နှင့် ဖျက်ရတော့မယ်၊ ဒါမှ သာသနာတရားကြီးဟာ ထွက်လာတော့မယ်။

ဒီတော့ ဃနကြီးကို ပုန်ကန်မယ်ဆိုရင် သာသနာတရားကြီးကို ပုန်ကန်ရာရောက်တော့မယ်၊ ပညတ်တရားကို ပုန်ကန်မယ်ဆိုရင်လဲ ဒီနာမနဲ့ သဏ္ဌာနပညတ်တရားတို့ဟာ သုဏ္ဏနှင့် ဝဒန္တ ပုဂ္ဂိုလ်နှစ်ဦးကနေပြီး ပေါက်လွတ်ပဲစား စည်းကမ်းကလေးမရှိတဲ့အတွက် ပညတ်တရားကိုလဲ ပယ်လို့မရပါ၊ ဒီတော့ ဒေဝသနာတွေ, လက်တွေ, သဘာဝတွေ (၃)မျိုးတို့မှာ ဒီတရားတော်ကြီးတွေကို အကြိမ်ကြိမ်နာကြားလာကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်အတွေ့အနေနဲ့တွေ့သလဲ၊ မတွေ့ရင် ဒီကမ္ဘာတရားကြီးကို ပုန်ကန်လို့မရသေးပါ၊ ကမ္ဘာတရားထဲမှာဘဲ ဦးဆိုက်နေသေးတယ်။

ဒီကမ္ဘာတရားကြီးကို ပုန်ကန်မယ်ဆိုရင် ဘယ်သူ့ကိုပုန်ကန်မလဲဆိုတဲ့ အဖြေကို ရှာရမယ်၊ ဒီကမ္ဘာတရားကြီးကို သန္တာန်ပွန်နဲ့ ဒဟမီးဓာတ်တို့နဲ့ ဘယ်သဘာဝကို ပုန်ကန်မလဲလို့ မေးရင်ကော ဘယ်လိုပြောမလဲ၊ ဒါကိုစဉ်းစားပါ၊ ဒါမှ ယခုဟာကြားလာတဲ့ တရားတော်ကြီးကို ခံယူလို့ရမယ်၊ မခံယူနိုင်ရင် မရပါ၊ ဒါ့ကြောင့် စဉ်းစားပါလို့ ပြောတာပါ၊ ဘယ်သူ့ကို ပုန်ကန်မလဲလို့ မေးလိုက်ရင် ဒီကမ္ဘာတရားကြီးကို အကြိမ်ကြိမ် အဖန်ဖန် ဝေဘန်လာရင် ပုန်ကန်လာနိုင်တော့မယ်။

ဒါ့ကြောင့် ဘယ်သူ့ကို ပုန်ကန်ရမလဲဆိုတာကို တွေးကြံကြပါအုံး၊ တွေးကြံလာနိုင်မှ ဒီလုပ်ငန်းစဉ်ကြီးဟာ အောင်မြင်လာပါလိမ့်မယ်၊ "တိက္ခ ဟာသ ဇဝန ဂမ္ဘီ ဉာဏ်လေးလီဖြင့် အခွံကိုခွါ အကာကိုရှား အသားကိုချေ အနှစ်ကိုတေနိုင်မှ သဘာဝအနတ္တဉာဏ် နက်ကျယ်သည်၏ အဖြစ်ကိုရင်း" လို့ ပြောလာတဲ့အတိုင်း ဒီတရားတော်ကြီးကို ပေါက်ရောက်နိုင်ပါတယ်၊ ဒီဉာဏ်တွေဖြင့် သဘာဝကိုမြင်လာရင် ဟိုဟာ ဒီဟာတွေကို မဆဲတော့ဘဲ သဘာဝနည်းဖြင့်သာ ဖြေနိုင်လာတော့မယ်၊(ဝါ) ဆဲနိုင်လာတော့မယ်၊ နေ့မပျက် ရက်မပျက် ကြိုးစားနိုင်မှ ဒီတရားတော်ကြီးဟာ ပေါက်ရောက် နားလည်လာမယ်။

ဒီတော့မှ မျက်စေ့နား အစရှိတဲ့ အဒေါ်ပါက် "၅"ပေါက်က ထွက်လာတဲ့ သတိပဋ္ဌာန်တရားတော်ကို သိမ်းဆည်းလာနိုင်တော့မယ်၊ သို့မှ ဝိသမလောဘကြီးကို သိမ်းဆည်းလာနိုင်မယ်၊ အနှစ်ကတော့မှာ ဝိသမလောဘကြီးဟာ အစဉ်တစိုက်အမြဲရှိနေတယ်။

ဥပမာ–ရောင်းဝယ်ဖေါက်ကား ကုန်သွယ် စားနေကြသော ကုန်သည်တို့ဟာ ဘုရားရှင် ဟောကြားတော် မူတဲ့ အတိုင်း ကောင်းသောကုန်သွယ်ခြင်းသို့ မရောက်ဘဲ မိမိတို့ရဲ့ စီးပွားရေး အပေါ် ဦးသာကြည့်ပြီး ဝိသမလောဘတွေနဲ့ အမြတ်အစွန်းများ စွာဖြစ်စေခြင်း အကျိုးငှါ အမျိုးမျိုးသော လှည့်ပတ်မှုတွေဖြင့် ရောင်းဝယ်ဖေါက်ကားကုန်သွယ် လုပ်ကိုင်စားနေကြတာဟာ ဒီ ဝိသမလောဘကြီးကို မမြင်ကြသည့်အတွက်(ဝါ) မသိမ်းဆည်း နိုင်ကြတဲ့အတွက် ဒုက္ခတရားကို မမြင်ကြတာမဟုတ်လား။

ဒီ ဝိသမလောဘကြီးကို သိမ်းဆည်း လာနိုင်ရင် ဒုက္ခတရားကို မြင်လာတော့မယ်၊ ဒီနှစ်တဝါတွင်း ဒီ မဟာသတိပဋ္ဌာန်တရားတော်ကြီးကို နာယူလို့ တမင်တဖိုလ်ကို မရသော်လဲ အနည်းဆုံး ဝိသမလောဘကြီးကိုတော့ ပယ်နိုင်လာပါပြီ၊ ဒီတရားတော်ကြီးကို အကြိမ်ကြိမ် အဖန်ဖန် ပွားများတာကို မဆိုထားနဲ့ တခါထဲနာကြားရတာနဲ့ နတ်သားသွားဖြစ်ရတဲ့အကျိုးကို ထုတ်ပြလိုပါသေးတယ်။

မဟာဒဿနားလားဝတ္ထု။

ရှေးအခါ သီဟိုဠ်ကျွန်းရောဟန ဇနပုဒ်မှာ လှည်းကုန်သည်တဦးဟာ ကုန်တော့အပြည့်တင်တဲ့ လှည်းတွင် မဟာဒတ္တနှားလားကြီးကို တပ်ပြီး မောင်းလာတယ်၊ ညှန်ဘုက်ကြီးတခုထဲသို့ကျ၍ လှည်းကျ နေလေသည်၊ နှားလားကြီးသည် မရုန်းနိုင်ဘဲ ဖြစ်လေ၏။ ထိုအခါ လှည်းကုန်သည်က "အို–နှားလားလိမ္မာကြီး ဒီတကြိမ် ညှန်ဘုက်မှတက်အောင် ရုန်းလိုက်ပါ၊ ဒီညှန်ဘုက်က လွတ်လျှင် သင့်ကို ဘယ်တော့မှ မခိုင်းတော့ပါ၊ တသက်လုံး ဘေးမဲ့ပေးပါတော့မယ်"လို့ ပြောကြားလေသည်။

ဒီလိုချော့မော့ပြောကြား လက်နဲ့ပုတ်သပ်ပြီး တောင်းပန်လေလျှင် မဟာဒတ္တ နှားလားကြီးသည် ဝမ်းသာတဲ့ အတွက် အားကုန်လွတ်ရုန်းပြီး ညှန်ဘုက်မှ လွတ်စေလေသည်၊ ညှန်ဘုက်မှလွတ်သောအခါ ကုန်သည်ဟာ မိမိပြောခဲ့သည့်အတိုင်း ကတိမတည်ဘဲ ခြောက်ကြိမ်တိုင်တိုင် မဟာဒတ္တနှားလားကြီးကို ညှန်ဘုက်မှ အရုန်းခိုင်းပြန်လေတယ်၊ လွန်စွာသစ္စာမဲ့တဲ့ကုန်သည်ပါ၊ (၇)ကြိမ်မြောက် အရုန်းခိုင်းပြန်သောအခါ နှားလားကြီးသည်

အိုမင်းလာသဖြင့် ညွှန်ဘွက်ထဲက လွတ်အောင် မရုန်းနိုင်ရှာ တော့ပါ။

ကြီးစားလို့ ရုန်းပြန်သော်လဲ မောပန်းအားကုန်လာသဖြင့် ဗုံး ဗုံးလဲကာ ညွှန်ဘွက်ထဲမှာသာ နေရရှာတယ်၊ သွေးမျှားတောင် အန်လို့လာပါတယ်၊ ထိုသို့လဲနေသောအခါ ရက်စက်သော ကုန် သည်ဟာ နွားလားကြီး အပေါ်မှာ ညှာတာသနားခြင်း မရှိဘဲ ညွှန်ဘွက်ထဲမှာ ထားခဲ့ပြီး အခြားနွားမျှားဖြင့်တပ်ကာ မောင်း သွားလေတယ်၊ ညွှန်ဘွက်ထဲမှာ နွားအိုကြီး လဲလို့ ကျန်ရစ်ရှာ တယ်။

ထိုသို့လဲနေသောအခါ အိုးလုပ်သော လူမျှားက မြေစေး ယူရန် ထိုညွှန်အိုင်ကြီးသို့ လာကြလေသည်၊ အားအင် ကုန်ခန်းရှိ မောဟိုက်လဲနေသော နွားကြီးကို မြင်သောအခါ သနားခြင်း ကင်းစွာဖြင့် မြေကြီးနယ်ရန်အလို့ငှာ အရှင်လတ်လတ်သားရေး ကိုခွါ၍ ယူသွားကြလေသည်၊ မကြာခင်စောင်းသွားတယောက် လာ၍ မြင်ပြန်သော အခါ စောင်းကြိုးလုပ်ရန် အကြောသေး အကြောမျှင်မျှားကို နွားလားကြီးမှ ထုတ်နှုတ်၍ ယူသွားပြန် လေသည်၊ ထိုနောက် မျှားမကြာမီ ခွေးပေါင်းမျှားစွာနှင့် မုဆိုး ကြီးတယောက်လာပြန်ပါရော၊အရှင်လတ်လတ်ဖြစ်တဲ့ မဟာဒတ္တ နွားလားကြီးမှ အသားတွေကိုလှီးပြီး သူ့ခွေးတွေကိုကျွေးပြန် တယ်၊ အချို့ခွေးတွေကလဲ သူတို့ဘာသာ အသားတွေကို ကိုက် စားကြတယ်။

မဟာဒတ္တနွားလားကြီးမှာ အရေကိုခွါ အကြောကို နှုတ် အသားကိုလှီးကြသဖြင့် ကြီးကျယ်စွာသော ဆင်းရဲဒုက္ခကို ခံစား

၍နေရတယ်၊ ကျိုးဌင်းတတ္တိရဲ့ စားသောက်ခြင်းကိုလဲ ခံစားလို့ နေရသေးတယ်၊ သေချိန် မတန်သေးလို့ အသက်တော့ မသေသေးပါ၊ ဒီလို ခံစားနေရတဲ့ အချိန်မှာ အတိတ်က ပါရမီကံ ထောက်မသဖြင့် ဗိုလ္ဂူပါတ်ခုတင် အမြဲဆောင်တဲ့ အရှင်တိသ မထေရ်သည် နောက်ပါ ရဟန္တာဝါးရာဖြင့် ဒေသစာရီ လှည့်လည်လာရာ မဟာဒတ္တနှားလားကြီးအနီးသို့ ရောက်တော်မူလာတယ်၊ နှားလားကြီးကို သနားကရုဏာ ရှိလှသဖြင့် သဝိတ်ဖြင့် ရေကိုခပ်၍တိုက်လေသည် ရေကိုသောက်ရတဲ့အခါမှာ နှားလားကြီးသည် သက်သာရာရလေ၏။

ရဟန်းခံတော် အရှင်မြတ်သည် မဟာသတိပဋ္ဌာန သုတ်တော်ကို ဟောကြားတော်မူလေသည်၊ နှားလားကြီးကလဲ ဒီအသံဟာ တရားတော်ရဲ့ အသံဘဲလို့ ဒီလိုသဘောထားပြီး သဒ္ဓါတရားဖြင့် အာရုံစိုက်လို့ နာကြားနေတယ်၊ ထိုနောက်သရဏဂုံ ကိုပေးတယ်၊ ငါးပါးသီလကို ပေးမယ်လို့ ကြံနေတုံးမှာ နှားလားကြီးသည် သေလွန်၍သွားရှာလေသည်၊ မဟာသတိပဋ္ဌာန် တရားတော်ကို အာရုံပြုပြီးသေလွန်သွားတဲ့အတွက် တာဝတိံသာ နတ်ပြည်မှာ ယူဇနာ "၃၀" ရှိတဲ့ ရွှေဗိမာန်ကြီး အတွင်း နတ်သမီးပေါင်း "၁၀၀၀" ခြံရုံကာ မဟာဒတ္တအမည်ဖြင့် နတ်သား သွားဖြစ်လေသည်။

ကဲ...မဟာသတိပဋ္ဌာန်တရားတော်ကြီးရဲ့ တန်ခိုးဟာ ဘယ်လောက်ကြီးသလဲဆိုတာ စဉ်းစားပါ၊ နတ်သားဖြစ်တဲ့အခါ မိမိရဲ့ရှေးဖြစ်စဉ်ကို ပြန်လှန်စဉ်းစားရာ အလုံးစုံကိုသိမြင်၍ အရှင်တိသမထေရ်အား မိမိ၏ စည်းစိမ်ချမ်းသာကို ပြချင်လှသဖြင့်

ရှေဘီမာန်နှင့်တကွ နတ်သီး "၁၀၀၀" ခြုံရံကာ သန်းခေါင်ယာမ်တွင် ကိုယ်ရောင် ကိုယ်ဝါ ထိန်လင်းစွာဖြင့် အရှင်တိသာ မထေရ်ထံတော်သို့ ရှိခိုးလာလေသည်၊

ထိုအခါ မိမိ၏ အဖြစ်အပျက် အလုံးစုံကို လျှောက်ပြီး "မဟာသတိပဋ္ဌာန်တရားတော်ကြီး၏ ဂုဏ်ကျေးဇူးသည် အထူးကြီးကျယ်လှပါပေသည်ဘုရား၊ အဟိတ်တိရစ္ဆာန် ဖြစ်သော နွားပင် နတ်သားအဖြစ်သို့ ရောက်အောင် ပို့နိုင်ပါပေသည်၊ ဥာဏ်ပညာနှင့်ပြည့်စုံသောသူတို့မှာ ဝဋ္ဌဆင်းရဲမှကင်းတဲ့ နိဗ္ဗာန်သို့ ရောက်မည်မှာ အမှန်ပါဘုရား" ဟု လျှောက်ထားလေသည်။

တပည့်တော်အား မဟာသတိပဋ္ဌာန် တရားတော်မြတ်ကို ထပ်မံ ဟောကြားတော်မူပါလို့ လျှောက်ထားရာ— ငါးပါးသီလနှင့် သရဏဂုံပေးပြီး မဟာသတိပဋ္ဌာန် တရားတော်ကို ဟောကြားတော်မူသည်၏ အဆုံးဌ် မဟာဒတ္တ နတ်သားသည် နတ်သီး "၁၀၀၀"နှင့်တကွ သောတာပန်အဖြစ်သို့ ရောက်သွားလေသည်၊ သောတာပန်အဖြစ်သို့ရောက်ပြီး ဝမ်းမြောက် ဝမ်းသာဖြင့် တာဝတိ သာနတ်ပြည်သို့ ပြန်သွားကာ နတ်စည်းစိမ်ကို ခံစားကြလေကုန်သတည်း။

(ဤဝတ္ထုကား သီဟဠဝတ္ထု၊ ကျမ်းမှလာသည်
မဟာဒတ္တနတ်သားဝတ္ထု ပြီး၏)

ဒါ့ကြောင့် ဤမဟာသတိပဋ္ဌာန်တရားတော်ကြီးကို နာကြားရုံမျှနှင့် အကျိုးတရားတွေဖြစ်ပုံကို အနှံ့ညီးငယ် တင်ဆက်ပြီး ပြလိုက်ပါပြီ၊ ဒီတော့ မျက်စေ့ နား, နှာ လျှာ, ကိုယ်မှာရှိဘဲ သတိပဋ္ဌာန်တရားတွေကို သိမ်းနိုင်လာရင် ဝိသမလောဘကြီးကို

သိမ်းဆည်းနိုင်ပါတယ်၊ ဒီတော့ ခန္ဓာပုရမ္ပြိုကြီးမှာ သက္ကာယဒိဋ္ဌိ မင်းတရားကြီးက သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ "၂" ပါး ရေသောက်မြစ်ချပြီး စိုးစံနေပါတယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးကို အနှလို့ ခေါ်ပါတယ်၊ အချုပ်စကားမှာ အတ္တဒိဋ္ဌိ, အတ္တာနုဒိဋ္ဌိ, သက္ကာယဒိဋ္ဌိတွေမကျတ်သမျှ အနှလို့ ခေါ်တယ်၊ ဒီ အနှဟာ ဘယ်တရားတွေကို အနှစ်အသားနဲ့ ဆဲပြီး အားထုတ်နေသလဲဆိုတော့ အဲဒါတဏှာ ငါ, မာန ငါ, ဒိဋ္ဌိ ငါ ဆိုပြီးတော့ ဆဲနေတယ်။

ထပ်ဖွင့်ပြမယ်၊ အတ္တဒိဋ္ဌိရှိနေတဲ့သူမှာ ဘယ်တရားတွေ အနေနဲ့ လက်မောင်းတန်းနေသလဲဆိုတာကို ဝေဘန်ပါ၊ ဒါကို ဆဲထုတ်ပြမယ်၊ ဒီဋ္ဌိငါဆိုတာ မိမိရထားတဲ့ ခန္ဓာကိုယ်ကြီးကို "တော်မမ၊ သောဟမသ္မိ၊ သောမေ အတ္တာတိ" လို့ အနတ္တလက္ခဏသုတ်မှာ ဟောကြားတော်မူခဲ့တဲ့အတိုင်း ငါ ငါဆိုပြီး ဆဲယူနေတာကိုခေါ်တယ်။

`တဏှာငါ ကျတော့ ဒီခန္ဓာကိုယ်ကြီးကို ဆဲတာတွင်မဟုတ်တော့ဘဲ ဒီခန္ဓာကိုယ်ကြီးနဲ့ ဆက်စပ်တဲ့ စီးပွားဥစ္စာရတနာ ရွှေငွေသား သို့မဟုတ် မယား ဆွေမျိုး ညီအစ်ကို မောင်နှမတွေရဲ့ အပေါ်ကို

ပါ ဆွဲယူနေတာကိုခေါ်တယ်၊ ဒီ ငါ နှစ်ငါ အရင်းခံရှိလာတဲ့ အနွှေတွေကျတော့ မာနငါကြီးဟာလဲ တက်လာပြန်တော့တယ်၊ ငါသာလျှင် တတ်တယ်–မြတ်တယ်–နားလည်တယ် စသည်ဖြင့် မာနတွေတက်ပြီး အရိုအသေပြုရမဲ့ သူတွေကိုပါ့ မထေလေးစား ပြုလာတယ်။

ဒီလိုဖြစ်နေတာကို ရှင်တော်မြတ်ဘုရားက "တဏှာငါ၊ မာန ငါ၊ ဒိဋ္ဌိငါ" ဆိုပြီးတော့ အနတ္တလက္ခဏသုတ်မှာ ဟောကြား တော်မူခဲ့ပါတယ်၊ ဒါကိုပုံစံထဲသွင်းတော့ "ဒိဋ္ဌိဥပဒေ၊ တဏှာ ဥပဒေ၊ မာနဥပဒေ" ဆိုပြီးတော့ ပြုလာပါတယ်၊ ဒီလိုလဲ လက်မောင်းတန်းလာရော ဘယ်ဟာတွေကို ပြုလုပ်လာသလဲ ဆိုတော့ ဒိဋ္ဌိငါနဲ့ လက်မောင်းတန်းလာရင်ဘဲ အကုသိုလ်ကံ ၁၀-ပါးကို အားထုတ်လာတော့တယ်၊ (၀ါ) လုပ်လာတော့ တယ်။

ဥပမာ...အမျှားအားဖြင့် စီးပွားရှာနေတဲ့အခါမှာ ကုသိုလ် အကုသိုလ်လို့ မတွေးတော့ဘဲ ပိုက်ဆံရမယ်ဆိုရင် ဘာကိုဘဲဖြစ် ဖြစ် လုပ်လာ တော့တယ်၊ ဒါသည်ပင် ဒိဋ္ဌိ ငါကြီး ရှိနေလို့၊ အကုသိုလ်ဒုစရိုက်ကံတွေကို လုပ်ပြီးတဲ့နောက် အပါယ် ၄-ပါး ထောင်ကြီးထဲကို ပို့လိုက်တော့တယ်၊ သံဃာတော် အရှင်မြတ် များ ဟောပြောဆုံးမတဲ့အတိုင်း အကုသိုလ်တရားတွေကိုရှောင် ပြီးတော့ တဏှာဥပဒေနှင့် ဝိသမလောဘတွေဖြစ်ပြီး ဆန္ဒ,ရာဂ, တရားဟာ ထိုပုဂ္ဂိုလ်ရဲ့နှလုံးအိမ်မှာ ဒီရေများတက်သလို တက် လာတဲ့အတွက် ထိုပုဂ္ဂိုလ်ဟာလဲ ကုသိုလ်တရားတွေကို အားထုတ် လာတော့တယ်၊ ဒါဟာဆန္ဒရာဂနဲ့ လုပ်တာပါ။

အဲဒါ ကံ ကံ၏ အကျိုးကို ယုံကြည်ပြီးတော့ လုပ်လာတာ ဖြစ်ခြင်းကြောင့် သံသရာလည်နေပြီ၊ လူ့ဘုံ နတ်ခြောက်ဘုံ ကို တခါထဲပို့လိုက်တာဘဲမဟုတ်လား၊ နဲ့ဂက်မာန ငါတွေနဲ့ လက်မောင်းတန်းနေတာတွေကျတော့ အဲဒါ ဒီဋ္ဌိငါနဲ့ တဏှာငါတို့ ဟာ ပါလာကြတဲ့အတွက် စီးပွားရှာရုံတွင် အားမရတော့ဘဲ တော-တောင်တွေပေါ်တက်ပြီးတော့ဈာန်တရားတွေကိုရအောင် အားထုတ်လာတော့တယ်။

အတ္တဒိဋ္ဌိကြီးက (၀၊) ဒိဋ္ဌိငါက ဒိဝန္ဓာကိုယ်ကြီးကိုပြင်းစွာ စဲပြီး အားပေးလာတော့တယ်၊ အဲဒါ သူမျှားတွေထက် အထွဋ်အထိပ်သို့ရောက်အောင် သာအောင်ဆိုပြီးတော့ အားပေးလာတော့တယ်၊ တဏှာ ငါ"တနည်း" တဏှာဥပဒေကျတော့ ဆန္ဒရာဂအနေနဲ့ အားပေးလာတယ်၊ ဒီတော့မှ မာန ငါအနေနဲ့ အားထုတ်လာတော့တယ်။

ကျောင်းသားကျောင်းသူကလေးမျှားဟာ သူမျှားထက်သာအောင် တတ်အောင် စာမေးပွဲကြီးကို ဂုဏ်ထူးနဲ့ အောင်,အောင်ဆိုပြီး အထူးကြိုးစားလာတော့တယ်၊ ဒီလိုမာနက မြှင့်တင်လာတော့ အဲဒါဈာန်တရားတွေရအောင် ကြိုးစားလာတော့တယ်၊ နောက်ဆုံးဘဝ ဇာတ်အနေနဲ့ ပို့လိုက်တဲ့အခါမှာ အထက်ဆုံးဘုံဖြစ်တဲ့ နေ၀သညာနာသညာယတန ဘုံထိအောင် ပို့လိုက်တော့တယ်၊ ဒါကိုမာန ဥပဒေလို့ပုံစံမှာပြထားပါတယ်၊ဒီတရားတွေဟာ နောက်ဆုံးကမ္ဘာတရားထဲမှာဘဲရှိနေတာတွေဘဲ မဟုတ်လား၊ ဒါ့ကြောင့် ဆန္ဒ,ရာဂတွေ ပပျောက်ပြီး အစဲတွေ သိမ်မွေ့လာအောင် လုပ်ရမယ်၊ ဒီတော့ အာဇာနည်ဟာ ၄-မျိုးရှိတယ်။

၁။ ဆင်အာဇာနည်၊

၂။ မြင်းအာဇာနည်၊

၃။ နွားလားဥသဘအာဇာနည်၊

၄။ လူအာဇာနည်ဆိုပြီး ၄–မျိုးရှိတယ်။

ဒီအာဇာနည်တွေဟာ မိမိတို့ရဲ့အသက်ကိုပင်စွန့်နိုင်ကြတယ်၊ ဒါဟာ ဘာ့ကြောင့်လဲဆိုတော့ စိတ်ထက်မြက်ပြီး လက်မောင်းတန်းလာတဲ့အတွက်ကြောင့်ပါလို့ အဌကထာဆရာကြီးတွေက ဝေဘန်လာပါတယ်၊ အဲဒါငါဆိုတဲ့တရားဖြင့်ရင် ခန္ဓာကိုယ်ကြီးကို ပြင်းစွာ စဲယူလာတဲ့ အတွက်ကြောင့် လက်မောင်းတန်းလာတာပါလို့ပြုလာပါတယ်၊ ကိုင်း–ဤမျှနဲ့ဘဲ ကမ္မဋ္ဌာနတရားကြီးကို ဥက္ကောင်းချလိုက်ပါပြီ။

သာဓုခေါ်ကြပါတော့၊

သာဓု–သာဓု–သာဓု။

၀ါဆိုလဆုတ် ၂–ရက်နေ့ ဟောစဉ်။

ပုံစံ နံပါတ် (၂)

ဒေသနာတွေ, လက်တွေ, သဘာ၀တွေကို ညကဟောခဲ့ပြီ မဟုတ်လား၊ ဒေသနာတွေဆိုတာ စာပေ,ပရိယတ်တွေကို သင်အံနေတာတွေကို ခေါ်တယ်၊ လက်တွေဆိုတာ ပဋ္ဌိပတ်ကို အားထုတ်နေတာကို ခေါ်တယ်၊ သဘာ၀တွေဆိုတာ ဒေသနာနဲ့ လက်တွေ နှစ်ပါးပေါင်းစပ်ပြီး အထွဋ်အထိပ်သို့ ရောက်ခါ မဂ်ပညာ,ဖိုလ်ပညာတို့ကို ပါရိဟာရိက ပညာဖြင့်ဆွဲကိုင်နိုင်လာပြီ။

မနေ့က ဟောပြလာတဲ့ သဘာ၀တွေကို တွေ့ရင် ဘေဒါယိ ပညာရေးစနစ်ထဲဘဲ ရောက်မှာဘဲမဟုတ်လား၊ ပြခဲ့ပြီးတဲ့ ဒီပုံစံ နံပါတ်တစ်မှာ မှ မတွေ့ရင် ရှေးပုံစံတွေကျတော့မခက်ဘူးလား၊ ဒါ့ကြောင့် အဖန်ဖန်သုံးသပ်ဆင်ခြင်လာမှ ရနိုင်ပါတယ်၊ ဒီတော့ အတွေ့သုံးချက်မှာ အာနာပါနကို အားထုတ်ဂဲ့ ပဋ္ဌိုလ်ဟာလဲ ဒေသနာတွေ, လက်တွေသာလျှင် ရှိနေသေးတယ်၊ ပညာဖြင့် တကယ်မြင်လာမှ သဘာ၀တွေလို့ ခေါ်တယ်။

ဒေသနာဆိုတာ ပညတ်ကိုခေါ်တယ်၊ ၀ေထမသညာ,ဝိညာဏ်နယ်မှာ မြင်တဲ့ဟာကို ဆွဲရတယ်၊ နောက်မှပညာဖြင့် ယူရတယ်၊ ဒေသနာတွေဆိုရင်လဲ သက္ကာယဒိဋ္ဌိ မင်းတရားကြီးကို ပုန်ကန်ရမယ်၊ ဒုါဟာဒေသနာတော်မှာ ပါ,ပါတယ်၊ ဒါဟာသညာ, ဝိညာဏ်နယ်သမားတွေအတွက်ပြလာတာပါ၊ ပိဋ္ဌကတ်ကို လိုက်တဲ့အခါမှာ ဒေသနာတွေကိုအရင်နားလည်ထားရမယ်၊ သညာ ဝိညာဏ်နယ်မှာ ထင်ရှားရှိနေတဲ့ဟာကို ထုတ်ဖော်ပြလိုက်တာကို

သက္ကာယဒိဋ္ဌိ ရုပ်လောက



ဘဝကြောင်းတရားလေးပါးတည်နေပုံ			
ဥတု အကြောင်း	အဟာရ အကြောင်း	စိတ် အကြောင်း	ကံ အကြောင်း
ဒါဟာမီး	သန္တာနမီး	ဥသေမမီး	ပရိပါစကမီး

မီးခါတ်လေးပါးလောကတည်နေပုံ

ဒေသနာတော်လို့ ခေါ်တယ်၊ ဒီတော့ ဘုရားရှင်က ပုန်ကန်ပုံကို ထုတ်ပြတော်မမူသော်လဲ သူ့ရဲ့သဘာဝနဲ့ ပုန်ကန်နိုင်လို့ ပုန်ကန်နိုင်လာတာကို ဥဿာဒ္ဓိတည်းပုဂ္ဂိုလ်လို့ ခေါ်တယ်၊ တဖန် ဝေဖန်သုံးသပ်လာနိုင်တာကို ဝိပဇ္ဇိတည်းလို့ခေါ်တယ်။

ယခုသာသနာ နှစ်ထောင်ငါးရာ ကျော်လာတော့ ဒီပုဂ္ဂိုလ် နှစ်မျိုးဟာ သုဉ်းဆိတ်သလောက်ဖြစ်နေပါပြီ၊ ဒီတော့ လက်တွေ့နည်းနဲ့ဆိုရင် တာဝန်ခံ အမတ်ကြီး ရှစ်ယောက်ကို ပုန်ကန်ရမယ်ဆိုတာမှန်တယ်၊ ဒါကို နေယျပုဂ္ဂိုလ်လို့ခေါ်တယ်၊ သိခြင်းဌာဏဆိုက်တဲ့ပုဂ္ဂိုလ်ပါ၊ (၀၊) ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်ပါ၊ ဒီဃနဆိုတဲ့ အဆိုင်အခဲကြီးရှိနေတဲ့အတွက် နာမနဲ့ သဏ္ဌာနပညတ်တွေ ထွက်နေတာပါ၊ ဒီပညတ်နှစ်ပါးကို အဟုတ်ရှိတယ်၊ တကယ်ရှိတယ်လို့ သွားဆဲဘော့မှ သက္ကာယဒိဋ္ဌိမင်းတရားကြီးက အုပ်စိုးလာတာပါ။

ဒါဟာ ပညတ်နဲ့ ပရမတ် မကွဲဘဲ (၀၊)ကလျာဏမျက်စေ့ မပေါက်တဲ့ ဘဝက စလာတာပါ၊ ဒီဃနကြီးကို ဖျက်ရင် နာမနဲ့ သဏ္ဌာနတို့မပေါ်တော့ဘဲ သက္ကာယဒိဋ္ဌိမင်းတရားကြီးက မစဲနိုင်တော့ပါ၊ ဒါဟာ လက်တွေ့နည်း အနေနဲ့မှန်တယ်၊ ဒါဟာ ပဋိပတ္တိကျမပညာ (၀၊) စိန္တာမယပညာ၊ ပဋိပတ်ကို အားထုတ်နေတဲ့ပုဂ္ဂိုလ်ဟာ စိန္တာ မယ ပညာမှာ ထိုင်နေပါတယ်၊ဒီပညာနဲ့ ပြည့်စုံရင် ပဋိပတ်ဟာ လမ်းဆုံးကို ရောက်နိုင်တယ်၊ နောက်သဘာဝတွေ အနေနဲ့ ပုန်ကန်တာကျတော့ ဘယ်ဟာကို ပုန်ကန်မလဲ ပြောပြမယ်။

ဒီတော့ရင် ဓာတ်ရှစ်ပါးကို ပုန်ကန်မယ် ဆိုတာဟာ ဒီထဲမှာ ပရမတ်ဆတ်ဆတ် သဘောလေးတွေ၊ ဝါ-ပြုသဘောလေးတွေပါ၊ ဝါ-ဖြစ်သဘောလေးတွေပါ, ပါသွားမယ်၊ ဒါကြောင့် သူ့မှာ ဥစ္စာဒဒိဋ္ဌိထဲကျနိုင်ဘယ်၊ဒီပဋ္ဌိပတ္တိဂ္ဂမပညာဟာသဿတ ဒိဋ္ဌိ, ဥစ္စာ၁ဒ်ဋ္ဌိတွေကို မလွန်ဆန်နိုင်သေးပါ၊ ဒီ ဓာတ်ရှစ်ပါး, ဓာတ်လေးပါးထဲမှာ ပရမတ်ဆတ်ဆတ်လေးအနေနဲ့ရှိနေသေးတယ်၊ဒီတော့ ဓာတ်ရှစ်ပါး,ဓာတ်လေးပါးထဲမှာ သညာဝိညာဏ် လုပ်ကြံလို့ရတဲ့ ဓာတ်ရှစ်ပါး, ဓာတ်လေးပါးလဲရှိတယ်၊ လုပ်ကြံလို့မရတဲ့ ဓာတ်ရှစ်ပါး, ဓာတ်လေးပါးလဲရှိတယ်၊ ဒီတော့ သညာဝိညာဏ် လုပ်ကြံလို့မရတဲ့ ဓာတ် ရှစ်ပါး,ဓာတ်လေးပါးဟာ ပရမတ်ဆတ်ဆတ်သဘာဝလေးအနေနဲ့ရှိတယ်။

ဒီတော့ ပုန်ကန်ရမှာက သညာဝိညာ့ဏ် လုပ်ကြံလို့ ရတဲ့ ဓာတ်ရှစ်ပါး, ဓာတ်လေးပါးကို ပုန်ကန်ရမယ်၊ ဒါမှ သဏ္ဌာယ ဒိဋ္ဌိကြီးဟာ စဲလို့မရမှာ သဘာဝနည်းဖြင့် ဆိုရင် ဒိဋ္ဌိ ဥပဒေကြီးကို ပုန်ကန်ရမယ် ဒါမှ ဒီထဲမှာ သညာ ဝိညာဏ်လုပ်ကြံလို့ မရတဲ့ ဓာတ်လေးပါး, ဓာ ဘ်ရှစ်ပါးကို လာတွေ့မယ်၊ ဒီတော့မှ သဿတ, ဥစ္စာဒ ဒိဋ္ဌိ ရေ သာက်မြစ်တွေကပါ လွတ်ပြီးတော့ မဂ်ဖိုလ်အထိတက်သွားပြီး ဒီသဘာဝလေး တခုမှာကို တွေ့သုံးချက်ဖြင့်၊ ဝါ နည်းသုံးနည်းဖြင့် ဝေဘန်လာမှ သဘာဝဥာဏ်ကြီးဟာ ကျယ်ဝန်းလာပါတယ်၊ ယခု, သင်တန်း လာယူနေတဲ့ ဓမ္မာစရိယတွေ မှတ်ဘို့က ဒီပိဋ္ဌကတ်တော်တွေကို ဒေသနာတွေ, လက်တွေ့, သဘာဝတွေ၊ ဝါ–နည်းသုံးနည်းဖြင့် တွေ့လာရင် တဖြေးဖြေးနဲ့ ပြောင်မြောက်လာမယ်။

ဒေသနာတော်နဲ့သာ အချိန်ကုန်နေမယ်ဆိုရင် နွားကျောင်းသား ဥပမာ ဖြစ်နေမှာဘဲမဟုတ်လား၊ ဝိပဿနာမူရ, ဂန္ဓမူရ ဆောက်တည်တဲ့ ရဟန်းနှစ်ပါးကို ရှင်တော်မြတ် ဟောကြားထားသော ဝတ္ထုကို မမှီပဒမှာကြည့်ပါ၊ ဒီတော့အရည်ပြဒါးကို သေအောင်သတ်နိုင်ရင် ဘုရားရှင်ဟောကြားတဲ့ ပိဋကတ်သုံးပုံကို ပေါက်တယ်။

သံပြဒါးကို သေအောင်သတ်နိုင်ရင် ဘာသာပြန်ဘက်က အသုံးချလို့ရပါတယ်၊ ဆေးဒုန်းကို သေအောင်သတ်နိုင်ရင် ဗေဒင်လေးပုံကို အသုံးချလို့ရပါတယ်၊ ဒါကြောင့် ပါရမီလုပ်ငန်းစဉ်ဖြင့်ရင်း, တရားလုပ်ငန်းစဉ်ဖြင့်ရင်း, ပြဒါးလုပ်ငန်းစဉ်ဖြင့်ရင်း ပညာကို အဆထောက်အကူပြုပါတယ်၊ ဒီပညာရပ်တွေကနေပြီး ယခု ဟောပြောနေတာပါ၊ ဒီတော့ နောက်ဆုံးမှာ ဆုတောင်းအတိုင်းပြည့်စုံသော်လဲ အကုသိုလ်ဂဏ်ကြီးတွေ ရှိနေသေးရင် ခံရအုံးမယ်ဆိုတာကို သိစေလို၍ မုဆိုးငါးရော ဝတ္ထုကို ဟောကြားတော်မူတယ်။

ဒီတော့ ရှင်ပစ္စေကဗုဒ္ဓါတပါးဟာ ဝါဆိုခါနီးတော့ လူ့ရပ်လူ့ခွင်ကပ်ပြီး ဝါကပ်တော်မူရတယ်၊ ဒီတော့ရင် ငါးရာသော မုဆိုးတို့က ဆွမ်း, သင်္ကန်း, ကျောင်း ဆေးတို့ဖြင့် လှူဒါန်းကြတယ်၊ ဝါကျွတ်လို့ ဂန္ဓမာဒနတောင်ကို ပြန်မဲ့အခါကျတော့ ငါးရာသော မုဆိုးတို့က ဆုတောင်းကြတယ်၊ "အရှင်ဘုရား တပည့်တော်တို့ လှူဒါန်းရတဲ့ ကုသိုလ်ကြောင့် အရှင်ဘုရား သိသောတရားများကို သိရပါလို၏ ဘုရား" ဆိုပြီး ဆုတောင်းလိုက်တော့ ရှင်ပစ္စေကဗုဒ္ဓါကလဲ "ပြည့်စေ" ဆိုပြီး ဆုပေးသွားတယ်၊ ယခု ရှင်တော်ဂေါတမ သာသနာတော်ကျတော့

မုဆိုးငါးရာတို့ဟာ သက်နှံးဝတ်ပြီး အချို့မှာ ရဟန္တာ၊ အချို့အနာဂါမ်၊ အချို့သကဒါဂါမ်၊ အချို့သောတာပန်၊ အချို့မှာ ပုထုဇဉ်သာရှိကြသေးတယ်။

နောက်ဆုံးမှာ သူတို့ဆုတောင်းတွေဟာ ပြည့်သော်လဲ မုဆိုးဘဝကပြုခဲ့ကြတဲ့ အကုသိုလ်ကံကြီးတွေကို ခံကြရအုံးမယ်ဆိုတာ ရှင်တော်မြတ်ဘုရား မြင်တော်မူလို့ "ညီတော်အာနန္ဒာ .... ငါဘုရားတပါးတည်းထည်း ကိန်းအောင်းစပယ်တော်မူလိုတယ်၊ ဘယ်သူနဲ့မှ မတွေ့ဘဲနဲ့ ဆယ့်ငါးရက် ဆိတ်ငြိမ်ရာသို့ကပ်တော်မူမယ်" လို့ မိန့်တော်မူတယ်၊ ဒီတော့ မုဆိုးငါးရာဖြစ်တဲ့ ရဟန်းတွေက ကာယဂတာသတိပဋ္ဌာန်ကိုလဲ ပွားများလာရော၊ ဒီရထားတဲ့ ခန္ဓာကိုယ်ကြီးကို စက်ဆုတ်လာပြီး မိမိတို့ကိုယ်ကိုလဲ သတ်သေကြတယ်၊ အချို့မှာသူတပါးကို အသတ်ခိုင်းကြတယ်။

တဆယ့်ငါးရက်ပြည့်လို့ ဘုရားရှင်ဆိတ်ငြိမ်ရာမှ ထလာတဲ့ အခါမှာ "ညီတော်အာနန္ဒာ... ရဟန်းတွေ ငါမမြင်ပါလား၊ ဘယ်ကိုသွားလို့ ဘယ်မှာရောက်နေကြသလဲ" လို့ ဘုရားရှင်က မေးတော်မူတော့မှ ညီတော်အာနန္ဒာက လျှောက်တယ်၊ "ဘုန်းတော် ကြီးတော်မူသော ရှင်တော်မြတ်ဘုရား၊ ယခု ရဟန်းတော်တွေဟာ ကာယဂတာဂကမ္မဋ္ဌာန်းကို ဟောကြားလို့ ခန္ဓာကိုယ်ကြီးကို စက်ဆုတ်ရွံ့ရှာပြီး မိမိကိုယ်ကို သတ်သေကုန်ကြပါပြီ ဘုရား၊ မသတ်ရဲတဲ့ပုဂ္ဂိုလ်တွေကလဲ မိဂလဏ္ဍိက ရှင်ယောင်ကြီးကို တန်စိုးလက်ဆောင်ပေးပြီး သတ်ခိုင်းလို့ သေကုန်ပါပြီ ဘုရား၊ ဒီတော့ ဒီတရားကို မဟောဘဲနဲ့ ဒီပြင်တရားကို ဟောရင်ကော မဂ်ဖိုလ်တရားကို မရနိုင်ဘူးလားဘုရား" လို့ လျှောက်ထားတော့မှ "ရနိုင်တယ်"လို့ မိန့်တော်မူတယ်။

အဲဒါကြောင့် အတိတ်က ကံကြီး,ဝဋ်ကြီးတွေပါလာရင် ဒီလိုဘဲ အဖြစ်ဆိုးတွေနဲ့ အပျက်ဆိုးတွေဟာ ဝင်လာကြရတာဘဲ၊ ကိုင်း ဒီတော့ သာသနာ တရားကြီးကို တက်ပြီး ကမ္ဘာ့တရားကြီးကို ပုန်ကန်ရတော့မယ်၊ ဒီတော့ ဒေသနာနည်းအရ သက္ကာယကြီးကို လက်တွေ့နည်းအရ ဓာတ်လေးပါး, ဓာတ်ရှစ်ပါး၊ သဘာဝနည်းအရ ဒိဋ္ဌဥပဒေကြီးကို ဖျက်ဆီး မီးရှို့ပစ်ရတော့မယ်၊ ဒီနေ့ဘဲ သာသနာတရားကြီးထဲကိုဝင်ပါပြီ၊ ဒါဟာ "မဟာသတိပဋ္ဌာန် ပဋ္ဌိပတ်လုပ်ငန်းစဉ်တရားကြီး" ပါ။

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ
ဝိသုဒ္ဓိယာ သောက ပရိဒေဝါနံ သမတိက္ကမာယ
ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ညာယဿ အဓိ
ဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ။

လို့ အကျိုးတရားတွေကို ပြလာပါတယ်၊ ဒီမဟာ သတိပဋ္ဌာန် သာသနာတရားတော်ကြီးကို ဘုရားရှင်က (ကမ္မာသဒမ္မ) နိဂုံးမှာ ဟောကြားတော်မူပါတယ်။

ဒီတော့မဟာသတိပဋ္ဌာန်တရားတော်ကြီးကို ဝင်ရတော့မယ်၊ ဘယ်လုံဝင်မလဲ၊ ပဌမ မျက်စေ့ သတိပဋ္ဌာန်, နား, နှာခေါင်း, လျှာ, ကိုယ်ဆိုတဲ့ ငါးပါးသော ပသာဒမှာရှိတဲ့ သတိပဋ္ဌာန်တရားကို အရင်ကိုင်ရမယ်၊ ဘယ်လိုကိုင်မလဲ၊ ဒီမှာကြည့် ဥပမာ လဘက်ရေပုဂ်ကို ရှေ့မှာချပြီးကြည့်ရင် မြင်တယ်လို့ ပြောမယ်၊ ဒါဟာ အဆိုင်အခဲ့သနကြီးရှိနေလို့ မြင်တာပါ၊ မြင်လိုက်တာနဲ့ ဘာဘဲဆိုတာကို အမည်မှည့်လို့ရလာပြီ၊ မမြင်သေးရင် မှည့်ခေါ်လို့မရသေးပါ၊ ဒီတော့ သဝိညာဏက, အဝိညာဏက

တွေ့မှာ အမည်ဆိုတဲ့ နာမပညတ် လွှတ်တာမျှားရှိသလား၊ မရှိပါ၊ ငါးပါးသောပသာဒရုပ်နဲ့ စမ်းသပ်လို့ရရင် ပညတ်ပေါ်မှာဘဲ မဟုတ်လား။

ယခုလဲ ဒီသဘာဝကိုမြင်ရင် လာဘက်ရေပုဂံပါလို့ပြောမယ်၊ အချုပ်မှာ နာမနဲ့ သဏ္ဌာနပညတ် မပေါ်အောင် ဘယ်လိုလုပ်မလဲ၊ ဒီပေါ်နေတဲ့ အဆိုင်အခဲကြီးကို ခွဲပစ်ရမှာဘဲမဟုတ်လား၊ မျက်စေ့နဲ့မမြင်မှ (၀၊) ငါးပါးသော ပသာဒတွေနဲ့ စမ်းသပ်လို့မရမှ ပညတ်ပေါ်လို့မရမှာ၊ အဲဒီလို ငါးပါးသောပသာဒနဲ့ စမ်းသပ်လို့မရတဲ့ ရုပ်မှ ပရမတ်စစ်စစ်ရုပ်ပါ၊ ယခု ထိတွေ့လို့ရနေတဲ့ ရုပ်တွေက တကယ့်ပရမတ်ရုပ် မဟုတ်ပါ၊ သညာဝိညာဏ် ပါနေတဲ့ ပရမတ်ရုပ်မျိုးပါ၊ ဒီတော့ ပရမတ်ရုပ်ဟာ သညာဝိညာဏ်နဲ့ ဆွဲကိုင်လို့ ရတဲ့ပရမတ်ရုပ်၊ ဆွဲကိုင်လို့မရဘဲ ပညာနဲ့မြင်တဲ့ ပရမတ်ရုပ်လို့ နှစ်မျိုးမှတ်လိုက်ပါ။

ဒီတော့ ယခု ချေရမှာက သညာဝိညာဏ်နဲ့ ဆွဲကိုင်လို့ရတဲ့ ပရမတ်ရုပ်မျိုးကို ချေပစ်ရမယ်၊ ဒါဟာ ပြဒုံးပညာကနေပြီး ခွဲစိတ်ပြီး ပြောနေတာပါ၊ ပြဒုံးဆိုတာ ပညာလောကကနေပြီး ပြောနေတာပါ၊ ဒီလို ချေလိုက်မှ ငါးပါးသော ပသာဒတွေနဲ့ စမ်းသပ်လို့ မရတော့ဘဲ နာမနဲ့ သဏ္ဌာန ပညတ်နှစ်ပါး ပြုတ်မယ်။

ဒီပညတ်နှစ်ပါးမပေါ်ရင် အစ္စဲလောကကြီးဟာလဲ ပေါ်လို့ မရတော့ပါ၊ ဒါကိုဘုရားရှင်က ချေမှုန်းပုံကို....

ဗျာမ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္မဇာနော သတိမာ ဝိနေယ္ယ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

လို့ ချေပုံကို ပြလာတယ်၊ ဒုက္ခကို နားလည်ရင် ဒိဋ္ဌိနကြီးကို ချေမည့် တို့ယောဂီဟာ အာရဒ္ဓယောဂီဖြစ်ပြီး ကလျာဏမျက်စေ့ ပေါက်ရမယ်၊ ဒါမှချေလို့ရပါတယ်၊ ဒီဟာကို ချေမယ်ကြံရင် ပဌမ ဒီသဘာဝတွေ ပေါင်းနေတာကို မြင်အောင်ကြည့်ရမယ် လို့ ဘုရားရှင်က ပြလာတယ်၊ ပေါင်းပုံကိုမြင်လာရင် ကလျာဏ၊ မမြင်ရင် အန္ဓပါ။

ပေါင်းပုံကို ပုံစံထဲမှာ ပြထားပါတယ်၊ ဒါကို ပဌမဦးဆုံး သင်နည်း မှာဘ်ချက်ယူထား၊ပါ၊ဒါကိုမြင်သွားရင်နာမနဲ့ သဏ္ဌာန ပညတ် မပေါ်တော့ဘဲ၊ အစဲ့လောကကြီး ရုပ်သိမ်းသွားမယ်၊ ယခုတော့ ဒီလိုမဟုတ်တော့ဘဲ၊ အစဲ့လောကကြီး ပေါ်ထွက်နေပြီ၊ ဒီတော့ မျက်စေ့ သတိပဋ္ဌာန်တွေ မထွက်တော့ဘဲ သညာ ဝိညာဏ်တွေသာ ထွက်နေတဲ့အတွက် သဏ္ဌာယ ဒိဋ္ဌိအစဲ့ကြီးသာ စဲ့နေတော့တယ်၊ တရားဆိုတာ ကမ္မဋ္ဌာန်းတိုက်ဆဲဝင်ပြီး အားထုတ်နေမှ တရားလို့မထင်ပါနဲ့၊ ပဌမ ငါ်းပါးသော ပဿာဒ မှာရှိနေတဲ့ သတိပဋ္ဌာန်တွေကို အရင်ဖမ်းပြီးဘာမှ ရှေ့ကို တက်ရပါဘယ်။

အာနာပါနဆိုတာ ဒီဂရီ မြင့်သွားပါပြီ၊ ပုံစံကိုကြည့်ပါ— ယခု မိမိမှာ ရှိနေတဲ့သဘာဝ ပညာတွေကို ထုတ်ရတော့မယ်၊ ဒါကြောင့် "လူသာမန်,နတ်သာမန်, ပုထုဇဉ်သာမန်တို့ မကြုံအပ် မကြုံစည်နိုင်ရာ ဝရဇိန်မိုယ်းကျိုးစက်သွားပမာ စိန္တာမယ

ပညာ ဝဋ္ဋဒုက္ခတို့ရဲ့ ကုန်ရာ တိဟိတ်ပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်ရာသော" လို့ ပြောလာပါတယ်၊ ဒီတော့ ဒီဃနကြီးကို ခွဲစိတ်မဲ့ ပုဂ္ဂိုလ်ဟာ စူးရှထက်မြက်တဲ့ ပညာရှိရမယ်၊ စိန္တာမယပညာ ဆိုတာဟာ နှလုံးအိမ်က သူ့အလိုလို ပွားစီးပေါ်ထွက် လာတဲ့ ပညာကိုခေါ်တယ်၊ ဒီပညာမှ ဝဋ္ဋဒုက္ခတွေကုန်အောင် ခွဲပစ်နိုင်တယ်။

ဒီသဃနတဒ္ဒိ ရုပ်လောကကြီးကို ခွဲစိတ်ပစ်မှ သက္ကာယဒိဋ္ဌိမင်းတရားကြီး ရုံးမထိုင်နိုင်မှာပါ၊ ဒါကြောင့် လူသာမန်နတ်သာမန်တို့ မကြုံအပ် မကြုံနိုင်ရာလို့ ပြုလာပါတယ်၊ ဒီတော့ လေးဆယ်သော သမထတွေနဲ့ သာမန်ဖြစ်တဲ့ မေတ္တာ ဒါန, သီလ, ဘာဝနာတွေနဲ့ ခွဲစိတ်လို့မရပါ၊ ဒီတော့ ဝရဇိန်မိုးယိုကြိုးစက်ဆိုတာ တချက်ထဲပစ်လိုက်တာနဲ့ အကုန်လုံးပြာကျသွားသလိုဘဲ အဲဒီလိုစူးရှထက်မျက်တဲ့ စိန္တာမယ ပညာနဲ့မှ ခွဲစိတ်လို့ရပါတယ်၊ ဒီ စိန္တာမယပညာကို ပြောတော့မယ် ကြုံတာနဲ့ ဇာတိပညာ, နေပက္ကမပညာ, ပါရိဟာရိယပညာဆိုပြီး၊ ပညာကို သုံးမျိုးခွဲလာတယ်၊ ဇာတိပညာဆိုတာ ပဋ္ဌိသန္ဓေစိတ်ထည်းကကို ပါလာတဲ့ ညာဏသမ္ပယုတ် စိတ်နှင့်ယှဉ်ပြီး ဟိတ်သုံးပါးလုံးပါလာတဲ့ ပညာကို ခေါ်တယ်။

ဒီတော့ " ဒါနံ အလောဘော ဟေတု၊ သီလံ အဒေါသော ဟေတု၊ ပညံ အမောဟော ဟေတု " လို့ပြတဲ့အတိုင်း ဒါနဟာ အလောဘဟိတ် တခုတည်းသာ ရှိပါတယ်၊ သီလကျတော့ အဒေါသဟိတ် တခုရှိတယ်၊ ပညာကျတော့ အမောဟဟိတ်ကို ရှိတယ်၊ သီလကို မျှားမျှား ဆောက်တည်လာရင်ဘဲ အဒေါသဟိတ်ကြီးထွက်လာပြီး၊ မေတ္တာ,စေတနာ, ခမာတရားတွေ ပွားစီး

လာတော့တယ်၊ ဒါနကို ကြပ်ကြပ်အားထုတ် လာတော့ရင် အလောဘဟိတ်ကြီး ထွက်လာပါတယ်၊ ပညာကျတော့ အမောဟဟိတ်ကြီး ထွက်လာပါတယ် ဒါန,သီလ, ဘာဝနာမှာလဲ ဒါနဟာ အလောဘ၊ သီလဟာ အဒေါသ၊ ဘာဝနာဟာ အမောဟ ဟိတ်ထွက်လာပါတယ်၊ ထိုပုဂ္ဂိုလ်ဟာ အမိုဝမ်းထဲကကို ဟိတ်သုံးပါးနှင့် ယှဉ်ပြီးပါလာတဲ့အတွက် တိဟိတ်ပုဂ္ဂိုလ်ခေါ်တယ်။

အလောဘနှင့် အဒေါသဟိတ်နှစ်ပါးသာပါတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဒ္ဝိဟိတ်ပုဂ္ဂိုလ်၊ ဟိတ်မပါတဲ့ ခွေးဝက်စတဲ့ သတ္တဝါကျတော့ အဟိတ်ပုဂ္ဂိုလ်လို့ ခေါ်တယ်၊ လူဖြစ်လာတာနဲ့ ဟိတ်သုံးပါးလုံးပေါင်းစည်းပြီးပါလာတာကို တိဟိတ်ပုဂ္ဂိုလ်လို့ခေါ်တယ်၊ ဒ္ဝိပုဂ္ဂိုလ်ဟာ အမိုဝမ်းတွင်းထဲကကို ဟိတ်သုံးပါးလုံးပါတဲ့အတွက် လူ့လောကထဲကိုရောက်လာတာနဲ့ ရဲရဲတောက် မီးခဲလေးပမာဖြစ်လာတော့တယ်၊ အဲဒါကို ဇာတိပညာလို့ ဝိသုဒ္ဓိမဂ်ကြီးက ပြလာတယ်၊ ဇာတိပညာပါလာတဲ့သူဟာ လူ့လောကထဲမှာ ကျက်စားလာရင် ဒီဇာတိပညာလေးကြောင့်ဟာ ဘယ်သူ့ကမှ မပြောရတဲ့ သူ့ဟာသူ ပညာလေးတော့ ထွက်လာပါတယ်၊ ဒီလိုထွက်လာတာကို စိန္တာမယပညာလို့ခေါ်တယ်၊ ဒီစိန္တာမယပညာရှိတဲ့သူဟာ ဒီသမ္မာဃနကြီးကို ခွဲစိတ်နိုင်ပါတော့တယ်။

အဲဒီလိုခွဲစိတ်နိုင်လာမှ အစမသင်တဲ့ဘဝကပါလာတဲ့ အနှီကြီးအဖြစ်မှ ရုပ်သိမ်းနိုင်မယ်၊ ဒီတော့ မဟာသတိပဋ္ဌာန် ကြီးမှုံပြင်ကြီးပေါ် တင်ကြည့်လိုက်ရင်ဘဲ သီလာ ပါတော့မယ် ယခုရှေ့ထဲမှာ နစ်နေတဲ့ ပတ္တမြားကို မဟာသတိပဋ္ဌာန် တရားတည်းဟူသော ရေနှင့်ဆေးကြောပြီးကလပ်ပေါ်မှာတင်ပြီး ခွဲစိတ်

ပြသွားပါမယ်၊ ကိုင်းပုံစံကိုကြည့်ပါ၊ ပထဝီ,အာပေါ, ဝါယော တေဇောလို့ပြလာပါတယ်၊ဒါကို ကိုင်း မှတ်ချက်ယူပါ၊ ဒီတော့ "ပထဝီ ဓာတုံ ကာယဝိညာဏေန ဂယှတေ" ပထဝီဓါတုံ၊ ပထဝီခွာတ်ကို။ကာယဝိညာဏေန၊ကာယဝိညာဏ်ဖြင့်။ဂယှတေ၊ ယူအပ်၏–ဝါ သိအပ်၏ - လို့ ပြလာပါတယ်။

ဒီတော့ လက်နဲ့စမ်းသပ်လိုက်တဲ့အခါမှာ မာတယ်လို့ သိလာတယ်၊မာတယ်ဆိုတဲ့သဘောကို ပထဝီခွာတ်လို့မှတ်လိုက်ပါ၊ ဒါဟာလက်တွေ့နည်းဖြင့် စမ်းသပ်ရမယ်၊ သူမျှားပြောတာနဲ့ မယူပါနဲ့၊ မာတယ်ဆိုတာမိမိလက်နဲ့ စမ်းသပ်လို့ သိတာပါ၊ နောက် အာပေါခွာတ်ကျတော့ရော ဘယ်လိုသိရမလဲ"အာပေါ ဓာတုံ မနောဝိညာဏေန ဂယှတေ" အာပေါခွာတုံ၊အာပေါ ဓာတ်ကို။မနောဝိညာဏေန မနောဝိညာဏ်ဖြင့်။ဂယှတေ၊ယူအပ် ၏။(ဝါ)သိအပ်၏။ဒီတော့ အာပေါခွာတ်ကို မနောဝိညာဏ်ဖြင့် သိရမယ်၊ အာပေါခွာတ်ဟာ ငါးပါးသော ပသာဒရူပ်ဖြင့် စမ်းသပ်လို့မရတော့ပါ၊ မနောဝိညာဏ်ဖြင့်သာ စမ်းသပ်လို့ ရပါတယ်၊ဒါဖြင့်ရင် ဘယ်လိုစမ်းသပ်မလဲ?

ပြောပြမယ် ၊ မာတယ်ဆိုတာ ဘယ်အနေနဲ့မာနေသလဲလို့ တွေးလိုက်တဲ့ အခါမှာ ဖွဲ့စည်းဘဲသဘောရှိလို့ မာနေတာပါ၊ ဒါကြောင့် အာပေါခွာတ်ဟာဖွဲ့စည်းတဲ့သဘောလို့မှတ်လိုက်ပါ၊ ဒါဟာ မိမိရဲ့ခန္ဓာပေါ်တင်ပြီး ရှာပြတာပါ၊ စာပြော (ခ၊) သူမျှားပြောနဲ့ ပြောနေတာမဟုတ်ပါ၊ ပထဝီခွာတ် မာနေတာဟာ အာပေါခွာတ်ဖွဲ့စည်းတဲ့သဘောရှိနေလို့ပါ၊ နောက်တခါ ဝါယောခွာတ်ကျတော့ " ဝါယောခွာတုံ" ကာယဝိညာဏေန ဗ

မနောဝိညာဏေန စ ဂယှတေ" ဝါယောဓာတုံ၊ ဝါယောဓာတ်ကို။ ကာယဝိညာဏေနစ၊ ကာယဝိညာဏ်ဖြင့်ရင်း။ မနောဝိညာဏေနစ၊ မနောဝိညာဏ်ဖြင့်ရင်း။ ဂယှတေ၊ ယူအပ်၏။ (ဝါ) သိအပ်၏–ဟု ပြုလာတဲ့အတိုင်း ဝါယောဓာတ်ကျတော့ ကာယဝိညာဏ်ရော, မနောဝိညာဏ်ရော နှစ်ပါးလုံးနဲ့ စမ်းသပ်လို့ ရပါတယ်။

ဥပမာ ... ဘောလုံးကြီးကို လေထည့်ပြီးပေါက်ကြည့်လိုက်ပါ၊ အထက်ကို ခုန်တက်လာတယ်၊ လက်နဲ့ပုတ်ကြည့်ပါ၊ ဒီအတိုင်း ကန်တက်လာတယ်၊ အဲဒါ ပေါက်ကြည့်လိုက်တာက ပဋ္ဌင်ညာဏ်နဲ့ သိတာလို့ ခေါ်တယ်၊ အထက်ကို ခုန်တက်လာတာကျတော့ မနောဝိညာဏ်ကြီးဖြင့်တွေ့ပြီး သိတာလို့ ခေါ်တယ်၊ ဒါကြောင့် ဝါယောဓာတ်ဟာ တွန်းကန်တဲ့သဘောပါ၊ တေဇောဓာတ်ကျတော့ "တေဇောဓာတုံ ကာယဝိညာဏေန ဂယှတေ" တေဇောဓာတ်ကိုလဲ ကာယဝိညာဏ်ဖြင့်သိရမယ်လို့ အဋ္ဌကထာဆရာကြီးတွေက ပြုလာပါတယ်၊ (ဥပမာ) မီးကိုလက်နဲ့ကိုင်လိုက်တဲ့အခါမှာ ပူတယ်၊ ရေကိုစမ်းသပ်လိုက်တဲ့ အခါမှာ အေးတယ် ဒါဟာ ဥဏှတေဇော, သီတတေဇောပါ၊ ဒါကြောင့် တေဇောဓာတ်ဟာ ပူတယ်, အေးတယ်လို့ ယူပါ။

ဒီတော့ ဒါက ဓာတ်လေးပါးကို စမ်းသပ်ပုံပါ၊ ဒီဟာသည် ပဋ္ဌမဆုံး သူမျှားပြောတာနဲ့ စာထဲ၌ပါတာကို မယုံနဲ့အုံး၊ ပဿာဒခြောက်ပါးဖြင့် စမ်းသပ်ပြီးမှယူပါ အာနာပါနဘဲ လုပ်လုပ် ဘာသမထဘဲလုပ်လုပ်၊ ဓာတ်လေးပါးကို တွေ့ရကျတော့ ဒီအတိုင်းတွေ့မှာဘဲ၊ ဘာမှမထူးဘူး၊ သဘာဝကတော့ ဒီအတိုင်းဘဲဆိုတာကို တထစ်ကျ မှတ်ထားကြပါ။

သို့သော် ဘယ်လို သဘာဝတွေ့ ကွာခြားလာမလဲဆိုတော့— ဥတုအနေနဲ့ကတော့ အတူတူပါဘဲ၊ အာနာပါနရော သမထပါ အတူတူပါဘဲ၊ နောက်ကို အာဟာရတို့ စိတ်တို့ ကံတို့နဲ့ တွေ့တဲ့ ဓာတ်လေးပါး၊ ဓာတ်ရှစ်ပါး ထိအောင် ခွဲစိတ်သွားမယ်၊ ဒါကြောင့် တလသင်တန်းမှာကို အပြီးအပိုင် ခွဲစိတ်သွားမယ်၊ (တနည်း) ရှေ့ကိုတက်သွားတော့မယ်၊ ဒါမှ ဒီဂရီ ငါးရာရှိတယ်၊ ဒီ ဒီဂရီ ငါးရာဟာ စီးပွားရေး ကျန်းမာရေးတွေပါ ဒီကနေ သွားရပါတယ်၊ ယခု စမ်းသပ်လိုက်တာက သည်ဖြင့် စမ်းသပ်လိုက်တာပါ၊ ဒါဟာ ဘယ်သူမှငြင်းလို့မရပါ။

ရှေ့ကို တခါတက်လိုက်ပါအုံး၊ ပထဝီဓာတ်ကို စမ်းသပ်ရင် ပထဝီဓာတ်ဟာ မာတယ်လို သိတယ်၊ဒီလိုသိတဲ့ သဘောလေးမှာ ပထဝီခာတ် လွန်ကဲလာပြီလို့ ယူပါ၊ ပြေ့နေတာ နူးညံ့နေတာကို တွေ့ရင် ပထဝီဓာတ် နဲ့ လာပြီလို့ ယူပါ၊ဒီတော့ ပတဝီခာတ်လွန်ကဲရင်မာတယ်၊ပထဝီခာတ်နဲ့ လာရင် ပြေ့တယ်လို့ နှစ်ချက်မှတ်လိုက်ပါ၊ အာပေါခာတ်ကျတော့လဲ လွန်ကဲလာရင် ဖွဲ့စည်းလာတယ်၊ယုတ်လာရင် ယိုစီးလာတယ်၊ဝါယောခာတ် ကျတော့ လွန်ကဲရင်တွန်းကန်လာတယ်၊ နဲ့ ရင်လှုပ်ရှားလာတယ်၊ တေဇောခာတ်ကျတော့လဲ လွန်ကဲရင် ပူလာပြီး နဲ့ ရင်အေးလာတယ်။

ဒါကြောင့် ခာတ်ကြီးလေးပါးတို့ရဲ့ လက္ခဏာ ဗျာပါရဟာ ရှစ်ချက်ရှိလာတယ်လို့ မှတ်ပါ၊ ဒါက ခာတ်ကြီးလေးပါးတို့ရဲ့ အတိုးအဆုတ် သဘောပါ၊ ဒီလဘက်ရေ ပုဂ္ဂိုလ်မှာ ဓာတ်ကြီးလေးပါး ဘယ်အနေနဲ့ ဖွဲ့ထားသလဲဆိုတော့ ပထဝီဓာတ် မာလာရင်ဘဲ အာပေါခာတ်က ဖွဲ့စည်းလာတယ်၊ ဝါယောကတွန်းကန်

ဟာတယ်၊ တေဇောခေါတ်က ပူလာတယ်၊ ပထဝီခေါတ်ကပြော့သွားရင် အာပေါခေါတ်က ယိုစီးလာတယ်၊ ဝါယောခေါတ်က လှုပ်ရှားပြီး တေဇောခေါတ်က အေးလာရတယ်၊ ဒါကြောင့်— ပထဝီခေါက်ဟာ မာတယ်, ပြော့တယ်, ကကွဲတ္တ, မုဒုတ, ပထဝီလွန်တယ်, ယုတ်တယ်လို့ ပြလာတယ်၊ (ဝါ) သိလာတယ်၊ ပထဝီခေါတ်ဟာ အားကြီးလာရင် မာတယ်၊ အားသေးရင် ပြော့တယ် ခဲပြီးရုံနဲ့ မပြီးသေးပါ ဒီလိုရာလာတာဟာ သညာဝိညာဏ်ဖြင့်ရှာတဲ့နည်းပါ၊ ဒီထဲမှာ အဆီလေးတွေရှိနေသေးတယ်၊ ဒါကို လိုချင်လို့ပါ။

ဒါဖြင့် ဒီဟာနဲ့ပြီးပြီလား မပြီးသေးပါ၊ ပြောပြမယ်၊ ဟိတ်သုံးပါ၊ ပါလာတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဇာတိပညာပါလာပြီ၊ စိန္တာမယပညာပါလာပြီ၊ ဒီစိန္တာမယပညာဖြင့် ရှုရတော့မယ်၊ ဘယ်လိုရှုရမလဲ၊ စိန္တာမယပညာဖြင့် ရှုဘဲ့နည်းကိုပြမယ်၊ ဒီတော့ ဓာတ်လေးပါးဟာလွန်တယ်, ယုတ်ဘယ်ဆိုဘဲ့လက္ခဏာ ရှစ်ချက်ထွက်နေပြီ၊ ဒါကိုခဲ့ရင် ဒါဟာဘာကြောင့်လွန်ရ, ယုတ်ရတယ်၊ (ဝါ)ဘာ့ကြောင့်ထက်ရှုနုံ့ရသလဲ၊ ဒီလိုဖြစ်နေတဲ့အကြောင်းလေး နှစ်ချက်ကို မြင်အောင်ရှုတာကို စိန္တာမယပညာလို့ခေါ်ဘယ်၊ ဇာတိပညာအနေနဲ့ပါလာမှ မြင်လွယ်ပါတယ်၊အဲဒါပဋ္ဌိပတ်ထဲကိုဝင်လာပါပြီ။ ကိုင်း· ဘာကြောင့် ထက်သလဲ, နုံ့သလဲဆိုတာကို စဉ်းစားပါ။

ညွှေဟာ စဉ်။

"တိက္ခ, ဟာသ, ဇဝန, ဂဗ္ဘီ ဉာဏ်လေးလီဖြင့် အခွန်ကိုခွါ အကာကိုရှား အသားကိုချေ အနှစ်ကိုတေနိုင်မှ သဘာဝအနတ္တ ဉာဏ်သင်မြင်နိုင်သည်၏ အဖြစ်ကိုဂင်း" လို့ တရားပိုင်ဓာတ်ပိုင် တော်မူကြသော ပုဂ္ဂိုလ်ကြီးများ အမိန့်ရှိတဲ့အတိုင်း ဒီက နေ ပေါ်ထွက်လာတဲ့ သမ္မာဃနကြီးကိုပင် ပဌမ အခွန်ကိုခွါရမယ်၊ ဒုတိယ အကာကို ရှားရမယ်၊ တတိယ အသားကို ချေရမယ်၊ စတုတ္ထ အနှစ်ကို တေရမယ်၊ ဒီတော့ ပဌမ ရုပ်နာမ်ပိုင်းကနေ အခွန်ကိုခွါလို့ ထွက်လာတဲ့ ရုပ်နာမ်ကျတော့ ဥတုသဘောက ထွက်လာတဲ့ ရုပ်နာမ်ပါ။

ဒုတိယ အကာကို ရှားလို့ထွက်လာတဲ့ ရုပ်နာမ်ကျတော့ အာဟာရသဘောက ထွက်လာတဲ့ ရုပ်နာမ်ပါ၊ အသားကို ချေလို့ ထွက်လာတဲ့ ရုပ်နာမ်ကျတော့ စိတ်သဘောက ထွက်လာတဲ့ ရုပ်နာမ်ပါ၊ နောက်ဆုံး အနှစ်ကို တေလို့ ထွက်လာတဲ့ ရုပ်နာမ်ကျတော့ ကံသဘောက ထွက်လာတဲ့ ရုပ်နာမ်တွေပါ၊ ဒီလို ရုပ်နာမ် လေးမျိုးထွက်လာပါတယ်၊ ဆရာတော်တို့ အရင်ကရုပ်နာမ်ကို ရှာတဲ့အခါမှာ သဘာဝရုပ်နာမ်, သန္ဓတိရုပ်နာမ်, အာရုံ အာရမ္မဏ်က ရုပ်နာမ်ဆိုပြီး သုံးမျိုးသာတွေ့ခဲ့ပါတယ်၊ ဒါဟာ ဝိပဿနာဉာဏ်နဲ့ဆိုင်တဲ့ ရုပ်နာမ်ပါ။

ယခုမမှစကြာ, အနတ္တလက္ခဏသုတ်, မဟာသတိပဋ္ဌာန်သုတ် တော်မြတ်တွေကို လုပ်ငန်းစဉ်နဲ့ ပေးအပ်ပြီးတော့ ဒီနှစ် မဟာ သတိပဋ္ဌာန်ရဲ့ လုပ်ငန်းစဉ်ကိုပေးပြီး အချိန်မှန်မှန် အာနာပါန

ဟရားတွေကို ပွားများပြီးလာတဲ့ အခါကျမှ ယခု မဟာသတိ ပဋ္ဌာန်လုပ်ငန်းစဉ် တရားတော်ကြီးက ရုပ်နာမ်လေးမျိုးဆိုပြီး ဘာဉ ထွက်လာပါတယ်၊ အဲဒါ ဥတုအကြောင်းက ထွက်လာတဲ့ ရုပ်နာမ်၊ အာဟာရအကြောင်းက ထွက်လာတဲ့ ရုပ်နာမ်၊ စိတ်အကြောင်းက ထွက်လာတဲ့—ကံ အကြောင်းက ထွက်လာတဲ့ ရုပ်နာမ်ဆိုပြီး လေးမျိုးထွက်လာပါလိမ့်မယ်။

သင်ကြံနိုန်အခါဝင်းဝုံးက ဟောသွားတဲ့ ရုပ်နာမ်ပိုင်းဟာ ဥတုကထွက်လာတဲ့ရုပ်နာမ်ပါ၊ ဒီမျှသာ ဥကျော်ဘင်းချခဲ့ရပါသေးတယ်၊ ယခုတော့ လေးမျိုးလုံး ထွက်ရပါတော့မယ်၊ ဒါကြောင့် (တိကဒ္ဓဟာသ (လ) သဘာဝ အနုတ္တဥာဏ် ထင်မြင်နိုင်သည်၏ အဖြစ်ကိုဂုင်း၊) လို့ဆိုတဲ့ အတိုင်း နောက်ဆုံး အနှစ်ကလေးတွေ ကိုသာ တေရတော့မယ်၊ ဒီနေ့သာသနာ့တရားကြီးဟာ နေဝန်းကြီး ပေါ်လာသလို ပေါ်ထွက်လာခဲ့ပါပြီ၊ နေ့ခင်းတရားကို အနည်းငယ် ပြောပြဦးမယ်၊ အတ္တဒိဋ္ဌိ, အတ္တာနုဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ အစဲတွေဟာ ဘာကြောင့် စဲသလဲ၊ ဒိဋ္ဌိဘေဒ၀ိုနေသေးရင် အပါယ်လေးပါးက မလွတ်သေးပါ၊ အပါယ်လေးပါးသို့ကျမယ် ဆိုတာ ဗုဒ္ဓဘာသာမှန်ရင် ကိုယ်ရင်လေးတောင်မှ သိပါတယ်၊ ဒီလိုမလိုချင်တဲ့ ဒိဋ္ဌိကြီးတွေဟာ ဘာကြောင့် စဲနေသလဲလို့ ရှာလိုက်ရင် အဲဒါ နာမနဲ့ သက္ကာန ပညတ်နှစ်ပါး ရှိနေလို့ စဲနေတာပါ။

ဒီနာမ နှင့် သက္ကာနပညတ် နှစ်ပါးကို သညာ ဝိညာဏ်နယ် သမားတွေက (၀၊) အနှစ်တွေက အနှစ်အသားအနေနဲ့ ဆွဲကိုင်နေကြတဲ့အတွက် သက္ကာယဒိဋ္ဌိစဲနေကာပါ၊ ဒီတော့ သက္ကာယ

ဒိဋ္ဌိကြီးဟာ နာမနဲ့ သဏ္ဌာနပညတ်နှစ်ပါးကြောင့် စဲ့နေတာပါ၊ ဒီပညတ်နှစ်ပါးဟာလဲ ဘာကြောင့်ပေါ်ထွက် နေသလဲဆိုရင် သမ္မုဟဃနကြီးရှိနေလို့ပါ၊ ဒီလိုသမ္မုဟဃနကြီးပေါ်ထွက်ပြီးရှိနေလို့ နာမနဲ့သဏ္ဌာနပညတ်နှစ်ပါး ပေါ်ထွက်နေတာကို သညာဝိညာဏ်သမားတွေက သွားဆဲကြတယ်၊ အဲဒါ....လာဘက်ရေပုဂံသည်ငါ၊ ငါသည်လာဘက်ရေပုဂံ၊ လာဘက်ရေပုဂံ၌ ငါရှိ၏၊ ငါ၌လာဘက်ရေပုဂံရှိ၏—လို့ အစဲ့လေးချက်ဖြင့် စဲ့ထားကြတယ်၊ဒီတော့ သက္ကာယဒိဋ္ဌိစဲ့ကြီး မစဲ့အောင်၊ နာမပညတ်နဲ့ သဏ္ဌာနပညတ်မထွက်အောင်လုပ်ရမယ်၊ ဘယ်လိုလုပ်ရမလဲ၊ဃနကြီးကိုချေရမယ်၊ ဒါဟာအနတ္တတရားပါ၊ ဒီအနတ္တ တရားပဲ ဘုရားရှင်ပွင့်တော်မူမှ ပေါ်ထွက်လာတဲ့တရားပါ။

အနတ္တလက္ခဏံ ဝိနာ ဗုဒ္ဓပွါဒါ နပညာ ယတိ၊
ဗုဒ္ဓုပွါဒေ ယေဝ ပညာယတိ။

ဒါကြောင့် ဃနကြီးကို ဘုရားရှင်ပွင့်တော်မူလာမှ ချေလို့ရပါတယ် မပွင့်ရင်ချေလို့ မရပါ၊ မပွင့်သော်လဲ အနိစ္စ ဒုက္ခ တရားတွေဟာ သတ္တဝါကျွန်မာ ရှိနေတာဘဲ "အနိစ္စံ ဒုက္ခဋ္ဌ ပါကဋ္ဌံ၊ အနတ္တာတိ နပါကဋ္ဌံ" မူလပဏ္ဏာသ ပါဠိတော်မှာ အနိစ္စ ဒုက္ခတရားတွေဟာ သတ္တဝါတိုင်း သိရှိနားလည်ကြောင်း ဟောခဲ့ပါတယ်။

စျာန်အဘိညာဏ်ရတဲ့ ရသေ့တွေတောင်မှ ဟောကြားနိုင်ပါတယ်၊ အနတ္တတရားကိုသာလျှင် မဟောကြားနိုင်တာပါ၊ ယခုလို ရှင်ဂေါတမရဲ့ သာသနာနဲ့လာပြီး ကြုံကြိုက်နေတဲ့ အခါမှာ ဒီအနတ္တတရားကြီးကို ရအောင်ကျွေးစားရမှာဘဲမဟုတ်လား

အနတ္တာကရားကြီးသာ အားကိုးရာဖြစ်ပါတယ်၊ အနိစ္စ ဒုက္ခတရား သည် အားကိုးအားထားစရာ တရားမဟုတ်ပါ၊ အနတ္တ တရား သာလျှင် အားကိုးအားထားရာ တရားကြီးပါ၊ ဒါ့ကြောင့်... လယ်ဘီဆရာတော်ဘုရားကြီးက " အနတ္တတရားကို မတွေ့ဘဲနေ ဦးတော့ အိပ်မက်အနေနဲ့ မက်တောင်မှ အပါယ်လေးပါး မကျ တော့ဘူး "လို့ အမိန့်ရှိသွားပါတယ်။

ယခုလို ရှင်ဂေါတမရဲ့ သာသနာတော်ကြီးနဲ့ အနတ္တတရား ကြီးကို တိုးနေ့်မှဘဲ ရသေ့ကြီးတွေ့ဟောတဲ့ အနိစ္စ,ဒုက္ခ တရား တွေနဲ့ ဘဲအချိန်ကုန်နေကြဦးမလို့ လား၊ ကိုင်း... ဒီတော့ သက္ကာ ယဒိဋ္ဌိကြီး မစွဲအောင်၊ နာမပညတ်နဲ့ သဏ္ဌာန်ပညတ် မပေါ် အောင် လုပ်ရမယ်၊ဘယ်လိုလုပ်မလဲ၊အဲဒါဃနကြီးကိုမရှိအောင် ချေရမယ်၊ ဒီတော့ အနတ္တတရားကိုသိရင် (၀၊) နားလည်ရင် သံသရာကြီးဟာ လက်တွင်းတဆုပ်လောက်ဘဲ ရှိတော့တယ်၊ အ ပါယ်လေးပါးသို့ မကျတော့ပါ။

ဒါကြောင့်...ဘုရားရှင် ပဋ္ဌာန်းတော်မူလာမှ ပေါ်ထွက်လာတဲ့ အနတ္တတရားဖြစ်ခြင်းကြောင့် အပိုင်ရအောင် မဲကြပါ,ခဲကြပါ၊

ဥပါဒါန်၊ သက္ကာယဟု၊ တလွဲဘေးထူ၊ ငါတည်းဟူ သား၊ မသူတော်ရှာ ဤခန္ဓာမှ၊ မည်ကာ ပြာသာဒ်၊ အရိမဒ်ဟု၊ဘုံထွဋ်ညီးညီး၊မြို့ရပ်ကြီးသို့၊ လင့်ဆီးထောက် ထောက်၊မရောက်သောကြား၊ ခြောက်ထပ်နားရ၊ရထား ခြောက်ဆူ၊ သန္ဓီဟူသား၊ ယာဉ်ဖြူလှည်းစီး၊ ဆူလည် စီးရ၊ မြစ်ကြီးဝှန်းကျယ်၊ သုံးဘုံလယ်မှ၊ ရှင်ဝယ် သံ ကရစ်၊ ထံ၌ဖြစ်သော၊ အစစ်နှင်နှင်၊ သူတော်စင်တို့

ညာတင်စက်ကြီး၊ ပညာပျိုးသည်၊ ကျင့်ရိုးမှန်စွာ၊ ဝိသာခါဟု၊ ခန္ဓာနာမ်ရုပ်၊ မချုပ်သမျှ၊ နှိုးလှုလ္လဖြင့်၊ နေ့ညကြီးစားကုန်ရာသကဲ့သို့ဂင်း...

လို့ တရားပိုင် ဓာတ်ပိုင်တော်မူ**တဲ့** ဆရာတော်ကြီးတွေ့ မိန့်တော်မူ**တဲ့**အတိုင်း နောက်ဆုံးမှာ နိဗ္ဗာနဓာတ်အထိ ယူသွားတော့မယ်။

အဲဒါအနတ္တတရားကို မြင်တာနဲ့ သံသရာကြီးထဲမှာ ကျင်လည်ရသော်လည်း မြင့်မြတ်ဘဲ ဘုမ်ဘဝတွေမှာသာ ဖြစ်ပြီး နောက်ဆုံး နိဗ္ဗာနဓာတ်ကို စံမြန်းနိုင်ပြီ၊ ဒီအနတ္တတရားမှ နားမလည်ရင် ယူလို့မရသေးပါ၊ ဒီ**တော**့ ဃနကြီးကို ချေတာက သာသနာတရားပါ၊ နာမပညတ် သဏ္ဌာနပညတ်တွေ ပေါ်ပြီး သက္ကာယဒိट्ठကြီးစွဲနေတာက ကမ္မာ့တရားပါ၊ဒီ**တော**့ဃနကြီးကို ချေတော့မယ်ဆိုတာနဲ့ ဃနကြီးပေါင်းစုနေတာကို မြင်အောင်ကြည့်ရမယ်။

နေ့ခင်းပိုင်းမှာ ဓာတ်လေးပါးတို့ရဲ့ အနုံ့အထက် အတိုးအဆုတ်တွေကို ဟောကြားခဲ့ပါပြီ၊ ဒီနေ့ညပိုင်းမှာ လူသာမန်နတ်သာမန်တို့ မကြုံအပ်, မကြုံစည်နိုင်ရာ ဝရဇိန်မိုးကြိုး စက်သွားပမာ ဝင့်ဒုက္ခတို့ရဲ့ကုန်ရာ စိန္တာမယပညာဆိုတဲ့ အတိုင်း ဒီ စိန္တာမယပညာဖြင့် ဃနကြီးချေပုံကို ထပ်ဖွင့်ရပါတော့မယ်၊ ကိုင်း...ဒီတော့ လဘက်ရေပုဂ်ံကို ရှေ့မှာချပြီး ဒီ လဘက်ရေပုဂ်ံမှာ မီးဓာတ်လေးပါး, အကြောင်းတရား လေးပါးတို့ဟာ၊ ဘယ်လိုနေကြသလဲ ဒါကိုရှာရတော့မယ်၊ ဒီတော့ အကြောင်းတရားလေးပါးဆိုတာက ကံ, စိတ်,ဥတု,အာဟာရ ပါ။

မီးခေတ်လေးပါးဆိုတာကပရိပါစကမီးခေတ်,ဥသမမီးခေတ် သန္တပွနမီးခေတ်, ဒဟမီးခါတ်ပါ၊ ပရိပါစကမီးခါတ် ဆိုတာ ဘာလဲ၊ မိမိခန္ဓာကိုယ်မှာပြန်ကြည့်ပါ၊ မိမိစားသောက်တဲ့ အစာ အာဟာရတွေကို ကျေချက်တဲ့မီးခေတ်ပါ၊ ဒီမီးခေတ်ဟာ ချက်တိုင်မှာရှိတယ်၊ ဒီမီးခေတ်ကို ပိဋ္ဌကတ်က ဇီဝိတိန္ဒြေလို့ ခေါ်တယဲ၊ အဲဒါ အသက်ကိုအစိုးရတယ်၊ ငါ့ အသက်ကို စောင့်ရှောက်နေဘဲ့ မီးခေတ်ပါ။

ဒီမီးခေတ်မချုပ်သမျှ အသက်မသေပါ၊ ဒီမီးခေတ်ကိုယူပြီးတော့ လဘက်ရေပုဂံမှာ ဒီမီးခေတ်ဟာ ဘယ်အနေနဲ့ရှိသလဲ ဒီလဘက်ရေပုဂံထဲကိုသွင်းကြည့်ပါ၊ အသက်မရှိတဲ့ အရာဝတ္ထုတွေမှာရော မရှိဘူးလားဆိုတာကို ယခုလက်တွေ့ချရတော့မယ်၊ ဒီတော့ လဘက်ရေပုဂံမှာ ပရိပါစကမီးခါတ်ဟာ ဘယ်အနေနဲ့ရှိသလဲလို့မေးရင် ဘယ်လိုပြောမလဲ၊ ဒါကိုမြင်ရင် အဆင့်အတန်းမြင့်သွားပြီ၊ ဒီထိအောင် မီးခါတ်ကိုရှာရမယ်။

ဒါမှ သမ္ဘဝဃနကြီးကို ခွဲစိတ်လိုက်တဲ့အခါမှာ ဒီမီးခေတ်လေးတွေကနေ ရုပ်နာမ်လေးတွေ ထွက်လာလိမ့်မယ်၊ ဒါကို ပဌမ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ခွဲစိတ်လိမ့်မယ်၊ ဒုတိယ ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ ၊ တတိယ သမ္မသနဉာဏ်နဲ့ ၊ စတုတ္ထ ဥဒယဗ္ဗယဉာဏ်နဲ့ ခွဲစိတ်ရမယ်၊ သူ့ရဲ့ဟိုဘက်မှာ ခွဲစိတ်လို့မရတော့ပါ၊ ဆရာတော်ခွဲစိတ်ပြတာထက် ပြတဲ့ရိပ်သာတွေ ရှိသေးသလား သိလာပါလိမ့်မယ်။

ကိုင်း....လဘက်ရေပုဂံမှာ ပရိပါစက မီးခေတ်ဟာ ဘယ်အနေနဲ့ ရှိနေသလဲ ဆိုတာကို ရှာ ရတော့မယ်၊ အဋ္ဌသာလိနီ

အင္ဂုတ္တရာ ဆရာကြီးက မီးခြတ်လေးပါးကို ဖွင့်သွားသော်လဲ လုပ်ငန်းစဉ်အနေနဲ့ မပြခဲ့ပါ၊ ဒါကို ယခု လုပ်ငန်းစဉ် အနေနဲ့ ပေးနေပါပြီ၊ ဒီတော့ ပရိပါစက မီးခြတ်ဟာ အပူနဲ့အအေး ညီညွတ်ပြီး ပေါင်းစပ်နေတာကိုခေါ်တယ်၊ ဝိဋ္ဌကတ်က—

"နာတိသီတသေ နဇ္ဇုဏှာယ သမဝေပါကိနိယာ ဂဟနိယာ သမ္ဘုန္နာဂတော"

လို့ ဖွင့်ပြလာတယ်။

နာတိသီတသော၊ မအေးလွန်းသော။ နဇ္ဇုဏှာယ၊ မပူလွန်းသော။ သမဝေပါကိနိယာ၊ အခြင်းခပ်သိမ်း မျှတညီညွတ်သော။ ဂဟနိယာ၊ ဝမ်းမီးနှင့်။ သမ္ဘုန္နာဂတော၊ ပြည့်စုံရမယ်လို့ ဖွင့်လာပါတယ်။

ဒီတော့ ပရိပါစက မီးခြတ်မှာ လျှပ်စစ်မီးခြတ်ရှိတယ်၊ ဒီ လာဘ်ရေပုဂ္ဂိုလ်မှာ ပရိပါစက မီးခြတ်ဟာ စောင့်ရှောက်တဲ့ ဗျာပါရအနေနဲ့ ရှိနေတယ်၊ ဒါကြောင့် လာဘ်ရေပုဂ္ဂိုလ်ဟာ အနှစ်လေးဆယ် အနှစ်ငါးဆယ် ခံနေတာပါ၊ ဒါကြောင့် တေဇောမာတ်လေးမျိုးကို တွေ့အောင်ရှာရမယ်၊ ဒါမှ ထွင်းဖေါက်လာနိုင်မယ်၊ ဒါမှ သဘာဝဥာဏ်တွေ ရင့်သန်လာမယ်၊ ဒီတော့ ပရိပါစက မီးခြတ်ဟာ လာဘ်ရေပုဂ္ဂိုလ်မှာ စောင့်ရှောက်တဲ့ အနေနဲ့သာ ရှိတယ်လို့ ယူထားလိုက်ပါ၊ သို့သော်လဲ လာဘ်ရေပုဂ္ဂိုလ်မှာ သန္ဓိပဓန မီးခြတ်နဲ့ ဒဟ မီးခြတ်ကြီးက ထင်ရှားစွာ ရှိနေလို့ ပရိပါစက မီးခြတ်နဲ့ ဥသမ မီးခြတ် နှစ်ပါးတို့ဟာ မြုပ်နေတာပါ၊ နေ့ခင်းကျမှာဲ့ မြုပ်ပုံ,ပေါ်ပုံကို ရှင်းအောင် ဟောပြပါ့မယ်။

နောက် ဥသမမီးဓာတ်ဟာ အပူနဲ့အအေး ညီညွှတ်ပြီး သွေးသည်းခြေ, လေ, သလိပ် တွေမှာ သွားလာနေတာကို ခေါ်တယ်၊ ထင်ရှားအောင် ပြရမယ်ဆိုရင် ဒါကို ကိုယ်ငွေ့လို့ ခေါ်ဘယ်၊ မိမိရဲ့ခန္ဓာကိုယ်မှာ သွေးစမ်းလို့ရတာဟာ ခြောက်ဌာနရှိတယ်။

၁။ ဦးခေါင်းမှာ နှစ်ချက်၊

၂။ လက်မှာ တဖက် တချက်စီ၊

၃။ ခြေကျင်းဝတ်မှာလဲ တဖက် တချက်စီ၊

အားလုံးပေါင်း ခြောက်ချက်ရှိတယ်။

ဒီဥသမ မီးဓာတ်ကို ကိုယ်ငွေ့လို့ခေါ်ဘယ်၊ အဲဒီ ဥသမ မီးဓာတ်ဟာ လဘက်ရေပူဝုံမှာ ဘယ်အနေနဲ့ ရှိနေသလဲ၊ဒါကို ရှာကြည့်ပါဦး၊ ပြောပြမယ်–လောကကြီး တခုလုံးမှာ အပူနဲ့ အခေါတ်တို့ဟာ ရှိနေကြတယ်၊ နံနက် ခြောက်နာရီကနေစပြီး နေမင်းကြီးဟာ ပေါ်ထွက်လာတာနဲ့ အပူရှိန်တွေဟာ တက်လာတယ်၊ ညနေ ခြောက်နာရီလဲကျရောအပူရှိန် ပျောက်ပြီး လမင်းကြီးထွက်လာလို့ အအေးပိုင်းကိုရောက်လာပြန်တယ်။

အဲဒီလို အဝိညာဏက, သဝိညာဏက တွေမှာကို အပူနဲ့ အအေးတွေဟာ ကိန်းပြီး ကျန်ရစ်ခဲ့တယ်၊ ဒီလိုအပူနဲ့ အအေးပေါင်းလိုက်တာကို ဖုံလ်ဓာတ်နဲ့ မဓာတ်ပေါင်းတယ်လို့ ခေါ်တယ်၊ အပူကဖုံလ်ဓာတ်၊ အအေးက မဓာတ်၊ ဒီနှစ်ပါးပေါင်းလိုက်တာနဲ့ ဌာဖြစ်ပြီးတော့ ဥတုသဘော ရုပ်လေးတွေကာ ပွားစီးလာတယ်။

ဒါကို အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းက—

သီတုဏှောတု သမညတာ ဝေဒေါဓာတု
ဋ္ဌိတိပ္ပတ္တာဝ ဥတုသမุဋ္ဌာန ရူပံ။

လို့ ပြလာပါတယ်၊ အဲဒါဋ္ဌိဆိုတဲ့ ဥတုသဘောလေးတွေ ထွက်လာတော့တယ်၊ အဲဒီဋ္ဌိသဘောလေးကို ဥသမမီးဓာတ်လို့ ခေါ်တယ်၊ ဖိုဓာတ်နဲ့ မဓာတ်ပေါင်းဆုံလိုက်ရော ဒီ သဘောလေးပေါ်ထွက်လာတယ်၊ ဒါကို မှတ်တမ်းတင်တော့ ဥသမမီးဓာတ်လို့တင်လာတာပါ ဒီလဘက်ရေပုဂံထဲမှာ ဥသမမီးဓာတ်ဟာလဲ မပြဋ္ဌာန်းပါ။

သို့သော်လဲ ကိုန်းနေတဲ့ အနေနဲ့ရှိနေတယ်၊ ဒါကိုပျက်ကိန်းထဲမှာ ဖြစ်ကိန်း ကိန်းနေတယ်လို့ယူလိုက်ပါ၊ သန္တာန်ပွန်မီးဓာတ်ကလဲ ပြင်းစွာ ပူလောင်တာပါ၊ ပြောပြမယ် - ခန္ဓာကိုယ်ကြီးမှာ သူ့သဘာဝနဲ့သူ သွားနေတာတွေဟာ တခုနဲ့တခုဆုံလိုက်တဲ့အခါမှာ ဝိရောဓိဖြစ်ပြီး (ဝါ)မညီမညွတ်ဖြစ်ပြီး အဲဒါ နာဖျားလာတော့တယ်၊ ဒီမီးဓာတ်ကို ဘုရားရှင်က ဗျာဓိဒုက္ခလို့ ဟောကြားထားပါတယ်၊ ဒီမီးဓာတ်ဟာ မိမိရဲ့ ခန္ဓာကိုယ်ကြီးမှာ နာဖျားလာတဲ့အခါမှာ ပိုပြီးထင်ရှားလာပါတယ်။

ယခု ဒီလဘက်ရေပုဂံမှာ ကျတော့ သန္တာန်ပွန်မီးဓာတ်ဟာ ဘယ်အနေနဲ့ရှိနေသလဲဆိုရင် လောင်မြိုက်တဲ့အနေနဲ့ရှိနေတယ်၊ ဒီလိုသန္တာန်ပွန်မီး လောင်မြိုက်လာမှ ဒဟမီးဓာတ်ကြီးဟာ အကျိုးထင်လာတော့တယ်၊ ဒီမီးဓာတ်ကို ဘယ်ထိအောင်ယူရမလဲဆိုရင် (ဥပမာ) သရက်ရွက်လေးတွေ ကြေကျတယ်၊ သရက်သီးတွေ

မှည့်ပြီးကြေကျတဲ့အထိ သန္ဓပ္ပန် မီးဓာတ်ကိုယူပါ၊ နောက် ဒဟ မီးဓာတ်ဆိုတာကတော့ နောက်ဆုံးလောင်မြိုက်ပြီးတော့ အကျိုးတရားလာထင်နေတာပါ၊ (၀၊) လောင်မြိုက်လိုက်တာနဲ့ မသာ လောင်းကြီးသာ ဖြစ်နေတာကိုယူပါ။

လာဘ်ရေပုဂ်ံမှာလဲ ဒီမီးဓာတ်ကြီးရှိနေလို့ ဒီလာဘ်ရေပုဂ်ံဟာ တနေ့နေ့မှာ တဖြည်းဖြည်းဆွေးမြေ့ ပျက်စီးဦးမှာဘဲ၊ ဒါဟာ _ ဒဟမီးဓာတ်ကြီး လောင်မြိုက်လိုက်တာပါ၊ ကိုင်း ဒီနေ့ မီးဓာတ်လေးပါးနေပုံ၊ အကြောင်းတရားလေးပါးတွေ့နေပုံ ကိုပါ အနည်းငယ် ဘင်ဆက်ပြီး ပြလိုက်ပါပြီ၊ နေ့ခင်းပိုင်းမှာ ဘင်ဆက်ပြီးတော့ ဒီပုံစံကို ဥဒေါ်ခင်းချရပါတော့မယ်။

ကိုင်း– သာဓုခေါ်ကြပါတော့

သာဓု–သာဓု–သာဓု!!

ဝါဆိုလဆုတ် ၃=ရက်နေ့ မုံစံနံပါတ် (၂) နေ့ဟောစဉ်။

ကိုင်း မနေ့က ဓာတ်လေးပါးတို့ရဲ့ အလွန်အယုတ်ကို ပြခဲ့ပါပြီ၊ ဒီနေ့မီးဓာတ်ကြီးလေးပါးနေပုံ၊ အကြောင်းတရား လေးပါးနေပုံကိုပင် ဟောပြပါမယ်၊ ။ တော့ ဓာတ်ကြီးလေးပါးတို့ဟာ ဘာ့ကြောင့် အတိုးအဆုတ် ဖြစ်နေသလဲ၊ ဒီတရားဇာတ်ကြီးတွေဟာ မဟိဒ္ဓိဓာတ်ကနေပြီး ထုတ်လာတဲ့တရားတော်ကြီးတွေပါ၊ ဒါကြောင့် သတ္တဝါတွေဟာ မြင်နိုင်ခဲတယ်၊ တန်ခိုးရှင်ကြီးတွေရဲ့ အရိပ်ကနေပြီးတော့ ယခု ဟောနေရတာပါ၊ ကမ္မဋ္ဌာန်းကျောင်းတိုက်တွေ လေးဆယ်လေးတိုက်ဆောက်ပြီးမှ ဒီ မဟာသတိပဋ္ဌာန်လုပ်ငန်းစဉ်တရားတော်ကြီးကို ဟောတာပါ။

ဒီတော့ ဘာကြောင့် ဓာတ်လေးပါးတို့ဟာ အတိုးအဆုတ် ဖြစ်နေရသလဲ၊ ဒီတော့ ပညာရှိသုခမိန်ဟာ "တိဏ္ဏ မညြတ် ယာမာနံ၊ ပဒီဇဂ္ဂေယျ ပဏ္ဍိတော" လို့ မိန့်တော် မူထားတဲ့ အဆိုင်း ပညာရှိပုဂ္ဂိုလ်ဟာ အရှယ်သုံးပါးတို့တွင် တပါး ပါးသော အရှယ်ကိုစွန့်ရတယ်၊ ယခုတော့ "ဒဂ်ါးကြီးက" မစွန့်နိုင်သေးပါ၊ ကိုင်းထပ်ပြီး ဖြေပါအုံး၊ ဓာတ်ကြီး လေးပါး တို့ဟာ ဘာကြောင့် အတိုးအဆုတ်ဖြစ်နေရတာလဲလို့ မေးရင် ဘယ်ကို ဖြေမလဲ၊ ဒီတော့ဘုရားရှင်ပဋ္ဌာန်တော်မမူခဲ့အခါမှာ အနိစ္စ, ဒုက္ခ တရားသာလျှင် ဟောကြားနိုင်ပါတယ်၊ အနတ္တတရားကို မဟောကြားနိုင်ပါ၊ ဝါ=ဒိသမူဟ ဃနကြီးကို မခွဲစိတ်နိုင်ပါ။

ခွဲစိတ်လို့ မရပုံလေးကို ပြောပြမယ်၊ "ဂစ္ဆန္တောဝ၊ သွားသော်လည်း။ အဟံ၊ ဂါသည်။ ဂစ္ဆာမိ၊ သွား၏။" ဒီတော့

သွားတယ် သွားတယ် ဆိုဘာကိုပင်လျှင် လုပ်ငန်းစဉ်ပေးတော့ သွားတယ် သွားတယ်ဆိုပြီး ရှုနေတယ် ဒါဟာဘာကို ရှုနေတာလဲလို့မေးရင် အဲဒါ ခြေဖဝါး ခြေထောက်ကြီးကို ရှုနေတာပါလို့ဘဲ ပြောကြမှာဘဲ မဟုတ်လား၊ ဒီတော့ ခြေဖဝါး ခြေထောက်ဆိုတဲ့ ဃဏန်ကြီးခံနေတာဘဲ မဟုတ်လား၊ ဒီတော့ ဘယ်မှာဟုတ်တော့မလဲ မိမိရဲ့သညာအမှတ်ထဲမှာကို မှတ်လိုက်တဲ့ သဘာဝလေးဟာ မြဲလာရမယ်၊ ဒါမှဟုတ်မယ်မဟုတ်လား။

ဘဝ့ကြောင့်ဝတ်ကြီးလေးပါးတို့ဟာ လွန်ရ,ယုတ်ရသလဲဆိုရင် ဘာကိုကြည့်ရမလဲ၊ ဒီတော့ဝတ်ကြီးလေးပါးဟာ လက္ခဏာအားဖြင့် ပြားနေလို့ သာ လေးပါးထွက်နေတာပါ၊ ဒါကိုကျဉ်းလိုက်စမ်းပါ, လက္ခဏာပြားပေးတာဟာ သညာဝိညာဏ် နှယ်သမားတွေ အတွက် ပြားပေးရတာပါ။ တရား အားထုတ်တဲ့ ပုဂ္ဂိုလ်ဘက်ကျတော့ ဒီပြားနေတာကို ကျဉ်းရမည် "သဘောဟုတ်မှ လောကုတ္တရာ၊သဘောမဟုတ်တော့ လောလုပ်တဏှာ" တဲ့၊ ဒီတော့ " ကောခမ္မော " ဖြစ်အောင် ကျဉ်းလိုက်စမ်းပါ။

ဒီတော့ ခမ္မဘွဲ့ဟာပေါင်း ရှစ်သောင်း လေးထောင် တို့ကို အကျဉ်းချုံးရင် သုတ်, အဘိဓမ္မာ, ဝိနည်း ဒီသုံးမျိုးဘဲ တွက်လာတယ်၊ ဒါကိုကျဉ်းရင် သုံးဆယ်ခုနှစ်ပါးသော ဗောဓိပက္ခိယတရားထွက်မယ်၊ ဒါကိုကျဉ်းရင် မဂ္ဂင်ရှစ်ပါးသာထွက်တယ်၊ ဒါကိုကျဉ်းရင်နောက်ဆုံး ခမ္မရသ, ဝိမုတ္တိရသ နှစ်ပါးသာ ထွက်တယ်၊ ဒီနှစ်ပါးကို ထပ်ကျဉ်းရင် ဝိမုတ္တိရသတစ်ပါးသာ ထွက်တယ်။

သည်ဝိညာဏ်က လွတ်မြောက်တာကို (၀၊) ကိလေသာတရားတွေသုဉ်းဆိတ်သွားတာကို ဝိမုတ္တိရသလို့ ခေါ်တယ်၊ ဒီတော့ ဓာတ်ကြီးလေးပါးတို့ရဲ့ လက္ခဏာလေးတွေပြားနေတာကို "ကောဓမ္မော" ဖြစ်အောင် ပေါင်းလိုက်ရင် တေဇောဓာတ်လေးတလုံးသာရှိရမယ်၊ဒီတော့ သဘာဝဥာဏ်ရှိရင်ပေါင်းနိုင်ရမယ်၊ ခွဲနိုင်ရမယ်၊ ကျဉ်းနိုင်ရမယ်၊ အတိုဥာဏ်, အရှည်ဥာဏ်တွေ့ဖြစ်လာရမယ်၊ဒီဓာတ်ကြီးလေးပါးကိုအကျဉ်းချုံးရင် တေဇောဓာတ်တလုံးသာရတယ် ဆိုတာဟာသဘာဝနည်းပါ။

ဒီတော့ ကမ္ဘာကြီးဖြစ်လာတာလဲ ဒီဘေဇော့ဘဲ၊ကမ္ဘာပျက်သွားတာကျတော့လဲ ဒီတေဇောဘဲ ဒီတော့ ဖြစ်တဲ့တေဇော, ပျက်တဲ့တေဇောပါ၊ဓာတ်ကြီးလေးပါးကို စဉ်တဲ့အခါမှာ တမျိုးစဉ်ရမယ်၊ ဖြစ်ဘို့တေဇောကနေစဉ်ရင် တေဇော,ဝါယော,အာပေါ, ပထဝီ၊ ပျက်တဲ့ တေဇောကနေပြီးစဉ်ရင် ပထဝီ,အာပေါ ဝါယော,တေဇော-ဆိုပြီးစဉ်ရတယ်၊ အာနာပါနကျော့ ပျက်တေဇောကနေပြီး စ,လာပါတယ်၊ ဝိပဿနာကျတော့ ဖြစ်တေဇောကနေစ,လာပါတယ်။

ဒီတော့ ဓာတ်လေးပါးပေါင်းလိုက်ရင် တေဇောဓာတ်တလုံးထဲကျန်တယ်၊ ဒီတေဇောဓာတ်ကို ပြောပြမယ်၊ တေဇောဟာလဲ ထက်တဲ့တေဇော,နုံ့တဲ့တေဇောဆိုပြီး နှစ်မျိုးရှိတယ်၊ တေဇော ဘော်ပူတယ် အေးတယ်လို့ ပြောနေတာဟာ ဗီနွှောဆေးဆရာတွေ့ပြောတဲ့ အပြောပါ၊ ပိဋကတ်က ပြောတဲ့ တေဇောဟာ တိက္ခသဒ္ဒါကနေပြီးလာတယ်လို့ပြတယ်၊ တိက္ခဆိုတာ ထက်တဲ့သဘောပါ၊ ထက်တဲ့သဘောရှိရင် နုံ့တဲ့သဘောလဲရှိနေမှာဘဲ

မဟုတ်လား၊ ထက်တဲ့ တေဇောဟာလဲ အကြောင်း ညီညွတ်မှု ဖြစ်နိုင်တာဖြစ်ခြင်းကြောင့် အကြောင်းမညီညွတ်ရင် နေ့ မှာဘဲ မဟုတ်လား။

သဘာဝကတော့ အတူပါဘဲ၊ ထက်တာနဲ့ တာဘဲ ရှိပါတယ်၊ သဘာဝအနေနဲ့ ပြောမယ်ဆိုရင် ထက်တဲ့ သဘောဟာ အကြောင်းတရားလေးပါးမီးခတ်လေးပါးတို့ ညီညွတ်ပေါင်းစည်းလိုက်တဲ့သဘောကိုယူပါ၊ တခုနဲ့ တခု မညီညွတ်ရင် နေ့ လာတယ်၊ ဒါဟာ သစ်တလောကကြီးမှာ အစဉ် ပြုပြင် နေတယ်၊ ထက်တဲ့သဘောက နာမ်ဘက်ကိုသွားတယ်၊ နေ့ တဲ့သဘောက ရုပ်ဘက်ကိုသွားတယ်၊ ဒီတော့ တေဇောခတ်ရဲ့ ဗျာပါရ အမှုအရာလေးကို ရုပ်နာမ်လို့ ပြောတာပါ၊ရှေ့ကျတော့ရင်တေဇောခတ်ကို မထုတ်တော့ဘဲ ရုပ် နာမ် လို့သာ ဖေါ်ပြလာတော့မယ်။

ဒါကြောင့် ခတ်ကြီးလေးပါးကို ပေါင်းလိုက်ရင် (၀၊) ကျဉ်းလိုက်ရင် တေဇောတလုံးသာကျန်တယ်၊တေဇောခတ်ဟာ ထက်တယ် နဲ့ တယ်ဆိုပြီး အမှုအရာ နှစ်မျိုးရှိတယ်၊ ဒီတေဇောခတ်နောက်ကို ကျန်ခတ် သုံးပါးက အစဉ် လိုက်ရတယ်၊ တေဇောခတ် "ထက်"လိုက်ရင် ပထဝီခတ်က မာပေးရတယ်၊ အာပေါခတ်က ဖွဲ့စည်းပေးရတယ်၊ ဝါယောခတ်က တွန်းကန်ပေးရတယ်၊ တခါ တေဇောခတ်က နေ့ လာပြန်ရင်လဲ ပထဝီခတ်က ပြေ့ပေးရတယ်၊ အာပေါခတ်က ယိုစီးပေးရတယ်၊ ဝါယောခတ်က လှုပ်ရှားပေးရတယ်၊ ဒီတော့ ခတ်ကြီးလေးပါး ဘာ့ကြောင့် အလှန်အယှုတ် ဖြစ်နေသလဲလို့ မေးရင် "တေဇောခတ်ကြောင့်ပါဘုရား"လို့ ဖြေရမယ်။

တေဇောဓာတ်မှာ အတိုး အဆုတ် (၀၊) ထက်တယ် နဲ့ တယ်ဆိုတဲ့ နှစ်စုံရှိခြင်းကြောင့် ဒီနှစ်စုကို လိုက်ပြီး တိုးရဆုတ်ရတာပါ၊ ဒီတေဇောဓာတ် ဘာကြောင့် ထက်တယ်နဲ့ တယ်လို့ ဖြစ်နေသလဲလို့ ဆိုပြန်ရင် အကြောင်းတရားလေးပါး မီးဓာတ်လေးပါး ညီညွတ်ရင် ထက်တယ်၊ မညီညွတ်ရင် နဲ့ တယ်၊ (တနည်း) ပရိပါစကမီးဓာတ်နှင့် ဥသမမီးဓာတ် နှစ်ပါးတို့ကနဲ့ တယ်၊ သန္တပနမီးဓာတ်နဲ့ ဒဟမီးဓာတ်က ထက်တယ် ဒီလို ဖြေရမယ်။

မီးဓာတ်လေးပါးကိုပြောအုံးမယ်၊ ပရိပါစက မီးဓာတ်ကိုလဲ ညက ပြောခဲ့ပါပြီ၊ ဒီ ပရိပါစကမီးဓာတ်ကို ဇီဝိတိန္ဒြေလို့ ခေါ်တယ်၊ ဇီဝိတက အသက်၊ ဣန္ဒြေက အစိုးရတယ်၊ (၀၊) စောင့်ရှောက်တယ်၊ ဒီတော့ အသက်ကိုအစိုးရတယ်၊ (၀၊)အသက်ကို စောင့်ရှောက်တယ်၊ ဒီ မီးဓာတ်ချုပ်မှ လူသေတယ်လို့ ခေါ်တယ်၊ ဒီ မီးဓာတ်ဟာ ချက်တိုင်မှာရှိနေတယ်၊ ချက်တိုင်မှာ ဘယ်လိုဖြစ်နေသလဲဆိုတော့ အပူ အဇ ညီညွတ်နေတာကို ခေါ်တယ်၊ဒီ မီးဓာတ်ဟာ လျှပ်စီးဓာတ်မီး အနေနဲ့ ရှိတယ်၊မင်းတရားဖိုလ်တရားကို ရတာနဲ့ ဒီ မီးဓာတ်ကနေ လျှပ်စစ်မီးဓာတ်လေး ပွင့်လာတယ်၊ လျှပ်စစ်မီးဓာတ်လေး ပွင့်လာပြီး ဒီ ဝန္ဓာကိုယ်ကြီးကနေ "ဒီနားကနဲ့ ဒီဘက်ကနဲ့" မြည်ပြီးထွက်သွားတယ်၊ ဒီ မီးဓာတ်ဟာ အချို့ပုဂ္ဂိုလ်တွေမှာ တခါတလေတော့ ခရနံဆိမ်းလို ဗယောင်းတိုင်မီးလို သစ်ရွက်တွေ မီးရှို့တဲ့မီးလို ပွင့်နေကြတယ်။

ဒါဟာ တိဟိတ်, ဒ္ဝိဟိတ်, အဟိတ် ပုဂ္ဂိုလ်တွေကိုလိုက်ပြီး ပွင့်တာပါ၊ ဒီ မီးဓာတ်လေးဟာ လျှပ်စစ်မီးဓာတ်လက်သလို ပွင့်လာရင် တိဟိတ်ပုဂ္ဂိုလ်ပါ၊ ဒါကို ကျောက်နဂါးမီးဓာတ်လို့

ခေါ်တယ်၊ သူရဲ့အရောင်ဟာ ၄ုက်ပျောညွှန့် အရောင်လိုပါဘဲ ဒါကြောင့် ဝိဇ္ဇုပမာ လျှင်စစ်ရောင်လျှင် ဥပမာရှိသော"လို့ ပြလာတယ်၊ ဒါဟာ အောက်မင်္ဂလာ်သုံးပါးကို ကောက်ပါတယ်၊ "ဝဇိရူပမာ၊ ဝဇိုန်မိုယ်းကြီးလျှင် ဥပမာရှိ၏သော" ဆိုတာက အထက်မင်ကြီးကိုကောက်ပါတယ်။

ဒီတော့ ပရိပါဝကမီးခြောက်ဟာ လဘက်ရေပုဂ်မှာ သစ်ပင်တွေမှာ ဘယ်လိုရှိသလဲ၊ ပိုဋ္ဌကတ်က သက်ရှိ သက်မဲ့ အရာဝတ္ထုတွေမှာ စောင်ကောလေးမျိုး ရှိပါတယ်လို့ ဖွင့်ပြထားပါတယ်၊ ဒီ မီးခြောက်တွေမှ မမြင်ဘဲနဲ့ ရုပ်နာမ်ရှာနေရင် ဘယ်မှာရမလဲ၊ ဒီတော့ ဃနကြီးကို ချေလိုက်တာနဲ့ မီးခြောက်လေးပါးဟာ ၄ုတ်ဘုတ်ကြီး ကျွန်နေပြီ၊ ဒီကနေ ရုပ်နာမ်ကို တဖြေးဖြေးရှာပြီးတော့ နောက်ဆုံး မဂ္ဂဇုလထအောင် တက်သွားတော့မယ်။

တိက္ခဟာသ (လ)အနှစ်ကို တေနိုင်မှ ဆိုတဲ့အတိုင်း ဒီတော့ အမှန်ကိုခွါ ဆိုတာက အာကာသဘော သုဉ်းဆိတ်အောင်လုပ်တာပါ၊ အကာကိုရှားဆိုတာက ပညတ်လေးပါးကို သိမ်းတာပါ၊ အသားကိုချေဆိုတာက အကြောင်းတရားလေးပါးကို သိမ်းတာပါ၊ နောက်ဆုံး ဌမီးခြောက်လေးပါး ကျွန်မှ အနှစ်ကို တေပြီးတက်သွားတော့မယ်၊ လိုတေလာနိုင်ရင် ရုပ်နာမ်ထွက်လာတော့မယ်၊ ငါးပါးသော သောဒရင်မှာဝင်တဲ့ မဟာသတိပဋ္ဌာန်တွေ ပေါက်ပြီး ပေါက်လာတာနဲ့ အဟုန်ဝင်ဒို့ အဏ္ဏာရုံဝင်ဒို့ ဘဏ္ဍာယဒိဋ္ဌိတွေပြုတ်ပြီး အပါယ်လေးပါးတံခါးတွေ ပိတ်သွားပြီ။

ဒါကို တလသင်တန်းပေးရမယ်၊ ကိုင်း လဘက်ရေပုဂ်ံလဲကို သွင်းပြစမ်းပါ၊ အပူခတ်နဲ့အခေါတ်ညီညွတ်နေတာကို ဥသမ

မီးခဲတစ်လို့ ခေါ်တယ်၊ ဒီဥသမမီးခဲတစ်ဟာ နှလုံးအိမ်မှာရှိတယ်၊ ဒီမီးခဲတစ်ကို ကိုယ်ငွေ့လို့ ခေါ်တယ်၊ ဒီကိုယ်ငွေ့ဟာ ခန္ဓာကိုယ်ကြီးမှာ (ဗဒ္ဓ)သည်းခြေအိမ်ဖြင့် ဖွဲ့နေတယ်၊ (အဗဒ္ဓ) သည်းခြေကျတော့ တကိုယ်လုံးပြန့်နှံ့နေတယ် သူ့ကို သဠာရဏ)သွေးလို့ ခေါ်တယ်။

ဒီသွေး,သည်းခြေတွေဟာ တကိုယ်လုံး ညီညွတ်ပြီးသွားလာနေတာကို ဥသမမီးခဲတစ်လို့ ခေါ်တယ်၊ ဒီမီးခဲတစ်ဟာ ခန္ဓာကိုယ်ကြီးမှာ သေးအာ,လေအားတွေနဲ့ အပတ်ပေါင်းခြောက်ဆယ် ပတ်နေတယ်၊ ဒီမီးခဲတစ်ကိုလဲ လာဘက်ရေပုဂံတွေ, သစ်ပင်ဘွဲထဲကိုသွင်းကြည့်စမ်းပါ၊ ဘယ်အနေနဲ့ ရှိနေကြသလဲ၊ ဒီတော့ ရုပ်နာမ်ကို အလယ်လမ်းအနေ နှင့် တချက်ထဲ မြင်လိုက်တားနဲ့ ကလျာဏ မျက်စေ့ ပေါက်တာဘဲ၊ ဒီတော့ သစ်ပင်မှာ ဥသမမီးခဲတစ်ရှိပုံကို ပြောပြမယ်၊နေမင်းကြီးဟာ နံနက် ခြောက်နာရီမှ စပြီး ပူလာတယ်၊ ဒီပူလာဘဲ့ အားရှိန်တွေဟာ ဒီသစ်ပင်ထဲဝင်ပြီး ကိန်းနေတယ်။

တခါညကို ရောက်ပြန်တော့လဲ အခေတ်ကြီး ဖြစ်လာပြန်တယ်၊ ဒီအခေတ်ကလဲ ဒီသစ်ပင်ထဲကိုဘဲ ဝင်ကိန်းပြန်တယ်၊ ဒီတော့ အပူတေဇောခတ်က ဖိုခတ်၊ အေတေဇောခတ်ကမခတ်၊ ဖိုခတ်နဲ့ မခတ်ပေါင်းလိုက်တော့ ရုပ်လေးတွေပွားစီးလာတယ်၊ ဒါကို ဌီလို့ ခေါ်တယ်၊ ဒီ–ဌီ သဘောဟာ သစ်ပင်ထဲမှာ ကိန်းနေတဲ့ အတုက် သစ်ပင်တွေဟာ တဖြေးဖြေးပွားစီး လာတော့တယ်၊ ဒါကြောင့် ဌီသို့ ရောက်လာမှသာ ရုပ်ဟာ ပွားစီးနိုင် တယ်လို့၊ "သီတုဏှောတု သမညတာ တေဇောခါတု ဌီတိပွတ္တာဝ ဥတုသမုဋ္ဌာနရူပံ" လို့ သင်္ဂြိဟ် ကျမ်းက ပြလာတယ်။

ဒါဟာ ဥတုအကြောင်း ဖြစ်ဘဲ့ ဌိသဘောပါ၊ ဒီ-ဌိကို ဥသမမီးခေါတ်လို့ခေါ်တယ်၊ ဘယ်ထိအောင်ပွားစီးလာသလဲဆို ရင် ဌိဟာလဲ ခဏဌိ, သန္တတိဌိ, ပဗ္ဗဋ္ဌိလို့ သုံးမျိုးရှိတယ် ခဏဌိဆိုတာက ဥပါဒ်-ဌိ—ဘင်တွေ အနေနဲ့ ဖြစ်နေတာကို ခေါ်တယ်၊ သန္တတိဌိ ဆိုတာက ရုပ်တွေအစဉ်မပြတ်(၀ါ) မြစ် ရေများ အစဉ်မပြတ်စီးနေတာလို့ ဖြစ်နေတာကို ခေါ်တယ်၊ ပဗ္ဗဋ္ဌိ ဆိုတာက ရုပ်ဘွဲ့ နေ့စဉ်ရက်ဆက် ပွားစီး နေတာကို ခေါ်တယ်။

ယခု ဥသမမီးခေါတ်ကို ပဗ္ဗဋ္ဌိ လို့ခေါ်တယ်၊ နောက်တခါ သန္တပွန မီးခေါတ်ဆိုတာက မကျန်းမမာ နာဖျားလာတာကို ခေါ်တယ်၊ ဒဟမီးခေါတ်ကျတော့ လူသေအောင် တခါထဲ လောင်မြိုက်သွားတော့တယ်၊ ဒီတော့ ပရိပါစက မီးခေါတ်နဲ့ ဥသမမီးခေါတ်က ဖြစ်ကိန်း၊ သန္တပွနမီးခေါတ်နဲ့ ဒဟမီးခေါတ်က ပျက်ကိန်းပါ၊ သစ်ပင်တွေမှာ စိမ်းလန်းစိုပြေနေတာဟာ ပရိ ပါစကမီးခေါတ်နဲ့ ဥသမမီးခေါတ် ဖြစ်ကိန်းရှိနေတယ်၊ သစ်ရွက် တွေ ၀ါပြီး တဖြေးဖြေး ကြေကျလာတာကျတော့ သန္တပွန မီးခေါတ်နဲ့ ဒဟမီးခေါတ် ပျက်ကိန်းဖြစ်လာတယ်၊ ဒီမီးခေါတ် လေးပါးကြောင့် ဒီကမ္ဘာကြီးဟာ ဖြစ်နေ—ပျက်နေတာဘဲ မဟုတ်လား။

ဒီတော့ လဘက်ရေပုဂံထဲမှာ သန္တပွနမီးခေါတ်နဲ့ ဒဟ မီးခေါတ်သာ ပြဋ္ဌာန်းပြီးနေတယ်၊ ပရိပါစကနဲ့ ဥသမမီးခေါတ် ရှိသော်လဲ မပေါ်ဘဲ ငုပ်နေတယ်၊ (ဥပမာ) သစ်ရွက်များကြေ နေသလိုဘဲ၊ သန္တပွနမီးခေါတ်နဲ့ ဒဟမီးခေါတ်တို့ လောင်မြိုက် လာတာသည် နာမနဲ့ သဏ္ဌာန ပညတ်ကွေ့ ဖန်ဆင်းလာပြီ၊

ဒါကြောင့် ပညာက်နယ်မှာ ရှိနေတယ်၊ ပရိပါစကမီးဓာတ်နဲ့ ဥသမမီးဓာတ်တို့ဟာ ပညာနယ်မှာ ရှိနေတယ်၊ အဲဒါ ရှိတာသည်ပင် ထင်ရှားအောင် မတွေ့မမြင်နိုင်ပါ၊ ဒီတော့ လာက်ရေပုဂ်မှာ ဒီ မီးဓာတ်လေးပါးဟာ ရှိနေတယ်၊ ဓာတ်ကြီးလေးပါးဟာလဲ ရှိနေတယ်၊ ဒါဖြင့် အခြောင်းတရား လေးပါးရော မရှိဘူးလား ရှိနေတယ်၊ ရှိပုံကိုပြောပြမယ်...။

ဒီတော့ ဂဠုန်ဓာတ်ဟာ ငါးမျိုးရှိတယ်၊ တနှင်္ဂနွေနေ့ကိုလဲ ဂဠုန်ဓာတ်လို့ခေါ်တယ်၊ နာသေဓာတ်ကိုလဲ ဂဠုန်ဓာတ်လို့ခေါ်တယ်၊ ပြဒါးသေဓာတ်ကိုလဲ ဂဠုန်ဓာတ်လို့ခေါ်တယ်၊ ရွှေဓာတ်ကိုလဲ ဂဠုန်ဓာတ်လို့ခေါ်တယ်၊ မီးဓာတ်ကိုလဲ ဂဠုန်ဓာတ်လို့ခေါ်တယ်၊ ဘုရားရဟန္တာဘွဲ့ကျတော့ မီးဓာတ်ကြီးပေါက်သွားပြီလို့ယူပါ။

ကိုင်း... ဒီတော့ အခြောင်းတရားလေးပါးနေပုံကို ပြောပြမယ်၊ သုံးဆယ်တစ်ဘုံကြီးဟာ ဒီ ဖြစ်ကိန်းနဲ့ ပျက်ကိန်းသာ လျှင်ပြုနေတယ်၊ ဒီတော့ ယခုမြန်မာနိုင်ငံတော်မှာလဲ ပျက်ကိန်းထဲဆိုက်နေတယ်၊ တနေ့ဖြစ်ကိန်းဟာ ပေါ်လာတော့မယ်၊ မြန်မာနိုင်ငံတော်မှာ တရားပိုင်, ဓာတ်ပိုင်တော်မူကြတဲ့ ပုဂ္ဂိုလ်ကြီးတွေက အောင်ဓာတ်နဲ့ စကြာဓာတ် ချထားတဲ့အတွက် တနေ့မှာ မြန်မာနိုင်ငံတော်ဟာ ကောင်းစားပြီး တန်ခိုးရှင်ကြီးပေါ်ထွက်လာအုံးမယ်၊ ဘာသာရေး, သာသနာရေးကြီးတွေ ပြန်လည်ထွန်းကားလာအုံးမယ်လို့ ဆိုတာကို တထစ်ကျမှတ်ထားပါလို့ ဆရာတော်က ဒီ မီးဓာတ်ကြီးတွေရဲ့ သဘာဝကနဲ့ပြီး သတိပေးလိုက်ပါတယ်။

ကိုင်း—ဒီတော့ ဒီဃနကြီးထဲမှာ ကံ,စိတ်,အာဟာရ,ဥတုဆိုတဲ့ အကြောင်းတရား လေးပါးကို ရှာပြစမ်းပါ၊ ဒီပေါ်၊င်းနေတဲ့ ဃနကြီးမှာ မီးဓာတ်လေးပါး, ပဉ္စတ်လေးပါး, ဓာတ်ကြီးလေးပါးတွေ ပေါင်းနေတယ်၊ ဒီအထဲမှာ အကြောင်း တရားလေးပါးဟာ ဘယ်အနေနဲ့ရှိနေသလဲ ဆိုတာကို စစ်ကြည့်စမ်းပါ၊ ဒီတော့ ဒီဃနကြီးဟာ ဘာတွေပေါင်းနေသလဲ၊မြေ,မှုန့်,လေးတွေ ပေါင်းနေတယ်လို့ ပြောတာက အန္ဓတွေက ပြောတာပါ၊ ကလျာဏမျက်စေ့နဲ့ကြည့်ရင် ဘာတွေပေါင်းနေသလဲ၊ပဉ္စတ်လေးပါး, မီးဓာတ်လေးပါး, ဓာတ်ကြီးလေးပါးတွေ ပေါင်းနေတယ်၊ ဒီအထဲမှာ အကြောင်းတရားလေးပါးလဲပေါင်းနေတယ်၊ ဒါဖြင့်ရင် အကြောင်းတရားလေးပါးဟာ ဘယ်အနေနဲ့ ရှိနေသလဲ၊ ဒါကိုရှာရတော့မယ်၊ ဒီတော့ လဘက်ရေပုဂ်မှာ ကံအကြောင်းဟာ ဘယ်အနေနဲ့ရှိနေသလဲ၊ ဒါကိုသိချင်ရင် ပဌမတေဇောဓာတ်ရဲ့ အကြောင်းကို သိရမယ်။

နောက်စိတ်ဝါယောဓာတ်, အာဟာရ အာပေါဓာတ်, ဥတုပထဝီဓာတ်တို့ရဲ့ ဗျာပါရကိုသိရမယ်၊ ဒီလဘက်ရေပုဂ်ဆိုတဲ့ ဃနကြီးထဲမှာ သာမညဟာတွေပေါင်းနေတယ်လို့ မျှားမထင်ပါလေနဲ့၊ သူတို့ရဲ့သဘာဝတွေကို ပရိယတ်မျက်စေ့နဲ့ မကြည့်ပါ၊လေနဲ့၊ အရင်တုံးက ဆရာတော်ဘုံတောင်မှ အသက်ရှိတဲ့ အရာဝတ္ထုတွေမှာမှ ကံ,စိတ်,အာဟာ,ရ, ဥတုဆိုတဲ့ အကြောင်းတရားလေးပါ၊ရှိတယ်၊ အသက်မရှိတဲ့ အရာဝတ္ထုမှာဆိုရင် အာဟာရနဲ့ ဥတုသာရှိတယ်၊ ကံနဲ့စိတ်ဟာမရှိဘူးလို့ ယူခဲ့ပါတယ်။

ဒီတော့ လဘက်ရေပုဂ်ဉ် ကံအကြောင်းနဲ့ စိတ်အကြောင်း ရှိနေပုံကို ပြောပြမယ်၊ ဒီတော့ လဘက်ရေပုဂ်မှာ စိတ်

အကြောင်းဟာ ဘယ်အနေနဲ့ ရှိနေသလဲ ဆိုတော့ ဒီလဘက်ရေ ပုဂ္ဂံကိုပြုလုပ်တဲ့ စိတ်ဝိညာဏ်အနေနဲ့ရှိနေတယ်၊ ဒီလဘက်ရေ ပုဂ္ဂံကို လုပ်တဲ့အခါမှာ စိတ်ဝိညာဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်က လုပ်လိုက်မှ ဖြစ်လာတာဘဲ မဟုတ်လား၊ ဒါကြောင့် စိတ်အ ကြောင်းကိုရှာရင် လဘက်ရေပုဂ္ဂံကို လုပ်တဲ့ပုဂ္ဂိုလ်ရဲ့ စိတ် ဝိညာဏ်ကို ယူရပါတယ်။

ကံအကြောင်းကျတော့ ဘယ်အနေနဲ့ ရှိနေသလဲ ဆိုရင် ဒီ ဒီလဘက်ရေပုဂ္ဂံကို သုံးဆောင်တဲ့အနေနဲ့ယူပါ၊ ကံရှိတဲ့သူတွေ သာလျှင် ဒီလဘက်ရေပုဂ္ဂံကိုသုံးဆောင်နိုင်ကြတယ်၊ ဒါကြောင့် ကံအကြောင်းကိုရှာပါဆိုရင် သုံးဆောင်တဲ့ပုဂ္ဂိုလ်တို့ရဲ့ကံကို ယူ ရပါတယ်။

ယခုမှ သူရဲ့သဘာဝကို မဟာသတိပဋ္ဌာန်နည်းက နေကြည့် လိုက်တဲ့ အခါမှာ အသက်မရှိတဲ့ အရာဝတ္ထု တခုမှာ ဥတုနဲ့ အာဟာရတို့က ဟေတုအကြောင်းအနေနဲ့ရှိတယ်(၀၊) ဇနက ဟိတ်အနေနဲ့ရှိတယ်။ ကံနဲ့စိတ်အကြောင်းကျတော့ မပြဋ္ဌာန်း တော့ဘဲ ပစ္စယအကြောင်းအနေနဲ့ရှိတယ်၊(၀၊)သမ္ပယုတ္တဟိတ် အနေနဲ့ ရှိနေတယ်လို့ယူလိုက်ပါ၊ ဒီတော့ လဘက်ရေပုဂ္ဂံမှာ အကြောင်းတရား လေးပါးကိုရှာရင် ဟေတု တခုထဲ အနေနဲ့ မကြည့်ပါနဲ့၊ ပစ္စယအနေနဲ့လဲကြည့်ပါ၊ ဥတုဆိုတာဟာ ရေ ဓာတ်,မြေဓာတ်ကိုခေါ်တာပါ၊ အာဟာရဆိုတာက ဒီရေဓာတ် မြေဓာတ်၌ ပေါက်လာတဲ့ သစ်ပင်တွေကို ထောက်ပံ့ ပေးတဲ့ သဘောပါ၊ စိတ်ဆိုးတာက ဆက်စပ်တဲ့သဘောကို ယူပါ၊ ကံ ဆိုတာကျတော့ ခံစားသုံးဆောင်တဲ့ အနေနဲ့ယူပါ။

ကိုင်း ဒီလဘက်ရေပုဂ္ဂံမှာ ကံအကြောင်းဟာ ဘယ်လိုရှိ သလဲ ပြောပြမယ်၊ ဓာတ်လေးပါးမှာ ထက်တယ်,နုံ့တယ်အနေ

နဲ့ ရှိနေတာဟာ ပြုပြင်နေတာလို့ ခေါ်တယ်၊ ဒါကို ဒီ နေရာမှာ ကံရိပ်လို့ ခေါ်တယ်၊ဒီတော့ အတိတ် ကံရိပ်ကို ဘုရားရှင်ပစ္စေက ဗုဒ္ဓါနှင့် သမာပတ်မှထသော ရဟန္တာများကျတော့ ခုနစ်ရက် အတွင်း ဒီပုဂ္ဂိုလ်များသာ ပြုပြင်နိုင်တယ်၊ ကျန်ပုဂ္ဂိုလ်များ မပြုပြင်နိုင်ပါ၊ ကံရဲ့ ပြုပြင်မှုကိုသာ ခံနေရတယ်၊ ဒါကြောင့် ဆုကြီးပန် အလောင်း အလျှာတော့တောင်မှ အပါယ် လေးပါးမှ မလွတ်သေးပါ၊ ကိုင်း ပြုပြင်တဲ့သဘောကို ကံအကြောင်းလို့ သာမှတ်လိုက်ပါတော့၊ ဒါဟာတေဇောခတ်ကနေပြီးထွက်လာတာပါ၊ ဒီတေဇောကို အချို့နေရာမှာ "အသရေ"လို့လဲခေါ်တယ်၊ "ကျက်သရေ"လို့လဲခေါ်တယ်။

စိတ်အကြောင်းဆိုတာ "အာရမ္မဏံ စိန္တေတိ စိတ္တံ"လို့ ပြလာတာဟာ ပညတ်တင်ပြီးပြလာတာပါ၊ ပရမတ် အနေနဲ့ ပေါ်လာတဲ့စိတ်ကိုပြောရမယ်ဆိုရင် ဆက်စပ်တဲ့ သန္တတိအစဉ်လေးကိုခေါ်တယ်၊ ဘယ်လိုဆက်စပ်သလဲဆိုတော့ ဂ်ဆိုတဲ့ အကြောင်းနဲ့ ကျန်အကြောင်းသုံးပါးနဲ့ ဆက်စပ်တဲ့သဘောပါ၊ ဒါဟာ ဝါယောခတ် အနေနဲ့ ဆက်စပ်ပေးတဲ့ သဘောပါ၊ နောက် အာဃေါခဲ့တ်က ထွက်လာတာကျတော့ အာဟာရ အကြောင်းပါ၊ အာဟာရ အကြောင်းဆိုတာ ပို့ဆောင်ပေးတဲ့ သဘောပါ (ဝါ)ထောက်ပံ့ပေးတဲ့သဘောပါ။

ဒီအကြောင်းသုံးပါးလဲ ညီညွတ်လာရော ဥတု အကြောင်းဆိုပြီးပထဝီခတ်ကြီးဟာ ပေါ်ထွက်လာတော့တယ်၊ဒါကြောင့် အဆိုင်အခဲ့ဃနတွေမှန်ရင် မီးခတ်လေးပါး, ပညတ်လေးပါး, အကြောင်းတရားလေးပါး, ခတ်ကြီးလေးပါးတို့ ပေါင်းစပ်နေတာဘဲလို့ ထင်လာရင် ကလျာဏမျက်စေ့ပေါက်ပြီ၊ မမြင်သေးရင် အန္ဓဘဲ။

ညဟောစဉ်။

ကမ္ဘာ့ တရားနဲ့ သာသနာ တရားမှာ ကမ္ဘာ တရားကြီးကို နှစ်ရက်တိုင်တိုင် ဟောကြားခဲ့ပါပြီ။ ယခုသာသနာတရားကြီးကို လဲ နှစ်ရက် ဟောကြားလာပြီ၊ ဒါကြောင့် ဒီမုံစံကို ဒီညဘဲ ဥကျောင်းချပါတော့မယ်၊ ရှေ့ကို ဆနကြီးကို ခဲ့စိတ်ရတော့မယ်၊ ခဲ့စိတ်ပြီး ပရမတ် ရုပ် နာမ်ကို ရှာရတော့မယ်။

ဆရာတော်လဲအရင်က တရားရှာတဲ့အခါမှာ မသိတာရုပ်၊ သိတာနာမ်ဆိုတဲ့အနေနဲ့ ရှာခဲ့ရတယ်၊ သွားတယ်-သွားတယ် ဆိုတာမှာလဲ သွားတာကရုပ်၊ သိတာက နာမ်ဆိုပြီး ရှာခဲ့ရပါတယ်၊ ဒါတွေဟာ ပညတ်ပေါ်တင်ပြီး ပရိယတ်အပြောအနေနဲ့ သာရှိပါသေးတယ်၊ ဒါတွေကို ယခု ပယ်ထုတ်လိုက်ပါ၊ ဝိပဿနာအနေနဲ့ ပြောနေတာပါ၊ ယခုမဟာသတိပဋ္ဌာန်ကြီးမှာ နှိုင်းယှဉ်ပြီးဘဲ့ ဟောသွားပါမယ်၊ ဆရာတော်တို့ တောင်တန်းဒေသတွေမှာတက်ပြီး၊ တရားရှာတဲ့ အခါမှာလဲ သဘာဝ ရုပ်နာမ် သန္ဓတိရုပ်နာမ်၊ အာရုံအာရမ္မဏိက ရုပ်နာမ်ဆိုပြီး သုံးမျိုးသာ တွေ့ခဲ့ပါတယ်။

ယခုဓမ္မစကြာ, အနတ္တလက္ခဏ သုတ်တွေကို ဟောကြားပြီး ယခုမဟာသတိပဋ္ဌာန် တရားဘော်ကြီးကျတော့မှ ရုပ်နာမ် လေးမျိုးဆိုပြီး ပေါ်ထွက်လာပါတယ်၊ အဲဒါ (၁) ဥတုပြဋ္ဌာန်းတဲ့ ရုပ်နာမ်၊ (၂) အဟာရပြဋ္ဌာန်းတဲ့ရုပ်နာမ်၊ (၃) စိတ်ပြဋ္ဌာန်းတဲ့ ရုပ်နာမ်၊ (၄) ကံပြဋ္ဌာန်းတဲ့ ရုပ်နာမ်ဆိုပြီး ရုပ်-နာမ်လေးမျိုးပြသွားပါမယ်၊ ဒါကို တကယ်သိလာရင် အာနာပါနတရား

ဇောတ်ကြီးကို အားမထုတ်ရတော့ဘဲ တချက်ထဲနဲ့ ဥဒယဗ္ဗယ ဥာဏ်ကြီးအထိ တက်သွားနိုင်ပြီ။

ဒါကြောင့် နောက်ပိုင်းက ဟောလာခဲ့တဲ့ တရားတွေကိုပါ ပြန်လှန်သုံးသပ်ဆင်ခြင်ကြပါ၊ ဒီတော့ ဥတုပြဋ္ဌာန်းတဲ့ ရုပ်, အဟာရပြဋ္ဌာန်းတဲ့ ရုပ်, စိတ်ပြဋ္ဌာန်းတဲ့ ရုပ်, ကံပြဋ္ဌာန်းတဲ့ ရုပ် ဆိုပြီး ရုပ်တရားလေးမျိုးရှိလာတယ်၊ ယခု ရနေတဲ့ ခန္ဓာငါးပါး ရုပ်ကောင်ကြီးဟာ အကြောင်းတရား လေးပါးကြောင့်ပင် ဖြစ်သော်လဲ ဥတုအကြောင်းပြဋ္ဌာန်းတဲ့ ရုပ်ဖြစ်ခြင်းကြောင့် ကြမ်းတန်းပါတယ်။

အာဟာရပြဋ္ဌာန်းတဲ့ ရုပ်ကျတော့ သူ့ထက်နူးညံ့ပါတယ်၊ ဒါဟာ နတ်ပြည်မှာရှိတဲ့ နတ်သမီးနတ်သားတွေရတဲ့ ရုပ်မျိုးပါ၊ ဒီတော့ ဥတုအကြောင်းပြဋ္ဌာန်းတဲ့ ရုပ်နဲ့ အာဟာရအကြောင်းပြဋ္ဌာန်းတဲ့ ရုပ် နှစ်စုပေါင်းလိုက်ရင် ဘယ်လိုဖြစ်လာသလဲ၊ ဥတုအကြောင်းပြဋ္ဌာန်းတဲ့ ရုပ်ကို အာဟာရအကြောင်းပြဋ္ဌာန်းတဲ့ ရုပ်က ထွင်းဖေါက်သွားတယ်၊ (၀၊) ထွင်းဖေါက်နိုင်တယ်၊ လူတွေကျတော့ ဥတုအကြောင်းပြဋ္ဌာန်းတဲ့ ရုပ်ပါ အာဟာရအကြောင်းပြဋ္ဌာန်းဘဲ့ ရုပ်ကျတော့ နတ်သမီးနတ်သားတွေမှာ ရှိနေတဲ့ ရုပ်မျိုးပါ။

နောက် စိတ်အကြောင်းပြဋ္ဌာန်းတဲ့ ရုပ်ကျတော့ ဗြဟ္မာကြီးတွေမှာ ရှိနေတဲ့ ရုပ်မျိုးပါ၊ စိတ်အကြောင်းပြဋ္ဌာန်းတဲ့ရုပ်မျိုးက အာဟာရအကြောင်းပြဋ္ဌာန်းတဲ့ ရုပ်မျိုးကို ထွင်းဖေါက်နိုင်တယ်၊ အာဟာရအကြောင်းပြဋ္ဌာန်းတဲ့ ရုပ်မျိုးက ဥတုအကြောင်းပြဋ္ဌာန်းတဲ့ ရုပ်မျိုးကို ထွင်းဖေါက်နိုင်တယ်၊ကံအကြောင်းပြဋ္ဌာန်းတဲ့ ရုပ်ကျတော့ ပိုပြီးသိမ်မွေ့လာတယ်၊ ဒီတော့ ဥဒယဗ္ဗယ

ဥ်ာဏ်ကြီးမှာ ဖြစ်–ပျက်လို့ ပြောတဲ့အခါမှာ ရုပ်သဘောက ပျက်၊ နာမ်သဘောက ဖြစ်၊ ဒီ အနေနဲ့ ပြောရင်လဲရပါတယ်။

ဒါဟာ ကံအကြောင်းက ဖြစ်လာတဲ့ ရုပ်မျိုးကို ပြောတာပါ၊ ယခုတော့ ဖြစ်ပျက်ဆိုရင် ရေတွေ့စီးနေတာကို သဲကမ်းပါးကြီး ပြိုနေတာကို ရှုနေလို့ ဘယ်မှာဟုတ်တော့မှာလဲ၊သဏ္ဌာန်, အရိပ်, နိမိတ် လက္ခဏာတွေ ရှိနေတဲ့ ဖြစ်–ပျက်မျိုးဟာ ဘယ်မှာ တန်ဘိုးရှိမှာလဲ၊ ဒီ အရိပ် နိမိတ်တွေ ကင်းပြီးတွေ့တဲ့ ဖြစ်–ပျက် ကျမှ တန်ဘိုးရှိမှာဘဲမဟုတ်လား၊ဒါဟာ ကံအကြောင်းပြဋ္ဌာန်း တဲ့ ရုပ်သဘောလေးကိုမြင်မှ ဖြစ်ပျက်တွေ့မယ်။

ကိုင်း...လာဘက်ရေပုဂ္ဂံ ဖြစ်တဲ့ သမ္ဘဝယနဆိုဘဲ့ အဆိုင်အခဲ ကြီးမှာ အကြောင်းတရားလေးပါးဟာ ဘယ်အနေနဲ့ ရှိသလဲ ဆိုတာကို နေ့ခင်းပိုင်းမှာ ဟောကြားခဲ့ပြီ၊ ယခုလဲ ဒီသဘော ကိုဘဲ သဘာဝတမျိုးထုတ်ပြီး ဟောကြားပါအုံးမယ်၊ ဒီတော့ "ကမ္မံ စိတ္တံ ဥတုအာဟာရောစတိ စတ္တာရိ ရူပသမုဋ္ဌာနာနိနာမ" ကံ, စိတ်, အာဟာရ, ဥတု အကြောင်းတရားလေးပါးတို့ဟာ ရုပ် ကိုဖြစ်စေနိုင်တယ်လို့ ပြလာတယ်၊ ဒါကို နားလည်ရင် ကံ အကြောင်းဟာ ဘာကိုခေါ်တာလဲဆိုတာကို စဉ်းစားပါ။

ပြောပြမယ် ၊ လာဘက်ရေပုဂံမှာ ပညာဘယ်နှစ်ပါးရှိသလဲ ဆိုရင် မဟာသတိပဋ္ဌာန်နည်းနဲ့ ပြောရင် နှစ်ပါးရှိတယ်၊ နာမ ပညတ်နဲ့ သဏ္ဌာနပညတ်ပါ၊ နာမပညတ်ဆိုတာ လာဘက်ရေပုဂ် လို့ ခေါ်တဲ့ ပညတ်ပါ၊(၀၊)အမည်အမျိုးမျိုးခေါ်နေတာ နာမ ပညတ်ပါ၊ သဏ္ဌာနပညတ်ဆိုတာ လာဘက်ရေပုဂ်ရဲ့ သဏ္ဌာန်ကို ခေါ်တယ်၊ (၀၊) ပုံဟန်သဏ္ဌာန်အမျိုးမျိုးပေါ်ထွက်နေတာကို ခေါ်တယ်၊ ဒီနှစ်ခုတွင်ဘဲ ရှိသလား လို့ ထပ်ရှုရင်—

ဒီ သမ္မာဃဝန ပေါင်းစုနေတာဟာ ပညတ်သဘောရှိနေလို့ ပေါင်းစုနေတာပါ။ ဒါကို သမ္မာပညတ်လို့ ခေါ်တာ၊ သမ္မာပညတ်ဆိုတာ ပရမတ်ပေါ် မှာကိုယူရပါတယ်၊ ဒီသမ္မာပညတ်ကို မဟာသတိပဋ္ဌာန်ကြီးမှာ အထူးမထုတ်ပါ။ သမ္မာဃဝနကြီးဟာ ဘာကြောင့်ပေါင်းသလဲဆိုရင် သန္ဓတိဆက်စပ်တဲ့ သဘော့တွေ ရှိနေလို့ ပေါင်းတာပါ ဒါကို သန္ဓတိပညတ်လို့ ခေါ်တယ်၊ ဒီ သန္ဓတိပညတ်ကိုလဲ အထူးမထုတ်တော့ပါ။ ပရမတ်ထဲမှာသာ ထည့်ပြီးယူသွားတော့မယ်။

အရင်တုံးက ပညတ်လေးပါးဆိုပြီး ထုတ်ဟော့လာတာက ဓမ္မစကြာနည်းမှာ ဟောကြားတာပါ။ ယခုမဟာသတိပဋ္ဌာန်နည်းမှာကျတော့ သမ္မာပညတ်နဲ့ သန္ဓတိပညတ်ကို ပရမတ်ထဲ ထည့်ပြီး နာမပညတ်နဲ့ သဏ္ဌာနပညတ်ကို ပညတ်ထဲထည့်ပြီး ထုတ်ဟောသွားတော့မယ်၊ ဒါကိုနားလည်ရင် လဘက်ရေပုဂ္ဂံ ဆိုတဲ့ သမ္မာဃဝနမှာ အကြောင်းလေးပါးတို့ဟာ ဘယ်အနေနဲ့ ရှိနေသလဲ၊ ဒီလိုမေးရင် ပရိယတ်နယ်မှာရှိနေတဲ့ ပုဂ္ဂိုလ်တွေက ဥတုဆိုတာ နေနဲ့လ၊ အပူနဲ့အေ နှစ်ပါးကစပြီး ဖြစ်လာတာပါလို့ပြောမယ်၊ အာဟာရအကြောင်းဆိုတာ ဥတုသဘောကို ထောက်ပံ့ပေးနေတာလို့ပြောမယ်၊ ဒီ နှစ်ချက်ကိုတော့ သူတို့က ဝန်ခံနိုင်ကြတယ်၊ ကံ အကြောင်းနဲ့ စိတ် အကြောင်းတရား နှစ်ပါးကျတော့ မရှိဘူးလို့ထင်နေပြီ၊ ဒါကြောင့် ရှိတယ်လို့ ဝန်မခံနိုင်ကြတော့ပါ။

သက်ရှိတဲ့အရာဝတ္ထုမှာသာလျှင် ကံ အကြောင်းနဲ့ စိတ် အကြောင်းဟာ ရှိတာယ်၊ ယခု သက်မဲ့ဖြစ်နေတဲ့ လဘက်ရေပုဂ္ဂံ

မှာ ကံ အကြောင်းနဲ့ စိတ်အကြောင်းဟာ မရှိဘူးလို့ ထင်နေပြီ၊ ဒီလိုထင်တာလဲ အပြစ်မတင်ပါ၊ ဆရာတော်တို့တောင် အရင်က ထင်ခဲ့ပါသေးတယ်၊ ဒီသဘာဝကို ရှာတော့မယ်ကြံရင် ဟေတု အကြောင်းနဲ့ ပစ္စယ အကြောင်းကို အရင်နားလည်ရမယ်၊ "အတိုနည်းနဲ့ပြောလိုတယ်" အကြောင်းအနေနဲ့ရှာရင် တိုက်ရိုက်လာတာမှန်ရင် ဟေတုအကြောင်းပါ၊ မကင်းတဲ့အနေနဲ့ ပါလာတာကျတော့ ပစ္စယအကြောင်းပါ။

ဥပမာ....ငရုပ်စေ့ကို စိုက်ရင် ငရုပ်ပင်ပေါက်မယ်၊ ဒါက ငရုပ်စေ့ကြောင့် ငရုပ်ပင်ပေါက်ခြင်းကြောင့် ဟေတုအကြောင်းပါ၊ ပစ္စယအကြောင်းကျတော့ ဒီငရုပ်စေ့ဟာ မြေကြီးထဲမှာ မစိုက်ရင် (၀၊) အထုပ်လေးနဲ့ထုပ်ပြီး သိမ်းထားရင် အပင် ပေါက်မလား၊ မပေါက်ပါ၊ အပင်ပေါ်လာအောင် ခတ်ကြီး လေးပါးတို့ရဲ့ ဗျာပါရကိစ္စကိုလဲ ယူရသေးတယ်၊ ဒါကြောင့် ခတ်ကြီးလေးပါးနှင့် မကင်းပါ၊ အဲဒီလိုမကင်းတဲ့ အနေနဲ့ ပါလာတာကို ပစ္စယအကြောင်းလို့ခေါ်တယ်။

ဟေတုအကြောင်းသည် ဇနကဟိတ်ဖြစ်ပြီး ပစ္စယအကြောင်း သည် သမ္ဘဝပကဟိတ်ဖြစ်တယ်၊ ကိုင်း...လဘက်ရေပုဂံမှာ ဥတု အကြောင်းနဲ့ အာဟာရအကြောင်းတရားနှစ်ပါးက ဟေတု အ ကြောင်းအနေနဲ့ ရှိဘယ်၊ စိတ်အကြောင်းနဲ့ ကံအကြောင်း တရားနှစ်ပါးက ပစ္စယ အကြောင်းအနေနဲ့ ရှိတယ်၊ ဒီတော့ လဘက်ရေပုဂံမှာ အကြောင်းတရား လေးပါးဟာ ဘယ်အနေ နဲ့ရှိနေသလဲဆိုရင် ဟေတုအကြောင်းနဲ့ ပစ္စယ အကြောင်းကို နားလည်ထားရမည်၊ ကိုင်း...ဒါကိုနားလည်ရင် ဒီတော့ လဘက် ရေပုဂံလို့ခေါ်တဲ့ သမ္ဘဝသံသရာကြီးကို ခွဲစိတ်ရတော့မယ်:တိက္ခ

ဟာသ (လ) တေနိုင်မှလို့ ဆိုတဲ့အတိုင်း အခွန်ကို ခွာရတော့မယ်၊ အခွန်ကိုခွါတယ်ဆိုတာဟာ ဃနကြီးကို ချေပြီးအာကာသတွေ့ သည်းဆိတ်အောင်လုပ်ရမယ်။

အကာကိုရှားဆိုတာက ဓာတ်ကြီးလေးပါး၊ ပညတ်လေးပါးကိုပယ်ရမယ်၊ အသားကိုချေဆိုတာက အကြောင်းတရားလေးပါးကို သည်းဆိတ်အောင်လုပ်ရမယ်၊ နောက်ဆုံးကျန်နေတဲ့ မီးဓာတ်လေးပါးကျတော့မှ အနှစ်လေးကိုတေပြီး သဘာဝအနတ္တဓာတ် ပေါ်အောင်လုပ်ရမယ်၊ ဒီလေးချက်နဲ့ ရှာနိုင်လာရင်ဘဲ ထိုပုဂ္ဂိုလ်ဟာ သဘာဝ ဉာဏ်ကြီးတွေ့ ကျယ်လာပြီ၊ ဒီတော့ သမ္မာဟပညတ်ဆိုတဲ့ အဆိုင်အခဲကြီးမှာ အကြောင်းတရားလေးပါးတွေ့ ဘယ်အနေနဲ့ ရှိသလဲ ဆိုတာကို သဘာဝ တမျိုးဖြင့် တင်ဆက်ပြီး ပြအုံးမယ်၊ ဒီတော့ လဘက်ရေပုဂ်မှာ ဥတု အကြောင်းဟာ ဘယ်အနေနဲ့ ရှိသလဲ၊ ပဿဒရုပ် ငါးပါးနဲ့ စမ်းသပ်ရင် ထင်ရှားလာတယ်၊ ဒီလိုစမ်းသပ်လို့ ရတဲ့ရုပ်မျိုးကို ဥတုပြဋ္ဌာန်းတဲ့ ရုပ်လို့ယူပါ။

ပဿဒရုပ်ငါးပါးနဲ့ စမ်းသပ်လို့မရရင် ဥတုမပြဋ္ဌာန်းသေးပါ၊စိတ်ဝိညာဏ်နဲ့ စမ်းသပ်လို့ရရင် ဥတုပြဋ္ဌာန်းတဲ့ ရုပ် မဟုတ်သေးပါ၊ ဘာကြောင့်လဲ ဆိုတော့ ဥတုပြဋ္ဌာန်းတဲ့ ရုပ်ဟာ ရုပ်ကြမ်းကြီး ဖြစ်ခြင်းကြောင့် စိတ်ဝိညာဏ်ဖြင့်စမ်းသပ်လို့မရပါ၊ ဒီလဘက်ရေပုဂ်မှာ ဥတုပြဋ္ဌာန်းနေတာသည် နံ့သာမပညတ်ပေါ်နေတာကို ယူလိုက်ပါ၊ လဘက်ရေပုဂ်လို့ခေါ်လိုက်တဲ့အမည်လေးသည်ပင် ငါးပါးသော ပဿဒရုပ်နှင့်စမ်းသပ်လို့ရမှ ပေါ်ထွက်လာတာပါ၊ ဒါကို ဥတုပြဋ္ဌာန်းတဲ့ ရုပ်လို့ခေါ်တယ်။

ဥတုမပြဋ္ဌာန်းသေးရင် နာမပညတ်ပေါ်ထွက်လို့ မရသေးပါ။ ဥတုပြဋ္ဌာန်းလာမှ နာမပညတ်ပေါ်လို့ရလာတယ်၊ဥတုဆိုတဲ့နာမပညတ်လေးထွက်ဘို့ရာ ပထဝီဓာတ်က ပြဋ္ဌာန်းပေးရတယ်၊ ဒါကြောင့် (စက်စက်ယိုအဆီခဲ မသိသူလဲ သိသူစဲ)မလဲနိုင်တဲ့ မဟာသတိပဋ္ဌာန် ပဋ္ဌိပတ်လုပ်ငန်းစဉ် တရားတော်ကြီးပါ။

နာမပညတ် ပေါ်လို့ ရရင် အဲဒါ ဘာအမည်ဘဲ မှည့်မှည့် မှည့်ကြပေတော့၊ ဥတုဇရုပ်ကြီးကတော့ ငါးပါးသော ပဿာဒရုပ်တွေနှင့်စမ်းသပ်လို့ရလာတာနဲ့ ထင်ရှားစွာပေါ်ထွက်နေပြီ၊ ဒါကြောင့် လာဘက်ရေပုဂံမှာ ဥတုပြဋ္ဌာန်းတဲ့ရုပ်ဟာ နာမပညတ်အနေနဲ့ရှိနေတယ်၊ အာဟာရအကြောင်းကျတော့ ဒီလာဘက်ရေပုဂံမှာ ဘယ်အနေနဲ့ ရှိနေသလဲ၊ ဥတုဆိုဘဲ့ နာမပညတ်ထွက်ဘို့ရာ ပထဝီဓာတ်က ပြဋ္ဌာန်းလာရတယ်၊ အာဟာရအကြောင်းကျတော့ ပြောပြမယ်။

ဥတုအကြောင်းကျတော့ နာမပညတ်အနေနဲ့ သိမ်းရတယ်၊ အာဟာရအကြောင်းကျတော့ ငါးပါးသော ပဿာဒရုပ်တွေနဲ့ စမ်းသပ်လို့ မရတော့ပါ။ စိတ်ဝိညာဏ်ဖြင့်သာလျှင်(၀၊)သည်ဝိညာဏ်ဖြင့်သာလျှင်စမ်းသပ်လို့ရတော့တယ်၊ဒီရုပ်မျိုးကျတော့ အာဟာရအကြောင်း ပြဋ္ဌာန်းဟာ ရုပ်လို့ ခေါ်တယ်၊ ဒါကိုပင် သဏ္ဌာနပညတ်ရိပ်လို့ခေါ်တယ်။

ကံအကြောင်းဆိုတာ တေဇောဓာတ် ပြဋ္ဌာန်း လာတယ်၊ စိတ်အကြောင်းက ၀ါယောဓာတ် ပြဋ္ဌာန်းတယ်၊ အာဟာရအကြောင်းကျတော့အာပေါဓာတ်ပြဋ္ဌာန်းတယ်၊ဥတုအကြောင်းကျတော့ ပထဝီဓာတ်ပြဋ္ဌာန်းတယ်၊ ကံအကြောင်းကျမှ သန္ဌာတိပညတ်ရိပ်ပြဋ္ဌာန်းတယ်၊ စိတ်အကြောင်းမှာ သမူဟ ပညတ်ရိပ်ပြဋ္ဌာန်းတယ်၊ အာဟာရ အကြောင်းမှာ သဏ္ဌာနပညတ်ရိပ်

ပြဋ္ဌာန်းတယ်၊ ဥတုအကြောင်းမှာ နာမပညတ်ရိပ်ပြဋ္ဌာန်းတယ်၊ ဒီတော့ ဓာတ်ကြီးလေးပါး, ပညတ်ရိပ်လေးပါး, အကြောင်းတရားလေးပါး, မီးခတ်လေးပါးတို့ ပြဋ္ဌာန်းလာမှ သညာဝိညာဏ်လောကမှာ (၀၊)မျက်စေ့လောက,နားလောကစသည်တွေမှာ ပေါ်ထွက်လို့ရလာတာပါ။

ခွဲပြဦးမယ်၊ သဏ္ဌာန်ဆိုတာ လဘက်ရေပုဂ်ဆိုတဲ့ အတို့အရှည်ကို ထင်မနေပါနဲ့၊ "အတို အရှည် အပု အဝိုင်း အလုံး အခုံး အပြား အတည့် အရှဲ့ အစောင်း" စသည်ဖြင့် သဏ္ဌာန် အမျိုးမျိုးလို့ ပြောနေတာသည်ပင် သညာဝိညာဏ်ရဲ့သဘောပါ၊ ဒါဟာ လုပ်ကြံပြီးတော့ပြောနေတာပါ၊ သဘာဝနဲ့ ဝေဘန်ရင် အရှည်ရေ ဖတိုပါ ဓာတ်ကြီးလေးပါးဘဲမဟုတ်လား၊ ဒီတော့ သဏ္ဌာနပညတ်ရိပ်ဟာ ဒ်လဘက်ရေပုဂ်မှာ အာဟာရပြဋ္ဌာန်းတဲ့သဘောအနေနဲ့ရှိနေတယ်။

စိတ်အကြောင်းကျတော့ သမ္ဘဟပညတ်ရိပ်အနေနဲ့ရှိနေတယ်၊ ကံအကြောင်းကျတော့ သန္ဌာတိပညတ်ရိပ်အနေနဲ့ ရှိနေပါတယ်၊ ဓာတ်ကြီးလေးပါးတို့ရဲ့ ဆက်စပ်တဲ့သဘောတရားဟာ သန္ဌာတိပညတ်ရိပ်ပါ၊ စိတ်အကြောင်းလဲကျရော့ တခါထဲ ဆက်စပ်လာတော့တယ်၊အာဟာရအကြောင်းကျတော့ ဖန်ဆင်းလာနိုင်တော့တယ်၊ ဥတုအကြောင်းရောက်လာတော့မှ သညာ ဝိညာဏ်နယ်မှာ တခါထဲပေါ်ထွက်လာတော့တယ်၊ ဒါဟာ ဘာလဲဆိုတော့ အမည်အမျိုးမျိုးလို့ခေါ်တဲ့နာမပညတ်တွေ သဏ္ဌာနပညတ်တွေ ပေါ်ထွက်လာတော့တယ်၊ ကိုင်း... လဘက်ရေပုဂ်လို့ ခေါ်တဲ့ ဃန အဆိုင်အခဲ့ကြီးမှာ ဓာတ်ကြီးလေးပါး, ပညတ်ရိပ်လေးပါး, အကြောင်းတရားလေးပါး, မီးခတ်လေးပါးရှိနေပုံကိုပြ

လိုက်ပါပြီ၊ နက်ဖြန်ကာကျမှ ဒီဃနကြီးကို ခွဲစိတ်ရတော့မယ်၊ ဒီနေ့ဒီပုံစံကို ဥက္ခောင်းချလိုက်ပါပြီ။

(ကိုင်းအာရုံပြုကြပါတော့။)

"ကေကွရ၊ကောသလ္လကြောင့်၊ ဧက-အက္ခရာ:တလုံးစာကို၊ သမ္မာသမ္ဗုဒ္ဓ၊ အကျဉ်းပြခဲ့သည့်၊ နဝသင်္ချေယျ ဝါစကံ၊အောင် ဆုပန်၍၊ စိန္ဓိတံ သတ္တာ၊ ဇောအရနှင့် သောဋ္ဌသရောက်၊နှော၍ကောက်လျှင်၊ ဆဲ့ခြောက်အနေ၊ သင်္ခေ့လေးရုပ်၊ တသိန်းကပ်ကို၊ ကူးမြောက်နိုင်ငြား၊ မရောက်မခြင်း၊ သီတင်းခြိုးခြုံ၊ ကြိုးအပ်ကြုံသို့၊ ပုံစံတထူး၊ ငါကူးမြောက်သော်၊ မျှလောက်ပင်ပန်း၊ ဗုလ်လှဝမ်းအား၊ ရွှေနန်းစည်းစိမ်၊ မင်းလေးအိမ်ဖြင့်၊ ဦးမ်ဆိမ်ဆေးလေး· ပို့ပိမ့်တွေ့သည်၊ ဥာဏ်ရေးကျယ်စွာ၊သုမေဓာသို့၊ ပညာလှောကကို၊ လုလ္လထူလျှက်၊ ဘယသူမကို၊ ကုယတိုင်နှိုးလျက်၊ ကြုံးလေ့-ညှံ့လေ့၊ တတေ့-တေ့ဖြင့်၊ အဆုံးတွေ့အောင်၊ လုလ့ဲဆောင်မှု၊ အခေါင်ကိုမြောက်၊ ကမ်းသို့ရောက်ကာ၊ဝိသာခါတရားခတ်လျှင်၊ ငါသို့စင်မှု၊ တိုင်းခွင်ဇမ္ဗူ၊မြကျွန်းသူတို့၊ ပူဆာသမျှ၊ အေးဇေရအောင်၊ငါကြုံဆောင်မည်:ကရုဏာစည်၊ ဥာဏ်ဂမ္ဘီဖြင့်၊ ဦးဘည်မင်္ဂလမ်း၊ တက်စံမြန်းသို့၊ ဆုံးခန်းတိုင်ရောက်၊ စွယ်စုံပေါက်သည့်၊ မုန်သောက်စာရီ၊ နယ်ကုန်ရှောက်သည့် ငါမထေရ်၊ ဤတွင် ဖေါ်ပြ၊ သဘာဝဥာဏ်၊ နက်ကျယ်သည်၏ အဖြစ်ကိုရင်း "လို့ဆိုတဲ့အတိုင်း၊ ဤတရားတော်မြတ်ကြီးတို့ကို—

ပွားစ·ပွားလယ် ပွားဆုံးကြွယ်အောင် ပင်လယ်ရေစုံ မြေထု အလား၊ တကယ်တန်း ပွားမျှားနိုင်ကြ, အားထုတ်နိုင်ကြ, ကြိုးစားနိုင်ကြပါ့စေကုန်သတည်း။

သာခု—သာမု=သာဝု။

ပုံစံနံပါတ် (၃)



သဿာသီ ပညာတ်ယောတရါတ်

ဂ-ပါ: နေ ပုံ

ပါဠိလင်္ကာ ၄–ရက်နေ့ ဟောစဉ်။

ပုံစံနံပါတ်(၃)

ယခု တရားတော်ကြီးဟာ တဖြေးဖြေးနဲ့ သိမ်မွေ့လာပါပြီ၊ ပုံစံနံပါတ် (၃) ကို ရောက်လာပြီ၊ ဒါကြောင့် သင်္ကြန်အခါတွင်းက ဟောစဉ် မှတ်စုလေးတွေကို ကြည့်ပေးပါ၊ ဒါမှ အထောက်အကူရပြီး သဘာဝလေးတွေ ကျယ်လာပါလိမ့်မယ်၊ ဒီတော့ သမ္မာဃနကြီးကို ခွဲရတော့မယ်၊ အရင်တရားပေးတုံးက မြူလေးပါးနဲ့ ခွဲရုံသာခွဲသွားတယ်၊ အဓိပ္ပါယ်အတိအကျနဲ့ အပြည့်အစုံမပါသေးပါဘူး၊ ဘာကြောင့် မပါသလဲဆိုတော့ နာကြားတဲ့သူတွေမှာ မျက်စေ့နားတွေ သေးငယ်နေသေးတဲ့အတွက်ကြောင့်ပါ၊ ဒါဖြင့် သမ္မာဃနကြီးကို ဘာကြောင့် ခွဲရသလဲဆိုတော့ ပညတ်လေးပါး,အကြောင်းတရားလေးပါး,ဓာတ်ကြီးလေးပါး, မီးဓာတ်လေးပါးတွေ ထွက်လာအောင်လို့ ခွဲရတာပါ၊ ခွဲလိုက်လို့ ဒီဟာတွေ ထွက်လာတာကို တွေ့တဲ့ဉာဏ်သည် (ဝါ) သိတဲ့ဉာဏ်ကို ပညာလို့ခေါ်တယ်။

အရင်ကတော့ မြူလေးပါးနဲ့ခွဲလိုက်တာသည်ပင် ဒီသမ္မာဃနကြီး ပျောက်သွားအောင် လုပ်တာဘဲလို့ ထင်လာခဲ့တာသည် ယခု သဘာဝဉာဏ်တွေနဲ့ ဝင်စားကြည့်တော့မှ ဒီလိုယူလာတာဟာ အမှားကြီးတွေကို လာတွေ့တယ်၊ ဒီတော့ ဗုဒ္ဓဘာသာတရားဟာ နောက်ဆုံးသုဉ်းဆိတ်တယ် ဆိုတဲ့တရားပါ၊ သုဉ်းဆိတ်တယ်ဆိုတဲ့တရားကို ပျောက်သွားအောင်လုပ်တဲ့တရား (တနည်း) ဘာမှမရှိတဲ့ တရားလို့ယူရင် ဉဏ္ဍေ၁ဒီဋ္ဌိထဲ ကျသွား

မယ်၊ ရှိတယ်ဆိုပြန်ရင်လဲ သဿတဒိဋ္ဌိထဲကျမယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာတရားဟာ အင်မတန်မှ ယူရခက်ပါတယ်၊ ဒီတော့ သုဉ်းဆိတ်တဲ့တရားသည်ပင် ငြိမ်းအေးတဲ့သဘောထဲမှာ ရှိတယ်လို့ ယူရပါတယ်၊ ဒါဟာ သညာဝိညာဏ်တွေ သုဉ်းဆိုတ်ပြီး ငြိမ်းအေးသွားတဲ့ သဘောပါ၊ ဒီတော့ရင် ဘုရားရှင်က အနိစ္စ–မမြဲဘူး၊ မမြဲတာ ပျက်စီးတဲ့ တရား၊ ပျက်စီးတဲ့တရားဟာ ကုန်တဲ့တရား၊ ကုန်တဲ့တရားသည်ပင်လျှင် ချုပ်တဲ့တရား၊ ငြိမ်းအေးတဲ့တရားဆိုပြီး ယူစေချင်သည်။

ဒါကို တချို့ဝိပဿနာသမားတွေက ဒိုင်ရိုက်ယူကြဘဲ အနိစ္စ မမြဲတဲ့တရားဟာ ပျက်စီးတဲ့တရားပါ ပျက်စီ တဲ့တရားသည်ပင် နောက်ဆုံး ဘာမျှမရှိတာဘဲလို့ ယူလာကြတယ်၊ ဒါသည်ပင် ဉဏ္ဍေဒဒိဋ္ဌိထဲ ကျနေပြီမဟုတ်လား၊ ဒီတော့ ပညာလွန်ရင် ကိုဌာ ရိပက္ခ ကောက်ကျစ် စဉ်းလဲလာတယ်၊ ဒါကြောင့် ဝိပဿနာ ဘုက်ကိုလိုက်ရင် ကြပ်ကြပ်သတိထားရတယ်၊ ဒါကို ဘုရားရှင်က ဓမ္မစကြာတရားတော်ကြီးမှာ–

> "ဧတေခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ
> မဇ္ဈိမ ပဋိပဒါ ဘဒ္ဒကတေန အဘိသမ္မုဒ္ဓါ"

ဘိက္ခဝေ၊ သံသရာဝဋ်မှ လွတ်မြောက်လိုကြား အိုချစ်သားတို့။ ဧတေခေါ ဥဘောအန္တေ၊ ထိုသံသရာ လက်ျာလမ်းတည်းဟူသော ကာမသုခလွန်ကာနုယောဂ သဿတဒိဋ္ဌိ, သံသရာလက်ဝဲလမ်းတည်းဟူသော အတ္တကိလမထာနုယောဂ ဉဏ္ဍေဒ္ဒဒိဋ္ဌိအယုတ်တရား နှစ်ပါးသော အစွန်းတို့ကို။ အနုပဂမ္မ၊ မကပ် မယှဉ် မပွားများမူ၍။ ဘဒ္ဒကတေန၊ ဝိပဿီအစရှိသော ရှေးရှေး

သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ကဲ့သို့ လာခြင်းကောင်း တော်မူသော ငါဘုရားသည်။ အာဘိသမ္မုဒ္ဓါ ဆရာမကူ သယမ္ဘူ ဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူပြီး ထသော။ မဇ္ဈိမပဋိပဒါ၊ လက်ခံလက္ခ ၂ ပါးတို့မှ အလယ် အလတ်ဖြစ်သောလမ်းစစ်လမ်းမှန်အကျင့်သည်ဆိုပြီးဟောကြား လာပါတယ်၊ ဒါကြောင့် အလယ်လမ်းရောက်မှ၊ မရောက်ရင် အဲဒါ ဘုံကပ် ဒီကပ် ကပ်နေပြီ၊ ဒါကြောင့် ဒီသဘာ တွေကို ကြပ်ကြပ်သတိထားပါ။

ကိုင်း သမ္ဘဟသနကြီးကို မြှုလေးပါးနဲ့ ချေလိုက်တဲ့အခါ မှာ ပညာတ်လေးပါး, အခကြောင်းဘရားလေးပါး, ခဝတ်ကြီး လေးပါး မီးခတ်လေးပါးတေ ထက်လာတော့မယ်၊ ဘာမ မရှိအောင် မြှုနဲ့ချေတာမဟုတ်ပါ၊ ဒီတော့ လောကကြီးမှာ ရော တည်တဲ့ရုပ်ဟာ ရှစ်ပါးသာရှိတယ်၊ အာကာသထည့်ရင် ကိုးပါး သာရှိတယ်၊ သဝိညာဏက,အဝိညာဏက သက်ရှိ, သက်မဲ့ အရာ ဝတ္ထုတွေမှာလဲ ဒီရုပ်ကိုးပါးသာ ရောတည်ရပါတယ်၊ ဒီရုပ်ကိုး ပါးသာ ရှိလျက်သားနဲ့ ဘာကြောင့်အဆိုင်အခဲ ဃနကြီးဖြစ် လာရတာလဲ၊ ဒါကို ပဌမဆုံး စဉ်းစားပါ၊ ဒါကို စဉ်းစားလို့ရမှ ခဲ့စိတ်လိုက်တာနဲ့ ဘခါထဲမြင်လာမယ်။

လောကကြီးတခုလုံးမှာ မျက်စေ့နဲ့မြင်တဲ့ဟာမှန်ရင်(၀၊) ပေါ်ထွက်နေတာမှန်ရင် ရုပ်ကိုးပါးသာ ပေါင်းနေတာဘဲ၊ ဒုဟာ ဘာကြောင့် အဆိုင်အခဲဖြစ်နေတာလဲဆိုတာကို စဉ်းစား ရမယ်၊ ဒီဃနကြီးကို ဘာနဲ့ခွဲမလဲ၊ ဒီတော့ရင် သီလ, သမာဓိ, ပညာဆိုတဲ့ သိက္ခာသုံးပါးကို ကိုင်လာပြီ၊ ဓမ္မတာအနေနဲ့

ကျတော့ ဒါန, သီလ, ဘာဝနာဆိုပြီး သုံးလေးပါတယ်၊ ဒီသိက္ခာ သုံးပါးကို အလိုရှိတဲ့ရဟန်းတော်များကို သိက္ခာကာမ လဒ္ဓီပေ သလ ပရိယဘို့ ဝိသာရဒလို့ သုံးလေး ပါတယ်၊ ဒီတော့ နိဗ္ဗာန်ကို အလိုရှိကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသို့ ဘေဘာ ဒီ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးကို လက်ကိုင် ထားရမယ်၊ သံသရာလည်တဲ့ သူတွေကျတော့ ဒါန, သီလ, ဘာဝနာကို လက်ကိုင်ထားကြတယ်။

ဒါကိုနားလည်ရင် သီလဆိုတာ ဘာကိုခေါ်သလဲ၊ ဒါကို စစ်တမ်းထုတ်ရမယ်၊ ဒီဘော့ရင် ဓမ္မတာအနေနဲ့ ဒါန, သီလ, ဘာဝနာတွေဟာ နောက်ဆုံး သံသရာလည်တဲ့ တရားလို့သာ ယူလိုက်ပါ၊ ဒီတော့ သီလဆိုတာ ဘာခေါ်သလဲ၊ ပါဏာတိပါတ စသည်တွေကို ခံယူဆောက်ဘည်တာမှ သီလလား၊ ပြောပြမယ် - ကာယကံ, ဝစီကံတွေကို စောင့်ရှောက်နေတာ သီလလို့ခေါ် တယ်၊ ဒါဟာ ဘာသီလလဲဆိုရင် ဘုရားရှေ့သွားပြီး ခံယူဆောက် တည်တဲ့ သမာဒါန သီလမျိုးပါ၊ ဒီသီလမျိုးဟာ ကာယကံ, ဝစီကံကိုသာ စောင့်ရှောက်သွားတယ်၊ မနောကံကိုတော့ မစောင့်ရှောက်နိုင်ပါ ဒါဟာ ဓမ္မတာသီလပါ၊ ဒါဟာ သံသရာ လည်သူတွေ အဆုပ်အနေနဲ့ထုပ်တဲ့ သီလမျိုးပါ၊ ယခု ဒီနေရာ မျိုးမှာ ဓမ္မတာသီလနဲ့ ဒီသမူဟယနကြီးကို ခွဲလို့မရပါ။

ဒီဓမ္မတာ သီလမျိုးဟာ သိက္ခာသုံးပါး ထဲမှာ မပါ-ပါ၊ ဒါကို ကြည့်နေအောင် ရှေ့ပိုင်းကျတော့ ရှင်းပြပါမည်၊ ယခု ဒီမှာ ခွဲရမှာက သိက္ခာသုံးပါးထဲမှာ ပါတဲ့ သီလနဲ့ ခွဲမှရမယ်၊ ဒါကို ပိဋကတ်တော်က " ကုစ္ဆိတ ပါပဓမ္မေ သလယဘ္ဘိ

ကမ္မဋ္ဌာန် ဝိဒ္ဓံသေဋ္ဌိ အပဂမေဋ္ဌိ ” ကုစ္ဆိတော၊ စက်ဆုပ်အပ်ကုန်သော။ ပါပဓမ္မော၊ အကုသိုလ်တရားတို့ကို။ သလယဋ္ဌိ-ကမ္မဋ္ဌိ၊ တုန်လှုပ်စေတတ်ကုန်၏။ သလယဋ္ဌိ-ဝိဒ္ဓံသေဋ္ဌိ၊ ဖျက်ဆီးစေတတ်ကုန်၏။ သလယဋ္ဌိ-အပဂမေဋ္ဌိ၊ အကြင်းမဲ့ ဖျက်ဆီး စေတတ်ကုန်၏–လို့ပြထားတော်မူသည့်အတိုင်း အကုသိုလ်တရားတွေကို တုန်လှုပ်စေတာက သီလပါ၊ ဒါကို တဒင်္ဂပဟာန်လို့ ခေါ်တယ်။

နောက် အကုသိုလ်တရားတွေကို ဖျက်ဆီးစေတတ်တာက သမုစ္ဆေဒပါ၊ ဒါကိုဝိက္ခမ္ဘနပဟာန်လို့ခေါ်တယ်၊ နောက်အကုသိုလ်တရားတွေကို အကြင်းမဲ့ဖျက်ဆီးစေတတ်တာက (၀၊)အကြင်းမဲ့ ချုပ်စေတတ်တာက ပညာပါ၊ ဒါကို သမုဒ္ဘေဒ ပဟာန်လို့ ခေါ်တယ်၊ ယခုအကုသိုလ်တရားတွေကို တုန်လှုပ်စေနိုင်တဲ့သီလနဲ့ ခဲ့ရတော့မယ်၊ ဓမ္မတာသီလမျိုးနဲ့ ခဲ့လို့မရပါ၊ တဒင်္ဂပဟာန်ထဲကို ဝင်နိုင်တာဟာ အာဇီဝပါရိသုဒ္ဓိသီလကို လာတွေ့တယ်၊ ဒီတော့ ဘုရားရှင်ဟောကြားတဲ့ စတုပါရိသုဒ္ဓိသီလကြီးတွေမှာ-

(၁) ပါတိမောက္ခသံဝရသီလမှာ– စာရိတ္တသီလ, ဝါရိတ္တသီလလို့ နှစ်ပါးရှိပြန်တယ်၊ ဒီနှစ်ပါးမှာ–ဝါရိတ္တသီလကို လုံခြုံလာတယ်။

(၂) ဣန္ဒြိယသံဝရသီလဆိုတာက ဣန္ဒြေငါးပါးနဲ့ ထိန်းသိမ်းလုံခြုံ စေနိုင်လာတယ်၊ မြင်လိုက်တဲ့အခါမှာကို ချစ်ခြင်း, မုန်းခြင်းတွေကင်းအောင် စောင့်ရှောက် လာနိုင်တယ်၊ ဒီလို မစောင့်ရှောက်နိုင်ရင် အကုသိုလ်တရားတွေဟာ အစဉ်လိုက်လာတော့တယ်။

(၃) အာဇီဝ ပါရိသုဒ္ဓိသီလဆိုတာ အတိုင်းထက် အလွန်မြတ်စွန်းချင်တဲ့ ဝိသမလောဘကင်းရမယ်၊ အဓမ္မရာဂတရားနဲ့ ညီတဲ့ ကာမတဏှာကြီးလဲကင်းရမယ်၊ မိစ္ဆာဇီဝမကောင်းသော အသက်မွေးမြူခြင်းမှလဲ ကင်းရမယ်။

(၄) ပစ္စယသန္နိဿိတသီလဆိုတာ ရလာသောပစ္စည်းလေးပါးကွေ့ကို ပညာနှင့်အညီ ဆင်ခြင်သုံးဆောင် သွားတာကို ခေါ်တယ်။

ဒီသီလကြီး လေးပါးပြည့်စုံလာမှ သိက္ခာသုံးပါးထဲမှာပါဘဲ့ သီလထဲကိုဝင်မယ်၊ ဒီခေတ့ စာဘုရားရိုသေဝတ်ပူကို အကျင့်ချုံးတော့ သဒ္ဓါ,သတိ, ဝိရိယ,ပညာ ဒီလေးပါးစုံရင် ဒီသီလကြီးကို ရနိုင်ပါတယ်၊ ဒါကြောင့် ဒီသီလကို သိက္ခာသုံးပါးထဲကို ထည့်လိုက်ပါ၊ ဝိပဿနာ ဉာဏ်နဲ့ဆိုရင် နာမရူပ ပရိစ္ဆေဒ ဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်မှာရှိနေတဲ့ ရုပ်နာမ်ကို ပိုင်ရင် ဒီသီလကြီးနဲ့ ပြည့်စုံလာပြီ။

ဒီတော့ရင် ရှစ်ပါးသီလဆိုတာ ဝိသာခါ ကျောင်းအမကြီးကို အထက်မင်, အထက်ဖိုလ်ကို တက်နိုင်အောင် ဟောကြားတဲ့ သီလကြီးပါ၊ ဒီရှစ်ပါးသီလကို ယခုအနှစ်တွေ့ကနိုင်အောင် ထိန်းနိုင်ပါမလား၊ ဥပေါသထသီလဆိုတာ အရိယာတွေ နေသလို နေရမှာ၊ နေနိုင်ပါ့မလား၊ရှစ်ပါးသီလဟာ တကယ်မြတ်တဲ့သီလပါ၊ ဒါကြောင့်မို့ အနှယ်အဆက်တွေ့ ရအောင်လို့ ရှစ်ပါးသီလကို တတ်နိုင်သလောက် တတ်နိုင်သမျှ ထိန်းကြပါ၊ ယခုသဘာဝလေးတွေ့ပေါ် အောင်စစ်ပြတာပါ။

ဒါကြောင့် စတုပါရိသုဒ္ဓိသီလကို သိကွာသုံးပါးထဲမှာပါတဲ့ သီလထဲကိုထည့်လိုက်ပါ၊ ဒီသီလမျိုးက အထူးရယ်လို့ မစောင့်ထိန်းရတော့ပါ၊ ယခုလိုတရားနာရင်းနဲ့ဘဲ ပြည့်စုံလာပါတော့တယ်၊ ဘယ်လိုပြည့်စုံသလဲ၊ သီလတလုံးကို အကျဉ်းချုံးရင် သဒ္ဓါတရား တခုသာရတယ်၊ ဒီတော့ အနိဋ္ဌဆိုတာ အလောဘဟိတ်ပါ၊ ဒုက္ခဆိုတာ အဒေါသဟိတ်ပါ၊အနတ္တဆိုတာ အမောဟဟိတ်ပါလို့ ဒီလို အဌသာလိနီ အဋ္ဌကထာကြီးတွေက ဖွင့်လာပါတယ်၊ ဒီသဘာဝနဲ့ ပြန်တွေးပါ၊ သဒ္ဓါတရား အစစ်ဟာ သြကပ္ပနသဒ္ဓါကိုရလာလျှင် သီလအမြဲတေ ရလာပြီ။

ဒါဟာ အာဇီဝပါရိသုဒ္ဓိသီလက ထွက်လာတဲ့ သီလအမြဲတေပါ၊ ဒီသီလကြီးနဲ့ ဒီသမ္ဘဟယဃနကြီးကို ခွဲရတော့မယ်၊သီလသည် အလောဘ၊ သမာဓိသည် အဒေါသ၊ ပညာသည်အမောဟ သြကပ္ပနသဒ္ဓါဖြင့် ခွဲရမယ်၊ အလောဘ ပညာဖြင့် ခွဲမယ်၊ အဲဒီ သဒ္ဓါတရားဖြင့်ရင် ခွဲမယ်၊ သီလဟာ ယုံကြည်မှု သဒ္ဓါတရား အစစ်ပါ၊ (သုတ္တန်နည်း) အဘိမှောနည်းကျတော့ အလောဘ ဟိတ်ပါ ကိုင်း.. သီလနဲ့ ခွဲပြလိုက်ပြီ၊ ဒီတော့ စတုပါရိသုဒ္ဓိ သီလကို အကျဉ်းချုံးရင် သဒ္ဓါ, သဘီ, ဝိရိယ, ပညာ ဒီလေးပါးပါ၊ ဒါကို ထပ်ပြီး ချုံးရင် ပညာပါ၊ ဒါဟာ အလောဘ ပညာပါ၊အလောဘပညာဆိုတာ ဘာကိုခေါ်သလဲ ပြောပြမယ်။

သမ္မာဒိဋ္ဌိ ဆိုတာ အမြင်မှန်ကိုခေါ်တယ်၊ မိစ္ဆာဒိဋ္ဌိ ဆိုတာ အမြင်မှားကို ခေါ်တယ်၊ သမ္မာဒိဋ္ဌိကြီးကို လေးစိတ် စိတ်ရင် တစိတ်ဟာ ပညာပါ၊ အဲဒါ အလောဘပညာပါ၊ သမ္မာ ဃနကြီကြေပြီး ပရမတ်ရုပ်သဘောလေးကိုမြင်လာတာဟာ အလောဘပညာလို့ ခေါ်တာပါ၊(ဥပမာ) လဘက်ရေပုဂံကို ရှေ့မှာ

ချပြီး ဘာကိုမြင်သလဲလို့ မေးရင် ဘယ်လိုပြောမလဲ၊ သေသေ ချာချာကြီးပါ၊ အဲဒီဟာလေးကို ပြောနိုင်ရင် အလောဘပညာ ဖြစ်တာဘဲ၊ ဘယ်လောက်သိမ်မွေ့လာပြီလဲ၊ အဒေါသ, အမောဟ ပညာကို မပြောနဲ့တော့၊ ဒီတော့ ဘာကိုမြင်သလဲလို့ မေးရင် ပစ္စုပ္ပန်ဆတ်ဆတ် ပရမတ်ဓာတ်လေးကို မြင်ပါတယ်လို့ ပြောရ မယ်၊ ဒါဟာ အလောဘ ပညာလေးဘဲ မဟုတ်လား၊ ဒါဟာ သမ္ပဟယဃနဆိုတဲ့ အဆိုင်အခဲကြီးက နဲပြီးထွက်လာတာပါ။

ဒီနေ့ကစပြီး ဗုဒ္ဓဘာသာတရားကို စ,မြင်လာပြီ၊ (၀၊) ဗုဒ္ဓ ဘာသာတရားထဲကို စ,ဝင်လာပြီလို့ယူပါ၊ နားလည်ရင် ဘယ် လိုခံမလဲ၊ သီလနဲ့ခံမယ်ဆိုတဲ့ သဘာ၀လေး ပေါ်လာပြီ။

ဒီ သမ္ပဟယဃနကြီးကို ခဲစိတ်တော့မယ်ဆိုတော့ ဒီဃနကြီး ပေါင်းနေတာကို အရင်ရှာကြည့်ပါအုံး၊ ရူပ်လောကကြီး ပေါင်းစည်းနေတာကို ပြောချင်လို့ပါ၊ ဒီတော့ ရူပ်ကိုးပါး အပေါင်းအစုဟာ ပဌမက ကမ္မဇမြူက ရူပ်ကိုးပါး၊ စိတ္တဇမြူက ရူပ်ကိုးပါး၊ အာဟာရဇမြူက ရူပ်ကိုးပါး၊ ဥတုဇမြူက ရူပ် ကိုးပါး၊ ပေါင်းတော့ ရူပ်သုံးဆယ် ခြောက်ပါး၊ ဒါကိုမှုထားပါ၊ ဒါဟာ တော တောင်ရေမြေတွေ ဖြစ်လာတဲ့ ပဌမရူပ်စုလေးပါ၊ ဒီ ရူပ်သုံးဆယ်ခြောက်စုလေးကနေ စ,ပြီး တည်လာတာပါ၊ ဒါ ဟာ အသက်မရှိတဲ့ အရာ၀တ္ထုမှာ တည်ဘဲ့ရူပ်ပါ၊ ကလာပ်အား ဖြင့် ရေတွက်ရင် လေးစည်းရှိတယ်။

ကလာပ်တစည်းတစည်းမှာ ရူပ်ကိုးပါးစီ ရှိနေကြပါတယ်၊ ဒါကို နားလည်ရမယ်၊ ဒုတိယ အသက်ရှိတဲ့ ရူပ်လောကကျတော့ ရင် ဘယ်လိုတည်သလဲ ရူပ်ပေါင်းသုံးဆယ် ကလာပ်အားဖြင့်

သုံးစည်းသာလျှင် စ၍တည်လာတယ်၊ ဒါဖြင့်ရင် ဒီလဘက်ရေ ပုဂ်လို့ ဆိုလုက်တဲ့ အဝိညာဏက လောကမှာ ရုပ်ပေါ်ပေါ်ကိုးခု ကနေပြီး စ,လာတယ်၊ ဒီထဲမှာ အကြောင်းတရားလေးပါး ပါလာခြင်းကြောင့် ဥတုအကြောင်းဖြစ်တဲ့ ရုပ်ကိုးပါး၊ အာဟာရ အကြောင်းဖြစ်တဲ့ ရုပ်ကိုးပါး၊ စိတ်အကြောင်းဖြစ်တဲ့ ;ရုပ်ကိုး ပါး၊ ကံအကြောင်းဖြစ်တဲ့ ရုပ်ကိုးပါးဆိုပြီး ပြလာတာပါ၊ ဒီတော့မှ ဒီ ရုပ်သုံးဆယ်ခြောက်ဟာ ရုပ်ကလေးတွေ ဖြစ်လာ တယ်၊ ဒီအဆိုင်အခဲဃနမှာ သုံးဆယ်ခြောက် အစုလေးဟာ ဘယ်အနေလောက် ရှိသလဲလို့ မေးရင် ဘယ်လိုပြောမလဲ။

ခုနက ပြောလာတဲ့ အသက်ရှိတဲ့ရုပ်ကို တည်တဲ့အခါမှာ ရုပ်ပေါင်း သုံးဆယ်ဆိုတော့ ယင်ငယ် တကြိမ် သောက်လောက် ရုံမျှသာ ရှိတယ်လို့ ပြလာတယ်၊ ဒါကို မျှားသေးတယ်ဆိုရင် လူတို့ရဲ့ ဆံပင်တပင်ကို ဆီအကြည်ထဲမှာ နှစ်လိုက်တဲ့အခါ ဆံပင်ဖျားမှာ ပါလာတဲ့ ဆီကြည်လေးလောက်ပမာဏ ရှိတယ် လို့ပြလာတယ်၊ ဒါလဲ မျှားသေးရင် တောင်ကျွန်းသူတို့ရဲ့ ဆံပင်တပင်ကို ရှစ်စိတ်စိတ်၊ တစိတ်စာဟာ မြောက်ကျွန်းသူ တို့ရဲ့ ဆံပင် ဖြစ်လာတယ်၊ ဒီ မြောက်ကျွန်းသူတို့ရဲ့ ဆံပင်ကို ဆီကြည်ထဲနှစ်လိုက်တဲ့အခါမှာ ပါလာတဲ့ ဆီကြည်လေးလောက် ပမာဏရှိတယ်လို့ ပြလာပြန်တယ် ဒါလဲ မျှားသေးတယ်ဆိုရင် ဟိမဝန္တာမှာရှိတဲ့ ဧကီ အမည်ရှိသော သားကောင်လေးရဲ့ အမွေးတပင်ကိုယူပြီး ဆီကြည်ထဲထည့်လိုက်ပါ၊ ဦးအမွေးမှာ ကပ်ပါလာတဲ့ ဆီကြည်လေးလောက် ပမာဏသာရှိတယ်။

နောက်ဆုံးပြောရမယ်ဆိုလျှင် မျက်စေ့နဲ့ မြင်လို့ကိုမရတဲ့ သဘာဝအနေနဲ့သာ ရှိတယ်လို့ ယူလိုက်ပါတော့၊ ကိုင်းဒီတော့

ရင် ပြောပြမယ်၊ အသက်မရှိတဲ့ အရာဝတ္ထုမှာ ရူပ်ပေါင်း သုံးဆယ်ခြောက်ရှိတယ်၊ ဒီရူပ်ပေါင်း သုံးဆယ်ခြောက်ဟာ ဘယ်လောက် အရွယ်အစားရှိတယ်ဆိုတာကို ပြောပြမယ်၊ ပဌမ ရောတည်တဲ့ ရူပ်လေးတည်ပုံကိုပြော်ပြမယ်၊ ရှပ်စတည်တာကိုမှမသိရင် ဘယ်မှာခွဲလို့ရမှာလဲ၊ ဒီကဏ္ဍမှာကိုသဘောပေါက်လာမှ ပရမတ်ဆတ်ဆတ် ဓာတ်သဘာဝလေးကို မြင်မယ်လို့ဖြေနိုင် ပါတယ်၊ ဒီတော့ အသက်မရှိတဲ့ ရူပ်လောကလေး စတည် လာတဲ့ ရူပ်ကလာပ်သည် ရူပ်ပေါ်င်း သုံးဆယ်ခြောက် ကလာပ်အားဖြင့် လေးစည်းပါ။

ကမ္မဇရူပ်ကိုးပါးအနေနဲ့ ဖြစ်လာကာကျတော့ တေဇော ဓာတ်, ပရိပါစကမီးဓာတ်ပါ၊ စိတ္တဇရူပ်ကိုးပါးက ဝါယော ဓာတ်, ဥသမမီးဓာတ်ပါ၊ အာဟာရဇရူပ် ကိုးပါး ကျတော့ အာပေါဓာတ်, သန္တပ္ပနမီးဓာတ်ပါ၊ ဥတုဇရူပ် ကိုးပါးကျတော့ ပထဝီဓာတ်, ဒဟမီးဓာတ်ပါ၊ ဒါမှ ပရမတ်ဆတ်ဆတ် သဘာဝ အနတ္တဓာတ်လေးကိုတွေ့မယ်၊ ဒီတော့ရင် ပရိပါစက မီးဓာတ်ကို ဆေးဝါးတွေဖြင့် ပြုပြင်လို့ လဲ့မရပါ၊ ပြဒါး ဓာတ်ကနေပါလာတဲ့ ရသာယနဘေသဇဆေးနဲ့သာလျှင် ပြုပြင်လို့ ရပါတယ်၊ ရင်းဆေးမှသာလျှင် အာယုကပ်ပတ်လုံး အသက်ရှည်နိုင်တယ်လို့ ပြလာတယ်။

တော့ ပရိပါစကမီးဓာတ်က လာတဲ့ အနာကြီးရောဂါတွေ ကျတော့ ပျောက်အောင်လုပ်လို့ မရတော့ပါ၊ ကုန်မီးဓာတ်တွေ ကလာရင်သာ ပျောက်အောင်လုပ်နိုင်တာပါ၊ ဒီတော့ နောက်စိတ်ကြောင့်ဖြစ်တဲ့ ရှင်ကိုးပါးကျတော့ ဥသမမီးဓာတ်၊ ဒါဟာ

အပူနဲ့အေ ညီမျှနေတဲ့ မီးခဲတပါ၊ ဒါကြောင့် "နာဘိသိ တဏှ နဒ္ဓုဏ္ဏာယ သမဝေပါကိနိယာ ဂဟကိယ သမ္ဘုန္နာ ဂတော"လို့ ပြလေပါတယ်၊ ဒီဥသမမီးခဲတက် လာတဲ့ရောဂါ ကိုသာ ဆေးဆရာဝန်ကြီးတွေပျောက်အောင် လုပ်နိုင်တယ်လို့ ယူပါ။

နောက် အာဟာရ ရုပ်ကိုးပါးက နေထွက်လာတဲ့ သန္တာပူနေ မီးခဲတက်ကျွေဘဲ့ အပူနဲ့အေ မညီမျှတော့ဘဲ "ရူပွတိတိရူပံ" လို့ ပြလာဘဲ့အတိုင်း ဒါကိုသိပ္ပံပညာနဲ့လိုက်ရင် ဝိုင်ယာကြိုး လေး နှစ်နုထိလိုက်ဘဲ့ အခါမှာ မညီညွတ်တော့ဘဲ Shock ရှော့ခ် ဖြစ်လာသလိုဘဲ၊ အခုလဲ ဝိရောခ်ဖြစ်ပြီး လောင်မြိုက် လာတယ်၊ ဥဘုဇရုပ်ကိုးပါး ဒဟမီးခဲတက်ကြီးလဲ ကျရော ပရိ ဒဿုန ထက်ဘန်းကျင်လောင်မြိုက်လာတော့တယ်။

ဒီတော့ရင် ပဋ္ဌမ ရောဘည်လာဘဲ့ရုပ်ကလေးမှာကို ဖြစ်ကိန်း နဲ့ ပျက်ကိန်း ပါလာတယ်၊ အဲဒါ ကံအကြောင်းနဲ့ စိတ် အကြောင်း ရုပ်တို့က ဖြစ်ကိန်း (၀၊)ပရိပါ့စကမီးခဲတ်နဲ့ဥသမ မီးခဲတ်ဘို့ကဖြစ်ကိန်း၊အာဟာရအကြောင်းနဲ့ ဥတုအကြောင်း ရုပ်တို့က ပျက်ကိန်းပါ၊ (၀၊) သန္တာပူနမီးခဲတ်နဲ့ ဒါဟမီးခဲတ် တို့က ပျက်ကိန်းပါ၊ ဒီတော့ ဖြစ်ကိန်းနဲ့ ပျက်ကိန်းရှိမှသာလျှင် ဒီလောကကြီး တည်လို့ရပါတယ်၊ဒါကိုမူထားပြီးတော့ ပညတ် ရှိရင် ပရမတ်ရှိတယ်၊ ရုပ်ရှိရင် နာမ်လဲ ရှိတယ်လို့ ယူလာရ တယ်. ဒီတော့ ဖြစ်ကိန်းအားကောင်းနေတဲ့အခါမှာ ပျက်ကိန်း ကမပြဋ္ဌာန်းဘဲ ငုပ်နေတယ်၊ ဒါကို ကာလသမ္ဘတ္တိခေတ်၊ဒါဟာ မင်းကောင်း,စိုးကောင်း,လူကောင်းတွေရဲ့ခေတ်ပါ။

ဒီနောက် ပျက်ကိန်းက အားကောင်းလာပြန်ရင်လဲ ဖြစ်ကိန်းက ငုပ်နေပြန်တယ်၊ ဒါက ဝိပွဿနာခေတ်ပါ။ မကောင်းသောမင်း, မကောင်းသောလူတွေလက်ထက်မှာ တည်ကြပါတယ်။ ဒါကြောင့် ဒါကို ဓမ္မစကြာတရားတော်ကြီးမှာ ပရိပါစက မိုးမခတ်သည့် ဇာတိဒုက္ခ၊ ဥသမ မိုးမခတ်သည့် ဇရာဒုက္ခ၊ သန္ဓပ္ပန မိုးမခတ်သည့် ဗျာဓိဒုက္ခ၊ ဒဟ မိုးမခတ်သည့် မရဏဒုက္ခ ဆိုပြီးတော့ ပြလာတာပါ။ ဒါဟာ ကမ္ဘာကြီးတည်တဲ့အခါကတဲက ပါလာတဲ့ ဒုက္ခတွေဘဲမဆုတ်လား၊ ဒီဒုက္ခတရားတွေကို ဘယ်လိုပုဂ္ဂိုလ်မှ လွန်ဆန်လို့မရပါ။ ဂ,ုဏ်း ဒါကို နားလည်ပြီ၊ ဒီအခြေခံကို မြင်အောင်ကြည့်ကားပါ။

ဒီတော့ အသက်မရှိတဲ့ အရုဝတ္ထုမှာ ရုပ်ပေါင်းသုံးဆယ်ခြောက်၊ ကလာပ်အားဖြင့်လေးစည်း၊ ဒါရဲ့ပမာဏသည် ဘယ်လောက်ရှိသလဲ၊ ဒုါကို ပြောပြမယ်...။ ရထရေမြူလောက်ရှိတယ်၊ ရထဆရမြူဆိုတာ ပမာဏတင်ရင် လှည့်ဘီးတွေမှာ ကပ်ပါလာတဲ့ မြူမှုံ့ကလေးလောက်ဌိတယ်၊ လူတွေသွားလာတဲ့ အခါ ကပ်ပါလာတဲ့ မြူမှုံ့ကလေးလောက်သာရှိတယ်၊ ဒီမြူမှုံ့လေးဟာ အပေါ်ကိုပြန်မတက်နိုင်သေးပါ။ ဒီမြူလေးတခုမှာ ရုပ်ပေါင်းသုံးဆယ်ခြောက်ခု ရှိနေတယ်၊ ကလာပ်အားဖြင့်ရင် လေးစည်းပါ၊ ဒါက မြူကြီးအနေနဲ့ ပြောနေတာပါ၊ ဒီမြူမှာက ရူပဘဝေါသာ ဝတ္ထုကနှင့်သေးတယ်၊ နာမသဘောမဝတ္ထုက နှိုင်သေးပါ။

နောက်မှ နာမ်ကထွက်နိုင်တဲ့ မြူကိုပြမယ်၊ ဒီတော့ ရုထရေမြူဟာ "ဆန်းစစ်ကရုဏာ" သက်ရှိက်ဘာသာက လာတာပါ၊ ရသ-ဆိုတာက လှည့်၊ ရေ-ဆိုဘာက မြူ၊ မြန်မာလိုပြန်တော့

လှည်းဘီးမှာ ကပ်ပါ့လာတဲ့ မြှားရုပ်ပေါင်း သုံးဆယ်ခြောက်၊ ကလာပ်အားဖြင့် လေးစည်း၊ ဒီအထဲမှာ မီးခဲတော်လေးပါး၊ အကြောင်းတရားလေးပါးတွေ အစုံရှိနေပြီ၊ ကမ္ဘာ့လောကကြီး တည်လာတာပါ၊ အသက်မရှိတဲ့ လောကကြီး တည်လာတာဟာ ဒီ ရထရေမြှားလေး တခုကနေပြီးတော့ တည်လာတာ၊ ဒီကနေပြီးမှ ရုပ်ပေါင်းအနန္တပေါင်းပြီး အဆိုင်အခဲယဉ်နကြီးတွေ ဖြစ်လာတာပါ၊ ဒါက မြှားကြီးကနေ ရုပ်လောကကြီး တည်လာပုံပါ။

ဒါမှ ရုပ်ကိုမတွေ့မယ်၊ နာမ်ကိုရှာဘဲ့အခါမှာ. မြှားကလေးတွေ့ကနေပြီး ရှာရခဲဘဲ့မယ်၊ ဒါမှ ရှင်နာမ်ဆိုပြီး ထွက်လာတော့မယ်၊ ဒီကနေပြီး ထွက်လာတဲ့ ရှင်နာမ်ဟာ ဥတုပြဋ္ဌာန်းပြီး ထွက်လာတဲ့ရုပ်နာမ်ပါ၊ ဒီတော့ ရုပ်သက်မှန်ရင် အနှစ်တခုထောင်ကြာတယ်၊ ဒီတော့မှ ဒဟမီးခဲတော်ကြီးက လောင်မြိုက်လာတယ်၊ ဒါဖြင့် ယခုသက်ဘန်းတွေ ဘာကြောင့်တိုလာသလဲ၊ ဟိုအသက်တန်း ငါးထောင်တုံးက ဘာကြောင့်အသက်တန်းတွေ ရှည်သလဲ၊ အဲဒီတုံးက ကြုံပင်ကြီးတွေဟာ ထက်ပိုင်းချိုးလိုက်ဟာနဲ့ အရေဘွဲ့ဟာ မညှစ်ရဘဲ သူ့ဟာသူ ကျလာတယ် ဒါဟာပရိပါစကမီးခဲတော်နဲ့ ဥသမမီးခဲတော်နှစ်ပါး ပြဋ္ဌာန်းနေလို့ပါ၊ ယခုတော့ သန္တာပူန မီးခဲတော်နဲ့ ဒဟ မီးခဲတော်ပြဋ္ဌာန်းလာတဲ့အတွက်ကြောင့် ကြုံပင်ဟာ အရေတွေ ယုတ်လျော့ပြီး လူတွေမှာလဲ အသက်တန်းတွေ တိုလာတာပါ။

ဒီတော့ ဥတုဇအာဟာရ, အာဟာရဇ အာဟာရတွေနဲ့ ယခု အနှစ်ဘထောင်ထိအောင် ဒီသန္တာပူနမီးခဲတော်, ဒဟမီးခဲတော်တွေကို ထိန်းနိုင်ဘယ်၊ ဒီတော့ အာယုကပ်ကိုဘာ တဖြေးဖြေးနဲ့ အသက်ဘန်းတွေ ဆုတ်သွားတာဟာ ဆယ်နှစ်အထိ ဆုတ်

သွားဘဲ့သက်တန်းရောက်ရင် အဲဒါ အာယုကပ် တကပ်လို့ ခေါ်တယ်၊ နောက်ဆယ်နှစ်ဘန်းကနေပြီး အနှစ်တသိန်း ထိအောင် တက်လာတာကိုလဲ အာယုကပ်တကပ်လို့ ခေါ်တယ်၊ ဒါတွေကို တက်ကပ်ဆုတ်ကပ်ဆိုပြီးခေါ်တာပါ၊ ဒီတော့ ဘုရားရှင်က ငါ ဘုရားဟာ ဣဒ္ဓိပါဒ် လေးပါးကို ပွားများနေရင် အာယုကပ် ပတ်လုံးသော်ရင်း၊ မဟာကပ်ပတ်လုံးသော်ရင်း အသက်ရှည်နိုင်တယ်လို့ "ယော ကောစိ ဘိက္ခဝေ စတ္တာရော ဣဒ္ဓိပါဒါ ကပ္ပံ ဝါ အာယုကပ္ပံ ဝါ တိဋ္ဌေယျ" လို့ သုတ်မဟာဝါ ပရိနိဗ္ဗာနသုတ်တော်မှာ ဟောကြားတော်မူခဲ့တယ် မဟုတ်ပါလား။

ဒီတော့ ယ ခုဆုတ်ကပ်တွေကျတော့ သန္တာန်ပွန် မီးခတ်တွေ ဟာ ဓလောင်မြိုက်လာပြီ၊ ဒါကြောင့် တဖြေးဖြေးနဲ့ အသက်တန်း တိုလာတာပါ၊ ကိုင်း....ဒီတော့ မီးဓာတ်ကြီးလေးပါ။ တည်နေပုံကို မြင်အောင်ကြည့်ပါ၊ မြူလေးပါးတည်နေပုံမှာ ရထရေ မြူလေးကို ပြလိုက်ပါပြီ၊ နက်ဖြန်ကျမှာဲ ဃနကြီးကို ခွဲစိတ်ပြပါတော့မယ်။

ညဟောစဉ်။

"သာသနာတော်သုံးရပ်(လ)ကမ္ဘာလောင်ဆူဝေလို့ မကြာစတမ်း" လို့ ရှေးကတရားပိုင်, ဓာတ်ပိုင်တော်မူ**တဲ့** ပုဂ္ဂိုလ်ကြီးတွေဆုံးမတော်မူ**တဲ့**အတိုင်း ဒီက နေ ပေါ်ထွက်လာတဲ့ မဟာသတိပဋ္ဌာန်တရား လုပ်ငန်းစဉ် အနေနဲ့ ဝေဘန်ကြည့်ရင် ပဌမရုပ်နာမ်ပိုင်း၊ ဒုတိယ ခန္ဓာပိုင်း၊ တတိယ ပဋိစ္စသမုပ္ပါဒ်ပိုင်း ဆိုပြီး သုံးပိုင်း ပိုင်းပြီးတော့ ဝေဘန်ထားပါတယ်။

မဟာ သတိပဋ္ဌာန် တရားကြီးကို ဥက္ကောင်း၁ျရင် ဓမ္မာနုပဿနာ့အရ သောတာပတ္တိမဂ်မှာ ဥက္ကောင်း၁ျရပါတယ်၊ ဒဲ့ဒီကနေမှ စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာ သတိပဋ္ဌာန်, ကာယာနုပဿနာ သတိပဋ္ဌာန်တွေကို လုပ်ငန်းစဉ်အနေနဲ့ တက်ယူရပါသေးတယ်၊ ဒီတော့ မြန်မာနိုင်ငံမှာ ရှိကြတဲ့ ရိပ်သာကြီး, ရိပ်သာငယ်တွေဟာ ဒီမဟာသတိပဋ္ဌာန်တရားကြီးကို လုပ်ငန်းစဉ် အနေနဲ့ ပေးအပ်တဲ့ အခါမှာ အားလုံးမပေးနိုင်သေးဘဲ ရှိပါသေးတယ်၊ အဲဒါ အခြေခံလေးလောက်သာ ပေးနိုင်ပါသေးတယ်။

တရားအားထုတ်တဲ့ ယောဂီ ပုဂ္ဂိုလ်ကလဲဘဲ " ဂစ္ဆန္တောဝါ ဂစ္ဆာမိတိ ပဇာနာတိ " သွားတယ်– သွားတယ်လို့ ရှုလာလို့ အမှတ်လေး မြဲလာရင်ဘဲ အဲ–နောက်ဆံ တင်းလာတော့တယ်၊ နောက်ဆုံးမှာ ဆယ်ရက်လောက်တရားအားထုတ်ပြီးရင်ဘဲ အိမ်ကိုပြန်ကြတော့တာဘဲ၊ ဒီတော့ ရိပ်သာဆရာတော်တွေက လုပ်ငန်းစဉ်ကို အတိအကျပေး၁ျင်သော်လဲဘဲနောက်ဆံ တင်းမှုကြီးကွေကြောင့် ဖြစ်သလိုသာလျှင် ပေးနေရပါတော့တယ်။

ကိုင်း ယခု ပြမဲ့ မယာသတိပဋ္ဌာန် တရားတော်ကြီးဟာ မျက်စေ့,နား,နှာခေါင်း,လျှာ,ကိုယ်လို့ဆိုလိုက်တဲ့ ငါးပါးသော ပသာဒတွေမှာရှိတဲ့ မဟာသတိပဋ္ဌန် တရားတွေကို အရင်ပြနေတာပါ၊ နောက်နှလုံးအိမ်မှာရှိတဲ့ မဟာသတိပဋ္ဌာန် တရားကြီးကို ရှာတော့မှ အာနာပါနကြီးကို အားထုတ်ရပါတော့တယ်၊ ဒီအာနာပါနကြီးနဲ့ ငါးပါးသော ပသာဒတွေမှာရှိတဲ့ သတိပဋ္ဌာန်တရားတွေကို ဖွင့်လို့မရပါ၊ ဒါကြောင့် ယခု အသိတရားဖြင့်သာလျှင် ဖွင့်နေရတာပါ။

ကိုင်း_ လဘက်ရေပုဂံကို ရှေ့မှာချ၊ ဘာကို မြင်သလဲလို့ မေးတဲ့အခါမှာ လဘက်ရေပုဂံကိုမြင်တယ်လို့ ပြောနေသေးရင် နာမပညတ်နဲ့ သဏ္ဌာနပညတ်ခံနေတဲ့အတွက် အဲဒါ ဣဋ္ဌအနိဋ္ဌတွေဖြစ်ပြီး သုခ,ဒုက္ခဝေဒနာတွေလာဖြစ်တော့မယ်၊ ဒီလိုဖြစ်လာရင်ဘဲ အဲဒါ တဏှာ, ဥပါဒါန်,ဘဝတွေ ဖြစ်လာတော့မယ်၊ ဒီလိုဖြစ်လာရင် အဘိဇ္ဈာ ဒေါမနဿ လောကကြီး ဖြစ်လာပြီ၊ ဒီလိုဖြစ်လာတာဟာ မျက်စေ့ သတိပဋ္ဌာန်, နားသတိပဋ္ဌာန်တွေ မရှိကြသေးလို့ပါ ဒါတွေမရှိရင် မြင်လိုက်တာနဲ့ နာမပညတ်နဲ့ သဏ္ဌာန ပညတ်ကို ဆုပ်ပြီးကော့ နောက်ဆုံးမှာ အဘိဇ္ဈာဒေါမနဿလောကကြီး ပေါ်နေမှာဘဲ၊ ဒါကို အမျိုးသီးကြီးတွေ ဘယ်လို ပယ်ဖျောက်မလဲ ?

မိမိမှာက အမှားလောကကြီးကိုတွေ့နေရင် အမှားတွေသာ ထပ်ထပ်ပြီး ဖြစ်နေမှာဘဲမဟုတ်လား၊ ဒီတော့ အမြင်အကြားတွေမှာ သတိပဋ္ဌာန်တရားနှစ်ပြားသားမှ မရှိရင် " အကုသလာ ဓမ္မာ အနွှာသဝေယျုံ " လို့ ဂိုဠ်ကတ်တော်က ပြလာတဲ့အတိုင်း

အကုသိုလ်တရားတွေဟာ အစဉ်လိုက်နေမှာဘဲ မဟုတ်လား၊ ဒီအကုသိုလ်တရားတွေကို ပိတ်နိုင်အောင် ဆရာကောင်းထံမှာ နည်းမခံဘဲနဲ့ အာနာပါနကြီးကို ချနေရင် သတိပဋ္ဌာန် တရားအနေနဲ့ မဖြစ်တော့ဘဲနဲ့ သဏ္ဌာန် အရိပ် နိမိတ် လက္ခဏာ အရောင်အဆင်း အလင်း အကြည်တွေ ပေါ်လာတာနဲ့ အဲဒီ အာနာပါန တရားကြီးဟာ ဟုတ်တယ်လို့ ထင်နေပြီ၊ ဒါဟာ— အာနာပါနကြီးထဲကို တကယ်မဝင်နိုင်သေးပါ။

ဒီတော့ အာနာပါနကြီးထဲကို တကယ်ဝင်နိုင်အောင်တော့ သင်တန်းမှာ အာရုံငါးပါး အပေါက်ကြီးတွေကို ပိတ်ရမယ်၊ ဒါကို ပိတ်လာနိုင်မှ မနောဝိညာဏ်မှာရှိနေတဲ့ သတိပဋ္ဌာန်တရားကြီးကို အာနာပါနလုပ်ငန်းစဉ်နှင့်ရှာရတော့မယ်၊ အဲဒီ အာနာပါနလုပ်ငန်းစဉ်တရားကြီးကိုလဲ တလသင်တန်းအနေနဲ့ ဟောရပါတယ်၊ ဒါကြောင့် နောက်တလကျတော့ သမ္မာညအပိုင်းတွေကို ထပ်ရှုလာရပါတော့တယ်၊ ဒီမဟာသတိပဋ္ဌာန် လုပ်ငန်းစဉ်တရားတော်ကြီးကို မြန်မြန်ရှက်ရှက်နဲ့ နာကြားနိုင်ရန် (၀၊) ခံစားနိုင်ရန် ဆရာတော်က အစနဲ့အဆုံးထိအောင် ဟောကြားသွားပါမယ် ဒီအစနဲ့ အဆုံးထိအောင်လဲ နာကြားနိုင်ကြ ပါစေလို့ မေတ္တာပြုလိုက်ပါတယ်။

ဒီတော့ နေ့ခင်းပိုင်းက ဟောကြားလာတာကို နားလည်သင့်သလောက် နားလည်သွားပါပြီ၊ နားမလည်တာတွေလဲ ရှိပါသေးတယ်၊ ဒီနားမလည်တဲ့ သဘာဝလေးတွေကို နှိုက်ပြလိုပါသေးတယ်၊ အဲဒါ " သင်ရိုးကုန်မှ ဉာဏ်ဟုန်ပြင်း၊ နည်းမျိုးစုံမှ ရန်ပုံခွင်း " ဆိုတာလိုဘဲ ယခု ဓမ္မစကြာ ပဋ္ဌိပတ် သာသနာပြု

ရိပ်သာကြီးမှာ ဟောကြားနေပါပြီ၊ ဒါဟာ ပညာနိဒ္ဒေသ အနေနဲ့ အကျယ်ဖွင့်နေတာပါ၊ ပညာနိဒ္ဒေသဆိုတာ ပညာကို မြင်အောင် အကျယ်ဖွင့်ပြတာကို ခေါ်တယ်။

ဒီတော့ မိမိရဲ့ နှလုံးအိမ်ထဲမှာ ခလေးအရွယ်ကစ,ပြီး သညာရဲ့အမှတ်လေးတွေကို မှတ်လာရတယ်၊ အဲဒီသညာရဲ့ အမှတ်လေးတွေထဲမှာ ပညာရဲ့သဘောလေးတွေ ပါလာတာကို မြင်သလား၊ (ဝါ) သိသလား၊ ဒီဟာတွေကို သိအောင်အကျယ်ခွဲပြီး ဝေဘန်လာတာကို ပညာနိဒ္ဒေသလို့ခေါ်တယ်၊ ကိုင်း— ဒီတော့ လာဘက်ရေပုဂ်ဆိုတဲ့ ရုပ်လောကကြီးဟာ ဘယ်ကနေ စ,ဖြစ်သလဲဆိုရင် ဘယ်လိုပြောမလဲ၊ အဲဒါ ပြောပြမယ်၊ ရုပ်လောက ဖြစ်လာတာဟာ ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးကြောင့် ဖြစ်လာတာပါ။

ဒီတော့ အသက်မရှိတဲ့ ရုပ်လောကကြီးကိုခွဲရင်လဲ ရုပ်ကိုးပါးသာလျှင် ရှိပါတယ်၊ မျက်စေ့နဲ့မြင်ကောင်းတဲ့ (ဝါ) ငါးပါးသော ပသာဒတွေနဲ့ စမ်းသပ်လို့ရတဲ့ရုပ်တွေမှန်ရင် ရုပ်ကိုးပါးသာလျှင် ရောတည်တဲ့အနေနဲ့ ရှိတယ်၊ ဒီကနေမှ အကြည်ကလေးတွေ ထည့်ပြီးတော့ တပ်ဆင်လာတာပါ၊ ဒါကြောင့် အကျဉ်းချုံးရင် ငါးပါးသော ပသာဒတွေနဲ့ စမ်းသပ်လို့ရတဲ့ ရုပ်လောကမှန်ရင် သက်မဲ့တဲ့ရုပ်ဘဲဖြစ်စေ, သက်ရှိတဲ့ရုပ်ဘဲဖြစ်စေ ရောတည်သောရုပ်ဟာ ကိုးပါးဘဲရှိတယ်။

ဒါဟာ ပထဝီ,အာပေါ,ဝါယော,တေဇော,ဝဏ္ဏ,ဂန္ဓ,ရသ, သြဇာ, အာကာသ—ဒီကိုးပါးဘဲရှိတယ်၊ ဒီရုပ်ကိုးပါးဟာ ဘယ်ကဖြစ်လာသလဲဆိုတာကို ရှာရမယ်၊ ဒီတော့ ဒီဋ္ဌိစဲ့ကို စဲ့တဲ့

အခါမှာ ဣသရနိမ္မာန ၀ါဒပါဘဲ၊ ဒါတန်ခိုးရှင်ကြီးတွေက ဖန်ဆင်းထားတယ်လို့ ဆိုတဲ့အယူတွေကို ယခု ရှင်တော်ဂေါတမ သာသနာမှာတောင် ယူခဲ့တဲ့သူတွေက ယူခဲ့ကြပြီ၊ ဒီအယူမျိုး ဟာ သာသနာပအခါမှာသာ ယူတဲ့အယူမျိုးပါ။

ကိုင်း—ဒီတော့ ရုပ်ကိုးပါးဟာ ဘယ်သူကြောင့်ဖြစ်လာသလဲ လို့မေးရင် ကံ,စိတ်,အာဟာရ,ဥတု—အကြောင်းတရားလေးပါး ကြောင့် ဖြစ်လာတာပါလို့ ပိဋ္ဌကတ်တော်မှာ ပြလာပါတယ်၊ ဒီလဘက်ရေပုဂံမှာ ဥတုနဲ့အာဟာရ အကြောင်းတရားနှစ်ပါး ဖြစ်တာကိုတော့ ပြလို့ရပါတယ်၊ ဘာကြောင့်လဲ ဒီနှစ်ပါးက ထင်ရှားနေတယ်၊ (၀၊) ပြဋ္ဌာန်းတဲ့အနေနဲ့ရှိနေလို့ ပြောလို့ ရတယ်၊ စိတ်အကြောင်းနဲ့ ကံအကြောင်းကျတော့ ပြောလို့ မရပါ ဒုၦဟာ မပြဋ္ဌာန်းဘဲ ရှိနေလို့ပါ၊ ဒီတော့ ဥတုနဲ့ အာ ဟာရက ဥတုအကြောင်းအနေနဲ့ရှိနေလို့ ပြောလို့ရတယ်။

စိတ်နဲ့ ကံအကြောင်းကျတော့ ပစ္စယအကြောင်းအနေနဲ့ ရှိနေတော့ ပြောလို့မလွယ်တာပါ၊ ဒီဟာ ဘယ်လောက်သိမ်မွေ့ လာပြီလဲ၊ ဒီသဘာ၀ကိုမြင်ရင် အာနာပါနတရားကြီးကို အား ထုတ်လာရမယ်၊ ဒီတော့ " ဒီဃ ၀ါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ " ဒီဃ ၀ါ၊ ရှည်စွာမူလည်း။ အဿ သန္တော၊ ထွက်သက်ကို ဖြစ်စေသည်ဖြစ်၍။ အဟံ၊ ၀ါသည်။ ဒီဃံ၊ ရှည်စွာ။ အဿသာမိ၊ ထွက်သက်ကိုဖြစ်စေ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ဗျပြားအားဖြင့် ဟုတ်မှန်တိုင်းအမှန်သိ၏။ လို့ပြလာတဲ့အတိုင်း ထွက်လေ, ၀င်လေလေးဟာ လေရှည်, လေတိုကိုလဲ မြင်လာပြီလဲဆိုရော မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ တံခါး

လေးပေါက်ရှိတယ်၊ ဒီလေးပေါက်မှာ ပဋ္ဌမ ချက်တိုင်ကနေပြီး တော့ တေဇောဓာတ်ကလေးဟာ ကမ္မဇ လေဓာတ်ကလေးနဲ့ အဘူဖြစ်လာတယ်။

ဒုတိယ နှလုံးအိမ်ရင်ချိုင့်လဲ ရောက်လာရော ဥသမမီးဓာတ်နဲ့လဲ လာဆုံရော၊ စိတ္တဇဝါယောဓာတ်လေးကို ဖွားချလာတယ်၊ ဒီကနေ တခါတက်လာတော့ ဦးကျောက်အိမ် တတိယမီးဓာတ်ဖြစ်တဲ့ သန္တပ္ပနမီးဓာတ်လဲရောက်လာရော အာဟာရဇ အာပေါဓာတ်လေးကို ဖွားချလာပြန်တယ် နောက်ဆုံး နှုတ်ခမ်းဖျားနဲ့ နှာသီးဖျား အရပ်မှာရှိတဲ့ ဒဟမီးဓာတ်ကြီး ကျရော ဥတုဇပထဝီဓာတ်ဆိုပြီး ထွက်လာပြီ၊ အဲဒါ ထွက်လာဘဲ့လေ ကလေးဟာ ချုပ်သွားတယ်။

လေဓာတ်လေးသာလျှင် ချုပ်သွားတယ်၊ ဓာတ်လေးပါးကလေးက ကျန်နေသေးတယ်၊ ဒီကျန်နေတဲ့ ဓာတ်ကြီးလေးပါးကနေပြီးတော့ ရုပ်တရား, နာမ်တရားတွေအနေနဲ့ တက်ရသေးတယ်၊ ဒီကနေ ခန္ဓာပိုင်းကိုတက်ရမယ်၊ အဲဒီကနေ ပဋ္ဌိစ္စသမုပ္ပါဒ်ပိုင်းဘွဲ့ကို တက်ရတယ်၊ အဲဒီကတဖန် မဂ်တရားဖိုလ်တရားတွေ အထိ တက်သွားရပါတယ်၊ ဝိပဿနာဘက် မလိုက်နိုင်တဲ့ ပုဂ္ဂိုလ်ကလဲ အဲဒါ စျာန်တရားတွေရအောင်လုပ်လာတယ်။

ဒီတော့ ဓာတ်လေးပါးဟာ ဘယ်အနေနဲ့စပြီး ဖြစ်လာသလဲဆိုတာကို သိချင်ရင် စာထဲမှာ ရှာလို့မရပါ၊ အဲဒါ ကိုယ်တွေ့လက်တွေ့ အနေနဲ့ အာနာပါနတရားကြီးကို အားထုတ်ပြီးရှာလာရင် တွေ့လာပါလိမ့်မယ်၊ ဒါကြောင့် အာနာပါနတရားကြီးကို တကယ်အားထုတ်လာရင် "ဆား"လို့ ရေးထားတဲ့ စာပေ

တွေ့ကို တကယ်လက်တွေ့အနေနဲ့ "ဆား"ဟာ ဘယ်လို အရသာ ရှိသလဲဆိုတာကို သိရအောင် လျှာပေါ်တင်ပြီး လျက်ကြည့်သလို ဖြစ်လာအောင်ကြိုးစားပါ။

ဒါကြောင့်ဓမ္မစကြာတရားတော်ကြီးမှာ ကောဏ္ဍညရဟန်းကြီးကို ဘုရားရှင်က " ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂဠှဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတ ကထံကထော ဝေသာရဇ္ဇပတ္တော အပရပစ္စယော" လို့ ပြုလာတယ်၊ အဲဒါကြောင့် အာနာပါနကို အားထုတ်တဲ့အခါမှာ တံခါးလေးပေါက်လို့ ပြုသော်လဲ ဒုတိယတံခါးပေါက်ဟာ အရေးအကြီးဆုံးပါ။

သေယ္ယထာပိ ဘိက္ခဝေ ဒက္ခော ဘမကာရော ဝါ
ဘမကာရန္တေဝါသီ ဝါ ဒီဃံ ဝါ အဠုန္တော
ဒီဃံ အဠုဝမိတိ ပဇာနာတိ။

လို့ ပြုလာသည်အတိုင်း ဘုရားရှင်က ပွတ်သွားနဲ့ ပွတ်သွားတပည့် ဥပမာထားပြီး ဆုံးမသွားပါတယ်။

ဒီ တံခါးလေးပေါက်လုံးကို အရိုးကြေကြေ အရေ ခန်းခန်းကြီးပမ်းသော အားလုလ္လကြီးတွေနဲ့ အားထုတ်နိုင်မှ ရနိုင်ပါတယ်၊ ကိုင်း=ဒီတော့ နေ့ခင်းတရားမှာ ရထရေမြို့ကို လုပ်ငန်းစဉ်အနေနဲ့ တင်ဆက်ပြခဲ့ပါပြီ၊ ဒီတော့ အမျိုးသမီးကြီးတွေ အတွက် ပညာနိဒ္ဒေသအနေနဲ့ ဘယ်လိုနားလည်ထားရမလဲ၊ ဒီလဘက်ရေပုဂံမှာ နာမပညတ်နဲ့ သဏ္ဌာနပညတ်နှစ်ပါးပေါ်နေရင် သက္ကာယဒိဋ္ဌိကြီးက စွဲအုံးမှာဘဲ မဟုတ်လား၊ ဒါကို ဝိပဿနာသွားမတွက အစွဲဖြုတ် အစွဲဖြုတ်ဆိုပြီး ပြောလာပါတယ်၊ဒါဟာအကျိုးတရားလေးကိုသာလျှင် ပြောနေတာပါ။

အကြောင်းတရားအနေနဲ့ မရှာတော့ပါ၊ဒီတော့အကြောင်းတရားကို ရှာရမယ်၊ ဒါကိုရှာမှ အကျိုးတရားကို လာတွေ့မှာဘဲ မဟုတ်လား၊ ဒါဖြင့် ဒီအဆိုင်အခဲကြီး ဘာကြောင့် ထွက်လာသလဲ၊ နာမပညတ်နဲ့ သဏ္ဌာနပညတ်နှစ်ပါးရှိနေလို့ ပါ၊ဒီပညတ်နှစ်ပါး ဘာကြောင့်ရှိနေသလဲ၊ အဆိုင်အခဲဃနကြီးရှိနေလို့ ပါ၊ (၀၊) ပေါ်ထွက်နေလို့ စဲနေလို့ စဲနေတာပါ၊ နောက်တခါပြန်လိုက်ရင် ဒီအဆိုင်အခဲဃနကြီး ရှိနေလို့ နာမပညတ်နဲ့ သဏ္ဌာနပညတ်နှစ်ပါးထွက်နေတာပါ၊ ဒီပညတ်နှစ်ပါး ရှိနေလို့ အစဲ့လောကကြီးပေါ်လာတာပါ။

ဒါကြောင့် အဆိုင်အခဲ ဃနကြီးကို ချေရမယ်၊ အဆိုင်အခဲ ဃနကြီးမရှိရင် နာမနဲ့ သဏ္ဌာနပညတ်နှစ်ပါး မပေါ်တော့ပါ၊ ပညတ်နှစ်ပါး မပေါ်ရင် အစဲ့ကြီးဟာ မစဲ့တော့ပါ၊ ဒါကြောင့် ဃနဆိုတဲ့ အဆိုင်အခဲကြီး မရှိအောင်လုပ်ရမယ်၊ ကိုင်း ဒီဃနကြီးကို ဘယ်လိုချေမလဲ၊ နေ့ခင်းကလဲချေလိုက်ပါပြီ၊ ယခု နေ့ခင်းကအတိုင်း မသွားတော့ပါ၊ သဘာဝတမျိုး ပြောင်းပြီးဟောသွားမယ်။

ကိုင်း ဘယ်လိုချေမလဲ၊ အဲဒါ သံဆုံထဲထည့်ထောင်းပြီးချေသော်လဲ လဘက်ရေပုဂ်ံဆိုတဲ့ နာမပညတ်နဲ့ သဏ္ဌာနပညတ်ဟာပျောက်ပြီး လဘက်ရေပုဂ်ံ အမှုန့် (၀၊)ကြေမှုန့်ဆိုတဲ့နာမပညတ်နဲ့ သဏ္ဌာနပညတ်ထပ်ပေါ်လာအုံးမှာဘဲ မဟုတ်လား၊ ဒါဟာ တကယ်မကြေပါ၊ ပညတ်တခုကနေပြီး ပညတ်တခုကို ပြောင်းတာဘဲရှိတယ်၊ ဒီတော့ ပဿာဒရူပ် ၈၊်းပါ၊်းနှင့် ထိတွေ့ရှိ ရသမျှ ကာလပတ်လုံ်းနာမနဲ့ သဏ္ဌာနပညတ်တို့ဟာမပျောက်ပါ။

ငါးပါးသော ပဿာဒနဲ့ ထိတ္ထေလို့မရမှ ပျောက်ပါတယ်၊ ကိုင်း ဘယ်လိုချေမလဲဆိုတာကို စဉ်းစားဘို့ပညာနိဒ္ဒေသ အနေနဲ့ ပြလိုက်ပါပြီ၊ ဒါကို မချေတတ်နဲ့ဦးတော့ အစ အနလေးလောက်ထွက်လာရင်ဘဲ အဲဒါ " လူသာမန်,နတ်သာမန်,ပုထုဇဉ်သာမန်တို့ မကြုံအပ် မကြုံစည်နိုင်ရာ ဝရဇိန်မိုးယံးကြိုးစက်သွားပမာ စိန္ဒာမယပညာ ဝင့်ဒုက္ခတို့ရဲ့ ကုန်ရာ တိဟိတ်ပုဂ္ဂိုလ်တို့နဲ့ သာ ထိုက်တန်ရာသော"လို့ ပြလာတဲ့အတိုင်း တကယ်တန်ဘိုးရှိသွားပါပြီ၊ ဒါကြောင့် ဒီသမ္ဘဟ ဃနကြီးကို ဘယ်လိုချေမလဲဆိုတာကို အမေးပြုလိုက်ပါပြီ၊ ဒါကို ကြုံစည်ခဲ့ပါလို့ လုပ်ငန်းစဉ်ပေးအပ်လိုက်တာပါ။

ကိုင်း - သာခုခေါ်ကြပါ။

သာခု-သာခု-သာခု။

ဝါဆိုလဆုတ် ၅–ရက်နေ့ ဟောစဉ်။

ပုံစံနံပါတ်(၃)

မနေ့က ရုပ်လောကကြီးတည်ပုံ၊ ဒီနေ့ သမ္ဘဟဃနကို ခွဲစိတ်ရတော့မယ်၊ ဒီတော့ သမ္ဘဟဃနကိုခွဲရင် အာကာသသုံးမျိုးကို နားလည်ရမယ်၊ အာကာသဆိုတာဟာ အကြားကို ခေါ်တယ်၊ (ဝါ) ခြားစီးတာကိုခေါ်တယ်၊ ဒီတော့ နဲ့ဂက် အာနာပါန တရားကြီးကိုလဲ အားထုတ်ရအုံးမယ်၊ အဲဒီလိုအားထုတ်လာမှ ကံအကြောင်းတရားကနေပြီးတော့ မီးခတ်လေးပါးကိုတွေ့လာတော့မယ်၊ ဒီလိုမှ အားမထုတ်သေးရင် ဒီမီးခတ်ကို မတွေ့သေးပါ၊ ဒီတော့ အာနာပါနတရားတော်ကြီးဟာ အောက်မဂ်ကို သိပ်မချိန်ရွယ်ပါ၊ အထက်မဂ်တွေကိုသာ ချိန်ရွယ်ပါတယ်၊ ဒါကြောင့် အာနာပါန အားထုတ်ဘို့ရာကို အတင်းအကြပ်မခိုင်းသေးဘာပါ။

ကိုင်း...ဒီတော့ အာကာသသုံးမျိုးမှာ (၁) အဇဋာကာသ ဆိုတာ မိုယ်းကောင်းကင်ကြီးကို ခေါ်တယ် အဲဒါ "အာကာသော အနန္တော၊ အာကာသော အနန္တော" ဆိုပြီး အဲဒါ အာကာသကြီးဟာ အဆုံးအပိုင်းအခြားမရှိဆိုပြီး ပြလာပါတယ်၊ (၂) ပရိစ္ဆိန္နာကာသ ဆိုတာက ရုပ်တခုနဲ့တခု စပ်ထားတာကို ခေါ်တယ်၊ (၃) ကသိဏုဋ္ဌာသိကမာကာသ ဆိုတာက ကသိုဏ်းစျာန်ကို တက်တဲ့အခါမှာ ကသိုဏ်းနိမိတ်တွေ့ မရောယှက်အောင် တခုနဲ့တခု ခွဲခြားထားတာကိုခေါ်တယ်၊ ဒါဟာ ကသိုဏ်းပညတ်ကို ခွဲခွါ၍ရအပ်သော အာကာသပါ။

ကိုင်း...ဒါကိုနားလည်ရင် ဒီလဘက်ရေပုဂ္ဂံထဲမှာ ပရိစ္ဆိန္နာကာသ ရှိနေတယ် အဲဒါ အာကာသတွေဟာ ခြားစီးနေတယ်၊ ဒီရုပ်ကြီးတွေ ပျက်စီးသွားတာဟာ ဒဟမီးဓာတ်က အကျိုးအနေနဲ့ ထင်နေတာပါ၊ အဲဒါ အာကာသတွေ ကွာလာမှ ပျက်စီးလာတာပါ၊ ဒီရုပ်ကြီးတွေကို အာကာသအနေနဲ့ ရှုလိုက်ရင် အာကာသကြီးတွေ ခြားစီးနေတဲ့အတွက် " ဘိဇ္ဇနဓမ္မော ဘိဇ္ဇတိ၊ နဿနဓမ္မော နဿတိ " လို့ဆိုတဲ့အတိုင်း တနေ့ပျက်စီးသွားမှာဘဲ မဟုတ်လား၊ ဒီတော့ အာကာသတွေဟာ ဒဟမီးဓာတ်နဲ့ သန္တာပနမီးဓာတ်ဘေး လောင်လိုက်တာနဲ့ အစေးအညှော်တွေ ပြေပြီးတော့ ဒီရုပ်ကြီးဟာ ပျက်စီးလာတော့တယ်၊ ဒီတော့ မိမိရဲ့ခန္ဓာကိုယ်ကြီးကို အာကာသတွေနဲ့ တင်ပြီးရှုလိုက်ပါအုံး။

အဲဒါပရိဝါစကမီးဓာတ်နဲ့ ဥသမမီးဓာတ် တောက်နေရင်သာ အာကာသဟာ အစေးအညှော်တွေရှိနေတယ်၊ သန္တာပနမီးဓာတ်နဲ့ ဒဟမီးဓာတ်လဲတောက်လိုက်ရော အစေးအညှော်တွေပြေပြီးတော့ ရုပ်ဓာတ်တွေဟာ ထနေတခြား သဲကမ္ဘာ ပြိုနေသလို ပျက်စီးလာတော့တယ်၊ ကိုင်း ဃနကြီးကို ဘယ်လိုခွဲမလဲ၊ ဒီတော့ စကားပရိယာယ်ကို နားလည်ရင် ထိုပုဂ္ဂိုလ်ဟာ သိလာမယ်၊ စကားပရိယာယ်ကိုမှ မသိရင် နားမလည်သေးပါ၊ ဒီတော့ ဒါနသီလ,ဘာဝနာတရားတွေကို အစဉ်ဘစိုက် အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေအတွက်ကျတော့ ဆရာတော်ပြောတဲ့ တရားကို နားမလည်သေးပါ၊ "အဲဒါ ဌက်ပျောပင်စိုက် မိလိုက်ဖသာ " ဆိုတဲ့အတိုင်း ဓမ္မတာစဲကြီးတွေကို မပယ်နိုင်ကြသေးတဲ့ အတွက်ကြောင့်ပါ၊ ဒါကြောင့် ရှေ့ပိုင်းကကို တမ္ဘာ့ တရားကြီးကို ဖော်ပြခဲ့ပါပြီ။

ဒီတော့ ကမ္ဘာ့တရားနဲ့ (၀၊) ဓမ္မတာတရားနဲ့ မဟုတ်သေးပါ။ ကလားဆိုတာကို သိလာမှ မဲ့–ခဲ့လာတော့မယ် မဟုတ်လား၊ ဒီတော့ရင် (ဥပမာ) လဘက်ရေပုဂ်ံကို ရိုက်ခဲ့လိုက်ပါ။ ရိုက်ခဲ့လို့ကဲ့နေသေးရင် အာကာသတွေ ရှိနေသေးလို့ပါ။ နောက်ဆုံး ရိုက်ခဲ့လို့မရတော့ဘဲ (၀၊) သံဆုံထဲထည့်ပြီး ထောင်းသော်လဲ အထောင်း မခံတော့ဘဲ အပေါ်ကိုပျံ့ပြီး တက်လာပြီးတော့မှ မြူမှုန့်လေးတွေ ဖြစ်လာပြီ။ ဒီတော့ လဘက်ရေပုဂ်ံဆိုတဲ့ နာမပညတ်လေးဟာ ပျောက်မသွားဘူးလား၊ ပျောက်သွားပြီ ဒီလို ပျောက်သွားသော်လဲ လဘက်ရေပုဂ်ံအမှုန့်ဆိုတဲ့ နံ့သာမပညတ်လေးဟာထပ်ပေါ်လာပြန်ပြီဘဲမဟုတ်လား၊ ဒါဟာ အမည်တခုကနေပြီး အမည်တခုကိုပြောင်းနေတာဘဲမဟုတ်လား။

အချုပ်မှာ နာမပညတ်ကြီး ရှိနေလို့သက္ကာယဒိဋ္ဌိကြီး စွဲနေတာပါ ဒါဖြင့်ရင် ဒီနာမပညတ်ကြီးမပေါ်အောင် ဘယ်လိုလုပ်မလဲ၊ ဒီတော့ဘယ်လိုဘဲခဲ့ခဲ့ နောက်ဆုံး မျက်စေ့နဲ့မြင်နေသမျှ နာမပညတ်မပျောက်ပါ၊ အဲဒါ မကြည့်ဘဲ နေလို့ မမြင်တာနဲ့ နာမပညတ်ပျောက်ဘယ်လို့ မယူပါနဲ့၊ မျက်စေ့နဲ့မြင်ရဲ့သားနဲ့နာမပညတ်ပျောက်သွားအောင် လုပ်ရမယ်၊ ဒါဘယ်လိုလုပ်မလဲ၊ ဒီလဘက်ရေပုဂ်ံကိုမှ နာမပညတ်နဲ့ သက္ကာနပညတ်ကို မခွဲနိုင်သေးဘဲ ရုပ်တရား, နာမ်တရားတွေကို ရှာနေရင် အဲဒါ မသိတာရုပ်၊ သိတာနာမ်၊ ဒီအနေနဲ့သာလာတွေ့မယ်၊ ဒီလိုသိတဲ့ အသိမျိုးဟာ ဘာတန်ဘိုး ရှိသလဲ၊ ခလေးငယ်တောင် သိတဲ့ အသိမျိုးပါ။

ယခုလို ခွဲစိတ်နေရတာဟာ အာနာပါနတရားကြီးကို တက်နိုင်အောင်လို့ပါ၊ ကိုင်း....နာမပညတ်မထွက်အောင် ဘယ်လို

ခွဲစိတ်မလဲ၊ ဒီဘော့ ၃၆ စိုက်စိတ်ဆိုတာဟာ ရှေ့ကခွဲစိတ်နိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေက ပညာနဲ့ခွဲစိတ်လို့ရလာတဲ့ သဘာဝကို မှတ်တမ်းတင်ထားတဲ့အနေနဲ့ ချခဲ့တာပါ၊ ယခုနောက်ပုဂ္ဂိုလ်တွေက ပညာနဲ့မမြင်ကြတော့ဘဲ အဲဒါလက်မဲ့ကြောင်း ချပြီးတော့ ခွဲစိတ်နေကြတယ်၊ ဒီလိုခွဲစိတ်လို့ရမလား၊ ယခုလက်တွေ့အနေနဲ့ပြောရမယ်၊ ဒီပုံစံနံပါတ် (၃) ဟာ အရေးကြီးပါတယ်၊ ဒီတော့ ယခုဃနကြီးကို သီလနဲ့အရင်ခွဲစိတ်ရမယ်၊ ဒီလိုခွဲစိတ်လာမှ နောက်ဆုံး ပရမာအဏုမြူ**လေ**ရောက်လာရော .. ဒီပရမာအဏုမြူလေးကိုယူပြီး စဉ်ချက်တင်လာတော့မယ်။

ဒီကနေပြီး အကြောင်းတရားလေးပါး, ပညတ်လေးပါး, မီးခတ်လေးပါးတို့ကို ရှာလာရတော့မယ်၊ ယခု ဒီနေရာမှာ ပဋ္ဌိပတ်ကို ချပေးရမယ် ခွဲစိတ်တဲ့နေရာမှာ သဒ္ဓါတရားနဲ့ပညာ ညီမျှလာရင် ခွဲစိတ်လာနိုင်ပါပြီ၊ သဒ္ဓါတရား ကောင်းရင် လူစည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ်တွေကို ရနိုင်တယ်၊ ပညာတရား အားကောင်းရင် မဂ်ဖိုလ်ရဲ့ ပညာမျိုးစေ့တွေကို ရနိုင်ပါတယ်၊ ဒီပညာနဲ့သဒ္ဓါတရားညီမျှဘို့ရာလဲ မလွယ်ကူလှပါ၊ သံသရာလည်တဲ့သူမှာ ဒီပညာနဲ့ သဒ္ဓါတရားညီမျှဘို့ဟာ မလွယ်ကူပါ၊ ယခု သီလနဲ့ခွဲပြမယ်၊ ဒီသီလဟာသိက္ခာ သုံးပါးထဲမှာ ပါတဲ့ သီလနဲ့ခွဲရမယ်။

ကိုင်း .. ဒီတော့ မြူလေးပါးကို နားလည်ထားရမယ် ဒီတော့ ရထရေမြူရဲ့ အကြီးအသေးပမာဏဟာ ဘယ်လောက်ရှိသလဲ ဆိုရင် အဲဒါလှည်းဘီးတို့, ခြေဖဝါးတို့မှာ ကပ်ပြီးပါလာတဲ့ မြူမှုန့်လေးလောက် ပမာဏရှိပါတယ်၊ သူ့မှာရုပ်ပေါင်း ၃၆၊ ကလာပ်အားဖြင့် ၄ စည်း ရှိနေတယ်၊ ဒါကို ရထရေမြူလို့ခေါ်

တယ်၊ ဒီမြူကို တခါထပ်ပြီး ၃၆ စိတ်စိတ်ရမယ်၊ အဲဒါဟာ ထွင်းဖေါက်နိုင်တဲ့ ပညာနဲ့ စိတ်ရမယ်၊ ဒီတော့ ရုပ်ပေါင်း ၃၆ ဟာ အာကာသတွေခြားစီးနေလို့ ပေါင်းနေတာပါ၊ ဒီတော့ ဥတုအကြောင်းကနေပြီး ဖြစ်လာတဲ့ ရုပ် ၉ ပါး၊ အာဟာရ အကြောင်းကနေပြီးဖြစ်လာတဲ့ ရုပ် ၉ ပါး၊ စိတ်အကြောင်းက နေပြီး ဖြစ်လာတဲ့ ရုပ် ၉ ပါး၊ ကံအကြောင်းက နေပြီးတော့ ဖြစ်လာတဲ့ ရုပ် ၉ ပါးတို့ ပေါင်းလိုက်တော့ ၃၆ ရုပ်ပေါင်း ဖြစ်လာပါတယ်။

ဒီတော့မှ မီးခတ်လေးတွေက နေပြီးတော့ အထက်အနဲ့ ဆိုပြီးတော့ ဖြစ်လာတာပါ၊ ဒီတော့ ဒီအထဲမှာ အာကာသတွေ ခြားစီးလာတယ်၊ ရုပ်,ရုပ်ချင်းလဲ အာကာသတွေ ခြားစီးလာ့ တယ်၊ ဒီပြင် ပထဝီ,ပထဝီချင်းပေါင်းလာတယ်၊ နောက် ပထဝီ နဲ့ အာပေါနဲ့ ပထဝီနဲ့ ဝါယောနဲ့ ၊ ပထဝီနဲ့ တေဇောနဲ့ ကပ် လာတာတွေကို ရှေ့မြူကျတော့မှ ပြပါ့အာ့မယ်၊ယခုနေရာမှာ အစေးအညှော်ဆိုတာ အကြောင်းတရားတွေ, မီးခတ်တွေရှိနေ လို့ကပ်နေတာပါလို့ ဆိုလိုတယ်။

ဒီတော့ ရုပ်အားဖြင့် ၃၆ ဆ၊ ကာလာပ်အားဖြင့် ၄ စည်း လဲ ပေါင်းလိုက်ရော၊ ကလာပ် ၄ စည်းကပ်တာက ကလာပ်ကြီး လို့ခေါ်တယ်၊ ရုပ် ၉ ပါးလေးတွေ ကပ်နေတာ ကျတော့ ကလာပ်သေးလေးတွေလို့ခေါ်တယ်၊ ဒီတော့ ပထဝီခာတ် တခု ထဲမှာကို လေးချက်ကပ်နေပြီ၊ အဲဒါ ပထဝီခာတ်နဲ့ အာပေါ ခာတ်နဲ့ကပ်တယ်၊ ပထဝီခာတ်နဲ့ ဝါယောခာတ်၊ပထဝီခာတ်နဲ့ တေဇောခာတ်၊ ပထဝီခာတ်နဲ့ ပထဝီခာတ်တို့ဟာ ကပ်နေကြ တယ် အဲဒီလိုကပ်နေတဲ့အတွက် အဲဒီ အာကာသတွေ ထွက်လာ

အောင်လို့ ၃၆ စိတ် စိတ်လို့ပြောတာပါ။ ဒီတော့ ဓာတ် ၁ပါး မှာ လေးခုစီကပ်နေရင် ဓာတ် ၉ ပါးမှာ ၃၆ ဖြစ်လာတယ်၊ ဒါကိုရည်ပြီးတော့ ၃၆-စိတ်-စိတ်လို့ပြောတာပါ။

ဒီတော့ ရထရေ–မြူကို ၃၆ စိတ်-စိတ်ပါ၊ ၃၅ စိတ်ကို ပယ်၊ ဘာ့ကြောင့်ပယ်ရသလဲ၊ ဥတုဇရူပ်ပြဋ္ဌာန်းတဲ့ ရူပ်တွေမို့လို့ ပယ်ရတာပါ၊ အာဟာရ ပြဋ္ဌာန်းတဲ့ တစိတ်စာကလေးကို ယူထားပါ၊ ဒါကိုတစ္ဆံ့ဘာရေမြူလို့ခေါ်တယ်၊ သူ့မှာ အာပေါ ဓာတ်ပြဋ္ဌာန်းနေတယ်၊ ဒီတစ္ဆာရေမြူကို တခါ ၃၆–စိတ် စိတ်ပါ၊ ၃၅ စိတ်ကိုပယ်၊ ဘာ့ကြောင့်ပယ်ရသလဲ အာဟာရပြဋ္ဌာန်းတဲ့မြူဖြစ်ခြင်းကြောင့် ပယ်တာပါ၊ တစိတ်စာ့ဟာ စိတ္တဇမြူ၊ ဒါဂ်ုအဏုမြူလို့ခေါ်တယ်၊ ဒီအဏုမြူကိုလဲ တခါ ၃၆ စိတ် စိတ်ပါ၊ စိတ္တဇမြူဖြစ်တဲ့ ၃၅ စိတ်ကိုပယ်၊ တစိတ်စာသည် ကမ္မဇမြူပြဋ္ဌာန်းနေတယ်။

ဒါကို ပရမာအဏုမြူလို့ခေါ်တယ်၊ ဒါဟာ ဥတုကနေပြီးတော့ ခဲ့ချလိုက်တာပါ၊ ဒီတော့ ဥတုဃနသာလျှင် ကြေသွားသေးတယ်၊ နောက်အာဟာရ စိတ်,ကံ ဃနတွေရှိနေသေးတယ်၊ ဒါတွေကိုခဲ့နိုင်လာရင် ဥဒုယဗ္ဗယဉာဏ်ကြီးထဲ ဝင်နိုင်လာပါပြီ၊ ဒီကျအောင် ခဲ့စိတ်ပါ၊ ယခုပြောသလို တကယ်ပညာနဲ့ ခဲ့နိုင်ရင် သဘာဝဉာဏ်တွေ ပေါ်လာတော့မယ်၊ ဒီတော့ တစ္ဆာရေမြူကျတော့ လူရဲ့ခြေဖဝါးမှာတောင်မှ မကပ်တော့ဘဲ အပေါ်သို့ ပျံ့တက်သွားတဲ့မြူမျိုးပါ၊ အဏုမြူကျတော့ မီးရောင်,နေရောင်တွေမှာ လှိုင်းကလေးတွေထနေတဲ့အနေနဲ့ မြင်ရတဲ့ မြူမျိုးပါ။

ပရမာအဏုမြူကျတော့ မျက်စေ့နဲ့တောင်မှ မမြင်ရတော့ပါ၊ ဒီမြူမှာ ဥတုပြဋ္ဌာန်းတဲ့ ရူပ်သဘောကြီး ကုန်သွားပြီ၊

အာဟာရ, စိတ်, ကံ ပြဋ္ဌာန်းတဲ့ရုပ်တွေသာ ရှိနေတော့တယ်၊ ဒါကို စိတ်လို့မလွယ်တော့ပါ၊ ဒီပရမာ အဏုမြူမှာလဲ ရုပ် ၈ ပါး ရှိနေသေးတယ်၊ အဲဒါ ရုပ်အာကာသဟာ မရှိတော့ပါ၊ ဒီတော့ အာကာသရှိတာဟာ ဥတုဇရုပ်ကြီးမှာသာ အာကာသ ပြဋ္ဌာန်းတယ်၊ အာဟာရဇ, စိတ္တဇ, ကမ္မဇရုပ်တွေ ကျတော့ သိမ်မွေ့လာတဲ့အတွက်ကြောင့် အာကာသပြဋ္ဌာန်းပြီး မရှိတော့ပါ၊ ဒီတော့ ပရမာအဏုမြူ ရုပ် ၈ ပါးဟာ ပေါင်းစုနေသော်လဲ အာကာသ မရှိရင် ဘယ်လို ပေါင်းစုနေသလဲ၊ ဒါကိုမြင်ရမယ်။

ဒီတော့ အာကာသမရှိတော့ရင် ဒီရုပ် ၈-ပါးဟာ ဘယ်လို ပေါင်းစုနေသလဲ ဆိုတာကို စဉ်းစားပါ၊ ဒီတော့မှ သီလရဲ့ အမြုတေလေးကို လာတွေ့မယ်၊ ဒီထဲမှာ သီလရဲ့ အမြုတေလေးဟာ ဘယ်အနေနဲ့ လာဝင်သလဲဆိုတော့ "ကုစ္ဆိတေ ပါ့ပ ဓမ္မေ (လ) အပဂမေန္တိ"လို့ ပြလာတဲ့အတိုင်း သီလဆိုတာဟာ အကုသိုလ်တရားတွေကို တုန်လှုပ်စေတတ်တဲ့ သဘောပါ၊ ဘယ်လိုတုန်လှုပ်သလဲဆိုရင် နာမနဲ့ သဏ္ဌာနပညတ် ၂ ပါး ဇာတ်သိမ်းသွားလို့ တုန်လှုပ်တဲ့သဘောလေးရှိတယ်လို့ ပြောတာပါ၊ ဒီတော့ နာမနဲ့သဏ္ဌာနပညတ်တွေခဲ့နေရင် ကာယကံမှု, ဝစီကံမှုတွေ လွန်ကျူး လာတော့မယ်၊ ထိန်းသော်လဲ ခဏသာလျှင် ရမယ် မဟုတ်လား။

ဒီတော့ မြင်တွေ့လိုက်တာနဲ့ တခါထဲ နာမပညတ်နဲ့သဏ္ဌာနပညတ်ပေါ်လာရော၊ ဒီ အနှစ်ကြီးဟာ သီလရော, သမာဓိပါ မထိန်းသိမ်းနိုင်တော့ပါ၊ အခု ပြလိုက်တဲ့ ပရမာ အဏုမြူကို

တကယ်မြင်လာရင်ဘဲ နာမနဲ့ သဏ္ဌာနပညတ်တွေကိုမဆဲတော့ဘဲ သီလတရားက အကုသိုလ်တရားတွေကို ပိတ်ဆို့လာပြီ၊ ဒီလို သီလမျိုးမှ တန်ဘိုးရှိမှာဘဲ မဟုတ်လား၊ ဒီသီလကို တကယ်မြင် လာရင် (၀၊)တကယ်တည်လာရင်ဘဲ ဆင်ယင်ထုံးဖွဲ့မှုကြီးတွေ မှာကို ဒုက္ခလို့ ထင်လာတော့မယ်၊ ဒါ့ကြောင့် ကိုလေသာ အကြမ်းတွေကို ဒီသီလက မထိန်းနိုင်ဘူးလား၊ ဒါကြောင့်ပထမ သီလတရားဟာ အရေးကြီးပါတယ်၊ ဒါကြောင့် သီလဟူသော မြေမှ သမာဓိဟူသောခြေဖြင့် သဒ္ဓါတည်းဟူသော လက်နဲ့ ယူ လာတယ်လို့ ပါရာဇိကဏ် အဋ္ဌကထာကပြလာပါတယ်၊ဒီတော့ သိက္ခာ ၃ ပါးမှာပါတဲ့ သီလဟာ သညာဝိညာဏ်ဖြင့် မစောင့် ရှောက်, မထိန်းသိမ်းသော်လဲ သူ့အလိုလို ပြည့်စုံလာပါတယ်၊ (၀၊)သူ့အလိုလိုစောင့်ထိန်းလာတော့တယ်။

ဒီတော့ ပရမာအဏုမြူလဲ ကျလာရော ရုပ်အာကာသဟာ ပျောက်သွားပြီး နာမ်အာကာသအနေနဲ့သာ ရှိနေတော့တယ်၊ ဒီပရမာအဏုမြူကနေပြီးတော့ လူစွမ်းကောင်းလေးတွေ ထွက် လာတော့မယ်၊ ပရမာအဏုမြူမှာ ရုပ် ဂ ပါးသာရှိတော့တယ်၊ ဒီအထဲမှာ ပညာသဘောတွေ အများကြီးဝင်ရအုံးမယ်၊ဒီတော့ ရုပ် ဂ ပါး အပေါင်းအစုလဲကျရော ရုပ်အာကာသအနေနဲ့ မရှိ တော့ဘဲ နာမ်အာကာသအနေနဲ့သာ ရှိတော့တယ်၊ ဒီ နာမ် အာကာသလေးတွေက ပညတ်ရိပ်လေးပါ့အနေနဲ့ ဝင်လာပြီ၊ ၀၊–ဖြစ်လာပါတယ်။

ဒီတော့ ပထဝီဓာတ်ရဲ့ဗျာပါရက နာမပညတ်ရိပ် ဖြစ်လာ တယ်၊ အာပေါဓာတ်က သဏ္ဌာနပညတ်ရိပ် ဖြစ်လာတယ်၊

ဝါယောဓာတ်က သမ္မာပညတ်ရိပ်၊ တေဇောဓာတ်က သန္ဓတိ ပညတ်ရိပ်ဆိုပြီးတော့ ဖြစ်လာတယ်၊ ဒီတော့ ပညတ်ရိပ်လေးပါး ဟာ ရူပ် ၇ ပါး အပေါင်းအစုမှာ ခေါင်း၊ လေးအနေနဲ့ ပါ လာတယ်၊ အကြောင်းတရား လေးပါးက ခြေထောက်၊ လေး အနေနဲ့ ထောက်လာတယ်၊ မီးဓာတ်လေးပါးက လက်၊ အနေနဲ့ ပါလာတယ်၊ ဒါကြောင့် ပရမာအဏုမြူ၊ လေးက ငါဟာ သုံးဆဲ့တဘုံကြီးမှာ သွားချင်တဲ့ဘုံကို သွားနိုင်ပြီလို့ ပြော နေပြီ။

(တနည်း) ပညတ်လေးပါးက ဦးခေါင်း၊ ဓာတ်လေးပါးက ခန္ဓာကိုယ်၊ ဥပါဒါန်ရူပ်လေးပါးက လက်၊ အကြောင်းတရား လေးပါးက ခြေထောက်၊ အနေနဲ့ထောက်ပြီး လေထီးစစ်သား လေး ဆင်းလာပြီလို့လဲ ဆိုနိုင်ပါတယ်၊ ဒီတော့ သုံးဆဲ့တဘုံ ကြီးမှာ အရူပလေးဘုံကလဲ့ရင် ဒီ ရူပ် ၇ ပါးသာလျှင် 'တည် ဆောက်ထားတာပါ၊ ဒီရူပ်လောကနဲ့ တည်ဆောက်တဲ့ဘုံတွေ မှန်ရင် ဒီ ရူပ် ၇ ပါးဟာ ရှိနေကြတယ်၊ ဒီတော့ လူမှာရှိနေတဲ့ ရူပ် ၇ ပါးနဲ့ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံတွေမှာ ရှိနေတဲ့ ရူပ် ၇ ပါးတွေဟာ အတူတူပါဘဲ၊ ဘာမျှားတိုးပြီး ထူးနေသေးသလဲ။

အာကာသကြီးတွေ ရှိနေတုံးကတော့ ထူးသော်လဲ အခု ပရမာအဏုမြူလဲ ရောက်လာရော အာကာသကြီးတွေ မရှိတော့ တဲ့အတွက် ဘာမျှားထူးသေးသလဲ၊ မထူးတော့ပါ၊ ဒီတော့ စတုတ္ထစျာန်သမာပတ် ၇ ပါး ပေါက်နေတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဒီ ရူပ် ၇ ပါးလေးကို ယူနိုင်လာတယ်၊ ဒီ ပရမာအဏုမြူမှာ

ရှိနေတဲ့ ရုပ် ၈ ပါးကို ထင်လာရင် ဘယ်တရားတွေကို ဝန်ခံနိုင်လာမလဲဆိုရင် ဘုရားရှင် အလိုရှိတဲ့အခါမှာ မုန်ညင်းစေ့ထဲကို ဝင်ပြီးတော့ စကြဲကြွနိုင်တယ်ဆိုတဲ့ တရားတွေနဲ့ ရှင်မောဂ္ဂလာန်မထေရ် နန္ဒောပနန္ဒနဂါးမင်းကြီးရဲ့ ခံတွင်းထဲ ဝင်တော်မူတဲ့ သဘောတွေကို ဝန်ခံလာတော့မယ်။

ဒီတော့ နဂါးမင်းကြီးရဲ့ ခံတွင်းထဲကို ဘယ်လိုဝင်သလဲ ဆိုတော့ ခုနကပြောခဲ့သလို စတုတ္ထစျာန် သမာပတ်ကို ဝင်စားပြီးမှ ရုပ်ကြမ်းကြီးတွေမှာရှိနေတဲ့ အာကာသကြီးတွေကို အကုန်လုံးခွါချပြီးမှ ဝင်တာဘဲ မဟုတ်လား အဲဒါ စတုတ္ထစျာန် သမာပတ်ကို ဝင်စားပြီးမှ ဝင်လို့ရပါတယ်၊ ဒီတော့ ဘုရားရှင် မဟာသမယသုတ်ကို ဟောကြားတော်မူတဲ့ အခါမှာစကြာဝဠာတသောင်းမှာကို နတ်ဗြဟ္မာတွေဟာ သားမြီးဖျားထိုးလောက်ရှေ အရပ်လေးမှာကို နတ်ဗြဟ္မာတွေဟာ တကျိပ်မှ ခြောက်ကျိပ် အထိ (၁၂) တဆယ်မှ ခြောက်ဆယ်အထိ စုပေါင်းပြီး နေကြရတယ်၊ ဒါဟာ ဘယ်လို နေကြသလဲ။

အဲဒါ ရုပ်ကြမ်းကြီးတွေကို အာကာသနဲ့ခွါပြီးတော့ အဲဒါ ကျဉ်းနိုင်သမျှ ကျဉ်းပြီးတော့မှ နေကြတာဘဲမဟုတ်လား၊အဲဒါ ပရိပါစက မီးခတ်နဲ့ ဥသမမီးခတ်တို့နဲ့ အဲဒါ ဝဏ္ဏ ဂန္ဓ ရသ, သြဇာဆိုတဲ့ ခတ်တွေနဲ့ တပ်ပြီးနေရတယ် ဒီတော့ ခန္ဓာကိုယ်ကြီးဟာ ကြီးနေတာဟာ အာကာသတွေ ပွားစီးနေလို့ကြီးနေတာဘဲ မဟုတ်လား၊ ဒီကြီးနေတဲ့ ခန္ဓာကိုယ်ကြီးကို သေးသွားအောင် ခွါချမှုနေလို့ရတာပါ၊ ဒါယာ ပရမာ အဏုမြူကျအောင် ဝေဖန်လာမှ ရမယ်မဟုတ်လား၊ ဒီပရမာအဏုမြူလေး

ဟာ ဘယ်လောက်တောင် သိမ်မွေ့လာပြီလဲ၊ ဒီပရမာအဏုမြူ လေးကိုဘဲ ရှေ့ကျရင် ခွဲစိတ်ပြီး ရုပ်နာမ်ကိုရှာပြီး တက်ရဦးမယ်။

ဒီပရမာအဏုမြူမှာကို နာမပညတ်ရိပ်နဲ့ သဏ္ဌာနပညတ် ရိပ် ၂ ပါး မရှိတော့ဘူးလို့ ယူလာပြီ၊ ဒါဟာ မိမိကမမြင်လို့ မရှိဘူးလို့ ပြောနေတာပါ၊ သဘာဝ အနေနဲ့ဆိုရင် ရုပ်ရှိနေရင် နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ် ၂ ပါးတို့ဟာ ရှိနေသေးတယ်၊ ဒီပရမာ အဏုမြူမှာ ရှိနေတဲ့ ခေတ် ဂ ပါးဟာ သဘောတရားလေး အနေနဲ့သာ ရှိတော့တယ်၊(ဥပမာ)ဒေဝဒတ်ကြီးကို မြေမျိုပြီး ငရဲပြည်ကိုကျတယ် ဆိုတာဟာ ဒီက သဘာဝချုပ်ပြီး ဟိုငရဲပြည်မှာ ဟိုကသဘာဝသွားပေါ်တာဘဲမဟုတ်လား၊ ဒီကမျှား ဟိုကိုသွားနေရအုံးမှာလား၊ အဲဒါ သဘာဝတွေဟာ တူနေပြီဘဲ မဟုတ်လား၊ ဒါကြောင့် သုံးဆဲ့တစ်ဘုံကြီးဟာ သညာဝိညာဏ်နယ်မှာ ရှိနေတယ်၊ ဒီသုံးဆဲ့တစ်ဘုံကြီးကို ယခု ဒီနေရာကနေပြီး သိမ်းလိုက်ရင် သဘာဝလောကကြီး တခုသာ ရှိနေတော့တယ်။

အဲဒါ သညာဝိညာဏ်က ချယ်လှယ်နေလို့သာ သုံးဆဲ့တစ်ဘုံကြီးဆိုပြီး ဖြစ်နေတာပါ၊ ဒါဟာ ၂၉ ပါးသော ကံဘေ့, အကြောင်းတရားတွေ, ပညတ်တရားတွေက လှည့်စားထားတာပါ၊ ဒီသဘာဝတွေကို ဖြုတ်ပြီးတော့ ယခု ပရမာအဏုမြူကနေပြီး ကြည့်လိုက်ရင် လှည့်စားနေတာပါလား လို့ ဆိုတာကို လာတွေ့တော့မယ်၊ အဲဒါ သဘာဝလောကကြီး တခုထဲသာ လာတွေ့တော့မယ်။

ညဟောစဉ်။

ဒီနေ့ ခွဲစိတ်ရမဲ့ သမ္မုဟဃနကြီးကိုပင် ခွဲစိတ်လိုက်တာနဲ့ သဘာဝ အနုတ္တဓာတ်ကို လာတွေ့တော့မယ်၊ ဒီသဘာဝကို မတွေ့မီ ရုပ်ပရမတ်ကြီးတွေ ထွက်လာတော့မယ်၊ ဒီတော့ ရုပ် ၇ ပါးကို ကလာပ်တစည်းအနေနဲ့ ဖွဲ့ထားတယ်၊ အဲဒီလို ဖွဲ့ထားတာကိုပင် ပရမတ်ဆိုပြီးတော့ ဟောကြားသွားကြပါတယ်၊ ဒါက ကလာပ်အနေနဲ့သာ သိမ်းဆည်းလို့ ရတာပါ၊ ဒီရုပ် ၇ ပါး ပေါင်းစုနေတဲ့ ရုပ်ကို "အဝိနိဗ္ဘောဂရုပ်" ခွဲလို့ မရတဲ့ရုပ်လို့ ပြလာပါတယ်၊ ဒီတော့ ရုပ်တခုကို ခွဲရင်ဘဲ ကျန်တဲ့ ရုပ်သုံးခုကလဲ ပါလာပါတယ်၊ ဒါကို ပဋ္ဌာန်းကျမ်းကြီးတွေမှာ "ဧကံ မဟာဘူတံ ပဋ္ဌိစ္စ တယော မဟာဘူတေ" ဆိုပြီး အကျယ်ခွဲပြီး ပြလာပါတယ်။

ဒီတော့ ကလာပ်စည်းလေး တခုကိုရောက်လာရင်ဘဲ ပရမတ်ရုပ်ဆိုပြီးတော့ ဟောကြားလာကြတော့တယ်၊ ကိုင်း.... ယခုဆရာတော်တို့က ဒီထက်သိမ်မွေ့တဲ့ သဘာဝတွေထိအောင် ဟောကြားသွားပါမယ်၊ အခု သမ္မုဟဃနကြီးကို ခွဲစိတ်ရတော့မယ်၊ ဒီတော့ အတ္တဒိဋ္ဌိ, အတ္တာနုဒိဋ္ဌိ, သက္ကာယဒိဋ္ဌိတွေကို ပိဋ္ဌကတ်တော်က ဘယ်လိုပြလာသလဲဆိုတော့ ဒီ အစုံကြီးတွေကို မစုံကြနဲ့ဆိုပြီး ပြလာတယ်၊ (၀၊) ဆုံးမလာပါတယ်၊ ဒီအစုံကြီးတွေကို မစုံအောင် အကြည်ဓာတ် ၆ ပါးကို (၀၊) ဒ္ဒါရ ၆ ပေါက်ကို ပိတ်ထားမလား၊ ဘယ်လိုဘဲပိတ်ပိတ် နောက်ဆုံးနှလုံးအိမ်ကြီးက ထွက်ဆဲအုံးမှာဘဲ မဟုတ်လား၊ ဒါကြောင့် သမထနဲ့တော့ ဒီ အစုံကြီးတွေဟာ မကျွတ်နိုင်ပါ၊ ပညာအနေနဲ့ ဖြုတ်နိုင်မှသာလျှင် ပြုတ်သွားမယ်။

ဒီ အစဉ်ကြီးကို ဖြုတ်ချင်ရင် အကြောင်းရင်းကို ရှာရမယ်၊ ဒီတော့ ဒီ အစဉ်တွေဟာ နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ် ၂ ပါး ရှိနေတဲ့အတွက်ကြောင့် စဉ်နေတာဘဲ မဟုတ်လား၊ ဒီ ပညတ် ၂ ပါးဟာလဲဘဲ သမ္မာဃန အပေါင်းအစု အစိုင်အခဲကြီး ရှိနေလို့ ထွက်နေတာပါ၊ ဒါကြောင့် ဒီ သမ္မာဃန အပေါင်းအစုကြီးကို ခွဲစိတ်ပစ်ရမယ်၊ ကိုင်း....ခွဲစိတ်မယ်ဆိုရင် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးနဲ့ ခွဲရတော့မယ်၊ ယခု ဒီနေရာမှာ သီလနဲ့ ခွဲစိတ်ရမယ်၊ နောက်ကဏ္ဍကျတော့ သမာဓိနဲ့ ခွဲစိတ်ရမယ်၊ ဒီသဘောကို ဝေဖန်ရင် ဒီသီလဟာ ဓမ္မတာသီလဖြစ်တဲ့ ငါးပါး သီလ, ရှစ်ပါးသီလ, ကိုးပါးသီလမျိုးတွေ မဟုတ်ပါ၊ ဒီနေရာမှာ ဓမ္မတာသီလမျိုးတွေနဲ့ ခွဲစိတ်လို့မရပါ၊ ဓမ္မတာသီလမျိုးတွေက ခေတ္တခဏအနေနဲ့ သာ ကာယကံမှု, ဝစီကံမှုတွေကို ထိန်းသိမ်းတဲ့ သီလပါ၊ ဒီသီလတွေနဲ့ ခွဲစိတ်လို့မရပါ။

ဒီသီလမျိုးဟာ သံသရာလည်တဲ့ သီလမျိုးပါ၊ သံသရာလည်ကဲ့အခါမှာ ရှေ့တန်းကနေပြီးမျက်နှာပန်းလှအောင် ပို့ဆောင်ပေးတဲ့သီလမျိုးပါ၊ ယခုခွဲစိတ်မဲ့သီလက သုံးဆဲ့တစ်ဘုံကြီးကို ထွင်းဖေါက်နိုင်တဲ့ သီလပါ၊ ဒါကြောင့် "တောင်းကိုမဖေါက်၊ တောင်ကိုဖေါက်၊ စိန်ကျောက်အသွင် သီလဝင်" ဟု ရှင်မဟာသီလစံသက ကြုံးဝါးတော်မူထားပါတယ်၊ ဒီတော့သီလဆိုတာဟာ ထွင်းဖေါက်တဲ့ သဘောပါ၊ သီလကို စစ်လိုက်ရင် သဒ္ဓါတရားနဲ့ ပညာတရား ဒီ ၂ ပါးကိုတွေ့လာတယ်၊ ဒီသဒ္ဓါတရားနဲ့ ပညာတရား ညီညွတ်ရင် သီလ တရားဟာ ထွက်လာပါတယ်၊ ဒီတော့ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးနဲ့ ခွဲစိတ်ရတော့မယ်။

ဒီတော့ သဒ္ဓါတရားဆိုတာ သြကပ္ပနသဒ္ဓါမျိုးပါ၊ ပညာတရားဆိုတာက ထွင်းဖေါက်နိုင်တဲ့ ပညာပါ၊ ဒီတော့ ဘုရားရှင် ဟောကြားခဲ့တဲ့ တရားတော်တွေကို နိဗ္ဗာန်ထိအောင် ပို့ဆောင်နိုင်တယ်ဆိုတာကို ယုံကြည်တဲ့သဒ္ဓါမျိုးပါ၊ပညာတရားကျတော့ အစမထင်တဲ့ဘဝကစပြီးပါလာတဲ့ ဒီဋ္ဌိတရားတွေကို အမြင်မှားလို့ခေါ်တယ်၊ ဒီ ဒိဋ္ဌိတရားကြီးတွေက ၂၉ ပါးသော ဏ်တရားတွေနဲ့ ပို့ဆောင်ရာကို အစုန်အဆန် သွားနေကြရတယ်၊ ဒါဟာ အမြင်မှားကြီးဘဲ မဟုတ်လား။

ဒီအမြင်မှားတွေကို အမြင်မှန်ဖြစ်အောင် ယခုထွင်းဖေါက်ရတော့မယ်၊ ဒါကြောင့် သဒ္ဓါတရားနဲ့ပညာတရားကို ကိုင်ထားပါ၊ နာမနဲ့သဏ္ဌာနပညတ်ကွဲပျောက်သွားအောင် ဃံနကြီးကို ချေရတော့မယ်၊ ဒါဖြင့်ဘယ်လိုချေမလဲ၊ ဒီတော့ မနေ့ကပြောခဲ့သလို(ဥပမာ)လဘက်ရေပုဂံကို သံဆုံထဲထည့်ပြီး ထုထောင်းပြီး ချေလိုက်ရင် လဘက်ရေပုဂံဆိုတဲ့ နာမပညတ်လေးသာ ပျောက်သွားမယ်၊ ဘာပေါ်လာအုံးမလဲဆိုရင် လဘက်ရေပုဂံမှုန့်ဆိုတဲ့ နာမပညတ်လေးထပ်ပြီးပေါ်လာအုံးမှာဘဲမဟုတ်လား၊ ဒီတော့ ပညတ်တခုကနေပြီး ပညတ်တခုကို ပြောင်းတာဘဲ ရှိနေပါသေးသလား၊ အဲဒါ ငါးပါးသောပသာဒရူပ်တွေနဲ့ စမ်းသပ်လို့ရနေသေးရင် နာမပညတ်နဲ့ သဏ္ဌာနပညတ်တွေ ပေါ်နေအုံးမှာဘဲ မဟုတ်လား။

ကိုင်း—ဘယ်လိုချေမလဲ၊ အဲဒါမြူတွေနဲ့ချေရမယ်၊ဒီတော့ ယခုလိုထုထောင်းပြီး ချေလာခဲ့တာဟာ နောက်ဆုံး မြူမှုံ့လေးတွေဟာ ထုထောင်းလို့ မရတော့တဲ့ အခါကျတော့မှ အဲဒီမြူ

မှုံ့လေးကို ရထရေမြူလို့ခေါ်တယ်၊ အဲဒါ ရထားလှည်းဘီးတို့ လူတို့ရဲ့ ခြေဖဝါးတို့မှာ ကပ်ပြီးပါလာတဲ့ မြူမှုံ့လောက် ပမာဏရှိပါတယ်၊ ဒီမြူမှုံ့လေးမှာ ဥတုပြဋ္ဌာန်းနေသေးတယ်၊ ဒီမြူမှုံ့လေးကို ဒီ၀ရိ ၅၀၀ အားရှိတဲ့ မှန်ဘီလူးပေါ်မှာတင်ပြီးကြည့်ရင် မမြင်ဘူးလား၊ မြင်ဘယ်...၊ ဒီမြူလေးကိုပရိယတ်တတ်တဲ့ ပုဂ္ဂိုလ်ကိုခေါ်ပြီး အဘိဓမ္မာအနေနဲ့ ရုပ်ခွဲပေးစမ်းပါ့ဆိုရင် အဲဒါ ပထဝီ, အာပေါ, ၀ါယော, တေဇော, ၀ဏ္ဏ, ဂန္ဓ, ရသ, သြဇာ, အာကာသ–ရုပ် ၉ ပါးရှိတယ်ဆိုပြီး ခွဲပေးမှာဘဲ မဟုတ်လား။

ဒီတော့ ရထရေမြူဆိုရင် ဥတုပြဋ္ဌာန်းနေတယ်၊ တစ္ဆာရေမြူကျတော့ အာဟာရ ပြဋ္ဌာန်းနေတယ်၊ အဏုမြူမှာ စိတ်ပြဋ္ဌာန်းတယ်၊ ပရမာအဏုမြူကျတော့ ဂ်ပြဋ္ဌာန်းနေတယ်၊ ဒါကြောင့် အကြောင်းတရားလေးပါးကြောင့် ဒီမြူမှုံ့လေးတွေဖြစ်နေတာဖြစ်ခြင်းကြောင့် ရထရေမြူကို ရုပ်ခွဲမယ်ဆိုရင် ဥတုအကြောင်း ပြဋ္ဌာန်းနေတဲ့ (၀ါ) ဥတုအကြောင်း ကြောင့်ဖြစ်တဲ့ ရုပ် ၉ ပါး၊ အာဟာရ အကြောင်းကြောင့်ဖြစ်တဲ့ ရုပ် ၉ ပါး၊ စိတ်အကြောင်းကြောင့်ဖြစ်တဲ့ ရုပ် ၉ ပါး ဂ်အကြောင်းကြောင့်ဖြစ်တဲ့ ရုပ် ၉ ပါး၊ ပေါင်းလိုက်တော့ ရုပ်ပေါင်း ၃၆ ပါးဆိုပြီး ဖြစ်လာပါတယ်၊ ဒီရုပ်ကို "အဝိနိဗ္ဘောဂ ရူပါနိစေ၀ အာကာသဓာတုစ စတူဟိ သမ္ဘူတာနိ" လို့ပြုလာပါတယ်။

ဒီတော့ ကလာပ်အားဖြင့် လေးစည်း၊ ရုပ်အားဖြင့် ရုပ်ပေါင်း ၃၆ ပါး ရှိနေတယ်၊ ဒီရထရေမြူမှာကို ကလာပ်အားဖြင့်လေးစည်း ရုပ်ပေါင်း ၃၆ ပါးအနေနဲ့ရှိနေသေးတယ်၊ ဒီရုပ်တွေရှိနေသေးရင် အဲဒါနာမပညတ်, သဏ္ဌာနပညတ်တို့ဟာ

ဇာတ်မသိမ်းသေးပါ၊ ရှိနေသေးတယ်၊ ရှိနေသေးရင် သက္ကာယ ဒိဋ္ဌိ မင်းတရားကြီးက အုပ်စိုး နေအုံးမှာဘဲ မဟုတ်လား၊ ဒါကြောင့် ဒီမြို့ကိုထပ်ပြီးတော့ ခွဲရအုံးမယ်၊ ဒီရထရေမြို့ဟာ ဥတုပြဋ္ဌာန်းနေတဲ့ရုပ်ပါ၊ ဒီရထရေမြို့ကို ၃၆ စိတ် - စိတ်ပါ၊ ၃၅ စိတ်ဟာ ဥတုပြဋ္ဌာန်းခြင်းကြောင့်ပယ်လိုက်ပါ၊ တစိတ် စာသည်အာဟာရပြဋ္ဌာန်းတဲ့ တစ္ဆာရေမြို့လို့ ခေါ်တယ်။

ဒီ တစ္ဆာရေမြို့ကို ၃၆ စိတ်စိတ် တစိတ်စာဟာ အဏုမြူပါ၊ ဒါဟာ စိတ်ပြဋ္ဌာန်းတဲ့မြို့လို့ခေါ်တယ်၊ ဒီ အဏုမြူကို ၃၆ စိတ်စိတ် တစိတ်ဟာ ပရမာအဏုမြူလို့ခေါ်တယ်၊ ဒီ မြို့ကျတော့ ကံပြဋ္ဌာန်းတဲ့ မြို့လို့ခေါ်တယ်၊ ဒီ ပရမာအဏုမြူလေ ရောက်လာရော မျက်စေ့နဲ့မြင်သေးသလား၊ မမြင်ရတော့ပါ၊ ဒီတော့ မမြင်ရတဲ့အတွက် မရှိတဲ့သဘောတရားသည် အနတ္တ တရားပါလို့ယူရင် ဥစ္ဆေဒဒိဋ္ဌိထဲကျသွားမယ်၊ ဒီတော့ အနတ္တ တရားဟာ မရှိတဲ့သဘောတရား မဟုတ်ပါ၊ ဒါဖြင့် ဘယ်အနေ နဲ့သာ ယူရမလဲဆိုတော့ သညာဝိညာဏ်က ဆွဲလို့မရတော့ပါ၊ အဲဒါ ပညာအနေဖြင့်သာ သုဉ်းဆိတ်တဲ့ သဘောအနေနဲ့သာ လျှင် ရှိတယ်လို့ယူရမယ်။

ကိုင်း—ဒီတော့ ခုနက သညာဝိညာဏ်ဖြင့် ခွဲစိတ်ပြီး ပြလိုက်ပါပြီ၊ ဒါဟာ ပေါက်ရောက်တော်မူတဲ့ ပုဂ္ဂိုလ်ကြီးတွေက ပညာဖြင့် မြင်တော်မူလို့ အာကာသကြီးတွေ သုဉ်းဆိတ်သွားအောင် ၃၆ စိတ်စိတ်ရမယ်လို့ မှတ်တမ်းတင်သွားတာပါ၊ ဒီသဘာဝကို ကိုယ်ကမမြင်ဘဲနဲ့ သူမျှားပြောသလို ၃၆ စိတ်လိုက်ပြီး စိတ်နေ ရင် အဲဒါ သညာဝိညာဏ်အနေနဲ့ လက်မဲကြောင်း ချနေတာ

ဖြစ်ခြင်းကြောင့် မြူလေးပါးကဲ့ပြိုဆိုလို့ ဘယ်မှာလက္ခံနိုင်အုံးမှာလဲ၊ ဒီတော့ ၃၆ စိတ်စိတ်တာဟာ ဘာ့ကြောင့်စိတ်ရတာလဲလို့မေးရင် အဲဒါ အကြောင်းတရားလေးပါးကြောင့် စိတ်ရတာပါလို့ ပြောရမယ်။

ဒါဖြင့်ရင် ဓာတ် ၈ ပါးထဲမှာ အကြောင်းတရားတွေဟာ အာကာသတွေအနေနဲ့ ဘယ်လိုနေသလဲလို့မေးရင် ဘယ်လိုပြေမလဲ၊ ဒီတော့ သူမျှားပြောလို့ ၃၆ စိတ်စိတ်နေရင် အဲဒါ မြူတွေမကဲ့သေးပါ၊မြူကဲ့ချင်ရင် ကိုယ်ပိုင်ဥာဏ်ကိုထုတ်ရမယ်၊ မြူခဲ့တာဟာ သညာဝိညာဏ်ဖြင့် ခဲ့စိတ်တာမဟုတ်ပါ၊ ပညာဖြင့် အာကာသတွေ ရှိနေတာကိုမြင်မှ ခဲ့စိတ်နိုင်ပါတယ်၊ ဒီတော့ ခုနက ပြောခဲ့သလို သံဆုံထဲထည့်ပြီး ထောင်းလိုက်တဲ့အခါမှာ မြူမှုန်လေးတွေ ဖြစ်လာမယ်၊ ဒီ မြူမှုန်လေးမှာလဲ ရုပ်အားဖြင့် ၃၆ ပါး ရှိနေ'တယ်၊ ဒီ ရုပ်တွေထဲမှာရှိတဲ့ ပထဝီဓာတ်မှာကို အာကာသဟာ ဘယ်လောက်ရှိသလဲလို့မေးရင် ဘယ်လိုပြောမလဲ၊ အဲဒါ မပြောနိုင်တော့ပါ၊ ဒီတော့ သူမျှားတွေ ပြောနေတဲ့ အပြောနဲ့ လက်မဲကြောင်းချပြီး သညာဝိညာဏ် သဘောနဲ့ ခဲ့နေရင် ပညာအနေနဲ့ တင်ကြည့်လိုက်တဲ့အခါမှာ ဘယ်မှာ ဟုတ်တော့မှာလဲ။

ပြောပြမယ်၊ ရထရေမြူကို ၃၆–စိတ်,စိတ်ဆိုတာဟာ ဥတု အကြောင်းကြောင့် ဖြစ်တဲ့ ရုပ် ၉ ပါး၊ အာဟာရ အကြောင်းကြောင့်ဖြစ်တဲ့ ရုပ် ၉ ပါး၊ စိတ်အကြောင်းကြောင့် ဖြစ်တဲ့ ရုပ် ၉ ပါး၊ ကံအကြောင်းကြောင့်ဖြစ်တဲ့ ရုပ် ၉ ပါး၊ ပေါင်းတော့ ရုပ်ပေါင်း ၃၆ ဖြစ်တယ်၊ ကလာပ်အားဖြင့်လေးစည်းဖြစ်တယ်

ဒါကို နားလည်ရင် ခွဲတဲ့နည်းကို တဆင့်တက်ပြီး ပြောပြမယ်၊ အာကာသကိုရှာပြမယ်၊ ဒီတော့ ဥဘုကြောင့် ဖြစ်တဲ့ရုပ် ၉ ပါး ထဲမှာ**လဲ** ပထဝီဓာတ်ဟာပါတယ်၊ အာဟာရကြောင့် ဖြစ်တဲ့ ရုပ် ၉ပါး ထဲမှာ**လဲ** ပထဝီဓာတ်ဟာပါတယ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ် ၉ ပါးထဲမှာလဲ ပထဝီဓာတ်ဟာပါတယ်၊ ဂံကြောင့် ဖြစ်တဲ့ရုပ် ၉ ပါးထဲမှာ**လဲ** ပထဝီဓာတ်ဟာပါလာတယ်။

ဒီတော့ ပထဝီဓာတ်မှာကို အာကာသလေးခု ထွက်နေပြီ၊ ပထဝီနဲ့ ပထဝီဓာတ်နဲ့ပေါင်းတာက အာကာသတခု ပထဝီနဲ့ အာပေါနဲ့ပေါင်းတာကတခု၊ ပထဝီနဲ့ဝါယောနဲ့ပေါင်းတာကတခု ပထဝီနဲ့တေဇောနဲ့ပေါင်းတာကတခု၊ ဒီတော့ဓာတ်ကြီးလေးပါးမှာက အာကာသလေးခုရနေပြီ၊ ဓာတ်ငယ်လေးပါးမှာလဲ ဒီအတိုင်းဘဲယူရင် အာကာသလေးခုရနေပြီ၊ ဒီတော့ ပထဝီဓာတ်ဟာခုမှာကို အာကာသ လေးခု ရရင် ရုပ် ဂ ပါးမှာ ဆိုရင် အာကာသဟာ ၃၂ ခုဖြစ်နေပြီ၊ ဒီ ၃၂ ထဲကို ကလာပ်စည်းလေးခုမှာရှိတဲ့ အာကာသလေးခု ထည့်လိုက်ရင် ၃၆ ဖြစ်လာတယ်၊ ဒါဟာ ပထဝီဓာတ်ရဲ့ ဗျာပါရကနေရတဲ့ အာကာသတွေပါ၊ ဒါကြောင့် ပထဝီဓာတ်ကနေပြီး အာကာသကိုတွက်ရင် ၃၆ ရတယ်၊ ဒါကို တရားပိုင်, ဓာတ်ပိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေက မြင်တော်မူတဲ့အတွက်ကြောင့် ရထရေမြှုကို ၃၆ စိတ်-စိတ်လို့ ပြောလာတာပါ။

ဒီရထရေမြှုမှာက ဥတုဇရုပ်ကြီး ပြဋ္ဌာန်းနေတယ်၊ ဒီတော့ ၃၆ စိတ်ထဲမှာ ၃၅ စိတ်ဟာ ဥတုပြဋ္ဌာန်းနေတဲ့အတွက် ပယ်လိုက်ပါ၊ တစိတ်ဟာ အာဟာရပြဋ္ဌာန်းတဲ့ရုပ်ပါ၊ ဒါကိုတစ္ဆာရေမြှုလို့ခေါ်တယ်၊ဒီမြှုမှာ အာပေါဓာတ်ကို ထုတ်လာပြန်တယ်၊

အဲဒါ အာပေါခတ်နဲ့ ပထဝီခတ်နဲ့ ဆက်တာက အာကာသ တခု၊ အာပေါခတ်နဲ့ အာပေါခတ်နဲ့ ဆက်တာက အာကာသ တခု၊ အာပေါခတ်နဲ့ ဝါယောခတ် နဲ့ ဆက်တာက အာကာသတခု၊ အာပေါခတ်နဲ့ တေဇောခတ်နဲ့ ဆက်တာက အာကာသတခု၊ အဲဒီလို အာပေါခတ်မှာလဲ အာကာသလေးခ ရှိတယ်၊ ရုပ် ၈ ပါးမှာဆိုတော့ ၃ ၂ ခုရှိတယ်၊ နောက် ကလာပ် စည်း လေးခုမှာရှိတဲ့ အာကာသ လေးခုနဲ့ ပေါင်းရင် ၃၆ ဖြစ်လာတယ်။

ဒါကြောင့် အာဟာရဇရုပ်ပြဋ္ဌာန်းတဲ့ တစ္ဆာရေမြူကိုလဲ ၃၆ စိတ်စိတ်၊ ၃၅ စိတ်ဟာ အာဟာရဇရုပ်ဖြစ်ခြင်းကြောင့် ပယ်လိုက်ပါ၊ ကျန်တဲ့စိတ်ဟာ အဏုမြူလို့ခေါ်တယ်၊ ဒီ အဏုမြူကို စိတ္တဇမြူလို့ခေါ်တယ်၊ သူ့ကျတော့ ဝါယော ခတ်ကိုဆုတ်လာတယ်၊ ဒီတော့ ဝါယောခတ်ကိုလဲ ရှေ့နည်း အတိုင်း အာကာသတွေကို တွက်ယူသွားရင် ဝါယောနဲ့ ပထဝီနဲ့ ဆက်တာက အာကာသတခု၊ ဝါယောနဲ့ အာပေါနဲ့ ဆက်တာက အာကာသတခု၊ ဝါယောနဲ့ ဝါ့ယောနဲ့ ဆက်တာက အာကာသ တခု၊ ဝါယောနဲ့ တေဇောနဲ့ ဆက်တာက အာကာသတခု၊ ဒါကို ရှေ့နည်းအတိုင်းယူပြီးခဲ့ရင် နောက်ဆုံး ပရမာအဏုမြူ ရောက် သွားမယ်။

ဒီ ပရမာအဏုမြူလဲရောက်လာရော အဲဒါ တေဇောခတ် ပြဋ္ဌာန်းလာပြီ၊ ဒီ မြူကျတော့ ပဿာဒငါးပါးတို့နဲ့ စမ်းသပ်လို့ မရတော့ပါ၊ ရုပ်အရေအတွက်အား ဖြင့်တော့ ရှစ်ပါးရှိနေသေး တယ်၊ ရုပ်အာကာသကတော့မရှိတော့ပါ၊ အရင်က ဒီကျအောင်

မပြောဟောခဲ့သေးပါ၊ ဘာ့ကြောင့်လဲဆိုတော့ နာကြားနေကြတဲ့ သူတို့မှာ လုပ်ငန်းစဉ်အနေနဲ့ မယူနိုင်ကြသေးတဲ့ အတွက်ကြောင့်ပါ၊ ယခုတော့ လုပ်ငန်းစဉ်နှင့်တကွ ပေးအပ်လာတဲ့ အတွက်ကြောင့် အသေးစိတ်ပြီး ဟောလာရတာပါ။

အဲဒါ ပထဝီခေါတ်က လူကြီးလုပ်ပြီးထွက်လာတဲ့ အာဂကာသတွေ၊ အာပေါခေါတ်က လူကြီးလုပ်ပြီးထွက်လာတဲ့ အာကာသတွေ၊ ဝါယောခေါတ်က လူကြီးလုပ်ပြီးထွက်လာတဲ့ အာကာသတွေ တေဇောခေါတ်က လူကြီးလုပ်ပြီးထွက်လာတဲ့ အာကာသတွေ၊ ဒါတွေကို တကယ်တွေ့တဲ့ ပုဂ္ဂိုလ်တွေဟာ နောင်လာနောက်သားတွေအတွက် မှတ်တမ်းတင် ထားခဲ့တာပါ။ ဒါကို သညာဝိညာဏ်ဖြင့် လက်မဲကြောင်းကြီးချပြီး ခွဲနေရင် ဘယ်မှာ ဟုတ်တော့မှာလဲ၊ အဲဒါ အာကာသတွေကို မြင်ပြီးမှခွဲရင် သူ့အလိုလို ကွဲလာတော့မယ်။

ဒီတော့ ပရမာအဏုမြူလဲ ရောက်လာရော ငါးပါးသော ပသာဒတွေနဲ့ စမ်းသပ်လို့မရတော့ပါ၊ ရုပ်အနေအားဖြင့်တော့ ၈ ပါး ရှိနေသေးတယ်၊ ရုပ်အာကာသကတော့ မရှိတော့ပါ၊ အဲဒါ ငါးပါးသော ပသာဒရုပ်တွေနဲ့ စမ်းသပ်လို့မရတော့တဲ့ အဘွက် ပညတ်မပေါ်တော့ပါ၊ ဒါဖြင့်ရင် ပညတ်ပေါ်လို့ မရတဲ့ ပရမာအဏုမြူကျတော့ နာမပညတ်, သဏ္ဌာနပညတ် ၂ ပါးကို မဆဲနိုင်တော့ရင် အတ္တဒိဋ္ဌိ, အတ္တာနုဒိဋ္ဌိ, သက္ကာယဒိဋ္ဌိတွေ စဲလို့မရတော့ပါ၊ (၀၊) မစဲနိုင်တော့ပါ၊ ဒါပေမဲ့ စိတ်ဝိညာဏ်နဲ့တော့ စဲအုံးမှာဘဲမဟုတ်လား။

ငါးပါးသော ပသာဒတွေနဲ့ စဲယူတာကတော့ အတ္တဒိဋ္ဌိပါ၊ စိတ်ဝိညာဏ်ဖြင့် စဲယူဘာကျတော့ အတ္တာနုဒိဋ္ဌိပါ၊ ဒီ ၂ ခုရဲ့

အပေါ်မှာ ဘလောင်ဆန်အောင်စဲ့ယူနေတာကျတော့ သက္ကာယ ဒိဋ္ဌကြီးပါ၊ ဒီတော့ အပါယ်လေးပါးကို ချတယ် ဆိုတာဟာ အတ္တာနဲ့ဒိဋ္ဌိ, သက္ကာယဒိဋ္ဌိတွေက တိုက်ရိုက်မချနိုင်ပါ၊ အပါယ်သို့ ချနိုင်တာက အတ္တဒိဋ္ဌိအစဲ့ ၂၀ တို့ကသာ အပါယ်လေးပါးသို့ တိုက်ရိုက်ချနိုင်တာပါ၊ ဒီအတ္တဒိဋ္ဌိ အစဲ့ ၂၀ တောင်မှ ငါဟု ရှုပ်ရှိ၏လို့ စဲ့ယူတဲ့ အစဲ့က နေပြီးချတာပါ။ အဲဒါဟာ ထင်ရှား မရှိတဲ့ ငါဆိုတဲ့ ပညတ်ထဲကို ထင်ရှားရှိနေတဲ့ ရှုပ်ရှိ၏–လို့ ဆိုတဲ့ ပရမတ်သဘောကြီးကို လာထည့်လိုက်တဲ့အတွက်ကြောင့် အဲဒါ အပါယ်လေးပါးသို့ ကျရတာပါ။

ဒီလိုအယူဝါဒမျိုးဟာ ဘုရား, တရား, သံဃာ ရတနာသုံးပါး ရဲ့ ဂုဏ်ကျေးဇူးတွေရဲ့ အကျိုးတရားတွေကို မသိကြတဲ့ သူတွေ စဲ့ယူထားကြတဲ့ အယူဝါဒကြီးပါ၊ ဒီလိုစဲ့ယူနေတဲ့ သူတွေကို အနှစ်တွေလို့ ခေါ်တာပါ၊ ကိုင်း.... ဒီတော့ သမ္ဘဟ ဃနကြီးကို မြှုလေးပါးနဲ့ လဲခဲ့လိုက်ရော နာမနဲ့ သက္ခာနပညတ်တွေကျတ်သွားပြီး အပါယ်လေးပါးသို့ ကျစေတတ်တဲ့ ငါဟုရှုပ်ရှိ၏·လို့ ဆိုလိုက်တဲ့ အစဲ့ကြီးဟာ မစဲ့တော့ဘဲ ပြုတ်သွားတဲ့ အတွက်ကြောင့် အပါယ်လေးပါးသို့ မကျတော့ပါ၊ ကိုင်း— ဒီနေ့ မြှုလေးပါးနဲ့ ခဲ့စိတ်ပုံကို ပြလိုက်ပါပြီ။

ကိုင်း—သာဓုခေါ်ကြပါတော့။

သာဓု-သာဓု-သာဓု။

ဝါဆိုလဆုတ် ၆–ရက်နေ့ ဟောစဉ်။

ပုံစံနံပါတ်(၃)

ကိုင်း...ဒီတော့ ၃၆ စိတ်, စိတ်၊ တစိတ်စာဟာ တစ္ဆာရေ မြူလို့ပြောလာကြတာတွေဟာ လက်မဲ့ကြောင်းချပြီး သည်ဝ ဝိညာဏ်အနေနဲ့ ပြောလာကြတာပါ။ဒါကိုမနေ့က ပညာအနေနဲ့ တင်ဆက်ပြလိုက်ပါပြီ၊အနတ္တကို ဘုရားရှင် ဟောကြားတဲ့ အခါမှာ သုတ္တန်နဲ့ညီးမှာ အနတ္တကို ၄-ချက်ထုတ်ပြလာတယ်၊ ကိုင်း ဒီတော့ မနေ့က ဓာတ် ၈ ပါးမှာ စကားဆုံးပါတယ်၊ ဒီဓာတ် ၈ ပါးက ကိုယ်ကလေးအနေနဲ့ ရှိနေတယ်၊ ပညတ် ၄ ပါးက ဦးခေါင်းအနေနဲ့ ရှိနေတယ်၊ အကြောင်းတရား ၄ ပါးက ခြေထောက် အနေနဲ့ ထောက်ထားတယ်၊ မီးဓာတ် ၄ ပါးက လက် အနေနဲ့ ရှိတယ်လို့ ပြောလိုက်တဲ့ သဘာဝကို တွေးကြည့်ကြပါ၊ ဒါမှပေါ်လွင်လာပါလိမ့်မယ်။

တိက္ခ ဟာသ ဇဝန ဂမ္ဘီ ဥာဏ် ၄ လီဖြင့် အခွန်ကိုခွါ...ဆိုတဲ့ အတိုင်း ယခု အခွန်တွေကိုခွာရတော့မယ်၊ ယခု ဒီနေရာက ထည်းကိုက ပညတ်နဲ့ ပရမတ်ကွဲအောင်လုပ်ရတော့မယ်၊ ရှေ့ပိုင်းတွေကျရင်ဘဲ နက်လာပြီ၊ ဘယ်လောက်ထိအောင် နက်လာပြီလဲလို့ဆိုရင် "အဘိက္ကန္တေ ပဋိက္ကန္တေ သမ္မဇာနကာရီ ဟောတိ" လို့ ဆိုပြီးတော့ ရှေ့ကိုတက်သော်၎င်း၊ နောက်ဘို့ ဆုတ်သော်၎င်း၊ ပညာဖြင့်သာ ဆင်ခြင်ရမယ်လို့ ပြလာပါတယ်၊ အခု အာနာပါန တံခါး ၄ ပေါက်ကို ဝင်နိုင်အောင်လို့ အခြေခံလေးက စပြီးပျိုးနေတာပါ၊ ဒီတော့ ပရမာဏုမြူမှာရှိတဲ့ ဓာတ် ၈ ပါးတို့ဟာ ဘယ်လိုပေါင်းနေသလဲဆိုတာကိုဘဲ စဉ်းစားလာပါအုံး။

ဒီတော့ ဓမ္မတာအနေနဲ့ လုပ်လာကြတဲ့ ဒါန, သီလ, ဘာဝနာတွေကို ပုန်ကန်ပြီးတော့ ထွက်ရတော့မယ်၊ ဒီတော့မှ သီလ, သမာဓိ, ပညာ-သိက္ခာ ၃ ပါး ဖြစ်တဲ့ သာသနာ့ တရားကြီးထဲ ဝင်ရတော့မယ်၊ အခုတော့ ကမ္ဘာ့တရားကြီးကို သာသနာ့တရားလို့ ထင်နေကြတယ်၊ ဒီဓမ္မတာစဲတွေနဲ့ လုပ်နေတာကိုမျှားနိုဗာန်ကို ရမယ်လို့ထင်နေကြသလား၊ ဒီကျအောင် မတွေးကြတော့ပါ ဒီတော့ ဘုရားရှင်နှင့် တွေ့သော်လဲ ကျွတ်မယ်မျှားထင်နေကြသလား။

ဒီတော့ ဗေဒင် ၄ ပုံ ကို တဖက်ကမ်းတက်မြောက်နေကြတဲ့ သောဏဒန္တပုဏ္ဏားနဲ့ တောဒေယျပုဏ္ဏားတွေဟာ နောက်ဆုံး ဘုရားရှင်နဲ့တွေ့သော်လဲ အဲဒါ သောတာပတ္တိမဂ်ကိုတောင်မရကြပါ၊ ကလျာဏ မျက်စေ့လောက်သာ ရသွားတဲ့ထုံးကို နှလုံးထားပြီးတော့ စဉ်းစားပါအုံး၊ အဲဒါ ဓမ္မတာ အစဲ့လေးနဲ့ ဒါန, သီလ, ဘာဝနာတွေကို လုပ်ကြသော်လဲ (၀၊) ဘုရားရှင်နဲ့ တွေ့သော်လဲ ဒီအနှဟာ ဘယ်မှာ နိဗ္ဗာန်ရမှာလဲ။

ဒီတော့မနေ့ညကဒီဌိကိုအနည်းငယ်ခဲ့ပြလိုက်ပါတယ်၊အပါယ် ၄ ပါးသို့ တိုက်ရိုက်ကျနိုင်တဲ့ ဒီဌိဟာ အတ္တဒီဌိပါ၊ ဒီတော့ ၅ ပါးသော ပဿာဒရုပ်ခတွေနဲ့ထွက်ပြီး ဆဲတာဟာ သညာကဆဲတာပါ၊ ဒါကို ခွဲးဆဲထွက်ဆဲတယ်လို့ ပြောတာ၊ စိတ်ဝိညာဏ်နဲ့ဆဲတာကျတော့ ဝိညာဏ်ကဆဲတာပါ ၅ ပါးသော ပဿာဒရုပ်နဲ့လဲ လဘက်ရေပုဂ်မှာရှိတဲ့ နာမပဋိတ်နဲ့သဏ္ဌာနပညတ်ကိုလဲ ဆဲလိုက်ရော အဲဒါသဏ္ဌာယဒီဌိကြီးဟာ တခါထဲ လာ၍ထိုင်တော့တာဘဲ။

ဒီတော့ ပဋ္ဌမဆုံး ပညတ်နဲ့ ပရမတ်ကို ခွဲစမ်းပေးရပါတယ်၊ ဒါမှ တရားအားထုတ်လို့ရမယ်၊ ၎င်းလိုမှ ခွဲမပေးသေးရင် တရားအားထုတ်သော်လဲ နောက်ဆုံးမှာ ဘေဒါယီရဲ့ ဒီပညာရေးစနစ်ထဲကို ရောက်နေမှာဘဲ မဟုတ်လား၊ ဒီတော့ ယခု မဟာသတိပဋ္ဌာန်တရားတော်ကြီးကို တလသင်တန်းပေးပြီး ၅ ပါးသော ပဿာဒမှာရှိနေကြတဲ့ သတိပဋ္ဌာန်တွေကိုပါ ဖွင့်နေပါပြီ ဒီတော့ ယခု ၅ ပါးသော ပဿာဒတွေနဲ့ ဆွဲလို့ရသေးသလား၊ လာဘ်ရေပုဂ္ဂိုလ်မှာကို ဓာတ် ၄ ပါး, ဓာတ် ဂ ပါးဟာ ရှိနေသေးတယ်။

ဒီတော့ အနှစ်တွေက နာမပညတ်သည် ဓာတ် ၄ ပါး၊ ဓာတ် ၄ ပါးသည် နာမပညတ်၊ နာမပညတ်၌ ဓာတ် ၄ ပါးရှိ၏ ဓာတ် ၄ ပါ၌ နာမပညတ်ရှိ၏လို့ ဆိုပြီးတော့ အသွားနဲ့ အပြန်သည်သဘောလဲ ရှိလာရော ဝိညာဏ်ကြီးက လာပြီး အုပ်ချုပ်ရေးချတော့မယ်၊ ဒီတော့ နာမပညတ်၌ ဓာတ် ၄ ပါးရှိ၏၊ ဓာတ် ၄ ပါး၌ နာမပညတ်ရှိ၏လို့ ဆိုပြီးတော့ ဒီလိုအသွားအပြန်ဆွဲပြီး တုပ်နှောင်လာတော့တယ်၊ ဒီ အစဲ ၄ ချက်ဟာ ဘယ်ကထွက်လာသလဲဆိုရင် ၅ ပါးသော ပဿာဒအပေါက်တွေက ထွက်လာတာပါ၊ ဒီ အစဲ ၄ ခုက်ကို အတ္တဒိဋ္ဌိလို့ ခေါ်တယ်၊ ဒီ အစဲ ၄ ချက် အတ္တဖြစ်တဲ့ဒိဋ္ဌိက အပါယ် ၄ ပါးကို ချနိုင်တယ်။

သက္ကာယဒိဋ္ဌိကြီးအနေနဲ့ တိုက်ရိုက်အုပ်ချုပ်မှုအနေနဲ့ ရှိနေတာဟာ အပါယ် ၄ ပါးကို တိုက်ရိုက်မချနိုင်ပါ အတ္တဒိဋ္ဌိ ၂၀ ထဲမှာ ဘယ်ဟာကချနိုင်သလဲဆိုရင် "နာမပညတ်သည် ဓာတ် ၄ ပါး၊ ဓာတ် ၄ ပါးသည် နာမပညတ်" ဒါက သည်ဘဲ့ သဘောပါ၊ (၀၊) သည်ဟာ အပြင်တုပ်အနေနဲ့ ထွက်ဆွဲတာ

ပါ၊ (၀၊) တုပ်သားတာပါ၊ အပါယ် ၄ ပါးကို တိုက်ရိုက်မချနိုင်သေးပါ၊ ဘာ့ကြောင့်ပါလဲ၊ အဲဒါ ဓာတ် ၄ ပါးဆိုတဲ့ ပရမတ်မှာ ပညတ်ကိုဆွဲတာ ဖြစ်ခြင်းကြောင့်ပါ၊ နောက်တခါ ဓာတ် ၄ ပါးခွဲ နာမပညတ်ရှိ၏၊ အဲဒါလဲ အပါယ် ၄ ပါးကို မချနိုင်သေးပါ။

နာမပညတ်ခွဲ ဓာတ် ၄ ပါးရှိ၏ လဲ ကျရော အဲဒါပညတ်ကို အနှစ်အသား အနေနဲ့ဆွဲပြီးတော့ ဓာတ် ၄ ပါး ရှိတယ်–လို့ ယူလိုက်တာသည်ပင် ဥပမာ ဘယ်လောက် အစွဲမှားသလဲဆိုရင် အိုးငယ်ကလေးထဲကို ဗူးသီးကြီးသွင်းတဲ့အခါမှာ အိုးထဲမဝင်ဘဲနဲ့ အိုးသာလျှင် ကွဲသွားသလိုဘဲ အခုလဲ ဘုယ်လောက်တောင် အစွဲမှားသွားပြီလဲ သေသေချာချာတွေးပါ၊ ဒီအစွဲက အပါယ် ၄ ပါးကို တိုက်ရိုက်ချနိုင်တယ်၊ သူ့မှာ ပညတ် ပျက်လာရင်ဘဲ အနန္တော အနန္တ ၅ ပါးတွေကို (၀၊) ဒါန, သီလ ဘာ၀နာတွေကို ပုန်ကန်လာတော့မယ်၊ နောက်ဆုံးမှာ ရတနာ ၃ ပါးရဲ့ ဂုဏ်ကျေးဇူးတွေကိုပါ ချေမှုန်း လာတော့မယ်၊ ဒါကြောင့် ဒီအဖြစ်ဆိုးကြီးမှ လွတ်အောင်ကြိုးစားကြပါ။

ဒီတော့ အပေါက်ကြီး ၅ ပေါက်ကနေပြီး ထွက်ဆွဲတာက အတ္တဒိဋ္ဌိပါ၊ ယခု သမ္မုဟဃနကြီးကိုလဲ ခွဲလိုက်ရော ၅ ပါးသော ပဿာဒရုပ်တွေနဲ့ စမ်းသပ်လို့ မရတော့ဘဲ နာမနဲ့ သဏ္ဌာန်ပညတ်ရိပ်တွေ ဇာတ်သိမ်းသွားပြီးတော့ ရုပ် ဂ ပါး ပရမတ်တွေ ထွက်ရတော့မယ်၊ ထွက်ပြစမ်းပါ၊ ဘုရားရှင် အဘိဓမ္မာကြီးကို ဖွင့်တဲ့နေရာမှာ ရုပ် ဂ ပါး အပေါ်င်းအစုကို ကလာပ်တစည်းထားပြီးတော့ ဖွင့်လာပါတယ်၊ ဒီတော့ ပဋ္ဌမဘာ၀င်က

စပြီးတော့ စိတ္တဇရုပ်လေးတွေ ဖြစ်လာတယ်ဆိုတာကို ဟောပြလာတယ်။

ဝိပဿနာဘက်ကျတော့မှ အဲဒါ "ပထဝီခေါတုံ ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ" ပထဝီခေါတုံ၊ ပထဝီခေါတ်ကို။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်စွန့်၏။ လို့ ဒီလိုရုပ် ၈ ပါးကို ခွဲလာတယ်၊ ကိုင်း ဒီရုပ် ၈ ပါးမှာ (၀၊)ခေါက် ၈ ပါးမှာ ပရမတ်ကို ပြောစမ်းပါ၊ သမ္မုဟဃနကြီး ရှိတုံးကတော့ လက်နဲ့စမ်းသပ်လို့ရတဲ့အတွက် မာတယ်လို့ပြောလို့ရသေးတယ်၊ ဒီတော့ပထဝီခေါတ်ဟာ မာတယ်ဆိုတဲ့ဟာလေးရှိတယ်လို့ပြောလို့ရတယ်၊ ယခု ပရမာအဏုမြူလေးကျလာရော ပထဝီခေါတ်လေးဟာ ဘယ်အနေနဲ့ ရှိသလဲ၊ ဒါကို ပြောနိုင်မှ ပရမတ်လေးကိုတွေ့မယ်။

ဒီတော့ အာပေါ၊ ၀ါယော၊ တေဇောတို့ကလဲ ဘယ်အနေနဲ့ရှိသလဲလို့ဆိုတာကို ပြောနိုင်လာရင် ပရမတ်ကိုတွေ့ပြီ၊ ကိုင်းခေါတ် ၈ ပါးမှာရှိတဲ့ ပထဝီခေါတ်လေးဟာ သူရဲ့သတ္တိကို ထုတ်ကြည့်စမ်းပါ၊ ဃနမှာရှိတဲ့ ပထဝီခေါတ်ကျတော့ မာတယ် ပြော့တယ်လို့ပြောလို့ရတယ်၊ ယခု ဃနမရှိတော့တဲ့ ပရမာအဏုမြူလေးမှာရှိနေတဲ့ ပထဝီခေါတ်လေးကျတော့ ဒီလိုမာတယ်၊ပြော့တယ်လို့ ပြောလို့မရတော့ပါ၊ ဒုဒါကို မြင်နိုင်လာရင်ဘဲ ရှေ့ကိုတဆင့်တက်လို့ရသွားပြီ၊ (၀၊) ဒါကို ထုတ်နိုင်လာရင် အဲဒါ ပရမတ်ရုပ်ကို တွေ့ပြီလို့ ယူပါတော့။

နောက်တချက်က ပရမာအဏုမြူလေးလဲကျလာရော ရုပ် ၈ ပါး သဘောမျှသာရှိတော့တယ်၊ ဒီ ရုပ် ၈ ပါး အပေါင်း

အစုမှာ ဘယ်သည်ဟာ ဇာတ်သိမ်းသွားပြီလဲ၊ သမ္မာဃနကြီးရှိနေတုံးက သည်ဟာ ဘယ်အနေနဲ့ ရှိနေသလဲဆိုတာကို အရင်ရှာရမယ်၊ အဲဒါဟာ ရူပသည်၊ သဒ္ဒသည်၊ ဂန္ဓသည်၊ ရသသည်၊ ဖေါ်ဋ္ဌဗ္ဗသည်၊ ဓမ္မသည်ဆိုပြီးတော့ သည် ၆ လုံး ရှိနေတယ်၊ (၀ါ) ထွက်နေတယ်၊ ဒီတော့ လဘက်ရေပုဂံဘဲလို့ ပြောနေကြတာသည်ပင် အဲဒါ ပညတ်လေး ရှိနေလို့ပါ၊ (၀ါ) အဆင်းသည်လေး ရှိနေလို့ပါ၊ ဒုါကြောင့် မေးချင်တဲ့ ပုဂ္ဂိုလ်ကမေး၊ ဒီလဘက်ရေပုဂံမှာကို အဆင်းသည်လေးအနေနဲ့ ရှိနေတဲ့အတွက် အတူတူဘဲဆိုပြီး နာမပညတ်ထွက်မယ်။

ဒါကို အနတ္တလက္ခဏာ သုတ္တန်တုံးက အစဉ်သဘောသည်လေးလို့ ပြလာပါတယ်၊ အကြည်ဓာတ်တွေမှာလဲ စက္ခုသည်, သောတသည်, ဃာနသည်, ဇိဝှါသည်, ကာယဃသည်, မနသည်–ဆိုပြီးတော့ သည်လေး ၆ လုံးရှိတယ်၊ ဒီတော့အဆင်းသည်နဲ့ အကြည်သည် ၂ ပါး ဆုံလိုက်တဲ့အခါမှာ ဝိညာဏ်မှာ သပ္ပဋိဃသည်ဆိုပြီး သွားပေါ်လာတယ်၊ ဒါကို ပစ္စုပ္ပန်သည်လို့ခေါ်တယ်လို့ အနတ္တလက္ခဏာသုတ်မှာ ဟောခဲ့တယ်၊ ဒီသည်တွေဟာ အစဉ်အဆက်ရှိနေတဲ့ သည်တွေပါ။

ဒီတော့ အဆင်းရဲ့အရိပ်မှာလဲ သည်တွေနဲ့ နာမပညတ်ရိပ်အနေနဲ့ အစဉ်ချလာတယ်၊ ဒါကို ရူပသည်, သဒ္ဒသည်, ဂန္ဓသည်, ရသသည်, ဖေါ်ဋ္ဌဗ္ဗသည်, ဓမ္မသည်-ဆိုပြီး ထုတ်ပြလာတယ်၊ အကြည်ဓာတ်တွေမှာလဲ အစဉ်ချလာတယ်၊ဒါကို စက္ခုသည်, သောတသည်, ဃာနသည်, ဇိဝှါသည်, ကာယသည်, မနသည် - ဆိုပြီးတော့ သည်လေးတွေ ၆ လုံး ရှိနေ

တယ်၊ ဒါဟာ ဦးဏှောက်အိမ်ကြီးက နေဖြစ်နေထာ၊ ဒါကို ရှာရင် သန္ဓပွနမီးဓာတ်ကို တွေ့မယ်၊ ဒါတွေ့ဟာ အာနဲ့ဝပါ့နကို အားထုတ်လာရင်တွေ့လာတော့မယ်၊ ဒါကို ဘုရားရှင်က စက္ခုသညာစသော သညာလေး ၆ လုံးကို မှတ်တမ်းတင်ပြီး ပြလာတာပါ။

ဒီတော့ ပရမာအဏုမြူလေကျရော မျက်စေ့နဲ့မမြင်ရတော့ဘဲ ဒီအဆင်းသညာလေးဟာ ဘယ်ကိုရောက်သွားသလဲ၊ဒီသညာပျောက်သွားတာကို နာမနဲ့ သဏ္ဌာနပညတ် ပျောက်တယ်လို့ ပြောတာပါ၊ ဒီတော့ ဒီသညာလေးကို လိုက်ကြည့်ပါဦး၊ သမ္မုဟဃနကြီး ရှိနေတဲ့အခါတုံးကလို ပြောနေသေးရင် ဘယ်မှာဟုတ်တော့မှာလဲ၊ ယခု ဒီသညာဟာ ဘယ်ကိုပြေးသလဲလို့ ပြောနိုင်အောင် ကြံရမယ်၊ ဒီသညာလေးကို ဖမ်းနိုင်လာမှ ဓာတ် ၇ ပါးမှာ ရှိနေတဲ့ ပထဝီရဲ့လက္ခဏာလေးကို ထင်နိုင်လာမယ်။

သဘာဝလေးတခုကို တင်ပြမယ်၊ ဒီ သမ္မုဟဃနကြီးကို ခွဲစိတ်လိုက်တော့ ပသာဒရုပ် ၅ ပါးနဲ့ စမ်းသပ်လို့မရတော့ဘဲ နာမပညတ်လေးဟာ ဘယ်အနေနဲ့ သုဉ်းဆိတ်နေသလဲ၊ စက္ခုသညာလေးက မယူနိုင်လို့သာ သုဉ်းဆိတ်နေတာပါ၊ တကယ် သုဉ်းဆိတ်တာ မဟုတ်ပါ၊ ဒီတော့ သညာဟာ ဘယ်ကိုသွားသလဲ၊ ဒီသညာလေးဟာ မရှိကောဘူးလို့ ပြောရင်လဲ ဥစ္ဆေဒဒိဋ္ဌိထဲ ကျသွားမယ်၊ ဒီ ပရမာအဏုမြူမှာဘဲ ရှိနေမှာဘဲ မဟုတ်လား။

ဒီ သညာက ပရမတ်ကို အမှတ်ပြုမဲ့ သညာလေးပါ၊ ဟိုတုံးကတော့ ပညတ်ဘွဲ့ကိုမှတ်လာတဲ့ အမှတ်မှားပါ့၊ ယခုတော့

ဒီ သညာက ပရမတ်ကို မှတ်လာတော့မယ်၊ ဒီ သညာလေးကို ဘယ်မှာရှိတယ်လို့ ဆိုတာကို ပြောနိုင်လာလျှင်ဘဲ ပရမတ်ကို မြင်သွားပြီ၊ ဒီတော့ ပရမာအဏုမြူမှာရှိနေတဲ့ ဓာတ် ၄ ပါး ဟာ သညာလေးပါ၊ ဒုဂက ပရမတ်အနေနဲ့ ရှိနေတဲ့ သညာလေးပါ ။

ဒါကြောင့် အဆင်းလေးမှာရှိနေတဲ့ ဓာတ် ၄ ပါးကတော့ (၀၊) သညာကတော့ ပရမတ်အနေနဲ့ ထွက်နေပြီး ညွှန်ခံတာ ဘဲရှိတယ်၊ ဒါကို မမြင်တော့ရင် ကိုယ်က နာမပညတ်အနေနဲ့ သွားဆွဲလာတော့တယ်၊ ဒီတော့ သမူဟဃန ရှိနေတာဟာလဲ ဒီ သညာဘဲ၊ ယခု ပရမာအဏုမြူမှာ ရှိနေတာဟာလဲ ဒီ သညာ ဘဲ၊ သို့ပေမဲ့ ဃနကြီးရှိတုံးကတော့ ကိုယ်က အမှားအနေနဲ့ ဆွဲထားတာပါ၊ ဒီတော့ ပရမာအဏုမြူမှာရှိတဲ့ ပထဝီဓာတ် လေးကို လက္ခဏာအနေနဲ့ ပြောနိုင်လာရင် ပရမတ်သညာ လေးကို တွေ့ပြီ။

အန္ဓတွေ့ကျတော့ ဒီ ဃနကြီးကို မခွဲဘဲနဲ့ မရပါ၊ ကလျာဏ တွေ့ကျတော့ မခွဲဘဲနဲ့ တောင် ရပါတယ်၊ကလျာဏတွေ့ကျတော့ အဆင်းဆိုရင်ဘဲ ပရမတ်ဘက်ကို လိုက်ယူတော့တယ်၊ အန္ဓတွေ့ ကျတော့ အဆင်းဆိုရင်ဘဲ ဃနကြီးပါပြီးတော့ ပညတ်ဘက်ကို လိုက်ယူလာပြီ၊ ဒါကြောင့် အမှားကြီးတွေ ဖြစ်နေတာပါ၊ ယခု အန္ဓတွေ့မို့လို့ ခွဲပေးနေတာပါ၊ ကလျာဏဆိုရင် ခွဲတောင် မခွဲရပါ။

ဒီတော့ အဆင်းကို ပရမတ်ဘက်ကို ဆွဲချင်ရင် ယခု ပရမာ အဏုမြူမှာရှိနေဘဲ့ (၀၊) ဓာတ် ၈ ပါးမှာရှိနေတဲ့ ပထဝီဓာတ်

လေးရဲ့ လက္ခဏာတင်ပြပါ၊ဘယ်အနေနဲ့ရှိနေသလဲ၊ဒါကိုပြောနိုင်လာရင် အဆင်းကိုမြင်တာနဲ့ ပရမတ်ဘက်ကို လိုက်သွားပြီ၊ ဒီနေရာမှာ အဘိဓမ္မာရဲ့သဘာဝဟာ လမ်းဆုံးနေပါပြီ၊ ဝိပဿနာရဲ့ သဘာဝကနေပြီးတော့ ရှေ့ကိုတက်သွားပါတော့မယ်၊ ဒီကနေပြီးတော့ "မျက်စေ့, နား, နှာ, လျှာ, ကိုယ်" စသော သတိပဋ္ဌာန်ကြီးထဲကို ဝင်တော့မယ်၊ ဒါ့ကြောင့် ဘုရားရှင်က...

ဣဒ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ (လ) ဥဒ္ဒေသော နိဋ္ဌိတော။

လို့ ဒီထိအောင် တခါထဲဝင်လို့ရပါတယ်လို့ မဟာသတိပဋ္ဌာန်ပါဠိဘော်ကြီးမှာ ဟောကြားတော်မူခဲ့ပါတယ်၊ ဒါပေမဲ့ နောက်က ဒီးမျိုးသီးကြီးများအတွက် ပုံစံလေးတွေထုတ်ပြီး ပြရပါဦးမယ်။

ဒီတော့ တရားတော်ကြီးဟာ ပါရမီလုပ်ငန်းစဉ်တွေ အနေနဲ့တဲ့ပြီး ဖွင့်လာရတာမို့လို့ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာလဲ ပါရမီအလုပ်ဆိုတဲ့ အနေနဲ့ပါတဲ့ပြီး အားထုတ် သွားရပါတယ်၊ ဒီတရားကို တကယ်အားထုတ်သော်**လဲ** မရဘဲနေတာတွေလဲရှိပါသေးတယ်၊ တကယ်တန်းအားမထုတ်သော်လဲ ရချင်လျှင်ဘာမှ မဟုတ်ဘဲနဲ့ ရတတ်ပါတယ်၊ ဒါ့ကြောင့် ဒီတရားတော်ကြီးဟာ အင်မတန်မှ ဆန်းကြယ်လှပါတယ်၊ **အဲဒါ** ပါရမီအနေနဲ့ပြည့်စုံလာမှသာလျှင် သူ့အလိုလို ပွါးစီးလာနိုင်ပါတယ်၊ ဒီတရားတော်ကြီးဟာ ဝိသာခါ တရားခက်ကနေပြီး ထွက်လာတာမို့လို့ ပါရမီလုပ်ငန်းစဉ်ကြီးကနေပြီးကော့ တက်ရပါတယ်။

ကိုင်း...တရားဘက်ကို ဆက်ကြဦးစို့ရဲ့၊ ပရမာအဏုမြူလေ ကျလာရော ဓာတ် ၄ ပါးတို့ဟာ ကျေးဇူးပြုပြီး ပေါင်းလာကြ တယ်၊ ပထဝီဓာတ်က လက္ခဏာသဘော၊ တည်ပေးတဲ့ သဘော၊ အာပေါဓာတ်က ရသ သဘော၊ ဖွဲ့စည်းပေးတဲ့ သဘော၊ ဝါယောဓာတ်ကလဲ သူ့ရဲ့သဘောလေးနဲ့ (ဝါ)သူ့ရဲ့ဗျာပါရ လေးအနေနဲ့ နေရတယ်၊ တေဇောဓာတ်ကလဲဒီလိုဘဲ၊ ဒီတော့ ပထဝီဓာတ်တည်ပေးတဲ့သဘောမှာ သူရဲ့ဒနောက်ကဝဏ္ဏဓာတ်က ကင်းအနေနဲ့ ဆောင်ရွက်ပေးနေရပါတယ်၊အာပေါဓာတ်ဖွဲ့ပေး နေတဲ့အခါမှာ ရသဓာတ်က ကင်းအနေနဲ့ဆောင်ရွက် ပေးနေရ တယ်၊ နောက် ဝါယောဓာတ်ကျတော့ သူရဲ့ဗျာပါရ ကင်း အနေနဲ့ ကိစ္စလေးကို ဆောင်ရွက်ပေးနေရတယ်၊ သူရဲ့နောက်က ကင်းက ဂန္ဓဓာတ်ပါ။

တေဇောဓာတ်ကျတော့ ဒီဓာတ်တွေကို အပူအအေနဲ့ သူရဲ့ကိစ္စလေးကိုညီညွတ်အောင်ဆောင်ရွက်ပေးနေတယ်၊ကြက်မ ကြီးက ကြက်ကလေးတွေကို အတောင်အောက်မှာထားပြီး ဝပ် ပေးရသလို အပူအကေို ညီညွတ်သွားနိုင်အောင် ဆောင်ရွက်နေ တယ်၊ သူရဲ့နောက်မှာ သြဇာက ကင်းအနေနဲ့ စောင့်နေရတယ်၊ ဒါကို အဘိဓမ္မာက မဟာဘုတ် ၄ ပါး, ဥပါဒါန် ရူပ် ၄ ပါး ဆိုပြီး ပြလာပါတယ်။

မဟာဘုတ် ၄ ပါးက အကောင်သဘော၊ ပရမတ် သဘော ပါ၊ ဥပါဒါန်ရူပ် ၄ ပါးက အရောင်သဘောပညတ်သဘောပါ ဒါကို မြင်အောင်ကြည့်ပါ၊ ဒီတော့ ဥပါဒါန် ရူပ်နဲ့ မဟာဘုတ် ရူပ်တွေ အသွားအပြန်ကျေးဇူး ပြုနေတာသည်ပင်လျှင် သခ်ၢတ လောကကြီးဟာ ပညတ်နဲ့ပရမတ်တဲ့ပြီးတော့ ထူထောင်နေကြ

ပါတယ်လို့ ဆိုတာ ဒီရုပ်လောကကြီးကို ရှုမြင်တာနဲ့ အတတ်သိနိုင်ပါပြီ။

ဓာတ် ၄ ပါးဘို့ရဲ့ဗုဒ္ဓပါရဂူလေးတင်လိုက်တဲ့အခါမှာ နာမပညတ်, သဏ္ဌာန ပညတ်, သမူဟပညတ်, သန္တတိ ပညတ်ဆိုပြီးတော့ ပညတ် ၄ ပါး ထွက်လာတယ်၊ ဒါကို ပညတ် ၄–ပါးကဦးခေါင်းအနေနဲ့ ရှိနေတယ်လို့ ပြောခဲ့တာပါ၊ ခြေထောက်အနေနဲ့ကျတော့ အကြောင်းတရား ၄–ပါးပါ၊ ဒီတော့ သင်္ခတလောကကြီးတခုလုံးမှာရှိနေကြတာဟာ ဒီပရမာ အဏုမြူလေးတွေဘဲ မဟုတ်လား၊ ဒီကနေပြီးတော့မှ လူကောင်,နတ်ကောင်တောတောင် ရေမြေစသည်တွေ ဖြစ်လာတာဘဲ မဟုတ်လား၊ ဒီပရမာအဏုမြူလေး (၀၊) ရုပ် ဂ ပါးကနေပြီးတော့ ဖြစ်လာပုံကို မြင်အောင်ရှုပါ။

ဒါကို နားလည်ရင် ယခု ရုပ် ဂ ပါးမှာရှိနေတဲ့ ပထဝီလေးဟာ ဘယ်အနေနဲ့ရှိနေသလဲ လက္ခဏာတင်ပြစမ်းပါ၊ ဒီတော့ မာစေတတ်တဲ့ သဘောလေးအနေနဲ့ ရှိတယ်လို့ ဖြေလာတယ်၊ ဒါက အဘိဓမ္မာအနေနဲ့ ပြောတာလို့ယူရပါတယ်၊ သူ့သဘာဝအနေနဲ့မှန်တယ်၊ ယခုတရားကရှေ့ကို အဘိဓမ္မာအနေနဲ့ မတက်တော့ပါ၊ သုတ္တန်နည်း အနေနဲ့သာ တက်သွားတော့မယ်၊ အဘိဓမ္မာနည်းအနေနဲ့ ဝင်လာရင် (၀၊) ပါလာရင် ဒီတရားဟာ တက်လို့မရတော့ပါ။

ဒီတော့ အရိယာပုဂ္ဂိုလ်တွေ ကျလာတော့ ရုပ်တရား နာမ်တရားကို ပညာဖြင့် သိရပါတယ်၊ အနှတ္တကျတော့ ပညာမပါတော့ဘဲ သညာ ဝိညာဏ်ဖြင့်သာ လက်မဲကြောင်းချပြီး

သိလာတယ်၊ ဒါကြောင့် အဘိဓမ္မာကြီးဟာ ဘုရားရှင်တို့ခဲ့ကျက်စားရာသာဖြစ်ပါတယ်၊ ဒါကြောင့်သူ့ကို မလိုက်ပါနဲ့၊ ဒါပေမဲ့ ထောက်ရာ ထောက်ကြောင်း အနေနဲ့သာ ယူပြီးတော့ သုတ္တန်နည်း ဘက်ကိုသာ လိုက်ပါ၊ (၀၊)ကိုင်ပါ။

သုတ္တန်နည်းဘက်ကျတော့ တက်စဉ် ၂ ပါး (၀၊) ဝိသုဒ္ဓိ ၂ ပါးဆိုပြီးတော့ ရေးဆဲ့လာပါတယ်၊ အဲဒါ " သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ,ပဋ္ဌိပဒါ ဉာဏဒဿနဝိသုဒ္ဓိ,ဉာဏဒဿနဝိသုဒ္ဓိ" ဆိုပြီးတော့ ပြလာပါတယ်၊ဒီတော့"အတ္တ သူစေတီ ပကာသေတီ သုတ္တံ" အတ္တံ၊ အနက်ကို။ သူစေတီ ပကာသေတီ၊ ထင်ရှားပြတတ်၏။ ဣတိ၊ ထို့ကြောင့်။ သုတ္တံ၊ သုတ္တန်မည်၏လို့ပြလာတဲ့အတိုင်း သုတ္တန်ဘက်ကိုလိုက်ရတော့မယ်၊ (၀၊)တက်ရတော့မယ်။

ဒီတော့ ပရမာအဏုမြူမှာရှိတဲ့ ဓာတ် ၇ ပါးဟာ ဘယ်အနေနဲ့ ရှိသလဲ၊ ပထဝီဓာတ်ဟာ သူရဲ့လက္ခဏာလေးဟာ ဘယ်အနေနဲ့ရှိသလဲ၊ ပူ–မာစေတတ်တဲ့ သဘောလေး သတ္တိရှိတယ်လို့ ပြောတာက အဘိဓမ္မာအနေနဲ့ ပြောတာပါ၊ ဒီ မာစေတတ်တဲ့သတ္တိလေးဟာ ဘယ်ဟာလဲ ရှာပြစမ်းပါ၊ မာစေတတ်တဲ့သတ္တိလေး ရှိတာသည်ပင် အတ္တဖြစ်လာတယ်၊ ဒီတော့ အနတ္တကို ဘုရားရှင်က ဟောတော်မူတဲ့အခါမှာ "သဗ္ဗေဓမ္မာ အနတ္တာ" လို့ ဟောလာပါတယ်၊ ဒီတော့ ဒီ မာတဲ့သဘောလေးဟာ လေးပါး ပေါင်းလိုက်တဲ့ အခါမှာ ပေါ်လာတဲ့ သဘောကို ယူပါ၊ အဲဒါ ၃ ပါးရဲ့ ဗျာပါရကို ယူပြီးတော့ ပြောနေတာပါ။

ဒါကြောင့် မာတဲ့သတ္တိလေးဟာ အနှစ်အသားအနေနဲ့ သာ ရှိသော်လဲ သူတဦးတယောက်ထဲအနေနဲ့ မမာနိုင်ပါ၊ ၄ ပါး အညီအညွတ်ပေါင်းလိုက်တာကို ယူလာမှ (၀၊) ညီညွတ်လာမှ ယူလို့ရမယ်၊ သို့မဟုတ်ရင် အဲဒါ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်နေမယ်၊ အဲဒီလို သဘာ၀အနတ္တကို မြင်လာရင်ဘဲ အဲဒါ အားလုံးအလုပ်တွေ့မှာကို အနတ္တအနေနဲ့ တွေ့လာတော့မယ်၊ အစဲ့ကြီးစဲ့လာတာကတော့ဟာ အကုန်လုံး အမောကြီးမောပြီးတော့ ဒီထဲမှာဘဲ ဥက္ခောင်းချတော့မယ်၊ အစဲ့လောကကြီးဟာ တဖြေးဖြေး သက်သာလာတော့မယ်။

အတ္တကို မြင်ပြီးတော့ အစဲ့လောကကြီးတွေ ကြီးလာရင်ဘဲ အပူမီးတွေနဲ့ တွေ့လာတော့မယ်၊ (၀၊) မျှားလာတော့မယ်၊ နောက်ဆုံး ပဋ္ဌာစာရီ ဘုရားကျောင်းတော် ရောက်သွားတဲ့အထိ အဖြစ်မျိုးဖြစ်လာတော့မယ်၊ ဒီတရားတော်ကြီးနှင့် ကင်းတဲ့ သတ္တ၀ါမရှိပါ၊ ဒီတော့ ဒီတရားတော်ကြီးနဲ့ တွေ့လာတဲ့အခါမှာ တနေ့ အပူမီးတွေကင်းပြီး ဒီတရားထဲမှာဘဲ ဥက္ခောင်းချရတော့မှာဘဲ မဟုတ်လား။

ဒါကြောင့် ဒီတရားတော်ကြီးကို ၃ လ အနေနဲ့ ဖွင့်ပြနေတာပါ၊ ဒါက တကယ်ပါ၊ နောက် မီးရထားရိပ်သာ တပည့်ကဖြေတဲ့အဖြေက သုတ္တန်နည်းပါ၊ အဲဒါ ရှေ့ရှုထင်တဲ့ သဘောပါ၊ ဒါကို ထပ်ပြောပြမယ်၊သမ္မာဃနကြီးကြောသော်လဲ အဆင်းသညာလေးအနေနဲ့ ရှိနေသေးတယ်၊ ဘုရားရှင်က သညာဆိုရင် ဝိပလ္လာသထဲ ထည့်ထားတယ်၊ ''သညာ၀ိပလ္လာသ, စိတ္တ၀ိပလ္လာသ, ဒိဋ္ဌိ၀ိပလ္လာသ'' ဆိုပြီး ထုတ်ထားပါတယ်။

ဒီတော့ အဆင်းလေးမှာ သညာက ဝိပလ္လာသတုပ်ပြီး ဆဲ့ထားတာကို အနှစ်တွေက သဘောကျနေကြတယ်၊ ယခု သမ္မာသနကြီးကိုလဲ ခဲ့ချလိုက်ရော သညာဟာ ဝိပလ္လာသ မလုပ်နိုင်တော့ဘဲ ဓာတ်ရှစ်ပါး, ဓာတ် ၄ ပါးထဲမှာရှိတဲ့ သညာလေးဟာ ဘယ်အနေနဲ့ရှိတော့သလဲဆိုတော့ မျက်စိအကြည်မှာရှိတဲ့ သညာလေးဟာ ဝိပလ္လဲာသ ဖြစ်အောင် မလုပ်နိုင်ကြတော့ပါ၊ အဲဒါ ရှေးရှုထင်နေတဲ့ သဘောလောက်သာ ရှိတော့တယ်။

အဲဒါဟာ မျက်စေ့သညာတွေဆဲ့ထားတဲ့ သဘောလေးပါ၊ တနည်း ဓာတ် ဂ ပါးမှာရှိတဲ့သညာလေးဟာ ပျောက်မသွားသေးပါ၊ ဒီတော့ ရှေးရှုထင်နေတဲ့အဆင်းသဘောသညာလေးကရပ်၊ အဲဒီအဆင်းသဘော သညာလေးကို ဆဲ့တတ်တဲ့ သဘောစက္ခုသညာလေးတွေက နာမ်—ဆိုပြီးတော့ ရှေ့ကိုတက်သွားလို့ရပြီ၊ ဒီတော့ အဘိဓမ္မာနည်းကို မလိုက်တော့ဘဲ (၀၊)အဲဒါ ဓာတ် ၄ ပါး, ဓာတ် ဂ ပါးတို့ကို မယူတော့ဘဲ သုတ္တန်နည်းဖြင့်သာ ရုပ် နာမ်ကိုရှာသွားတော့မယ်၊(၀၊)ယူသွားတော့မယ် အဲဒါ ဓာတ် ၄ ပါး, ဓာတ် ဂ ပါးကို မယူတော့ပါ၊ အဲ့ဒါကို ရှေးရှုထင်တဲ့ သဘောကလေးကရပ်၊ ရှေးရှုထင်တဲ့ သဘောကို ဆဲ့တာက နာမ်ဆိုပြီးတော့ ယူသွားမယ်၊ ဒါပေမဲ့ ဒီ ရုပ်နာမ်ကကြမ်းနေသေးတယ်။

အဲဒါရှေ့ကို အာဟာရ,စိတ်,ကံတွေက ထွက်လာတဲ့ရုပ်နာမ်တွေကို ရှာပြီးတော့မှ ရှေ့ကို တဆင့်ထက် တဆင့် ရှာသွားတော့မယ် ဒီနေ့ ဒီလောက်နဲ့ဘဲ ရုပ်နာမ်ကို ယူပါတော့၊ ရှေ့ကျမှ ပိုပြီး ဒီထက် ထင်ရှားအောင်ပြသွားပါမယ်။

ညဟောစဉ်။

ဥပါဒါန သက္ကာယဟု (လ) နေ့ညကြိုးစားကုန်ရာ သက္ခဲသို့ ရင်းလို့ ဝိသာခါ တရားဓာတ်မှာ ဥက္ခောင်းချလာတဲ့ ဆောင်ပုဒ်ကြီးအတိုင်း၊ ယခုအမျိုးကောင်းသား အမျိုးကောင်းသွီးကြီး တွေ့စဲ့ယူနေကြတဲ့ (၀၊)ဆဲ့ကိုင်နေကြတဲ့ အတ္တဒိဋ္ဌိ, အတ္တာနုဒိဋ္ဌိ သက္ကာယဒိဋ္ဌိတွေ့ မပြတ်သမျှ (၀၊) မကျတ်သေးသမျှ အပါယ် ၄ ပါးမှမလွတ်သေးဘူးလို့ ပိဋ္ဌကတ်တော်မှာ ဘုရားရှင်ဆုံးမ တော်မူလာပါတယ်။

ဒီတော့ ဒီတရားတော်ကြီးတွေကို ပါရမီမျိုးစေ့ အနေနဲ့ စပြီး ယူသွားနိုင်မှသာလျှင်ရပါတယ်၊ ဒီဘော့ အတ္တဒိဋ္ဌိ, အတ္တာနုဒိဋ္ဌိ, သက္ကာယဒိဋ္ဌိတွေ့ကို ယခု ရှင်ဂေါတမ သာသနာတော်နဲ့ တွေ့နေပါလျက်သားနဲ့ ကြုံကြိုက်နေပါလျက်သားနဲ့မှ မဖြုတ်ရင် ဘယ်တော့မှ ဖြုတ်မှာလဲ၊ ဒါကြောင့် ယခုပြနေတဲ့ သတိဋ္ဌပ ၁နိ်တရားတော်ကြီးကို လုပ်ငန်းစဉ်နှင့်တကွယူသွားနိုင်အောင် အားလုံ့လကြီးတွေ့ကို မွေးကြပါ။

အာတာပီလို့ဆိုတဲ့ ပုဒ်ကြီးတွေနဲ့ ယှဉ်ပြီးတော့ တကယ်တန်းလုပ်ဆောင်သွားနိုင်ရင် - ယခု ရှင်ဂေါတမ မြတ်စွာဘုရား သာသနာတော်မှာပင် အစဲ့တရားကြမ်းကြီးတွေ့ ကျတ်ပြီးတော့ အပါယ် ၄ ပါး စာရင်းမှ လွတ်သွားမယ်၊အဲ့ဒါ အောက်သစ်ဆုံး သောတာပန် မဖြစ်တောင်မှ ကလျာဏမျက်စေ့ ပေါက်နိုင်ပါတယ်၊ ကိုင်း...ဒီတော့ မနေ့ကတဆင့်တက်ပြီး ပြလိုက်တဲ့တရားကို အစာကြေကြပြီလား၊ သမ္ဘဟဃနကြီးကို ခွဲစိတ်လိုက်လို့ ပရမာ

အဏုမြူကိုလဲ့ရောက်လာရော အဲဒီမှာရှိနေတဲ့ သဘာဝရုပ်တရား နာမ်တရားတွေကို တွေ့နိုင်ကြပြီလား။

ဒီတော့ ဝိပလ္လာသတွေကိုပြောပြလိုပါသေးတယ်၊ ဝိပလ္လာသ ဆိုတာ "သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသ" ဆိုပြီး ၃ မျိုးရှိတယ်၊ သညာဝိပလ္လာသဆိုတာ အမှတ်မှားကို ခေါ်တာပါ၊ စိတ္တဝိပလ္လာသဆိုတာ အသိမှားတာပါ၊ ဒိဋ္ဌိ ဝိပလ္လာသဆိုတာ အယူမှားတာပါ၊ ဒီ ဝိပလ္လာသ ၃ ပါးပြုတ်ရင် အပါယ် ၄ ပါးကို မကျတော့ပါ၊ ဒီတော့ အမှတ်မှား, အသိမှား, အယူမှားတွေနဲ့ဘဲ သံသရာကြီးထဲမှာ လည်နေကြတာဟာလဲ့ အမျှားအပြားဘဲ ရှိပါတယ်။

ဒီ ဝိပလ္လာသ ၃ ပါးပျောက်ရင် သောတာပန် ဖြစ်ပါဘယ်၊ သညာဝိပလ္လာသ ပျောက်ရင် (၀၊) ကျွတ်ရင် ကလျာဏ မျက်စေ့ပေါက်ပါတယ်၊ ဒီတော့ အစမထင်တဲ့ ဘဝကစ,ပြီး ဒီ ဝိပလ္လာသ ၃ ပါးနဲ့ သံသရာလည်ခဲ့ရတာပါ၊ ဒီတော့ သညာ ဝိပလ္လာသကို နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်မှာ ရှိနေတဲ့ ရုပ်နာမ်ကို ယထာဘူတ အသိဉာဏ်ဖြင့် တကယ်သိရင် (၀၊) တကယ်မြင်ရင် ပျောက်ပါတယ်၊ ပျောက်ရင် ကလျာဏ မျက်စေ့ပေါက်ပြီ။

နောက် စိတ္တဝိပလ္လာသကျတော့ သမ္မသနဉာဏ်နဲ့ ဥဒယ္ဗယ ဉာဏ်မှာရှိနေတဲ့ ဖြစ်ခြင်း, ပျက်ခြင်းတရားတွေကို တကယ် ပညာမြင်ဖြင့် မြင်ရင် (၀၊) တကယ်သိမ်းနိုင်လာရင် ပျောက်ပါ တယ်၊ ပျောက်ရင် စူဠသောတာပန် ဖြစ်ပါတယ်၊ ဒိဋ္ဌိဝိပလ္လာသ ကျတော့ အနုပဿနာ ၇ ဉာဏ်နှင့်တက္ခ မဂ်ကိုရရင် ပျောက် ပါတယ်၊ ပျောက်ရင် သောတာပန် ဖြစ်ပါတယ်။

ဒီတော့ ဒီဝိပလ္လာသ ၃–ပါးကို ဘယ်ဆေးနဲ့ ကုမှလဲ၊ ဒီ ၃–ပါး ပျောက်သွားရင် သံသရာကြီးထဲမှာလည်ရသော်လဲ အဲဒါ အထက်တန်းက နေပြီးတော့ လယ်တော့မယ်၊ ကာမဂုဏ် တရားတွေကို ခံစားသော်လဲ အဆိပ်မသင့်တော့ပါ၊ ဒါကြောင့် "သောတာပန်မှာ လူကိုရှာ၊ အိမ်ယာ ဘာကြောင့် ထောင်သလဲ"လို့ ရေးလာကြပါတယ်၊ ဒီသညာ ဝိပလ္လာသ အမှတ်မှားကို လက်တွေ့အနေနဲ့ ထုတ်ပြမယ်။

ကိုင်း မနေ့ကတရားကို သွားကြဦးစို့ရဲ့၊ ဒီဘော့ သဝိညာဏကဘဲဖြစ်စေ၊ အဝိညာဏကဘဲဖြစ်စေ၊ ၅-ပါးသော ပဿာဒတွေနဲ့ စမ်းသပ်လို့ရရင် နာမပညတ်နဲ့ သဏ္ဌာနပညတ် ၂ ပါးပေါ်မှာဘဲ၊ ဒီဟာ အဆိုင်အခဲဃနကြီး ရှိနေလို့ပါ၊ ဒါကြောင့် နာမပညတ်နဲ့ သဏ္ဌာနပညတ်ဘေ့ ပေါ်ထွက်နေတာပါ၊ ဒီလို ထွက်နေလို့ သညာဝိပလ္လာသက အမှတ်မှား ဖြစ်လာတာပါ၊ ဘယ်လိုအမှတ်မှားလာသလဲဆိုတော့ လဘက်ရေပုဂ်ဟာ ဘယ်မှာရှိပါသလဲလို့မေးရင် ဘယ်လိုပြောမလဲ?

အဆိုင်အခဲဃန ဓာတ် ၄ ပါး, ဓာတ် ၈ ပါးမှာ ရှိတယ်လို့ ပြော့မှာဘဲမဟုတ်လား၊ ဒီလိုပြောလိုက်တာသည်ပင် အမှတ်မှားပါ၊ အမှတ်မှားလာရင်ဘဲ အသိမှားဖြစ်လာတော့မယ်၊ ဘယ်လို ဖြစ်လာမလဲ၊ အဲဒါ လဘက်ရေပုဂ်သည် ဓာတ် ၄ ပါး,ဓာတ် ၄ ပါးသည် လဘက်ရေပုဂ်လို့–ဆိုပြီးတော့ ပညတ်နဲ့ပရမတ် တပေါင်းထဲယူလာလို့ အသိမှားဖြစ်လာတော့မယ်။

အဲဒီလို အသိမှားဖြစ်လာရင်ဘဲ အဲဒါအတွင်းကုတ် အနေနဲ့ လဘက်ရေပုဂ်ဌ ဓာတ် ၄ ပါးရှိ၏၊ ဓာတ် ၄ ပါးဌလဘက်ရေ

ပုဂ္ဂိုလ်ရှိ၏လို့–ယူလာတော့မယ်၊ ဒီလို အသွားအပြန် ယူလာရင်ဘဲ ဝိပလ္လာသ အယူမှားတွေဖြစ်ပြီးနောက်ဆုံးမှာ သညာဝိပလ္လဲသ ရှိနေရင်ဘဲ စိတ္တဝိပလ္လာသ, ဒိट्ठိဝိပလ္လာသတွေဟာလဲ ရှိလာတော့တယ်၊ ဒီတော့ သံသရာကို ချွတ်ထွင်တာဟာ " သညာပုဗ္ဗကာ သင်္ခါရာ " လို့ ဆိုပြီးပြလာပါတယ်၊ သညာဘရားသာလျှင် ရှေ့သွားရှိတယ်လို့ ပြလာပါတယ်။

ဒီလို ဝိပလ္လာသတွေရှိနေရင် ဘုရားရှင်နဲ့တွေ့သော်လဲ ဘယ်လိုပင်ဟောသော်လဲ မဂ်တရား, ဖိုလ်တရားကို မရဘဲနဲ့ လူ နတ် ဗြဟ္မာတွေရဲ့ စည်းစိမ်တွေကို သာယာသွားကြဲ့ သူတွေလဲ အများအပြားဘဲ ရှိကြပါတယ်၊ ဒါကြောင့် ဘုရားရှင်နဲ့ တွေ့သော်လဲ မဂ်ဖိုလ်တရားများကို ရမယ်လို့ မျှားမဆင်ပါနဲ့။

ကိုင်း....ဒီတော့ သမ္မဟ ဃနကြီးကို မြ၊ ၄ ပါးနဲ့ ချေလိုက်တဲ့ အခါမှာ နောက်ဆုံး ပရမာအဏုမြူလဲ ရောက်လာရော ရုပ်ဟာ ဘယ်နှစ်ပါး ရှိနေသေးသလဲဆိုရင် ရုပ်ဟာ ၈ ပါး ရှိနေသေးတယ်၊ ဒီရုပ် ၈ ပါးထဲမှာ ပထဝီဟာ မပါဘူးလား၊ ပါ–ပါတယ်၊ ဒါဖြင့် ဒီပထဝီဓာတ်လေးဟာ သူရဲ့ လက္ခဏာလေးဟာ ဘယ်အနေနဲ့ ရှိနေသလဲဆိုရင် ဟိုအရင် ဃနကြီးရှိနေတုံးက လက်နဲ့ စမ်းသပ်ရလို့ ပထဝီဓာတ်ဟာ မာတယ်လို့ မှတ်ဘမ်းတင်လာခဲ့တယ်။

အဲဒါ "ပထဝီဓာတု ကက္ခဋတ္တလက္ခဏာ " ပထဝီဓာတ်ဟာ ကြမ်းတန်း ခက်တရော်ခြင်း လက္ခဏာရှိတယ်လို့ မှတ်တမ်းတင်လာတယ်၊ ဒါကို နားလည်ရင် ယခု မြ၊ ၄ ပါးနဲ့လဲ ခွဲလိုက်

ရော ယခု ပရမာ အဏုမြူလဲရောက်ရော၊ ၅ ပါးသော ပသာဒ ရူပ်တွေနဲ့ စမ်းသပ်လို့မရတော့ဘဲ စိတ်ဝိညာဏ်အနေနဲ့လဲကျ လာရော၊ ဒီဓာတ် ၈ ပါးထဲမှာ ပါရှိနေတဲ့ ပထဝီဓာတ်လေးဟာ ဘယ်လိုလက္ခဏာရှိသလဲလို့မေးရင် ဘယ်လိုပြောမလဲ၊ မာတယ် ပူတယ်လို့ ပြောမလား၊ ဒါကိုပြောနိုင်ရင် အဲဒါ အပင်ပန်းမခံ ရတော့ဘဲ ပရမတ်ရူပ်, ပရမတ်နာမ်တွေကို တွေ့လာတော့မယ်။

ဒီတော့ ဟိုတုံးက လဘက်ရေပုဂံဆိုတဲ့အဆိုင်အခဲယူနေရှိနေ စဉ်ကတော့ လက်နဲ့စမ်းသပ်လိုက်တဲ့ အခါမှာ ရတဲ့အတွက် မာ တယ်လို့ပြောလို့ရပါတယ်၊အဲဒါကို ပထဝီဓာတ်လို့ဆိုပြီးယူလာ တယ်၊ ယခု ပရမာအဏုမြူလဲရောက်လာရော ပထဝီဓာတ်လေး ကို လက္ခဏာလေးအနေနဲ့ ထုတ်ဆဲရင် မာတယ်လို့ပြောမလား၊ ဒီလိုထုတ်လို့မရပါ၊ ယခုပြောတာကို ထုတ်နိုင်လာရင် ပရမတ် ရှပ်ကုန်တွေပါတယ်၊လဘက်ရေပုဂံဆိုတဲ့ အဆိုင်အခဲကို စမ်းသပ် တဲ့ အခါတုံးက မာတယ်ဆိုပြီး ယူလာတယ်၊ သညာဝိပလာသ လေးဟာရှိနေဘယ် (၀၊)သညာရဲ့ အမှတ်မှားမှာ ဝိပလ္လာသ ပါနေပြီ။

ဒီတော့ ဟိုဘက်ကျအောင် မတွက်နဲ့ဦး (၀၊)နာမပညတ် နဲ့ သဏ္ဌာနပညတ်တွေ မပေါ်စေနဲ့ဦး၊ ဟိုဘက်ထိအောင်တွက် သွားရင်ဘဲ အားလုံးပါနေပြီ၊ ဘာ့ကြောင့် ယူသလဲ ဆိုတာကို ပြောပြမယ်၊ လဘက်ရေပုဂံကို စမ်းသပ်တဲ့အခါမှာ လဘက် ရေပုဂံမှာက ဖေါ့ဌဗ္ဗ ပထဝီရှိတယ်၊ ဘယ်သူကဘဲ စမ်းစမ်း အစမ်းခံနေတယ်၊ လက်ညှိုးမှာက ကာယပသာဒ ပထဝီရှိတယ်၊ ၂ ပါးဆုံလိုက်တော့ (၀၊)လက်ညှိုးနဲ့ပုဂံကို စမ်းသပ်လိုက်

တဲ့အခါကျတော့ သညာပထဝီလေးပေါ်လာတယ်၊ ဒီပထဝီ ၃ ပါးလဲ စုံညီလာရော ဝိညာဏ် ပထဝီ ဆိုပြီးဖြစ်လာတယ်။

ဒီ ၄ ပါးစုံညီမှ (၀၊)ပေါင်းမှ မာတယ်လို့ ပြောလို့ရတာ ပါ၊ ဒီလိုပြောလို့ရတာသည်ပင် သညာဝိညာဏ်က ပြောတာဘဲ မဟုတ်လား ဒါ့ဟာပညာသားနှစ်ပြားသားမျှားပါသလား၊မပါ ပါ၊ဒါဟာ သူ့တယောက်ထဲသိတာ့လား မဟုတ်ပါ၊ရုပ်သို့,ရှာသို့ ကလေးတောင်သိတဲ့အသိပါ၊ ဒါဟာ အမှားသိပါ၊ သညာ ဝိပလ္လာသအသိပါ၊ ဒီလို ခဝတ် ၄ ပါးကို သိတဲ့ အသိမျိုးဟာ အာနာပါနနဲ့ အားထုတ်ပြီး ခဝတ် ၄ ပါးကို ရှုရင်လဲ ဒီအတိုင်း တွေ့မှာဘဲ၊ (၀၊) ထွက်နေတာဘဲ၊ ဒါကိုတွေ့တာနဲ့ သောတာ ပန်ဘဲ၊ ဘာဘဲ ညာဘဲလို့ပြောနေတာတွေဟာ တကယ်ဟုတ် ပါ၊တာ့မလား၊ အမှားလောကထဲကနေ လုပ်နေတာပါ။

ဒီတော့ သညာဝိညာဏ်ဖြင့်သာ သိတဲ့အသိတရားတွေမှန်ရင် သညာဝိပလ္လာသဆိုတဲ့ အမှားလောကထဲမှာသာ ရှိနေသေး တယ်၊ ဒါဟာ သညာဝိညာဏ်လှည့်ပတ်တဲ့သဘောပါ၊ဒါကြောင့် ဘယ်လောက်ဘဲ အားထုတ်အားဆုတ် ကလျာဏမျက်စေ့ပေါက် ဘို့ရာ ခဲယဉ်းနေပါတယ်၊ ဒုါကို နားလည်ရင် ယခုဖေါ်ပြနေတဲ့ သဘာဝလေးဘေ့ကို ထုတ်မြက်တဲ့ဉာဏ်နဲ့ ရှုနိုင်လာရင် မပင် မပန်းဘဲနဲ့ ရုပ်တရား, နာမ်တရားတွေကို တွေ့မယ်။

၇ကိုင်း ပရမာအဏုမြူမှာရှိတဲ့ ပထဝီခဝတ်ကျတော့ ၅ပါး သော ပသာဒရုပ်တွေနဲ့ စမ်းသပ်လို့မရတော့ပါ၊ ဒီတော့ ဒီမှာ ရှိနေတဲ့ ပထဝီခဝတ်ဟာ သူရဲ့သဘာဝ လက္ခဏာလေးဟာ ဘယ်သဘောအနေနဲ့ ရှိနေသလဲလို့မေးရင် မာတယ်လို့မျှား

ပြောနိုင်သေးသလား၊ မပြောနိုင်တော့ပါ။ မာတယ်လို့မျှား ပြောနိုင်သေးရင်တော့ သူ့မှာက စမ်းသပ်လို့မှ မရတော့ဘဲနဲ့ သူပြောတာကို ကိုယ်ကမာတယ်လို့ ယူလို့ရမလား၊ (ဝါ) ယုံရမှာလား၊ မာတယ်လို့ မယူနိုင်တော့ပါ။

ဒီတော့ လက်နဲ့စမ်းသပ်လို့ရလာမှ ပစ္စုပ္ပန်လို့ ခေါ်တယ်၊ စမ်းသပ်လို့မှမရရင် သူကမာတယ်လို့ ပြောနေတာဟာ ဘယ်အနေနဲ့ ပြောနေတာလဲလို့မေးရင် သူက ဟိုတုံးကသမ္မုတိသန္တာန်ကြီး ရှိစဉ်အခါတုံးက လက်နဲ့စမ်းသပ်လိုက်တဲ့အခါက မာတယ်လို့ သိတဲ့အသိနဲ့ ပြောနေတာဘဲ မဟုတ်လား၊ ဒီတော့ ယခုစမ်းသပ်လို့မရသော်လဲ ဟိုတုံးက စမ်းသပ်လို့ရစဉ်က မာတယ်ဆိုတဲ့ဟာကို ယူပြီးပြောနေတာပါဆိုရင်ကော ကိုယ်ကယူမလား၊ ယူရင် ဘယ်မှာဟုတ်တော့မှာလဲ၊ ဒါဟာ မရှိတဲ့သဘော (ဝါ) စမ်းသပ်လို့မရဘဲ့သဘောကိုစဲ့ပြီး ပြောနေတာသည်ပင် ဒါဟာ မျက်ကွယ်သဘော (ဝါ) အတိတ်သဘော သည်ဟုသာ ဖြစ်နေတယ်၊ ဒါကို ကိုယ်ကယူမလား၊ ယူရင် ဘယ်မှာဟုတ်တော့မှာလဲ၊ ဝိပဿနာသွားဆိုတာဟာ ပစ္စုပ္ပန်ကိုသာ လိုက်ရပါတယ်။

ဒါကြောင့် သူကပြောနေတဲ့ မျက်ကွယ်သဘော (ဝါ) အတိတ်သဘောကို ကိုယ်ကလက်ခံမလား၊ ဒါဟာအန္ဓဝတ္ထုသာ ယူမယ်၊ ပရမတ်ရေ, ဓာတ်ရေ ပြည့်စုံနေတဲ့ပုဂ္ဂိုလ်တွေကျန်ခဲ့တော့ မယူတော့ပါ၊ ဝိပဿနာသွားဆိုတာ ပစ္စုပ္ပန်ကိုသာ လိုက်ရပါတယ်၊အတိတ်သည်ဟုတွေကို ကိုင်နေရင် ဘယ်မှာ ဆုံးတော့မလဲ၊ မဆုံးတဲ့အပြင် သည်ဟုတွေသာ ပွားထလာတော့မယ်၊ ဒါကြောင့် ပစ္စုပ္ပန်ကိုသာ ကိုင်ရမယ်၊ ဒီတော့ ယခု ပရမာအဏုမြူလေ

ရောက်လာရော ဒီသညာရဲ့အမှတ်မှားတွေကို အကုန်လုံးမောင်းထုတ်လိုက်ပါ။

သညာရဲ့အမှတ်ဟာ မျက်ကွယ်သဘော (၀၊) အတိတ်သဘောအနေနဲ့သာ ရှိတော့တယ်၊ ဘယ်လိုမောင်းထုတ်မလဲ၊ "ဒီတော့ မင်းဟိုတုံးကစမ်းသပ်လို့ရစဉ်က မှတ်လာခဲ့တဲ့အမှတ်လေးနဲ့ ယခု ဒီမှာလာပြောနေတာဟာ ယခုစမ်းသပ်လို့ရသေးသလား၊ မရတော့ပါ၊ မရဘဲနဲ့ ပထဝီဓာတ်ဟာ မာတယ်လို့ ပြောနေတာသည်ပင် မျက်ကွယ်သဘော (၀၊) အတိတ်သဘောကိုယူပြီး ပြောနေတဲ့သဘောပါ၊ ဒါတွေကို ငါမလိုချင်ဘူးသွား"လို့ဆိုပြီး မောင်းထုတ်လိုက်ပါ။

ဒါကြောင့် ပရမာအဏုမြူလေရောက်လာရော သညာဝိပလ္လာသဟာ ဇာတ်သိမ်းသွားပြီ၊ အတိတ်သညာကို ယူနေတဲ့သူတွေမှာ သညာဝိပလ္လာသ အမှားကြီးရှိနေပြီ၊ ဒီလို သညာဝိပလ္လာသ ဇာတ်သိမ်းသွားရင် ယခု ပရမာအဏုမြူမှာ ဓာတ် ၈ ပါး ရှိနေသေးတယ်၊ ဒီ ဓာတ် ၈ ပါးမှာရှိတဲ့ ပထဝီဓာတ်ဟာ သူရဲ့ လက္ခဏာလေးဟာ ဘယ်အနေနဲ့ ရှိနေသေးသလဲဆိုတော့ မာတယ်, ပြော့တယ်ဆိုတဲ့ အနေနဲ့တော့ မရှိတော့ပါ၊ ငါတို့ကို လာမခြောနဲ့တော့ အန္ဓတွေကိုသာ ပြောလို့ရမယ်၊ ဒါဟာ အတိတ်သညာ-သညာဝိပလ္လာသပါလို့—တချက်ထဲ မောင်းထုတ်လိုက်ရင် ကင်းသွားပါတော့မယ်။

ဒီတော့ ပရမာအဏုမြူမှာရှိဘဲ့ ပထဝီဓာတ်ဟာ ဘယ်အနေနဲ့ရှိသလဲဆိုတာကို ထပ်စစ်ပါ၊ ဒီတော့ အတိတ်သညာတွေရဲ့အလှည့်မခံရတော့ဘဲကလျာဏမျက်စေ့ပေါက်လာပြီ၊ ဒီပထဝီ

ခေါ်ဟာ မာတယ်, ပူတယ်ဆိုတဲ့အနေနဲ့ မရှိတော့ပါ၊ အဲဒါ ပစ္စုပ္ပန်ဆတ်ဆတ် ရှေးရှုထင်နေတဲ့သဘောလောက်သာ ရှိတော့တယ်၊ ပစ္စုပ္ပန်လို့ ထည့်ထားတာဟာ အဘိတ်သဘော, မျက်ကွယ်သဘောတွေ့ မပါအောင်လို့ ထည့်ထားတာပါ၊ အဲဒါ ပစ္စုပ္ပန်ဆတ်ဆတ် ရှေးရှုထင်တဲ့သဘောလေးမျှသာရှိတော့တယ်။

ဒီတော့ ရူပသညာ, သဒ္ဒသညာ, ဂန္ဓသညာ, ရသသညာ, ဖောဋ္ဌဗ္ဗသညာ, ဓမ္မာသညာ—ဆိုပြီး အာရုံ ၆ ပါးမှာလဲ သညာ ၆ လုံး ပြလာတယ်၊ နောက် စက္ခုသညာ, သောတသညာ, ဃာနသညာ, ဇိဝှါသညာ, ကာယသညာ, မနသညာ-ဆိုပြီးတော့ အကြည်ခေါ်မှာလဲ သညာ ၆ လုံးပြဘားတယ်၊ ဒီသညာတွေမှာ ဝိပလ္လာသသညာမှန်ရင် ဇာတ်သိမ်းပြီးတော့ ယခု ပစ္စုပ္ပန်ဆတ်ဆတ် ရှေးရှုထင်တဲ့ သဘောဆုတာဟာ အာရုံသညာလေးတွေက "ဟေ့အကြည်သညာလေးဘွဲ့ မင်းတို့ငါ့ကို လာဆဲပါအုံး၊ ငါဟာ သညာဝိညာဏ် လောကနယ်ကြီးထဲမှာ ပေါ်ချင်သေးတယ်" ဆိုတဲ့အနေလောက်သာ ရှိသေးတယ်၊ ဒါကို ပစ္စုပ္ပန်ဆတ်ဆတ် ရှေးရှုထင်တဲ့သဘောလို့ ခေါ်တယ်။

ဒီဘော့ ခေါ်က ပါးမှာ ဒီအနေနဲ့ မြင်သွား တာကို "ကောမမှော" ဆိုက်တယ်လို့ ခေါ်တယ်၊ ဘယ်လိုဆိုက်သလဲ အဲဒါ ပစ္စုပ္ပန်ဆတ်ဆတ် ရှေ့ရှုထင်တဲ့ သဘောပါ၊ (၀ါ)ပေါ်နေတဲ့သဘောပါ၊ (၀ါ)အာရုံသဘောပါ၊ အာရုံသဘော ဆိုတာဟာ အာနာပါနနည်း ဘက်ကနေပြီး ပြောကြတာပါ၊သတိပဋ္ဌာန်ကြီးအခန်နဲ့ကျတော့ ပြောမယ်ဆိုရင် ရှုအပ်တဲ့သဘောလေးပါ၊ ဒါဟာပရမတ် ရုပ်သဘောပါ၊ ပရမတ်နာမ်ကျတော့ ရှုတတ်တဲ့ သဘောပါ။

ဒီအတိုင်းကိုသာလျှင် ပရမတ် ရုပ်သဘောလို့ ယူကြပါတော့ ဒါကြောင့်မသိလျှင်ရုပ် သိလျှင်နာမ်ဆိုတဲ့ အသိမှားတွေကို(၀၊) အမှတ်မှား အယူမှားတွေကို ဆန်ကော ပုတ်ပြီး တောထုတ် နိုင်အောင် ယခုကုတ်ပြလိုက်တဲ့ ပရမတ်ရပ်ကလေးကို ဒီ အတိုင်း သိကြပါတော့ သိုတာကို ဟောပြလိုက်ပါပြီ။

ဒီနေ့ ဒီပုံစံကို ဉကြောင်းချလိုက်ပါပြီ။

ကိုင်း... သာဓုခေါ်ကြပါတော့။

သာဓု–သာဓု–သာဓု။

ပုံစံနံပါတ် (၄)


လောကီအပ္ပနာသမာဓိ
ဗျာနီတရားလေါက
ပေါ်ထွက်ပုံ
ဂ သို့ကပ်:-၁၀-ပါးနှင့် စီတင်ပုံ
ဓိဋ္ဌာန်သီ
ပြိုင်
ကုသိုလ်
ပြိုင်
ကုသိုလ်
ပြိုင်
ကုသိုလ်

ဝါဆိုလဆုတ် ၃–ရက်နေ့ ဟောစဉ်။

ပုံစံနံပါတ်(၄)

မနေ့က ဝိသုဒ္ဓိ ၇ ပါးကို ခွဲပြလိုက်ပါပြီ၊ ဒီတော့ ဝိပဿနာ တရားကို အားထုတ်တဲ့အခါမှာ တက်စဉ်ကိန်းလည်ထားရမယ်၊ အဲဒါ ပဋိပတ္တိဂ္ဂါမ ဒေသနာ အတိုင်း (၀၊) ကျင့်စဉ် အတိုင်း တက်ရမယ်၊ ဒါဟာဝိသုဒ္ဓိ(၇)ပါးတက်စဉ် အတိုင်းကက်ရမယ်၊ ဒီတော့ သီလဝိသုဒ္ဓိကို ပညာမြင်အနေနဲ့ မြင်ရအောင် အားထုတ်ကြပါဆိုရင်ဘဲ အဲဒါတောထဲတောင်ထဲသွားပြီး လုပ်ရတော့မလိုလိုဖြစ်နေကြတယ်၊အဲဒါ ငါးပါးသီလ ရှစ်ပါးသီလ ကိုးပါးသီလ တွေကိုဘဲ ဟုတ်သလိုလိုနဲ့ ဖြစ်နေကြတော့တယ်၊ ဒီတော့ ၄၀ သော သမထတွေကလဲ သံသရာ လည်တဲ့အထဲမှာ သာရှိနေပါသေးတယ်၊ ဒီအလုပ်မျိုးတွေဟာ ဆုကြီးပန် ပုဂ္ဂိုလ်တွေ လုပ်နေတဲ့ အလုပ်မျိုးထဲမှာသာ ရှိနေပါသေးတယ်။

အဲဒါကိုဘဲသီလင်သုဒ္ဓိလို့ ထင်နေကြတယ်၊ဒါဟာသမထဘက်ကိုသွားတဲ့ (၀၊) သံသရာလည်တဲ့ သီလဝိသုဒ္ဓိပါ၊ ယခုပြမှာက ဝိပဿနာဘက်ကို သွားမဲ့ သီလဝိသုဒ္ဓိပါ၊ ဒါကို ဟိုနေ့က စတုပါရိသုဒ္ဓိဖြစ်တဲ့ သီလကြီးလေးပါးကို ဘင်ဆက်ပြီး ပြလိုက်ပါပြီ၊ ဒီတော့ ယခုဘက်စဉ်အတိုင်းဆိုရင်ဘဲ စိတ္တဝိသုဒ္ဓိကိုရောက်လာပြီ၊ ဒီစိတ္တဝိသုဒ္ဓိမှာ အပ္ပနာသမာဓိ, ဥပစာရသမာဓိ–ဆိုတဲ့ နှစ်ပါးမှာကို ဒီ ၂ ပါးလုံးကို ယူလို့ရပါတယ်၊ ဥပစာရ သမာဓိဆိုတာက စိတ်တွေကို တည်ငြိမ်စေပြီးတော့ အာရုံလေးကို ရှုမှတ်နေတဲ့သဘောပါ၊ အပ္ပနာ သမာဓိကျတော့ အဲဒါစျာန်တရားကို ရသွားပြီ။

ယခုစိတ္တဝိသုဒ္ဓိမှာသမာဓိနဲ့ ထွင်းဖေါက်ရတော့မယ်၊ဒီတော့ အာနာပါနကို အားထုတ်လာရင်ဘဲ ထွင်းဖေါက် နိုင်လာပါပြီ၊ ဒီတော့ ဥတု ၃ဖေ၊ အာဟာရ ၃ဖေ၊ စိတ် ၃ဖေ၊ ကံ ၃ဖေ၊ ဆိုပြီး ထွင်းဖေါက် လာရမယ်။ ဒီတော့ ဒီနှစ် မဟာသတိပဋ္ဌာန် တရားတော်ကြီးကို ကိုယ်တွေ့ လက်တွေ့အနေနဲ့ အားထုတ်နိုင်အောင်လို့ ကြိုးစားကြပါ။ ဒီတော့ပြောပြမယ်၊ ဒီမြို့လေးပါးနဲ့ ခဲ့လာတဲ့အခါမှာ ပရမာအဏုမြူလေ ကျလာပါရော အဲဒါသမာဓိနဲ့ ခွဲစိတ်ရတော့မယ်၊ သီလဝိသုဒ္ဓိဟာ ပြီးသွားပါပြီ၊အခုစိတ္တဝိသုဒ္ဓိကို တက်ရတော့မယ်၊ ဒီတော့မှ ဒီပရမာ အဏုမြူကို ထပ်ပြီးတော့ ခွဲစိတ်ရအုံးမယ်။

ဒါကို ဝိသုဒ္ဓိမဂ် မဟာဋီကာကြီးက ပရမာအဏုမြူကို ခွဲစိတ်တဲ့အခါမှာ ၁၂၉၆–စိတ်ရတယ်လို့ ပြလာတယ်၊ ဒီတော့ အကျဉ်းအားဖြင့်ရင် ဥတု ၃ဖေ၊ အာဟာရ ၃ဖေ၊ စိတ် ၃ဖေ၊ ကံ ၃ဖေ ဆိုပြီး ပုံစံမှာပြထားပါတယ်။ ဒီတော့ ၁၂၉၆ စိတ်ရလာပုံကို ပြောပြမယ်၊ အဲဒါ ပရမာအဏုမြူလေ ကျလာရော ဥတုအကြောင်းဟာ မပါတော့ဘူးလား၊ အဲဒါ ပစ္စယအကြောင်းအနေနဲ့ ပါလာတယ်၊ အဲဒါကြောင့် ဥတု ၃ဖေ၊ အာဟာရ ၃ဖေ၊ စိတ် ၃ဖေ၊ ကံ ၃ဖေ ဆိုပြီးပြထားတာပါ။ ဒါကိုပေါင်းလိုက်ရင် ၁၄၄ ရလာပါတယ်၊ ဒါဟာ ပထဝီဓာတ်မှာရှိတဲ့ အာကာသတွေပါ၊ဒီတော့ ဓာတ်တပါးတပါးမှာကို အာကာသဟာ ၁၄၄ ရှိနေသေးတယ်၊ရုပ်တပါးမှာ ဒီလောက်ရှိနေသေးရင် ရုပ် ၉ပါးမှာဆိုရင် ဘယ်လောက်ရှိမလဲဆိုတော့ ၁၂၉၆ ရှိနေပြီ။

ဒါဟာ ပထဝီ ၁၄၄+အာပေါ ၁၄၄+ဝါယော ၁၄၄+ တေဇော ၁၄၄ + ဝဏ္ဏ ၁၄၄ + ဂန္ဓ ၁၄၄ + ရသ ၁၄၄+

သြဇာ ၁၄၄ + အာကာသ ၁၄၄=၁၂၉၆ ဆိုပြီး အာကာသတွေ ရှိနေပြီ၊ ဒါကို ဘာနဲ့ခွဲလာတာလဲ၊ ဒီတော့ စိတ္တ ဝိသုဒ္ဓိတက်စဉ်မှာ သမာဓိနဲ့ ခွဲလာတာပါ၊ ဒါကိုမြူသေးလေးဘုံလို့ခေါ်တယ်၊ ဒီကနေပြီးမှ ဒိဋ္ဌိဝိသုဒ္ဓိတက်စဉ်ကို ဝင်ရပါတယ်၊ ဒီတော့ သီလဝိသုဒ္ဓိဖြင့်ရင် သမ္မာဃနကြီးကို ထွင်းဖေါက်ခဲ့တယ်၊ (၀၊)ခွဲစိတ်ခဲ့ပြီ၊ ယခု စိတ္တဝိသုဒ္ဓိဖြင့်ရင် သန္တာန်ပညာတ်ကို ဖွင်းဖေါက်ရမယ်၊ ဒါကို အနှစ်တွေဟာ ထွင်းဖေါက်လို့မရပါ၊ ကလျာဏပုဂ္ဂိုလ်ကျမှ ထွင်းဖေါက်လို့ရပါတယ်။

ယခုပိဋကတ်ကို အဆီညှစ်ပြီးတက်လာတာ ဖြစ်ခြင်းကြောင့် အကျိုးကျေးဇူး များလှပါတယ်၊ ဒီတော့ ဥပစာရ သမာဓိထိ အောင် အားထုတ်သွားနိုင်ရင် ပိုပြီးကောင်းပါတယ်၊ ယခုပြုနေတဲ့ စိတ္တဝိသုဒ္ဓိဖြင့်ရင် ထွင်းဖေါက်သွားနိုင်ရင် အဲဒါဒိဋ္ဌိဝိသုဒ္ဓိ ဟက်စဉ်ကို တက်နိုင်သွားပြီ၊ ဒီတော့ ညက ဟောကြားဘဲ့ သုတ္တန်ဟာ အဘိဓမ္မာကိုထောက်ပြီးတော့ ဟောပြနေတာပါ၊ အဘိဓမ္မာတရားတော်ကြီးဟာ ဘုရားရှင်ရဲ့ ဉာဏ်တော် ကျက်စားရာပါ၊ ပုထုဇဉ်တွေကျတော့ အဲဒါသညာဝိညာဏ်ဖြင့်သာ ဆွဲနိုင် ပါတယ်လို့ အကျယ် ခွဲပြီး ပြောလိုသော်လဲ နောက်အကြောင်း ညီညွတ်မှာဘဲ ပြောပါတော့မယ်။

ကိုင်း·ဒီတော့ စိတ္တ ဝိသုဒ္ဓိတက်စဉ်မှာ မြူသေးခလေး ၁၂၉၆ ကို နှားလည်ပြီလား၊ နှားလည်ရင် သမာဓိနဲ့ ခွဲရဘော့မယ်၊ သမာဓိနဲ့ခွဲတော့မယ်ဆိုတော့ သမာဓိတရားဟာလဲ " ကုစ္ဆိတေ ပါပဓမ္မေ သလယန္တိ ကမ္မေဒ္ဓိ ဝိဒ္ဓံသေန္တိ အပဂမေန္တိတိ ကုသလာနိ " လို့ ပြလာတဲ့အတိုင်း အကုသိုလ် တရားတွေကို

ခွါရှဲစေနိုင်တယ်၊ဒီတော့ ပညာနဲ့ မယှဉ်တဲ့သမာဓိက အကုသိုလ်တရားတွေကို ခွါရှဲနိုင်တယ်လို့ ဆိုဒါဟာ စျာန် တရားတွေကို ဝင်စားနေတဲ့အခါမှာသာ အကုသိုလ်တရားတွေကို ;ခွါရှဲတယ်လို့ ပြောတာပါ။

ပညာနဲ့ယှဉ်တဲ့ သမာဓိကျတော့ အကုသိုလ်ထရားတွေကို ဖျက်ဆီးလာတယ်၊ ဒီပညာနဲ့ယှဉ်တဲ့သမာဓိက သမ္မသနဉာဏ်နဲ့ ဥဒယဗ္ဗယဉာဏ်ကို ရောက်ရင်ဘဲ ထင်ရှားလာပါလိမ့်မယ် ရှေ့ကျတော့မှ အတ္တဒိဋ္ဌိ, အတ္တဝါဒုပါဒိဋ္ဌိ, သက္ကာယဒိဋ္ဌိတွေကို ဆဲန္ဒတ်လာတော့မယ်၊ ကိုင်း... စိတ္တဝိသုဒ္ဓိမှာ သမာဓိနဲ့ခဲ့ပုံကို ပြောပြမယ်၊ သမာဓိနဲ့ခဲ့မဲ့ပုဂ္ဂိုလ်ဟာ ဒိဋ္ဌမြ||, သုတမြ||, မုတမြ||, ဝိညာတမြ||–ဆိုတဲ့ မြ||လေးပါးကို နားလည်ထားရမယ်၊ ဒါကို အဓိပ္ပါယ်ပြောပြမယ်။

ဒိဋ္ဌမြ||ဆိုတာ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ မျက်စေ့, နား, နှာခေါင်း, လျှာ, ကိုယ်ဆိုပြီး အပေါက်ငါးပေါက်ရှိတယ်၊ဒီအပေါက်ငါးပေါက်မှာကို မျက်စေ နဲ့စမ်းသပ်လို့ရတာကို ဒိဋ္ဌမြ||လို့ခေါ်တယ်၊ ဒီတော့ မျက်စေ့နဲ့လှမ်းကြည့်လိုက်တဲ့ အခါမှာ ထန်းပင်ဟာ မမြင်ရတော့ဘဲ ပျောက်သွားတဲ့ နေရာအထိကို တယူဇနာရှိတယ်လို့ ပြလာတယ်၊ ဒီ တယူဇနာထိအောင် မျက်စေ့က မြင်နိုင်တယ်၊ သုတမြ||ဆိုတာက နားနဲ့ စမ်းသပ်လို့ရတာကို ခေါ်တယ်၊ နောက် နှာခေါင်း, လျှာ, ကိုယ် ဒီသုံးပါးနဲ့ စမ်းသပ်လို့ရတာက မုတမြ||လို့ခေါ်တယ်၊နောက် စိတ်ဝိညာဏ်ဖြင့် စမ်းသပ်လို့ရတာကျတော့ ဝိညာတမြ||လို့ခေါ်တယ်။

ဒါကို နားလည်ပြီလား၊ ယခု သမာဓိနဲ့ ခွဲစိတ်တဲ့ နည်းဟာ...

"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ ဧဝဉ္စေ ဗာဟိယ သိက္ခိတဗ္ဗံ" လို့

ဥဒါန်းပါဠိတော်ကြီးမှာ ဟောကြားထားတဲ့အတိုင်း ဒါကို အခြေခံထားပြီး ယခု စိတ္တဝိသုဒ္ဓိတက်ရာဉ်ဟာ တက်သွားမယ်၊ ဒါတွေကို နားလည်ရင် တခုပြောပြမယ် ယခု လာဘက်ရေပုဂ္ဂိုလ်ကြီးကို ဆဲပြီးတော့ မချတော့ပါ၊ အခု အာနာပါနကြီးနဲ့ ချရတော့မယ်။

ကိုင်း... မြူလေးပါးကို နားလည်ရင် ပဋ္ဌမနိမိတ်လေးတွေကို အရင်မှတ်ရမယ်၊ ဒီတော့ ဘာဝနာ နိမိတ်ဟာ ပရိကမ္မဘာဝနာ ပရိကမ္မနိမိတ်၊ ဥပစာရဘာဝနာ ဥဂ္ဂဟနိမိတ်၊ အပ္ပနာဘာဝနာ ပဋိဘာဂနိမိတ်၊ ဒီ ၃ ချက်ကို နားလည်ထားရမယ်။ ဒီဘာဝနာနိမိတ်တွေကိုရပြီးမှ စျာန်တရားကိုရပါတယ်၊ ဒီတော့ အာနာပါနကို အားထုတ်လာဘဲ့ ပုဂ္ဂိုလ်ဟာ ဒီ နိမိတ်တွေကို အရင်ယူရပါတယ်၊ ဒါကို ပထမသင်နည်း မှတ်ချက်အနေနဲ့ နားလည်ထားရမယ်၊ ဒီတော့ ပရိကမ္မဘာဝနာ ဆိုတာဟာ ကမ္မဋ္ဌာန်းစီးဖြန်းတဲ့အခါမှာ အလေ့အကျင့်လေး ယူလိုက်တာပါ၊ ဒါဟာ ထွက်လေ ဝင်လေ လေးကို မှတ်နေတာမျိုးပါ၊ (တနည်း) ကသိုဏ်းတခုခုကို မှတ်နေတဲ့ သဘောမျိုးပါ၊ အဲဒါ ပထဝီကသိုဏ်းကိုဘဲ အဲဒါ ပထဝီ ပထဝီ စသည်ဖြင့် ပွားများနေတာမျိုးကို ခေါ်တယ်။

ဒါကို ပရိကမ္မဘာဝနာ ထက်ဝန်းကျင် အကြိမ်ကြိမ်ပွားများ စီးဖြန်းနေတာကို ခေါ်တယ်၊ ဒီလို စီးဖြန်းနေတဲ့အခါမှာ ထွက်လေ ဝင်လေကိုသာ မှတ်နေသေးတယ်၊ ငါးပါးသော ပဿဒ အကြည်ဓာတ်တွေမှာ မပေါ်သေးပါ၊မပေါ်သေးရင် ဘာဝနာဟာ မတက်သေးပါ၊ ဒီလိုမှ မပေါ်သေးရင် ရှေ့ကို မတက်နဲ့အုံး၊ ဒီတော့ ပရိကမ္မဘာဝနာဟာ ဥပမာ မြေကြီးကို ရှေ့မှာချပြီး ပထဝီ,ပထဝီ လို့ စီးဖြန်းနေတာပါ၊ ဒီလိုစီးဖြန်းပြီး အဲဒါမျက်စေ့ မှိတ်ကြည့်တဲ့ အခါမှာ ဒီပထဝီလေးဟာ ပေါ်နေရင် ရှေ့ကိုတက်လို့ရလာပြီ၊ ဒီလိုမှ မျက်စေ့မှိတ်ပြီး ကြည့်တဲ့ အခါမှာ မပေါ်သေးရင် အဲဒါပရိကမ္မဘာဝနာ, ပရိကမ္မနိမိတ်အနေနဲ့သာ ရှိနေပါသေးတယ်။

ဒီတော့ ပြောပြမယ်၊ ပရိကမ္မနိမိတ်ဆိုတာ မိမိရှုမှတ်နေတဲ့ ကသိုဏ်းဝန်းလေးကိုခေါ်တယ်၊ ဒီကသိုဏ်းဝန်းလေးကို စီးဖြန်းနေတာပါ၊ အဲဒီလို စီးဖြန်းလို့ကြာလာရင်ဘဲ မျက်စေ့မှိတ်ပြီး ကြည့်သော်လဲ ပေါ်နေပြီ၊ ဒီလိုပေါ်နေရင် အဲဒါ ပရိကမ္မနိမိတ်လို့ခေါ်တယ်၊ ဒီက နေပြီးတော့မှ ရှေ့ကို တဆင့်တက်ရတော့မယ်၊ ဒီတော့ ဒီလိုစီးဖြန်းအားထုတ်တဲ့အခါမှာ တချို့ကျတော့လဲ မပေါ်ပါ၊ တချို့ကျတော့လဲ လေးငါးရက်နဲ့ဘဲ ပေါ်လာတတ်ပါတယ်၊ ဒီတော့ မပေါ်လာတဲ့ပုဂ္ဂိုလ်ဟာ(၁) သွေးအား, လေအားကောင်းနေခြင်း၊ (၂) စိတ်ဝိတက်များနေခြင်း၊ (၃)အထိတ်အလန့် ရှိခြင်း၊ (၄)အတိတ်ဘဝက လောကီပညာတွေကို ကြိုးစားအားထုတ်ခဲ့ခြင်း၊ (၅) လူ့ပြည်ကိုရောက်လာတာဟာ အင်း, ဆေး, မှော်, စမ, ဂါထာ, မန္တန် စသည့် အမှောင်ဂိုဏ်း တွေက ဆင်းလာတဲ့ ပုဂ္ဂိုလ်ဖြစ်ခြင်း၊ ဒီ ငါးချက်ကြောင့် မပေါ်တာပါ။

ဒီတော့ သမထကိုပေးတဲ့အခါမှာ နိမိတ်မထင်တာနဲ့ ပါရမီ မရှိဘူးလို့ မယူလိုက်ပါနဲ့၊ အဲဒါပညာအနေနဲ့ အားထုတ်လာမှ ပါရမီအနေနဲ့ ယူရပါတယ်၊ ဒီတော့ အဘိုးမတန်တဲ့ ဒီသမထ တွေကို အပင်ပန်းခံပြီးလုပ်မှ တန်ဘိုးရှိတယ်လို့ ထင်နေကြတယ်၊ (၀ါ)ဒီတရားကို မှန်တယ်လို့ထင်နေကြတယ်၊ ဒီတော့ သမထ ကို အင်းကွက်လေးတကွက်ထဲနဲ့ မြင်အောင် ဆရာတော်လုပ်နိုင် ပါတယ်၊ ဒါပေမဲ့ ဒီပညာတွေကို ယခုမလုပ်တော့ပါ၊အားလုံး ကို စွန့်ပစ်ခဲ့ပါပြီ၊ ဒါကြောင့် ဒီသမထ ပညာရပ်တွေကို ပါရမီ အနေနဲ့ မဆွဲပါနဲ့၊ အားထုတ်နိုင်ရင် ရနိုင်ပါတယ်၊ ပါရမီ ကြောင့်လို့ သွားမယူလိုက်ပါနဲ့။

ကိုင်း ဒီတော့ပရိကမ္မနိမိတ်–ပရိကမ္မဘာဝနာဟာ (ဥပမာ) ကြပ်ပူတိုက်ပေးလိုက်သလိုပါဘဲ၊ အဲဒါ ပထဝီဆိုတဲ့ ကသိုဏ်း ဝန်းမှာကို ရှုမှတ်နေတာကို ပရိကမ္မဘာဝနာ–ပရိကမ္မနိမိတ်လို့ ခေါ်တယ်၊ ဒါကို ရှုမှတ်ပါမျှားလာရင်ဘဲ မျက်စေ့ကိုမှိတ်ပြီး ကြည့်လိုက်, ဖွင့်ပြီးကြည့်လိုက်နဲ့ လုပ်ပါမျှားလာတော့ရင် ဒီ ကသိုဏ်းဝန်းလေးဟာ မျက်စေ့ဖွင့်ပြီးမကြည့်သော်လဲ (၀ါ) မျက်စေ့မှိတ်ထားသော်လဲ မျက်စေ့မှာကို လာထင်နေပြီ၊ ဘယ် ဘက်ကိုဘဲ ပြောင်းပြီးကြည့်ကြည့် လာထင်နေပြီ၊ ဒီလိုထင်နေ တာကို ပရိကမ္မနိမိတ်လို့ခေါ်တယ်။

ဒါကို သမထအလုပ်မှာ ကလျာဏမျက်စေ့ ပေါက်ပြီလို့ ယူရပါတယ်၊ ဒီဟာထင်လာရင်ဘဲ အာနာပါနကြီးကို အထူး တောင် အားမထုတ်ရတော့ပါ၊ ဒီတော့ ဒီပရိကမ္မနိမိတ်–ပရိကမ္မ ဘာဝနာကို အရင်ဆုံးရှုပြီး ယူရပါတယ်၊ ဒီဟာလေးဟာ ဘယ် မှာဘဲ ကပ်ကြည့်ကပ်ကြည့် ထင်နေရင် ဥပစာရဘာဝနာ–ဥဂ္ဂဟ

နိမိတ်လို့ ခေါ်တယ်၊ အဲဒါ ဥပစာရသမာဓိကိုရလာပြီ၊ ဒီအတိုင်းသာ အားထုတ်ကြည့်ပါ၊ မဖြစ်ဘူးဆိုတာ အလကားပြောတာပါ၊ အားထုတ်နိုင်ရင် ရနိုင်ပါတယ်။

ဆရာတော်တို့ကိုယ်တိုင် အားထုတ်လာပြီးမှ ယခု လက်တွေ့အနေနဲ့ ပြောနေတာပါ၊ ကိုင်း–ရှေ့ကိုတခါတက်၊ အပ္ပနာဘာဝနာ–ပဋိဘာဂနိမိတ်ကျတော့ ဂဟနိမိတ်ထက်ပိုပြီးကြည်လင်လာတယ်၊ ဒီကနေ ရှေ့ကိုတက်သွားတော့မှ ဒီနိမိတ်တွေ ရပြီးတော့ စျာန်တရားတွေ ရလာတော့တယ်၊ ဒီသဘာဝတွေနဲ့ ယခု ခဲ့စိတ်လာရမယ်၊ ကိုင်း ခဲ့စိတ်ရတော့မယ်၊ တခုပြောပြမယ်၊ (ဥပမာ) လဘက်ရေပူဂံကို သီလနဲ့ ခဲ့စိတ်လိုက်ဟု အခါမှာ ပရမာအဏုမြူလေကျလာရော လက်နဲ့စမ်းသပ်လို့ မရတော့ပါ၊ ဒါကို သမထသမားက ပရမတ်အနေနဲ့ ပြောနေပြီ၊ ဒီလိုယူနေတာကို မယူနိုင်အောင် ထပ်ပြီးတော့ ခဲ့စိတ်ရအုံးမယ်။

ဒီတော့ ကသိုဏ်းပညတ်တွေကနေ ထွက်လာတဲ့ ဓာတ်လေးပါးတွေကို ငါးပါးသောပသာဒမှာ လာပေါ်တာကို ပရမတ်လို့ယူနေအုံးမယ်၊ ဒီလိုမယူနိုင်အောင်လို့ ဒါကို ထပ်ပြီးခဲ့စိတ်လိုက်မှ စိတ္တဝိသုဒ္ဓိဖြစ်လာမယ်၊ ဒီတော့မှ သမာဓိနဲ့ ခဲ့စိတ်တာဟာ ပြီးသွားပြီ၊ ရှေ့ကို ဒိဋ္ဌိဝိသုဒ္ဓိတက်စဉ်ဆိုပြီးတက်ပြီ၊ အဲဒါ ပညာနဲ့ ခဲ့ရတော့မယ်၊ ကိုင်း ဒီတော့ ခဲ့စိတ်ရတော့မယ်၊ ဒီတော့ ဒီ သမာဓိနဲ့ ခဲ့စိတ်တဲ့ ပုဂ္ဂိုလ်ဟာ ဘာဝနာသုံးမျိုး, နိမိတ်သုံးမျိုးကို နားလည်ထားရမယ်၊ နားလည်ရင် ခဲ့စိတ်ပြမယ်။

ဒီတော့ ကသိုဏ်း ၁၀ ပါး ကို အရင်နားလည်ထားရမယ်၊ ဒီတော့ သမထ ၄၀ မှာ ကသိုဏ်း ၁၀ ပါးဟာ အချုပ်ဘဲ၊

ဒီကသိုက်း ၁၀ ပါးမှ မနိုင်တဲ့ ရဟန္တာပုဂ္ဂိုလ်ဟာ အဘိညာဏ် တန်ခိုးတော့ပြလို့မရပါ ဒီတော့ ဂ သိုက်း ၁၀ ပါးနဲ့ ဓာတ် ၉ ပါးကို ဟတ်ပြမယ်၊ ဒီတော့ အဘိဓမ္မာကြီးက လောကကြီး တခုလုံးကို သိမ်းထားတာပါ၊ ဒီတော့ စာပေ ပရိယတ်နယ်ကြီး ကြီးထွားလာမှ သဘာဝနယ်ကြီးကို နားလည်ပြီး ပညတ်တွေကို ရှင်းနိုင်လာတော့မယ်၊ ဒီတော့သမထ ၄၀ ဟာ ပညတ်သဘော တွေဘဲ၊ ဒီပညတ်သဘောတွေဟာလဲ ပရမတ်ရုပ် သဘောထဲမှာ ကို လာဝင်ကာဘဲ၊ ဒီတော့ သမထ ၄၀ ကို အကျဉ်းချုံးရင် ကသိုက်း ၁၀ ပါးဘဲ ကျန်ပါတယ်။

ဒီတော့ ကသိုက်း ၁၀ ပါး၊ အနုဿတိ ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ ဗြဟ္မဝိဟာရလေးပါး၊ အရူပသမာပတ်လေးပါး၊ အာ ဟာရေ ပဋိကူလသညာတပါး၊စတုဓာတု ဝဝတ္ထာန်တပါး၊ပေါင်း ၄၀ သော သမထတွေပါ၊ ဒီသမထတွေဟာ သာသနာတော် ကြီးနဲ့အကျုံးဝင်တဲ့ သမထတွေကိုသာဟောကြားထားတာပါ၊ သာသနာတော်ကြီးနဲ့ အကျုံးမဝင်တဲ့ သမထတွေဟာ အများ ကြီးရှိနေပါသေးတယ်၊ အဲဒါ ဗေဒင်လေးပုံကနေပြီးထုက်လာတဲ့ အင်းဆေး,မှော်,စမ,ဂါထာ, မန္တန်အစရှိတဲ့ ပညာရပ်တွေပါ၊ ဒီဟာဘာဟာ ဘုရားရှင် မပွင့်သော်လဲ အပြုရှိနေတဲ့တရားတွေ ပါ၊ ဒီဟာကတော့ဟာ သာသနာတော်ကြီးနဲ့ မနှီးနှောပါ၊ (၀၊) အဘိဓမ္မာကြီးနဲ့ မနှီးနှောပါ။

ဒီတော့ ၄၀ သော သမထတွေဟာ သာသနာတော်နဲ့ အကျုံးဝင်လို့ ဟောကြားထားတာပါ၊ အဲဒါအဘိမ္မောကြီးနဲ့ လဲ နှီးနှောလို့ရပါတယ်၊ ကိုင်း ၄၀ သော သမထကို အကျဉ်း ချုံးလိုက်ရင် ကသိုက်း ၁၀ ပါးသာရပါတယ်၊ ဒီကသိုက်း ၁၀

ပါ၊်းကို ဓာတ် ၉ ပါးနဲ့ ဝေဖန်ပြီးပြပါအုံ၊်းမယ်၊ဒီတော့အသုဘ ကသိုဏ်း ၁၀ ပါးက ရာဂကြီးတဲ့ ပုဂ္ဂိုလ်မျှားပ့ဌားမျှားရအောင် ထည့်ထားတာပါ၊ အနုဿတိ ၁၀ ပါးကျတော့ ကသိုဏ်း ၁၀ ပါးတို့ကို မဂ်ဖိုလ်တရား၊တွေကို-အားထုတ်နိုင်အောင် ဈည့်ထား တာပါ၊ (၀၊) သဒ္ဓါတရားကြီးကို မွေးမြူခိုင်းတာပါ၊ သဒ္ဓါ တရားကြီးရှိလာမှ ဘာဝနာတရားကို ပ့ဌားမျှားလို့ရပါတယ်။

ဒီတော့ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဆိုတဲ့ ဗြဟ္မာ့ ဝိဟာရ တရားလေးပါးကတော့ အထက်ဗြဟ္မာ့ပြည်ကိုတက်နိုင် အောင်လို့ပါ၊ ဒီတော့ မေတ္တာ, ကရုဏာ, မုဒိတာ ဒီသုံးပါးက အောက်စျာန်သုံးပါးထိအောင်ရပါတယ်၊ ဥပေက္ခာတရားကြီးက စတုတ္ထစျာန်ကိုရပါ့တယ်၊ဒါက စျာန်ကရားတွေကို အလွယ်တကူ ရအောင် ထည့်ထားတာပါ၊ နောက် အရူပလေးပါးဆိုတာက ကသိုဏ်း ၉ ပါးကို ခွါပြီးတော့မှ အဲဒီ အာကာသကြီးကို(၀၊) ကောင်းကင်ပညတ်ကြီးကို "အာကာသော အနန္တော၊အာကာ သော အနန္တော" ဆိုပြီး ရှုလာတာပါ၊ အဲဒီလို ရှုပြီးတော့ အရူပဘုံကို တက်သွားတာပါ။

နောက် "အာဟာရေ ပဋိကူလသညာ ကေသညာနာမ"ဆို တာ စားဖွယ်သောက်ဖွယ်တွေရဲ့အပေါ်မှာ တဏှာစိတ် မဖြစ် အောင် ဆင်ခြင် တာပါ၊ ဒါ့ဟာ– ကုသိုလ် ရရာ ရကြောင်း အနေနဲ့ထည့်ထားတာပါ၊ နောက် စတုဓာတု ၀ဝဋ္ဌာန် ဆိုတာ ကတော့ ပစ္စည်းလေးပါးတို့ကို ဆင်ခြင်တဲ့အနေနဲ့ထည့်ထားတာ ပါ၊ ဒီ သမထ ၄၀ ထဲမှာ ကသိုဏ်း ၁၀ ပါးဟာ အချုပ်ပါဘဲ၊ ဒါကိုနားလည်ရင် ဒီတော့ ရုပ် ၉ ပါးဟာ ကသိုဏ်း ၁၀ ပါ၊ ကနေ့ပြီးတော့ ဟောကြားထားတာပါ။

ပြောပြမယ်၊ ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ ဝါယောကသိုဏ်း၊ တေဇောကသိုဏ်း၊နီလကသိုဏ်း၊ ပီတကသိုဏ်း၊လောဟိတကသိုဏ်း၊ဩဒါတကသိုဏ်း၊အာကာသကသိုဏ်း၊ အာလောကကသိုဏ်းဆိုတဲ့ ကသိုဏ်း ၁၀ ပါးမှာ ပထဝီကသိုဏ်းကိုပထဝီခေါတ်ထဲထည့်ပါ၊ အာပေါကသိုဏ်းကို–အာပေါခေါတ်ထဲထည့်၊ ဝါယောကသိုဏ်းကို–ဝါယောခေါတ်ထဲထည့်၊ တေဇောကသိုဏ်းကို–တေဇောခေါတ်ထဲထည့်၊နီလကသိုဏ်းကို–ဝဏ္ဏခေါတ်ထဲထည့် ပီတ ကသိုဏ်းကို–ဂန္ဓခေါတ်ထဲထည့်၊ လောဟိတ ကသိုဏ်းကို–ရသခေါတ်ထဲထည့်၊ ဩဒါတကသိုဏ်းကို– အာကာသခေါတ်ထဲထည့်၊ အာလောကသိုဏ်းကို ဝဏ္ဏခေါတ်ထဲဘဲထည့်လိုက်ပါ။

ဒီဘော့ ပထဝီကသိုဏ်းကို ပွားများလို့ရှိရင် နီလကသိုဏ်းဟာ အကျိုးတရားအနေနဲ့ ထွက်လာတာဘဲ၊ ဒါကိုဆရာတော်တို့ပြောပါးလုံးကို ထိုးလာမှ ဝန်ခံနိုင်လာပါတယ်၊ ဒီတော့ ပထဝီခေါတ်သေရင် ကဋ္ဌမုခမြေမကိုက်တော့ပါ၊ ကဋ္ဌမုခမြေဆိုတာဟာ ဝမ်းချုပ်ပြီး စမြင်းခံနေတဲ့ရောဂါမျိုးကို ခေါ်တယ်၊ ဒါကြောင့် ဥဒ္ဒေ့ဆရာတော်ကြီးတော့က "ပထဝီမှု လေးရက်ယူ၊ အာပေါမှာကား သုံးရက်ထား၊ ဝါယောမှာမှု နှစ်ရက်ယူ၊ တေဇောမှာကား နေ့ချင်းသွား" လို့ ရေးသားလာကြပါတယ်။

ဒီတော့ ဝိပဿနာဘက်ကနေပြီးတော့ ကျန်းမာရေးဘက်ကို လိုက်ရင် ဒီသဘာဝဘက်ကို လိုက်ရပါတယ်၊ ဒီတော့ ပထဝီကသိုဏ်းကိုရှာရင် နီလကသိုဏ်းကို အကျိုးတရားအနေနဲ့ ရပါတယ်၊ ခေါတ်အားဖြင့်ဆိုရင် ပထဝီခေါတ်နဲ့ ဝဏ္ဏခေါတ်ပါ၊ နောက် အာပေါကသိုဏ်းကျတော့ ပီတကသိုဏ်းပါ၊ သူ့ကျတော့ အာပေါခေါ်တ်နဲ့ ဂန္ဓခေါတ်ပါ၊ နောက် ဝါ့ယောကသိုဏ်း

ကျတော့ အဲဒါ လောဟိတကသိုဏ်းပါ၊ ခေတ်အားဖြင့်ဆိုရင် ဝါယောခေတ်နဲ့ ရသခေတ်ပါ၊ တေဇောကသိုဏ်းကျတော့ သြဒါတကသိုဏ်း အကျိုးထင်လာတယ်၊ ခေတ်အားဖြင့်ဆိုရင် တေဇောခေတ်နဲ့ သြဇခေတ်ပါ၊ နောက် အာကာသကသိုဏ်းက အာကာသခေတ်ထဲထည့်ပါ၊ နောက် လောဟိတကသိုဏ်းကျတော့ ဝဏ္ဏခေတ်ထဲထည့်လိုက်ရင် ခေတ် ၉ ပါးနဲ့ ကသိုဏ်း ၁၀ ပါးဟာ ထည့်လို့ရသွားပြီ။

ဒီတော့ ကသိုဏ်းဆိုတာ ဘာကိုခေါ်သလဲ၊ ကသိုဏ်းဆိုတာ နှံ့ပြီးတည်တဲ့သဘောလေးပါ၊ ဘယ်မှာနှံ့ပြီးတည်သလဲဆိုတာကို သဘာဝလေးတွေကို လိုက်ပြီးနှိုက်ရမယ် အခု စိတ္တဝိသုဒ္ဓိနဲ့ ခဲ့ရတော့မယ်၊ ဒါမှ ဒိဋ္ဌိဝိသုဒ္ဓိကို တက်နိုင်မှာ၊ ယခု အမျိုးသမီးကြီးတွေ တက်နိုင်အောင်လို့ သီလဝိသုဒ္ဓိ တက်စဉ်ကနေပြီးတော့ ဟောကြားလာတာပါ၊ တချို့ဆရာတော်ကြီးတွေက ဒိဋ္ဌိဝိသုဒ္ဓိ တက်စဉ်က စ,ပြီးတော့ ဟောကြားကြပါတယ်၊ ကိုင်း ဝိညာဏမြူထိအောင်လဲ ခဲ့ချလိုက်ရော ဒိဋ္ဌိဝိသုဒ္ဓိကြီးဟာ ထင်ရှားလာပါပြီ၊ ဒီတော့မှ ပရမတ် ရုပ်နာမ်တရားဆိုတာကို ဝန်ခံနိုင်လာတော့မယ်။

အဲဒါ ဘုရားဟော ပိဋကတ်တော်နဲ့လဲ ကိုက်ရမယ်၊ သဘာဝနဲ့ညီးနှလက်တွေ့နည်းတွေနဲ့လဲ ကိုက်ရမယ်၊ ဒီထိအောင် သေချာတဲ့နည်းပါ၊ ဒီနေ့ ကသိုဏ်း ၁၀ ပါးနဲ့ ခံ့ဝတ် ၉ ပါးတဲ့ပုံကို ပြလိုက်ပါပြီ၊ သေသေချာချာ့ စဉ်းစားဆင်ခြင်ပြီး ကြိုးစားနိုင်ကြပါစေ၊ နက်ဖြန်ကျမှ မြူတွေနဲ့ ကသိုဏ်းတွေကို ဖမ်းပြီး ခဲ့ပြပါမယ်။

ညဟောစဉ်။

တိက္ခ ဟာသ ဇဝန ဂမ္ဘီဥာဏ်လေးလိုဖြင့်ဟု ဆိုတဲ့အတိုင်း ရှေးက တရားပိုင်, ဝေတာပိုင်တဲ့ ဆရာတော်ကြီးများ မိန့်တော်မူလာခဲ့သည့်အတိုင်း ယခု ပဌမ လုပ်ငန်းစဉ်ဖြင့်ရင် သမ္ဘဟယဆန ကြီးကို သီလကြီးနဲ့ ခွဲပြခွဲပြီးပါပြီ၊ သီလတရားဟာလဲ "ကုစ္ဆိတေ ပါပဓမ္မေ(လ)ဝါ ကုသလာနိ" လို့ ပြုလာတဲ့အတိုင်း ဒီသီလဟာ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးထဲမှာပါတဲ့ သီလပါ၊ ဒီသီလဟာ တဒင်္ဂပဟာန်ပါ၊တဒင်္ဂပဟာန် ဆိုတာဟာအကုသိုလ်ဘရားတွေကို တုန်လှုပ်စေတတ်ပါတယ်၊ အဲဒါ အကုသိုလ်တရားတွေကို တဒင်္ဂပဟာန်အားဖြင့် ပယ်နိုင်ပါတယ်။

သမာဓိ ကျတော့ ဝိက္ခမ္ဘနပဟာန်ပါ၊ ပညာကျတော့မှ သမုစ္ဆေဒပဟာန်၊ ဒီတော့ ဝိက္ခမ္ဘနပဟာန်ဆိုတာက အကုသိုလ်တရားတွေကို ခွါရှဲစေနိုင်ပါတယ်၊(ဝါ) ဖျက်ဆီးစေနိုင်ပါတယ်၊ ပညာသဘော သမုစ္ဆေဒပဟာန်ကျတော့အကုသိုလ်တရားတွေကို အကြွင်းမဲ့ ဖျက်ဆီးနိုင်ပါတယ်၊ ဒီတော့ ယခု သမ္ဘဟယဆနကြီးကို သီလနဲ့ ခွဲစိတ်လိုက်တဲ့အခါမှာ အစမထင်တဲ့ ဘဝကစပြီးပါလာတဲ့ အတ္တဒိဋ္ဌိ, အဘ္ဘာနုဒိဋ္ဌိ, သက္ကာယဒိဋ္ဌိတွေဟာ ကျတ်သွားပြီ၊ ဒီတော့ အခုသမာဓိနဲ့ ထပ်ပြီးခွဲရအုံးမယ်၊ ဒီတော့ ယခုသမ္ဘဟယဆနကြီးကို မခွဲစိတ်ဘဲနဲ့ လုပ်ငန်းစဉ် အားထုတ်လို့ မရဘူးဆိုရင် ဘယ်လိုပြောမလဲ။

ဒီတော့ "ဂစ္ဆန္တောဝါ ဂစ္ဆာမိတိ ပဇာနာတိ "လို့ ပြုလာတဲ့အတိုင်း သွားတယ်·သွားတယ်လို့ ရှုမှတ်နေတဲ့ ပုဂ္ဂိုလ်မှာ သူ

ဟာဘာကို ရှုနေတာလဲလို့ မေးရင် အဲဒါ ခြေဖဝါး, ခြေထောက်ကြီးကို ရှုနေတာပါလို့ ပြောမှာဘဲမဟုတ်လား၊ ဒီတော့ သူ့မှာ ခြေဖဝါး ခြေထောက်ဆိုတဲ့ ဃနကြီးဟာ ရှိမနေဘူးလား၊အဲဒါ ဃနကြီးခဲနေပြီဘဲမဟုတ်လား၊ဒီလို ဃနကြီးရှိနေရင် နာမပညတ် သဏ္ဌာနပညတ် ၂ ပါးဟာ ရှိနေမှာဘဲမဟုတ်လား ဒီပညတ်တွေကို မှတ်နေရင်ဘဲ ဒီပညတ်တရားတွေကိုဘဲ အဲဒါ ရုပ်နာမ် တရားဆိုပြီး ယူလာတော့မယ်။

အဲဒီလို ယူလာရင်ဘဲ အဲဒါပညတ်နဲ့ ပရမတ်ဟာ မကွဲတော့ဘဲ ပညတ်ကို ပရမတ်ထင်၊ ပရမတ်ကို ပညတ်လို့ ထင်လာတော့မယ်။ ဒါကြောင့် ဒီသဘာဝတရားတွေကို တရားပိုင်, ဓာတ်ပိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေက လက်တွေ့အနေနဲ့ သင်တန်းပေးလာလို့ ယခုလို သမ္မုဟဃနကြီးကို အရင်ခွဲစိတ်ပြီးမှ ရှေ့ကို တက်ရမယ်လို့ ဟောလာတာပါ၊ ဒီတော့ ခုနက ပြောသလို ပညတ်ကို ပရမတ်ထင်၊ ပရမတ်ကို ပညတ်ထင်လာရင်ဘဲ အဲဒါ " ဘုရားစကား၊ မြတ်တရားကို၊ နားမဝင်ဘီ၊ မသိလျှင်=သူပုန်၊ မယုံလျှင်ရန်သူ၊ အတူလိုနေ၊ မင်ဖိုလ်မှေကို၊ မရလေစ့၊ လူ့အန္ဓ " လို့ ရေးသားလာကြတဲ့အတိုင်း အဲဒါ ဘုရားစကားကို နားမဝင်တော့ပါ။

အဲဒါ သဏ္ဌာနပညတ်ကိုဘဲ ပရမတ် ရုပ်နာမ်တရားလို့ ထင်နေပြီ၊ အဲဒါ ပညတ်ကို ပရမတ်ထင်, ပရမတ်ကို ပညတ်ထင်နေပြီ၊ အဲဒီလိုထင်နေရင်ဘဲ ဘုရားစကားကို နားမထောင်ရာ ရောက်နေပြီဘဲ မဟုတ်လား၊ ယခု ဒီမဟာသတိပဋ္ဌာန်တရားတော်ကြီးကို ၁၃၀၀ ပြည့်နှစ်က တရားပိုင်, ဓာတ်ပိုင်တဲ့ ဆရာတော်ကြီးတွေက ဆရာတော်ကို ပေးအပ်လိုက်တဲ့အခါမှာ ဒီသမ္မုဟဃနကြီးကို ပဋ္ဌမ

အရင်ချေရမယ် ဆိုပြီးတော့ ပေးအပ်လိုက်ပါတယ်၊ ဒီတော့ ဘုရားရှင်က ပရမတ် ရုပ်တရား နာမ်တရားကို ရောက်လာမှ ဖြစ်ပျက်အနေနဲ့ ဟောကြားတာပါ။

ဒီ သဘာဝကို မသိကြတော့ သဏ္ဌာန်-အရိပ်-နိမိတ်-လက္ခဏာတွေကိုဘဲ ဖြစ်ပျက်ဆိုပြီးတော့ ရှုနေကြပြီ၊ အဲဒါ နာမပညတ်နဲ့ သဏ္ဌာနပညတ်တွေကိုဘဲ ဖြစ်ပျက်ဆိုပြီး ရှုနေကြတာဘဲ မဟုတ်လား၊ ဒါတော့ဟာ ဖြစ်ပျက် အစစ်မဟုတ်ပါ၊ (၀၊) ဘုရားရှင် အလိုကျတဲ့ ဖြစ်ပျက်မျိုး မဟုတ်ပါ၊ ဒီတော့ ပရမတ်ရဲ့ သဘာဝလေးတွေကို တွေ့လာတာနဲ့ သူ့သဘာဝအတိုင်း ဖြစ်ဆိုတဲ့ သဘာဝလေးဟာ ပေါ်လာတော့တယ်၊ ဖြစ်သဘောလေးပေါ်လာရင်ဘဲ ပျက်သဘောမှာ ဥက္ခေါင်းကျတော့တာဘဲ၊ ဒီတော့ ဝိပဿနာတရား, ဓမ္မစကြာတရား, အနတ္တလက္ခဏသုတ်တရား, မဟာသတိပဋ္ဌာန်တရားတော်တွေကို အားထုတ်ချင်ရင် (၀၊) သိချင်ရင် ပဋ္ဌမ သမ္ဗုဟ သုနကြီးကို အရင်ချေရမယ်။

ဒါကို တရားပိုင်, ဓာတ်ပိုင်တဲ့ ဆရာတော်ကြီးတွေက " ခတ်တတ်တဲ့ကျွဲ မင်းတကယ်ရဲသလား " လို့ ပြလာကြပါတယ်၊ ဒီတော့ သမ္ဗုဟသုနကြီးကို မြှုလေးပါးနဲ့ ခွဲပြခွဲပြီဘဲ မဟုတ်လား၊ ဒီတော့ ပရမာအဏုမြှုလဲကျရော ငါးပါးသော ပဿာဒတွေနဲ့ စမ်းသပ်လို့ မရတော့ပါ၊ ဒီတော့ နာမနဲ့ သဏ္ဌာနပညတ်တွေဟာ ဇာတ်သိမ်းသွားပြီ, ဒီတော့ ဒီ မဟာသတိပဋ္ဌာန်တရားတော်ကြီးကို တကယ်အရိုးကြေကြေ အရေခန်းခန်း အားမထုတ်နိုင်သော်လဲ သွားရင်း လာရင်း စားရင်း သောက်ရင်း လုပ်ကိုင်ရင်းနဲ့ ဘဲ အားဆုတ်သွားရင်လဲ ဒီ လုပ်ငန်းကြီးဟာ ပြည့်စုံနိုင်ပါတယ်။

ဒီတော့ ဘုရားရှင်သည် ကမ္မာသမမ္မ နိဂုံးရွာကို မာဂဏ္ဍိယ ပုဏ္ဏားကြီးကို အကြောင်းပြုပြီး တခေါက်ကြွတော်မူတယ်၊ ဒီအခါမှာလဲ ဒီ မဟာသတိပဋ္ဌာန် တရားတော်ကြီးကို မဟောသေးပါ၊ နောက် ကောသမ္ဗီပြည်သူဌေးတွေက ကျောင်းဆောက်လှူဒါန်းတုံးက တခေါက်ကြွတော်မူတယ်၊ ဒီ အခါမှာလဲ မဟာသတိပဋ္ဌာန်တရားတော်ကို မဟောခဲ့သေးပါ၊ နောက် ဘုရားရှင် ဝါတော် ၂၀ မြောက်တဲ့ အခါမှာ တခေါက်ကြွပြီးတော့မှ ဒီ မဟာသတိပဋ္ဌာန်တရားတော်ကြီးကို ဟောကြားတော်မူပါတယ်၊ ဒါကြောင့် ဝါတော် ၂၀ မြောက်မှ ဟောကြားနတော်မူတဲ့ တရားတော်ကြီး ဖြစ်ပါတယ်၊ ဒီလို ဟောကြားလိုက်တဲ့အခါမှာ တမင်မှ လေးမင်အထိ ရကြပါတယ် ယခုလဲ တရားကို အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာလဲ ငါးပါးသော ပဿဒ္ဓေတွေမှာရှိနေတဲ့ သတိပဋ္ဌာန်တရားတွေကို တကယ်ပိတ်နိုင်လာရင်ဘဲ အောက်မင်းကို ရနိုင်တယ်ဆိုတာကို ဆုံးဖြတ်ပါ။

ဒါနဲ့မှ အပေါက် ငါးပေါက်ကို မပိတ်နိုင်သေးရင် နှလုံးအိမ်အပေါက်က နေပြီး အနာပါန လုပ်ငန်းစဉ်ဖြင့် ပိတ်လိုက်တာနဲ့ဘဲ တရားကိုရနိုင်ပါတယ်၊ ဒီတော့ မနေ့ကတရားကို အစရှာကြအုံးစို့ ရဲ့၊ ဒီသမ္ဗဟဃနကြီးကို မြှုပ်လေးပါးနဲ့ခွဲစိတ်လို့ ပရမာအဏုမြှုပ်လဲကျရော၊ ဒီပရမာအဏုမြှုပ်မှာကို ရူပ် ၇ ပါးဟာ ရှိနေသေးတယ်၊ ကလာပ်အနေနဲ့ကျတော့ တစည်းသာရှိတော့တယ်၊ ရူပ်အာကာသဟာ မရှိတော့ပါ၊ ဒီ ရူပ်အာကာသဟာ ဘယ်ရောက်သွားသလဲဆိုရင် ဒီ ဓာတ် ၇ ပါးထဲမှာဘဲ ပုန်းနေသေးတယ်၊ အဲဒါ ဘယ်လိုပုန်းနေသလဲဆိုရင် ပထဝီဓာတ်ကလေ ငါ ဆက်အုံးမယ်ဆိုတဲ့ ဆက်ချင်သေးတဲ့ ဗျာပါရလေးဟာ

ရှိနေသေးတယ်၊ အဲဒီလို ဓာတ် ၇ ပါးမှာ ဆက်ချင်တဲ့ သန္ဓတိ သဘောပညတ် အနေနဲ့သာ ရှိနေသေးတယ်၊ အဲဒါ ကလာပ် တစည်းထဲမို့လို့ မဆက်နိုင်သေးလို့ မဆက်သေးတာပါ။

ဆက်ချင်တဲ့ ဗျာပါရလေးကတော့ ရှိနေသေးတယ်၊ ဒါဟာ သညာဝိညာဏ်နယ်ဘက်ကနေပြီး သညာဝိညာဏ်အနေနဲ့ပြော တာပါ၊ ပညာနယ်အနေနဲ့ဆိုရင် သန္ဓတိပညတ်လေး အနေနဲ့ ရှိနေသေးတယ်၊ အဲဒါကြောင့် ပရမာအဏုမြူမှာ ရှိတဲ့ ဓာတ် ၇ ပါးမှာ အာကာသမရှိတော့ဘူး ဆိုတာဟာ သညာ ဝိညာဏ် နယ်ကပြောတာပါ၊ ပညာနယ်အနေနဲ့ပြောရရင် သူ့မှာဆက်ဆံ ချင်တဲ့ဗျာပါရတွေဟာ သန္ဓတိပညတ်အနေနဲ့ရှိနေသေးတယ်။

အဲဒီလို ရှိနေလို့ပရမာ အဏုမြူလေးကနေပြီးတော့ တော ဝေါ ရေ မြေ လူ နတ် ဗြဟ္မာတွေ ဖြစ်လာတာဘဲ့ မဟုတ် လား၊ အကာသမရှိဘူးဆိုတာဟာ သညာဝိညာဏ်အနေနဲ့(ဝါ) သညာဝိညာဏ်သဘောကသာ (ဝါ) ငါးပါးသော ပသာဒက စမ်းသပ်လို့မရတော့လို့သာ မရှိဘူးလို့ ပြောနေတာပါ၊ ပညာ သဘောအနေနဲ့ကျတော့ ဆက်ချင်သေးတဲ့ ဗျာပါရလေးရှိနေ သေးတယ်၊ ဒါဟာနာမ်သဘောလေးအနေနဲ့ ရှိနေသေးတယ်၊ ရူပ်သဘောအာကာသကြီးကတော့ မရှိတော့ပါ။

ဒီပရမာ အဏုမြူမှာရှိနေတဲ့ ရူပ် ၇ ပါးကိုဘဲ ယခုသမာဓိ နဲ့ ခွဲစိတ်ရအုံးမယ်၊ ဒါဟာ စိတ္တဝိသုဒ္ဓိတက်စဉ်မှာ ခွဲစိတ်တဲ့နည်း ပါ၊ ခွဲစိတ်ပုံကိုပြောပြမယ်၊ ပြောလိုတာက သဘာဝဥာဏ်ပေါက် ကြရဲ့လား၊ ဒီတော့ သွားရင်း လာရင်းနဲ့ဘဲ ဆင်ချင်သွားနိုင်ရင် လဲ သတိပဋ္ဌာန်ရဲ့အလုပ်ပါဘဲ၊ ဒီတော့ ငါးပါးသော ပသာဒ

တွေ့ကနေပြီး သတိပဋ္ဌာန်တရားအနေနဲ့ ဆင်ခြင်နိုင်လာရင်ဘဲ အဲဒါ သောတာပတ္တိမဂ်ကို ရနိုင်ပါတယ် ဆိုတာကို ယုံကြည်၍ သဒ္ဓါတရားကြီးတွေကို မွေးမြူတော်မူကြပါ (၀)ါ) ယုံကြည်တဲ့ သဒ္ဓါတရားတွေကို ရှာသွန်းဖြိုးနိုင်ကြပါစေဆိုတာကိုဟောကြားလိုက်ရပါတယ်။ ကိုင်း... ပရမာအဏုမြူလေကျရော ငါးပါး သော ပသာဒရုပ်တွေနဲ့ စမ်းသပ်လို့မရတော့ပါ၊ ဒါပေမဲ့ ရုပ် ဂ–ပါးဟာ ရှိနေသေးတယ်၊ အာကာသကတော့ မရှိတော့ပါ၊ အဲဒါ သညာဝိညာဏ်နယ်မှာ မပေါ်ထွက်နိုင်တဲ့ အနေနဲ့ ရှိနေသေးတယ်။

အခုပို့ဆောင်ကတ်ကထုတ်လာတဲ့ အဆီအနှစ်ကလေးဘေ့ကို ထုတ်ပြမယ်၊ အခုထုတ်ပြလိုက်ဘဲ့ သဘာဝလေးတွေကို အကြိမ်ကြိမ် အဖန်ဖန် ဝေဖန်သုံးသပ်နိုင်ရင် သဘာဝဥာဏ်ကြီးတွေ ထင်လင်းပြီး သဘာဝဥာဏ်တွေ ကျယ်နိုင်လာပါလိမ့်မယ်၊ ဒီတော့ ရုပ် ဂ ပါးဟာ ခွဲလို့မရဘူးလို့ အဘိဓမ္မာက ပြလာပါတယ်၊ ဘုရားကြောင့်လဲ ပထဝီဓာတ်ဖြစ်လာရင်ဘဲ ကျန်ဓာတ်သုံးပါးကလဲ နောက်ကနေ အစဉ်လိုက်နေတဲ့အတွက် ခွဲလို့မရဘူးလို့ ပြောတာပါ ဒါကို အဝိနိဗ္ဘောဂရုပ် လို့ပြလာတာပါ၊ ယခုအဘိဓမ္မာနည်းကိုကိုင်ပြီး မခွဲဘဲနဲ့ သုတ္တန်နည်းကိုကိုင်ပြီး ခွဲပြရပါတော့မယ်။

ဒီတော့ ဘုရားရှင်ကတချို့သုတ္တန်မှာ ဒီဓာတ် ဂ ပါးကို ခွဲပြီးတော့ ဟောကြားထားပါတယ်၊ အဲဒါ"ပထဝီ ဓါတုံ ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ" လို့ ဟောကြား ထားပါတယ်၊ ဒီတော့ ဝိပဿနာဥာဏ်တွေနဲ့ကျတော့ ဒီဓာတ် ဂ ပါးကို တပါးစီ တပါးစီ ခွဲခြားလာရမယ်၊ ဒီတော့– ဒီ သဘာဝလေးတွေကို ခွဲစိတ်ဘို့ နာမရူပ ပရိစ္ဆေဒဥာဏ်, ပစ္စယ ပရိဂ္ဂဟ

ဥာဏ်, သမ္မသနဥာဏ်, ဥဒယဗ္ဗယဥာဏ်တွေကို ထုတ်ပြလာပါတယ်၊ဒီတော့ ဒီနေ့သမာဓိနဲ့ ခွဲစိတ်ရတော့မယ်၊အဲ့ဒါ ဝိပဿနာလုပ်ငန်းစဉ်နည်းနဲ့ ခွဲရတော့မယ်၊ သီလနဲ့ခွဲစိတ်တဲ့နည်းကတော့ ခွဲစိတ်ပြီးခွဲပြီ၊ယခုသမာဓိနဲ့ ခွဲစိတ်ရတော့မယ်။

သမာဓိနဲ့ ခွဲစိတ်မဲ့ ပုဂ္ဂိုလ်ဟာ ပဌမကသိုဏ်း ၁၀ ပါးကို နားလည်ရမယ်၊ ဒီတော့ ပထဝီကသိုဏ်း, အာပေါကသိုဏ်း, ဝါယော ကသိုဏ်း, တေဇော ကသိုဏ်း, နီလကသိုဏ်း, ပီတကသိုဏ်း, လောဟိတကသိုဏ်း, သြဒါတကသိုဏ်း, အာကာသကသိုဏ်း, အာကောက ကသိုဏ်းဆိုပြီး ၁၀ ပါး ရှိတယ်၊ဒါဟာ ဓာတ် ၈ ပါးကို ခွဲစိတ်တဲ့ အနေနဲ့ ထုတ်လာတာပါ၊ ဒီတော့ သဏ္ဌာန် အရိပ် နိမိတ်လက္ခဏာ လေးတွေကို ဖြစ် ပျက် လို့ရှိလာတဲ့ ပုဂ္ဂိုလ်တွေမှာ ပညတ်ကို ပရမတ်လို့ ထင်ပြီး ယခု လာကြတဲ့အတွက်ကြောင့်ပါ၊ အဲ့ဒါ ကသိုဏ်းတွေကနေပြီးတော့ ထွက်လာတဲ့ နိမိတ်တွေကို တက္ကပရမတ်အနေနဲ့ ယူလာကြတော့တယ်၊အဲ့ဒီလိုယူမှာစိုးလို့ သတိထားရန် သတိပေးလိုက် ပါတယ်။

ကိုင်းဒီတော့ ပရမာအဏုမြူမှာရှိနေတဲ့ဓာတ် ၈ ပါးကိုယခု စိတ္တဝိသုဒ္ဓိတက်စဉ်မှာ သမာဓိနဲ့ ခွဲစိတ်ရတော့မယ်၊ ဒီတော့ ပရမာအဏုမြူမှာရှိနေတဲ့ ဓာတ် ၈ ပါးဟာ ဘာကြောင့် ပေါင်းနေရသလဲလို့မေးရင် ဘယ်လိုပြောမလဲ၊ ဒီတော့ အရင် သမ္မုဟဿနကို မြူလေးပါးနဲ့ ခွဲစိတ်တုံးက ပညတ်တရားလေးပါးသာ ထွက်လာသေးတယ်၊ အကြောင်းတရားလေးပါးဟာ ကျန်နေသေးတယ်၊ ဒီ အကြောင်းတရားလေးပါးရှိနေသေးလို့ ပေါင်းနိုင်နေသေးတာပါ၊ ယခုသမာဓိနဲ့ ခွဲစိတ်တာက ဒီ အကြောင်းတရား လေးပါးထွက်လာအောင် ခွဲစိတ်ရတာပါ။

ဒီ ဓာတ် ၈ ပါးဟာ အကြောင်းတရားလေးပါး ရှိနေသေးလို့ ပေါင်းနေသေးတာပါ၊ ဒီ အကြောင်းတရားလေးပါးမရှိရင် မပေါင်းနိုင်တော့ပါ၊ ဒါကြောင့် ဒီ အကြောင်းတရားလေးပါး ထုတ်လာအောင်လို့ ယခုလို သမာဓိနဲ့ ထပ်ပြီး ခွဲစိတ်ရတာပါ၊ ကိုင်း ခွဲစိတ်မဲ့ ပုဂ္ဂိုလ်ဟာ မြူလေးပါးကို နှားလည်ရမယ်၊ ဒီဌမြူ, သုတမြူ, မုတမြူ, ဝိညာတမြူ ဆိုပြီး မြူလေးပါး ထုတ်လာပါတယ်၊ မုတမြူ ဆိုတာက ဥတုကြောင့်ဖြစ်တဲ့ ရုပ် ၈ ပါးပါ၊ သုတမြူကျတော့ အာဟာရကြောင့်ဖြစ်ဘဲ ရုပ် ၈ ပါးပါ၊ ဒီဌမြူကျတော့ စိတ်ကြောင့်ဖြစ်တဲ့ ရုပ် ၈ ပါးပါ၊ ဝိညာတမြူကျတော့ ကံကြောင့်ဖြစ်တဲ့ ရုပ် ၈ ပါးပါ၊ ဒီလို ခွဲလာရမယ်။

ဒီတော့ ဒီ ရုပ်တွေ ပေါင်းနေတာသည်ပင် အကြောင်းတရားလေးပါးရဲ့ ဗျာပါရရှိနေသေးလို့ ဒီ ရုပ် ၈ ပါးဟာ ပေါင်းနေသေးတာပါ၊ ဒီတော့ အာကာသတွေဟာ ရှိနေပါသေးသလားလို့ ဆိုတာကို သိလာတော့မယ်၊ ဒီနေရာမှာ အာကာသသုံးမျိုးမှာ ဘယ်အနေနဲ့ ရှိနေသလဲဆိုတော့ အဲဒါ ပရိစ္ဆိန္နာကာသ အနေနဲ့ မရှိတော့ပါ၊ ကသိဏာ၊ ဃာဋိကမှာကာသ အနေနဲ့ ရှိနေသေးတယ်၊ ဒီတော့ ဒီ အာကာသလေးဟာ ကသိုဏ်းပညတ်တွေကို ခွာတဲ့အခါမှာ ရလာတဲ့ အာကာသပါ၊ (၀၊) ရှိနေတဲ့ အာကာသပါ၊ ဒီတော့ ဥတုကြောင့်ဖြစ်တဲ့ ရုပ် ၈ ပါးမှာလဲ ဒီ ကသိဏာ၊ ဃာဋိကမာကာသကိုထည့်ပြီး ယူလိုက်ပါ၊ အာဟာရကြောင့်, စိတ်ကြောင့်, ကံကြောင့်ဖြစ်တဲ့ ရုပ် ၈ ပါးမှာလဲ ဒီ အာကာသကိုထည့်ပြီး ရေတွက်ရင် ဥတုကြောင့်ဖြစ်တဲ့ ရုပ် ၉ ပါး၊ အာဟာရကြောင့်ဖြစ်တဲ့ ရုပ် ၉ ပါး၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ် ၉ ပါး၊ ကံကြောင့်ဖြစ်တဲ့ ရုပ် ၉ ပါးဆိုပြီးတော့ အကြောင်း

တရား လေးပါးကြောင့်ဖြစ်တဲ့ ရုပ်တွေကို ရေတွက်လိုက်ရင် အဲဒါ ၃၆ ဖြစ်လာတယ်၊ ဒါကို ဒီဂရီပါဝါအားလို့ခေါ်တယ်။

သမာဓိနဲ့ခွဲစိတ်တဲ့အခါမှာ ဒီဂရီပါဝါအား ဖြစ်လာတယ်၊ ဒီတော့ ဒိဋ္ဌမြဲ, သုတမြဲ, မုတမြဲ, ဝိညာတမြဲတွေနဲ့ ပရမာအဏုမြူလေးကို ခွဲစိတ်ရတော့မယ်၊ ဒီတော့ ဥတုကြောင့်ဖြစ်တဲ့ ရုပ် ၉ ခု၊ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်က ၉ ခု၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်က ၉ ခု၊ ကံကြောင့်ဖြစ်တဲ့ ရုပ်က ၉ ခု၊ ပေါင်းတော့ ၃၆ ခု ဖြစ်လာတယ်၊ ဒါကို ပရမာအဏုမြူသေးလေးတွေလို့ ခေါ်တယ်၊ ယခု စိတ္တဝိသုဒ္ဓိတက်စဉ်မှာ သမာဓိနဲ့ ခွဲစိတ်ရတော့မယ်၊ သူ့မှာ ပါဝါအားအနေနဲ့သာ ယူရတော့မှယ်၊ ကလာပ်အနေနဲ့ ယူလို့မရတော့ပါ၊ အဲဒါ ဥတုပါဝါအား ၃၆၊ အာဟာရပါဝါအား ၃၆၊ စိတ်ပါဝါအား ၃၆၊ ကံပါဝါအား ၃၆ ဆိုပြီးတော့ယူရမယ်၊ ဒါဟာ သမာဓိနဲ့ ခွဲစိတ်လို့ ထွက်လာတဲ့ သဘာဝတွေပါ၊ ဒီတော့ သီလနဲ့သမာဓိဟာ ဒီလောက်သာ ခွဲစိတ်လို့ရပါတယ်၊ ပညာနဲ့ ကျတော့မှ ဒီပါဝါအားလေးတွေကို ချေလာရတော့မယ်၊ ဒါတွေကို ချေလိုက်တော့မှ အနတ္တဓာတ်လေးတွေကို တွေ့လာတော့မယ်။

ဒီတော့မှ ဒိဋ္ဌိဝိသုဒ္ဓိတက်စဉ်ဆိုပြီးတော့ တက်သွားတော့မယ်၊ ဒါဟာ ပညာနိဒ္ဒေသ ကဏ္ဍထဲရောက်လာပြီ၊ ဒီတော့ ဥတုကြောင့်ဖြစ်လာတဲ့ ပါဝါအား ၃၆ ကို နာမရူပ ပရိစ္ဆေဒဉာဏ်ကနေပြီး သုဉ်းဆိတ်အောင် ချေလာမယ်၊ အဲဒီက နေပြီး အနတ္တဓာတ်လေးတလုံးထွက်လာမယ်၊ အာဟာရကြောင့် ဖြစ်လာတဲ့ ပါဝါအား ၃၆ ကို ပစ္စယပရိဂ္ဂဟဉာဏ်က သုဉ်းဆိတ်အောင်

ချေမယ်၊ ဒီကလဲ အနုတ္တဓာတ်လေးတလုံး ထွက်လာမယ်၊ နောက်စိတ်ကြောင့်ဖြစ်လာတဲ့ ပါဝါအား ၃၆ ကို သမ္မသန ဉာဏ်က သုဉ်းဆီတ်အောင်ချေမယ်၊ ဒီကလဲ အနုတ္တဓာတ်လေးတလုံးထွက်လာမယ်၊နောက်ကံကြောင့်ဖြစ်လာတဲ့ ပါဝါအား ၃၆ ကို ဥဒယဗ္ဗယဉာဏ်ကြီးက သုဉ်းဆီတ်အောင် ချေလာတော့မယ်၊ အဲဒီကလဲအနုတ္တဓာတ်လေးတလုံးထွက်လာမယ်။

အနုတ္တဓာတ်လေးလုံးရလာရင် ပညာမြင် ဥဒယဗ္ဗယ ဉာဏ်ကြီးထဲမှာ ဥက္ခောင်းချနိုင်လာပြီ၊ ဒီပါဝါအားတွေ သုဉ်းဆီတ်သွားရင် ဘယ်အကျိုးတရားတွေရလာမလဲဆိုတော့ ငါးပါးသော ပဿာဒရုပ်တွေမှာရှိနေတဲ့ မဟာသတိပဋ္ဌာန်တရားတော်ကြီးဟာ ပေါ်လာပြီ၊ဒီတော့မှ ရှေ့ကို အာနာပါနကြီးကိုတက်သွားတော့မယ်၊ ကိုင်း ဒီနေ့ အကျဉ်းနည်းဖြင့် ပြလိုက်ပါပြီ၊ နက်ဖြန်ကျတော့မှ အကျယ်ခဲ့ပြီး ဟောပြပါအုံးမယ်၊ ဟောပြီးကော့ ဒီပုံစံကို ဥက္ခောင်းချပါတော့မယ်။

ကိုင်း သာခုခေါ်ကြပါတော့။

သာခု–သာခု–သာခု။

ပါဆိုလဆုတ် ၉–ရက်နေ့ ဟောစဉ်။

ပုံစံနံပါတ်(၄)

ဒီတော့ ဒိဋ္ဌမြ||, သုတမြ||, မုဘမြ||, ဝိညာတမြ|| ဆိုပြီး မြ|| ခုလေးပါး ထုတ်လာပြန်တယ်၊ ဒီနေရာမှာ သဘာဝတွေနက်လာပါတယ်၊ ဒါကြောင့် သဘာဝဥာဏ်တွေကို ထုတ်လာရမယ်၊ ဒါမှ ကျားနဲ့ တွေ့ဘဲ့အခါမှာ လက်နက်ကောင်းရှိမှ နိုင်သလိုဘဲ၊ ဒီတော့ ဟာသဥာဏ်ဟာ သောတာပဏ္ဍိမဂ်ကိုရနိုင်တယ်၊ ဒီတော့ ဘဝနဥာဏ်ဖြင့် သကဒါဂါမိမဂ်ကို ရနိုင်ပါတယ်၊ တိက္ခဥာဏ်ကျကော့ အနာဂါမိမဂ်ကို ရနိုင်ပါတယ်လို့ ပြလာပါတယ်၊ ဂမ္ဘီရဥာဏ်ကျတော့ အရဟတ္တမဂ်အထိ ရနိုင်ပါတယ်။

ဟာသဥာဏ်ဖြင့်ကျတ်တန်းဝင်သော

ဥဂ္ဂသေနသူဌေးသားဝတ္ထု။

ဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းဘာဝ်ဌ ဃီတင်းသုံး စံနေတော်မူသောအခါ ဘုရားရှင်၏ ကျောင်းဒါယကာ ဗိမ္ဗိသာရမင်းကြီးကလဲ အရိယာသောတာပန်ဖြစ်၍ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ ကိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ အခါလဲ ဖြစ်ပြန်၊ တိုင်းပြည်တွင်းမှာနေကြတဲ့ လူတွေကလဲ သောတာပန်ပုဂ္ဂိုလ်တွေက များပြားနေကြပြန်လေတော့ နိုင်ငံတော် သာယာလှ၍ ငြိမ်းချမ်းစွာ နေထိုင်ကြရသတဲ့။

ဗိမ္မိုသာရဘုရင်၏ တောင်ထိပ်ပွဲသဘင်။

တနေ့သောအခါ ရာဇဂြိုဟ်ပြည်ရှင် ဗိမ္မိုသာရဘုရင်ကြီးသည် နက္ခတ်တောင်ထိပ်ပွဲသဘင်ကို ပြည်လုံးကျွတ် ဆင်ယင်ကျင်းပတော်မူတယ်၊ အဲဒီတောင်ထိပ်ပွဲသဘင်ဆိုတာ "ကြတ္တိကာ နက္ခတ်ကို ပူဇော်ပသကြတယ်လို့ ဆိုကြတယ် " ယခုပြောနေတဲ့ တောင်ထိပ်ပွဲကြီး ဆင်ယင်ကျင်းပတဲ့အခါ၌ အဆိုအကမှာ မလိုရတဲ့ နဋ္ဌအမည်ရှိတဲ့ ဇာတ်ဆရာ ကြီးသမီး မယ်ရူပကို၏ ဇာတ်အဖွဲ့ကြီးဖြင့် တခမ်းတနား ဆန်းပြားသိုက်မြိုက်စွာ ဦးခံဖြေဖျော်စေကြတယ်၊ ပွဲကြည့်ပရိသတ်များမှာ ရှင်သောင်းလေးထောင် ရှိကြသတဲ့။

သူဌေးသား ဥဂ္ဂဇေသုံ ပွဲကြည့်ရောက်လာခြင်း။

ရာဇဂြိုဟ်တမြို့လုံး အုန်းအုန်းကြွက်ကြွက်သွားကြတယ်၊ အဲဒီအထဲမှာ သူဌေးသား ဥဂ္ဂဇေသုလဲ ပါသွားပြီး မယ်ရူပ၏ ကခြင်ဆို၊ ဟန်ကို မြင်ရ ကြားရပြန်တော့ ဒဿနသံသဂ္ဂ ဒုက္ခနှင့် သဝနသံသဂ္ဂဒုက္ခဆိုတဲ့ အပိုဒုက္ခတွေနဲ့ ကိုဥဂ္ဂမှာ ဘယ်လိုလုပ်လို့မှ မရတဲ့တဏှာအစဉ်ဖြင့် တခါထဲ ဇာတ်ပွဲထဲမှာ မထင်နေခဲ့တယ်၊ အဘူပါလာတဲ့ သူငယ်ချင်းတို့က ခေါ်သော်လဲ မယ်ရူပကိုမှ မရရင် ကျုပ်သေရလိမ့်မယ်၊ မကြင်ရသော်လဲ မြင်ရရင် တော်သေးတယ်၊ အထုပ်ပိုက်ပြီး ကျုပ်ဇာတ် ကခြင်းကို လိုက်တော့မယ်လို့ ပြောသတဲ့။

ပြန်သွားကြတဲ့ မိတ်ဆွေများကလဲ ဥဂ္ဂဇေသုရဲ့ ဘခင်သူဌေးကြီးထံ သွားကြပြီးတော့ ဥဂ္ဂဇေသုရဲ့ ဖြစ်ပုံ စနစ်ကုန်အောင်

ပြောပြတဲ့အခါမှာ ဖခင်သူဌေးကြီးမှာ သားအတွက် ရတက်မအေးဖြစ်ကာ သားရှိရာ အရပ်သို့လိုက်လာပြီး သားအား မင်းချစ်တဲ့ မယ်ရှုပကိုရအောင် အဖေကိုယ်တိုင် သွားတောင်းပေးပါမယ်လို့ဆိုတဲ့ အကြိုက်နဲ့ ချောဘော့မှ ပြေးပါ၍ အားရဝမ်းသာအိမ်သို့ လိုက်လာခဲ့တယ်။

ဘခင်သူဌေးကြီးမှာ သားကိုသက်သာရာရစေလျှင် မယ်ရှုပ၏ ဘခင် နဋ္ဌဆိုဘဲ့ သဘင်သည်ကြီးထံသို့ သွားပြီး မယ်ရှုပကို ကျုပ်ရဲ့သား ဥဂ္ဂသေန သူဌေးသားနှင့် လက်ထပ် ပေးစားဘို့ အကြောင်းကို စေ့စပ်တောင်းဆိုရန်လာခဲ့ပါတယ်၊ သဘင်သည်ကြီးက သဘောတူ ကြည်ဖြူ။ ပေးစားမယ်ဆိုရင် ယခုပင် ငွေတထောင်တင်ပါမယ်လို့ ပြောကြားဘဲ့အခါ မယ်ရှုပရဲ့ ဘခင် သဘင်သည်ကြီးက ကောင်းလှပါပြီဟု ဝန်ခံကာ သဒ္ဓာကျပြီး သမီးလှ မယ်ရှုပကို ခေါ်ကာ ပြောပြတော့ အို...ဘခင်သူဌေးကြီးရဲ့ ကျမမှာ ဇာတ်ကလို့စားရတဲ့ ဇာတ်မင်းသမီးဖြစ်ပါတယ်၊ ငှါးတဲ့နေရာကို လိုက်ကနေရပါတယ်၊ နားကွက်မရပါ သမီးပြောချင်တာက မိန်းမတို့မှာ အိမ်ထောင်ပြုကြရတဲ့ အခါတွင် " ရောင်နောက် ဆံထုံးပါမြဲထုံး " လို့ ဆိုပါတယ်၊ အဲဒီလိုတော့ မဖြစ်နိုင်ပါဘူး၊ ကျမ ဇာတ်က သွားရာကို လှည့်လည်လိုက်ပါနိုင်တယ်လို့ ဆိုရင်တော့ ဖြစ်နိုင်ပါတယ်လို့ ပြောရှာသတဲ့၊ ဒီစကားကိုဥဂ္ဂသေနရဲ့ ဘခင်သူဌေးကြီး ကြားရတော့ ဘယ်နည်းနဲ့ထားရထားရ သူတို့နှစ်ယောက်ညားကြလျှင်ပြီးရောဆိုတဲ့ သဘောနဲ့ လက်ထပ်ကာ ပေးစားလိုက်ကြသတဲ့။

မယ်ရှုပသားနေချုပ်။

မယ်ရှုပသည် မကြာခင်မှာဘဲ သားယောကျ်ားကလေး ဖွားမြင်၍ မအိပ်သေးတဲ့ သားကလေးကို တေးဆိုပြီး ချော့သတဲ့၊ ချော့ပုံကား "ကလို့ရတဲ့ဥစ္စာကို စောင့်ကာထိန်းသိမ်း ကုလို့ပြီန်း၏ ငပေ ငထူ အဖေတူတဲ့သားကြီးရယ်၊အိပ်ပါတော့ကွယ် အဆိုအက ဘာမျှမတတ်၊ အမြင်ကန်းတဲ့ယောကျ်း၊ သူ့အဖေရဲ့ခြေရာကိုနင်း သားမောင်ပျင်းရယ်၊ အမေလေး အို အို - အေး ဆိုပေးပါမယ်၊ မင့်ကြေးပါနဲ့သားကြီးရယ်၊ နိုးချိုကျေးမေလေးသိပ်ပါမယ် " လို့ ဆိုပြီး ကလေးကိုသိပ်သတဲ့။

ဥဂ္ဂသေနအကသင်ခြင်း။

ဥဂ္ဂသေနသည် မယားအလှ သားချော့သံဟာ ကေန်ဂါ့ကို မခံချင်အောင် စောင်းရဲ့မဲ့ပြောင် လှောင်တဲ့သီချင်းဘဲ၊ ဂါဒီလိုနေလို့ မဖြစ်သေးဘူး၊ သူက ဆယ်ရှစ်တောင် အမြင့်ဆောင်တဲ့ ဝါးအစွန်းမှာ ဘားကျွန်းနဲ့ ကစားနိုင်သေးရင် ဂါကားယောကျ်ားဘဲ သူ့ထက်သုံးပြန်လောက်ကဲပြီး အတောင်ခြောက်ဆယ်မြင့်တဲ့ဝါးအစွန်းမှာ ဘားကျွန်းနဲ့ ကပြနိုင်အောင် သင်ယူမယ်... ဆိုပြီး နိုင်ငံကျော် သဘင်ပညာဆရာကြီးထံသို့ နည်းခံသင်ကြားသည်။

အင်း.... ဥဂ္ဂသေန သူ့ဌေးသားဟာ မယားကို မခံချင်လို့ သဘင်ပညာကို သင်လိုက်တဲ့အခါ မကြာခင် တတ်မြောက်၍ မယားထံသို့ ပြန်ခဲ့သတဲ့၊ ဥဂ္ဂသေနပြန်ရောက်ပြီး နောက်မကြာမီ ရာဇဂြိုဟ်ပြည်မှာ ဗိမ္ဗိသာရမင်းကြီးက တောင်ထိပ် နဂ္ဂတ်

ပဲ့သဘင်ကြီးကို ဆင်ယင်ကျင်းပတော်မူပြန်တယ်၊ ဒီပွဲကြီးမှာလဲ ဥဂ္ဂသေနနှင့် မယ်ရူပတို့ရဲ့ ဇာတ်အဖွဲ့ကြီးပင်ကပြစေတယ်၊ မယ်ရူပက ဆယ်ရှစ်တောင်မြင့်တဲ့ ဝါးလုံးထိပ်ဖျားမှာ ဘားအကဖြင့် ဖျော်ခြေဖြာယ် ဇာတ်လိုက်မင်းသားဥဂ္ဂသေနကတော့ အခေတာင် ခြောက်ဆယ်မြင့်တဲ့ ဝါးလုံးထိပ်ဖျားမှာ ဘားအကဖြင့်ကပြနိုင်သတဲ့။

မယ်ရူပက ကာမဂုဏ်ကြိုက်သာ သီဆိုနိုင်၍ ဥဂ္ဂသေနဟာ ပါရမီရှင်တဦးဖြစ်ပြီး သည်လိုဇာတ်မင်းသား ဖြစ်ရဘာဟာ - လွန်ခဲ့တဲ့ ရှေးဘဝက ရဟန္တာတပါးကို က ချေသည်လို့ပြက်ရယ်ပြုကာ ပြောဆိုပြစ်မှားမိတဲ့ ဝစီကံကြောင့် ဖြစ်ရတာပါဘဲတဲ့၊ ဒါပေမဲ့ ကျွတ်ချိန်တန်တော့ သီချင်းဆိုဒါကိုက ကာမဂုဏ်အာရုံဖြတ်တဲ့ သီချင်းနဲ့ ခန္ဓာငါးပါးကို အစိုးမရတဲ့ အနတ္တကို ထင်မြင်တဲ့ သီချင်းကိုသီဆို၍ ကပြတယ်။

မြတ်စွာဘုရား၏ တရားကို နာရ၍ ဥဂ္ဂသေန ကျွတ်တန်းဝင်ခြင်း။

ဝေဠုဝန်ရွှေကျောင်းတော်တွင် သီဘင်းသုံးဆောင်တော်မူသော ဘုရားရှင်သည် ကျွတ်တန်းဝင်ကြမဲ့ ဝေနေယျများကို ကြည့်ရှုဆင်ခြင်တော်မူတဲ့အခါ ဥဂ္ဂသေနသူဌေးသားမှာ ဘားကရင်းတရားရ၍ ရှစ်သောင်းလေးထောင်သော ပရိသတ်များလဲ တရားရကြလိမ့်မယ်လို့ ဆိုတာကို ရှေဥာဏ်တော်ကွန်ရက်မှာ ပေါ်ထွက်၍ မြင်တော်မူတဲ့အခါ သံဃာတော်ငါးရာ အခြံအရံနှင့် တက္ကရာဇဂြိုဟ်မြို့တွင် ဥဂ္ဂသေနနှင့် မယ်ရူပတို့ ကပြနေတဲ့ဇာတ်ရုံကြီးအနီးသို့ ကြွတော်မူပြီးလျှင် ရပ်တော်မူလျက် မိန့်တော်မူသည်မှာ -

ချင်သားမောဂ္ဂလာန် သင်သွားချေ၊ ဥဂ္ဂသေနကို နောက်တကျော့ ဘားဂျန်းဖြင့် ဝါးလုံးစွန်းမှာ ကပ်စမ်းပါအုံးလို့ စေခိုင်းစေတော်မူသတဲ့၊ ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးကလဲ ဘုရားရှင် စေခိုင်းတော်မူတဲ့အတိုင်း ကြွသွားတော်မူပြီး "အို နဋ္ဌပုတ္တ ဥဂ္ဂသေန၊ နောက်တကျော့ထပ်ပြီးဝေဟာ့ ကပ်လိုက်စမ်းပါ" လို့ မိန့်တော်မူတယ်၊ ဒီအခါမှာ ဇာတ်ပွဲသိမ်းခါနီး အလင်းသို့လဲ ရောက်နေပြီ၊ နောက်တကျော့ ကပ်ဘို့ရာ ရှင်မောဂ္ဂလာန်က စေခိုင်းပြန်တော့ ခုမဆိုင်း ကပ်ရမှာပေါ့ ဘုရားလို့ လျှောက်ထားပြီး ဝါးလုံးရဲ့အစွန်းမှာ ဘားဂျန်းနဲ့ ကပ်လိုက်ပြန်သတဲ့။

ဒီအခါမှာ မြတ်စွာဘုရား ကိုယ်တော်မြတ်က "ပဲကြည့်ပရိသတ်အားလုံး ကပဲကို မကြည့်နိုင်ကြဘဲ ငါဘုရားဘက်သို့လည့်ကာ လက်အုပ်ချီမိုးပြီး ရှိခိုးလျက် တည်စေကုန်သတည်း" လို့ အဓိဋ္ဌာန်ပြုတော်မူလိုက်တယ်ဆိုရင်ဘဲ ပဲကတဲ့ ဥဂ္ဂသေနကို တယောက်မျှ မကြည့်ကြတော့ဘဲ ဘုရားရှင်အားသာ ဖူးမျှော်လျက် ရှိနေကြတယ်၊ ဒီအခါမှာ အားရ ပါးရ ကပြနေတဲ့ ဥဂ္ဂသေန မင်းသားက ဟင်း ငါ့ကို ဘာကြောင့် မကြည့်ကြပါသလဲလို့ ခပ်လှမ်းလှမ်းကို ကြည့်လိုက်တဲ့ အခါ သံဃာတော် ငါးရာနှင့်တကွ မတ်မတ်မားမား ရပ်တော်မူနေတဲ့ မြတ်စွာဘုရားရှင်ကို ဖူးမြင်ကာတွေ့ရှိရတော့ ကနေတဲ့ ဝါးလုံးဖျားက လက်အုပ်ချီမိုးပြီး ရှိခိုးကာတရားတော်ကို နာယူရှာတယ်၊ ဘုရားရှင်ဟောကြားတော်မူတဲ့တရားတော်ကတော့ ..

"မုဠ ပုရေ မုဠ ပစ္ဆတော၊ မဇ္ဈေ မုဠ ဘဝဿ ပါရဂူ။
သဗ္ဗတ္ထ ဝိမုတ္တမာနသော၊ န ပုန ဇာတိဇရံ ဥပေဟိသိ။

အခါပွါယ်ကဘော့ ... လွန်ခဲ့ပြီးဖြစ်တဲ့ ခန္ဓာတို့၌ တွယ်တာနေတဲ့ အာလယ၊ နှစ်သက်နေတဲ့ နိကန္တိ၊သက်ဝင်နေတဲ့ အဇ္ဈောသန၊ တောင့်တတဲ့ ပတ္ထနာ၊ ထိုးကျင့်နေတဲ့ ပရိယုဋ္ဌာန၊ဖမ်းယူတတ်သော ဂါဟ၊ မှားသောအမြင်နှင့် သုံးသပ်နေတဲ့ ပရာမာသ တပ်မက်စဲ့လမ်းနေတဲ့ တဏှာကို ပယ်ခွာစွန့်လွှတ်ရမယ်လို့ - ရှင်တော်ဘုရားက ဟောကြားတော်မူတယ်။

နောက်ဖြစ်သော အနာဂတ် ခန္ဓာ၌ တွယ်တာ တပ်မက်မှုကို စွန့်လွှတ်လိုက်ပါလော့၊အလယ်ဖြစ်သော ပစ္စုပ္ပန်ခန္ဓာ၌ စွန့်လွှတ်လိုက်ပါလော့ အလုံးစုံသော ခန္ဓာငါးပါး သခ်ၢတ တရားတို့၌ ဘဝကို လွန်မြောက်အောင် ပယ်ခွါနိုင်သောသူသည် ခန္ဓာဝင္ဆံ့ တွင်းမှ လွတ်ကင်းသောစိတ်ရှိသည်ဖြစ်၍ တဖန်ပြန်၍ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်းသို့ မကပ်ရောက် နိုင်လတံ့သတည်း လို့ လဲ တရားအဆုံးသတ်လိုက်ရော ဒေသနာတော်အဆုံးမှာ ရှစ်သောင်းလေးထောင်ကုန်သော တရားတော်နာ ပရိသတ်တို့သည် သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်ကုန်ကြတယ်။

ပဲ့ကနေတဲ့ ဥဂ္ဂသေနမှာ အတောင်ခြောက်ဆယ်ရှိတဲ့ ဝါးလုံးထိပ်၌ ရပ်တည်လျက်ပင် ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ အရဟတ္တဖိုလ်ချမ်းသာကို မျက်မှောက်ပြုသောအားဖြင့် ခံစားရတယ်၊ ဒီတော့မှ ဝါးလုံးပေါ်ကဆင်းပြီး ဘုရားရှင်၏ခြေတော်ရင်းမှာ ဝပ်ဖ�eးကာ ရဟန်းအဖြစ်ကို ခွင့်တောင်းပါတယ်ဘုရားလို့ တောင်ပန်ရှာတယ်၊ ဘုရားရှင်သည် လက်ျာလက်တော်ကို ဆန့်လျက် "ဧဟိဘိက္ခု" ခေါ်တော်မူရာ ဝါခြောက်ဆယ်ရှိပြီးတဲ့ မထေရ်ကြီးကဲ့သို့ ကြည်ညိုဘွယ်ရာ ရဟန္တာဖြစ်တော်မူလေသတည်း။

ဒီဝဏ္ဏကိုထောက်ရှုပြီးလျှင် တိက္ခ ဟာသ ဇာနဂမ္ဘီရညာဏ် တွေနဲ့ပြည့်စုံလာရင် မဂ်တရား ဖိုလ်တရားကို ရနိုင်ပါတယ် ဆိုတာကို သေသေချာချာမှတ်ထားပါ။

ဒီတော့ ဒီနေ့ဟောမဲ့ပုံစံဟာ သိမ်မွေ့ပါတယ်၊ ဒီပုံစံကို ဒီကနေ့ဘဲ ဉာဏ်ခွောင်းချရပါ့တော့မယ်၊ ဒီတရားတော်ကြီးဟာ တန်ဆောင်မုန်း လပြည့်လောက်မှ အပြီးတိုင် ဉာဏ်ခွောင်းကျပါတော့မယ်၊ ဒီလို လေးလလောက် သင်တန်းယူလာရင်ဘဲ နယ်လွှဲတဲ့ ပုဂ္ဂိုလ်တွေဟာ ဘုန်းတန်ခိုးတွေ တောက်လာတော့မယ်။

ကိုင်း ပရမာအဏုမြူလဲကျလာရော ဒီမှာရှိတဲ့ ရုပ်ရှစ်ပါးကို လက်နဲ့စမ်းသပ်လို့ မရတော့ပါ၊ လက်နဲ့စမ်းသပ်လို့ မရတဲ့အတွက် သညာလေးဟာတော့ မရှိတော့ပါ၊ သညာဆိုတာဟာ "နိလာဒိဘေဒံ အာရမ္မဏံ သညာကတာ ဇာနာတိတိ သညာ" လို့ ဆိုသည့်အတိုင်း အမှတ်ပြုပြီးမှ သိတဲ့အသိဖြစ်ခြင်းကြောင့် သညာလို့ခေါ်တာပါ၊ ယခု သီလကဏ္ဍကလဲ ခွဲစိတ်လိုက်ရော အမှတ်ပြုလို့ကိုမရတော့ဘဲ (၀၊) လက်နဲ့စမ်းသပ်လို့မရတော့တဲ့အတွက် သညာလေးဟာ ဇာတ်သိမ်းသွားပြီ၊ ဒါပေမဲ့ ပရမာအဏုမြူကိုရှုနေတဲ့ ပထဝီ, တေဇော, အာပေါ, ၀ါယော တွေက မာတယ် ပူတယ်လို့ ပြောနေကြသေးတယ်။

ဒါဟာ ဘာနဲ့သိနေတာလဲ၊ ဝိညာဏ်ဖြင့်ရင် သိတာပါ၊ အဲဒါ ဝိညာဏ်သိအနေနဲ့ ရှိနေသေးတယ်၊ ဒီ ဝိညာဏ်ဟာ ဘယ်လိုအနေနဲ့သိတာလဲ ဆိုတာကို လိုက်ခွဲလိုက်ရင် အများကြီး ကျယ်ဝန်းသွားမှာစိုးလို့ အချိန်မရတော့တဲ့အတွက် မခွဲတော့ပါ၊ ဒီ ပရမာအဏုမြူကို လေးဘက်လေးတန် ဖမ်းပြီး တကယ်

သတ်နိုင်မှ သမာဓိနဲ့ခွဲလို့ရမယ်၊ သမာဓိဆိုတာဟာလဲ ခွဲစိတ်တာပါဘဲ၊ "ကုစ္ဆိတေ ပါ့ပဓမ္မေ (လ) ကုသလာ" လို့ပြလာတဲ့အတိုင်း ဖျက်ဆီးတယ်ဆိုတာလဲ ခွဲစိတ်တာဘဲမဟုတ်လား၊ ခွဲစိတ်တယ်ဆိုတာဟာ အနှစ်အသားလေးတွေကို လိုချင်လို့ပါ၊ ဒါကြောင့် အကာတွေကိုပါ ခွဲပစ်နေတာပါ၊ အခု အကာတွေကို ခွါရှဲပစ်နေပြီ၊ ဒီတော့ ဒိဋ္ဌမြ||, သုတမြ||, မုတမြ||, ဝိညာတမြ|| တွေနဲ့ ခွါလိုက်မှ အသားလေးတွေ ရလာမယ် အရင်သမ္ဘဟ ဃနကြီးတုံးကတော့ ကြမ်းထမ်းတဲ့အတွက် ထုထောင်းပြီ တော့ ခွဲလို့ရတယ်၊ အခု ပရမာအဏုမြ|| ရောက်လာတော့ မကြမ်းတော့ပါ||

ဒီတော့ သညာရှိရင် ဝိညာဏ်ရှိတယ်၊ ဝိညာဏ်ရှိရင် သညာရှိတယ် ဆိုဘဲ့အနေနဲ့ ဒီ နှစ်ခုဟာ ခွါလို့မရပါ၊ ဒီတော့ သညာကို အနတ္တပညာနဲ့ သတ်ရမယ်. ဝိညာဏ်ကို ဒုက္ခပညာနဲ့ သတ်ရမယ်၊ ဒီတော့ အကြင်တရားမှာ အနတ္တပညာကို မြင်လာရင်ဘဲ ထိုတရားမှာ ဒုက္ခလို့သိမ်းနိုင်လာပါတယ်၊ ဒါကြောင့် သမောဟအဋ္ဌကထာကြီးက အနိစ္စ ဒုက္ခလို့ ပြနေတာဟာ အဲဒါ အနတ္တကို မြင်အောင်လို့ ပြတာပါ၊ ကိုင်း ဒီတော့ အခု ပရမာအဏုမြ||လဲ ရောက်လာရော ဒီပရမာအဏုမြ||မှာ ဓာတ်ရှစ်ပါးဟာ ရှိနေသေးတယ်၊ မာတယ် ပူတယ်အနေနဲ့ ထင်ရှားအောင်မရှိသော်လဲ (ဝါ) သညာဟာ အလုံးအရင်းနဲ့မပေါ်နိုင်သော်လဲ ဝိညာဏ်ထဲမှာ ဒီသညာလေးဟာ ရှိနေ့သေးတယ်၊ (ဝါ)ကပ်နေသေးတယ်||

ဒါတွေကို ဒိဋ္ဌမြ||နဲ့ အရင်ခွါချရမယ် ဒါမှ ဝိညာတမြ||လဲ့ ရောက်ရော အကုန်လုံးကုန်သွားတော့မယ်၊ ဒီတော့ ဒိဋ္ဌမြ||နဲ့

ဘာကြောင့် အရင်ခဲ့ရသလဲ၊ မြင်ခြင်း,ကြားခြင်းဆိုတဲ့အာရုံတွေကို ဖမ်းတဲ့အခါမှာ မျက်စေ့ဟာ လွှန်ကဲတယ်လို့ ပြလာတယ်၊ အာရုံလေးတွေကို မျက်စေ့က အလွှန်အကဲဖမ်းနိုင်တယ်၊နှောက်နားက အလွှန်အကဲဖမ်းနိုင်တယ်၊ နှာခေါင်း, လျှာ,ကိုယ်တို့က လိုက်ဖမ်းရတယ်၊ ဒါကြောင့် ပဋ္ဌမ ဒီဋ္ဌမြို့နဲ့ အရင်ခဲ့တာပါ၊ နှောက်သုတမြို့, မုတမြို့, ဝိညာတမြို့တွေနဲ့ ခဲ့လာရမယ်၊ နှောက်ဆုံး ဝိညာတမြို့လဲကျရော အသားလေးတွေကို ချေနိုင်လာပြီ၊ ဒါဟာ သမာဓိနဲ့လွှာတာပါ။

ဒီတော့ ပရမာအဏုမြို့ကို သမာဓိနဲ့ လွှာရတော့မယ်၊ ဒီပရမာအဏုမြို့ကို ခဲ့မဲ့ပုဂ္ဂိုလ်ဟာ ဘာ့ဝနာသုံးပါး,နိမိတ်သုံးပါးကို နားလည်ထားရမယ်၊ ဟိုနေ့က မှတ်ချက်အနေနဲ့ ပေးထားခဲ့ပါပြီ၊ မျက်စေ့နဲ့ဖမ်းမဲ့ပုဂ္ဂိုလ်ဟာ အဲ့ဒါ ကသိုဏ်း နိမိတ်ကို အရင်ဖမ်းရပါတယ်၊ ဥပမာမြေကြီးကို တခုခုထဲ ထည့်ပြီးတော့ အဲဒါ ပထဝီ ပထဝီ လို့ ရှုမှတ်လာရမယ်၊ ဒါဟာ မျက်စေ့နဲ့ ဖမ်းနေတယ်လို့ယူပါ၊ ဒါကို ရှုပါ မှတ်ပါ လေ့လာပါမျှားတော့ရင် ပထဝီဆိုတဲ့ နိမိတ်ကြီးဟာ မျက်စေ့ထဲမှာ ရေးရေးရေးရေးနဲ့ မြင်လာပြီ၊ ဒါကို ဒိဋ္ဌမြို့လို့ခေါ်တယ်(၀၊) မျက်စေ့ထဲမှ မြင်အပ်သော မြို့လို့ခေါ်တယ်၊ ဒါကို လုပ်ကြည့်ပါ။

ဂုဏ်တော်ကိုးပါးကို ကြပ်ကြပ် ပုတီးစိပ်ပါ မျှားလာရင်ဘဲ ဘုရားပုံတော်တွေဟာ ပေါ်လာတော့တယ်၊ ဒီလိုမျက်စေ့ထဲမှာ ပေါ်လာတဲ့ ဟာကို ဒိဋ္ဌမြို့လို့ခေါ်တယ်၊ ဒါကို ပရိကမ္မဘာဝနာ ပရိကမ္မနိမိတ်လို့ လဲခေါ်တယ်၊ ဒါကို အလေ့အကျင့်လုပ်ပေးပါ၊ လုပ်ပါမျှားရင် ပေါ်လာတာဘဲ၊ ဥပမာ မီးတိုင်လေးထွန်းကြည့်

ပါ၊ ကြည့်ပါမျှားလာရင် ပဌမ မီးညွှန်လေးဟာ ပေါ်လာမယ်၊ နောက်မီးတိုင်တခုလုံး အသေးအကြီး အနေနဲ့ ပေါ်လာတာဘဲ၊ ဒါကို ဒိဋ္ဌမြူလို ခေါ်တယ် ဒါကို ဓာတ်လေးပါးထဲ ထည့်ရင် ဘယ်ထဲကိုသည့်မလဲ၊ ကလာပ်ဖွဲ့ရင် ဘယ်ကလာပ်ထဲထည့်မလဲ၊ ဒါဟာအရေးကြီးပါတယ်၊ ပေါ်တာ မပေါ်တာကတော့ အားထုတ်ရင် ရပါ့တယ်၊ဒီတော့ပေါ်လာဘဲ့ မီးဓာတ်လေးမှာ ဓာတ်လေးပါးရှိသလား၊ ဘယ်ကလာပ်ထဲ ထည့်မလဲ၊ ပြောပြမယ်၊ ဒါဟာလဲ ပထဝီဓာတ်ပြဋ္ဌာန်းတဲ့ ဓာတ်လေးပါ၊ ဒါဟာ ဓာတ်ရှစ်ပါး အနေပါင်းအစုလေးကို ယူပါ၊ ဒါကို စမ်းသပ်လို့ မရတော့ပါ၊ မျက်စေ့နဲ့ မြင်လာတာနဲ့ ပထဝီဓာတ် လွန်ကဲပြီး ပြဋ္ဌာန်းလာဘဲ့ ဓာတ်လေးပါး ဓာတ်ရှစ်ပါးပါ။

အဲဒါ ဝိညာဏ်နဲ့ဆွဲပြီး သိရတဲ့ သဘောပါ၊ သူ့မှာ ဥတု အကြောင်းပြဋ္ဌာန်းနေတယ်၊ ကျန်တဲ့ ဓာတ်သုံးပါးလဲ ပါလာတယ် ဘာကြောင့်လဲ ဝိညာဏ်ကဆွဲတဲ့ (ဝါ)ဖမ်းတဲ့ ဓာတ်လေးပါးသာ ဖြစ်ခြင်းကြောင့် ပါလာပါတယ်၊ ကလာပ်ဖွဲ့ရင် အဲဒါ ဥတုသုံးဆယ်ခြောက် ပါဝါအား၊လို့ ခေါ်တယ်၊ ဒီဥတုသုံးဆယ်ခြောက်မှာရှိတဲ့ ဒိဋ္ဌမြူလေးကို ခွဲလိုက်တဲ့အခါမှာ ရုပ်ရှစ်ပါးမှာ ဥတုပထဝီပြဋ္ဌာန်းပြီး ပေါ်လာတယ်၊ သူရဲ့အားဟာ သုံးဆယ်ခြောက်ပါဝါရှိတယ်၊ သူ့မှာလည်း ကသိဏဟုဋ္ဌာသိက မာကာသဆိုဘဲ့ နာမ်အာကာသလေး ထိပ်ဖူးအနေနဲ့ ပါလာပြီ၊ ဒါကို ဒိဋ္ဌမြူလို့ ခေါ်တယ်၊ နားလည်ရင်မေးမယ်၊ ယခု သမာဓိနဲ့ ခွဲထုတ်လိုက်တဲ့ ဥတုသုံးဆယ်ခြောက်မှာ ဘာမီးဓာတ်ရှိသလဲ၊ ဒဟမီးဓာတ်လို့ မောင်ကောင်းကြီးက ဖြေနေပြီ၊ ဆရာဝန်ဦးဝင်းဖေက ပရိပါ့စကမီးဓာတ်လို့ ပြောနေပြီ၊ ကိုင်း ဒီတော့

ဒီနှစ်ဦးမှာဘဲ ဝါဒချင်းကွဲနေပြီ၊ ဒါဟာ ဝိညာဏ်စွဲမို့ ဝါဒကွဲတာပါ၊ သဘာဝ ပညာဆိုရင် ဝါဒမကွဲပါ။

ဒီဟာကိုမြင်လာမှ " တိက္ခ–ဟာသ " ဆိုတာတွေကိုမြင်လာမယ်၊ ဒဟာမီးဓာတ်လို့ပြောတာလဲ ဟိုဥတုဇ ရုပ်တုံးကို ခွဲတုံးကသုံးလာတဲ့ မီးဓာတ်အနေနဲ့ဆိုရင် မှန်ပါတယ်၊ အဖြစ်တေဇောအနေနဲ့ ဆိုရင်လဲ ပရိပါစကမီးဓာတ်ကို ယူရင်လဲ မှန်ပါတယ်၊ ပြောလိုတာက အပျက်တေဇောထဲမှ အဖြစ်တေဇော၊ အဖြစ်တေဇောထဲမှ အပျက်တေဇောလေးတွေ ပါလာပုံကို မြင်ကာမှ တန်ဘိုးရှိမယ်၊ အဖြစ်တေဇောထဲမှာ အပျက်တေဇောပါလာပုံတွေကို ပြောချင်သော်လဲ တရားနာကြတဲ့ သူတွေမှာ မျက်စေ့နားတွေ သေးနေကြသေးတဲ့အတွက် မပြောသေးတာပါ။

ကိုင်းခွဲလိုက်တဲ့အခါမှာ ဥတုမြူသုံးဆယ်ခြောက် ပါဝါအားလေးတွေထွက်လာပြီ၊ ဒါ့ဟာမျက်စေ့မှာသာ ထင်ရှားသေးတယ်၊ ငါးပါးသော ပသာဒတွေထဲ အကုန်မရောက်သေးပါ၊ ဒီလို မျက်စေ့နဲ့ အရင်ဖမ်းပြီးတော့မှ နောက်တဖြေးဖြေးနဲ့ ငါးပါးသော ပသာဒတွေထဲရောက်လာအောင် လုပ်လာရတယ်၊ အဲဒီလို လုပ်နိုင်လာရော မိမိရဲ့လက်ဖဝါးလေးမှာကို ၀ လေးတွေ, ၇ လေးတွေဟာ ပေါ်လာပြီ၊ အဲဒါ တန်ခိုးရှင်ဖြစ်လာပြီ၊ မိမိလက်နဲ့ ကိုင်ပေးလိုက်တာနဲ့ ဆေးဖြစ်သွားပြီ။

ကိုင်း ဒီတော့ မျက်စေ့က ဒိဋ္ဌမြူကို ဖမ်းလာပြီ၊ ဘယ်ထိအောင် ဖမ်းလာသလဲဆိုရင် ဖွင့်ကြည့်လို့လဲ မြင်လာပြီ မှိတ်ကြည့်လို့လဲမြင်လာပြီ၊ ဘယ်နေရာကိုဘဲကြည့်ကြည့်ပေါ်လာ့ပြီ၊ အဲဒီလို အမြဲအစဲ့ပေါ်လာရင်ဘဲ အဲဒါ ဒိဋ္ဌမြူကနေပြီး သုတမြူ

ဖြစ်လာပြီ၊ အာဟာရအကြောင်း ပါဝါအား သုံးဆယ်ခြောက် ဖြစ်လာပြီ၊ အာပေါဓာတ်ပြဋ္ဌာန်းလာပြီ၊ ကျန်တဲ့ အကြောင်း တရားလေး အနေနဲ့ ကျတော့ အာဟာရအကြောင်း ပြဋ္ဌာန်းနေ ပြီ၊ ဒါဟာ စိတ်ဝိညာဏ်က ပေါ်လာတာပါ၊ ဒါဟာ သုံးဆယ် ခြောက် ပါဝါအားရှိပါတယ်၊ အကြောင်းတရား သုံးပါးကလဲ ဒီထဲမှာရှိနေတယ်၊ အာကာသကလဲ ကသိဏ၊ ဌာသိကမာကာသ ဆိုတဲ့ နာမ်အာကာသလေးလဲ ရှိနေတဲ့အဘုန်းက အာဟာရဒီဂရီ ပါဝါအား သုံးဆယ်ခြောက်လို့ ပြောတာပါ၊ သူ့ကျတော့ ဥဂ္ဂဟနိမိတ် ဥပစာရဘာဝနာလို့ ဆိုပြီး ပြောင်းလာပြီ၊ ဒါဟာ သုတမြ။ နားကနေ ဖမ်းကိုင်လာပြီ။

အဲဒါ ဘယ်ကိုဘဲကြည့်ကြည့် ထွက်နေပြီ၊ အဲဒါ မြဲနေပြီ၊ ကိုင်း ရှေ့ကို တခါတက်လိုက်ပါဦး၊ နှာခေါင်း, လျှာ, ကိုယ် ဒီသုံးပါးက အာရုံကို ယူဘဲ့အခါမှာ ထိတွေ့ပြီးမှ ယူလို့ရပါ တယ်၊ ဒါ့ကြောင့် ဒီသုံးပါးကို မုတမ္ပြုလို့ခေါ်ပါတယ်၊(ဥပမာ) ဟင်းလျှာကို ဆားမြီးသလို မုတမ္ပြုနဲ့ခဲ့တော့မယ်ကြံတော့ မိမိ ယူလာခဲ့တဲ့ ဥပစာရဘာဝနာ, ဥဂ္ဂဟနိမိတ်တွေဟာ ထင်ရှား လာရမယ်၊ ဘယ်ထိအောင် ထင်ရှားလာရမလဲလို့ဆိုရင် အဲဒါ ခန္ဓာကိုယ်ကြီး တခုလုံးမှာကို အကြည်ဓာတ်တွေဆိုက်ပြီးဘော့ အဲဒါ စိတ်ဝိညာဏ်က မမှတ်သော်လဲ အမြဲပေါ်နေပြီ။

ဒီလို ဥာဏ်ထဲမှာ ဓာတ်လေးပါးတွေ ပေါ်နေ့ရင်ဘဲ အဲဒါ စိတ်ဝိညာဏ်က ဖမ်းထားတဲ့ ဓာတ်လေးပါးသည်ပင် နှလုံးအိမ် ကြီးမှာ အကြောင်းတရားလေးပါးအနေနဲ့ အမြဲဝိညာဏ်ထဲမှာ ပေါ်နေပြီ၊ ဒါကို အနာဘာဝနာ ပဋ္ဌိဘာဂနိမိတ်လို့ ခေါ် တယ်၊ ဒီလိုဝိညာဏ်ထဲမှာ ဓာတ်လေးပါးတွေ ပေါ်နေ့ရင်ဘဲ

ဒီလို ဆွဲထားတဲ့ပုဂ္ဂိုလ်တွေမျှား သေခါနီးကာလမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တို့ဟာ တခုခုလာထင်တယ်၊ ကံနိမိတ်ဆိုတာက သတ်ချင်တဲ့စေတနာလေးပါ ကမ္မနိမိတ်ဆိုတာက သတ်နေတဲ့အမူအယာတွေ လာပေါ်တာပါ ဂတိနိမိတ်ဆိုတာက မိမိရောက်မဲ့ (ဝါ) ဖြစ်မဲ့ ဌာနေစသည်ဘုံ - ကောင်းမှုဆိုရင်လဲ နတ်ပြည် နတ်သား အစရှိတဲ့ ကောင်းရာဘဝတွေကို သေပြီးမြင်နေတာပါ၊ ဒီနိမိတ်တွေ သေခါနီးမှာ တခုခု လာထင်တော့မယ်၊ ဒါကို ဂတိနိမိတ်လို့ခေါ်တယ်။

ဒီ နိမိတ်တွေမှာ အဲဒီ ဂတိ တခုခု လာထင်ရင်ဘဲ ဒီဓာတ်လေးပါးလေးက မကောင်းတဲ့ဟာကို တွန်းလှန်ပစ်နိုင်တယ်၊ ဒါကြောင့် သမထကို အားထုတ်တဲ့ပုဂ္ဂိုလ်တွေဟာ ဗြုန်းကနဲ အပါယ်လေးပါးကိုမကျနိုင်သေးပါ၊ ဒီတော့ ဒီဘဝနာ ဒီနိမိတ်တွေသာ မိမိမှာရှိနေရင် ဘာကိုကြောက်စရာလိုတော့မလဲ ဒါကြောင့်ကြိုးစားကြပါ၊ ဒီအပ္ပနာဘာဝနာ ပဋ္ဌိဘာဂနိမိတ်တွေမှာ စိတ်ပြဋ္ဌာန်းလာတယ်၊ သူရဲ့ပါဝါအားဟာ သုံးဆယ်ခြောက်ရှိတယ်၊ ဒါကိုလဲ ထပ်ခွဲလိုက်ရော ဝါယောဓာတ်ပြဋ္ဌာန်းနေတယ်၊ အာကာသဆိုရင် ကသိဏ၊ ဃာသိကာမာကာသပါ၊ နောက်ဆုံး အဲဒါ ဝိညာဏမြူ။ ရောက်ပြီးတော့ ဈာန်တရားတွေရသွားပြီ။

ဝိညာဏမြူမှာလဲ ဒီဂဇီပါဝါအား သုံးဆယ်ခြောက်ရှိတယ်၊ တေဇောဓာတ်ပြဋ္ဌာန်းတယ်၊ ကံအကြောင်း ပြဋ္ဌာန်းလာတဲ့မြူပါ၊ အာကာသကလဲ ကသိဏ၊ ဃာသိကာမာကာသပါ၊ ဒီ မြူကို ရောက်လာရင် (ဥပမာ) ဒီကနေပြီး ဟိုတရွာတမြို့မှာရှိနေတဲ့ သူတယောက်ယောက်ကို အာရုံပြုလိုက်တာနဲ့ ထိုပုဂ္ဂိုလ်ကို မြင်

လာတော့တယ်၊ စကားပြောချင်ရင်လဲ သမထအရိပ်ရှိရင် ပြော လို့ရပါတယ်၊ ဒါကို ဝိညာဏတမြူလို့ ခေါ်တယ်၊ ဒုါတကယ်ထင် ရှားလာရင်ဘဲ စိတ်ဝိညာဏ်ဟာ တန်ခိုးကြီးလာပြီးတော့ ဒယ ဗီးမာတ်လေးတွေ ကွန်မြူးနေတာပါ၊ ကိုင်း ဒီတော့ ပရမာ အဏုမြူကို လေးစိတ်လေးမှာ ချလိုက်ရော ဒီတော့မှ ဥတု အကြောင်းတရား အာဟာရအကြောင်းတရား စိတ်အကြောင်း တရား၊ ကံအကြောင်းတရား လေးပါးကိုလာတွေ့ပြီ၊ အကြောင်း တရားလေးပါးတွေကို တွေ့လာပြီ၊ ဒီလို တွေ့လာမှ ဒီနေရာမှာ သမာဓိရဲ့ ခွဲစိတ်ခန်း ပြီး သွားပြီ။

ရှေ့ကို ပညာစခန်းကူပြီး တက်သွားမယ်၊ ဒီတော့ ဥတုဒီဂရီ ပါဝါအားသုံးဆယ်ခြောက်ကို သေအောင်သတ်နိုင်လာရင် နာမ ရူပပရိစ္ဆေဒဉာဏ် ပိုင်ပြီ အာဟာရဒီဂရီပါဝါ သုံးဆယ်ခြောက် ကို သတ်နိုင်ရင် ပစ္စယပရိဂ္ဂဟဉာဏ်ကို ပိုင်ပြီ၊ နောက် စိတ်ဒီဂရီ သုံးဆယ်ခြောက်ကို သတ်နိုင်ရင် သမ္မသနဉာဏ်ကို ပိုင်ပြီ၊ ကံဒီဂရီ သုံးဆယ်ခြောက်ကို သတ်နိုင်ရင် ဥဒယဗ္ဗယဉာဏ်မှာရှိဘဲ ရူပ်နာမ် ကို ပိုင်သွားပြီ၊ ဒီတော့ ယခုလို ခွဲစိတ်လိုက်ဘဲ အခါမှာ ဘာတွေ့ ကိုတွေ့လာသလဲ ဒီ မီးဓာတ်ကို တကယ်တွေ့လာရင်ဘဲ ဒီမီးဓာတ် ရဲ့အပေါ်မှာ ပျော်မွေ့လာတော့မယ်၊ ဒီတော့မှ ကျန်းမာရေး တွေ ပြည့်စုံလာတော့မယ်။

ဒါဟာ သမာဓိကို ပေါက်လာရင်ဘဲ ပြည့်စုံလာပါတယ်၊ ဒီတော့ မီးဓာတ်လေးပါးမှာ အကြောင်းတရားလေးပါးထဲ သွင်း ပြပါ၊ မှန်ရင် ဒီတရားကို ဥဒ္ဓေါင်းချမယ်၊ တရားအလုပ်ဆိုတာ ဟာ ဒီနေ့လုပ်ရင် ဒီနေ့ရတာဘဲလို့ မမှတ်ပါနဲ့၊ တာရှည်စွာ အားဆုတ်နိုင်လာမှသာလျှင် သဘာဝဉာဏ်တွေ့ ပေါ်လာပါ

တယ်၊ ခုနက ပြောခဲ့သလို သာမည အကုသိုလ် နိမိတ်ဆိုရင် ဒီသမာဓိက ပေါ်လာတဲ့ ဓာတ်လေးပါးဖြင့် တားဆီးနိုင်ပါတယ်၊ တကယ့်ဈာန်ကြီးတွေကျရင်သာ မတားဆီးနိုင်တာပါ၊ အဲဒီလို မျိုးဇာတ်တွေကလဲ တားဆီးနိုင်ပါတယ်၊ ဒီသဘာဝတွေဟာ ဒီ မြူလေးတွေပါဘဲ။

ဒီတော့ နာနာရုပ် ခြောက်ဆယ့်လေး၊ ကဝေကိုးဆယ့်ကိုးဆိုတဲ့ မှော်ပညာတွေနဲ့ ယခု တောင်တန်းသားတွေဟာ ဖွင့်နေကြတယ်၊ ဒီပညာတွေကို နိုင်လာမှ တောင်တန်းဒေသကို တက်လို့ရပါတယ်၊ မတက်နိုင်ရင် အဲဒါ ရုံးရင်းဆန်ခတ် ဖြစ်လာတော့တယ် ဒီပညာရပ်တွေကို ဆရာတော်တို့က ဒီတရားပညာတွေနဲ့ ချေလာတဲ့အတွက် ဆရာတော်ရဲ့အမိန့်ဆိုတာနဲ့ ဘယ်ကို ဘဲသွားသွား အန္တရာယ်မရှိတော့ပါ၊ (၀၊) ဘာမျှမဖြစ်တော့ပါ။

ဒီတော့ မျိုးဇာတ် ရိုးဇာတ်တွေကို ချေနိုင်လာမှ တရားကို ရပါတယ်၊ ယခု လောကကြီးမှာ ဒီ မျိုးဇာတ် ရိုးဇာတ်တွေက ယခု လူတွေကို တုပ်နှောင်ထားတာဟာ လည်ပင်းတောင် ရောက်နေပြီဘဲ မဟုတ်လား၊ ဒါတွေကြောင့် သာသနာတော်ကြီးဟာ တဖြေးဖြေးနဲ့ ဆုတ်ယုတ်လာတော့တယ်၊ ဒါကြောင့် မျိုးဇာတ် ရိုးဇာတ်တွေဟာ သာသနာ့တရားကိုပိတ်ဆို့ပြီး လောကီပညာဘက်ကို ဖေါ်လာကြတယ်၊ ဒါကြောင့် သာသနာ့တရားဟာ ဆုတ်ယုတ်လာတာပါ၊ ဒါကြောင့် နာနာရုပ်ခြောက်ဆယ့်လေး၊ ကဝေ ကိုးဆယ့်ကိုးဆိုတဲ့ ပညာရပ်တွေမှာ အင်း,ဆေး,မှော်, စမ, ဂါထာ, မန္တန်တွေဟာ ဒီနေရာကနေပြီး ထွက်လာတာပါ၊ ဒီနေရာဟာ လောကီထုံအိုးကြီး လာဖြစ်နေတယ်၊ ယခုတော့ အကျဉ်းနည်းအားဖြင့် ရုပ်တရား နာမ်တရားဘက်ကို တက်သွား

တော့မယ်၊ ဒီတော့ ဝိညာဏမြူလဲကျလာရော အဲဒါ တန်ခိုးလေးတွေ ရလာတယ်၊ ဒါတွေနဲ့ တန်ခိုးတွေ ပြလာတာနဲ့ ရဟန္တာကြီးတွေ ထင်နေတာပါ၊ ဒါတွေဟာ အများကြီး ရှိပါတယ်။

ဒါဟာ သာသနာ့တရား တက်မဲ့သူတွေအတွက် ဗဟုသုတအဖြစ် ပြောလိုက်တာပါ၊ ဝိညာဏမြူလဲ ရောက်လာရော စိတ်တန်ခိုးတွေ ထွက်ပြီး "ဒီသစ်ပင်ကြီးလှုပ်"လို့ စိတ်ကပြောလိုက်တာနဲ့ သူ့အလိုလို လှုပ်လာတော့တယ်၊ ဒီဟာ ဝိညာဏမြူရဲ့ တန်ခိုးပါ၊ ဒါဟာ လောကီပညာရပ်တွေ ဖြစ်ပြီးတော့ အဲဒါ အမြင်ဓာတ်, အကြားဓာတ်တွေ ရအောင်လုပ်ပြီးတော့ သူရဲ့ နေရေးထိုင်ရေးလေးတွေကို လုပ်တော့တယ်၊ ဒါတွေဟာ သမထပညာကနေ ထွက်လာတယ်လို့မှတ်ပါ၊ ကိုင်း နားလည်ရင် ဒီဌမြူ,ဥဘုသုံးဆယ်ခြောက်၊ သုတမြူ,အာဟာရသုံးဆယ်ခြောက်၊ မုတမြူ, စိတ် သုံးဆယ် ခြောက်၊ ဝိညာဏမြူ,ကံ သုံးဆယ့်ခြောက် တို့ဟာ ပရမာဏုမြူကို ခွဲတာပါ။

ဒီတော့ ၁၄၄ ပါဝါအား ဖြစ်လာပါတယ်၊ (၀၊) ၃၆ လေးလီ ၁၄၄ ဖြစ်လာတယ်၊ ဒါဟာ ပထဝီဓာတ်တခုမှာရှိတဲ့ ပါဝါအားပါ၊ ဒါဟာ ဘာကြောင့် ခွဲရသလဲ၊ မီးဓာတ်တွေကို တွေ့ချင်လို့ပါ၊ တွေ့ပြမယ်၊ အရင် သီလနဲ့ခွဲတဲ့ မြူတွေက အပျက်သဘောကနေပြီး တင်ခဲ့ရတာပါ။

အခု သမာဓိနဲ့ ခွဲတဲ့မြူကျတော့ အဖြစ်သဘောကနေပြီး ခွဲရတာဖြစ်ခြင်းကြောင့် ကမ္မဇမြူဖြစ်တဲ့ ဝိညာဏမြူက ပရိပါစက မီးဓာတ် အနေနဲ့ ၎င်း၊ စိတ်မြူဖြစ်တဲ့ မုတမြူက ဥသမ

မီးခတ်၊ နောက် အာဟာရဇမြူဖြစ်တဲ့ သုတမြူက သန္ဓပ္ပန မီးခတ် အနေနဲ့ ၎င်း၊ ဥတုမြူဖြစ်တဲ့ ဗီဇမြူက ဒဟမီးခတ် အနေနဲ့ ၎င်း၊ ဒီ မီးခတ်ကြောင့်ပြဋ္ဌာန်းပြီး ဒီ မီးခတ်လေးပါးက အရင်းခံပြီးတော့ ဖြစ်လာတဲ့ ခတ်လေးပါး, အကြောင်းတရား လေးပါးလေးတွေပါ၊ ဘုရားရှင်က အချို့သုတ္တန်မှာ ကံ,စိတ်, ဥ, ဟာ ကြောင်းလေးဖြာတို့ ပေါင်းရှိပြုပြား သင်္ခါရတရား တို့သည်ဆိုပြီး အကြောင်းတရားလေးပါးက ပြုပြင်လာတယ်လို့ ပြောတာပါ၊ ဒီတော့ အနက်ဆိုတာလဲ ပင်ရင်းအနက်ကို ယူရ ပါတယ်၊ ဒီတော့ ခွဲလိုက်ရင် မီးခတ်လေးပါး ထွက်လာတယ်၊ ဒီ မီးခတ်လေးပါးမှာ ပရိပါစက မီးခဲတာကို သာမည အနေနဲ့ မရှိနိုင်ပါ၊ ဒါဟာ ဥဒယဗ္ဗယဉာဏ်ကိုရောက်မှ ရှိနိုင်ပါတယ်။

ဒါကြောင့် ရုပ်နာမ်စခန်းကို ရှာတဲ့အခါမှာ ဒီမီးခတ်ကို အရင်မရှာရပါ၊ ဥသမနဲ့ သန္ဓပ္ပန မီးခတ်တွေကို အရင်မကိုင် ဘဲနဲ့ ဒဟမီးခတ်ကို အရင်ကိုင်ပြီးတော့ ဥတုအကြောင်းကိုလဲ ချေလိုက်ရော ဒီကထွက်လာတဲ့ ရုပ်တရား နာမ်တရားတွေဟာ ဒုါမှ နာမရူပပရိစ္ဆေဒဉာဏ်မှာ လာပေါ်ပါတယ်၊ ဒီတော့ ဒုဟ ဆိုတဲ့ အပျက်မီးခတ်ကိုသာမြင်ပြီး အဖြစ်မီးခတ်ကို မမြင်တဲ့ အတွက်ကြောင့် လောကဓံနဲ့ တွေ့တဲ့အခါမှာ ဝမ်းနဲပက်လက် ဖြစ်နေတာပါ၊ ဒီအပျက်မီးခတ်ထဲမှာ အဖြစ်မီးခတ်ကို မြင် လာရင်ဘဲ ဒဟမီးခတ်နဲ့ သန္ဓပ္ပနမီးခတ်ထဲမှာ ပရိပါစက မီးခတ်နဲ့ ဥသမမီးခတ်ကို မြင်လာရင်ဘဲ လောကဓံတွေနဲ့ ဘယ်လိုပင်တွေ့သော်လဲ ဝမ်းနည်းပက်လက် မဖြစ်တော့ပါ။

ဒီတော့ ဒီလိုအဖြစ်သဘောထဲမှ အပျက်သတော၊ ဟုက် သဘောထဲမှ ဖြစ်သဘောလေးတွေ ပါလာတာကို ကံလို့ခေါ်

ကာပါ၊ ဒီတော့ မှာတမ်းအနေနဲ့ ပေးလိုက်မယ်၊ အသက်ခုနစ်ဆယ်လောက်ကျရင်ဘဲ ပစ္စည်းဥစ္စာကို ပယ်ပြီးတော့ ကျန်းမာရေး, စိတ်ချမ်းသာရေး, အသက်ရှည်ရေးတွေကိုသာ ဂရုစိုက်လာပါ၊ ဒါမှ အသက်ရှည်လာမယ်။

ဘာကြောင့် အသက်ခုနစ်ဆယ်ကျော်လာရင်ဘဲ သန္တာပုနဲ့ ဒဟာမီးခဲတွေဟာ တောက်လာပြီ၊ ဒီအခါမှာ စည်းစိမ်တွေကို ကြပ်ကြပ် ခံစားလာရင်ဘဲ ဒီမီးခဲတွေ လောင်သွားတော့မယ်၊ ဒါကြောင့် ဒီမီးခဲတွေလောင်အောင် မခံစားနဲ့တော့၊ ဒီစည်းစိမ်တွေကို သန္တာပုနမီးခဲတွေနဲ့ ဒဟာမီးခဲတွေဘက်ကို ချပေးလိုက်ပါ၊ ဒါမှ အသက်ရှည်လာမယ်၊ အနာရောဂါကင်းလာမယ်၊ ဒီတော့ သေခြင်းလေးပါးထဲမှာ အာယုက္ခယ–အသက်တန်းကုန်လို့သေခြင်းဆိုတာ ရေနံဆီမထည့်နိုင်လို့ပါ၊ ဥတုကထွက်လာတာပါ၊ ကမ္မက္ခယ–ကံကုန်လို့သေတာပါ၊ ဒီ ပရိပါစကနဲ့ ဥသမ မီးခဲတွေနှစ်ပါးရှိနေရင် ဒီနှစ်ချက်နဲ့ မသေသေးပါ။

ဒီတော့ ရေနံဆီလဲ လောင်းပေးမယ်, မီးဇာလဲ ရှိမယ်ဆိုရင် ဒီ မီးခဲတွေဟာ မသေသလိုပါဘဲ၊ ဒီတော့မှ ကျန်းမာချမ်းသာစွာ နေရမယ်၊ ဒါကြောင့် ပရိပါစကမီးခဲတွေနဲ့ ဥသမမီးခဲတွေကို အသာထားပြီး သန္တာပုနမီးခဲတွေနဲ့ ဒဟာမီးခဲတွေကို ခံစားတဲ့ ဝေဒနာအထဲမှာ များများချပေးပါ၊ ဒါမှ ကျန်းမာရေး ချမ်းသာရေးနဲ့ ပြည့်စုံလာမယ်၊ အခု ဆရာတော်ပြောတာတွေကို ဝန်မခံသေးသော်လဲ ကံ,ကံ၏အကျိုးကို ရှာလာတဲ့အခါကျတော့ ဒီသဘာဝတွေကို ဝန်ခံနိုင်လာမယ်၊ ဒီတော့ ပရိပါစကမီးခဲတွေကို ကံအကြောင်း သုံးဆယ်ခြောက်ထဲထည့်ပါ။

ဒီမီးခတ်ပေါက်မှ တရားပေါက်တယ်ဆိုတာကိုမှတ်ထားပါ၊ ဒါကြောင့် လုပ်လိုက်တဲ့အခါမှာ တရားဘက်ကို ရောက်စေချင်တယ်၊ ဒါကြောင့် တရားကိုသာလျှင် ကိုးကွယ်ရာရှိတယ်လို့ ဘုရားရှင်က ဟောသွားပါတယ်၊ ဒီတော့ ပရိပါစကမီးခတ်ဟာ ဒီနေရာမှာ အကြောင်းတရားလေးပါးကို ဟောလာတယ်၊ ဓမ္မစကြာတရားတော်ကြီးကျတော့ ဒုက္ခလေးချက်ကို ဟောလာပါတယ်၊ အဲဒါ ဇာတိဒုက္ခ ပရိပါစကမီးခတ်၊ ဇရာဒုက္ခ ဥသမမီးခတ်၊ ဗျာဓိဒုက္ခ သန္တာပနမီးခတ်၊ မရဏဒုက္ခ ဒုဿမီးခတ်၊ ဆိုပြီးတော့ ဟောလာပါတယ်၊ (၀၊) ဓမ္မစကြာခုံရုံးမှာ မှတ်တမ်းတင်ထားပါတယ်၊ ကိုင်း_ယခု သမာဓိမြို့နဲ့ လဲ ခွဲလိုက်ရော ဒိဋ္ဌမြို့,သုတမြို့,မုတမြို့,ဝိညာတမြို့ဆိုပြီး မြို့လေးပါးနှင့်တကွ မီးခတ်လေးပါး ထွက်လာတယ်၊ အဲဒါ၏အကြောင်းသုံးဆယ်ခြောက်၊ စိတ်အကြောင်း သုံးဆယ်ခြောက်၊ အာဟာရအကြောင်း သုံးဆယ်ခြောက်၊ ဥတုအကြောင်း သုံးဆယ်ခြောက် ပါ၀ါအားလေးတွေ ထွက်လာမယ်၊ ဒီနေရာမှာ ရုပ်နာမ်ခွဲဘို့ဘဲ လိုတော့တယ်။

အခု သမာဓိနဲ့ခွဲတဲ့ဟာကို " ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ " လို့ ဟောလာတဲ့ သုတ္တန်ရဲ့ လုပ်ငန်းစဉ်အတိုင်း ဝင်လာပြီ၊ ယခု ဒီနေရာမှာ သမာဓိနဲ့ခွဲပုံကို ဘယ်စာအုပ်တွေကမှ မရေးကြပါ၊ ဘယ်ဆရာတွေကမှလဲ မဟောသေးပါ၊ ဒါကြောင့် နယ်ထွက်ဘဲ အခါမှာ ဒကာ ဒကာမတွေ နာကြားလိုက်တာနဲ့ အားကိုးရာ အားကိုးကြောင်းအနေနဲ့ဖြစ်လာရင် အဲဒါ ဒီတရားတော်ကြီးနဲ့ သာသနာပြုနိုင်လာပါပြီ၊ ဒါကြောင့် ဒီခွဲစိတ်ပုံ လုပ်ငန်းစဉ်ကို ခွဲလိုက်ပါပြီ၊ ဒီတော့ ဒီခွဲစိတ်ပုံကို မဟုတ်ဘူးလို့ မငြင်းနိုင်တော့

ပါ၊ ကိုင်း ခွဲလိုက်ပါပြီ ဒါကြောင့် ဒီတရားတော်ကြီးကို ဟော လိုက်တာပါ၊ တရားနာတဲ့ပုဂ္ဂိုလ်တွေဟာလဲ ပျားသကာလိုချိုပြီး ခံစားနိုင်ပါလိမ့်မယ်။

ဒါဟာ ဆရာတော် ဘောင်ပေါ်မှာ သုံးနှစ်အားထုတ်ပြီးမှ ဟောကြားတာပါ၊ ယခုခွဲစိတ်တဲ့သဘာဝကို မဟုတ်ဘူးလို့ မငြင်းနိုင်ပါ၊ ကိုင်း ဒီတော့ ဥတုအကြောင်း သုံးဆယ်ခြောက် ဒဟာ့မီးမှတ်ကို ဖမ်းရမယ်၊ ဒီ ဥတုထဲမှာ ကံအကြောင်း, စိတ် အကြောင်း, အာဟာရအကြောင်းတွေကလဲ ရှိနေသေးတယ်၊ ဒီတော့ ဥတုဟာ ဘာကြောင့် ပေါ်နေရသေးတာလဲဆိုရင် ကံ, စိတ်, အာဟာရဆိုတဲ့ သုံးချောင်းထောက် ရေသောက်မြစ်လေး ရှိနေသေးလို့ပါ၊ ဒါကို သီလ,သမာဓိနဲ့ခွဲလို့ မရတော့ပါ။

ပညာနဲ့ခွဲရတော့မယ်၊ တက်စဉ်အနေနဲ့ဆိုရင် ဒိဋ္ဌိဝိသုဒ္ဓိကို တက်ရတော့မယ်၊ဒီဟာတွေကို နာမရူပပရိစ္ဆေဒဉာဏ်ရဲ့ပညာနဲ့ ခွဲလိုက်တော့မှ ပေါ်လာတဲ့ ဟေတုအကြောင်းသဘောက ရုပ်၊ သုံးချောင်းထောက်အနေနဲ့ ရေသောက်မြစ်ချထားတဲ့ ပစ္စယ အကြောင်းသဘောက နာမ်ဆိုပြီး ရှေ့ကိုတက်သွားတော့မယ်၊ ဒါကိုမှတ်ထားပါ နက်ဖြန်ကျတော့ ရုပ်နာမ်ရှာပုံ ကိုပုံစံထုတ် ပြီး ရှာပြတော့မယ်။

ညဟောစည်။

တိက္ခ ဟာသ (လ) ထင်မြင်နိုင်သည်၏ အဖြစ်ရင်း–လို့ ပြုလာတဲ့အတိုင်း ယခုဟောလာတဲ့ မဟာသတိပဋ္ဌာန်ကြီးရဲ့ လုပ်ငန်းစဉ်ကို အားလုလ္လကြီးတော့ မေ့းလာမှ အပြီးတိုင် အောင်မြင်နိုင်ပါတယ်၊ ဝိညာဏ်မြင်အထိသာ အားထုတ်နိုင်ရင် အဲဒါ အဆီအသားတွေကို မမီသေးပါ၊ ပညာမြင်ထိအောင် လိုက်နိုင်မှ သာလျှင် အဆီအသားတွေကို တွေ့လာပါတော့မယ်၊ ဒီတော့ ပဋ္ဌမ အခွန်ကိုခွါ၊ နောက် အကာကိုရှား၊ နောက် အသားကို ချေ၊ နောက်ဆုံး အနှစ်လေးတွေကို တေရတော့မယ်။ ဒီတော့ သီလကြီးနဲ့ ဒီသမ္ဘဟကြီးကို ခွဲစိတ်လိုက်တဲ့အခါမှာ အဲဒါ ပရမာအဏုမြူ။ ထိအောင် ခွဲလိုက်ပါပြီ။

ဒီတော့ ဒါတွေကို ခွဲစိတ်လာပြီးတဲ့ပုဂ္ဂိုလ်တွေဟာ တချို့မှာ ယောကျ်း မိန်းမ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ဓာတ် ၈ ပါးသာရှိတယ်၊ ရူပ်နာမ် ၂ ပါးသာရှိတယ်၊ ခန္ဓာ၈ါးပါးသာရှိတယ်ဆိုပြီးတော့ သာ ဝန်ခံလာတော့တယ်။ ဒီ သဘာဝတွေကို ဝေဖန်ကြည့်လိုသိတဲ့အခါမှာ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိထဲသာ ချော်ကျနေကြတာကို တွေ့နေရပါတယ်၊ အဲဒါ ယောကျ်း မိန်းမ ပုဂ္ဂိုလ် သတ္တဝါမရှိလို့ ယူထားတာက ဥစ္ဆေဒဒိဋ္ဌိ၊ ဓာတ် ၄ ပါး ဓာတ် ၈ ပါး ရူပ်နာမ် ၂ ပါး ခန္ဓာ ၅ ပါးသာ ရှိတယ်လို့ ယူထားတာက သဿတဒိဋ္ဌိ ဖြစ်နေပြီ၊ ဘာ့ကြောင့်လဲဆိုတော့ ဒီလို ယူကြတဲ့ ပုဂ္ဂိုလ်တွေဟာ ပညာအနေနဲ့မယူနိုင်ဘဲ သညာဝိညာဏ် အနေနဲ့သာ ယူကြတာဖြစ်ခြင်းကြောင့် ဒီ သဿတဒိဋ္ဌိ, ဥစ္ဆေဒ ဒိဋ္ဌိတို့က မလွတ်ပါ။

ပညာရဲ့သဘာဝနဲ့ပြောနိုင်မှ (၀၊) မြင်နိုင်မှ ဒီ ဒိဋ္ဌိတွေက လုတ်မယ်၊ အဲဒါ သည်ဝိညာဏ်နဲ့သာ ပြောနေရင် ဒီ ဒိဋ္ဌိတွေ ထဲမှာသာ ဥက္ခောင်းကျနေမှာဘဲ၊ ဒီတော့ ဒီဒိဋ္ဌိ ၂ ပါးကလုတ်ပြီး အလယ်လမ်းသို့ရောက်အောင် ပညာအနေနဲ့ ပြောစမ်းပါဆိုရင် အဲဒါ မပြောနိုင်ကြတော့ပါ၊ ဒီတော့ ပိဋ္ဌကတ်က "ဓာတုဋ္ဌောနာမ သဘာဝဋ္ဌော သဘ္ဘာဝဋ္ဌောနာမ သုညတဋ္ဌော၊ သုညတဋ္ဌောနာမ နိသတ္တော နိဇီဝေါ" လို့ ပြလာတဲ့အတိုင်း ဓာတ် ၈ ပါးတို့ကို ပညာအနေနဲ့ ပြောပါဆိုရင် သုဉ်းဆိတ်တဲ့ သဘောအနေနဲ့ရှိနေတယ်၊(ဥပမာ)လဘက်ရေပုဂံလေးကို လက်နဲ့ စမ်းသပ်လိုက်ရင် မာတယ် ပူတယ်ဆိုတဲ့ သဘာဝတွေ ထွက်မလာတာသည်ပင် သုဉ်းဆိတ်နေတယ်၊ ပညာရဲ့သဘာဝသည်ပင် သုဉ်းဆိတ်တဲ့ သဘောအနေနဲ့သာ ရှိနေတယ်လို့ သမ္မာဟ အဌကထာကြီးမှာ ပြထားပါတယ်။

ယခု ဓမ္မစကြာ့ ပဋ္ဌိပတ် သာသနာပြုင်ပ်သာကြီးမှာ တရားနာယူကြတဲ့ပုဂ္ဂိုလ်တွေဟာ ကလျာဏမျက်စေ့ ပေါက်သွားပါစေရန် ယခုလို ထပ်ထပ်ပြီး ဟောကြားနေရတာပါ၊ ဒီတော့ သမ္မာဃနကြီးကို သီလဝိသုဒ္ဓိတက်စဉ်ဖြင့် ချေလိုက်လို့ ပရမာအဏုမြူလဲရောက်လာရော အဲဒါ အဝိနိဗ္ဘောဂရုပ် ၈ ပါးရှိနေသေးတယ်လို့ အဘိဓမ္မာက ပြထားပါတယ်၊ ဒီပရမာအဏုမြူပဟာ မျတ်စေ့နဲ့ မမြင်ရတော့ပါ၊ ဒီဗွစက္ခု အဘိညာဏ်ရတဲ့ ပုဂ္ဂိုလ်တွေမှသာ မြင်နိုင်ပါတော့တယ်၊ ဒီပုဂ္ဂိုလ်တွေ သိမြင်တာက ဝိညာဏ်သိသဘောပါ၊ အနှတ္တေမမြင်တာက သညာ့သိအနေနဲ့သာ ရှိနေလို့ မတွေ့မြင်တာပါ။

ဒီတော့ ယခု ပရမာအဏုမြူ သဘောလဲ ရောက်လာရော အဲဒါ စိတ်ဝိညာဏ်ဖြင့်သာ သိရတော့တယ်၊ ငါးပါးသော

ပဿဒ အကြည်ဓာတ်တွေနှင့် စမ်းသပ်လို့မရတော့ပါ၊ ဒီတော့ သညာသိဆိုတာဟာ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်တို့ဟာ ဥဏှောက်အိမ်ကနေပြီး သန္တာန်ပွန်မီးခတ်အနေဖြင့် ပိုးစုံးကြူးမျှား လက်နေသလို မီးခတ်လေးတွေ တောက်နေတာကို သညာသိလို့ ခေါ်တာပါ၊ အဘိမွှာနဲ့ကျတော့ စက္ခုဝိညာဏ်လို့ ပြောတာပါ၊ အခု ဒီသညာသိတွေနဲ့ စမ်းသပ်လို့မရတော့ပါ၊ စိတ်ဝိညာဏ်ဖြင့်သာ သိနိုင်ပါတော့တယ်၊ ဒါကြောင့် ပရမာအဏုမြူဟာ လက်နဲ့ စမ်းသပ်လို့မရတဲ့အတွက် သညာသဘောဟာ သုဉ်းဆိတ်နေပြီ၊ ဝိညာဏ်သဘောမှာသာ ရှိတော့တယ်။

အဲဒါ သိမ္မမှာကို ခတ်လေးပါးဟာ ရှိနေသေးတယ်၊ဒီခတ်လေးပါးကနေ ရုပ်တရား နာမ်တရားကို ရှာအုံးမယ်၊ ဒါကတကယ်တော်ရပါတယ် ဒီတော့ တခါ့မှာ ဒီပရမာအဏုမြူထိအောင် မခွဲတော့ဘဲ ဒီသမ္မုဟဃနကြီးနဲ့ဘဲ အဲဒါ မသိတာရှိပ်, သိတာက နာမ်၊ ခတ် ၄ ပါးက ရုပ်, သိတာက နာမ် ဆိုပြီး ပြောနေကြတာဟာ ဘယ်မှာဟုတ်မှာလဲ၊ အခု ပရမာအဏုမြူမှာကို ပရမတ်ရုပ်နာမ်ကို တွေ့အောင်ရှာရမယ်၊ ကိုင်း ဘယ်လို ရှာမလဲ။

တိက္ခ ဟာသ ဇဝန ဂမ္ဘီ ဉာဏ်လေးလိုဖြင့်လို့ ဆိုသည့်အတိုင်း အခု တရားအဆက်လေးတွေကို ဟောကြားလိုက်ပါပြီ၊ လုပ်ငန်းစဉ်အနေနဲ့ ဆိုရင် ပရမာအဏုမြူလဲကျလာရော ဒီပရမာအဏုမြူကနေပြီး ပရမတ်ရုပ်နာမ်ကိုတွေ့အောင် ဘယ်လိုရှာမလဲ၊ ဒီတော့ သညာ ဝိညာဏ်နယ်မှာက ဒီ ရုပ် ဂ ပါးကို ခွဲလို့မရဘူးလို့ ပြောတယ်၊ ဒါဟာ သညာဝိညာဏ်နယ်မှာ ခွဲလို့မရတာပါ၊ ပညာနယ်ဖြစ်တဲ့ ဝိပဿနာဘက်ကကျတော့ ဒီ ရုပ် ဂ ပါးကို

ထပ်ပြီးခဲ့ရတော့မယ်၊ အဲဒါ "ပထဝီခဘဲ့ ဇာနတော ပဿတော သက္ကာယဒဋ္ဌိ ပဇဟတိ" လို့ ဟောကြားခဲ့သည့်သုဘွန်အတိုင်း ခဲ့ရတော့မယ်။

ကိုင်း ဘာနဲ့ခဲ့မလဲ၊ ဒါကို သိက္ခာသုံးပါးထဲပါတဲ့ သမာဓိနဲ့ ခဲ့ရတော့မယ်၊ "ကုစ္ဆိတေ ပါပဓမ္မေ သလယန္တိ ကဓမ္မေန္တိ ဂိဒ္ဓံ သေန္တိ အပဂမေန္တိ" လို့ ပြလာသည့်အတိုင်း သမာဓိနဲ့ ခဲ့ဿိ တာဟာ ဖျက်ဆီးတဲ့ သဘောပါဘဲ၊ ကိုင်း ဘယ်လိုဖျက်မလဲ၊ ပထဝီခာတ်ကို တခုမီ ဆဲ့ထုတ်ရမယ်၊ သူတို့မှာ နာမ်အာကာသ တွေဟာ ရှိနေသေးတယ်၊ ဒါဟာ ကသိဏ္ဍ ဃာဋိကာမာကာသ လို့ ခေါ်တယ်၊ ဒါဟာ ကသိဏ်းကရဘဲ့ အာကာသပါ၊ ဒီတော့ ဘာဝနာ သုံးပါး, နိမိတ် သုံးပါးနဲ့ ဒီ ပထဝီခာတ်လေးကို အကြိမ်ကြိမ်ပွားများလာတော့ရင် ၅ ပါးသော ပဿာဒရူပ်တွေ့ မှာကို ပေါ်လာတော့တယ်၊ နောက်ဆုံး စိတ်ဝိညာဏ်မှာကို နိမိတ်လေးတွေဟာ ပေါ်လာတော့တယ်။

ဒီ နိမိတ်လေးတွေမှာ ခာတ် ၄ ပါးတို့ဟာ တခုစီတခုစီ ခြားဆီးနေတာကို ကသိဏ္ဍ ဃာဋိကာမာကာသလို့ ခေါ်တယ်၊ ဒါကို ခဲ့နိုင်လာရင် အဲဒါ သူရဲ့ဟိုဘက်မှာ ပညာရဲ့ကဏ္ဍဖြစ်ပြီး ရုပ်တရား နာမ်တရား တွေကို လာတွေ့တော့မယ်၊ ကိုင်း ဘယ်လို ခဲ့မလဲ၊ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာကို ဒီဌမြ||, သုတမြ||, မုတမြ||, ဝိညာတမြ|| ဆိုပြီး ၄ ပါးရှိတယ်၊ ဒုဟာ ပရမာအဏုမြ||ကို ချေတဲ့မြ||ကွေ့ပါ။ (ဓာတုစရိယဝဏ္ဏ)

နောက်ဆုံး ဝိညာတမြ||ထိအောင်လဲ ခဲ့ပြလိုက်ရော အဲဒါ မြ||တွေကဲ့ပြီး မဂ် ၄ ဆင့်ထိအောင် တချက်ထဲတက်နိုင်ပါတယ်၊ ဒီ မြ||တွေကို နှလုံးသွင်းပြီး ခဲ့ရမယ်၊ ပြောပြမယ်၊ ဒီဌမြ||ဟာ မျက်စေ့ကဖမ်းတာပါ၊ သုတမြ||ကျတော့ နားကနေပြီး ဖမ်းတာ

ပါ၊ မုတမြူကျတော့ နှာ, လျှာ, ကိုယ်တို့ကနေပြီး ဖမ်းပါတယ်၊ ဝိညာဏတမြူကျတော့ စိတ်ဝိညာဏ်က ဖမ်းတာကို ခေါ်တယ်၊ ဒီတော့ ဒီဋ္ဌမြူဆိုတာ ကသိုဏ်းကွက်ကိုကြည့်ပြီး အဲဒါ ပထဝီ ပထဝီကိုဘဲဖြစ်စေ၊ မီးကသိုဏ်းကိုဘဲဖြစ်စေ ဖမ်းနေတာမျိုးပါ၊ အဲဒီလို မျက်စေ့နဲ့ကြည့်ပြီး နောက် မျက်စေ့မှိတ်ပြီးကြည့်တဲ့ အခါမှာ မပေါ်သေးရင် မပေါ်မချင်း အကြိမ်ကြိမ်အဖန်ဖန် ပွားများလာရမယ်။

အဲဒီလို ပွားများပါလဲ မျှားလာရော မျက်စေ့အကြည်ထဲ မှာကို ပေါ်လာတော့တယ်၊ အဲဒါ မျက်စေ့မှိတ်ထားသော်လဲ ပေါ်နေပြီ၊ ဒီလိုပေါ်နေတာကို ဒိဋ္ဌမြူလို့ ခေါ်တယ်၊ ဒီ ပထဝီ ဓာတ်လေးမှာ ဓာတ် ၈ ပါးဟာ ရှိနေသေးတယ်၊ ဗုဒ္ဓါနုဿတိ ကိုဘဲဖြစ်စေ၊ တခြားကသိုဏ်းတခုခုကိုဘဲဖြစ်စေ ပွားများလာ ရင် ဒီ ဒိဋ္ဌမြူရောက်လာရင် အဲဒါ ပရိကမ္မနိမိတ် ပရိကမ္မဘာဝနာ လို့ ခေါ်တယ်၊ ဒါကို ဒိဋ္ဌမြူလို့ ခေါ်တယ်၊ ဒီနိမိတ်ကို ထပ်ပြီး ရှုပါမျှားလာတော့ ဒီနိမိတ်လေးဟာ မပျောက်တော့ဘဲ ဘယ် နေရာကိုဘဲ ကြည့်ကြည့် ဒီ နိမိတ်လေးဟာ ထင်နေပြီးတော့ မပျောက်တော့ပါ၊ ဒီလိုထင်နေရင် သုတမြူ ဖြစ်လာပြီ၊ အဲဒါ ဥပစာရဘာဝနာ, ဥဂ္ဂဟနိမိတ် ဖြစ်လာပြီ၊ အဲဒါ နားကနေပြီး ဖမ်းလာတာပါ။

ဒီတော့ မိမိရဲ့စိတ်ဝိညာဏ်ဟာ ဘယ်လိုပင်ပြေးသွားနေသော်လဲ ဒီဥဂ္ဂဟနိမိတ်ထင်လာရင် ရပ်တည်လာတော့တယ်၊ ဒီနိမိတ်ကို ကြပ်ကြပ်ရှုပါမျှားလာတော့ အဲဒါ ပဋိဘာဂနိမိတ်ထဲ ရောက် လာပြီ၊ ဒီတော့ ဥပစာရဘာဝနာဟာ အနုအရင့် ရှိပါတယ်၊ ဥပစာရဘာဝနာ အနုကျတော့ ဥဂ္ဂဟနိမိတ်ထဲမှသာထည့်ပါ၊ ဥပစာရဘာဝနာအရင့်ကျတော့ ပဋိဘာဂနိမိတ်ထဲကို ထည့်ပါ၊

ဒီတော့ အကြည်ဓာတ်တွေမှာကို နိမိတ်လေးကွေ့ဟာ မပျောက်တော့ဘဲ ထင်နေပြီ၊ ဗုဒ္ဓါနုဿတိထင်နေတဲ့ပုဂ္ဂိုလ်မှာ ကသိုဏ်းနိမိတ်ကို အားထုတ်ရင် အဲဒါကျေးဇူးပြုပါတယ်၊ ဒီတော့ ပဋ္ဌိဘာဂနိမိတ်, ဥပစာရဘာဝနာအရင့်ကိုလဲရောက်လာရော အဲဒါ မပွားသော်လဲ အစဉ်ပေါ်နေပြီ၊ ဒီတော့ ဒိဋ္ဌမြ||, သုတမြ||, မုတမြ||, ဝိညာတမြ||တွေနဲ့လဲ ခွဲချလိုက်ရော ပထဝီပြဋ္ဌာန်းတဲ့ရုပ်တွေဟာ ကဲ့သွားပြီ၊ ဒါကို ပုံစံမှာ ဥတုအကြောင်း ၃၆ လို့ ပြလာတာပါ၊ ဒီထဲမှာ အာဟာရအကြောင်း, စိတ်အကြောင်း, ကံအကြောင်းတွေဟာ ပစ္စယအကြောင်းအနေနဲ့ ပါလာပါတယ်၊ ဒါက ဒိဋ္ဌမြ||လို့ခေါ်တယ်။

သုတမြ||ကျတော့ အားဟာရအကြောင်း ၃၆ ပါ၀ါလို့ ပြလာတယ်၊ မုတမြ||ကျဘော့ စိတ်အကြောင်း ၃၆ ပါ၀ါပါ၊ ကံအကြောင်း ၃၆ ပါ၀ါကျတော့ ဝိညာတမြ||ပါ၊ ဒီလို ပုံစံမှာ ပြထားပါတယ်။

ဒီတော့ ၄ လွှာရလာပြီ၊ အဲဒါ ဥတု ပါ၀ါ ၃၆ ဒိဋ္ဌမြ||၊ အာဟာရ ပါ၀ါ ၃၆ သုတမြ||၊ စိတ် ပါ၀ါ ၃၆ မုတမြ||၊ ကံ ပါ၀ါ ၃၆ ဝိညာတမြ|| ဆိုပြီး လွှာချလိုက်ပြီ၊ ဒီတော့ ပရမာအဏုမြ||မှာရှိတဲ့ ရုပ် ၈ ပါးမှာ အကြောင်းတရား ၄ ပါးတွေ ထွက်ပြီးတော့ ဓာတ် ၈ ပါးတို့ဟာ တခုစီတခုစီ ထွက်လာတယ်၊ ဒါဟာ ဘာကိုလိုချင်လို့ ခွဲရတာလဲ၊ အကြောင်းတရား ၄ ပါးကို လိုချင်လို့ ခွဲစိတ်ရတာပါ၊ အကျိုးတရား အနေနဲ့ကျတော့ မီးခတ် ၄ ပါးကို လိုချင်လို့ပါ။

ဒီတော့ မီးခတ် ၄ ပါးဟာ ချက်တိုင်မှာ ပရိပါစကမီးခတ်၊ နှလုံးအိမ် ရင်ချိုင့်မှာ ဥသမမီးခတ်၊ ငယ်ထိပ် ဥဏှောက်မှာက သန္တပ်နမီးခတ်၊ နှာသီးဖျားနှင့် နှုတ်ခမ်းဖျားအရပ်မှာ ဒဟ

မီးခတ်တို့ဟာ ရှိနေတယ်၊ ဒီတော့ ဆွမ်းဒါန ပြုကြတဲ့ပုဂ္ဂိုလ်တွေဟာ ဒီ မီးခတ်တွေကို အခွန်ဆက်ပေးလိုက်တဲ့ အဘုန်းကြောင့် အာယု, ဝဏ္ဏ, သုခ, ဗလ, ပဋိဘာနဆိုတဲ့ အကျိုးဇရားတွေ ရလာတာပါ၊ ဒါကို အကျယ်ခွဲပြီး ဟောကြားလိုသော်လဲ အချိန်မရသည့်အတွက်ကြောင့် ဤမျှသာ နာယူပါတော့၊ ကိုင်းပရမာအဏုမြူကို ဒီဌမြူ, သုတမြူ, မုတမြူ, ဝိညာတမြူတို့နဲ့လဲ ခွဲလိုက်ရော ခတ် ၄ ပါးတို့ဟာ ကွဲပြီး အဲဒါ ဥတု ပါဝါ ၃၆၊ အာဟာရ ပါဝါ ၃၆၊ စိတ် ပါဝါ ၃၆၊ ကံ ပါဝါ ၃၆ ဆိုပြီး ထွက်လာပြီ။

ဒီလို ခွဲတာဟာ မီးခတ်တွေကို မြင်စေလိုရှု ခွဲလာတာပါ၊ ဒီတော့ ကံ ပါဝါ ၃၆ မှာ ပရိပါစကမီးခတ်၊ စိတ် ပါဝါ ၃၆ မှာ ဥသမမီးခတ်၊ အာဟာရ ပါဝါ ၃၆ မှာ သန္ဓေပွန်းမီးခတ်၊ ဥတု ပါဝါ ၃၆ မှာ ဒဟမီးခတ်တွေ ရှိနေတယ်၊ ဒါကိုရှေ့ကျတော့ ရူပ်တရား, နာမ်တရားတွေကို ခွဲပြလာပါတော့မယ်၊ ဒါကြောင့် ဒီ မီးခတ် ၄ ပါး၊ အကြောင်းတရား ၄ ပါး၊ ခတ် ၈ ပါးတို့ ပေါင်းနေတာကိုလဲ လှာလိုက်ရော အဲဒါ မီးခတ် ၄ ပါး, အကြောင်းတရား ၄ ပါးတို့ဟာ ထွက်လာပြီ ကိုင်း... နက်ဖြန်ကျတော့မှ ဥတုအကြောင်း ပါဝါ ၃၆ ကို တခုစီ တခုစီ ထုတ်ပြီးသတ်ရတော့မယ်၊ ဒါဟာ ပညာရဲ့စခမ်းပညာရဲ့အလုပ်ပါ အခု သမာဓိခွဲခမ်း ပြီးသွားပြီ၊ နက်ဖြန် ဒီဌဝိသုဒ္ဓိတက်စဉ်ကို တက်ပြီး ပညာဖြင့် ရူပ်နာမ်စစ်ကိုတွေ့အောင် ရှာရတော့မယ်၊ ဒီ ပရမတ်ရူပ်နာမ်အစစ်ကိုတွေ့ရင် ကလျာဏမျက်စေ့ပေါက်ပြီး အကျိုးတရားတွေ့မျှားလာတော့မယ်။

ကိုင်း . သာဓုခေါ်ကြပါတော့။

သာဓု—သာဓု—သာဓု။

ပုံစံနံပါတ် (၅)



ဟေတုနှင့် ပစ္စယအရေကြာင်း			
ဥတု ၃၆	အာဟာရ ၃၆	စိတ် ၃၆	ကံ ၃၆

ဝါဆိုလဆုတ် ၁၀–ရက်နေ့ ဟောစဉ်၊

ပုံစံနံပါတ်(၅)

ဒီနေ့ ပုံစံနံပါတ် (၅) ကို ဟောကြားရတော့မယ်၊ ဒီပုံစံနံပါတ် (၅) ဟာ ရုပ်တရား နာမ်တရားကို သဘာဝဥာဏ်နဲ့ ရှာတဲ့ပုံစံပါ၊ ဒီတရားတော်ဟာ ရခိုင်ပြည်ကထွက်လာတဲ့ ရှေ့ဟောင်းတရားခေတ်ကြီးတွေက နေပြီးတော့ ယူလာခဲ့တဲ့တရားတော်ကြီးပါ ဒီတရားတော်ကြီးကို ပဲခူးမြို့မှာ လုပ်ငန်းစဉ်အနေဖြင့် ဟောကြားပြသလာခဲ့ပါတယ်၊ အဲဒီကနေပြီး နောက်ပိုင်းမှာ မဟောကြားဘဲနေခဲ့ဘာဟာ ယခု မန္တလေးမြို့ ဓမ္မစကြာပဋ္ဌိပတ် သာသနာပြုရိပ်သာကြီးမှာလာပြီး ဟောကြားနေရပါပြီ၊ ဒီတော့ ဒီပုံစံခဲ့ ဟိုဘက်မှာ ခဲ့စိတ်တဲ့ နည်းအနေနဲ့တော့ မတွေ့သေးပါ၊ နောက်မျှ တော့ တွေ့အုံးမလားဆိုတာ မပြောတတ်သေးပါ။

ဒီတော့ ရှေ့ပိုင်းက ဟောပြပြီးခဲ့တဲ့ ပုံစံနံပါတ် (၄) အထိ သဘောပိုင်ပြီလား၊ သဘောပိုင်လာရင် ဟောနိုင် ပြောနိုင်လာရမယ်၊ ဒါကြောင့် ဤဓမ္မစကြာ ပဋ္ဌိပတ် သာသနာပြုရိပ်သာကြီးမှာ ဝါဆိုတော်မူကြသော သံဃာတော်အရှင်မြတ်များနဲ့ သီလရှင် ယောဂီတွေဟာလဲ သဘာဝဥာဏ်ကနေ့ပိုင်လာအောင် နာယူလာနိုင်မှ ဒီတရားတော်ကြီးကိုရမယ်၊ ဒါမှ အကျိုးတရားတွေဟာ များလာတော့မယ်၊ ဒါကြောင့် သဘာ့ဝပိုင်အောင် ကြိုးစားကြပါဆိုတာကိုလဲ သတိပေးလိုက်ပါဘယ်၊ဒီနာမရူပပရိစ္ဆေဒဥာဏ်ရဲ့ လုပ်ငန်းစဉ်ကြီးပြီးလို့ ပစ္စယပရိဂ္ဂဟဥာဏ်ရဲ့ လုပ်ငန်း

စဉ်ကို တက်ရင် ကခ်ါဝိတရဏဝိသုဒ္ဓိတက်စဉ်ကို ရောက်သွားပြီ၊ ဒီတက်စဉ်လဲ ရောက်သွားရော ယုံမှားခြင်းကင်းတဲ့ ဘုရား တရား သံဃာတို့ကို ထုတ်ပြလာတော့မယ်။

အဲဒီနေရာ ရောက်လာတာနဲ့ ဘုရားဌာယုံမှားခြင်း၊ တရားဌာ ယုံမှားခြင်း၊ သံဃာဌာယုံမှားခြင်း၊ အကျင့်သိက္ခာဌာယုံမှားခြင်း၊ သံသရာရှေ့အစွန်းဌာယုံမှားခြင်း၊ သံသရာနောက်အစွန်းဌာယုံမှား ခြင်း၊ သံသရာရှေ့နောက် ၂ ပါးအစွန်းဌာယုံမှားခြင်း၊ သစ္စာ လေးပါး တရားတော်ဌာ ယုံမှားခြင်းဆိုပြီး ပရမတ်ယုံမှားခြင်း ၇ ပါးကို ထုတ်ပြလာတော့တယ်။ ဒီတော့မှ ဘုရားအစစ်ဟာ ဘယ်ဟာလဲလို့ မေးရင် ကြေးဆင်းထုတော်တွေ, ကျောက်ဆင်း ထုတော်တွေကို ဘုရားလို့ပြောမလား၊ ဘယ်ဟာကို ဘုရားလို့ ပြောမလဲ၊ ဂုဏ်တော် ၉ ပါးကိုဘဲ ဘုရားလို့ ပြောမလား၊ သဗ္ဗညုတ ဉာဏ်ဂုဏ်တော်ကိုဘဲဘုရားလို့ပြောမလား၊ ဘယ်ဟာ ကို ဘုရားလို့ပြောမလဲ၊ ဒီနေရာမှာ ဘယ်လောက်သိမ်မွေ့လာ ပြီလဲ၊ အဲဒါ သညာဝိညာဏ်ကင်းတဲ့ ဘုရားကို (၀ါ) ပညာမြင် ဖြစ်တဲ့ ဘုရားကို (၀ါ)ကလျာဏပုဂ္ဂိုလ်တွေ, အရိယာပုဂ္ဂိုလ်တွေ သိမြင်တဲ့ ဘုရားကို တွေ့အောင်ရှာရတော့မယ်။

ကိုင်း ... ဒီနေ့ ဒီပုံစံမှာ စဉ်းစားဘို့က ရူပ်တရားနာမ်တရားကို တွေ့အောင် ဘယ်လိုရှာမလဲ၊ ဒါကိုသာ စဉ်းစားပါတော့၊နောက် ကဏ္ဍတွေ့တုံးက ဃနကြီးကို ချေခဲ့ပြီ၊ ဒီတော့ အနတ္တတရားကို မမြင်တာဟာ ဃနကြီးခံနေတာပါဆိုပြီး ပြလာတယ်၊ ဒါကြောင့် ဒီဃနကြီးကို သီလ, သမာဓိတို့နဲ့ ချေချလာခဲ့ပြီ၊ ယခု ပညာမြင် ရူပ်တရား နာမ်တရားကို ရှာရတော့မယ်၊ ဒီတော့ ရူပ်တရားနာမ်

တရားဆိုတာ ဘယ်ဟာလဲ၊ ဒီတော့ ပရမတ်ရုပ်တရားနာမ်တရား လေးဟာ သည္ဘာဝညာဏ်လွတ်ပြီး တည်းတည်းလေးအနေနဲ့ ရှိနေတဲ့ ပရမတ်ရုပ်နာမ်လေးပါ ဒီလိုကို ပေါ်ထွက်လာရမယ်၊ ကိုယ်း ပရမတ် ရုပ်တရားနာမ်တရားဟာ ဘယ်ဟာလ ဆိုတာကို သာ စဉ်းစားပါတော့။

ဒီတော့ ယခု ရုပ်ဃနကြီးလဲ ကျေသွားပြီ၊ နာမ်ဃနကြီးလဲ ကျေသွားပြီ ဒီတော့ ရုပ်တရားနာမ်တရားလေးဟာ ဘယ်အနေ နဲ့ ရှိတော့သလဲ ဆိုတာကို "ဘာဝိတာ–ပွားများလာရမယ်" "ဗဟုလီကတာ-ကြိမ်ဖန်များစွာ ပွားများရမယ်၊" လို့ ဟော ကြားလာပါတယ်၊ ဒါကို ရှေးဆရာတော်ကြီးများက မီးပွတ် ယောက်ျားနဲ့ ဥပမာပြုလာပါတယ်၊ ဒီတော့ မီးပွတ်ယောက်ျား ဟာ ဝါးခြမ်းတခြမ်းနဲ့ တခြမ်းကို အကြောခြင်း ပွတ်လိုက်တဲ့ အခါမှာ ပွတ်ပါများလာမှ မီးစဲ့လာသလို ယခုလဲ ဒီတရားကိုမှ ငါ့မရရင် မနေဘူးဆိုပြီး အရိုးကြေကြေ အရေခန်းခန်း တက္ကဲ့ကို ကြိုးပမ်းသော အားလုလ္လတော့ဖြင့် ပွားများလာရမယ်။

ဒီတော့ ဒီရုပ်ဃနကြီးကိုလဲ ချေလိုက်လို့ ကျေသွားတဲ့အခါမှာ နာမ်ဃနကြီးဟာလဲ ကျေသွားပြီ၊ ဒီတော့ ပရမတ်ရုပ်တရား နာမ်တရားဟာ ဘယ်အနေနဲ့သာ ရှိတော့သလဲဆိုရင် ဘယ်လို ပြောမလဲ၊ ဒါကိုပြောနိုင်ရင် ဒီပုဂ္ဂိုလ်ဟာ မြို့ကဲ့သွားပြီ၊ ဒီတော့ ပရိပါစကမီးခတ်လေးရဲ့ သဘာဝကိုသာ တွေးကြံပေတော့၊ တွေးကြံစရာတွေ အများကြီးရှိနေသေးတယ်၊ အဲဒါ ကိုယ်ပိုင် ညာဏ်ကို ညွှန်ထုတ်လာမှ တန်ဘိုးရှိမယ်၊ အဲဒါ သူများညာဏ်ကို ဟီးလေးခိုပြီးလိုက်နေရင် ဘယ်မှာတန်ဘိုးရှိတော့မှာလဲ၊ အဲ့ဒါ

အလုပ်တရားထဲကိုသာ ရောက်သွားတော့မယ်၊ ဒါကြောင့် ကိုယ်ပိုင်ဉာဏ်တွေနဲ့သာ တွေးကြပါ၊ ကြံကြပါ၊ ဒီလိုသဘာဝဉာဏ်လေးတွေကို ဖေါ်ထုတ်ချင်လို့ပါ၊ ဆရာတော် ဖြေလိုက်ရင် တရားနာတဲ့ပုဂ္ဂိုလ်တွေရဲ့ နှလုံးအိမ်ထဲ ဝင်မှာမဟုတ်သေးလို့ အဖြေမခံပေးသေးတာပါ။

ဒါကို အဌကထာဆရာကြီးတွေက ပြလာတဲ့သဘာဝကို ဆရာတော်ဖြေပြပါမယ်၊မှတ်ချက်ယူဘို့က သမ္ဘဟဿနကြီးကိုသိလရော သမာဓိနဲ့ပါ ခွဲစိတ်လိုက်တော့ ဓာတ်ကြီးလေးပါး၊ မီးခဲတ်လေးပါ၊ အကြောင်းတရားလေးပါ၊ ပညတ်လေးပါးတို့ဟာ မပေါင်းစုနိုင်တော့ဘဲ တခုစီ တခုစီကွဲပြီး ဖြစ်နေကြပြီ။ ဒီတော့ ဥတုအကြောင်း ၃၆၊အာဟာရအကြောင်း ၃၆.စိတ်အကြောင်း ၃၆၊ ကံအကြောင်း ၃၆ ပါဝါအားတွေကို သဘောပေါက်လာမှ ရုပ်တရားနာမ်တရားကို ရှာလို့ရမယ်။ ဒီတော့ ဥတုအကြောင်း ၃၆ လို့ပြထားတာဟာ ဘာကိုရည်ရွယ်ပြီး ပြထားသလဲဆိုရင် ဥတုအကြောင်းရဲ့ပါဝါအားလေးကိုပြထားတာပါ။

ဒီတော့ ဓာတ် ၈ ပါးကို ခွဲစိတ်လိုက်တဲ့အခါမှာ မီးခဲတ်လေးပါး ပါလာတာကိုလာတွေ့မယ်၊ ဒီတော့ ရုပ်တရားနာမ်တရားဘေးကို ရှာတော့မယ်ဆိုတော့ ပရမာအဏုမြူမှာရှိနေတဲ့ ပထဝီဓာတ်တလုံးမှာ မီဓာတ်အား ဘယ်လောက်ရှိသလဲဆိုရင် အဲဒါ မီးခဲတ်အားကိုမြင်ရမယ်၊ အားထုတ်တာ်ရမယ် နောက်ဓာတ် ၈ ပါးမှာလဲ ဘယ်လောက်ရှိသလဲဆိုတဲ့အထိ အားထုတ်တာ်လာရတော့မယ် ဒီနေ့ပြမဲ့ပုံစံမှာ ဝိညာဏတမြူကိုရောက်နေတဲ့ ပထဝီလေးတလုံးမှာကို သူရဲ့ပါဝါအားဟာ ၁၄၄ ရှိနေ

သေးတယ်၊ အာပေါခတ်မှာလဲ ပါဝါအား ၁၄၄ ရှိနေသေး တယ် ဝါယောခတ်မှာလဲ ၁၄၄ ရှိနေသေးတယ်၊ တေဇော ခတ်မှာလဲ ပါဝါအား ၁၄၄ ရှိနေသေးတယ်။

ဒီအတိုင်းဘဲ ခတ်လေးပါးတို့မှာလဲ ပါဝါအားလေးတွေ ရှိနေကြသေးတယ်၊ ဒါဟာ ဘယ်လိုအနေနဲ့ ရှိနေတာလဲ၊ ဒီတော့ ဥတုအကြောင်း ၃၆၊ အာဟာရအကြောင်း ၃၆ စိတ်အကြောင်း ၃၆၊ ကံအကြောင်း ၃၆ ဆိုပြီး အကြောင်းတရား ၄ ပါးဟာ ပထဝီခတ်မှာကို ရှိနေသေးတဲ့အတွက် အဲဒါ ပါဝါအား ၁၄၄ ရှိနေသေးတယ်။ ဒါကို သဘောပေါက်ရမယ်၊ ဒါကို သဘော ပေါက်မှ ရူပ်တရားနာမ်တရားကို ရှာလို့ရမယ်၊ အာနာပါန တရားကနေပြီး ရူပ်တရား နာမ်တရားကို ရှာရင်လဲ ဒီနေရာက နေပြီး ရှာရတာပါဘဲ၊ ဒါကြောင့် ဒါကိုသဘောပိုင်ရမယ်၊ သဘောပိုင်ပြီလား၊ ဒီ ပါ၊ါ အားတွေ ရှိနေခြင်းကြောင့် (တနည်း) အကြောင်းတရား ၄ ပါးတို့ ရှိနေခြင်းကြောင့် ဥတု သဘောပထဝီခတ်ဟာ ပေါ်နေသေးတာပါ၊ ဒါကြောင့် ပထဝီခတ်တပါးမှာကို ဒီဂရီပါဝါအားဟာ ၁၄၄ ရှိနေသေး တယ်၊ ဒါကို သဘောပေါက်ရမယ်၊ ဒါမှ ရူပ်တရားနာမ်တရား ကို ရှာလို့ရမယ်။

ဒီတော့ ဒီ ဒီဂရီပါဝါအား ၁၄၄ ထဲမှာ ဟေတုအကြောင်း နဲ့ ပစ္စယအကြောင်းကိုခွဲရင် ဟေတုအကြောင်းက ဒီဂရီပါဝါ အား ၃၆၊ ပစ္စယအကြောင်းက ဒီဂရီပါဝါအား ၁၀၀ ရှိတယ်၊ ဒါတွေကို နားလည်ထားရမယ်၊ (ဝါ) ဒီလိုကိုကွဲလာရမယ်၊ ဒီကနေပြီးခတာ့မှ နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်,

သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ်တွေနဲ့ မဟာသတိပဋ္ဌာန်တရားကို တက်သွားတော့မယ်၊ အဲဒါ "ဣမ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ "လို့ ဆိုတဲ့အတိုင်း တက်သွားတော့မယ်၊ ဒီတော့ ဟေတုအကြောင်းနဲ့ ပစ္စယအကြောင်းကို အခြေခံထားပြီး ရုပ်တရား နာမ်တရားကို တွေ့အောင်ရှာရတော့မယ်၊ ဒါဟာ သခ်ၢတလောကကြီးမှာ ပေါ်ထွက်နေတဲ့သဘောနဲ့ ပေါ်ထွက်အောင် လုပ်ဆောင်ပေးနေတဲ့သဘောပါ။

ကိုင်း ဒီတော့ ပရိပါစကမီးဓာတ်ဟာချက်တိုင်မှာရှိနေတယ်၊ ဥသမမီးဓာတ်ဟာ နှလုံးအိမ်ရင်ချိုင့်မှာရှိနေတယ်၊ ဒီ မီးဓာတ် ၂ ပါးကနေပြီးတော့ ရုပ်တရား နာမ်တရားတို့ဟာ ထွက်လာတယ်၊ ဒီဟာကိုရှာတော့မယ်၊ နောက်တခါ သန္တပ္ပနမီးဓာတ်ကဦးဇီဝကအမမှာရှိနေတယ်၊ ဒုဟမီးဓာတက နှာသီးဖျားနဲ့ နှုတ်ခမ်းဖျားမှ ရှိနေတယ်၊ ဒီမီးဓာတ် ၂ ပါးကနေပြီး ထွက်လာတဲ့ ရုပ်တရား နာမ်တရားတို့ကို ရှာရအုံးမယ်၊ အဲဒါ ၂ ပါးခွဲပြီး ရှာရမယ်၊ ဒီလို ၂ ပါးခွဲပြီးရှာရပုံကို ပြောပြအုံးမယ်။

ဒီတော့ သမုဒိသစ္စာနယ် ဆိုတာဟာ ခေါ်ဝေါ်သမုတ် သတ်မှတ်ပညတ်ထားတာကိုခေါ်တယ်၊ ဒီနယ်မှာက သညာ ဝိညာဏ်ပြဋ္ဌာန်းနေတယ်၊ ဒီ သမုတိသစ္စာနယ်မဟုတ်တဲ့ (၀၊) ခေါ်ဝေါ်သမုတ် ပညတ်လို့မရတဲ့ နယ်ကျတော့ ပရမတ္ထသစ္စာနယ်လို့ခေါ်တယ်၊ ဒီနယ်မှာက ပညာသဘောပြဋ္ဌာန်းနေတယ်၊ ဒါကြောင့် သမုတိသစ္စာနယ်မှာရှိတဲ့ရုပ်တရားနာမ်တရား,ပရမတ္ထသစ္စာနယ်မှာရှိတဲ့ ရုပ်တရားနာမ်တရားဆိုပြီး ၂ ခုခွဲပြီး ပြလာတယ်၊ ဒါကြောင့် ၂ ခုခွဲပြီး ရုပ်တရားနာမ်တရားကို ရှာရတာပါ၊

ဒီတော့ မာတာက ရုပ်, သိတာက နာမ်–ဆိုတာဟာ သမုတိသစ္စာနယ်မှာ သညာဝိညာဏ်သိတဲ့ ရုပ်တရား နာမ်တရားပါ၊ ဒီတော့ ဒီအသိမျိုးမှာ သညာဝိပွလ္လာသ ကင်းပြီလား–မကင်းသေးပါ၊ မကင်းသေးရင် အနှတ္တေသိတဲ့ အသိမျိုးသာ ရှိနေသေးတယ်။

ယခု တရားနာလာကြတဲ့ ပုဂ္ဂိုလ်တွေဟာ အစမထင်တဲ့ ဘဝကစပြီးတော့ ပါလာတဲ့အစဲကြီးတွေကို ပြုတ်အောင်လို့ လာပြီးတရားနာကြတာ မဟုတ်လား၊ (၀၊) အနှစ္စဘဝကြီးက ကျွတ်သွားအောင်လို့ တရားနာလာကြတာ မဟုတ်လား၊ ဒါကြောင့် ကလျာဏမျက်စေ့ပေါက်အောင် ကြိုးစားရမှာဘဲ မဟုတ်လား၊ (၀၊) ကလျာဏမျက်စေ့ပေါက်အောင် ရှာရမယ် မဟုတ်လား၊ ဒီတော့ အနှစ္စဘဝဆိုတာဟာ ၂၉ ပါးသောက်တွေနဲ့ ဒီဌိတရားကြီးက ဆဲပြီးပို့ဆောင်ခြင်းကို ခံနေကြရတယ်၊ ဒီလိုခံလာခဲ့ရတဲ့ အနှစ္စဘဝကြီးဟာ ယခုရှင်ဂေါတမရဲ့ သာသနာတော်နဲ့ လာတိုးနေတဲ့အခါမှာ ဒီ ၂၉ ပါးသောက်တွေနဲ့ ဒီဌိတွေက ပို့ဆောင်မှုတွေကို ခံချင်သေးသလား၊ မခံချင်ရင် ဒီအနှစ္စဘဝကလွတ်အောင် ကြိုးစားရမယ်။

ကိုင်း....ဒီတော့ ဘယ်လိုလွတ်အောင်လုပ်မလဲ၊ ဒီပရမတ်ရုပ်တရားနာမ်တရားတို့ကိုမြင်အောင် (၀၊)တွေ့အောင် ဘယ်လိုလုပ်မလဲ၊ ဒီတော့ မာတယ်လို့သိတဲ့ အသိမှာ မာတာက ရုပ်, သိတာ့ကနာမ်–လို့ ပြောနေကြတာဟာ အနှတ္တေပြောနေတဲ့ အပြောတွေပါ၊ ဒါနဲ့မျှား အဟုတ်လုပ်ပြီး အားထုတ်နေလို့ ရမလား၊ ဒီတရားမျိုးကိုသာ (၀၊) အနှတ္တေသိတဲ့ ပြောတဲ့

ဟာတွေ့ကိုသာ သိချင်ရင် ဓမ္မစက္ကြာ ရိပ်သာကိုတောင် လာ မနေရပါ၊ ဒီတော့ အနှီ အနှီချင်း (၀၊) အကန်း-အကန်းချင်း လမ်းပြနေလို့ ဘယ်မှာဟုတ်တော့မှာလဲ၊ ဒါကြောင့် ဘုရားရှင် က ဓမ္မစက္ကြာတရားတော်ကြီးမှာ "မဇ္ဈိမ ပဋ္ဌိပဒါ တထာဂတေန အဘိသမ္မုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ" လို့ ဟောကြားလာပါတယ်။

(အလယ်လမ်း, လက်ဝဲလမ်း, လက္ခဏာလမ်းတို့၏ အကျယ်ကို သိလိုမူ ဓမ္မစက္ကြာရိပ်သာမှ ထုတ်သော ဓမ္မစက္ကြာ အဖွင့်ကျမ်းဌ ကြည့်ရှုကြပါကုန်)

ဒီတော့ သဘာဝပေါ်အောင် တွေးလေ မိမိရဲ့အဖြစ်ဟာ ဆုံးရှုံးလေပါဘဲ၊ ကိုင်း. ဒီတော့ နောက်မြှူတွေနဲ့ ခွဲလာတဲ့ အခါမှာ နောက်ဆုံးဝိညာဏတမြှူလဲရောက်လာရော ရုပ်နဲ့နာမ်ဟာ ဘယ်အနေနဲ့ရှိနေသလဲဆိုရင် မာသဘော သတ္တိလေးက ရုပ်, မာ သဘောပေါ်အောင် ထောက်ခံပေးတာက နာမ်၊ (၀၊) ဓာတ် တပါးက ရုပ်, ဓာတ် ၃ ပါးက နာမ်-လို့ ဒီလိုပြောနေတာတွေ ဟာ သဉ္ဇာဝိဇ္ဇလွှာသကသာလျှင် လွှတ်သေးပါတယ်။

စိတ္တဝိပ္ပလွှာသဟာက မလွှတ်သေးပါ၊ ဒါဟာလဲ အကန်း ဘဝကနေပြီး မှုန်တိမှုန်မှား ဝိုးတိုးဝါးတားလေး အနေနဲ့သာ မြင်သေးတယ်၊ ဒါဟာ အကန်းအသေးစားလေးလို့ခေါ်တယ်၊ ဒါကို တထောင့်ငါးရာ ဒီဂရီအားရှိတဲ့ လက္ခဏာနဲ့ ရသက ရုပ်, ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန်က နာမ် ဆိုပြီး ဝိပဿနာမျက်မှန်ကြီးတပ် ပေးလိုက်ပြီ၊ အခု မဟာသတိပဋ္ဌာန် တရားတော်ကြီးကျတော့ ဒီ မျက်မှန်တွေ အားလုံးကို ချွတ်ပစ်လိုက်ပါ၊ ပကတိ အကြည့်

တွေ့နဲ့ကို မြင်ပြီးလာရမယ်၊ ဒါမှ ဒီ မဟာသတိပဋ္ဌာန်ခုံရုံးကြီးက လက်ခံမယ်၊ ကိုင်း ဒီဝိပဿနာမျက်မှန်ကြီးကို ချွတ်ပြီးတော့ အခု မဟာသတိပဋ္ဌာန်တရားတော်မှာ ရုပ်နဲ့နာမ်ဟာ ဘယ်အခြေနဲ့ရှိသလဲ ဒါကိုမြင်မှ မဟာသတိပဋ္ဌာန်က လက်ခံမယ်။

ဒီတော့ ဝိပဿနာမှန်ရင် ဒီလိုဘဲ မျက်မှန်တပ်ပြီး သွားခဲ့ရပါတယ်၊ ပညာမြင် ဉဒယဗ္ဗယညာဏ်ဟာ တဏယ်တက်တော့မယ် ဆိုတော့မှ ဒီမျက်မှန်ဝေ့ကို ချွတ်လိုက်တာပါ၊ အခု မဟာသတိပဋ္ဌာန်တရားတော်ကြီးကျတော့ စတက်တယ်ဆိုထဲက စစ်ပြီးတက်လာပြီ၊ အဲဒါ ဒီ မျက်မှန်တွေ ချွတ်ပြီးတော့ ပကတိအကြည့်ဓာတ်နဲ့ မြင်ပြီလား၊ မမြင်သေးရင် မြူသေးလေးတွေနဲ့ ထပ်ပြီးခွဲပါအုံး၊ ဒီမြူသေးလေးတွေကို မြင်လာမှ မဟာသတိပဋ္ဌာန်တရားတော်ကြီးက လက္ခံမယ်၊ အချုပ်စကားပြောမယ်၊ ပရမတ်ရုပ်နာမ်ကို တွေ့ပြီလားဆိုရင် အဝေးကကြည့်ပြီး ပြောနေတဲ့အနေနဲ့က ရှေ့ရှုထင်တဲ့သဘောပါလို့ ပြောတာပါ၊ အခု ပြောနေတာက ဘုရားကုန်းတော်ပေါ်တောင် ရောက်နေပြီ၊ ဒါတောင်မှ ဘုရားဟာ ဘယ်မှာလဲလို့ရှာနေတုံးဘဲလား။

ကိုင်း ...ဒီတော့ ပရမတ်ရုပ်နာမ်ဟာ ဘယ်ဟာလဲ ပြောစမ်းပါ၊ ဒီသဘာဝတွေကို သဘာဝညာဏ်တွေနဲ့ မတွေ့ကြုံခဲ့ကြလို့ မတွေ့မမြင်ကြတာပါ၊ အခု အနီးအနားကိုရောက်နေပြီ၊ ဒီတော့ ဘယ်လိုပြောမလဲ၊ အဲဒါ ပရမတ်ရုပ်နာမ်ဟာ ဘယ်ဟာလဲ ပြောစမ်းပါ၊ အခု လက်တွေ့ ကိုယ်တွေ့အနေနဲ့ ရှာရတော့မယ် ဒါကို စဉ်းစားပါ၊ သူမျှားရဲ့ညာဏ်ကို ဟီးလေးခို လိုက်မနေပါနဲ့၊ ကိုယ်ပိုင်ညာဏ်နဲ့ပြောနိုင်အောင် ကြိုးစားပါ၊ ယခု ဆရာတော်

ပြောတာဟာ မဟာသတိပဋ္ဌာန် တရားကြီးထဲကို ဝင်နိုင်အောင် လို့ပြောတာပါ။

ဒီ မဟာသတိပဋ္ဌာန်ရုပ်နာမ်ပိုင်းကို ဝင်လိုက်လို့ ဒီရုပ်နာမ်ပိုင်းကို ပေါက်သွားရင်ဘဲ ဓာတ်ဖက်ကနေပြီးတော့ ပြိုးပြိုးပြက်ပြက်နဲ့ အရောင်ဓာတ်တွေတောင်မှ ထွက်လာတယ်လို့ ပြလာပါတယ်၊ ဒီတော့မှ အကျိုးတရားတွေဟာ မျှားလာတော့မယ်၊ ဒီ မဟာသတိပဋ္ဌာန် တရားတော်ကြီးကို ဘုရားရှင် ဝါတော် ၂၀ ကျမှ ဟောကြားဆုံးမတော်မူလာတာပါ၊ ဒါကြောင့် ဒီ မဟာသတိပဋ္ဌာန်တရားထဲကို ဝင်နိုင်အောင်ကြိုးစာ ကြပါ၊ ဒါမှ အဆီအနှစ်လေးတွေကို တွေ့လာတော့မယ်၊ ဒါကြောင့် ဒီ စိန်ကောင်းကျောက်ကောင်းလေးတွေကို ရအောင်ကြိုးစားကြပါ၊ ဒီ စိန်ကောင်း ကျောက်ကောင်းနဲ့ တူတဲ့ မဟာသတိပဋ္ဌာန်တရားတော်ကြီးကို သေတ္တာနဲ့ တူတဲ့ ကမ္မဿသမ္မနိုဂုံးရှာသူရှာသားတွေထံသွားပြီး ဟောကြားလာတယ်၊ (ဥပမာ) စိန်ကောင်း ကျောက်ကောင်းတွေကို သေတ္တာထဲ ထည့်ထားသလိုပါဘဲ၊ ဒါကြောင့် ဒီ စိန်ကောင်း ကျောက်ကောင်းနဲ့ တူတဲ့ ဒီ မဟာသတိပဋ္ဌာန်တရားတော်ကို သေတ္တာထဲထည့်ပြီး သိမ်းဆည်းထားနိုင်အောင် လို့ အခုထဲက တွေးကြပါ ကြံကြပါ။

ဒါကို အနည်းငယ် ပြောပြမယ်၊ ဒီတော့ ပရမာအဏုမှုမှာ ရုပ် ၉ ပါးဟာ ရှိနေသေးတယ်၊ ဒီ ရုပ် ၉ ပါးကို မင်းတို့ဟာ ဘယ်သူ့ကြောင့် ဖြစ်လာတာလဲလို့ မေးရင် အကြောင်းတရား ၄ ပါးကြောင့် ဖြစ်လာတာပါလို့ ပြောမယ်၊ ဒီတော့ ဒီ ရုပ် ၉ ပါးမှာ အကြောင်းတရား ၄ ပါးဟာ မကင်းသေးပါ၊ ဒီတော့ ရုပ် ၉ ပါးကို တည်ပြီးတော့ အကြောင်းတရား ၄ ပါးနဲ့ မြောက်

ရှင် ၃၆ ရလာပါတယ်၊ ဒါဟာ ဥတုရဲ့ဒီဂရီပါဝါ ၃၆ လို့ မယူနိုင်ဘူးလား ယူနိုင်ပါဘယ်၊ (ဝါ) မြူသေးလေးတွေ အနေနဲ့ ယူနိုင်ပါတယ်၊ မြူကြီးတွေအနေနဲ့ တော့ မယူနိုင်ဘော့ပါ၊ အဲဒါ မြူသေးလေးတွေအနေနဲ့ယူရင် ဥတုပါဝါအား ၃၆ လို့ယူရ ပါတယ်။

ဒါဟာ ပထဝီခေတ်တို့, အာပေါခေတ်တို့ အပြန်အလှန် လုပ်အားပေးနေကဲ့သဘောကို အာကာသလို့ပြောတာပါ၊ ဒီတော့ ဥဘုအကြောင်း ၃၆ ပါဝါအားမှာလဲ ပထဝီခေတ်ဟာပါတယ်၊ အာဟာရအကြောင်း ၃၆ ပါဝါအားမှာလဲ ပထဝီခေတ်ဟာ ပါတယ်၊ စိတ်အကြောင်း ပါဝါအား ၃၆ မှာလဲ ပထဝီခေါတ်ဟာ ပါတယ်၊ ကံအကြောင်းပါဝါအား ၃၆ မှာလဲ ပထဝီခေတ်ဟာ ပါတယ်၊ ဒါကြောင့် ဥတုပါဝါအား ၃၆ မှာ အာဟာရ အကြောင်းပါဝါအား ၃၆၊ စိတ်အကြောင်း ပါဝါအား ၃၆၊ ကံအကြောင်း ပါဝါအား ၃၆ တို့ဟာလဲ ပါနေတယ်။ဒါကြောင့် ပါဝါအား ၁၄၄ လို့ပြလာတာပါ၊ ဒါဟာ ဒီဂရီပါဝါ မီးခေတ် အားပါ၊ ဒီ မီးခေတ်ကြီး ၄ ပါးတို့ရဲ့အား ရှိနေသေးတယ်။

ယခု ဒီနေရာမှာ ပရိပါစက မီးခေတ်နှင့် ဥသမမီးခေတ် သန္တာပနမီးခေတ်တို့က ပစ္စယအကြောင်းအနေနဲ့ လိုက်ကြတယ်၊ ဒဟာမီးခေတ်က ဟေတုအကြောင်း အနေနဲ့ ပေါ်နေတယ်၊ ဒီနေရာမှာ ဒီလောက်သာယူထားပါအုံး၊ ဒီတော့ မီးခေတ်နဲ့ ခွဲရင်လဲ ပရိပါစကမီးခေတ် ၃၆၊ ဥသမမီးခေတ် ၃၆၊ သန္တာပနမီးခေတ် ၃၆၊ ဒဟာမီးခေတ် ၃၆၊ ပေါင်းတော့ ၁၄၄၊ ဒီလို ခွဲရင်လဲ ရပါတယ်။ ဒီတော့ ပစ္စယအကြောင်း မီးခေတ် ၃ ပါးက

နာမ်သဘော၊ ဟေတုအကြောင်း မီးခတ် ၁ ပါးက ရုပ်သဘော ပါ၊ ဒီလိုမပါတော့မယ်၊ ဒီလိုပေါ်တော့မယ်ဆိုတာနဲ့ ဒဟမီး ခတ်ကြီး လောင်ပြီလား၊ ဒီ ဒဟမီးခတ်လောင်လာမှ ရုပ်နာမ် ပေါ်မယ်။

ဒီတော့ ခမ္မစကြာ ပဋိပတ် သာသနာပြုရိပ်သာကြီးမှာ ဝါ ကပ်တော်မူကြသော သံဃာတော်များနဲ့ သီလရှင်ယောဂီများ အတွက် ဒဟမီးခတ် လောင်မြိုက်ပေးရမယ်. ဒဟမီးခတ်မှာလဲ ပါဝါအား ၃၆ ရှိနေတယ်၊ ကျန် မီးခတ်ဖြစ်တဲ့ ပရိပါစကမီး ခတ်, ဥသမမီးခတ်, သန္တပ္ပနမီးခတ်တို့က ၁၀၀ ပါဝါအား ရှိတယ်၊ ဒါက ပစ္စယအကြောင်းပါ၊ ဒီတော့ ဒီ ဒဟမီးခတ် တောက်မှ ရုပ်နာမ်တွက်လို့ရမယ်၊ အချုပ်စကားပြောမယ်၊ ပရမတ်ရုပ်နာမ်ကို တွေ့အောင်ရှာရတော့မယ်၊ ကိုင်း.. ပရမတ် ရုပ်နာမ်ဟာ ဘယ်ဟာကိုခေါ်သလဲဆိုတာကို ရှာရတော့မှာဘဲ မဟုတ်လား ?

ဒီနေ့ ဒီပုံစံကို အကျယ်ခွဲပြီး ဟောပြအုံးမယ်၊ ဒီတော့ ရုပ် နာမ်ပေါ်တဲ့အခါမှာ မဟာသတိပဋ္ဌာန်ရုပ်နာမ်နဲ့ အာနာပါနုရုပ်နာမ်ဟာ အတူတူဖေါ်ပြသွားမယ်၊ ဒီတော့ ဝိပဿနာဂရုပ်နာမ်ပေါ်ရင် သညာကရှေ့ကနေပြီးတော့ပေါ်ပြီးမှ၊ပညာက နောက်ကလိုက်လာတယ်၊ ဒီကနေပြီးမှ နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်,သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ်တွေ့ထိအောင် တက်သွားတာဘဲ၊ ဒီလုပ်ငန်းစဉ်ဟာ ဗျာဒိတ်ရ ဆုကြီးပန်ပုဂ္ဂိုလ် တွေရဲ့ တက်စဉ်ပါ၊ ဒါဟာ ဉာဏ် ၉ ဉာဏ်ဝဲထဲမှာ ကျင်လည် ပြီးတော့မှ နောက်ဆုံးပါ့ရမီပြည့်မှ ဘုရားဖြစ်လာတာပါ။

နောက် အင်း, ဆေး, မှော်, စမ, မန္တန်စသည့် လောကီပညာတွေကို ပေါက်တဲ့ပုဂ္ဂိုလ်တွေကလဲ ဒီဥာဏ် ၉ ဥာဏ်ဝဲထဲမှာဘဲ ရှိနေကြတယ်၊ ဒါကြောင့် ဝိပဿနာရှုပ်နာမ်ပေါ်ရင် သညာက ရှေ့ကတက်ပြီးမှ ပညာက နောက်ကလိုက်လာပါတယ်၊ အခု မဟာသတိပဋ္ဌာန်တရားတော်ကြီးကျတော့ သညာကိုဖယ်ထုတ်ပြီးတော့ ပညာက ရှေ့ကနေဆောင်ပြီး ရှုပ်နာမ်ဟာ ပေါ်ရတော့မယ်၊ ဒီတော့ ဒီမဟာသတိပဋ္ဌာန်တရားတော်ကြီးကို ကုရုတိုင်းသား လေးပါးသော ပရိသတ်တွေကို ဟောကြားခဲ့ပါတယ်၊ ဒီ ပုဂ္ဂိုလ်ကြီးတွေကလဲ ထိုစဉ်အခါက ဤမဟာသတိပဋ္ဌာန်တရားတော်ကြီးကို လက္ခံနိုင်ကြပါတယ်။

ဒီ ကုရုတိုင်းသား လေးပါးသော ပရိသတ်တွေဟာ ဘယ်လောက်တောင်စင်ကြယ်နေကြသလဲလို့ ဆိုရင်အဲ့ဒါစကြာဝဠာတေးမန္ဒတ်မင်းကြီးဟာ ကျွန်းကြီးလေးကျွန်းကို လှည့်လည်တဲ့အခါမှာ ကျွန်းလေးကျွန်းမှ လိုက်ပါလာကြသော ပုဂ္ဂိုလ်တွေကို နေရာချပေးတဲ့အခါမှာ အနောက်အရပ်ကလိုက်လာတဲ့ ပုဂ္ဂိုလ်တွေကို နေရာချပေးတဲ့နေရာကို သုနာပရန္တတိုင်းလို့ ခေါ်တယ်၊ အရှေ့ကျွန်းက လိုက်ပါလာတဲ့သူတွေကို နေရာပေးတာကျတော့ ပုဗ္ဗဝိဒေဟာတိုင်းလို့ ခေါ်တယ်၊ တောင်ကျွန်းကပါလာတဲ့သူတွေကို နေရာပေးတဲ့နေရာကိုတော့ ဒက္ခိဏာကုရုတိုင်းလို့ ခေါ်တယ်၊ မြောက်ကျွန်းကပါလာတဲ့ ပုဂ္ဂိုလ်တွေကို နေရာပေးတဲ့နေရာကိုတော့ ဥတ္တရကုရုတိုင်းလို့ခေါ်တယ်။

ဒီတော့ မြောက်ကျွန်းသူ, မြောက်ကျွန်းသားတွေဟာ ဘယ်လောက်တောင် စင်ကြယ်သလဲဆိုတော့ အဲ့ဒါ ငါးပါးသီလဟာ မြဲနေကြတယ်၊ ဒီ ဂရုဓမ္မနိစ္စသီလကို ထောက်ပြီးတော့လဲ ဘုရား

ရှင် ဟောကြားတော်မူလာတာပါ၊ ဒီတော့ တချို့ဝိပဿနာ တရားသမားတွေမှာ အဲဒါ လက်ဝဲလက္ခာလမ်းထဲမှာရောက်ပြီး သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိထဲမှာသာ ကျနေကြပါတယ်၊ ဒါကြောင့် ဒီမဟာသဘ်ပဋ္ဌာန်တရားတော်ကြီးထဲကို ဝင်လို့မရပါ၊ ဒီမဟာ သတိပဋ္ဌာန်တရားတော်ကြီးကို ဘုရားရှင်က အချိန်အခါအရ ပုဂ္ဂိုလ်များရဲ့စင်ကြယ်မှုကို ကြည့်ပြီးမှ ဟောကြားလာတဲ့တရား တော်ကြီးဖြစ်ပါတယ်။

ဒီ ကုရုတိုင်းသူ တိုင်းသားတွေမှာ အဲဒီ မဟာသတ်ပဋ္ဌာန် တရားတော်ကြီးကို ထင်းခွေရင်း, ရေခပ်ရင်းနဲ့ဘဲ ပွားများအား ထုတ်လာကြပါတယ်၊ နောက်မှ ဘုရားရှင်က ဟောကြားလာ တာပါ၊ ဒီလို ဟောကြားလိုက်မှ မဂ်မရသေးတဲ့ ပုဂ္ဂိုလ်တွေကလဲ မင်ကိုရကြတယ်၊ တမင်ရပြီးသားပုဂ္ဂိုလ်တွေကလဲ နှစ်မင်၊ နှစ်မင် ရပြီးတဲ့ပုဂ္ဂိုလ်တွေကလဲ သုံးမင်၊ သုံးမင်ရပြီးတဲ့ ပုဂ္ဂိုလ်တွေကလဲ ၄ မင်အထိ ရသွားကြပါတယ်၊ ဒီတော့ ဒီ မဟာသတိပဋ္ဌာန် တရားတော်ကြီးမှာ ဘုရားရှင်က အကျိုးတရား ၂ ပါးကိုထုတ်ပြီး ဟောကြားလာပါတယ်။

ဘိက္ခဝေ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို ဧကန်ရှုငြား အိုချစ် သားတို့။ အယံမဂ္ဂေါ၊ ဤမဟာသတိပဋ္ဌာန်တည်းဟူသော ခရီး သည်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ ရာဂအစရှိသော ကိလေသာ အညစ်အကြေးမှ စင်ကြယ်ပါစေခြင်း အကျိုးငှါ။ ကောယနော၊ တကြောင်းတည်းသာဖြစ်သော ခရီးတည်း။ သောကပရိဒေဝါနံ၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တန်းခြင်းတို့ကို။ သမတိက္ကမာယ၊လွန်မြောက်စေခြင်းငှါ၊ကောယနော တကြောင်း တည်းသာဖြစ်သော ခရီးတည်း။ ဒုက္ခဒေါမနဿာနံ၊ ဆင်းရဲခြင်း

နှလုံးမသာယာခြင်းတို့၏။ အတ္ထဂ််မာယ၊ ချုပ်ငြိမ်းစေခြင်းငှါ။ ကောယနော၊ တကြောင်းတည်းသာဖြစ်သော ခရီးတည်း။ နိဗ္ဗာနဿ၊ မျက်မှောက်ပစ္စုပ္ပန်နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်အာရုံပြုခြင်းငှါ။ ကောယနော၊ တကြောင်းတည်း သာဖြစ်သော ခရီးတည်း–လို့ပြလာပါတယ်။

ဒီတော့ ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီးဆဲဆဲမှာ သုဘဒ္ဒပရိဗိုဇ် ကြီးကို—"ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ" "ချစ်သားရဟန်း၊ ငါဘုရား ရဲ့သာသနာတော်ကြီးမှာ ငါဘုရား ဟောကြားထားခဲ့သော တရားတော်တွေကို ပွားများအားထုတ်နေသမျှ ကာလပတ်လုံး ရဟန္တာ မဆိတ်သုဉ်းဘူး"လို့ သုတ်မဟာဝါ ပရိနိဗ္ဗာနသုတ်မှာ ဟောကြားလာပါတယ်၊ ဒါဟာ မဟာသတိပဋ္ဌာန်တရားတော် ကြီးကို ကြည့်ပြီးတော့ ဟောကြားတော်မူလာတာပါ။

ဒါကို အဋ္ဌကထာဆရာကြီးတွေက ဝေဘန်လာတယ်၊ အဲဒါ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် ၁၀၀၀၊ သုက္ခဝိပဿက ရဟန္တာ ခေတ် ၁၀၀၀၊ အနာဂါမ်ခေတ် ၁၀၀၀၊ သကဒါဂါမ်ခေတ် ၁၀၀၀၊ သောတာပန်ခေတ် ၁၀၀၀ ဆိုပြီး သာသနာ ၅၀၀၀ ကိုဝေဘန်ပိုင်းခြားလာပါတယ်၊ ဒီတော့ ယခု သာသနာ၂၅၀၀ ကျော်သာ ရှိနေပါသေးသလား၊ ဒီတော့ အနာဂါမ်ခေတ်ဟာ ရှိနေပါသေးတယ်၊ ဒါကြောင့် ကြိုးစားအားထုတ်ကြပါ၊ ကြိုး စားနိုင်ရင် ရနိုင်ပါသေးတယ်၊ ဒီ မဟာသတိပဋ္ဌာန် တရားတော် ကြီးကို သာမည မမှတ်ပါနဲ့၊ တကဲ့တရားတော်ကြီးပါလား ဆိုတာကို သိစေချင်ပါတယ်၊ ဒီလိုသာမှတ်ယူထားလိုက်ပါ။

ကိုင်း ဒီတော့ မဟာသတိပဋ္ဌာန်တရားတော်ကြီးနဲ့ ဆိုင်တဲ့ ရုပ်နာမ်ကို ရှာရတော့မယ်ဆိုရင် အောက်က ဥတုအကြောင်း ပါ၀ါအား ၃၆၊ အာဟာရအကြောင်း ပါ၀ါအား ၃၆၊ စိတ်အကြောင်း ပါ၀ါအား ၃၆၊ ကံအကြောင်း ပါ၀ါအား ၃၆၊ နား၊လည်ပြီလား၊ နား၊လည်ရင် ပုံစံထဲကိုဝင်လိုက်ပါ၊ ဒီတော့ နာမပညတ်လက္ခဏာဆိုတာကို ဓာတ် ၄ ပါးရှိရင် ပညတ် ၄ ပါး ရှိတယ်လို့ ဆိုပြီး အရင်က လက်မဲကြောင်းချပြီး ပြောခဲ့တယ်၊ ယခု ကျတော့ ပထ၀ီဓာတ်မှာကို ပညတ် ၄ ပါးဟာ ရှိနေပြီ၊ ဒီတော့ နာမပညတ်လက္ခဏဟာ ဥတုအကြောင်း ပါ၀ါအား ၃၆ ကို ယူလိုက်ပါ၊ သဏ္ဌာနပညတ် ရသ ကျတော့ အာဟာရ အကြောင်း ပါ၀ါအား ၃၆ ကိုယူပါ။

ပစ္စုပ္ပန္နဝေဒနာကျတော့ စိတ်အကြောင်း ပါ၀ါအား ၃၆ ကို ယူပါ၊ ဒါက သမ္ဘဝပညတ်ပါ၊ နောက် သန္ဌာတိပညတ် ပဒဋ္ဌာန် ကျတော့ ကံအကြောင်း ပါ၀ါအား ၃၆ ကိုယူပါ၊ အဲဒီအနေနဲ့ ပထ၀ီဓာတ်လေး တလုံးမှာ ကို ရှိနေသေးတယ်၊ ဒါဟာ မီးဓာတ် ရဲ့အားလေးတွေပါ၊ ဒီ မီးခာတ်လေးတွေဟာ ပညတ်သဘော လေးတွေပါ၊ ဒီ ပညတ်သဘောလေးတွေကို မြင်အောင်ရှုထားပါ၊ ကိုင်း _ ဒီတော့ ပထ၀ီဓာတ်မှာ နဲ့၀မပညတ် လက္ခဏာ သဘောဟာ ဘယ်အနေနဲ့ရှိနေသလဲ၊ ဒါကိုတွေးပါ၊ ဒါက ဥတု ၃၆ ကနေပြီး ထွက်လာတဲ့ ဗျာပါရလေးပါ၊ ဒါဟာ ဒဃ မီးခာတ်က ထွက်လာတာပါ၊ ကိုင်း_ဘယ်လိုပြောမလဲ၊ ဒါကို သာမညလို့ မထင်ပါနဲ့၊ အဲဒါ စိန်ကောင်း ကျောက်ကောင်း လေးတွေပါ။

အခု ဒီနေရာမှာ မာကယ် ပူတယ်လို့ မပြောနဲ့တော့၊ ဒါဟာ လက်မဲကြောင်း ချထားတာပါ၊ ဒါဟာ ဝိပဿနာမှာသုံးတာပါ၊ ယခု ဒီနေရာမှာ လာသုံးလို့မရတော့ပါ၊ ဒီတရားကို တကယ် နားလည်လာရင်ဘဲ အာနာပါနကို အားမထုတ်ဘဲနဲ့ ရနိုင်ပါတယ်၊ ဒီတော့ ပထဝီဓာတ်လေးမှာကို နာမပညတ် လက္ခဏသဘောလေးဟာ ဘယ်အနေနဲ့ရှိသလဲဆိုတာကို ပြောစမ်းပါ၊ ဒီလို မေးလိုက်ရင်ဘဲ မိုဃ်းကြိုးပစ်ချလိုက်သလိုဘဲ မဟုတ်လား၊ ဒါဟာ အရင်ဝိပဿနာတရားတွေကို မီးရှို့ပစ်လိုက်ပါပြီ၊ ကိုင်း ဘယ်လိုပြောမလဲ၊ ပြောစမ်းပါအုံး၊ ဒီနေရာကနေပြီးတော့ ဥဒယဗ္ဗယဉာဏ်ကြီးကို တက်တော့မယ်၊ ကိုင်း_ဒါကိုပြောနိုင်လာရင် ရှေ့ကိုတက်နိုင်ပြီ၊ ဒီတော့ ဥတု ၃၆ ကို ယူပြီးတော့ နာမပညတ်လက္ခဏာဆိုပြီးတော့ တင်ထားတာပါ၊ အာဟာရ ၃၆ ကို သဏ္ဌာနပညတ် ရသ၊ စိတ် ၃၆ ကို သမ္ပယောပညတ် ပစ္စုပဋ္ဌာန်၊ ကံ ၃၆ ကို သန္ဓတိပညတ် ပဒဋ္ဌာန်ဆိုပြီး တင်ထားတာပါ။

ဒါကို မြင်အောင် ရှုနိုင်လာရင် "လူသာမန် နတ်သာမန် ပုထုဇဉ်သာမန်တို့ မကြုံအပ် မကြုံစည်နိုင်ရာ ဝရဇိန်မိုဃ်းကြိုး စက်သွားပမာ ဝဋ္ဋဒုက္ခတို့ရဲ့ကုန်ရာ တိဟိတ်ပုဂ္ဂိုလ်တို့နဲ့သာ ထိုက်တန်ရာသော" လို့ ဆိုတဲ့အတိုင်း ပြုလာပါတယ်၊ ဒါကို သေသေချာချာဇတ္တားပါ၊ ဒီ တရားတော်ကြီးရဲ့ဂုဏ်ကို ယုံကြည်စွာဖြင့် စဉ်းစားပါ။

ညဟောစည်။

သာသနာတော်သုံးရပ် ပဋ္ဌိပတ်တွင် (လ) ကမ္ဘာလောင် ဆူဝေလို့ မကြာစတန်းလို့ တရားပိုင်, ဓာတ်ပိုင်တဲ့ ပုဂ္ဂိုလ်ကြီး များ အမိန့်ရှိခဲ့သည့်အတိုင်း ယခု တက်လာခဲ့တဲ့ မဟာသတိ ပဋ္ဌာန်တရားတော်ကြီးရဲ့ လုပ်ငန်းစဉ်ကြီးဟာ အလွန်တရာမှ နက်နဲသိမ်မွေ့လှပါတယ်၊ ဒါကြောင့် မဟာသတိပဋ္ဌာန်တရား တော်ကြီးကို အကျယ်ခွဲပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟော ကြားတော်မူခဲ့ပါတယ်၊ ဒါကို လုပ်ငန်းစဉ်အနေနဲ့ ဝေဖန်လိုက် ရင် မဟာသတိပဋ္ဌာန်တရားတော်ကြီးဟာ ၂၁ ပိုင်းရှိတဲ့ အနက် မှာ နဝသိဝဋ္ဌက ၉ ပိုင်းကိုချန်ပြီး၊ ကျန် ၂၁ ပိုင်းကို ယခု လုပ်ငန်းစဉ်အနေနဲ့ ပေးရပါတော့မယ်။

ဒီတော့ ကံအား, ဉာဏ်အား, ပါရမီအားတွေနဲ့ အားထုတ် လာမှသာလျှင် ဒီတရားတော်ကြီးကို သက်ဝင်ယုံကြည်နိုင်ပါ တယ်၊ ဒီတော့ ဆရာတော်တို့ ၁၂၉၇ ခုနှစ်လောက်တုံးက တရားရှာလာတဲ့အခါမှာ စားတယ် စားတယ် ဆိုတာတွေကိုလဲ မှတ်လာခဲ့ရဘူးပါတယ်၊ နောက် သွားတယ် သွားတယ် ဆိုတာ တွေကိုလဲ မှတ်လာခဲ့ရပါတယ်၊ အဲဒီသဘာဝတွေကို ယခု ဒီ မဟာသတိပဋ္ဌာန်ရဲ့ ရုပ်နာမ်ပိုင်းထဲကို သွင်းတဲ့အခါမှာ သွင်း လို့တောင် မရပါ၊ ဝိပဿနာ ရုပ်နာမ်ထဲသွင်းရင်တော့ အောက် တန်းစား ရုပ်နာမ်အနေနဲ့သာ သွင်းနိုင်ပါတယ်၊ ဝိပဿနာဉာဏ် ဆိုတာဟာ အဆင့်ဆင့်တက်ပြီးတော့မှ မဂ် ဖိုလ် ဆိုပြီး တက်ရ ပါတယ်။

ဒီတော့ သွားတယ် သွားတယ်ဆိုတာကို ရှုမှတ်ပြီးတော့ ရူပ်နာမ်ကူးတဲ့အခါမှာ သွားတာက ရူပ်, သိတာက နာမ် ဆိုပြီး ကူးလာရပါတယ်၊ ဒီ သာဘာဝတွေဟာ ပရိယတ် အနေနဲ့ ကလျာဏအဆင့်ကို တက်နိုင်အောင်လို့ ဖွင့်ပြထားတာပါ၊ ဒီအသိလေးနဲ့ဘဲ ဟိုတုံးကတော့ သတိပဋ္ဌာန်ရူပ်နာမ်ကို တွေ့ပြီ ဆိုပြီး သွင်းယူလာခဲ့ပါတယ်၊ ယခု ဓမ္မစက္ကြာ အနုဘွဲ့လက္ခဏာသုတ် မဟာသတိပဋ္ဌာန်တရားတော်ကြီးတွေကို လုပ်ငန်းစဉ် အနေနဲ့ ဟောကြားလာတဲ့အခါကျတော့မှ အရင်ကယူလာခဲ့တဲ့ ရူပ်နာမ် တရားတွေဟာ ဒီ မဟာသတိပဋ္ဌာန်တရားထဲ မဝင်တော့ပါ၊ ဒီ မဟာသတိပဋ္ဌာန်တရားကြီးရဲ့ ရူပ်နာမ်ပိုင်းကိုမြင်ရင် အဲဒါ ကလျာဏ မျက်စေ့ပေါက်ပြီလို့ ဆုံးဖြတ်နိုင်ပါတယ်။

ဒါကို နေ့ခင်းပိုင်းမှာ ဒီ တရားတော်ကြီးရဲ့ ဂုဏ်တော်ကြီး တွေကို ထုတ်ဖော်ပြီး ပါရမီရှင်များအတွက် ဟောကြားခဲ့ပါပြီ၊ ဒါကိုဘဲ အနည်းငယ် တင်ဆက်ပြပါအုံးမယ်၊ ဒီတော့ ဘုရားရှင် ဝါတော် ၂၀ ပြည့်တော့မှ သိက္ခာပုဒ်တော်တွေကို ပညတ်ပြီးမှ ဟောကြားဆုံးမလာခဲ့တဲ့ တရားတော်ကြီး ဖြစ်ပါတယ်၊ အဲဒါ ကုရုတိုင်းသား လေးပါးသော ပရိသတ်ကို ဟောကြားခဲ့တဲ့တရား တော်ကြီးပါ၊ ဒါကို အဋ္ဌကထာဆရာကြီးတွေက ကုရုတိုင်းသား လေးပါးသော ပရိသတ်တွေဟာ မိုးခံသေတ္တာကြီးနဲ့ တူတယ်၊ ဘုရားရှင် ဟောကြားလိုက်တဲ့ မဟာသတိပဋ္ဌာန်တရားတော်ကြီး က ရတနာဇွန်ငွေ စိန်ကောင်း ကျောက်ကောင်းတွေနဲ့ တူတယ် ဆိုပြီး ဖွင့်ပြလာပါတယ်။

ဒါကြောင့် ဒီ မဟာသတိပဋ္ဌာန်တရားတော်ကြီးဟာ အဘိုး မဖြတ်နိုင်အောင် တန်ဘိုးရှိလှပါတယ်၊ ဒီ မဟာသတိပဋ္ဌာန်

တရားတော်ကြီးကနေပြီး ရုပ်နာမ်ကူးပါဆိုရင် ဘယ်ရုပ်နာမ်ကို ကူးမလဲ၊ ဝိပဿနာရုပ်နာမ်တွေကို ကူးလို့မရပါ၊ ဝိပဿနာရုပ်နာမ်ဆိုတာဟာ ဓာတ် ၁ ပါးက ရုပ်, ကျန် ဓာတ် ၃ ပါးက နာမ်၊ (တနည်း) ဟေတုအကြောင်းကရုပ်, ပစ္စယအကြောင်းက နာမ် ဆိုပြီး ကူးလာကြပါတယ်၊ ဒါဟာ့ နောက်က သညာ ဝိညာဏ်တွေ့ လိုက်နေသေးတယ်၊ ဒါကြောင့် ဝိပဿနာ်ရုပ်နာမ် မျိုးနဲ့ ကူးလို့မရပါ။

အဲဒါကြောင့် ဒီနေရာမှာ မဟာသတိပဋ္ဌာန် ရုပ်နာမ်ဟာ သညာဝိညာဏ် နောက်ကနေပြီး လိုက်လို့မရတော့ပါ၊ ဝိပဿနာ ရုပ်နာမ်တွေကသာ သညာဝိညာဏ် နောက်ကလိုက်နေတဲ့အတွက် ဒီ မဟာသတိပဋ္ဌာန်တရားထဲကို သွင်းလို့ (ဝါ) ကူးလို့မရပါ၊ ဒီတော့ ပြည်, သဏ္ဌိ, မြိတ်, ထားဝယ်, ရှမ်းပြည်, ပလောင်ပြည် နေရာများမှာ တရားဓာတ် ဖွင့်ရှာလိုက်တဲ့အခါမှာ ရုပ်နာမ်ပိုင်း အနေလောက်သာ ရခဲ့ပါတယ်၊ ဒါတွေကိုပေါင်းစပ်လိုက်တော့မှ ယခု ဓမ္မစက္ကာ ပဋ္ဌိပတ် သာသနာပြုရိပ်သာကြီးရဲ့ ပါရမီမျိုးစေ့ တွေ့ ပေါ်ထွက်လာခဲ့ပါတယ်။

ယခု ဒီနေရာမှာ သညာဝိညာဏ်ကင်းပြီး ပညာ၌သဘာဝ လေးအနေနဲ့သာ ရုပ်နာမ်ကူးရတော့မယ်၊ ဒီတော့ ဒီ မဟာ သတိပဋ္ဌာန်တရားတော်ကြီးကို ဟောကြားနိုင်အောင်လို့ မဟာ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းကျောင်းတိုက်လေး ၃ ၆ လုံးကို မဖြစ်ဖြစ်တဲ့ နည်းဖြင့်ရင် ဆောက်ပြီးတော့မှ ဒီ တရားတော်ကြီးကို ဟော ကြားလာရတာပါ၊ ဒါကြောင့် ဒီ ကမ္မဋ္ဌာန်းကျောင်းတိုက် ၃ ၆ လုံးကနေပြီးတော့ ဒီ မဟာသတိပဋ္ဌာန်တရားတော်ကြီး ပေါက်

ဘယ်လို့ယူလိုက်ပါ၊ ဒီတော့ ရေခဲတမ်း မြေခဲတမ်းတွေကပါ ဘရားခဲတမ်းတွေ အစုံထွက်လာတဲ့အတွက်ကြောင့် ဝါဆိုလပြည့် နေ့ကစပြီး ခဲ့စိတ်လာတဲ့ လုပ်ငန်းစဉ်ကြီးဟာ အဲဒါ သီလနဲ့ခဲ့ပြီး လက်တွေ့နည်း, သဘာဝနည်းတွေနဲ့သာ ချေပြီးဘက်လာခဲ့ပါပြီ၊ ဒီလိုချေလိုက်ဟာဟာ ပရမာအဏုမြူလဲရောက်ရော အဲဒါ သမာဓိနဲ့ထပ်ပြီး ခဲ့စိတ်လာပြန်တယ်။

ယခု ပရမာအဏုမြူကြီးကို လက်တွေ့နည်းအနေနဲ့ ပြောရရင် ရုပ် ၈ ပါးလေးဟာ ပေါင်းစုံတဲ့အနေနဲ့ မရှိတော့ဘဲနဲ့ ပထဝီခဲတမ်းလေးတလုံးမှာကိုပင် အကြောင်းတရား ၄ ပါး၊ ပညတ် ၄ ပါး၊ မီးခဲတမ် ၄ ပါးတွေဟာ ထွက်ပေါ်နေပြီ၊ ဘယ်လိုမျိုး ထွက်နေသလဲဆိုတာကို သဘာဝတွေ လက်တွေ့နည်းတွေဖြင့်ရင် ရှာနိုင်ဘို့ရာ အခရေးကြီးပါတယ်၊ ဒီတော့ သမာဓိနဲ့ခဲ့လိုက်တဲ့ အခါမှာ အဲဒါ(ကုစ္ဆိတေ ပါပဓမ္မေ (လ) ကုသလာ)လို့ပြလာခဲ့သည့်အတိုင်း အကုသိုလ် တရားတွေကို ခွါရှဲပစ်နိုင်ပါတယ်၊ ဒီတော့ သမာဓိဆိုတဲ့ လက်နက်ကောင်းနဲ့ ခဲ့လိုက်ရင် ဝိညာဏမြူမှာရှိနေတဲ့ ကသိဏာ၂၁ဝဒ္ဓိကမာကာသဆိုတဲ့ နာမ်အာကာသ လေးဟာ ထွက်လာပါတယ်။

အရင်တုံးကတော့ မြူ ၄ ပါးနဲ့ခဲ့ပြီး အဲဒါ ပရမာအဏုမြူ လဲကျရော ရုပ်တရားနာမ်တရားဘက်ကို ကူးရှားသွားတော့တယ်၊ ယခုကျတော့ ပရမာအဏုမြူမှာတွင် မထားတော့ဘဲ တခါ ထပ်ပြီး သမာဓိနဲ့ ထပ်ခဲ့စိတ်လာပြန်တယ်၊ ဒီတော့ သမာဓိနဲ့ ခဲ့လိုက်တဲ့အခါမှာ ယခု ဘယ်လိုဖြစ်နေပြီလဲ၊ နေ့ခင်းက တရားကို ထပ်ပြီးဖေါ်ပြအုံးမယ်၊ သမာဓိနဲ့လဲခဲ့လိုက်ရော ပထဝီခဲတမ်းလေး

တလုံးမှာကို ပညတ် ၄ ပါး၊ အကြောင်းတရား ၄ ပါး၊ မီးခတ် ၄ ပါးတို့ဟာ ပေါ်ထွက်လာပြီ။

ဘယ်လိုပေါ်ထွက်လာသလဲ၊ အဲဒါ ဥတု ၃ ဖြာ၊အာဟာရ ၃ ဖြာ၊ စိတ် ၃ ဖြာ၊ ကံ ၃ ဖြာ၊ ပေါင်း ၁၄၄ ဒီဂရီပါဝါအား ရှိနေသေးတယ်၊ ဒါဟာ ပထဝီခတ် တပါးမှာရှိနေတဲ့ ပါဝါအားပါ၊ ဒီ ၁၄၄ ပါဝါအား ဇာတ်မသိမ်းသေးသမျှ ဒီနေရာမှာ သညာဝိညာဏ် လက်မောင်းတန်းနေအုံးမယ်၊ ဒါကြောင့် အနတ္တလို့ ပြောနေသော်လဲ ပါးစပ်ပြောသာရှိမှာဘဲ၊ တကဲ့အနတ္တခတ် အစစ် မဟုတ်သေးပါ၊ ဒီဂရီပါဝါအား ၁၄၄ ရှိနေသေးတာ သည်ပင် ငါမာနိုင်သေးတယ်၊ (၀၊) ပူနိုင်သေးတယ်ဆိုတဲ့ ဗျာပါဒအားလေးဟာ ရှိနေသေးတယ်၊ ဒီတော့ ဘုရားရှင်က "သဗ္ဗေ မမ္မာ အနတ္တာ" လို့ ဟောခဲ့တယ်မဟုတ်လား၊အခုတော့ ပထဝီခတ်လေးတလုံးမှာကို ဒီဂရီပါဝါအားဟာ ၁၄၄ ရှိနေသေးတယ်၊ ဒီသဘာဝတွေဟာ သန့်တလောကကြီးထဲမှာ ရှိနေသေးတယ်။

ဒီဟာတွေ သုဉ်းဆိုတ်သွားမှ အနတ္တခတ်အစစ်ကိုတွေ့မယ်၊ ဒီတော့ ဒီဂရီပါဝါအား ၁၄၄ ရှိတဲ့ ပထဝီခတ် သုဉ်းဆိတ်သွားအောင် ဘယ်လိုလုပ်မလဲ၊ ဒါကို စဉ်းစားပါ၊ ဒီတော့ ဗျောက်အိုးမျှား ဖေါက်သလို တခုစီ တခုစီကိုင်ပြီး ဖေါက်နိုင်လာရင် မာနိုင်တယ်ဆိုတဲ့ အတ္တလေးဟာ သုဉ်းဆိတ်ပြီးတော့ အနတ္တခတ်လေးကိုတွေ့လာတော့မယ်၊ ဒီတော့ပထဝီခတ်လေးတလုံးမှာကို ဒီဂရီပါဝါအား ၁၄၄ ရှိနေသေးရင် ခတ် ၉ ပါးမှာဆိုရင် ၁၂၉၆ ဒီဂရီပါဝါအား ရှိနေသေးတယ်မဟုတ်လား၊

ဒါတွေ ရှိနေသေးသမျှ အနဘွာဝတ် မဖြစ်သေးပါ၊ ဒါကြောင့် "ဝတ္ထုတ္ထော နာမ သဘာဝတ္ထော၊ သဘာဝတ္ထော နာမ သုညတဿော၊ သုညတဿော နာမ နိသတ္တော နိဇီဝေါ" ဆိုပြီး ပြလာပါတယ်။

အဲဒါ ဝတ်ဆိုတာဟာဘာလဲ သဘာဝ၊ သဘာဝဆိုတာဘာလဲ သုဉ်းဆိတ်တဲ့သဘော၊ သုဉ်းဆိတ်တဲ့သဘောဆိုတာဟာဘာလဲ သတ္တ, ဇီဝမှ ကင်းတဲ့သဘောပါ၊ ကိုင်း ဒါဖြင့်ရင် ယခု သုဉ်းဆိတ်ပြီလား မသုဉ်းဆိတ်သေးပါ၊ အဲဒါ ပထဝီဝတ်မှာကို ဒီဂရီပါဝါအား ၁၄၄ ရှိနေသေးတယ်၊ ဒါဖြင့်ရင် သုဉ်းဆိတ်အောင် ဘယ်လိုလုပ်မလဲ၊ ဒီတော့ မဟာသတိပဋ္ဌာန် ရုပ်နာမ်ထဲကို သွင်းလိုက်ပါ၊ အဲဒါ သုဉ်းဆိတ်အောင်လုပ်ပြီး ရုပ်နာမ်ထဲကို သွင်းရတော့မယ်၊ အဲဒါ "ပဋ္ဌိဿတိမဘ္ဘာယ အနိဿိတော စ ဝိဟရတိ၊ နစ ကိဉ္စိ လောကေ ဥပါဒိယတိ" ပဋ္ဌိဿတိမတ္တာယ၊ သတိ၏ပွားခြင်းအကျိုးငှါသာလျှင်။ အနိဿိတောစ၊ တဏှာဒိဋ္ဌိတို့ကို မမှီမှီ၍လည်း။ ဝိဟရတိ၊ ကမ္မဋ္ဌာန်းအာရုံ၌ မေ့လျော့၍နေ၏။ လောကေ၊ ဥပါဒါနက္ခန္ဓာဟူသော ပညတ်စဲ့လောက၌။ ကိဉ္စိ၊ တစုံတခုသော သဘောတရားကို မျှ။ နစဥပါဒိယတိ၊ မစွဲလမ်းလို့ဆိုပြီး ပြလာပါတယ်။

ယခုတော့ မသုဉ်းဆိတ်သေးလို့ ရုပ်နာမ်ကို မတွေ့သေးတာပါ၊ ဒီဘော့ ရုပ်နာမ်ကို တွေ့အောင်ရှာရမယ်၊ ဘယ်လိုရှာမလဲ ပြောပြမယ်၊ ဒီတော့ သွားတယ် သွားတယ်ဆိုပြီးတော့ ခြေဖဝါး ခြေထောက်ကြီးကို အားကိုးပြီးရှုနေရင် ဝိပဿနာ တရားထဲ ပြန်ကျသွားမယ်၊ စားတယ် စားတယ်လို့ရှုနေပြန်ရင်လဲ နောက်

ဆုံး သမထထဲမှာဘဲ တရဲလယ်လယ်နဲ့ဘဲ ဖြစ်နေအုံးမှာဘဲ၊ ယခု ဟောနေတာဟာ မဟာသတိပဋ္ဌာန် ရုပ်နာမ်ကိုမြင်စေလို၍ ဟောကြားနေတာပါ၊ ကိုင်း ဒီတော့ ခွဲလို့ရထားတဲ့ ပထဝီ ဓာတ်လေး တလုံးမှာကို ဘာတွေရှိနေသလဲ၊ ဥတု ၃ ဖြ၊ အာ ဟာရ ၃ ဖြ၊ စိတ် ၃ ဖြ၊ ကံ ၃ ဖြ ပါ၀ါအားတွေရှိနေသေးတယ်။

အဲဒါ မီးဓာတ် ၄ ပါး၊ ပညတ် ၄ ပါး၊ အကြောင်းတရား ၄ ပါးတွေ ရှိနေသေးတယ်၊ ဒီတော့ ပထဝီဓာတ်လေးမှာ ရှိနေ သေးတဲ့ဟာတွေကို စုံပေါင်းလိုက်ပါ၊ စုံပေါင်းပြီးတော့ရင် ဒီထဲမှာ ရုပ်တရားနာမ်တရားကို ခွဲပါ၊ ရုပ်နဲ့နာမ်ဆိုတာ ဘယ် ဟာကိုယူမလဲ၊ တကဲ့ကိုသဘာ၀ဥာဏ်တွေ ရှိလာရင် ရုပ်တရား နာမ်တရားတွေဟာ ဒီ သဘောပါဆိုတာကို တွေ့လာတော့မယ်၊ ဒီတော့ ဓမ္မစကြာ ပဋ္ဌိပတ် သာသနာပြု ရိုပ်သာကြီးမှာကို ဓမ္မ စကြာ, အနတ္တလက္ခဏသုတ်, မဟာသတိပဋ္ဌာန် တရားတွေရဲ့ သဘာ၀တွေကို သဘာ၀ဥာဏ်ကြီးတွေနဲ့ တကယ်ပိုင်လာရင် အဲဒါ တိက္ခ ဟာသ ဇ၀နဉဏ်ရဉာဏ်တွေဘဲ မဟုတ်လား။

ဒီတော့ ဒီဥာဏ်တွေနဲ့ ဒီ ပထဝီဓာတ်တလုံးမှာ ရှိနေတဲ့ သဘာ၀တွေကို အကုန်လုံးပေါင်းပြီး ရုပ်နဲ့နာမ် ခွဲစမ်းပါဆိုရင် ဘယ်လိုခွဲမလဲ၊ ဒီတော့ ရုပ်နာမ်တရားရှာဆိုရင် ဒီသဘာ၀တွေကို နားလည်ရင် ရှာလို့ရမယ်၊ အခုတော့ တ၀ါ၀င်လို့ တ၀ါကျတ် သော်လဲ အသိဥာဏ်ကြီးတွေ မပဋ္ဌင်လင်းဘဲ ထိုင်းမှိုင်းနေကြ သေးတယ်၊ ဒါဟာ သြကပ္ပနသဒ္ဓါတရားဖြင့်ရင် ပါရမီမျိုးစေ့ တွေကို တကယ်မလုပ်ကြသေးလို့ပါ၊ ပါရမီမျိုးတွေကို တကယ် အားထုတ်လာရင် တကယ်မြင်လာပါတော့မယ်။

ဒီတော့ ပထဝီဓာတ်တလုံးမှာကို မီးဓာတ် ၄ ပါး၊ ပညတ် ၄ ပါး၊ အကြောင်းတရား ၄ ပါးတို့ဟာ ရှိနေကြသေးတယ်၊ ဟိုတုံးကတော့ ဓာတ် ၄ ပါးမှာကို ပညတ်ရိပ် ၄ ပါးရှိတယ်ဆိုပြီး သညာဝိညာဏ်အနေနဲ့ ချလာခဲ့တယ်၊ အဲဒါ ပထဝီဓာတ်, နာမ ပညတ်၊ အာပေါဓာတ်, သင္ဘာနပညတ်၊ ဝါယောဓာတ်,သမ္ဘဝ ပညတ်၊ သန္ဓတိပညတ်, တေဇောဓာတ်ဆိုပြီး အဲဒါ သညာ ဝိညာဏ်အနေနဲ့ ချပြလာခဲ့ပါတယ်၊ ယခုတော့ ပထဝီဓာတ်လေး တလုံးမှာကို မီးဓာတ် ၄ ပါး၊ အကြောင်းတရား ၄ ပါး၊ ပညတ် ၄ ပါးတွေဟာ ရှိနေသေးတယ်၊ ဒါကို ထုတ်ပြစမ်းပါ၊ ဒုါကို မြင်စေလို၍ ယခု ဟောပြနေတာပါ။

ဒါကိုမြင်လိုက်ရင် ကလျာဏမျက်စေ့ ပေါက်ပါပြီ၊ ကိုင်း ရုပ်နာမ်ကို ရှာစမ်းပါ၊ အရင်က နာယူလာခဲ့တဲ့ အသိဉာဏ် တွေနဲ့ ရှာရမယ်၊ ဒီတော့ ပထဝီလေးတလုံးမှာကို ပညတ် ၄ ပါး၊ အကြောင်းတရား ၄ ပါး၊ ပညတ် ၄ ပါးတို့ဟာ ဘယ်အနေနဲ့ ရှိနေကြသလဲဆိုတာကို ပြောစမ်းပါ၊ တွေ့ပြီလား၊ မြင်ပြီလား၊ ဒီတော့ ပထဝီဓာတ်လေး တလုံးမှာကို နာမပညတ်, လက္ခဏ သဘော၊ သင္ဘာနပညတ်, ရသသဘော၊ သမ္ဘဝပညတ်, ပစ္စုပဋ္ဌာန်သဘော၊ သန္ဓတိပညတ်, ပဒဋ္ဌာန်သဘော ဆိုပြီးတော့ ပုံစံမှာပြထားပါတယ်၊ ဒါဟာ သဘာဝလေးတွေအနေနဲ့ ထုတ် ပြထားတာပါ။

ဒီတော့ ပထဝီဓာတ်လေးတလုံးမှာ နာမပညတ်လေးဟာ လက္ခဏသဘောအနေနဲ့ ဘယ်လိုထွက်နေသလဲ၊ သင္ဘာနပညတ်, ရသသဘော၊ သမ္ဘဝပညတ်, ပစ္စုပဋ္ဌာန်သဘော၊ သန္ဓတိပညတ်, ပဒဋ္ဌာန်သဘောတွေဟာ ဘယ်အနေနဲ့ ရှိနေကြသလဲ၊ ဒီတော့

အဲဒါ မေးလို့မရကြတော့ပါ၊ ဓမ္မစကြာ တရားတော်ကြီးကို ဝါတွင်း ၃ လ ပတ်လုံး နာကြားခဲ့ကြပြီးနောက် အနတ္တလက္ခဏာသုတ် တရားတော်ကြီးကိုလဲ ဝါတွင်း ၃ လ ပတ်လုံး နာကြားခဲ့ကြရပြီမဟုတ်လား၊ အဲဒီလိုနာကြားခဲ့လာရတဲ့ အသိဉာဏ်တွေနဲ့ ယခု ပထဝီဓာတ်မှာရှိနေတဲ့ ပညတ် ၄ ပါး၊ အကြောင်းတရား ၄ ပါး၊ မီးခတ် ၄ ပါးတို့ဟာ ဘယ်အနေနဲ့ ရှိသလဲဆိုတာကို ကြည့်ရင် တွေ့လာတော့မယ်။

ဒီတော့ ပထဝီဓာတ်မှာ ပညတ် ၄ ပါး၊ အကြောင်းတရား ၄ ပါး၊ မီးခတ် ၄ ပါးတွေဟာ ဘယ်သူက အရင်းခံလဲဆိုရင် ဘယ်လိုပြောမလဲ၊ ပြောပြမယ်၊ ပညတ် ၄ ပါးက အဖျားပါ၊ အကြောင်းတရား ၄ ပါးက အလယ်ကျပါတယ်၊ ဒါကအဘိဓမ္မာနည်းပါ၊ နောက်ဆုံး မီးခတ် ၄ ပါးက အရင်း၊ (ဝါ) အဆုံးကျပါတယ်၊ ဒါက သုတ္တန်နည်းပါ၊ ဒါဟာ ဓမ္မာစရိယတွေ အတွက် ပြောလိုက်တာပါ၊ အဲဒါ ကမ္မဋ္ဌာန်းတိုက်ရောက်သွားရင် အပြန်ပြန် အလှန်လှန် စဉ်းစားပါ၊ ဒီတော့ ပညတ် ၄ ပါးကို ဖြေတော့မယ်ဆိုတာနဲ့ အကြောင်းတရား ၄ ပါးကို မျက်စောင်းထိုးကြည့်ပါ၊ ဒီတော့မှ အကြောင်းတရားရဲ့ သဘာဝလေးတွေ ထွက်လာပါလိမ့်မယ်။

ဒါကို ဟုတ်မဟုတ် မီးခတ် ၄ ပါးနဲ့ လိုက်ဖမ်းကြည့်ပါ၊ ဒီလိုကြည့်လာမှ ပထဝီဓာတ်မှာ နာမပညတ်ဟာ ဒီသဘောပါဘုရားလို့ ဖြေပါ၊ ဒီတော့မှ ဖြေနိုင်လာမယ်၊ အဲဒါ တကဲ့ကိုထက်မြက်တဲ့ဉာဏ်တွေနဲ့ တွေ့မြင်ရမယ်၊ ဒီတော့ ကိုယ်ပိုင်ဉာဏ်ကြီးတွေနဲ့ အားလုံးလွှကြီးတွေ မေ့မြှုရတော့မယ်၊ ဒီ မဟာသတိပဋ္ဌာန်တရားကြီးဟာ သည်ဝိညာဏ်တွေ ပြတ်ပြီးတော့မှ ဝင်လို့ရမယ်၊

ဒါမှ ပရမတ်ရုပ်နာမ်ကို တွေ့မယ်၊ ဒီ ရုပ်နာမ်ကိုမှ မတွေ့ရင် ဝိပဿနာရုပ်နာမ်တွေနဲ့ဘဲ အချိန်ကုန်နေကြမှာဘဲ။

ဝိပဿနာရုပ်နာမ်ဟာ ပြောလို့မဆုံးပါ၊ ဘာကြောင့်လဲ နာမရူပပရိစ္ဆေဒဉာဏ်က ရုပ်နာမ်,ပစ္စယပရိဂ္ဂဟဉာဏ်က ရုပ်နာမ်စသည်ဖြင့် အဆင့်ဆင့်တက်ပြီး နောက်ဆုံး သင်္ခါရုပေက္ခာဉာဏ်လဲ ရောက်လာရော ရှေ့ကိုမတက်နိုင်တော့ဘဲ အောက်ကို ပြန်ကျလာပြန်တယ်၊ ဒါဟာ ဘာကြောင့် ပြန်ကျလာရတာလဲဆိုရင် သညာဝိညာဏ်ရိပ်မကင်းတဲ့ ရုပ်နာမ်တွေ ဖြစ်နေလို့ပါ၊ ဒီရုပ်နာမ်လေးတွေကို တွေ့လာရင်ဘဲ ပဌဝီဓာတ်တလုံးမှာကို ပညတ် ၄ ပါး၊ အခြောင်းတရား ၄ ပါး၊ မီးခဲတ် ၄ ပါးတွေကို တွေ့လာတော့မယ်။

ကိုင်း တင်ဆက်ပြမယ်၊ ပရိပါစကမီးခဲတ်ဟာ ချက်တိုင်မှာ ရှိနေတယ်၊ ဥသမမီးခဲတ်က နှလုံးအိမ်ရင်ချိုင့်မှာ၊ သန္ဓပ္ပနမီးခဲတ်က ငယ်ထိပ်ဦးကျောက်မှာ၊ ဒဟမီးခဲတ်က နှာသီးဖျားနဲ့နှုတ်ခမ်းများအရပ်မှာ ရှိနေကြတယ်၊ ဒီတော့ ပရိပါစကမီးခဲတ်ရဲ့သဘာဝလေးဟာ ဘယ်အနေနဲ့ရှိသလဲ ဆိုတာကို ထပ်စစ်ပါ၊ ခမ္ဘာစကြာတရားတော်ကြီးမှာ ဘယ်လိုပြထားသလဲ၊ ဒီ မီးခဲတ် ၄ ပါးကို ဒုက္ခ ၄ ချက်ဆိုပြီး ဟောကြားထားတယ် မဟုတ်လား၊ ဒီတော့ ဒုက္ခ ၄ ချက်ကို ထပ်ဖြင့်ရင် ဇာတိဒုက္ခ ပြုပြင်ခြင်းသဘော၊ အဲဒါ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ ပြုပြင်နေတဲ့သဘောဟာ ဇာတိဒုက္ခပါ၊ ဒါက ပရိပါစကမီးခဲတ်ပါ။

နောက် ဇရာဒုက္ခ နှိပ်စက်တဲ့သဘော၊ ဥသမမီးခဲတ်၊ ဗျာဓိဒုက္ခ ပူပန်တဲ့သဘော၊ သန္ဓပ္ပနမီးခဲတ်၊ မရဏဒုက္ခ ဖေါက်ပြန်

ပျက်စီးတဲ့သဘော၊ ဒဟမီးခတ်ဆိုပြီးပြလာပါတယ်၊ ဒီ မီးခတ် ၄ ပါးကို အခြေခံထားပြီးတော့မှ ဒုက္ခ ၄ ချက်ကို ဖွင့်ပြလာတာပါ၊ ဒါကြောင့် "ဒုက္ခမေဝ ဟိ တိဋ္ဌတိ၊ ဒုက္ခမေဝ ဟိ သမ္ဘောတိ" လို့ပြလာတာပါ၊ ဒါကို သစ္စာတရားထဲထည့်ရင် ဒုက္ခသစ္စာပါ၊ ဒီတော့ ပထဝီခတ်မှာရှိနေတဲ့ မီးခတ် ၄ ပါးသည်ပင် ဒုက္ခ ၄ ချက်ကိုမြင်အောင်လို့ ပြလာတာပါ၊ ဒီ ဒုက္ခ ၄ ချက်သည်ပင် ပညတ် ၄ ပါးပါ ဒီ ဒုက္ခ ၄ ချက်သည်ပင် အကြောင်းတရား ၄ ပါးဆိုပြီး ချလာတာဘဲ မဟုတ်လား။

ဒါကြောင့် သတ္တဝါတွေမှာ ဒုက္ခတရားသာလျှင် အကြောင်းရင်းရှိတယ်၊ (ဝါ) အရင်းခံရှိတယ်၊ ဒါကြောင့် ဓမ္မစကြာတရားတော်ကြီးမှာ ဒုက္ခကို မူတည်ပြီး ပြလာတာပါ၊ (ဒုက္ခသစ္စာအကြောင်း အကျယ်သိလိုမှု ဓမ္မစကြာအဖွင့်ကျမ်းဌ ရှုကြပါကုန်) ဒီ သဘာဝတွေကို သိလာရင်ဘဲ ရှေ့ကိုတက်လို့ရသွားပြီ၊ ဒီတော့ ဒုက္ခတရားကနေပြီးတော့ ထွက်လာတဲ့ရုပ်နာမ်မှ ဒီ မဟာသတိပဋ္ဌာန်တရားကြီးက လက္ခဏာမယ်ဆိုတာကို မှတ်ယူထားပါ။

ကိုင်း....သာဓုခေါ်ကြပါတော့။

သာဓု–သာဓု–သာဓု။

ဝါဆိုလဆုတ် ၁၁–ရက်နေ့ ဟောစဉ်။

ပုံစံနံပါတ်(၅)

မဟာသတိပဋ္ဌာန် တရားတော်ကြီးကနေပြီး ရုပ်နာမ်ရှာတဲ့အခါမှာ ပညာကနေ ထုတ်လာတဲ့ ရုပ်နာမ်ဖြစ်ခြင်းကြောင့် အင်မတန်မှ သိမ်မွေ့လှပါတယ်၊ ဝိပဿနာ ရုပ် နာမ် တွေက သညာဝိညာဏ် မကင်းတဲ့အတွက် ဒီ မဟာသတိပဋ္ဌာန် တရားတော်ကြီးက လက်မခံပါ၊ အဲဒါ ပါရမီလုပ်ငန်းစဉ်တွေပါ ပြည့်စုံလာမှ ဟောကြားသူရော နာကြားသူပါ အန္တရာယ်ကင်းရှင်းလာနိုင်ပါတယ်၊ အခု ရုပ်နာမ်ပေါ်တယ်ဆိုတာနဲ့ အကုန်လုံး ခွဲခြမ်းလိုက်ပြီ၊ ပဋ္ဌမ မဟာသတိပဋ္ဌာန်တရားတော်ကြီးကို ဖွင့်ပြီဆိုတာနဲ့ ပေါသော–ဥစ္စာစည်းစိမ် ဂုဏ်သိမ်မြင့်မြတ် ယောကျ်ားကောင်း ယောကျ်ားမြတ်သည်–ဆိုပြီး စလာပါတယ်။

ဒီတော့ ဘယ်လောက်တောင် သိမ်မွေ့လာသလဲဆိုရင် ပထဝီဓာတ်လေးမှာကို ရှိနေတဲ့ ပညတ် ၄ ပါး၊ မီးခဲတ် ၄ ပါး၊ အကြောင်းတရား ၄ ပါးတွေကို လိုက်ရှာနေရပြီဘဲ မဟုတ်လား၊ ဒီတော့ လောကကြီးတည်လာတယ် ဆိုကထဲက ဒုက္ခလို့ ဖြစ်လာတာဘာ ဒီ မီးခဲတ်တွေကနေပြီး ဖြစ်လာတာတွေဘဲ မဟုတ်လား၊ ဒါဖြင့်ရင် ပထဝီခဲတ်မှာ မီးခဲတ် ၄ ပါး၊ ပညတ် ၄ ပါး၊ အကြောင်းတရား ၄ ပါးတွေ ဘယ်အနေနဲ့ရှိနေသလဲ၊ ဒါဟာ လက်တွေ့နည်းပါ၊ ညကနှိုက်ပြလိုက်တာက သဘာဝနည်းပါ၊ ဒီတော့ လောကကြီးဟာ ဒုက္ခကြီး ၄ ချက်ကနေပြီး မူတည်ထားတာပါ၊ ဒီ ဒုက္ခကြီး ၄ ချက်ဟာလဲ မီးခဲတ်ကြီး ၄ ပါးကနေ ထုတ်လာတာပါ။

ပရိပါစက မီးခေါတ်ဟာ ဇာတိဒုက္ခပါ၊ ဒါဟာ ပြုပြင်တဲ့သဘောပါ၊ ဥသမမီးခေါတ်ကျတော့ ဇရာဒုက္ခပါ၊ ဒါကနှိပ်စက်တဲ့သဘောတွေပါ၊ သန္တပ္ပနမီးခေါတ်ကျတော့ ဗျာဓိဒုက္ခ၊ ပူပန်တဲ့ဒုက္ခပါ၊ နောက်ဆုံး ဒဟမီးခေါတ်ကျတော့ မရဏဒုက္ခ ဖေါက်ပြန်ပျက်စီးတဲ့ သဘောပါ၊ ဒီ မီးခေါတ်တွေကနေပြီးတော့ ပညတ် ၄ ပါးတွေ ထွက်လာတယ်၊ ဒီတော့ မီးခေါတ် ၄ ပါးကြောင့် ဒုက္ခ ၄ ချက်ပေါ်နေပြီ၊ ဒီတော့ ပထဝီခေါတ်ရဲ့ သဘာဝမှာ အဲဒါ အကြောင်းတရား ၄ ပါး၊ ပညတ် ၄ ပါး၊ မီးခေါတ်၄ပါးတွေကို ဝေဘန်လိုက်တဲ့အခါမှာ မီးခေါတ် ၄ ပါးကြောင့် ဒုက္ခ ၄ ချက်ပေါ်လာတယ်၊ ဒါကို ပညတ် ၄ ပါးလို့လဲ ယူနိုင်ပါတယ်၊ ဒုဟာ သဘာဝနည်းလို့ခေါ်တယ်။

လက်တွေ့နည်းအနေနဲ့ ပြောပြမယ်၊ ဒါကိုနားလည်ဘို့ရာ အင်မတန်မှ ခဲယဉ်းလှပါတယ်၊ ဒီတော့ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ လျှပ်စစ် မိုဃ်းကြိုးခေါတ်ကြီးဟာ ဘယ်မှာရှိနေသလဲ၊ ဒါကို ပြောရင် သွေး, သည်းခြေ, လေ, သလိပ်, အပုတ် ဒီ ၅ ခုကို ထုတ်လာရပါတယ်၊ ဒီတော့ သွေးဆိုတဲ့ဟာကိုဘဲဖေါ်ရင် ဘယ်လိုဖေါ်မလဲ၊ ဟောတဲ့ပုဂ္ဂိုလ်ကမေတာ့ ဆီလျော်အောင်သာ ဟောသွားမှာဘဲ၊ ဒီတော့ မီးခေါတ် ၄ ပါးနဲ့ ပညတ် ၄ ပါး ချကြည့်စမ်းပါ၊ ဒါကို သညာဝိညာဏ်နဲ့ချကြည့်ရင် ပရိပါစက မီးခေါတ်, သန္တတပညတ်၊ ဥသမမီးခေါတ်, သမ္ဘဝပညတ်၊ သန္တပ္ပနမီးခေါတ်, သဏ္ဌာနပညတ်၊ ဒဟမီးခေါတ်, နာမပညတ်၊ ကိုင်းဒါကို ပြန်စဉ်းစားပါ။

ဒဟမီးခေါတ်က နာမပညတ် ဘယ်လိုထွက်လာသလဲ ?

ဒီတော့ သူ့မှာ ဥတုအကြောင်းကို မျက်စောင်းထိုးရတော့မယ်၊ ဒါကို လက်တွေ့နည်းလို့ခေါ်တယ်၊ ဒီ အထိ အသေးစိတ်

မြင်လာရင်ဘဲ ရူပ်ဘရားနာမ်တရားဟာ ရှာလို့လွယ်လာပါပြီ၊ ဘယ်လောက်ပင်သိမ်မွေ့သော်လဲ နည်းမျိုးစုံနဲ့ ဝင်နိုင်ပါပြီ၊ တနေ့ မိတော့မယ်၊ နာမပညတ်ဟာ ဒဟမီးဓာတ်က ထုတ်လာတယ်ဆိုတာ နာမပညတ်ပေါ်တော့မယ်ဆိုတာနဲ့ ဒဟမီးဓာတ်ကြီးက လောင်မြိုက်ပေးလာရာဘယ်၊ ဒဟမီးဓာတ်လောင်မြိုက်တိုင်း ခန္ဓာကိုယ်ကြီးမှာ လောင်မြိုက်ဘိုင်း ပရိပါစကမီးခဲတာနဲ့ ဥသမမီးခဲတာတွေ့ မရှိတော့ဘူးလို့ သွားမယ်ဟုပါနဲ့။

ဥပမာ...လောင်းရိပ်ကျနေတဲ့ သစ်ပင်လေးတွေဟာ ဒဟမီးဓာတ် လောင်မြိုက်နဲ့လာခဲတော့ရင် စတုသမုဋ္ဌာန်ကရူပ်တွေဟာ မဖြစ်တော့ပါ၊ ဒဟမီးဓာတ်လောင်လာမှ စတုသမုဋ္ဌာန်ကရူပ်တွေဟာ ဖြစ်စေလာတယ်၊ ဒါကြောင့် ဒဟမီးဓာတ် လောင်မြိုက်လာမှ ရူပ်သစ်နာမ်သစ်လေးတွေ ဖြစ်လာတယ်လို့ယူပါ၊ ဒီတော့ ဒဟမီးဓာတ်မလောင်ရင်ဘဲ ရူပ်သစ်နာမ်သစ်တွေဟာ မပေါ်တော့ဘဲ ငုပ်နေတယ်၊ ဒဟမီးဓာတ် အလောင်များလာရင်လဲ အသက်တိုတတ်ပါတယ်၊ဒါကြောင့် ပါရာဒီကဏ်ပါဠိတော်ကြီး၏ သုက္ကဝိသဒ္ဓိ သိက္ခာပုဒ်တော်မှာ သုက်ကိုခွဲပြီး ပြုလာပါတယ်၊ သုက်ဆယ်မျိုးဆိုပြီး စက်လှည့်ပြီး ဘုရားရှင်က ပြုလာတယ် မဟုတ်လား၊ ဒါဟာ ဒဟမီးဓာတ်တောက်လောင်တာကို ပြုလာတာပါ၊ ဒါကိုပြန်ပြီးရှုပါ။

ဒီတော့ ဒဟမီးမာတ်ကို အကျယ်ချဲ့ရင် အဲဒါ ကောက်ရိုးများကို မီးရို့တဲ့အခါမှာ တောက်လာတဲ့မီးမျိုးကိုလဲ ဒဟမီးဓာတ်လို့ခေါ်တယ်၊ နောက်လျှပ်စစ်လျှပ်ပန်းပြက်သလို တောက်လာတဲ့မီးကိုလဲ ဒဟမီးဓာတ်လို့ဘဲခေါ်တယ်၊ နောက် မိုးယိမ်းကြိုးစက်ကြိုးတွေကျလာတဲ့အခါမှာ ပါလာတဲ့မီးဓာတ်မျိုးကိုလဲ ဒဟမီးဓာတ်လို့ခေါ်တယ်။

ဒီ မီးခဝါတ်တွေထဲမှာ ကောက်ရိုးများက တောက်လာတဲ့ မီးခတ်မျိုးကျတော့ ဣန္ဒြေမရှိတဲ့ ခန္ဓာကိုယ်ရဲ့ အခြားမဲ့မှာ (၀၊) အပြင်မှာရှိတဲ့ မီးခတ်မျိုးပါ၊ ဒါကိုမယူပါနဲ့၊ ဒီနေရာမှာ လျှပ်စစ်ပြက်တဲ့ ဒဟမီးခတ်နဲ့ မိုးယိမ်းကြိုးစက်ကြီးမှာ တောက်လာမှ ရုပ်သစ် နာမ်သစ်တွေ ဖြစ်လာတယ်လို့ ယူပါ၊ ဒါကြောင့် ဒီ မီးခတ်တွေ ‌တောက်လာအောင် လုပ်ပေးရမယ်၊ ဒဟမီးခတ်တောက်လာအောင် ဘယ်လိုလုပ်ပေးရမလဲ ဆိုတာကို နောက် အလျှင်းသင့်မှာဘဲ ပြောပြပါမယ်။

ကိုယ်ရဲ့ခန္ဓာကိုယ်ကြီးမှာ ဒဟမီးခတ် တောက်လိုက်မှ ရုပ်သစ် နာမ်သစ်လေးတွေ ထွက်လာတယ်၊ မတောက်သေးရင် နာမ ပညတ်ပေါ်လို့မရပါ၊ ဒီ ဒဟမီးခတ်ဟာ ဥတုဇရုပ်ကို ဖြစ်စေနိုင်တယ်၊ သန္တာပဂုနမီးခတ်ကျတော့ အာဟာရကြောင့် ဖြစ်လာတဲ့ရုပ်တွေကို ဖြစ်စေနိုင်တယ်၊ ဥသမမီးခတ်ကျတော့ စိတ်ကြောင့် ဖြစ်လာတဲ့ရုပ်တွေကို ဖြစ်စေနိုင်တယ်၊ နောက်ဆုံး ပရိပါစကမီးခတ်ကျတော့ ကံကြောင့်ဖြစ်လာတဲ့ရုပ်တွေကို ဖြစ်စေနိုင်လာပါတယ်။

ဥပမာ ... တေမိမင်းသားကိုဘဲ ပြန်ကြည့်ပါ၊ သူရဲ့ခမည်းတော် မယ်တော်နှင့် တိုင်းသူပြည်သားတွေကို တရားဟောတော့ မယ်ဆိုတော့ အဲ့ဒါ ကျောင်းသင်္ဘမ်းတွေ လိုလာတယ်၊ ဒီတော့ သိကြားမင်းက သိဘဲ့အခါမှာ ဝိသကြုံနတ်သားကို သွားပြီး ဖန်ဆင်းခိုင်းတယ်၊ ဒီတော့ ၄ သခေါ်နှင့်ကမ္ဘာတသိန်း ပါရမီ ဖြည့်ခဲ့တဲ့ အလောင်းတော် တေမိမင်းရဲ့ ပါရမီတော်ဘေုကလဲ ပါလာပြီ၊ ဒါက ကံအကြောင်း ပြည့်စုံတယ်လို့ ယူပါ၊ နောက် ဝိသကြုံနတ်သားရဲ့ ဖန်ဆင်းတဲ့ စိတ်ဝိညာဏ်ကလဲ ပါလာပြီ၊

သို့သော်လဲ ကျောင်းသခ်မ်းတွေဟာ မထင်ရှားသေးပါ၊ ၅ ပါး သော ပဿာဒတွေနဲ့ စမ်းသပ်လို့မရသေးပါ၊ စိတ်ဝိညာဏ်ဖြင့် သာ စမ်းသပ်လို့ရသေးတယ်၊ ထင်ရှားလာအောင် အာဟာရ အကြောင်းကလဲ ဝင်ထောက်ပံ့လိုက်ရော ၅ ပါးသော အကြည် ဓာတ်ဘွဲနဲ့ စမ်းသင်လို့ရလာပြီ၊ သို့သော်လဲ ဒီ ကျောင်းသခ်မ်း ပေါ်သို့ တက်လို့မရသေးပါ၊ နောက်ဆုံး ဥတုအကြောင်းကလဲ ဝင်ထောက်ပံ့လိုက်ရော ဒီ ကျောင်းသန်မ်းပေါ်သို့ တက်နေလို့ ရတော့တာပဲ။

အဲဒါလို အကြောင်းတရား ၄ ပါး ညီညွတ်လာရင်ဘဲ သင်္ခ တလောကကြီးမှာ ဥတုပြဋ္ဌာန်းပြီး ပေါ်လာတော့တယ်၊ ဒါဟာ ဒဟမီးဓာတ် လောင်မြိုက်လာမှ ဥတုအကြောင်းပြည့်စုံလာတော့ တယ်၊ ဒီတော့မှ နာမပညတ်ဟာ ပေါ်လို့ ရလာတာပါ၊ ဥပမာ လာက်ရေပုံကမှာ ဒဟမီးဓာတ် လောင်မြိုက်လာတယ်၊ ဒါဟာ အပူအဒေတွေနဲ့ လောင်မြိုက်လာတာပါ၊ လောင်မြိုက်လာတာနဲ့ နာမပညတ်ဟာ ပေါ်လာတော့တာဘဲ၊ ဒီတော့ လာက်ရေပုံ လေးဟာ သခ္ခ်တလောကကြီးမှာ အပျက်လောကကြီးအနေနဲ့ ဖြစ်နေပြီ။

ဒီတော့ နာမပညတ်လေး ကြပ်ကြပ်ပေါ်လာရင်ဘဲ ဒဟမီး ဓာတ်ကြီးဝင်ပြီး နောက်ဆုံးမှာ ပျက်စီးသွားတော့မယ်၊ ဒါကို ကြပ်ကြပ်မှတ်ထားပါ သူ့သဘာဝအတိုင်း နာမည်ကြီ လာရင် သက်သာသေးတယ်၊ အဲဒါ သဘာဝမပါဘဲနဲ့ နာမည်ကြီးလာ ရင်ဘဲ နောက်ဆုံး အသက်ခန္ဓာကြွေတဲ့အထိ ပျက်စီးလာတော့ မယ်၊ ဒါကြောင့် ဘာကိုဘဲလုပ်လုပ် နာမည်မကြီးပါစေနဲ့လို့ သတိပေးလိုက်ပါတယ်၊ ဒီ သဘာဝကနေပြီး ထုတ်ကြည့်ပါအုံး။

ဒီတော့ နာမပညတ်ဟာ ဒဟမီးခေတ်ကြီးကနေပြီး ထွက်လာတာဟာ ဥတုအကြောင်းကိုမှီပြီးမှ ထွက်လာရတာပါ၊ နောက် သန္ဓပွနမီးခေတ်ကလဲ သဏ္ဌာနပညတ် ထွက်လာတာဟာ အာဟာရအကြောင်းကိုမှီပြီးမှ ထွက်လာတာပါ၊ ဒီ သဏ္ဌာနပညတ်ကို ပြောပြဦးမယ်၊ သညာဝိညာဏ်နယ်ကနေပြီးယူတာကျတော့ "အတို အရှည် အပု အဝိုင်း" စသည်ဖြင့် ယူလာကြပါတယ်၊ ပညာနယ်ကနေပြီး သူရဲ့သဘာဝကိုကြည့်ရင် အဲဒါ အမှုအယာ လေးမျှသာ ရှိပါတယ်။

ဒနောက်တခါ သူ့ထက်သိမ်မွေ့တာကို ပြောပါဆိုရင် အဲဒါ တည်ပေးတဲ့ သဘောလေးပါ၊ အခု ဒီနေရာမှာ တည်ပေးတဲ့ သဘောလေးကိုသာ သဏ္ဌာနပညတ်လို့ယူပါ၊ ဒါဟာ ဒဟမီးခေတ် အကျိုးထင်အောင် သန္ဓပွနမီးခေတ်က လောင်မြိုက်ပေးလိုက်တာပါ၊ ပညာအနေနဲ့ပြောမယ်ဆိုရင် ဒဟမီးခေတ်အကျိုးထင်အောင် သန္ဓပွနမီးခေတ်က တည်ပေးတဲ့ သဘောလေးပါ၊ ဒါဟာ ထောက်ပံ့ပေးလိုက်တာဘဲ မဟုတ်လား။

ဒီတော့ ဖျားနာနေတဲ့အခါမှာ အပူခေတ်တွေဟာ ဘယ်ရောက်နေသလဲ၊ သွေး, သည်းခြေ, လေ, သလိပ်ထဲကို ရောက်နေတယ်၊ ဒီလိုရောက်နေတာသည်ပင် သဏ္ဌာနပညတ် တည်ပေးလိုက်တဲ့ သဘောလေးဘဲ မဟုတ်လား၊ ဒီဇတော့ လူမှာပရိပါစကမီးခေတ်နဲ့ ဥသမမီးခေတ်တို့ဟာ အရေးပါတယ်၊ လူသေတယ်ဆိုတာ ဒီမီးခေတ် ၂ ပါး ချုပ်သွားရမယ်၊ ပဋ္ဌိသန္ဓေဝိပါက်ဝိညာဏ်ကလဲချုပ်ရမယ်၊ ဒီ ၃ ပါးချုပ်လာမှ လူသေတယ်လို့ ခေါ်တာပါ၊ ဒီမီးခေတ် ၂ ပါးက ခန္ဓာကိုယ်ကြီးကို စောင့်

ရှောက်နေတယ်၊ ဥသမမီးခေါတ်က သမ္မာဟပညတ် စိတ်အကြောင်း ပါ၊ ပရိပါစကမီးခေါတ်ကျတော့ ကျန်တဲ့မီးခေါတ် ၃ ပါးကို အားပေးနေတဲ့ သန္ဓတိပညတ်သဘောပါ။

ဒီတော့ ဥသမမီးခေါတ်ကနေပြီး သမ္မာဟပညတ် ထွက်နေတာ ပါ၊ ဘာကြောင့်လဲ အဲဒါ ဝါယောနဲ့ တေဇော အညီအညွတ် ဖြစ်ပြီး သဘာဝဖြစ်နေတာကို ဥသမမီးခေါတ်လို့ ခေါ်တာပါ၊ ဒါဟာ သဘာဝနည်းဖြင့် တေဇောခေါတ်ကိုမူထားပြီး ပြောနေ တာပါ၊ ဒီတော့ တေဇောခေါတ် ၄ ပါးလုံး သဘာဝကိုင်လိုက်ရင် ပထဝီခေါတ်မှာပေါ်လာပြီ၊ ဒီတော့ ပညတ် ၄ ပါး ဘယ်ကပေါ် လာသလဲ၊အကြောင်းတရား ၄ ပါးကပေါ်လာတယ် အကြောင်း တရား ၄ ပါး ဘယ်ကပေါ်လာသလဲ၊ မီးခေါတ် ၄ ပါးက ပေါ် လာတယ်။

မီးခေါတ် ၄ ပါး ဘယ်ကပေါ်လာသလဲဆိုရင် ဒုက္ခ ၄ ချက်က ပေါ်လာတယ်လို့ ပြောလို့မရတော့ပါ၊ ဘာကြောင့်လဲ ဒုက္ခ ၄ ချက်ဟာ မီးခေါတ် ၄ ပါးရဲ့အကျိုးတရားပါ၊ ကိုင်း ဒီတော့ မီးခေါတ် ၄ ပါး ဘယ်ကပေါ်လာသလဲဆိုတာကို စဉ်းစားပါ၊ ဒါကို စဉ်းစားမိရင် နက်ဖြန် သတိပဋ္ဌာန် ရုပ်နာမ်ကို ဖေါ်ရ တော့မယ်။

ဒီတော့ တရားပိုင်တဲ့ဆရာသွားကြီးတွေက လက်တွေ့အနေနဲ့ တရားပေးတဲ့အခါမှာ လဘက်ရေအိုးကိုတည်လို့ ရေနွေးဆူလာ တဲ့အခါမှာ ဒီမှာသတိပဋ္ဌာန်ရုပ်နာမ်ကို မြင်အောင်ရှုဆိုပြီးတော့ ရှုခိုင်းလာတယ်၊ (၀၊) တရားပေးလာတယ်၊ ဒါဟာ သဘာ၀ လေးတွေဘဲ မဟုတ်လား၊ ဒါ ပညာရဲ့သဘောပါ၊ သညာ

ဝိညာဏ်နဲ့ ပြောမယ်ဆိုရင် ဘယ်မှာဆုံးတော့မှာလဲ၊ ဒါကြောင့် ပညာအနေနဲ့ ပြောရရင်....

ပညတ် ၄ ပါး ဘယ်ကပေါ်လာသလဲ၊ အကြောင်းတရား ၄ ပါးက ပေါ်လာတယ်၊ အကြောင်းတရား ၄ ပါး ဘယ်က ပေါ်လာသလဲ၊ မီးခိုတ် ၄ ပါးက ပေါ်လာတယ်၊ မီးခိုတ် ၄ ပါး ဘယ်ကပေါ်လာသလဲ၊ ဒါကိုစဉ်းစားပါ၊ ယခု ဒီ ကဏ္ဍကတော့ ပထဝီခိုတ်လေးတလုံးမှာ ပညတ် ၄ ပါး၊ အကြောင်းတရား ၄ ပါး၊ မီးခိုတ် ၄ ပါးတွေကိုခွဲစိတ်ပြီး ရှေ့ကို ရုပ်နာမ် ရှာရတော့မယ်၊အဲဒါ သတိပဋ္ဌာန်ရုပ်နာမ်ကြီးကို ရှာရတော့မယ်။

ဒီတော့ ဘာကိုသိထားရမလဲ ? " လက္ခဏရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန နာမရူပပရိစ္ဆေဒေ ဒိဋ္ဌိဝိသုဒ္ဓိနာမ " လို့ ဝိသုဒ္ဓိမဂ် အဋ္ဌသာလိနီအဋ္ဌကထာကြီးတွေက ပြလာတဲ့အတိုင်း ဒါနဲ့ ချေရတော့မယ်၊ ဒါကြောင့် လက္ခဏ,ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ကို နားလည်ထားရမယ်၊ ဒါမှ မဟာသတိပဋ္ဌာန် ရုပ်နာမ်ကို တွေ့တော့မယ်။

ဒီတော့ သဘာဝရုပ်တွေကို ရှာတဲ့အခါမှာ ဒီ ဌာန် ၄ ချက်နဲ့ ပေါက်ရှာရတော့မှာဘဲ မဟုတ်လား၊ ဒါဟာ ပရမတ်ရုပ်နာမ်ကို ရှာတဲ့ဟာပါ၊ ယခု ပြောလိုတာက ပရမတ်ရုပ်နာမ်ကို ရှာတဲ့အခါမှာ အဲဒါ သညာဝိညာဏ်ရိပ်က လိုက်လာတော့မယ်၊ ဒီတော့မှ သညာဝိညာဏ်ရိပ်ကို ဒဟမီးခိုတ်က ဖျက်ရတော့မယ်၊ ဒါကြောင့် ဒဟမီးခိုတ် တောက်တာလေးကို အရင်ကြည့်ရမယ်၊ မီးခိုတ်တောက်လိုက်လို့ ပျက်သွားမှ သဘာဝကို ထုတ်ယူရမယ်။

ဒီတော့ ခွဲလိုက်တဲ့အခါမှာ သညာဝိညာဏ်အနေနဲ့ နာမနဲ့ သဏ္ဌာနပညတ်ကို မျက်ခြေမပြတ်စေနဲ့၊ ဒီ ပညတ်ရိပ်တွေ သုဉ်းဆိုတ်ကာနဲ့ ပရမတ်ရုပ်နာမ်ကို လာတွေ့တာဘဲ၊ ဒီဘော့ ပဿဒ္ဓိခေတ်မှာကို ပညတ်ရိပ် ၄ ပါး၊ အကြောင်းတရား ၄ ပါး၊ မီးခေတ် ၄ ပါးဘဏ္ဍာကို ဘာကြောင့်ပြရသလဲဆိုရင် ရှေ့ပရမတ်ရုပ်နာမ်ကို ရှာဘဲ့အခါမှာ ဆွဲနိုင်အောင်လို့ပါ။

ဒီတော့ တရားရှာတဲ့ ပုဂ္ဂိုလ်တိုင်းမှာ ပရမတ်ရုပ်နာမ်ကို ရှာကြတာပါဘဲ၊ ဒါပေမဲ့ မဆွဲနိုင်ကြလို့သာ အဲဒါ မသိတာရုပ်, သိတာ နာမ်–ဆိုတဲ့အထဲ ရောက်နေကြတာပါ၊ ဒီခေတ့် လက္ခဏာနဲ့ ရသဆိုတာနဲ့ ယခု ရှာတော့မယ်၊ ဒီတော့ ရှေးရှုထင်တဲ့သဘောကို ပုတ်ထုတ်လာတယ်၊ ဘာကြောင့်ပုတ်ထုတ်လာသလဲဆိုတော့ ပြောပြမယ်၊ "ပထဝီခေတ့ ကက္ခဋတ္တလက္ခဏာ" ပထဝီခေတ်ဟာ ကြမ်းတန်းခက်တရော်ခြင်းလျှင် လက္ခဏာရှိတယ်၊ နောက် "ပတိဋ္ဌိတရသာ" တည်ခြင်း ကိစ္စရှိဘယ်၊ "သမ္ဘဋ္ဌိစ္ဆနပစ္စုပဋ္ဌာနာ"ခံလင့်သကဲ့သို့သော အခြင်းအရာရှိတယ်၊ "သေသခေတ္တပဒဋ္ဌာနာ" ကျန်သောခေတ် ၃ ပါးလျှင် နီးစွာသော အကြောင်းရှိတယ်။

ဒီခေတ့ ပထဝီခေတ်တလုံးကို ရှာမယ်ဆိုရင် " သမ္ဘဋ္ဌိစ္ဆနပစ္စုပဋ္ဌာနာ " ခံလင့်တဲ့အခြင်းအရာ ရှိတယ်လို့ မဆိုဘဲနဲ့ ခံလင့်သကဲ့သို့သော အခြင်းအရာရှိတယ်လို့ ဆိုလာတယ်၊ ဒီတော့ ဘာကြောင့် ခံလင့်သကဲ့သို့သောလို့ ထည့်ထားရသလဲဆိုတာကို စဉ်းစားရမှာဘဲ မဟုတ်လား၊ ဒီတော့ " ခံလင့်သော " ဆိုတဲ့ အနက်ကို မပေးဘဲနဲ့ " သကဲ့သို့ " သော ဆိုတာလေးထည့်ထားတာကို အဓိပ္ပါယ်လေးတွေ့ ထုတ်ရအုံးမှာဘဲ မဟုတ်လား။

ခံလင့်သောလို့ ပြောတာက အတ္တရှိပ်ပါနေပြီ၊ အဲဒါ ငါခံလင့်တယ်လို့ လက်မောင်းတန်းလာမယ်၊ ဒါကြောင့် သညာဝိညာဏ်က လက်ညှိုးထိုးလာတော့မယ်၊ ယခု လက်ညှိုးထိုးလို့ မရအောင်လို့ "သက္ခဲသို့" သောလို့ ထည့်ပြီး ဘာသာပြန်လာတာပါ၊ ဒါကြောင့် အနတ္တတရားအစစ်ဟာ သညာဝိညာဏ်ဖြင့် ပြောလို့ မရတော့ပါ၊ ဒါမှ ပရမာတ်နယ်ထဲရောက်မယ်။

ဒီတော့ ဘုရားရှင်မပွင့်သော်လဲ အနိစ္စနဲ့ ဒုက္ခတရားဟာ ပေါ်ထွက်နေပါတယ်၊ အနတ္တတရားသာလျှင် မပေါ်တာပါ၊ အနိစ္စ ဒုက္ခတရားဟာ သူ့အလိုလို ပေါ်နေဘာပါ၊ အနတ္တတရားကို သညာဝိညာဏ်ဖြင့် မဆွဲနိုင်ပါ၊ အနတ္တတရားကို လက္ခံနိုင်လာရင် (ဝါ) အနတ္တတရားကိုတွေ့လာရင် အဲဒါသောတာပန်ပုဂ္ဂိုလ်ဘဲ မဟုတ်လား၊ ဒီတော့ အနတ္တတရားကို ရှာတဲ့အခါမှာ သညာဝိညာဏ်ကင်းပြီး ရှာနိုင်အောင်လို့ အဲဒါ ခံလင့်သက္ခဲသို့သော အခြင်းအရာလေး ရှိတယ်လို့ ပြောတာပါ၊ ယခု ဒီနေရာမှာ လက်ညှိုးထိုးတာကို မခံတော့ပါ၊ လက်ညှိုးထိုးလာတာသည်ပင်လျှင် သညာဝိညာဏ်ပါလာပြီ၊ အခု ဒီနေရာမှာ သညာဝိညာဏ် မပါတော့ပါ။

ဒီတော့ အနတ္တအစစ်ကို ခြေပါဆိုရင် အဲဒါ သူမျှားကို ပြောလို့ မရတော့ပါ၊ တကယ့်ကို ပြောမရမှ သညာဝိညာဏ်သုဉ်းဆိတ်ပြီး အရိယာနယ်ထဲသို့ရောက်မယ်၊ ပြောလို့ရနေသေးရင် သညာဝိညာဏ်နယ်ထဲ ရောက်သွားမယ်၊ ဒီတော့ ပြောလို့ မရတာနဲ့ အနတ္တဘဲလို့ မမှတ်ပါနဲ့အုံး၊ ပြောလို့မရသော်လဲ သူရဲ့သဘာဝလေးကို ခွဲစိတ်ပြီး ရှုနိုင်လာရမယ်၊ ဒါမှအနတ္တပါ၊ ဒီတော့ ဒါကိုအခြေခံထားပြီးတော့ ပညတ် ၄ ပါး ဘယ်ကထွက်၊

အကြောင်းတရား ၄ ပါးက ထွက်၊ အကြောင်းတရား ၄ ပါး ဘယ်ကထွက်သလဲဆိုရင် မီးခဲတစ် ၄ ပါးကထွက်တယ်၊ မီးခဲတစ် ၄ ပါး ဘယ်ကထွက်၊ ဒုက္ခ ၄ ချက်က ထွက်ပါတယ်။

ဒီတော့ မီးခဲတစ် ၄ ပါးကထွက်လာတဲ့ ဒုက္ခ ၄ ချက်ကို မမြင်ကြလို့ သမုဒယသစ္စာဖြစ်လာတာပါ၊ ဒုက္ခကိုမြင်ရင် သမုဒယသစ္စာမဖြစ်တော့ပါ၊ ဒါကြောင့် ဘုရားရှင်က "ဒုက္ခမေဝ ဟိ တိဋ္ဌတိ၊ ဒုက္ခမေဝ ဟိ သမ္ဘောတိ" လို့ ဟောကြားတော်မူပါတယ်၊ ယခု သတိပဋ္ဌာန်တရားကြီးက ဒုက္ခကို အခြေခံထားပြီး ပြသွားပါမယ်၊ အနတ္တက ထောက်ခံတဲ့အနေနဲ့ ပါလာမယ်၊ ယခုတော့ သာယာနေတာသည်ပင် ဒုက္ခကို မတွေ့ကြလို့ပါ၊ ဒုက္ခကို တွေ့လာရင် ဘယ်မှာသာယာဘော့မလဲ၊ ဒါကြောင့် "ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနဲလှပြီ" လို့ ဆုံးမလာကြတယ် မဟုတ်လား၊ ဒီတော့ သတိပဋ္ဌာန်တရားတော်ကြီးကို တက်တဲ့အခါမှာ ဒုက္ခကို မြင်လာရမယ်၊ ယခု စာဝတ်နေရေးတွေမှာ မြင်နေတဲ့ ဒုက္ခဟာ သညာဝိညာဏ်ဒုက္ခပါ။

ဥပမာ သိရိမမှာသောကမင်းကြီးရဲ့ ညီတော် အိမ်ရှေ့မင်းသားဟာ တောကစားထွက်တော့ သမင်ဖို့သမင်မတွေ့ သံဝါသပြုတာကို တွေ့မြင်လာတယ်၊ ဒီတော့ သူကတွေးမိတယ်၊ ငါ့အကို ကိုးကွယ်နေတဲ့ ရဟန်းတော်တွေဟာ ကောင်းသောဘောဇဉ် အာဟာရတွေကို ဘုဉ်းပေးသုံးဆောင်နေကြရင် ဒီလိုကာမဂုဏ်စိတ်တွေဟာ အမြဲရှိနေမှာဘဲလို့ စဉ်းစားမိပြီး သိရိမမှာသောကမင်းကြီးကိုလျှောက်တော့ သိရိမမှာသောကမင်းကြီးက ညီတော် အိမ်ရှေ့မင်းသားအား (၇) ရက် ထီးနန်းစည်းစိမ်ကို စိုးစံ

စေပြီး (၇) ရက်ပြည့်တဲ့အခါ သတ်စေလို့ အမိန့်တော်မြတ် မှတ်တော်မူတယ်။

အဲဒီလို အမိန့်တော်မြတ် မှတ်လိုက်တဲ့အချိန်ကစပြီး ညီတော် အိမ်ရှေ့မင်းသားဟာ သေရမှာကိုကြောက်ပြီး သေရမည့်ဘေးကြီးကို မြင်နေတယ်၊ ဒီတော့ ထီးနန်းစည်းစိမ်ကို စိုးစံနေရပါသော်လဲ ပွဲတော်လဲမတည်နိုင်၊ စက်တော်ခေါ်ပြန်တော့လဲ ပျော်တော်မမူဘဲ တမှိုင်မှိုင်တတွေ့တွေ့ ဖြစ်နေတော့တယ်၊ ဒီတော့မှ နောင်တော် သိရိဓမ္မာသောကမင်းကြီးက "ငါ့ညီ ထီးနန်းစည်းစိမ်ကို စိုးစံနေရပါလျက် အဘယ်ကြောင့် မပျော်မွေ့ပါသလဲ" လို့မေးတော့ "သေရမည့်ဘေးကို မျှော်တွေးပြီး ကြောက်ရွံ့တဲ့အတွက်ကြောင့် မပျော်မွေ့နိုင်ပါဘုရား" လို့ လျှောက်တင်သည့်အခါ "ငါ့ညီ ငါကိုးကွယ်နေတဲ့ ရဟန်းတော်ဟာလဲ ဇာတိ, ဇရာ, ဗျာဓိ, မရဏအစရှိတဲ့ ဘေးအပေါင်းတွေကို မြင်နေတဲ့အတွက် ဘယ်မှာ သာယာမှုတွေ ရှိတော့မှာလဲ" လို့ မိန့်တော်မူတယ်၊ ဒါဟာ ဒုက္ခကိုမြင်နေလို့ဘဲ မဟုတ်လား။

ဒါကြောင့် မဟာသတိပဋ္ဌာန်တရားတော်ကြီးကို တက်လာတဲ့အခါမှာ ဒုက္ခကိုမြင်လာရမယ်၊ ဒုက္ခအစစ်ကိုတွေ့ရင် တဏှာ မဖြစ်တော့ပါ၊ အချုပ်စကားကိုပြောမယ်၊ ဘုရားရဟန္တာတွေမှာ ရှုပါရုံနဲ့တွေ့သော်လဲ မသာယာတော့ပါ၊ ဘာကြောင့်လဲ ဒုက္ခအစစ်ကိုတွေ့နေလို့ မသာယာတော့ပါ၊ ဒီတော့ ယခု သတိပဋ္ဌာန်တရားတော်ကြီးဟာ ဒုက္ခကို ဦးစားပေးပြီး တက်သွားပါ့မယ်။

ကိုင်း... ဒုက္ခကိုမြင်အောင် ဘယ်လိုလုပ်မလဲ ?

ပညတ်တရားလေးတွေကို တခုစီတခုစီ ဆွဲနှုတ်နိုင်ရင် အဲဒါ ဒုက္ခတရားကိုမြင်လာပြီ၊ ဥပမာ လဘက်ရေပုဂံလေးမှာ နာမ

ပညတ်နဲ့ သဏ္ဌာနပညတ်ဖုံးထားလို့ ဒုက္ခကိုမမြင်ဘဲ ကောင်းတယ်, မကောင်းဘူးအနေနဲ့ ဆဲကိုင်ထားကြတယ်၊ ဒါကြောင့် ဒုက္ခကိုမမြင်အောင် ပညတ်တရားတွေပေါ် ဖုံးကွယ်ထားကြတယ်၊ ဒီပညတ်တရားတွေကို ရိုက်ချိုးနိုင်ရင် ဒုက္ခကိုတွေ့ပြီ၊ ဒီတော့ နာမရူပပရိစ္ဆေဒဉာဏ် ပညတ် ၄ ပါးကိုပယ်ချပြီး အကြောင်းတရား ၄ ပါး သုဉ်းဆိတ်အောင်လုပ်သွားမယ်၊ ပညတ် ၄ ပါး သုဉ်းဆိတ်သွားရင် ရုပ်ထွက်လာမယ်၊ အကြောင်းတရား ၄ ပါးကိုချေလိုက်ရင် နာမ်ထွက်လာမယ်။

ဒီတော့ ပညာ ၄ ပါးနှင့် အကြောင်းတရား ၄ ပါးကို အပြန်အလှန်တွေးပါ၊ ဒါမှ ရုပ်နာမ်ကိုတွေ့မယ်၊ ဒါကို မှတ်မိလာအောင် ယခုထဲက အပြန်အလှန်တွေးတောပါ၊ ဒီတော့—

ဥပါဒါန်၊ သက္ကာယဟု၊ တလွဘေးထူ၊ ငါတည်းဟူသော၊ မသူတော်ရှာ၊ ဤခန္ဓာမှ၊ မည်ကာပြာသာဒ်၊ အရိမတ်ဟု၊ ဘုံထွဋ်သီးညီး၊ မြို့ရပ်ကြီးသို့၊ လင့်ဆီးထောက်ထောက်၊ မရောက်သောကြား၊ ခြောက်ထပ်နား၍၊ ရထားခြောက်ဆူ၊ သိဒ္ဓိဟူသား ယာဉ်ဖြူလှည့်စီး၊ ဘူလှဉ့်စီး၍၊ မြစ်ကြီးဝှန်းကျယ် သုံးဘုံလယ်မှ၊ ရှင်ဝယ်သံကရစ်၊ ထံ၌ဖြစ်သော၊ အစစ်နှင်နှင်၊ သူဘော်ခွင်ဝယ်၊ ညာ့တင်စက်ကြိုး၊ ပညာပျိုးသည့်၊ ကျင့်ရိုးမှန်စွာ၊ ဝိသာခါဟု၊ ခန္ဓာနာမ်ရုပ်၊ မချုပ်သမျှ၊ နိုးလုလွှဖြင့်၊ နေ့ညကြိုးစားကုန်ရာသကဲ့သို့ရင်း— လို့

ရှေးက ဝိသာခါတရားဓာတ်ကြီးမှာ ဥကျောင်းချလာတဲ့ ဆောင်ပုဒ်ကြီးအတိုင်း ဝေဘန်ကြည့်လိုက်တဲ့အခါမှာ... ဘုရားရှင်၏ သာသနာတော်ကြီးမှာကို ဗဟုဒိဋ္ဌိ,အတ္တာနုဒိဋ္ဌိ,သက္ကာယ

ဒိဋ္ဌိတွေကို အလုံးစုံမသိမ်းနိုင်သေးသော်လဲ ကလျာဏမျက်စေ့ ပေါက်ပြီးတော့ မဂ်တရားဖိုလ်တရားတွေကို မရစေဦးတော့ အဲဒါ အဘိဓမ္မာ ညဝါတွေမှာ ပြုလာတဲ့အတိုင်း ဥဒ္ဓံသောတဘာဂိယ အတုအနေနဲ့ ဖြစ်ပြီးတော့ လူ့ပြည်မှ သေသွားတဲ့အခါမှာ နတ်ပြည်ခြောက်ထပ်ကကို ရထား ၆ စင်းဟာ လာတော့မယ်၊ ဒီတော့မှ မိမိကြိုက်နှစ်သက်ရာကို ၎င်းပြီးတော့ နတ်ပြည်မှာနေပြီး သောတာပန်အဖြစ်ကိုယူမယ်၊ ယူပြီးရင် အထက် သုဒ္ဓါဝါသ ၅ ဘုံထိအောင် တက်ပြီးတော့ နောက်ဆုံးမှာ နိဗ္ဗာန်ဓာတ်ကို စံမြန်းသွားတော့မယ်။

ယခု ဒီတရားတော်ကြီးကို လာပြီးနာယူကြတဲ့ ဒကာ ဒကာမ တွေဟာ သောတာပန်မဖြစ်စေကာမူ ဥဒ္ဓံသောတဘာဂိယအစဉ် အတိုင်း သွားနိုင်အောင် ယခု သတိပဋ္ဌာန် တရားတော်ကြီးကို ဖွင့်လာပါပြီ၊ သတိပဋ္ဌာန်နည်းမှာ ပရမာအဏုမြူကိုတောင်မှ ခွဲလာပြီ၊ အရင်ဆရာတော်တို့ပြုလာတာဟာ ဒီပရမာအဏုမြူကို မခွဲတော့ပါ၊ ပရမာအဏုမြူကို ရောက်လာရင်ဘဲ အဲဒါ ရုပ်နာမ် ဆိုပြီး ပြသွားပါတယ်။

ယခု သတိပဋ္ဌာန်တရားတော်ကြီးကျတော့ ပရမာအဏုမြူ လေးကို သီလ, သမာဓိ, ပညာ သိက္ခာ ၃ ပါးမှာပါတဲ့ သမာဓိနဲ့ ခွဲချလာပြီ၊ ဒီလိုခွဲလိုက်တဲ့အခါမှာ ပထဝီလေးတလုံးမှာကို အဲဒါ ဘာတွေရှိသလဲ ဆိုတာကို စစ်လာပြီ၊ ဒီတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ်တွေဟာ မပေါ်နိုင်တော့ဘဲ သညာဝိညာဏ်တွေ ဟာ ကပ်လို့ မရတော့ပါ၊ ဒီအတိုင်း ခွဲနိုင်ရင်ဘဲ ကလျာဏ မျက်စေ့ပေါက်ပြီ၊ (၀၊) ပစ္ဆိမဘဝိက အတုဖြစ်လာပါပြီ၊ (၀၊)ဥဒ္ဓံသောတဘာဂိယဖြစ်လာပါပြီ၊အဲဒါကြောင့် အမျိုးသို့

ကြီးတွေ အားမငယ်ပါနဲ့ ၊ ဒီ ပထဝီလေးတလုံးကို တကယ်မြင်လာရင်ဘဲ အာနာပါနကြီးကို မလုပ်ရတော့ဘဲ နေနိုင်လာပါပြီ။

ဥပမာ_ရေလည်ကိုရောက်နေတဲ့ သစ်ဖေါင် ဝါးဖေါင်ကြီးမျှားလို ဘာမှုမလုပ်ရတော့ဘဲ ရေစီးအတိုင်း လိုက်သွားရသလို အခုလဲဘဲ မလုပ်ဘဲနဲ့ မိမိ.လိုချာခရီးကိုရောက်နိုင်ပါပြီ ဆိုတာကို မှတ်ဘမ်းတင်ကြပါ၊ အခု ပရမာအဏုမြူရဲ့ ခွဲတမ်းကြီးဟာ တန်ဘိုးရှိလှပါတယ်၊ အဲဒါ ပရိယတ်ကို အခြေခံထားပြီးတော့ သဘာဝနည်း,လက်တွေ့နည်းတွေနဲ့ စိတ်ပြလိုက်ပါပြီ၊ "ကုစ္ဆိတေ ပါပဓမ္မေ သလယန္တိ ကမ္မေန္တိ ဝိဒ္ဓံ ဃသန္တိ အပဂမေန္တိတိ ဝါ ကုသလာနိ" လို့ ဆိုတဲ့အတိုင်း စိတ်ပြလိုက်ပါပြီ။

ကိုင်း.... ဒီတော့ သီလ, သမာဓိ, ပညာ သိက္ခာ ၃ ပါးနဲ့ အခြေခံထားပြီး ခွဲလိုက်တဲ့အခါမှာ ယခု ဃနကြီးကြေသွားပြီ၊ ဒီတော့ ရုပ်နာမ်ကိုတွေ့တော့မယ်၊ အခု ပထဝီလေးဟာ မာတယ်လို့ မပြောနိုင်တော့ပါ၊ အာပေါဖွဲ့စည်းတယ်၊ ဝါယောတန်းကန်တယ်၊ တေဇော ပူတယ်လို့ မပြောနိုင်တော့ပါ၊ ပြောနိုင်တာက ဓာတ် ၃ ပါးဘို့ရဲ့ ညီညွှတ်ပြီး ပေါင်းဆုံပေးမှု ပထဝီလေးက ငါမာတယ်လို့ ပြောနိုင်တာပါ၊အခုတော့ ဓာတ် ၄ ပါးဟာ မပေါင်းနေနိုင်တော့ဘဲ တခုစီ တခုစီ ဖြစ်သွားပြီ။

နာမ်အာကာသလေးတွေကလဲ အဲဒါကဲ့သွားပြီ၊ သဘာဝအနေနဲ့ ပြောမယ်ဆိုရင် နာမ်အာကာသလေးဟာ ဒုန်းပျံ့ကြီးဖြစ်လာပြီ၊ ဒီတော့ ၃၁ ဘုံ့မှာ ဘယ်ဘုံ့မှ ချန်မထားတော့ဘဲ ပတ်နိုင်လာပြီ၊ ဒီတော့ ပြောလိုတာက အာနာပါနကြီးကို အားမထုတ်သော်လဲ အိပ်ပြီးတော့သာနေပါတော့ ရနိုင်လာပါပြီ။

" တိက္ခ ဟာသ ဇဝန ဂမ္ဘီ ဉာဏ် ၄ လိုဖြင့် အခွန်ကိုခွါ အကာ ကိုရှား အသားကိုချေ အနှစ်ကိုတေနိုင်မှ သဘာဝအနတ္တဉာဏ် ထင်မြင်နိုင်သည်၏အဖြစ်ကိုရင်း " လို့ ဆိုတဲ့အတိုင်း ယခု အသား လေးတွေကို ချေရတော့မယ်၊ ဒါကြောင့် အားတက်ပြီးတော့ နာယူကြပါ၊ နောက်တုံးက နာလာခဲ့တဲ့ အသိဉာဏ်တွေကို နှိုးလိုက်ပါ။

ကိုင်း__ဒီတော့ " ဟေ့ ပထဝီခေါတ်လေး၊ မင်းမာတယ်လို့ ပြောနိုင်သေးသလား " လို့ မေးရင် သူက " ကျွန်တော် မပြော နိုင်တော့ပါ " လို့ ပြောတော့-ယ်၊ သူက မာတယ်လို့ ပြောနိုင် တာဟာ နဲ့ဝက်က ခေါတ် ၃ ပါးတို့က ပေါင်းပြီးထောက်ခံပေးမှ မာတယ်လို့ သူကပြောနိုင်တာပါ၊ အခုတော့ နောက်က ခေါတ် ၃ ပါးတို့ဟာလဲ မပေါင်းနိုင်တော့တဲ့အတွက် ပထဝီခေါတ်က မာတယ်လို့ မပြောနိုင်တော့ပါ။

ဒီတော့ သခ်ာတလောကကြီးမှာ ဒို့ ၄ ယောက် ရာသက်ပန် ရှယ်ကိုးပြီး ရိုးမြေကျပေါင်းမယ်လို့ ဆိုလာခဲ့ပြီးတော့ သညာ ဝိညာဏ် သမားတွေကို လုည့်စားခဲ့တာတော့ဟာ အခု ပရမာ အဏုမြူကိုလဲ သမာဓိနဲ့ခွဲလိုက်ရော အဲဒါ ဝိညာတမြူလဲ ရောက် လာရော ပထဝီခေါတ်လေးဟာ မာတယ်လို့ပြောပြီး သညာ ဝိညာဏ်သမားတွေကို မလွှဲနိုင်တော့ပါ၊ ဒီတော့ သူကမှ မာတယ် လို့ မပြောနိုင်ရင် သညာဝိညာဏ်သမားတွေကလဲ လက်ညှိုး ထိုးလို့ ရတော့မလား၊ မရတော့ပါ၊ ဒါ ကိုယ်ကမှ လက်ညှိုး မထိုးရင် သူကလဲ လက်ညှိုးထိုးလို့ မရတော့ပါ။

စိဉ္စမာန မိန်းမယုတ်သည် ဘုရားရှင် ပရိသတ် ၄ ပါးကို တရားဟောနေရာသို့လာပြီး သစ်ခွ ကိုဗိုက်ကပ်ခါကိုယ်ဝန်ဆောင်

သဏ္ဌာန်လုပ်ပြီး "ရှင်ဂေါတမ သင်ကတော့တရားဟောနေတယ်၊ ငါ့မှာတော့ မီးဖွားချိန်တန်လာပြီ၊ မီးလှုံစရာထင်းတုံးမှုမရှိ၊ ငါ့ကို သင်ဂေါတမ ပစ်ထားတယ်" လို့ ယုတ်မာညစ်ညမ်းစွာ စွပ်စွဲပြောဆိုလေတယ်၊ နောက်ဆုံးမှာ ဘုရားရှင်က လက်ညှိုးပြန်မထိုးတဲ့အတွက် စိဉ္စမာနဟာ သူ့ရဲ့ဇာတ်ထုပ်ကြီး ပေါ်လာရသလိုဘဲ အခုတော့ အနှစ်တွေက သူကလက်ညှိုးထိုးလာရင်ဘဲ ငါကလဲ ပြန်ထိုးမယ်ဆိုပြီးတော့ ထိုးနေကြတယ်။

အခု ပရမာအဏုမြူလေးလဲရောက်လာရော ဒီပရမာအဏုမြူလေးကို မြင်လာရင်ဘဲ လက်ညှိုးမထိုးတော့ဘူး၊ ဒီ ပရမာအဏုမြူလေးကို မြင်ပြီးတော့ သေဘွားတာတောင်မှဘဲ ဒီ သဘာဝလေးကနေပြီး သူသွားလိုရာဘုံကို ဆွဲတင်သွားတော့မယ်၊ ဒီတော့ ဃနကြီးရှိစဉ်တုံးကတော့ ဒီ ပထဝီဓာတ်လေးဟာ အဲဒါ နာမနဲ့ သဏ္ဌာနပညတ်တွေထွက်ပြီး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဆိုပြီး ဖြစ်လာတယ်၊ ယခု ပရမာအဏုမြူလဲကျလာရော အဲဒါ နာမပညတ်နဲ့ သဏ္ဌာနပညတ်တွေ မထွက်နိုင်တော့ဘဲ သုဉ်းဆိတ်သွားပြီ၊ အဲဒါ "ဓာတ်ထွေ့ နာမ သဘာဝထွေ့၊ သဘာဝထွေ့ နာမ သုညတ္တထွေ့၊ သုညတ္တထွေ့ နာမ နိသတ္တော နိဇီဝေါ" လို့ ပြုလာတဲ့အတိုင်း ဓာတ်မည်သည်ကား သဘာဝပါ၊ သဘာဝမည်သည်ကား သုဉ်းဆိတ်တဲ့သဘောပါ၊ သုဉ်းဆိတ်တဲ့သဘောမည်သည်ကား သတ္တဝါမဟုတ်, အသက်မဟုတ်ပါ ဆိုပြီး ပြုလာပါတယ်။

ဒီတော့ သဘာဝအတိုင်း သုဉ်းဆိတ်လာမှသာလျှင် သညာဝိညာဏ် မဆွဲနိုင်တော့ဘဲ နာမပညတ်နဲ့ သဏ္ဌာနပညတ်တွေ မပေါ်တော့ပါ၊ မပေါ်ရင်ဘဲ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါးဆိုတာတွေ ခေါ်လို့မရတော့ပါ၊ ဒီတော့

အတ္တဒိဋ္ဌိ, အတ္တာနုဒိဋ္ဌိ, သက္ကာယဒိဋ္ဌိတွေ့ မစဲနိုင်တော့ပါ၊ ဓာတ် ၄ ပါးကို သည်လေးလုံးဖြစ်အောင် လုပ်ရမယ်၊ ဒီတော့ ဒီလို လုပ်လိုက်ရင် ပထဝီဓာတ်ကလဲ မမာနိုင်တော့ဘဲ သည်တလုံး ထွက်လာပြီ၊ အာပေါဓာတ်ကလဲ မဖွဲ့စည်းနိုင်တော့ဘဲ သည်တလုံး၊ ဝါယောဓာတ်ကလဲ မတွန်းကန်နိုင်တော့ဘဲ သည်တလုံး၊ တေဇောဓာတ်ကလဲ မပူနိုင်တော့ဘဲ သည်တလုံး ထွက်လာပြီ။

ဒီတော့ သည် ၄ လုံး ထွက်လာပြီဘဲ မဟုတ်လား၊ ဒါကြောင့် "ဝက္ကယ်သည်၊ နိဗ္ဗာနကို၊ ထဆင်ထူးဖြင့်၊ လူမှူးဘုရား" ဆိုပြီး ပြလာပါတယ်၊ ဒီတော့ သည်ကိုမိလာရင်ဘဲ မြင့်မိုရ်တောင်ကြီးဟာ ဘယ်ကစလာသလဲဆိုရင် သည်ကဘဲ စတည်လာတာဘဲ မဟုတ်လား၊ ဒါကိုမမြင်တော့ရင် မြင့်မိုရ်တောင်ကြီး ဘယ်ကစတည်သလဲဆိုရင် မြေကြီးကစတည်လာတယ်လို့ ပြောတော့မယ်၊ ဒီတော့ သူ့မှာပညတ်တွေကိုစဲပြီးတော့ ပြောလာပြီ၊ ဒီတော့ ကမ္ဘာလောကကြီးမှာ သည်ကစတည်လာတာပါဆိုတာကို တကယ်မြင်လာရင် ၂၉ ပါးသော ကံတွေက နဖားကြီး မတတ်နိုင်တော့ဘဲ ဒီသည် ၄ လုံးကနေပြီး သုဒ္ဓါဝါသ ၅ ဘုံမှာ အထက်ဆုံး အကနိဋ္ဌဘုံထိအောင် ဆဲတင်ထားတော့မယ်။

ကိုင်း....ဒီ ၅ ခုမြောက် ပုံစံကြီးမှာ ဒီလူကောင်ကြီးဟာ ဘယ်ကစပြီး ဖြစ်လာသလဲဆိုရင် သည်က (ဝ) က ဖြစ်လာပြီလို့ ပြောနိုင်ပြီဘဲမဟုတ်လား၊ ဒီလို သည်က တည်လာတဲ့အတွက် ဗုဒ္ဓဘာသာတရားဟာ အနတ္တပါဆိုပြီး ပြောလာတာပါ၊ ဒီသဘာဝကို မမြင်ကြတော့ အနိစ္စ ဒုက္ခကနေပြီးတော့ ဆဲပြီး ပြောနေကြတာ၊ အဲဒါ အနတ္တကျဘော့ အတ္တအနေနဲ့ ဆဲပြီး ပြောဆိုနေတယ်။

အခုသူညလေးတွေ ထွက်နေပြီ၊ ဒါကိုလိုက်ရှာလိုက်ပါ၊ ခန္ဓာကိုယ်ကြီးတခုလုံးဟာ သူညကြီးဘဲမဟုတ်လား၊ ဒီလိုသူညလေးတွေကို ရသွားရင်ဘဲ ၂၉ ပါးသောက်တွေက နဖါးကြိုးမထိုးနိုင်တော့ဘဲ သူညလေးတွေကသာ သယ်ဆောင်ယူးတော့မယ်၊ ဒီတော့ ဒီနေ့ ပုံစံနံပါတ် ၅ ကို ဥက္ခောင်းချရတော့မယ်။

ဒီ သူညလေးတွေဟာ ကမ္ဘာကြီးပျက်သော်လဲ အသက်မသေဘဲနဲ့ ဒီသဘာဝတွေကို သဘောပေါက်တာကို စိန္တာမယပညာလို့ခေါ်တယ်၊ ဒီသဘာဝတွေကို နှလုံးအိမ်ထဲမှာ ချိုင့်ကနဲ ကျသွားရင် အဲဒါ ပဋိဝေဓပညာပါ၊ ကိုင်း...မနေ့က ပြောလာခဲ့တဲ့ သဘာဝလေးတွေကို ပြောလိုပါသေးတယ်၊ အခုဓာတ် ၄ ပါးတို့ဟာ လက်မှုပ်ချနေကြပြီ၊ သူတို့မှာ သူညတွေသာ ထွက်နေတဲ့အတွက်ကြောင့် သူတို့ဟာ ပေါင်းမရတော့ပါ၊ အဲဒါ ကသိဏ၂ ရှဝဋ္ဌိကမာကာသဆိုတဲ့ နာမ်အာကာသလေးက ထိပ်ပူးလေးအနေနဲ့ တက်လာပြီ။

ဒီတော့ ဒီသူညလေးကွေဟာ ဘာကြောင့် ပေါ်နေသလဲလို့ မေးရင် ဘယ်လိုပြောမလဲ၊ ဒီသူညလေးတွေဟာ နာမနဲ့ သဏ္ဌာနပညတ်ဘော့ မထွက်နိုင်ဘဲ ပေါ်နေဘာဟာ ဘာကြောင့်ပေါ်နေသလဲဆိုတဲ့အကြောင်းကို ရှာပါ၊ ဒါကိုမြင်ရင် ထက်တဲ့ဉာဏ်လို့ ခေါ်တယ်၊ ဒီတော့ မာတယ် ပူတယ်လို့ မပြောနိုင်တော့ဘဲ ဒီသူည ၄ လုံးဟာ ဘာကြောင့်ပေါ်နေရတာလဲလို့ မေးရင် အဲဒါ အကြောင်းတရား ၄ ပါးတို့က ရေသောက်မြစ်အနေနဲ့ ချထားသေးတယ်။

ဒီ အကြောင်းတရား ၄ ပါး ဘာကြောင့် ရေသောက်မြစ်ရထားသလဲဆိုရင် မီးဓာတ် ၄ ပါးကို လာတွေ့မယ်၊ နောက်

ပညတ် ၄ ပါးလဲ ရှိနေသေးတယ်၊ ဒါပေမဲ့ မပြောနိုင်သော်လဲဘဲ နာမပညတ် အရိပ်အနေနဲ့ ရှိနေသေးတယ်၊ အင်္ဂုပ်ဆိုတာဟာ နိမိတ်ပါ၊ နိမိတ်ဆိုတာဟာ ဖေ.တုပါ၊ ဖေ.တုဆိုတာက အကြောင်းတရား ၄ ပါး၊ အဲဒါ နာမပညတ် ပေါ်ထွက်နေတဲ့ အကြောင်းတရားလေးရှိနေသေးတယ်။

ဒီတော့ သုည ၄ လုံးမှာ ပညတ်ရုပ် ၄ ပါး အကြောင်းတရား ၄ ပါး မီးခိတ် ၄ ပါးကော်ပဲ ရှိနေသေးတယ်၊ ဒါကြောင့် သူပေါ်နေရာဘာပါ၊ ဒီပေါ်နေတဲ့ သဘောလေးကို တိက္ခ ဟာသ ဇဝန ဂမ္ဘီလို့ ဆိုလိုက်တဲ့ ဉာဏ်တွေနဲ့ ကြည့်လိုက်ရင် အဲဒီသဘာဝတွေရှိနေကြလို့ ပေါ်နေသေးတာပါ၊ ဒါတွေ ရှိနေကြသေးတဲ့ အတွက် သုည ၄ လုံးဘို့ဟာ မပြောနိုင်သော်လဲ ပေါ်ထွက်နိုင်ကြသေးတယ်၊ ပေါ်ကောင်လေးတွေအနေနဲ့ သင်္ဘတလောက ကြီးမှာ ပေါ်နေကြသေးတယ်၊ ဒီကနေ ရှေ့ကိုတက်ပြီးတော့မှ အဲဒါရုပ်နာမ်ရှာသွားရတော့မယ်။

ကိုင်း ရုပ်နာမ်ကို ဘယ်လိုရှာမလဲ ပြောပြမယ်၊အကြောင်းတရား ၄ ပါးကို ချေရမယ်၊ ဒါမှ ပညတ်ရိပ်တွေ သုဉ်းဆိတ်သွားမယ်၊ ဒီတော့ ရုပ်နာမ်တရားကို တကယ်တွေ့ချင်ရင် အကြောင်းတရား ၄ ပါးကို ချေရမယ်၊ ဒီတော့မှ ပညတ်ရိပ် ၄ ပါး သုဉ်းဆိတ်ပြီး ပရမတ်ရုပ်နာမ်အစစ်ကိုတွေ့မယ်၊ ဒီတော့ ပညတ်ရိပ် ၄ ပါး သုဉ်းဆိတ်သွားရင် (၀၊) ချေလိုက်ရင် (၀၊) ပရမတ်ရုပ်နာမ်ကလေးတွေ ထွက်လာမယ်၊ ဒီဟာလဲ ရလာရော ပထဝီခေါတ်လေးကိုထားပြီး ဒီ ပရမတ်ရုပ်နာမ်ကို ကိုင်ပြီးတော့ တက်သွားတော့မယ်၊ ဒါဟာ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်တဲ့ နာမရူပပရိစ္ဆေဒ ဉာဏ်ရဲ့ လုပ်ငန်းစဉ်ပါ။

ဒီကနေ ပစ္စုယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် တွေရဲ့ လုပ်ငန်းစဉ်တွေကို တက်သွားမယ်၊ ဒီလို ၄ ချက် တက်လိုက်ရင်ဘဲ သဘိပဋ္ဌာန်ရုပ်နာမ်ပိုင်းကြီးဟာ ဥဃာင်းကျသွားပြီ၊ ဒီတော့ ကလျာဏမျက်စေ့ပေါက်ပါပြီ၊ ဒီအခါကျတော့ အာနာပါနကို အားမထုတ်သော်လဲ ရသွားပြီ၊ ကိုင်း ဒါကို နားလည်ပြီ။

ကိုင်း ဒီခေတ် ပုံစံနံပါတ် ၅ မှာ သဘာဝအနတ္တ သုညကို တွေ့ပြီဘဲမဟုတ်လား၊ ဒါကြောင့် သမ္မာဟာဝိနောဒနီ အဋ္ဌကထာကြီးက "ဓာတုဇ္ဇာ နာမ သဘာဝဇ္ဇာ၊ သဘာဝတ္တာ နာ သုညဘဇ္ဇာ၊ သုညဘဇ္ဇာ နာမ နိသဇ္ဇာ, နိဗ္ဗိဒေါ" ဆိုပြီး ပြလာတာပါ။ အဲဒါ သညာဝိညာဏ်က လာမဆွဲနိုင်ဟော့ဘဲ ပညာဖြင့်ရင် ရုပ်တရားနာမ်တရားတွေကို တွေ့လာပြီ၊ ဒီတော့ ဒီ ပညတ် ၄ ပါး သုည်းဆိတ်သွားတဲ့ အနေကိုသာ လိုချင်တယ်၊ ဒီတော့ သီလနဲ့ သမာဓိတို့ ပြီးသွားပြီ၊ ပညာနိဒ္ဒေသကို တက်ရတော့မယ်၊ အခု ဒိဋ္ဌိဝိသုဒ္ဓိကို တက်ရတော့မယ်။

ဒီဘော့ "ယာဝတာ သရသလက္ခဏပဋိဝေဓ၊သေန ပဝတ္တံ ဉာဏံ နာမရူပရိဂ္ဂဟောနာမ" ဆိုသည့်အတိုင်း တက်သွားဘော့မယ်၊ ဒီကနေ အဘိဓိဋ္ဌိ ၂၀ ကိုသဲ တွန်းလှန်လိုက်ရာ ဒီအဘိဓိဋ္ဌိ ၂၀ ပြုတ်ပြီး ကလျာဏမျက်စေ့ပေါက်သွားမယ်. အချုပ်မှာ ရုပ်တရားနာမ်တရားကို ရှာဘို့ဘဲ လိုပါတော့တယ်။

ဒီတော့ သဘိပဋ္ဌာန်တရားဆိုတာ ဒုက္ခတရားကိုမြင်အောင် ရှာတာပါ၊ ဒီ ဒုက္ခတွေကို မမြင်အောင် ပညတ်တရားတွေက ဖုံးထားတယ်၊ ဒုက္ခကိုရှာယယ်ဆိုတာ ခန္ဓာကိုယ်ကြီးမှာရှိရတာပါ။

ရှေးက တရားပေးတဲ့ဆရာကြီးတွေက " ရူပံ အနိစ္စံ၊ ရူပံ ဒုက္ခံ၊ ရူပံ အနတ္တံ " ဆိုပြီး ပေးလာတယ်၊ ဒီတော့ ဆင်ခြင်မှုတရားလို့ ထင်နေတယ်၊ ဒီလိုရှုလာတဲ့ အနိစ္စ, ဒုက္ခ, အနတ္တတွေဟာ တကယ် အစစ်လား၊ ဒီတော့ ဃနကြီးပေါ်မှာတင်ပြီး ဒီရုပ်ကြီးကို ရှုနေ တာမှန်ရင် တကယ်ပညာမြင် အနိစ္စထဲမဝင်နိုင်ပါ။

ဒီတော့ ပညာမြင် အနိစ္စထဲ မြင်အောင်ရှုဆိုရင် အဲဒါသန္တတိ ရုပ်နာမ်ပေါ်မှာ ရှုရပါတယ်၊ အခု လုပ်ငန်းစဉ်အနေနဲ့ ပေးရ မယ်ဆိုရင် ဒီ ပညတ်ရိပ်လေးတွေကို မြင်အောင်ရှုနိုင်ရင် ပညာ မြင် အနိစ္စထဲဝင်လာပြီ၊ ဒီတော့ ဒုက္ခတရားကြီးကို မြင်လာပြီး တော့ မြင်လိုက်တဲ့ အာရုံလေးတွေမှာကို အဘိဇ္ဈာ ဒေါမနဿ မပါတော့ပါ၊ ဒါတွေကို သိမ်းဆည်းတဲ့အနေနဲ့ ဒီပညတ်လေး တွေကို မြင်အောင်ရှုရတာပါ၊ အခု သုညလေးတွေကို ဆိုက်နေ ပြီ၊ သညာဝိညာဏ်သာ ကျန်တော့တယ်၊ ဒီ သညာဝိညာဏ်က ပညတ်ရိပ်လေးတွေ ထုတ်လာမယ်၊ ဒီ ပညတ်ရိပ်လေးတွေကို သတ်လိုက်မှ ဒီ သညာဝိညာဏ်လေးတွေပါ တခါထဲသေသွား မယ်၊ ဒီတော့မှ သုညလေးတွေ ပေါ်ထွက်လာတော့မယ်။

ကိုင်း....သာဓုခေါ်ကြပါတော့။

သာဓု-သာဓု-သာဓု။

ပုံစံနံပါတ် (၆)


ယဇ္ဇာ ဘူတ အသမ
နာမရူပပရိစ္ဆေဒဉာဏ်
ပထဝီဓါတ်၌ အနတ္တနှင့်
လက္ခဏာ
ဒုက္ခ
အာပေါ-ဘင်္ဂ-ပြောမှု
ဝေဒနာ-ခန္ဓာ
ဝိညာဏ-ခန္ဓာ
သမ္ဘူတိသမ္ဘာပယ
အတ္တ ဒိဋ္ဌိ-၂၀
ပထဝီဓါတ်၌အတ္တနှင့်
အာကာသ-ဓာတ်
ဝါယော-ဓာတ်
အာပေါ-ဘင်္ဂ-ပြောမှု
ရူပက္ခန္ဓာ-ခန္ဓာ
ဝေဒနာ-ခန္ဓာ
အပြား ၈
ဒိဋ္ဌိ ၀သူ ၅
စင်ကြယ်ခြင်း
ဥ ကု
ဒီဂဇ ၃ ၆
သုဉ်ဆိတ်

ဝါဆိုလဆုတ် ၁၂–ရက်နေ့ ဟောစဉ်။

ပုံစံနံပါတ်(၆)

အခု တရားလုပ်ငန်းစဉ်ဟာ တဖြေးဖြေးနဲ့ သိမ်မွေ့လာပြီ၊ ယခု ဒီ လုပ်ငန်းစဉ်ကြီးဟာ ပညာရဲ့သဘာဝတွေ ပါလာပြီ၊ ဒီ ဒိဋ္ဌိဝိသုद्ध ကြီးကို ဝိသုद्ध မဂ်ကြီးက ပညာနိဒ္ဒေသလို့ ပြလာတယ်၊ ဒီတော့ ဘေးပါမျှားလာရင် ထက်လာတာလိုပါဘဲ၊ တရားကို နာပါမျှားလာရင်လဲ တဖြေးဖြေးနဲ့ သဘာဝတွေ ပိုင်လာတော့မယ်၊ ဒီနေ့ အစဲ့လေးချက်ကို အရင်ဖြုတ်ရတော့မယ်၊ ဒီဘက်က အစဲ့လေးချက်ပုံ စံကိုဟောမယ်၊ ဒီအစဲ့လေးချက်ဟာ အရေးကြီးပါတယ်၊ ဒါဟာ ခန္ဓာကိုယ်ကြီးကို စဲ့နေတာပါ၊ ဒီ အတ္တဒိဋ္ဌိ နှစ်ဆယ်ကိုမှ မဖြုတ်နိုင်ရင် ရှေ့ကိုတက်လို့မရပါ။

အတ္တာနုဒိဋ္ဌိဖြစ်တဲ့ သဿတနဲ့ ဥစ္ဆေဒဒိဋ္ဌိတို့ကျတော့ စိတ်ဝိညာဏ်မှာကို စဲ့နေတာပါ သက္ကာယဒိဋ္ဌိကြီးကျတော့ ခန္ဓာငါးပါးကြီး အပေါ်မှာကို ငါ-ငါဆိုတဲ့ အစဲ့တော့ခံနေတာပါ၊ ယခု ဒိဋ္ဌိဝိသုद्ध ဆိုတာ အမြင်၏စင်ကြယ်ခြင်း၊ အမြင်၏စင်ကြယ်ခြင်းဆိုတာ ယခုမှ ဒိဋ္ဌိကြီးစင်ကြယ်သွားတာကို ခေါ်တယ်၊ (တနည်း) အယူမှားကြီးစင်ကြယ်သွားတာကိုခေါ်တယ်၊ ဒီတော့ ဗုद्ध ဘာသတမျိုးလုံး စဲ့ယူနေတဲ့ အစဲ့ကြီးကော့ပါကလား၊ ဒီတော့ ကမ္မသကတာသမ္မာဒိဋ္ဌိဆိုတဲ့သူတွေ စဲ့တဲ့အစဲ့တွေပါ၊ (ဝါ) ကံသာလျှင် အမိ, ကံသာလျှင် အဘလို့ဆိုပြီး၊ စဲ့ယူနေကြတဲ့သူတွေ စဲ့လာတာပါ။

ဒီတော့ ဒီခန္ဓာကောင်ကြီးဟာ ဘယ်ကစပြီး ဖြစ်လာသလဲ ဆိုရင် အမိဝမ်းဘုင်းကစပြီး ပဋိသန္ဓေဝိပါက် ငါညာဏ်လေးက နေပြီးတော့ ရုပ်ပေါင်း သုံးဆယ်,ကလာပ်အားဖြင့် သုံးစည်းနှင့် တပြိုင်နက် နာမကွန္ဓာ တဋ္ဌတ္တာရုပ်လေးကစပြီး လာတာပါ၊ ဒီကနေ တဖြေးဖြေး ကြီးထွားလာတာပါ၊ ဒီတော့ ကိုးလနှင့် နှစ်ဆယ်လေးရက်လဲ ရလာရော အဲဒါ ကမ္မဇလေ လှုပ်ပြီးတော့ ဖွားမြင်လာတယ်၊ ဒါကို ခန္ဓာငါးပါးလို့ ခေါ်တာပါ၊ ဒါကို ပဉ္စက္ခန္ဓာလို့ခေါ်တာပါ၊ အာရုံလေးခုကို စဲ့ယူနေတာကျ တော့ ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊ ခန္ဓာငါးပါး ရုပ်နာမ် ကောင်ကြီးကို ပဉ္စက္ခန္ဓာလို့ခေါ်တယ်၊ ဒီ ပဉ္စက္ခန္ဓာကို စဲ့ယူနေ တာကျတော့ အတ္တာဒိဋ္ဌိနှစ်ဆယ်လို့ ခေါ်တယ်၊အဆင်းနဲ့အကြည် ဆုံလိုက်တဲ့အခါမှာ ကောင်း,မကောင်းဆိုပြီး ထုတ်ဆဲ့တာကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊ ဒီလိုအကြမ်းနည်းဖြင့်ရင် ခန္ဓာ နှစ်မျိုးကို မှတ်ထားပါ။

ဒီ ဝိပါက် ကဋ္ဌတ္တာရုပ်ကြီးကို အကျိုးခန္ဓာလို့ ခေါ်တယ်၊ သုတ္တန်နည်းနဲ့ ပြောမယ်ဆိုရင် အတိတ်ဇနကကံက စီမံသဖြင့် ဖြစ်လာတဲ့ ရုပ်ကြီးဖြစ်လို့ အကျိုးခန္ဓာလို့ ခေါ်တာပါ၊ ဒီ ခန္ဓာ ကောင်ကြီးကို (၀၊)အကျိုးခန္ဓာကြီးကို ဝိပဿနာရှုလို့ ရမလား မရပါ၊ ဝိပဿနာနဲ့ ဘာမျှမဆိုင်ပါ၊ ဝိပဿနာကို ရှုရမယ်ဆို တာက ဥပါဒါနက္ခန္ဓာကိုသာ ရှုရတာပါ၊ ဥပါဒါနက္ခာဆိုတာက အဆင်းနဲ့ အကြည် ဆုံလိုက်ဇဲ့အခါမှာ သညာဝိညာဏ်ကနေ ထုတ်လာတဲ့သဘောကို ခေါ်တယ်၊ ဒီ ခန္ဓာလေးတွေကိုသာ ရှုရ မယ်၊ ကိုင်း....ဒီတော့ ယခု တကာကြီး (ဘုံးစ္ဆန်) ၎တ်တုတ်ထိုင် နေတာက အကျိုးပဋ္ဌက္ခန္ဓာကြီးပါ၊ ဒီခန္ဓာကြီးကို ဝိပဿနာ ရှုလို့ မရပါ။

ဒါကို ဘာနဲ့ချေရမလဲ ဆိုတော့ အဲဒါကို သီလသမာဓိတို့နှင့် (၀၊) သီလင်သုဒ္ဓိ စိတ္တဝိသုဒ္ဓိတွေနဲ့ ချေခဲ့ပြီဘဲ မဟုတ်လား၊ ဥပမာ အနေနဲ့ လဘက်ရေပုဂံကိုသာ ဆွဲပြနေတာပါ၊ ဒီလဘက်ရေပုဂံမှာ ကျေရင် ခန္ဓာကောင်ကြီးမှာလဲ ကျေမှာဘဲ ဆိုပြီးတော့ ပြောနေတာပါ။

ဒီအကျိုးပဋ္ဌာန်ခန္ဓာကောင်ကြီးကို စဉ်နေတာဟာ ဘယ်နှစ်ပါး ရှိသလဲဆိုတော့ ရုပ်သည်၊ ၊ါသည်ရုပ်၊ ရုပ်၌၊ါရှိ၏၊ ၊ါ၌ ရုပ်ရှိ၏–ဆိုပြီးတော့ အစဉ်လေးချက်နဲ့ စဉ်နေတာပါ၊ အခုပ်စားပြောမယ်ဆိုရင် ဒီနေရာက လမ်းဆုံပါ ဒီနေရာကနေပြီး သဘာဝတွေကို မြင်လာရင်ဘဲ အောက်ကပြခဲ့တဲ့တရားတွေကိုလဲ မြင်တာဘဲ၊ နောက်တခါ အထက် ဥဒယဗ္ဗယဉာဏ်ကြီးရဲ့ လုပ်ငန်းစဉ်ကျလာပြန်တော့လဲ ဒီအတိုင်းဘဲလမ်းဆုံကျနေပြီ၊ ရှေ့ပိုင်း ရှင်နာမ်ကြီးတွေကို ချေရတာက နက်ပါတယ်၊ နက်တယ်ဆိုတာဟာ လူကြံရင် ဘာမှုမခံနိုင်ပါ၊ လူမှာ ကာလသုံးပါး ရှိပ်နာမ်လေးဘက်က လှည့်နေတဲ့အတွက်ကြောင့် အဲဒါ လူကြံရင် ဘာမဆို ရတာပါဘဲ ဒီတော့ ဒီနေရာက သဘာဝတွေကို အဓိပ္ပါယ် နားလည်ရင်ဘဲ နောက်က ဟောခဲ့တဲ့ သဘာဝတွေ ရောရှေ့ကိုဟောမဲ့သဘာ၀တွေကိုပါ နားလည်ပါမယ်၊ ဒီရုပ်နာမ်ကြီး ကျေသွားမှလဲ (၀၊) ဃနကြီးကျေသွားမှ ရှေ့ကို တက်လို့ရမှာပါ။

ကိုင်း.... ဒီတော့ ဒီခန္ဓာကောင်ကြီးမှာ ရုပ်ပေါ်စဉ်နေတာက အစဉ်လေးချက်၊ နာမကွန္ဓာလေးပါးဖြစ်ဘဲ ဝေဒနက္ခန္ဓာမှာလဲ အစဉ်လေးချက်၊ သညက္ခန္ဓာမှာလဲ အစဉ်လေးချက်၊ သင်္ခါရက္ခန္ဓာမှာလဲ အစဉ်လေးချက်၊ ဝိညာဏက္ခန္ဓာမှာလဲ အစဉ်လေးချက်၊

ပေါင်းတော့ ခန္ဓာငါးပါးမှာ အစဉ်နှစ်ဆယ်ဖြစ်လာတယ်။ ဒါကို အတ္တဒိဋ္ဌိ နှစ်ဆယ်ဆိုပြီး ပြလာတာပါ၊ ဒုါသမုဒယသစ္စာပါ၊ ဒီအစဉ်ကြီးတွေက ခြေတုပ်လက်တုပ် အနေနဲ့ တုပ်ထားကြပြီ၊ ယခုအစဉ်လေးချက်ဟာ ရေတွင်းတကာကြီးမှာ တုပ်ထားတာ သိသလား၊ ပြောပြမယ်၊ ယခု ရထားတဲ့ ခန္ဓာကောင်ကြီးဟာ ဘယ်အနေနဲ့ ရှိသလဲ၊ ရူပ်တရားရှိသလား၊ နာမ်တရားရှိသလား၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ ရှိသလား၊ ဒီလိုမေးရင် ဘယ်လိုပြောမလဲ။

ဒီတော့ တရားတွေ အသင့်အတင့် နာယူထားလို့ အဲဒါ ယောကျ်ား မိန်းမအနေနဲ့ တော့မရှိပါ၊ အဲဒါ ရူပ်တရားနာမ် တရား အနေနဲ့ တော့ ရှိပါတယ်ဘုရားလို့ ပြောမှာဘဲ မဟုတ်လား၊ ဒီလိုပြောလို့ လွတ်လိမ့်မည်မျှား ထင်နေသလား၊ ဒီလိုပြောလို့သာ လွတ်မယ်ဆိုရင် ပရိယတ်ပုဂ္ဂိုလ်တွေ အားလုံးလွတ်ကုန်ပြီ၊ ဒီတော့ ရူပ်တရား နာမ်တရားကို မရှိဘူးလို့ ပြောမလား၊ မရှိဘူးလို့ ပြောရင်လဲ ဉစ္ဆေဒဒိဋ္ဌိထဲ ကျတော့မယ်၊ ရှိတယ်ဆိုပြီး စဉ်ယူပြန်တော့လဲ အတ္တဒိဋ္ဌိနှစ်ဆယ်ထဲက မလွတ်တော့ပါ၊ ဒီအစဉ်တွေလွတ်အောင် ဘယ်လိုပြောမလဲ၊ ပြောစမ်းပါ၊ ဒီတော့ ရူပ်ရှိတယ်ဆိုရင် ရူပ်သည် ငါဆိုပြီးတော့ တုပ်လာတော့မယ်၊ နောက် ငါသည် ရူပ်၊ ရူပ်၌ ငါရှိ၏၊ ငါ၌ ရူပ်ရှိ၏-လို့ ဆိုပြီး တော့ တုပ်လာခတာ့မယ်။

ဒီ အစဉ်ကြီးဟာ အတိသြဠာရိကဒိဋ္ဌိ အစဉ်ကြီးလို့ ခေါ်တယ်၊ အလွန်ကြမ်းတမ်းတဲ့ အစဉ်ကြီးပါ၊ ဒါဟာ အန္ဓတွေ စဉ်တဲ့အစဉ်ကြီးပါ၊ အန္ဓဖြစ်လာရင်ဘဲ ဘုရားကိုမျှားမျှားကြီး ရှိခိုးလာတယ်၊ (၀၊) ဒုါန, သီလတွေကို မျှားမျှားကြီး ကြပ်ကြပ်လုပ်လာပြီ၊

အဲဒါ ဟန်ဆောင်မှုတွေ လုပ်လာဘေ့မယ်၊ အဲဒါအစ္စလောက ကြီးကို ခွဲနေကြတယ်၊ ဒါ အနှစ်တွေ့လုပ်နေတာပါ၊ နှစ်ဆယ် ကိုးပါးသော ကံတရားတွေကို စဉ်ပြီးလုပ်နေတာသည်ပင် သူရရှိ ထားတဲ့ ရုပ်လေးကို စဉ်ပြီးလုပ်နေတာဘဲ မဟုတ်လား၊ ဒီတော့ ဘုရားရှိမခိုးရဘူးလို့ မဆိုလိုပါဘူး၊ ဘုရားရှင် ဝိသာခါကျောင်း အမကြီးကို ဆုံးမတဲ့အခါ "ချစ်သီးဝိသာခါ ငါဘုရားကို ဘယ် သောအခါမှ မမေ့ရဘူး"လို့ ဆုံးမလာတယ်မဟုတ်လား။

ဒီတော့ ဗုဒ္ဓဘာသာတွေကို ဘုရားရှိမခိုးရဘူးလို့ မဆိုလိုပါ ဘူး၊ ရှိခိုးကြပါ၊ ဒါပေမဲ့ အစ္စတရားတွေအနေနဲ့တော့ မလုပ် ပါနဲ့၊ ဒါကြောင့် ဘုရားစွဲကိုဖြုတ်ခိုင်းနေတာပါ၊ မိမိလုပ်လာ ခဲ့တဲ့ အလုပ်ဘွဲ့ကို ပြန်ဝေဘန်ကြည့်ရင် အဲဒါ လောကလူတွေ မြင်ကောင်းကြားကောင်းအနေနဲ့ ဘယ်တော့မှ မလုပ်ကြပါနဲ့၊ ဒီကော့ ကြေးဆင်းတု ကျောက်ဆင်းတုတော်တွေ အဓပါမှာ စဉ်တဲ့အစ္စဟာ ဘယ်ထိအောင်ပြင်းသလဲ၊ အဲဒါ အာရုံတခုခုနဲ့ တွေ့လိုက်တဲ့အခါမှာ ဒီ ဘုရားစွဲတွေပျောက်ပြီး တခါထဲ လက် မောင်းတန်းလာတော့မယ်။

ဒီတော့ ရုပ်သည် ငါ၊ ငါသည် ရုပ်–ဆိုတဲ့ အထဲမှာ ရုပ်ဆို တာ ဘာလဲ၊ မာတာရုပ်, ပူတာရုပ်–လို့ စဉ်နေတဲ့ အစ္စသည်ပင် ရုပ်သည် ငါလို့လဲစဉ်လိုက်ရော ငါ၌ ရုပ်ရှိ၏လို့ဆိုပြီး ဖြစ်လာ တာဘဲ မဟုတ်လား၊ ဒါ ဘယ်သူတွေ စဉ်တဲ့အစ္စလဲ၊ အနှစ်တွေ့ စဉ်တာပါ၊ ယခု ခွဲစိတ်လာလို့ ပရမာအဏုမြူလေကျလာရော ရုပ်ဟာ ဘယ်အနေနဲ့ရှိသလဲ၊ အဲဒါ မာတယ် ပူတယ်လို့ မပြော နိုင်တော့ပါ၊ အဲ့ဒါမှ အစ္စမစ္စတော့ပါ၊ မာတယ် ပူတယ်ဆိုတာ

တွေဟာ အစဲမစဲနိုင်မှုလွတ်မယ်၊ ကလျာဏမျက်စေ့ ပေါက်သွားတဲ့ သူတွေကျတော့ ရူပ်ဟာ မရှိတော့ဘူးလား၊ ရှိပါတယ်၊ ဒါဖြင့် ဘယ်အနေနဲ့ရှိတော့သလဲ။

ဒါကို ပြောနိုင်ရင် အစဲလေးချက်ပြုတ်သွားပြီ။ မာတာ့ ပူတာ ရူပ်လို့ ပြောရင် အဲဒါ ရူပ်သည် ငါ, ငါသည် ရူပ်၊ ရူပ်၌ ငါရှိ၏, ငါ၌ရူပ်ရှိ၏–လို့ဆိုပြီး အစဲလေးချက်ထုတ်လာတော့မယ်၊ဒီတော့ အစဲထုတ်တဲ့ရူပ်ဟာ ဘယ်အနေနဲ့ရှိသလဲပြောစမ်းပါ၊ ဆရာဝန်ကြီး ဦးဝင်းဖေက ငါးပါးသောပသာဒရူပ်နဲ့ စမ်းသပ်လို့မရဘဲ အနေနဲ့ရှိတယ်၊ ဒီတော့ မောင်ကောင်းက ပစ္စုပ္ပန်ဆတ်ဆတ်ပေါ် သဘောလေးအနေနဲ့ ရှိပါတယ်လို့ဖြေတယ်၊ ဒီတော့ ဒါတွေကို ရူပ်ဟာ ဘယ်အနေနဲ့ရှိသလဲ ဆိုတာကို ထပ်ပြမယ်၊ အမျိုးသီးတွေနားမလည်ဘူးဆိုတာကို မရှိရအောင် ထပ်ရှင်းပြမယ်၊ ဒီတော့ ရှေးဝိပဿနာဆရာကြီးတွေ ဝိပဿနာကိုဖွင့်တဲ့ အခါ ယထာဘူတအသိ ဒိဋ္ဌိဝိသုဒ္ဓိကနေပြီး စဖွင့်ပါတယ်။

အဲဒါ နာမရူပပရိစ္ဆေဒနှင့် ပစ္စယပရိဂ္ဂဟာဉာဏ်တွေကနေပြီး စဖွင့်လာကြတယ်၊ ယခု ဆရာတော်တို့က အမျိုးသီးတွေ နားလည်ပါစေတော့လို့ဆိုပြီးတော့ အောက်ပိုင်းအခြေခံကို ဆယ်ရက်လောက် ခေါ်ပြခဲ့ပါပြီ၊ ဒီနေ့ လက်တွေ့နည်းအနေနဲ့ ပြပါမည်၊ ဒီတော့ ရူပ်သည် ငါ, ငါသည် ရူပ်၊ ရူပ်၌ငါရှိ၏, ငါ၌ရူပ်ရှိ၏–ဆိုပြီး စဲနေတာဟာ ယခု ဓာတ်လေးပါးဟာလဲ သည်လေးတွေ ဖြစ်နေပြီ၊ ဓာတ်လေးပါးတို့ဟာ သည်လေးတွေဖြစ်နေပြီ။

ဒီမပေါင်းနိုင်တဲ့ပထဝီလေးကို သည်ဝိညာဏ်နယ်က ကြည့်လိုက်တဲ့အခါမှာ မာတယ်ဆိုတဲ့ သဘောသတ္တိလေး ရှိတယ်လို့

ပြောမှာဘဲ၊ အာပေါကလဲပြောမှာဘဲ၊ ဝါယောကလဲပြောမှာဘဲ၊ တေဇောကလဲ ပြောမှာဘဲ၊ သူတို့က မပြောနိုင်သော်လဲ သူတို့မှာ မာတဲ့သဘောသတ္တိလေးအနေနဲ့ ရှိနေကြသေးတယ်၊ ဒီတော့ ပထဝီဓာတ်ဟာ ဘယ်သဘောရှိသလဲလို့ သူရဲ့သဘောကိုရှာမယ်ဆိုရင် အဲဒါ မာတဲ့သဘောသတ္တိလေး ရှိတယ်လို့ ပြောမှာဘဲ၊ ဒါဖြင့်ရင် သူကမျက်မှောက်အနေနဲ့ပြောမှာလား မျက်ကွယ်အနေနဲ့ပြောမှာလား၊ ဒီတော့ ဝိပဿနာသင်စဆိုတာဟာ မျက်ကွယ်သဘောကို မလိုက်ရပါ၊ မျက်မှောက်သဘောကိုသာ လိုက်ရမယ်။

ဒါက ပညာရဲ့သဘောပါ၊ သညာဝိညာဏ်ရဲ့ သဘောကတော့ အဲဒါ အတိတ်နဲ့အနာဂတ် လှည့်ပတ်ပြီးတော့ မျက်ကွယ်ကိုသာ ပြောနေတာပါ၊ ဒီတော့ အတိတ်နဲ့အနာဂတ်လှည့်ပတ်နေတာကို သညာဝိညာဏ်နယ်လို့ ခေါ်တယ်၊ ဒီတော့ မာတယ်ဆိုတဲ့ ပထဝီဓာတ်လေးဟာ မျက်ကွယ်အနေနဲ့ပြောနေတာလား၊ မျက်မှောက်အနေနဲ့ပြောနေတာလား၊ ဒီလိုမေးရင် ဘယ်လိုပြောမလဲ၊ ဒါကိုမြင်ရင် ရုပ်သည်ငါ၊ ငါသည်ရုပ် ရုပ်၌ငါရှိ၏ ငါ၌ရုပ်ရှိ၏–ဆိုဘဲ အစွဲကြမ် ကြီ ကိုစွန့်လွှတ်ရတော့မယ်၊ဒီတော့ မောင်ကောင် ဖြေတာက မျက်မှောက်အနေနဲ့ ရှိတယ်လို့ဖြေတယ်၊ “ ဆရာဝန်ကြီး ဦးဝင်းဖေ ” ကတော့ မျက်ကွယ်အနေနဲ့ ရှိတယ်လို့ဖြေထားတယ်၊ ဒီကော့ မင်းတို့နှစ်ယောက်ဟာ နရက်နဲ့ဘဝက် ကွာခြားသလို ဖြစ်နေကြပြီ၊ ဒီတော့ ပထဝီဓာတ်လေ. ဟာ သုညလေးအနေနဲ့ထွက်နေတာသည်ပင် အဲဒါ ငါးပါးသော ပဿာဒတွေနဲ့ စမ်းသပ်လို့ရသေးလား၊ မရတော့ပါ။

ဒါဖြင့် ဘယ်မှာလဲ ပစ္စုပ္ပန်ဆတ်ဆတ် ပေါ်သဘောလေးဟာ၊ ယခုစမ်းသပ်လို့မှ မရတော့တာ၊ ဒီတော့ မျက်မှောက်

ပစ္စုပ္ပန်ဆတ်ဆတ်ဆိုတာဟာ ဘယ်အနေနဲ့ပြောတာလဲ၊ ဒါကို စဉ်းစားပါ၊ နောက် ဆရာဝန်ကြီးပြောတဲ့ အပြေမှာ မျက်ကွယ်အနေနဲ့ရှိတယ်ဆိုတာ ဘယ်အနေနဲ့ရှိသလဲဆိုရင် ဘယ်လိုပြောမလဲ၊ ပြောစမ်းပါအုံး၊ ဒီတော့ မျက်မှောက် မျက်ကွယ်အနေနဲ့ ရှိတယ်ဆိုတာက အရင်ဃနကြီး ရှိစဉ်တုံးက အတိတ်ကို ဆွဲပြီး မျက်ကွယ်အနေနဲ့ရှိတဲ့သဘောပါ၊ ငါးပါးသောပဿာဒတွေနဲ့ စမ်းသပ်ပြီး မှတ်လာခဲ့တဲ့အစဲ့ အတိတ်သညာလေးအနေနဲ့ဟာ ယခုမစ္စန်သေးဘဲ ယခု သုညလေးတွေ ဖြစ်နေသော်လဲ မာတယ်လို့ပြောနေတာဘဲမဟုတ်လား။

ဒီလို ရှေ့ကမှတ်လာတဲ့ သညာလေး မသုဉ်းဆိတ်သေးဘဲ မာတယ်လို့ပြောတာဟာ အတိတ်သညာလေးဘဲ မဟုတ်လား၊ ဒီဟာ ဟိုဟာကိုစဲ့နေသေးရင် (ရုပ်သည် ငါ့ လ)ငါ၌ရုပ်ရှိ၏လို့) ဆိုပြီး အစဲ့လေးချက်တွေ စဲ့လာတော့မယ်၊ အဲဒါ ရုပ်သည်ဆိုတဲ့ သညာအမှတ်လေး ရှိနေသေးရင် ငါ-ကလဲ လာစဲ့တော့မယ်၊ ဒီတော့ တွေးစမ်းပါ၊ ရုပ်သည် ငါ-မှာ ရုပ်ရှိတယ်ဆိုတာ ဘယ်အနေနဲ့ရှိသလဲဆိုရင် အဲဒါ ငါးပါးသော ပဿာဒရုပ်တွေနဲ့ စမ်းသပ်လို့ရတဲ့ရုပ်လဲ ငါ-လာစဲ့မှာဘဲ၊ စမ်းသပ်လို့မရဘဲနဲ့ အတိတ်သညာအနေနဲ့ ရှိနေသေးရင်လဲ ငါ-ကလာမှာဘဲ၊ ကိုင်း ဒီတော့ ရုပ်ဟာ ဘယ်အနေနဲ့ရှိသလဲဆိုတာကို ပြောစမ်းပါ။

အဲဒါ ငါလေးပြုတ်အောင် လုပ်ရမယ်၊ ဒီ ငါ့လေးပြုတ်အောင် မလွယ်ကူပါ ဒီ နှစ်ချက်က လွတ်သွားအောင် ဘယ်လို ရှုမလဲ၊ ဒီတော့ မာတဲ့သင်္ခါလေးအနေနဲ့ ရှိတယ်လို့ ပြောမှာလား၊ ပြောပါပြီထားပါ၊ ဒါပြင့်ရင် သူကမျက်မှောက်အနေနှင့် ပြောမှာလား၊ မျက်ကွယ်အနေနှင့် ပြောမှာလား၊ ဆရာတော်

ပြောပြမယ်၊ ဒီမာတယ် ပူတယ်ဆိုတဲ့ ရုပ်သဘောလေးဟာ ဃနကြီးကို ခွဲလိုက်ကထဲက အဲဒါ သမာဓိနဲ့ လဲခွဲလိုက်ရော၊ လက်နဲ့ စမ်းသပ်လို့ ရတဲ့ရုပ်တွေမရှိတော့ပါ၊ ပျောက်သွားပါပြီ၊ ဒီတော့ ရုပ်ဆိုတာဟာ အဲဒါ အတိတ်သညာလေးအနေနဲ့ သာရှိနေတယ်၊ ဒီအတိတ်သညာလေးပျောက်သွားမှ (၀ါ) ကြေသွားမှ ငါလေးဟာလဲ မစ္စဲနိုင်တော့ဘဲ အတိတ်သညာရုပ်သဘောလေးကို နာမရူပပရိစ္ဆေဒဉာဏ်ကနေ ခေါ်မယ်။

အဲဒီလို ခေါ်ပြီးတော့မှ သူရဲ့ဟိုဘက်မှာ အဲဒါ ပစ္စုပ္ပန်လဲ မဟုတ်ဘဲ, အတိတ်သညာ ရုပ်သဘောလဲမဟုတ်တော့ဘဲ ပစ္စုပ္ပန်ဆုတ်ဆုတ် အနုတ္တရာတ် ရုပ်သဘောအနေနဲ့ သာ ပေါ်လာတော့မယ်၊ ဒီတော့ ဒီသဘာ၀ပေါ်လာအောင် ယခု နာမရူပပရိစ္ဆေဒဉာဏက ခေါ်ရတော့မယ်၊ အခုရှိနေတာက အတိတ်ကမှတ်လာခဲ့တဲ့ သညာရုပ်သဘောလေးအနေနဲ့ နှလုံးအိမ်ထဲမှာ ရှိနေတယ်၊ အဲဒါကို ငါ-ကစ္စဲတာပါ။

ဒါကြောင့် ဒီအတိတ်သညာအနေနဲ့ စ္စဲနေတဲ့ရုပ်သဘောလေးကို ဘယ်လိုခေါ်မလဲ၊ ဒါကို အခု ခေါ်ရတော့မယ်၊ ဒါကို ခေါ်လိုက်မှ ငါလေးက မစ္စဲနိုင်တော့ဘဲ အဲဒါ အစ္စဲလောကကြီး ကျွတ်သွားမယ်၊ ဒါကြောင့် အတိတ်သညာ ရုပ်သဘောလေး ဘယ်လိုခေါ်မလဲ ဒီတော့ ပစ္စုပ္ပန်မှာ ထွက်ထွက်ပြီး စ္စဲနေတာဟာ အဲဒါအတိတ်သညာလေးတွေရှိနေလို့ ထွက်ထွက်ပြီး စ္စဲကြတာပါ၊ ဒီအတိတ်သညာလေး သုဉ်းဆိတ်သွားရင် အစ္စဲလောကကြီး မထွက်တော့ပါ၊ အစ္စဲကြီးနေတာသည်ပင် အတိတ်သညာလေးတွေ ရှိနေလို့ပါ။

ကိုင်း ...ဒီတော့ အတိတ်သည်ကို ချေရတော့မယ်၊ ဒီအတိတ်သည်ကိုချေဘို့ရာ လွယ်တယ်မထင်နဲ့၊ ဦးတော့ ဒီကနေပြီး အစ္ဆလေးချက်စ္ဆပ်ကို ပြလိုက်ပါပြီ၊ ဒီတော့ ရှေ့ပိုင်းကနေပြီး မာမှုသည်ဆိုတဲ့ သဘောလေးကို စစ်ပြလိုက်ပြီ၊ ရုပ်သည်နှင့် မာမှုသည် ဆိုတာဟာ အတူတူပါဘဲ။

မာမှု ဖွဲ့စည်းမှုဆိုတာက ပထဝီဓာတ်လေးကို ခေါ်ပြီးစစ်လိုက်တာပါ၊ ရုပ်ဆိုတာကို ခေါ်စစ်တာမဟုတ်သေးပါ၊ ယခု မာမှုသည်ဆိုဘာ ပြီးသွားလို့ ယခု ငါဆိုတာလေးကို ထုတ်ပြအုံးမယ်၊ ယခု ပညာပုစ္ဆကအနေနဲ့ ဆရာဝန်ဇနီးမောင်နှံကို တင်ပြလိုက်တာပါ၊ ဒီလိုသဘောပေါက်သွားအောင် ယခုတင်ဆက်ပြတာပါ၊ ဒီတော့ "လယ်တီတောရဆရာတော်ဘုရားကြီးက-ဥတ္တမပုရိသဒီပနီကျမ်း" မှာလဲ အဲဒါ နိပ္ဖန္နရုပ် တဆယ်ရှစ်ပါး ထင်လာအောင်လုပ်ရမယ်လို့ ရေးလာတယ်၊ ယခု ဆရာတော်တို့က သမ္ဘာယနကြီးကို မြှုလေးပါးနဲ့ ဆယ်ရက်ခေျလာတယ်၊ ဒီတော့ မင်ဖိုလ်ကို လိုချင်ရင် အဘိဓမ္မာနည်းကို မလိုက်ပါနဲ့၊ သုတ္တန်နည်းကိုသာ လိုက်ပါလို့ "လယ်တီဆရာတော်ဘုရားကြီး" ဆုံးမလာခဲ့ပါတယ် ဒါပေမဲ့ သူရေးတဲ့ ဥတ္တမပုရိသဒီပနီကျမ်းမှာက နိပ္ဖန္နရုပ် တဆယ်ရှစ်ပါးကိုသာ ထုတ်ပြလာတာဘဲ၊ ယခု ဆရာတော်တို့ကျတော့ အဲဒါ ရုပ်ကိုးပါးကိုသာ ကိုင်ပြီးတော့ မြှုတွေနဲ့ ခေျပြလာတော့မယ်။

ဒါတွေကို မြှုတွေနဲ့ ခေျလာတယ်၊ နောက်ဆုံး ဝိညာဏမြှုလဲ ရောက်လာရော အဲဒါ မာတာလေးဟာ သုဉ်းဆိတ်သွားပြီ၊ မာတယ်ဆိုတာဟာ လက်နဲ့ စမ်းသပ်လို့ရမှ မာတယ်လို့ ပြောတာပါ၊ ယခု လက်နဲ့ စမ်းသပ်လို့ မရတော့တဲ့အတွက် မာတာလေး

သုဉ်းဆိတ်သွားပြီ၊ ဒါပေမဲ့ ပထဝီဓာတ်လေးကို သီလ, သမာဓိတွေနဲ့ ဘယ်လိုဘဲချေချေ (၀၊) ခဲ့ခဲ့ သတ်သတ် ပညာနဲ့ မချေသမျှ ၀၊-မသေဘူးဂုဏ်ဆိုပြီး မကြိမ်းသော်လဲ ကြိမ်းသက်သို့ ဖြစ်နေပြီ၊ ဒီတော့ သီလ,သမာဓိနဲ့ဘဲ တက်ပါအုံး၊ အထက်ဆုံး ဗြဟ္မာ့ပြည်ဘဲရောက်မှာဘဲမဟုတ်လား၊ ဒါကြောင့် သီလ,သမာဓိနဲ့ ဘယ်လိုခဲ့ခဲ့ ၀၊-မသေဘူးဂုဏ်လို့ ဆိုပြီးပြလာတယ်၊ ဒီကော့ ယခုပညာနဲ့ သတ်ဘို့ ဒိဋ္ဌိဝိသုဒ္ဓိဆိုပြီး တက်လာ့ပြီ၊ ဒီတော့ သီလနဲ့ သမာဓိဟာ အကျင့်တရားကနေပြီးတော့ တက်လာတာပါ၊ ပညာသာမပါရင် ဒီ သီလ,သမာဓိတွေနဲ့ လုပ်သော်လဲ အဲဒါ ပထဝီလေးဟာ မသေပါ၊ ပညာနဲ့ လုပ်မှ ရပါတယ်၊ ပညာမပါရင် သီလ,သမာဓိတို့နဲ့ ဘယ်လိုပင်လုပ်သော်လဲ မသေပါ၊ ဒီတော့ အကျင့်တရားကို လုပ်နေတဲ့ သူတွေဟာ ပညာမှုမပါရင်မရပါ၊ "အဲဒါ ယုန်တောင်ပြေး-ခွေးမြောက်လိုက်၊ ခွေးကျိုးနဲ့ယုန်လိုက်၊ ကြက်မြုံ်ကရာ အညှော်ခံ၊ စားချင်မှန်းလူသိ" ဆိုတာလို ဖြစ်နေမှာဘဲ။

ဒီ ဥပမာလိုဘဲ၊ ဒီ သီလ,သမာဓိတို့နဲ့သာ လုပ်နေရင် (၀၊) ပညာမှုမပါရင် ဒီ ပထဝီလေးဟာ မသေပါ၊ ပညာနဲ့ သတ်မှသာ သေမဲ့ ပထဝီလေးပါ၊ ဒါကြောင့် အကျင့်ဘက်ကိုလဲ မသာယာကြပါနဲ့၊ သာယာတာနဲ့ ဆုတ်ယုတ်သွားတော့မယ်၊ ဒီတော့ ပထဝီဓလေးကို မြှုလေးပါးနဲ့ခွဲလို့ ပရမာအဏုမြှုလဲ ရောက်သွားရော၊ နာမပညတ်နဲ့ သဏ္ဌာနပညတ် မပေါ်နိုင်တော့ဘဲ ပထဝီလေးဟာသေနေပြီ၊ ဒါဟာ တကယ်သေတာလား၊ အဲဒါ ရှင်ရှစ်ပါးလေးအနေနဲ့ ရှိနေသေးတယ်၊ ၀၊-ထွက်လာပြန်တယ်၊ ဒါကိုထပ်ပြီး ဒီဇင်မြှု, သုတမြှု, မုတမြှု, ဝိညာတမြှုဆိုတဲ့

သမာဓိမြူတွေနဲ့လဲ ခွဲလိုက်ရော ဝိညာဏမြူ ရောက်လာတော့ ဓာတ်ရှစ်ပါးတို့ဟာ မပေါင်းနိုင်တော့ဘဲ တခုစီကွဲနေပြီ၊ ဒီတော့ ပထဝီဓာတ်လေးဟာ မာတဲ့သဘော ရှိနေသေးသလား လို့ဆိုရင် ဟိုတုံးက ဃနကြီးရှိစဉ်တုံးက ၎င်းပါးသောပဿာဒရုပ်နဲ့ စမ်းသပ်လို့ရစဉ်အခါက မှတ်လာခဲ့တယ်၊ သညာအမှတ်လေးဟာ ရှိနေသေးတယ်။

အချုပ်မှာ ခင်ဗျားတို့သညာအမှတ်ပျောက်မှ ပထဝီဓာတ်က ကျုပ်ပျောက်မယ်၊ အဲဒါ ခင်ဗျားတို့ရဲ့ သညာအမှတ်မပျောက်သေးသမျှ ကျုပ်ဟာလဲ မာတယ်ဆိုတဲ့သဘောလေး မပျောက်သေးပါဆိုပြီး ပြောခဲ့နေပြီ၊ ဒီလိုရှိတာလေးကို လာစဉ်းရင်ဘဲ အဲဒါ ရုပ်သည် ငါ, ငါသည် ရုပ်–ဆိုပြီး ငါဟာလဲ လာစဉ်းမှာဘဲ၊ ဒီသဘာဝကိုမှ မသိတဲ့အနှစ်တွေက ဒီ ရုပ်ကောင်ကြီးကို (ဝါ) အဆိုင်အခဲ့သမှုဟာဃနကြီးကိုစဲ့လို့ ငါထွက်လာတယ်၊ နောက် ၎င်းပါးသော ပဿာဒရုပ်နဲ့ စမ်းသပ်လို့ မရတော့တဲ့ ပရမာအဏုမြူလေးကျတော့လဲ ဒီလို အစဉ်သုံးချက်အနေနဲ့ ထွက်နေပြီ၊ ဒီတော့ ငါစဉ်တာကို လိုက်ကြည့်လိုက်ရင် ဃနအဆိုင်အခဲကြီး ရှိတုံးကလဲ အစဉ်တချက်ထွက်လာတယ်။ ပရမာအဏုမြူကျတော့လဲဘဲ အစဉ်တချက်ထွက်နေသေးတယ်။ အခု ဝိညာဏမြူရောက်လို့ ဓာတ်တပါးစီ ဖြစ်နေတာဘောင်မှာဘဲ မင်းတို့သညာရှိနေသမျှ ငါဟာလဲရှိနေမှာဘဲဆိုပြီး အစဉ်တချက်ထွက်နေပြန်တယ်၊ ဘယ်လောက်အသက်ပြင်းသလဲဆိုတာကို စဉ်းစားပါ။

ဒီတော့ အစဉ် စဉ်ဘို့ရာ သုံးချက်ထွက်နေပြီဘဲ မဟုတ်လား၊ အခု အတိတ်သညာလေးအနေနဲ့ သာရှိတော့တဲ့အတွက် ဒီ အစဉ်ကို နာမရူပပရိစ္ဆေဒဉာဏ်ကခေါ်တော့မယ်. ဒါမှ မောင်ကောင်းကြီး

ပြေတဲ့ အပြေလေးဟာ ပညာလေးအနေနဲ့ ထွက်တော့မယ်၊ ဒီတော့ သဘ္ဘဝါတွေမှန်သမျှ အဘိတ်အာရုံလေးကို ဆဲကိုင်နေကြတယ်၊ အနာဂတ်ကိုလဲ ဝိညာဏ်ဖြင့် တွေးကြံလာကြတယ်၊ ဒီ အတိတ်အာရုံနဲ့ အနာဂတ်အာရုံ ပြေးသွားနေကြတဲ့ သူတွေမှန်ရင် ဒီ အစဲကြီးလေးချက်ဟာ ရှိနေတာဘဲ သေသေချာချာတွေးပါ။

သောတာပန်ဖြစ်သွားရင် ဝိပလ္လာသ တဆယ့်နှစ်ပါးထဲမှာ ရှစ်ပါးဟာ ပြုတ်သွားပြီ၊ လေးပါးသာကျန်တော့တယ်၊ ဒုါ ကြောင့် "အဋ္ဌဂိုကော မဂ္ဂေါ သေဋ္ဌော–အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့ မဂ္ဂင်ကြီးဟာ အမြတ်ဆုံးဘဲ"လို့ ပြောတာပါ၊ သောတာပန်ဖြစ်သွားရင် ဆရာမရှာတော့ပါ၊ သူ့ဟာသူ အထက်မင်ကြီးတွေကို တက်သွားတော့မယ်၊ ဒါဟာ လှေကြုံစီးသဘာဝတွေပါ၊ (ဝါ) ပကတိသာဝကတွေပါ၊ ဘယ်ဘုရားနဲ့ ဘဲတွေ့တွေ့ လိုက်မဲ့ ပုဂ္ဂိုလ်လို့ခေါ်တယ်၊ ယခု သာသနာတော်ကြီးမှာ သတ္တကွဋ္ဌာ ပရမ သောတာပန်လောက်တော့ အောက်ထစ်ဆုံး ရနိုင်ပါသေးတယ် ဆိုတာကို ယုံကြည်ပါ။

သောတာပန်ဖြစ်သွားရင် ကာမဂုဏ်စည်းစိမ်တွေကို ဘယ်လိုပင် ခံစားသော်လဲ အဆိတ်မသင့်တော့ပါ၊ ဒါကြောင့် ခုနစ်ဘဝမျိုးလောက်တော့ ရသွားအောင် ကြိုးစားကြပါ၊ ဒီတော့ ရုပ်သည်ဆိုတဲ့နေရာမှာ ဒီ ပထဝီလေးဟာ အတိတ်သညာလေးအနေနဲ့ ရှိနေသေးတယ်၊ ဒါကြောင့်မို့ အစဲလေးချက် ထွက်နေတာဘဲ မဟုတ်လား၊ ဒီ အတိတ်သညာလေး ပြုတ်သွားမှ အစဲတွေပြုတ်မယ်၊ ဒီအစဲတွေကို ဘာကြောင့်စဲသလဲဆိုရင် "အရိယာနဲ့

အဒဿာဝီ–အရိယာ တရားတို့ကို မမြင်ခဲ့ခြင်းကြောင့် (၀၊) အရိယာတို့ကို မဆည်းကပ် မဖူးမြင်ခဲ့ခြင်းကြောင့် ” ပါ၊ အဲဒါ ဓမ္မတာတရားတွေနဲ့ သာ အချိန်ကုန်နေတဲ့ အတွက်ကြောင့်ပါ၊ ဒီတော့ ဘုရားရှိခိုးတာတွေဟာ သညာဝိညာဏ်နဲ့ လုပ်နေသေး သမျှ ဓမ္မတာတရားလို့ ခေါ်တယ်။

ဒီတော့ ကိုးကွယ်နေတာတွေတောင်မှာဲ သညာဝိညာဏ် နောက် လိုက်နေရင် ဘယ်မှာဟုတ်တော့မှာလဲ၊ ဒီတော့ မစင်ကြယ်သေးပါ၊ အဲဒါ ဒိဋ္ဌိတွေက ခိုင်းနေတာဘဲ မဟုတ်လား၊ ဒီ သညာဝိညာဏ်နယ်ကို အရင်းခံထားပြီး လုပ်ကြတဲ့အတွက် သညာဝိညာဏ် နယ်ကြီးသာလျှင် ကျယ်ပြီးလာဘော့တယ်။ နောက်တခါ “ အရိယာဓမ္မဿ အကောဝိဒေါ–အရိယာတရားခ္ဍ မလိမ္မာခြင်းကြောင့် ” မလိမ္မာဘူးဆိုတာဟာ (ဥပမာ)ငယ်ရွယ်သေးသော ခလေးသူငယ်မျိုးဟာ မလိမ္မာသေးသလိုဘဲ ယခုလဲ သညာဝိညာဏ်နယ်မှာ ရှိနေကြတဲ့ပုဂ္ဂိုလ်တွေဟာ သညာဝိညာဏ် နောက် လိုက်နေသေးတဲ့အတွက် ဘာသာရေးခ္ဍ မလိမ္မာကြသေးပါ၊ ဒီတော့ ချမ်းသာသည်ဖြစ်စေ, ဆင်းရဲသည်ဖြစ်စေ ပညာတရားကိုရမှ လိမ္မာလာမှာဘဲမဟုတ်လား။

နောက် “ အရိယာဓမ္မေ အဝိနီတော–အရိယာတရားတို့ကို မထွင်းဖေါက်နိုင်ခြင်းကြောင့် ” လို့ ပြလာတယ် မထွင်းဖေါက်နိုင်ဘူးဆိုတာဟာ သညာဝိညာဏ်တရားတွေ နောက်လိုက်နေတော့တဲ့အတွက် ဟိုအိမ်ရောက် ဒီအိမ်ရောက်နဲ့ နောက်ဆုံးသေတဲ့ အခါမှာ သားသမီးတွေရဲ့အိမ်တွေမှာဘဲမကောင်းတဲ့ဘဝနဲ့ကပ်ပြီး နေတော့တယ်၊ အဲဒါ သူ့မှာကို ဝမ်းခေါင်းအားတာကိုဘဲ ကြည့်

နေတော့တယ်၊ ဘာကြောင့်လဲ လူဝင်စားဖြစ်ချင်လို့ပါ၊ ဒီတော့ အရိယာတရားကို ထွင်းဖေါက်နိုင်အောင် အဌကထာဆရာကြီးတွေက ပြတဲ့အခါမှာ သံဝရဝိနည်း, အသံဝရဝိနည်းဆိုပြီး ဖွင့်လာတယ်၊ သံဝရဝိနည်းကိုလဲ ငါးခုဖွင့်လာတယ်။

သီလ သံဝရ, သတိ သံဝရ ညာဏသံဝရ, ခန္တီသံဝရ, ဝိရိယ သံဝရ–ဆိုပြီး ဖွင့်လာတယ်၊ နောက် အသံဝရဝိနည်းကျတော့ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်, ပဋိပဿဒ္ဓိ ပဟာန်, နိဿရဏပဟာန်-ဆိုပြီး ငါးချက်ဖွင့်လာတယ်၊ ဒီဟာတွေကို ရလာမှ အရိယာတရားကို ထွင်းဖေါက်နိုင်တယ်လို့ ပြလာပါတယ်၊ ဒီတော့ ဒီအကြောင်းသုံးချက်ကြောင့် ဒီအစဉ်ကြီးတွေ စဉ်နေတာပါ၊ ဒီလိုဟိတ်သုံးပါးနဲ့ ပြလာပါတယ်။

ညွှေဟာ စဉ်။

သာသနာတော်သုံးရပ်(လ)ကမ္ဘာလောင်ဆူဝေလို့ မကြာစတမ်း လို့ ရှေးကတရားပိုင်, ဓာတ်ပိုင်တော်မူကြတဲ့ ဆရာတော်ကြီးတွေ အမိန့်ရှိခဲ့တဲ့အတိုင်း ဓမ္မစကြာ, အနတ္တလက္ခဏသုတ်, မဟာသတိပဋ္ဌာန် တရားတော်ကြီးဝေ့ရဲ့ ဂုဏ်တော်တွေဟာ အလွန်တရာမှ အဘိုးအနဂ္ဃထိုက်တန်လှပါတယ်၊ ဒီတော့ ဘုရားဟောကြားတဲ့ ပိဋ္ဌကတ်သုံးပုံမှာ သုတ္တန်နဲ့ အဘိဓမ္မာကို အကျဉ်းချုံးရင် ဓမ္မစကြာနဲ့ အနတ္တလက္ခဏသုတ် ထွက်တယ်၊ ဝိနည်းပိဋ္ဌကတ်ကို အကျဉ်းချုံးရင် မဟာသတိပဋ္ဌာန် တရားတော်ကြီး ထွက်လာတယ်၊ ဒီ မဟာသတိပဋ္ဌာန်တရားတော်ကြီးကို လုပ်ငန်းစဉ်အနေနဲ့ လုပ်နိုင်လာရင်ဘဲ ပဋ္ဌိပတ်ဘက်မှာ စိတ်ချရလာပါပြီ၊ ဒီတော့ မဟာသတိပဋ္ဌာန်တရားတော်ကြီးကို အဲဒါ ရှုပ်နာမ်ပိုင်း, ခန္ဓာပိုင်း, ပဋ္ဌိစ္စသမုပ္ပါဒ်ပိုင်း ဆိုပြီး သုံးလသင်တန်းပေးရပါတယ်။

နောက် တရားဥက္ကောင်း ချုတဲ့အခါမှာလဲ မဂ်လေးပါးကို အခြေခံထားပြီးတော့ ချရပါတယ်၊ ဒါကြောင့် ဒီဟာကလတဆယ့်ငါးရက်လောက် လုပ်ငန်းစဉ်ကြီးတွေနဲ့ ချလာရပါလိမ့်ဦးမယ်၊ ဒီတော့ တရားနာကြတဲ့ပုဂ္ဂိုလ်တွေဟာ ပါဒုင်းသုံးလပတ်လုံး နာကြားလာနိုင်ကြရင်ဘဲ ပဋ္ဌိပတ်ရဲ့ လုပ်ငန်းစဉ်တွေဟာ ရသွားပြီးတော့ အတ္တဒိဋ္ဌိ, အတ္တာနုဒိဋ္ဌိ, သက္ကာယဒိဋ္ဌိတွေကို အလွယ်တကူနဲ့ ချုတ်နိုင်လာပါလိမ့်မယ်၊ နောက်ဆုံးသောတာပန်မဖြစ်တောင်မှ အတ္တဒိဋ္ဌိကျတ်ပြီး ယထာဘူတအသိဉာဏ်ကို ပိုင်နိုင်ပါတယ်၊ အဲဒါ ကလျာဏမျက်စေ့ပေါက်ပြီ၊

ရုပ်တရား နာမ်တရား သုဉ်းဆိတ်တဲ့ အနတ္တကို မြင်သွားရင် ကလျာဏ ဖြစ်သွားတာပါ။ သံသရာလည်တယ်ဆိုတာ...

> စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ ယထာဘူတံ အဒဿနာ အနနုဗောဓာ အပ္ပဋိဝေဓာ ဒီဃမဒ္ဓါနံ သံသရိတံ တာသု တာသေဝ ဇာတိသု မမဉ္စေဝ တုမှာကဉ္စ-လို့သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်မှာ ဟောတော်မူခဲ့ပါတယ်။

ဒီတော့ မဟာသတိပဋ္ဌာန် တရားတော်ကြီးကို တဝါဘွင်း နာကြားရလို့ တမက်တဖိုလ်ကို မရသော်လည်း ကလျာဏပုဂ္ဂိုလ် ဖြစ်ဘို့ရာကတော့ ဆရာတော်ဝန်ခံနိုင်ပါတယ်၊ ကလျာဏအသိ ဆိုတာ ရုပ်တရား နာမ်တရား သုဉ်းဆိတ်ဘဲ့အနတ္တကို မြင်သွားရင်ဘဲ ကလျာဏ ဆိုက်ကာပါဘဲ၊ ဒီတော့ ပ်စံလေးတွေက ဉကျောင်းလေးဘေ့ တက်လာပုံကို အနည်းငယ်ပြောပြအုံးမယ်။

ဒီတော့ ခာတ်ကြီးလေးပါးဆိုတာကို သိပြီးပြီဘဲမဟုတ်လား၊ ဒီတော့ မာတယ်ဆိုတဲ့ ပထဝီခာတ်လေးကို ဘယ်သူကခြောကာလဲ၊ ဒီတော့ လဘက်ရေပုဂံကို ရှေ့မှာချပြီး စမ်းသပ်လိုက်တဲ့ အခါမှာ မာတယ် ပူတယ်ဆိုတာဟာ ကိုယ်တိုင်သိလာတယ်၊ ဃနဆိုတဲ့ အဆိုင်အခဲကြီးကို မြူဘေ့နဲ့ချေလိုက်ဘာဟာ ဘယ်ထိအောင် ချေလိုက်သလဲ၊ နေ့ဝက်ဆုံးမှာ ပရမာအဏုမြူကို ရောက်လာတယ်၊ ဒါကိုလဲ နာကြားလာခဲ့ပြီ၊ ဒီတော့ အမျိုးသီးကြီးတွေကို မေးလိုပါသေးတယ်၊ ချေလိုက်တဲ့အခါမှာ ဒီ မာတာလေးတွေ ပူတာလေးတွေဟာ သုဉ်းဆိတ်သွားပြီလား၊ (ဝါ) ပျောက်သွားပြီလား၊ ဒီတော့ ဘယ်လိုဘဲချေချေ ပရမာအဏုမြူမှာရှိနေတဲ့ ခာတ်ရှစ်ပါးလေးတွေဟာ ရှိနေသေးတဲ့

အတွက် မာတယ်လို့ ပြောနေသေးတာဘဲ မဟုတ်လား၊ ဒါက သီလရဲ့ ကဏ္ဍပါ။

နောက်သမာဓိရဲ့ ကဏ္ဍကျတော့ပရမာအဏုမြူကိုဘဲထပ်ပြီး တော့ ချေလာပြန်ပြီ၊ ဒီလိုဒုချလာလို့ နောက်ဆုံးဝိညာဏမြူလဲ ရောက်ရော ဓာတ်လေးပါးတို့ဟာ မပေါင်းနိုင်တော့ဘဲ သုညလေးလုံး ဖြစ်နေပြီ၊ ထွက်နေပြီ၊ ဒါဖြင့် ဒီသုညလေး လေးလုံးကိုဘဲ ထပ်မေးလိုက်ပါအုံး၊ "ဟေ့ သုညလေး၊ မင်းမှာမာတယ် ဆိုတဲ့သဘော ပျောက်သွားပြီလား" လို့ မေးရင် သူက ဘယ်လို ပြောမလဲ၊ အဲဒါ "သညာပျောက်မှ ငါလဲပျောက်မယ်" လို့ ပြောနေပြီဘဲ မဟုတ်လား၊ ဒီဟာ့ သီလ,သမာဓိနဲ့ ဘယ်လိုပင် ချေသော်လဲ ဒီပထဝီလေးက မာတယ်ဆိုတဲ့အနေနဲ့ လက်မောင်းတန်းနေတာဘဲ မဟုတ်လား၊ သီလ,သမာဓိဟာ သံသရာမှာသာ အထက်တန်းမှာ နေနိုင်ပါတယ်။

ဒီ ပထဝီဓာတ်လေး လက်မောင်းတန်းနေတာကို သီလနဲ့ သမာဓိက မခေါ်နိုင်တော့ပါ၊ တော တောင် ရေ မြေ သက်ရှိ သက်မဲ့တွေကို ချေလိုက်ရင် နောက်ဆုံး ဘာကျန်သလဲ၊ သညာရဲ့အမှတ်လေးဟာ ကျန်နေသေးတယ်၊ ဒီတော့ ချေတယ်ဆိုတာဟာ လက်တွေ့အနေနဲ့ ပြောတာပါ၊ သဘာဝအနေနဲ့ ပြောရရင် ဘယ်လိုဘဲချေချေ မင်း ဟိုတုံးကမှတ်ထားတဲ့သညာ အမှတ်လေးဟာ ယခု ကျန်နေသေးတယ်၊ ဘယ်မှာကျန်နေတာလဲ၊ ချေတဲ့သူမှာ ကျန်နေတာပါ၊ အနှစ်တွေကျတော့ လူကောင် နတ်ကောင် တော တောင် ရေ မြေတွေမှာကို ကျန်နေတယ်၊ ဒါလေးကို ယခု စွဲချက်တင်ရတော့မယ်၊ သူ့ကို သီလ, သမာဓိနဲ့ ချေလို့မရတော့ပါ။

ယခု ပညာနဲ့ ချေရခေတ္တမယ်၊ ဒီတော့ တက်စဉ်အခနေနဲ့ ကြည့်ရင် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ ပြီးသွားပြီ၊ ဒိဋ္ဌိဝိသုဒ္ဓိကြီးကို တက်ရတော့မယ်၊ မှတ်ဘို့က ဘယ်လိုပင်ချေခဲ့သော်လဲ မာတယ်လို့ မှတ်လာခဲ့တဲ့ သည်ဘာအမှတ်လေးဟာ ကျန်ခဲ့နေသေးတယ်၊ ဒါကို ယခု စဲ့ချက်တင်ရတော့မယ်၊ ဒီ အစဲ့လေး ရှိနေတဲ့သူမှာ အစဲ့လေးချက် ရှိလာပြီဘဲ မဟုတ်လား၊ ဒီ အစဲ့လေးချက်ဟာ ရူပကွန်ရှာမှာလေးချက်၊ ဝေဒနကွန်ရှာမှာလေးချက်၊ သညာကွန်ရှာမှာလေးချက်၊ သင်္ခါရကွန်ရှာမှာလေးချက်၊ ဝိညာဏကွန်ရှာမှာလေးချက်–ပေါင်းတော့ နှစ်ဆယ်ဖြစ်လာတယ်၊ ဒါကို အတ္တဒိဋ္ဌိနှစ်ဆယ်လို့ ခေါ်တာပါ၊ ဒီ အတ္တဒိဋ္ဌိနှစ်ဆယ်ဟာ ယခု တရားနာလာကြဘဲ့ အမျိုးသီးကြီးတွေမှာရော မရှိဘူးလား၊ ဒီတော့ အရင်ကမှတ်လာတဲ့သည်ာလေးရှိနေရင်ဘဲဒီအစဲ့နှစ်ဆယ်ရှိနေပြီ။

ဒီတော့ ရုပ်သည်ငါ-ဆိုတာက အသွားဆဲ့၊ ဒီမှာအဝိဇ္ဇာကြီး ရှိနေဘယ်၊ ဘုံနဲ့ဝေဘန်ရင် အရူပဗြဟ္မာ့ဘုံသားတွေ စဲ့နေတာပါ၊ ငါသည်ရုပ်ကျတော့ တဏှာတရားဟာပါလာပြီ၊ အဲဒါ အပြန်စဲ့အနေနဲ့စဲ့လာပြီ၊ ဘုံအနေနဲ့ဝေဘန်ရင် ရူပဗြဟ္မာဘုံသားတွေ စဲ့တဲ့အစဲ့ပါ၊ ဒါကြောင့် အဝိဇ္ဇာနှင့်တဏှာဟာ ရေသောက်မြစ် ချထားသေးတယ်၊ ဒီလို အသွားအပြန်လဲ ရှိလာရော နောက်တခါ ကံ,က ရုပ်ဌာငါရှိ၏လို့ လာပြီ အတွင်းတုပ်အနေနဲ့ တုပ်လာပြီ၊ ဒါက လူ့ပြည်မှာရှိတဲ့အစဲ့ပါ၊ နောက်ဆုံး ငါဌာရုပ်ရှိ၏လဲကျလာရော အဲဒါထင်ရှားမရှိတဲ့ ပညတ်ကြီးမှာကို ထင်ရှားရှိတဲ့ ပရမတ်ကြီးကို စဲ့လာတာဖြစ်ခြင်းကြောင့် ဥပါဒါန်တွေပါပြီးတော့ အပါယ်လေးဘုံကို သွားမယ်၊ ဒါကြောင့် အပါယ်လေးပါးမှာရှိတဲ့ အစဲ့ပါ။

ဒီလို အသွားစဲ့ အပြန်စဲ့ အတွင်းစဲ့အပြင်စဲ့ အနေနဲ့ လေးချက်ဖြစ်လာပြီ၊ ဒီ လေးချက်မှာ ဘယ်အစဲ့ကိုအရင်ခ္ဍတ်ရင် ခ္ဍတ်ရမလဲ၊ ရုပ်သည်ငါဆိုတာကို အရင်ခ္ဍတ်ရမယ်၊ ဒါကို ခ္ဍတ်ပြီးမှ နောက် အစ္ဍသုံးခ္ဍုကကို ခ္ဍတ်ရမယ်၊ ဒီ အစ္ဍလေးချက်ဟာ ကိုယ်ရဲ့ခန္ဓာကိုယ်ကြီးမှာ မရှိဘူးလား၊ ရှိပါတယ်၊ ရှိနေလျက်သားနဲ့ မခ္ဍတ်တာဟာ ဘယ်လိုလုပ်နေတာလဲ၊ အဲဒါ အာတာပီ မဖြစ်မနေ အရိုးကျေကျေအရေခန်းခန်း ကြီးပမ်းသော အားလုံးလ ကြီးတွေနဲ့ လုပ်ရမှာဘဲမဟုတ်လား၊ ယခု ရှင်တော်ဂေါတမ သာသနာတော်နဲ့ တွေ့ဆုံနေလျက်သားနဲ့မှ မခ္ဍုတ်နိုင်ရင် ဘယ်တော့မှ ခ္ဍတ်တော့မှာလဲ၊ ဒီတော့ ရုပ်တရားကို အနှစ်အသားအနေနဲ့ စဲ့နေတာဟာ ငါ-ငါဆိုပြီးတော့ စဲ့နေတာဘဲ မဟုတ်လား၊ ဒီနေရာမှာ ရှေးဆရာကြီးတွေက အတ္တဒိဋ္ဌိအစဲ့ကို ပေါ်အောင်လို့ ရုပ်သည် ငါ - ငါသည်ရုပ် - ရုပ်ဌ ငါရှိ၏ - ငါ၌ ရုပ်ရှိ၏–လို့ ပြောတာပါ။

ထပ်ပြီး ပြောပြလိုပါသေးတယ်၊ ရုပ်ကို ဘာကြောင့် ငါလို့ စဲ့ရသလဲ၊ ဒီလိုမေးရင် ဘယ်လိုဖြေမလဲ၊ ပြန်တွေးပါ၊ အဲဒါ ရုပ်တရားကို ငါ-ငါလို့ မစဲ့တဲ့သူမရှိပါ၊ ဒီတော့ သဘာဝတွေ့ အနေနဲ့ မြင်လာအောင် တွေးကြည့်စမ်းပါ၊ ခန္ဓာကိုယ်ကို အနှစ်အသားအနေနဲ့ ဆဲ့ကိုင်ထားတာသည်ပင် ရုပ်သည် ငါဖြစ်လာမှာဘဲ မဟုတ်လား ဒီတော့ စာပေပရိယတ်ကို သင်ထားတဲ့ ပုဂ္ဂိုလ်တွေ့မှန်ရင် ရုပ်တရားနာမ်တရားရှိတယ် ဆိုတာကို ယူလာကြတယ်၊ ဒီ ရုပ်တရားကို ငါ-ငါလို့ မစဲ့ဘူးလား၊ မစဲ့တဲ့သူ မရှိပါ၊ ဒါကို သဘာဝနဲ့ မြင်အောင်တွေးကြည့်ပါ။

ရုပ်တရားကိုဘာကြောင့်ငါငါလို့စဲ့သလဲဆိုတော့အကြောင်းသုံးချက်ပြလာတယ်၊ "အရိယာနံ အဒဿာဝီ" အရိယာတို့ကို မဖူးမြော်ခဲ့ရလို့ (၀၊) အရိယာတရားတို့ကို မကြားမသိခဲ့ရလို့" ရုပ်တရားကို ငါ-ငါလို့စဲ့နေတာပါ၊ ဒီတော့ ယခုလို သာသနာတော်ကြီးနဲ့တွေ့-တွေ့လာတဲ့အခါမှာ စိန်ကောင်း ကျောက်ကောင်းနဲ့တူတဲ့ရုပ်တရား,နာမ်တရားကို မထုတ်နိုင်ရင် ဘယ်မှာဟုတ်တော့မှာလဲ၊ ထုတ်နိုင်အောင် ကြိုးစားရမယ်၊ ဒီတော့ ယောကျ်ားဖြစ်သော်လဲ, မိမ်မဖြစ်သော်လဲ, နတ်ဖြစ်သော်လဲ, ဗြဟ္မာဖြစ်သော်လဲ, ထုတ်နိုင်မယ်မျှား ထင်မှတ်နေသလား၊အဲဒါ သာသနာတော်နဲ့တွေ့မှထုတ်နိုင်တာပါ၊ ဒီတော့ လယ်တီ ဆရာတော်ဘုရားကြီးက ဘယ်လိုပြသလဲဆိုတော့....

"ဗာလာနံ ဥဿုက္ကော ဗာလသုက္ကော" ဗာလာနံ၊ လူမိုက်တို့၏။ ဥဿုက္ကော၊ ကြောင့်ကြ စိုက်မှုတည်း။ ဗာလသုက္ကော၊ လူမိုက်တို့၏ ကြောင့်ကြစိုက်မှု-လို့ ပြလာသလို အနှတ္တဟာ ဘာကြောင့် ကြောင့်ကြစိုက်နေကြသလဲ၊ ဓမ္မတာဖြစ်သော ဒါနမှ, သီလမှတော့မှာ ကြောင့်ကြ စိုက်နေကြတယ်။ ဒါတွေကို သိလာရင် အဲဒါ ဓမ္မတာ ဒါန-သီလဘဲ့ မဟုတ် တော့ဘဲ "ဥပ္ပန္နာနံ ကုသလာနံ ဘိယ္ယောဘာဝါယ ဝါယာမော"လို့ ပြလာတဲ့အတိုင်း ပါရမီကုသိုလ်တွေကို အရင်ကထက် ဆထက် တံဘိုးတိုးပြီးတော့ အားထုတ်လာတော့မယ်။

ဒီတော့ ယထာဘူတ အသိလေးကို ဒီဘဝမှာ ပိုင်သွားရင်ဘဲ ဘယ်ဘဝကိုဘဲရောက်ရောက် ဒီအသိလေးဟာ အမြဲတန်းရှိနေတယ်၊ ဒါကြောင့် ဒီအသိလေးကို သာသနာတော်နဲ့ တွေ့လာတဲ့အခါမှာ မဲ့ရမယ်၊ ခဲ့ရမယ်ဆိုပြီး လယ်တီဆရာတော်ဘုရား

ကြီး ဆုံးမတော်မူသွားပါတယ်၊ ဒါကိုနားလည်ရင် နောက်တခါ "အရိယာမမှဿ အကောဝိဒေါ အရိယာတရားကို မလိမ္မာခြင်းကြောင့် " ကဲဒီတော့ အရိယာတရားကို သိနားလည်တဲ့ သူဆီမှာ သင်ယူနာကြားလာမှ ရုပ်တရား, နာမ်တရားကို နားလည်ရမယ် မဟုတ်လား။

ယခုတော့ မသင်ယူ မနာကြားဘဲ ဓမ္မတာတရားတွေအပေါ်မှာ အချိန်ကုန်နေကြတာဘဲ မဟုတ်လား၊ ကိုင်းနောက်ဘခါ " အရိယာမမှဿ အဝိနိတော- အရိယာတရားကို မထွင်းဖေါက်နိုင်လို့ပါ" ဘာကြောင့် မထွင်းဖေါက်နိုင်တာလဲ၊ ထွင်းဖေါက်နိုင်လာရင် ရုပ်တရား,နာမ်တရားဆိုတာကို ငါ ငါလို့ မစွဲတော့ပါ၊ ဘာကြောင့် မထွင်းဖေါက်နိုင်တာလဲ၊ ဒီအချက်ဟာ အရေးကြီးပါဘယ်၊ ထွင်းဖေါက်နိုင်အောင် အဌကထာ ဆရာကြီးတွေက ဘယ်လို ပြလာသလဲ၊ သံဝရဝိနည်း, အသံဝရ ဝိနည်း ဆိုပြီး ပြလာတယ်။

သီလသံဝရ ဆိုတာ အဲဒါ သံဃာတော်တွေမှာ နှစ်ရာနှစ်ဆယ် ခုနှစ်သွယ်သော သိက္ခာပုဒ်တော်တွေကို စောင့်ရှောက်လာတာပါ၊ဒကာ-ဒကာမတွေကျတော့ ငါးပါး,ရှစ်ပါး,ကိုးပါးသော သီလတွေစောင့်ရှောင့်လာတာကို ခေါ်တယ်၊ သီလသံဝရ သတိသံဝရ,ဉာဏသံဝရ,ခန္တီသံဝရ,ဝီရိယသံဝရဆိုပြီး ငါးချက်ထုတ်လာတယ်၊နောက်အသံဝရဝိနည်းကိုလဲတဒင်္ဂပဟာန်ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်, ပဋ္ဌိပဿဒ္ဓိပဟာန်, နိဿရဏပဟာန် ဆိုပြီး ငါးချက်ထုတ်လာပြန်တယ်၊ ဒီတော့ သတိသံဝရ ဆိုတာ အပေါက်ခြောက်ပေါက်မှာကို အာရုံခြောက်ပါးနဲ့ ဆုံလိုက်တဲ့ အခါမှာ မြင်မှုလေးတွေရဲ့ အပေါ်မှာ လျှပ်ပေါ် လော်လီတဲ့

တဏှာကြီးမဖြစ်အောင် သတိနဲ့ ပိတ်ဆို့ထားတာပါ၊ အဲဒါ သာယာမဲ့ဟာကို တခါသာ ကြည့်တယ်၊ နောက်တခါ ထပ်မကြည့်တော့ပါ၊ ဒါကို သတိသံဝရလို့ ခေါ်တယ်၊ ဒီတော့ အပေါက်ခြောက်ပေါက်မှာကို အကုသိုလ် တရားတွေကို မဝင်နိုင်အောင် သတိနဲ့ ပိတ်ဆို့တာပါ။

ဉာဏသံဝရကျတော့ သတိနဲ့ ပိတ်ဆို့ရုံတွင် မဟုတ်ဘော့ဘဲနဲ့ မြင်တဲ့နေရာမှာကို ဝိပဿနာတွေ့ပါပြီးတော့ ပိတ်ဆို့နိုင်တာကို ခေါ်တယ်၊ နောက် ခန္ဓာသံဝရ ဆိုတာက တရားအားထုတ်တဲ့အခါမှာ ညောင်းညာကိုက်ခဲလာတာတွေကို မိမိရဲ့နှလုံးအိမ်ထဲမှာ သည်းခံနိုင်တာပါ၊ ဝိရိယသံဝရကျတော့ "အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော(လ)ဉ္ဇပ္ပါန္နာနံ ကုသလာနံ ဓမ္မာနံ ဘိယျောဘာဝါယ ဝါယာမော" ပြုလာတဲ့ အတိုင်းအဲဒါမိမိမှာပေါ်လာတဲ့ ကာမဝိတက်တွေကို (၀၊) ဆိတ်ငြိမ်ရာကို ကပ်တဲ့အခါမှာ ပေါ်လာတဲ့ အတိတ်အာရုံလေးတွေကို တွန်းလှန်နေတာကို ခေါ်တယ်၊ ဒီသံဝရ ငါးပါးနှင့်ပြည့်စုံလာမှ သာလျှင် အရိယာတရားကို ထွင်းဖေါက်နိုင်တယ်၊ နိုင်မယ်။

နောက်တခါ အသံဝရဝိနည်းမှာ ငါးချက်ထုတ်တဲ့ အထဲမှာ တဒင်္ဂပဟာန်ဆိုတာက ရှုပ်ခ္ခစ်နေတဲ့အစ်လေးချက်ကို ပယ်ထုတ်တာပါ၊ ဒါက သီလနှင့်ပယ်တာပါ၊ ဝိက္ခမ္ဘနပဟာန် ဆိုတာက သမာဓိနဲ့ ပယ်ရှားတာပါ၊ သမုစ္ဆေဒပဟာန်ဆိုတာက ပညာဖြင့် (၀၊) မဂ်တရားဖြင့် ပယ်သတ်တာကို ယူပါ၊ ပဋိပဿဒ္ဓိပဟာန် ဆိုတာက ဖိုလ်တရားနဲ့ပယ်တာပါ၊ နိဿရဏပဟာန် ဆိုတာက နိဗ္ဗာန်ခေတ်ဖြင့် ပယ်သတ်တာပါလို့ ငါးချက်ထုတ်ပြ လာပါတယ်။

အဲဒီ သံဝရဝိနည်း, အသံဝရဝိနည်းတွေနဲ့ ပြည့်စုံလာမှ ဒီအစဉ်လေးချက်ကို ဒါမှ အရိယာတရားတွေကို ထွင်းဖေါက်လာနိုင်မှာဘဲမဟုတ်လား၊ ဒီတော့–ရူပ်သည်ငါ, ငါသည်ရူပ်၊ ရူပ်၌ ငါရှိ၏, ငါ၌ရူပ်ရှိ၏ လို့ ဆိုတဲ့ ဒီအစဉ်လေးချက် ဘာကြောင့် စဉ်သလဲဆိုတာကို အကြောင်းရှာရင် သုံးချက် လာတွေ့ နေပြီဘဲ မဟုတ်လား၊ ဒီတော့ ဒီအကြောင်း သုံးချက်နဲ့ ညီညွတ်လာမှ ယခုပြမဲ့ မဟာသတိပဋ္ဌာန် ရူပ် နာမ် ပိုင်းကြီး ခံယူလာနိုင်မယ်၊ ဒီတော့ ဘယ်လိုဘဲချေချေ စိတ်ဝိညာဏ်မှာ မှတ်ထားတဲ့ အနေနဲ့ ရှိနေသေးတယ်၊ ဒါသဘာဝနည်းပါ၊ ကိုင်းအစဉ်လေးချက်ကို ပြလိုက်ပါပြီ။ ဒါကို ထုတ်ပြီးတော့ ရူပ်-နာမ်ရှာပြီး လက္ခဏာ,ရသ, ပစ္စုပ္ပဋ္ဌာန်, ပဒဋ္ဌာန်နဲ့ ချေပြီးတော့မှ ပထဝီလေးဟာ မာတယ် လို့ မစဉ်နိုင်တော့ဘဲ အဘွဲ့ဒီဌိန္နစ်ဆယ်ဟာ ပြုတ်သွားမယ်။

ကိုင်း....သာခုခေါ်ကြပါတော့။

သာခု–သာခု–သာခု။

ဒါဆိုလဆုတ် ၁၃-ရက်နေ့ ဟောစဉ်

ပုံစံနံပါတ်(၆)

နာမရူပ ပရိစ္ဆေဒဉာဏ်ရဲ့ အနတ္တကို သဘောပေါက်ရမယ်၊ ရှေ့ဥဒယဗ္ဗယဉာဏ်ကျတော့လဲ အနတ္တပေါ်အုံးမယ်၊ ဒီတော့ယခုထဲကသဘောပေါ်လာမှ မပေါက်ရင် ဥဒယဗ္ဗယဉာဏ်မှာ ချာချာလည်ဖြစ်နေမယ်၊ဒီသဘာဝက စာတတ်တိုင်းလဲ မပေါက်ပါ၊ စာမတတ်သော်လဲ ကြုံစည်စိတ်ကူးလာရင် သဘောပေါက်ပါတယ်၊ ဒါကြောင့် နာမရူပ ပရိစ္ဆေဒဉာဏ်ရဲ့ အနတ္တဟာ အရေးကြီးပါတယ်၊ စာမတတ်တဲ့သူတွေ အဘို့မှာ ဒီနေရာကနေပြီး အစဲ့တွေကို တွန်းလှန်ရပါတယ်၊ ဒီနေရာမှာ သဘောမပေါက်ရင် သညာဝိညာဏ်သဗ္ဗညုတဉာဏ်ဟာ မခံနိုင်ဘဲ'ဖြစ်တတ်တယ်။

ဒီတော့ စာပေပရိယတ်နယ်မှာ ရှိကြတဲ့သူတွေဟာလဲ ဒီနေရာကနေ စာပေပရိယတ် လောကကြီးကို တွန်းလှန် ရပါတယ်၊ ဒီနေရာကနေ လမ်းဆုံးနေတာတွေလဲ အများကြီး ရှိပါတယ်၊ ဒါကြောင့် ဒီနေရာဟာ အရေးကြီးပါတယ် ဆရာတော်တို့ အနတ္တကိုရတာဟာ ဥဒယဗ္ဗယဉာဏ်ကနေ မေ့ပြီးပြလိုက်တာနဲ့ တခါထဲ မြင်လာတာပါဘဲ၊ အနတ္တကိုဘုရားရှင် ထုတ်လာတဲ့ အခါမှာ....

သုညတော ပရတော စေဝ၊ ပဿေ အဝသဝတ္တနတော။
အသာရတော ဝိခါ ခန္ဓေ၊ သက္ကာယဒိဋ္ဌိ ပဟာတဝေ။

လို့ပြလာပါတယ်၊ ယခု ဒီနေရာမှာ ဒီအနတ္တတွေနဲ့ မရပါ၊ အဲဒါ အဗျာပါရအနတ္တ၊ တိုက်တွန်းခြင်းပယောဂဗျာပါရမရှိတဲ့

သဘောပါ၊ဒါဟာပညာရဲ့ သဘောပါ၊တိုက်တွန်းခြင်းပယောဂ ဗျာပါရရှိနေတာဟာ သညာဝိညာဏ်ရဲ့သဘောပါ ဒါတွေမရှိတော့မှ ပညာရဲ့သဘောပါ၊ ဒီတော့ အလုံးစုံသော ပရမတ္ထသဘာဝတရားတွေမှန်ရင် အဗျာပါရ အနတ္တပါ၊ဒါကိုသမ္မောဟဝိနောဒနီ အဋ္ဌကထာကြီးမှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတာ အဝိဇ္ဇာကြီးမှာ ဗျာပါရလေးရှိနေလို့ဘဲမဟုတ်လား။

ဒီတော့ ဘုရားရှင်က အလုံးစုံသော ပရမတ္ထသဘာဝတရားမှန်ရင် အဗျာပါရ အနတ္တပါလို့ ဟောထားတော် မူခဲ့တဲ့အတွက် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လို့ ဘာသာပြန်လာတာဟာ သညာဝိညာဏ် ဆရာကြီးတွေပေးတဲ့ အနက်တွေဘဲမဟုတ်လား၊ ဒီတော့ အဝိဇ္ဇာကြောင့်လို့ဆိုတဲ့ (ကြောင့်) ပါလာမှုကို ဖိုးတဲ့ဆရာကြီးတွေလဲ ရှိလာပါတယ်၊ဒီတော့ ပရိယတ်ဘက်မှာရှိနေတဲ့ သူတွေဟာလဲ မိမိတို့သိထားတဲ့ အသိလေးတွေကို အသာဖယ်ထားပြီးတော့ ပြောလိုက်တဲ့ သဘာဝလေးတွေကို ပေါ်လွင်အောင်နာယူကြပါ (ရှုကြည့်ကြပါ)

အဲဒါ မိမိတို့မှာ ရှိနေတဲ့ မာန်စွယ်လေးတွေကို ချနိုင်ရမယ်၊ ဒါမှ နာမရူပ - ပရိစ္ဆေဒ့ဉာဏ်ရဲ့ အနတ္တကို ပိုင်မယ်၊ ဒီတော့ အဗျာပါဒအနတ္တဆိုတာ ပရမတ္ထသဘာဝတရားမှန်ရင်တိုက်ဘွန်းခြင်း ဗျာပါရ ပယောဂမရှိပါ၊ ဒီတော့ ပထဝီဓာတ် မာတယ်ဆိုတာ ဘာ သူ့မှာ ပယောဂဗျာပါရလေး ရှိနေတယ် မဟုတ်လား၊ ဒီတော့ ဘယ်သူက ဗျာပါရရှိနေတာလဲ သူကဘဲ ရှိနေတာလား၊ ပထဝီဓာတ်က ဗျာပါရလေး ရှိနေတယ်ဆိုရင် ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ အဗျာပါရ အနတ္တနဲ့ဟာ ကွာခြားမနေဘူးလား။

ပထဝီဓာတ်မှာ မာတဲ့သဘောမရှိဘူးဆိုရင် စာဘောက်သွားတွေက "အတ္တနော သဘာဝံ ဓါရေတီတိ ဓါတု" ဆိုတဲ့ ပုဒ်ကို ထောက်ပြီးတော့ မခံတော့ပါ၊ ဒီတော့ ပရိယတ်သွားနဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ကို တက်လာတဲ့ သူနဲ့ဟာ ဒီနေရာမှာ မကိုက်ညီတော့ဘဲ ထ,ရိုက်ခတော့မှာဘဲ မဟုတ်လား၊ အာနာပါနသွားတွေ ဆိုရင်လဲ ပရိယတ် မာသဘောနောက်ကိုသာ လိုက်မှာဘဲ၊ ဒီနေရာကျရင်ဘဲ အင်ကျုက်ခြေးဘွဲ့ ဖြစ်လာတတ်ပါတယ်၊ ဒီနေရာမှာ ပြောပုံကို ပြောပြမယ်။

"အတ္တနော သဘာဝံ ဓါရေတီတိ ဓါတု"

ယောသဘာဝေါ၊ အကြင်သဘောတရားသည်။ အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောကို။ ဓါရေတိ၊ ဆောင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ သောသဘာဝေါ၊ ထိုသဘောတရားသည်။ ဓါတု၊ ဓါတ်မည်၏လို့ ပြလာပါတယ်။

ဒီတော့ မိမိလို့ဆိုတာ ဘာကိုခေါ်သလဲ။

မာတယ်ဆိုတာက သူ့ဗျာပါရ သူ့သဘာဝအနေနဲ့ မရှိပါ၊ ဓါတ် ၃ ပါးတို့ရဲ့ ညီညွတ်မှုကိုရမှ မာတယ်ဆိုတဲ့ သဘော်ဟာ ပြောနိုင်တာပါလို့ ဖြေနိုင်လာရင်ဘဲ ပရိယတ် သာမားဟာ နဲနဲ သက်သာ သွားပြန်ပြီ၊ မိမိဆိုတဲ့သဘောက ဓါတ် ၃-ပါးတို့ရဲ့ ညီညွတ်မှု ဖြစ်လာတာကိုခေါ်တယ်၊ သူ့ရဲ့ ဗျာပါရလေးဟာ မရှိပါ၊ ဒီသဘာဝလေးတွေကို ကိုင်ဖြေမှုရမယ်မဟုတ်လား။

ဒီတော့ အလယ်လမ်းကနေတက်လာတဲ့အခါမှာ အဗျာပါရ အနဘွားကို ပြလာရပါတယ်၊ ဥပမာ လယ်သွားများဟာ ဘယ်လောက်ပင် ကြောင့်ကြ ဗျာပါရစိုက်ဆုတ်ပြီး လုပ်နေသော်လဲ ဥတုမညီညွတ်ခဲ့ပါလျှင် လယ်မြေကလဲ မကောင်းခဲ့ပါလျှင် မျိုး

စေ့ ကလဲ မအောင်ခဲ့ပါလျှင် စပါး မရနိုင်သလိုဘဲ၊ ယခုလဲ အကြောင်းညီညွတ်မှုတွေ့ရလာမှ (၀)ပစ္စယသာမဂ္ဂီ ဖြစ်လာမှ ရပါတယ်၊ ဒီတော့ ကိုယ်ကပြုပြင်လို့ရသလား၊ သညာဝိညာဏ် တောင့်တမှုဖြင့် ရသလား၊ ပစ္စယသာမဂ္ဂီ အကြောင်းညီညွတ်မှု ရလာမှသာလျှင် ရတာဘဲမဟုတ်လား။

ကြောင့်ကြမှုတွေ့ စိုက်နေသမျှ ဒုက္ခထဲမှာသာ ဥက္ခောင်းကျ နေပါတယ်၊ ဒါ့ကြောင့် ဒါကိုဘုရားရှင်က အဗျာပါရ အနတ္တလို့ ဟောကြားထားတာဘဲ မဟုတ်လား၊ ဒီအဗျာပါရ အနတ္တကို တကယ် မြင်လာရင်ဘဲ ဒုက္ခတရားဟာ သက်သာ လာတော့မယ်၊ ဒါက ပညတ်အနေနဲ့ တင်ပြီးရှုတာပါ၊ ဒါကို တကယ် မျှိုနိုင်သလား၊ မမျှိုနိုင်သေးပါ၊ အလုပ် အကိုင်တွေ ကြီးလာရင်ဘဲ နေကြောင့်ကြမှုကြီးတွေဟာ မျှားလာ တော့တယ်၊ ဒီတော့ အကြောင်း ညီညွတ်မှုတွေကိုရမှ အောင်မြင်နိုင်ပါတယ်ဆိုတာကိုလဲ သတိချပ်ပါ၊ ဒီအဗျာပါရ အနတ္တမှတ်လေးကို ကိုင်ထားလာ နိုင်ရင် သက်သာလာတော့မယ်၊ ဒီသဘာဝ ကိုဝိသုဒ္ဓိမဂ်ကြီးက ရေးတော့မယ်ဆိုတော့...

"အတ္တာတိ သယံ နိဝသီဝေဒကော ကာရကော" ဆိုပြီး ပြုလာပါတယ်၊ သယံနိဝသီ-ငါ့အလိုကိုလိုက်တယ်၊ ဝေဒကော-ဧါခံစားနိုင်တယ်၊ ကာရကော - ငါပြုလုပ်နိုင်တယ် ဆိုပြီးတော့ အတ္တကို ဖွင့်လာပါတယ်၊ ဒီ ၃-ချက်ကို ဖြုတ်ပစ်မှ အနတ္တမှတ် ထွက်လာမယ် မဟုတ်လား။

အခုပုံစံနံပါတ် ၆-ကို ဖေါ်ရတော့မယ်၊ ကြပ်ကြပ်တွေးပါ၊ အနတ္တမှတ်ကိုမှ မတွေ့ရင် နောက်ဆုံးမှာ နတ်ဂိုဏ်း, ဝိဇ္ဇာဂိုဏ်းတွေ့ထဲကို ရောက်ပြီး အဲဒါ ဆန်ကောင်းမထွက်တဲ့ ဖွဲကို ထောင်းခိုင်းတော့မယ်မဟုတ်လား။

အဗျာပါရ အနတ္တဟာ တိုက်တွန်းခြင်းပယောဂ ဗျာပါရ မရှိပါ၊ ဒီတော့ ပထဝီဓာတ်က မာတယ်လို့ ပြောနေတာဟာ ဘယ်အနေနဲ့ပြောနေဘာလဲလို့ မေးရင် အဲဒါ အနတ္တ အနေနဲ့ ပြောနေတာပါ၊ ဒါဖြင့်ရင် အနတ္တ အနေနဲ့ ပြောပြစမ်းပါ၊ ပယောဂဗျာပါရကင်းပြီး မာတာဟာ ဘယ်အနေနဲ့ ရှိသလဲ၊ ပယောဂဗျာပါရရှိရင် ငါမာနိုင်တယ်ဆိုတဲ့ အနေနဲ့ ရှိတယ်လို့ ပြောမယ်၊ ဒီတော့တခုပြောပြမယ်- ဘုရားရှင်နဲ့ သစ္စာက ပရဇိုဇ်ကြီး ဝါဒချင်း ပြိုင်တဲ့အခါမှာ သစ္စာက ပရဇိုဇ်ကြီးဟာ ဘယ်လောက်ပိုင်သလဲ။

ရှင်ဂေါတမ–သင်ဟောတဲ့ အနိစ္စမမြဲဘူး, ဒုက္ခ ဆင်းရဲတယ် ဆိုတာကို လက္ခံပါတယ်၊ အနတ္တအစိုးမရ-အလိုသို့မလိုက်ဆိုတာ ကိုတော့ လက်မခံနိုင်ပါ၊ အစိုးမရရင် ကျွန်ုပ်သင့်ဆီကို မလာနိုင်ပါ၊ အစိုးရလို့, အလိုသို့လိုက်လို့ လာနိုင်တာဘဲ မဟုတ်လား" ဒီလိုပြောလာတယ်။သစ္စာကြီး ပြောတာဘယ်လောက်ပိုင်သလဲ၊ အဲဒါ အနတ္တတွေ့ဆိုရင် ဟုတ်တယ် ဆိုပြီးလက္ခံမှာဘဲ မဟုတ်လား၊ သစ္စာက ပရဇိုဇ်ကြီးမှာ အမိဘက်က ပါတဲ့ဝါဒ ၅၀၀ အဘဘက်က ပါတဲ့ဝါဒ ၅၀၀ ပေါင်းတော့ဝါဒ (၁၀၀၀) ရှိပါတယ်၊ ဒါဟာ သူရဲ့ဇိုက်ထဲမှာရှိနေပါတယ်၊ ဒါကြောင့် ဒီဝါဒတွေကြောင့် သူရဲ့ဇိုက်ကြီးဟာ စူနေတယ်၊ ဇိုက်ကြီးကဲ့သ့ားမှာ စိုးလို့ သံပြားကြီးနဲ့ ပတ်ထားရတယ်တဲ့။

ဒီတော့မှ ဘုရားရှင်က ပညတ်ဘက်ရော ပရမတ်ဘက်ကပါ မပြောင်းနိုင်တဲ့ အပြောကိုထုတ်ပြီး ပြောလာတော့မှ သစ္စာကပရဇိုဇ်ကြီးဟာ နောက်ဆုံးမှာ ခေါင်းငိုက်စိုက် ကုသ့ားတာဘဲမဟုတ်လား၊ ကိုင်း – ပထဝီလေးဟာ ဘာ့ကြောင့် မာတယ်လို့

ပြောတာလဲ့ဆိုရင် ကျွန်တော့်ခေါက် ၃ ပါရဲ့ ဗျာပါရလေးကို ယူခဲ့တာဘဲမဟုတ်လား၊ ဒါကိုအနှစ်တွေက မကြည့်တော့ဘဲနဲ့ ပထဝီခေါတ် မာတယ်ဆိုရင်ဘဲ သူ့သဘော သူ့သဘို့၊ သူ့ပရယောဂကြောင့် သူမာနေတယ်လို့ ထင်နေကြတယ်။

ယခု နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါမှာ ပထဝီလေးက မာတယ်လို့ ပြောတာဟာ အာပေါက ဖွဲ့စည်းပေးရတယ်၊ ဝါယောက ဇုန်းကန်ပေးရကယ်၊ တေဇောက ပူပေးရတယ် ဒီ ၃-ပါးတို့ရဲ့ ညီညွတ်မှုလေးကို ရလာမှ (တနည်း) ပစ္စယသာမဂ္ဂီလေးကိုရလာတော့မှ ဒီလိုညီညွတ်မှုရအောင်ကိုလဲ တန်ခိုးရှင်ကြီးတွေက ဖန်ဆင်းလို့ မရပါ၊ သူတို့ရဲ့ ပစ္စယ သာမဂ္ဂီအကြောင်းညီညွတ်မှုကိုရလာတော့မှ (ဝါ) ပရမတ်နယ်မှာ ခေါက် ၃-ပါးလဲညီညွတ်မှုရလာရော ပညတ်နယ်မှာ ပထဝီလေးက မာတယ်ဆိုပြီး လက်မောင်းတန်းလာတာပါ။

ဒီတော့ ခေါတ် ၃-ပါးတို့ ကလဲ ငါ့ကိုပထဝီခေါတ်လေးမှာ အောင်လုပ်ရအောင် ဆိုတဲ့ ဗျာပါရပယောဂမရှိပါ၊ သူတို့ရဲ့ သဘာဝအတိုင်း ညီညွတ်လာတာပါ၊ ဒီလိုညီညွတ်လာမှ သညာဝိညာဏ်နယ်ကြီးမှာ ပထဝီခေါတ် မာတယ်ဆိုပြီး ဖြစ်လာတာပါ၊ ဒါကိုအနှစ်ကွေက မမြင်ကြတော့ ပထဝီခေါတ်ဟာ သူ့အလိုလို မာကယ်လို့ တင်နေကြတယ် ဒီတော့ ပထဝီခေါတ်လေးဘလုံးကို မာခိုင်းစမ်း ၁၂ မာနိုင်သလား၊ မမာနိုင်ပါ။

သူမျှားကလုပ်ပေးမှ မာနိုင်တာ၊ ဟာအနှစ်အသားရှိသလား၊ အနှစ်အသားရှိဘယ်ဆိုတာဟာ ခေါတ် ၃ ပါးတို့ရဲ့ ဗျာပါရလေး မရှိဘဲနဲ့ မပါဘဲနဲ့ သူ့ဟာသူမာနိုင်မှ အနှစ်အသား ရှိတာပါ၊ အခုတော့ ခေါတ် ၃ ပါးတို့ရဲ့ ဗျာပါရလေးကို ယူပြီးတော့မှ

မာတယ်လို့ ပြောနတာဟာ အနှစ်အသားမရှိလို့ပါ၊ ဒါကို အဗျာပါရ အနတ္တလို့ဘုရားရှင်က ဟောကြားတာပါ၊ဒီအနတ္တ လေးကို နှုးလည်လာမှ စိတ်ဝိညာဏ်လေးတွေဟာ အဆင်မပြေ တဲ့အာရုံတွေနဲ့ တွေ့တဲ့အခါမှာလဲ ထိမ်းနိုင်လာမယ်၊ ဒီအဗျာ ပါရ အနတ္တလေးကို မြင်ရင်ဘဲ စားမှု သောက်မှုတွေမှာလဲ ဘာ နဲ့ဘဲစားစား စားလို့ရလာပြီ၊ အရောင်းအဝယ် လုပ်နေတဲ့ သူ တွေမှာလဲ အရုံးအမြတ်တွေ့အပေါ်မှာ စိတ်ဆင်းရဲ ချမ်းသာ တွေဟာ သက်သာရုံရလာပြီ။

ဒါ့ကြောင့် ဝိပဿနာကို တက်မယ်ဆိုရင် ဝါ အာဃာတုတ်မယ် ဆိုရင် ဒီအဗျာပါရအနတ္တလေးကို နားလည်ရမယ်၊ခေါတ်သုံးပါး ညီညွတ်ရင် ခေါတ်တပါးကပေါ်ရတယ်၊ခေါတ် ၃-ပါးက ပရမတ် နယ်သားပါ၊ ပေါ်တဲ့ခေါတ်တပါးက ပညတ်နယ်သားပါ၊ ကိုင်း အကျဉ်းနည်းဖြင့်ရင် အဗျာပါရ အနတ္တလေးကို နားလည်ပြီ၊ ဒါမှပုံစံကို ဝင်လို့ရမယ်။

အန္ဓတွေက မာတယ်ဆိုရင်ဘဲ သူ့သတ္တိနဲ့သူ မာဘာယ်လို့ ဆင်နေကြတယ်၊ ဒီလိုထင်နေရင်ဘဲ အစ္စဲ ၄ ချက်က လက်ပြန် ကြိုးတုပ်ထားပြီ၊ " မာမှုသည်ငါ ငါသည်မာမှု မာမှုဌ ငါရှိ၏၊ ငါဌမာမှုရှိ၏ " လို့ ဆိုပြီး လက်ပြန်ကြိုးတုပ်ထားပြီ၊ အဲဒါ မာ မှုကို အနှစ်အသားအနေနဲ့ယူထားတဲ့အတွက်ကြောင့် ငါက လာခုညည်တာပါ၊ ဒီလိုတုပ်တာဟာ ရူပ်နာမ်တရားတွေကို မတွေ့ လို့ပါ၊ ရူပ်နာမ်တရားတွေကို မတွေ့တာပဲဟာ သဘာဝ နယ်ဘက် ကို မမြင်ကြလို့ပါ။

ဒီတော့ "အရိယာနံ အဒဿာဝီ" ဒီထဲမှာဘဲ ဥက္ကောင်းကျ နေတာဘဲမဟုတ်လား အန္ဓတွေဟာ ပရမတ်နယ်ကိုမမြင်လို့ စ္စဲ

နေတာပါ၊ ပရမတ်နယ်ကိုမြင်လာရင်ဘဲ ပစ္စယသာမဂ္ဂီဖြစ်မှု မာန်ဦးတယ်ကိုတာကို တွေ့လာတော့မယ်၊ ကိုင်း–အဗျာပါရအနတ္တကို နားလည်ပြီ၊ ဒီအနတ္တက စပြီးတော့ ဝေဘန်လာရမယ်၊ ဒါဟာ ဝိသုဒ္ဓိမဂ်ကြီးကို အခြေခံထားပြီးတော့ ပြောသွားတာပါ၊ ဒီအနတ္တဟာလဲ တကယ့်အနတ္တ အစစ်မဟုတ်သေးပါ၊ အနတ္တအစစ်ကိုတွေ့အောင် ရှေ့ကိုတက်ရအုံးမယ်။

ဥပမာ– မျိုးစေ့ရှိမှ အပင်ဖြစ်သလိုဘဲ၊ ယခု အဗျာပါရအနတ္တလေးကနေ အခြေခံမျိုးစေ့လေးအနေနဲ့ချလာရပါတယ်၊ ရှေ့ကို အနတ္တအစစ်တွေကို တွေ့အောင်တက်ရအုံးမယ်၊ ဒီအဗျာပါရ အနတ္တလေး ကြေသွားရင်ဘဲ တဦးနဲ့ တဦး စဲ့နေကြတဲ့ အဂုံကြီးတွေဟာ ကြေကျသွားတာဘဲ၊ ဒီအဗျာပါရအနတ္တမှာတော် ကုနားလည်ရင် ရှေ့ကုတက်အုံးမယ်၊ ဒမ်ဟာသတိပဋ္ဌာနတရားတော်ကြီးဟာ ဒီထက်တောင်နက်နဲခက်ခဲလှသေးတယ်၊ ဒီတော့ကံ့ကဲ့၏အကျိုး ယုံကြည်ပုံ,ဒီအဗျာပါရ အနတ္တထဲဝင်သွားပုံကို ပြောပြပါအုံးမယ်။

ကံဟာ ဇနကကံ,ဥပဿမ္ဘက ကံဆိုပြီး ၂-မျိုးရှိတယ်၊ဇနကကံဆိုတာ ဒီမနွေဘဝါးပါး ရုပ်နာမ်ကောင်ကြီးဖြစ်လာအောင် ပစ်ချလိုက်တဲ့ အတိတ်ကံကို ခေါ်တယ်၊ သူက ပစ်ချလိုက်ရင်ဘဲ ဒီကံထဲမှာကို နေရာဌာန အမျိုးအနွယ် ဘင်းရဲချမ်းသာ အစရှိတဲ့ နေမှုထိုင်မှုတွေဟာအားလုံးပါလာတယ်၊ နောက် ဒီဝန္ဓာဘဝါးပါး ရုပ်နာမ်ကောင်ကြီးကို အစဉ်ထာဝရ ဘောင့်ရှောက် ထောက်ပံ့ပေးနေတာကို ဥပထမ္ဘကကံလို့ ခေါ်တယ်၊ ဒါကပစ္စုပ္ပန်ကံပါ၊ ဒီကံ နှစ်ပါးသာရှိတယ်။

ဒီတော့ ပရိပါစကမီးခေါတ်ဟာ ဇနက ကံမှာရှိတယ်၊ ဒါဟာ ဥတုအနေနဲ့ ပေါ်နေတယ်၊ ဒီပရိပါစက မီးခေါတ်မှာကို ဇနက ကံက အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရဆိုပြီး ခြေထောက်မလေး လေးချောင်း ထောက်ထားတယ်၊ အပူ-အေ ဆိုတာက ပစ္စုပ္ပန် အနေနဲ့ရှိနေတယ်၊ဒီဇနကကံကြီးက မီးဇာနဲ့တူဘယ်၊ဥပထမ္ဘက ကံက ရေနံဆီနဲ့တူတယ်၊ (တနည်း) ဇနက ကံက ရေနံဆီနဲ့ တူတယ်၊ ပရိပါစကမီးခေါတ်က မီးဇာနဲ့တူဘယ်။

ဒီမီးဇာကို ရေနံဆီလောင်းပေးနေရင် မီးဟာ မသေသလိုဘဲ၊ အခုလဲ ဇနက ကံလေးဖြစ်တဲ့ ပရိပါစက မီးခေါတ်လေး အားရှိ အောင် ဥပထမ္ဘ ကကံက ထောက်ပံ့နေရင် အသက်ရှည်လာတယ်၊ ဒီပရိပါစကမီးခေါတ်ကို ဘယ်ဆေးနဲ့မှအားပေးလို့မရပါ၊ ပြဒါး ပြာမှသာလျှင် အားပေးလို့ ရပါတယ်၊ ဒီတော့ အသက်ကြီး လာတဲ့ အခါမှာ မီးဇာရော ရေနံဆီပါ အားနဲ့လာတယ်၊ ဒါကို ဘယ်လိုကုသိုလ်မျိုးမှ ထောက်ပံ့နိုင်သလဲဆိုရင် ယခုလိုပ်ဆွမ်း ကျွေးတဲ့ အလှူမျိုးခဘွဲက သောက်ပံ့နိုင်တယ်။

ဆွမ်းကျွေးတဲ့အကျိုးဟာ အာယု, ဝဏ္ဏ, သုခ, ဗလ, ပဋိဘာန ဆိုတဲ့ အကျိုးတရားတွေကို ရနိုင်ပါတယ်၊ ဒီလို အထုပ်ကြီးနဲ့ ကုသိုလ်ဆက်ပေးရတယ်၊ ယခုလိုထောက်ပံ့လိုက်တာက ရေနံဆီ လောင်းထည့်လိုက်တာနဲ့တူတယ်၊ ဒါကို ဥပထမ္ဘကကံ,ပစ္စုပ္ပန်ကံ လို့ ခေါ်ပါတယ်၊ ဒီတော့ လူတဲ့ပုဂ္ဂိုလ်တွေရဲ့ အစား အစာ တွေကို စားရတဲ့သူတွေ ရရှိလာတဲ့အကျိုးတရားတွေဟာ ထိုလူတဲ့ သူတွေရဲ့ မီးဇာကို လဲပေးလိုက်ဘာနဲ့တူတယ်၊ ဒါ့ကြောင့် စား သုံးပြီး ပွားများလာတဲ့အသိဉာဏ်တွေဟာ အလှူရှင်တွေရဲ့ အသိ ဉာဏ်ထဲ ရောက်ပါတယ်။

ကိုင်း ဒီတော့ ထပ်ပြောပြအုံးမယ်၊ ဓာတ်တပါး ပေါ်လာတာဟာ ဓာတ် ၃-ပါးတို့ရဲ့ ပစ္စယကြောင့်လို့ ပြောလိုက်ပြီ ဒီတော့ ပရမတ်သဘာဝ ၃-ပါးလေး ပေါ်င်းလာမှု ပစ္စယ သာမဂ္ဂီလို့ ပြောလာတယ်၊ ဒီတော့ ဘာ့ကြောင့်သူတို့ပေါင်းနိုင်သလဲ၊ ဒါကို ဘယ်သူတွေက လုပ်ပေးနိုင်သလဲ၊ အဲဒါ နိုရောဓသမာပတ် ဝင်စားတဲ့ ရဟန္တာတွေဟာ နိုရောဓသမာပတ်ကနေထလာတဲ့အခါမှ သတ္တဝါတွေကို ချီးမြှောက်ဘို့ကြည့်လိုက်တဲ့အခါမှာ မြင်လာရင် အဲဒါ ထိုသူရဲ့ဆွမ်းကို ခံယူတော်မူတယ်၊ အဲဒီလိုခံပြီး သုံးဆောင်လိုက်တာနဲ့ တခါထဲ ဥပထမ္ဘကက် ဖြစ်ခါ သတ္တဝါတွေရဲ့ အပေါ်မှာ အကျိုးပေးလာတယ်၊ ဒါဟာ ပစ္စယသာမဂ္ဂီ အကြောင်း ညီညွတ်လာတာဘဲ မဟုတ်လား။

ဒါ့ကြောင့် နိုရောဓသမာပတ်ဝင်စားနိုင်တဲ့ရဟန္တာပုဂ္ဂိုလ်မှာ ဒီ-ပစ္စယသာမဂ္ဂီ အကြောင်း ညီညွတ်မှုကို လုပ်ပေးနိုင်ပါတယ်၊ ရှင်သာရိပုတ္တရာ မဟောရ်မြတ်ကြီးနှင့် လယ်သွား မောင်ပုဏ္ဏားတို့ ဝတ္ထုကို စဉ်းစားပါ၊ နိဗ္ဗာနခေတ် ပေါက်တော်မူသော အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို လူဒါန်းလိုက်ရသော ဒါနကုသိုလ်ကံဟောနာကြောင့် အလှူရှင်မှာ ဒိဋ္ဌမ္မမွေအကျိုးကို ခံစားရပါတယ်၊ အဲဒါ နိဗ္ဗာနခေတ် ပေါက်တဲ့သူတွေမှာ ထိုက်တန်သလောက် လုပ်ပေး နိုင်ပါတယ်၊ ဒါ့ကြောင့် တကယ်အစစ် လိုချင်ရင် နိဗ္ဗာနမတ်ပေါက်တဲ့သူတွေနဲ့ ဆက်ဆံပါ၊ ဥပတမ္ဘကကံရဲ့ အစွမ်းသတ္တိကို (၀၊) အကြောင်းညီညွတ်မှုရအောင် လုပ်ပေး နိုင်ပါတယ်။

ကိုင်း...ဒါကိုနားလည်ပြီ၊ ဒီတော့ ဘုရားရှင်က ဘုရားစစ်, တရားစစ်, သံဃာစစ်သာလျှင် ဝိမိရဲ့ ကိုးကွယ်ရာအစစ်အိုတာကို

သံဘာဝနဲ့ကြည့်လိုက်စမ်းပါ၊ ဒီတော့ ရတနာ ၃-ပါး အစစ်အမှန် သာလျှင် ကိုးကွယ်ရာ အစစ်အမှန် ဖြစ်တယ်ဆိုတာ ဒီနေရာမှာ လာထွက်လာပြီ။ ဒီဘော့ အန္တရေ ကွ ကို ကိုးကွယ်နေရင် ဘယ်မှာ ဟုတ်တော့မလဲ။ နိဗ္ဗာနဓာတ်ပေါက်တဲ့ ပုဂ္ဂိုလ်တွေမှ ဒီသဘာဝတွေကို လုပ်ပေးနိုင်ပါတယ်၊ ဒါ့ကြောင့် ရတနာ ၃-ပါးရဲ့ ဂုဏ်တွေဟာ ဒီသဘာဝတွေ တည်နေတဲ့ အတွက်ကြောင့် ရှေးပုဂ္ဂိုလ်ကြီးတွေက ရတနာ ၃-ပါးရဲ့ ဂုဏ်ကျေးဇူးတွေကို မမေ့ကြပါနဲ့လို့ ဆုံမှာလာကြပါတယ်။

ကိုင်း ... ဒီတော့ လက်ပဲဘက် ပုံစံကို ဟောမယ်၊ ဒီဥာဏ်မှာ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ကို နားလယ်ရမယ်၊ လက္ခဏဆိုတာ ဘာကိုခေါ်သလဲ၊ **လက္ခဏ**ဆိုတာ " သာမညံ ဝါ သဘာဝေါ ဝါ လက္ခဏံ နာမ " သာမညံဝါ၊ အများနှင့် ဆက်ဆံခြင်းသည်ရင်း။ သဘာဝေါဝါ၊ သဘောတရားသည်ရင်း။ လက္ခဏံ နာမ၊ လက္ခဏမည်၏။ ဒီတော့ အတိုနည်းဖြင့်လက္ခဏဆိုတာ မှတ်ကြောင်းသဘောပါ၊ ဒါဟာ မာတယ်,ပူတယ်ဆိုတဲ့ သဘာဝကို မှတ်တဲ့ သဘောကို ခေါ်တယ်။

" ကိစ္စသမ္ဘူတိ ရသော နာမ "

ကိစ္စ၏ ပြည့်စုံခြင်းကို ရသလို့ ခေါ်တယ်၊ ဒါဟာ ပူတဲ့ကိစ္စ၊ မာတဲ့ကိစ္စဖြစ်အောင် ဆောင်ရွက်ပေးတဲ့သဘောကို ခေါ်တယ်။

" ဥပဋ္ဌာနကာရော ဝါ ဖလံ ဝါ ပစ္စုပဋ္ဌာနံ နာမ "

ဥာဏ်အား ရှေးရှုထင်တဲ့သဘောကိုရင်း၊ အကျိုးတရားကို ရင်း ပစ္စုပဋ္ဌာန်လို့ ခေါ်တယ်၊ ဥာဏ်အား ရှေးရှုထင်လာတဲ့

သဘောဆိုတာ မာတယ်ဆိုတဲ့ သဘောလေးရဲ့ အခြေခံသဘောလေးကို လိုက်ရှာပြီး ဉာဏ်ထဲမှာ ထင်လာတဲ့ သဘောကို ခေါ်တာပါ၊ ဒါကို အကျိုးတရားလို့ လဲခေါ်တယ်၊ ဒါလေးတွေကို မှတ်ထားပါ။

"အာသန္နကာရဏံ ပဒဋ္ဌာနံ နာမ"

နီးစွာသောအကြောင်းကို ပဒဋ္ဌာန်လို့ ခေါ်တယ်၊ ဒါဟာ မာတယ်ဆိုတဲ့ သဘောလေးရဲ့ အကြောင်းကိုရှာရင် နီးတယ်ဆိုတဲ့သဘောလေးပါ၊ ကိုင်း....ဒီတော့ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ဆိုပြီး ၄-ချက် ထွက်လာပြီ၊ ဒုါက ဒေသနာနည်းပါ၊ လက်တွေ့နည်းကို ပြောပြအုံးမယ်၊ လဘက်ရေပုဂံကို ရှေ့မှာချပြီး ကြည့်လာတဲ့အခါ မြင်လာတယ်၊ မြင်တဲ့အခါမှာ ဘာတွေပေါ်နေသလဲ၊ ဒီမြင်တဲ့သဘောမှာကို ရုပ်နာမ် ရှာတော့မယ်၊ သတိပဋ္ဌာန်တရားတော်ကြီးကို တက်တော့မယ်ဆိုတာနဲ့ ငါးပါးသော ပသာဒတွေကို ပိတ်ရတော့မယ်၊ ပိတ်ဆိုတာဟာ ရုပ်နာမ်ကို ရှာလို့တွေ့လာရင်ဘဲ ငါးပါးသော ပသာဒတွေမှာ သတိပဋ္ဌာန် တရားကြီးတွေထွက်ပြီးတော့ ငါးပါးသော ပသာဒတွေ ပိတ်သွားပြီ၊ ဒီမျက်စေ့တွေမှာ အနတ္တဝင်သွားရင်ဘဲ မျက်စေ့တွေဟာ ပိတ်သွားပြီ။

ဥပမာ—အဇီတရသေ့က ဘုရားရှင်ကို "တဏှာသည်ပူသော ရေယဉ်ကြော့မှာ မျောနေတဲ့ သတ္တဝါတွေကို မမျောအောင် ဘယ်လိုလုပ်ရမလဲ" လို့ လျှောက်တော့— ဘုရားရှင်က "ချစ်သား အဇီတ၊ မြင်လိုက်တဲ့အာရုံမှာကို ဉာဏသံဝရဖြင့် ထိန်းချုပ်ပြီး အနတ္တတရားကိုမြင်အောင် ရှုရမယ်" လို့ ဟောကြား

လာပါတယ်၊ ဒီအနတ္တကိုတွေ့ရင် အာရုံ ၅ ပါး အပေါက်ဟာ ပိတ်သွားတာပါဘဲ၊ယခုတော့ အနှစ်တွေက မြင်လိုက်တာနဲ့ ချောတယ် လှတယ် အရုပ်ဆိုးတယ်ဆိုတဲ့ အဘိဓ္ဓာ ဒေါမနဿတွေ တခါထဲ ထွက်လာကြတယ်၊ ဒီသဘာဝတွေ မပေါ်အောင် ပိတ်တာဟာ အနတ္တပါ။

ကိုင်း....ဒီတော့ ဒီလောက်ရေပုဂ်မှာ သညာလေး ရှိတယ်၊ ဒီသညာလေးရှိနေတာကို အရင်ရှု၊ ရူပသညာ, သဒ္ဒသညာ, ဂန္ဓသညာ, ရသသညာ, ဖေါ်ဋ္ဌဗ္ဗသညာ – ဆိုပြီး ထုတ် လာတယ်၊ နောက် အကြည်ဓာတ်တွေမှာလဲ သညာလေးတွေ ရှိနေတယ်၊ စက္ခုသညာ သောတသညာ. ဃာနသညာ. ဇိဝှါသညာ . ကာယသညာ ဆိုပြီး ထုတ်လာတယ်၊ ဒီတော့စက္ခုနှင့်ရူပါရုံ ၂ ပါးဆုံလိုက်တဲ့အခါမှာ ပစ္စုပ္ပန်သညာလေး ထွက်လာတယ်၊ ဒီသညာလေးကို ထုတ်ပြီးချေလိုက်တော့မှ ရုပ်နာမ်ကိုတွေ့ပြီး ရှေ့ကို တခါထဲတက်သွားတော့မယ်။

ညဟောစဉ်။

ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ ၊ လ) အဘိဓ္ဓာ ဒေါမနဿံ။

(မဟာသတိပဋ္ဌာန်ပါဠိတော်။)

ဤကဲ့သို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး မဟာသတိပဋ္ဌာန်ပါဠိတော်ကြီးမှာ ဟောကြားတော် မူခဲ့သည့်အတိုင်း ဒီတော့

ဝိသာခါ တရားဓာတ်ကြီးမှာ ဟောကြားတော် မူလာတာက ဓာတ်တပါးကရုပ်၊ ကျန်တဲ့ဓာတ် ၃-ပါးက နာမ်ဆိုပြီးဘာ့ ရုပ်နမ်းကူးလာခဲ့တယ်။ ဒါဟာနာမနဲ့ သဏ္ဌာန်တွေ့မပျောက်တဲ့ ရူပ်နာမ်ပါ၊ ယခု မဟာသတိပဋ္ဌာန် တရားတော်ကြီးထဲကို ဝင်လို့မရပါ၊ ဝိပဿနာ ရူပ်နာမ်ထဲကိုသာ ဝင်လို့ရပါတယ်- လို့ယူလိုက်ပါ။

ဒီရူပ်နာမ်ဟာ အင်မတန် ကြမ်းတန်းသေးတယ်၊ ဒါဖြင့်ရင် နာမပညတ်နဲ့ သဏ္ဌာနပညတ်တွေ့မျက်တောင်မခတ်တဲ့ ရူပ်နာမ်ကို ဘယ်လိုရှာမလဲ၊ ဒီနေရာမှာ သဘာဝတွေ့ရမယ်၊ ဘယ်လိုတွေ့ရမလဲ၊ ဥပမာ–သတိပဋ္ဌာန်ကို လိုက်တဲ့ ပုဂ္ဂိုလ်ဘဲဖြစ်ဖြစ်၊ ဝိပဿနာကိုလိုက်တဲ့ ပုဂ္ဂိုလ်ဘဲဖြစ်ဖြစ် ပဋ္ဌိပတ်အနေနဲ့ ယူရမယ်၊ ဓာတ်တပါးကရုပ်, ဓာတ် ၃-ပါးက နာမ်ဆိုတာဟာ ပရိယတ်အနေနဲ့ ယူတာပါ၊ ပရိယတ်ကိုချေပြီးတက်နိုင်မှ ပဋ္ဌိပတ်ကိုတက်နိုင်တယ်လို့ ယူပါ၊ ဘာ့ကြောင့်လဲ ရှေးက စူဠပန်ဟာ စာမတတ်ပါ။

ဒီတော့ စာတတ်မှ မဂ်ဖိုလ်ကိုရတာမဟုတ်ပါ၊ ယခု သတိပဋ္ဌာန်တရာ တော်ကြီးဟာ ပဋ္ဌိပတ်နည်းဖြင့်တက်တယ်၊ သောတာပန်ဖြစ်တယ်ဆိုတာဟာ ပရိယတ်မတတ်လဲ ရပါတယ်၊ ရုပ်ကို ထုတ်ပြမယ်၊ လဘက်ရေပုဂ်ကို ရှေ့မှာချပြီးကြည့်ပါ၊ ဘာကို မြင်သလဲ ? အနှစ်တွေက ဘယ်လိုဆွဲလာသလဲ၊ နာမနဲ့ သဏ္ဌာန်ကို ထောက်ပြီး လဘက်ရေပုဂ်လို့ ခေါ်လာတယ်၊ယခုအဲဒီလိုမဆွဲတော့ပါ၊ သမ္ဘပ္ပဏကြီးကိုလဲ ခွဲစိတ်လိုက်ပြီ၊ ပရမာအဏုမြူကိုလဲ ခွဲစိတ်လာပြီ၊ ဒီတော့ နာမနဲ့ သဏ္ဌာန်ကို မဆွဲတော့ပါ။

ဆဲရင် အတ္တဒိဋ္ဌိ, အဘ္ဘာနုဒိဋ္ဌိ, သက္ကာယဒိဋ္ဌိနယ်က မလွတ်ပါ၊ ဒီတော့ လာဘ်ရေပုဂံဘဲလို့ ပြောတာ ပရိယတ်ပါ၊ နာမနဲ့ သဏ္ဌာန်ကို မဆွဲဘဲ သဘာဝကိုမြင်အောင်ရှုဘာကို ပဋ္ဌိပတ်လို့ ခေါ်တယ်၊ ဒီတော့ လာဘ်ရည်ပုဂံမှာ သညာရဲ့ သဘောလေးဟာ အစဉ်ရှိနေတယ်၊ ကိုယ်ရဲ့ မျက်စေ့ အကြည်လေး မှာသဲ့ သညာလေးရှိနေတယ်၊ ၂-ပါးဆုံတော့လဲ့ သညာလေးဟာ ထွက်နေတယ်၊ ဒီသညာ ၃-လုံး ပေါင်းမိတော့မှ ဝိညာဏ်ကြီး ပေါ်လာတယ်၊ ဒီတော့ အဆင်းမှာရှိဘဲ့ သညာလေးက လက္ခဏာ၊ အကြည်မှာရှိတဲ့သညာက ရသ၊ ၂-ပါးဆုံတဲ့သညာက ပစ္စုပဋ္ဌာန်၊ ၃-ပါး ဆုံလို့ ပေါ်လာတဲ့ ဝိညာဏ်ကြီးကျတော့ ပဒဋ္ဌာန်ပါ၊ ဒါ့ကြောင့်....

> လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန နာမရူပ-
> ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ-လို့ ဖွင့်လာပါတယ်။

လက္ခဏ - မှတ်ကြောင်း သဘောဆိုတာ အဆင်းမှာရှိတဲ့ သညာကို ပြောတယ်လို့ မှတ်ထားပါ၊ နောက်တော့ တဖြည်းဖြည်း ပေါ်လာတော့မယ်၊ ကိစ္စရဲ့ပြဿနာတယ်ဆိုကာ (ဝါ)ရသဆိုတာ အကြည်ခာတ်မှာရှိတဲ့ သညာ၃လေးကိုယူထားပါ၊ အဆင်းမှာရှိတဲ့ သညာလေးက ဗျာပါရမရှိပါ၊ အကြည်မှာရှိဘဲ့ သညာလေးက သုံးဆဲတာပါ၊ ဒါ့ကြောင့် ဒီဟာလေးတွေကို မှတ်တမ်းယူထားပါ၊ နောက် ၂-ပါးဆုံဘဲ့ သညာလေးကျတော့ ပဋ္ဌာနဲ့ ပဋ္ဌာန်လို့ ခေါ်တယ်၊ ဉာဏ်အား ရှေးရှုထင်တယ် ဆိုတာက အဆင်းလေးကို ရှေးရှုထင်တဲ့ နာမ်ခာတ်လေးကို ခေါ်တယ်။

နီးစွာသော အကြောင်းဆိုဘာ ဒီသညာလေး ၃-လုံးဟာ ဝိညာဏ်ကြီးနဲ့ နီးစွာသောအကြောင်းဘဲမဟုတ်လား၊ အဲဒါကို

ပဒဋ္ဌာန်လို့ခေါ်တယ်၊ ဒီဘဝ အဆင်းမှာရှိနေတဲ့ သညာဟာ သမ္မာ ဃနကြီးတုံးက မထွက်သေးပါ၊ ပထဝီဓာတ်ကို ဘယ်လိုဘဲခွဲခွဲ သညာကျန်တယ်၊ ဘဝကြောင့်ကျန်သလဲ အဆင်းမှာ သညာလေးရှိတယ်၊ ဃနကြီး ကျေလာမှ ဒီသညာလေးဟာ ဘွားကနဲပေါ်လာ့တယ်၊ သမ္မာ ဃနကြီး ပျိုတုံးက မပေါ်ဘဲ မြုပ်နေတယ်။

ဒီတော့ ပဋ္ဌိပတ်ဆိုသာ တချက်မြင်ဘဲရှိတယ်၊ ပရိယတ်ဆိုတာ ကောက်ရိုးလှည်းကို ဆွဲသလိုဘဲ၊ ဒါ့ကြောင့် ပဋ္ဌိပတ်ဆိုတာ ပဋ္ဌိဝေဓနဲ့ နီးစပ်သော အကြောင်းလို့ ယူလိုက်ပါ၊ ဒီတော့ ဘွားခနဲပေါ်လာတဲ့ သညာလေးကို ဘယ်လိုပြောမလဲ၊ သူဟာ အတိတ် သညာအနေနဲ့သာ ထွက်နိုင်တယ်၊ ပစ္စုပ္ပန် အနေနဲ့ မထွက်နိုင်ပါ၊ ဘဝကြောင့် အတိတ်သညာအနေနဲ့ ရှိသလဲလို့ မေးတော့ သမ္မာဃနကြီးကို ခွဲလိုက်တော့ သူ့မှာရှိတဲ့ သညာလေးဟာ မာတယ်လို့မပြောနိုင်ပါ။

ဟိုတုံးက မှည့်လာတဲ့သညာလေးကသာ မာတယ်လို့ ပြောတာပါ၊ ဒါ့ကြောင့် အတိတ်သညာလို့ခေါ်တာပါ ဒီဒေတိတ် သညာ လက္ခဏမှတ်ကြောင်းသဘောဟာ ဘာဝေဒနာကို မှတ်သလဲ၊ သမ္မာဃန ရှိတုံးက မာတယ်ဆိုတာကို မှတ်တယ်၊ ဒီတော့ မျက်ကွယ်ကိုဆွဲပြီး မာတယ်လို့ ပြောတာပါ၊ အဲဒါကိုမမြင်ကြလို့ ကိုယ်ကမာတယ်ဆိုတာကို အဟုတ်ရှိပ်ကြီးလို့ ထင်နေတယ်၊ အဲဒါ အနှစ်ဝေ့ထင်တာပါ၊ အနှစ်ဆိုတာ အတိတ်နဲ့ အနာဂတ်ကို တွေးကြံနေဘယ်၊ ငိပယ်ဃနာကို လိုက်တော့ ပစ္စုပ္ပန်ကိုသာ အနစ္စလို့ ယူသွားနိုင်ရမယ်၊

ဒါကြောင့်ပန်းပြွန်ကိုတွေ့ရင် အနဘွာကိုတွေ့ဘယ်လို့ ယူပါ၊ ဒီအဆင်းမှာရှိတဲ့ သညာလေးဟာ မဘယ်လို့ပြောတာ မျက်ကွယ်သဘော အဘိတ်သဘော(၀ါ)ဖြစ်ပြီးတဲ့သဘောကို ဆွဲပြီးတော့ပြောနေတာပါ၊ ဒါကြောင့် အဘိတ်မျက်ကွယ်ကို ရှိဘယ်လို့ဆွဲလို့ အစဲ ၄ ချက်ဘပ်ပြီး အပါယ် ၄ ပါးသို့ ပို့နေဘာပါ ချနေတာပါ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာဘွဲ့ကျတော့ ပစ္စုပ္ပန်ကိုသာယူသွားတယ်၊ အဲဒီလိုစဲ့လာ့ဘဲ့ အစဲ့ဘွဲ့ကို ဘုရားရှင်က အဘွာဒီဋ္ဌိ ၂၀ လို့ ဟောသွားတာပါ၊ အဲဒါ လက္ခဏသဘောနဲ့ရှိနေတာကို တင်ပြတာပါ၊ အကြည်မှာလဲ သညာလေးရှိနေတယ်။

လာက်ရေပုဂ်ကို ဇရှ့်မှာချတော့ ပဋ္ဌမမျက်စေ့ အကြည်နဲ့စမ်းသပ်တော့ အဆင်းဇလေးဟာ ပ္ပဒ္ဓါပြီးထလာတယ် ဘယ်လို ထလာသလဲ၊ အကြည်လေးမှာရှိတဲ့ သညာက သဏ္ဌာန ပညတ် ရိပ်ရှိတယ် အဆင်းလေးမှာက နာမပညတ်ရိပ်ရှိဘယ်၊ ဒီဟာ့ အဆင်းဓာတ်လေးက 'နာမပညတ်လေး ပ္ပဒ္ဓါပြီးထဘယ်၊အကြည်ကစမ်းသပ်တယ်ဆိုတာ နာမပညတ်လေး ပေါ်အောင် စမ်းသပ်တာကို ခေါ်တယ်၊ အဲဒါကို ရသလို့ခေါ်တယ်၊ ကိုင်း-ဒီဟာ့ ဟိုတုံးက နာမနဲ့ သဏ္ဌာန ပညတ်ဘွဲ့ကို ဖြတ်ခဲ့ပြီ၊ ဒီတော့ အဆင်းနဲ့အကြည်ဆုံဘဲ့ အခါမှာ နာမနဲ့ သဏ္ဌာန ပညာ်ဘွဲ့ မထွက်တော့ပါ။

ဒါဖြင့် သတိပဋ္ဌာန်ရဲ့ ရုပ်နာမ်ကိုသွင်းတော့ ဘယ်လိုသွင်းမလ ?

လက္ခဏာနဲ့ ရသကနေ ခွဲပ်လက်ပြတော့ ပေါ်တဲ့ သဘောလေးကရုပ်, ပေါ်အောင်လုပ်ပေးတဲ့ သဘောလေးကနာမ်, မာတယ် ပူဘယ်လို့ ပြောလို့ မရတော့ပါ၊ ပေါ်သဘောလေး မျှဘဲ ရှိတော့တယ်၊ အဆင်းမှာ၌တဲ့ သညာလေးကို ဇာတ်သိမ်းလိုက်တော့ ပေါ်သဘောလေးမျှဘဲ ရှိတော့ဘယ်၊ ဒါကို နုက်ဖြန် အကျယ်ခွဲပြောမယ်။

ကိုင်း....သာဓုခေါ်ကြပါတော့။

သာဓု–သာဓု–သာဓု။

ဝါဆိုလဆုတ် ၁၄-ရက်နေ့ ဟောစဉ်

ပုံစံနံပါတ်(၆)

ဝိပဿနာကရှာတဲ့ ရူပ်နာမ်ဟာ နာမပညတ်နဲ့ သဏ္ဌာနပညတ် ရိုပ်တွေ့ မသုဉ်းဆိတ်သေးလို့ သဘာပဋ္ဌာန်ကြီးက လက်မခံဘာပါ၊ ဘာ့ကြောင့်လဲ ပျက်ကိန်းနဲ့ ဖြစ်ကိန်းမပါလို့ပါ ဒါကြောင့် ဖြစ်ကိန်းနဲ့ ပျက်ကိန်းကိုမြင်အောင်လို့ "မောင်ကောင်းကြီး" ကို ရေနွေးအိုးထည့်ခိုင်းတာပါ၊ ဒီတော့ ရေနွေးအိုးမှာ ရှိနေတဲ့ရေမှာ ပရိပါစကနဲ့ ဥသမမီးဓာတ်ဟာ ရှိနေတယ်၊ ဒဟမီးဓာတ် ဖြစ်တဲ့ ထင်းလဲထိုးလိုက်ရော ဒီထဲမှာသန္တပ္ပနမီးဓာတ်ဘေ့ပါလာပြီးတော့ မှ ပျက်ကိန်းဖြစ်လာတယ်၊ နောက်ဒီရေနွေးကို လာဘက်ခြောက်ခတ်ပြီးသောက်လိုက်တဲ့အခါမှာ (ဝါ)သုံးဆောင်လိုက်တာသည်ပင် ပရိပါစကနဲ့ ဥသမမီးဓာတ်တွေ့ဖြစ်ပြီးတော့ သုံးဆောင်တဲ့ ပုဂ္ဂိုလ်မှာ ကျန်းမာရေးရလာပါတယ်၊ ဒါက အဖြစ်သဘောပါ။

အဲဒီလို မီးဓာတ်တွေ့ရဲ့ သဘာဝက အပျက် သဘောနဲ့ အဖြစ်သဘောတွေ့ရှိနေတဲ့အတွက် ကျန်းမာရေး, ချမ်းသာရေးတွေ့ကို ဒီမီးဓာတ်တွေ့က ပေးနိုင်တယ်၊ ဒီရေနွေးအိုး တည်တာသည်ပင်လျှင် ပရိပါစက မီးဓာတ်နှင့် ဥသမမီးဓာတ်ကို သန္တပ္ပနမီးဓာတ်နှင့်ဒ္ဒဟမီးဓာတ်က ဖျက်လိုက်တာဘဲမဟုတ်လား၊ ဒီတော့ ဒဟမီးဓာတ်လောင်တာသည်ပင်(ဝါ)ဖျက်တာသည်ပင် အဖြစ်တေဇောဖြစ်လာတယ်၊ ဒါကြောင့် အပျက်ဒေတေဇော ဖြစ်တာသည်ပင် အဖြစ်တေဇောပါလာပုံကို မြင်အောင်ကြည့်ပါ။

ကိုင်း.... ပဋ္ဌမ အနတ္တကို မြင်အောင်ရှုဆိုတာ အဗျာပါရ အနတ္တကိုမှ မမြင်ရင် ဘယ်လိုပင်ဟောသော်လဲ သညာဂိညာဏ်

သမားတွေက လက်မခံနိုင်ပါ၊ ဒါ့ကြောင့် ဒီအဗျာပါရအနှစ်ကို မြင်အောင်ရှုရမယ်၊ ဒီတော့ နာမနဲ့ သဏ္ဌာနပညတ် သုဉ်းဆိတ်နေမှ အဘိဏှာဒေါမနဿ လောကကြီး ဟာလဲ သုဉ်းဆိတ်မယ် မဟုတ်လား၊ ဒီတော့ နာမနဲ့ သဏ္ဌာနပညတ် ပျောက်အောင်လို့ ဘုရားရှင်က "ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဂိဟ ရတိ အာတာပီ သမ္မဇာနော သတိမာ ဝိနေယ္ယ လောကေ အဘိဏှာဒေါမနဿံ" ဆိုပြီး ဟောကြားလာတာပါ။

ဒီတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ်တွေ ပျောက်ပြီး ပထဝီဓာတ်လို့ကို ပြောလို့မရအောင်ရှုနိုင်ရမယ်၊ ဒီတော့ ပထဝီဓာတ်ကို သိလမြဲ၊ သမာဓိမြဲတွေနဲ့ ဘယ်လိုဘဲခွဲခွဲ အဲဒါ သည်လေးအနေနဲ့ ကျန်နေတာတောင်မှ နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ်ဟာ မပျောက်သေးပါ၊ အဲဒါ မိမိစဉ်ထားတဲ့ သညာရဲ့ ဒေ မှတ်လေးဟာ ရှိနေသေးတာဘဲမဟုတ်လား၊ ဒီသညာ အမှတ်လေးကနေပြီးတော့ နာမနဲ့ သဏ္ဌာနပညတ်ကို ဆွဲနေသေးရင် မရသေးပါ။

အခုပ်မှာ နာမနဲ့သဏ္ဌာနပညတ်ရိပ် ၂ ပါးဟာ မပျောက်သမျှ ရုပ်နာမ်ကို ရှာလို့မရသေးပါ၊ ဘယ်နည်းနဲ့ ဘဲရှာရှာ မရပါ၊ ရှာလို့မရသေးရင်ဘဲ ကလျာဏ မျက်စေ့မပေါက်သေးပါ၊ မပေါက်သေးရင် အနှဘဲ၊ အနှစ်ဘိုရင်ဘဲ ၂၉-ပါးသော ကံတရားတွေရဲ့ ဘဲ့ဆောင်မှုကို အမြဲခံနေရမှာဘဲ၊ မသိတာရှိပ်, သိတာနာမ် လို့ရှာနေသေးရင် အဲဒါအနှစ်ရှိသေးတယ်၊ ဒီတော့ ဒီအနှစ်ဟာ တနေ့အပါယ် ၄-ပါးကို ကျအုံးမှာဘဲ မဟုတ်လား။

ကိုင်း.. လက္ခဏာ မှတ်ကြောင်းသဘော၊ ရသဆိုတာက မှတ်ကြောင်းသဘောပေါ်အောင် လုပ်ပေးတဲ့သဘော၊ ပဋ္ဌာန်

ဆိုတာက ရှုပ္ပဗားသူရဲ့ ရှေ့ရှုထင်တဲ့ သဘော၊ ပဒဋ္ဌာန် ဆိုတာ ပြဋ္ဌာန်းတဲ့သဘော၊ ဒီတော့ရူပါရုံမှာက ရူပသညာရှိဘယ်၊ မျက်စေ့အကြည်မှာက စက္ခုသညာရှိတယ်၊ ဒီ-၂-ပါးဆုံလိုက်တဲ့အခါမှာ စက္ခုသမ္ဖဿ သညာဆိုပြီး ပစ္စုပ္ပန်သညာရှိတယ်၊ နောက် ၃ ပါးဆုံတော့ ဝိညာဏ်ကြီးပေါ်လာတယ်၊ ဒါကိုရူပါရုံမှာရှိတဲ့ သညာကလက္ခဏ၊ မျက်စိအကြည်မှာရှိတဲ့သညာက ရသ၊ ၂-ပါးဆုံလို့ပေါ်တဲ့သညာကပစ္စုပ္ပဋ္ဌာန်၊ဝိညာဏ်ကြီးကျတော့ပဒဋ္ဌာန် ဒါကို နားလည်ရမယ်။

ဒါကိုနားလည်ရင် ရုပ်နာမ်ကို ရှာတဲ့အခါမှာ လက္ခဏနဲ့ ရသကိုတတ်ဆဲဆဲရှာ၊ ရှာလို့တွေ့လာမှ ပစ္စုပ္ပဋ္ဌာန်နဲ့ပဒဋ္ဌာန်ကို တတ်ထားရှာပါ၊ ဒီလိုထားရှာရမယ်၊ လက္ခဏနဲ့ ရသကိုအရင်ရှာရမယ်၊ သူကပညတ်နယ်ကောင်၊ ဒီကရှာလို့တွေ့လာတဲ့ ရုပ်နာမ်ကိုမှ ပစ္စုပ္ပဋ္ဌာန်နဲ့ပဒဋ္ဌာန်ကျမှ ပရမတ်နယ်ကောင်၊ ဒီတော့ ရုပ်နာမ်ပေါ်လို့ဆိုရင်ဘဲ မြူဇာနဲ့ ခွဲလာတဲ့အခါမှာ အခုပထဝီလေးဟာ သုညလေးတွေအနေနဲ့ရှိနေသေးတယ်၊ ဒီသုညလေးမှာ မာတယ်လို့ဆိုတဲ့ သဘောလေးက အရင်ကမှတ်လာခဲ့တဲ့ သညာရဲ့အမှတ်လေး အနေနဲ့ရှိနေသေးတယ်. ဒါကိုလက္ခဏလို့ ခေါ်တယ်။

ဒီအဆင်းလေးဟာ အာရုံလေး အနေနဲ့ရှိနေတာ ဖြစ်ခြင်းကြောင့် အာရမ္မဏိက သဘောဖြစ်တဲ့ အသိ အမြင် စသော သဘောတွေကို လက်ခံနေသေးတယ်၊ ဒါကို"သာမညံဝါ-အမျှားနှင့်ဆက်ဆံခြင်းသည်ရင်း။ သဘာဝေါဝါ၊ သဘောတရားသည်ရင်း၊ လက္ခဏနှာမ၊ လက္ခဏာမည်၏ လို့ ပြလာတယ်။ ဒီတော့ ငါမာတယ်လို့ ပြောတာဟာ ပစ္စုပ္ပန်အနေနဲ့တော့ ပြောတာ

မဟုတ်ပါ၊ ဟိုဓာတ် ၄-ပါး ပေါင်းစဉ်တုံးက မှတ်လာခဲ့ဘဲ အတိတ်သည် သဘောကို ဆွဲပြီး ပြောနေတာပါ၊ ဒါကြောင့် ဒီအဆင်းလေးဟာ အတိတ်သဘောမှာသာရှိနေတယ်၊ ဒီနေရာမှာ အမျှားကြီးသိမ်မွေ့ပါတယ် ယခုတင်ဆက်နေတာက သတိပဋ္ဌာန် ရှုပ်နာမ်ပိုင်းပါ၊ ဒါကြောင့် အင်မတန်မှသိမ်မွေ့ပါတယ်။

ကိုင်း.... အဆင်းက ထွက်လာတဲ့သည်ဟာ အတိတ်ကိုဆွဲပြီး ထွက်နေတယ်၊ ဒါဟာဖြစ်ပြီးတဲ့သဘောကို အာရုံပြုပြီး ထွက်နေတာပါ၊ ဒါကို " သကတ္ထကြောင့်၊ ရသောပညတ်၊ သကတ်ပျောက်လျက်၊အမည်မပျက်သည်၊သက်သက် အတ္တင်ရှင်ဖြစ်တည်း" လို့ ပြလာပါတယ်။ ဒါဟာဖြစ်ပြီးသားကို အာရုံပြုပြီးထွက်လာတာပါ၊ နောက်အကြည်သည်ကျတော့ ရသလို့ ခေါ်တယ်၊ ဒါကအဆင်းသည်ဖြစ်အောင် (၀၊)ပေါ်အောင် လုပ်လုပ်ပေးနေကာပါ၊ ဒါကခန္ဓာကိုယ်မှာရှိတဲ့သည်ပါ။

ဒီတော့ အဆင်းသည်ကအတိတ်သဘောကိုဆွဲတယ်၊ သူ့မှာ နာမပညတ် သဘောရှိတယ်၊ အကြည်သည်ကျတော့ သဏ္ဌာန်ပညတ်သဘော ရှိနေတယ်၊ နောက်နောင် ပုဂ္ဂိုလ်များသိအောင် လုပ်လာတဲ့ အတွက်ကြောင့် သူ့မှာ အနာဂတ်သဘော သည်ရှိတယ်၊ ဒါဟာ မပေါ်သေးတဲ့သည်တွေအတွက် ပေါ်အောင် လုပ်ပေးတဲ့သဘောပါ၊ ဒီတော့ နာမပညတ်ဟာ လက္ခဏသဘောက ထွက်တယ်၊ သဏ္ဌာနပညတ်ဟာ ရသသဘောကထွက်တယ်၊ ဒါကို ချေရမယ်။

ကိုင်း ဒီတော့ "ဟေ့ အဆင်းသည်လေး မင်းမှာတယ်လို့ ပြောနေတာဟာ မင်းမှာ ပဋ္ဌေပွန်ထောက်ခံတဲ့သဘောရှိသလား"

လို့မေးရင် "ကျွန်တော်မှာ မရှိပါလို့ပြောမယ်"၊ ဒါ့ကြောင့် "မင်းဟာ ထောက်ခံတဲ့သဘော မရှိဘဲနဲ့ ပြောနေတာသည်ပင် အတိတ်သဘော ပညတ် (၀၊) အတိတ်သညာကို ဆွဲနေတာပါ၊ ဒို့က အတိတ်သဘောကို အလိုမရှိဘူး၊ သွား" ဆိုပြီးတော့ ဝိပဿနာသမားကလဲ မောင်းထုတ်လိုက်ရော ဒီကနေပြီး ပရမတ် ရုပ်သဘောလေးတွေထွက်လာတယ်၊ တကယ်ပညာနဲ့ထင်လာရင် ဒီအဆင်းသညာလေးဟာ သုဉ်းဆိတ်သွားတယ်၊ ဒါဟာ ကလျာဏ ပုဂ္ဂိုလ်တွေမှာ သုဉ်းဆိတ်နေတာပါ၊ အနှစ်တွေမှာမသုဉ်းဆိတ်သေးပါ။

ဒီလိုလဲ မောင်းထုတ်လိုက်ရော အဲဒါ ယခုအတိတ်သဘော သညာလေးအုပ်နေလို့ မထွက်နိုင်တဲ့ ပရမတ် ရုပ်သဘောလေးဟာ အခု အတိတ်သဘော သညာလေးလဲ ဇာတ်သိမ်းသွားပြီးကော့ (၀၊) စင်ကြယ်သွားပြီးတော့ ဒီကနေပြီး ပရမတ် ရုပ်သဘောလေး ထွက်လာပြီ၊ ဒုဟာ အနှစ်ပုဂ္ဂိုလ်မှာ မထွက်ပါ၊ ကလျာဏပုဂ္ဂိုလ်မှသာလျှင် ထွက်မယ်၊ အကိတ် သညာလေးလဲ ဇာတ်သိမ်းသွားရော ပစ္စုပ္ပန် ပေါ်သဘောလေးအနေနဲ့ ပရမတ် ရုပ်လေးတွေ ထွက်လာပြီ၊ အဲဒါ လောကကြီးမှာ ရှေးရှု ပေါ်နေတဲ့ သဘောလေးမျှသာ ရှိတော့တယ်၊ အဲဒါ မာတယ်လို့ ပညာနယ်မှာမပြောနိုင်ဖော့ပါ၊ ဒါကိုကြည့်ပြီးတော့ အဲဒါပေါ် သဘောပစ္စုပ္ပန်လေးမျှသာ ရှိပါလားဆိုပြီးတော့ သိမ်းလိုက်ပါ။

ရဲရဲတောက် ပုဂ္ဂိုလ်တွေကျတော့ ဘာကိုမြင်သလဲ ဆိုတာနဲ့ အဲဒါ ပစ္စုပ္ပန်ကိုမြင်ပါဘယ် ဘုရားလို့ တချက်ထဲ ဖြေကြားပါ ဘော့တယ်၊ ဒါဟာ သဘာဝပထဝီလေးရဲ့ အနတ္တကို တွေ့နေပြီ၊ ဒါ့ကြောင့် တချက်ထဲနဲ့ မြင်လာတာပါ၊ ဒီတော့ရင် သဘာဝ

ပထဝီလေးတွေ ပေါင်းစုလာမှ လာဘက်ခရေအိုး, လာဘက်ရည်ပုံ စသည်ဖြင့် နာမန်. သဏ္ဌာနပညတ်တွေကို ကိုယ်က လုပ်ကြံပြီး တော့ ခေါ်လာတာပါ၊ ဒါဟာ ကိုယ့်ဒုံးကပြန်ချောက်နေ ဘာလို အဟုတ်ထင်နေတာဘဲမဟုတ်လား၊ သဘာဝနယ်ကတော့ ပဋ္ဌာန်ပေါ် သဘောလေးသာ ရှိပါတော့တယ်။

ပညတ်နယ်ကတော့ နာမပညတ်, သဏ္ဌာနပညတ် တွေကို လုပ်ကြံပြီးတော့ ဆဲနေတာပါ၊ ကိုင်း ဒီတော့ အဆင်း အဘိတ် သညာလေးသေသွားရင် ပေါ်သဘော ပဋ္ဌာန် ရုပ်သဘောလေး အနေနဲ. တွေ့လာပြီ၊နောက် အကြည်မှာရှိတဲ့ အနာဂတ်သညာကို လဲ အထက်ကအဆင်းသညာလေးမှာသိမ်းသလိုဘဲ သိမ်းလိုက်ရင် သဏ္ဌာနပညတ်ကွာပြီးတော့ ပေါ်သဘောလေးကို ဆဲတဲ့ အနေ လောက်သာ ရှိတော့တယ်၊ ဒါက နာမ်သဘော အာရမ္မဏိက သဘောပါ၊ ဒါကို ပရမတ် ရုပ်-နာမ်လို. ခေါ်တယ်၊ ပစ္စုပ္ပန် သဘောလေးက ရုပ်အာရုံသဘောလေးပါ၊ ဒီနေရာမှာ ရုပ်ကို အမှုးထားရှာသော်လဲ နာမ်ကလဲပါလာရသေးတယ်။

ကိုင်း_ဒါက ပရမတ်ရုပ်နဲ. နာမ်ပါ၊ ဒါဟာ ပျက်ကိန်းက နေပြီးတော့ထွက်လာတဲ့ ရုပ်နဲ. နာမ်ပါ၊ (၀၊)လက္ခဏနဲ. ရသက ထွက်လာတဲ့ ရုပ်နာမ်ပါ၊ နောက် ပဋ္ဌာန်ပဋ္ဌာန်နဲ. ပဒဋ္ဌာန်က ထွက်လာတဲ့အနေနဲ. ရုပ်နာမ်ကို တခါထပ်ရှုလိုက်ပါအုံး၊ ဒီ-ရုပ် နာမ်ဟာ သင်္ခတ ပရမတ်နယ်မှာသာလျှင်ဝင်သေးတယ် တကယ့် ပရမတ်အစစ် မဟုတ်သေးပါ၊ ပဋ္ဌာန်နဲ. ပဒဋ္ဌာန်ကိုတက်မှ တကယ်.ပရမတ်အစစ်ကိုတွေ့မယ်၊ နားလည်ရင် ရှေ.ကို တက်ပြ မယ်၊ အခုပေါ်နေတဲ့ ရုပ်နာမ်ကို ဝိပဿနာထဲ ဝင်မယ်ဆိုရင်

ရနိုင်ပြီ ရှေ့ကိုဘဝဖြေးဖြေးနဲ့ အနဘွာခါတ်အဝစ်ကို ယူသွားနိုင်ပြီ၊ သတိပဋ္ဌာန်ကြီးထဲဝင်မယ်ဆိုရင် ဒီ ရူပ်နာမ်နဲ့ တင်းတိန် မခနကြနဲ့အုံး. ဒါက ပျက်သဘော ရူပ်နာမ်သာရှိသေးတယ်။

ယခု အဖြစ်သဘာ ရှာရအုံးမယ်. ဒါမှ သဘိပဋ္ဌာန်ရူပ်နာမ်ထဲ ဝင်လို့ရမယ်၊ ကိုင်း... နားလည်ရင် ဥပဋ္ဌာနကရောဂါ-ဥာဏ်အားရှေးရှုထင်တဲ့ အခြင်းအရာသည်ဂင်း။ ဖလံဝါ၊ အကျိုးတရားသည်ဂင်း။ ပစ္စုပ္ပန္နံနာမ၊ ပစ္စုပ္ပန္နာန်မည်၏။ ဒီဘော့ ဥာဏ်အားရှေးရှုတင်တဲ့သဘောဟာ ပစ္စုပ္ပန္နာန်ပါ၊ (ဝါ) ၂ ပါးဆုံတဲ့ သဘာသညာပါ၊ ဒီ ၂-ပါးဆုံဘဲ့ သညာရဲ့ သဘာကို လိုက်ရှာစမ်းပါ၊ အဆင်းနဲ့ အကြည် ၂-ပါးဆုံလို့ပေါ်လာဘဲ့ သညာကို ပဋ္ဌာန်လို့ခေါ်တယ်၊ ဒါဟာဘယ်မှာပေါ်တာလဲ၊ မျက်စေ့အကြည်ထဲမှာ မီးလေးမျှား တောက်လိုက်သလို ပေါ်လာတဲ့ သညာပါ၊ ဒါဟာ တကယ်ပစ္စုပ္ပန်သက်သက်လေးပါ၊ ဒါကိုပစ္စုပ္ပန္နာန်လို့ခေါ်တယ်၊ဒါ ဘာပရမတ်ဆတ်ဆတ်လေးပါ။

အဆင်းကျတော့ နာမပညာတ် အကြည်ကျဘော့ သဗ္ဗာနပညာတ်ရိပ်ဘေ့ပါနေလို့ သူတို့ကို အဘိတ်အနာဂတ်လို့ ယူဆတာပါ၊ အဲဒါ ပရမတ်သဘော မဟုတ်ဘဲ ပညာတ် သဘာဘဲ ရှိနေတယ်၊ဒီတော့ အဆင်းနဲ့ အကြည် ၂-ပါးဆုံလိုက် ဘဲ့အခါမှာ ပေါ်လာတဲ့ ပစ္စုပ္ပန်ဆတ်ဆတ် သညာလေးဟာ မျက်စိ အကြည်ထဲမှာ ပေါ်လာတယ်၊ ဒီလိုပေါ်လာဘဲ့အဆင်းထဲမှာ ဆယ်လိုကျသလဲ၊ အကြည်ထဲမှာရော ဘယ်လိုကျသလဲ၊ ဒီကျဘဲ့ အားလေးကိုရမှ ပရမတ်အစစ်ဖြစ်မယ်။

ဒီတော့ သန်တလောကကြီးမှာ ပေါ်နေတဲ့ ရုပ်သဘောတရားမှန်ရင် ပရမတ်အစစ် ရှိပ်မဟုတ်ပါ၊ ဒါပေမဲ့ စာပေ ပရိယတ်

နယ်ကို ပယ်ရာရောက်မှာစိုးလို့ ထိန်းပြီးပြောနေတာပါ၊ ဒီတော့ ပြုပြင်နေတဲ့သဘောတရားတွေကို ပရမတ်အစစ်လို့မယူပါ၊ မပြုပြင်တဲ့ သဘောတရားကျမှ ပရမတ်အစစ်လို့ယူရပါတယ်၊ ဒါကို လုပ်ငန်းစဉ်နဲ့တကွယူလာရပါတယ်၊ ဒီတော့ မအို မနာ မသေရာ ဖြစ်တဲ့ မပြုပြင်တဲ့သဘောတရားကို ရှာနေတာ (၀ါ) တက်နေတာဘဲ မဟုတ်လား၊ မအိုမနာဘဲ့ မပြုပြင်တဲ့ တရားကို တွေ့မှ ပရမတ်အစစ်ပါ။

ကိုင်း...အဆင်းနဲ့အကြည်ဆုံလို့ပေါ်လာတဲ့ ပစ္စုပ္ပန်ဆတ်ဆတ် ပရမတ်သဘောလေးဟာ ဒီအဆင်းနဲ့အကြည်မှာ ဘယ်အနေနဲ့လာ၀င်သလဲ၊ ဒါကို လိုချင်လို့ အဆင်းနဲ့ အကြည်ကို ရောတည်ပြီး ဖမ်းနေတာပါ၊ ဒီတော့ အဆင်းထဲကိုလဲ့ ဒီပစ္စုပ္ပန်လေးလဲ့ ၀င်လာရော ပစ္စုပ္ပန်ဆတ်ဆတ် ပရမဏ္ဍ အနတ္တခတ် သဘောလေး ဖြစ်လာပါတယ်၊ အကြည်လေးကလဲဘဲ ပစ္စုပ္ပန်ဆတ်ဆတ် သဘာ၀ပရမတ် အနတ္တခတ်သဘောလေးတွေ ဖြစ်လာတယ်၊ ဒါ့ဘာကြောင့်ဖြစ်လာရသလဲဆိုရင် ပစ္စုပဋ္ဌာန်ဆိုတဲ့ သပ္ပဋိဃသညာလေးကြောင့် ဖြစ်လာရတာပါ ဒီ ,-ခုဟာအတူ တူထွက်နေသေးတယ်၊ မခွဲသေးပါ၊ နောက်ပဒဋ္ဌာန်သဘော ဝိညာဏ်ကြီးလဲကျရော အဆင်းနဲ့ အကြည်ကို ရုပ်နာမ်ခွဲ ဆိုရင် အဆင်းလေးက ပဋ္ဌုပ္ပန်ဆတ်ဆတ် ရှေးရှုထင်တဲ့ ပရမတ်ရုပ်သဘောလေးပါ၊ ပစ္စုပ္ပန်ဆိုတာ ရှေးရှုထင်တဲ့ သဘောအနေနဲ့ ထည့်လာရတယ်၊ ဒါကပညာရဲ့သဘောပါ။

ဒါဟာ အားထုတ်တဲ့ပုဂ္ဂိုလ်ရဲ့ဉာဏ်မှာပေါ်နေတဲ့ သဘောလေးပါ၊ ဒါဟာစာကရေးတာမဟုတ်ပါ၊ အားဆုတ်တဲ့ပုဂ္ဂိုလ်ရဲ့အသိဉာဏ်မှာကိုပေါ်လာတဲ့ ပရမတ်ရုပ်သဘောလေးပါ၊ ဒါ

ဟာ အာရုံရဲ့သဘောလေးပါ၊ အဲဒါဟာ မာတယ် ပူတယ်လို့ ပြောလို့မရတော့ပါ၊ နောက်နာမ်သဘောကျတော့ရင် ဒီရှေးရှု ထင်တဲ့သဘောလေးကို ဆုံထားတဲ့သဘောပါ၊ ဒါကအာရမ္မဏိ ကသဘော၊ အဲဒါ ပရမတ်နာမ်သဘောလို့ခေါ်တယ်၊ ဒီအနေ နဲ့သာရှိတော့တယ်၊ ဒီအခနေလောက် ပြောနိုင်လာရင်ဘဲ သဘ် ပဋ္ဌာန်ရူပ်နာမ်ထဲသွင်းပြမယ်။

အာနာပါနကို အားထုတ်လာတဲ့ အခါမှာ ပဋ္ဌမဘခါ့ကနေ ရူပ်နာမ်ကူးဆိုရင် ဒီအာရုံအာရမ္မဏိက ပရမတ်ရူပ်နာမ်ကို ကူးရပါတယ်၊ ဒါကို အာနာပါနကျတော့မှ ထင်ပြောပြပါအုံးမယ်၊ အဲဒါနာမရူပပရိစ္ဆေဒဉာဏ်ပါ၊ ဒီဉာဏ်ကို အခြေခံယူရပါတယ်၊ ယခုရူပ်နာမ်က ဥတုအကြောင်းကို ခွဲစိတ်လိုက်လို့ထုတ်လာတဲ့ ရူပ်နာမ်ပါ၊ နောက် အာဟာရတို့ စိတ်တို့ ကံတို့ကိုခွဲစိတ်ပြီးရူပ် နာမ်တွေ အသီးသီး ရှာသွားရအုံးမယ်၊ ဒီရူပ်နာမ် ပိုင်းဟာ ဝါခေါင်လပြည့်လောက်မှာ ဥက္ခောင်းကျရမယ်၊ ဒီသတိပဋ္ဌာန် ရူပ်နာမ်ပိုင်းဟာ အင်မတန်မှ သိမ်မွေ့လှပါတယ်၊ ဒါကိုရသွား ရင်ဘဲ သတိပဋ္ဌာန်တရားကြီးကို တက်သွားနိုင်ပါပြီ၊ ဒီသတိ ပဋ္ဌာန်တရားတော်ကြီးကိုကုရတိုင်းသား လေးပါးသောပရိသတ် တွေကို အလုံးအရင်းနဲ့ ဟောကြား လိုက်တာနဲ့ ဘုရား ရှင်ရဲ့ သာသနာတော်ကြီးဟာ တခါထဲတက်လာပါတယ်။

ဒီတော့ မိထွေးတော် ဂေါတမီ သာသနာဘောင် ဝင်ပြီး ဘိက္ခုနီမ လုပ်တဲ့အခါမှာ ဘုရားရှင်က ညီတော် အာနန္ဒာကို အမိန့်ရှိလာတယ်၊ "ချစ်သားအာနန္ဒာ ယခုမိထွေးတော် ဂေါတမီ ဟာ သာသနာဘောင်ဝင်လာတော့ သင်ဝမ်းမကြောက်နဲ့၊ ငါ ဘုရားရဲ့သာသနာတော်မှာ အဆစ်ပိုးတွေကျလာပြီ၊ ဒီတော့

ငါဘုရားရဲ့သာသနာ(၁၀၀၀)တည်မဲ့နေရာမှာ မာတုဂါမတော် သာသနာဘောင် ဝင်လာတဲ့အတွက် (၅၀၀) သာလျှင် တည်တော့မယ်လို့"စူဠဝါပါဠိတော်မှာ ဟောကြားတော်မူပါတယ်၊ ဒီတော့ သာသနာတော်ဟာ ဘယ်လောက်တောင် ဆုတ်ယုတ်လာသလဲ။

နောက်တခါဘုရား ရှင် ပရိနိဗ္ဗာန်စံခါနီးမှာ သုဘဒ်ပုရစ္ဆိုတ်ကြီးကို သုဘဒ်ပုရင့်ဇ်၊ ငါဘုရား ဟောကြားတဲ့ တရားတွေကို လေ့လေးပွားများခဲ့သူ ရှိနေသမျှ ငါဘုရားရဲ့ သာသနာတော်ကြီးမှာရဟန္တာမဆိတ်ဘူးလို့ "ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ" လို့ ဟောကြားတော် မူခဲ့ပါတယ်၊ ဒါကိုရည်ပြီးတော့ အနုဂဏ္ဌ ဆရာကြီးတွေက အနှစ်(၅၀၀၀)ကို ပွားလာတယ်၊ ပဋိသမ္ဘိဒါ ပတ္တဲ့ ရဟန္တာခေတ် (၁၀၀၀) သုက္ခဝိပဿက ရဟန္တာခေတ် (၁၀၀၀) အနာဂါမ်ခေတ် (၁၀၀၀) သကဒါဂါမ်ခေတ် (၁၀၀၀) သောတာပန်ခေတ် (၁၀၀၀) ဆိုပြီးတော့ သာသနာ (၅၀၀၀)ခွဲမှတ်လာတော့တယ်၊ဒီတော့အခုအချိန်မှာအနာဂါမ်ခေတ်ကြီးရှိနေသေးတယ် မဟုတ်လား၊ ဒီတော့ကြီးစား အားထုတ်လာရင် သောတာပန် သကဒါဂါမ်တော့ ဖြစ်နိုင်ပါသေးတယ်။

ဒီနေ့ဟောပြလိုက်တဲ့ရုပ်နာမ်ကို မှတ်ချက်ယူထားပါ၊ဒီတော့ မှတနေ့တန်ဘိုးရှိလာမယ်၊ ဇေးတယ်စားတယ်, သွားတယ် သွားတယ်ဆိုတဲ့ သူ့ဇော့မှာရှိတဲ့ ရုပ်နာမ်ဟာ ဒီသဘာဝမျိုး မရှိပါ၊ ဒါပေကြောင့်သူတို့ရုပ်နာမ်ဟာ မဟာသတိပဋ္ဌာန်ရုပ်နာမ်တရားထဲကို မဝင်နိုင်တာပါ။

ကိုင်း_ဒီတော့ အဆင်းလေးမှာကို သညာလေးဟာအစဉ်ရှိနေတယ်၊ ဒါ့ကြောင့် ဘယ်သူဘဲခေါ်ခေါ် ပုဂ္ဂလိုဘဲ ပြောနေတာဘဲမဟုတ်လား၊ ဒီတော့ဒါဟာ ဘယ်သူကစပြီး အမည်မှည့်ခေါ်လာတာလဲ။ "မိဘဆရာ၊ရွေးဦးစွာကား၊ ဒီမှာကားဆား၊ ဒီမှာငါးနှင့်၊ စပါး ပြောင်းနှမ်း ခေါ်ရိုးတန်းနှင့်၊ ကျမ်းကြီးသွင်သွင် ဆင့်ဆင့်သင်လျက် "လို့ ပြောလာဘဲ့အဘိုင်း ဒါဟာ အတိတ်သညာလေးတွေကို ယူပြီးမှတ်လာတာပါ၊ ဒီတော့နောက် အကြည်ဓာတ်ထဲမှာလဲ သညာလေးရှိတယ်၊ ၂ ပါးဆုံလိုက်တဲ့ အခါမှာလဲ သညာလေးဟာထွက်လာတယ်၊ ၃-ပါးဆုံလိုက်တော့ မှ ဝိညာဏ်ကြီး ထွက်လာတယ်၊ အဲဒီဝိညာဏ်ကြီးကို ပဒဋ္ဌာန်ပြဋ္ဌာန်းတဲ့ သဘောလေးလို့ ဆိုပြီးပြလာပါတယ်။

အဲဒါကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်နဲ့ ဝေဘန်ရမယ်လို့ ပရိယာယ်ကပြလာပါတယ်၊ ဒါဟာ ပရိယတ်ဆောင်လာတဲ့ သူဘေကို ကျေးဇူးတင်ရပါတယ်၊ ဘာ့ကြောင့်လဲလို့ ဆိုရင် ပရိယတ်(ကိုဆောင်လာမှ(ဝါ)ဆားလို့ ရေးထားဘဲ့စာကိုရရင်ဘဲ ဆားအိုးကိုရှာပြီး အရသာကို တွေ့ရသလိုပါဘဲ၊ အဲဒီပရိယတ်မှတ်တမ်းလေးရှိလာရင်ဘဲ ပဋ္ဌိပတ်,ပဋ္ဌိဝေဓ ပညာ'လေးတွေဟာ တကယ်.ကိုထွက်လာတော့မယ်၊ဒါကြောင့်ပရိယတ်ဆောင်ပုဂ္ဂိုလ်တွေကို ကျေးဇူးအထူးတင်ပါတယ် အစဉ်ထာဝရလဲ ကြည်ညိုပါတယ်၊ ဒါကြောင့် ကျေးဇူးတရားကို သိတတ်ကြပါလို့ ဆုံးမသြဝါဒပေးလိုက်ပါတယ်။

ဒီတော့အခု နာမ်ရုပ်ကိုနှိုက်လာတာဟာ အသိမ်မွှေ.ဆုံးပါဘဲ၊ ဒါကိုတင်ဆက်လိုက်ပါပြီ၊ ကိုင်း....ဒီတော့ အကျိုးတရားကို ပြောပြမယ်၊ ယခု ဟောလိုက်ဘဲ့ တရားကို တကယ်တွေ့ရင်ဘဲ

"မာမှုသည်ငါ၊ ငါသည် မာမှု၊ မာမှုဌာ်ငါရှိ၏၊ ငါ၌မာမှုရှိ၏"လို့ ဆိုတဲ့ အစဲ့ ၄ ချက်ပြုတ်သွားပြီ ဒါဟာ ဥတုဒီဂရီ ၃၆ ချုပ်သွားပြီ၊ ဒီတော့မျက်စေ့ကမြင်တယ်ဆိုတာ ဥတုပြဋ္ဌာန်း နေတဲ့ ရူပ်ကို ၅-ပါးသော ပသာဒနဲ့ စမ်းသပ်လို့ရတဲ့ ရူပ်ပါ၊ (၀၊) ထိတွေ့လို့ရတဲ့ရူပ်ပါ ကျန်တဲ့အာဟာရ,စိတ်,ကံတွေပြဋ္ဌာန်းတဲ့ ရူပ်ကျတော့ စိတ်ဂိုညာဏ်မှာသာထင်ရှားပါတယ်။

ကိုင်း ယခု ဟောလိုက်တဲ့တရားကို တကယ်မြင်လာရင်ဘဲ အဆင်း အတိတ်သည်၊အကြည်အနာဂတ်သည်တွေကိုတကယ် သိလာရင်ဘဲ အာရုံနဲ့တွေ့တဲ့အခါမှာ သတိတရားလေးဟာ၀င်လာပြီးတော့ နာမနဲ့ သဏ္ဌာနပညတ်ကိုမဆွဲတော့ပါ၊ ပြောပြအုံးမယ်၊ လျှပ်ပေါ်လော်လီတဲ့ လောလုပ္ပတဏှာ ဆိုတာဟာ အတိုင်းထက်အလွန်ခံစားတာကို ခေါ်တယ်၊ ဒီတော့ ဒီတဏှာဟာ ဒီနံ့ဝမနဲ့ သဏ္ဌာန် ပညတ်ရိပ် ၂-ပါးကနေ အခြေခံထားပြီး ထွက်လာတာပါ၊ အခု ဒီနာမပညတ်နဲ့ သဏ္ဌာန ပညတ်တွေ မပေါ်တော့တဲ့အတွက် လောလုပ္ပတဏှာတွေကိုထိန်းသိမ်းနိုင်လာပြီးတော့ အမျိုးသမီးတွေကို မြင်လိုက်တာနဲ့ မောင်ချင်း နှမချင်း စာနာနိုင်လာပြီ၊ သို့သော် အကုန်လုံးကို မထိန်းသိမ်းနိုင်သေးသော်လဲ သက်သာလာပြီ တဒင်္ဂအနေနဲ့တော့ ထိန်းသိမ်းနိုင်လာပါတယ်။

ဒီတော့ သမီးလေး, သားလေး, တူမလေး,ညီမလေးတွေအနေနဲ့ထားနိုင်ပြီ။ ဒါကြောင့် ဝိပဿနာ ဉာဏ်တွေမှန်ရင် တဒင်္ဂပဟာန်အနေနဲ့သာလျှင် သိမ်းနိုင်ပါသေးတယ်၊ ဧလို သိမ်းနိုင်လာရင်ဘဲ သက်သာလာပြီ၊ ဒါကသုတ္တန်နည်းပါ။ သတိပဋ္ဌာန်နည်းဖြင့်ပြောရရင် အဲဒါအစဲ့ ၄ ချက် ကျတ်သွားပြီ၊ ဒီတရားကို

တကယ်မြင်ရင် ဒီဒီဌီအစဲ့ ၄-ချက်ကို ဘာမှုမလုပ်ရဘဲနဲ့ တခါထဲ ကျွတ်သွားပြီ၊ သုတမယဉ္ဘာဏ်နဲ့ ကျက်စားနိုင်ရင် ကလျာဏ မျက်စေ့ပေါက် ပါ့တယ်၊ အဲဒါ အတ္တဒီဌိ ၂၀ - ပြုတ်ပါတယ် ဆိုတာကို မှတ်တမ်းယူထားပါ၊ တကယ်သိလာရင် တကယ်ကွာ ကျသွားပါတယ်။

အာနာပါနကို လုပ်လာလို့ကွာတဲ့အခါမှာလဲ ဒါထက်ပိုပြီး မတူးတောပါ၊ သို့သော်လဲ အာနာပါနကို အားထုတ်ပြီး လုပ်လာဘဲ့ ပုဂ္ဂိုလ်မှာက သတိတရားလေးတွေက နောက်က အမြဲ ကပ်ရက်ချပ်ရက်လိုက်နေတဲ့ အတွက် အာနာပါနကိုလဲအားထုတ်ပြီးလုပ်ပေးပါ ယခု ဟောပြလိုက်တဲ့ ဒီရူပ်နာမ်လေးကိုသာမြင်ရင် ဒီအတ္တဒီဌိ ၂၀ ဟာကျွတ်ပါပြီလို့ ဆိုတာကို ဒီနေ့ကျော်င်းကျပါပြီ ၀ါခေါင် လပြည့်မှာကို ဒီသတိပဋ္ဌာန် ရူပ်နာမ်ပိုင်းကြီးဟာအပြည့်အစုံဖြင့် ဥပေက္ခာင်းချရပါတော့မယ်။

သာဓု·ခေါ်ကြပါတော့။

ညေဟာ စဉ်။

ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟ ရတိ အာတာပီ သမ္မဇာနော သတိမာ ဝိနေယ္ယ လောကေ အဘိဇ္ဈာဒေါမနဿ'-လို့

မဟာသတိပဋ္ဌာန်တရားတော်ကြီးမှာ ရှင်တော်မြတ် ဟောကြားတော် မူခဲ့သည့်အတိုင်း ဒီ-မဟာသတိပဋ္ဌာန် လုပ်ငန်းစဉ် တရားတော်ကြီးကို တက်လာတယ်ဆိုကထဲက နာမပညတ်နဲ့ သဏ္ဌာနပညတ် ၂ ပါးကို သတ်လေးခဲ့တယ်၊ ဒီတော့ ဒုက္ခတရားကြီးကို မမြင်အောင် ဘယ်တရားတွေက ဖုံးကွယ်ထားသလဲဆိုရင် ဒီ နာမပညတ်,သဏ္ဌာနပညတ်တရားတွေဟာ ဖုံးကွယ်ထားတယ်၊ ဒါ့ကြောင့်မို့ ဒုက္ခတရားတွေကိုမမြင်ကြတာပါ၊ဒီတော့သမ္မောဟ အဋ္ဌကထာကြီးမှာ "အနိစ္စတရားဖြင့် အနတ္တတရားကို ပြတယ်၊ ဒုက္ခတရားဖြင့်လဲ အနတ္တတရားကိုပြတယ်၊ အနိစ္စ ဒုက္ခတရားဖြင့်လဲ အနတ္တတရားကိုပြတယ်" လို့ ရေးလာတယ်။

ဒီတော့ ဒုက္ခတရားကို မြင်အောင်လို့ ဒီ မဟာသတိပဋ္ဌာန် လုပ်ငန်းစဉ် တရားတော်ကြီးကို ရှင်တော်မြတ် ဟောကြားခဲ့တာပါ၊ ဒီတော့ ဒုက္ခတရားကိုမြင်အောင် ဒုက္ခ ဒုက္ခလို့ ရှုနေလို့ ရမလား၊ (၀ါ)ဒုက္ခ ဒုက္ခလို့ ရှုရမှာလား၊ အဲဒါ "ရူပံ အနိစ္စံ၊ ရူပံ ဒုက္ခံ၊ ရူပံ အနတ္တာ" လို့ ရှုရမှာလား၊ ဒါဟာ ဘယ်ရုပ်မျိုးတွေကို ဘယ်ပေါ်မှာတင်ပြီး ရှုမှာလဲ၊ ဒီခန္ဓာငါးပါး ရုပ်နာမ်ကောင်ကြီး ပေါ်မှာသာ တင်ရှုနေတာဖြစ်ရင် ဘယ်တရားတွေ ထင်လာမှာလဲ၊ ဒါတွေကို ဒီလိုရှုနေရင် ပရိယတ်အနေနဲ့ စာကို

ရှုနေတာဘဲ ဖြစ်မှာဘဲ၊ (၀၊) စာတွေ့ကိုသာ ပွားနေတာဘဲ ဖြစ်မှာဘဲ၊ ဒီလိုရှုနေလို့ရမှာလား၊ ဒီတော့ ယခုဒုက္ခလို့ မမြင်အောင် ဘာတွေခံနေသလဲလို့ ဆိုရင် နာမပညတ်နဲ့ သဏ္ဌာန်ပညတ်ရိပ် ၂-ပါးခံနေသည့်အတွက်ကြောင့် (၀၊)ဖုံးကွယ်ထားတဲ့အတွက်ကြောင့် အာရုံနဲ့တွေ့လာတဲ့အခါမှာ ဒီ နာမပညတ်နဲ့ သဏ္ဌာန်ပညတ်တွေကို ထုတ်ဆဲလာတယ်၊ ဒါကြောင့်မို့ ဣဋ္ဌ-အနိဋ္ဌ, ကောင်း-မကောင်းတွေ ထုတ်နေတာပါ။

ဒီတော့ ဣဋ္ဌ-အနိဋ္ဌ ပေါ်လာရင်ဘဲ သုခဝေဒနာ,ဒုက္ခဝေဒနာတွေနဲ့ ခံစားလာတော့မယ်၊ ဒါကို ရှင်တော်မြတ်က "အဘိဏှာ ဒေါမနဿံ၊ ချစ်ခြင်း မုန်းခြင်း ၂-ပါးကို၊ ဝိနေယျ၊ ပယ်ဖျောက်ရမယ်"လို့ ဟောကြားလာတာပါ၊ ဒီတော့ ချစ်ခြင်း မုန်းခြင်းဆိုတာဟာ ဘယ်ကဖြစ်လာတာလဲ၊ အဲဒါ သုခဝေဒနာ, ဒုက္ခဝေဒနာကနေ ဖြစ်လာတာပါ၊ ဒီ သုခဝေဒနာ, ဒုက္ခဝေဒနာဟာလဲ ဣဋ္ဌ-အနိဋ္ဌ, ကောင်း-မကောင်းကနေ ဖြစ်လာတာပါ၊ ဒီ ဣဋ္ဌ-အနိဋ္ဌ, ကောင်းမကောင်းဟာလဲ နာမပညတ်နဲ့ သဏ္ဌာန်ပညတ် ၂-ပါးက ဖြစ်လာတာပါ၊ ဒီတော့ ဒီနာမနဲ့ သဏ္ဌာန်ပညတ် ၂-ပါးမခံအောင် ဃနဲ့ကြီးကို ခွဲစိတ်ပစ်ရမယ်၊ ခွဲစိတ်လိုက်မှ နာမနဲ့ သဏ္ဌာန်ပညတ် ၂-ပါး မပေါ်တော့ဘဲ နောက်ဆုံး ချစ်ခြင်း မုန်းခြင်းတို့ မပေါ်တော့မှာပါ။

ဒီတော့ လက်တွေ့နည်းအနေနဲ့ရှာလိုက်ရင် ဒီနာမပညတ်နဲ့ သဏ္ဌာန်ပညတ် ၂-ပါး မပေါ်အောင် လုပ်ရတော့မှာဘဲ မဟုတ်လား၊ အဲဒါ လက်တွေ့နည်းနဲ့ အသိဉာဏ်ကိုရှာမှရမယ်၊ ဒီတော့ စာတတ်မှ မဟာသတိပဋ္ဌာန်တရားတော်ကြီးကို ရမှာမဟုတ်ပါ၊ စာမတတ်သော်လဲ ပဋ္ဌိပတ်ကိုမြင်သွားရင် ဟုတ်လာပြီ၊ ဒီတော့

စာမတတ်သော်လဲ တရားပေးတဲ့ ပုဂ္ဂိုလ်ရှိရင် အားထုတ်လို့ ရပါတယ် ဆိုတာကို ပိဋကတ်တော်မှာ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်နှင့် ရှင်မောဂ္ဂလာန် မထေရ်တို့ကို ထုတ်ပြလာတယ်။

ဒီတော့ ဒီတရားတော်ကြီးတွေကို နာကြားလာခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ လက်မောင်းတန်းနိုင်လာအောင် ဟောကြား လာတာဟာ ဒီပုံစံဟာ ၃-ရက်ရှိသွားပြီ၊ ဒီနေ့ ဒီပုံစုံကို ဥက္ကောင်းချရတော့မယ်၊ ဒီတော့ ဒီမဟာသတိပဋ္ဌာန်တရားတော်ကြီးကို လုပ်ငန်းစဉ်အနေနဲ့ ပြောရမယ်ဆိုရင် စာမတတ်တဲ့သူတွေအဖို့ ပိုပြီး သင့်မြတ်လှပါတယ်၊ ဘာ့ကြောင့်လဲ ဆိုတာကို ထောက်ပြမယ်၊ ဒီတော့ ပါဠိတော်ကိုဝေဖန်ရင် " ဣဓ ဘိက္ခဝေ ဘိက္ခု " ဆိုတာကိုဘဲ ဝေဖန်ရင် ဘိက္ခဝေ ဆိုတာက ချစ်သား ချစ်သို့ပေါ့၊ ဣဓ ဆိုတာက ငါဘုရားရဲ့သာသနာတော်ကြီးမှာ၊ ဘိက္ခု ဆိုတာက တရားကို ပွားများအားထုတ်နေတဲ့သူတွေကိုဆိုလိုတာပါ၊ (၀ါ) လုပ်ငန်းစဉ် လုပ်နေတဲ့သူတွေကိုသာ ဆိုလိုတာပါ၊ ရဟန်းတွေ ချည်းသာလို့ ဆိုတာမဟုတ်ပါ။

ဒီတော့ " သံသရ ဘယံ ဣဿတိတိ ဘိက္ခု " လို့ ဆိုတဲ့ အတိုင်း သံသရာရဲ့ဘေးကို ရှုပြီးနေသူတွေကိုမှ ဘိက္ခုလို့ ဆိုတာပါ၊ ဒါ့ကြောင့် ဒီ မဟာသတိပဋ္ဌာန်တရား လုပ်ငန်းစဉ်ကို အားထုတ်နေတဲ့သူတွေ မှန်ရင် ယေ ကျားဘဲဖြစ်ဖြစ်, မိန်းမဘဲဖြစ်ဖြစ်, ရဟန်းဘဲဖြစ်ဖြစ် ဘိက္ခုလို့ ဆိုတာ ဖြစ်ခြင်းကြောင့် အဲဒါ စာမတတ်သူဘာနဲ့လဲ အမျှားကြီး သင့်လျော်ပါတယ်၊ ကိုင်းဒီနေ့ နာမပညတ်နဲ့ သဏ္ဌာနပညတ် ၂-ပါး မပေါ်အောင် ချေတဲ့နည်းကိုသာ ဟောသွား တော့မယ်၊ ဒီ သဘာ၀တွေကို နေ့ခင်းကလဲဟောခဲ့ပြီ၊ ယခုဒီနေရာကနေ ပေါ်လာတဲ့ ရူပ်နာမ်

ဟာ နာမရူပ ပရိဒေ္ဓဒဥာဏ်က ရုပ်နာမ်လို့သာ ဆိုသော်လဲ ဥဒယဗ္ဗယဥာဏ်ကို တချက်ထဲခင်နိုင်တယ်၊ ဒီတော့ ဝိညာဏ်မြင် ဥဒယဗ္ဗယဥာဏ်လဲရောက်ရော ဒီနာမပညတ်နဲ့ သဏ္ဌာနပညတ် ၂-ပါးကို ဖြစ်-ပျက်လို့ ရှုပြီးတက်သွားပြန်ရင်လဲ သင်္ခါရုပေက္ခာ ဉာဏ်လဲရောက်ရော၊ ရှေ့ကို မတက်နိုင်တော့ဘဲ အောက်ဉာဏ်တွေကို ပြန်ကျလာပြန်တယ်၊ ဒါဟာ အလောင်းတော်ကြီးတွေ အားထုတ်တဲ့ သဘောပါ။

ဒီဘော့ နာမပညတ်နဲ့ သဏ္ဌာနပညတ်တွေကို ရှုလာတာဟာ ထောက်ခံတဲ့ပရမတ်မပါတဲ့အတွက်ကြောင့် အဲဒါ ဥဒယဗ္ဗယ စဲထဲပြန်ကျတာဘဲ၊ ကိုင်း အခုဒီနေရာမှာ နာမပညတ်နဲ့ သဏ္ဌာနပညတ်ကို ဖြတ်ဘို့သာ ကြံပေတော့၊ အထက် ဉာဏ်တွေကျမှ ဖြတ်ဘို့မလွယ်ကူပါ၊ ဒါ့ကြောင့် ယခုဒီနေရာမှာ နာမပညတ်နဲ့ သဏ္ဌာနပညတ်ကို ဖြတ်ဘို့သာ ပြောပြလိုပါတော့တယ်၊ "တိက္ခဟာသ ဇဝန ဂမ္ဘီ ဉာဏ်သေးလီဖြင့်" လို့ ပြလာတဲ့ အတိုင်းတက်ကိုမလျှော့သော အားလုလ္လကြီးတွေနဲ့ အားထုတ်နိုင်ရင်ဘဲ အဲဒါ သဘာဝဉာဏ်တွေ ပေါ်လာတော့မယ်။

ဒီတော့ ပရိယတ်ဆိုတာဟာ အကျယ်နည်းပါ၊ (၀)သည်ဝိညာဏ်သဘောဆိုတာ အကျယ်နည်းပါ၊ ပဋ္ဌိပတ်ဆိုတာ(၀)ပညာသဘောဆိုတာ အကျဉ်းနည်းပါ၊ အဲဒါ ထင်းခွေရင်းရေခပ်ရင်းနဲ့ဘဲ တမက် တဖိုလ်ကို ရနိုင်တယ်လို့ ဆိုတာဟာ ပိဋ္ဌကတ်မှာ အမျှားအပြားရှိပါတယ်၊ ဒါဟာ ဘယ်လောက်မျှားတိုတောင်းသလဲ၊ ဒီတော့ ပညာဆိုတာဟာ အသိဉာဏ်လေးကို တချက်ထဲ မြင်လိုက်တာဘဲမဟုတ်လား၊ အဲဒါ "ကြွေတလက်ကြက်တခုန်" ဆိုသလိုဘဲ တချက်ခွပ်သာရှိတော့တယ်၊ ယခုလဲဘဲ

ပညာရဲ့ သဘာဝလေးကိုသာ စစ်ပြပါတော့မယ်၊ ကိုင်း_နာမ ပညတ်နဲ့ သဏ္ဌာန်ပညတ် ၂-ပါး မခံ့အောင် ဘယ်လိုလုပ်မလဲ၊ ဒါဘဲရှိတော့တယ်။

ကိုင်း... ဒီတော့(ဥပမာ) လဘက်ရေပုဂ်ကိုဘဲ မြူတွေနဲ့ ခဲ့လာတယ်၊ နောက်တခါ သမာဓိကနေပြီး မြူတွေနဲ့ လခဲ့လိုက်တော့ ဝိညာဏမြူလဲ ရောက်သွားရော လဘက်ရေ ပုဂ်ဆိုတဲ့ အစိုင်အခဲဃနကြီးဟာ သုဉ်းဆိတ်သွားပြီ၊ ဒီလိုသုဉ်းဆိတ် သွားရင် နာမပညတ်နဲ့ သဏ္ဌာန်ပညတ် ၂-ပါးဟာ ဘယ်မှာရှိတော့သလဲ၊ ဒီလိုမေးရင် ဘယ်လိုပြောမလဲ၊ ပြောပုံကို ပြောပြမယ်၊ ဘဲဒါကိုယ်ရဲ့ စိတ်ဝိညာဏ်လေးမှာသာ ရှိတော့တယ်၊ အရင်ဃနကြီးရှိစဉ်တုံးကတော့ ဃနကြီးမှာ ရှိနေတယ်လို့ ထင်နေကြတယ်၊ အနုမြူတွေနဲ့ အလိမ်လို ခဲ့စိတ်လိုက်တော့ နာမပညတ်နဲ့ သဏ္ဌာန်ပညတ် ၂-ပါးဟာ စိတ်ဝိညာဏ်မှာသာ ရှိတော့တယ်၊ ယခုပြောတာကို ဝန်ခံနိုင်ကြရဲ့လား၊ ဒီတော့ ဒီနာမပညတ်နဲ့ သဏ္ဌာန်ပညတ် ၂ ပါးဟာ စိတ်ဝိညာဏ်မှာ ဘယ်လိုရှိနေသလဲ၊ ပဋ္ဌိပတ်ဆိုတာ သဘာဝကို နှိုက်လာရမယ်။

ဒီတော့ ဘုရားရှင်ဟာ သတ္တဝါတွေကို ချွတ်တဲ့ အခါမှာ သဘာဝတွေနဲ့ သာပြပြီး ချွတ်သွားတာဘဲမဟုတ်လား၊ ဥပမာ-ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို ဟောတဲ့သုတ္တန်မှာ ကြည့်ရင် ဘုရားရှင်က ချစ်သား ဘယ်ကလာသလဲလို့ မေးတော့ ဆွမ်းခံကြွရာက ပြန်လာပါတယ် ဘုရားလို့ဖြေတယ် ဒါဖြင့် ဘာကိုရခဲ့သလဲလို့ တခါထပ်မေးတော့ အာဟာရကိုရခဲ့ပါတယ် ဘုရားလို့ ဖြေတယ်၊ ဒီအာဟာရဟာ ဘာကိုဆောင်သလဲလို့ တခါထပ်ပြီး မေးတော့၊ ဖဿကိုဆောင်ပါတယ် ဘုရားလို့ဖြေတယ်၊ နောက်

ဖဿဟာ ဘာကိုဆောင်သလဲလို့မေးတဲ့အခါ ဖဿဟာဝေဒနာကိုဆောင်ပါတယ်ဘုရားလို့ဖြေတယ်၊ အဲဒီလို သုဘွန်မျိုး တွေနဲ့ ဟောကြားဆုံးမလိုက်တာနဲ့ တမက်တဖိုလ်မှ ၄ မက်ံ၄·ဖိုလ်အထိ ရသွားတဲ့ ပုဂ္ဂိုလ်တွေလဲ အနန္တပါဘဲ။

ဒါဟာ ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်တယ်လို့ ခေါ်တယ်၊ ဒါဟာ သဘာဝနဲ့ ပြလာတာပါ၊ ဒါဟာ နာကြားတဲ့ ပုဂ္ဂိုလ်တွေရဲ့ အသိဉာဏ်ကိုမူထားပြီး ဟော်ကြားသွားတာပါ၊ ကိုင်းနာမပညတ်နဲ့ သဏ္ဌာနပညတ် ၂–ပါးဟာ စိတ်ဝိညာဏ်မှာ ဘယ်လိုပေါ်နေသလဲ၊ ဒီတော့ ပရိယတ်က ဆား၊လို့ရေးထားတာနဲ့တူတယ်၊ ပဋ္ဌိပတ်ကျတော့ အဲဒါဆားအိုးထဲကဆားကိုယူပြီး လျှာပေါ် တင်လိုက်တဲ့အခါမှာ ဆားရဲ့အရသာကို သိလိုက်ရသလိုဘဲ၊ အခုလဲသဘာဝကို နှိုက်လာရမယ်၊ ဒီတော့ စိတ်ဝိညာဏ်မှာ ဘယ်အနေနဲ့ ရှိသလဲဆိုရင် ဘယ်လိုပြောမလဲ၊ ပြောပြမယ်၊ နာမပညတ်ဟာ သညာရဲ့အမှတ်လေးက ထွက်လာတာပါ၊ သဏ္ဌာနပညတ်က ဝိညာဏ်ကြီးက ထွက်လာတာပါ။

(ဥပမာ) ရွှံ့တုံးတတုံးကိုယူပြီး စိတ်ဝိညာဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်က နှားရုပ်လေးလုပ်ပြီး တခြားသူကိုပြရင် ဘာလို့ပြောမလဲ၊ နှားရုပ်လို့ ပြောမှာဘဲ မဟုတ်လား၊ ဒီ နှားဆိုတဲ့ နာမပညတ်နဲ့ သဏ္ဌာနပညတ်ဟာဘယ်ကထွက်လာတာလဲ၊ ရွှံ့တုံးက ထွက်လာတာလား၊ ရွှံ့တုံးက ထွက်လာတာဆိုရင် တခါ ဒီနှားရုပ်လေးကိုဖျက်ပြီး ခွေးရုပ်လေးလုပ်လိုက်စမ်းပါ၊ လုပ်ပြီး တခြားလူကိုပြရင် ဘာလို့ပြောမလဲ၊ ခွေးရုပ်လို့ဘဲ ပြောမှာဘဲ မဟုတ်လား၊ ဒါဖြင့် ခွေးဆိုတဲ့နာမပညတ်နဲ့ သဏ္ဌာနပညတ်ဟာ ဒီရွှံ့တုံးက ထွက်လာတာလား၊ မဟုတ်ပါ- စိတ်ဝိညာဏ်နဲ့

ပြည့်စုံတဲ့ပုဂ္ဂိုလ်ရဲ့ စိတ်ဝိညာဏ်က ကြံစည်စိတ်ကူးပြီးလုပ်လိုက်တဲ့ အတွက်ကြောင့် ခေါ်ရုပ် နာမ်ရုပ်ဆိုတဲ့ နာမပညတ်နဲ့ သဏ္ဌာန ပညတ်တွေ ထွက်လာတာဘဲမဟုတ်လား။

ဒီတော့ မျက်စေ့နဲ့ မြင်တဲ့ သဏ္ဌာန်တွေမှန်ရင် စိတ်ဝိညာဏ်က လုပ်ကြံထားတဲ့သဘောတွေပါ၊ (ဥပမာ) ထပ်ဆုတ်ပြအုံးမယ်၊ (ဥပမာ) ဒီလဘက်ရေပုံ့လေးဟာဘယ်ကဖြစ်လာတာလဲ၊ ဒီတော့ ဒီလဘက်ရည်ပုံ့ဆိုတဲ့ နာမပညတ်နဲ့ သဏ္ဌာနပညတ် ၂-ပါးဟာ သူ့ဟာသူ ဖြစ်လာတာလား - မဟုတ်ပါ ဒီတော့ တရုပ်ပြည်မှာရှိတဲ့ တောင်ခေါင်းကြီးထဲကနေ အဲဒါကြွေမှုန့်တွေကို ယူပြီးတော့ လဘက်ရည်ပုံ့လေးဖြစ်လာအောင် စိတ်ဝိညာဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်က လုပ်ကြံလိုက်တဲ့အတွက် (၀၊) လဘက်ရေပုံ့ လုပ်တတ်တဲ့သူက လုပ်လိုက်တဲ့အတွက် လူရဲ့အသုံးအဆောင် အဖြစ်ဖြင့် လဘက်ရေပုံ့ဆိုပြီး ဖြစ်လာတာမဟုတ်လား ဒီတော့ ဒီနာမပညတ်နဲ့ သဏ္ဌာနပညတ်ဟာ စိတ်ဝိညာဏ်မှာရှိတယ် စိတ်ဝိညာဏ်က လုပ်ကြံလို့ ထွက်လာတယ် ဆိုတာကို နားလည်ပြီလား။

ဒီတော့ အပြင်မှာ ဘယ်သဘာဝတွေရှိသလဲဆိုတာကို ထုတ်ပြ အုံးမယ်၊ ဒီတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ်တို့ဟာ သညာဝိညာဏ်မှာ ရှိတယ်ဆိုတာကို မတွေ့ကြလို့ အဲဒါ လဘက်ရေပုံ့မှာရှိတယ်, အစိုင်အခဲဆန်ကြီးမှာရှိတယ်ဆိုပြီး ယူလာတာပါ၊ ဒါ့ဟာ အနှတွေ့ စဲ့ယူနေတဲ့ အစဲ့အယူးတွေပါ၊ အဲဒီလို ထင်မှတ်လာတာသည်ပင် သက္ကာယဒိဋ္ဌိနယ်ကြီး ခွဲ့လာတာပါ၊ ဒီတော့ ပဋ္ဌမသညာဝိညာဏ်၊ ဒုတိယ ရုပ်တုံးရုပ်ခဲဆန်ကြီးပါ၊ ဒီတော့ သဘောတရားအနေနဲ့ဆိုရင် ဒီနာမပညတ်နဲ့ သဏ္ဌာနပညတ်

၂-ပါးဟာ သညာ ဝိညာဏ်ဆရာကြီးတွေ လုပ်ကြံပြီး ချထားတာဘဲမဟုတ်လား၊ ဒါကြောင့် "မိဘဆရာ လက်ဦးစွာကား၊ ဒီမှာကားဆား၊ ဒီမှာငါးနဲ့၊ စပါးပြောင်းနှမ်း၊ ခေါ်ရိုးတန်းနဲ့၊ ကျမ်းကြီးသွင်သွင်၊ ဆင့်ဆင့်သင်လျှက်" လို့ ရှေ့က ဆရာကြီးတွေ ရေးသားလာကြတယ်။

ဒါကိုနားလည်ရင် ယခုဃနကြီး မရှိတော့ဘဲအတွက် နာမပညတ်နဲ့ သဏ္ဌာနပညတ် ၂ ပါးဟာ ဘယ်မှာ သွားချသဲ့ ဆိုရင်ဘဲ အဲဒါရုပ်တရားမှာချတယ်၊ ဒီတော့ ရုပ်တရားမှာ ဘာ့ကြောင့် ချနိုင်သလဲ၊ ဒီတော့ ရုပ်တရားဆိုတာ အစိုင်အခဲဃနကြီးနဲ့ဘဲပေါ်ပေါ် - အစိုင်အခဲ မရှိဘဲနဲ့ပေါ်ပေါ် - ရုပ်သဘောမှာ ပစ္စုပ္ပန် အရိပ်လေးဟာ ရှိနေတယ် အဲဒီလို ရှိနေလို့ သညာ ဝိညာဏ် ဆရာကြီးတွေက နာမပညတ်နဲ့ သဏ္ဌာန ပညတ်ရိပ် ၂-ပါးကိုသွားချတာပါ၊ အဲဒီလိုလဲသွားချလိုက်ရော နာမပညတ်မှာလဲ သညာလေး သွားထင်တယ်၊ သဏ္ဌာန ပညတ်မှာလဲ သညာလေးဟာ လာထင်တယ်၊ ဒီတော့ နာမပညတ် သညာက အတိတ်သဘော၊ သဏ္ဌာနပညတ်သညာက အနာဂတ် သဘော အနေနဲ့ ထင်နေတယ်၊ အဲဒါ သညာရဲ့ အမှတ်သဘောပါမှ ရုပ်ပေါ်မှာ တံဆိပ်ခတ်လို့ရတယ်။

ဘာ့ကြောင့်လဲ "နီလာဒီဘေဒံ အာရမ္မဏံ ကတ္တာ ဇာနာတီတိ သညာ" လို့ ပြလာပါတယ်၊ အဲဒီပညတ်ရိပ် ၂-ခုဟာ ရုပ်သဘောပေါ်မှာထင်နေတော့တယ်၊ ဒီ ရုပ်သဘော ပစ္စုပ္ပန်ရိပ်မှာ နာမပညတ် သညာ အတိတ်သဘောနဲ့ သဏ္ဌာနပညတ် သညာ အနာဂတ်သဘောတို့က ထံဆိပ် ခတ်ထားကြတယ်၊ ဒါ့ကြောင့် ပစ္စုပ္ပန်သဘောမှာ လာထင်နေကြတယ်၊ အဲ့ဒါ တခုက

ရူပ်သဘော ဘက်က တခုက နာမ်သဘော ဘက်က အနေနဲ့ ထွက်လာမယ်၊ ဒါကို လက္ခဏာနဲ့ ရသလို့ ခေါ်တယ်၊ နာမပညတ် ဟာ သညာက ထွက်လာတဲ့ သဘောဖြစ်လို့ လက္ခဏာပါ၊ ဒါက အတိတ် သဘောအနေနဲ့ ရူပ်ရိပ်မှာ တံဆိပ် ခတ်ထားတယ်၊ သဏ္ဌာနပညတ် သညာက ရသပါ၊ ဒါက အနာဂတ်သဘော အနေနဲ့ ရူပ်ရိပ်မှာ တံဆိပ်ခတ်ထားတယ်။

ဒါဟာ အန္တတေ့မှာရှိနေတဲ့ တံဆိပ်လေးတွေပါ၊ ကလျာဏ ပုဂ္ဂိုလ်ကျတော့ မင်းတို့ဟာအတိတ်သညာ အနာဂတ်သညာတွေ ဖြစ်ခြင်းကြောင့် မစဉ်ယူတော့ပါ၊ ဒီတော့ ဝိပဿနာသမားဟာ ပစ္စုပ္ပန်သဘောကိုသာ လိုက်ရမယ်၊ ဒီတော့ အတိတ် အနာဂတ် သဘောဆိုတာ သညာဝိညာဏ် လှည့်စားတဲ့ သဘောတွေပါ၊ ဒီတော့ ပစ္စုပ္ပန်ဆိုတာကျတော့ သညာဝိညာဏ် လှည့်စားလို့ မရပါ၊ ဒီတော့ အတိတ်နဲ့ အနာဂတ်ဆိုတာဟာ ပညတ်ပြဋ္ဌာန်း ပြီး တက်လာတာပါ၊ ပရမတ်အနေနဲ့ ဆိုရင် ပစ္စုပ္ပန်အနေနဲ့ သာ ပါတယ်၊ ဒါ့ကြောင့် မရှိဘူးလို့ ပယ်လို့ မရပါ၊ မရှိဘူးလို့ ပယ် လိုက်ရင် ပဋ္ဌာန်းပါ ပါသွားတဲ့ အတွက်ကြောင့် အတိတ် အနာ ဂတ်ဟာ မရှိဘူးလို့ ပယ်လို့ မရပါ။

ဒီတော့ ဒီသဘာဝတွေ့ကိုပယ်လာတဲ့အတွက်ကြောင့် ဥစ္ဆေဒ ဒိဋ္ဌိထဲ ကျနေကြတဲ့ပုဂ္ဂိုလ်တွေလဲ အများကြီးရှိနေတယ်၊ ဒီတော့ ဒီပုဂ္ဂိုလ်မှာ အပါယ် ၄ ပါးကြောက်လို့ ဝိပဿနာ တရားကို လိုက်လာမှာဘဲ အပါယ် ၄·ပါးသို့ ကျတော့တာဘဲ မဟုတ်လား၊ ကိုင်းဒီတော့ ပဋ္ဌာန်းသမူဟ ပညတ်ရိပ်မှာ တံဆိပ် ခတ်ထားတဲ့ နာမပညတ် သညာ အတိတ်သဘောနဲ့ သဏ္ဌာနပညတ် သညာ အ,ဂတ် သဘောတို့ဟာ မျက်ကွက် သဘောတွေ ဖြစ်ခြင်း

ကြောင့် မောင်းထုတ်လိုက်ပါ၊ ဒီတော့ သဏ္ဌာနပညတ်ကျတော့ အနာဂတ် သဘောပါ၊ ဒါဟာ နောင်လာ နောက်သားတွေ အဘွဲ့ဂုက် ချရတာပါလို့ ဆိုတဲ့သဘောနဲ့ အနာဂတ် သဘောကို အမှန်မြင်လာပြီ။

ဒီတော့ ရုပ်တရားဟာ ဘယ်မှာဘဲ နေနေ, မြူမှာဘဲနေနေ, သဘာဝမှာဘဲနေနေ, နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ် ၂-ပါး ကို တဘက်ယ်မြင်ပြီး၊ တဘက်ခွါနိုင်လာရင် အဲဒါရုပ်သဘောဟာ ပစ္စုပ္ပန်ဆတ်ဆတ်မှာဘဲရှိတော့တယ်၊ဒီပစ္စုပ္ပန်ဆတ်ဆတ်လေးကို ပရမတ်ရုပ်လို့ ပြောကာပါ၊ ဒါဟာ အာရုံသဘောပါ၊ ဒီသဘာဝကို တွေ့အောင်လို့ ပိဋ္ဌကတ်တော်က "ယာဝတာဝ သရသ လက္ခဏာ ပဋိဝေဓဝသေန နာပရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ" လို့ ဟောလာတာပါ။ ဒါက အာရုံသဘောပါ၊ နောက် နာမ်သဘောဆိုတာက ပစ္စုပ္ပန်ဆတ်ဆတ် ရုပ်သဘောလေးကို ဆုံတာက နာမ်သဘောပါ၊ ဒါက အာရမ္မဏိကသဘောပါ၊ ဒီလိုမြင်သွားရင်ဘဲ အစုံ ၄-ချက်ဟာ မစုံနိုင်တော့ဘဲ အတ္တဒိဋ္ဌိ ၂၀-ဟာ ဒီနေရာမှာ ပြုတ်ပါတော့တယ်၊ ကိုင်း ဒီပုံစံကို ဒီမျှနဲ့ဘဲ ဥက္ကောင်းချလိုက်ပါပြီ၊

ကိုင်း...သာဓုခေါ်ကြပါတော့။

သာဓု-သာဓု-သာဓု။

ဝါခေါင်လဆန်း ၁-ရက်နေ့ ဟောစဉ်

ပုံစံနံပါတ်(၇)

ပုံစံထဲမှာရှိတဲ့ဟာတွေက ပရိယတ်ပါ၊ ဒီဟာကို ဆက်စပ်ပြီး ဟောနိုင်လာရင် အဲဒါ ပဋ္ဌိပတ်ဖြစ်လာပါတယ်၊ ပုံစံကိုသဘော ပေါက်မှုဟောလို့ရပါတယ်၊နာမရူပပရိစ္ဆေဒဉာဏ်ကို ဥက္ခောင်း ကျပြီးတဲ့နောက် ရှေ့ကိုအဆင့်ဆင့်တက်ပြလိမ့်အုံးမယ်၊ဝိပဿနာ ဉာဏ်စဉ်တရားဆုံးရင် မဂ်ဖိုလ်ကို တွေ့ရတော့မယ်၊ မဂ်တရား, ဖိုလ်တရားကိုတွေ့မှ ဘုရားရှင်က အကျိုးတရားတွေကို ထုတ်လာ တော့တယ်။

> "အယံမဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောက-
> ပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ
> အတ္ထင်္ဂမာ‌ယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ
> သစ္ဆိကရိယာယ" လို့ မဟာသတိပဋ္ဌာန် ပါဠိ
> တော်မှာ ထုတ်ပြလေ့ပါတယ်။

အယံမဂ္ဂေါ၊ ဤမဟာသတိပဋ္ဌာန်တရားတည်းဟူသော ခရီး သည်။ သတ္တာနံ၊ သတ္တဝါတို့အား။ ဝိသုဒ္ဓိယာ၊ ကိလေသာမှ စင် ကြယ်စေခြင်းငှာ... ဒီအကျိုးက မဂ်ကို မရသေးတဲ့ ပုဂ္ဂိုလ်တွေ အတွက်ပါ၊ နောက်...သောကပရိဒေဝါနံ၊ စိုးရိမ်ပူဆွေးငိုကြွေး ငိုတမ်းခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်စေခြင်းငှာ... ဒါကသောတာပန် ပုဂ္ဂိုလ်တွေအတွက်ပါ၊ သောတာပန် ဖြစ်နေ သော်လဲ ဒီစိုးရိမ်ခြင်း ငိုကြွေးခြင်းတို့ဟာ ရှိနေတာဘဲ၊ ဒါ

ပုံစံနံပါတ် (၃)


ဘဘာဝနယ်လောက
ဟမ္မတ္ထသစ္စာနယ်
အတ္ထသိ
ပဋိပဒေကနှင့်ဥသမစီးခါတ်
သဏ္ဌာသိ လောက
ဥက္ကိဏ္ဏားဝဲ့ဝါယမခြင်း
ပဓာနပဓာန
ကြောင်း
ကျိုး
ပထဝီ
၁၄၄
ဒုတိယဝဂ
ပဏ္ဍိတ-ဗျတ-ဟူပဒ္ဒေသ
ပဋိပဒေကနှင့်ဥသမစီးခါတ်
ဥဒ္ဒေသ
ပဏ္ဍိတ-ဗျတ-ဟူပဒ္ဒေသ
ပဋိပဒေ
ဘဝ
ပဏ္ဍိတ-ဗျတ-ဟူပဒ္ဒေသ
ပဋိပဒေ

ကြောင့် ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူတော့မယ်ဆိုရင်ဘဲ ညီတော် အာနန္ဒာဟာ ငိုကြေးလာတယ်၊ ညီတော်အာနန္ဒာဟာ သောဟာ ပန်ဘဲ မဟုတ်လား။

ဒီလိုငိုကြေးနေတာကို ဘုရားရှင်သိလို့ "ချစ်သား အာနန္ဒာ ဘာ့ကြောင့် ငိုကြေးရသလဲ၊ ငါမင်းကို အကြိမ်ကြိမ်ဟောကြား လာခဲ့ပြီဘဲ မဟုတ်လား၊ ကံ ကိုးလသာကြောင့် ရနေတဲ့ ခန္ဓာ ကောင်ကြီးဟာ ဖြစ်သဘောရှိလာရင် တနေ့ပျက်သဘောရှိမယ် လို့ ငါဟောခဲ့တယ် မဟုတ်လား" ဒီလို အမိန့်ရှိ လာပါတယ်၊ အဲဒီလိုသောတာပန် ဖြစ်သော်လဲ သောကပရိဒေဝတွေ ရှိနေလို့ ပါ၊ ဒီမဟာသတိပဋ္ဌာန် တရားတော်ကြီးကို ပွားများလာရင် ဒီ ဟာတွေက လွန်မြောက်လာမယ်လို့ ဟောလာပါတယ်။

နောက် ဒုက္ခ ဒေါမနဿာနံ၊ ဆင်းရဲခြင်း စိတ်နှလုံး မသာ ယာခြင်းတို့ကို။ အတ္ထင်္ဂမာယ ချုပ်ပျောက်စေခြင်းငှာ ဒါက သကဒါဂါမ်ပုဂ္ဂိုလ်တွေအတွက်ပါ နောက်အနာဂါမ်ပုဂ္ဂိုလ်များ အတွက်ကျတော့ ဉာယဿ၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို။ အဓိဂမာယ၊ ရခြင်းငှာ.. လို့ ပြလာပါတယ်။ နောက်ရဟန္တာ ပုဂ္ဂိုလ်တွေကျတော့မှ–နိဗ္ဗာနဿ၊ မျက်မှောက်ပဋိပွန်နိဗ္ဗာန်ကို။ သစ္ဆိကရိယာယ၊ မျက်မှောက်အာရုံ ပြုခြင်းငှာ။ ကောယနော၊ တကြောင်းတည်းသာဖြစ်သော ခရီးတည်း....လို့ အကျိုးတရား ၇-ပါးကို ပြလာပါတယ်။

ကိုင်း-ဒီမဟာသတိပဋ္ဌာန်တရားဘော်ကြီးကို တက်နိုင်အောင် လို့ ရုပ်နာမ်ကို အခြေခံထားပြီးရှာရမယ်၊ မနေ့က ဓမ္မာစရိယ လေးဟောပြောသွားတဲ့တရားကို ဆက်ပြအုံးမယ်၊ လဘက်ရေ

ပုဂ္ဂိုလ်မှာ မာတယ်လို့ စာတွေက ပြောနေတာတွေ့ဟာ အနှစ်တွေ အတွက်ပါ၊ ဒါက ကမ္ဘာတရားထဲမှာဘဲ ရှိနေသေးတယ်၊ ဒီတော့ လဘက်ရေပုဂ္ဂိုလ်မှာ မာတယ်လို့ ပြောတာဟာ ဘယ်သူကပြော တာလဲ၊ လဘက်ရေပုဂ္ဂိုလ်မှာ ဖေါ်ဌဗွေပထဝီရှိတယ်၊လက်ညှိုးမှာက ကာယပသာဒ ပထင်ရှိတယ်၊ ဒီတော့ လက်ညှိုးမှာရှိတဲ့ ကာယ ပသာဒနဲ့ လဘက်ရေပုဂ္ဂိုလ်မှာရှိတဲ့ ဖေါ်ဌဗွေနဲ့ တိုက်လိုက်တဲ့အခါ မှာ—(၀ါ)စမ်းသပ်လိုက်တဲ့အခါမှာ ဘာပေါ်လာသလဲ၊သညာ အမှတ်လေးပေါ်လာတယ်၊ ဒါကိုသညာပဿဝိလို့ခေါ်တယ်။

ဒီသညာပထဝီလဲ ပေါ်ထွက်လာရော မနောဝိညာဏ်ကြီးက "သိမှု"ဆိုပြီးတော့ ပေါ်လာပြန်တယ်၊ဒါကို ကိုယ်တွေ့အဘိဓမ္မာ လို့ခေါ်တယ်၊ ဒီတော့ မာတယ်လို့ ပြောနေတာဟာ သဘာဝ ၄လေး ၄-ပါး ပေါင်းလိုက်မှ မားတာလေးပေါ်လာတာပါ၊ဒီလို ပေါ်လာတော့မှ ပထဝီဓာတ်လို့ မှတ်တမ်းတင်လာတာပါ၊ ဒီဟာ ကျတော့ ပရိယတ်ထဲရောက်သွားပြီ၊ ယခုပဋ္ဌိပတ်ကို လိုက်လာရင် ကိုယ်တွေ့ အဘိဓမ္မာ ဖြစ်လာအောင် လက်တွေ့ စမ်းသပ်လာရ တယ်။

ဒီတော့ ပဌမဥာတု ပထဝီဖြစ်တဲ့ ဖေါ်ဌဗွေပထဝီကို နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ချေမယ်၊ ဒုတိယအာဟာရပထဝီဖြစ်တဲ့ ကာယ ပသာဒပထဝီကို ပစ္စယ ပရိဂ္ဂဟဉာဏ်နဲ့ ချေမယ်. တတိယ စိတ် ပထဝီဖြစ်တဲ့ ၂ ပါးဆုံလ့ေပါ်လာတဲ့ သညာပထဝီလေးကို သမ္မ သနဉာဏ်နဲ့ချေမယ်၊ စတုတ္ထက် သဘောဖြစ်တဲ့ ဝိညာဏ် ပထဝီ ကြီးကို ဥဒယဗ္ဗယဉာဏ်နဲ့ချေမယ်၊ ဒီ ၄- ခုကို ချေနိုင် လာမှ သုတမယဉာဏ်ဟာ အားကောင်းလာပြီး အာနာပါန ကြီးကို လုပ်ငန်းစဉ်ပေးလိုက်တာနဲ့ တခါထဲ တက်သွားတော့မယ်။ယခု

ဒီ ၄ ခုကို ချေလိုက်တာနဲ့ မဟာသတိပဋ္ဌာန် ရုပ် နာမ် ပိုင်းကို ဉာဏ်ခွဲခြားခဲ့ရမယ်၊ ယခုခေါ်မဲ့ အာဟာရသဘော ကာယာနုပဿနာ ဝေဒနာ ပဏ္ဍိတ်ပေါ်ကို ချေလို့ရလာရင်ဘဲ ယုံမှာ ခြင်း ၈ ပါးကင်းသွားပါတယ်။

ယုံမှားခြင်း ၈ ပါးဆိုတာဟာ ဘုရားဌာယုံမှားခြင်း, တရားဌာ ယုံမှားခြင်း, သံဃာဌာယုံမှားခြင်း, အကျင့်သိက္ခာဌာ ယုံမှားခြင်း, သံသရာရဲ့ရှေ့အစွန်းဌာ ယုံမှားခြင်း,သံသရာရဲ့ နောက်အစွန်းဌာ ယုံမှားခြင်း, သံသရာ ရဲ့ရှေ့နောက် ၂-ပါးအစွန်းဌာ ယုံမှားခြင်း သစ္စာ ၄ ပါး တရားဌာယုံမှားခြင်းတွေပါ၊ ဒီယုံမှားခြင်း ၈ ပါးကို ဖြုတ်နိုင်ရင် ဘုရားစစ်,တရားစစ်,သံဃာစစ်ကို တွေ့ပြီးတော့ သုတသရဏာဂုံမှ နေပြီးဒိဋ္ဌသရဏာဂုံကိုရပါပြီ (၀၊)တည်လာပါပြီ၊သုတသရဏာဂုံဟာထိုပုဂ္ဂိုလ်မှာ ဘယ်အထိသာ တည်မဲ့သလဲဆိုရင် နောက်ဆုံးမှာတဘဝ၀သာ့မြဲပါတယ်။

သုတသရဏာဂုံဟာ ပျက်ခြင်း ၂-ပါးရှိတယ်၊

၁–သူတပါးအခြားသောဘာသာကိုယူရုံလဲ ပျက်ပါတယ်။

၂–သေတဲ့အခါမှာလဲ ပျက်ပါတယ်။

ဒီ ၂ ချက်ရှိတယ်၊ ယခု ဒိဋ္ဌိသရဏာဂုံ ကျတော့ သေသွားတဲ့အခါမှာလဲ မပျက်တော့ပါ၊ အစဉ်အဆက် နိဗ္ဗာနခေါတ်ကို မရမခြင်း တည်နေပါတယ်၊ အခုဒီနေရာမှာ အင်မတန်မှ သိမ်မွေ့လှပါဘယ်၊ ဒီနေရာမှာ "ဂျလက်"လေးဘဲ၊အခုင်ကတော့ ဒီနေရာကျရင်လျှော့လျှော့ပြီးဘော့ဟောလာပါတယ်၊ယခုနှစ်ဒီနေရာမှာ မထောက်မညှာဘဲနဲ့ မိုဃ်းကြိုးစက်ကြီးများကျသလို ဟောချရတော့မယ်၊ ဒါမှ ဒိဋ္ဌသရဏာဂုံ ကိုရမယ်။

ဒီတော့ ကာယပဿဒ္ဓိပထဝီဖြစ်တဲ့ အာဟာရသဘောလေး ကြေသွားတာနဲ့ တခါထဲကလျှာက မျက်စေ့ပေါက်ပြီ၊ ဒီတော့မှ "အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆामိ၊ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံဂစ္ဆာမိ၊ အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ" ဆိုတဲ့ ဒီဌသရဏာဂုံကိုတည်သွားမယ်၊ ဒီတော့ ယခု ဥတုသဘောအဆင်းမှာရှိတဲ့ ပထဝီသာကြေသွားသေးတယ်၊ အာဟာရသဘော ကာယပဿဒ္ဓိမှာရှိတဲ့ပထဝီဟာကျန်နေသေးတယ်၊ ဒါကိုချေရတော့မယ်၊ နောက် စိတ်ကံသဘော ပထဝီတွေကို ချေလိုက်တော့မှ ဒီရူပ်နာမ်ပိုင်း ဥက္ခောင်းကျပြီး ဝါခေါင် လပြည့်ကျော်မှ အာနာပါနကြီးကို ဟောရတော့မယ်။

ဒါကို ရှေ့ကဟောခဲ့တဲ့ တရား လေးတွေရဲ့ တရားဥက္ခောင်း ချတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ရဲ့ အစဲ့ ၄ - ချက် ကျွတ်သွားတဲ့သဘောကို ဝိမုတ္တိမမ္မလို့ ခေါ်တာပါ၊ နာမရူပပရိစ္ဆေဒဉာဏ်ကို အပိုင်မျှိုနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ပညတ် ၄-ပါး၊ အကြောင်းတရား ၄–ပါး၊ မီးခဲတ် ၄-ပါးတို့က ဖြစ်လာတဲ့ ရူပ်မမ္မနာမ်မမ္မတွေကို သိမ်းဆည်းနိုင်ပါပြီ၊ သိမ်းဆည်းနိုင်ရင် သိမ်းဆည်းပြီးပြီ (ဝါ)ရူပ်နာမ်ကို ရှာပြီးပါ၊ ဒီလိုကို လက်တွေ့ချလာရမယ်၊ ဒါမှတရားဥက္ခောင်း ချလို့ရပါတယ်၊ ယခုဒီနေရာမှာ သွားတာက ရူပ်, သိတာကနာမ် ပူတာက ရူပ်, သိတာကနာမ်–ဆိုတဲ့ ပရိယတ်ထဲမှာရှိနေတဲ့ ရူပ်နာမ်တွေကို အလိုမရှိပါ၊ အကုန်လုံးမောင်းထုတ်လိုက်ပါ။

ယခု ဒီနေရာမှာ ပညတ် ၄ ပါး၊ အကြောင်းတရား ၄ ပါး၊ မီးခဲတ် ၄-ပါးတွေကို ချေပြီးတော့ ထွက်လာတဲ့ ရူပ်နာမ်တွေဟာ ဘုယ်ဟာလဲ၊ တရားဥက္ခောင်းချရတော့မယ်၊ ကိုင်း-ပြော

စမ်းပါ၊ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ရှာလိုက်တဲ့အခါမှာ ထွက်လာတဲ့ရုပ်နာမ်ကိုပြောပါ၊ ၁၅-ရက်တောင်ဟောလာပြီ၊ ယခုတရား ဉကျွောင်းချတော့မယ်၊ ပုံစံကိုကြည့်ပါ၊ အဝင်သဘော ဆိုတာ ပညတ်နယ်လောကပါ၊ အဲဒါ မြင်လိုက်တဲ့ အခါမှာ နာမနဲ့ သဏ္ဌာန် ပညတ်တွေကိုသာ သွားဆဲလာတယ်၊ ဒါကအဝင် သဘောပါ။

အထွက်သဘောကျတော့ နာမနဲ့ သဏ္ဌာန်ပညတ်တွေ မပါတော့ပါ၊ အထွက်သဘောဆိုတာက သဘာဝလောကပါ၊ ဝါ ပညာနယ်လောကပါ၊ သမ္မုတိပညတ်နဲ့ သန္တတိ ပညတ်တွေပါ လာပါတယ် အဝင်သဘောမှာက နာမနဲ့ သဏ္ဌာန်ပညတ် ၂ ပါးကို သညာဝိညာဏ်ကဆဲလိုက်တော့ အဝင်သဘောဖြစ်လာတာကို ဌာန် ၄ ချက်နဲ့ ခွဲလိုက်ဘဲ့ အခါမှာ ဘယ် ရုပ်နာမ်တွေ ထွက်လာသလဲ ဒီတော့ အဝင်သဘောဟာ နာမနဲ့ သဏ္ဌာန်ကို သညာဝိညာဏ်ကဆဲလိုက်တဲ့အခါမှာ မျက်စေ့,နှားအစရှိတဲ့ဌာနတွေက အသိတရားလေးတွေ ထွက်လာတယ်၊ အဲဒါကိုချေလိုက်တော့ ဘယ်ရုပ်နာမ်တွေထွက်လာသလဲ။

ဒီတော့ " ပထဝီခေါတု ကကၠဋတ္တဲလက္ခဏာ၊ ပထဝီခေါတု ပတိဋ္ဌိတရသာ၊ ပထဝီခေါတု သမ္ပဋိစ္ဆနပစ္စုပဋ္ဌာနာ၊ ပထဝီခေါတု အာသန္နကာရဏံ ပဒဋ္ဌာနံ " ဆိုပြီးပြလာပါတယ်၊ ယခုရှေ့ ၂-ခုကို ပြောပြမယ်၊ ပထဝီခေါတ်ဟာ မာတယ်ဆိုတဲ့လက္ခဏာ နာမပညတ်၊ နောက်ပထဝီခေါတ်ဟာ တည်ခြင်းသဘော သဏ္ဌာနပညတ်လို့ဆိုတဲ့ ဒီ ၂ ခုကို နာမရူပပရိစ္ဆေဒ ရုပ်နာမ်ကလဲ သိမ်းလိုက်ရော ဘာရုပ်နာမ်တွက်လာသလဲ၊ ထပ်ပြီးစဉ်းစားပါ ကိုယ်တွေ အဘိဓမ္မာ အနေနဲ့ပြောပြမယ်၊ လက်နဲ့စမ်းသပ်လိုက်တဲ့

အခါမှာ မာတယ်ဆိုတဲ့အနေနဲ့ မှတ်တမ်းတင်လာတာကို နာမ ပညတ်လို့ ခေါ်တယ်၊ ဒါဟာ နောင်လူတွေ ခေါ်ဝေါ် နိုင်အောင်လို့ မှတ်တမ်းတင်လာတာပါ။

နောက်တခါ ဒီပထဝီဓာတ်ရဲ့ အားထုတ်ပြုလုပ်နိုင်တဲ့ ကိစ္စလေးဟာ ဘယ်အနေနဲ့ ရှိသလဲ၊ သူရဲ့ ဆောင်ရွက် နိုင်တာသည် သူရဲ့ဗျာပါရလေးဘဲ၊ ဒီဗျာပါရလေးဟာ သူရဲ့ ကိစ္စလေးဘဲ၊ ဒါကို ရသလို့ခေါ်တယ်၊ ဒါကိုနားလည်လာရမယ်၊ ဒါမှရှေ့ကိုတက်လို့ရမယ် ဒီတော့ပထဝီဓာတ်ရဲ့ ကိစ္စလေးဟာ· ပတ်ဋ္ဌိတ ရသာတည်ခြင်းကိစ္စရှိတယ်၊ ဒါဖြင့်ဘယ်လိုတည်သလဲ၊တေဇော ဝါယော, အာပေါဓာတ် ၃ ပါးတို့က ပထဝီဓာတ်လေးဟာ သခ်ၤတလောကကြီးမှာ ပေါ်ချင်လာတော့မှ ကျန်ဓာတ် ၃ပါးတို့က ပထဝီဓာတ်ရဲ့တည်ခြင်းကိစ္စလေးကို ယူလာရတယ်။

ပထဝီဓာတ်ရဲ့ပတိဋ္ဌိတကိုရလာမှ(ဝါ)တည်ခြင်းကိစ္စလေးကို ရလာမှ တေဇော,ဝါယော,အာပေါ ဆိုပြီးတော့ သခ်ၤတ လောကကြီးမှာ ပေါ်လာရတယ်လို့ ပြလိုပါတယ် ပထဝီဓါတ်ရဲ့ ပတ်ဋ္ဌိတကို ရလာမှ တေဇော, ဝါယော, အာပေါ လို့ ဆိုပြီး သခ်ၤတလောကကြီးမှာ ပေါ်လာတာပါ၊ ဒီပထဝီဓာတ် ပတ်ဋ္ဌိတ ရသကို သဏ္ဌာန ပညတ်လို့ ပြောတာပါ၊ ဒါက ကိုယ်တွေ့အဘုံဓမ္မာအနေနဲ့ပြောတာပါ၊ ဒါကို နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ခွဲလိုက်လို့ ထွက်လာတဲ့ရူပ်နာမ်ဟာ ဘယ်ရူပ်နာမ်လဲ၊ ဒီတော့ သန္ဓေပွနဲ့ ဒဟာမီးဓါတ်ကိုမြင်ရင် ဒီရူပ်နာမ်ကိုမြင်ပါပြီ။(တနည်း) ဥတုနဲ့ အာဟာရပြဋ္ဌာန်းပြီး ထွက်လာတဲ့သဘောကို မြင်လာမှ ဒီ ရူပ်နာမ်ကိုတွေ့မယ်။

ဒီတော့ရင် နာမရူပ ပရိစ္ဆေဒဉာဏ်က အဘိမ္မော ၆-ကျမ်းကို သိမ်းပါတယ်၊ ကျန်တဲ့ပဋ္ဌာန်းကျမ်းကြီးမှ ပစ္စယပရိဂ္ဂဟဉာဏ်က သိမ်းပါတယ်၊ အဲဒီကနေပြီး ရှေ့ကိုတက်လာတော့မှ ဝိပဿနာ လို့ ဆိုပြီး တက်လာတာပါ၊ ဒါ့ကြောင့် ယခု နာမရူပ ပရိစ္ဆေဒ ဉာဏ်မှာ ကိုယ်တွေ့အဘိခမ္မာပါ၊ ကိုင်း " ပထဝီဓါတုကကွဲဌတ္တ လက္ခဏာ " ဆိုတာကို ချေလိုက်တဲ့အခါမှာ ဘယ်ရူပ်နာမ် ထွက်သလဲ။

နောက်....ပထဝီဓါတု ပတိဋ္ဌိတရသ-ကိုချေလိုက်ရော၊သဘာဝ တွေ ရူပ်နာမ်အနေနဲ့ ဘယ်ရူပ်နာမ်ထွက်သလဲလို့ ဆိုတာတွေကို တွေ့ချင်ရင် ပုံစံရဲ့အပေါ် စက်ဝိုင်းမှာပါတဲ့ သန္ဓာပွနဲ့ ဒဟ မီးခါတ်တို့နဲ့ ဥတုအာဟာရ တို့ရဲ့ ဆက်ဆံတာကို တွေ့ရင်ဘဲ အဲဒါ ကိုယ်တွေ့အဘိခမ္မာကိုတွေ့ပါပြီ၊(၀ါ)ရူပ်နာမ်ကိုတွေ့ပါပြီ၊ ဒီတော့ ကကွဲဌတ္တလက္ခဏာ ရူပ်ဆိုတာ ဘယ်ဟာလဲ၊ နောက် ပတိဋ္ဌိတရသာ နာမ်လေးကို နာမရူပပရိစ္ဆေဒဉာဏ်နဲ့ သိမ်းလိုက် တဲ့အခါမှာ ဘယ်ရူပ်နာမ် သဘောလေး ထွက်လာသလဲ၊ ပုံစံကို စိတ်ဝင်စားပြီးတော့ကြည့်ပါ၊ စိတ်ဝင်စားလာရင်ဘဲ ဟောနိုင် ပြောနိုင်လာမယ်၊ ဒါ့ကြောင့်ပုံစံပေါ်မှာသာ လေ့လာဆည်းပူး ယူပါ၊

ကိုင်း ဘယ်လိုထွက်မလဲ၊ထွက်ပြစမ်းပါ၊ အခုလက်မဲကြောင်း ချလို့တော့ မရတော့ပါ၊ အသေးစိတ်လာပြီ၊ ဒီက ထွက်လာတဲ့ ရူပ်နာမ်ကို တွေ့လာရင်ဘဲ " ယာထာဝ သရသလက္ခဏ ပဋ္ဌိဝေ ဝသေန ပဝတ္တံ ဉာဏံ နာမရူပပရိစ္ဆေဒဉာဏံနာမ " လို့ ပြလာ တဲ့ အတိုင်း မဖေါက်မပြန်ဟုတ်မှန်တဲ့အတိုင်း အမှန်ကို မြင်တာ ပါ၊ မဖေါ့ကျ်မပြန် ဆိုတာက ပညတ်မပါမှ မဖေါက်မပြန်ပါ၊

ပညတ်ပါနေ့သေးရင် ဖေါက်ပြန်လာမယ်၊ ရသဆိုတာက ဟုတ်မှန်တဲ့အတိုင်း မိမိရဲ့သဘောကိုပြတာပါ၊ ဒါက ပညာရဲ့ သဘောပါ၊ သညာဝိညာဏ် ပါနေရင် မဟုတ်မှန်တော့ပါ၊ ဒါ့ကြောင့် "ယာထာဝ သရသလက္ခဏပဋိဝေဓဝေသန" ဆိုပြီး ပြလာပါတယ်။

ဒီတော့ ဒီသဘာဝလေးမှာ တရားလိုက်တဲ့ သူတွေဟာ အရေးကြီးပါတယ်၊ ရုပ်နာမ်ကို ဟောနိုင်တဲ့ သူတော်ကောင်းကို ဆည်းကပ်လာရင်ဘဲ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ကိုပိုင်ပါတယ်၊ ဘာမှလုပ်ငန်းစဉ်အနေနဲ့ မလုပ်ရသေးပါ၊ ဒီတော့ သောတာပန် အဂ်ါ ၄-ပါးမှာ သူတော်ကောင်းကို ဆည်းကပ်ရမယ်, သူတော်ကောင်းတရားကို နာကြားရမယ် ဆိုတာကို ရပါတယ်၊ နောက် သူတော်ကောင်းတွေ ဟောကြားတဲ့ တရားတွေကို နှလုံးသွင်းဆင်ခြင်ရမယ် ဆိုတာက သမ္မသနဉာဏ်နဲ့ ဥဒယဗ္ဗယဉာဏ်ကိုရရင် ပိုင်ပါတယ်၊ မဂ်ဖိုလ်နှင့် လျော်သော တရားသို့လဲ ဆိုက်ရမယ်၊ (၀ါ)မဂ်ဖိုလ်နှင့် လျော်စွာ ကျင့်ရမယ် ဆိုတာက အနုပဿနာ ၇-ဉာဏ်ကျမှ ရပါတယ်။

ဒါ့ကြောင့် ဒီနေရာမှာ အရေးကြီးပါတယ်၊ ဒီနေရာမှာ မြင်သွားရင် ဒိဋ္ဌသရဏကို မြဲသွားပြီ၊ (၀ါ) တည်သွားပြီ၊ ဒီတော့ ဘုရားရှင်က အရှင် ကောဏ္ဍည ကြီးကို "-ဒိဋ္ဌဓမ္မော ပတ္တော ဓမ္မော ဝိဒိတဓမ္မော ပရိယောဂဠှဓမ္မော" ဒါက အကြောင်းဂုဏ် ၄ ပါး၊ နောက် အကျိုးဂုဏ် ကျတော့ "တိဏ္ဏောဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပတ္တော အပရပစ္စယော" ဒါက အကျိုးဂုဏ်ပါ၊ ဒီလိုလုပ်လာတော့မှ ယုံမှားခြင်း ၈-ပါး ကင်းသွားပြီ၊ တိဏ္ဏဝိစိကိစ္ဆော ဆိုတာက ရုပ်ပေါ်မှာ ယုံမှားခြင်း

ကင်းသွားပြီ၊ ဝိဂဘကထံကထော-ဆိုတာက နာမ်ပေါ်မှာရှိတဲ့ ယုံမှားခြင်းကင်းသွားပြီ၊ဝေသာရဇ္ဇပတ္တော-ဆိုတာက သာသနာတော်မှာ ရှိတဲ့ မဂ်ဖိုလ်နှင့်ယှဉ်တဲ့ အသိဉာဏ်ဘေုရဲ့အပေါ်မှာ ရဲရင့်လာတယ်၊ အပရပစ္စယော-ဆိုတာက သူတပါးဘို့ပြောဆိုဘဲ့ စကားကို မယုံကြည်တော့ပါ။

ကိုင်း....ဘယ်လောက်နက်သလဲ၊ ဒါက ဒိဋ္ဌသရဏဂုံ မြဲသွားပြီ၊ ဒီတရားတွေကို တွေ့ပြီးမှ ကိုးကွယ် လာတတ်တယ်၊ ဒီတော့ သောတာပန် ဖြစ်ဘို့ရာ နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ် ဒီဉာဏ် ၄-ဉာဏ်ပေါ်မှာ မူတည်ပါတယ်၊ သို့သော်လဲ တက်စဉ်အနေနဲ့ ရှေ့အနုပဿနာဉာဏ်တွေကို တက်ပြီး ပြသွားရပါတယ်၊ ဒါပေမဲ့ ဒီဉာဏ်တွေ ကိုသာ နှိုက်သွားရတာပါ။

ကိုင်း လက္ခဏနဲ့ ရသကို သိမ်းလိုက်တဲ့အခါမှာ သင်္ခတလောကဖြစ်တဲ့ သညာဝိညာဏ်နယ်ကြီးမှာ မဝင်နိုင်တော့ဘဲ ရူပ်နာမ်ဟာ ဘယ်အနေနဲ့ ထွက်လာသလဲဆိုတော့ အဲဒါ လက္ခဏက ဒဟမီးခတ်၊ ရသကသန္တပ္ပနမီးခတ်-အနေနဲ့ တောက်လာတယ်၊ ဒီတော့ ဒဟမီးခတ်ကြီးတောက်လိုက်တာနဲ့အဖြစ်သဘောကြီး မရှိတော့ဘဲ အပျက်သဘောတွေဟာ ပေါ်လာပြီ၊ ဒီတော့ ရူပ်သဘောမှာ ပထဝီမာမှု နာမ်ပညတ် ရူပ်သဘောမှာ ပစ္စုပ္ပန္နဝန်ရှေးရှထင်တဲ့ သဘောလေး ထွက်လာတယ်၊ သူ့သဘာဝဟာ နောက်ဆုံး ပျက်တဲ့သဘောမှာ ဥက္ကောင်းချုရတော့မယ်၊ (ဝါ) ပစ္စုပ္ပန္နဝန် ရှေးရှပြီးတော့ ပေါ်နေတဲ့ သဘောလေးအနေနဲ့ ရူပ်သဘောလေးကို (ဝါ)မာမှုပြောမှုတွေကိုသိမ်းရမယ်၊ ဒီလိုကို သင်္ခတလောကကြီးမှာ ရှိနိုင်လာရမယ်။

ဒီတော့ သညာဝိညာဏ်နယ်သွားတွေကသာ လာဘ်ခရပုဂ္ဂိုလ်ဆိုပြီးတော့ ဆွဲသွားတာပါ၊ ကလျာဏပုဂ္ဂိုလ်တွေကျတော့ လက္ခဏာသဘောဖြစ်တဲ့ နာမပညတ်လေးဟာ အဲဒါ ပစ္စုပ္ပန်ရှေးရှုပေါ်နေတဲ့ သဘောလေးပါလား၊ ဆိုပြီး ဒီရုပ်သဘောလေးမှာကို သိမ်းနိုင်လာပြီ၊ ဒီတော့မှ နာမန့် သဏ္ဌာနပညတ်တွေဟာ သညာဝိညာဏ်က ဖန်ဆင်းထားတာပါလားလို့ ဆိုတာကို သခ်ၸာလောကကြီးမှာကို မြင်လာတော့မယ်။

ခေမာမိဖုယားကြီး မင်္ဂ ၄ ဆင့်ပေါက်တာဟာ ဒီနေရာကနေပြလိုက်တာနဲ့ တချက်ထဲပေါက်သွားတာပါ၊ ဒီတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ်တို့ကို ဘယ်တရားနဲ့ဘဲ ခေါ်ခေါ်ပစ္စုပ္ပန်ရှေးရှုပေါ်သဘောလေးအနေနဲ့သာကျန်တယ်၊ နောက်တခါ ဒီဆက်ပုံစံမှာမှ ပစ္စုပ္ပန္နခံလင့်သက့ဲသို့သော အခြင်းအရာ၊ ဒီတော့ ခံလင့်သက့ဲသို့သောဆိုဘာ အနုတ္တကိုပြတာပါ၊ အဲဒါ သူများရဲ့ ဗျာပါရလေး အနေနဲ့သာ ပေါ်တာ ဖြစ်ခြင်းကြောင့် အနှစ်အသားမရှိတဲ့သဘောပါ၊ (၀ါ)သူများကိုအားကိုးနေရတဲ့သဘောပါ၊ (၀ါ)မျှော်လင့်နေရတဲ့သဘောပါ၊ (၀ါ)ခံလင့်နေရတဲ့သဘောပါ (၀ါ)စောင့်ရှောက်နေရတဲ့ သဘောလေး အနေနဲ့သာရှိပါတယ်၊ ဒါကိုအနုတ္တလို့ခေါ်တယ်။

ဒီထဲကို ခုနကပြောခဲ့တဲ့ ရုပ်သဘောလေးသဲ့ လာထည့်လိုက်ရော ဒဟမီးခတ်မှာ ဥသမမီးခတ်လေးပါလာတယ်၊ ဒီတော့မှ ပစ္စုပ္ပန်ဆတ်ဆတ် ရှေးရှုထင်တဲ့ သဘောဆိုပြီး ထိုပုဂ္ဂိုလ်ဟာ သိမ်းဆည်းနိုင်လာတတ်၊ ဒီတော့ထင်တဲ့ သဘောဆိုတာ ယထာဘူတ ဟုတ်မှန်တဲ့သဘောကို ဟုတ်မှန်တဲ့ အတိုင်းသိတာကို ခေါ်တယ်၊ ဒါကို ပညာနယ်လောကလို့ခေါ်တယ်၊ ဒါကို ဝိပဿနာယောဂီသွားတော့ရဲ့ ဉာဏ်မှာရှေးရှုထင်တဲ့သဘောပါ။

ဒီ ပရမတ် ရုပ်သဘောကို မြင်လာရင်ဘဲ ဥတုဇရုပ်ဟာ ပျက်တာကိုတွေ့လာတော့မယ်၊ ဒီတော့မှ သူ့မှာပိုပြီး အားထုတ်လာတော့မယ်၊ အဲဒါ ဒုက္ခတရားကို မြင်လာပြီ၊ အနတ္တကို မြင်ရင် ဒုက္ခကိုထင်ပါတယ်၊ ဒုက္ခကိုမြင်ရင် အနတ္တဟာထင်ပါတယ်၊ ဒီတော့မှ မင်ဖိုလ်ကို ဝင်နိုင်ပါတယ်၊ အဲဒါဟာ ပရမတ်အစစ်ရုပ်ကို တွေ့လာပြီ၊ နောက်နာမ်ဆိုတဲ့ တရားကျတော့ရော ပြောပြအုံးမယ်။

မှတ်ချက်။ ။နာမရူပပရိစ္ဆေဒဉာဏ်မှာ ရုပ်တရားကိုအဦးပြုပြီး ချေတာဖြစ်ခြင်းကြောင့် ရုပ်ကနေထွက်လာထဲ့ နာမ်တရားသဘောလေးကိုသာယူပါ။

ကိုင်း_သဏ္ဌာနပညတ်,ရသသဘောလေးကိုလဲ ချေလိုက်ရော ဘာထွက်လာသလဲ၊ ဒီတော့ တည်ပေးတဲ့သဘောဟာ တေဇော ဝါယော, အာပေါ ခေါတ် ၃-ပါး ညီညွတ်တာကို တည်ပေးတဲ့ သဘောလို့ ခေါ်တယ်၊ ဒါက ပညာနယ်ပါ၊ ပထဝီခေါတ်ဟာ ခေါတ် ၃-ပါးတို့ရဲ့ တည်ပေးတဲ့သဘောရှိလို့ ပေါ်တာဖြစ်ခြင်းကြောင့် သူ့မှာလဲ အနတ္တပါ၊ ဒီတော့သူ့မှာ သန္ဓပွနမီးခေါတ် တောက်လာပြီ၊ ဒီနေရာမှာ နာမ်တရားလေး ပေါ်လာတာဟာ သန္ဓပွနမီးခေါတ်လေးတောက်တာလောက်သာ ယူနိုင်ပါတယ်၊ဒီမီးခေါတ်ဟာ သခ်ံတနယ်မှာလဲ တောက်လာရော ပရမတ္ထနယ်မှာလဲ ဝင်လာတော့ အဲဒါ ပဒဋ္ဌာန် နီးစွာသော အကြောင်းရှိတယ်၊ နီးစွာသော အကြောင်းဆိုတာ ဘာကိုယူမလဲ။

ဥပမာ ခေါတ်၄-ပါးမှာ ခေါတ်တပါး ပေါ်ချင်ရင် ခေါတ် ၃-ပါးကထောက်ခံပေးရတယ်၊ဒါ့ကြောင့် ခါတ် ၃-ပါးကနီးစွာသော အကြောင်းရှိတယ်၊ ဒါ့ကြောင့် ခေါတ် ၃ ပါးဟာ ခေါတ်

တပါး ပေါ်တဲ့အခါမှာ နီးစွာသောအကြောင်းအနေနဲ့ လိုက်ရတယ်၊ ဒီတော့ ရူပ်သဘောလေးဟာ ပစ္စုပ္ပန်ဆတ်ဆတ် ဉာဏ်အားရှေးရှုထင်ပေးတဲ့ သဘောလေးပါ၊ ဒီသဘာဝကို အနတ္တအနေနဲ့ ဆွဲထားတာကို နာမ်တရားလို့ ခေါ်တယ်၊ ဒါကိုဖြေရင်ခတ် ၃-ပါးတို့ရဲ့ နီးစွာသော အကြောင်းဖြစ်တဲ့ ပဒဋ္ဌာန်ကို ထုတ်ပြီးတော့ ဖြေပါ။

ဒီတော့ ရူပ်နာမ်ကို မဟာသတိပဋ္ဌာန်တရားကြီးထဲ သွင်းရင် အာရုံသဘောကရူပ်, ၃-ပါးက သွားဆွဲတဲ့အာရမ္မဏိက သဘောကနာမ်၊ ဒါကိုယ်တွေ့ အဘိဓမ္မာကနေပြီးတော့ သဘာဝတွေ့ အဘိဓမ္မာထဲကိုသွင်းရင်လဲ အာရုံ,အာရမ္မဏိက ရူပ်နာမ်သာရပါတယ်၊ အာနာပါနကြီးမှာလဲဘဲ ဒီအာရုံ အာရမ္မဏိက ရူပ်နာမ်ဘဲပေါ်တာဘဲ၊ ဒါပေမဲ့ သတိတရားလေးဟာ အရေးကြီးပါတယ်၊ သတိတရားလေးရှိလာမှ အာရုံနဲ့တွေ့တဲ့ အခါမှာ နာမပညတ်နဲ့ သဏ္ဌာနပညတ်တို့ရဲ့ (၀ါ) သညာနဲ့ ဝိညာဏ်တို့ရဲ့ (၀ါ)အတိတ်အနာဂတ်တို့ရဲ့ဆွဲဆောင်မှုနောက်ကိုမလိုက်တော့ဘဲ ဆင်ခြင် နှိုင်လာဘော့မယ်၊ ရူပ် နာမ် အနေနဲ့ ကဟော့မထူးပါ။

ဒါကြောင့် မဟာသတိပဋ္ဌာန်တရားထဲ သွင်းလိုက်ရင် အာရုံသဘောကရူပ်, အာရမ္မဏိက သဘောက နာမ်·ဆိုပြီး သွင်းသွားမယ်၊ ဒါကို ဥဒယဗ္ဗယ ဉာဏ်ကျတော့ ရှုအပ်တဲ့ သဘောနဲ့ ရှုတတ်တဲ့သဘောဆိုပြီးပြောသွားတော့မယ်၊ ဒါကိုလဲ ဒီနေရာကနေပြီး မှတ်ချက်ယူထားပါ၊ နာမရူပပရိစ္ဆေဒဉာဏ်ကို အပြီးတိုင် ဥကျွောင်းချလိုက်ပါပြီ။

ညဟောစဉ်။

"သာသနာတော်သုံးရပ်၊ ပဋ္ဌိပတ်တွင်၊ ခေတ် ၄-ပါး ခေတ် ၈-ပါး၊ စကားပညတ် ခေတ်ချင်တိုင်း ခေတ်ကြတော့၊ပိဋကတ်သုံးပုံ၊ ဒီခေတ်ဘုင်ကြုံခါမှ၊ တုံ့လိုတုံ့ ရုံ့လိုရုံ့၊ ခေါင်းမြီခြုံကြ၊ သဘာဝ ဝိသဘာဝနှင့်မခန့်၊ ဗေဒင်က ဗေဒင်၊ စကြာတရားတော်ကလဲ့ ဓမ္မစကြာ၊ လာ ချင်တိုင်းလာကြတော့၊ ဂဃယ်သုံးခု၊ အုတ်ရှစ်ထု၊ ကြက်ဥတွေ့ထောင်းသည့်နှယ်၊ ခေတ်ပေါင်းတွေ့စုံလျှင်၊ ဝက်ပါ၀ေ၊ ဆံကေတော်ကြွတ်၊ စံကိန်းဝပ်သည့်၊ မေ့ခေတ်တော်အစုံ၊ ကိုးသွယ်ဂုဏ်အတုမရှိ၊ ပြုရသည့် မဟာသတိပဋ္ဌာန် တရားခေတ်ကြီးရဲ့ဂုဏ်ကို၊ မယုံလျှင်ဖမ်းမလား၊ ရှေ့နန်းတော်ကြီးရဲ့ မိတ်ဘက်၊ ကြက်သရေတော်ဝင်းပြောင်၊ တောင်ဝဘူအလုံးကို၊ ၈-သုံးတော်ရပြီမို့၊ပညာရှိအရေး၊ အမေးဘော်ထွက်ခါမှ၊ ဥာဏ်လက်နှက် ဝရဇိန်ပွ၊ ဘဆိန်ထိန်ထွန်းလတံ့၊ ရှေ့မော်ကွန်းရောင်၊ တပြောင်ပြောင်သည်၊ ကမ္ဘာလောင်ဆူ၀ေလို့ မကြာစတမ်း" လို့ တရားပိုင်, ခေတ်ပိုင်တော်မူကြတဲ့ ဆရာတော်ကြီးများ ဆုံးမတော် မူတဲ့အတိုင်း—

ဤမဟာသတိပဋ္ဌာန်ဘုရားတော်ကြီးရဲ့လုပ်ငန်းစဉ်ကို(၁၅)ရက်တိုင်တိုင် လုပ်ငန်းစဉ် အနေနဲ့ ဖော်ပြသခဲ့ပါပြီ၊ ဒီမဟာသတိပဋ္ဌာန်တရားတော်ကြီးကို လုပ်ငန်းစဉ်အနေနဲ့ ဝေဘန်လိုက်ရင် ရူပ်နာမ်ပိုင်း, ခန္ဓာပိုင်း, ပဋ္ဌိစ္စသမုပ္ပါဒ်ပိုင်းဆိုပြီးတော့ ၃-ပိုင်းရှိပါတယ်၊ ရှေ့ပိုင်းဖြစ်တဲ့ရူပ်နာမ်ပိုင်းကို ဘုရားရှင်က ထင်ရှားအောင် မဟောခဲ့ပါ၊ အာနာပါနထဲမှာသာထည့်ပြီး ဟောသွား

ပါတယ်၊ ဒီတော့ အာနာပါနကို အားထုတ်လာရင်ဘဲ အဲဒါ ရူပ်နာမ်ပိုင်းကို မတွေ့ကြတော့ဘဲနဲ့ နာမပညတ်နဲ့ သဏ္ဌာန ပညတ်တွေကိုသာ ရူပ်နာမ်ထင်ပြီး လာခဲ့ကြပါတယ်။

ဒီလိုနဲ့ တက်လာကြတာဟာ ဖြစ်ပျက်ဆိုပြီးတော့ နှုလာကြ တယ်၊ နောက်ဆုံးမှာ သညာဝိညာဏ် သဘောဖြစ်တဲ့ ဒီ နာမ ပညတ်နဲ့ သဏ္ဌာနပညတ်ရိပ် တို့ကိုသာ ဖြစ်ပျက်ဆိုပြီး ရှုလာ ကြတဲ့အတွက် ပရမတ်ရူပ်နာမ်ကို ရှာတဲ့အခါကျတော့ မတွေ့ကြ တော့ပါ၊ အဲဒါ သညာဝိညာဏ်သဘောဖြစ်တဲ့အတွက် ပရမတ် အစစ် ရူပ်နာမ်ကို မတွေ့ကြတော့ဘဲ အဲဒါ မသိလျှင်ရူပ်,သိလျှင် နာမ် ဆိုတဲ့ အနေနဲ့သာ ကူးသွားကြတော့တယ်။

ဒီတော့ အာနာပါနကို လုပ်တဲ့အခါမှာ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားကထွက်တဲ့ ရူပ်နာမ်က နာမရူပ ပရိစ္ဆေဒဉာဏ်ကနေ ဥတုအကြောင်းကိုချေပြီးတော့ ထွက်လာတဲ့ ရူပ်နာမ်ပါ၊ ဒါက ပဌမ တခါးပါ၊ ငယ်ထိပ်ဦးကျောက်ကနေ ထွက်လာတဲ့ ရူပ်နာမ် က ပစ္စယပရိဂ္ဂဟဉာဏ်ကနေပြီး အာဟာရအကြောင်းကိုချေပြီး တော့ ထွက်လာတဲ့ ရူပ်နာမ်ပါ၊ ဒါက ဒုတိယ တခါးပါ၊ နှုလုံး အိမ် ရင်ချိုင့်က ထွက်လာတဲ့ ရူပ်နာမ်ကျတော့ သမ္မသနဉာဏ်က စိတ် အကြောင်းကို ချေပြီး ထွက်လာတဲ့ ရူပ်နာမ်ပါ၊ ဒါက တတိယ တခါးပါ၊ ချက်တိုင်က ထွက်လာတဲ့ ရူပ်နာမ် ကျတော့ ဥဒယဗ္ဗယဉာဏ်ကနေပြီး ကံအကြောင်းကို ချေပြီး ထွက်လာတဲ့ ရူပ်နာမ်ပါ၊ ဒါက စတုတ္ထ တခါးပါ၊ အဲဒီလို လက်တွေ့ကိုယ်တွေ့ အနေနဲ့ ၁၃၁၅-ခုနှစ်မှာ ဆရာတော်တို့ အပြည့်အစုံ ရလာခဲ့ ပါတယ်။

ဒီလိုအားထုတ်လာခဲ့ပြီးတော့မှ မိမိရလာတဲ့ တရားကို ပြန်ကြည့်တဲ့ အခါမှာ အခု မဟာသတိပဋ္ဌာန်ရှုပ်နာမ်ထဲကို ဝင်နိုင်သလားဆိုရင် မဝင်နိုင်ဘဲဟာတွေ အများကြီးရှိနေပါသေးဘယ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ကျတော့လဲ အကြောင်းအကျိုးကို ဖြတ်ရမယ်ဆိုတော့ အဲဒါအပေါ်ယံအနေနဲ့သာယူလာခဲ့ပါတယ်၊ သမ္မသနဉာဏ် ကျတော့လဲ လက္ခဏာယာဉ် ၃-ပါးကို အပေါ်ယံ အနေနဲ့သာမြင်ပြီး ဥဒယဗ္ဗယဉာဏ် ကျတော့လဲ သညာ ဝိညာဏ်လို့ပတ်တဲ့ နာမပညတ်နဲ့ သဏ္ဌာနပညတ်တွေကိုသာ ဖြစ်ပျက်လို့ ရှုလာရပါတယ်။

ယခု မဟာသတိပဋ္ဌာန် တရားတော်ကြီးကို ဟောလာမှ မိမိအားထုတ်လာခဲ့တဲ့တရားတွေကို ဆင်ခြင်သုံးသပ်လာတော့တယ်၊ ယခုတော့ မဟာသတိပဋ္ဌာန် တရားတော်ကြီးထဲကို ဝင်နိုင်ဘဲ ပရမတ်ရှုပ်နာမ်ဘက်ကိုသာ တင်ဆက် သွားပါတော့မယ်၊ ဒီနေ့ညကို ပဋ္ဌိပတ် လက်တွေ့လုပ်ငန်းစဉ်အနေနဲ့ တင်ဆက်ပြပါမယ်၊ ဒီကရားကို ဒီညဘဲ ဥဏှောင်းချပြီး နက်ဖြန်ခါ ကျတော့ အကြောင်းအကျိုးကို သိမ်းရတော့မယ်။

ကိုင်း ...ဒီတော့ အစမထင်တဲ့ ဘဝကစပြီးတော့ ဒါန, သီလဘေးကို ပြုလာတဲ့ အခါမှာ ဒီလို ၃ကြိမ်သည်ပင် ကံ ကံ၏အကျိုးကို လိုချင်လို့ အကြောင်းမျိုး ချတာဘဲ မဟုတ်လား၊ ဒီတော့ နေ့ခင်းက ဥတုအကြောင်း သုဉ်းဆိတ်ပုံကို တင်ဆက်ပြီးပြခဲ့ပါပြီ၊ ဒီတော့ ဥတုအကြောင်းကြေသွားရင်(၀၊)သုဉ်းဆိတ်သွားရင် အာဟာရအကြောင်းကို ချေရတော့မယ်၊ အာဟာရအကြောင်းကြေရင် စိတ်အကြောင်းထဲ ဝင်ရမယ်၊ စိတ် အ

ကြောင်းကြေရင် ကံအကြောင်းထဲ ဝင်ရတော့မယ်၊ ဒီသဘာ၀တွေ အားလုံးကြေလာရင်ဘဲ အဇေမထင်ကဲ့ ဘ၀ကပါလာတဲ့ အစဉ်တွေဟာ ကျွတ်သွားပြီ။

ဒီတော့ ပဋ္ဌေယပရိဂ္ဂဟဉာဏ်ကို တကယ် ပိုင်ရင်ဘဲ အဲဒါ အရှင်ကောဏ္ဍညကြီးကို အကျိုး ၈-ပါး ထုတ်လာသလိုဘဲ " ဒိဋ္ဌ ဓမ္မော ပတ္တာမ္မော ဝိဒိတမ္မော ပရိယောဂဋ္ဌ ဓမ္မော တိဏ္ဏ ဝိစိ ကိစ္ဆော ဝိဂတကထံကထော ဝေသာရဒ္ဒပတ္တော အပရပစ္စ ယော " လို့ ဆိုပြီး အကျိုး ၈-ချက် ထုတ်ပြလာတော့တယ်။

ကိုင်း...နေ့ခင်းကတရားကိုဘဲ ပဋ္ဌိပတ်လုပ်ငန်းစဉ် အနေနဲ့ တင်ဆက်ပြပါအုံးမယ်၊ လဘက်ရေပုဂံကို ရှေ့မှာ ချပြီးတော့ စမ်းရင်မှာတယ်လို့ ပြောတာဟာ လဘက်ရေပုဂံမှာ ဖေါင်ဒူ ပထဝီရှိတယ်၊ လက်ညှိုးမှာက ကာယပသာဒ ပထင်ရှိတယ်၊ ဒီ ၂ ပါးဆုံလိုက်တဲ့ အခါမှာ သညာပထ၀ီရှိတယ်၊ ဒီ ၃-ပါးဆုံ လိုက်တော့မှ ဝိညာဏ်ပထ၀ီ ဖြစ်လာတယ်၊ ဒီ ၄–ပါးညီညွတ် လာမှ မာတယ်လို့ ပြောတာဘဲမဟုတ်လား၊ ဒါကိုနားလည်ပြီ ဘဲမဟုတ်လား။

ဒီ(၁၅)ရက် ဟောလာတဲ့တရားမှာ လဘက်ရေ ပုဂံမှာရှိတဲ့ ဖေါင်ဒူပထ၀ီဘဲကြေသွားတယ်၊ ဥတုပြဋ္ဌာန်းတဲ့ရုပ်သားလျှင်ကြေ သေးတယ်၊ ဖေါင်ဒူပထ၀ီကသာရုပ် နာမ်ထွက်သေးတယ်၊ လက် ညှိုးမှာရှိတဲ့ ကာယပသာဒပထ၀ီကိုယခု ချေရတော့မယ်၊နောက် ၂ ပါးဆုံတဲ့အခါမှာ ပေါ်လာတဲ့သညာ၊ပထ၀ီ,စိတ်အကြောင်း နဲ့ ၃ ပါးဆုံမှပေါ်လာတဲ့ ဝိညာဏ်၊ ပထ၀ီ,ကံအကြောင်းတွေ ကျန်နေသေးတယ်၊ ဒါတွေကို ထုတ်ပေါ်လာတော့မယ်၊ဒါတွေ ကို ချေရအုံးမယ်။

ဒီမဟာသတိပဋ္ဌာန်တရားဘော်ကြီးကို ရှင်တော်မြတ် ဘုရားဟောကြားလာတာဟာ "နိစ္စ-သုခ-သုဘ-အတ္တ" သာရ အရိပ်တွေကျတ်အောင်လို့ ဟောကြားလာတာပါ၊ ဒါကို ချတ်ဘို့ရာကို သမ္မောဟဂိုနောဒနီ အဋ္ဌကထာကြီးက မဖွင့်တော့ပါ၊ ဒါကိုလုပ်ငန်းစဉ်နဲ့ ကြည့်ရင် လာဘက်ရေပုံဆိုတဲ့ နာမပညတ်မှာကို နိစ္စသာရရှိနေတယ်၊ လက်ညှိုးမှာရှိနေတဲ့ ကာယပသာဒ ပထဝီမှာက သုခသာရရှိနေတယ်၊ ဒါ့ကြောင့် စမ်းသပ်လိုက်တဲ့ အခါမှာ ကြမ်းတန်းတဲ့ ဟာကျတော့ ဒုက္ခဝေဒနာဖြစ်လာတယ်၊ နူးညံ့တဲ့ ဟာကျဟော့ သုခ ဝေဒနာလို့ ယူနိုင်လာတာပါ၊ ဒါက သဏ္ဌာနပညတ်ရိပ်ပါ။

နောက် ၂ ပါးဆုံတဲ့အခါမှာ ပေါ်လာတဲ့ သညာပထဝီကျတော့ သုဘသာရရှိနေတယ်၊ သူကဘင့်တယ်တယ်ဆိုဘဲ့ အနေနဲ့ ဆွဲကိုင်လာမှ ဝိညာဏ်ကြီးက ခံစားလို့ရလာတယ်၊ သူ့မှာသမ္ဘဝပညတ်ရိပ်ရှိနေတယ်၊အဲဒါအဆင်းနဲ့ အကြည်တို့ကို အစဉ်ပေါင်းပေးနေသေးတယ်၊ ဒီတော့မှ ဝိညာဏ်ကြီးက ခံစားလို့ ရလာတယ်၊ ဒါဟာသုဘသာရပါ။

နောက်ဝိညာဏ်ကြီးကျတော့ အတ္တသာရပါ၊ ဒါဟာအဆင်းအကြည်အမြင်တို့က ယူလာတဲ့ အာရုံလေးတွေကို ခံစားလာတယ်၊ ဒါကြောင့် သူ့ကျတော့ သန္တာန်ပညတ်ရိပ်ရှိတယ်၊ ဒါကို အတ္တသာရလို့ခေါ်တယ်၊ ဒုါကြောင့် ဒီသာရ ၄-လုံး ပြုတ်သွားအောင်လို့ ဘုရားရှင်က ဒီမဟာသတိပဋ္ဌာန်တရားတော်ကြီးကို ဟောကြားလာတာပါ၊ ဒီတော့သာရ ၄ လုံးဟာ ဘယ်မှာရှိသလဲ၊ ခုနက ပြောလိုက်တဲ့ အဆင်း,အကြည်,အမြင်,အသိ ဆိုတဲ့

၄-ချက်မှာ ရှိနေတယ်၊ (၀၊) လဘက်ရေပုဂံမှာ, လက်ညှိုးမှာ, ၂-ပါးဆုံတဲ့ နေရာမှာ, ဝိညာဏ်ကြီးပေါ်တဲ့ နေရာမှာရှိနေတယ်၊ ကိုင်း... ဒါဖြင့် ယခု ဥတုမှာရှိနေတဲ့ ရူပ်နာမ်ဟာ ကြေသွားပြီ၊ အာဟာရ, စိတ်, ကံအကြောင်းတွေမှာရှိနေတဲ့ ရူပ်နာမ် တွေကို ပေါ်ထုတ်ရအုံးမယ်။

ယခုပြောလိုက်တာကို နားလည်ရင် ၀၊ဆိုလဆုတ် ၁၄-ရက်နေ့က တရားဥက္ကောင်း ချလိုက်တဲ့အခါမှာ ရူပ်နာမ်ဟာ ဘယ်ဟာလဲ၊ ရူပ်ဆိုတာက ပစ္စုပ္ပန်ဆင်ဆင် ပေါ်သဘောလေးက ပရမတ်ရူပ်ပါ၊ ဒီပေါ်သဘောလေးကို ဆွဲထားတဲ့ သဘောက ပရမတ်နာမ်ပါလို့, ဒီလိုဆိုပြီးတော့ ဥက္ကောင်း ချလာပါတယ်၊ ဒါကို ယခုဝိမုတ္တိဓမ္မထဲကိုသွင်းရတော့မယ်၊ ဝိမုတ္တိဓမ္မရဲ့ အကျိုးဟာ အဲဒါ အစ့် ၄ ချက်က ကျွတ်သွားတာပါ၊ ဒါကို အမျိုးသီးကြီးတွေရဲ့ နှလုံးအိမ်ထဲမှာ ဝိမုတ္တိဓမ္မကြီး ထွက်နေပြီ၊ ဝိမုတ္တိ ဥာဏဒဿန ဆိုတာဟာ...

ဥပမာ...တပေါင်း တာကူး လေဟုံ့တွေမြူးနေတဲ့အချိန်မှာ ၃-နှစ်လောက်ဆွေးမြေ့နေတဲ့ သစ်တုံးကြီးပေါ် သို့ မီးပွားလေး ကျလိုက်တာနဲ့, ဒီသစ်တုံးကြီးဟာ မီးစဲ့ပြီးပြာကျသွားသလိုဘဲ၊ ဒီအတိုင်း နာမရူပပရိစ္ဆေဒဥာဏ်ကိုပိုင်ရင် ရဲရဲတောက် ဖြစ်ပြီးတော့ ရှေ့ကို တခါထဲ တက်သွားနိုင်ပြီ၊ ဒီတော့ ဂလျာဏမျက်စေ့ပေါက်ပြီးတော့ သဒ္ဓါတရားတွေကို မြှင့်တင်ပြီး ဒါနသီလတွေကို ရှေးကထက်တိုးပြီးတော့ အားထုတ်လာနိုင် တော့မယ်၊ နေ့ခင်းက ဟောပြလာတဲ့တရားကို ဥက္ကောင်းကျပြီးတော့ တဆင့်တက်သွားတာကို ဝိမုတ္တိဥာဏဒဿနလို့ ပြခဲ့ပါတယ်။

ဒီတရားကိုမြင်လာရင်လဲ ဝိမုတ္တိခမ္မအနေနဲ့ ကိလေသာတွေ စင်ကြယ်လာတော့ဘယ်၊ အစဲ့ ၄-ချက် ကျွတ်သွားတာသည်ပင်လျှင် ဒိဋ္ဌသရဏာဂုဏ်ဟာ တည်နိုင်လာပါတော့တယ်၊ ယခု အနှစ်လေးတွေကို တေနိုင်ပြီးတော့ ဒီနေ့ဝိမုတ္တိခမ္မကို တရားဥက္ကောင်းသွင်းပေးတာပါ၊ အဲဒါလို အကျဉ်းနည်းဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်ရဲ့ ဝိမုဉ္စိခမ္မဟာ မိမိဘို့ရဲ့ နှလုံးအိမ်ထဲမှာ ကိန်းဝပ်သွားပါပြီ၊ ဒါကို ပဋိပတ်လက်စတွေ့သုပ်ငန်းစဉ် အနေနဲ့ တင်ဆက် ပြပါမယ်၊ (၀၊) ဝိမုတ္တိဥာဏဒဿနအရ သွင်းပြပါတော့မယ်။

မြူ ၄-ပါးနဲ့ ချေထားတဲ့ လဘက်ရေပုဂံကြီးဟာ ဘယ်အနေနဲ့ကျန်တော့သလဲ၊ "တနည်း" မြူ ၄-ပါးတွေနဲ့ ချေထားတဲ့ ဒီလဘက်ရေပုဂံကြီးကို ရှေ့မှာချပြီးကြည့်ပါ၊ မြင်ရင် မျက်စေ့အကြည်လေးက ဘာကိုဆဲ့သလဲ၊ ဒါဟာ ပရမတ် သဘောပါ၊ သညာဝိညာဏ်မပါစေနဲ့၊ သညာဝိညာဏ်ပါရင် ပညတ်ကိုသာ ဆဲ့တော့မယ်၊ ပညာရဲ့သဘော အနေနဲ့ဆဲ့ပါ၊ ဒါမှပရမတ်သဘောကိုတွေ့မယ်၊ ဒါဟာ ပဋိပတ် လက်တွေ့နည်းလို့ ခေါ်တယ် ဒါကိုမမြင်ကြလို့သာ ယောကျ်ား,မိန်းမ,ပုဂ္ဂိုလ်,သတ္တဝါဆိုတဲ့ အနေနဲ့ သညာဝိညာဏ်နယ်ဘက် လိုက်နေကြတဲ့ အတွက်သာယာပြီးနေကြတဲ့အတွက် အဘွဲ့ဒီဋ္ဌိ အစဲ့တွေဖြစ်နေတာပါ။

ဒီတော့ လဘက်ရေပုဂံမှာကို မျက်စေ့အကြည်လေးသက်သက်နဲ့ဆဲ့ရင်ဘာကိုဆဲ့မလဲ၊သညာဝိညာဏ်မပါရင်အကြည်လေး

က ပရမတ်ကိုသာဆဲပါတယ်၊ သညာဝိညာဏ်ကဆဲတာ ကျတော့ သညာက နာမပညတ်ကိုဆဲလာတယ်၊ဝိညာဏ်က သဏ္ဌာန်ပညတ်ကိုဆဲလာတယ်၊ ဒီတော့သညာ ဝိညာဏ်တို့ဟာ အဆင်းလေးမှာကို တိုက်ရိုက်အနေနဲ့ နာမပညတ်နဲ့ သဏ္ဌာန်ပညတ် တရားတွေကို မချနိုင်ပါ၊ ဘာ့ကြောင့်လဲဆိုတော့ အဆင်းဆိုတာကရူပ်သဘောဂရုဓာတ်ဖြစ်တယ်၊ သညာဝိညာဏ်ကနာမ်သဘော လဟုဓာတ်ဖြစ်တယ်၊ ဒါ့ကြောင့်တိုက်ရိုက်အနေနဲ့ ချလို့မရပါ။

အဆင်းလေးအပေါ်မှာ တံဆိပ်ခတ်ချင်လာတော့ (ဝါ) ချချင်လာတော့ သညာဝိညာဏ်ကလွဲပြီးတော့ အကြည်ဓာတ်တွေနဲ့ ဆက်လိုက်တယ် အဆင်းနဲ့အကြည်တို့လဲ ဆက်လို့ရလာရော သညာဝိညာဏ်တို့က နာမပညတ်နဲ့ သဏ္ဌာန်ပညတ်အရိပ်တွေကို ချလာတော့တယ် (ဝါ) တံဆိပ် ခတ်လာတော့တယ်၊ ဒါကိုမသိတော့ရင် လာဘ်ရေပုဂ္ဂိုလ်မှာကို နာမပညတ်နဲ့ သဏ္ဌာန်ပညတ်တို့ဟာ ရှိနေကြတယ်လို့ ထင်နေကြတယ်။

ဒါဟာ အတ္တဒိဋ္ဌိစွဲနေတာတွေပါ၊ ဒါကို သူများက ခေါ်ထားတာမျှားထင်နေကြသလား၊ ကိုယ်ဟာကိုယ်ခေါ်ထားတာပါ၊ မြို့ကြီးတွေနဲ့ ခဲ့သော်လဲ နာမပညတ်နဲ့ သဏ္ဌာန်ပညတ်ရိပ်တွေရှိနေတယ်လို့ ထင်နေတာသည်ပင် ကိုယ်ကဆဲယူချိုထားလို့ ဘဲမဟုတ်လား၊ ဒီတော့ ကိုယ်ကချလာတဲ့ဟာကို မမြင်ဘဲ အဲဒါကိုယ်ကစွဲယူလာတာပါ။

ကိုင်း - တခါထပ်ပြီးဖွင့်ပြအုံးမယ်၊ ဒီဘော့ နာမပညတ်နဲ့ သဏ္ဌာန်ပညတ်ရိပ်တွေဟာ မိမိရဲ့ သညာဝိညာဏ်က ထွက်တယ်၊

ဘာ့ကြောင့်ထွက်သလဲ၊ အဆင်းနဲ့ အကြည်ဆက်တဲ့ အခါမှာ သညာဝိညာဏ်ကဆဲ့လို့ပါ ဒါ့ကြောင့် ဒီဟာ အဆင်းဘဲ၊ ဒါဟာ မာဂယ် ပူဘယ်လို့ဆိုတာ ဖြစ်လာတာပါ။ ဒါအနှစ်တွေရဲ့ အသိ ပါ၊ ဒီနေရာမှာ ခဝတ် ဂ ပါးဟာ အကြည်လေးကို လက်ရုပ်ခေါ် တဲ့အနေနဲ့ သာရှိတော့တယ်၊ ဒါကိုအနှစ်တွေက နာမနဲ့ သဏ္ဌာန ပညတ်တွေထိအောင် ဆဲ့ယူသွားနေတာပါ။

ယခုအဆင်းကို ချေလာတဲ့ ယောဂီပုဂ္ဂိုလ်တွေ ကျတော့ အဆင်းနဲ့ အကြည်ဆက်တဲ့အခါ ဘယ်အနေနဲ့ အကြည်ကဆဲ့ တော့သလဲဆိုရင် သူရဲ့သဘာဝအနေနဲ့ ပစ္စုပ္ပန်ဆတ်ဆတ်ပေါ် သဘောလေးအနေနဲ့သာ အဆင်းမှာရှိတော့တယ်၊ ဒီအနေနဲ့ သာအကြည်ခဝတ်ကဆဲ့တယ်၊ ဖြူတယ်, နီတယ်, ဝါတယ် ဆိုတဲ့ အနေနဲ့ ဆဲ့လို့မရတော့ပါ၊ (ဝါ)ပြောလို့မရတော့ပါ၊ မျက် မှောက်ပစ္စုပ္ပန်ဆတ်ဆတ် ပေါ် သဘောလေးအနေနဲ့ သာရှိတော့ တယ်၊ အဆင်းနဲ့အကြည်ဆက်တဲ့အခါမှာ အကြည်ခဝတ်ထဲမှာ သညာဝိညာဏ်မပါဘဲ ဘယ်အနေနဲ့ဆက်သလဲဆိုရင် ရှေးရှုထင် တဲ့သဘောလေးသာရှိတယ်လို့သာ ယူလိုက်ပါဗျာ အဲ့ဒါကို ပရမတ်ရုပ်သဘောလို့ပြောတာပါ။

အဆင်းနဲ့အကြည်တို့သဘာဝအနေနဲ့ ဆက်တာကို "ယာ ထာဝ သရသလက္ခဏပဋိဝေဓဝသေန ပဝတ္တံ ဥာဏံ နာမ ရူပပရိစ္ဆေဒေါ နာမ" လို့ ဆိုပြီး ဒီလိုပြလာတာပါ၊ သူတို့ ၂-ခု ပေါင်းလိုက်ရင် (ဝါ) အဆင်းနဲ့ အကြည်တို့ရဲ့ ဆက်စပ်မှုကို ပေါင်းလိုက်ရင် ပစ္စုပ္ပန်ဆတ်ဆတ် ရှေးရှုထင်တဲ့ သဘောပါ၊ ဒါကပရမတ်ရုပ်သဘောပါ အာရုံသဘောလို့ယူ။

နာမ်သဘောကျတော့လဲ အဲဒါသည်ဝိညာဏ်တွေ ပျောက်ပြီးတော့ ဒီပရမတ်ရုပ်သဘောလေးကို ပညာဖြင့် ဆုံတားတဲ့သဘောလေးကို ပရမတ်နာမ်သဘောလို့ ယူပါ၊ ဒါကအာရုံမှတ်ကသဘောပါ။

ကိုင်း... ဤမျှနဲ့ဘဲ ရှင်ကိုအမှုးထားပြီး ရှာလာတဲ့နာမရူပပရိစ္ဆေဒဉာဏ်ရဲ့ လုပ်ငန်းစဉ်ကို အပြီးသတ်ကြပါစို့။

ဤတွင် နာမရူပပရိစ္ဆေဒဉာဏ်ပြီးပါပြီ။

ကိုင်း .. သာဓုခေါ်ကြပါတော့။

သာဓု–သာဓု–သာဓု။

ဗုံစံနှံပါတ် (၈)



ပုံစံနံပါတ်(၈)

ဝါခေါင်လဆန်း ၂-ရက်နေ့ ဟောစဉ်၊

ရှေ့က(၁၅)ရက် နာကြားလာခဲ့တဲ့ နာမရူပပရိစ္ဆေဒဉာဏ်ရဲ့ တရားကိုအခြေခံထားပြီးယူလာမှ ဒီတရားကိုတက်လို့ရမယ်၊ ဒီတော့ ရုပ်လောကကို ရှာလိုက်တဲ့အခါမှာ တွေ့တဲ့သဘာဝကနေပြီး အခုနာမ်လောကကို အမှူးထားပြီး ရှာရတော့မယ်၊ ဒီပစ္စယပရိဂ္ဂဉာဏ်ရဲ့ လုပ်ငန်းစဉ်ဟာ အခြေခံအနေနဲ့ မပေါ်ထွက်သေးပါ၊ လယ်တီ ဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ "အာဟာရဒီပနီကျမ်း" မှာလဲ အာဟာရကို ရေးတဲ့အခါမှာလဲ စက်ဆုတ်ရှဲ့ရှာဘွယ် အနေနဲ့သာ ရေးသားဖေါ်ထုတ်ထားပါတယ်။

ယခုပြမဲ့တရားမျိုးကို ဖွင့်မရေးခဲ့ပါ၊ ဒါကို ဖွင့်ပြ ရပါတော့မယ်၊ အဲဒါယုံမှားခြင်း ၈-ပါးကို အခြေခံထားပြီး ဖွင့်ရတော့မယ်၊ ယုံမှားခြင်း ၈ ပါးဆိုတာဟာ ဘုရားဌာယုံမှားခြင်း,တရားဌာယုံမှားခြင်း, သံဃာဌာယုံမှားခြင်း, အကျင့်သိက္ခာဌာ ယုံမှားခြင်း, သံသရာရှေ့အစွန်းဌာယုံမှားခြင်း, သံသရာနောက်အစွန်းဌာယုံမှားခြင်း, သံသရာရဲ့ ရှေ့နောက်အစွန်းဌာယုံမှားခြင်း, သစ္စာ၄-ပါးဌာ ယုံမှားခြင်း ဆိုပြီး ယုံမှားခြင်း ၈ ချက် ဖြစ်လာတယ်၊ ဒါကို အခြေခံထား၊ပြီးပြသွားပါမယ်၊ ဒီတော့ အာဟာရအကြောင်းကို ရှာတဲ့အခါမှာလဲ လယ်တီဆရာတော်ဘုရားကြီးက ကဗဠိကာရအာဟာရအနေနဲ့သာ ထုတ်ပြသွားပါတယ်။

ဒီတော့ ဘုရားရှင်က အာဟာရအကြောင်းကိုဟောကြားတဲ့ အခါမှာ " အဘိညာတေ ပရိညာတေ " ဆိုပြီးတော့ ပိဋ္ဌကတ်တော်မှာ ဟောကြားထားတာ အများကြီးရှိပါတယ်၊ ယခု ဒီလုပ်ငန်းစဉ်ကို ၅-ရက်လောက် ဟောကြား ရမယ်၊ ဒီတော့ အောက်ပြည်မှာ အညာဆန် ဆရာကြီးတွေက တရားပြလာကြတယ်၊ အဲဒါ ဒီနေရာကို (၀၊) ဒီကဏ္ဍကို ရောက်လာရင်ဘဲ ဘုရားဌ ယုံမှားခြင်း ဆိုတာ ကြေးဆင်းတူ, ကြောက်ဆင်းတူ ဖြစ်ဘဲ့ ဘုရားကွေက ပညတ်ဘုရားတွေဘဲ၊ဒီဘုရားတွေကိုမယူနဲ့ ၊ အဲဒါ ဘုရားရှင်မှာ ဂုဏ်တော် ၉-ပါး မရှိဘူးလား ရှိပါတယ်၊ သဗ္ဗညုညာဏ်တော်လည်း မရှိဘူးလား ရှိပါတယ်၊ ဒီဂုဏ်တော် ညာဏ်တော်တွေကိုသာ ယူဆိုပြီး ပြောလာကြတယ်။

တချို့ဆရာတွေကျတော့လဲ ပညတ်ဘုရားတွေကိုလဲ မယူနဲ့ ၊ သဗ္ဗညုတညာဏ်တော် ရှိတယ်, ဂုဏ်တော် ၉-ပါ တွေ ရှိတယ် ဆိုတာ မင်းမြင်ရသလား၊ သိရသလား၊ မမြင်မသိဘဲနဲ့ ယူနေရင် အစ္စဲဘဲ မဟုတ်လား၊ ဘုရားဆိုတာ အသိညာဏ် ပေးတဲ့သူဟာ ဘုရားဘဲလို့ ယူ ဆိုပြီးတော့ ဒီမှာသာ သောင်တင်နေတာတွေ အများကြီး ရှိနေကြပါတယ်၊ ဒီတော့ သဗ္ဗညုတရှေ့ညာဏ်တော်ကိုဘဲ ဘုရားလို့ ဆိုတာကိုလဲ လက်မခံခဲ့ပါ၊ ဒါ၃၁လဲ စာပေ ပရိယတ်ထဲက ယူပြီးပြောတဲ့သဘောပါ ဆိုပြီးတော့ ဆရာတော် မယူခဲ့သေးပါ၊ ဒီတော့ အသ်ညာဏ်ပေးတဲ့သူဟာ ဘုရားလို့ ဆိုရင် ဘုရားတွေ မှိုလို ပေါက်နေမှာဘဲ မဟုတ်လား၊ ဒါ့ကြောင့် ဆရာတော်တို့ဟာ ဒီဝါဒတွေကို မယူခဲ့ဘဲ ကိုယ်တိုင် အားထုတ်ပြီး ရှာလာခဲ့ပါတယ်။

ဒီတော့ ယခုသူ့ားမဲ့ခရီးက အင်မတန်မှ ထူထပ်ပါတယ်၊ ဒါကြောင့် အကြိမ်ကြိမ်စဉ်းစားဝေဘန်ပြီးတော့ သူ့ားရပါတော့

မယ်၊ ဥတုရဲ့ ရူပ်နာမ်ကိုတော့ တွေ့ပြီ ဆိုကြပါစို့၊ ကိုင်း— အာဟာရအကြောင်းရဲ့ရူပ်နာမ်ကိုရှာရတော့မယ်၊ ယခု တရားနာကြတဲ့ ပုဂ္ဂိုလ်တွေမှာ ရူပ်မျက်စေ့ ပေါက်သွားတဲ့အတွက် လဒ္ဓသာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍-လို့ ဆိုတဲ့အတိုင်း သက်သာရာလေး ရလာပါပြီ၊ (ဥပမာ)ပင်လယ်ထဲတွင် လက်ပစ်ကူး နေရသောသူမှာ သစ်ဝါးစသည့် အားကိုးလေး တခုခုကို ရသလိုပါဘဲ၊ တနေ့ သူ့မှာ အသက်မသေတော့ဘဲ ကမ်းကိုရောက်လာတော့မယ်။

ဒါ့ကြောင့် ရူပ်မျက်စေ့လေးပေါက်သွားရင်ဘဲ သက်သာရာလေး ရသွားပါပြီ၊ ကိုင်း— ယခု ပစ္စယပရိဂ္ဂဟဉာဏ်က နာမ်မျက်စေ့လေးလဲပေါက်လာရော အဲဒါ လဒ္ဓပတိဋ္ဌိတော၊ ရအပ်သော ထောက်တည်ရာရှိသည်ဖြစ်၍-လို့ ဆိုတဲ့အတိုင်း သံသရာမှာ ထောက်တည်ရာလေး ရလာပြီ၊ ဒါ့ကြောင့် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂ ပါးကိုပိုင်ရင် ကိုယ်သွားလိုရာကို သွားနိုင်ပြီ၊ ဒါ့ကြောင့် ဒီဉာဏ် ၂-ပါးဟာ အခြေခံပါဘဲ။

ဒါဖြင့် အာဟာရအကြောင်းကိုရှာမယ်၊ အာဟာရ ဆိုတာ ဘာလဲ? ဒီခန္ဓာကိုယ်ကြီးကို ထောက်ပံ့နေတာကိုလဲ အာဟာရလို့ ခေါ်တယ်၊ထောက်ပံ့တာဟာ ဘယ်နှစ်မျိုးရှိသလဲ၊ သဘာဝအာဟာရအကြောင်း ၄-ပါး ဆိုပြီးတော့ ရေးလာတယ်၊ (၀၊) ပြလာတယ်။

"စတ္တာရော အာဟာရာ ကဗဠိကာရော အာဟာရော ဖဿော ဒုတိယော မနောသဉ္စေတနာ တတိယာ ဝိညာဏံ စတုတ္ထံ"

လို့ ပြလာတဲ့အတိုင်း သဘာဝ အာဟာရ အခြောင်း ၄-မျိုး ဆိုသည်မှာ...

၁။ ကဗဋ္ဌီကာရ အာဟာရဆိုတာ အလုပ်အလေးကို မပြု အပ်သော်လည်း ပြုအပ်သကဲ့သို့သောလို့ ပြလာတယ်၊ ဒါဟာ ယခုစားသုံးနေတဲ့ အစားအသောက်ဘို့ကိုခေါ်တယ်၊ အာဟာရက ထမင်းမှာပါဘဲ့ သဘာဝအာဟာရမို့ အလုပ်အလေးကို မပြု အပ်သော်လဲ ပြုအပ်ဘိသကဲ့သို့ဆိုပြီး ကဗဋ္ဌီကာရ အာဟာရကို ပြလာတယ်၊ ဒီ-ကဗဋ္ဌီကာရ အာဟာရ ကိုလဲ မျိုချလိုက်ရော ပရိပါစကမီးဓာတ်က ချေချက်လိုက်ဘော့ ဩဇာအာဟာရဖြစ်လာတယ်။

ဩဇာအာဟာရ ဘယ်လိုဖြစ်လာသလဲ ?

စားလိုက်တဲ့ အစားအစာဘွဲ့ကို ၅-ပုံ ပုံလိုက်ပါ၊ ၁-ပုံက ပရိပါစကမီးဓာတ်က လောင်မြိုက်လို့ ကုန်သွားတယ်၊ နောက် ၁-ပုံက ပိုးမျိုး(၈၀)စားလို့ ကုန်သွားတယ် နောက် ၁-ပုံက ကျင်ကြီးဘက်ကိုသွားတယ်၊ နောက် ၁-ပုံက ကျင်ငယ်ဘက်ကို သွားတယ်၊ ကျန်ဘဲ့ ၁-ပုံကျေးဘဲ့မှ ဩဇာအာဟာရ ဖြစ်လာ တယ်၊ ဒါ့ခြောင့် "ပိုးစာခလောင်မီး၊ ကျင်ကြီး ကျင်ငယ်၊ တသွယ်သွေးသား၊ ဖြစ်လေခြားသည်၊ မျိုစားအာဟာရ ပါ တကား" လို့ ဒီလိုခေါ်ရေးလာတယ်။

ဒီဩဇာအာဟာရကနေပြီးတော့ "သွေး, သည်း, ခြေ, လေ, သလိပ်, အပုပ်" ဒီ ၅ ပါးကိုဝင်သွားပါတယ်၊ ဒီကို ဝင်လိုက် တော့မှ အကြည်ဓာတ် ၆-ပါးမှာကို ဩဇာ အာဟာရ ဝင်ပြီး တော့ ဆောက်ပဲ့လာတယ်၊ ဒီတော့ ကဗဋ္ဌီကာရ အာဟာရက

နေ ဘယ်ရုပ်ကို ဘယ်လိုတိုက်ရိုက်ဖြစ်စေသလဲဆိုရင် ၆ ပါးသော အကြည်ဓာတ် ရုပ်ကလေးတွေကို ဖြစ်စေနိုင်ဘယ်၊ ဒုါ့ကြောင့် အာဟာရအနေနဲ့ ရှာတဲ့အခါမှာ ကဗဋ္ဌိကာရ အာဟာရအနေနဲ့ အကြောင်း တကြောင်း ပါလာတယ်၊ ဒီတော့ ယခု ဒီနေရာမှာ မျက်စေ့အကြည်လေးမှာ သြဇာအာဟာရကထောက်ပံ့ထားတဲ့ အတွက် ခန္ဓာကိုယ်ကြီးမှာ အာဟာရဟာ မူလ ရောတည်ထားတဲ့ အကြောင်းတရားကြီးဖြစ်လာတယ်။

ငါပဿနာဘက်ကဆိုရင်လဲ ဝေဒနာက နေပြီးတော့ တခါထဲ တက်သွားနိုင်တယ်၊ ဒုါက နိရုမိသ ဝေဒနာအနေနဲ့ ရှေ့ကျရင် ဖေါ်သွားမယ်၊အဲဒုါ သညာဝိညာဏ် မပါ,ပါ၊ဒီသဘာဝကို ရှေ့ ဝေဒနာနုပဿနာပိုင်းကျတော့ ဖေါ်ပြလာမယ်၊ဒီတော့-ဒီခံစားတဲ့ သဘောမှာ ပါလာတဲ့ နာမ်သဘောလေးဟာဘယ်ဟာလဲ၊ဒါကို စဉ်းစားပါ၊ ဒါကသဘာဝအနေနဲ့ရှိတဲ့ နာမ်ပါ၊ "နမတိတိ နာမံ"နမတိ၊အာရုံကိုညွှတ်တတ်၏။ဣတိ၊ ထိုကြောင့်။နာမံ၊နာမ်မည်၏။ ဒီလိုပြလာတဲ့ နာမ်မျိုးမဟုတ်ပါ၊ အဲဒါက ပညတ်တင်ပြီးတော့ ပြထားတဲ့နာမ်ပါ၊ ဒီသဘာဝတွေကို တွေ့လာမှသာ လျှင် ပရိယတ်နှင့် ပဋိပတ်တို့ဟာ နှီးနှောလာနိုင်မယ်။

ဒီတော့ တရားအားထုတ်တဲ့အခါမှာ စိတ်စေတသိက်တွေကို လိုက်လို့မရပါ၊ တရားကိုလိုက်လာရင်ဘဲ ခန္ဓာကိုယ်ကြီးမှာ ရှိတဲ့ နာမ်တရားလေးပါးကို မိအောင် ဖမ်းရမယ်၊ ဒါကိုမိမှ တရားရမယ်၊ (၀ါ,အာဟာရအကြောင်း ၄-ပါးကို မိအောင်ဖမ်းရမယ်၊ ဒီတော့ စိတ်စေတသိက်တွေကို အဆီညှစ်လိုက်ရင် သဘာဝအာဟာရအကြောင်း ၄-ပါးထွက်လာတယ်၊ ဒါကို သိမ်းနိုင်လာရင်ဘဲ စိတ်,စေတသိက်တွေကို တွေ့လာပြီ။

ဒီတော့ ကဗဋ္ဌိကာရ အာဟာရကနေပြီးတော့ ၆-ပါးသော အကြည်ခေတ်တွေ ပေါ်လာတာပါ၊ ဒါကို အာဟာရအနေနဲ့ အကြောင်းတခုလို့ယူထားလိုက်ပါ၊ဒီကစပြီး ဇရာတည်ရပါတယ်၊ ဒုတိယဖဿ အာဟာရကျတော့ ဒီအကြည်ခေတ်ရုပ်လေး ရှိလာတော့ရင် သူရဲ့ဝိသဘာဝဖြစ်တဲ့ အဆင်းလေးကို လိုက်မရှာသော်လဲ ရှာသကဲ့သို့ဖြစ်လာတယ်၊(၀၊,အာရုံ ၅-ပါးကိုလိုက်ရှာတော့ မယ်၊လိုက်ရှာလို့ တွေ့လာတဲ့အခါမှာ အဆင်းနဲ့ အကြည် ပေါင်းဆုံလိုက်တာကို ဖဿအာဟာရဖြစ်လာတယ်၊အဲဒီလို ပေါင်းလိုက်တာသည်ပင် သူ့မှာလဲ အထောက်ပံ့လေးတွေဖြစ်လာတယ်၊ ဒီတော့ ဒီမျက်စေ့မှာ သြဇာအာဟာရလေးအနေနဲ့ အစဉ်ရှိနေတဲ့အတုက် အဲဒါ တနှစ်သားလေးတွေမှာ အငြိမ်မနေနိုင်သလိုဘဲ မျက်စေ့ကို ဘယ်လိုပင်ချုပ်ထားသော်လဲ သူ့မှာမကြည့်ဘဲမနေနိုင်တော့ပါ။

ဒါဟာ သြဇာအာဟာရက ထောက်ပံ့နေလို့ပါ၊ ဒါ့ကြောင့် မျက်စေ့အကြည်လေးမှာ လျှပ်ပေါ်လော်လီတဲ့ တဏှာတွေဖြစ်ပြီးတော့ အဆင်းနဲ့ ပေါင်းလာတယ်၊ ဒီလို ပေါင်းလာရင်ဘဲ သန္တာပနမီးခတ်ဟာ တောက်လာတယ်၊ ဒါဟာ ကဗဋ္ဌိကာရ အာဟာရကနေပြီးတော့ပေါ်လာတဲ့ သြဇာအာဟာရကထောက်ပံ့လိုက်တော့မှ ပေါ်လာတဲ့ သဇောလေးပါ၊ အဲဒါ " ဘော, ပဿာဒ၊ လောဟိတ၊ ဇီဝသည်းခြေ သုက်။ကိုယ်လုံးနှံ့ဖြာ၊တည်လေရာ ကျမ်းလာအမှန်ဟုတ် " လို့ ရှေးပညာရှိကြီးများ ပြုလာတဲ့အတိုင်း " သွေးအား,လေအား,သည်းခြေအား, သလိပ်အား, အပုပ်အား " စသည့် ကာမဓာတ်ဖြင့်တဲ့ သြဇာအာဟာရဓာတ်အားတို့ကလဲ အားပေးပြန့်နှံ့တည်လိုက်တော့မှ ဒုရိ ၆-ပါးကနေပြီးတော့ အာရုံ ၆-ပါးတို့ကို ဇွတ်ထိတဲ့အချိန်ကာလလေးမှာ

အကိတ်, အနာဂတ်, သညာ, ဝိညာဏ်တို့ဟာ နာမနဲ့ သဏ္ဌာန ပညတ်ရိပ်တွေကို မပေါ်နိုင်သေ သည့်အတွက် သူ့မှာ ငြိမ်းနေတဲ့သဘောလေးကိုသာ ဖဿ အာဟာရလို့ ခေါ်ပါတယ်။

ဖဿအာဟာရဆိုတာ သန္တိပ္ပနမီးခတ် လို့ဆော်လာတဲ့ အတွက် အဲဒါဟာ မီးခတ်ကြီးက တောက်လာတယ်၊ ဒီတော့ အဆင်းနဲ့ အကြည်ခတ်ဆုံလာတာဟာ အဲဒါ နောက်ဆုံး အိမ်ထောင်ပြုလိုက်ဘာလို့သာ မှတ်သိုက်ပါတော့၊ အဲဒါ သူ့မှာ သဘာဝ ခတ်အဘိုင်း လုပ်လာတာပါ၊ မလုပ်ရရင် သူ့မှာ ကောက်ကျစ်လာတော့တယ်၊ ဒါကို မှတ်ထားပါ။

အဆင်းနဲ့ အကြည်ဆုံလို့ ပေါ်လာတဲ့ ဖဿကျတော့ ရုပ်သဘောအနေနဲ့ ဖေါ်ပြ သွားသော်လဲ ဒီထဲမှာပါလာတဲ့ နမ်သဘောလေးကို မနောသဠာယတနာ အာဟာရလို့ ခေါ်တယ်၊ ဒီပေါ်လာတဲ့နာမ်ခတ်လေးတွေဟာလဲဘဲ သန္တိပ္ပနမီးခတ်လေးတွေပါ၊ ဒါဟာ ရှေ့ကို မနောဝိညာဏ်ကြီး ပေါ်အောင် လုပ်ပေးတဲ့သဘောလေးလို့ ခေါ်တယ်၊ ဒါကို ဝိညာဏ်သေးလေး ၅-လုံးလို့ အဘိဓမ္မာကြီးကပြလာတယ်၊ဝိပဿနာနည်းကျတော့ သညာ ၅ လုံးပါ ဒါကိုစေတနာလို့လဲ သုဘွန်နည်းမှာ ပြလာပါတယ် ခန္ဓာပိုင်းအနေနဲ့ ပြောရရင် စေတနာ သခ်ၤါရပါ ရုပ်နာမ်ပိုင်းအနေနဲ့ ဆိုရင် ဝိညာဏ်လို့ ခေါ်တယ်။

ဒီပုံစံနံပါတ် ၈-ဟာ သဘာဝ အာဟာရအကြောင်း ၃-ချက်ကို နာမ်ရဲ့ သဘောတရားအားဖြင့် အခြေခံထားရှိ နာမ်တရားလောကရှာပုံ အနနဲ့ ဝေဘန်ပြီးတော့ ဟောသွား တော့မယ်၊ ပုံစံကို နားလည်အောင်ကြည့်ထားပါ၊ ဒါမှ နားလည်ပါမယ်၊

ဒီတော့ ကဗဋ္ဌိကာရ အာဟာရဟာ အကြည်ဓာတ် ၆-ပါးကို ယူပါ၊ ဖဿအာဟာရကျတော့ "စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ" ဆိုတဲ့ ဖဿ ၆-ပါးကို ယူပါ။

နောက် မနောသဉ္စေတနာ အာဟာရကျတော့ စေတနာ ၆-လုံးကို ယူပါ၊ (၀၊) သညာ ၆-လုံးကိုယူပါ၊ ဒီတော့ အခုဒီနေရာကနေပြီးတော့ ဣဿရနိမ္မာနဒိဋ္ဌိကြီးတွေ (၀၊) တန်ခိုးရှင်ကြီးတွေ အနေနဲ့ ဖန်ဆင်းထားတယ်လို့ ယူထားတဲ့ အစ္စကြီးတွေကို ဖယ်ချလာတော့မယ်၊ (၀၊) ဖြုတ်ချလာတော့မယ်၊ နောက်ဆုံး ဝိသမဟေတုက ဒိဋ္ဌိကြီးကို ဖြုတ်ပစ်တော့မယ်။

ဒီတော့ တကာကြီး "ဦးစွန်"ရဲ့ ခန္ဓာကိုယ်ကြီးဟာ ဒီသဘာဝ အာဟာရအကြောင်း ၄-ပါးကနေပြီးတည်ဆောက်ထားတာပါ၊ အဲဒါ အကြည်ဓာတ် ၆-ပါး, ဖဿ ၆-ပါး တို့က ရုပ်ဘက်က နေတယ်၊ နောက် ရူပသဉ္စေတနာ စတဲ့ ၆-လုံးက (၀၊) သညာ ၆-လုံးက နာမ်ဘက်ကနေတယ်၊ နောက် "ဝိညာဏ် အာဟာရ" ဆိုတာက မနောဝိညာဏ်ကြီးကိုကောက်ပါ။ ဒီတော့ အဆင်းနဲ့ အကြည် ၂-ပါးဆိုလိုက်တဲ့အခါမှာ မြင်မှုပေါ်ပြီးတော့ သိမှုကြီးပေါ်လာတော့တယ်၊ ဒါဟာ ဒဟမီးဓာတ်ကြီး တောက်လာတာပါ။

အဲဒီတော့ မီးခါတ် ၄-ပါးအားဖြင့်လည်း သဘာဝအနေနဲ့ ရှိနေပုံကိုလဲ နားလည်ထားရအုံးမယ်၊ အကြည်ဓာတ်တွေမှာက ပဋိပါစကမီးဓာတ်ရှိတယ်၊ ရူပါရုံအဆင်းရိပ်မှာက ဥသဓမီးဓာတ် ရှိတယ်၊ နောက် ၂-ပါးဆုံတဲ့စေတနာကျတော့(၀၊)စက္ခုဝိညာဏ်

အမြင်ရိပ်ကျတော့ သန္တာပွန့ မီးခတ် ရှိတယ်၊ ယခု ဝိညာဏ်ကြီး ကျတော့ ဒဟမီးခတ်ကြီးရှိတယ်၊ ဒီတော့ အာရုံ ၆-ပါးမှာကို မီးခတ်ကြီးတွေဟာ အစဉ်ပါနေတာဘဲမဟုတ်လား။

အဲဒီလိုဘဲ တကာ့ကြီး "ဦးစွန်" ရဲ့ခန္ဓာကိုယ်ကြီးမှာလိုင်းမျှား တက်နေသလို မီးခတ်တွေဟာအကြည်ခတ်တွေမှာကို သဘာဝ အာဟာရ အကြောင်း ၄-ပါး၊ မီးခတ် ၄-ပါးတွေဟာ အစဉ် မပြတ် လှည့်နေတယ်၊ ဒါကို အာနာပါဏကြီးကိုလုပ်ရင်ဘဲ တွေ့ လာတော့မယ်၊ မလှည့်ရရင် ဖျားနာပြီး ဆေးရုံတက်ရတာဘဲ မဟုတ်လား၊ အဲဒီလို လှည့်နေတာသည်ပင် ကာမခတ်တွေဘဲ မဟုတ်လား။

ဒီသဘာဝအာဟာရအကြောင်း ၄-ပါး၊ မီးခတ် ၄-ပါးဘွဲ့ နဲ့သာ အခုထိုင်နေကြရတာပါ၊ ဒါဇတ္တကို နားလည်ထားရမယ်၊ ဒါက အာဟာရကနေ ခန္ဓာကိုယ်ကြီးကို ကျေးဇူးပြုနေပုံပါ၊ ကိုင်းပဌမဟောလိုက်ဘဲ့ သဘာဝ အာဟာရအကြောင်း ၄-ပါး နေပုံဟာ အကြမ်းနည်းနေပုံပါ၊ ယခု ပစ္စယပရိဂ္ဂဟဉာဏ်မှာ နာမ်တရားကို ရှာရတော့မယ်၊ အဲဒီ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ယခု ဒီပစ္စယ ပရိဂ္ဂဟဉာဏ် ၂-ပါးဟာ အရေးကြီးပါတယ်ဆိုတာ ကို ရှေ့ပိုင်းကျရင် ထင်ရှားလာပါလိမ့်မယ်၊ ဒါဟာ ကလျာဏ ဘုမ္မဝိဉာတပရိညာ စခမ်းပါ။

ဒါဟာ့ အစမထင်တဲ့ ဘဝကစပြီး ပါလာတဲ့ အကန်းဘဝ ကြီးကို ချွတ်တဲ့ဉာဏ်ပါ၊ ဒီဉာဏ် ၂-ပါးကို နေတ္တိပေဠကော ပဒေသကျမ်းတို့မှာ အနည်းငယ်သာလျှင်ဖွင့်ကြပါတယ်၊ နောက် ဝိသုဒ္ဓိမဂ်ကြီးကလဲ ဖွင့်လာပါတယ်၊ သို့သော် အသေးစိတ် လုပ်

ငန်းစဉ် အနေနဲ့ တော့ ဒီကျုအောင် မဖွင့်ခဲ့ကြသေးပါ၊ ဒါကို ဆရာတော်တို့က လုပ်ငန်းစဉ်နှင့်တကွယခုတင်ဆက်လာပါတယ်၊ ဒီတော့ ဒီနာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးမှာ မျက်စေ့လည်စရာတွေ အများကြီးရှိပါတယ်၊ ဒါကို မျက်စေ့ မလည်အောင် ဆရာတော်ဖွင့်ပြသွားပါမယ်။

ကိုင်း... ပဋ္ဌိပတ်အနေနဲ့ ကိုယ်ပိုင်ဉာဏ် ထုတ်ပါအုံး၊ ယခု အာဟာရ ၄-ပါးနဲ့ မီးဓာတ် ၄-ပါးကိုပြခဲ့ပါပြီ၊ ဒီတော့ ကဗဠိ ကာရ အာဟာရ ဖြစ်တဲ့ အကြည်ဓာတ် ၆ ပါးမှာ ဘယ်နှာမ် လောကကြီး တည်နေသလဲ၊ ဒါကို ယခုထဲက စဉ်းစားထားမှ သဘောပေါက်လာမယ်၊ ဒီမီးဓာတ်နဲ့ တင်ဆက်ပြလိုက်တာက အာနာပါနလုပ်ငန်းစဉ်အနေနဲ့ တင်ဆက်ပြလိုက်ရတာပါ၊ ယခု အာဟာရအကြောင်းကို ရှာတဲ့အခါမှာ မီးဓာတ်တွေနဲ့ ဟတ်ပြီး ခန္ဓာကိုယ်ကြီးမှာ ဒီအကြည်ဓာတ် လေးတွေဟာ ဘယ်မီးဓာတ် အနေနဲ့ တည်သလဲဆိုရင် ပရိပါစကမီးဓာတ် အနေနဲ့ တည်နေတယ်။

ဒါကို အဌသာလိနီ အဌကထာကြီးမှာ ရှင်သာရိပုတ္တရာကို ဟောတဲ့အခါမှာ ဓာတ်ကြီး ၄-ပါး၊ ဓာတ်ငယ် ၄-ပါး၊ အကြောင်းတရား ၄-ပါး၊ ဒီ ၁၂-ချက်သောအကြောင်းတို့ကြောင့် တည်နေတယ်လို့ ဟောလာတယ်၊ အဲဒါ ပရိပါစက မီးဓာတ်မှာ ကဲ့ရဲ့ အရိပ်ကလေးတွေ ပါရှိနေတယ်၊ ဒုါကြောင့် မျက်စေ့ မကောင်းတဲ့အခါ (ဝါ) မမြင်တဲ့အခါမှာ ခဲ့စိတ်ပြီးတော့ မကူသေးဘဲ ဒီပရိပါစကမီးဓာတ်မှာ တည်ရှိနေတဲ့ ဇနက ကံရိပ်နဲ့ ယှဉ်တဲ့ ကံမျိုးလေးတွေကို ပြုပေးလာရမယ်၊ အဲဒါ ပညာနဲ့ ယှဉ်တဲ့ ကံ့ကိုလဲ ပြုပေးရမယ်။

ဒီတော့ အာဟာရကိုဝေဘန်တဲ့အခါမှာ အကြောင်း ၄-ပါး ထုတ်လာတယ်၊ ဒီအာဟာရ အခြောင်း ၄-ပါးက မလုံလောက်သေးပါ၊ ဒီတော့ တကယ် အကြောင်းစစ်ကို နာမ်တရား ပေါ်ထွက်ရာဖြစ်တဲ့ အကြောင်းခေါ်တဲ့ ရေသောက်မြစ်ကို ရှာရဘော့မယ်၊ ကိုင်း ... ဒီတော့ အကြည်ဓာတ်မှာ ဘယ်နာမ်တရားဘော့ ဝင်နေသေးသလဲလို့ ဆိုရင်ဘဲ ဖဿ ၆ လုံးနဲ့ စေတနာ ၆-လုံး တို့ဟာ ဝိညာဏ်ကြီးထဲမှာ ဝင်နေတာကို တွေ့ရင်ဘဲ စိတ်စေတသိက် တွေဟာ အားလုံး ဒီအထဲမှာ အကျုံးဝင်လာပြီ။

ယခု တင်ဆက်ပြီးပြလိုက်တာက ခန္ဓာကိုယ်ကြီးမှာ ထောက်ပံ့နေတဲ့ အာဟာရ ၄-မျိုး, မီးဓာတ် ၄-ပါးတို့အနေနဲ့ ကျေးဇူးပြုနေပုံပါ၊ အနုပ်စကား ပြောမယ်၊ အာနာပါနမှာ နိမိတ်ထင်လွယ်တယ် ဆိုဘာ အကြည်ဓာတ် ၆-ပါးမှာ ပရိပါ့စက မီးဓာတ် တောက်လာမှ ထင်လွယ်မြင်လွယ်ပါတယ်၊ ဒါ့ကြောင့် အားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ ညနေပိုင်းမှာ ကြမ်းတမ်းသော အစားအစာတွေကို မစားဘဲနဲ့ နူးညံ့သော အစားအစာတွေကိုသာ စားသောက်ပေးရပါတယ်။

ဘာ့ကြောင့် ကြမ်းတမ်းသောအစားအစာတွေကို မစားရပါသလဲဆိုရင် ကြမ်းတမ်းသောအစားအစာကို စားလိုက်တဲ့ အခါမှာ ပရိပါစက မီးဓာတ်ကနေ ချက်နေတာ ဖြစ်ခြင်းကြောင့် ဒီမီးဓာတ်ဟာ အကြည်ဓာတ်တို့ကို သိပ်အားမပေးနိုင်ပါ၊ နူးညံ့တဲ့ အစားအစာကျတော့ ခဏနဲ့ဘဲ ကြေညက်သွားနိုင်ပါတယ်၊ ဒါ့ကြောင့် ကြမ်းတမ်းသော အစားအစာဘော့ကို ရှောင်နိုင်သမျှ ရှောင်ရပါတယ်၊ ဒါမှ အာနာပါနကြီးကို အားထုတ် လာနိုင်ပါတယ်၊ အဲဒါ အကြည်ဓါတ်ကို အားပေးတဲ့ ပရိပါစက

မီးခတ်ကို အားကောင်းစေတတ်တဲ့ အစာ အာဟာရကို သုံးဆောင် မှီစဲပေးရပါတယ်၊ ဒါမှ ပရိပါစကအားတွေ ညီညွှတ်ပြီး သူက အာရုံကိုဖမ်းနိုင်တဲ့အတွက် အာရုံဟာ ထင်လွယ်မြင်လွယ်ပါတယ်။

ဒီတော့ အာနာပါနကို အားထုတ်သော်လဲ အာရုံနိမိတ် မထင်တဲ့သူဟာ "စိတ်ဝိတက်များနေတဲ့သူ, နောက်အကြည်ခတ်တွေမှာ ပရိပါစက မီးခတ် မမျှတ မညီညွှတ်တဲ့သူ" ဒီလိုပုဂ္ဂိုလ်တွေဟာ အာရုံနိမိတ်ထင်ခဲပါတယ်၊ (၀၊)လုပ်လို့မရပါ၊ ကိုင်း ဒီတော့ ယခုထုတ်ပြလားတဲ့ သဘာဝအာဟာရ အကြောင်း ၄-ပါးကိုမြင်သွားရင်ဘဲ အာနာပါနကိုအားထုတ်လို့လွယ်သွားပြီ။

ဒီတော့ ကဗဠိကာရ အာဟာရဖြစ်တဲ့အကြည်ခတ် ၆-ပါးမှာ ပရိပါစက မီးခတ်ရှိတယ်၊ဒီမီးခတ်ဟာ သြဇာအာဟာရအနေနဲ့ အကြည်ခတ်တွေမှာကိုရှိနေတယ်၊ ကိုင်း နာမ်တရားကို ရှာစမ်းပါ၊ ဒီနေရာမှာ မြင်သွားရင်ဘဲ ဣသိရနိမ္မာန ဒီဋ္ဌိကြီးက ကျွတ်သွားမယ်၊ (၀၊) တန်ခိုးရှင်ကြီးတွေဖန်ဆင်းတဲ့အယူကြီးကို ဒီနေရာကနေပြီးတော့ ပယ်ထုတ်နိုင်လာပြီ။

ဒီတော့ ကဿပဘုရားရှင် လက်ထက်တော် အခါက ဃဋ္ဌိကာရ အိုးထိန်းသည်နဲ့ ရှင်ဂေါတမအလောင်းတော် မိတ်ဆွေရဟန်း၏ ဆွမ်း, ဆွမ်းဟင်း ဇွတ်အလှူခံယူပုံ၊ တဲကိုအကုန်ဖျက်ပြီး ကျောင်းဆောက်ပုံ၊ ဃဋ္ဌိကာရအိုးထိန်းသည်၏ သဒ္ဓါဟာရားမချို့ဘဲ ပီတိတွေဖြစ်လာတာတွေ ကပ္ပဋ္ဌိတိ အနေနဲ့ ၎င်းနေရာတွင် မိုးယိုးပေါက်မကျ လေမခတ် ကပ္ပာတည်သရွေ့တည်မြဲပုံဟာ မြတ်ဘုရားကဖန်ဆင်းတာလား၊ တန်ခိုးရှင်ကြီးတွေကကော ဖန်ဆင်းနိုင်မှာလား၊ ကံအကြောင်းကိုကောင်းကောင်းကြီးမြင်လာ

ရင်ဘဲ ဒီတော့သတ္တဝါတွေဟာ ကံအတိုင်း ခံစားနေကြရတယ်၊ စံစားနေကြရပါတယ်၊ ဒီလိုကံကိုမြင်စေလို၍ ဘုရားရှင်ကတန်ခိုးဖြင့် မဖန်ဆင်းတာပါ၊ ဒါကိုမြင်ရင်ဘဲ ဣဿရနိမ္မာန ဒိဋ္ဌိကြီးက ကျွတ်သွားမယ်။

ဒီတော့ရင် ဒီဣဿရနိမ္မာန ဒိဋ္ဌိကိုပြုတ်ချင်ရင် နာမ်တရားကို တွေ့အောင် ရှာရတော့မယ်၊ ရှာလို့တွေ့လာရင် ဒီဒိဋ္ဌိတွေဟာ လဲ ပယ်လာမယ်၊နောက်နိယတမိစ္ဆာဒိဋ္ဌိတွေကိုပါပယ်လာတော့မယ်၊ ဒါ့ကြောင့် ဒီနေရာမှာ နာမ်တရားကိုရှာရတော့မယ်၊ ရှာလို့တွေ့ရင် ဒီတွေ့တဲ့သဘာဝကိုလဲ ပယ်လိုက်ရော ဣဿရနိမ္မာန ဒိဋ္ဌိ, နိယတမိစ္ဆာဒိဋ္ဌိကြီးတွေဟာ ကျွတ်သွားမယ်၊ ဒီဒိဋ္ဌိတွေကို ယခုဘဝမှာ မယူသော်လဲ နောက်ဘဝတွေကြရင် မယူဘူးလို့ ပြောနိုင်သလား၊ မပြောနိုင်ပါ၊ ယူလျှင် အပါယ် ၄-ပါးသို့ကျဉ်းမှာဘဲ၊ ဒီတော့မှတ်ထားဘို့က ဘုရားရှင် မပွင့်တဲ့အခါမှာ ဒီဣဿရနိမ္မာနဒိဋ္ဌိ,နိယတမိစ္ဆာဒိဋ္ဌိတို့အုပ်စိုးတဲ့အခါမှာ ဒါကို သေသေချာချာမှတ်ထားပါ၊ ပိဋကတ်တော်ကို ဖတ်လာမှ ဒီသဘာဝတွေကို တွေ့လာမယ်။

ဒီတော့ သတ္တဝါတွေဟာ ရှင်ဂေါတမသာသနာနဲ့ တွေ့ကြလို့သာ ကုသိုလ်,အကုသိုလ် အနေနဲ့ဆိုပြီးပြောနေကြလို့ သက်သာနေတာပါ၊ ရှင်ဂေါတမသာသနာ မရှိတာနဲ့ တခါထဲ ဒီ-ဒိဋ္ဌိကြီးတွေက အုပ်စိုးလာတော့မယ်၊ ယခုဒီနေရာက ရူပ်နာမ်ကိုတွေ့လိုက်ရင်ဘဲ ဒီရူပ်နာမ်မှတပါး ဘယ်ရူပ်နာမ်မှ မရှိတော့ဘူး ဆိုတာကို တွေ့လာတော့မယ်၊ ဒီတော့မှ သံသရာကြီးမှာ အလယ်ရပ်တော့မယ်၊ ကိုင်း...ဒီတော့အာဟာရ ၄-ပါးမှာ...

၁–ကဗဠိကာရ အာဟာရက အကြည်ခေတ် ၆-လုံး ပရိပါစကမီးခါတ်၊ ၂–ဖဿအာဟာရကဖ ဿ ၆-လုံး,ဥသမမီးခါတ်၊ ၃–စေတနံ့အာဟာရက စေတနာ ၆-လုံး(ဝါ)သညာ ၆-လုံး သန္ဓပ္ပနမီးခေတ်၊ ၄–နောက်ဝိညာဏ် အာဟာရက ဂိညာဏ်ကြီး ဒဟမီးခေတ်ပါ။

ဒီဟာတွေဟာ ဒီဥတုဇ ပုံဘလောက်ကြီးမှာ လှည့်ပတ်ပြီး ထောက်ပံ့နေကြတယ်၊ ဒီလိုအာဟာရ ၄-ပါးကမှ မလှည့်ပတ် မထောက်ပံ့နိုင်ရင် ဒီခန္ဓာကောင်ကြီးဟာ တခါထဲ ဗိုင်းဗုံင်းလဲ တော့မှာဘဲ၊ ဒါကိုမြင်အောင်ရှုပါ၊ အဲဒါကြောင့်ရုပ်လောကကို ရှာလိုက်တော့ ပစ္စုပ္ပန္နဘဝနဲ့သာလာတွေ့တယ်၊ အခုနာမ် တရားကိုရှာတော့မယ်၊ ဒီတော့သဘာဝအာဟာရ အကြောင်း ၄-ပါးကို ပြလိုက်ပါပြီ၊ ဒီသဘာဝတွေကို မြင်လာရင်ဘဲ နာမ်လောကကို မြင်နိုင်လာပြီ၊ ဒါကြောင့် နာမ်လောကကို ရှာရတော့မယ်။

ညဟောစဉ်။

"တိကွမ္ဘာသ၊ ဇဝနဂမ္ဘီ၊ ဥာဏ်လေးလိုဖြင့်၊ အခွံကိုခွါ၊ အကာကိုရှား၊ အသားကိုချေ၊အနှစ်ကိုတေနိုင်မှ၊ သဘာဝအနုတ္တ ဥာဏ် ထင်မြင်နိုင်သည်၏ အဖြစ်ကိုဂင်း" လို့ ရှေးကပုဂ္ဂိုလ်ကြီးများ ဆုံးမခဲ့သည့်အတိုင်း ပဋ္ဌမရုပ် လောကကြီးကို ရှာဖွေလာတာဟာ (၁၅)ရက်တိတိမှာကို တရားဥက္ခောင်းကျခဲ့ပါပြီ၊ ယခုနာမ်လောကကို ရှာရတော့မယ်၊ ဒီတော့နဲ့အမ ရူပ ပရိစ္ဆေဒ ဥာဏ်နဲ့ ပစ္စယပရိဂ္ဂဟဥာဏ် ၂-ပါးဟာ အခြေခံဖြစ်တဲ့အတွက် ဒီဥာဏ် ၂-ပါးဟာ ခြေထောက်နဲ့တူပါတယ်၊ ဒီဥာဏ် ၂-ပါးကိုရသွားရင်ဘဲ မိမိသွားလိုရာကို သွားနိုင်ပြီလို့ ဝိသုဒ္ဓိမဂ်ကြီးက ပြလာပါတယ်။

ယခု ပြလာခဲ့တဲ့ (၁၅)ရက်မှာကို နာမရူပပရိစ္ဆေဒ ဥာဏ်ရဲ့ လုပ်ငန်းစဉ်ဟာ ပြီးဆုံးသွားပါပြီ၊ အဲဒီကလွှက ရုပ်တရားကို အခြေခံထားပြီး ခွဲစိတ်လာတဲ့ ကလွှပါ၊ ယခုပစ္စယပရိဂ္ဂဟဥာဏ်ကျတော့ နာမ်တရားကို အခြေခံထားပြီး (၀၊)အဦးပြုပြီးတော့ ခွဲစိတ်ရဘော့မယ်၊ ဒီတော့ပစ္စယပရိဂ္ဂဟဥာဏ်ဆိုတာအကြောင်းတရားတွေကို သိမ်းဆည်းတဲ့ဥာဏ်ပါ၊ ဥပမာ နောက်ကပြောလာခဲ့တဲ့ရုပ်လောကကြီးမှာ အဲဒီရုပ်လောကကြီးဟာ ဘယ်သူ့ကြောင့် ဖြစ်လာသလဲဆိုရင် အကြောင်းတရား ၄-ပါးကြောင့် ဖြစ်လာတာပါ၊ ဒီတော့ ရုပ်လောကကြီးကို ဖြစ်စေနိုင်တဲ့ နီးသော အကြောင်းတွေကို ဝေဘန်သိမ်းဆည်းရတဲ့ဥာဏ်ပါ။

ယခု ပစ္စယပရိဂ္ဂဟဥာဏ်ရဲ့ ဝေဘန်ချက်ကို သဘောပိုင်သွားရင်ဘဲ နောက်ကို ဆရာ့ထံမှာ မကပ်သော်လဲ မိမိရဲ့ဥာဏ်အား

ပါရမီအားတွေနဲ့ဘဲ တက်သွားနိုင်ပြီ၊ ယခုပြရမှာက အာဟာရ အကြောင်းကိုအမှုးထားပြီး ဒီကထွက်လာတဲ့ ရူပ်နာမ် လောက ကို တင်ဆက်ပြရမှာပါ၊ဥတုဆိုတဲ့ အကြောင်းတရားကို မူထားပြီး တော့ ရူပ်လောကတုံးကပြခဲ့ပါပြီ၊ ယခုဒီဥာဏ်မှာ အာဟာရဆိုတဲ့ အကြောင်းတရားကို မူထား၊ပြီး နာမ်တရားကို ရှာရပါတော့ မယ်၊ ကိုင်း...ယခုအာဟာရဆိုတဲ့ အကြောင်းတရားကို ခွဲစိတ်ရ တော့မယ်၊ ရူပ်နဲ့ နာမ်နှစ်ခုမှာ နာမ်ကို ဦးစား ပြုပြီး ဝေဘန် ပါမယ်။

ကိုင်း _ဒီတော့(၁၅)ရက် နာကြားခဲ့တဲ့တရားမှာ ရူပ်ဆိုတာ ပစ္စုပ္ပန်ဆတ်ဆတ် ပေါ်သဘောလေးက ရူပ်ပါ၊ မာတယ်,ပူတယ် လို့ ပြောနေတာက သညာဝိညာဏ်နယ်မှာ ပြောနေတာပါ၊ ယခု နာမရူပ ပရိစ္ဆေဒ ဥာဏ်ရဲ့ လုပ်ငန်းစဉ်နဲ့ ဝေဘန်ပြီး တရားဥကွောင်း ချလိုက်ရော အဲဒါ သညာဝိညာဏ် နယ်မှာ မပေါ်နိုင်တော့ဘဲ ပညာနယ်အနေနဲ့ ပစ္စုန်ဆတ်ဆတ် ပေါ် သဘောလေးမျှသာ ရှိတော့တယ်ဆိုပြီးတော့ ရူပ်လောကကြီးကို တရားဥကွောင်း ချခဲ့ပါပြီ၊ ဒါကို ထပ်ပြီးတော့နှိုက်ပြအုံးမယ်။

ဒီရူပ်သဘောဖြစ်တဲ့ ပစ္စုပ္ပန်ဆတ်ဆတ် ပေါ်သဘောလေး ဟာ ဘာ့ကြောင့် ပေါ်နေသေးတာလဲ၊ ဒီဟာ ပေါ်နေသေး သမျှ ဒုက္ခသစ္စာနယ်ထဲက မလွတ်သေးပါ၊ ၎င်းနယ်ထဲက မလွတ် သေးရင် သမုဒယသစ္စာ နယ်ကြီး ပေါ်လာပြီးတော့ တနေ့ သံသရာကြီးကိုပတ်လိမ့်အုံးမယ်၊ နောက်ဆုံးမှာ သခ်ာတလောက ကြီးမှာ ဘယ်အနေနဲ့ဘဲရှိရှိ (၀၊)ဘာသဘောဘဲရှိရှိ ဒုက္ခသစ္စာ နယ်ထဲမှာရှိတဲ့ တရားလို့သာ ယူလိုက်ပါ၊ (၀၊) ယူရပါတယ်၊ ဒုက္ခသစ္စာနယ်ထဲမှာရှိနေသေးရင် "ခြောက်ပါးဝိညာဉ်၊ သိထင်

မြင်နှင့်၊ သုံးအင်ကမ္မ၊ပြုသမျှသည်၊ ဒုက္ခသမုဒယာ၊ဖြစ်လေရာ၏၊ ပညာသိမှ၊ ဒွါရသုံးခု၊ ပြုပြုသမျှ၊ မဂ္ဂသစ္စာ၊ နိုရောဓါကျ၊ ဖြစ်လာရသည်၊ မြင်ကြအမျှား မှန်လေးပါး ” ဒီလို ပြလာပါတယ်။

ကိုင်း....ထပ်ပြပြီး နှိုက်ကြည့်စို့၊ သညာဝိညာဏ်ကင်းဆိတ်တဲ့ ရုပ်သဘောလေးဟာ ပစ္စုပ္ပန်ဆတ်ဆတ် ပေါ်သဘောလေးပါ၊ ဒါဖြင့် ဒီပစ္စုပ္ပန်ပေါ်သဘောလေးဟာ ဘယ်သူ့အတွက်ကြောင့် ပေါ်နေရတာလဲလို့ဆိုရင် နာမ်တရားကြောင့် ပေါ်နေတာဘဲ မဟုတ်လား၊ ဒါဖြင့် ဒီနာမ်တရားလေးကို ဆွဲထုတ်ပြစမ်းပါလို့ မေးရင် ဘယ်လိုပြောမလဲ၊ အဲဒီတော့ ဒီရုပ်လောကဟာ ဒုက္ခသစ္စာ နယ်ထဲက မလွှတ်သေးပါ၊ မလွှတ်သေးရင် သမုဒယသစ္စာ ဖြစ်လာတော့မှာဘဲ မဟုတ်လား၊ ဒါ့ကြောင့် သခ်ၻာ လောကကြီးမှာ သည်းဆိတ်သွားမှ ဖြစ်မှာဘဲမဟုတ်လား။

ဒါ့ကြောင့် ဒီပစ္စုပ္ပန်ဆတ်ဆတ် ပေါ်သဘောလေးဟာ ဘယ်သူ့ကြောင့် ပေါ်နေတာလဲလို့ မေးရင် နာမ်သဘောကြောင့် ပေါ်နေတာပါ၊ ဒါ့ကြောင့် ဒီနာမ်တရားကို ရှာရတော့မယ်၊ တောတောင်ရေမြေ လူနတ်ဗြဟ္မာ သတ္တဝါတွေရဲ့ အပေါ်မှာ ပစ္စုပ္ပန်ဆတ်ဆတ် အနတ္တဓာတ် ပေါ်သဘောလေးတွေ အနေနဲ့ မြင်လာပြီ၊ ဒီတော့ ပဋ္ဌိသန္ဓေနေရတဲ့ သဘာဝကို မြင်လာရင်ဘဲ အနတ္တဓာတ်ကိုသူမြင်လာတော့မယ်၊ ဒီလိုမြင်လာရင်ဘဲ ပစ္စုပ္ပန်ဆတ်ဆတ် ပေါ်သဘောလေးဟာ နာမ်လောကကြောင့် ဖြစ်လာတာဖြစ်ခြင်းကြောင့် နာမ်လောကကိုရှာရတော့မယ်၊ဒါဟာ ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ လုပ်ငန်းစဉ်ပါ။

ဒီတော့ ရုပ်လောကရဲ့ ရေသောက်မြစ်ဟာ ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့နာမ်လောကမှာရှိပါ့တယ်၊ ဒီနာမ်လောကကို အာဟာရ

အကြောင်းကနေပြီးတော့ ရှာဇတ္တလာမှ ဒီရပ်တရားနဲ့ နာမ်တရားတို့ရဲ့ ရေသောက်မြစ်အနေနဲ့ သမ္မသနဉာဏ်မှာ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးကို လာဇတ္တမယ်၊ သူတို့ရဲ့ ရေသောက်မြစ်ကို တခါထပ်ရှာရင် နောက်ဆုံးမှာ အတ္တ ဒိဋ္ဌိကိုလာတွေ့မယ်၊ ဒီကနေပြီးတော့မှ သာရ ၄-လုံးကို လာတွေ့မယ်၊ ဒီသာရ ၄-လုံးကို အနတ္တနဲ့လဲ သိမ်းလိုက်ရော ရူပ်တရား, နာမ်တရားတို့ရဲ့ ရေသောက်မြစ်တွေ ပြတ်ပြီးတော့ ဇေယျာပန်အဆင့်ကို ရောက်သွားမယ်။

ကိုင်း. ဦးတော့ယးခုဟောလားတဲ့ ၁၅ ရက်မှာရပ်လေးကိုတွေ့ပြီလား၊ (၀၊) ပရမတ်ရူပ်ကိုတွေ့ပြီလား၊ တွေ့ရင် ယခုနာမ်လေးကို ၄-၅-ရက်လောက် ရှာရတော့မယ်၊ ဒါ့ကြောင့် "နှစ်ဖြာနာမ်ရပ်၊မချုပ်သမျှ၊ မရနိုင်ဘာန်" လို့ ဆိုထားတဲ့အတိုင်း ယခုဒီနေရာမှာ ရပ်နဲ့နာမ်ကို အပိုင်လက်ညှိုးထိုးပြီး ပြနိုင်ရမယ်၊အဲဒီကနေသမ္မသနဉာဏ်ကိုလဲ တက်လိုက်ရော ရပ်တရားတွေရဲ့ ပုန်းအောင်းရာဖြစ်တဲ့ နိမိတ်(၁၁)ချက်ကိုလာ တွေ့မယ်၊ အဲဒီ (၁၁) ချက်ကိုလဲ ဖြုတ်ချလိုက်ရော ရေသောက်မြစ်ဖြစ်တဲ့ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတွေကို လာတွေ့မယ်။

ဒါက်ဘုရားရှင်က သဿတဒိဋ္ဌိ လက္ခဏာလမ်း,ဥစ္ဆေဒဒိဋ္ဌိ လက်ငဲလမ်းဆုံပြီးတော့လဲ ချလိုက်ရော၊ သူတို့ရဲ့ရေသောက်မြစ်ဖြစ်တဲ့ အတ္တဒိဋ္ဌိကြီးကို လာတွေ့တော့မယ်၊ ဒီကနေ သာရ ၄ လုံးကို ရှာပြီးတော့မှ အဲဒါ နောက်ဆုံးမဂ္ဂင် ၈-ပါး ယာဉ်ကြီးကိုစီးပြီးတော့ သွားနိုင်တော့မယ်၊ ဒီလို တခုကိုတွေ့ရင် ထပ်ထင်ပြီး စစ်သွားမှ ရှေ့ကို တဖြေးဖြေးနဲ့ တက်သွားယေ်၊ ဒုါကို သုဒ္ဓိဝိပဿကယာနိကလမ်းလို့ ခေါ်တယ်၊ (၀၊ ဝိပဿနာယာနိကလမ်းလို့လဲခေါ်တယ်။

သမထယာနိက လမ်းဟာ မရှိတော့ပါ၊ ယခု ရှင်ဂေါတမ ဘုရားရှင်ရဲ့ သာသနာတော်မှာ ဒီဝိပဿနာ ယာနိက လမ်းသာ လျှင် ရှိပါတော့တယ်၊ ယခု ဘရားတက်ပုံကို သဘာဝဥာဏ်ဖြင့် တွေ့အောင် တင်ဆက်ပြီးတော့ ပြလိုက်ပါပြီ၊ ကိုင်း... ဒီတော့ ရူပ်သဘောဖြစ်တဲ့ ပစ္စုပ္ပန်ဆတ်ဆတ် ပေါ် သဘောလေးဟာ ဘယ်သူ့ကြောင့် ဖြစ်တာလဲလို့ ဆိုရင် နာမ်ဘရား သဘော ကြောင့် ဖြစ်လာတာပါ၊ (၀၊) ဥာဏ်အကြောင်းကြောင့်ဖြစ်တဲ့ ရူပ်သဘောလေးဟာ ဘယ်သဘောက ပေါ်လာတာလဲလို့ ဆိုရင်ဘဲ သဘာဝ အာဟာရအကြောင်း ၄-ချက် သဘော ဖြစ်တဲ့ နာမ်လောက, ကပေါ်လာတာပါ။

ဒီတော့ ဒီသဘာဝ အာဟာရအကြောင်း ၄-ချက် ဖြစ်တဲ့ နာမ်လောကကြီးကိုရှာရတော့မယ်၊ ဒီနာမ်လောကရှာမဲ့ ပုဂ္ဂိုလ်ဟာ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ ပစ္စုပ္ပန်ဆတ်ဆတ်လေး အနေနဲ့ ပေါ်ထွက်နေတာဟာ ဘယ်သူ့ဘွဲ့လဲလို့ ဆိုတာကို ရှာပြရမယ်၊ ယခု ဌတ်ဘုတ် ထိုင်နေဘဲ့ ခန္ဓာကောင်ကြီးကိုလဲ ပစ္စုပ္ပန်လို့ ခေါ်သော်လဲ သူက သမ္ဘဝဃနကြီးကို ချေတုံးက ပါသွားတဲ့ အတွက် သူ့ကိုမယူပါနဲ့တော့ ပယ်ပစ်လိုက်ပါ၊ ဒီတော့ ပစ္စုပ္ပန်ဆတ်ဆတ် အနေနဲ့ ရှိတာဟာ အကြည်ဓာတ် ၆-ပါးပါ၊ ဒီအကြည်ဓာတ်လေးတွေဟာ ဟိုဘဝထိအောင် လိုက်နိုင်တယ်။

ဒီတော့ အဂ္ဂိယပေါက်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ထွက်တဲ့အခါမှာ အသေသွက်, အရှင်ထွက် ဆိုပြီးတော့ ၂ မျိုးရှိတယ်၊ ဒီတော့ အသေသွက်ဘဲ့ အခါမှာ ဒီသဘာဝမှာရှိနေတဲ့ အကြည်ဓာတ် ဖြစ်တဲ့ မီးဓာတ်လေးတွေကို ယူသွားကြတယ် အဲဒီလို ယူသွားနိုင်တဲ့အတွက် ဟိုဘက်ဘဝမှာကို ခန္ဓာအိမ်ကြီးလဲဆောက်လိုက်

ရော ဒီအကြည်ဓာတ် အားတော့ပါနေတဲ့ အတွက်ကြောင့် အဲဒါ တကမ္ဘာပတ်လုံးသော်၎င်း တကမ္ဘာထက်ဝက်သော်၎င်း အသက်ရှည် နိုင်လာတယ်၊ ဒါကြောင့် အင်း, ဆေး, မြေ့, စမ, ဂါထာ, မန္တန်စသည့် ပညာရပ်တွေကိုလဲ ဒီအနေနဲ့ မြင်အောင်ကြည့်ရပါတယ်။

ကိုင်း... ဒီတော့ပစ္စုပ္ပန်ဆတ်ဆတ်ဆိုတာ ဒီအကြည်ဓာတ် ၆-ပါးသော ပသာဒရုပ်တွေပါ၊ ဒီ ၆-ပါးသော ရုပ်တွေမှာကို အမြုတေမီးဓာတ်လေးတွေရှိနေတယ်၊ ဒါကိုဓာတ်ခွဲရင် ဒီဂရီ "၅၀၀"အားရှိပါတယ်၊ ဒီလိုပညာမြင် ဥဒယဗ္ဗယ ညာဏ်ကနေတော့ ဓာတ်မှတ်ချက်တွေထုတ်လာရပါတယ်၊ပညာမြင်ဥဒယဗ္ဗယ ဉာဏ်ကြီးကို ပိုင်သွားရင်ဘဲ မီးဓာတ်ဒီဂရီတွေဟာ အားကောင်းလာတယ်၊ ဒီတော့ တရားပိုင်,မပိုင်ဆိုတာကို မီးဓာတ်တွေက ထောက်ခံနေတယ်၊ (၀၊) သက်သေခံလာပါတယ်၊ ကိုင်း...နေ့ခင်းကဟောတဲ့တရားထဲကို ဝင်လာပြီ။

ဒီတော့ ပစ္စုပ္ပန်ဆတ်ဆတ်အနေနဲ့ ရှိတာဟာ အကြည်ဓာတ် ၆-ပါးပါ၊ ဒါကိုရှာပြမယ်၊ သဘာဝ အာဟာရ အကြောင်း ၄-ချက်ဆိုတာ ပစ္စုပ္ပန်ဆတ်ဆတ် အကြည်ဓာတ်လေးကေ့ ပွင့်နေတာပါ၊ ဒီလိုပွင့်နေတာဟာ သဘာဝ အာဟာရအကြောင်း ၄-ချက်ပါ၊ ဥတုအကြောင်းကို ယူလို့မရတော့ပါ၊ ကိုင်းသဘာဝ အာဟာရအကြောင်း ၄=ချက်ကို ရှာပြမယ်၊အာဟာရကို ဘုရားရှင်က ဘယ်လိုဟောလာသလဲလို့ ဆိုရင် "စတ္တာရော အာဟာရာ ကဗဠိကာရော အာဟာရော ဖဿော ဒုတိယော မနောသဉ္စေတနာ တတိယာ ဝိညာဏံ စတုတ္ထံ" လို့ ဟောလာတဲ့အတိုင်း ၁။ ကဗဠိကာရ အာဟာရ၊ ၂။ ဖဿ အာဟာရ၊ ၃။ စေတနာအာဟာရ၊ ၄။ ဝိညာဏအာဟာရ–ဒီ ၄-ပါးပါ။

ကိုင်း....ဒါကိုထပ်ဖွင့်ပြအုံးမယ်၊ ကဗဒ္ဓိကာရ အာဟာရဆိုတာ နေ့စဉ်စားသောက်နေတဲ့အစားအသောက်အာဟာရတွေကို ခေါ်တယ်၊ဒီအစားအစာတွေကို စားသောက်လိုက်လို့ ဝမ်းထဲကိုလဲရောက်သွားတယ်ဆိုတာနဲ့ ပရိပါစကမီးဓာတ်ကချေချက်လာတယ်၊ ဒီမီးဓာတ်က တပုံလောင်မြိုက်လိုက်တယ်၊ နောက်ပိုးမျိုး "၇၀"က တပုံစားလိုက်တယ်၊ ကျင်ကြီးဘက်ကို သွားတာက တပုံ၊ ကျင်ငယ်ဘက်ကိုသွားတာကတပုံ၊ ၄-ပုံ ကုန်သွားပြီ၊ကျန်တဲ့ တပုံကို သြဇာအာဟာရလို့ခေါ်တယ်။

ဒီသြဇာအာဟာရဟာ ခန္ဓာကိုယ်ကြီးထဲမှာ ပဋ္ဌမသွေးအားကို အားပေးတယ်၊ နောက် သည်းခြေ,လေ,သလိပ်, အပုပ်ဆိုတဲ့ ၅-ဌာနကိုအားပေးတယ် အဲဒါကိုဘဲ" ဘောပသာဒ၊လောဟိတ ဇီဝသည်းခြေသုက်။ ကိုယ်လုံးနှံ့ဖြာ၊ တည်လေရာ၊ ကျမ်းလာ အမှန်ဟုတ် " လို့ ရှေးက ပညာရှိကြီးများက ပြောဆိုလာပါသေးတယ်၊ဒီလိုလဲအားပေးလာရော ရသာယန ခေါ်တဲ့အကြောပေါင်း "၂၀၀၀" ကနေပြီးတော့ အကြည်ဓာတ် ၆ ပါးတွေမှာ သဘာဝအာဟာရ အကြောင်းတချက် အနေနဲ့ အားပေးလာတယ်၊ (ဝါ)ထောက်ပံ့လာတယ်။

ဒီတော့ အကြည်ဓာတ်လေးတွေမှာ အာရုံနဲ့ တွေ့ချင်တဲ့ (ဝါ)မြင်ချင်တဲ့ ဗျာပါရလေးတွေ ဖြစ်လာတယ်၊ ဒါဟာ သြဇာအာဟာရကနေပြီးတော့ ထောက်ပံ့လာတာပါ၊ ဒါကို ကဗဒ္ဓိကာရ အာဟာရလို့ခေါ်တယ်၊ ကိုင်း ဒီလိုသြဇာအာဟာရက ထောက်ပံ့လိုက်တော့ရင် အကြည်ဓာတ်တွေမှာ အာရုံနဲ့ ဆက်ချင်တဲ့ ဗျာပါရတွေဟာ ပရိပါစက မီးဓာတ်ကလှုပ်ဆော်လိုက်

တဲ့အဘွက် အာရုံလေးဘွေကို ရှာလာတယ်၊ ဒီလို ရှာပြီးတော့ အာရုံနဲ့ လဲဆုံလိုက်ရော အဲဒါဟာ ဖဿ ဖြစ်လာတယ်၊ ဒါဟာ အဆင်းနဲ့ အကြည် ၂-ပါး အဘူပေါင်းလိုက်ဘာကိုခေါ်တယ်။

အဲဒါ စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ ''ဆိုပြီး ဖဿ ၆-လုံးဖြစ်လာတယ်၊ (၀ါ)ထွက်လာတယ်၊ ဒါဟာအဆင်းနဲ့ အကြည်ဆုံတဲ့ ဗျာပါရလေးဘွေဖြစ်ခြင်းကြောင့် (၀ါ) အဲဒါ အကြည်ဓာတ် ၆-ပါးနဲ့ အာရုံ ၆-ပါးနဲ့ ပေါင်းဆုံလိုက်တဲ့ ဗျာပါရလေးတွေ ဖြစ်ခြင်းကြောင့် ဒီဖဿကို ရုပ်သဘောလေးအနေနဲ့ ယူထားပါအုံး၊ ဒါကို ဖဿအာဟာရလို့ ခေါ်တယ်၊ ကိုင်း... ဒီအာဟာရအကြောင်း ၂ ချက်ဟာ ရုပ်သဘောက နေပြီး ထွက်လာတဲ့ အကြောင်းတရားပါ၊ ဒါဟာ အာဟာရ မီးဓာတ်ကနေပြီးတော့ ထွက်လာတဲ့ ရုပ်တရားပါ။

ဒီတော့ လာဘ်ရေပုံကို ထုထောင်း ခွဲပြီးတော့ ရှုလာတဲ့ အခါမှာ ပဒ္ဓုပွန်ဆတ်ဆတ် ပေါ်သဘောလေး အနေနဲ့ ပြောလာတာဟာ ဘာ့ကြောင့် ပေါ်လာရသလဲလို့ ဆိုတာကို လိုက်ရှာလိုက်ရင် ယခု ဒီကဗဋ္ဌ ကာရ အာဟာရနဲ့ ဖဿအာဟာရတို့ကြောင့် ပေါ်လာတာပါ၊ (၀ါ) ထွက်လာရတာပါ၊ ဒီဟာက ရုပ်ဘက်ကနေပြီး ထောက်ပံ့နေတာပါ၊ ဒီတော့ သဘာ၀ အာဟာရအကြောင်း ၄-ပါးကိုတကယ်မြင်လာရင်ဘဲ ဣဿရ နိမ္မာန ဒိဋ္ဌိကြီးဘွေကျတ်သွားတော့မယ်၊ ဒီတော့ ဣဿရ နိမ္မာနဒိဋ္ဌိဆိုတာ ရုပ်ဘရား, နာမ်တရားတွေအပေါ်မှာကို (၀ါ)လူကောင်, နတ်ကောင်ဘွေကို ဖန်ဆင်းထားတာပါလို့ ယူတဲ့ အစွဲမျိုးကို သာယူပါ။

သမာပတ် ၇-ပါး၊ အဘိညာဏ် ၆-ပါးတွေ့ စတဲ့ဘန်ခိုးဘွဲ့ ရနေတာကို သွားမယူပါနဲ့၊ ဒါကို သတိချပ်ပါ။ ဒီဒီဌိတွေ့သာ မဟုတ်တော့ဘဲ နိယတမိစ္ဆာဒိဌိဖြစ်တဲ့ အဟေတုကဒိဌိ, နတ္ထိက ဒိဌိ, အကြိယဒိဌိဆိုတဲ့ ဒိဌိတွေ့ကိုပါ ကျွတ်သွားမယ်၊ နောက် ဝိသမဟေတုကဒိဌိကြီးပါ ကျွတ်သွားတော့မယ်၊ ဒီတော့မှ ယုံမှားခြင်း ၇-ပါးတို့ကိုလဲ ပယ်လိမ့်အုံးမယ်၊ ယုံမှားခြင်း ကင်းသွားရင် ဘုရားစစ်, တရားစစ်, သံဃာစစ်ကိုတွေ့မယ်။

ဒီတော့ ယခု ဗုဒ္ဓဘာသာ လုပ်နေသော်လဲ ဝိသမဟေတုက ဒိဌိကြီးနဲ့ဘဲ ကိုးကွယ်မှုကြီးတွေ့ကို အားထုတ်နေကြတယ်၊ ဒီ သဘာဝတွေ့ကိုပါ ယခုပစ္စယပရိဂ္ဂဟဉာဏ်ကနေပြီးတော့ ဘုရား စစ်, တရားစစ်, သံဃာစစ်ကိုရှာရတော့မယ်၊ ကိုင်း-ယခုသဘာဝ အာဟာရအကြောင်း ၂-ချက်ကို ထုတ်ပြလိုက်ပါပြီ၊ ဒါကိုမှတ် ထားပါအုံး၊ နက်ဖြန်ခါကျမှ ကျန်တဲ့ အကြောင်းတွေ့ကို ထပ် ဟောပါတော့မယ်။

ကိုင်း...သာဓုခေါ်ကြပါတော့။

သာဓု—သာဓု—သာဓု။

ဝါခေါင်လဆန်း ၃-ရက်နေ့ ဟောစဉ်၊

ပုံစံနံပါတ်(၈)

ဒီနေ့ လက်တွေ့အနေနဲ့ တက်ရမယ်၊ မနေ့က ဒေသနာတွေ့အနေနဲ့ တက်ပြခဲ့ပါပြီ၊ ဒီပုံစံကို ၅-ရက်သာလျှင်ဟောလို့ရမယ်၊ ဒီတော့ ရေဓာတ် မြေဓာတ်တို့ဟာ ဥတုအကြောင်း၊ ဒီရေဓာတ် မြေဓာတ်မှာ ပေါက်ရောက်နေတဲ့ သစ်သီး သစ်ရွက်လေးတွေကို အာဟာရ အကြောင်း၊ သတ္တဝါတွေရဲ့ သညာ ဝိညာဏ်စိတ် အစဉ်ကြီးသည် စိတ်အကြောင်း၊ သတ္တဝါတွေ ပြုပြင်ပြောင်းလဲနေတာကို ကံအကြောင်းလို့ မကြာခဏ ပြောခဲ့ပါတယ်၊ဒါဟာ သာသနာပြု ဓာတ်ကြီးအနေနဲ့ ပြောတာပါ၊ ဒီဘာ့ အသီးအရွက်တွေထဲမှာ ဆန် ၁၀တ်ဟာ အရေးကြီးပါတယ်။

ဒါကို ဆရာတော်တို့ အရင်ဖမ်းလာခဲ့ရပါတယ်၊ ကိုင်း အခုရှေ့ပိုင်းမှာ " ရူပ်သည်ငါ၊ငါသည်ရူပ်၊ရူပ်၌ငါရှိ၏၊ငါ၌ရူပ်ရှိ၏ " ဆိုတဲ့ အစဲ့ ၄-ချက်ကို နာမရူပပရိစ္ဆေဒဉာဏ်ရဲ့ လုပ်ငန်းစဉ်ဖြင့် ချေခဲ့ပြီ၊ အဲဒီကနေ ဝိမုတ္တိရသ တချက် ထုတ်ပြလာခဲ့ပြီ၊ အခုပစ္စယပရိဂ္ဂဟဉာဏ်မှာ ဣဿရနိမ္မာနဒိဋ္ဌိကို ဖြုတ်မယ်၊ ဣဿရနိမ္မာနဒိဋ္ဌိဆိုတာ ရူပ်တရား နာမ်တရားတွေကို တန်ခိုးရှင်ကြီးတဲ့က ဖန်ဆင်းထားတာလို့ ယူတဲ့အယူကိုခေါ်တယ် ဒီဒိဋ္ဌိဟာ ယခုသာသနာတော်နဲ့တွေ့တဲ့အတွက် ပျောက်ကွယ်သလောက် မြုပ်နေပါတယ်၊ ဒီတော့ တချို့ ပုဗ္ဗာဇားတွေ အနှစ်အသားအနေနဲ့ ယူထားတဲ့ ကျမ်းစာတွေမှာကိုဘဲ ဒီအစဲ့ကြီးဟာရှိနေတယ်။

နောက်— ဗေဒင်ကျမ်းတွေမှာလဲ ရှိပါတယ်၊ ဘုရားရှင်ရဲ့ သာသနာတော် မရှိတော့ရင် ဒီအစဲ့ အယူတွေကို ယူပြီး အဲ့ဒါ

ဗြဟ္မာ့ဘဝမင်းကြီးတွေကိုဘဲ ကိုးကွယ်လာခဲ့တာ့မယ်၊ ဒါကို ဣဿရ နိမ္မာနဒိဋ္ဌိလို့ ခေါ်တယ်၊ ဒီပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ လုပ်ငန်းစဉ်ကို တွေ့လိုက်ရင် ဒီဒိဋ္ဌိဟာ ပြုတ်ပါတယ်၊ တချို့လူတွေက အဲဒါ စျာန်တရားတွေကို ယုံကြည်ရင် အဘိညာဏ် တန်ခိုးတွေကို ယုံကြည်ရင် ဒီ-ဒိဋ္ဌိထဲ ကျမယ်ဆိုပြီးခရေးလာပါတယ်၊ အဲဒါ စျာန်တရားတွေ, မဂ်တရားတွေမရှိဘူး၊ ငရဲမရှိဘူး၊ နတ်ပြည်မရှိဘူး ဆိုပြီးတော့ ယူလာတယ်၊ ဒါတွေဟာ ဣဿရနိမ္မာနဒိဋ္ဌိ ဖြစ်မှာကြောင့်လို့ အားလုံးကို ပယ်လာတော့တယ်။

ဒီတော့ အမှန်မှာ ဣဿရနိမ္မာနဒိဋ္ဌိဆိုတာ ရူပ်တရား နာမ်တရားတွေကို တန်ခိုးရှင်ကြီးတွေက ဖန်ဆင်းထားတယ်လို့ ယူတဲ့ အယူသာလျှင် ရပါ့တယ်၊ စျာန်အဘိညာဏ်တန်ခိုး ပြာဋိဟာ ဘာမပါ,ပါဘူး၊ ဒါတွေကိုပါ ဣဿရနိမ္မာနဒိဋ္ဌိထဲ ဆွဲထည့်နေရင် အဲဒါ လူနတ်ချမ်းသာတွေ ကင်းဆိတ်ပြီးတော့ အပါယ် ၄ ပါးသို့သာ ကျ ဘုန်ကြွတော့မယ်၊ ဒီအစွဲတွေကို ယခု သာသနာတော်ကြီးမှာ ပယ်ပစ်ပါတော့တယ်၊ ဣဿရနိမ္မာနဒိဋ္ဌိ ဆိုတာ ရူပ်တရား နာမ်တရားကို မမြင်ခဲ့ဘဲ နတ်ဗြဟ္မာတန်ခိုးရှင်ကြီးတွေ ဖန်ဆင်းတယ်လို့ယူတဲ့အယူမျိုးပါ၊ စျာန်ရတယ် အ ဘိညာဏ်ရတယ် ဆိုတာဘေ့ မပါတော့ပါ။

ကိုင်း အခု ရူပ်တရားဟာ ပစ္စုပ္ပန်ဆတ်ဆတ် ပေါ်သကောလေး အနေနဲ့ ရှိတယ် ဆိုတာကို သိလာရင်ဘဲ ဣဿရနိမ္မာနဒိဋ္ဌိကြီးဟာ ပြုတ်သွားပြီ၊ အခုနာမ်တရားကို ရှာရဦးမယ် ဒီတော့ နာမ်တရားရဲ့ ဖြစ်ရာ ဖြစ်ခြောင်းဖြစ်တဲ့ ရေသောက်မြစ်တွေကို တွေ့လာရင်ဘဲ ပစ္စယပရိဂ္ဂဟဉာဏ်ကိုပိုင်ပြီးတော့ ဣဿရနိမ္မာနဒိဋ္ဌိကြီးဟာ ပြုတ်သွားတော့မယ်၊ အခု နာမ်တရားကို ရှာလာ

ဟာဟာ အခုဒေသနာနည်းဆိုရင် အဲဒါ သည်ဝိညာဏ်လောက်သာ ရှိတော့တယ်၊ အခုပစ္စယပရိဂ္ဂဟဉာဏ်က သဘာဝအားဖြင့် ရှိနေတဲ့ နာမ်တရားကိုလက်တွေ့အနေနဲ့ရှာရတော့မယ်၊ ဒေသနာနည်းမှာဆိုရင် " နမတိတိ နာမံ " ဆိုတဲ့ အတိုင်း ပညတ် တင်ထားတဲ့ နာမ်လေးတွေကိုသာ ရှာလို့ ရပါတယ်။

ဒါကို ယခု ပစ္စယပရိဂ္ဂဟဉာဏ်က လက်မခံပါ၊ မောင်းထုတ်လိုက်ပြီ၊ ဒေသနာကိုတတ်ရုံနှင့် ရုပ်နာမ် မြင်ပြီလား၊ ဒေသနာနည်းဟာ အပေါ်ယံလောက်သာ ရှိပါတယ်၊ အခု ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ လုပ်ငန်းစဉ်ကျတော့ အပေါ်ယံတင် ၊မဟုတ်တော့ဘဲ အတွင်းကျအောင် နှိုက်လာပြီ၊ အဲဒါကြောင့် နာမ်တရားကို သဘာဝအားဖြင့် ရှာတော့မယ်ဆိုရင် မိမိရထားတဲ့ သင်္ခြိဟ်စာလေးတွေကို အသာဖယ်ပြီးတော့ လက်တွေ့အနေနဲ့ ခန္ဓာကိုယ်ကြီးထဲမှာ လိုက်ရှာပါ၊ ဒါကိုတွေ့ရင် ဣဿရနိမ္မာနဒိဋ္ဌိကြီးဟာ တခါထဲ ပြုတ်သွားပြီ။

ဒီတော့ သဘာဝနာမ်တရားလောကကြီးကိုမြင်လာမှ ဒီ-အစ္စဲ အယူကြီးတွေဟာ တ ေ ဖြ း ေ ဖြ း အယူစင်ကြယ်လာနိုင်မယ်၊ ဒီတော့မှ ကလျာဏမျက်စေ့ပေါက်မယ်၊ ဒီတော့ သီလဗူကပရာမာသ သံယောဇဉ်ကွေဟာ သောဘာပန်ပယ်တဲ့အထဲမှာ ပါနေတဲ့ အတွက် အခုထဲက အခြေခံအနေနဲ့ ရှင်းလာမှ ရုမှာဘဲမဟုတ်လား။ ဒီတော့ ဓမ္မာစရိယ သံဃာတော် အရှင်မြတ်တွေမှာ စာတွေ့ အဘိဓမ္မာအနေနဲ့ ရှိနေပြီ၊ စာတွေ့ အဘိဓမ္မာကနေ ကိုယ်တွေ့အဘိဓမ္မာသို့ရောက်အောင် အရင်ဝေဘန်ရမယ်။

ဒီ ကိုယ်တွေ့ အဘိဓမ္မာကနေမှ သဘာဝတွေ့ အဘိဓမ္မာသို့ ရောက်အောင် တဆင့်ဝေဘန်လာရမယ်၊သဘာဝတွေ့အဘိဓမ္မာ

ကိုရရင် နာမရူပပရိစ္ဆေဒဉာဏ်နှင့်ပစ္စယပရိဂ္ဂဟဉာဏ်ထဲကို တခါ ထဲဝင်နိုင်လာပြီ၊ ဒီဉာဏ် ၂-ဉာဏ်ကို သဘာဝဉာဏ်အားဖြင့်ပိုင်ရင် ကလျာဏ မျက်စေ့ပေါက်ပြီး ဣဿရ နိမ္မာန ဒိဋ္ဌိကြီးဟာ တခါထဲပြုတ်သွားပြီ၊ ဒီတော့သာသနာတော်ကြီးမှာ သက်သာရာ ရလာပြီ၊ ထောက်ဘည်ရာ ရလာပြီ၊ မြဲသော ဂတိရှိလာပြီ ဆိုပြီးတော့ အကျိုးတရားတွေကို ပြလာပါတယ်။

ဒါ့ကြောင့် ဣဿရနိမ္မာနဒိဋ္ဌိပြုတ်ချင်ရင် ရုပ်နာမ်တရားကို သိအောင်လုပ်ရမယ်၊ ဒီဘာမှ အယူမှားဘွားကို တဖြေးဖြေး ပယ်ဆုတ်နိုင်ပြီး အယူမှန်ကိုယူသွားနိုင်ပြီးတော့မှ " တိဏ္ဏံ၊ သုံးပါးကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပဟာနာယ၊ ပယ်ခြင်းကြောင့်။ ပရိဗ္ဗယာယ၊ ကုန်ခြင်းကြောင့်။နိယတော၊ ဘုရားမြဲပြီ, တရားမြဲပြီ, သံဃာမြဲပြီ။ အဝိနိပါဘဝမှော၊ ၂၉-ပါးသော ကံတရားတွေကဖရိုဖရဲနှင့် ဆဲချင်ရာဆဲမချနိုင်ပြီ၊ သမ္ဘောဓိ ပရာယဏာ၊ အထက်မဂ် အထက်ဖိုလိသို့သာ ဥက္ကောင်းကျပြီ " လို့ ဆိုတဲ့ အကျိုးတရား ၃-ပါး ပေါ်လာခဲ့တာမယ်။

ဒီတော့ ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့လုပ်ငန်းစဉ်ကို မနေ့က ဒေသနာနည်းအနေနဲ့ တင်ဆက်ပြီး ပြလိုက်ပါပြီ၊ ဒီနေ့ လက်တွေ့နည်းအနေနဲ့ တင်ဆက်ပြီး ပြပါမယ်၊ ဒီဉာဏ်ကိုပိုင်ရင် ဣဿရနိမ္မာနဒိဋ္ဌိတွင် မဟုတ်တော့ဘဲ နိယတမိစ္ဆာဒိဋ္ဌိဖြစ်ဘဲ့ အဟေတုကဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိ,အကရိယဒိဋ္ဌိဖြစ်တဲ့ ဂရုကဒိဋ္ဌိကြီးတွေပါကင်းစင်သွားပြီ၊ ဒီနိယတမိစ္ဆာဒိဋ္ဌိက်တွေကိုယူထားတဲ့သူတွေဟာ သေသည်၏ အခြားမဲ့မှာ အပါယ် ၄ ပါးသို့ ကျရောက်ရပါတယ်။

အဲဒါဘယ်တော့မှ လွတ်မလဲဆိုတော့ ဒီအယူမစွန့်သေးသမျှ မလွတ်သေးပါ၊ ဒီအယူကို မစွန့်ဘဲ ကမ္ဘာကြီး ပျက်ခဲ့လို့ ရှိရင်

မပျက်တဲ့ ကမ္ဘာကို ရှေ့ပြောင်းပြီး ခံရမယ်လို့ အဂုံတိုင်ရှိအဋ္ဌ ကထာကြီးတွေနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးတွေက ဝေဘန်ထား ပါတယ်၊ ဒါကို နောက်မှာဲ ရှင်းပြပါတော့မယ်၊ ဒီတော့ နိယတ မိစ္ဆာဒိဋ္ဌိမှာ အဟေတုကဒိဋ္ဌိဆိုတာက အကြောင်းတရား မရှိဘူး လို့ယူတာပါ၊ အဲဒါလောကကြီး တခုလုံးဟာ တန်ခိုးရှင်ကြီး တွေ ဖန်ဆင်းထားတာဘဲလို့ ယူထားတဲ့အယူခတွေပါ။

ဒီလို ယူလာရင် သူ့မှာဘာတွေကို ပယ်လာသလဲ ဆိုတော့ ကုသိုလ်ရော အကုသိုလ်ပါ ပယ်လာတော့တယ်၊ ပယ်တယ် ဆိုတာဟာ ကုသိုလ်ကိုလဲမလုပ်တော့ပါ၊ အကုသိုလ်ကို လုပ်ရင်လဲ ဘာမှ မဖြစ်တော့ပါ၊ အပြစ်မခံရတော့ပါ ဆိုပြီးတော့ ဘာဘဲ ဖြစ်ဖြစ်လုပ်ရဲလာပြီ၊ အဲဒါ ကုသိုလ် - အကုသိုလ် မရှိဘူးလို့ ပယ်လိုက်တာပါ၊ ကောင်းတာကိုလုပ်ရင်လဲ ကောင်းတဲ့ အကျိုး ကို မခံစားရတော့ပါ၊ မကောင်းတာကိုလုပ်ရင်လဲ, မကောင်းတဲ့ အပြစ်ကို မခံရတော့ပါလို့ ယူထားပြီ၊ ဒါကြောင့်....

"သုကရံ ဒုက္ကရံ ကမ္မံ နတ္ထိ"

သုကရံကမ္မံ၊ကောင်းစွာပြုလုပ်အားထုတ်အပ်သော ကုသိုလ် ကံသည်။ နတ္ထိ၊ မရှိ။ ဒုက္ကရံကမ္မံ၊ မကောင်းသဖြင့်ပြုလုပ်အား ထုတ်အပ်သော အကုသိုလ်ကံသည်။ နတ္ထိ၊ မရှိ- ဆိုပြီး ယူလာ တော့တယ်၊ အခုဒီပစ္စယပရိဂ္ဂဟဉာဏ်ကို ပိုင်ရင်ဘဲ ဒီဉာဏ်ပေါ် ကနေပြီးတော့ (ဝါ)တင်ပြီးတော့ ယုံကြည်မှုတွေ ရလာတော့ မယ်၊ အခုတော့ သညာဝိညာဏ်ဖြင့်သာ ယုံကြည်နေတာဖြစ်ခြင်း ကြောင့် တကယ်ယုံကြည်မှုအစစ်ကို မရသေးပါ၊ ယခု ပစ္စယ ပရိဂ္ဂဟဉာဏ်ရဲ့အကြောင်းအကျိုးကိုလဲ သိမ်းလိုက်ရော ယုံကြည်

မှုတွေ့အပေါ်မှာ ပညာဖြင့်သာလျှင် ယုံကြည်လေးတော့မယ်၊ ဒီတော့ အဟေတုက ဒိဋ္ဌိကြီးကိုပယ်နိုင်လေပြီ၊ ဒီလိုပယ်နိုင်လေရင်ဘဲ သံသရာလည်တာဘောင်မှ သံသရာ အဆက်ဆက်မှာကို အထက်တန်းဘဝကနေပြီးတော့ သံသရာလည်နိုင်လေပြီ။

ဘယ်လောက်တောင်တန်ဘိုးရှိသလဲ၊အဲဒါယုံကြည်မှုတွေဟာ ပြောင်းသွားတော့မယ်၊ ပညာဖြင့် ယုံကြည်လေနိုင်ရင်ဘဲ ပညာဖြင့် ဆွဲနိုင်တဲ့ ကံလေးတွေကိုသာ အထက်တန်းမှာ သံသရာလည်နိုင်လေပြီ၊ နောက် နတ္ထိကဒိဋ္ဌိဆိုတာက အကြောင်းနှင့်အကျိုးတရားဘွဲ့ကိုပယ်ဒါပါ၊ အဲဒါအကျိုးနှင့် အကြောင်းတရားတွေကို ပယ်လာတယ်၊ အကရိယဒိဋ္ဌိဆိုတာက အကျိုးတရားကို ပယ်လာတာပါ၊ ဘယ်လိုပင်ဟောဟောအကျိုးတရားတွေကိုပယ်ဘ၀ပါ၊ဒီတော့ပစ္စယပရိဂ္ဂဟဉာဏ်ကိုပိုင်ရင်ဒီဒိဋ္ဌိကြီး ၃ ပါးဟာတခါထဲ ကင်းသွားပြီ၊အဲဒါမိစ္ဆာဒိဋ္ဌိတွေနောက်ကိုဘယ်တော့မှမလိုက်တော့ပါ၊ဒါ့ကြောင့် ဒီအဆင့်အတန်းကနေပြီး သေသွားဦးတော့ ယုတ်ညံ့ဘဲ့ မျိုးဇာတ်ရိုးဇာတ်မှာ မဖြစ်ရတော့ဘဲ ကောင်းမြတ်တဲ့ မျိုးဇာတ်, ရိုးဇာတ်တွေမှာကို သွားဖြစ်တော့မယ်။

ပစ္စယပရိဂ္ဂဟဉာဏ်ကြီးရဲ့ လုပ်ငန်းစဉ်ကြီးကို တကယ်သိမ်းနိုင်လေရင် ဝိသမဟေတုကဒိဋ္ဌိကြီးကို တခါထဲ ပယ်ဆုတ်နိုင်ပြီ၊ ဝိသမဟေတုကဒိဋ္ဌိဆိုတာ ချို့တဲ့တဲ့အကြောင်းကို (၀ါ) မလုံလောက်တဲ့အကြောင်းကို စဲ့ယူဘာကိုခေါ်တယ်၊ ဒါဟာသည်ဝိညာဏ်ဖြင့်တွေးခေါ်ပြီးယူတဲ့သဘောပါ၊ ပညာဖြင့် တွေးခေါ်တာမဟုတ်ပါ၊ ဒီတော့သည်ဝိညာဏ်ဖြင့် ဆွဲပြီးတုပ်နှောင်ထားတော့တယ်။

ဥပမာ....ပေါက်စေ့ကိုကြည့်ပြီး သညာဝိညာဏ်သွားတွေက ပေါက်စေ့ဟာ တစေ့အောင်ရင် မိုယ်းဦးကောင်းတယ်၊ ၂-စေ့အောင်ရင် မိုယ်းဦး,မိုယ်းလည်ကောင်းတယ်၊ ၃ စေ့အောင်ရင် မိုယ်းဦး,မိုယ်းလည်,မိုယ်းနှောင်း ၃.ပါးလုံးကောင်းတယ်လို့ပြောနေကြတယ်၊ ဒါဟာသညာဝိညာဏ်ဖြင့် ထောက်ပြီး (၀ါ) မှတ်ပြီးပြောနေတာဘဲမဟုတ်လား။

ဒီတော့ တကာကြီး"ဘုံးစ္ဆန်" ဘုရားကို ကိုးကွယ်နေတာဟာ ဘာနဲ့ကိုးကွယ်နေသလဲ၊သညာဝိညာဏ်ဖြင့် ကိုးကွယ်နေသလား၊ ဘယ်လိုကိုးကွယ်သလဲ၊ မိဘ ဘုံးဘွား အစဉ်အဆက်ကစပြီး ကိုးကွယ်လာသလို ကိုးကွယ်နေတာကို သညာဝိညာဏ်ဖြင့် ကိုးကွယ်နေတယ်လို့ယူရပါတယ်၊ဒီတော့သညာဝိညာဏ်ဖြင့် ကိုးကွယ်နေတာဟာ အဲဒါ ကြေးဆင်းထု, ကျောက်ဆင်းထု လေးတွေကို ကိုးကွယ်နေလို့ ဝိသမ ဟေတုကဒိဋ္ဌိ ဖြစ်တာဘဲ၊ မဖြစ်အောင် မကိုးကွယ်တော့ဘူးလို့ ပြောမလား၊ မကိုးကွယ်ရင် ဒီ ဒိဋ္ဌိက လွတ်မယ်မျှား ထင်နေသလား၊ မလွတ်တဲ့အပြင် ပိုမိုပြီးတောင် ဆိုးဦးမယ်။

ဒါကြောင့် ဒီ ဒိဋ္ဌိကြီးဟာ အရေးကြီးပါတယ်၊ ယခု ပစ္စုယ ပရိဂ္ဂဟဉာဏ်ကြီးဟာ အရေးကြီးတဲ့ဉာဏ်ကြီးပါ၊ ယုံမှားခြင်း ၈.ပါးပေါ်မှာ ဝိသမဟေတုက ဒိဋ္ဌိကထွက်လာတာလို့ ပိဋ္ဌကတ်တော်က ပြလာပါတယ်၊ တချို့ကဘုရားဌာ်ယုံမှားခြင်းဆိုတာ'ဟာ ပညတ် ဘုရားတွေကို ကိုးကွယ်နေလို့ ဖြစ်နေတာပါ၊ ဒီတော့ ပညတ်ဘုရားကို မကိုးကွယ်တော့ဘဲ ပရမတ် ဘုရားဖြစ်တဲ့ ဂုဏ်တော် ၉ ပါးတွေကိုဘဲ ကိုးကွယ်တော့မယ်ဆိုပြီး ကိုးကွယ် လာ

ပါတယ်၊ ဒီလိုကိုးကွယ်တော့ကော လွတ်မလား။မလွတ်ပါ၊ ဘာ့ကြောင့်မလွတ်သလဲ၊သညာဝိညာဏ်နယ်မှာရှိနေလို့ (၀၊)သညာဝိညာဏ်ဖြင့် ကိုးကွယ်နေလို့ပါ။

သေသေချာချာစဉ်းစားပါ၊ ဒါကိုထပ်ဖွင့်ပြမယ် သဘာဝလေးတွေပေါ်လာအောင်တွေးပါ၊ ကိုင်းပြောပြမယ်၊ ခုနကကိုးကွယ်တဲ့ သူတွေ (သို့မဟုတ်) စွဲတဲ့သူတွေကိုခေါ်လိုက်၊ ဒီတော့ဂုဏ်တော်ကိုးပါးကို ဘုရားလို့စွဲနေတဲ့ အန္ဓကလာမယ်၊သောတာပန်ပုဂ္ဂိုလ်ကျတော့ ဂုဏ်ဘော်ဟာဘုရား-ဥာဏ်တော်ဟာ ဘုရားလို့ပြောတာဟုတ်ပါတယ်၊ ဘာကြောင့်လဲသူ့မှာက သဘာဝလေးတွေကို မြင်နေပြီ၊ အဲဒါသစ္စာ ၄ ပါးကနေပြီး ထောက်ပြောနေတာဖြစ်ခြင်းကြောင့် မှန်ပါတယ်၊ အခုတော့ ဘာမင်္ဂလာကို မှုမရသေးတဲ့ အန္ဓကလာပြီးတော့ သူရဲ့ သညာ ဝိညာဏ် ဖြင့် ထောက်ပြောနေတာသည်ပင်ဟုတ်ပါတော့မလား။

ဒီတော့ဘုရားရှင်ကိုယ်စားတော်မြတ်ကြီးမှာ သဗ္ဗညုတဉာဏ်တော်ကြီးရှိတယ်ဆိုတာမှန်ပါတယ်၊ ဒီအန္ဓကသညာဝိညာဏ်ဖြင့် ထောက်တာဖြစ်ခြင်းကြောင့် သဗ္ဗညုတဉာဏ်တော်က ဂုဏ်တော်ကိုးပါးက အစစ်အမှန်ဖြစ်ပါသော်လဲ သူရဲ့သညာဝိညာဏ်ဟာ ဝိစိကိစ္ဆာ မကင်းသေးတဲ့အတွက် ယုံမှားခြင်း ဘုရားကို သာရမယ်၊ သောတာပန်အရိယာပုဂ္ဂိုလ်တွေကျတော့ ဝိစိကိစ္ဆာကင်းတဲ့ သစ္စာ ၄ ပါးပညာတွေနဲ့ ထောက်ဘဲ့အတွက် ယုံမှားခြင်းကင်းနေတဲ့ ဘုရားကိုတွေ့မယ်၊ ဒုါ့ကြောင့်ယုံမှားခြင်းကင်းသွားမှ ဘုရားအစစ်ကို တွေ့မယ်။

ဒီတော့ယုံမှားခြင်းကင်းပြီလားဆိုရင် သဗ္ဗညုတဉာဏ်တော်ဂုဏ်တော်တွေရဲ့အပေါ်မှာ မယှဉ်ပါနဲ့၊ မိမိရဲ့ထောက်တဲ့အပေါ်

မှာ ယုံမှားခြင်း ကင်းမကင်းကိုသာယူပါ၊ ဒီ ဒုဋ္ဌိဟာ ဝိသမ ဟေတုကဒိဋ္ဌိပါ၊ ဒီဝိသမဟေတုကဒိဋ္ဌိကို အခုပဋ္ဌယ ပရိဂ္ဂဟ ဉာဏ်ကဖြုတ်ရတော့မယ်၊ ဒီ ဒိဋ္ဌိရဲ့သဘာဝကိုနားမလည်တော့ ရင် ကျောက်ဆင်းထု၊ ကြေးဆင်းထုတွေကို ကိုးကွယ်နေရင်ဘဲ ဒါဟာဝိသမဟေတုကဒိဋ္ဌိ၊ မကိုးကွယ်ရင်တော့ ဒီ ဒိဋ္ဌိကလွတ် ပြီလို့ ယူလေးကြတယ်၊ ဒီတော့ ဘယ်လောက်မျှား ခက်သလဲ၊ ဒါ့ကြောင့် နောက်ဆုံးမှာ အပါယ် ၄-ပါးသို့ ခုန်ချနေတာဘဲ မဟုတ်လား။

အောက်ပြည်မှာဒီပညတ်ဘုရားဖြစ်တဲ့ကြေးဆင်းထု၊ကျောက် ဆင်းထုတွေကို မကိုးကွယ်နဲ့ဆိုပြီး စုန့်ပစ်လာကြတယ်၊ ဒီတော့ ဘုရားဖင်ပြုတ်ရင် သောတာပန်ဖြစ်ပြီဆိုပြီး အဲဒါ ဒီအထိကိုဖြစ် လာပါတော့တယ်၊ နောက်တခါဘုန်းကြီးမပါတဲ့ သံဃာဆွမ်း ကျွေးဆိုပြီးလုပ်လာကြပြန်တယ်၊ ဘုန်းကြီးဆိုတာက အပြစ်တွေ ကိုဖုံးထားလို့ ဘုန်းကြီးလို့ခေါ်တာပါ၊သူတို့ကျတော့ ရုပ် နာမ် တရား ဝိပဿနာတရားတွေကို သိနေလို့ သံဃာဆိုပြီး ဒီလို လုပ် လာကြတယ်၊ ဒီထိအောင်ကို ယူလာကြပါတယ်၊ ဒါဟာ အညာ ဆန်ဆရာကြီးတွေ အောက်ပြည်မှာ ဟောကြားလာတဲ့ သဘာဝ တွေပါ။

ဒါကို ဆရာတော်တို့က ဝေဘန်လာတဲ့ အခါမှာ သညာ ဝိညာဏ်မှ မပြုတ်သမျှ(ဝါ)ပညာနဲ့ မမြင်သမျှ ကိုးကွယ်: ကိုး ကွယ်၊ မကိုးကွယ်၊ မကိုးကွယ်. ဒီဝိသမဟေတုကဒိဋ္ဌိက မလွတ် သေးပါလို့ ဝေဘန်လာပါတယ်၊ တချို့ဆရာကြီးတွေကျတော့ လဲ နတ်ဂိုဏ်းတွေက နေဆင်းလာကြတဲ့ ဆရာကြီးတွေ ကျတော့ လဲ " ဘုရားဆိုတာ ဘုယ်ဟာလဲ၊ ဘုရားဆိုတာ အခြားမှာ သွား

မရှာနဲ့၊ အသိဉာဏ်ပေးတဲ့သူဟာဘုရားဘဲ၊ ငါသာဘုရားဘဲ" ဆိုပြီးတော့ ပြောလာကြ ပါတယ်၊ အဲဒီလိုတောင် ဖြစ်လာကြ ပါတယ်။

ကိုင်း—ဒီတော့ ဒီကဏ္ဍမှာ ဘုရားဌာယုံမှားခြင်း, တရားဌာ ယုံမှားခြင်း, သံဃာဌာ ယုံမှားခြင်း, အကျင့်သိက္ခာဌာ ယုံမှားခြင်းဆိုတဲ့အကျိုး ယုံမှားခြင်း ၄-ပါးကိုသာတွေ့ပါ၊ ဒါဟာအရေးကြီး ပါတယ်၊ဒီယုံမှားခြင်းက ကျွတ်အောင် ဘယ်လိုလုပ်ပြီး ချွတ်မလဲ ဆိုတာကိုတွေ့ပါ၊ ဒီတော့တရားတော်ကြီးတွေကို နာယူတယ် ဆိုတာဟာ မာန်စွယ်ချပြီးတော့မှ ယူရပါတယ်၊ဒီတရားတော်ကြီး တွေကို တရားပိုင်တဲ့ဆရာသမ္မာကြီးတွေဆီမှာ "ခြေသုတ်ပုဆိုး၊မြေ စွယ်ကျိုးသို့၊ ချိုကျိုးနွားလား၊ ဒွန်းစဏ္ဍားပမာ" ကိုယ်ကိုနှိမ်ချ ပြီးယူလာခဲ့ရတဲ့ တရားတော်ကြီးတွေပါ။

နောက် ဆရာသမားကြီးတွေရဲ့ မေတ္တာဓာတ်ကိုလဲ အစဉ်ခံယူ ရပါတယ်၊ ဒါမှသားကောင်းရတနာကြီးတွေဖြစ်ပြီးတော့ တရား ပိုင်ပါတယ်၊ ယခုလဲဘဲ ဒီလို မာန်စွယ်တွေချပြီးတော့ ခံယူပါ၊ ဆရာသမားရဲ့ မေတ္တာဓာတ်ကိုလဲ ခံယူပါ၊ ဒါမှ သားကောင်း ရတနာကြီး တယောက်ဖြစ်ပြီး သာသနာပြု ဓာတ်ကြီး တွေကို ရမယ်၊ နောက် ဟောတာ ပြောတာတွေဟာလဲ နောက်စကားနဲ့ ရှေ့စကား ညီလာမှ ဒီဌိတွေ့ကလုတ်မယ်၊ ဝိသမဟေတုကဒိဋ္ဌိ ဖြစ်တာဟာ အတိတ်အနာဂတ်ကိုစဉ်ပြီးတော့ (၀၊)တွေးပြီးတော့ ပြောနေလို့ ဖြစ်တာပါ၊ ဒီတော့ ရှေ့စကားနဲ့ နောက်စကား မညီတော့ဘဲ ၀ါစာဝိကွေပဒိဋ္ဌိကြီး ဖြစ်လာတော့မယ်။

ဒီတော့ ဝိသမဟေတုကဒိဋ္ဌိမပြုတ်သမျှ (၀၊)ပရမတ်တရားကို သဘာ၀နဲ့မှ မဟောနိုင်သမျှ ၀ါစာဝိကွေပဒိဋ္ဌိထဲက မလွတ်

သေးပါ၊ ဒါကို အရင်က သဿတဒိဋ္ဌိအနေနဲ့ သုံးလာတယ်၊ ဒါက လက္ခဏာကထွက်တာပါ၊ နောက် လက်ဝဲဘက်က ဥစ္ဆေဒ ဒိဋ္ဌိအနေနဲ့ ထွက်လာတာကျတော့ အဲဒါ အမရာဝိက္ခေပဒိဋ္ဌိပါ၊ ဒါဟာ တခုသောသဘာဝလေးကို တခုသောသဘာဝလေးကနေ ဖုံးကွယ်ပြီး ပြောသွားတာကို ခေါ်တယ်၊ ဒီသဘာဝတွေကို ရှေ့သမ္မသနဉာဏ်ကျတော့မှ ဥစ္ဆေဒဒိဋ္ဌိအနေနဲ့ သုံးသွားတော့မယ်၊ ယခုတော့မသုံးသေးပါ၊ဘာ့ကြောင့်လဲ၊ အခု တရားဥက္ကောင်းကို ပဓာနမထားသေးဘဲ သဘာဝပေါ် အောင်သာ ဟောသွားတာ ဖြစ်ခြင်းကြောင့် မသုံးသေးပါ။

အချုပ်မှာ ဒီဏ္ဍသရနိမ္မာနဒိဋ္ဌိ, ဝိသမဟေတုကဒိဋ္ဌိ အမရာဝိက္ခေပဒိဋ္ဌိတွေကို အနှစ်အသားအနေနဲ့ ဆွဲထားကြတာတွေဟာ ဘုရားနဲ့ပြိုင်ပြီး ဘုရားပြိုင်လုပ်နေကြတဲ့ တိတ္ထိတွေပါ၊ သူတို့ရဲ့ တရားတွေဟာ ဒီဒိဋ္ဌိတွေထဲမှာသာ ဥက္ကောင်းကျနေကြပါတယ်၊ ဒီလိုတရားသမားတွေကို ၆-သောင်းသော တိတ္ထိတွေက ဟောကြားနေကြတဲ့အတွက်ကြောင့် ဘုရားရှင်ထံ သဟမ္ပတိပြဟ္မာမင်းရောက်လာပြီး—

"မှန်လှပါ ဘုရား— အခု ၆-သောင်းသော တိတ္ထိတွေက တကာ့တကာမတွေကို(၀၊)သတ္တ၀၊တွေကို နိဗ္ဗာန်တံခါးပိတ်ပြီး အပါယ် ၄-ပါး တံခါးကို ဖွင့်နေပါပြီဘုရား၊ ဒီတော့ ဒီတိတ္ထိတရားတွေကို နှိမ်နင်းပြီး တကာ့တကာမ တွေကို (၀၊)သတ္တ၀၊ တွေကို အပါယ် ၄-ပါး တည်းဟူသောရေအယဉ်မှ ထုတ်နှုတ်ပြီး နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ကယ်တင်တော်မူပါ ဘုရား" လို့ လျှောက်ထားတယ်မဟုတ်လား။

ကိုင်း ဒီတော့ ယခုတကာကြီးဘုမှာ ဒီဒိဋ္ဌကြီးတွေ ကျတ်ပြီ လား-မကျတ်သေးပါ၊ အဲဒါ အခု ဒီသာသနာတော်နဲ့ တွေ့လို့မှ မကျတ်သေးရင် ဘယ်မှာဟုတ်တော့မှာလဲ၊ ဒီကဏ္ဍဟာ ဒီဒိဋ္ဌတွေ ကို သိမ်းတဲ့ကဏ္ဍပါ၊ ဒီဒိဋ္ဌတွေကိုသိမ်းပြီးတော့မှ ရှေ့ကို သဿတ ဒိဋ္ဌ, ဥစ္ဆေဒဒိဋ္ဌဆိုပြီး တက်သွားတော့မယ်၊ ဒါ့ကြောင့် တရား ဟောတဲ့အခါမှာ ဝါစာဝိကွေ့ပဒိဋ္ဌကျတ်သွားအောင် တခုသော သဘာဝလေးကို မိအောင်ဟောပါ။

ကိုင်း _ ဒီတော့ ဝိသမဟေဘုက ဒိဋ္ဌကြီးကိုသာ ဖြုတ်ဘို့ လိုခဘာ့တယ် ဒါကို ပုံစံတခု ထုတ်ပြီးတော့မှ ဖြုတ်ပြပါမယ်၊ ဒီတော့ ဘုရားရှင်နဲ့ ယှဉ်ပြိုင်လိုက်နေတဲ့ တိတ္ထိတွေမှန်ရင် (၀၊) ပရိယတ်နယ်ကနေ သညာဝိညာဏ်ဖြင့် ဆွဲပြီးတော့ ဟောနေတဲ့ တရားတွေမှန်ရင် ဒီ၀ါစာဝိကွေ့ပဒိဋ္ဌထဲသာလျှင် ကျနေပါလား၊ အမရာဝိကွေ့ပဒိဋ္ဌထဲသာလျှင် ကျနေပါလား၊ အခုပြောလိုက်ဘဲ့ စကားကို အခုနေ၀န်မခံနိုင်သေးသော်လဲ အကြိမ်ကြိမ်အဖန်ဖန် ဘေးတောလာလို့ သဘာ၀ဥာဏ်တွေ ပေါ်လာရင်ဘဲ ၀န်ခံနိုင် လာပါလိမ့်မယ်။

ကိုင်း _ ဒီဒိဋ္ဌတွေဖြုတ်ရတော့မယ်၊ ပုံစံကိုသွားကြည့်လိုက်ပါ၊ ဒီတော့ ခန္ဓာကိုယ်ကြီးမှာ သဘာ၀အာဟာရအကြောင်း ၄-ပါး ကနေ ကျေးဇူးပြုနေတယ်၊ သွားတဲ့အခါ, နေတဲ့အခါ, စားတဲ့ အခါ, အိပ်တဲ့အခါတွေမှာကို ဒီအာဟာရ အကြောင်းဖြစ်တဲ့ နာမ်ခေါတ်လေးတွေက ကျေးဇူးပြုနေပါတယ် ဒီခန္ဓာကောင်ကြီး ဟာ အကျိုးကောင်ကြီးပါ၊ဒီခန္ဓာကောင်ကြီးဟာ ပေါ်သဘော အကောင်ကြီးပါ၊သူဟာဘယ်သူ့ကြောင့်ပေါ်လာတာလဲဆိုတာ

ကို ရှာရတော့မယ်၊ ဒီတော့ အာဟာရအကြောင်းတရားကို ရှာလိုက်ရင် သဘာဝအာဟာရအကြောင်း ၄-ပါးကိုလာတွေ့တယ်၊ ဒီ ၄-ပါးကနေ ခန္ဓာကောင်ကြီးကို ထောက်ပံ့ပေးနေတယ်။

ဒီတော့ အကြည်ဓာတ်လေးဘေးမှာအားပေးလာတာဟာ အကြည်ဓာတ် ၆-လုံးမှာ ပရိပါစကမီးခတ်ကနေပြီးဘော့ သြဇာအာဟာရကိုယူလာတယ်၊ ဒါဟာအကြည်ဓာတ်ထဲမှာ အခိုးလေးအနေနဲ့ ရှိနေတယ်၊ ဒါက ကဗဠိကာရ အာဟာရ အကြောင်းတချက်ပါ၊ နောက် အကြည်ဓာတ်ထဲမှာ ပရိပါစက မီးခတ် အခိုးလေး ရောက်လာတော့ အကြည်ဓာတ်သည် အားလေးလဲ ရှိလာရော အကြည်ဓာတ်လေးဟာ ဗျာပါရလေး ဖြစ်လာတယ်၊ အဲဒါ အာရုံလေးဘေးနဲ့ ဆုံချင်လာတယ်၊ (၀၊) ရူပါရုံလေးနဲ့ (၀၊)အဆင်းလေးနဲ့ဆုံချင်လာတယ်၊ ဒီတော့အဆင်းလေးနဲ့လဲ တွေ့လို့ ဆုံလိုက်ရော ဖဿအာဟာရလေး ဖြစ်လာတယ်။

ဒီဖဿဟာ ရုပ်ဘက်ကနေပြီး ထွက်လာတာဖြစ်ခြင်းကြောင့် ရုပ်ဖဿလို့ယူလိုက်ပါ၊ နာမ်ဖဿဆိုတာက မနောဝိညာဏ်ကြီးကနေ ခံစားလို့ထွက်လာတဲ့ ဖဿကျတော့မှနာမ်ဖဿလို့ယူပါ၊ ဒီနာမ်ဖဿကျတော့ စေတသိက် ၅၂-လုံးမှာ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-လုံးထဲမှာပါတဲ့နာမ်ဖဿလေးပါ၊ ဒီအာဟာရအကြောင်း ၂-ခုဟာ ဒီခန္ဓာကိုယ်ကြီးထဲမှာ ဘယ်အနေနဲ့ ထောက်ပံ့နေသလဲဆိုတော့ ပစ္စုပ္ပန်ရုပ်သဘောလေးမှာ သဘာဝလေး အနေနဲ့ ထောက်ပံ့ပေးနေတယ်၊ လက္ခဏာနဲ့ ရသတို့ရဲ့ အဆီဟာ ဒီ ၂-ကောင်ပါဘဲ၊ ဒါ့ကြောင့် ဒီအာဟာရ အကြောင်း ၂ ခုကို ရုပ်ဘက်ကနေပြီးချလိုက်ပါ၊ ပစ္စုပ္ပန်သဘောလေးမှာကို ဒီ ၂-ခုက သဘာဝအနေနဲ့ ရုပ်ဘက်ကနေ ထောက်ပံ့နေတယ်။

ဒီခန္ဓာကိုယ်ကြီးမှာရှိနေတဲ့ စတုသမုဋ္ဌာန်ကရုပ်၊ ၄-ပါးသော အကြောင်းတရားကြောင့်ဖြစ်တဲ့ ရုပ်တွေ့မှန်ရင် ဘယ်သူ့ကြောင့် ဖြစ်လာသလဲဆိုရင် ဒီအာဟာရ အကြောင်းကြောင့် ဖြစ်တဲ့ ဒီ ၂-ချက်က ဥတုအကြောင်း, အာဟာရ အကြောင်းဘက်ကနေဖြစ် နေတဲ့ရုပ်တွေ့မှန်ရင် ဒီ သဘာဝ- အာဟာရအကြောင်း ၂-ခုက ထောက်ပံ့ပေးနေရတယ်၊ ဒါ့ကြောင့်ဒီခန္ဓာကောင်ကြီးကို သူတို့ ကပြုပြင်နေကြတယ်၊ ဒါကို နားလည်ပြီ၊ ဒီတော့ ကဗဠိကာရ အာဟာရနဲ့ ဖဿအာဟာရလဲဆိုလိုက်ရော စေတနာအာဟာရ လေးတွေ ထွက်လာတယ်၊ ဒါက နာမ်တရားပါ၊ ဒါကို စက္ခု သမ္မဿဇာ စေတနာဆိုပြီး ပေါ်လာပါတယ်၊ ဒါဟာ စက္ခုနဲ့ ရူပါရုံပေါင်းဆုံမှုကြောင့် ခံစားမှုစေတနာလေးပေါ်လာတယ်။

ဒီသဘာဝကို နှိုက်လိုက်ရင် အလွန်တရာမှ ကျယ်ဝန်းလှပါ တယ်၊ နောက်ဝိညာဏ် အာဟာရလဲ ကျလာရော သိမှုကြီးဟာ တခါထဲပေါ်လာခဲတာ့တယ်၊ ဒီကျတော့မှ သိမှုကြီးဟာ ကိစ္စ ပြည့်စုံသွားတော့ဘယ်၊ဒီတော့ ဒီသဘာဝအာဟာရ အကြောင်း ၄-ပါးကို မီ.ခတ် ၄-ပါး အနေနဲ့ ရှုလိုက်ရင် ကဗဠိကာရ အာဟာရမှာ ပရိပါစက မီးခတ်ရှိတယ်၊ ဖဿ အာဟာရမှာ ဥသမမီးခတ် ရှိတယ်၊ နောက် စေတနာ အာဟာရ ကျတော့ သန္ဓိပ္ပန် မီးခတ်ရှိနေတယ်၊ ဝိညာဏ်အာဟာရကျတော့ ဒဟမီး ခတ်ကြီးရှိနေတယ်။

အဲဒါ နောက်ဆုံးသိမှုကြီးလဲ ပြည့်စုံသွားရော ဒဟမီးခတ် ကြီးလောင်ချလိုက်တယ် အဲဒါအာရုံ အဟောင်းကို ပြောင်းပြီး အာရုံအသစ်ကို ပြန်ဆက်လာတော့တယ်၊ ဒ့ါကြောင့် မိမိရဲ့

ခန္ဓာကိုယ်ကြီးမှာ သဘာဝ အာဟာရအကြောင်း ၄-ပါး၊ မီးခတ် ၄-ပါးတွေကြောင့် သွားလာ လှုပ်ရှား နိုင်တာပါ၊ ယခုပြောခဲ့တဲ့ အာဟာရအကြောင်းတွေဟာ တကယ် အကြောင်းတရားအစစ်မဟုတ်သေးပါ၊ အခွံ့သာလျှင် ရှိသေးတယ်၊ နက်ဖြန်ခါကျတော့မှ အသားလေးတွေကို ရှာရတော့မယ်၊ (၀၊) အကြောင်းစစ်ကို ရှာရတော့မယ်၊ အကြောင်းစစ်ကို ရှာချင်လို့ ပဌမအခွံ့ဖြစ်တဲ့ အကြောင်းတွေကို အရင်ထုတ်ပြလိုက်တာပါ၊ ကိုင်း—နက်ဖြန်ကျတော့ အကြောင်းစစ်ကို ရှာတော့မယ်။

ညဟောဘစဉ်။

" တိုက္ခဟာသ၊ ဇဝနဂမ္ဘီ (လ) သဘာဝ အနတ္တညာဏ် ထင်မြင်နိုင်သည်၏ အဖြစ်ကိုရင်း " လို့ ဆိုလိုက်တဲ့အတိုင်း ယခု ထက်လာခဲ့တဲ့ ပဋ္ဌယပရိဂ္ဂဟညာဏ်ရဲ့ နာမ်တရား သိမ်းဆည်းပုံ ဟာ အင်မတန်မှ နက်နဲလှပါတယ်၊ နာမ်လောက,ကနေပြီး ဒီ ခန္ဓာကိုယ်ကြီးထဲမှာ ဘယ်လိုလှည့်ပတ်နေတယ်ဆိုတာကို တကယ့် သဘာဝညာဏ်တွေနဲ့ မြင်လာရင်ဘဲ အနမတဂ္ဂ သံသရာကစပြီး ကျော်ပိုးလာတဲ့ ဒီဋ္ဌိတွေဟာ တခါထဲပြုတ်သွားတော့မယ်၊ ဒီ တော့မှ တရားရဲ့ အရသာကို တွေ့သွားတော့မယ်။

ဒီတော့ ဇ္ဈာနရနိမ္မာနဒီဋ္ဌိကြီးဟာ ပုဏ္ဏားတွေ အနှစ်အသား အနေနဲ့ ဆွဲထားတဲ့ (၀၊)ထုပ်ထားတဲ့ ကျမ်းတွေက ရေးသား ထားတော့ရင် ဒီဟာတွေကိုဧည့်ယူပြီးတော့ ဒီအနှစ်ပုထုဇဉ်တွေဟာ ယူလာတော့တယ်၊ ဧ်သဘာဝတွေကိုလဲ နေခင်းက ဟောကြား လာခဲ့ပါပြီ၊ ဒီဒိဋ္ဌိတွေမပေါက်ဖွားနိုင်အောင် ဒီနေ့ ဟောကြား လိုက်ရမယ်၊ ဒီတော့ခန္ဓာကိုယ်ကြီးမှာ နာမ်တရားတွေ နေပုံကို လက်တွေ့နည်းဖြင့် ရှာရတော့မယ်။

ဒီတော့ နာမ်ကို ဘယ်အနေနဲ့ သိထားကြသလဲလို့ မေးရင် အဲဒါ မျက်စေ့နဲ့ရှုပါရုံ ဆုံလိုက်တဲ့အခါ တခုသော အာရုံလေး တွေကို သိလာတာကို နာမ်လို့သာလျှင် သိလာကြတာဘဲမဟုတ် လား၊ ဒီလိုသိတဲ့နာမ်မျိုးက ပညတ်ပေါ်တင်ပြီးတော့မှ သိရတဲ့ နာမ်သဘောပါ၊ အခုရှာရမှာက တကယ်သဘာဝအတိုင်းရှိနေတဲ့ နာမ်သဘာဝလေးတွေကို ရှာရတော့မယ်၊ ဒါ့ကြောင့်....

"ဆန့်တန်းလက်ရုံး၊ သမ္မတ်ကြုံးလျက်၊ နှုလုံးမတ္ဌန့်၊ စိတ်ကြည်ကွန့်လျက်၊ မဖြစ်မနေ၊ ပင်လယ်ရေတွင်၊ မျှောလေသည်သား၊ ရှင့်ငယ်အားကို၊ ကြုံးဝါးရအောင်၊ ကြံဆောင် ရှင်မြတ်၊ နတ်မေခလာ၊ ကူပါမတ၊ ဇနကသို့၊ လှုလ္လကြိုးပမ်း၊ ပင်လယ်ကမ်းသို့၊ ပုံညမ်းအတူ၊ ဥဒီဟူကား၊ သူရိယသည်၊ ထွက်စရဲရဲ၊ မဆုတ်ဘဲလျက်" လို့

တရားပိုင်တဲ့ ဗုဒ္ဓါလ်ကြီးတွေ မိန့်ဆိုတဲ့အတိုင်း အားလုလ္လကြီးတွေ မေ့ပြီး ရှေ့ကိုတက်ရတော့မယ်၊ အမျိုးသီးမျှားအတွက် သေသေချာချာ မှတ်ထားပါ။

ကိုင်းလက်တွေ့နည်းကို တင်ပြမယ်၊ ဒီတော့ ဘုရားဆိုတာ ဘယ်ဟာဘုရားလဲ၊ တရားဆိုတာ ဘယ်ဟာတရားလဲ၊ သံဃာဆိုတာ ဘယ်ဟာလဲ၊ ဒီလိုမေးရင် ဘယ်လိုပြောမလဲ၊ ဘုရားဆိုတာ ကြေးဆင်းထု, ကျောက်ဆင်းထုတွေကို ဘုရားလို့ ပြောမလား၊ စေတီတွေကိုမှဘုရားလို့ ပြောမလား၊ ဘာ့ကြောင့်ဒီလိုမေးသလဲ၊ ဒီကဏ္ဍမှာ နာမ်လောကကို ပိုင်လာတာနဲ့ ဘုရားစစ်, တရားစစ်, သံဃာစစ်တွေကို တွေ့ရတော့မယ်၊ (၀၊) ဖူးမျှော်ရတော့မယ်၊ ဒါကြောင့် ယခုမေးနေတာပါ။

ဒီတော့ ဒီလိုကြေးဆင်းထု, ကျောက်ဆင်းထုတွေဟာ ပညတ်ဘုရားတွေဘဲ၊ ဒီတော့ သမ္ဘည္ဇတရွှေဥာဏ်တော်ကြီးမှ ဂုဏ်တော်ကိုးပါးမှ သစ္စာ ၄-ပါးကို သိတဲ့အသိမှ ဘုရားလို့ ပြောမလား၊ ဘယ်လိုဘဲပြောပြော မိမိအသိကမှ မစင်ကြယ်သေးရင် ဝိသမဟေတုက ဒိဋ္ဌိက ဆဲချတော့မယ်၊ ဒီ-ဒိဋ္ဌိကြီး မကျွတ်သေးသမျှ ဘုရားစစ်,တရားစစ်,သံဃာစစ်မတွေ့သေးပါ၊ ဒီ-ဒိဋ္ဌိကျွတ်သွားမှ တွေ့မယ်။

ဆရာတော်တို့ ၁၃၀၀-ပြည့်လောက်က ဓမ္မစကြာ, အနတ္တ လက္ခဏသုတ်, မဟာသတိပဋ္ဌာန်တရားတော်ကြီးတွေကိုသရဇ္ဈာယ် လာပါတယ်၊ နောက်ဆုံး တရားစစ် တရားမှန်ကို သိရပါလို၏ လို့ ဆုတောင်းလာပါတယ်၊ နောက် တရားစစ် ဆိုတာဟာလဲ ဓမ္မကွန်ရှာပေါင်း(၈၄၀၀၀)တို့ကိုဘဲ ယူမလား၊ ယူပြီးဘဲ ထားပါစို့၊ ဒီ ဓမ္မကွန်ရှာပေါင်း(၈၄၀၀၀)တွေဟာလဲ ဘုရားရှင်ရဲ့ ရှေကြာကမုဒ်က ဟောထုတ်တာဖြစ်လို့ တရားစစ်ဘဲ ထားပါဦးတော့။

ဒီတရားတော်တွေကို ဘုရားရှင်၏ သဗ္ဗညုတ ဉာဏ်တော်ဖြင့် ထုတ်ဖော် ဟောကြားထားတာဖြစ်ခြင်းကြောင့် အင်မတန်မှ နက်နဲသိမ်မွေ့လှပါတယ်၊ ဒါဖြင့်ရင် ဒါကို တရားစစ်လို့ ယူတာဟာ ဒီထဲက သဘာဝတွေကို မင်းသိသလား၊ သိပါတယ်၊ ဘယ်အနေနဲ့သိသလဲ၊ အဲဒါသည်ဝိညာဏ်အနေဖြင့်သိပါတယ်၊ ကလျာဏ အသိဖြစ်တဲ့ ယထာဘူတ အသိဖြင့် မသိပါ၊ အနုဗောဓအသိ, ပဋိဝေဓအသိတို့နဲ့ မသိပါ၊ ဒီလိုမှုမသိရင် မင်းမှာ ဝိသမဟေတုကဒိဋ္ဌိကြီး ဖြစ်နေပြီ။

ဘာကြောင့်လဲ သူ့မှာ သည်ဝိညာဏ်အနေနဲ့သာ သိတာ ဖြစ်ခြင်းကြောင့်ပါ၊ အဲဒါ သိတဲ့သူရဲ့အသိက သို့လော သို့လော ဆိုတဲ့ ဝိစိကိစ္ဆာတွေရှိနေတယ်၊ ဒါကြောင့် သည်ဝိညာဏ်ဖြင့် သိတဲ့အသိမှန်ရင် (၀၊) ယထာဘူတအသိ, အနုဗောဓအသိ, ပဋိဝေဓအသိနဲ့ မသိသမျှ ဝိသမဟေတုကဒိဋ္ဌိကမလွတ်ပါ၊ (၀၊) ယုံမှားခြင်း မကင်းသေးပါ၊(၀၊)ဘုရားစစ်,တရားစစ်,သံဃာစစ်ကို မတွေ့သေးပါ။

ဒီ အသိ ၃-ပါးနဲ့ သိလာရင် ယုံမှားခြင်း ကင်းပြီးတော့ ဘုရားစစ်, တရားစစ်, သံဃာစစ်ကိုတွေ့လာပြီ၊ ဒီတော့ သဘာဝကို ထုတ်ရင် သက်နိုးဝတ်ပြီးတော့ ဘုရားရှင်ရဲ့ အမွေခံ သားတော် လုပ်နေပြီးမှ ဒီအသိဥာဏ် ၃-ပါးနဲ့ မှမသိရင် ဝိသမဟေတုကဒိဋ္ဌိ ကြီးကို ကျော်ပိုးနေသေးတယ်၊ ဒီအသိတွေနဲ့သာ သိလာရင် အဲဒါ ဒိဋ္ဌ သရဏာဂုံ မြဲပြီးတော့ ဘုရားစစ်, တရားစစ်, သံဃာစစ်ကို တွေ့လာပြီ၊ ဒီလို အသိ ၃-ပါးနဲ့ မှ မသိရင် " ဘုရားဟကား၊ မြတ်တရားကို၊ နားမဝင်ဘီ၊ မသိလျှင်သူပုန်၊ မယုံလျှင်ရန်သူ၊ အတူလိုနေ၊ မဂ်ဖိုလ်မေ့ကို၊ မရလေစ၊ လူအနွှ " လို့ ပြလာပါတယ်။

ဒီတော့ ဝိသမဟေတုက ဒိဋ္ဌိကြီးကို ပယ်သတ်လိုက်ရင် ဘုရားစစ်, တရားစစ်, သံဃာစစ်ကိုတွေ့လာမယ် ၊နောက် အကျင့်သိက္ခာ၌ ယုံမှားတယ်ဆိုကာဟာ ငါ ဒီတရားကို အားထုတ်ရင် မဂ်တရား ဖိုလ်တရားကို ရမှ,ရပါ့မလားဆိုပြီး သို့လော သို့လောနဲ့ ဖြစ်နေတာ၊ ဒီဒိဋ္ဌိကြီးကိုလဲချေလိုက်ရော ငါ ဒီတရားကို အားထုတ်ရင် မဂ်တရား ဖိုလ်တရားကို အမှန်ရတော့မယ်ဆိုပြီး ဆုံ ဖြတ်နိုင်လာပြီ၊ ယခု ဒီနေရာကနေပြီးတော့ အရိယာနယ်ထဲကို ရောက်သွားမယ်၊ သူ့ကိုစစ်နေပြီ၊ ဒီဝိသမဟေတုကဒိဋ္ဌိကြီးမှ မကျွတ်သေးရင် ဘုရားရဲ့ရန်သူလို့သာ မှတ်လိုက်ပါတော့။

ဒီနေရာကနေ ကလျာဏအဆင့်ရောက်အောင် လက်မှတ် ပေးနေပြီ၊ ဒါ့ကြောင့် သညာဝိညာဏ်နဲ့ ထွင်းဖေါက်လာလို့ မိမိရဲ့ နှလုံးအိမ်ထဲမှာ သို့လော သို့လောနဲ့ တွေးတောနေတဲ့ ဝိသမဟေတုကဒိဋ္ဌိကြီးရှိနေတယ်၊ အဲဒါ ဘုရားဟုတ်မှ ဟုတ်ပါ့မလား၊ တရားဟုတ်မှဟုတ်ပါ့မလား၊သံဃာဟုတ်မှ ဟုတ်ပါ့မလား ဆိုပြီး

တော့ တွေးတောနေတယ်၊ ဒီတော့ ဝက္ကလိကြီး ဘုရားကို ကြည်ညိုနေကာဟာ ဘုရားစစ်တွေ့တယ်လို့ မျှားမှတ်နေသလား၊ သညာဝိညာဏ် ဆွဲနေသမျှမတွေ့ပါ၊ ပညာနဲ့ဆွဲမှသာလျှင် တွေ့မယ်။

ကိုင်း...ဘယ်လိုရှာမလဲ ?

သညာဝိညာဏ်နဲ့ ယူနေသမျှ ဝိသမဟေတုက ဒီဇို့လို့သာ မှတ်လိုက်ပါတော့၊ အခု ဒီကဏ္ဍကနေပြီးတော့ ဘုရားစစ်နဲ့တွေ့ဘို့ တရားစစ်,သံဃာစစ်တွေနဲ့တွေ့ဘို့ လက်မှတ် ပေးနေပြီ၊ ဒါ့ကြောင့် ဒီကဏ္ဍလေးကိုကြိုးစားပြီးနာယူကြပါ၊ ကိုင်း ဒီသဘာဝကို နားလည်ရင် ရှေ့ကို လုပ်ငန်းစဉ်အနေနဲ့ တက်မယ်၊ ဝိသမဟေတုကဒီဇို့ကျွတ်အောင် နာမ်တရားကိုရှာရတော့မယ်၊ မနှေက ၂-ခုသာ ပြီးသွားသေးတယ်၊ ဒီနေ့ ထပ်ရှာရအုံးမယ်၊ အရင် ၁၅-ရက်လောက်က ရုပ်တရားကို မူတည်ပြီး ရှာခဲ့ပါပြီ၊ဒီကဏ္ဍက နာမ်တရားကိုမူဘည်ပြီး ရှာရတော့မတ်၊ ဒီတော့...

"စတ္တာရော အာဟာရ ဟဗ္ဗ ိကာရော အာဟာရော ဖဿော ဒုတိယော မနော်သဉ္ဇေတနာ တတိယာ ဝိညာဏံ စတုတ္ထ ံ" လို့ ပြလာတဲ့အတိုင်း....

"၆"ပါးသော အကြည်ဓာတ်လေးကနေပြီးနာမ်တရားပေါ်ထွက်လာတဲ့အတွက် "၆"ပါးသော အကြည်ဓာတ် လေးတွေကို ကဗ္ဗ ိကာရ အာဟာရလို့ခေါ်တယ်၊နောက်အဆင်းနဲ့အကြည် ၂-ပါးဆုံလာတဲ့အခါကျတော့ ဖဿ အာဟာရဆိုပြီး နာမ်တရာ အကြောင်းတချက်ပေါ်လာပြန်တယ်၊ဒါဟာ အဆင်းလေးနဲ့ဆုံတဲ့ သဘောလောက်သာ ယူပါ၊အဆင်းကြီးထိအောင်မယူပါနဲ့။

ဘာ့ကြောင့်လဲဆိုတော့ အဆင်းကြီးကို မြင်တွေ့နဲ့ ချေလာခဲ့တဲ့အတွက်ကြောင့် အဆင်းကို တိုက်ရိုက်ယူလို့ မရတော့ပါ၊ ယခုပေါင်းနေတဲ့ အနေနဲ့သာ ယူတော့တယ်၊ ဒါ့ကြောင့် ရူပသမ္ဘဝလို့ မဟောတော့ဘဲ "စက္ခုသမ္ဘဝ, သောတသမ္ဘဝ, ဃာနသမ္ဘဝ, ဇိဝှါသမ္ဘဝ, ကာယသမ္ဘဝ, မနောသမ္ဘဝ"လို့ ခေါ်တာပါ၊ ဒီသဘာဝတွေကိုလဲ နားလည်ရမယ်၊ အဆင်းဟာ ရူပ်ဘက်မှာသာပြဋ္ဌာန်းနေတယ်၊ဒါ့ကြောင့် နာမ်တရားဘက်မှာ မယူတော့ပါ၊ အခု အကြည်ဓာတ်လေးကို မဏ္ဍိုင်ထားပြီး ရှာလာတာပါ။ ဒီတော့အဆင်းနဲ့ အကြည်ပေါင်းလိုက်တော့မှ ဖဿဆိုတဲ့ အရိပ်ဂေးလေးက နာမ်တရားလေး ထွက်လာမယ်၊ ဒီထိ အောင် ယူထားပါ။

ဘာ့ကြောင့်လဲ ယခု ဒီဥာဏ်ကြီးဟာ ပဋ္ဌာန်းကျမ်းကြီးကို ချေနေတာပါ၊ ဒီဥာဏ်ကို ပိုင်ရင် သညာဝိညာဏ် ကျွတ်မယ်၊ အဆင်းနဲ့ အကြည် ၂-ပါး ပေါင်း လိုက်တော့ ဖဿအာဟာရ အကြောင်းထွက်လာတယ်၊ ဒီပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ လုပ်ငန်းစဉ်ကို ပိုင်လာရင်ဘဲ အနဥ္စ ဓာတ်လေးဟာ မီးရှူးတန်ဆောင်ကြီးပမာ ထွက်လာတော့မယ် ဒီဟာမှ ပရိယာတ်ကို ဝေဘန်သိမ်းဆည်းနိုင်တော့မယ်၊ သင်မ်းနိုင်တဲ့ပရိယတ်ကို သင်မ်းဆည်းပြီးတော့ ဉာဏ်မမှီသေးတဲ့ ပရိယတ်ကို ဓမ္မဝိစိကိစ္ဆာ အနေနဲ့ ထားနိုင်လာတော့မယ်။

ကိုင်း_ဒီတော့ရူပ်ဘက်နေ ကဗဠိကာရ အာဟာရနဲ့ ဖဿအာဟာရထွက်လာတယ်၊ ဒါကရူပ်ပြဋ္ဌာန်းတဲ့ သဘာဝ အာဟာရအကြောင်းပါ၊ ဒါကွေ့ ရှိလာတော့ "စက္ခုစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"ဆိုတဲ့အတိုင်း အဆင်းနဲ့ အကြည် ၂-ပါး

ဆုံလိုက်တဲ့အခါမှာ အဘိမှောအနေနဲ့ မြင်မှုလေးဖြစ်လာတယ်၊ ဝိပဿနာအနေနဲ့ဆိုရင် သညာလေး၊ မဟာသတိပဋ္ဌာန်နည်းနဲ့ ဆိုရင် စေတနာလေးပေါ်လာတယ်၊ ဒါဟာ ဝိညာဏ်ကြီး ပေါ်ဘို့ရာ စေ့ဆော်လာတဲ့သဘောပါ အဲဒုါဝိညာဏ်ကြီး ပေါ်ဘို့ရာ သူက အရင်ထွက်လာတာကို စေတနာလို့ ခေါ်တယ်၊ ဒါက နာမ်တရားပါ။

ဒီဟာကို စေတနာဟာရ အကြောင်းတချက်လို့ ခေါ်တယ်၊ ဒီ ၃-ပါးလဲ ပေါ်ပြီးရော စိတ်ဝိညာဏ်ကြီးပေါ်လာတော့တယ်၊ ဒါကဝိညာဏ် အာဟာရ အကြောင်း တချက်ပါ၊ ဒါဟာလဲ ထောက်ပံ့တဲ့သဘောပါ၊ ဒီသဘာဝအာဟာရအကြောင်း "၄" ပါးဆိုတာ ထောက်ပံ့နေတဲ့သဘောပါ၊ ရုပ်တရားကိုထောက်ပံ့ နေတာပါ၊ ဒီလို ထောက်ပံ့နေတဲ့ အဘုက် သွားနိုင် လာနိုင် လုပ်နိုင်, ကိုင်နိုင်နေတာပါ၊ ရုပ်ရဲ့အကြောင်းဟာ ဒီ ၄-ပါး ပါ ဒီ ၄-ပါးကို သိမ်းဆည်းရမယ်၊ ပဠဝယပရိဂ္ဂဟဉာဏ်ဟာ ဒီ ရုပ်အကြောင်းကို သိမ်းဆည်း ရမယ်၊ နေ့ပ်အကြောင်းဟာ ဒီ ၄ ပါးပါ၊ဒါကို သိမ်းဆည်းနိုင်ရင် ဝိသမဟေတုက ဒီဋ္ဌိဖြစ်တဲ့ ယုံမှားခြင်း ၈-ပါးတွေဟာ ကင်းသွားတော့မယ်၊ ဒါ့ကြောင့်- ဒီခန္ဓာကောင်ကြီးမှာ သဘာဝ အာဟာရအကြောင်း ၄-ခုရှိ နေတယ်။

ကဗဠိကာရ အာဟာရမှာ ပရိပါစကမီးခါတ် ရှိတယ်၊ ဖဿ အာဟာရမှာ ဥသမမီးခါတ် ရှိတယ်၊ စေတနာ အာဟာရမှာ သန္ဓေပွန်မီးခါတ်ရှိတယ်၊ ဝိညာဏအာဟာရမှာ ဒဟမီးခါတ်တော့ ရှိနေကြတယ်၊ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ အာဟာရ ၄-ပါး၊ မီး ခါတ် ၄-ပါး တို့ဟာ တဖွားဖွားပေါ်နေတာကို နာမ်တရားလို့ ခေါ်တာပါ၊ ဒီလိုပေါ်နေလို့ မြင်တယ်ကြားတယ်ဆိုပြီး ဖြစ်နေ

တာပါ၊ မီးခါတ် ၄-ပါးဟာ ခန္ဓာကိုယ်ကြီးမှာ သန္တတိ အစဉ်လေး အနေနဲ့ (၀၊) ဆက်စပ်ပေးတဲ့ အနေနဲ့ ထောက်ပံ့ပေးနေတယ်။

ဒီလို မီးခါတ်တွေ တဖွားဖွားတောက်နေတာကို နာမ်တရားလို့ ခေါ်တယ်၊ ဒီမီးခါတ်တွေ ညီညွတ်နေရင် သွားနိုင်လာနိုင်စားနိုင်သောက်နိုင်လာတယ်၊ အဲဒါ ကျန်းမာရေးတွေ ပြည့်စုံလာပါတယ်၊ ဒါကို အိမ်ပြန်သွားသော်လဲ တွေ့ပါ၊ ဒီမီးခါတ်လေးတွေက ရုပ်လောကကြီးကိုထူထောင်ပေးနေတာပါလားလို့ တကယ် မြင်လာရင်ဘဲ ထိုပုဂ္ဂိုလ်ဟာ သဘာဝ အာဟာရအကြောင်း ၄-ပါးကို မြင်ပြီ။

ဒီကစပြီးတော့ အာဟာရကို သိမ်းရပါတယ်၊ ယခု ပြလိုက်တာဟာ ပစ္စယပရိဂ္ဂဟဉာဏ်မှာ ဒေသနာနည်းပါ၊ ဒါကိုတွေ့မှ ဒုတိယ သူ့ထက်သိမ်မွေ့တဲ့ (၀၊) သင်္ခါတလောကကြီးတခုလုံးမှာ ရှိကြတဲ့ သတ္တဝါတွေ မခြင်းနိုင်တဲ့ အာဟာရအကြောင်း ၄ ပါးကိုထပ်ရှာရဦးမယ်၊ ဒါကို ဒေသနာနည်း, လက်တွေ့နည်း, သဘာဝနည်းတွေ့အနေနဲ့ သိမ်းနိုင်လာမှ ဝိသမဟေတုကဒီဋ္ဌိကြီးလွတ်ပြီး ဘုရားစစ်, တရားစစ်, သံဃာစစ်ကိုတွေ့မယ်၊ ဒီတော့မှ ကလျာဏဘုမ္မ ထဲကိုဝင်ဘို့ လက်မှတ်ပေးလိုက်တော့မယ်။

ကိုင်း... သာဓုခေါ်ကြပါ့တော့။

သာဓု–သာဓု–သာဓု။

ပုံစံနံပါတ် (၉)



ပစ္စယပရိဂ္ဂဟဉာဏ်သိမ်းဆည်းပုံ

ဝါခေါင်လဆန်း ၄ ရက်နေ့ ဟောစဉ်၊

ပုံစံနံပါတ်(၉)

ယခုတက်လာတဲ့ ပစ္စယ ပရိဂ္ဂဟဥာဏ်ဟာ အင်မတန်မှ နက်နဲသိမ်မွေ့လှပါတယ်၊ အကြောင်းတရားတွေကို သိမ်းဆည်းရမည်ဆိုတော့ အဲဒါပဋ္ဌာန်းကျမ်းကြီးထဲလဲရောက်, ပဋ္ဌာန်းသမုဒ္ဒါဒီကြီးထဲလဲရောက်ပြီးတော့ နောက်ဆုံးတော့ မျက်စေ့လည်ပြီးနေကြတဲ့သူတွေ အများကြီးရှိပါတယ်၊အကြောင်းတရားကို သိမ်းဆည်းတဲ့အခါမှာ အဘိုဓမ္မာထဲကို ဝင်သွားရင် ဘယ်တော့မှ မပြီးနိုင်တော့ပါ၊ (ဝါ)မဆုံးတော့ပါ၊ မဂ်တရား-ဖိုလ်တရားကိုလိုချင်ရင် သုတ္တန်နည်းကိုလိုက်ရမယ်၊ အခု ဆရာဟော်တို့က သတိပဋ္ဌာန်တရားတော်ကြီးကို တက်တော့မယ်ဆိုတော့ အကြိမ်ကြိမ် အထပ်ထပ် ဆင်ခြင်စဉ်းစား လာပြီးတော့မှ သတိပဋ္ဌာန် တရားတော်ကြီးကို အလယ်လမ်းကြီးအနေနဲ့ ဖွင့်လာခဲ့တာပါ။

အမျိုးသမီးတွေ အတွက်ကျတော့ နောက်နှစ် သင်္ကြန်တွင်း အခါကျမှ ၁၅-ရက် သင်တန်းအနေနဲ့ လုပ်ငန်းစဉ်ပေးမှ နားလည်မယ်၊ ဒါ့ကြောင့် သင်္ကြန်တွင်းကျရင် ၁၅-ရက် သင်တန်းပေးပါမယ်၊ ဒီတော့ အာဟာရအကြောင်းကိုရှာရင်ဘဲ အရင်ကစားသုံးနေတဲ့ အစားအသောက်ကိုသာ အာဟာရလို့ မှတ်ထင်နေတယ်၊ အာဟာရကို ရှာလိုက်တဲ့အခါမှာ (၄)မျိုး ထွက်လာတယ်၊ ဒီအာဟာရ(၄)မျိုးကိုလဲ ခွဲစိတ်ပြီး ပြလိုက်ပါပြီ၊ဒီတော့ ပဋ္ဌမ အကြည်ခါတ်, ပရိပါစကမီးခါတ်ကနေ ရောတည်ပြီးတော့ နောက်ဆုံးမှာ ဝိညာဏ်ကြီးဟာ ဒဟမီးခါတ် တောက်လာတယ်၊ ဒီကနေ အာရုံတခုချုပ်ပြီး တခုကို ပြောင်းလာရတယ်၊ ဒါကို

၂-ရက်တိတိ တင်ဆက်လာခဲ့ပါပြီ၊ ဒီနေရာမှာ စဉ်တွဲအစဉ်တွေကလဲ ဇာဏရနိမ္မာနဒီဋ္ဌိတွေ စဉ်လာတယ်၊ နောက် အဟေတုက ဒိဋ္ဌိစတဲ့ နိယတမိစ္ဆာဒိဋ္ဌိ ကဲ့တွေကိုပါ ထပ်သိမ်းလာတယ် နောက် ဝိသမ ဟေတုကဒိဋ္ဌိကိုပါ ထပ်သိမ်းလာတယ်၊ ဝိသမဟေတုက ဒိဋ္ဌိမှာ ယုံမှားခြင်း ဂ ပါးကို ထုတ်လားပြန်တယ်၊ ဒီ ယုံမှားခြင်း (ဂ) ပါးကိုဘဲ ပစ္စယပရိဂ္ဂဟဉာဏ်က ထပ်သိမ်းလာပြန်တယ်။

ဒီ - ဝိသမဟေတုကဒိဋ္ဌိက မလွတ်သေးရင် ဝါစာဝိကွေ့ပဒိဋ္ဌိ လက္ခဏနဲ့ အမရာဝိကွေ့ပဒိဋ္ဌိလက်ဝဲတွေကလဲ လိုက်နေသေးတယ်၊ ဒီ-ဒိဋ္ဌိ ၂ ပါးဟာ ပရိယတ်နယ်ဘက်မှာ ရှိနေကြတယ်၊ ဒီတော့ တရားတွေကို ဟောနေတဲ့အခါမှာ ဘယ်တရားကိုဘဲ ဟောဟော သည်ဘ ဝိညာဏ်ဖြင့် ထောက်ပြီး ဟောနေရင် ဒီ-ဒိဋ္ဌိ ၂-ပါးက (ဝါ) ဝါစာ ဝိကွေ့ပ ဒိဋ္ဌိနဲ့ အမှရာ ဝိကွေ့ပဒိဋ္ဌိ (၂) ပါးက မလွတ်သေးပါ၊ လူဝတ်ကြောင်များကအရေးမကြီးပါ၊ သံဃာ တော်များက အလွန်ဘဲအရေးကြီးပါတယ်၊ ဒါကြောင့် ဒီ-ဒိဋ္ဌိ တွေက လွတ်အောင် အဲဒါ " ဒိဋ္ဌိခမ္မ ပတ္တခမ္မ ဝိဒိတခမ္မ ပရိယောဂဇ္ဇခမ္မ " တွေ အနေနဲ့ ပိုင်ရမယ်၊ ဒါမှ ဒီ-ဒိဋ္ဌိတွေက လွတ်မယ်။

ဒိဋ္ဌခမ္မကို ရရင် နာမရူပပရိစ္ဆေဒဉာဏ်ကိုပိုင်တယ်၊ ပတ္တခမ္မကို ရရင် ပစ္စယပရိဂ္ဂဟဉာဏ်ကိုပိုင်တယ်၊ ဝိဒိတမ္မေကိုရရင် သမ္မသန ဉာဏ်ကိုပိုင်တယ်၊ ပရိယောဂဇ္ဇမ္မေကိုရရင် ပညာမြင်, ဉဒယဗ္ဗယ ဉာဏ်ကိုပိုင်တယ်၊အဲဒီလို အကျိုးလေးတွေ ထွက်လာတယ်၊ ယခု တရားဟောနေကြတားဟာ ဒီအသိ(၄)ချက်ဖြင့် မသိရင် ဒီဒိဋ္ဌ တွေက မလွတ်သေးပါ၊ ဒီတော့ စာပေ ပရိယတ် ခမ္မကွန္ဒာတွေ ဟာ ဘုရားရှင်ကိုယ်တော်မြတ် ဟော့ကြားတော်မူခဲ့တဲ့ အတွက် စင်ကြယ်ပါတယ်ဘဲထားကြပါစို့၊ အဌကထာကျမ်းကြီးတွေက

လဲ စင်ကြယ်တယ်ထားကြပါစို့ ဌီကာတွေဆိုရင် သညာဝိညာဏ်နဲ့ ထောက်ပြီးတော့ ပရိယာဒ်တာဘဲ့ပုဂ္ဂိုလ်တွေ ရေးထားတာ ဖြစ်ခြင်းကြောင့် ဒီဌီကာဘေ့တောင်မှာဲ ဒီဒီဌီတွေရှိနေပြီ၊ ဒီဒီဌီဘေ့ရှိနေသးသမျှ(၀၊)မလွတ်သေးသမျှ-ဘုရားမမြဲသေးပါ တရားမမြဲသေးပါ၊ သံဃာမမြဲသေးပါ၊ ယုံမှားခြင်းတွေ မကင်းသေးပါ။

ဒီ သဘာဝဘေ့ကို နားလည်လာမှ သိမ်ထဲဝင်ပြီး ကမ္မ၀၊ ဖတ်လိုက်တဲ့ အခါမှာ-သြဇာဂုဏ်တွေ မြောက်လာမယ်၊ (၀၊) ထွက်လာမယ်၊ ဓမ္မတာအနေနဲ့သာ လုပ်နေရင် ဘယ်မှာဟုတ်တော့မှာလဲ၊ ဒီတော့ ဒီ-ဒုဋ္ဌိတွေ ပြုတ်အောင် (၀၊) စင်ကြယ်သွားအောင် ဘုရားစစ်ကိုရှာပြမယ်၊ ပုံစံနံပါတ်(၈)ကိုပြန်ကြည့်ပါ၊ အာဟာရ ၄-မျိုးကို ထုတ်ပြလိုက်ပါပြီ၊ အဲဒါဟာ ရူပ်ဘက်က (၂)ချက်, နာမ်ဘက်က(၂)ချက်ဆုံပြီး ထုက်လာပါတယ်၊ အဲဒါ ရူပ်အာဟာရကလဲ ထောက်ပံ့ပါတယ်၊ နာမ်အာဟာရကလဲထောက်ပံ့လာပါဘယ်၊ အဲဒ့ါ " သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ " လို့ ပြလာတဲ့အတိုင်းအလုံးစုံသော သတ္တ၀ါတွေဟာ အာဟာရသာလျှင် မှီရာ,တည်ရာ ရှိတယ်လို့ပြလာတာပါ။

အဲဒီအာဟာရ ၄-မျိုးမှာ ကဗဠိကာရ အာဟာရဟာ ရူပ်သဘောပါ၊ ဒီလိုတည်ပြီးတော့မှ ဖဿအာဟာရလဲတည်လာပါတယ်၊ ဒါဟာနာမ်တရားပေါ်လာအောင်လို့ ထည့်ပေးထားတာပါ၊ ဒီတော့ ကဗဠိကာရ အာဟာရနဲ့ ဖဿ အာဟာရက ရူပ်ဘက်ကပါ၊ နောက်စေတနာ အာဟာရနဲ့ ဝိညာဏအာဟာရကျတော့ နာမ်ဘက်ကပါ၊ ဒီလိုရူပ်နဲ့ နာမ်ဘဲ့ပြီးတော့ ပြလာရပါတယ်၊ (၀၊)ထုတ်လာရပါတယ်၊ ဒီတော့ ယခု ပစ္စယပရိဂ္ဂဟ

ဥာဏ်က ငါဟာအကြောင်းတရားကိုရှာတာ၊ အဲဒီ (၄) ချက်ဟာ အကြောင်းတရားမဟုတ်သေးဘူး၊ ဒါကြောင့် ငါလက်မခံပါ၊ တခါထပ်ပြီး စစ်လိမ့်အုံးမယ်၊ ဘာ့ကြောင့်လဲ ယခုမြင်တဲ့အကြောင်းတွေက ဝေးတဲ့အကြောင်းတွေပါ၊ (၀)မပြဋ္ဌာန်းသေးပါ၊ မနီးကပ်သေးလို့ ဘယ်သတ္တဝါ ဘယ်ဘုံ - ဘယ်ဌာနကမှ မြင်နိုင်တဲ့နီးသော အကြောင်းတရားကို ရှာပြီးထုတ်ရမယ်။

ဒီတော့ ယခု ထုတ်ထားတဲ့ အကြောင်းတရားတွေကို ဗြဟ္မာ့ပြည်ကျရင်ဘဲ လက်ခံကြတော့မလား၊ ဘာ့ကြောင့်လဲ ဥပမာ ဗြဟ္မာတွေကျတော့ ထမင်းမစားတော့ပါ၊ ဒီတော့ ကဗဠိကာရအာဟာရကို ထည့်လို့ ရမလား၊ ဒါကြောင့် ၃ ၁-ဘုံကြီးမှာ ဘယ်သတ္တဝါတွေမှ မြင်နိုင်တဲ့အကြောင်းကို ထုတ်လာရမယ်၊ ယခု ထုတ်လာတဲ့ အကြောင်း (၄)ပါးနဲ့ မပြီးသေးပါ၊ ဒီအကြောင်း ၄-ပါးကို ထပ်ပြီး ခွဲလိုက်ပါအုံး၊ ခွဲလိုက်တော့မှ ပစ္စယပရိဂ္ဂဟဥာဏ်က လက်ခံလာမယ်၊ ဒီတော့ သူ့ယက်စစ်တဲ့နီးသော အာဟာရ အကြောင်းကို ထပ်ထုတ်လာပြီ၊ ဒီတော့ နာမ်တရားကို ရှာတဲ့အခါမှာ ပဌမ ဒီအကြောင်းကိုဘဲ ထုတ်ရပါတယ်၊ ဒါကြောင့် ထုတ်ပြရတာပါ။

အရင်က ထုတ်လာခဲ့တဲ့ အကြည်ရိပ်ကို ထပ်ခွဲလိုက်တော့ ဝေဒနာလေး ထုတ်လာတယ်၊ ဟိုတုံးက ထုတ်လာတဲ့ရုပ်ဖဿကို ခွဲလိုက်ရင် နာမ်ဖဿလေး ထွက်လာတယ်၊ နောက်ဟိုတုံးက စေတနာကို ထပ်ခွဲ့လိုက်တဲ့အခါမှာ ပဋ္ဌိစ္စသမုပ္ပါဒ်ကြီးကို ကျဉ်းလိုက်တဲ့အခါမှာ စေတနာလေး တလုံးသာရတယ် အခုဒီစေတနာလေးကို ထုတ်လာပြီး ဝိညာဏ်ကြီးကို ထပ်ခွဲ့ လိုက်တော့

ကံလေးကို ထုတ်လာတယ်၊ အဲဒါ ပဋ္ဌာန်းကျမ်းကြီးကို ချေတဲ့အခါမှာ "ကံ့တခုသာထွက်လာပါတယ်၊ အဲဒီကနေပြီးတော့ ဆဲ့ပြီးထုတ်လာတာပါ၊ ပုံစံနံပါတ် (၉)မှာကြည့်ပါ"

အခုထုတ်လာတဲ့အာဟာရ(၄)ပါး ကျတော့ သတ္တဝါတွေ အားလုံးလဲ လက္ခဏာနိုင်ပြီ၊ ပိဋ္ဌကတ်မှာလဲအားလုံးကုန်ပြီ၊ ပိဋ္ဌကတ်မှာကုန်တယ်လို့ ဆိုတာဟာ ပိဋ္ဌကတ်မှာ စိတ်တခုယုတ်ကိုးဆယ် အကျယ်(၁၂၁)ပါး၊ စေတသိက်(၅၂) လုံး၊ ရူပ်(၂၈) ပါးတွေဟာလဲ ဒီအာဟာရ(၄) ပါးက နေပြီး ထွက်လာတာပါ၊ စိတ်တခုယုတ်ကိုးဆယ်, အကျယ် (၁၂၁) ပါးမှာ ပေါ်ချင်တဲ့စိတ်ပေါ်၊ ဝေဒနာလေးတလုံးကနေပြီးတော့ ပေါ်နေရတာပါ၊ စေတသိက်(၅၂)လုံးဟာလဲ ဖဿကနေပြီးထွက်လာတာပါ။

ဒီတော့ဝေဒနာကိုစဲ့ပြီးတော့ ထွက်လာတာသည်ပင် စိတ်တခုယုတ်ကိုးဆယ်, အကျယ် ၁၂၁ ပါးတို့ရဲ့ ရေသောက်မြစ်ဟာ ဒီဝေဒနာလေးပါ၊နောက်စေတသိက် ၅၂-လုံးတို့ဟာလဲသဘာဝလက္ခဏာအားဖြင့် ပြားနေသော်လဲ၊ အကြောင်း ရေသောက်မြစ်ကိုရှာရင် ဒီဖဿလေးပါ၊အခုစိတ်နဲ့စေတသိက်တို့ကိုဝေဒနာနဲ့ ဖဿနဲ့ ခွဲခြမ်းလိုက်ပြီ၊ စိတ်ရဲ့ရေသောက်မြစ်ဟာ ဝေဒနာပါ၊ စေတသိက်ရဲ့ရေသောက်မြစ်ဟာ ဖဿပါ၊ဒါက ဓမ္မာစရိယသံဃာတော်မျှားအတွက်ပါ၊ အခု ပစ္စယပရိဂ္ဂဟဉာဏ်က ဆိုရင် ဖဿဟာ စေသိက်တို့ရဲ့ရေသောက်မြစ်-သူဟာသင်္ခါရကွန်ရာပါ။

ဒါဟာအလုံးစုံသော စေတသိက်တို့ရဲ့ ရေသောက်မြစ် ဖြစ်တဲ့အဘွက်ကြောင့် သူကို စိတ်ဘက်မှာ မသုံးဘဲ စေတသိက်ဘက်မှာသာသုံးတာပါ၊ ဒီလိုဖြေရင် ပစ္စယပရိဂ္ဂဟ ဉာဏ်ထဲ

လာမယ်၊ ဒီတော့နီးသော အကြောင်းကိုလဲရှာလိုတ်ရော စိတ်တို့ နဲ့ရေသောက်မြစ်ဖြစ်တဲ့ ဝေဒနာလေးပါ၊ ဒီဝေဒနာလေးကို အမှီပြုပြီးတော့မှ စိတ်တွေဟာပေါ်လာတာပါ၊ ဒီထဲမှာ စေတသိုက်တွေပါသော်လဲ မထင်ရှားသေးပါ၊ ဖဿကိုအမှီရလာမှ ဧတသ်ုက်တွေဟာ သူ့လက္ခဏာ လေးတွေနဲ့တကွ ပေါ်လာတယ်၊အဲဒါမိမိရဲ့ခန္ဓာကိုယ်ကြီ ထဲမှာ ယန္တရားမျှားလှည့်နေသလို လည်နေတယ်၊ ဒီတော့ စေတသိုက်ဟာ ဖဿကို အခြေခံထားပြီး ပေါ်နေရတာပါ၊ ဒါကြောင့် ယခု ဒီအကြောင်း ၂-ပါးကို သွင်းလိုက်တဲ့အခါမှာ ဝေဒနာနဲ့ဖဿပါ၊ ဒါက ပရမတ်နယ်မှာ ရှိနေတဲ့ တရားပါ၊ (၀၊) ပရမတ္ထတရားပါ။

နောက် စေတနာဆိုတာ စိတ် ဧတသိုက်တွေ လည်နေတဲ့ အခါမှာ ပါသော်လဲမထင်ရှားသေးပါ၊ ဒီတော့ စိတ်စေတသိုက်တွေ ရှိနေတဲ့ သတ္တဝါတွေမှန်ရင် သူဟာ အနာဂတ်အနေနဲ့ မျိုးချနေရပြီ၊ ဒီလိုမျိုးလေးမှမချရင် သတ္တဝါတွေမှာ သံသရာ မလည်နိုင်တော့ဘဲ နိဗ္ဗာနမဂါတ်စံမြန်းသွားမယ်၊ သံသရာလှည့်နိုင် အောင်လို့ မျိုးဆလေးအနေနဲ့ချပေးနေရတယ်၊ (၃၁)ဘုံကြီးမှာ ဖြစ်လာတဲ့ ရုပ်တရား, နာမ်တရားတွေမှန်ရင် အနာဂတ်အတွက် မျိုးချလာရတယ်၊ ဒီလိုဘဲ ယခုစေတနာလေးကလဲအနာဂတ် အတွက်မျိုးလေးချပေးရတယ်၊အဲဒါဟာ လည်နေတဲ့အထဲကကိုမျိုး လေး ချလာရတယ်၊ဒါကြောင့် စေတနာလေးဟာလဲ အကြောင်း တချက် ပါလာပြီ။

နောက် အနာဂတ်အတွက် ဒီမျိုးနဲ့ မလုံလောက်သေးလို့ နောက်တခါ 'ကံ' ဆိုပြီးတော့ခေါ်လာရပြန်တယ်၊ အဲဒါ ဝေဒနာ, ဖဿ, ဧတနာ ဒီ ၃-ပါးတို့ရဲ့ အားကိုယူပြီးတော့ 'ကံ'လေးကို

ချလာတော့တယ်၊ ဒါက ပြုပြင်တဲ့ သဘောလေးပါ၊ ဒီတော့ အကြောင်း ၄-ချက် ထုတ်လာပြီ၊ ဒီအကြောင်း ၄-ချက်က ထုတ်တာသည်ပင် (၃၁)ဘုံကြီးရဲ့ ရေသောက်မြစ်ပါ၊ ဒီရေသောက်မြစ် ဖြစ်တဲ့ အကြောင်း(၄)ချက်ကို သိမ်းလိုက်ရင် ဘဝဇာတ်ကြီးဟာ တခါထဲ ရပ်သွားပါတယ်၊ ဒါဟာ အခြေခံအနေနဲ့ ပြောတာပါ။

ဒီတော့(၃၁)ဘုံကြီးရဲ့ ရေသောက်မြစ်ဟာ ဒီအကြောင်း ၄-ပါးပါ၊ ၃၁ ဘုံမှာ မျိုးမပြတ်တာဟာ ဒီ ၄ ကောင်ကြောင့်ပါ၊ ဒီ ၄-ကောင် ပြတ်သွားရင် ၃၁-ဘုံမှာ မျိုးပြတ်သွားပြီ၊ ဒီတော့ ဒီ ၄-ကောင်ကို ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ ခုံရုံးကို တင်ပြီးတော့ သတ်ရတော့မယ်၊ ဒီ ၄-ကောင် ချေလိုက်ရင် ဝိသမဟေတုက ဒီဋ္ဌကြီးဟာ မရှိတော့ဘဲ သညာဝိညာဏ်ဟာ မဆဲနိုင်တော့ပါ၊ ဒီတော့မှ ယုံမှားခြင်းတွေဟာ ကင်းသွားမယ်၊ အချုပ်အားဖြင့် ပြောလိုတာက ယုံမှားခြင်းဘုရားကို ဆဲကိုင်နေတာက သညာဝိညာဏ်သဘောပါ၊ သညာဝိညာဏ်က မဆဲနိုင်ရင် ယုံမှားခြင်းကင်းသွားမယ်။

သညာ ဝိညာဏ် မဆဲကိုင်နိုင်တော့တာဟာ ဘယ်အခါကျမှ မဆဲနိုင်မှာလဲလို့ဆိုရင် နာမပညတ်နဲ့ သဏ္ဌာနပညတ် တွေကို သညာဝိညာဏ်က ဖန်ဆင်း နေသေးသမျှ ဝိသမဟေတုကြီးက မလွတ်သေးပါ၊ ဒီတော့ သညာဝိညာဏ်က မဆဲနိုင်အောင် တကာကြီး"ဘိုးစွန်"ဘယ်သဘာဝကို မြင်ထားရမှလဲလို့ဆိုတော့ ပစ္စယ ပရိဂ္ဂဟဉာဏ်နဲ့ အကြောင်းပြတ် အကျိုးငြိမ်း ဆိုပြီးတော့လဲ ဥက္ခောင်းချလိုက်ရော အဲဒါ နိဗ္ဗာနဓါတ်ကို တချက်တွေ့မယ်၊ ဒါဟာ ရုပ်နာမ်တို့ရဲ့ နိဗ္ဗာန်ပါ၊ နောက်တခါ ဥဒယ

ဉာဏ်ကြီးကလဲ နိဗ္ဗာနခါတ်တချက်ထွက်အုံးမယ် နောက် သင်္ခါရုပေက္ခဉာဏ်ကလဲ နိဗ္ဗာနခါတ်တချက်ဆွဲလိမ့်အုံးမယ်၊အဲဒီလို ၃-ချက်ထွက်ပြီးတော့မှ မဂ်ဖိုလ်ဆိုပြီး ဝင်သွားတော့မယ်။

အခုထွက်ရမဲ့ နိဗ္ဗာန်က သညာဝိညာဏ် ဆွဲမရတဲ့ နိဗ္ဗာန်ကို ရှာရမယ်၊ ဒုတိယထွက်မဲ့ နိဗ္ဗာန်က အဝိဇ္ဇာ တဏှာတွေ ကင်းတဲ့ နိဗ္ဗာန်ပါ၊ နောက် ဥပါဒိခန္ဓာချုပ်တဲ့ နိဗ္ဗာန်ပါ၊ ယခု ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ နိဗ္ဗာန်ကိုတွေ့ရင် ဝိသမဟေတုကဒိဋ္ဌိကြီး ကျွတ်သွားပြီ၊ ယခု ပစ္စယပရိဂ္ဂဟဉာဏ် ရုပ်နာမ်တို့ကနေ ထွက်လာတဲ့ သညာဝိညာဏ်ဆွဲမရတဲ့ နိဗ္ဗာနခါတ် တချက်ဆွဲပြမယ်၊ နောက် ဥဒယဗ္ဗယဉာဏ်ကြီးက အဝိဇ္ဇာ တဏှာချုပ်တဲ့ နိဗ္ဗာန်ကို တချက်ထုတ်ပြမယ်၊ နောက် သင်္ခါရုပေက္ခဉာဏ်ကြီးက နေပြီးတော့ ဥပါဒိခန္ဓာတွေ ချုပ်ပြီး ပေါ်လာတဲ့ နိဗ္ဗာန်ကို ထုတ်လဲပြလာရော အဲဒါ မဂ်ကိုရပြီ။

ဒီတော့ လုပ်ငန်းစဉ်အနေနဲ့ဆိုရင် ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ နိဗ္ဗာန်ကို (၀၊)သည်းဝိညာဏ်ဆွဲလို့မရဘဲနိဗ္ဗာန်ကို မြင်ပြီလား၊ မြင်ရင် ဝိသမဟေတုကဒိဋ္ဌိကျွတ်သွားပြီ၊ ယခု ဝေဒနာ, ဖဿ, စေတနာ, ကံ ဒီအစကြောင်းတရားတွေကို ထပ်ပြီးတော့ ဝေဘန်ပြအုံးမယ်၊ မိမိမှာရှိနေတဲ့ (၀၊) မိမိရဲ့ ခန္ဓာကိုယ်ကြီးမှာ ရှိနေတဲ့ နိဗ္ဗာနခါတ်ကိုဘဲ အရင်ရှာပါအုံး၊ အခု ထုတ်လာတဲ့ ဝေဒနာ,ဖဿ,စေဘနာ,ကံ တို့ဟာ ၃၁-ဘုံကြီးရဲ့ ရေသောက်မြစ်ပါ၊ သူ့ရဲ့အကြောင်း ထပ်ရှာလို့ မရတော့ပါ၊ ဒါကို လယ်တီဆရာတော်ဘုရားကြီးက "ဥတ္တမပုရိသဒီပနီကျမ်း" မှာ ဒီ ၄ ချက်ကို ကြိတ်ချေနိုင်ရင် ၃၁-ဘုံဟာ မြုံတော့ဒါဘဲလို့ ရေးလာတာဘဲ မဟုတ်လား၊ ကြိတ်ချေပုံကိုတော့ ဉာဏ်စဉ်နှင့် တကွ မပြသွားပါ၊ ယခု ဒီဟာက ရုပ်နာမ်တို့ရဲ့ (၀၊) သညာ

ဝိညာဏ်တို့ရဲ့ ရေသောက်မြစ်ပါ၊ ဒါကိုသိမ်းဆည်းမဲ့ ပုဂ္ဂိုလ်ဟာ ဒီသဘာဝကို နားလည်ထားရမယ်။

ဒါကို ထပ်မေ့ပြအုံးမယ်၊ အခု အဘိဓမ္မာကြီးဘခုလုံးကိုလဲ သွင်းပြလိုက်ပါပြီ၊ ဒီတော့ စိတ်စေတသိက်တို့ဟာ ဒီဝေဒနာနဲ့ ဖဿကြောင့်ဖြစ်လာတာပါ၊ ရုပ် ၂၈-ပါး တို့ကိုတော့ ပြီးခဲ့တဲ့ ကဏ္ဍကြီးတုံးက တခါထဲခွာချခဲ့ပါပြီ၊ လူကောင်၊ နတ်ကောင်၊ သတ္တဝါကောင်တွေ ဖြစ်လာတာဟာ ဒီအကြောင်း ၄-ချက်ကြောင့်ပါ၊ ပဋ္ဌယပရိဂ္ဂဟဉာဏ်ကို အပိုင်လုပ်ရမယ်၊ နောက်ဥဒယဗ္ဗယဉာဏ်ကျတော့လဲ အပိုင်လုပ်ရမယ်၊ ဒီဉာဏ် ၂-ပါးကို ပိုင်သွားရင် တခါထဲ တက်သွားပြီ။

နိဗ္ဗာန်ကိုရှာသော်လဲ သဒ္ဒါဆိုတဲ့ နောက်က "ပါဠိတချက် အနက်ဆယ်ထွေ၊ သွက်သွက်ခါ၀ေသောကြောင့်၊ သုံးထွေဆယ်လို၊ ပါရမီဖြည့်၊ စုံကာစေ့ရော" လို့ ပြလာတဲ့အတိုင်း ကိုင်းဝေဒနာရဲ့ သဘောကို ထုတ်ပြမယ်၊ ဝေ နာဟာ ဝိညာဏ်ရိပ်ထဲက ဖြစ်လာတဲ့ဝေဒနာ ဝိညာဏ်ရိပ်မပါဘဲဖြစ်လာတဲ့ဝေဒနာ ဆိုပြီး (၂)မျိုးရှိတယ်၊ ဝိညာဏ်ရိပ်ထဲက ဖြစ်လာတဲ့ ဝေဒနာဆိုတာက အဆင်းနဲ့အကြည် ၂-ပါး ဆုံတဲ့အခါမှာ ဝိညာဏ်ရိပ်ကြီးက ခံစားတာကျတော့လဲ ဝေဒနာဟာပေါ်လာတယ်၊ ဒါက ဝိညာဏ်ရိပ်က နေဆဲပြီး ပေါ်လာတဲ့ ဝေဒနာပါ (၀၁) ဝိညာဏ်ရိပ်ထဲကနေဖြစ်လာတဲ့ဝေဒနာပါ၊ (၀၁)သည်ဝိညာဏ်က ဖြစ်လာတဲ့ဝေဒနာပါ၊ သူ့မှာနာမနဲ့ သဏ္ဌာနပညတ်ရိပ် (၂) ပါးခံနေတယ်၊ ဒါကြောင့် သူ့ကိုရှုလို့မရပါ၊ ဒီဝေဒနာမျိုးက [ဥပမာ]ထန်းလျက်ကို လျှာပေါ်တင်ပြီး ခံစားလိုက်တဲ့ အခါမှာ ချိုတယ်လို့ပြောတဲ့ ဝေဒနာမျိုးပါ၊ ဒီဝေဒနာမျိုးကို ဘယ်လို ဖြုတ်လို့မှမရပါ၊ သူ့မှာ အစွဲကြောင့်ထွက်လာတာပါ။

ဥပမာ–အဆင်း ၁၁ကြည်(၂)ပါးက ထွက်လာတာ ဖြစ်ခြင်း ကြောင့်ပါ၊ ဒါဟာ အတ္တဒိဋ္ဌိအစဲ့ ၂၁-ကနေပြီးတော့ ထွက်လာတာပါ၊ ဒီဝေဒနာကို ဖြုတ်ပြစမ်းပါ၊ ဘယ်လိုမှ ဖြုတ်လို့ မရပါ၊ ဒီတော့ ဝါစာဝိဂေ္ဂပနဲ့ အမရာဝိဂေ္ဂပ ဒီဋ္ဌိထဲကိုကျနေ ကြတဲ့ တရားဟောဆရာတွေက ဝေဒနာကို မခံစားနဲ့လို့ ဆိုပြီး တော့ ဟောလာကြတယ်၊ ဒီတော့တိုက်ကြီးမြို့ကို "လယ်တီဆရာ တော်ဘုရားကြီးနဲ့ မာန်လည်ဆရာတော်ဘုရားကြီး" တို့ တရား ဟောကြွလာကြတယ်၊ ဆွမ်းကပ်တဲ့အခါမှာ ဆွမ်းဟင်းခွက်တွေ ကလဲအမျှားကြီးဘဲ ဆွမ်းကပ်တဲ့အခါမှာ တကာတယောက်က အနားသို့လာပြီး "ဆရာတော်ဘုရား ဒီဟင်းလေးကို ဘုဉ်းပေး ပါအုံးဘုရား၊ ဒီဟင်းလေးကတော့ အလွန်အရသာရှိပါတယ်-ဘုဉ်းပေးပါအုံးဘုရားလို့ လျှောက်တဲ့အခါမှာ မှာန်လည်ဆရာ တော်ဘုရားက "ဟေ့ တကာတော် ကောင်းတာမျှား တွေ့ရင် ရပ်ထားလို့ရသလားကွ' လို့ အမိန့်ရှိလိုက်တော့ တကာဟာ တခါထဲထသွားတော့တယ်။

ဒီအတိုင်းဘဲ ဒီလို အရိပ်ကင်းတဲ့ ဝေဒနာကို မတွေ့ကြလို့ အဲဒါ ဒီဟာကိုဘဲ ရှုဆိုပြီး ရှုခိုင်းနေတာပါ။ ဒီဝေဒနာဟာ သညာဝိညာဏ်ရိပ်တွေပါ။ ဒီတော့အနှတွေ့မှန်ရင် အရသာရှိလာ ရင်ဘဲ မခံစားဘဲ မနေတော့ပါ ကုန်အောင်ခံစားလာတော့တယ် မခံစားတော့ဘူးလို့ ဆုံးဖြတ်နိုင်တာဟာ အရိယာနယ်ထဲရောက် လာမှုရပါတယ် ဒီတော့ အတ္တဒိဋ္ဌိ(၂၀)နဲ့ ဖြစ်လာတဲ့ နာမ ပညတ်, သဏ္ဌာနပညတ်တွေပါလာတဲ့ ဝေဒနာကို တခါထဲ ခံစား ချလိုက်ပြီ၊ ဒီတော့မှ "ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနာ" ဆိုပြီးတော့ ပဋ္ဌိစ္စသမုပ္ပါဒ်ကြီး လည်တော့တယ်၊ (၀၊)ပတ်နေပြီ။

ဒီဘော့ ဒီဝေဒနံ့ဗျူးကို ဘုရားရှင်က မြင်အောင်ရှုခိုင်းဘာ မဟုတ်ပါ၊ ခံစားလို့ ရတဲ့ဝေဒနာကို ရှုလို့မျှားရသလား၊ ဒီဝေ ဒနာမျိုးကို အထက်မှက်တွေ့ကျမှ ပယ်တာပါ၊ ရဟန္တာပုဂ္ဂိုလ် တွေ့ကျတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ်၊ သညာနဲ့ ဝိညာဏ် သဘောတွေ့ ပြတ်နေတဲ့ အတွက်ကြောင့် ဒီဝေဒနာမျိုးကိုပါ တခါထဲပယ်လာပြီ ဒီဝေဒနာမျိုးဆိုတာက အင်မတန်မှ လျှင် မြန်တယ်၊ ဒါကြောင့် ဝါစာဝိကွေ့ပနဲ့ အမရာဝိကွေ့ပဒီဋ္ဌိဆရာ ကြီးတွေ ပြောတဲ့ဝါဒကို (ဝါ)သုံးတဲ့ဝါဒကို မလိုက်ကြပါနဲ့။

ဒါဖြင့်ရင် ဝိညာဏ်ရိပ်ကင်းတဲ့ ဝေဒနာ(ဝါ)ဝိညာဏ်မပါဘဲ ဝေဒနာကို ထုတ်ပြစမ်းပါ၊(ဝါ)နာမပညတ်နဲ့ သဏ္ဌာနပညတ် မပါဘဲဝေဒနာ(ဝါ) အစဲ့ (၄)ချက် မပါတဲ့ ဝေဒနံ့ဗျူးကို ထုတ်ပြစမ်းပါ၊ ဒီဝေဒနာမျိုးကိုသာ လိုချင်တယ်၊ ဒါကိုဘဲ ပိဋ္ဌကတ်တော်မှာ ဘုရားရှင်က လုပ်ငန်းစဉ်အနေနဲ့ ဟောကြား သွားပါတယ်၊ အနျုပ်စကားမှာ အရိပ်ကင်းတဲ့ ဝေဒနာဟာ ဘယ်ဟာလဲ၊ ဒါကိုသာ ရှာဘို့အခရေးကြီးပါတယ်၊ ဒီဝေဒနာကို ရှုတတ်ရင် ဒီဝေဒနာတခုထဲနဲ့ မဂ်ဖိုလ်ထိအောင် တက်နိုင်ပါ တယ်။

အဲ့ဒါ အစ့ဲနယ်ထဲက ထွက်လာ့ဘဲ့ ဝေဒနာမျိုးကိုတော့ ရှု လို့မရပါ၊ တကဲ့အရိပ်ကင်းနေတဲ့ ဝေဒနာမှသာလျှင် ရှုလို့ရပါ တယ်၊ ဒီတော့ ဝေဒနာလေးတလုံးကနေပြီးတော့ ညာတပရိညာ တိရဏပရိညာ, ပဟာနပဝိညာဆိုပြီးတော့ မဂ်ဖိုလ်ဝင်သွားပုံ ထိအောင် ပိဋ္ဌကတ်ကရေးထားတယ်၊ အခုအစ့ဲ လောကကြီးက ထွက်လာတဲ့ ဝေဒနာခလေးကို ရှုလို့ရမလား၊ မုရပါ၊ ဒီတော့ ဒီဋ္ဌိကိုလဲ့ သူ့ကဏ္ဍနဲ့သူ ပယ်လာမှရပါတယ်၊ ဥဒယဗ္ဗယညာဏ်

ကြီးကျတော့မှ တခါထဲပယ်လို့ မရတော့ပါ၊ ဒါကို ဝိသုဒ္ဓိမဂ် ကြီးက ထောက်ခံထားပါတယ်၊ ကိုင်းဝိညာဏ်ရိပ်ကင်းတဲ့ ဝေဒနာကိုထုတ်ပြစမ်းပါ၊ အခု ထုတ်ထားတဲ့ ဝေဒနာလေးဟာ ဝိညာဏ်ရိပ်ကင်းနေတယ်၊ ဘယ်လိုကင်းနေသလဲ၊ ဒီတော့စိတ် တခုယုတ်ကိုးဆယ်-အကျယ်(၁၂၁)ပါးဟာ ဒီဝေဒနာလေးကို ဆွဲပြီးမှ ထွက်လာရမယ်။

စိတ်တခုယုတ်ကိုးဆယ်–အကျယ်(၁၂၁)ပါးထဲက ဝေဒနာ လေးထွက်လာတာ မဟုတ်ပါ ဒီဝေဒနာလေးက နေ့ပြီးတော့မှ စိတ်တွေ့ထွက်လာရတာပါ၊ ပြောပြမယ် ကဗဋ္ဌီကာရ အာဟာ ရက စားသုံးလိုက်တဲ့အခါမှာ ဩဇာအာဟာရဖြစ်လာတယ်၊ ဒီ ဩဇာအာဟာရဟာ ၆-ပါးသော အကြည်ဓာတ်အထိဆောင် လာတဲ့အတွက် ကြည်လာတယ်၊ ဒီတော့ အကြည်ခွာတ် ၆– ပါးမှာ ပဋိပါစက မီးဓာတ်နဲ့အတူ ဆောင်လာတဲ့ အတွက် ကြောင့် အကြည်ဓာတ်တွေဟာ ကြည်လာတော့တယ် အဲဒါ အကြည်ခွာတ် ၆-ပါးမှာ မီးဓာတ်လေး ပွင့်လာတော့တယ်၊ ဒီ မီးဓာတ်ဟာ အခိုးကင်းသလား, မကင်းဘူးလား၊ မကင်းရင်ပါ လာတဲ့အခိုးဟာ အမဲခိုးလား, အနီခိုးလား,အဖြူခိုးလား,အဝါ ခိုးလား–ဆိုတာကို ဆရာတော်တို့ကိုယ်တိုင် စစ်တမ်း ထုတ်ရပါ တယ်။

အမဲခိုးလေးပါလာရင်ဘဲ အဲဒါကိလေသာဘက်ကို ဆွဲသွား တော့တယ်၊ အဲဒါ ရူပ်တရားကကို ကိလေသာတွေ့ဖြစ်လာတော့ တယ်၊ ဒုါကို 'နဂါးနက် အဆိပ်" လို့ ခေါ်တယ်၊ ဒါဟာ ၆ ပါးသော အကြည်ခွာတ် တွေ့မှာကို ထွက်လာ တော့တယ်၊ သောတာပန်ဖြစ်သွားရင်ဘဲ ဒီအမဲခိုးဟာ မထွက်တော့ပါ၊ ဒီ

တော့ ထိုပုဂ္ဂိုလ်မှာ ကိလေသာနည်းလာတဲ့အတွက်ကြောင့် ထိန်းလာပြီ၊ အနှစ်တွေကျတော့ "နဂါးနက် အခိုး" ဟူပါတဲ့အဘွက်ကြောင့် ကိလေသာ တဏှာတွေ ထလာတော့တယ်၊ ဒီတော့မှ ပဋ္ဌိစ္စသမုပ္ပါဒိကြီးဟာ ပတ်လာတော့တယ်။

ဒီလို ပဋ္ဌိစ္စသမုပ္ပါဒိကြီးလည်နေတာဟာ ဒီသြဇာ အာဟာရကနေပြီး ပရိပါစကမီးခါတ်နဲ့ ပါလာတဲ့ ဝေဒနာလေးရဲ့ အားလေးပါ၊ ဒီမီးခါတ်ရဲ့ သဘာဝတွေ ပေါ်ထွက်လာတာကို ဝေဒနာလို့ ခေါ်တာပါ၊ ဒီကျအောင် ပိဋ္ဌကတ်က မဖွင့်ပါ၊ ဆရာတော်တို့က လုပ်ငန်းစဉ်နှင့်တကွ ဒီကျအောင် နှိုက်လာတာပါ၊ ဒါဟာလိုရင်းပါဘဲ၊ ဒီသဘာဝကိုမမြင်ရင်(ဥပမာ)ဆီစက်ကြီးလည်နေမှ ဘီးကြီးကို(ဝါ)ဘိန်းကြီးကို သွားဆွဲလို့ရမလား၊ ဒီဝေဒနာကို သတ်ရတော့မယ်။

အထက်မဂ်ကြီးတွေကိုတက်တော့မယ်ဆိုတော့ အကြည်ခါတ် ၆-ပါးမှာရှိတဲ့ ပရိပါစက မီးခါတ်မှာ အနက်ခိုးမရှိရင် သောတာပန်၊ အနီခိုးကျတော့ သကဒါဂါမ်၊ အဝါခိုး ကျတော့ အနာဂါမ်၊ အခိုးမရှိတော့ရင် ရဟန္တာဖြစ်သွားပြီ။ ဒီအခိုးလေးတွေကို ဝေဒနာလို့ပြောတာပါ၊ ဒီဝေဒနာဟာ ခံစားလို့ ရသလား ပြောစမ်းပါ၊ ဒီတော့ အနုတ္တလက္ခဏာသုတ်ကို ဟောစဉ်တုံးက ကဗဠိကာရ အာဟာရကပေါ်တဲ့ ဒီဝေဒနာကို သဒ္ဓါရက္ခန္ဓာမဲ့ပြီးတော့ ဝေဒနာကိုပေါ်သဘောလေးလို့ ပြောခဲ့တယ်၊ ယခု ဒီနေရာမှာ ဒီလိုပြောလို့ မရပါ။

ဒီတော့ အာနာပါဏ လုပ်တဲ့သူတွေမှာလဲ တွေ့ခဲ့သလား၊ ကိုယ်ပိုင်တွေ့ခဲ့သလား၊ ဒီနေရာမှာ အာနာပါနထဲဘိုမချသေးပါ၊ ဒီတော့ လျှပ်စစ်မိုယ်းကြိုးခါတ်ကို သိတယ်မဟုတ်လား၊ ပရိပါ

စကမီးခါတ်နဲ့ ဥသမမီးခါတ်မှာလျှပ်စစ်မီးခါတ်ရှိတယ်၊ လျှပ်စစ်မီးခါတ် ကျင်တဲ့ဟာကို ခံစားဘူးတယ်မဟုတ်လား၊ ဒီ လျှပ်စစ်ခါ့တ်လေး ပေါက်လောက်တဲ့ အနေသဘောလေးက် သာလျှင် ဒီဝေဒနာလေးကို ယူလို့ရပါတယ်၊ အဲဒါ ကိုယ်ကြီးထဲမှာ တခုခု အာရုံနဲ့ တွေ့ထိလိုက်တဲ့အခါမှာ ထိတ်ခနဲဆို ဖြစ်သွားတဲ့အနေနဲ့ဟာ ဒီဝေဒနာရိပ်ကထွက်လာတာပါ၊ အဲဒီလိုအကြမ်းနည်းနဲ့ မှတ်ထားပါ။

ဒီဝေဒနာလေးက နေစပြီးတော့ရင် ကမ္ဘာလောကကြီး ဖြစ်လာတာပါ၊ ဒီဝေဒနာလေးကို အရင်ဖမ်းရမယ်၊ ဒါကို ပဌမ ဥာတပရိညာဖြင့် အရင်ရှာရမယ်၊ ဗနာက်မှ တိရဏပရိညာ၊ နောက်ဆုံးကျတော့ ပဟာနပရိညာကနေပြီးတော့မှ မဂ်ဖိုလ်ကို တက်သွားတော့မယ်၊ ဒီတော့ ဒီဝေဒနာလေးဟာ ၆-ပါးသော အကြည်ခါတ်မှာရှိတဲ့ ပရိပါစကမီးခါ့တ်က ဖြစ်လာတဲ့ဝေဒနာလေးပါ၊ ဒုါဟာ ပဂေတိအတိုင်း ခံစားတဲ့ ဝေဒနာလေးပါ၊ ဒီဝေဒနာလေးမှာ နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ်ဖြစ်တဲ့ အတ္တရိပ်ဇော့မပါပါကင်းနေပြီ၊ ဧီလို ဝေဒနာမျိုးမှ ရှုလို့ရပါတယ်၊ ဒီတော့ သူရဲ့အကြောင်းကို အရင်သိဘို့ရာ အရေးကြီးပါတယ်၊ အာဟာရအကြောင်းကို သိမ်းတာ ဖြစ်ခြင်းကြောင့် ယခုလို လိုက်ပြီးရှာနေရတာပါ၊ ကိုင်း....ဒါက ဝေဒနာရဲ့ အခြောင်းလေးပါ။

ညဟောစဉ်။

"ဥပါဒါန၊ သက္ကာယဟု၊ တလွဿေးထူ၊ ငါ တည်းဟူသော၊ မသူ့တော်ရှာ၊ ဤခန္ဓာမှ၊ မည် ကာပြာသာဒီ၊အရိမဒ်ဟု၊ ဘုံထွဋ်ညီးညီး၊ မြို့ရပ် ကြီ သို့ လင့်စီးဆောက်ဆောက်၊ မရောက်သော ကြား၊ ခြောက်ထပ်နား၍၊ ရထား ခြောက်ဆူ၊ သင်ဒ္ဓိဟူသား၊ ယာဉ်ဖြူလှည့်စီး၊ ဆူလည်စီး၍၊ ပြည်ကြီးဝင်ကျယ်၊ သင်းပုံလယ်နှင့်၊ ရှင်ဝယ်သံ ကရစ်ထံ ထံ၌ဖြစ်သော၊ အစေစ်နှင်နှင်၊ သူတော် ခွင်ဝယ်၊ ညာတင်စက်ကြိုး၊ ပညာ ပျိုးသည်၊ ကျင့်ရိုးမှန်စွာ၊ ဝိသာခါဟု၊ ခန္ဓာ နာမ် ရုပ်၊ မချုပ်သမျှ၊ နှိုးလုလ္လဖြင့်၊ နေ့ည ကြိုးစားကုန် ရာသကဲ့သို့ဂင်း"

လို့ ရှေးကဆရာတော်ကြီးများဆုံးမတော်မူခဲ့သည့်အတိုင်း..

အစမထင်တဲ့ ဘဝကစပြီး ဘဝအစဉ်, ခန္ဓာအစဉ်တွေ ဖြင့် လာခဲ့သော်လဲ အတ္တဒိဋ္ဌိ အစဲ(၄)ချက်ဟာ မပြုတ်ခဲ့ပါ၊ မိမိရဲ့ နှလုံးအိမ်မှာ အမြဲရှိနေကြတယ်၊ (ဝါ)အနှစ်တွေရဲ့ နှလုံးအိမ်ထဲ မှာ အမြဲရှိနေပါတယ်၊ အဲဒီလို အမြဲရှိနေတဲ့သူတွေကို မသူတော် တို့ရဲ့ရှာလို့ရေးလာတာပါ၊ ဥပါဒါန သက္ကာယဆိုတဲ့နယ်ကြီးပါ သာသနာတော်ကြီးနဲ့ တွေ့ပြီး နေသော်လဲ ဒီအစဲမှ မပြုတ်ရင် ဘယ်မှာဟုတ်မှာလဲ။

ယခုပစ္စုယပရိဂ္ဂဟဉာဏ်ဟာ အခြောင်းတရားတွေကို သိမ်း ဆည်းရမယ်၊ (ဝါ)သိမ်းဆည်းတဲ့ဉာဏ်ပါ၊ ဒီတော့မိမိရဲ့ ခန္ဓာ

ကိုယ်ကြီးထဲမှာ ပါရှိလာတဲ့အကြောင်းတရားတွေကို ရှာရတော့မယ်၊ ရှာပြီးတော့ ဒီအကြောင်းခံတွေကို သိမ်းဆည်းရမယ် (၀၊) ပြုတ်ရမယ်၊ အကြောင်းပြုတ်သွားမှ ဘာတွေ ထွက်လာမလဲ ဆိုရင် အကြောင်းတရားတွေ ပြုတ်သွားတော့မှ နိဗ္ဗာန် ဓာတ်ကြီး ထွက်လာတော့မယ်၊ ဒီဘော့မှ ဝိသမဟေတုကဒိဋ္ဌိကြီးပြုတ်မယ်။

ဒီ ဝိသမဟေတုက ဒိဋ္ဌိကြီးကို ခွဲလိုက်ရင်ဘဲ ယုံမှားခြင်း ဂ ချက်ထွက်လာတယ်၊ ဒီယုံမှားခြင်း ဂ·ချက်ရှိနေတဲ့ သူတွေမှာ စစ်တမ်းထုတ်လိုက်ရင် ဘုရားဆိုတာ ဘယ်ဟာလဲ၊ (၀၊) ဘယ်အနေနဲ့ ကိုးကွယ်နေတာလဲ ဆိုတာကို တွေ့လာတော့မယ်၊ ဗုဒ္ဓဘာသာလို့သာ အမည်ခံသော်လဲ ဒီဝိသမဟေတုက ဒိဋ္ဌိကြီးတွေနဲ့သာ ကိုးကွယ်မှုကြီးတွေဖြစ်နေကြတယ်၊ ဒုါဟာသညောဝိညာဏ်တွေနဲ့ (၀၊) ထောက်မီးထောက်ရာလေးတွေကိုသာ ထောက်ပြီးဘော့ကိုးကွယ်နေတာပါ။

ဒီတော့ ဘုရားစစ်ကိုတွေ့ပြီလားလို့ ဒီလိုမေးရင် ဘယ်မှာတွေ့အုံးမှာလဲ၊ ဘာ့ကြောင့်လဲ သူ့မှာ ဝိသမဟေတုက ဒိဋ္ဌိကြီးရှိနေပြီ၊ ဒီတော့ ကံ့ကံ·၏ အကျိုးလေးကို ယုံကြည်ပြီးတော့ ဘုရားစစ်ကိုတွေ့ပြီလို့ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ထားကြတယ်၊ ယခုပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ လုပ်ငန်းစဉ်နဲ့လဲ ကျရော ဘုရားစစ်, တရားစစ်, သံဃာစစ်, ကို ရှာတော့မယ်၊ အခုတော့ မတွေ့ကြသေးပါ၊ အဲဒါ သုတသရဏဂုဏ် အနေနဲ့သာ ရှိကြပါသေးတယ်၊ သုတသရဏဂုဏ်ဆိုတာ တကယ်မမြဲသေးပါ၊ သူ့တပါးရဲ့ အယူကို ပြောင်းယူရင်လဲ တချက်ပျက်တယ်၊ သေတဲ့အခါ စုဘိစိတ် ကျတာနဲ့ တခါထဲ ဒီ သုတသရဏဂုဏ်ဟာ ပျက်တယ်၊ ဒါကြောင့် သုတသရဏဂုဏ်ပျက်တာဟာ အကြောင်း ၂·ပါးရှိတယ်၊ ဒီတော့ သုတသရဏဂုဏ်ဟာ ဘယ်စိတ်ချရအုံးမှာလဲ။

ဒီဌသရဏာဂုံကိုမှ မရသေးသမျှ ကံ့ကဲ့၏အကျိုးကိုယုံကြည်ပါတယ်လို့ပြောနေပါသော်လဲ မဟုတ်သေးပါ၊ ဒီပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ အကြောင်းနဲ့အကျိုးကို သိမ်းဆည်းနိုင်လာမှဘုရားစစ်တရားစစ်, သံဃာစစ်တွေ့ပြီးတော့ ဒီဌသရဏာဂုံ၌လာမယ်၊ အခုလုပ်ငန်းစဉ်ကြီးတွေနဲ့ တက်လာပါပြီ၊ မဟာသတိပဋ္ဌာန် တရားတော်ကြီးမှာကို သတိပဋ္ဌာန် အာနာပါနကြီးကို အားထုတ်နိုင်အောင်လို့ ရုပ်နာမ်ပိုင်းကို ယခု ဟောပြနေရတာပါ၊ ဒီပစ္စယပရိဂ္ဂဟဉာဏ်ကို ပိုင်ရင်ဘဲ ဘုရားစစ်,တရားစစ်,သံဃာစစ်တွေ့ပြီးတော့ အဲဒါ သေသော်လဲ ဒီဌသရဏာဂုံ မပျက်တော့ပါ၊ ဘယ်ဘဝကိုဘဲရောက်ရောက် ဒီဌသရဏာဂုံလေးဟာ ပါသွားတဲ့အဘုန်း(၀၊)ရသွားတဲ့အတွက် အပါယ်(၄)ပါးသို့မကျတော့ပါ၊(၀၊)ချလို့မရတော့ပါ၊ ဒီလိုဒီဌသရဏာဂုံမြဲပြီး ဘုရားစစ်, တရားစစ်, သံဃာစစ်ကိုတွေ့အောင် ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ လုပ်ငန်းစဉ်ကို ပဋ္ဌိပတ်အနေနဲ့ကြိုးစားလာရမယ်။

ဒီ ဉာဏ်ကို ပိုင်အောင် ပဋ္ဌိပတ်အနေနဲ့ပြသွားပါမယ်၊ ကိုင်းဦးတော့ " အဗျာပါရ၊ ကေတ္တာနှင့်၊ နာနတ္တနည်း၊ ဧဝံနည်းသာ၊ ဓမ္မတာဟူ၊ ဖြူကာစင်စင်၊ ပညာမြင်မှ၊ ကြည်ဏင်လှသည် မြင်ကြအမျှား အမှန်နှင့်အမှား" ဒါက အကြောင်းနဲ့ အကျိုးကို သိမ်းတဲ့နည်းပါ၊ ဒါကို ဝိသာခါ တရားတော်ကြီးမှာလဲ ထည့်ဟောထားပါတယ်၊ နိဗ္ဗာနဓာတ်ကြီး တချက်ထွက်တော့မယ်၊ မယာသတိပဋ္ဌာန်နည်းမှာလဲ အခြေခံအုဋ္ဌမြစ်အနေနဲ့ ဆွဲလာရပါတယ်၊ ဒီတော့ ဒီဌသရဏာဂုံ တည်ပြီးတော့ ဝိသမ ဟေတုက ဒီဋ္ဌိကို တချက်ထဲထိုးချလိုက်ပုံကို ပဋ္ဌိပတ်နည်းဖြင့်ရင် ပြသွားပါမယ်။

ဒီတော့ အမျိုးသမီးကြီ တွေ့အတွက် အကြောင်းနဲ့ အကျိုးဟာ ဘယ်လိုနေသလဲ၊ အကြောင်းကြောင့် အကျိုးဖြစ်တာလား၊ အကျိုးကြောင့် အကြောင်းဖြစ်တာလား၊ ဥပမာ သရက်စေ့ကြောင့် သရက်ပင်ဖြစ်တာလား၊ သရတ်ပင်ကြောင့် သရက်စေ့ဖြစ်တာလား၊ ဒီတော့ သရက်စေ့ကြောင့် သရက်ပင် ဖြစ်ရင် သရက်စေ့က အကြောင်း၊ သရက်ပင်က အကျိုးဖြစ်နေပြီ၊ ဒီသရက်ပင်ဟာ တကယ် အကျိုးလား၊ တကယ် အကျိုးဆိုရင် သရက်စေ့ကို မဖြစ်ရတော့ပါ၊ (၀ါ)မသီးရတော့ပါ၊ ယခုတော့ ပြာသိုလ-တပို့တဲ့လကိုရောက်လာရင်ဘဲ အပွင့်တွေ့ပွင့်ပြီး အသီးတွေ့သီးလာပြန်ပြီ၊ ဒီဟာ့ သရက်ပင်ကြောင့် သရက်စေ့တွေ့ ဖြစ်လာပြန်ပြီ၊ ဒီတော့ သရက်ပင်ကအကြောင်း၊ သရက်စေ့က အကျိုးဆိုပြီးဖြစ်လာပြန်ပြီ၊ သေသေချာချာတွေးပါ။

အဲဒါကြောင့် သညာဝိညာဏ်နယ်မှာ အကြောင်းနဲ့အကျိုးကို ပြောပြစမ်းပါလို့ဆိုရင် ပြောလို့မရပါ၊ သရက်စေ့ကို အကြောင်းလို့ပြောနေရင်လဲ သရက်ပင်က မခံတော့ပါ၊ သရက်ပင်ကိုအကြောင်းလို့ပြောပြန်ရင်လဲ သရက်စေ့က မခံတော့ပါ၊ အဲဒါအကျိုးကိုသာပြောနေတာ သူ့မှာကို အကြောင်းမျိုးတွေ့ ဝုံ ထားတယ်၊ သူသဘာဝသာမှန်ရင် သရက်ပင်ဟာအကြောင်းဘက်ကနေရမယ်၊အကျိုးဘက်ကိုမသွားရပါ ယခုတော့ အကျိုရော အကြောင်းပါဖြစ်နေတာဟာ သညာဝိညာဏ်ရဲ့ သဘောပါ။

ဒါကြောင့် သညာဝိညာဏ်ကနေ ပြောနေတဲ့ အကြောင်းနဲ့ အကျိုးပါ၊ ဒီဟာကို ဆွဲပြီးတော့ ပြောနေလို့ ဝိသမဟေ့တုက ဒီဌိုကြီး ဖြစ်လာတာပါ၊ ဒါကိုစဉ်နေတဲ့သူကို ဘုရားရှင်က ဘုရား

မမြဲသေးဘူး၊ တရားမမြဲသေးဘူး၊ သံဃာမမြဲသေးဘူးလို့ ဆိုပြီး ပြလာတယ်။ ယုံမှားတယ်ဆိုတာဟာ တထစ်ချမပြောနိုင်လို့ပါ၊ တထစ်ချ ပြောလာနိုင်ရင်ဘဲ ယုံမှားခြင်းဟာ ကင်းသွားပြီ၊ ဒီတော့ သညာဝိညာဏ်နဲ့ ပြောလို့မရပါ၊ ပညာ အနေနဲ့သာ ပြောရမယ်၊ ပညာနဲ့ပြောရင် အကျိုးဆိုရင်ဘဲ အကြောင်း ပြန်မဖြစ်မှသာလျှင်မှန်မှာဘဲမဟုတ်လား၊ အဲဒါ အကျိုးအကြောင်းသာ ဖြစ်နေရင်ဘဲ ဒါဟာ လုံလောက်တဲ့အကြောင်းကို မရတဲ့အတွက်ကြောင့် ဝိသမဟေတုကဒိဋ္ဌိ ဖြစ်လာတာပါ။

အကြောင်းပြန်ဖြစ်နေသေးရင် မမှန်သေးပါ၊ (၀၊) ပညာ မဟုတ်သေးပါ၊ (၀၊) သညာဝိညာဏ်နဲ့ ပြောနေတာပါ၊ ဒီလို သညာဝိညာဏ်နဲ့ ပြောနေရင်ဘဲ လုံလောက်တဲ့ အကြောင်းကို မရတဲ့အဘွက်ကြောင့် ဝိသမဟေတုက ဒိဋ္ဌိကြီး ဖြစ်လာတာပါ၊ ယခု ပစ္စယပရိဂ္ဂဟဉာဏ်ကိုပိုင်ရင် အဲဒါဟာ ယုံမှားခြင်း ဂ ပါးဟာ ကင်းပြီးတော့ ဒီ-ဒိဋ္ဌိကြီးဟာပြုတ်သွားမယ်၊ ဒါဟာ သုဘ သရဏဂုံကနေပြီးတော့ ဒိဋ္ဌသ ရဏဂုံကြီး ဖြစ်သွားပြီ၊ (၀၊) ယူနိုင်လာပြီ၊ ဒီတော့ ဘဝဇာတ်မပြတ်သေးလို့ တဘဝ တခန္ဓာ ပြောင်းသွားသော်လဲ ဟိုဘက် ရောက်ရာဘဝမှာ ဘုရားမြဲသွားပြီ၊ တရားမြဲသွားပြီ၊သံဃာမြဲသွားပြီ အပါယ် ၄-ပါးသို့ မကျတော့ပါ၊ (၀၊)ချလို့မရတော့ပါ။

ဒီတော့ "တိဏ္ဍ သံယောဇနာနံ ပဟာနာယ ပရိဂ္ဂယာယ နိယတော အဝိနိပါတခမ္မော သမ္မောဓိပရာယနော "လို့ ဆိုတဲ့အတိုင်း အပါယ် ၄-ပါးသို့မချနိုင်တော့ပါ၊ဒိဋ္ဌသရဏဂုံမြဲပြီးတော့ ဘုရားစစ်ကို တွေ့လာတော့မယ်၊ ဒါ့ကြောင့် ဒီကနေ့တက်လာတဲ့ ကဏ္ဍာဟာ ပစ္စယပရိဂ္ဂဟဉာဏ်ပါ၊ ဒီနေ့ ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့

လုပ်ငန်းစဉ်ဟာ ယခု အကြောင်းတရားကို မှီသိမ်းနိုင်သေးပါ ဒီတော့ သညားဝိညာဏ်က အကြောင်း အကျိုးလို့ ဆွဲနေသမျှ သံသရာမှ မလွတ်သေးဘဲ သံသရာကြီးကို ပတ်နေပြန်ပြီ။ ဒီဟာ တွေကို ပစ္စယပရိဂ္ဂဟဉာဏ်ကနေစပြီးပယ်ရတော့မယ်၊ဒီဉာဏ်က နေပြီး နိဗ္ဗာနခါတ်ကို တချက်မြင်မယ်၊ (၀၊)တွေ့မယ်။

နောက် ဥဒယဗ္ဗယဉာဏ်ကြီးက နေပြီးတော့ နိဗ္ဗာနခါတ်ကို တချက်မြင်မယ်၊ (၀၊)တွေ့ရမယ်၊ သခံ်ရုပေကွ ဉာဏ်ကြီးက တချက်မြင်မယ်၊ ဒီ ၃ ချက်လဲ့ မြင်ပြီးရော မဂ်ဖိုလ်ကို ဝင်သွားတော့မယ်၊ ဒီတော့ ပြောပြမယ်၊ ၃ ၁-ဘုံကြီးမှာ လူကောင် နတ်ကောင် ဗြဟ္မာကောင်ကြီးတွေဖြစ်နေရတာဟာ အကြောင်းနဲ့ အကျိုးကြောင့်ပါ၊ ဒီတော့ သညာဝိညာဏ်နယ်ကြီးကို ပယ်ပြီးတော့ ချလိုက်ပါ၊ သရက်ပင်က အကျိုးဆိုပြန်ရင်လဲ သရက်စေ့က လက်မောင်းတန်းလာပြန်တယ်၊ သရက်စေ့က အကျိုးလို့ ဆိုပြန်ရင်လဲ သရက်ပင်က လက်မောင်းတန်းပြန်တယ်။

ဒီတော့ သညာဝိညာဏ်နဲ့ ပြောနေသမျှဟာ မမှန်တော့တဲ့ အတွက်ကြောင့် အကြောင်းနဲ့အကျိုးဟာ အကြောင်းဖြစ်လိုက်, အကျိုးဖြစ်လိုက်နဲ့ မမှန်တော့တဲ့အတွက် သညာ ဝိညာဏ်က ပြောတဲ့ အကြောင်းအကျိုးတွေသာဆိုရင် ဝိသမဟေတုကဒိဋ္ဌိ ဖြစ်နေပြီ၊ ဒါကိုပယ်ပြီး ပညာအနေနဲ့မြင်တဲ့ အကြောင်းကိုသာ ပြောပါဆိုရင် ၃ ၁-ဘုံမှာ အကျိုးဟူ၍ မြူမျှမရှိပါ၊ အကြောင်းတရားသာလျှင်ရှိပါတယ်၊အကျိုးတရားရှိတယ်လို့ထင်နေတာဟာ အမြင်မှားပါ၊ ဒီတော့ ၀ါစာဝိုက္ကေပနဲ့ အမရာဝိုက္ကေပဒိဋ္ဌိတရားဟာ ဆရာကြီးတွေက ဟောလို့ အကျိုးရှိတယ်ဆိုပြီးအကျိုးကို လိုချင်လို့ ဒါနသီလ တရားတွေကို အားထုတ်နေတဲ့ အတွက်ကြောင့် မိမိတို့ပြုတဲ့အလုပ်တွေဟာ အကျိုးပေး မဖြူစင်တာပါ။

ဒါကြောင့် ဒီကနေ့ကစပြီး အဲဒီလို အကျိုးကိုမျှော်ကိုးပြီး ဒါန, သီလတွေကိုမလုပ်ကြနဲ့၊ ဒီတော့မှ မိမိတို့လုပ်လာတဲ့ ဒါန, သီလ တရားတွေဟာ အကျိုးပေးဖြူစင်လာမယ်၊ (၀၊) တန်ဘိုးရှိလာမယ်၊ အကျိုးတရားအစစ်ဟာ နိဗ္ဗာန်ရှေ့ပြည်မြတ်သာလျှင်ဖြစ်တယ် ဒီတော့ ၃၁-ဘုံကြီးမှာ ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ကြည့်ရင် အကြောင်းတရားသာလျှင်ရှိပါတယ်၊ အကျိုးတရားဟာ မရှိပါ၊ (ဥပမာ)သရက်စေ့က အကြောင်းလို့ဆိုပြန်ရင်လဲ သရက်ပင်က အကျိုးလို့ ဟန်ဆောင် ပြောနေပြီ၊ ဘာ့ကြောင့်လဲ ပြောသို့ တပို့တွဲ ဆိုရင်ဘဲ အသီးတွေ သီးလာပြီ မဟုတ်လား၊ ဒီအခါကျတော့ သရက်ပင်က အကြောင်းပြန်ဖြစ် လာပြန်ပြီးတော့ သရက်စေ့က အကျိုးဖြစ်နေပြန်ပြီဘဲမဟုတ်လား။

ဒါကြောင့် ၃၁-ဘုံကြီးမှာ (၀၊) သင်္ခတ လောကကြီးမှာ အကြောင်းတရားသာလျှင်ရှိပါတယ်၊ အကျိုးတရားဟာ မရှိပါ၊ ဒီလိုမရှိဘာကို ရှိတယ်လို့ ထင်နေကြတဲ့အဘွဲ့က် ဒါန, သီလ တရားတွေကို အကျိုးကို မျှော်ကိုးပြီး လုပ်လာရင်ဘဲ အဲ့ဒါ သံသရာကြီးထဲ မှာသာ လည်ပြီးတော့ အကြောင်းတရားတွေနဲ့သာ သံသရာရှည်အောင် အကြောင်းတရားတွေကိုသာ ထပ်-ထပ်ပြီး ချနေတာပါ၊ ဒါ့ကြောင့် အကြောင်းအကျိုးလို့ ပြောနေတာတွေဟာ သည္ဘာဝိညာဏ် သဘောတွေပါ၊ ဒါတွေကို အကုန်ခွါချရတော့မယ်။

အကြောင်း အကျိုး ပြတ်ပြီးတော့ ရှင်တော်မြတ်ဘုရားက ဓမ္မစက္ကြာ တရားတော်ကြီးမှာ အကြောင်းကိုလဲ သိမ်းလိုက်ရော အရှင်ကောဏ္ဍညကြီးဟာ "ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ" လို့လဲ ပြလိုက်ရော အဲ့ဒါ ၃၁-ဘုံကြီးဟာ

အကျိုးတရားဟာမရှိဘဲ အကြောင်းတရားသာရှိတယ်လို့ ဆိုတာကို တခါ့ထဲသိလိုက်တာနဲ့ သောတာပတ္တိမဂ်ကို တခါထဲ ရသွားပါတယ်။

ဒါ့ကြောင့် "အရှင်ကောဏ္ဍည၊ သမဏမှာ၊ ဘယာပရှင်း၊ ဒိဋ္ဌိမင်း၏၊ လက်တွင်းခန္ဓာ၊ ချုပ်ငြိမ်းကွာ၏" လို့ ရေးလာပါတယ်၊ ဒီတော့ ယခု တရားနာကြတဲ့ ဒကာ,ဒကာမ တွေဟာ အဲဒီလို သောတာပန် မဖြစ်သေးသော်လဲ ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ လုပ်ငန်းစဉ်နဲ့ အကြောင်းအကျိုးဘဲလို့ စဲ့လာတဲ့ သဘာဝကို ပြန်ဝေဘန်ကြည့်လိုက်ပါ တကဲ့အကျိုးဆိုရင် ဘယ်တော့မှ ပြန်မဖြစ်တော့ပါ၊ ယခုတော့ ပြန် ပြန်ဖြစ်နေတာ သည်ပင် အကြောင်း တရားတွေကို ငုံ ထားတဲ့အကျိုးဘဲမဟုတ်လား၊ ဒါဟာ ဟန်ဆောင်နေတာပါ၊သညာဝိညာဏ်ခဲ့ လှည့်ပတ်တဲ့သဘောပါ။

နောက် ပဋိစ္စသမုပ္ပါဒ် မှာလဲ "အဝိဇ္ဇာပစ္စယာသင်္ခါရာ - အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်" ဒီတော့ အဝိဇ္ဇာက အကြောင်း၊ သင်္ခါရကအကျိုး၊ ဒါဟာ တကယ့် အကျိုးလား၊ နောက်တခါ ဝိညာဏ်နဲ့ သွားကပ်လိုက်တော့ "သင်္ခါရပစ္စယာ ဝိညာဏံ" ဆိုပြီး ဖြစ်လာပြန်ပြီ။ ဒီတော့ သင်္ခါရကအကြောင်း ဖြစ်လာပြန်ပြီဘဲမဟုတ်လား၊ဒီလိုပြောနေတဲ့ အကြောင်းအကျိုးတွေမှန်သမျှ သညာဝိညာဏ်ရဲ့သဘောတွေပါ၊ ဒီပစ္စယ ပရိဂ္ဂဟဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါမှာ ၃၁ ဘုံမှာ အကြောင်းတရားတွေသာ ရှိပါတယ်၊ အကျိုးတရားအစစ်ဟာ မရှိပါ။

အကြောင်းအကျိုးလို့ ပြောနေတာဟာ တကယ့် အကျိုးမဟုတ်ပါ၊ အကြောင်းတရားတွေကို ငုံ ထားတဲ့ အကျိုးပါ၊ ဒါ့ကြောင့် ၃၁-ဘုံကြီးမှာ လည်နေတာပါ၊ အကျိုးတရား

ရှိတယ်လို့ ပြောနေတာဟာ သညာဝိညာဏ်သဘောပါ၊ ပညာနဲ့ ကြည့်ရင် အကျိုးတရားဆိုဘာ မရှိပါ၊ အကြောင်းတရားတွေ သာလျှင်ရှိပါတယ်၊ တဏှာယ်မြင်ရင် ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ သိမ်းရတော့မယ်၊ တကဲ့ပညာမြင်ဖြစ်တဲ့ အကြောင်းတရားကို ရှာရတော့မယ်၊ ဒီတော့ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ အကြောင်းတရားတွေ ဘယ်လိုရှိနေသလဲဆိုတာကို လုပ်ငန်းစဉ်နဲ့ ဆင်ခြင်ပါ။

အဲဒီကနေ ထွက်လာတဲ့ အကြောင်းတရားကို ပစ္စယပရိဂ္ဂဟဉာဏ်ကနေ သိမ်းရတော့မယ်၊ ဒီလိုလဲ သိမ်းဆည်းလိုက်ရော အကြောင်းပြတ် အကျိုးငြိမ်းဆိုပြီးတော့ နိဗ္ဗာနဓါတ်ကြီးတချက် ထွက်လာတော့မယ်၊ အကျိုးငြိမ်းဆိုတာ သညာဝိညာဏ်သမားတွေ ဆွဲလို့မရတဲ့သဘောကို အကျိုးငြိမ်းလို့ ပြောတာပါ၊ ကိုင်းအမကြောင်းကို ရှာရတော့မယ် ဆိုတော့ ခန္ဓာကိုယ်ကြီးမှာရှိတဲ့ အကြည်ဓာတ် ၆-ပါးမှာ ပရိပါစကမီးဓါတ်တွေအစဉ်ရှိနေတယ်၊ ဒီမီးဓါတ်လေးတွေကိုရှာရမယ်။

ဒီတော့ အဆင်းနဲ့ အကြည်ဆိုဘာဟာ ဘယ်သူက လာဆုံတာလဲ၊ အဆင်းလေးဟာ ခန္ဓာကိုယ်ရဲ့အပြင်ဘက်မှာ ရှိနေတာပါ၊ အကြည်ဓါတ်က အဘွင်းဘက်မှာရှိနေတယ်. အကြည်ဓါတ်ဟာ ခန္ဓာကိုယ်ကြီးရဲ့ အဘွင်းမှာရှိနေလို့ သူ့မှာ မီးဓာတ်လေးဘွဲ့အစဉ်ရှိလို့ (၀၊) သညာဝိညာဏ်ရိပ် ရှိနေလို့ သူကနေပြီး ဆုံဘာပါ၊ သညာဝိညာဏ်ရဲ့ ဗျာပါရလေးက အကြည်ဓါတ်ကို မတိုက်ဘုန်းသော်လဲ တိုက်ဘုန်းသလို ဖြစ်နေတယ်၊ ဒါဟာ မဟာသဘိပဋ္ဌာန် နည်းနဲ့ဆိုရင် မီးဓါတ်လေးဘွဲ့ပါ၊ ဒါကို ယခု ထုတ်လိုက်ရင် ဝေဒနာလို့ ထွက်လာတယ်၊ ဒါ့ကအာဟာရအကြောင်းတချက်ပါ။

ဒီဝေဒနာလေးကို ပစ္စုပ္ပန် အကျိုးဝေဒနာလို့ ခေါ်တယ်၊ ဒီအကြည်ဓာတ်တွေဟာ ပစ္စုပ္ပန် အနေနဲ့သာ ပေါ်နေတာဘဲ မဟုတ်လား၊ ဒီအကြည်ဓာတ်တွေဟာ သေတဲ့အခါကျမှ စုတိစိတ်နဲ့ပြိုင်ချုပ်မယ်၊ ဒီအကြည်ဓာတ်လေးမှာ ရှိနေတဲ့ ဝေဒနာလေးကျတော့ အကြည်ကိုစွဲပြီးတော့ အကျိုးဝေဒနာလို့ ခေါ်တာပါ၊ ဒါဟာရူပ်လောကကြီးကို ရောတည်တဲ့မူလအကြောင်းတချက်ပါ၊ ဒီဟာလဲရရော အကြည်နဲ့အဆင်းဆုံလာတဲ့အခါမှာ ဘယ်သဘာဝလေးတွေထွက်လာသလဲလို့ဆိုရင် ဖဿလေးတွေထွက်လာတယ်၊ ဒီဖဿဟာ စေတသိက်(၅၂)လုံးမှာပါတဲ့ ဖဿပါ၊ (၀၊)နာမ်တရားဖဿပါ၊ ဒီဖဿလေးကလဲ လှည့်လိုက်ရော စေတသိက်(၅၂)လုံးတို့ဟာ လက္ခဏာလေးတွေအနေနဲ့ ပေါ်လာတာပါ။

ဒီတော့ ခန္ဓာကိုယ်ကြီးမှာ အကြောင်းတွေကို လိုက်ပြီးတော့ ရှာရင် ပဌမအကြည်ဓာတ်မှာကို ဝေဒနာလေးက အကြောင်းတချက်ပါ၊ နောက်(၂)ပါးဆုံတဲ့အခါမှာ ဖဿက အကြောင်းတချက်ထွက်လာပြန်တယ်၊ ဝေဒနာနဲ့ဖဿ ဒီ ၂)ချက်ကို လာတွေ့နေပြီ၊ ဒီ(၂)ချက်လဲဆုံလိုက်ရော အနာဂတ်ထွက်မဲ့ မျိုးစေ့လေးတွေကို ချလာပြန်တယ် ဒါကိုစေတနာလို့ခေါ်တယ်၊ ဒီစေတနာဟာ ပဋ္ဌိစ္စသမုပ္ပါဒ်ကြီးကို အကျဉ်းချုံးရင် ထွက်လာတဲ့ စေတနာပါ၊ ဒီတော့ အဝိဇ္ဇာတဏှာတွေကျလာတဲ့ မျိုးစေ့တွေဟာ အနာဂတ်ကို သွားနေတယ်၊ ဒီခန္ဓာကိုယ်ကြီး ရှိနေသမျှ စေတနာဆိုတဲ့ မျိုးလေးတွေကျနေပါတယ်၊ ဒီတော့ ခန္ဓာကိုယ်ကြီးမှာ အကြောင်းတရားတွေကို ရှာလိုက်ဦးတော့ ဝေဒနာ ဖဿ, စေတနာဆိုတဲ့ အကြောင်း (၃)ချက်ကိုရလာပြီ၊ ဒီလိုလဲ

ရလာရော သခ်ၢတလောကကြီးမှာ လက်မောင်းတွေ့ တန်းလာပြီး ဘာ့ (၃၁)ဘုံ ကြီးမှာ လူကောင်, နတ်ကောင်တွေ့ ဖြစ်အော့င် လုပ်နိုင်လာပြီ။

ဒီတော့ အကြောင်း(၃)ချက်ရလာပြီ၊ ဒီ (၃)ပါး ပေါင်းလို့ ထွက်လာတာကျတော့ ကံသဘောလို့ ခေါ်တယ်၊ ဒီ(၄)ပါးဟာ (၃၁)ဘုံ ကြီးမှာ လူကောင်,နတ်ကောင်, ဗြဟ္မာကောင် ကြီးတွေ့ ဖြစ်အော့င်လုပ်လာပြီ၊ ဒီ (၄) ပါးကို တကယ်မြင်ရင် ၃၁·ဘုံ ကြီးဟာ ဇာတ်သိမ်း သွားတော့မယ်၊ ဒီတော့ နိဗ္ဗာန်ကို တကယ်လိုချင်ရင် ဒီ (၄) ပါး ဇာတ်သိမ်းအော့င်လုပ်ရမယ်၊ ဒီ (၄)ပါးဇာတ် သိမ်းရင် နိဗ္ဗာန်ကို မြင်ပြီလို့ သာမှက်လိုက်ပါ၊ နက်ဖြန်ကျမှ အကြောင်းအကျိုးကို သိမ်းပြပါတော့မယ်။

ကိုင်း—သာဓုခေါ်ကြပါ့တော့။

သာဓု—သာဓု—သာဓု။

ဝါခေါင်လဆန်း ၅-ရက်နေ့ နေ့ဟောစဉ်၊

ပုံစံနံပါတ်(၉)

ပစ္စယပရိဂ္ဂဟဉာဏ်ကို သိမ်းဆည်းလာတာဟာ ၄-ရက် ရှိသွားပါပြီ၊ဒီကဏ္ဍက ဝိသမဟေတုက ဒီဋ္ဌိကြီးကို ဖြုတ်ဘို့ရာ ယခုလက်ညှိုးထိုးပြီးတော့ပြလိုက်ပါပြီ၊ ဒီတော့ဝိသမဟေတုက ဒီဋ္ဌမှာ ယုံမှားခြင်း(၇)ပါးရှိတဲ့အနက်မှာ ဘုရား၌ယုံမှားခြင်းကင်းသွားပြီးလား၊ ဘုရားစင်ကို တွေ့ပြီးလား၊ ဒါဟာ အင်မတန်မှမြင်နိုင်ခဲပါတယ်၊ သိနိုင်ခဲပါတယ်၊ ဒီတော့ ဝိပဿနာပညာ ရင့်သန်နေတဲ့ ပုဂ္ဂိုလ်တွေတောင်မှ ဒီနေရာမှာ မျက်စေ့လည်ခုံသေးတယ်၊(ဝါ)တွေဝေနေသေးတယ်၊ ဒီတော့ ဘုရား, တရား, သံဃာ ရှိတယ် ဆိုတာကိုသဘာဝအတိုင်းပြောလာရင် ယုံမလား၊ အနှတွေက ယုံကြည်မှာလား၊ ဒီတော့ ဘုရားကို တွေ့ပြီလားလို့ မေးရင် ဘယ်လိုပြောမလဲ။

ဒီတော့ ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့လုပ်ငန်းစဉ်ကို "ကျကျနန" ကိုယ်တိုင်မြင်လာမှ ဝန်ခံနိုင်လာမယ်၊ အရင်ကတော့ ဒီနေရာမှာ ထိုက်သလိုကြည့်ပြီး အသင့်အတင့်သာ ပြောသွားခဲ့ပါတယ်၊ ဘာကြောင့်ယခုလို အကုန်မပြောခဲ့သလဲဆိုရင် ကံ,ဂ၏အကျိုးကိုယုံကြည်ကြတဲ့သူတွေ့မှာကကို ဝိပဿနာပညာကိုခပ်တင်းတင်းလေးပြောလိုက်ရင်ဘဲ ဝေဘန်လာကြတော့တယ်၊ ဒါဟာသူတို့ရဲ့ နာမပညတ်နဲ့ သဏ္ဌာနပညတ်တွေကို ထိလိုက်ရင်ဘဲ အဲဒါ လက်မောင်းတန်းရမှာ ဝန်မလေးတော့ပါ၊ ဒီတော့ ဒီအနှတွေကို ဘုယ်လိုလုပ်ပြီး ဟောပြောရမလဲ သေသေချာချာတွေးပါ။

ဒီနေရာမှာ အင်မတန်မှ အရေးကြီးပါတယ်၊ ဘာ့ကြောင့် လဲလို့ဆိုရင်ဘဲ ဒီနေရာမှာ နိဗ္ဗာနဓာတ်ကို တချက် ပြတော့မယ်၊ ညာတပရိညာ, ကလျာဏဘုမ္မ, ယထာဘူတအင်္ဂါကိုဆိုက်ရောက်နေပြီ၊ ကိုင်းဒီတော့ ဘုရားဟာ ဘယ်ဟာလဲ၊ ဝိသမဟေတုက ဒိဋ္ဌိကြီးပြုတ်ဘို့ရာ အင်မတန်မှ ခဲယဉ်းပါတယ်၊ ဒီဒိဋ္ဌိမှမပြုတ်ရင် သောတာပန်ဖြစ်ဘို့ မလွယ်ပါ၊ (၀၊) သောတာပတ္တိမဂ်ကို ရဘို့ မလွယ်ပါ ယခုဒီနေရာမှာ ဂ.လျာဏဘုမ္မ, ယထာဘူတအသိ, ညာတပရိညာစခမ်းဟာ လမ်းဆုံးပြီ၊ ရှေ့ကို လဂ္ဂဏာယဉ် ၄-ပါးကို တခါတက်ရတော့မယ်၊ ဒီတော့မှ တိရဏပရိညာ, အနုဗောဓအသိဆိုပြီး ဝိသုဒ္ဓိမဂ်ကြီးမှာ တက်စဉ်အခုနဲ့ ပြလာပါတယ်၊ ကဲ-ဘယ်လောက်တောင် သေချာသလဲ။

ဒီတော့ ဝိသမဟေတုက ဒိဋ္ဌိမှာ ယုံမှားခြင်း(၈ ပါး ရှိနေတဲ့ အနက်မှ (၁) ဘုရား၌ယုံမှားခြင်း၊ (၂) တရား၌ ယုံမှားခြင်း၊ (၃) သံဃာ၌ ယုံမှားခြင်း၊ (၄) အကျင့်၌ ယုံမှားခြင်း လို့ ဆိုတာဟာ အကျိုး၌ယုံမှားခြင်း၊ (၄)ခုက်ပါ။ နောက် (၁) သံသရာရဲ့ရှေ့အစွန်းဉ ယုံမှားခြင်း။ (၂) သံသရ ရဲ့နောက်အစွန်း၌ ယုံမှာ ခြင်း။ (၃) သံသရာရဲ့ရှေ့နောက်အစွန်း၌ ယုံမှားခြင်း၊ (၄) ပဋ္ဌိစ္စသမုပ္ပါဒ်တရား၌ ယုံမှားခြင်းဆိုတဲ့ ဒီ(၄)ပါးက အကြောင်းယုံမှားခြင်း (၄)ပါးပါ။ ဒီတော့အကြောင်း ယုံမှားခြင်းကင်းသွားရင်လဲ အကျိုးယုံမှားခြင်းတွေဟာ ကင်းလာတော့တယ်။

ဒီတော့ "ပုဗ္ဗန္တဿ အဝိဇ္ဇာမူလံ" သံသရာရဲ့ရှေ့အစွန်းမှာ, အဝိဇ္ဇာ ရေသောက်မြစ် ရှိတယ်၊ "အပရန္တဿ တဏှာမူလံ" သံသရာရဲ့ နောက်အစွန်းမှာ တဏှာ ရေသောက်မြစ် ရှိတယ်၊

ဒါဟာ သောတာပန်ပုဂ္ဂိုလ်က ပြောတာပါ၊ တနည်း အရိယာ ပုဂ္ဂိုလ်ကြီးတွေကပြောတာပါ၊ ယခုတော့ အနှစ်တွေကသဘာဝကို မတွေ့သေးဘဲနဲ့ သညာဝိညာဏ်ဖြင့်ပြောနေတာဖြစ်ခြင်းကြောင့် ဝိသမဟေတုကဒိဋ္ဌိထဲကျနေတာပါ၊ ဒီတော့ အပြောက ဟုတ်သော်လဲ သဘောကမဟုတ်တော့(၀၊)သဘာဝကိုမသိရင် ဝိသမ ဟေတုက ဒိဋ္ဌိထဲကျမှာဘဲ ရှိနေပါသေးတယ်၊ ဒီတော့ ပရိယတ်သမားတွေဟာ ဒိဋ္ဌိ-မှ ပတ္တာဓမ္မ ဝိဒိုတဓမ္မ ပရိယောဂဌဓမ္မ ဒီ-၄-ချက် အနေနဲ့ မြင်လာတာမဟုတ်ပါ၊ မိမိရဲ့သညာဝိညာဏ်နဲ့ ယူနေတဲ့အတွက် ဝိသမဟေတုကဒိဋ္ဌိဘဲ စွဲနေတာပါ။

အချုပ်မှာ ပိဋကတ်သုံးပုံကတော့ မှန်ပါတယ်၊ မိမိရဲ့ အသိဉာဏ်က မစင်ကြယ်တဲ့ အတွက်ကြောင့် (၀၊) ပညာမပါတဲ့ အတွက်ကြောင့် (၀၊ သညာဝိညာဏ်နဲ့ ပြောနေသမျှ ဝိသမ ဟေတုကဒိဋ္ဌိက မလွတ်ပါ၊ ယခု ဒီ ဒိဋ္ဌိကို အလဲချတော့မယ်၊ အရင်က ဒီနေရာမှာ သိပ်ထုတ်မပြခဲ့ပါ၊ ကိုင်း....မနေ့ကတရားကို သွားကြဦးစို့ရဲ့၊ သတ္တဝါတွေသိတာက သညာဝိညာဏ်လွတ်တဲ့ ဝေဒနာကို မသိကြပါ၊ သညာဝိညာဏ်မလွတ်တဲ့ဝေဒနာကိုသာ သိနေကြတယ်.ဒီတော့ ဝေဒနာကို သတိပဋ္ဌာန်တရားတော်ကြီးရဲ့ နောက်ပိုင်းမှာ....

ဣမ ဘိက္ခဝေ ဘိက္ခု သုခံ၀ါ ဝေဒနံ ဝေဒယ မာဒနာ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ ဒုက္ခံ၀ါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ အဒုက္ခမသုခံ၀ါ ဝေဒနံ ဝေဒယမာနော အဒုက္ခမသုခံ ဝေဒနာ ဝေဒယာမီတိ ပဇာနာတိ - လို့ ဆိုပြီးတော့—

ဝေဒနာလေးကို (၃)ပိုင်း ပိုင်းပြီးတော့ ပြလာပါတယ်၊ ဒီတော့ ဝေဒနာလေး တလုံးထဲကနေ ပရိညာတွေ့ ပိုင်းပြီးတော့ မဂ်ထိအောင် တက်တဲ့အနေနဲ့ ပြထားတာတွေ့ဟာလဲ ပိဋကတ်တော်မှာ အထင်အရှားရှိပါတယ်၊ ဒီတော့ ယခုမဟာသတိပဋ္ဌာန် တရားတော်ကြီးမှာ...

သာမိသံဝါ သုခံ ဝေဒနံ ဝေဒယမာနော သာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ နိရာမိသံဝါ သုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ သာမိသံဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော သာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ နိရာမိသံဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတို-လို့ ပြလာတဲ့အတိုင်း....

အရိပ်ကင်းတဲ့ဝေဒနာကို ဘယ်လိုရှာမလဲ ?

ဒါကိုစဉ်းစားဆင်ခြင်ပြီးတော့ အာနာပါနကိုအားထုတ်လာတဲ့ အခါမှာ ပရိပါစကမီးခါတ်ဟာ အကြည်ခါတ်ကို ထောက်ပံ့တော့မယ်ဆိုတော့(ဝါ)တက်တော့မယ်ဆိုတော့ အဲဒါ သည်းခြေဖြစ်တဲ့ ဇီဝိတနဲ့ တွဲစပ်ပြီးတော့မှ အကြည်ခါတ်ထဲကို ဝင်လာတယ်၊ ပရိပါစကမီးခါတ်အနေနဲ့ တိုက်ရိုက်ဝင်လို့ မရပါ၊ ဒီတော့ ပရိပါစကမီးခတ် အနေနဲ့ ထွက်ပေါ်နေတဲ့ ဝေဒနာလေးကို အကြည်ခတ်မှာတွေ့လာတော့မှ ဒါဟာ အရိပ်ကင်းတဲ့ ဝေဒနာလေးပါလား ဆိုတာကို ဝန်ခံနိုင်လာမယ်။

ဒီတော့ ဒီကနေပြီးတော့မှ နာမ်လောကကြီးဟာ ဘယ်ထိ အောင် လှည့်နေသလဲ ဆိုတာကို ရှာရတော့မယ်၊ ဒီဝေဒနာ လေးကို အခြေခံထားပြီးတော့မှ စိတ်တွေဟာဖြစ်လာရတာပါ၊ ဒီတော့ စာပေါက်အနေနဲ့ဆိုရင် အာရုံနဲ့ဒွါရ ပေါင်းဆုံမှု စိတ် လေးခုတွဲဟာထွက်ပေါ်လာတာကို ယူလာခဲ့တယ်၊ယခုဝိပဿနာ ဘက်က နေရှာလာခဲ့တဲ့အခါကျတော့မှ ဒီအရိပ်ကင်းတဲ့ဝေဒနာ ကို မူထားပြီးတော့ စိတ်တခုယုတ်ကိုးဆယ်-အကျယ် ၁၂၁ တွေ ဖြစ်လာတာပါလားဆိုတာကို သိလာတော့တယ်။

ဒီတော့ အာရုံနဲ့ဒွါရ ဆက်လိုက်ဘဲ့အခါမှာ စိတ်တွေပေါ် လာတယ်လို့ ပဋ္ဌာန်းကျမ်းကြီးက ပြလာတာတွေဟာလဲ မှန်ပါ တယ်၊ ဒါတွေက ပညတ်အနေနဲ့ဆဲ့ပြီးတော့ ပေါ်လာတဲ့ သဘာ ဝကို ပြလာတာပါ၊ (၀၊) ရေးလာတာပါ၊ ဒါလဲ့ မှန်ပါတယ်၊ ယခုသဘာဝကို လိုက်ရှာလိုက်တဲ့အခါမှာ ဒီဝေဒနာရိပ်ကလေး ကနေပြီး ဖြစ်လာတာဘဲ့ မဟုတ်လား၊ ဒါကို သေသေချာချာ တွေ့ရင် မလုံလောက်တဲ့ အကြောင်းဟာရှိအုံးမလား၊ဒီဝေဒနာ လေးဟာ နာမ်လောကကြီးကို ဖြစ်စေတဲ့ အကြောင်း လေးဘဲ့ မဟုတ်လား၊ ဒီဟာကို သေသေချာချာတွေ့ရင် မလုံလုံလောက်တဲ့ အကြောင်းဟာရှိအုံးမလား၊ သညာဝိညာဏ်ရိပ်ကင်းနေတဲ့ ဒီ ဝေဒနာလေးထက် လုံလောက်တဲ့ အကြောင်းဟာ ဘယ်မှာ ရှိ တော့မှာလဲ၊ အာဟာရအကြောင်းဖြစ်တဲ့ ဒီဝေဒနာ လေးဟာ ပဋ္ဌာ်ပွန် ဆတ်ဆတ်လေးပါ။

ဒါ့ကြောင့် ဒီဝေဒနာလေးကနေ ပဋ္ဌိစ္စသမုပ္ပါဒီ စက်ရဟတ် လည်တာဘဲ၊ ပဋ္ဌိစ္စသမုပ္ပါဒီရပ်တော့လဲ ဒီဝေဒနာလေးက နေရပ် ရတာဘဲလို့ ဘုရားရှင်ကဟောလာပါတယ်၊သူ့မှာသညာဝိညာဏ်

ရိပ်ကင်းနေတယ်၊ ဒီဝေဒနာထက် လုံလောက်တဲ့အကြောင်းဟာ ဘယ်မှာရှိတော့မှာလဲ၊ လိုက်ရှာပါအုံး ရတော့မလား ဒီဝေဒနာ လေးဟာ ပစ္စုပ္ပန်မျက်မှောက်ဘဝမဟုတ်လား၊ ဒီလိုလုံလောက်တဲ့ အကြောင်းကို မရလို့ ဝိသမဟေတုကဒိဋ္ဌိကြီးစွဲနေတာပါ၊ ယခုလို လုံလောက်တဲ့ အကြောင်းကို ရလာရင်ဘဲ ဝိသမဟေတုက ဒိဋ္ဌိကြီးဟာ မကျွတ်ဘူးလား၊ ဒီတော့ ယုံမှားခြင်း (၈)ပါးတွေ ကိုရော မောင်းမထုတ်နိုင်ဘူးလား။

ဒီတော့ယုံမှားခြင်း(၈)ချက်ထဲက တချက်ချက်ကို ဆွဲကြည့်စမ်းပါ(၀၊)တခုခုကိုဆွဲကြည့်စမ်းပါ၊ ကိုင်း ဝေဒနာအာဟာရ လေးလဲရလာရော အဲဒါဖဿအာဟာရကို သူကဆွဲလာပြန်တယ်၊ (၀၊) အားကိုးရသေးတယ်၊ အဲဒီ ဖဿ အာဟာရ အကြောင်း တချက်ကိုပင် "စတ္တာရော အာဟာရာ ကဗဠိကာရော အာဟာရော ဖဿော ဒုတိယော မနောသဉ္စေတနံ တတိယံ ဝိညာဏံ စတုတ္ထံ" လို့ ပြလာတဲ့အတိုင်း....

အဆင်းမှာရှိတဲ့(၀၊)ပေါ်တဲ့ရုပ်ဖဿလေးကိုလဲ ခွါချလိုက်ရော ဒီနာမ်ဖဿကိုလာတွေ့ပါ့တယ်၊ တနည်း နာမ်တရားလေးကြီးဟာ ပေါ်ထွက်လာပါတယ်၊ ဒီတော့ပဋ္ဌေယပရိဂ္ဂဟဉာဏ်မှာ ကို ကလျာဏဘုမ္မဝိထဲကို အထက်တန်း အနေနဲ့ဝင်ချင်လို့ အခုလိုစိတ်လာရတာပါ၊ အရင်ကပြောခဲ့တဲ့ ကဗဠိကာရ အာဟာရ ကနေပြီး ကလျာဏဘုမ္မဝိထဲဝင်တဲ့အခါမှာလဲ မရဘူးလား ရပါတယ်၊ အဲဒါ အောက်တန်းစား အလယ်တန်းစား အနေနဲ့သာ ရောက်ပါတယ်၊ အထက်တန်းစားမရနိုင်ပါ၊ အထက်တန်းအနေနဲ့ဝင်ချင်လို့ ယခုလို ခွဲစိတ်ပြီးတော့ တက်လာတာပါ။

ဒီတော့ ယခုထုတ်လာတဲ့ ဖဿဟာဟာရက စေတသိက်ထဲမှာ ပါတဲ့ ဖဿကိုကောက်ပါ၊ ဒီတော့ နာမ်ဖဿ ဖြစ်သော်လဲ ဘာကြောင့်ဆုံသလဲဆိုတော့ ချဉ်သီးကို စားလိုက်တဲ့အခါမှာ လျှာဖျားက သရည်ယိုလာတယ်လို့ဆိုတဲ့ဟာက ရူပ်ဖဿပါ၊ တွေ့ထိလို့ရတဲ့ဟာကျတော့မှ နာမ်ဖဿပါ၊ ဖုသနာကာရ တွေ့ထိသော အခြင်းအရာ အမူအရာလေးဆိုပြီး အာကာရပုဒ်နဲ့ ပြလာတဲ့ အတွက်ကြောင့် နာမ်ဖဿပါ။

ယခု ဒီဝေဒနာလေးမှာကိုက အဗျာပါရ အနတ္တ, အနေနဲ့ စက္ခုဝိညာဉ်စိတ်ဟာ သူ့အလိုလို ပရမတ္ထ သဘာဝ အားဖြင့် ပေါ်လာတာပါ၊ အားလုံးသော စေတသိက်တွေမှန်ရင် ဖဿရဲ့ ဗျာပါရပါ၊ စိတ်နဲ့စေဘသိက်တို့ တကွဖြစ်ဘဲ့ လက္ခဏာလေးရဲ့ ဗျာပါရသည်ပင် ဖဿလို့ခေါ်တယ်၊(တနည်း)စိတ်နဲ့ကို လျော်တဲ့ စေတသိက်တို့ရဲ့ ဗျာပါရသည်ပင် ဖဿရဲ့သဘောပါ၊ အဲဒီတော့ ရူပ်ဖဿဟာ အကြည်ဓာတ်လေးမှာကိုပင် ဝေဒနာရဲ့ အရိပ်နဲ့ ဖဿရဲ့အရိပ်လေး ကျန်နေတာကို စက္ခုသမ္မဿ အဲဒါ ဖဿလေးကျန်တာပါ၊ ယခု စိတ်နဲ့ကိုလျော်တဲ့ စေတသိက်ရဲ့ ဗျာပါရသည်ပင် နာမ်ဖဿရဲ့ သဘောပါ၊ ခဏပစ္စုပ္ပန် အနေနဲ့ မှာကို ဥပါဒိ,ဋ္ဌိ,ဘင်ဆိုတဲ့ခဏငယ်(၃)ချက်ရှိသလား-မရှိနိုင်ဘူး၊ ဒါကြောင့် သူ့ကို အကျိုးပစ္စုပ္ပန် ဝေဒနာလေးလို့ ယူထားပါ၊ အနတ္တလက္ခဏသုတ် အဆုံးပိုင်းမှာ ကိုင်တဲ့အခါ အကျိုးပစ္စုပ္ပန်လေးလို့ကိုင်မယ်၊ ဥပါဒိ, ဋ္ဌိ, ဘင် မရှိတဲ့ အတွက် သူ့ကိုယူရပါတယ်။

ဒီတော့ အကြည်ရိပ်(၀ါ)ခဏပစ္စုပ္ပန်ကို အကျိုးပစ္စုပ္ပန်လို့ ယူလိုက်တော့ အဆင်းနဲ့ပေါင်းဆုံတော့မှအကြောင်းပစ္စုပ္ပန်တွေ တွက်ပြီးတော့ ဥပါဒိ, ဋ္ဌိ ဘင် တွေ့ရှိလာပြီ၊ ဝေဒနာနဲ့ ဖဿ-

ဖဿနဲ့ဝေဒနာတို့ ပွတ်သိုလိုက်တဲ့ အတွက်ကြောင့် အကြောင်း ပစ္စုပ္ပန်ပါ (ဥပါ,ဒိ-အတိတ်) (ဘင်-အနာဂတ်) (ဌိ ပစ္စုပ္ပန်) အရိပ်သည်ပင် စေတနာ အာဟာရလို့ ခေါ်တယ်၊ "ပညတ်" အနေနဲ့ စေတနာကို မကောက်ပါနဲ့၊ နောက် စေတနာကို (ကံ) ကိုလဲမကောက်ပါနဲ့အုံး၊ ကာလသုံးပါးရဲ့မျိုး၊ "ကံ" ဖြစ်မဲ့ မျိုး၊ ပေါ်ပေါက်လာပြီလို့သာ ယူထားပါအုံး၊ နာမ်တရားတို့ ရင်မျိုးစေ့လေးပါ၊ (ဝေဒနာက-ဥပါဒိ-အတိတ်) (ဖဿ-က-ဘင် အနာဂတ်) (စေတနာက-ဌိ-ပစ္စုပ္ပန်) ဝေဒနာနဲ့,ဖဿတို့ ၂-ပါးဆုံလိုက်တဲ့အခါမှာ ပေါ်လာတဲ့စေတနာလေးဟာ သန္ဓေပွန်မီးခတ်ပါ၊ ဝေဒနာလေးက ပရိပါစက မီးခတ်ပါ၊ ဖဿက ဥသမမီးခတ်ပါ။

စိတ်နာမ်ခတ်လေးနဲ့ ဥသမမီးခတ်လေး ကြက်ဖခွပ်သလို ခွပ်လိုက်ရော ပရိပါစက မီးခတ်ကလဲ ဗျာပါရလေး ဖြစ်လာတယ်၊ ဥသမမီးခတ်က စေတသိက်ဗျာပါရလေး ဖြစ်လာတယ်၊ ဒီတော့ စေတသိက်ဖြစ်လာတဲ့ ကေ့ပွါဒ,ကေနိရောဓ,ကာလမ္မဏ ကောဘွဲ့ကြီးလေး (၄) ခုကိုရင်း၊ ပဌမအချက်ကို ရင်း ဖဿလို့ခေါ်တာ၊ ဒီတော့ ပရိပါစကမီးခတ်စိတ်လေးနဲ့ ဥသမမီးခတ် စေတသိက်တို့လဲပွတ်လိုက်ရော အဲဒါဗျာပါရလေး တွေဖြစ်လာတော့တယ်၊ ဒီတော့ အကြည်ခတ် ဝေဒနာမှာကို ဖဿရိပ်လေး ပေါ်လာတယ်၊ ရုပ်ဖဿရဲ့ သဘောဟာ အပြင် အဆင်းမှာ မရှိတော့ပါ၊ အကြည်ခတ်မှာကို ဝေဒနာရိပ်လေး ရဲ့ ဖဿရိပ်လေးဟာ လာကျန်နေတယ်။

အဲဒါကို "စက္ခုသမ္ဘဿ သောတသမ္ဘဿ ဃာနသမ္ဘဿ ဇိဝှါ သမ္ဘဿ ကာယသမ္ဘဿ မနောသမ္ဘဿ" ဆိုပြီးတော့ အဲဒါအကြည် ဓါတ်မှာကိုအဆင်းလေးရဲ့အရိပ်ဟာဖဿအနေနဲ့ကျန်နေခဲ့ဘယ်၊

ဒီတော့ ပရိပါစကမီးခဲတော် ဝေဒနာနဲ့ ဥသမမီးခဲတော် ဖဿနဲ့လဲ ဆက်ဆံလိုက်ရော စိတ် စေတသိက်တွေဟာ ဖြစ်လာကြတယ်၊ စိတ်ဟာ ဝေဒနာကပေါ်ထွက်လာတယ်၊ စေတသိက်ဟာ ဖဿက ပေါ်ထွက်လာတယ်၊ ဒီတော့ ဝေဒနာနဲ့ဖဿဟာ အတိတ်ရိပ်လား၊ အနာဂတ်ရိပ်လား၊ ပစ္စုပ္ပန်ရိပ်လား ဆိုရင် အဲဒါ ခဏပစ္စုပ္ပန်ရိပ်ပါ၊ ဒီခဏ ပစ္စုပ္ပန်ရိပ်မှာ ဥပါ၊ ဒိဋ္ဌိ၊ ဘင် ဆိုပြီး လိုက်နေတဲ့ခဏငယ်(၃)ချက်ဟာ ရှိသလား မရှိပါ၊ခဏငယ်မရှိတဲ့အတွက် အကျိုးပစ္စုပ္ပန်လို့ ယူရပါတယ်။

ခဏငယ်(၃)ချက်ရှိတဲ့ ခဏပစ္စုပ္ပန်ဆိုတာလဲ ရှိပါတယ်၊ ဒါပေမဲ့ ဒီနေရာမှာ ခဏငယ်မရှိကဲ့!ခဏပစ္စုပ္ပန်ကိုဘဲ ယူပါတယ် ဒါက ဓမ္မာစရိယ သံဃာတော်များအတွက်ပါ၊ ဒီတော့ အကြည်ရိပ်လေးသည်ပင် အကျိုးပစ္စုပ္ပန်ပါ၊ ဒီအကျိုးပစ္စုပ္ပန်မှာ ဝေဒနာနဲ့ ဖဿ (၀၊) ပရိပါစကမီးခဲတော်နဲ့ ဥသမမီးခဲတော်လေးတွေ ပေါင်းနေကြတယ်၊ ဒီလိုလဲ ပေါင်းလိုက်ခရာ 'အဲဒါ စိတ်စေတသိက်တွေထွက်လာတော့တယ်၊ဒီလိုပေါ်လာမှ အဲဒါ ဥပါဒ် ဒိဋ္ဌိ,ဘင် အနေနဲ့ပေါ်လာဘာပါ၊ ဒီလိုဖြစ်လာတဲ့ ဥပါဒ်,ဒိဋ္ဌိ,ဘင်တွေဟာ အလကားကောင်တွေမဟုတ်ပါ၊ဝေဒနာနဲ့ဖဿ, ဖဿနဲ့ဝေဒနာတို့ ပွတ်တိုက်လိုက်တဲ့ အတွက်ကြောင့် အကြောင်းပစ္စုပ္ပန် ဆိုပြီးတော့ ဖြစ်လာတာပါ၊ အဲဒါဟာ "ဥပါဒ်က" အတ်ိတ်ကိုလက်ညှိုးထိုးနေတယ်၊ (ဒိဋ္ဌိ) က သူဖြစ်တဲ့ ပစ္စုပ္ပန်မျိုးလေးကိုလုတ်ညှိုးထိုးနေတယ်၊ " ဘင်"က အနာဂတ်ကို လက်ညှိုးထိုးနေတယ်။

ယခုတော့ သူ့မှာ ကာလ(၃)ပါးလို့မပြောသေးပါ၊နောက်ကျတော့ ပြောဏာတော့မယ်၊ ဒီလို "ဥပါဒ်,ဒိဋ္ဌိ,ဘင်" ပါ၊လာတဲ့

ဟာကို စေတနာ အာဟာရလို့ ပြောတာပါ၊ ပညတ်အနေနဲ့ စေတနာကို မကောက်ပါနဲ့၊ နောက်ပြီးတော့လဲ ဒီနေရာမှာ ကံကျအောင် မကောက်ပါနဲ့ အုံး၊ ဒါပေမဲ့ ကာလ(၃)ပါးရဲ့ မျိုး၊ တနည်း "ကံ" ဖြစ်မဲ့ မျိုးလေး ပေါ်ပေါက်လာပြီလို့သာ ယူထားပါအုံး၊ ဒါဟာ(၃၁)ဘုံကြီးမှာ မျိုးလေးချမဲ့ဟာပါ၊ ဒါဟာ ပရိပါစက မီးခါတ်နဲ့ ဥသမမီးခါတ်တို့ ပေါင်းလိုက်တဲ့ အခါမှာ ထွက်လာတဲ့ သန္ဓာပွန်မီးခါတ်လေးပါ၊သဘာဝအနေနဲ့ ပြောလိုက်ရင် ဝေဒနာနဲ့ ဖဿ ပေါင်းလိုက်တဲ့အခါမှာ ဥပါဒိ, ဌီ,ဘင် အနေနဲ့ ပါလာတဲ့ စေတနာလေးပါ၊ ဒါကို မျိုးစေ့လို့ ခေါ်တာပါ၊ ဘာမျိုးစေ့လဲ နာမ်တရားတို့ရဲ့ မျိုးစေ့ပါ။

ဒီတော့ ပဋ္ဌိစ္စသမုပ္ပါဒ်ကြီး ပတ်နေတာဟာ ဒီစေတနာလေး ကနေပြီးဘာ့ပတ်လာတာပါ၊အဲ့ဒါ"ဥပါဒိက"အတိတ် အဝိဇ္ဇာ သဘော၊ "ဘင်"က အနာဂတ် တဏှာသဘော၊ "ဌီ" ကျတော့ ပစ္စုပ္ပန်,ကံ သဘောဆိုပြီး အကြောင်း(၃)ချက်နဲ့ အပေး အယူ လုပ်လာတော့တယ်၊ ဒီတော့မှ ပဋ္ဌိစ္စသမုပ္ပါဒ်ဟာ လည်လာတော့ တယ်၊ ဒါဟာ ဝေဒနာ,ဖဿ,စေတနာ တို့ကနေ ဖြစ်လာတာဘဲ မဟုတ်လား၊ (ဝါ) လည်လာတာဘဲမဟုတ်လား။

ဒီတော့ စိတ်,စေတသိက်တွေ ဖြစ်လာရင်ဘဲ ဒီ ဥပါဒိ,ဌီ,ဘင် အနေနဲ့ ပါလာပြီးတော့ ဒီစေတနာဆိုတဲ့ မျိုးစေ့လေးဟာ ပါလာတော့တယ်၊ ဒါကို စေတနာဟာရလို့ ခေါ်တယ်၊ ဒီနေ့ ရှင်းပြလိုက်တဲ့ ဝေဒနာနဲ့ ဖဿဆုံတဲ့ အခါမှာ အနာဂတ်ကို ထွက်မဲ့ မျိုးစေ့လေးဟာ ပစ္စုပ္ပန်အရိပ်ကနေထွက်လာပြီ၊ ဒါကို စေတနာ အာဟာရလို့ခေါ်တယ်၊ ဒါကို ပဋ္ဌိစ္စသမုပ္ပါဒ် ဖွဲ့တဲ့ အခါမှာ ဥပါဒ်က အတိတ်အကြောင်းစက်၊ ဌီ-က ပစ္စုပ္ပန် အ

ကျိုးစက်၊ ဘင်-က ပဋ္ဌာန်အကြောင်းစက်၊ အဲဒါ အနာဂတ် အတွက် မျိုးစေ့တွေ ချတော့မယ်၊ အဲဒါ မြေမှာ ခွလိုက်တဲ့ အခါမှာ ကံ့ဆိုပြီး အပင်တွေပေါက်လာတော့မယ်။

ကိုင်း....ဝေဒနာ,ဖဿ,စေတနာ,အာဟာရဆိုတဲ့ အကြောင်း (၃)ချက် ပေါင်းဆုံလိုက်တာ သည်ပင် ကံ့ဆိုတဲ့ ပြုပြင်တဲ့ သဘောလေး ပေါ်လာတော့တယ်၊ အဲဒါ ပရမတ်နယ်မှာကို ခန္ဓာကောင်လေးတွေ့လုပ်တော့မယ်၊ စိတ်လေးတွေ့ လုင်းလာမယ် ဆိုတဲ့ ဗျာပါရလေးတွေ့ဖြစ်လာတာကို ကံ့လ် ခေါ်တယ်၊ ဒီတော့ သူ့စိတ်လေးတွေ့အနေနဲ့ ဝ့ဲလာတာကို ကံ့လို့ ခေါ်တယ်၊ ဒါကျတော့ ပဋ္ဌာန်းနည်းထဲကို ရောက်သွားပြီ၊ ဒီတော့ ကိုယ်ရဲ့ ခန္ဓာကိုယ်ကြီး တခုလုံးမှာ အကြောင်းရင်း ဖြစ်တဲ့ နာမ်တရားရဲ့ ရေသောက်မြစ်ကို လိုက်ရှာလိုက်ရင် ဒီ ၄ ကောင်ကို လာတွေ့တယ်၊ ဝေဒနာ,ဖဿ,စေတနာ, ဒီ ၄-ကောင်ကို ကြေအောင် ကြိတ်ချေနိုင်ရင် (၃၁) ဘုံကြီးဟာ သုဉ်းဆိတ် ပါတယ်လို့ "လယ်တီဆရာတော်ဘုရားကြီး" အမိန့်ရှိပါတယ်။

ဒီတော့ ပဋ္ဌယပရိဂ္ဂဟဉာဏ်က အကြောင်းတွေကို သိမ်းရတော့မယ်၊ ဒီသဘာဝတွေကို နားလည်ရင် ပဋ္ဌယပရိဂ္ဂဟ ဉာဏ်ထဲဝင်ပြီး ဒီဂရီတော့ တက်လာတော့မယ်။ ဒီကနေဝိသမဟတုက ဒီဋ္ဌကြီးကိုသိမ်းမယ်၊ဒီသဘာဝတွေကိုနားလည်ဘို့ရာအခြေခံလေးနဲ့နဲ့ပြောပြမယ်၊ဝိပဿနာပညာနိဒ္ဒေသကို လိုက်လာတဲ့ ပုဂ္ဂိုလ်ဟာ "လယ်တီဆရာတော်ဘုရား" ဟောကြားလာတဲ့ လုပ်ငန်းစဉ်တွေကိုဘဲ ရှုပွားလာတယ်၊ ဒါကတမျိုး၊ နောက်တခါ ရိပ်သာမှန်သမျှ လိုက်ပြီးတော့ အာနာပါနကို ပွားများလာတာက တမျိုးဆိုပြီး ၂-မျိုး ရှိပါတယ်။

ဘယ်တရားမျိုးဘဲဖြစ်ဖြစ် သဘာဝ ပိုင်အောင် အားထုတ်လာမှ၊ တနည်း ဝိပဿနာရဲ့ ပညာနိဒ္ဒေသဖြစ်တဲ့ ရုပ်နာမ်တရားတို့ရဲ့ သဘာဝ အနတ္တခမ္မတွေနဲ့ သဘာဝဥာဏ် ကြီးထွားလာလဲ အခုပြောတဲ့ သဘာဝကို နားလည်မယ်၊ ဒီတော့ ပရိယတ်ကို ဝေဘန်ယူနိုင်လာရင်၊ တနည်း သုဘမယဥာဏ်နဲ့ သွားတဲ့အခါမှာ သဘာဝခမ္မကို ကြတ်ကြတ် တွေးတော ဆင်ခြင်လာရင်လဲ ဒီဌခမ္မာ, ပတ္တခမ္မာ, ဝိဒိတခမ္မာ, ပရိယောဂဋ္ဌခမ္မာ ဆိုတဲ့ (၄)ချက်နဲ့ ယူနိုင်လာတော့မယ်၊ နောက် အာနာပါနကျတော့ တတိယတံခါးကိုဖွင့်နိုင်လာရင် အခုဟာတဲ့ ဘာတွေကို သဘောပေါက်ပြီ၊ ကိုင်း ... ဒီတော့ ကုသိုလ်စိတ်, အကုသိုလ်စိတ်လေးတွေ ဖြစ်လာတာဟာ ဘယ်ကစပြီးတော့ ဖြစ်လာတာလဲ။

ဒါကို ပရိယတ်က အာရုံ, ဒွါရ ၂-ခုတို့ရဲ့ တိုက်လိုက်တဲ့ အခါမှာ ဒီစိတ်တွေ ဖြစ်လာတယ်လို့ ရေးလာတယ်၊ သည်ဝိညာဏ်နဲ့ ပြောတာလဲမှန်ဘယ်၊ ဒီတော့ ယခု ပစ္စယပရိဂ္ဂဟဉာဏ်ကို ဝင်တော့မယ်ဆိုတော့ အခုပြောတဲ့ သဘာဝတွေကို မသိမ်းပါ၊ ဒါဖြင့်ရင် ပြန်ပြီးပညာနဲ့ ရှာပါ၊ ဒီတော့ လောဘစိတ် ဒေါသစိတ်တွေ ဖြစ်တဲ့အကြောင်းကို ရှာရမယ်၊ ဒီအကြောင်းကို တွေ့မှ ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ သိမ်းဆည်းမယ်၊ ဒါမှ ပညာမြင်အနေနဲ့ အကြောင်းကို မြင်လာမှ ပစ္စယပရိဂ္ဂဟဉာဏ်ကြီးကလာမှာ မယ် ဒီတော့မှ သိမ်းဆည်းမယ်။

ဒီအကြောင်းတွေကို သိလာမှ ဣဿရနိမ္မာနဒိဋ္ဌိ, နိယတမိစ္ဆာဒိဋ္ဌိတွေဟာ အားလုံးပြုတ်သွားမယ်၊ ဒီဒိဋ္ဌိတွေ မကျတ်သေးသမျှ အပါယ် ၄-ပါးက မလွတ်သေးပါ၊ ဒီဒိဋ္ဌိတွေကိုပုန်ကန်နိုင်အောင် တရား, လောဘ, ဒေါသစိတ်တွေ ပေါ်လာတာဟာ ဘယ်က

ပေါ်လာတာလဲ၊ အဲဒါ အာရုံနဲ့ ဒွါရဆုံတာကို ပြောနေရင် လက်မခံပါ၊ ဒါက သညာဝိညာဏ်သဘော ပရိယတ်ပါ၊ ဒါကို ပယ်ပြီး ပညာမြင်သဘော ပရိယတ်အနေနဲ့ ပြောစမ်းပါ၊ ဒီတော့ နားလည်ဘို့က သဘာဝ နည်းအားဖြင့် ခွဲစိတ်တဲ့နည်းကိုလည်း ယူရပါ့တယ်။

နောက် အာနာပါနကြီးကိုလဲ ဝါခေါင်လွှန်း ၁-ရက် ၂-ရက် လောက်မှာ ဝင်ရပါတော့မယ်၊ ဒါဟာ ဆရာသမားကြီးတွေရဲ့ အရိပ်ကို အစဉ်မှီးပြီးတော့ ဟောနေတာပါ၊ အာနာပါနကို အားထုတ်လို့ ဒုတိယတံခါးလဲရောက်လာရော ခန္ဓာကိုယ်ကြီးမှာ ရှိနေတဲ့ မီးဓါတ်လေးကွေ့ကို သူ့အစိတ်အပိုင်းနဲ့ သူ ယူလာတဲ့ အခါမှာ ဒီသဘာဝလေးတွေကို သွင်းပြပါအုံးမယ်၊ ဒီအခါ ကျတော့ နားလည်လာပါတော့မယ်၊ ဒီတော့ ခန္ဓာကိုယ်ကြီးမှာ နာမ်တရားကိုရှာရင် မီးဓါတ်လေးတွေကို ရှာရတယ်၊ ဒီလို ရှာ လာမှ ရတယ်။

ဒီမီးဓာတ်လေးတွေကို အပြန်ပြန်အလှန်လှန်ပွားများလာတဲ့ ထိုယောဂီဟာ ဒီမီးဓာတ်ကနေပြီးတော့ နာမ်တရားလေး ထွက် လာတာကိုတွေ့လာမှုည်၊ ဒီနေရာမှာ ဝိသမဟေတုက ဒီဌာကြီး ကို ချုတ်ချင်လို့ ဒီထိအောင် နှိုက်လာရတာပါ၊ ဒီတော့မှ အာ နာပါနကြီးကို တက်နိုင်လာမယ်။

ကိုင်း....လောဘစိတ်လေး ဘယ်ကဖြစ်လာသလဲ ?

ပညာအနေနဲ့ ပြောစမ်းပါ၊ ရူပါရုံနဲ့ အကြည်ဆုံမှ ပေါ်လာ တဲ့ လောဘစိတ်ကျတော့ တားလို့ဆီးလို့မရတော့ပါ၊ အဲဒီလို တရားမျိုးကို နှိမ်တာက သီလနဲ့ သမာဓိက နှိမ်ပါတယ်၊ ကိုင်း-

ယခုပညာအနေနဲ့ ပြောစမ်းပါ၊ ဒီလောဘစိတ်လေး ဘယ်က ဖြစ်လာသလဲ၊ သူဖြစ်လာတဲ့အကြောင်းကို လုံလောက်တဲ့ အကြောင်းအနေနဲ့ တွေ့အောင်ရှာစမ်းပါ၊ အာရုံနဲ့ဒုဋ္ဌိရ ဆုံလာတဲ့အခါမှာ ဖြစ်လာပါတယ်လို့ ပြောတာက အကြောင်း မလုံလောက် မပြည့်စုံသေးပါ၊ ဒီတော့မှ အကြည်ရိပ်ထဲမှာ ပရိပါစက မီးခဲတော်လေးရှိတယ်၊ ဒီမီးခဲတော်ကနေပြီး လျှပ်စစ်မီးခဲတော်ရဲ့ အားလေးဖြစ်လာတာကို ဝေဒနာလေး ထွက်လာတယ်လို့ ပြောတာပါ၊ ဒီနေရာမှာသည်ထွက်လို့မရတော့ပါ၊ ထွက်လာရင် ပစ္စယပရိဂ္ဂဟဉာဏ်က လက်မခံပါ၊ အဲဒါဟာ အကြည်ခဲတော်ရဲ့ ပရိပါစက မီးခဲတော်အထဲက နှာမ်ခဲတော်လေး ပေါ်တဲ့ ဗျာပါရလေးကို ထုတ်လိုက်စမ်းပါ လို့ ဆိုတော့မှ ဒီ ဝေဒနာလေး ထွက်လာပါတယ်၊ အဲဒီဝေဒနာလေးဟာ ပဋ္ဌာ်ပွန် အကျိုးလေးပါ၊ စုတိစိတ်ချုပ်မှ သူလဲချုပ်မယ်၊ ဒီဝေဒနာလေးက နေပြီးတော့ လောဘစိတ်လေးဖြစ်လာတော့မယ်။

ဒီ ဝေဒနာလေး တခုထဲနဲ့ဖြစ်လို့မရသေးပါ၊ စေတသိက်ရဲ့ အခြံအရံတွေကိုရမှ သခ်ၢာလောကကြီးမှာ ထူထောင်လို့ရလာတယ်၊ လောဘစိတ်လေးဖြစ်လာတယ်ဆိုတာနဲ့ သူရဲ့ အခြံအရံဖြစ်တဲ့အနေနဲ့ စေတသိက်တွေလဲ ပါလာရတယ်၊(ဥပမာ)ရာဇာ အာဂဇ္ဆတိ မင်းသည်လာ၏-လို့ ဆိုတဲ့အခါမှာ မင်းတပါးတည်းလာတာမှုတ်ပါ၊ မှုးမတ်သေနာပတိ စစ်သည်တော်တွေနှင့် တကွ ပါလာတာဘဲ မဟုတ်လား၊ ဒါကြောင့် အကြည်ရိပ်ထဲက ဖဿအာဟာရကို ထုတ်ရင် ဥသမမီးခဲတော်လေးအနေနဲ့ထုတ်ပါ၊ ဒါဟာအကြည်ခဲတော်ထဲမှာ ရှိနေတဲ့ အဆင်းလေးကို ယခု ဖဿအာဟာရ ဥသမမီးခဲတော်ဆိုပြီးတော့ ထုတ်လာတာပါ၊ဒီဝေဒနာ

နှင့်ဖဿနဲ့ (၂)ပါးလဲ ဆုံလိုက်ရော "ကေ့ပ္ပါဒ, ကောလမ္မဏ" ဖြစ်လာတဲ့အခါမှာ အဲဒါကိုယ်ရဲ့ ခန္ဓာကိုယ်ကြီးထဲမှာ စက်ယန္တရားကြီးတွေ လည်နေသလိုဖြစ်နေပြီ။

အဲဒါ လောဘစိတ်လို့ မပြောနိုင်သေးပါ၊ နောက်အာရုံနဲ့ တွေ့လိုက်တော့ အဲဒါလောဘစိတ် ဆိုပြီးတော့ ဖြစ်လာပြီ၊ အဲဒါ စိတ်, စေတသိက်တွေ ဖြစ်လာတော့မယ် ဆိုတော့ သဘာဝနယ်က (၀၊) ပညာနယ်က (၀၊) ပရမတ်နယ်က... မင်းတို့ စိတ်တွေ ဖြစ်မယ်ဆိုရင် ဝေဒနာက–ဥပါဒိ အတိတ်၊ ဖဿက ဘင် အနာဂတ်၊ (၂) ပါးဆုံတဲ့ ကာလ–က စေတနာ ဌီ ပစ္စုပ္ပန်ဆိုတဲ့ အနေနဲ့ ရေသောက်မြစ်တွေကို ချပြီးတော့မှ မင်းတို့ဟာ ပေါ်လာတာပါ၊ အဲဒါ ဥပါဒိ, ဌီ, ဘင် ဆိုပြီး ဖြစ်လာတာမှ နောက်ဖြစ်တဲ့ စိတ်တွေကို အကျိုးပြုတဲ့အနေကြောင့်ပါ၊ ဒုါကြောင့် ဒီလိုလဲ စိတ်ပေါက်ပွားရော ဥပါဒိ, ဌီ, ဘင် အနေနဲ့ လိုက်လာတာကို စေတနာ အာဟာရလို့ ခေါ်တယ်၊ ဒီထဲမှာ မျိုးလေးပါလာပြီ၊ ပရမတ်နယ်မှာ ဒီအတိုင်းဘဲ ဒါတွေကို အခြေခံထားပြီးတော့ ချလာရတယ်။

နောက်ပညတ်နယ်ကျတော့မှ အာရုံနဲ့ ဒုါရပေါင်းဆုံမှ ပေါ်လာတာပါ၊ ဒီတော့ ဝေဒနာ, ဖဿ, စေတနာ ဒီ (၃) ပါးလဲ ဆုံလာရော အဲဒီဟာနဲ့ ပြီး-ပြီလားလို့ ဆိုရင်ဘဲ ဒါဟာ မပြီးသေးပါ၊ ဒီအထဲမှာကို မျိုးလေးအနေနဲ့ (၀၊) မျိုးစေ့လေးအနေနဲ့ ပါလာပြီးတော့ ဒီမျိုးစေ့လေးတွေက နေပြီးတော့ နောင်တဖန်အသုံးချဘို့အတွက် ကံ,ပြုပြင်တဲ့အနေနဲ့ အကြောင်းတရားတချက်ကို ရှာလာရတယ်၊ ဒါဟာ ပြုပြင်တဲ့သဘော 'ကံ' လေးပေါ်လာတယ်၊ ဒါဟာ နှားသတ်တဲ့ ကံ,မဟုတ်ပါ။

ကိုင်း....ဒီတော့ နာမ်တရားတချက် ပေါ်မယ် ဆိုတော့ရင် ဝေဒနာ, ဖဿ, စေတနာ, ကံ ဒီလေးချက် ပေါ်ပေးရတယ်၊ ဒါကြောင့် တကြိမ်သာပေါ်ဘူးလာရင်ဘဲ နောက်တကြိမ်ထပ်ပေါ်ဘို့ရာ ဝန်မလေးတော့ပါ၊ အဲဒါ ကျေးဇူးပြုလာပြီ၊ အဘိဓမ္မာကြီးရဲ့ နာမ်တရားလောကဟာ ပေါ်လာပြီးနောက် အာရုံနဲ့တွေ့လာမှလဲ နာမည် တပ်လာတာပါ၊ အဲဒီ အခါကျမှ နာမည်တပ်လို့ရပါတယ်၊ ဒါဟာ နာမ်တရားကို ဖြစ်တဲ့အကြောင်း အစစ်ပါ၊ကိုင်း ယခု နာမ်တရားဖြစ်တဲ့ အကြောင်းကို ဖေါ်ပြလိုက်ပါပြီ၊ ဒါကိုမြင်ရင် ပစ္စယပရိဂ္ဂဟဉာဏ်ကိုဝင်ပြီးတော့ ဝိသမဟေတုဒီဋ္ဌိပြုတ်တော့မယ်၊ ဒီ ဒီဋ္ဌိကြီး ဖြုတ်နိုင်အောင်လဲ ကြိုးစား အားထုတ်ကြပါ၊ ဖြုတ်နိုင်ကြပါစေကုန်သတည်း။

ညဟောစည်။

"တိက္ခဟာသ၊ ဇဝနဂမ္ဘီ၊ ဉာဏ်လေးလီဖြင့်၊ အခွံ့ကိုခွာ၊ အကာကိုရှား၊အသားကိုချေ၊ အနှစ်ကိုတေနိုင်မှ၊ သဘာဝအနတ္တ ဉာဏ် ထင်မြင်နိုင်သည်၏ အဖြစ်ကိုဂင်း" လို့ တရားပိုင်, ဓါတ်ပိုင်တော်မူကြသော ပုဂ္ဂိုလ်ကြီးတွေ ဆုံးမတော် မူတဲ့အတိုင်း ဤမဟာသတိပဋ္ဌာန် တရားတော်ကြီးရဲ့ လုပ်ငန်းစဉ်ဟာ အင်မတန်မှ နက်နဲခက်ခဲသိမ်ဆွေ့လှပါတယ်၊ မဟာသတိပဋ္ဌာန် တရားတော်ကြီးရဲ့ အစဟာ အာနာပါနကစပြီး ဖွင့်ရပါတယ်လို့– ဝိသုဒ္ဓိမဂ်ကြီးက....

အာနာပါနဆိုတဲ့ ဘိက္ခဝေ ဘာဝိတာ ဗဟုလီ
ကတာ စတ္တာရော သတိပဋ္ဌာနာ ပရိပူရေန္တိ။

ဘိက္ခဝေ၊ ချစ်သားတို့။ အာနာပါနဆိုတဲ့၊ အာနာပါနဆိုတဲ့ သမာဓိကို။ ဘာဝိတာ၊ပွားများအပ်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော်။ စတ္တာရော၊ သရုပ်ပိုင်းခြား လေးပါးကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန် တရားတို့သည်။ ပရိပူရေန္တိ၊ ပြည့်စုံကုန်၏–လို့ ပြလာပါတယ်။

နောက်တခါ....

စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဲ့ဗောဇ္ဈင်္ဂါ ပရိပူရေန္တိ။

ဘိက္ခဝေ၊ ချစ်သားတို့။ စတ္တာရော၊ သရုပ်ပိုင်းခြားလေးပါး အပြားရှိကုန်သော။ သတိပဋ္ဌာနာ၊ သတ်ပဋ္ဌာန် တရားတို့ကို။ ဘာဝိတာ၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်

မျှားစွာ အလေ့အလာ ပြုအပ်သည်ရှိသော်။ သတ္တဝေါဒရှင်၏ ခုနှစ်ပါးသော ဝေါဟာရတရား တို့သည်။ ပရိပူရေန္တိ၊ ပြည့်စုံကုန်၏။

နောက် -

" သတ္တဝေါဒရှင်၏ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာ ဝိမုတ္တိညာဏဒဿနာ ပရိပူရေန္တိ "

ဘိက္ခဝေ၊ ချစ်သားတို့။ သတ္တဝေါဒရှင်၏ ခုနစ်ပါးသော ဝေါဟာရတရားတို့ကို။ ဘာဝိတာ၊ ပွားအပ်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော်။ ဝိဇ္ဇာဝိမုတ္တိညာဏဒဿနာ၊ ဝိဇ္ဇာဝိမုတ္တိညာဏ်ကို မြင်ခြင်းသည်။ (၀၊) ဝိဇ္ဇာဝိမုတ္တိညာဏ်အမြင် စင်ကြယ်ခြင်းသည်။ ပရိပူရေန္တိ၊ ပြည့်စုံကုန်၏-လို့ ဒီလိုပြလာပါတယ်။

ဒါကြောင့် မဟာသတိပဋ္ဌာန် တရားတော်ကြီးမှာ အာနာပါန တရားတော်ကြီးကို တကယ်သာသားပြီးတော့ ဟောကြားထားပါတယ်၊ ဒီတော့ အာနာပါနကို အားထုတ်မဲ့ ပုဂ္ဂိုလ်ဟာ ဘယ်အဆင့်အတန်း ရှိရမလဲ ဆိုရင် နာမရူပပရိစ္ဆေဒ၃ညာဏ်နှင့် ပစ္စယပရိဂ္ဂဟညာဏ်ကို အပိုင်ရှိပြီးတော့ ကလျာဏဘုမ္မာ ရှိရမယ် (၀၊)ကလျာဏမျက်စေ့ပေါက်ရမယ်၊ အဲဒါ ယထာဘူတ အသိကို သိရမယ်၊ ဒါမှသာလျှင် ဘုရားရှင်ရဲ့ အလိုတော်ကျ ဖြစ်မယ်၊(တနည်း)မဂ်တရား,ဖိုလ်တရားကို ပေါက်ရောက်အောင် ကြိုးစားအားထုတ်လို့ရမယ်၊ ဒီတော့ ဒီနှစ်ဝါတွင်း (၃)လ ပတ်လုံး ဒီမဟာသတိပဋ္ဌာန် တရားတော်ကြီးကို အစအဆုံး

ဓမ္မစက်ဘီး ပဋ္ဌိပတ် သာသနာပြု ရိပ်သာကြီးအတွင်း ဖေါ်ထုတ်ပြီးတော့ ပြရပါတော့မယ်၊ ဒါ့ကြောင့် နာယူနိုင်အောင် ကြိုးစားကြပါ။

ဒါကြောင့် မိမိရဲ့ ခန္ဓာကိုယ်ကြီးမှာရှိနေတဲ့ ရုပ်နာမ်တရားတွေဟာ အင်မတန်မှ နက်ကျယ်လှပါတယ်၊ ဒီတော့ ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ လုပ်ငန်းစဉ်မှာ နာမ်သဘာဝလေးကို ရှာတဲ့အခါမှာ ဝေဒနာ,ဖဿ,စေတနာ,ကံ ဆိုပြီးတော့ ပြလိုက်ပါပြီ။ စိတ်တခုယုတ်ကိုးဆယ် - အကျယ်တရာ့နှစ်ဆယ်တပါး တွေဟာ ဒီဝေဒနာက ထွက်လာတာပါ၊ စေတသိက် (၅၂)လုံး တို့ဟာ ဖဿကနေ ထွက်လာတာပါဆိုတာကို နေ့ခင်းပိုင်းမှာ ဓမ္မာစရိယတွေ အတွက် ပြလိုက်ပါပြီ။

ယခု ညပိုင်းကျတော့ အမျိုးသို့ကြီးတွေအတွက် လက်တွေ့နည်းကို ပြပါမယ်၊ ဒီတော့ ဝိသမဟေတုတဒိဋ္ဌိကြီးကထွက်လာတဲ့ ယုံမှားခြင်း ဂ-ပါးတွေဟာ ဘယ်လောက်တောင် အထက်တန်းကျသလဲလို့ဆိုရင်ဘဲ ဒီယုံမှားခြင်း ဂ-ပါးမှ အဲဒါ ဗုဒ္ဓဘာသာတမျိုးသားလုံးဟာလွတ်ပြီလား ဘုရားစစ်ကိုတွေ့ပြီလား၊ တရားစစ်ကိုတွေ့ပြီလား၊ သံဃာစစ်ကိုတွေ့ပြီလား၊ ဒီတော့ ဘုရားရှင်ရဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးဟာ အမှန်ဘဲရှိသေလဲ့ မိမိက သိတာက ဘာနဲ့သိသလဲ၊ သညာဝိညာဏ်နဲ့သိတာပါ၊ အဲဒါဟာ သမုဒ္ဒရာကြီးထဲမှာ ယုန်သူငယ်လေးဟာ ထောက်လို့ မရယလို့ သညာဝိညာဏ်နဲ့ထောက်လို့ ဘယ်မှာရမှာလဲ။

ဒီတော့ ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးရှိတယ်လို့ ဆိုတာကို ဘယ်သူကပြောလို့ ယုံကြည်တာလဲ၊ အဲဒါ စာပေါက်က ရေးလို့ပါ၊(ဝါ)သူများကပြောလို့ယုံကြည်နေတာသည်ပင်

ဒါဟာ နာမနဲ့ သဏ္ဌာန် ပညာရိပ်တွေကိုဆဲပြီး သညာဝိညာဏ်ဖြင့် ယုံကြည်တာဖြစ်ခြင်းကြောင့် ဘယ်မှာမှန်တော့မလဲ၊ သညာဝိညာဏ်နဲ့ ထောက်လို့မရပါ၊ ဒီတော့ ဘုရား ရှင်ရဲ့ သဗ္ဗညုတ ဉာဏ်တော်က သဘာဝမှန်သော်လဲ မိမိထောက်ဘဲ့ သဘောက သညာဝိညာဏ် ဖြစ်နေတဲ့အတွက်ကြောင့် သဘာဝမမှန်ပါ။

ဒါကြောင့် ဝိစိကိစ္ဆာမကင်းသေးပါ၊ ဒီလို မကင်းတော့ရင် ယုံမှားခြင်း ဘုရားနဲ့ဘဲ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဆိုပြီး သုတသရဏဂုံ အနေနဲ့ ယူနေတာဘဲမဟုတ်လား၊ ဒီ သုဘသရဏဂုံ ဟာ သေဘ့အခါ ပြုတ်ကျသွားတော့မှာဘဲမဟုတ်လား၊ ဒီတော့ ၂၉ ပါးသော ကံတွေက သဿတ,ဥစ္ဆေဒ,အဘ,အကရိယ ဆိုတဲ့ ဒိဋ္ဌိကြီး (၄) ချက်နဲ့ လာဆဲတော့မယ်၊ အဲဒါ နောက်ဆုံး သံသရာကြီးထဲမှာ လည်နေအုံးမှာဘဲ မဟုတ်လား၊ ဘုရားစစ်, တရားစစ်, သံဃာစစ်ကို မတွေ့သေးသမျှ ဒိဋ္ဌသရဏဂုံကို မရနိုင်သေးပါ၊ သုတသရဏဂုံနဲ့သာလျှင် ရှိပါသေးတယ်။

အဲဒါဟာ အကြောင်းနဲ့ အကျိုးကို ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ မသိမ်းဆည်းသေးသမျှ ပီဋကတ်ကိုတတ်သော်လဲ ပညတ်ယုံမှားခြင်း (၁၆) ချက်၊ ပရမတ် ယုံမှားခြင်း (၈) ချက်တွေက မလွတ်သေးပါ ဒီတော့ မလွန်မြောက်ဘဲနဲ့ ကိုးကွယ်နေရင်ဘဲ အဲဒါယုံမှားခြင်း ဘုရားပါ၊ ဒါကြောင့် ကလျာဏ ဘုမ္မ ိစခမ်းကို အပိုင်ရအောင် သင်မ်းဆည်းကြပါ၊ ဒီတော့မှ ဒ်ဋ္ဌမမ္မ ပဋ္ဌမမ္မ ဝိဒိတမမ္မ ပရိဃယာဂင်္ဆမမ္မကို ရပြီးတော့ ကိုယ်ရဲ့ ဘာသာရေး ယဉ်ကျေးမှုတွေဟာ မပျက်တော့ပါ၊ ဒါကြောင့် သဘာဝ မမ္မတွေကို ပိုင်ရင် သူများပြောတာကို မယုံကြည်တော့ပါ။

မြတ်စွာဘုရားသခင် ဝေဠုဝန် ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် ပရိသတ် ၄-ပါးကို တရားဟောတော်မူသောအခါ သုပ္ပဗုဒ္ဓလူနှုသည် ပရိသတ်အစွန်၌ တရားတော်ကို နာ၍နေ၏၊ မြတ်ဘုရား၏ တရားဒေသနာတော်ကို ကြားနာရ၍ တရားတော်၏ အဆုံး၌ သောတာပန် ဖြစ်လေ၏။ မိမိ သောတာပန်ဖြစ်ကြောင်းကို မြတ်စွာ ဘုရားအား လျှောက်ထားလို သော်လည်း ပရိသတ်အလည်၌ မတိုးနိုင်သဖြင့် ရှင်တော် မြတ်ဘုရားကို ရှိခိုး၍ ပြန်ရလေ၏။

နောက် တခါ မြတ်စွာဘုရားထံသို့ မိမိသောတာပန် ဖြစ်ကြောင်း လျှောက်ထားရန်ကျောင်းတော်သို့အသွားမှာ သိကြားမင်းသည် သုပ္ပဗုဒ္ဓသည် မိမိသောတာပန်ဖြစ်ကြောင်းကို ဘုရားရှင်အား လျှောက်ထားရန် သွားမည်ကို သိသဖြင့် စုံစမ်းလို၍ ကောင်းကင်၌ရပ်လျက် "သုပ္ပဗုဒ္ဓသင်္ကား လူဆင်းရဲ တယောက် အထီးကျန်သောသူဖြစ်သည်၊ ငါသည် သင့်အား အဆုံးအပိုင်း အခြားမရှိသောပစ္စည်းဥစ္စာကိုပေးမည်၊ဘုရား၊သည်-ဘုရားမဟုတ် တရားသည်–တရားမဟုတ်၊ သံဃာသည်–သံဃာမဟုတ်၊ ငါ့အတွက် ဘုရားဖြင့်အကျိုးမရှိ၊ တရားဖြင့်အကျိုးမရှိ၊ သံဃာဖြင့် အကျိုးမရှိ-ဟု ဆိုလော့၊ ထိုသို့သောစကားကို ဘင်ဆိုသော် ငါ သိကြားသည် သင့်အားမျှားစွာသော ဥစ္စာကိုပေးမည်" ဟု ဆိုလေသည်။

ထိုသို့ဆိုလေသော် "သင်္ကား အသူနည်း" ဟု သုပ္ပဗုဒ္ဓက မေးလေသော်...."ငါကားသိကြားမင်းဖြစ်သည် 'ဟု ပြောလေ၏ ထိုအခါ သုပ္ပဗုဒ္ဓက "ဟယ်သိကြားမိုက်၊ သိကြားယုတ်၊ သင်ကား အရှက်မရှိ၊ သင်ကဲ့သို့ယုတ်မာပြီး အရှက်မရှိသူနှင့် ငါသည်

အဘူးကားပြောခြင်းငှါမသင့်တော်၊ သင်သည်ငါ့ကို လူဆင်းရဲ ဟုဆိုလေသည်၊ ငါသည်ကား လူဆင်းရဲ မဟုတ်၊ ဒုက္ခရောက် သောလူမဟုတ်၊ငါသည် ချမ်းသာခြင်းသို့ရောက်ပြီ၊မျှားစွာသော စည်းစိမ်ဥစ္စာနှင့်ပြည့်စုံ၏။

သဒ္ဓါဓနံ သီလဓနံ၊ ဟိရိသြတ္တပ္ပိယဓနံ၊
သုတဓနဉ္စ စာဂေါစ၊ ပညာဓ သတ္တမံ ဓနံ။

ငါသည် ဤကဲ့သို့ သူတော်ကောင်းဥစ္စာ (၇)ပါးနှင့် ပြည့်စုံ၍ ဒုက္ခရောက်သောသူမဟုတ်၊ သူဆင်းရဲမဟုတ် "ဟု ပြောလေ၏၊ ဤသုပ္ပဗုဒ္ဓသည် ဘုရားရှင်ကို သက်ဝင်ယုံကြည်ပြီး တရား တော်ကို ကြားနာရလို့ ဒိဋ္ဌမမ္မ ပတ္တမမ္မ ဝိဒိတမမ္မ ပရိယောဂဠှ မမ္မ—သို့ရောက်သည်ဖြစ်၍ သူတပါးအပြောကို မယုံကြည်တော့ ဘဲ ဒိဋ္ဌသရဏဂုံမြဲ၍ ဘုရားစစ်,တရားစစ်,သံဃာစစ်ကို တွေ့ပြီ၊ ပရမတ်ယုံမှားခြင်း(၈)ပါး၊ ပညတ်ယုံမှားခြင်း (၁၆)'ပါးတို့ အားလုံး ကင်းစင်လေသတည်း။ [ဤကားအကျဉ်းမျှသာတည်း]

အဲဒါ ဒိဋ္ဌသရဏဂုံ မြဲသွားပြီ၊ ဒါကြောင့်- အစမသင်တဲ့ ဘဝက စပြီးပါလာတဲ့ ယုံမှားခြင်းတွေမှ ကူးမြောက်ပြီ၊ ဘုရား စစ်, တရားစစ်, သံဃာစစ် တို့ကို တွေ့အောင် အမျိုးသွီးကြီး တွေ့အာဘုက် လက်တွေ့နည်းကိုပြောပြအုံ့ :မယ်၊ ကိုင်း.... ဒီတော့ မုနေ့က အခြောင်းနဲ့ အကျိုးကို ဘယ်လိုပြောပြခဲ့သလဲ၊ဒီတော့ ပဋ္ဌိစ္စသမုပ္ပါဒ်ကြီးထဲမှာ အခြောင်းနဲ့ အကျိုးကို ပြောနေတာ ဟာ သညာဝိညာဏ်အနေနဲ့သာ ရှိနေတာပါ၊ ဒါကို ဓမ္မစကြာ တရားကြီးက "ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ" လို့ ဟောကြားသွားပါတယ်။

ကိုင်း....ဒီတော့ သရက်စေ့ကြောင့် သရက်ပင်ဖြစ်တယ်၊ ဒီလို ဆိုရင် သရက်စေ့က အကြောင်း၊ သရက်ပင်က အကျိုးပေါ့၊ အကျိုးဆိုရင် တခါ ပြာသို့ တပို့တဲ့လ ရောက်တော့ သရက်ပင်က သီးလာပြန်ပြီ၊ ဒီတော့ သရက်ပင်ကအကြောင်း၊ သရက်စေ့ကအကျိုး ပြန်ပြီး ဖြစ်လာပြန်ပြီ၊ ဒီတော့ သညာဝိညာဏ် လောကကြီးမှာ အကြောင်းဘဲ, အကျိုးဘဲလို့ ဆိုနေတာဟာ အစစ်အမှန်ကို ဆွဲလို့မရပါ၊ ပညာနယ်ကျမှ ဆွဲလို့ရမယ်၊ ပြောလို့ရမယ်။

ဒီနေ့အကြောင်းနဲ့ အကျိုးကို သိမ်းပြလိုပါသေးတယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ်မှာ ပြောတဲ့အကျိုးဟာ အကြောင်းတရားတွေ မြုံထားတာပါ၊ ဒါကြောင့် ပညာနဲ့ကြည့်ရင်ဘဲ အဲဒါဟာ အကြောင်းတရားတွေသာလျှင်ရှိပါတယ်၊ အကျိုးတရားဟာမရှိပါ၊ ဒီတော့ ဒီအကြောင်းတရားကွေကို သုဉ်းဆိတ်အောင်(၀ါ) အနတ္တ ဖြစ်လာအောင် သိမ်းဆည်းနိုင်လာမှ ယုံမှားခြင်းတွေက လွတ်သွားမယ်၊ (တနည်း) သုဉ်းဆိတ်သွားမယ်။

ပြောပြမယ်_ "အဗျာပါရ၊ နာနတ္တနှင့်၊ ဧကတ္တနည်း၊ ဧဝံနည်းသာ၊ ဓမ္မတာဟု၊ ဖြူကာစင်စင်၊ ပညာမြင်မှ၊ ကြည်လင်လှသည်၊ မြင်ကြအမျှား၊ အမှန်နှင့်အမှား" ဒီတော့အကြောင်းနဲ့အကျိုးကို သိမ်းမဲ့ပုဂ္ဂိုလ်ဟာ နည်း(၄) ပါးကို နားလည်ရမယ်၊ (၁)အဗျာပါရနည်း (၂) နာနတ္တနည်း (၃)ဧကတ္တနည်း (၄) ဧဝံမေ့ဓာတာနည်း-ဆိုပြီး၊ ပဋ္ဌိစ္စသမုပ္ပါဒ်ဝိဘင်း အဖွင့်မှာ ပြလာပါတယ်၊ ဒီတော့ အကြောင်းနဲ့အကျိုးကို အဗျာပါရနည်းဖြင့် သိမ်းရမယ်၊ ဒါဟာတိုက်တွန်းခြင်း ဗျာပါရမရှိတဲ့အနတ္တပါ၊ ဒီတော့ ပရမတ်သဘောမှန်ရင် ရုပ်ဘဲဖြစ်ဖြစ် အဗျာပါရ အနတ္တပါ။

ဒီတော့အကျိုးနဲ့ အကြောင်းကိုရှေ့ကိုထုတ်ပြီးတော့မေးပါ၊ အဲဒါ ဒီအကြောင်းနဲ့အကျိုးကိုနည်း ၄-ပါးနဲ့ စစ်ရတော့မယ်၊ "ဟေ" အကြောင်းတရား - ၊ မင်းက "အကျိုး" တရားကို ဖြစ်စေနိုင်သလား၊ ဖြစ်နိုင်ဘယ်လို့ ပြောမလား၊ ဖြစ်နိုင်တယ်လို့ ပြောတာဟာ သညာဝိညာဏ်လောကပါ၊ ဘုရားရှင်က ပညာနယ်မှာ အားလုံးသော တရားတွေဟာ တခုသောသဘာဝက တခုသော သဘာဝကို ဖြစ်နိုင်တဲ့ ပယောဂ ဗျာပါရ မရှိတဲ့'အတွက် အဗျာပါရအနတ္တဆိုပြီးတော့ ဟောလာခဲ့ဘယ်။

ဒီအနေနဲ့ အကြောင်းတရားကို စစ်ပါ၊ အဲဒီတော့အကြောင်းတရားက အကျိုးတရားကို ဖြစ်နိုင်သလား ဆိုရင်ဘဲ အဲဒါပညာနယ်က ပြောရင် မဖြစ်နိုင်ပါ၊ အဲဒီလို မဖြစ်နိုင်ဘဲနဲ့ ဖြစ်နိုင်တယ်လို့ ဆိုဘာသည်ပင် အဲဒါ သညာဝိညာဏ်နဲ့ ဏောက်ပြောတာပါ၊ (တနည်း)နာမနဲ့ သဏ္ဌာန်ပညတ်ရိပ်နှစ်ပါး ကပ်နေလို့ပါ၊ ဒါကြောင့် အကြောင်းတရားဟာ အကျိုးတရားကို မဖြစ်နိုင်ပါ၊ ဖြစ်နိုင်တဲ့ သဘာဝဟာ တဆံချည်မျှမရှိပါလို့ ဆိုဘာကို ဘုရားရှင်က အဗျာပါရအနတ္တပါလို့ ဆိုပြီးဟောတာပါ။

အဲဒီလိုလဲ မဖြစ်နိုင်ရော အကျိုးတရားကို ထပ်စစ်ပါ၊ "ဟေ အကျိုးတရား - ၊ မင်းကအကျိုးတရားလို့ ပြောနေတာဟာ အကြောင်းတရားက ဖြစ်မှ အကျိုးတရားလို့ ပြောလို့ ရတာပါ၊ ယခုတော့ အကြောင်း တရားကလဲ အကျိုးတရားကို မဖြစ်နိုင်ဘူးလို့ ပြောနေပြီ၊ ဒီတော့ မင်းကအကျိုးလို့ ပြောနေတာဟာ အလကားပါ၊ သွား" ဆိုပြီးတော့ အဗျာပါရ အနတ္တနဲ့ လဲသိမ်းလိုက်ရော ပဋ္ဌိစ္စသမုပ္ပါဒ်ကြီး တခုလုံးမှာ အကြောင်းတရားသာ လျှင် လာတွေ့တော့တယ်။

သူ့ကြောင့် သူဖြစ်ရင် အတ္တပါ၊ သူ့ကြောင့် သူမဖြစ်ရင် အနတ္တပါ၊ ဒီတော့ အကြောင်းအကျိုးလို့ ပြောနေတာဟာ နာမပညတ်နဲ့ သဏ္ဌာနပညတ်(၀၊)သညာဝိညာဏ်အနေနဲ့ ပြောနေတာပါ၊ ယခုပစ္စုယပရိဂ္ဂဟဉာဏ်မှ အဗျာပါရအနတ္တနဲ့ လဲကြည့်လိုက်ရော အကြောင်းအကျိုးတွေဟာ နာမပညတ်နဲ့ သဏ္ဌာနပညတ်တွေကို အရေခြုံပြီး သညာဝိညာဏ်အနေနဲ့ ပြောနေတဲ့ သဘောတွေဘဲ ဆိုတာကိုလာတွေ့ပြီ၊ ဒီတော့အကျိုးကို ရည်ပြီး လုပ်နေကြတဲ့ သူတွေဟာ ဘယ်ထဲလာကျနေသလဲ။

ဒီတော့ တရားဟောနေကြတဲ့ သူတွေမှာ တရားတော်ကြီးက မှန်သော်လဲ တရားဟောတဲ့သူက ဒိဋ္ဌမမှ ပတ္တမမှ ဝိဒိတမမှ ပရိယောဂဋ္ဌမမှ–နဲ့ ပြည့်စုံသလား၊ မပြည့်စုံပါ၊အဲဒါ ကျက်မှတ်ပြီး ဟောနေတာဖြစ်ခြင်းကြောင့် ၀ါစာဝိဇ္ဇေ၊ပဒိဋ္ဌနဲ့ အမရာဝိကွေ့ပ ဒိဋ္ဌထဲကျနေပြီဘဲ မဟုတ်လား၊ ဒီ၊တော့ ကြပ်ကြပ်အစဲကြီးနေတဲ့ သူတွေ့ကို ဒီနေရာကနေပြီးတော့အစဲပြုတ် အောင်ချက်ရပါတယ်၊ ယခု သိသင့်သလောက်ကိုသာ အနည်းငယ်ပြောလိုက်ပါတယ်။

ကိုင်း.... ဒီတော့ အကြောင်းအကျိုးလို့ ပြောအုံးမလား၊ ပစ္စုယပရိဂ္ဂဟဉာဏ်ကိုတင်နိုင်ရင် နာမပညတ်နဲ့ သဏ္ဌာနပညတ်တို့ရဲ့ "သင်တိုင်း"ကို ၀တ်ပြီး သညာဝိညာဏ်က ပြောနေတဲ့ သဘောတွေဆိုတာ ယခုပေါ်လာပြီဘဲမဟုတ်လား၊ အခု အဗျာပါရနည်းနဲ့ သိမ်းလိုက်တာနဲ့ တခါထဲပေါ်လာပြီ၊ ဒီတော့ အကြောင်းနဲ့ အကျိုးဟာ ဇာတ်သိမ်းသွားပြီ၊ ဒီတော့ ပဋ္ဌိစ္စသမုပ္ပါဒ်ကြီး လည်တာဟာ နာမပညတ်နဲ့ သဏ္ဌာနပညတ်ပါ၊ (၀၊)သညာဝိညာဏ်ကြောင့် သံသရာလှယ်တာပါ။

ဒီနေ့ကစပြီးတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ် ဖြစ်တဲ့ သညာဝိညာဏ်တို့ရဲ့ လှည့်ပတ်မှုကို အလှည့်မခံတော့ဘဲ အဗျာပါရ အနတ္တနဲ့လဲ သိမ်းလိုက်ရော ဒီအကြောင်းပြုတ် အကျိုးဟာ ငြိမ်းသွားပြီ၊ ဒီလို အကြောင်းပြုတ် အကျိုးငြိမ်းသွားရင် ဘာ ထွက်လာသလဲ၊ အရင်ကတော့ သန္တတိ (၁၁) ချက် ထွက်လာ တယ်လို့ ပြောခဲ့တယ်၊ ယခုတော့ ဒီလိုမပြောတော့ပါ၊ အရင် ကတော့ ဝိသမဟေတုကဒိဋ္ဌိကို အနည်းငယ်သာ မေ့ပြီးတော့ တက်သွားဟာဖြစ်ခြင်းကြောင့် သန္တတိ(၁၁)ချက်ကို ထုတ်ပြပြီး ရှေ့ညာဏ်ကို တက်သွားတယ်၊ ယခုတော့ ဝိသမဟေတုကဒိဋ္ဌိကို အပိုင်သိမ်းမှာဖြစ်ခြင်းကြောင့် ဒီနေရာမှာ အရင်ကလို မဟုတ် တော့ပါ၊ဒီ-ဝိသမဟေတုကဒိဋ္ဌိကြီးကိုအစွန်းကုန်မေ့ရတော့မယ်။

ကိုင်း--အမှားကြောင်းနဲ့အကျိုးပြုတ်ရင်ဘာထွက်သလဲ၊ ဒီတော့ သမ္မသနညာဏ်ကိုတက်တဲ့အခါမှာ သမထလမ်းကနေလဲ တက်လို့ ရတယ်၊ (၀၊)ဝင်လို့ရတယ်၊ ဝိပဿနာလမ်းကနေလဲ တချက် ဝင်လို့ရတယ်၊ အာနာပါနလမ်းကလဲ တချက်ဝင်လို့ရပါဘယ်၊ ဒီတော့ အရင်က သန္တတိ(၁၁)ချက် ထွက်ပြခဲ့တာဟာ ဒီသမ္မသန ညာဏ်ကိုဝင်ဘို့ တိုးပြခဲ့တာပါ၊ ယခု ဒီနေရာမှာ"သမ္မသနညာဏ်" ကို မသွင်းသေးပါ၊ အဲဒါ အကြောင်းနဲ့အကျိုးပြုတ်ရင် ဘာ ထွက်သလဲ၊ သညာဝိညာဏ်ထွက်ဆဲလို့မရတဲ့(၀၊)နာမပညတ်နဲ့ သဏ္ဌာနပညတ်(၂)ပါ။ မပါတဲ့ ပရမတ်ဆတ်ဆတ်လေးအနေနဲ့ ကျန်ရမယ်၊ ဒါကို မြင်အောင်ကြည့်ပါ။

ဒီတော့ ကလျာဏဘုမ္မ ိကို တက်တဲ့အခါမှာ (၁) ရူပ်ကို အမှားပြုပြီး တက်နိုင်တဲ့သူကတမျိုး၊ (၂)နာမ်ကို အမှားပြုပြီး တက်နိုင်တဲ့သူကဘမျိုး၊ (၃)ရူပ်ရောနာမ်ရော အမှားပြုပြီး တက်

နိုင်တဲ့သူက တမျိုးဆိုပြီး (၃)မျိုးရှိတယ်၊ ဒီတော့ ရုပ်တခုထဲ နာမ်တခုထဲအမှုးပြုပြီးတက်လာတဲ့သူကျတော့ အဲဒါ ဥဒယဗ္ဗယ ဝဲကျတော့ ကျပြီး လုံ့လရသေးတယ်၊ ရုပ်ရော နာမ်ရော အမှုး ပြုပြီး ဝင်တဲ့သူကျတော့ ဥဒယဗ္ဗယ ဝဲထဲ မလှည့်မကျတော့ပါ၊ အဲဒါ ယခု မဟာသတိပဋ္ဌာန် တရားတော်ကြီးက ဒီ-ရုပ်ရော နာမ်ရောပါ အမှုးပြုပြီးတော့ ဝင်တော့မယ်၊ ဒါကြောင့် မဟာ သတိပဋ္ဌာန် တရားတော်ကြီးဟာ စင်ကြယ်လှပါတယ်။

ဒီတော့ အကြောင်းနဲ့အကျိုးကို အဗျာပါရ အနတ္တနည်းနဲ့ သိမ်းလိုက်တဲ့ အခါမှာ နာမပညတ်ရိပ်နဲ့ သဏ္ဌာနပညတ်ရိပ် ၂-ပါးဖြစ်တဲ့ သညာဝိညာဏ်ကြီးဟာ ပြတ်သွားပြီ၊ ဒီတော့ ရုပ်ရော နာမ်ပါကို အမှုးပြုပြီးတော့ ကလျာဏဘုမ္မာ်ကို ဝင် တော့မယ်၊ ကိုင်း ဒီတော့ အကြောင်းပြတ်ရင် ဘယ်သဘော ကျန်သလဲ၊ အကျိုးငြိမ်းရင် ဘယ်သဘောကျန်သလဲ၊ ဒါကိုသိရင် ကလျာဏဘုမ္မာ်ကို တက်နိုင်ပြီ။

ဒီ-အကြောင်းအကျိုးပြတ်ရုံနဲ့ ဒီ-ဝိသမဟေတုက ဒိဋ္ဌိကြီးကို မသိမ်းနိုင်သေးပါ၊ ဘယ်ဟာကိုသာလျှင် သိမ်းနိုင်သလဲ ဆိုရင် ဣဿရနိမ္မာနဒိဋ္ဌိ၊ နောက်တခါ နိယတမိစ္ဆာဒိဋ္ဌိကြီး (၃)ပါး၊ နောက် ပညတ်ယုံမှားခြင်း (၁၆)ပါးတို့ကိုသာ သိမ်းနိုင်သေး တယ်၊ ပရမတ်ယုံမှားခြင်း(၈)ပါးကိုမသိမ်းနိုင်သေးပါ၊ အဗျာ ပါရ အနတ္တနည်းနဲ့ သိမ်းတဲ့ အတွက်ကြောင့် နာမပညတ်နဲ့ သဏ္ဌာနပညတ်(၂)ပါးသာ ကွာပြီး အနုသယအနေနဲ့ ပရမတ် မှာ ပညတ်ရိပ်လေးတွေ ကပ်နေသေးတယ်၊ ဒါကြောင့် ပရမတ် ယုံမှားခြင်း(၈)ပါးကို မသိမ်းနိုင်သေးပါ၊ ဒီပရမတ်ယုံမှားခြင်း (၈)ပါးကို သိမ်းနိုင်ဘို့ရာ အရေးကြီးပါတယ်။

ကိုင်း....အကြောင်းအကျိုးကိုလဲ သိမ်းလိုက်ရော ဘာကျန်နေသလဲ၊ အဲဒါ ဝေဒနာ, ဖဿ, စေတနာ, ကံ ဒီ-အာဟာရ အကြောင်း ၄-ပါးကျန်နေခဲ့ဘယ်၊ ဒီ ၄-ချက်ကို ပစ္စယအကြောင်း, ဟေတုအကြောင်းစုံခါ ရှုပ်-နာမ် ခွဲပြီး ဒေါဝရုံ အာရမ္မဏိက သဘောတွေ့ပါပြီးတော့ အာနာပါဏထဲသွင်းတော့မယ်၊ အဲဒါတွေကို ဝိသမဟေတုက ဒီဌိဖြစ်တဲ့ ယုံမှားခြင်းတွေ ကင်းသွားအောင် ထပ်ချေအုံးမယ်၊ ဒီလိုထပ်ချေလိုက်မှ ဘုရားစစ်, တရားစစ်, သံဃာစစ်ကို တွေ့မယ်၊ နက်ဖြန်ကာ တဏှာဟေတု အာရုံသဘော၊ အဝိဇ္ဇာ ပစ္စယ အာရမ္မဏိကသဘောအနေနဲ့ တင်ပြီး ဝိသမဟေတုက ဒီဌိကြီးကို ချွတ်ပြအုံးမယ်။

ကိုင်း...သာဓုခေါ်ကြပါတော့။

သာဓု-သာဓု-သာဓု။

ဝါခေါင်လဆန်း ၆-ရက်နေ့ နေ့ဟောစဉ်၊

ပုံစံနံပါတ်(၉)

အာဟာရ အကြောင်းတရားကို ဝေဖန်ပြလိုက်ပါပြီ၊ ဒီနေ့ နံပါတ်(၉) ဒီပုံစံကြီးကို ဥက္ကောင်းချရပါတော့မယ်၊ ယခု တက်လာခဲ့တာဟာ သဘာဝတက်စဉ်ပါ၊ ဒါဟာ အထက်တန်း ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေအတွက် ဖြစ်ပါတယ်၊ တခုသော သဘာဝလေးကို သိမြင်လာရင် လေ့ခါးထစ်လေးများလို ရှေ့ကို တက်လို့ရသွားပြီ၊ ကိုင်း ပစ္စယပရိဂ္ဂဟဉာဏ်ကို နှိုက်ပြဦးမယ်၊ ဒီဉာဏ်က အကြောင်းကိုသိမ်းဆည်းရမယ်လို့ ဆိုထားတယ်၊ ဒီတော့ ဥက အကြောင်းကြီးကို (ဝါ)အရောင်းရင်းကြီးကို သိမ်းဆည်းရမယ် ဆိုတော့ အကြောင်းဟာ ဟေတုအကြောင်း, ပစ္စယအကြောင်း ဆိုပြီး ၂-မျိုးရှိတဲ့အနေနဲ့ ပုံစံနံပါတ်(၉)မှာ ပြထားပါတယ်။

ဒီတော့ နာမရူပပရိစ္ဆေဒဉာဏ်ကို ပြန်တွေးပါ၊ပစ္စုပ္ပန္နနဲ့ ပဒဋ္ဌာန်ကို ဥက္ခောင်းချတဲ့အခါမှာ အာရုံနဲ့ အာရမ္မဏိကမှာ ဥက္ခောင်းချထားတယ်၊ အခု ဒီနေရာကို ယူလာလိုက်ရင် အာရုံသဘောက ဟေတုအကြောင်း၊ အာရမ္မဏိက သဘောက ပစ္စယအကြောင်း၊ ဒီတော့ ဟေတုအကြောင်း အာရုံသဘောက တဏှာပါ၊ အာရမ္မဏိကသဘော ပစ္စယအကြောင်းကအဝိဇ္ဇာပါ၊ ဒီတော့ သံသရာရဲ့ ရှေ့အစွန်းဟာ အဝိဇ္ဇာပါ၊ သံသရာရဲ့ နောက်အစွန်းဟာ တဏှာပါဆိုပြီး ပြလာခဲ့တယ်မဟုတ်လား။

ဒီ ၂-ပါးတို့က ထွက်လာတဲ့(ကံ)လေးကို အခု မထွက်အောင်လို့ တူနဲ့ထုချေတာ မဟုတ်ဘူးလား၊ ဒီတော့ အဝိဇ္ဇာနဲ့ တဏှာကို အခု ပစ္စယပရိဂ္ဂဟ ဉာဏ်မှာ ဖမ်းဆွဲ လာပါပြီ၊ ဒီတော့

သံသရာရဲ့ ရှေ့အစွန်းဟာ ရှိသလားဆိုရင် ရှိတယ်လို့ ပြောမလား၊မရှိဘူးလို့ပြောမလား ဒီလို ၂-ခုဖြစ်နေတာကို(တနည်း) နှလုံး (၂)ခုဖြစ်နေတာကို ဝိစိကိစ္ဆာလို့ ခေါ်တယ်၊ ဝိစိကိစ္ဆာ ဆိုတာ အာရုံကို မဆုံးဖြတ်နိုင်တဲ့သဘောပါ၊ အာရုံကိုမဆုံးဖြတ်နိုင်တာဟာ နှလုံးနှစ်ခု ဒွိဟ" ဖြစ်နေလို့ပါ၊ ဒီတော့ သံသရာရဲ့ရှေ့အစွန်း ရှိ၏လသလော၊ မရှိလေသလော-ဆိုပြီး နှလုံးနှစ်ခု ဖြစ်နေတာကို ဒွိဟလို့ခေါ်တယ်။

နောက် သံသယဆိုတာဟာက သို့လော—သို့လောနဲ့ တွေးတောနေတာပါ၊ ဝိစိကိစ္ဆာကျတော့ အာရုံကို မဆုံးဖြတ်နိုင်တဲ့သဘောပါ၊ ဒီကျမှပိုပြီးထင်ရှားလာပါတယ်၊ အဲဒီတော့ သံသရာရဲ့ ရှေ့အစွန်းဟာ ရှိလေသလား၊ မရှိလေသလား—လို့ သို့လော သို့လောနဲ့ သံသယဖြစ်လာပြီးတော့ အာရုံကို မဆုံးဖြတ်နိုင်တာပါ၊ ဒီလိုဖြစ်နေတာကို ဆုံးဖြတ်ပေးနိုင်တာက ပစ္စယပရိဂ္ဂဟဉာဏ်ပါ၊ အဲဒါ ဒိဋ္ဌမမ္မ ပတ္တာခမ္မ ၊ဝိဒိတမမ္မ ပဋိယောဂင်္ဂ ဓမ္မ ဒီ (၄)ချက်ကိုမြင်ရင် ဆုံးဖြတ်နိုင်ပြီ၊ ဒီ(၄)ချက်ကိုမှ မပိုင်သေးရင် ဝိစိကိစ္ဆာထဲမှာဘဲ ရှိဦးမှာဘဲ၊ ဒီတော့ အခုရေသောက်မြစ်သာလျှင်ကျန်ပါ့တော့ဘယ်။

အပင်လုံးကြီးကို နာမရူပ-ပရိစ္ဆေဒဉာဏ်ကလှဲချခဲ့ပြီ၊ တနည်းပယ်ချခဲ့ပြီ၊ အခု ပစ္စယပရိဂ္ဂဟဉာဏ်က ရေသောက်မြစ်ကို ပယ်နှုတ်ရတော့မယ်၊ ဒါကြောင့် ဒီနေရာမှာ အရေးကြီးပါတယ်၊ ကိုင်း....ဝိစိကိစ္ဆာကို သိပြီလား၊ သိရင်ပဋ္ဌယ ပရိဂ္ဂဟဉာဏ်က အခု ရေသောက်မြစ်ကို နှုတ်တော့မယ်၊ ဒီတော့ ဒိဋ္ဌိအပင်ကြီးလဲ မရှိတော့ပါ၊ ယခုဝိစိကိစ္ဆာ ရေသောက်မြစ်လဲ မရှိတော့ရင် အဲဒါ သောတာပန်ဖြစ်ပြီဘဲ မဟုတ်လား၊ (တနည်း)ဒီ ဒိဋ္ဌိနဲ့ ဝိစိ

ကိစ္စာ(၂)ပါးကို ပယ်နိုင်ရင် သောတာပန်ဖြစ်ပါတယ်၊ ဒါကို အခြေခံရအောင် ယခုလုပ်နေတာဘဲ မဟုတ်လား၊ ဒါကြောင့် ဘာကြောက်စရာရှိသလဲ၊ (ဥပမာ) 'ဥပက" ကြီး တောင်မှာဲ အသက်(၆၀)ကျော်မှ ဘုရားရှင်နဲ့ တွေ့ပြီးတော့ အနာဂါမိ မဂ်ထိအောင် ရသေးတာဘဲမဟုတ်လား။

ဒီတော့ ဝိစိကိစ္ဆာ ဆိုတာကို နားလည်ရင် တခုပြောပြမယ်၊ သံသရာရဲ့ ရှေ့အစွန်း မရှိလေသလား၊ မရှိဘူး၊ ဒီတချက်ထဲ ပြောလိုက်ရင် ဝိစိကိစ္ဆာ ပြုတ်တာဘဲ၊ ဒီတော့ နားမလည်ဘူးရာ ဖြစ်နေတာက သံသရာရဲ့ ရှေ့အစွန်းဟာ ရှိသလား, ရှိတယ်၊ သံသရာရဲ့ ရှေ အစွန်းဟာ မရှိဘူးလား, မရှိဘူး၊ အဲဒီလိုပြောရင် ပြုတ်တာဘဲ၊ဒါပေမဲ့ မှန်တာနဲ့-မမှန်တဲ့ အပြုတ်ဘဲရှိမယ်၊ဒီတော့ သံသရာရဲ့ ရှေ့အစွန်းဟာ ရှိသလား, ရှိတယ်၊ သံသရာရဲ့ ရှေ့အ စွန်းဟာ မရှိဘူးလား, မရှိဘူးလို့ - ဘာ့ကြောင့် ဝန်ခံထားသလဲ လို့ဆိုရင် ဒီဌမမှ ပဘ္ဘံမမှ ဝိဒိတမမှ ပရိဃဝါဒမမှ-ဒီ(၄)ချက် ရှိနေလို့ပါ။

ဒီလေးချက် ဘယ်လိုရှိသလဲ၊ အဲဒါ ဝေဒနာ, ဖဿ,စေတနာ ကံ-ဒီအကြောင်း(၄)ပါးကို တကယ်မြင်လိုက်ရင် တခါထဲပြော နိုင်လာပြီ၊ သံသရာရဲ့ရှေ့အစွန်းရှိသလား, ရှိတယ်လို့ - တချက် ထဲ ပြောနိုင်လာပြီ၊ ဒီလို အာဟာရ အကြောင်း၊(၄) ချက်ကို တွေ့တာနဲ့ အကြောင်းယုံမှားခြင်း (၄)ချက်ကို တခါထဲဖြုတ်ချ လိုက်ပြီ၊ (ဥပမာ) မန္တလေးမြို့မှာ ငွေတသိန်း ချမ်းသာတဲ့ သူရှိ လေသလား,မရှိလေသလားလို့ မေးရင် မိမိမှာ ငွေတသိန်း ချမ်း သာနေရင် ရှိတယ်လို့ တခါထဲဖြေနိုင်မယ်မဟုတ်လား၊ ဒါဟာ ဝိစိကိစ္ဆာပြုတ်တာဘဲ။

ကိုယ့်ဆီမှာမှ မရှိရင် အဲဒါရှိလေသလား,မရှိလေသလားဆိုတဲ့ဟာ ဖြစ်လာတော့မှာဘဲ မဟုတ်လား၊ တကယ်ဆုံးဖြတ်လို့ မရပါ၊ ဘာ့ကြောင့်လဲ၊ ဒိဋ္ဌမမှ ပတ္တမမှ ဝိဒိတမမှ ပရိယောဂဋ္ဌမမှ တော့ မရှိလို့ပါ ကိုယ့်မှာ ဌေတသိန်းရှိနေရင် ဒိဋ္ဌမေတ္တေ ရှိနေပြီ၊ ဒါကြောင့် ရှိတယ်ဆိုပြီး ဆုံးဖြတ်နိုင်တာပါ၊ ဒါကို လက်ကိုင်ထားပါ၊ ဒီတော့ တချို့တချို့ ဝိပဿနာ သွားတော့က အတိတ်ရှိသလား၊ အနာဂတ်ရှိသလား၊ မရှိဘူးဆိုပြီးတော့ ပယ်လာကြတာဟာ သူတို့မှာကိုက သိနိုင်တဲ့သဘာဝလေး မရှိလို့ သူတို့ဟာ မသိတာပါ၊ သိနိုင်တဲ့ဉာဏ်ရှိနေရင် သူတို့ဟာပြောနိုင်မှာဘဲမဟုတ်လား၊ ဒီတော့ဝိစိကိစ္ဆာ သံသယ "ဒ္ဒိဟာ" ပျောက်တယ်ဆိုတာ ဒိဋ္ဌမမှ ဒီ(၄)ချက်ရှိမှ ပျောက်ပါတယ်၊ ကိုင်းသိမ်းပြမယ်၊ အကြောင်းနဲ့အကျိုးကို ဖြတ်ရတာဟာ အင်မတန်မှာခဲယဉ်းပါတယ်၊ ဒီဘာ့ ဟေတု အကြောင်းက တဏှာရိပ်နဲ့ ပစ္စယအကြောင်းက အဝိဇ္ဇာရိပ်ဟာရှိတယ်လို့ ပုံစံနဲ့ပြထားတယ် ဒီပုံစံ နံပါတ်(၉)ကိုကြည့်ထားပါ၊ ဒီပုံစံကို ဒီနေ့တရားညကျောင်းချရပါတော့မယ်။

ဒီတော့ အဝိဇ္ဇာအရိပ်ကြီးဟာ ဘယ်လောက်ထိအောင် နယ်ချဲ့သလဲ အထက်ဆိုရင်လဲ ဘဝဂ်၊ အောက်ကိုဆိုရင်လဲ အဝီစိငရဲတနည်း ဝိပဿနာဉာဏ်ဆိုရင်လဲ ဂေါတြဘူဉာဏ် အထိလိုက်လာပါတယ် ဒီတော့(၃၁)ဘုံကြီးထဲမှာသာ ပေါ်နေရင်ပေါ်ချင်တာတွေ ပေါ်ပါဆိုရင် အဝိဇ္ဇာရိပ်နဲ့တဏှာရိပ်ဟာ မကင်းပါ၊ ဒါဟာ ဘယ်အနေနဲ့ပါလာသလဲလို့ဆိုရင်ဘဲ အတိတ်နဲ့ အနာဂတ်အနေနဲ့ ပါလာပါတယ်၊ ဒီတော့ ပေါ်နေတဲ့ သဘောကို ပစ္စုပ္ပန်လို့ အနေနဲ့ယူရပါတယ် ဒီလိုလဲရောယူလိုက်ရော အတိတ်

နဲ့ အနာဂတ်က ဝန်ခံပြီးတော့ ကံ မျိုးစေ့တွေကို ချလာတယ် ဒီတော့ ဝေဒနာနဲ့ ဖဿတို့မှာ အဝိဇ္ဇာက ပဋိယအကြောင်း– တဏှာက ဟေတု အကြောင်း အနေနဲ့ လိုက်နေတယ်။

ဒီတော့ နာမရူပ ပရိစ္ဆေဒဉာဏ်မှာ ပစ္စုပ္ပန္နဋ္ဌာန်နဲ့ ပဒဋ္ဌာန်ကို အာရုံနဲ့ အာရမ္မဏိက သဘောဆိုပြီးတော့ ရူပ် နာမ် ပေါ်လာတယ်၊ ဧ။ဟာကိုချေလိုက်မှ ပစ္စယပရိဂ္ဂဟဉာဏ်ကို သဘာဝနည်း, လက်တွေ့နည်းတွေနဲ့ ရောက်လာမယ်၊ ဒီတော့ ပစ္စယပရိဂ္ဂဟ ဉာဏ်ရဲ့ ရူပ်နာမ်ကိုလဲ မြင်လိုက်ရော အဲဒါနာမရူပ ပရိစ္ဆေဒဉာဏ် ကို ဖြုတ်ချလိုက်ဘော့မယ် တာခါပစ္စယ ပရိဂ္ဂဟဉာဏ်က မြင်လာ တဲ့ ရူပ်နာမ်ကို သမ္မသန ဉာဏ်ကိုတင်၊ ဒီလိုနဲ့ မဂ်ကို တဆင့် တဆင့်ဝင်သွားရမယ်၊ ဒါကို သဘာဝတွေ့လို့ခေါ်တယ်၊ ဉာဏ် ကြီးတဲ့သူတွေတက်တဲ့ တက်နည်းပါ။

ဒီတော့ အာရုံသဘောက တဏှာ၊ ဒါက ဟေတုအကြောင်း၊ အာရမ္မဏ်ကသဘောက အဝိဇ္ဇာရဲ့ ပစ္စယအကြောင်းပါ ညတရား က အကြောင်းကို သိမ်းလာခဲ့ပါတယ်၊ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်ဆိုတာ သညာဝိညာဏ်,နာမနဲ့ သဏ္ဌာနပညတ်(၂)ပါး က လှည့်ပတ်ထားတာပါ အဲဒါကို အကျိုးထဲမှာအကြောင်းတွေ ရှိနေလို့ လိမ်နေတဲ့အကျိုးပါ၊ ဒီလိုသာဆိုရင် အကျိုး ဖြစ်လိုက် အကြောင်းဖြစ်လိုက်နဲ့ဘဲ ဘယ်မှာဆုံးတော့မလဲ ဥပမာ သရက် စေ့ကြောင့် သရက်ပင်၊ သရက်ပင်ကြောင့် သရက်စေ့ ဖြစ် နေတာဟာ ဘယ်မှာ မျိုးပြတ်တော့ မလဲ၊ ဒါမှလဲ သင်္ခါရ လောကကြီးကို ထူထောင်လို့ရမှာပါ။

အဲဒီမျိုးကို ဖြတ်တာဟာ ရဟန္တာပုဂ္ဂိုလ်ကြီးတွေကျမှ ဖြတ် ပါတယ် သူတို့ကျတော့ သစ်သီး(၉)မျိုး၊ ၉ပါး(၇) မျိုးကိုကိုင်

ရင်ပါစိတ်အာပတ်သင့်စေဆိုပြီး သိက္ခာပုဒ်ပညတ်လာတယ်။ ဘာကြောင့်ပညတ်လာခဲ့သလဲ၊ အဲဒါ ရဟန္တာပုဂ္ဂိုလ်ကြီးဘွဲ့မှာ ဒီစကားတို့ သစ်သီးတို့ကို ကိုင်လိုက်တာနဲ့ အဲဒါအပင် မပေါက်တော့ပါ။ တခါထဲဒဟမ်းခတ်ကြီးဟာ ဝင်ပြီးတော့ တောက်လိုက်တဲ့အတွက် တခါထဲ မျိုးဇာတ်ပြတ်သွားပြီး အပင်မပေါက်တော့ပါ၊ ဒါကြောင့် သိက္ခာပုဒ်တော်ကို ပညတ်ရတာပါ။

ကိုင်း.... ဟေတုအကြောင်းနဲ့ ပစ္စယအကြောင်းကို ဘာနဲ့သိမ်းမလဲ၊ အဗျာပါရအနဘွဲ့နဲ့ဘဲသိမ်းရမယ်၊ ဘယ်လိုသိမ်းမလဲ၊ ဒီတော့ ပစ္စယအကြောင်းအနေနဲ့ အာရမ္မဏိကသဘော အဝိဇ္ဇာအကြောင်းဖြစ်တဲ့ ဝေဒနာ, ဖဿ, စေတနာ, ကံ ဆိုတဲ့ ဒီဌမ္ဘ ၄-ချက်မှာ ဟေတု အကြောင်းဖြစ်တဲ့ အာရုံသဘော တဏှာအနေနဲ့ ပေါ်လာတာပါ၊ တနည်း ဟေတုအကြောင်း တဏှာသဘောဟာ ပစ္စယအကြောင်း အဝိဇ္ဇာ သဘောဖြစ်တဲ့ အကြောင်းတရား ၄-ပါးက ထွက်လာတာပါ၊ ဒီတော့ ဟေတုအကြောင်းကို အရင်စစ်ပါ။ "ဟေ-ဟေတုအကြောင်း မင်းကို ဘယ်သူက ဟေတုအကြောင်းလို့ ခေါ်တာလဲ"လို့ မေးလိုက်ရင် သူက ဘယ်လိုပြောမလဲ အဲဒါ "ပစ္စယအကြောင်းက ခေါ်လို့ပါ" လို့ သူကပြောမှာပဲ။

ဒါဖြင့်ရင် တခါ ပစ္စယအကြောင်းကို ခေါ်မေးပါ၊ "ဟေ ပစ္စယအကြောင်း၊ မင်းက ဟေတုအကြောင်းကို ခေါ်တာဟာ မင်းကခေါ်နိုင်လို့လား"လို့ မေးရင် ပညာနယ်မှာဆိုရင် (၀၊) ပရမတ်နယ်မှာဆိုရင် ကျွန်တော်က မခေါ်နိုင်ပါ၊ ခေါ်နိုင်တယ်လို့ (၀၊)ဖြစ်နိုင်တယ်လို့ ထင်နေတာက အတွေ့စ္ဆပါ၊ အဲဒါဟာ

အနှတ္တေ စ့ဲတာပါ၊ သူ့သဘာဝကမဖြစ်နိုင်ပါ၊ သူ့မှာဖြစ်နိုင်တဲ့ ဗျာပါရလဲမရှိပါ၊ ပညာနယ်အနေနဲ့ ဆိုရင် အဲ့ဒါ အဗျာပါရ အနှတ္တသဘောသာ ရှိပါတယ်။

အဲ့ဒါ သညာဝိညာဏ်အနေနဲ့ ခေါ်နိုင်ပါတယ်လို့သာ ပြောနေတာပါ၊ အဲ့ဒါ ပညာအနေနဲ့ဆိုရင် အဗျာပါရ အနှတ္တပါ၊ ဒီတော့ ဒီလေးချက်မှာ သုညလေးတွေသာ ရှိနေတယ်၊ တနည်း ဝေဒနာ,ဖဿ,စေတနာ,ကဲ့ လို့ ထုတ်ဖော်ခဲ့တဲ့ အကြောင်းတရား ၄-ပါးမှာ တပါးစီ တပါးစီ ကိုက အဗျာပါရ အနှတ္တ အနေနဲ့ သုညလေးတွေသာ ရှိနေကြပါတယ်၊ သူတို့ဟာ ဆက်စပ်တဲ့အနေနဲ့မျှသာ ရှိပါတယ်၊ ဒါကို အနှတ္တက ဖြစ်နိုင်တယ် ဆိုပြီး ယူနေတာပါ၊ သူတို့မှာ ၄-ကောင်သာ ရှိနေသော်လဲ သူ့သဘာဝလေးတွေနဲ့ သူ-ရှိနေတာပါ၊ ဒါက နှာနတ္တနည်း ခေါ်တယ်၊ နောက် သူတို့မှာ သူ့သဘာဝလေးတွေနဲ့သာ သူရှိနေသော်လဲ ပေါ်တဲ့အခါမှာ ပေါင်းပြီးတော့ တကွအနေနဲ့ ပေါ်ကြရတယ်၊ ဒါက ကေတ္တနည်း၊ ကေဠဝါဒါကေနိရောဓါ ဆိုတဲ့အတိုင်း ဒီတော့ တပြိုင်ထဲ ပေါ်တဲ့အခါမှာ မင်းတို့ရဲ့ ဗျာပါရလေးတွေဟာ ဧဝံမမ္ပတာ ထိုသဘောရှိလို့ ဤသဘော ရှိတယ် ဆိုတဲ့အနေနဲ့ အာရုံနဲ့ အာရမ္မဏိက သဘောသာ ရှိပါတယ်။

အဲ့ဒါ အဆဲ့ခံရတဲ့သဘောနဲ့ ဆဲ့တဲ့သဘောသာ ရပါတယ်၊ ဒါ ဟေတုအကြောင်းနဲ့ ပစ္စယအကြောင်းပါ၊ ဒီတော့ ဟေတုအကြောင်းနဲ့ ပစ္စယအကြောင်းကို စစ်လိုက်ရင် နောက်ဆုံးမှာ ထိုသဘောရှိလို့ ဤသဘောရှိတယ် ဆိုတဲ့ အနေနဲ့သာ ဗျာပါရ ရှိပါတယ်၊ ဒီတော့ မှတ်ဘို့က နာမရူပ ပရိစ္ဆေဒဉာဏ်က

ပစ္စုပ္ပန္နဘဝနဲ့ အာရုံသဘောနဲ့ ပဒဋ္ဌာန် အာရမ္မဏိကသဘောတို့က အခုဒီမှာ ထိုသဘောရှိက ဤအဘောရှိတယ်ဆိုတဲ့အနေနဲ့ လာကပ်နေပြီ ဒုါဟာ သညာဝိညာဏ်ရဲ့ အရိပ်ပါ။

မှတ်ချက်။ ။ဤ ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ ၁-အဗျာပါဒနည်း၊ ၂-နာနတ္တနည်း၊ ၃-ကေဘာနည်း၊ ၄-ဝေဝံဓမ္မတာနည်း ဆိုတဲ့နည်း (၄) ပါးနဲ့ ကြိတ်ချေပုံမှာ ယခုမကြာ ပေါ်ထွက်လာမည့် ဝိသာခါ အနုလောမ အသေးစိတ် ဟောစဉ်ကျမ်းတွင် အကျယ်ဘဝင့် ထုတ်ဖော်ထားပြီဖြစ်၍ ဤမျှနှင့်ဘဲ ကြိတ်ချေလိုက်ပါ၏။

ဒီ-အဝိဇ္ဇာနဲ့ တဏှာကနေပြီးတော့ သညာဝိညာဏ်ရိပ်ဟာ လာနေတာပါ၊ ဘယ်လိုလာသလဲလို့ဆိုရင် အတိတ်နဲ့အနာဂတ်အနေနဲ့ဆိုပြီး လာနေတာပါ၊ ဒီတော့ သညာဝိညာဏ်သဘောဖြစ်တဲ့ ဒီနာမနဲ့ သဏ္ဌာနပညတ် ၂ ပါးဟာ ဘယ်လောက်ထိအောင် လိုက်သလဲလို့ဆိုရင်ဘဲ၊ အခု ပစ္စယပရိဂ္ဂဟဉာဏ်ကဖြတ်သော်လဲ အဲဒါ ထိုသဘောရှိက ဤသဘောရှိတယ်ဆိုတဲ့အနေနဲ့ လိုက်နေပြန်ပြီဘဲ၊ ဒါဟာ သညာဝိညာဏ် သဘောတော့ပါ၊ ဒါသမ္မသနဉာဏ်ကျရင် အတိတ်အနာဂတ်ဆိုပြီးတော့ ဝင်ထိုင်လာတော့မယ်။

အဲဒီကျဘော့မှ ကာလ ၃-ပါး ခွဲလာဘော့မယ်၊ ဒီလိုကပ်နေပြီးတော့ အမည်ခံလေးတွေ ခြောင်း ပြောင်းပြီး လိုက်လာတာပါ၊ နောက်ဆုံး မဂ်ကျမှာဘဲ တခါထဲပြတ်သွားတော့မယ်၊ ဒီတော့ ထိုသဘောရှိက ဤသဘောရှိတယ်လို့လဲ သိမ်းလိုက်ရော အကျိုးနဲ့ အကြောင်းဟာ ပြတ်သွားပြီ၊ ဒီပြတ်နေတဲ့နေရာမှာ သဘာဝလေးကိုမြင်အောင်ရှုပါ၊ ဒီတော့ သညာဝိညာဏ်တို့ရဲ့သဘောက

ထိုသဘောရှိက ဤသဘောရှိတယ်လို့ ပြောချင်ရာတွေ့ပြော၊ သူတို့နောက် လျှောက်မလိုက်နဲ့ ၊ လျှောက်လိုက်နေရင် ဆုံးတော့မှာ မဟုတ်ဘူး၊ ဒီတော့ သူတို့ပြောချင်ရာပြော၊ ကိုယ်က ပစ္စုပ္ပန်အနေနဲ့သာ လိုက်ယူရတော့မယ်။

ဒီတော့ အကြောင်းနဲ့အကျိုးကိုလဲ သိမ်းလိုက်ရော အခုဖြတ်လိုက်တဲ့ နေရာလေးမှာ ဝေဒနာရယ်, ဖဿရယ်, စေတနာရယ်, ကံရယ် ဆိုတဲ့အနေနဲ့ ရှိနေတဲ့ ၄-ချက်ရဲ့ သဘာဝလေးဟာ ဘယ်အနေနဲ့ ရှိနေသလဲဆိုဒါကို ကြည့်ရတော့မယ်၊ ဒီတော့ ဖြတ်တဲ့နေရာမှာ ရှိတဲ့ ပရမတ်လေးကိုသာ ကြည့်ရတော့မယ်၊ ထိုသဘောရှိက ဤသဘောရှိတယ် ဆိုတဲ့ သဘောနောက်ကို လျှောက်လိုက်မနေနဲ့တော့၊ သူတို့နောက် လိုက်နေရင် ဘယ်တော့မှ မဆုံးတော့ဘူး၊ ဒီလို လိုက်နေကြလို့ ဥာဏ် ၉-ဥာဏ် ဝဲထဲမှာ တပဲလည်လည်နဲ့ ဖြစ်နေကြမယ်။

အခု အာရုံနဲ့ အာရမ္မဏိကလဲ ပျောက်သွားပြီ၊ ဒီတော့ ပစ္စုပ္ပန်ဖြစ်တဲ့ ဝေဒနာ,ဖဿ,စေတနာ,ကံ-လို့ ဆိုတဲ့ အာဟာရအကြောင်းတရား ၄-ပါးကိုသာ ကိုင်ရမယ်၊ ဒီကနေ ရုပ်နာမ်ပေါ်ပြီး တက်သွားရမယ်၊ ကိုင်း အဗျာပါရအနတ္တနဲ့ ဟေတုအကြောင်းနဲ့ ပဋ္ဌယအကြောင်းကို သိမ်းလိုက်ရော အဲဒါ ဒီ-ဝေဒနာ,ဖဿ,စေတနာ,ကံ ဒီ ၄-ချက်ကို ကြည့်ပါလို့ ဆိုရင်ဘဲ အဲဒါဟာ ကျန်တဲ့နည်းတွေကို အကျယ်ခွဲပြီးတော့ မကြိုတ်ချေတော့ပါ၊ ဒီတော့ ဘာကိုလာတွေ့သလဲ ဆိုရင်ဘဲ အဲဒါဟာ ပစ္စုပ္ပန်ဆတ်ဆတ်လေးကို လာတွေ့နေပြီ၊ ဒါကို တကယ်တွေ့ရင် ဝိသမဟေတုက ဒီဋ္ဌိကြီးဟာ ကျတ်ပါဘယ်၊ ဒီတော့ ဝေဒနာ, ဖဿ, စေတနာ, ကံ · ဆိုတဲ့ ဒီအကြောင်းတရား ၄-ချက်ကိုသာ ကိုင်တော့မယ်။

ဒီဌမမှာ - စသော သဘာဝ (၄) ချက်နဲ့ အခု အာဟာရ အကြောင်း (၄) ချက်ကို ဖမ်းရတော့မယ်၊ ဒီတော့ ကိုယ်လက်ထဲမှာ ငွေတသိန်း ရှိနေမှာဆဲ တသိန်း ချမ်းသာတဲ့လူ ရှိလေသလား၊ မရှိလေသလားလို့ ဖြစ်နေဦးမလား၊ မိမိမှာ ရှိနေပြီဘဲမဟုတ်လား၊ ဒါကြောင့် ဒီပစ္စုပ္ပန် ဆတ်ဆတ် ပရမတ် သဘောလေးကိုသာ ကိုင်ထားပါ၊ ဒီတော့မှ ဝိသမ ဟေတုက ဒိဋ္ဌိကိုဖြုတ်လို့ရမယ်၊ ဒါကို ဖြုတ်ပြီးဘဲ့ အကြောင်းယုံမှားခြင်း ၄-ချက်ကို ဥက္ခောင်းချပါမယ်၊ နက်ဖြန်ကျမှ ကျန်တဲ့ အကျိုးယုံမှားခြင်း (၄)ချက်ကို တရားဥက္ခောင်းချမယ်။

ကိုင်း—ဒီတော့ နည်းလေးပါးနဲ့ သိမ်းလိုက်တဲ့အခါမှာ ဧဝံ ဓမ္မတာနည်းကို လိုက်ဖမ်းနေရင် ဘယ်တော့မှ မဆုံးတော့ပါ၊ အဲဒါကြောင့် ဒီနောက်ကို မလိုက်တော့ဘဲ၊ ပစ္စုပ္ပန်ကိုသာ မိအောင်ဖမ်းပါ၊ ဒီတော့ မဟာသတိပဋ္ဌာန်ကြီးဟာ ဘယ်ထိအောင် တရားတက်လာသလဲဆိုရင် ဝိပဿနာဉာဏ် ၉-ဉာဏ်စဲကို အခုဒီနေရာက လက်မခံတော့ပါ အရင်ကတော့ ပစ္စုပ္ပန်ကို မပေါ်နိုင်ဘဲ ဧဝံဓမ္မတာနည်းကိုသာ ဟောလာခဲ့တယ်။

တနည်း အဲဒါက နာမနဲ့ သဏ္ဌာန်, သညာနဲ့ ဝိညာဏ် နောက်ကိုသာ လိုက်ခဲ့ရတယ်၊ ဒါကြောင့် ဥဒယ ဝဲထဲကို ဝင်ခဲ့ရတယ်၊ အခုတော့ မဝင်တော့ပါ၊ ဒါဟာ အထက်တန်းကလျှာဏ ဘုံမှ ထဲကို ဝင်တော့မယ်၊ ဒီတော့ ကေတ္တနည်းနဲ့ နာနတ္တနည်း (၂) ပါးကို လိုက်လာမှ ပစ္စုပ္ပန်ကို တွေ့မယ်၊ ဒီတော့ အကြောင်းနဲ့ အကျိုးကို သတ်လိုက်တော့ သူတို့က ပြောတဲ့ ဧဝံဓမ္မတာနည်း ဖြစ်တဲ့ ထိုသဘောရှိက ဤသဘော ရှိတယ်လို့ဆိုတဲ့ နောက်ကို

မလိုက်နဲ့တော့ တနည်း သန္တာတိရဲ့သဘောကို မလိုက်တော့ဘဲနဲ့ ယခုပစ္စုယပရိဂ္ဂဟဉာဏ်ရဲ့ ပစ္စုပ္ပန်ကကို သမ္မသန ဉာဏ်ကို တက်တော့မယ်။

အဲဒါ အရင်ကတော့ အတိတ်,အနာဂတ်ကနေပြီး တက်လာခဲ့ပါတယ်၊ အခုတော့ ဒီလိုမတက်တော့ပါ၊ ဒါကြောင့် မဟာသတိပဋ္ဌာန်တရားကြီးဟာ အဆင့်အတန်းမြင့်တယ်လို့ ပြောတယ်၊ ခုနပြောတဲ့ နာမနဲ့ သဏ္ဌာနပညတ်နယ်ထဲက ပြောတဲ့နောက်ကို အလိုက်မှားလိုက်ရင် ဝိစိကိစ္ဆာတွေဖြစ်ပြီး ယုံမှားခြင်းတွေ ဖြစ်လာလိမ့်မယ်၊ ဘာကြောင့် ဖြစ်မှာလဲ ဆိုရင် သဘာဝ မရှိတဲ့၊ တနည်း ထောက်ခံတဲ့ ပရမတ်မရှိလို့ပါ၊ ဒီတော့ သံသရာရဲ့ရှေ့အစွန်းရှိသေးသလား ဆိုတဲ့ ဝိစိကိစ္ဆာတွေထဲမှာ ကျနေမယ်။

ထပ်ပြောမယ်၊ ဒီဌဓမ္မ စတဲ့ ဒီ(၄)ချက်မှ မမြင်ရင် ဝိစိကိစ္ဆာမလွှတ်ပါ၊ ဒီလို ယုံမှားခြင်း(၈)ပါးကို ဘယ်သူကမှ ဖြုတ်နိုင်သလဲလို့ဆိုရင် အကြောင်းနဲ့အကျိုးကို နည်း(၄)ပါးနဲ့သိမ်းပြီးတော့ ဇဝံဓမ္မတာနည်းနဲ့ မလိုက်ဘဲနဲ့ ပစ္စုပ္ပန်ကို ကိုင်ထားတဲ့သူမှ ဖြုတ်နိုင်မယ်၊ ဘာ့ကြောင့်လဲ၊ ဒီဌဓမ္မဆိုတဲ့(၄)ချက်ကို ကိုင်ထားပြီးတော့ သူ့မှာ သံလရာရဲ့ ရှေ့အစွန်းရှိသလား ဆိုရင်ဘဲ ပြောနိုင်လာပြီ၊ အဲဒါ ဇဝံဓမ္မတာကိုသာ လိုက်သွားရင်ဘဲ နာမနဲ့ သဏ္ဌာန်တို့ရဲ့ နောက်ကိုပါပြီးတော့ နေတဲ့ အတွက် သံသရာရဲ့ ရှေ့အစွန်း ရှိလေသလား, မရှိလေသလား အနေနဲ့ တွေးတောလာပြီ။

ဒီတော့ သူ့မှာ ယုံမှားခြင်းမကင်းသေးပါ၊ ဒီတော့ ယုံမှားခြင်းဟာ ဘာကြောင့်ထွက်လာရသလဲ၊ ဇဝံဓမ္မတာနည်းကို လိုက်

သွားလို့ပါ၊ အဲဒါ ကိုယ်က အမှန်ကိုမမြင်ဘဲနဲ့ နာမ, သဏ္ဌာန ပညာတ်တွေရဲ့ လှည့်ပတ်တဲ့ ဧဝံမမှတာနည်းကို လိုက်သွားလို့ပါ၊ ဒါကြောင့် အခု ဒီနည်းကိုမလိုက်တော့ဘဲနဲ့ ယခု ပစ္စုပ္ပန်ဖြစ်တဲ့ ဝေဒနာ,ဖဿ,စေတနာ,ကံ ဆိုတဲ့ ဒီ ၄-ချက်ကို ကိုင်ရတော့မယ်၊ ဒီ ၄-ချက်ကိုလဲ ကောင်္ဂနဲ့ နာနတ္တနည်း ဒီ ၂ ချက်နဲ့ မိအောင် ဖမ်းရတော့မယ်၊ ဒါကို ဖမ်းနိုင်ရင် အကြောင်းယုံမှားခြင်းတွေ ဟာ ကင်းသွားပြီ၊ (တနည်း) ၁-သံသရာရဲ့ ရှေ့အစွန်း၊ ၂-သံသရာရဲ့ နောက်အစွန်း၊ ၃-သံသရာရဲ့ ရှေ့နောက်အစွန်း၊ ၄-သစ္စာ လေးပါးဌ် ယုံမှားခြင်းစသော အကြောင်းယုံမှားခြင်းလေးပါး ဟာ လုတ်သွားပါဘယ်၊ (၀၊) ကင်းသွားပါတယ်၊ အဲဒါ သစ္စာ လေးပါးဆိုတာ ဒါပါလားလို့ ဆိုတာကို တွေ့လာတော့မယ်။

ဒီတော့ ဘယ်လိုတွေ့လာသလဲလို့ ဆိုတာကို ဒီဌာနမှာဆိုတဲ့ ဒီသဘာဝ ၄-ချက်နဲ့ နှိုက်ပြမယ်၊ ဒီတော့ ယုံမှားခြင်းတွေဟာ ဘာကြောင့်ဖြစ်သလဲဆိုရင်ဘဲ သညာဝိညာဏ်ရဲ့နောက်ကို လိုက်နေလို့ပါ၊ (၀၊) သဘာဝတွေရဲ့နောက် မလိုယ်လို့ပါ၊ ဒီတော့ ယခု သညာဝိညာဏ်ရဲ့နောက်ကို မလိုက်တော့ဘဲ အဲဒါဟာ ကောင္ဂနဲ့ နာနတ္တနည်းကို လိုက်ရတော့မယ် ဒီတော့ ၃၁-ဘုံ ကြီးရဲ့ ရေသောက်မြစ်ကိုကြည့်လိုက်ရင်ဘဲ ဒီ-အာဟာရ ၄-ချက်ကို လာတွေ့တယ်။

"သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ"

လို့ ပြလာတဲ့အဘိုင်း ဤသဘာဝ ၄-ချက်ဟာ လူနဲ့တ်ဗြဟ္မာ တွေ ဆိုတဲ့ ၃၁-ဘုံကြီးရဲ့ ရေသောက်မြစ်ကြီးကို ချထားတာပါ လို့ တွေ့လာမှယ်။

ဒီ ၄-ကောင်ကို ဆဲလို့လဲ မိလိုက်ရော သညာဝိညာဏ်က ပြောတဲ့ဟာတွေနောက်ကိုမလိုက်တော့ဘဲ သဘာဝလေးအနေက နေပြီးတော့ ကလျာဏမျက်စေ့ပေါက်အောင် တက်တော့မယ်၊ ကိုင်း သဘာဝတခုကို ထုတ်ပြမယ်၊ ဒီတော့ အာဟာရ ၄-ချက်ကိုလဲ ရလာရော သစ္စာ ၄-ပါးဌ ယုံမှားခြင်းဟာ ပြုတ်သွားမယ်၊ ဘယ်လိုပြုတ်သလဲ ကိုင်း... လက်တွေ့လုပ်ငန်းစဉ်နဲ့ ရှာပါ၊ ဒီ ဝေဒနာ, ဖဿ, စေတနာ, ကံ မှာကို အကြောင်းယုံမှားခြင်း ၄-ချက်ကို ပြုတ်တော့မယ်။

ဒီတော့ သံသရာရဲ့ ရှေ့အစွန်း ရှိသလား·ရှိတယ်၊ ဒီတော့ သစ္စာ ၄-ပါးဌ ယုံမှားခြင်းဟာ ကင်းပြီ၊ ဒီတော့ ဒီ ဝေဒနာ, ဖဿ,စေတနာ,ကံ ဒီ ၄ ချက်ကို သစ္စာ ၄-ပါးနဲ့ တင်ကြည့်ပါ၊ ဒီတော့ သစ္စာ ၄-ပါးကိုပေါင်းပြီး အဆီညွှစ်ရင် ၃ ၁-ဘုံ ကြီးမှာ တည်တဲ့သစ္စာဟာ ဘယ်သစ္စာလဲ၊ အဆီညွှစ်တယ်လို့ ဆိုတာဟာ အကျဉ်းနည်းကိုလိုက်ဘာပါ၊ တနည်း ကလျာဏဘုံမှ ကိုဝင်တဲ့ အနေနဲ့သာ ပြောတာပါ၊ သစ္စာ ၄-ပါးမှာ ဘယ်သစ္စာက ရော တည်သလဲ၊ တည်ပုံကိုပြမယ်။

"ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ"

ဆိုပြီး ဒုက္ခကို မူတည်ထားတယ်၊ နောက် သမုဒယသစ္စာ ပေါ်တော့လဲ "ဒုက္ခသမုဒယံ သစ္စံ" ဆိုပြီး ဒုက္ခကို ရှေ့က ထည့်ထားပြန်တယ်၊ နိရောဓသစ္စာ, မဂ္ဂသစ္စာ မှာလဲ ဒုက္ခဟာ ပါနေပါတယ်။

ဒီတော့ သစ္စာ ၄-ပါးကို အကျဉ်းချုံးရင် ဒုက္ခတလုံးသာ ရပါတယ်၊ ဒီ-ဒုက္ခဟာ ဘယ်အနေနဲ့ရှိသလဲ၊ ကလျာဏဘုံမှ ထဲ

ဝင်တဲ့အနေနဲ့ ရှိနေတယ်၊ ဒါမှ အကြောင်းယုံမှားခြင်း ကင်းမယ်၊ ဒီဘော့ ရုပ်တရား, နာမ်တရားတွေကို ဒုက္ခလို့ မမြင်ကြလို့ သမုဒယသစ္စာဖြစ်လာတာ၊ ဒုက္ခကိုမြင်သွားရင်ဘဲ အဲဒါ နိရောဓသစ္စာ ဖြစ်သွားပြီ၊ နောက် ဒုက္ခဖြစ်ရာ အကြောင်းတွေကိုပါ ပယ်ဒါကျတော့ မဂ္ဂသစ္စာပါ။

နောက်တခါ ငါးကြော်နဲ့ ညောင်နဲ့ ဥပမာလိုဘဲ ညောင်နံ့နဲ့ တူတဲ့ အာရုံနဲ့ ပေါင်းဆုံတာက အာရုံသဘော ဒုက္ခသစ္စာ၊ ညောင်နံ့နဲ့ တူတဲ့ ဝိညာဏ်လေးဘွေပေါင်းဆုံတာက အာရုံမှတ်သားတာ သဘော သမုဒယသစ္စာ ၊ ဒီအတိုင်း သစ္စာတည်လာတာပါ၊ ဒါကို သေသေချာချာတွေးပါ၊ ဒီတော့ ညောင်နံ့နဲ့ တူတဲ့အာရုံသဘော ဒုက္ခသစ္စာကို ပယ်တာ နိရောဓသစ္စာ၊ ညောင်နံ့ မထွက်အောင် ပယ်တာက မဂ္ဂသစ္စာပါ၊ ဒါကို အကျဉ်းချုံးရင် ဒုက္ခသစ္စာပါ။

ဒုက္ခဟာ ဘယ်သဘောရှိသလဲ၊ ပြုပြင်တဲ့သဘော ရှိနေတယ်၊ ဒါကို ပုံစံထဲမှာရှာရင် ဝေဒနာနဲ့ ဖဿမှာ မရှိပါ၊ စေတနာနဲ့ ကံကျတော့ ပေါ်လာပြီ၊ ဒီတော့ပြုပြင်တဲ့သဘော ကံ,က ဒုက္ခသစ္စာ၊ စေတနာက သမုဒယသစ္စာ၊ ဝေဒနာနဲ့ ဖဿတို့က နိရောဓနဲ့ မဂ္ဂသစ္စာပါ၊ ဒီတော့ ဝေဒနာ, ဖဿ, စေတနာ, ကံတို့ကို အကျဉ်းချုံးရင် ကံကိုရတယ်၊ ဒါဟာ ဒုက္ခသစ္စာပြုပြင်တဲ့ သဘောဘဲမဟုတ်လား။

ဒီတော့ သစ္စာ ၄-ပါးကို ဒီအတိုင်းမြင်သွားရင် ဒိဋ္ဌမမ္မ ပတ္တမမ္မ ဝိဒိတမမ္မ ပရိယောဂဋ္ဌမမ္မ ဒီ ၄-ချက်နဲ့ ရလာပြီး ဝေဒနာက ဒိဋ္ဌမမ္မ၊ ဖဿက ပတ္တမမ္မ၊ စေတနာက ဝိဒိတမမ္မ၊ ကံ,က ပရိယောဂဋ္ဌမမ္မ အနေနဲ့ သွင်းနိုင်လာရင်ဘဲ ဝိသမဟေတု ဒုဋ္ဌိ

ကြီး ပြုက်သွားပြီ၊ ဒီသဘာဝကိုမြင်ရင် သစ္စာ ၄-ပါးတရား ရှိလေသလော မရှိလေသလောလို့ တွေးတော အုံးမလား။ မတွေးတောတော့ပါ၊ သစ္စာ ၄-ပါး တရားရှိတယ်ဆိုပြီးတော့ ပေါ်လာပြီ၊ သစ္စာ ၄-ပါးဌာ် ယုံမှားခြင်းဟာလဲ ကင်းသွားရော ကျနိုတဲ့ယုန်မှားခြင်း ၃-ချက်ဟာ အားလုံးပြုတ်သွားပြီ၊ ကိုင်း.... နက်ဖြန်ကာကျမှ အကျိုးယုံမှားခြင်းကို ပြောပါတော့မယ်။

ညဟောစဉ်။

အာဟာရ အကြောင်းကို ဝေဖန်ပြလိုက်ပါပြီ၊ ဒီနေ့ပုံစံကို ဥက္ခေါင်းချရတော့မယ်၊ ယခုတက်လာတာဟာ သဘာဝတက်စဉ်ပါ၊ ဒီတော့ ဘုရားရှင် ဟောကြားတော်မူတဲ့ အတိုင်း အာနာပါန လုပ်ငန်းစဉ်ကြီးကို ဝင်နိုင်အောင်လို့ ယခု ဝါဆိုလပြည့်နေ့က စပြီးတက်လာခဲ့တာဟာ အခုပစ္စုယပရိဂ္ဂဟဉာဏ်ကိုရောက်လာပါပြီ၊ ရှေ့ဥဒယဗ္ဗယ ဉာဏ်ကြီးကို ဝါခေါင်လပြည့် အမှီ ဥက္ခောင်းချနိုင်အောင် အခုတက်လာရပါတယ်၊အဲဒါ ဝါခေါင်လဆုတ် ၃-၄-ရက်မှာ အာနာပါနကြီးကို တက်နိုင်အောင် ကြိုးစားနေရပါတယ်။

ဒီတော့ တရားနာပုဂ္ဂိုလ်တွေကို အကျဉ်းနည်းနဲ့ အနည်းငယ်ပြလိုဒါက အာနာပါနကို ၅-ပါးသော ပဿဒ္ဓအပေါက်တွေက ဖမ်းရတာမဟုတ်ပါ၊ စိတ်ပေါက်ကသာ နေပြီး ဖမ်းရတာပါ၊ ဒီတော့ စိတ်ပေါက်က လုံ့လောက်စွာဖမ်းနိုင်အောင်လို့ ပဌမမျက်စေ့ပေါက် စသည်ဖြစ်တဲ့ ၅-ပါးသော အပေါက်တွေကို ဆုံးမသွားရပါတယ်၊ ဒါမှ အာနာပါနကြီးကို ဘုရားရှင် အလိုတော်ကျအတိုင်း အားထုတ်နိုင်မယ်၊ အဲဒါမှ အာနာပါန တရားကြီးရဲ့ လုပ်ငန်းစဉ်ဟာ စိတ်ပေါက်က နေပြီး လုပ်ငန်းစဉ်ချပြီး ဖမ်းရတာဖြစ်ခြင်းကြောင့် မဟာသတိပဋ္ဌာန် လုပ်ငန်းစဉ်တရားတော်ကြီးကို အားထုတ်မယ်ဆိုရင် ကြိုးစား ခံယူနိုင်ပါပြီ၊ ဒါကြောင့် မဟာသတိပဋ္ဌာန်တရားကိုလုပ်မယ် အားထုတ်မယ်ဆိုရင် ပဌမငါးပါးသော အပေါက်ကိုပိတ်နိုင်ပြီးလား။

[ဥပမာ] ပေါ်ဋ္ဌိလ ရဟန်းကြီးကို ရှင်ငယ်လေးက တရားပေးတဲ့အခါမှာ အပေါက် ၅-ပေါက်ကို ပိတ်ပြီး တပေါက်က

နေ၍ ဖွတ်ကောင်ကြီးကို ဖမ်းဆိုပြီးတော့ ပြောသလို အခုကော ၅-ပေါက်ကို ပိတ်နိုင်ပြီးလား၊ ပိတ်နိုင်မှ မဟာသတိပဋ္ဌာန်ကြီးကို လုပ်ငန်းစဉ်နှင့်တကွ ဘုရားရှင် အလိုတော်ကျအတိုင်း ခံယူနိုင်မယ်၊ အဲဒါကြောင့် သတိပဋ္ဌာန်နဲ့ ယှဉ်တဲ့အာနာပါနတရားကို အားထုတ်လိုကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသီးကြီးတွေကို သတိပေးလိုတာက ပဋ္ဌမ မျက်စေ့ သတိ ပဋ္ဌာန် ဘယ်လိုဖမ်းမလဲ ဆိုရင်.. ဒါကို ဘုရားရှင်က မဟာသတိပဋ္ဌာန် ပါဠိတော်ကြီးမှာ "ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ(လ)အာတာပီ သမ্ပဇာနော" လို့ ဟောထားခဲ့ပါတယ်၊ ဒါ့ကြောင့် မဟာသတိပဋ္ဌာန်ကြီးဟာ ဘာကို ရည်ပြီးတော့ လုပ်ငန်းစဉ်ပေးတာလဲလို့ဆိုရင်....

ဒါကို ရှေ့ကျရင် ပုံစံထုတ်ပြီး ဟောကြားသွားပါမယ်၊ ဒါကို အခုထဲက သိလာမှ တက်လို့ လွယ်မယ်၊ ဒီတော့ ရာဟုလာကို ဘုရားရှင်က ဆုံးမတော်မူတဲ့အခါမှာ " စက္ခုနှာ သံဝရော သာဓု" စသည့် ပါဠိတော်အကိုင်း ဆုံးမတော်မူလာတာဟာ မျက်စေ့ သတိပဋ္ဌာန် စသော ၅-ပါးသော သတိပဋ္ဌာန်နဲ့ ယှဉ်ပြီးဟောကြားတော်မူပါတယ်၊ ဒါကို အရင်ကလဲ ဟောလာခဲ့ပါပြီ၊ အဲဒါဟာ အဆင်းနဲ့ အကြည်ဆုံလိုက်တဲ့အခါမှာ နာမနဲ့ သဏ္ဌာန်ပညတ်ရိပ် ၂-ပါးကို ဆွဲလာတာဘဲ မဟုတ်လား။

ဒီလို ဆွဲလာရင်ဘဲ ဣဋ္ဌ,အနိဋ္ဌ·ကောင်း,မကောင်းဖြစ်လာပြီ၊ သုခ,ဒုက္ခ,ဝေဒနာအနေနဲ့ ကျေပျိုးပြီး ခံစားလာတော့မယ်၊ ဒီတော့ အဘိဏှာ ဒေါမနဿ လောကကြီး ဖြစ်လာပြီ၊ဖြစ်လာရင် ဘာကြောင့်ဖြစ်တော့မလဲ၊အကုသိုလ်တရားတွေဟာ အစဉ်လိုက်လာပြီ၊ ဒီလိုမဖြစ်ရလေအောင် အဆင်းနဲ့ အကြည် ၂-ပါးဆုံတဲ့အခါ

မှာ နာမနဲ့ သဏ္ဌာနပညတ် ၂ ပါးကို မဆွဲရလေအောင် ဘယ်လို လုပ်မလဲ၊ ဒီတော့ နာမနဲ့ သဏ္ဌာနပညတ်မပေါ်အောင် နာမရူပ ပရိစ္ဆေဒဉာဏ်က ဒီဋ္ဌိဝိသုဒ္ဓိတက်စဉ်ကြီးဖြင့်ချေခဲ့ပြီမဟုတ်လား။

တကယ်ကျေလာရင် (တနည်း) တကယ်စင်ကြယ် လာခဲ့ရင် အဆင်းနဲ့ အကြည်ဆုံတဲ့အခါမှာ အဘိဇ္ဈာ ဒေါမနဿ လောကကြီးဟာ မပေါ်နိုင်တော့ပါ၊ အခု (၁၅)ရက်လောက်မှာပင် ဒီအကျိုး တရား လေးတွေကို ရလာခဲ့ကြ ပြီဘဲ မဟုတ်လား၊ ဒီတော့ အခု ပစ္စယပရိဂ္ဂဟဉာဏ်မှာဆိုရင် နာမရူပ ပရိစ္ဆေဒဉာဏ်က ကျန်တဲ့ ရူပ်နာမ်သဘောကို ဆွဲတင်လာပြန်ပြီ၊ ဒီတော့ အဆင်းနဲ့ အကြည်တို့ဟာ "ဥတုဇလောက"မှာသာ ဥတုရူပ်နာမ် အနေနဲ့ ဇာတ်သိမ်းသေးဘယ်။

အခု ပစ္စယပရိဂ္ဂဟဉာဏ်ကို တက်လာခဲ့ရတော့ " အာဟာရ " လောကကြီးမှာကို ဒီနာမနဲ့ သဏ္ဌာနပညတ်တို့ဟာ ;ရှိနေသေးတယ်၊ အခုပစ္စယ ပရိဂ္ဂဟဉာဏ်မှာ ;နာမပညတ်, သဏ္ဌာနပညတ်လို့ မပြောတော့ဘဲ အကြောင်းအကျိုးလို့ ပြောလာပြီ၊ နောက်အကြောင်း ဆိုတာက နာမပညတ်ရိပ်ပါ၊ အကျိုးလို့ ပြောတာက သဏ္ဌာန ပညတ်ရိပ်ပါ၊ (တနည်း) အာဟာရဇ လောကကြီးမှာကို အာဟာရ ရူပ်နာမ်အနေနဲ့ ယခုပစ္စယပရိဂ္ဂဟဉာဏ်မှာကြောင်းကျိုးဆိုပြီးတော့ ကြိတ်ချေလာခဲ့ပါတယ်၊ ဒါကို "မနေ့က အဗျာပါရ နာနတ္တနှင့် ကေတ္တနည်း၊ ဝံနည်းသာ၊ ဓမ္မတာဟု၊ ဖြူကာစင်စင်၊ ပညာမြင်မှ၊ ကြည်လင်လှသည်၊ မြင်ကြအမျှား အမှန်နှင့်အမှား" လို့ မနေ့က နည်း(၄)ပါးနဲ့ စဉ်လိုက်တဲ့ အခါမှာ အကျိုး အကြောင်းလို့ မပြောနိုင်တော့ဘဲ အကြောင်းပြတ်ပြီး အကျိုးငြိမ်းသွားပြီးတော့ အကြောင်းပြတ်ပုံကို သိမ်းခဲ့ပါပြီ။

ဒီတရားဥက္ကောင်းကို ဝေဘန်လိုက်ရင် 'အကြောင်းပြတ်တယ်လို့ ဆိုတာဟာ၊ အဗျာပါရ အနတ္တမောတ်နဲ့ သတ်တဲ့ အခါမှာ ဝိညာဏ်ရိပ်ကျတ်သွားတာကို (၀၊) အကြောင်းလို့ မှတ်ပြောနိုင်တာကို အကြောင်း ပြတ်တယ်လို့ ခေါ်တာပါ၊ အကျိုးငြိမ်းတယ်ဆိုတာကတော့ နိဗ္ဗာနမောတ်ကို ဖေါ်ယူသွားတော့မယ်။ ဒီတော့ ဝိပဿနာ တရားကို အားထုတ်တဲ့ သူတွေဟာ ပဋ္ဌမကလျာဏ ဘုမ္မ ိက နေပြီးတော့ နိဗ္ဗာနမောတ်ကို တချက်မြင်ရပါတယ်၊ ဒီတော့ရင် ကလျာဏ ဘုမ္မ ိမှာ ဒီ နိဗ္ဗာနမောတ်ဟာ ဘယ်အနေနဲ့ ရှိသလဲ၊ ဒါကိုတွေးရမယ်၊ (၀၊) စဉ်းစားရမယ်၊ ကြံစည်ရမယ်၊ (၀၊)တွေ့လာရမယ်။

ဒီတော့ ဝိညာဏ်ကြီး ကျတ်သွားတာဟာ (၀၊) သေသွားတယ်လို့ ပြောတာဟာ သညာလေးတွေကို မလှုပ်နိုင်တာကို ခေါ်တယ်၊ဒါကိုထပ်ဖွင့်ပြမယ်၊ဓမ္မစကြာနည်းမှာ အဆင်းနဲ့ အကြည်ဆိုတာဟာ ရုပ် ရုပ်ချင်းဆိုတာပါ၊ သူတို့မှာ ရုပ် ရုပ်ချင်းမို့ ဗျာပါရမရှိပါ၊ ဒါဖြင့်ရင် သူတို့မှာ ဗျာပါရမရှိဘဲနဲ့ ဆိုနေတာက ဘာကြောင့် ဆိုတာလဲ၊ အဲဒါသညာဝိညာဏ်ကြောင့် ဆိုတာဘဲ မဟုတ်လား၊ အဲဒါဝိညာဏ်ကြီးက သညာလေးကို ခိုင်းလာတော့မှ သညာလေးက အကြည်စောတ်လေးကို လှုမ့်ဆော်လာတယ်။

အဲဒီတော့မှ အဆင်းနဲ့ အကြည် ဆိုလာတာပါ၊ အဲဒါဟာ သညာရဲ့ ဗျာပါရကြောင့် ဆိုတာပါ၊ အခု အဗျာပါရ အနတ္တနဲ့လဲ သတ်လိုက်ရော အကြောင်းပြတ်သွားတယ်လို့ ဆိုတာဟာ ဝိညာဏ်ကြီးက သညာလေးကို အားမပေးနိုင်တော့ပါ၊ (၀၊) မခိုင်းနိုင်တော့တာကို ခေါ်တယ်၊ နားလည်ပြီးလား၊ နားလည်

ရင် နောက်အကျိုးငြိမ်းတယ်လို့ ဆိုဘာကတော့၊ဝိညာဏ်ကြီးက သညာလေးကို အားမပေးနိုင်တော့ဘဲ အဲဒါနာမန့် သဏ္ဌာန ပညတ်ရိပ်ဘေ့ မပေါ်တော့တာကိုခေါ်တယ်။

အဲဒါဟာ အဆင်းနဲ့အကြည်ဆုံချင်တိုင်းဆုံ သညာလေးဟာ နိဗ္ဗာနဓာတ်ကိုရသွားရင်ဘဲ ဒီနာမပညတ်နဲ့သဏ္ဌာန ပညတ်ရိပ်ကို မဆွဲတော့ဘဲ အဲ့ဒါ ဣဋ္ဌ, အနိဋ္ဌ, သုခ, ဒုက္ခ, ဝေဒနာတွေ့ မပေါ်တော့ဘဲ အဘိဇ္ဈာ ဒေါမနဿ လောကကြီးဟာ မပေါ်တော့ပါ၊ ဘာကြောင့်လဲလို့ဆိုရင် မျက်စေ့, နား, နှာ, လျှာ, ကိုယ်ဆိုဘဲ့အပေါက် (၅)ပေါက်မှာကို သတိပဋ္ဌာန် တရားကြီးတွေ့ဟာ ထွက်နေပါပြီ၊ (တနည်း) မျက်စေ့ နား, နှာ, လျှာ, ကိုယ်မှာကို (၅) ပါးသော သတိပဋ္ဌာန် လုပ်ငန်းစဉ်တရားကြီးနဲ့ ပြည့်စုံနေပါပြီ အဲဒါဟာ ကလျာဏ ဘုမ္မ ိက နိဗ္ဗာနဓာတ်ကြီး ထွက်နေပြီ၊ ဒီလိုနိဗ္ဗာနဓာတ်ကြီး ထွက်နေရင်ဘဲ ယုံမှားခြင်းတွေကို ပယ်နိုင်ပြီဆိုတာကို ဝိသုဒ္ဓိမဂ်ကြီးက ထုတ်ပြလာပါတယ်။

ဒီဟာ့ အကျိုးငြိမ်းလို့ ဆိုတာကို အမျိုးသီးတွေနားလည်အောင် အနည်းငယ် ထပ်ပြောလိုပါသေးတယ်၊ အဆင်းနဲ့ အကြည့်ဆုံတဲ့အခါမှာ နာမန့်သဏ္ဌာန် အနေနဲ့ကို ဆွဲသော်လဲဘဲ ပညတ်ရိပ်တွေ့အနေနဲ့ကျတော့ အနှစ်အသားအနေနဲ့ မဆွဲတော့ပါ အဲဒီနာမန့်သဏ္ဌာန်လဲဘဲ ခေါ်ဝေါ်သမုတ်တဲ့အနေနဲ့လောက်သာ (တနည်း) ဝစီသစ္စာအနေလောက်ကိုသာ ခေါ်ဝေါ်သုံးစွဲတာပါ၊ ဝိရတီသစ္စာအသိ မယူတော့ပါ၊ အဲဒါဟာ ကလျာဏဘုမ္မ ိနယ်က လက်တွေ့ရတဲ့နိဗ္ဗာနဓာတ်လို့ ခေါ်တယ်။

ဒါက အာရုံနဲ့ အာရမ္မဏိက (ဝါ) နာမန့်သဏ္ဌာနပညတ်ရိပ်တို့ကို အဗျာပါရ အနတ္တနဲ့ သိမ်းလိုက်တဲ့အခါ နိဗ္ဗာနဓာတ်

ကြီး ပေါ်ထွက်လာပုံပါ၊ အဲဒီတော့ ဘာကျန်သလဲလို့ဆိုရင်ဘဲ အာရမ္မဏိက သဘောသာကျန်တယ်၊ ဘယ်လိုကျန်သလဲလို့ ထပ်မေးရင်ဘဲ ဒါဟာ ရှေ့ကိုတက်ရမဲ့တရားဥက္ခောင်းပါ၊ဒီတော့အာရုံ အာရမ္မဏိက ဇာတ်သိမ်းတယ်လို့ဆိုတာဟာ အပြင်ကိုထွက်တဲ့ အာရုံသာ ဇာတ်သိမ်း သွားသေးတယ်၊ ဒါပေမဲ့ အာရမ္မဏိက ဟာကကျန်နေပါသေးတယ်၊ ဒါကိုရှာရမယ်။

ဒီတော့ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ စိတ်,စေတသိက်, ရုပ်တွေဟာ ရှိနေတယ်၊ ဒါက ကိုယ်တွေ့ အဘိဓမ္မာ အနေနဲ့ရှိတာပါ၊ အခုချေခဲ့တဲ့ အကြောင်းကွေ့က အကြောင်းစစ်မဟုတ်လို့ အဗျာပါရ အနတ္တနဲ့ချေလို့ရတာပါ၊ ဒီတော့ ပဋ္ဌာ်ပွန် ပရမတ် ဆတ်ဆတ် အနေနဲ့ အကြောင်းကို ရှာတဲ့အခါမှာ ဝေဒနာ,ဖဿ, စေတနာက်-ဟာ သညာ ဝိညာဏ်နဲ့ ဆွဲကိုင်လို့ မရတဲ့ပစ္စုပ္ပန် ဆက်ဆတီ ပရမတ်သဘောဖြစ်တဲ့ အာဟာရ အကြောင်းတရား ၄-ပါးပါ၊ ဒါကိုလဲပြောခဲ့ပါပြီ၊ ဒီတော့ ဝေဒနာဆိုတာ ထန်းလျက်ကို စားတဲ့အခါ (ဝါ) ဝက်သားဟင်းကို စားတဲ့ အခါမှာ ကောင်းတယ်,မကောင်းဘူးလို့ ဆိုတဲ့ ဝေဒနာလား၊ ဒီလိုပြောတဲ့ ဝေဒနာက သညာဝိညာဏ်ရိပ်ပါနေသေးတယ်။

ဒီတော့ သညာဝိညာဏ်အရိပ် မပါတဲ့ (တနည်း) အရိပ်ကင်းတဲ့ဝေဒနာကို ရှာရမယ်၊ ယခုဒီပစ္စယပရိဂ္ဂဟဉာဏ်က အကြောင်းတွေကို သိမ်းနေတဲ့အတွက် အရိပ်ကင်းတဲ့ဝေဒနာကို ရှာရတော့မယ် ဒီတော့ ဝေဒနာကိုလိုက်ပြီးတော့ အာနာပါနကို အားထုတ်တဲ့သူတွေ၊ သဘာဝပညာကို လိုက်တဲ့သူတွေဟာ ဒီ ပစ္စယဉာဏ်ဟာ အရေးကြီးပါတယ်၊ ဒီတော့ ဝေဒနာကို ခွဲလိုက်ရင် အရိပ်ကင်းတဲ့ဝေဒနာ, အရိပ်မကင်းဘဲ ဝေဒနာဆိုပြီးနှစ်မျိုးရှိတယ်၊ အရိပ်မကင်းတဲ့ ဝေဒနာဆိုတာက...

ဥပမာ သညာဝိညာဏ်မကင်းတဲ့ (တနည်း)နာမနဲ့ သဏ္ဌာန်ပညတ်ရှိပ် ၂-ပါးပါဘဲ့ ထန်းလျက်ကိုစားတဲ့ အခါမှာ ချိုတယ်လို့ ပြောတဲ့ ဝေဒနာမျိုး ဘာဟာ အရိပ်မကင်းတဲ့ ဝေဒနာတွေ ဖြစ်ခြင်းကြောင့် အခု ပစ္စယပရိဂ္ဂဟ ခုံရုံးက လက်မခံပါ၊ ဒီတော့ အရိပ်ကင်းဘဲ့ ဝေဒနာက သညာဝိညာဏ်သဘောမပါတော့ပါ၊ တာကိုနေ့ခင်းပိုင်းမှာ နာကြားခဲ့ရလို့ နားလည်လေ့လာက်ပါပြီ၊ ဒီတော့အရိပ်ကင်းတဲ့ ဝေဒနာဟာ ဘာလဲလို့ဆိုတာကိုတွေ့မှ မနေ့ကအကြောင်းနဲ့ အကျိုးကို လုံစုပ်ကြီးနဲ့ ထိုးလိုက်တဲ့အခါမှာ ထွက်လာတဲ့ သဘာဝပါလား ဆိုတာကိုတွေ့လာမယ်။

ကိုင်း....ဒီတော့ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ စိတ်စေတသိက်ထွေဟာ ဘယ်ကပေါ်လာသလဲလို့ဆိုရင် စိတ်ကဝေဒနာက ပေါ်လာတယ်၊ စေတသိက်ကျတော့ ဖဿက ပေါ်တယ်လို့ပြခဲ့ပါပြီ၊ ဒါဖြင့်ရင် အရိပ်ကင်းတဲ့ဝေဒနာဟာ ဘာလဲ၊ ဒီတော့ အကြည်ဓာတ် ၆-ပါးမှာ ပရိပါစကမီးဓာတ်လေးဟာ ရှိနေတယ်၊ အဲဒါချက်တိုင်းကနေပြီး သြဇာအာဟာရအနေနဲ့ သွေးအား လေအား သည်းခြေအား သလိပ်အားတွေနဲ့ အတူပါပြီးတော့ အကြည်ဓာတ်လေးတွေထဲမှာ ဝင်နေတယ်။

ဒီ-ပရိပါစက မီးဓာတ်မှာ ရှိနေတဲ့အခိုးအငွေ့လေးကိုအရိပ်ကင်းတဲ့ ဝေဒနာလို့ခေါ်တယ်၊ ဒါကိုလျှပ်စစ်မီးဓာတ်ကျင်တဲ့သဘောဖက်နေတယ်ဆိုတာကိုပါ ပြောပြခဲ့ပါပြီ၊ ထိတ်လန့်သောအာရုံနဲ့ တွေ့လိုက်တဲ့အာရုံလေးမှာ ထိတ်လန့်မှု ပေါ်ရုံလေးလောက်သာရှိတဲ့သဘောမျိုးပါ၊ ဒါဟာပေါ်လွင်ထင်ရှားအောင်ပြလိုက်ရတာပါ၊ အရိပ်ကင်းတဲ့ ဒီဝေဒနာလေးကနေပြီး စိတ်တွေ ဖြစ်လာတာပါ။

ဒါကြောင့် စိတ်ဓာတ်ကိုဖွင့်ပြလာတဲ့အခါမှာ ဝေဒနာခံစားကို အမှုးထားပြီး "သောမနဿသဟဂတံ ဒေါမနဿ ဥပေက္ခာ ဒုက္ခ သုခသဟဂတံ" လို့ ဖွင့်လာတာပါ၊ ဒီတော့ အကြည်ဓါတ် တွေမှာ ရှိနေတဲ့ ပရိပါစကမီးဓါတ်ရဲ့ အခိုးလေးကို ဝေဒနာလို့ ပြောတာ၊ ဒါဟာ အရိပ်ကင်းတဲ့ ဝေဒနာလေးပါ၊ ဒီဝေဒနာ လေးလဲ ရှိလာရော ဖဿနာမ်တရားလေးဖြစ်လာတယ်၊ ဒီ ဖဿ ကနေပြီးတော့ စေတသိက် (၅၂)လုံး ဖြစ်လာတာပါ၊ ဒါဟာ သဘာဝအားဖြင့် ဖြစ်နေတဲ့ ရေသောက်မြစ်ကွေ့ပါ နောက် စေတနာနဲ့ ကံတွေ ထွက်လာတော့တယ်၊ ဒီတော့ အကြောင်းနဲ့ အကျိုးကို သတ်လိုက်တဲ့ အခါမှာ ဒီလေးကောင်ဟာ သဘာဝရဲ့ သဘာလေးအနေနဲ့ ထွက်လာပါဘယ်။

ကိုင်း....ကလျာဏဘုမ္မ ကို တက်နိုင်အောင် ဥာဏ်ကုန် ညွှစ်ထုတ် လိုက်ပါ၊ အခုသဘာဝနယ်ဖက်ကနေပြီး သဘာဝ ၄-ချက် ဟာ သဘာဝလေးအနေနဲ့ ထွက်လာပြီးတော့ တရားဥကျောင်း ချချင်တော့ရင်ဥာဏ်ကုန်ညွှစ်ကြပါစို့၊ ဒီသဘာဝနည်းကိုလိုက်မှ အဲဒီ ဝိသမဟေတုကဒိဋ္ဌိကြီးကို တုန်းချနိုင်မယ်၊ (၀၊) သတ်နိုင်မယ်၊ ဒီတော့မှ ယုံမှားခြင်း(၇)ပါးတို့ကိုပြုတ်ပြီး ဒီပစ္စယပရိဂ္ဂဟ ဥာဏ်မှာ ဘုရားစစ်, တရားစစ်, သံဃာစစ်ကို တွေ့မယ်၊ ဒီ ပစ္စယ ပရိဂ္ဂဟဥာဏ်ကိုမှ ဝိသမဟေတုက ဒိဋ္ဌိကြီးကိုပြုတ်ပြီး အပိုင် မသိမ်းသေးနိုင်သမျှ ယုံမှားခြင်းဘုရားနဲ့ သာလျှင် တွေ့နေသေး တယ် (၀၊) ဝိစိကိစ္ဆာဘုရားသာလျှင် ရှိနေအုံးမယ်။

ဒီတော့ ဝိစိကိစ္ဆာပြုတ်အောင် ပစ္စယပရိဂ္ဂဟဥာဏ်နဲ့ သတ် ရမယ်၊ အဲဒါမှသဲ့ သဘာဝဘုရားရှင်ရဲ့ သားတော်ဖြစ်မယ်၊ ကိုင်း....ဒီတော့ အဗျာပါရအနတ္တနဲ့ လဲသိမ်းလိုက်ရော အာဟာရ အကြောင်း ၄ ခု ထုတ်တယ် ဒါကို ရုပ်နဲ့ နာမ်ရှာရမယ်၊ ဒါဟာ

အကြောင်းက ထွက်တဲ့ ရုပ်နာမ်ပါ၊ အခု ဥတုရဲ့ ရုပ်နာမ်ကို ရှာပြီးသွားပြီ၊ အခု အာဟာရရုပ်နာမ်ကို ရှာရမယ်၊ ဘယ်လို ရှာမလဲ၊ ပစ္စယပရိဂ္ဂဟဉာဏ်က ထွက်လာတဲ့ရုပ်နာမ်ဟာ ဘယ်လောက် တန်ဘိုးရှိတယ်ဆိုတာကို အကျယ်ခဲ့ပြီး ပြောချင်သော်လဲ အချိန်မရတော့ပါ။

ဒါကြောင့် မပြောတော့ပါ၊ ဒီအာဟာရရုပ်နာမ်ကို ရှာလိုက်ရင် အာရုံသဘောဆိုတာ မျက်စေ့နဲ့ မြင်ကောင်းတဲ့ အာရုံသဘောတွေဟာ ကင်းဆိတ်ပြီးတော့ ဇာတ်သိမ်းသွားပါပြီ၊ အာဟာရဇ ရုပ်နာမ်ကျတော့ အကြည်ရိပ်ထဲမှာ ရှိနေတဲ့ ရုပ်သဘောကိုသာ ကိုင်ရတော့မယ်၊ ဓါတ် ၄ ပါး ဓါတ် ၈-ပါး တို့ကို ကိုင်လို့မရဘော့ပါ၊ အားလုံး ကြေကွဲပြီ၊ အကြည်ရိပ်ထဲမှာရှိနေတဲ့ ရုပ်သဘောလောက်ကိုသာဆွဲကိုင်ပြီး ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ လုပ်ငန်းစဉ်ကို တက်ယူရတော့မယ်။

ဒီတော့ ဝေဒနာ,ဖဿ,စေတနာ,ကံ ဆိုတဲ့ သဘာဝ ၄-ချက်ဟာ ပရိဂ္ဂဟဉာဏ်မှာ သဘာဝအနေနဲ့ ပေါ်ထွက်လာတာ ဖြစ်ခြင်းကြောင့် ရုပ်နာမ်ဖွဲ့စမ်းပါသို့ဆိုရင် ဘယ်လိုဖွဲ့မလဲ၊လက်တွေ့နည်းကို ပြောပြမယ်၊ ဒီ ၄ ချက်ဟာ ပဌမ ဘယ်ကစပြီး ပေါ်ထွက်လာသလဲ၊ပဌမ အကြည်ရိပ်ထဲမှာရှိတဲ့ ပရိပါစက မီးဓါတ်ရဲ့ အခိုးလေးကနေပြီးတော့ ဒီဝေဒနာလေး ပေါ်ထွက်လာတယ်၊ နောက် ဒုတိယ ဖဿအနေနဲ့၊ နောက် စေတနာအနေနဲ့ ပေါ်ထွက်လာတယ်၊ ဒီ ၃-ပါးရဲ့အရိပ်ကိုလဲရလာမှ 'ကံ'ဆိုတာလေး ပေါ်ထွက်လာရတယ်၊ ဒီတော့ ပဌမအစဟာ ဝေဒနာလေးဘဲ မဟုတ်လား၊ ဒီတော့ အကြည်ရိပ်မှာရှိနေတဲ့ ဝေဒနာလေးက ရုပ်ဖက်ကနေပြီးတော့ လိုက်လာတယ်။

ကျန်တဲ့ ဖဿ,စေတနာ,ကံ ဒီ ၃-ပါးက နာမ်ဖက်ကနေပြီးတော့ လိုက်လာတယ်၊ ဒီတော့ မျက်စေ့ အကြည်ရိပ်လေးမှာ ရှိနေတဲ့ ဝေဒနာလေးဟာ သူ့ကဏ္ဍဟာ နာမ်ဖြစ်နေသော်လဲ အခု ဒီနေရာမှာ ရူပ်ဖက်ကနေပြီးတော့ ယူရတယ်၊ ကျန် ၃-ပါးကိုတော့ နာမ်ဖက်ကနေ ယူရမယ်၊ ဒီတော့ အာနာပါန လုပ်ငန်းစဉ်တရားကို အားထုတ်လာလို့ ဒုတိယတံခါးက ရူပ်နာမ်ပေါ်ဆိုရင်ဘဲ ဒီရူပ်နာမ်ကိုပေါ်ရမယ်၊ (၀၊)ဆဲ့ရတော့မယ်၊ အာနာပါန လုပ်ငန်းစဉ်မှာ ဒီရူပ်နာမ်ကိုလဲ အပိုင်ဆဲ့လိုက်ရော အဲဒါနာမနဲ့ သဏ္ဌာနပညတ်တွေကို ဇာတ်သိမ်းပြီးတော့ ပရမတ်ရူပ်နာမ်ဖြစ်တဲ့ ဝေဒနာက ရူပ်နဲ့ ဖဿ,စေတနာ,ကံ ဒီ ၃-ပါးက နာမ်ဆိုပြီးတော့ အာနာပါန ဒုတိယတံခါးမှာကို ဖွင့်နိုင်လာရင်ဘဲ အဲဒါ အာနာပါနလုပ်ငန်းစဉ်တရားကြီးမှာကို အဆင့်အတန်းတွေ မြင့်လာပြီးတော့ မီးခါတ်ကြီးတွေထွက်ပြီး တန်ဘိုးရှိလာပါတယ်။

မဟာသတိပဋ္ဌာန် အာနာပါနပိုင်းဌ် ဒုတိယတံခါး လုပ်ငန်းစဉ်ကြီးကို သေသေချာချာ ဖွင့်ပြသွားပါတယ်၊ အာနာပါန လုပ်ငန်းစဉ်ကြီးဟာ ဘယ်လောက် အဆင့်အတန်းမြင့်သွားပြီလဲ၊ အဲဒီတော့ရင် ဒီရူပ်နာမ်ကိုဖမ်းနိုင်လာရင် တန်ဘိုးရှိလာပြီးတော့ မီးခါတ်တွေနဲ့တကွ ယူနိုင်လာရင်ဘဲ ဒီ အာနာပါန လုပ်ငန်းစဉ်တရားကနေပြီးတော့ မဂ်ဖိုလ်အထိ တက်နိုင်သွားပါတယ်၊ ဒီသဘာဝတွေကို တိုဟိတ်ပုဂ္ဂိုလ်မျှားသာ ယူနိုင်ပါတယ်၊ ကိုင်း.... ဒီလောက်သာ ရူပ်နာမ်ခွဲပုံကို မှတ်တမ်းယူထားပါအုံး။

ကိုင်း....သာဓုခေါ်ကြပါ့တော့။

သာဓု—သာဓု—သာဓု။


ရေမတ်ယုံများ ခြင်း - ၈ - ပါးနေ ပုံ
အကျိုးဟာကွဲနိုင်
ဖိသမဟေတုကနိုင် သိမ်းသည့်ပုံ
ကမ္ဘာ့ဇေကိုယမ်းမှုကြောင့်
ကျွန်ုပ်ရဲ့ဘဝစစ်တွေ့ခြင်း
ကျွန်ုပ်ရဲ့ကံအကျိုးများ ခြင်း
ဖိသမဟေတုကနိုင်
ဖိသမဟေတုကနိုင် ကြောင်းတရားနိုင်
ဖသဟာဟာ ဘဝကြောင်း
ဝေဒနာဟာ ရှုဘဝကြောင်း
ဖိသမဟေတုကနိုင်
ကိုယ်ကိုယ်ကိုယ်ကိုယ်
ကိုယ်ကိုယ်ကိုယ်ကိုယ်
ကိုယ်ကိုယ်ကိုယ်ကိုယ်
ကိုယ်ကိုယ်ကိုယ်ကိုယ်

ဝါခေါင်လဆန်း ၇-ရက်နေ့ နေ့ဟောစဉ်၊

ပုံစံနံပါတ်(၁၀)

ဒီတော့ယုံမှားခြင်း ရှစ်ပါးကို အပြီးဟောရမယ်၊ ဒီတော့ ယုံမှားခြင်း (၈)ပါးကင်းပြီးလား–ဒီလိုမေးရင် ဘယ်လိုပြောမလဲ၊အဲဒါလုံလောက်တဲ့အကြောင်းကိုရမှ ကင်းမယ်၊ မလုံလောက်တဲ့အကြောင်းတွေကိုသာ ဆွဲနေသေးရင် မကင်းသေးပါ၊ မလုံလောက်တဲ့အကြောင်းဆိုတာ သညာဝိညာဏ်နဲ့ ဆွဲနေတဲ့သဘောပါ၊ တိဏ္ဏ သံယောဇနာနဲ- ဒိဋ္ဌိသံယောဇဉ်,ဝိစိကိစ္ဆာ သံယောဇဉ်, သီလဗ္ဗတပရာမာသသံယောဇဉ်ဆိုတဲ့ သံယောဇဉ် မျှားမှာ· ဒီတော့ သီလဗ္ဗတပရာမာသသံယောဇဉ်ဟာ အရေးကြီးပါတယ်၊ ဂေါသီလ· ဂေါဝတ-ဆိုတဲ့ အကျင့်တွေဟာ စင်ကြယ်တယ်ဆိုပြီးတော့ "ခြောက်သောင်း" သော တိတ္ထိတွေယူပြီးတော့ ကျင့်ကြံနေကြတယ်၊ ဒါဟာ တကယ်စင်ကြယ်သလား၊ မစင်ကြယ်ပါ၊ ဒါကို သီလဗ္ဗတပရာမာသဒိဋ္ဌိလို. ပိဋ္ဌကတ်တော်ကပြလာတယ်။

ယခုဝိပဿနာပညာနဲ. ကြည့်လိုက်ရင် ဒါတွေတွင် မဟုတ်တော့ဘဲ၊ ဗေဒင်ပညာတွေကို ယုံကြည်နေတာတွေ၊ နတ်တွေကို ယုံကြည်ကိုးကွယ်နေတာတွေဟာလဲ ဒီ သီလဗ္ဗတ ပရမာသထဲမှာ ဘဲ ရှိနေပါတယ် ဒီဒိဋ္ဌိဟာ အလွန်တရာမှ ကျယ်ဝန်း ပါတယ်၊ အလွန်တရာမှကြောက်စရာ ကောင်းပါတယ်လို. ဆိုတာကို မှတ်တမ်းယူထားပါ။

ဒီတော့– အခါတပါးဌ် မြတ်စွာဘုရားသည် ထူလုနိုဂုမ်းမြောက်အရပ်ဌ် နေတော်မူ၏၊ထိုအခါမြတ်စွာဘုရားသည်လိစ္ဆဝိသားသုနက္ခတ် နောက်လိုက်ရဟန်းဖြင့် ဆွမ်းအလို.ငှါ ဝင်လေ

၏၊ ထိုအခါ အဝတ်မဝတ်သော ကောရခတ္တိယ တိတ္ထိကြီးသည် ခွေးတို၏ အလေ့အကျင့်ကို ဆောက်တည်၍ လေးဘက်ထောက်သွားပြီး မြေပေါ် ပုံးပေးသောအစာကို ခံတွင်းဖြင့် ခဲစားလေ၏။

မြတ်စွာဘုရား၏ နောက်လိုက် လိစ္ဆဝီသား သုနက္ခတ်ရဟန်းသည် ထိုတိတ္ထိကြီး၏ အလေ့အကျင့်ကို မြင်လေ၏၊ ထိုအခါ မြတ်စွာဘုရားသည် လိစ္ဆဝီသား သုနက္ခတ်ရဟန်းအား.... သည် အဝတ်မဝတ်တဲ့ခွေးတို့၏ အလေ့အကျင့်ဖြင့် ကျင့်တဲ့တိတ္ထိကြီးဟာ ဒီနေ့မှနောက် (၇)ရက်မြောက်သောနေ့၌ အစာ မကြေရောဂါဖြင့်သေလွန်ကာ ပြိန်းမြက်တော သုသာန်သို့ပို့ရပြီးသူရဲ့ အလောင်းကိုခေါက်၍မေးက ထထိုင်ပြီး ကာလကဋ္ဌိက အသူရကာယ်ဖြစ်နေကြောင်း ပြောပြလိမ့်မည်”ဟု အမိန့်ရှိလေရာ—

လိစ္ဆဝီသား သုနက္ခတ်နောက်လိုက် ရဟန်းသည် ဤကဲ့သို့ မပြု။စူကောင်းပါဟု ပြန်၍လျှောက်ထားလေသည်၊ အထက်ပါ စကားကို မြတ်စွာဘုရား အမိန့်ရှိခြင်းဖြစ်၏၊ ထိုတိတ္ထိကြီးဟာ အဝတ် မဝတ်တဲ့ ခွေးတို့၏ အလေ့အကျင့်ကို ဆောက်တည်၍ ကျင့်သတဲ့ လေးဘက်ထောက်သွားတယ်၊ မီးဖိုခုံလောက်အကြား၌ ဝင်အိပ်တယ်၊ အစာကို မြေပေါ် ပုံပေးရတယ်၊ လေးဘက်ထောက်၍ နမ်းပြီးမှ ခံတွင်းဖြင့်စား၏၊ လက်ဖြင့်ယူမစားပါ။

လိစ္ဆဝီမင်းသား သုနက္ခတ် ရဟန်းသည် ၎င်းဘီတ္ထိကြီးထံ တိတ်တိတ်သွား၍ ပြောသည်မှာ....“အသင်အား ရှင်ဂေါတမက အစာမကြေရောဂါဖြင့် သေလိမ့်မယ်လို့ ပြောပါတယ်၊ အစာကြေအောင် စားပါ”လို့ ပြောခဲ့သည်၊ ညဉ့်ကျတော့ အစာမကြေလို့ သေရရှာလေသည်၊ ဒီတော့ အခြားသုသာန်ကို ပို့မယ်

လို့ ယူသွားကြတာ မျက်စေ့မှားပြီး ပြိန်းမြက်တော သုသာန်သို့ ရောက်သွားကြလို့ ချက်ခြင်းအလောင်းကို ပြန်ဆွဲယူကြတယ်၊ ယူလို့မရတော့ ရိုပါစေ ရှင်ကြီးဂေါတမစကား နှစ်ခွန်းတော့ မှန်သွားပြီလို့ ဆိုပြီးတော့ ပြန်သွားကြတယ်။

နောက်တနေ့ ကျတော့ သုနက္ခတ်ရဟန်းက သူသေ ထပြီး စကားပြောမယ် ဆိုတာတော့ မုသား ကိန်းသေ ဖြစ်ရမယ်လို့ ပြိန်းမြက်တော သုသာန်သို့ သွား၍ အလောင်းကို ခေါက်၍ "ဘယ်ရောက်နေသလဲ" ဟုမေးသောအခါ အသူရကာယ်ဘုံ့ က ရောက်လာပြီး အလောင်းကောင်၌ဝင်ပူး၍ထိုင်ပြီးလျှင် "ငါယခု ကာလကဋ္ဌိကအသူရကာယ်ဖြစ်နေတယ်" လို့ ပြောသဘဲ၊ ကိုင်း ဘယ်လောက် ကြောက်စရာကောင်းသလဲ၊ ဒီဇာတ်ဝတ္ထုတွေကို ပိဋကတ်က-ဂေါဝတ-ဂေါသီလ အကျင့်လို့ ထုတ်ထားသော်လဲ သီလဗွဘပရာမာသဒိဋ္ဌိဟာ အလွန်ကျယ်ဝန်းပါတယ်။

ဒီနေ့ ဝိသမဟေတုက ဒိဋ္ဌိကြီးကို ဖြုတ်ရတော့မယ်၊ ဒီ-ဒိဋ္ဌိ မပြုတ်တာဟာ လုံလောက်တဲ့ အကြောင်းကို မရလို့ပါ၊ လုံ လောက်တဲ့အကြောင်းကို မရတာဟာ ပရမတ္ထသဘာဝ အနတ္တ ခါတ်ဟာ (၂)ပြားသားမှ မရှိလို့ပါ၊ အဲဒါဟာ ပညတ်တရား ဘုံသာ ရှိနေပါတယ်၊ ဒီတော့ ထောက်ခံဘဲ့ပရမတ်မှ မရှိဘဲနဲ့ လုပ်နေလို့ရမလား၊ အဲဒါဟာ သညာဝိညာဏ်နဲ့ ဆွဲနေလို့ပါ၊ ဒီတော့ ဒါဟာ ပရမတ်တရားကိုမတွေ့ဘဲနဲ့ ပညတ်တရားကိုသာ အနှစ် အသား အနေနဲ့ ယူထားလို့ပါ၊ ဒီတော့ ဒီဌမဂ််လာ ဆိုတာဟာ မျက်စေ့ကမြင်လိုက်ဘာနဲ့ နာမနဲ့ သဏ္ဌာနပညတ် ပေါ်မှာ သွားဆွဲယူသားလိုက်ပြီ၊ နားက ကြားလိုက်ဘဲ့အခါ မှာလဲ သုတမဂ််လာအနေနဲ့ ဆွဲယူထားလိုက်ပြီ။

နှာခေါင်း၊ လျှာ၊ ကိုယ် ဒီ ၃-ချက်နဲ့ ထိတွေ့လို့ရလာတာနဲ့ "မုတမ္ဘဂ်လာ" ဆိုပြီး ယူထားလိုက်ပြီ၊ နောက် ဝိညာဏ်ကြီးက တွေးတောပြီး လုပ်နေတဲ့ မဂ်လာကျတော့ ဝိညာတမဂ်လာ လို့ ခေါ်တယ်၊ ဒီလိုမဂ်လာတွေအနေနဲ့သာ အချိန်ကုန်နေကြတယ်၊ ဒီတော့ အမျိုးသွေးကြီးတွေဟာလဲ ဝတ်စားတန်ဆာတွေကို ဆင်ယင် လာကြတော့တယ်၊ ဒါဟာ နာမနဲ့ သဏ္ဌာန ပညတ်တွေ ဖန်ဆင်းထားတဲ့ နောက်ကို လိုက်နေကြတာဘဲ မဟုတ်လား၊ ဒီတော့ ပညာဟာ (၂)ပြား သားများ ပါသလား၊ ဒီသဘာဝ တွေဟာလဲ ဝိသမဟေတုက ဒီဋ္ဌိထဲမှာဘဲ ရှိနေကြတယ်။

အဲဒါ ၄က်ပျောပင်စိုက် မိလိုက်-ဖသာ အနေနဲ့သာ ယူနေ ကြတယ်၊ ကယားလူမျိုးတွေကျတော့ ကြက်ရိုးထိုးတယ်၊ သက် ကယ်ရိုးထိုးတယ် ဆိုတာတွေ လုပ်နေတာဟာ ဒီသီလဗွတ ပရာ မာသ ဒိဋ္ဌိဟာ ဘယ်လောက်ကြီးသလဲ၊ အဲဒီလို ဒိဋ္ဌိတွေကိုပယ် နိုင်လာမှ ယုံမှားခြင်းတွေကင်းမယ်၊ ဒီတော့နာမနဲ့ သဏ္ဌာန ပညတ်ကို သညာ ဝိညာဏ်နယ်က စွဲမှားနေတာသည်ပင် ဝိသမ ဟေတုက ဒိဋ္ဌိဖြစ်နေပြီဘဲမဟုတ်လား၊ ဒါဟာလုံလောက်တဲ့ အ ကြောင်းကို မရဘဲစွဲယူနေတာပါ၊ ဒါကိုဘဲ သီလဗွတပရာမာသ ဒိဋ္ဌိပါ၊ ဒါကို ယခု ဒီနေရာက ပယ်ရတော့မယ်။

ဒီတော့ သံသရာရဲ့ ရှေ့အစွန်းဟာ ရှိလေသလား, မရှိလေ သလားလို့ ဒီလိုနှလုံးနှစ်ခွဖြစ်နေတာကို ဒုဿီလို့ ခေါ်တယ်၊ ဒါဟာ သို့လောသို့လောဖြစ်နေတဲ့ သံသယပါ၊ နောက် ဝိစိ ကိစ္ဆာကျတော့ အာရုံကိုမဆုံးဖြတ်နိုင်တော့ပါ၊ အဲဒါသည် ယုံ မှားခြင်းဖြစ်နေပြီ၊ ကိုင်း.... ဒီသဘာဝလေးတခုကိုဘဲ ဘယ်လို ဖြုတ်မလဲ၊ တမယောက်သောပုဂ္ဂိုလ်က သံသရာရဲ့ရှေ့အစွန်းဟာ

ရှိသလား, မရှိဘူးလား-မေးရင် ဘယ်လိုပြောမလဲ၊သံသရာရဲ့ ရှေ့အစွန်းဟာ မရှိဘူးလို့ ပြောရင် ယုံမှားခြင်းကင်းပြီလား၊ အဲဒါ လုံ့လောက်တဲ့အကြောင်းကို ရရင် ကင်းပါတယ်။

လုံ့လောက်တဲ့အကြောင်းကိုမှ မရသေးရင် မကင်းသေးပါ၊ ဒုါတွင်မကတော့ဘဲ၊ အဲဒါဥစ္ဆေဒဒိဋ္ဌိပဲကြီးကပါ နောက်ကလိုက်သွားပြီ၊ ဒီတော့ အဆစ်ပိုးကြီးကျလာပြီမဟုတ်လား၊ အဆစ်ပိုးကျလာရင် နိယတမိစ္ဆာဒိဋ္ဌိကံတွေဖြစ်ပြီး နောက်ဆုံးမှာ အပါယ်လေးပါးသို့ကျတော့မယ်၊ ကိုင်း....ဒီတော့သံသရာရဲ့ ရှေ့အစွန်းရှိလေသလား၊ သဘာဝကိုမရှိတဲ့သူက မရှိဘူးဆိုရင် ဥစ္ဆေဒဒိဋ္ဌိပဲထဲကျမယ်၊ ဒါဟာ သူ့ထဲမှာပါနေတဲ့ ပရမတ်ကိုပါ ပယ်ရာရောက်လို့ပါ။

ဒါဖြင့်ရင် ရှိတယ်လို့ယူမလား၊ရှိတယ်လို့ယူပြန်ရင်လဲပညတ်တရားကို အနှစ်အသားနဲ့ယူသွားတာဖြစ်ခြင်းကြောင့် သဿတဒိဋ္ဌိထဲကျမယ်၊ ဒါတွေဟာ အဆစ်ပိုးတွေကျလာတာပါ.ဒီလိုကျလာရင်ဘဲ ဒါနဲ့သီလ, တရားတွေကို ဘယ်လိုဘဲ လုပ်လုပ် အဲဒါအယူတချက်မှားသွားတာနဲ့ တချက်ထဲ ဖေါ်ပြခဲ့တဲ့ ဝဲထဲကိုကျမယ်၊ ဒီတော့ကုသိုလ်ကံတွေကို ဒိဋ္ဌိက ဆွဲမှသာလျှင် သူနဲ့ထိုက်တဲ့ ဘုံတွေကို ရောက်ကြရတာပါ.ဒီတော့ လူ,နတ်,ဗြဟ္မာ ဘုံသို့စွဲမက်တဲ့ဒိဋ္ဌိကြီးကိုပယ်ပြီးဘော့ အပါယ်လေးပါးသို့ကျမဲ့(၀ါ) ဆွဲချမဲ့ ဒိဋ္ဌိကြီးကို သွားယူနေရင် ဘယ်မှာဟုတ်တော့မလဲ။

အဲဒါတနေ့လုံး စားတဲ့ အစား·အစာတွေကိုသံပုရာသီးတလုံးထဲနဲ့ ချေတော့မယ်ဆိုတဲ့ စကားပုံလိုဘဲ ဒီတော့ သဘာဝမရှိတဲ့ သူကယူရင် သဿတ,ဥစ္ဆေဒ·ဒိဋ္ဌိ၊ အတ္တ,အကရိယဆိုတဲ့ဒိဋ္ဌိထဲကျ

မယ်၊ ယခုပစ္စုယပရိဂ္ဂဟဉာဏ်ကိုမှ မပိုင်ရင် တနေ့ ဒီဒီဌိကြီးတွေက နဖါးကြီးထိုးပြီးတော့ ဆဲအုံးမှာဘဲ မဟုတ်လား၊ ဒီလို ဆဲသွားရင် မုခက်ဘူးလား၊ အဲဒါ ကံ-ကံ၏ အကျိုးကိုယုံကြည်ပြီး ကိုးကွယ်နေတာကမှ အပါယ်လေးပါးကို မကျအောင်-တားအုံးမယ်၊ အခုလို အယူတွေလွဲမှားသွားရင် အပါယ် ၄-ပါးကို ခုန်ဆင်းတာနဲ့ မတူဘူးလား၊ ဒါကဝိသမဟေတုကဒိဋ္ဌိဖြစ်ပုံပါ။

ကိုင်း....ပစ္စုယ ပရိဂ္ဂဟဉာဏ်နဲ့ချေလိုက်တဲ့အခါမှာ ဝေဒနာ ဖဿ,စေတနာ,ကံ ဒီလေးချက်ဟာ ခန္ဓာကိုယ်ကြီးရဲ့အပေါ်မှာ ပစ္စုပ္ပန်အနေနဲ့ ရှိနေကြတယ်၊ ဒီ ခန္ဓာကောင်ကြီး ဖြစ်နေတာကို ရှာရင် ဒီလေးချက်ကို လှာတွေ့တယ်၊ ဒီလေးကောင်ကို တကယ်မြင်ပြီလား၊ နာမနဲ့ သဏ္ဌာနပညတ်ရိပ်တွေ ပြတ်ပြီးတော့ တကယ်မြင်ရင် ယုံမှားခြင်း (၇) ပါးကို အခု ချေရတော့မယ်၊ ဒီတော့ သံသရာရဲ့ ရှေ့အစွန်းဟာ ရှိလေသလား၊ ပြောပြမယ်. အဲဒီ ဝေဒနာ,ဖဿ,စေသနာ, ကံ ဒီလေးချက်ကို မိအောင် ကိုင်ထားပါ၊ သံသရာရဲ့ရှေ့အစွန်းဌ ယုံမှားခြင်းလို့ဆိုဒါကို ဘာနဲ့ ထောက်ထားသလဲ စဉ်းစားပါ။

ဝေဒနာနဲ့ ထောက်ထားတယ်၊ ဒါကို အရင် ပြောပြမယ်' ဒီတော့ သံသရာရဲ့ရှေ့အစွန်းဌ ယုံမှားတယ်ဆိုတာဟာ ဘာကြောင့်ယုံမှားရသလဲလို့ဆိုရင် သညာဝိညာဏ်နဲ့ ဆဲကိုင်ထားလို့ ယုံမှားတာပါ၊ ဒီယုံမှားခြင်း ပျောက်အောင်ဆိုရင် သညာဝိညာဏ်နဲ့ မဆဲကိုင်ဘဲနဲ့ ပညာမြင်ဖြင့် ဆဲကိုင်ပြီး ပစ္စုပ္ပန်လေးတွေပေါ်လာမှ ပျောက်မယ်၊ ကိုင်း ပြောပြမယ်-ဝေဒနာ,ဖဿ, စေတနာ, ကံ ဒီ လေးချက်ကို ပြန်ကြည့်ပါ၊ ဝေဒနာ ဘယ်ကစဖြစ်လာသလဲ၊ ပရိပါစက မီးခတ်ရဲ့ အခိုး အရှိန် ကြောင့်

အကြည်ဓာတ်ထဲ ရောက်ပြီးတော့မှ ထွက်ပေါ်လာတဲ့ ဝေဒနာ လေးပါ၊ ဒီတော့ ပရိပါစကမီးခဲတာ်ဟာ သွေး-သည်းခြောက်နေ သဖွယ်ရဏ (၀၊)အဗဒ္ဓသည်းခြေနဲ့ သွားနေရတယ်။

အဲဒါ အကြည်ဓာတ်တွေမှာကို လာပေါ်နေတယ်၊ ဒီတော့ မှ အကြည်ဓာတ်ကွေဟာ ကြည်လှာတယ်၊ ဒီအကြည်ဓာတ်မှာ ရှိနေတဲ့နာမ်ဓာတ် ဝေဒနာလေးပေါ်လာတယ်၊ အဲဒီလို ဒီဝေဒ နာလေးကို သဘာဝနဲ့ တကွမြင်လာရမယ်၊ နောက်အနဲ့ဝပါနကို အားထုတ် လာတဲ့ အခါမှာလဲ ဒုတိယတံခါးက နေပြီးတော့ ထွက်လာတဲ့ မီးဓာတ်လေးတွေကို တွေ့လာရင်ဘဲ ဝေဒနာလို့ ယူပါ၊ ဒီတော့ ဒီအကြည်ဓာတ်မှာ ရှိနေတဲ့ဝေဒနာလေးတွေက နေပြီး မီးဓာတ်အခိုးလေးတွေဟာ ထွက်လာတယ်၊ အဲဒါဟာ အဆင်းကို ဖမ်းမဲ့အခိုးလေးတွေ ပါရှိလာတယ်၊ ဒီတော့ အ ကြောင်းနဲ့ အကျိုးကို နည်းလေးပါးနဲ့ သိမ်းတဲ့ အခါမှာ ဧဝံ ဓမ္မတာနည်းကို မလိုက်တော့ဘဲနဲ့ ကေတ္တနည်းနဲ့နာနတ္တနည်းကို လိုက်ရမယ်။

ဝေဒနာ,ဖဿ,စေတနာ,ကံတို့ဟာ ကေတ္တနည်းအနေနဲ့ ရှိနေ တာက ပရမတ်သန္တတိရဲ့ သဘောကို ပြတာပါ၊ ဒီလေးကောင် ပေါင်းနေတာဟာ ကေတ္တနည်းပါ၊ အဲဒီအနေနဲ့ သဘောတူ ဆက်စပ်ပြီးတော့ ရှိနေကြသေးပါတယ်၊ ဒီတော့-ဒီလေးကောင် ကို တပေါင်းတည်းလို့ယူရင် သဿတဒိဋ္ဌိနဲ့ တခုစီလို့ ယူရင် ဥစ္ဆေဒဒိဋ္ဌိထဲကိုကျမယ်၊ ဒီဒိဋ္ဌိတွေက လွတ်အောင်လို့ ကေတ္တနဲ့ နာနတ္တနည်း နှစ်ပါးကိုယူရမယ်။

ကိုင်း-ဒီတော့ ဝေဒနာလေးကိုဆွဲထုတ်ပြီးတော့ ဘာကြောင့် ဒီနေရာမှာ လာပေါင်းနေရတာလဲလို့ သူရဲ့အကြောင်းကို ရှာ

လိုက်တော့ (၀၊)ထပ်စစ်လိုက်တော့မှ ဒီဝေဒနာလေးဟာ သူရဲ့ ဖြစ်နေတဲ့ အကြောင်းလေးဟာက ပရိပါစက မီးခါတ်ရဲ့ အခိုး အရှိန် အာနိသံသ အနေနဲ့ အကြည်ရိပ်လေးမှာကို ရှိနေတယ်၊ သူက အဲဒီက လာပါတယ်လို့ အစစ်ခံချက်ထွက်နေတော့ ပြတ် သေးသလား မပြတ်ပါ။

ဒီတော့ ပစ္စယပရိဂ္ဂဟဉာဏ်က ဝေဒနာ, ဖဿ, စေတနာ, ကံ ဒီလေးကောင်ပေါင်းပြီး ပေါ်ထွက်နေတဲ့ ပညတ်အကြောင်းတွေ့ ကိုသာ သိမ်းနိုင်ပါသေးတယ်၊ သူ့သဘာဝအတိုင်း ဖြစ်နေတဲ့ မူလဘူတဗီဇအနေနဲ့ ရှိနေတဲ့ ပရမတ်သန္တာန်တို (တနည်း) နိမိတ္တ သန္တာန်တိရဲ့ အကြောင်းမျိုးလေးကျတော့ ယခု ဒီပစ္စယပရိဂ္ဂဟ ဉာဏ်က မသိမ်းနိုင်ပါ၊ ဒါကြောင့် အဲဒီ ဝေဒနာလေးဟာ ဘယ်က ဖြစ်လာတာလဲလို့ဆိုရင် ပရိပါစကမီးခါတ်ရဲ့ အခိုး အရှိန်သဘော အကြည်ရိပ်လေးမှာကို နိမိတ္တသန္တာန်သဘော အကြောင်းရိပ်လေးတွေအနေနဲ့ ဖြစ်ရှိနေပါတယ်၊ ဒါကြောင့် ပစ္စယပရိဂ္ဂဉာဏ်က ယခု နိမိတ္တသန္တာန်သဘော အကြောင်းရိပ် လေးတွေကို မသိမ်းနိုင်တော့ပါ။

အဲဒီ ဝေဒနာရိပ်လေးမှာကို အဝိဇ္ဇာရိပ်လေးအနေနဲ့ ကျန်ရှိ နေတယ်၊ ဒီတော့ သူရဲ့မျိုးဇာတ်လေးဟာ ဖြတ်လို့မရသေးပါ အဲဒါ သေမှာဲဖြတ်လို့ရမှာဲမဟုတ်လား၊ ဒါကို နိမိတ္တသန္တာန် လို့ ခေါ်တယ်၊ ဒါကို ပစ္စယပရိဂ္ဂဟဉာဏ်က သိမ်းနိုင်သလား မသိမ်းနိုင်ပါ၊ ဒီတော့ သူ့မှာကို အဝိဇ္ဇာရိပ်လေး အနေနဲ့ ကပ်နေသေးတယ်၊ အဲဒါဟာ သံသရာရဲ့ရှေ့အစွန်းလေးပါဘဲ ဒါဟာ ဖြစ်လာတဲ့ မျိုးဇာတ်ရဲ့အစလေးပါဘဲ၊ ဒီတော့ သံသရာ ရဲ့ ရှေ့အစွန်းဟာ ရှိသလား၊ ရှိတယ်၊ ဘယ်အနေနဲ့ရှိသလဲ၊

ဝေဒနာသဘော အဝိဇ္ဇာရိပ်လေးအနေနဲ့ ရှိပါတယ်လို့ ဆိုဒါကို တကယ်မြင်ရင်ဘဲ သဿတ,ဥစ္ဆေဒဒိट्ठိတွေ လိုက်နိုင်သေးသလား၊ မလိုက်နိုင်တော့ပါ။

ဒီတော့ ပုံစံနံပါတ် (၁၀)ကို ကြည့်ပါ၊ ပုံစံမှာ ၁-ဝေဒနာ အာဟာရ အကြောင်းတရား အတိတ်အကြောင်းစက် အဝိဇ္ဇာ သဘော၊ ၂ ဖဿအာဟာရ အကြောင်းတရား ပစ္စုပ္ပန် အကျိုးစက် တဏှာသဘော၊ ၃-စေတနာအာဟာရ အကြောင်းတရား ပစ္စုပ္ပန်အကြောင်းစက် ကံသဘော၊ ၄-ကံအာဟာရ အကြောင်းတရား အနာဂတ်အကျိုးစက် ဝေဒနာသဘောဆိုပြီးတော့ ပြလာပါတယ်၊ ဒီအာဟာရရဲ့ အကြောင်းမှာ ဝေဒနာက ပရိပါစကမီးခါတ်၊ ဖဿက ဥသမမီးခါတ်၊ စေတနာက သန္တိုဋ္ဌနမီးခါတ်၊ ကံက ဒဟမီးခါတ်ပါ၊ ဒါဟာ အာဟာရ အကြောင်းတရား ၄-ပါးပါ။

ဒီတော့ရင် ဝေဒနာ,ဖဿ,စေတနာ,ကံ ဆိုတဲ့ ဒီလေးချက် ပေါင်းစုံနေတဲ့ နိမိတ္တသန္တတိလေးတွေကို တကယ်မြင်လာရင်ဘဲ အဲဒါ သံသရာရဲ့ ရှေ့အစွန်းဟာ ဒီ-ဝေဒနာအတိတ်အကြောင်း အဝိဇ္ဇာသဘောပါလို့ ဆိုတာကို မြင်လာရင်ဘဲ အဲဒါ သံသရာရဲ့ ရှေ့အစွန်းဌိယုံမှားခြင်းဟာ ကင်းသွားပြီ၊ နောက် ဖဿ ပစ္စုပ္ပန် အကျိုးသဘောရဲ့ အရိပ်ကို မြင်လာရင်လဲ သံသရာရဲ့ နောက် အစွန်းဌိ ယုံမှားခြင်းဟာ ကင်းသွားပြီ၊ စေတနာ ပစ္စုပ္ပန် အကြောင်း ကံသဘောကိုမြင်ရင် သံသရာရဲ့ ရှေ့နောက် နှစ်ပါးသော အစွန်းဌိ ယုံမှားခြင်းဟာ ကင်းသွားပါပြီ၊ နောက် ကံ အနာဂတ် အကျိုး ဝေဒနာသဘောကိုမြင်ရင် သစ္စာလေးပါးဌိ ယုံမှားခြင်းဟာ ကင်းသွားပြီ။

No. 63

ဒီတော့ ဝေဒနာ ဖဿ, စေတနာ, ကံ ဆိုတဲ့ ဒီသဘာဝ ၄-ချက် ပေါင်းစုနေတဲ့ နိမိတ္တသန္တတိ (၀၊) ပရမတ်သန္တတိ၊လေးတွေကို ဘယ်လိုမြင်လို့ အဲဒီသံသရာရဲ့ ရှေ့အစွန်း၌ ယုံမှားခြင်းဟာ ကင်းသွားရပါသလဲလို့ ဆိုရင် အကျဉ်းနည်းနဲ့ ထပ်ပြောပါ အုံးမယ်၊ ဒီတော့ အဲဒီသဘာဝ ၄-ချက်ဟာ သဘာဝအနေနဲ့ သဘောတူ ဆက်စပ်တဲ့ သဘောအား၊ဖြင့် (တနည်း) တခုနဲ့တခု ကေဋ္ဌနည်းအားဖြင့် ရှိနေသေးတယ်၊ ဒါကို တခါထပ်ပြောအုံးမယ်၊ အဲဒါ ဝေဒနာဘဲ,ဖဿဘဲ,စေတနာဘဲ, ကံဘဲလို့ သန်တလောကကြီးမှာပေါ်နေတဲ့ သဘောလေးတွေပါကလားလို့ တွေ့မြင်လိုက်ဘာကိုပင် ပညာမြင် ပစ္စုပ္ပန်လေးတွေကို လာတွေ့တယ်လို့ ယူပါ။

ဘာဖြစ်လို့လဲ၊နိမိတ္တသန္တတိ ရေသောက်မြစ်ကလေးအနေနဲ့ သဘာဝအားဖြင့် တူယ်ကပ် လိုက်ပါနေသေးတယ်၊ ဘယ်လို တူယ်ကပ်ပြီး လိုက်ပါလာသလဲ ဆိုရင် ဒီဝေဒနာ အာဟာရ အကြောင်းတရားတချက်ဖြစ်တဲ့ ဝေဒနာလေးကိုဘဲ တရားခံစစ်အနေနဲ့ စစ်ကြည့်လိုက်ပါလား၊ အဲဒါဟာ သန်တလောကကြီးမှာကို ပစ္စုပ္ပန်အကျိုး ဝေဒနာလေးအနေနဲ့ (တနည်း) ပေါ်သဘောလေးအနေနဲ့ (တနည်း)ပစ္စုပ္ပန်ဆတ်ဆတ်လေးအနေနဲ့၊ ပရိုပါစက မီးခါတ်ရဲ့ အခိုးအငွေ့လေးအနေနဲ့ ၊ အကြည်ခါတ်တွေမှာကို နိမိတ္တအကြောင်းရိပ်လေးတွေဟာ နာမ်ခါတ်ဝေဒနာ အဖြစ်နဲ့ သဘာဝအားဖြင့် ရေသောက်မြစ် တူယ်ကပ်နေတာကို မြင်တွေ့ လိုက်တာသည်ပင် ပညာရဲ့ သဘောလေး ထွက်လာတာပါ။

အဲဒီလို အကြည်ရိပ်တွေမှာကို ဒီနာမ်ခါတ်ဝေဒနာလေးဟာ သဘာဝအားဖြင့် နိမိတ္တသန္တတိ အကြောင်းရိပ် ရေသောက်မြစ်

အနေနဲ့ တွယ်ကပ်နေတာကို(တနည်း)ရှိနေသေးတာကို အင်္ဂါ ရဲ့ အရိပ်မျိုးလေး ကပ်ပါနေတယ်လို့ ပြောတာပါ၊ အဲဒါဟာ အတိတ် အကြောင်းရိပ်ဘဲ မဟုတ်လား၊ ဒါကို ဒါကြောင့် သံသရာရဲ့ ရှေ့အစွန်းလေးဘဲလို့ ပြောတာပါ၊ အဲဒါကြောင့် သံသရာရဲ့ ရှေ့အစွန်း၌ ယုံမှားခြင်းလို့ ပြောနေတဲ့ နေရာမှာကို ဒီသံသရာရဲ့ ရှေ့အစွန်းဟာ ရှိသလား - ရှိတယ်၊ ဘယ်ဟာလဲ - ဒီဌာနမှအားဖြင့် အဝိဇ္ဇာရဲ့ အရိပ်ပါလို့ ရဲရဲကြီး ပြောချလိုက်တာပါ၊ ဒါဟာ လုံလောက်တဲ့ အကြောင်းဘဲမဟုတ်လား။

အဲဒါ ဆုံးဖြတ်နိုင်တာဘဲ မဟုတ်လား၊ ဝိစိကိစ္ဆာဆိုတာက လုံလောက်တဲ့အကြောင်းကို မပြနိုင်လို့ (တနည်း)မဆုံးဖြတ်နိုင်လို့ သို့လော-သို့လောနဲ့ ဒုဿံဟန္ဒလုံးနှစ်ခုဖြစ်ပြီး သံသယဖြစ်နေတာကို ယူပါ၊ ဒါကြောင့် သံသရာရဲ့ ရှေ့အစွန်း၌ ယုံမှားခြင်းဟာ ကင်းသွားပါတယ်၊ အဲဒါဟာ အယူဝါဒ အစဲ့အယူကလေးတခု လဲ့မှားသွားရင် ဒိဋ္ဌိတွေက နဖားကြီးတပ်ပြီး ဆဲ့ချသွားမယ်၊ (တနည်း)လုံလောက်တဲ့အကြောင်းရှိလို့ နီးစပ်ရာလျော်ရာတွေ ဖြစ်နေကြတာပါ။

ယခု ဒီပုံစံနံပါတ်(၁၀)မှာ ပရမတ်ယုံမှားခြင်း(ဂ)ပါး ဖြစ်တဲ့ ဝိသမဟေတုကဒိဋ္ဌိကို (၁)အကြောင်းတရား ဝိသမဟေတုက ဒိဋ္ဌိသိမ်းဆည်းပုံနှင့် (၂)အကျိုးတရား ဝိသမဟေတုကဒိဋ္ဌိ သိမ်းဆည်းပုံ အနေနဲ့ ပုံစံ (၂)ပုံစံတွဲပြီး ထုတ်ပြထားတာကို သဘောပေါက်လာအောင် လေ့လာဆည်းပူးထားရမယ်၊ ဘာကြောင့် ပါလဲဆိုရင် အကြောင်းတရား ဝိသမဟေတုက ဒိဋ္ဌိ သိမ်းဆည်းပုံ၊ ပုံစံကိုသာ ကြိုက်ချေသွားမည်ဖြစ်ရာ ဒုတိယပုံစံဖြစ်တဲ့အကျိုး

တရား ဝိသမဟေတုက ဒိဋ္ဌိသိမ်းဆည်းပုံဆိုတဲ့ ပုံစံထဲကို တရားဥက္ခောင်းအနေနဲ့ အကျိုးတရားကို ဖေါ်ထုတ်ပြမည်ကိုနားလည်ထားရန် အာရုံပြုထားပါ။

(တနည်း) ယခုပစ္စယပရိဂ္ဂဟဉာဏ် သိမ်းဆည်းပုံဟုဆိုရာမှာလဲ အကြောင်းတရားတွေကို သိမ်းဆည်းလိုက်တာနဲ့ အကျိုးတရားကေ့ာ ငြိမ်းသွားပုံ ဖေါ်ထုတ်ပြတဲ့ဝိပဿနာဉာဏ်လို့ ခေါ်ဆိုသည့်အတိုင်း အာရုံပြုထားပါ။

ကိုင်း...သံ့သရာရဲ့ ရှေ့အစွန်း၌ ယုံမှားခြင်း ကင်းသွားပုံကို ဝေဘန်ပြပြီးနောက် သံ့သရာရဲ့ နောက်အစွန်း၌ ယုံမှားခြင်းကင်းတယ်လို့ ဆိုတာကို ဘယ်လိုယုံမှားလို့ ဘယ်လို ဖြတ်တယ် ဆိုတာကို အကျဉ်းနည်းနဲ့ ထပ်ပြောပါအုံးမယ်၊ ဒါမှသဘောပေါက်လာမယ်၊ ဒီဝေဒနာ, ဖဿ, စေတနာ, ကံဆိုတဲ့ ပရမတ်သန္တတိ၊ တနည်း သဘာဝအနဘွဲ့လေးတွေဟာ အလွန်သိမ်မွေ့လှပါတယ်၊ နာနတ္တနည်းဆိုတာဟာ အသီးသီး သူ့သဘောနဲ့ သူ့သဘာဝအတိုင်း သန်ဓိတလောကကြီးမှာ ပေါ်တဲ့ သဘောပါ။ နောက် ဧကတ္တနည်းကျတော့ သန်ဓိတ လောက ကြီးမှာကို သဘာဝ အနေနဲ့ သဘောတူတဲ့ ဆက်စပ်တဲ့ အနေနဲ့ ဒီ (၄) ချက်ဟာ တပြိုင်တည်း ပေါင်းပေါ်ရတဲ့ သဘောပါလို့ ဆိုတာကို နားလည်ထားပါ။

ဒီဇတော့ ဖဿအာဟာရ အကြောင်းဘချက်ကို ပြောပြမယ်၊ ယခု ဒီ ပဋ္ဌယ-ပရိဂ္ဂဟ ဉာဏ်ကိုပင် နာမ်တရား လောကထဲက ကလျာဏဘုမ္မာ်ကို အထက်တန်းစား အနေနဲ့ ဝင်ရအောင်လို့ ခန္ဓာကိုယ်ကြီးရဲ့ နာမ် သဘာဝလေးတွေ ဆိုတာဟာ မီးခဲတ်

၄-ပါးခဲ့ အဝင်သဘော မီးခတ်၊ အထွက်သဘော မီးခတ်လေးဘေးကို အကြိမ်ကြိမ် စဉ်းစားဝေဘန်လာမှ ဒီသဘာဝတက်စဉ်ကြီးကို တက်နိုင်ပါတယ်။ ဒီတော့ ဒီ ဖယောလေးကို အကျဉ်းနည်းနဲ့ ထပ်ပြောအုံးမယ်၊ ဒီတော့ စိတ်နဲ့ စေတသိက်နဲ့ တက္ခဖြစ်တဲ့ လုက္ခဏာလေးရဲ့ ဗျာပါရသည်ပင် ဖယောလို့ ခေါ်တယ်၊ (တနည်း) စိတ်နဲ့ ကိုလျှော်တဲ့ စေတသိက်တို့ရဲ့ ဗျာပါရသည်ပင် ဖယောရဲ့သဘောပါ။

ယခု နာမ် ဖယောလေးဟာ အဆင်းရိပ်ကလေးက နေပြီးတော့ နာမ်ခတ်အနေနဲ့ ကပ်ပါလာတာပါ၊(တနည်း) ဥသမမီးခတ်ရဲ့ အခိုးအရှိန်လေးအနေနဲ့ အဆင်းရိပ်လေးမှာကို နာမ်ခတ် ဖယောလေးကပ်ပါ့လာတာပါ၊ဒါကိုပင် ဖယောအာဟာရအကြောင်း တချက်မှာ နိမိတ္တသန္ဓတိအရိပ်လေးလို့ ပြောတာပါ၊အဲဒီတာဟာ ဒီဖယော အာဟာရမှာ တဏှာရိပ်ဟာ တဒင်္ဂအနေနဲ့ သူရဲ့ ဗီဇမျိုးဇာတ်လေး ပါရှိနေတယ်၊ ဘယ်လို ပါရှိနေတာလဲ ဆိုရင် "ပုဗ္ဗန္တသ အဝိဇ္ဇာမူလံ၊ အပရန္တသ တဏှာမူလံ" ဆိုတဲ့ ပါဠိတော်အရ၊ သံသရာရဲ့ ရှေ့အစွန်းဖြစ်ဘဲ့ ဝေဒနာ အာဟာရအကြောင်းမှာ အတိတ်အကြောင်းစက် အဝိဇ္ဇာရိပ်သဘောဟာ တဒင်္ဂအနေနဲ့ရှိသလို ယခုဖယောအာဟာရအကြောင်းမှာ ပစ္စုပ္ပန်အကျိုးစက် တဏှာရိပ်သဘောဟာ တဒင်္ဂအားဖြင့်ရှိပါတယ်။

အဲဒီ ဖယောအာဟာရမှာကို မျိုးလေးအနေနဲ့ တဏှာရဲ့အရိပ်လေးဟာ ကပ်ပါလာတာပါ၊ ဒါကို ပရမတ်သန္ဓတိ နာမ်ခတ်လေးလို့ ပြောတာပါ၊ ယခုထုတ်ဖော်ပြလိုက်တဲ့ သဘာဝလေးဟာ ဖယောအာဟာရအကြောင်းဖြစ်လာဘဲ့ မူလ - ဘူတ ဗီဇမျိုးဇာတ်တွေရဲ့ အစဘဲ မဟုတ်လား၊ ဒီတော့ ပိဋကတ်မှာ ကလဲ

"အဝိဇ္ဇာနိဝရဏာနံ တဏှာသံယောဇနာနံ"လို့ပြုလုပ်တဲ့အတိုင်း အဝိဇ္ဇာဆိုတဲ့ နိဝရဏတရားတွေ ဖုံးလွှမ်းထားလို့ တဏှာ ဆိုတဲ့ သံယောဇဉ်တရားကြီးတွေ ဖြစ်ပေါ်ရတာပါလို့ ဟောပြထားပါတယ်။

ဒီတော့ သံသရာရဲ့ နောက်အစွန်းဟာ ရှိသလား- ရှိတယ်၊ ဘယ်ဟာလဲ၊ ဒီဌမမှ ပဋ္ဌမမှအားဖြင့် တဏှာရဲ့ အရိုပ် ပါလို့ တခါတည်း ဆုံးဖြတ်လာပါတယ်၊ အဲဒါဟာ သံသရာရဲ့ နောက်အစွန်းဌ် ယုံမှားခြင်းဟာ ကင်းသွားတာဘဲ မဟုတ်လား၊ (၀၊) ပြေတဲ့သွားတာဘဲ မဟုတ်လား၊ ယုံမှားတယ်ဆိုတာဟာ ဘယ်သဘောနဲ့ ထောက်လို့ ယုံမှားရတာလဲ ဆိုရင် သညာ ဝိညာဏ် အနေနဲ့ ဆွဲထားလို့ပါ၊ (၀၊) ထောက်-ထောက် နေလို့ပါ၊ ယခုရေ ဒုနာအာဟာရ အကြောင်း တနည်း) ဖဿ, အာဟာရ အကြောင်းနဲ့ ထောက်ပြီးတော့ ပညာမြင် ပစ္စုပ္ပန်ဆတ်ဆတ် နာမ်ဓာတ် နိမိတ္တသန္ဓတိလေးကို ကိုယ်တိုင်မြင်လာရင် (၀၊) ဇတ္တလာရင် ဒီယုံမှားခြင်းထွေဟာ (တနည်း)ဝိစိကိစ္ဆာ ဂ-ပါး ပ ၁ ကင်းပါတယ်၊ ပြတ်ပါတယ်။

နောက်ပြီးတော့ သံသရာရဲ့ရှေ့နောက်(၂)ပါးသောအစွန်းဌ် ယုံမှားခြင်းဆိုတဲ့နေရာမှာလဲဘဲ ဝေဒနာအာဟာရအကြောင်းက ရေသောက်မြစ်ဖြစ်တဲ့အဝိဇ္ဇာအရိပ်"ဖခင်"သဘောနဲ့ ဖဿ အာဟာရ အကြောင်းက ရေသောက်မြစ်ဖြစ်တဲ့ တဏှာအရိပ် "မိခင်"သဘော (တနည်း)မိခင် ဖခင်တို့က မွေးထုတ်ချလိုက်တဲ့ (တနည်း)ဖွားထုတ်လိုက်တဲ့သဘောဟာက ်စေတနာအာဟာရ အကြောင်းပါ၊ ဒါဟာ မူလ-ဘူတ ဗီဇရဲ့ မျိုးလေးတွေ အနေနဲ့ ထုတ်ပြလိုက်တာပါ၊ အဲဒါဟာ မိခင်-ဖခင်တို့ရဲ့ သဘာဝအား

ဖြင့် ပါရှိလာတဲ့ ကိုယ်ဝန်ကြီးကို ဖွားချလိုက်တဲ့ သဘောပါ၊ ဒီတော့ အဝိဇ္ဇာရိပ် တဏှာရိပ်ဘို့ ၂-ပါးဆုံ လိုက်တဲ့ သဘော တနည်း အဆင်းနဲ့အကြည် ၂-ပါး ဆုံလိုက်တဲ့သဘော (၀၊) ထိတွေ့လိုက်ဘဲ့သဘော (တနည်း) ဖဿနဲ့ ဝေဒနာတို့ ပွတ်ဆိုလိုက်ဘဲ့ သဘော၊ (တနည်း) စက္ခုစက္ခုပဋ္ဌိစ္စ ရူပေ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံလို ဆိုဘဲ့နေရာမှာ ပဋ္ဌိမ္ဘရဲ့ သဘောလေးလောက်ကိုသာ ယူပါ(၀၊)စဲ့လိုက်ဘဲ့သဘောလောက်ကိုသာယူပါ။

ဒါကြောင့် သံသရာရဲ့ ရှေ့အစွန်း၌ ယုံမှားခြင်းသည်ရင်း၊ သံသရာရဲ့ နောက်အစွန်း၌ ယုံမှားခြင်းသည်ရင်း၊ ဒိဋ္ဌမမ္မပတ္တမမ္မ အားဖြင့် အဲဒီယုံမှားခြင်းတွေ ကင်းလာတဲ့ပုဂ္ဂိုလ်မှာ ယခု ဒီသံသရာရဲ့ရှေ့နောက် ၂-ပါးသောအစွန်း၌ ယုံမှားခြင်းဟာဖြင့် ဒိဋ္ဌမမ္မ-ပတ္တမမ္မ-ဝိဒိဘဝမ္မအားဖြင့် ကင်းသွားပါတယ်၊ ပြတ်သွားပါဘယ်၊ ရှိသလား မရှိဘူးလား ဆိုတာတွေဟာ အားလုံးစင်ကြယ်သွားပါတယ်၊ (တနည်း) သူတပါးကပြောတာတွေကို မယုံကြည်တော့ပါဘူး။

ကိုင်း-သစ္စာ ၄-ပါး၌ယုံမှားခြင်းဆိုတာကိုပြောပါတော့မယ်၊ ရှင်တော်မြတ်ဘုရားက ဓမ္မစက္ကာ ဒေသနာတော်ကြီးမှာ ဆင်းရဲခြင်း အမှန်သဘောကို ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ ဖြစ်ကြောင်းအမှန်သဘောကို သမုဒယသစ္စာ၊ ဆင်းရဲခြင်း၏ ချုပ်ငြိမ်းခြင်းသဘောကို နိရောဓသစ္စာ ဆင်းရဲခြင်း၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အမှန်သဘောကို မဂ္ဂသစ္စာဆိုပြီးတော့ သစ္စာလေးပါးကို ထုတ်ဖော်ပြီး ဟောတော်မူခဲ့ပါတယ်။ သစ္စာလေးပါး ဆိုတာဟာ အဲဒါကို သစ္စာလေးပါးလို့ ဟောထားခဲ့သော်လဲ ဒုက္ခကို မူထားပြီး ဆုံးမတော်မူသွားပါတယ်။

ဒီတော့ ဒုက္ခလေးဟာ ဘယ်အနေနဲ့ ရှိပါသလဲလို့ ဆိုတာကို ဂေလျာဏဘုမ္မဝိထဲကို ဝင်တဲ့အနေနဲ့ လောက်ကိုသာ ပြောပြသွားပါမယ်၊ ယခု ဝေဒနာအာဟာရအကြောင်း, ဖဿအာဟာရအကြောင်း, စေတနာအာဟာရ အကြောင်းဆိုတဲ့ ၃-ပါးသော အကြောင်း ရေသောက်မြစ်အနေနဲ့ လုပ်နေတဲ့ (တနည်း) သင်္ခတလောကကြီးမှာကို ပရမတ်သန္တတိလေးတွေဟာ ပစ္စုပ္ပန် ဆက်ဆက်လေး အနေနဲ့ ပေါ်နေရတာကိုက ပြုပြင်တဲ့သဘောလေးပါ၊ (တနည်း) ကံ-အာဟာရ အကြောင်းလေးပါ၊ အဲဒါကို ပြုပြင်တယ်လို့ ဆိုတာသည်ပင် ကံ, အာဟာရ အကြောင်းပါ၊ (တနည်း) ဝေဒနာ, ဖဿ, စေတနာ ဆိုတဲ့ အကြောင်းသုံးပါးရဲ့ ပေါင်းဆုံတဲ့သဘောပါ။

ဒီတော့ သစ္စာလေးပါးဌ် ယုံမှားခြင်းလို့ ဆိုတာဟာ အဲဒီ ဒုက္ခလေးရဲ့အကြောင်း ရေသောက်မြစ်ဖြစ်တဲ့ ဇာတိဒုက္ခတွေကို မမြင်တာသည်ပင်လျှင် သစ္စာလေးပါးဌ် ယုံမှားခြင်းလို့ ပြောတာပါ၊ ဇာတိဒုက္ခလေးရဲ့ အကြောင်းရေသောက်မြစ် ဆိုတာဟာ... သင်္ခတဌေ-ပြုပြင်တယ်လို့ ပြောလိုက်တာပါ၊ ဒီတော့ ဝေဒနာ, ဖဿ, စေတနာ ဆိုတဲ့ အာဟာရ အကြောင်းသုံးပါး ပေါင်းဆုံညီညွတ်လိုက်တာကို (တနည်း) အဲဒီအကြောင်းသုံးပါးဟာ ပစ္စယသာမဂ္ဂီ ဖြစ်လိုက်တာကိုပြုပြင်တယ်လို့ ပြောတာပါ၊ ဒီတော့ ဇာတိဒုက္ခလေးရဲ့ အကြောင်းရင်း ရေသောက်မြစ် ဆိုတာဟာ သင်္ခတဌ-ပြုပြင်တယ်၊ ပိဋ္ဌနဌ-နှိပ်စက်တယ်၊ သန္တပဋ္ဌ-ပူပန်တယ်၊ ဝိပရိနာမဌ ဖေါက်ပြန်ပျက်စီးတယ်ပါ။ အဲဒီ ပြုပြင်တယ်ဆိုတဲ့ ရေသောက်မြစ်လေးကို မြင်လိုက်တာသည်ပင် သစ္စာလေးပါးဌ် ယုံမှားခြင်းဟာ ကင်းသွားပါတယ်။

ယခု ဒီပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ ကလျာဏဘုမ္မာကြီးကို ဒါဟာ ကလျာဏဘုမ္မာကြီးဘဲလို့ ယထာဘူတ အသိကြီးနဲ့ ညာတပရိညာ စခန်းမှာ တစ်တစ်ခွဲခွဲ နဲ့ပြောရမှာ ဖြစ်ခြင်းကြောင့် အရာရာမှာ စဉ်းစားဝေဘန်ပြီးတော့မှ ဘုရားဟောကျမ်းဘွဲ့မှာကို သဘာဝ ဉာဏ်နဲ့ ကိုယ်တိုင်ဆွဲယူနိုင်ရန်အတွက် ဆရာကောင်းထံမှာ ကျိုးကျိုး နွဲ့-နွဲ့နဲ့ သပ္ပုရိသ သံသေဝအဖြစ် ကိုယ်တိုင် ကိုယ်ကျ·ခံ ယူနိုင်လာလို့ အကျိုးတရားကိုသာ ပြတဲ့အနေနဲ့ ယူပါ။

ကိုင်းဒီတော့ အာဟာရအကြောင်းလေးချက်ကို တကယ်မြင်ရင် အကြောင်းယုံမှားခြင်း လေးချက်ဟာ တခါထဲ ပြုတ်သွားပြီ၊ ဒီသဘာဝလေးတွေကို မြင်သွားရင်ဘဲ ဝိသမဟေတုက ဒီဋ္ဌကြီး ဟာကင်းသွားပါတယ်၊ ဒေသနာနည်း အနေနဲ့ ရှာခုင်လဲ ဒေသနာနည်းအနေနဲ့ တွေ့ပါတယ်၊ အာနာပါနနည်းနဲ့ ဆိုရင်လဲ တံခါး လေးပေါက်ကို ဖွင့်ပြီးမှ ဒီသဘာဝထွေကို ဖွင့်ပြီးမှ ဒီသဘာတွေကို ဆင်ခြင်လာမှ ရပါတယ်။

ဒီသဘာကွေကို ဆရာသွားကောင်းတွေက နှိုက်ပြနိုင်မှ မြင်ပါတယ်၊ ဒီသဘာဝတွေကိုတွေ့ဘို့ရာ တော်တော်နဲ့ မလွယ်ပါ၊ အာနာပါနတရားတော်ကြီးဆိုတာလဲ သာမည နဲ့ မရနိုင်ပါ၊ ဆရာသမားကောင်းတွေနဲ့ တွေ့မှရပါတယ်၊ ယခုဟောလိုက်တဲ့ သဘာဝဟာ ဘယ်လောက်တောင် သိမ်မွေ့သလဲ၊ အရင်က နိမိတ္တသန္ဓာတိမှာ နိစ္စ, သုခ, သုဘ, အတ္တ ဆိုပြီး ဒီဇနရာမှာ ထုတ်ပြလာပါတယ်၊ ဒီ-နိမိတ္တသန္ဓာတိဟာ သဘာဝအတိုင်းဖြစ်နေတာကို ပစ္စယပရိဂ္ဂဟဉာဏ်ကသိမ်းနိုင်သလား၊ ဒီတော့ သဘာဝအနေနဲ့ ကြည့်ရင် သညာဝိညာဏ်နဲ့ သတ်နေတာမဟုတ်ပါ၊ နိမိတ္တသန္ဓာတိ အနေနဲ့ ပေါ်နေတာကို ကေဘွဲ့နည်းနဲ့ ရှုရင် ဥစ္ဆေဒဒိဋ္ဌိ ကင်းပါတယ်။

နောက် တပေါင်းတည်း ဖြစ်နေသော်လည်း သူ့သဘာဝ လေးတွေ အနေနဲ့ရှိနေတယ်. ဆိုတာကိုလဲ နာနတ္တ နည်းနဲ့လဲ ဝေဘန်ရော သဿတဒိဋ္ဌိကင်းပါတယ်လို့ ဝိသုဒ္ဓိမဂ်ကြီးကပြလာ ပါတယ်၊ ဒီတော့ ဝေဒနာမှာ သူရဲ့သဘာဝလေးအနေနဲ့ ရှိနေ တာဟာ အဝိဇ္ဇာရိပ်ပါ၊ ဒါကို ပဋိစ္စသမုပ္ပါဒ်ထဲကို ထည့်ရင် အတိတ်အကြောင်းစက်ပါ၊ ဒီသဘာဝကိုမြင်သွားရင် သံသရာရဲ့ ရှေ့အစွန်းဌယုံမှားခြင်းဟာ ကင်းသွားပြီ၊ နောက်ဖဿကလဲ သူ ကအဆင်းလေးကနေပြီးထွက်နေတာပါ၊ အခုသူ့မှာအကြည်ရိပ် လေးက တဏှာရိပ်လေးအနေနဲ့ကပ်နေတယ်၊ဒါကိုပဋိစ္စသမုပ္ပါဒ် ထဲကိုထည့်ရင် ပစ္စုပ္ပန် အကျိုးစက်ပါ၊ ဒါကိုမြင်ရင် သံသရာရဲ့ နောက်အစွန်းဌယုံမှားခြင်းဟာ ကင်းသွားပြီ၊ နောက် စေတနာ ကျတော့ ဝေဒနာနဲ့ဖဿ ဆက်လို့ကျလာတဲ့မျိုးစေ့ဘဲ မဟုတ် လား၊ ပဋိစ္စသမုပ္ပါဒ်ထဲကိုထည့်ရင် ပုဗ္ဗပရန္တစက်၊ တနည်းပစ္စုပ္ပန် အကြောင်းစက်ထဲကိုထည့်ရတယ်၊ ဒါကို တကယ်မြင်ရင်သံသရာ ရဲ့ ရှေ့နောက်နှစ်ပါးအစွန်းဌ ယုံမှားခြင်းဟာကင်းသွားပြီ။

နောက် ဒီသုံးပါး ပေါင်းပြီးဖြစ်လာတဲ့ကံကျတော့ ပြုပြင်တဲ့ သဘောလေးပါလားလို့ မြင်လာရင် ကံ-ဘယ်ယုံမှားခြင်း ကင်း မလဲလို့ဆိုရင် ဒီတော့ ဇာတိဒုက္ခကို မမြင်ကြလို့ သံသရာကြီး လည်နေတာပါ၊ ဒီတော့ ယခု ကံ-အာဟာရ အကြောင်းကိုလဲ မြင်လာရော ဇာတိဒုက္ခဆိုတာ ကံ-ပြုပြင်တဲ့သဘောလေးပါလား ဆိုတာကိုမြင်လာတော့မယ်၊ ဒါကိုမြင်လာရင်ဘဲ သစ္စာလေးပါးဌ ယုံမှားခြင်းဟာ ကင်းသွားပြီ၊ ဒီတော့ အကြောင်းယုံမှားခြင်း ခလေးချက်ကို ယခု မြင်လာပြီးတော့ ဝိသမ္ဘဟေတုက ဒီဌိကြီး ပြုတ်ပါပြီ၊ ဒီ ယုံမှားခြင်းလေးချက်ကို ဒိဋ္ဌဓမ္မ,ပတ္တဓမ္မ,ဝိဒိတဓမ္မ,

ပရိယောဂဌမမ္မ လေးချက်နဲ့ ဘကယ်မြင်လာရင် အကြောင်းယုံမှားခြင်းလေးချက်ပြုတ်ပြီ၊ ဒီတော့ ဝိသမဟေတုက ဒီဌိကြီးဟာ ကျွတ်ကျသွားပြီ။

ဒီတော့ အကြောင်းယုံမှားခြင်း လေးချက် ကင်းသွားရင် အကျိုးတရား ထုတ်ပါလို့ဆိုရင်ဘဲ အဲဒါ တိဏ္ဍဝိစိကိဆ္ဆာ-ကူးမြောက်ပြီးသော ဝိစိကိစ္ဆာရှိသည်ဖြစ်၍ (၀၊) ဝိစိကိစ္ဆာမှ ကူးမြောက်အပ်သည်ဖြစ်၍၊ ဝိဂတကထံကဒေါ-သို့လော သို့ဧလော ယုံမှားခြင်း ကင်းသည်ဖြစ်၍၊ ဝေသာရဇ္ဇပဏ္ဍော - ရဲရင့်ခြင်းသို့ရောက်သည်ဖြစ်၍ အပရပစ္စယော - သူတပါးတို့ရဲ့ အပြောကို မယုံကြည်တော့မှုရှိလို့ ဓမ္မစက္ကြာတရားတော်ကြီးမှာ အကျိုးတရားတွေ့ ထုတ်ပြလာပါတယ်၊ ဒီသဘာဝအတိုင်းသာ တကယ်မြင်လာရင် အာနာပါနကို မလုပ်လဲ ရပါပြီ။

ဒီသဘာဝတွေကိုဘကယ်မြင်လာရင် အကြောင်းယုံမှားခြင်းတွေ ကင်းပြီး အကျိုးယုံမှားခြင်းတွေပါ ထပ်ကင်း လာတော့တယ်၊ ဒီတော့ အခုဝေဒနာ အဝိဇ္ဇာရိပ်လေးမှာ တဒင်္ဂပဟာန်အနေနဲ့ မီးလေးတောက်လာပြီ၊ အဲဒါ မီးပွင့်တယ်လို့ဆိုတာဟာ သူရဲ့ မျိုးဇာတ် ရိုးဇာတ်ကို ဒုက္ခလေးအနေနဲ့ မြင်လာတာကို ခေါ်ဘယ်၊ ဒီတော့ အာနာပါနကိုအားမကိုးပါနဲ့၊ ယခုဟောကြားတဲ့သဘာဝကိုသာ အာရုံပြုပြီးတော့ယူပါ၊ ဒီသဘာဝကို တကယ်မြင်သွားရင် ထိုပုဂ္ဂိုလ်ဟာ ဒုက္ခတရားကို မြင်လာမယ်၊ အဲဒါ သညာဝိညာဏ်ရဲ့အရိပ်မှာကို ပညာမြင်ဒုက္ခလို့ မြင်လာတော့မယ်၊ ဒီတော့မှ အဲဒါဟာ မရှောင်သာ မလွဲသာလို့သာ သွားလာဝတ်စား နေထိုင်နေလို့သာ သူမျှားနဲ့ အဘူတူဘဲလို့သာ ထင်ရသော်လည်း သူ့စိတ်ဉာဏ်မှာတော့ ကွဲလွဲနေပြီ၊ ဒါကို ပစ္စုပ္ပန်နိဗ္ဗာနခေါတ်လို့ ယူရပါတယ်။

ဒီသဘာဝလေးကိုလဲ ရလာရော ထိုပုဂ္ဂိုလ်မှာ အဲဒါ ဘုရားဌာ်ယုံမှားခြင်းဟာ ကင်းသွားပြီ၊ ဒီတော့ ဘယ်လိုကင်းသလဲ၊ ထိုပုဂ္ဂိုလ်မှာ ဒုက္ခတရားအစစ်ကိုမြင်လာတော့ ငါရဲ့ကိုးကွယ်ရာ အစစ်ဟာ ဘုရားဘဲဆိုပြီးတော့မြင်လာတော့မယ်၊အဲဒါ ဣဿာတ်ထဲကျမဲ့ ပုဂ္ဂိုလ်ဟာ သူရဲ့ အားထားရာကို ရှာမှီးတော့သလိုဘဲ၊ အခုလဲ ဒုက္ခတရားကိုသာ တကယ်မြင်လာရင်ဘဲ သူရဲ့ကိုးကွယ်ရာ အစစ်ကို ရှာတော့မယ်၊ ကိုးကွယ်ရာအစစ်ဟာ ဘုရားဘဲ မဟုတ်လား၊ သေသေချာချာ မှတ်ထားပါ၊ အခု ဝန်မခံနိုင်သေးသော်လဲ တနေ့ သဘာဝကိုတွေ့လာတဲ့အခါကျရင် ဝန်ခံနိုင်ပါလိမ့်မယ်။

ဒီတော့မှ ဩော်....ရှင်ဂေါတမကြီးဟာ ငါတို့ရဲ့ကိုးကွယ်ရာ အစစ်ကြီးပါလား၊ ဆည်းကပ်ရာအစစ်ကြီးပါလား ပုန်းအောင်းလည်းလျှောင်းရာ အစစ်ကြီးပါလားလို့ ဆိုပြီးတော့ မြင်လာတော့မယ်။ ဒီတော့မှ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"လို့ ခံယူလာတော့မယ်၊ အဲဒီလို တကယ်မြင်လာရင်ဘဲ အဲဒါဟာ ဒီဌသရဏဂုဏ်ကြီးဘဲမဟုတ်လား၊ သေသေချာချာတွေးပါ၊ ဒီသဘာဝကို မြင်မှ ဒီဌသရဏဂုဏ်ကြီးကို ခံယူလို့ရမယ်၊ ဒီတော့ အခုဗုဒ္ဓဘာသာတွေဟာ ဒီလို ဒုက္ခတရားတွေကို မမြင်ကြဘဲနဲ့ သရဏဂုဏ်ကို အတွေ့အနေနဲ့ ခံယူနေကြတာဘဲမဟုတ်လား။

ယခုသင်မ်းဆည်းနေတဲ့ ကဏ္ဍဟာ အကြောင်းပြတ် အကျိုးငြိမ်းတဲ့ ကဏ္ဍပါ၊ ဒီတော့ ကလျာဏဘုမ္မဝိထဲကို အထက်တန်းစားအနေနဲ့ ဝင်ရအောင် (တနည်း) ဝင်လာအောင်လို့ ထပ်ပြောပါအုံးမယ်၊ ဒီတော့ ဒုက္ခတရားကို မြင်အောင်လို့ ဓမ္မစကြာတရားတော်၊ အနတ္တလက္ခဏသုတ်တရားတော်၊သတိပဋ္ဌာန်တရား

တော်ကြီးတွေကို ယခုခေမ္မစကြာ ပဋ္ဌိပတ်သာသနာပြု ရိပ်သာကြီးမှာ ၄-နှစ်- ၄-မိုးယ်းတိုင်တိုင် ဝါတွင်းတိုင်း, ဝါကွင်းတိုင်း ဒေသနာနည်း, သဘာဝနည်း, လက်တွေ့နည်း တို့ဖြင့် "သင်ရိုးကုန်မှ ဉာဏ်ဟုန်ပြင်း၊ နည်းမျိုးစုံမှ ဉာဏ်ကုန်လင်း" ဆိုတဲ့ အနေနဲ့ သင်တန်းနည်း အစုံစုံဖြင့်ရင်း၊ မဂ်တရား, ဖိုလ်တရား နိဗ္ဗာန်တရား ရရာ - ရကြောင်း တရား အားဖြင့်ရင်း၊ ကျောင်းတကာကြီး, ကျောင်းအမကြီးတို့၏ ပါရမီရိပ်ကြီးတွေကို အခြေခံ အမှီပြုပြီး တော့ ယခု ပါရမီရှင်ကြီးခေတ်ကို ဟောပြောပြသ ဆုံးမနေပါတယ်။

နောက်သရဏဂုံကို အတ္တအနေနဲ့ ကိုးကွယ်ရာ အစစ်ပါဘဲလို့ ခံယူနေကြခြင်းဆိုတဲ့ အမြင်မှားတွေကို စင်စင်ကြယ်ကြယ်နဲ့ အမြင်မှန်ခဲ့ဖူ ဖြစ်လာကြအောင်လို့ ယခုမန္တလေးမြို့ ဓမ္မစကြာရိပ်သာကြီးဌ ကျမ်းစာအုပ်အမျိုးမျိုးကို ဖြန့်ချီလျက်ရှိပါတယ်၊ အဲဒီတော့ ဒီသရဏဂုံတွေကို နာမနဲ့ သဏ္ဌာနပညတ်ရိပ်တွေကို အနှစ်အသားယူပြီးတော့ ခံယူနေကြလို့ပါ၊ တနည်းဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ဝဏ္ဏလိကြီး ကိုးကွယ် ခံယူနေသလို ခံယူနေကြလို့ပါ၊ တနည်း မိမိရဲ့ သညာ ဝိညာဏ်နဲ့ ထောက်ထောက်ပြီး ဆဲယူကိုးကွယ်နေလို့ပါ၊ တနည်း နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတဲ့ ဉာဏ်တွေကို အပိုင်ရရှိပြီးတော့ ဒီသရဏဂုံတွေကိုခံယူကြတာမှတ်လို့ပါ၊ (တနည်း) ဓမ္မတာတရားနဲ့ သာသနာတရားကို ကွဲကွဲလွဲလွဲနဲ့ သာသနာတရားအပေါ်မှာ မှန်ကန်တဲ့ အသိအမြင်မပါဘဲ ခံယူနေကြလို့ပါ၊ ဒါကြောင့် သရဏဂုံကို အတ္တအနေနဲ့ ကိုးကွယ်ရာ အစစ်ပါဘဲလို့ ခံယူနေလို့ ယုံမှားခြင်းတွေ မကင်းတာပါလို့ ပြောတာပါ။

ဒီတော့ ဒီသရဏဂုံတွေဟာ သုတ သရဏဂုံတွေဘဲ မဟုတ်လား၊ ဒီ သုတသရဏဂုံတွေဟာ ဘာမျှား အားကိုးရာရသလဲ၊ သေသေချာချာတွေးပါ၊ ဒီတော့ ဘုရားစစ်ဟာ ကိုးကွယ်ရာပါဘဲလို့ ဆိုတဲ့ ဒီသဘာဝတွေကိုမြင်လာမှ အကျိုးမျှားမယ်မဟုတ်လား၊ ဒါကိုမြင်ရင် ဘုရားဌာယံမှားခြင်းဟာ ကင်းသွားပြီးတော့ ထိုပုဂ္ဂိုလ်ဟာ အရှင်ကြီးတို့ နတ်တို့စတဲ့ ကိုးကွယ်မှုကြီးတွေကို လုပ်တော့မှာလား၊ ကိုင်း.... ရှေ့ကို တခါတက်လိုက်ပါအုံး၊ ဖဿ-တဏှာရိပ်ကို တကယ်မြင်ရင် သံသရာ နောက်အစွန်းကိုလဲ့ တကယ်မြင်ပြီ၊ ပယ်နိုင်ရင် ကံ မျိုးစေ့ကို ပယ်နိုင်ခြင်းလို့ ဆိုတာ ပြောပြအုံးမယ်။

တရားဌာယံမှားခြင်းကို ဆက်လက်ပြီးတော့ အကျိုးတရားပေါ်ထွက်ပုံကို ပဋ္ဌယပရိဂ္ဂဟဉာဏ်ရဲ့ လုပ်ငန်းစဉ်တရားနဲ့ အကျိုးတရားတွေကိုပေါ်ပြနေတာပါ၊ ဒီတော့ ဖဿနဲ့ ဝေဒနာကို ကြိတ်ချေရင် ကံမျိုးစေ့ မကျတော့ပါ၊ ဒီတော့ အဝိဇ္ဇာ တဏှာ ဖဿနဲ့ ဝေဒနာနဲ့လဲ ဆုံလိုက်ရော တဏှာရိပ်မှာကို မျိုးလေးအနေနဲ့ ကပ်ပါလာတယ်၊ ဒီ-မျိုးလေးကို ချေနိုင်ရင် ဟိုဘက်မှာ ချပြီး စိုက်သော်လဲ အပင်မပေါက်တော့ပါ၊ ဒီတော့ ဖဿမှာရှိနေတဲ့ မျိုးလေးကို ကြိတ်ချေနိုင်ရင် စေတနာ မထွက်တော့ပါ၊ ဒီမျိုးစေ့လေးကို ချေနိုင်တာဟာ တရားစစ်ပါ။

တနည်း ပေါ်လွင်အောင် ထပ်ရှင်းပြပါအုံးမယ်၊ ဒီတော့ ဒီဖဿမှာကို အဆင်းရိပ်လေးက ပါလာတဲ့ ကံမျိုးစေ့လေးဟာ ရှိနေပါတယ်၊ (တနည်း) ဒီဖဿမှာကို အဆင်းရိပ်က ကံမျိုးစေ့လေးကို ကိုယ်ဝန်ဆောင်လာတယ်၊ အဲဒါဟာ အဖေနဲ့ အမေတို့ဟာ သဘာဝ အားဖြင့် ဆက်ဆံတဲ့အခါမှာ အမေကသာ

ကိုယ်ဝန်ဆောင်ရသလို ဒီဖဿမှာကို မျိုးစေ့လေးဟာ တဏှာ အရိပ်သဘောက ပါလာတယ်။

အဲဒါကိုနားလည်ရင် ဒီဖဿမှာပါရှိနေတဲ့ မျိုးစေ့လေးဟာ (တနည်း) ကံမျိုးစေ့လေးဟာ တနေ့နေ့ ဖွားချလိုက်အုံးမှာဘဲ၊ (တနည်း) တနေ့နေ့ ဒီသခ်ာ လောကကြီးမှာကို သံသရာကြီးရဲ့ ဝဋ္ဋဒုက္ခအနေနဲ့ နှိပ်စက်ပြီးတော့ (၃၁)ဘုံကို လယ်အုံးတော့ မှာဘဲ မဟုတ်လား၊ ဒီတော့ သံသရာကြီးရဲ့ ဝဋ္ဋဒုက္ခအနေနဲ့ နှိပ်စက်တယ် ဆိုတာဟာ ဒီဖဿမှာကို မူလ ဘူတ ဗီဇမျိုးလေးကိုသာ ဖေါ်ထုတ်ပြနေတယ်လို့ယူပါ၊ အဲဒီ နိမိတ္တသန္တတိဖြစ်တဲ့ သဘာဝ အနတ္တအနေနဲ့ ဒီမျိုးလေးဟာကလဲ ခံလင့်သကဲ့သို့သော အခြင်းအရာအားဖြင့် ဖြစ်စေမဲ့ သဘောအနေနဲ့ လောက်ကိုသာ ယူပါ ဒါဟာ သံသရာကြီးရဲ့ ဝဋ္ဋဒုက္ခအနေနဲ့ နှိပ်စက်တယ်လို့ ဖြစ်စေမဲ့ အခြင်းအရာသဘောလေးဘဲမဟုတ်လား၊ ဒါကို အတ္တ ဗျာပါရ အနေနဲ့ သွားမယူနဲ့၊ ဒါကြောင့် သညာဝိညာဏ်ရဲ့ အရိပ် ကင်းနေတယ်လို့ ပြောတာ။

ဒါကြောင့် အခုဖေါ်ထုတ်ပြလိုက်တဲ့ အဲဒီ ကံမျိုးစေ့လေးကို အပင်မပေါက်နိုင်အောင်၊ တနည်း - သံသရာ့ဝဋ္ဋဒုက္ခ အနေနဲ့ မနှိပ်စက် ရလေအောင် ဒီကံမျိုးစေ့လေးကို ပယ်နှုတ်နိုင်ရင် တရားအစစ်ဘဲ မဟုတ်လား၊ အဲဒါဟာ တရားတော်၌ ယုံမှားခြင်း ကင်းသွားတာဘဲမဟုတ်လား၊ အဲဒါဟာ ဒုဿတရားတွေရဲ့ အကြောင်းရင်းဖြစ်တဲ့ ပိဋ္ဌနဋ္ဌဒုက္ခ· သံသရာရဲ့ ဝဋ္ဋဒုက္ခ အနေနဲ့ နှိပ်စက်တယ် လို့ ဖြစ်စေမဲ့ ဖြစ်မဲ့အခြင်းအရာသဘောလေးကို ဒီဖဿ အာဟာရအကြောင်းတချက် အနေနဲ့ ဒီဌေမ္မ ပတ္ထမမှအား ဖြင့် စင်စင် ကြယ်ကြယ်ကြီး တကယ် မြင်တွေ့ လိုက်တာသည်

ရှင်တော်မြတ်ဘုရား၏ တရားတော်ကြီးကိုသာလျှင် ကိုးကွယ်ရာ အစစ်, ဆည်းကပ်ရာအစစ်,မှီခိုရာ လဲ့လျောင်းရာ အစစ်ပါဘဲလို့ "ဓမ္မံ သရဏံ ဂစ္ဆာမိ" အစစ်အဖြစ် ကိုယ်တိုင်ခံယူသွားတော့ မှာဘဲ မဟုတ်လား။

ဒီတော့ မဂ်တရားဆိုတာ ကိုယ်က တကယ်မြင်ရတာလား— မမြင်ရပါ၊ ဒီတော့ ဒီဆိုအောင် မယူပါနဲ့အုံး၊ ဒီကဲ့ မျိုးစေ့လေးကို ချေနှိုင်လာရင် ဒါမှ တရားစစ်ကိုတွေ့ပြီးတော့ရင် တရားတော်၌ ယုံမှားခြင်းဟာ ကင်းသွားပြီ၊ ဒီကဲ့မျိုးစေ့လေးကို ဘာနဲ့ချေမလဲ၊ ဒုက္ခနဲ့ချေရမယ်၊ ဘယ်ဒုက္ခနဲ့ချေရမလဲ၊ ပိဋ္ဌနဌေနိုပ်စက်တဲ့ဒုက္ခနဲ့ချေရမယ် ဒီတော့ ကဲ့မျိုးစေ့လေးဟာ ငါ့ကိုနှိပ်စက် အုံးမှာပါလားဆိုပြီး မြင်လာရင် ဒီ မျိုးစေ့လေးကို အပင်မပေါက်အောင် ချေတော့မယ်၊ ဒီလိုချေနှိုင်တာကို တရားစစ်လို့ခေါ်တယ်၊ တရားစစ်ကိုမြင်ရင် တရားတော်၌ ယုံမှားခြင်းဟာကင်းသွားပြီ။

စေတနာကျတော့လဲ သံသရာရဲ့ ရှေ့နောက် နှစ်ပါးသော အစွန်းကနေ (၀၊) ဝေဒနာ အဝိဇ္ဇာရိပ် ဖဿ တဏှာ.ရိပ်ကနေ ပေါက်လာတာကို စေတနာလို့ခေါ်တယ်၊ ဒီကဲ့မျိုးစေ့လေးကို ရေသောက်မြစ်နှင့် တကွ ပယ်နှိုင်လာတာသည်ပင် ဝေသာရဇ္ဇ ပတ္တော-သာသနာတော်ကြီးမှာ ရဲရင့်ခြင်းသို့ရောက်လာပြီ၊ဒီဟာ သံသရာကြီးရဲ့ မျိုးဇာတ်ကြီး ပြတ်သွားတာကိုမြင်လို့ ရဲရင့်လာတာပါ၊ ဒါကိုအကျိုးထုတ်ရင် သံဃာစစ်ဘဲမဟုတ်လား၊ သံဃာဆိုတာ အသိဉာဏ်ကို ပေးတာဘဲမဟုတ်လား။

အသိဉာဏ်ပေးတဲ့ ပုဂ္ဂိုလ်ဟာ တကာကြီး "ဘိုးစွန်" ရဲ့ "သံဃံ သရဏံ ဂစ္ဆာမိ"ဘဲ မဟုတ်လား၊ ဒီတော့ တခြားက

သံဃာတွေဟာ ဘာမှမဆိုင်ပါ၊ ရဟန္တာအစစ် ပေါ်နေတယ်ဟု ဆိုသော်လည်း ဆိုင်သလား၊ သူ့ဟာသူပေါ်တာဘဲ ရှိတာဘဲ၊ ကိုယ်ကို မဂ်သိ ဖိုလ်သိ တို့နှင့်တကွ အသိဉာဏ်ကို ပေးသလား၊ အသိဉာဏ်ပေးတဲ့သူသာလျှင် တကာ့ကြီး "ဘိုးစွန်"ရဲ့ "သံဃ သရဏံဂစ္ဆामိ" ပါ၊ ကိုင်း ယခုစေတနာ အာဟာရအကြောင်းရဲ့ အကျိုးတရားပေါ်ထွက်ပုံကို အကျဉ်းနည်းလေးနဲ့ ထပ်ပြောလိုပါသေးတယ်၊ ဒီတော့ ခန္ဓာကိုယ်ကြီးမှာကို မီးခတ်ကြီးလေးပါးဟာ ကျေးဇူးပြုနေကြတာကို ထုတ်ပြခဲ့ပြီးပါပြီ။

ယခုစေတနာလေးဟာ ပရိပါစကမီးခါတ်နဲ့ ဥသမမီးခါတ်တို့ရဲ့ သဘာဝအားဖြင့် ပေါင်းစုထောက်ပံ့လာတဲ့ အခိုးအရှိန်တွေ ပါရှိလာတဲ့ သန္တာန်ပွန်မီးခါတ်ကြီးရဲ့ အခိုးအရှိန်ကိုခေါ်တာပါ၊ ယခုဒီသန္တာန်ပွန်မီးခါတ်ကြီးကိုလဲ သဘာဝအားဖြင့် နှားလည်ထားရပါတယ်၊ အဲဒီတော့ ဝေဒနာအာဟာရ အကြောင်းမှာလဲ အကျိုးတရားအနေနဲ့ ဘုရားစစ် ဘုရားမှန်ကို ဟောပြခဲ့ပါပြီ၊ နောက် ဖဿအာဟာရ အကြောင်းတရားမှာကလဲ အကျိုးတရားအနေနဲ့ တရားစစ် တရားမှန်လို့ဆိုတာကို ပြောပြခဲ့လို့ပြီးပါပြီ။

အဲဒီ ဘုရားစစ် တရားစစ်တွေကို ထုတ်ဖော် ဟောပြခဲ့တဲ့ အနေနဲ့ဟာက သံဃာစစ်ပေါ့၊ ဘာယုံမှားစရာ လိုသေးသလဲ၊ ဘာမဖြစ်လို့လဲဆိုရင် ယခု ပစ္စုယပရိဂ္ဂဟဉာဏ်မှာ ထုတ်ပြနေတဲ့ နာမ်တရားလောကရဲ့ အကြောင်းတရားတွေကို ဒိဋ္ဌမမ္မ,ပဋ္ဌမမ္မ, ဝိဒိ ဘမမ္မ,ပရိယောဂဋ္ဌမမ္မ အားဖြင့် သင်တန်းနည်းမျိုးစုံနဲ့ ယခုလို ကျိုးကျိုးနွံနွံကြီးနဲ့ ခံယူပြီးတော့ သိမ်းဆည်းနိုင်လာရင်ဘဲ ဘယ်တော့မှ တရားတု တရားယောင်တို့ရဲ့ တပည့်ဟာ မဖြစ်တော့ပါဘူး၊ အဲဒါ စင်ကြယ်တဲ့ သန့်ရှင်းတဲ့ မျိုးဇာတ် ရိုးဇာတ်တွေကိုသာ ထူထောင်သွားတော့မှာဘဲမဟုတ်လား၊ သေသေချာချာ

ဖတ္ပေးပါ၊ အဲဒါဟာ သန္တာန်ပဋ္ဌဒုက္ခ-ပူပန်တဲ့ ဒုက္ခအနေနဲ့ ကို အပိုင်မြင်တွေ့ လာလို့ဘဲမဟုတ်လား၊ ဒါဟာ သံဃာစစ်ဘဲမဟုတ်လား၊ ဘာ နှလုံး နှခ ဒီဟာသံသယ ရှိနေဘို့ လိုသေးသလဲ၊ အဲဒီလိုကော မဆုံးဖြတ်နိုင်ဘူးလား၊ ဒီတော့ ဒါကို ဘုရားစစ်, တရားစစ်, သံဃာစစ် ဆိုတဲ့ ဒဋ္ဌသရဏဂုဏ် ဘမဟုတ်လား။

ဒီတော့ အကျိုးတရားအားဖြင့် ၁-ဘုရားစစ်ဖြစ်တဲ့ ကိုးကွယ်ရာ အစစ်ကို တွေ့ခြင်း၊ ၂-တရားစစ်ဖြစ်တဲ့ ကံမျိုးစေ့ကို ပယ်နှုတ်ခြင်း၊ ၃ သံဃာစစ်ဖြစ်တဲ့ အသိဉာဏ်ကို ပေးနိုင်ခြင်းဆိုတဲ့ အကျိုးတရားစစ်စစ်ဖြစ်တဲ့ ဒီအကျိုးတရား ၃-ပါးကိုလဲရလာရော ယခု ဒီအလေ့မှား အကျင့်မှားတွေကို တခါတည်း ပယ်ထုတ်လိုက်တော့ တာဘဲ။

အဲဒီနေရာမှာ သဘာဝမမူ တရားတွေရဲ့ သဘောလေးကို ထပ်ရှင်းပြပါအုံးမယ်၊ အဘိဓမ္မာက ကြံတတ် သိတတ်တာကို စိတ်လို့ခေါ်တယ်၊ အဲဒါကို ဝိပဿနာက သန္တာတိ ၄-ချက်ကို စိတ်လို့ခေါ်တယ်၊ ယခု ဝေဒနာ,ဖဿ,စေတနာ,ကံ ဆိုတဲ့ နိမိတ္တာ သန္တာတိ နာမ်တရားလေးကရဲ့ ရေသောက်မြစ် ၄-ချက်မှာ ဝေဒနာ, ဖဿ, ဇေတနာ ဆိုတဲ့ ပရမတ် သန္တာတိလေးတွေက သဘာဝအနေနဲ့ သဘောတူ ဆက်စပ်တဲ့ အနေနဲ့ ရှိလိုက်တော့ ကံဆိုတဲ့ သန္တာတိလေးကလဲ သဘောတူ ဆက်စပ်တဲ့အနေနဲ့ ပေါင်းပေါ်တဲ့ သဘာဝအားဖြင့် ပေါ်လာရတာပါ။

ဒီ-နိမိတ္တာ သန္တာတိ ၄-ချက် စုံညီပြီးတော့ သဘာဝ အနေနဲ့ သဘောတူဆက်စပ်တဲ့အနေနဲ့ ပေါင်းပေါ်လိုက်တဲ့ သဘာဝကို ဒုက္ခသစ္စာလို့ဓမ္မစကြာတရားတော်ကြီးမှာ သစ္စာဉာဏ်,ကိစ္စဉာဏ်, ကတဉာဏ် အားဖြင့် ရှင်တော်မြတ်ဘုရားက ထုတ်ပေါ် ဆုံးမတော် မူခဲ့ပါတယ်၊ ဒီ ဒုက္ခ သစ္စာရဲ့အကြောင်း ရေသောက်မြစ်

တွေ့ကိုလဲ သခ်ၢတဋ္ဌော-ပြုပြင်ခြင်းဒုက္ခ၊ ပိဋ္ဌနဋ္ဌော-နှိပ်စက်ခြင်းဒုက္ခ၊ သန္ဓာပဋ္ဌော-ပူပန်ခြင်းဒုက္ခနှင့် ဝိပရိဏာမဋ္ဌော-ဖေါက်ပြန်ပျက်စီးတဲ့ ဒုက္ခအနေနဲ့ ဒုက္ခတရားရဲ့ ဖြစ်ကြောင်း အကြောင်းတရား ၄-ပါးကို ထုတ်ဖေါ်ဆိုးမတော်မူခဲ့ရာ ယခု ကံအာ ဘာရ အကြောင်းတရားမှာကို ဝိပရိနာမဋ္ဌော-ဖေါက်ပြန်ပျက်စီးနေတဲ့ ဒုက္ခလေးကို သဘာဝရဲ့ သဘောအတိုင်း ပရိယောဂဇ္ဈမမှအနေနဲ့ ကိုယ်တိုင်တွေ့မြင်လိုက်တာသည်ပင် မမှန်တဲ့အလေ့မှား၊ အကျင့်မှား၊ အလုပ်မှားဖြစ်တဲ့ သီလဗဟုတပရာမာသဒိဋ္ဌိ, ဂေါဝတနဲ့ ဂေါသီလတွေကို ပယ်စွန့်လိုက်ပြီးတော့ ဒိဋ္ဌသရဏဂုံ အနေနဲ့ ခံယူလာနိုင်ပါတယ်၊ အဲဒါဟာ အကျင့်တရား၌ ယုံမှားခြင်းဟာ ကင်းသွားပါတယ်။

ဒီလို အကြောင်းယုံမှားခြင်း၊ အကျိုးယုံမှားခြင်း တွေ့ကို တာဂယ်ပယ်ဆုတ်လာနိုင်ရင် ဝိသမဟေတုကဒိဋ္ဌိကြီး ပြုတ်ပြီး ဒိဋ္ဌသရဏဂုံကြီးကိုခံယူနိုင်ပြီ၊ ဝါ;မိမိမှာ ဒိဋ္ဌသရဏဂုံကြီး မြဲလာပြီ၊ခုဇ္ဈတ္တရာတို့ သာမာဝတီတို့၏စတ္တုကိုကြည့်ရင် အသိဉာဏ်ကို ပေးတဲ့သူဟာ သံဃာလို့ဆိုတာ ထင်ရှား လာပါလိမ့်မည်။

သာမာဝတီ-ခုဇ္ဈတ္တရာ ဝတ္ထုအကျဉ်း။

မြတ်စွာဘုရားသခင် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီဘင်းသုံးနေတော်မူသော အခါ သာမာဝတီ မိဖုယားကို အခေကြောင်းပြု၍ဟောခေတော်မူလေ၏ ထိုသာမာဝတီမိဖုယားသည် ဥတေနမင်းကြီး၏ မိဖုယားခေါင်ကြီး ဖြစ်လေ၍ ငါးရာသော မောင်းမ အလုပ်အကျေး တို့ဖြင့် ထားလေသည်၊ သာမာဝတီ မိဖုယားကြီး ပန်းပန်စိမ့်သောဂုါ တနေ့ တနေ့မှာ ပန်းဘိုးရှစ်သပြာ ပေးလေ၏၊ သာမာဝတီ မိဖုယား၏ ကျွန်မ ခုဇ္ဈတ္တရာ

သည် သုမန ပန်းသည်ထံ၌ နေ့တိုင်း နေ့တိုင်း ဝယ်လေသော် လေးသပြာဘိုးသာ ဝယ်ပြီး ကျန်သော လေးသပြာကိုမူကား.... မိမိအတွက်ယူထားလေ၏။

တနေ့သ၌ ထိုသုမနပန်းသည် သည်၊ ဘုရားသခင်ကို ဆွမ်းကျေးမည်ဟု စီရင်၏၊ ခုဇ္ဇုတ္တရာသည် ပန်းဝယ်ရန်အလို့ငှါသွားလေသော် သုမန ပန်းသည်လည်း "အချင်း ခုဇ္ဇုတ္တရာ၊ ယနေ့ ဘုရားသခင်ကို ဆွမ်းကျေးဦးမည်၊ မအားသေး၍ နေပါဦး' ဟု ဆိုလေသတည်း။ ခုဇ္ဇုတ္တရာသည် "ဘုရားရှင်ကိုဆွမ်းကျေးလျှင် ဝိုင်းဝန်းကူညီလို့ ဝေယျာဝစ္စ ပြုလုပ်ပါမည်၊ တရားတော်ကိုလည်း နာကြားပါရစေလို့" ပြောသောအခါ.... "ကောင်းပြီ ဝေယျာဝစ္စအမှုကိုလဲပြုလုပ်၍ တရားတော်လည်း နာကြားပါ" ဟု ပြောလေ၏။

သုမန ပန်းသည်လည်း ဘုရားရှင် နှင့် တကွ သံဃာတော်တို့ကို ဆွမ်းကျေးလေသည်၊ ဘုရားရှင်သည် ဆွမ်းစားခြင်းကိစ္စပြီးလေသော် ဆွမ်းအနုမောဒနာပြုပြီး တရားဟောတော်မူ၏၊ ခုဇ္ဇုတ္တရာသည် ဘုရားရှင်၏ တရားတော်ကို ကြားနာရ၍ တရားတော်၏ အဆုံး၌ သောတာပဏ္ဏဖိုလ်သို့ရောက်လေ၏၊ ခုဇ္ဇုတ္တရာသည် နေ့တိုင်းပန်းဝယ်သော် လေးသပြာဘိုးသာ ဝယ်လေ၏၊ ယနေ့ကား_ ဘုရားရှင်၏တရားတော်ကို နာကြားရပြီး သောတာပန် ဖြစ်လေသောကြောင့် ရှစ်သပြာဘိုး ပန်းကို ဝယ်လေ၏။

သာမာဝတီမိဖုရားသည် ပန်းများသည်ကိုမြင်၍ "ယနေ့ကား မင်းကြီးသည် ပန်းဘိုးများများ ပေးလေသလော၊ ပန်းတွေ့ များလှစွတကား"ဟုဆိုလေ၏။ ခုဇ္ဇုတ္တရာသည် "ရှင်မ၊ နေ့တိုင်းကား.... လေးသပြာဘိုးကိုသာဝယ်၍ ကျန်သော လေးသပြာကို

ကျွန်ုပ်ယူလေသည်" ဟု ပြောလေ၏၊ ယနေ့သည်ကား သုမနပန်းသည် သည် ဘုရားသခင်ကိုဆွမ်းကျွေး၍ ကျွန်ုပ်သည် ဘုရားရှင်၏ တရားတော်ကိုနာကြားရ၍ သောတာပတ္တိဖိုလ်သို့ ရောက်သည်ဖြစ်၍ သူတပါးရဲ့ပစ္စည်းဥစ္စာကို မယူတော့ပါ" လို့ ပြောလေ၏။

ထိုသို့ဆိုသော် သာမာဝတီ မိဖုရားကြီးသည် ငါ့ဥစ္စာကို နေ့တိုင်း ယူရမည်လားဟု အမျက်မထွက်ဘဲနဲ့ "အချင်း ခုဇ္ဇုတ္တရာ၊ သင်သည် ဘုရားသခင်ဟောတော်မူသော တရားတော်ကိုနာရ၍ သင်ရရှိခဲ့သော အမြိုက်တရားတော်ကို ငါတို့အားပြောကြားပါ" ဟု ဆိုလေ၏။ ခုဇ္ဇုတ္တရာလည်း "ငါရရှိခဲ့သော တရားတော်ကို ဟောရမည်ဆိုသော် ငါ့အား ရေချိုးဦးလော့" ဟု ဆိုလေသည်။ သာမာဝတီသည် ခုဇ္ဇုတ္တရာကို တဆယ်ခြောက်လုံးသော နံ့သာရေတို့ဖြင့် ချိုးစေ၍ နှစ်စုံသော ကောင်းမြတ်သောအဝတ်တို့ကို ဝတ်စေ၏၊ ခုဇ္ဇုတ္တရာသည် အဝတ်တထည်ကို ခြုံပြီးသော် မြတ်သော နေရာထက်ဌာနေ၍ တရားတော်ကို ဟောကြားလေသည်။

တရားတော်ကိုနာကြား၍ သာမာဝတီနှင့်တကွ ငါးရာသော မောင်းမတို့သည် သောတာပန် ဖြစ်ကြလေသည်။ သာမာဝတီသည် ခုဇ္ဇုတ္တရာကို ရှိခိုး၍ "မိခင် ခုဇ္ဇုတ္တရာ ယနေ့မှစ၍ ကျွန်ုပ်ဟူသော စကားကို ငါတို့မဆိုပြီ တစုံတခုသော အမှုကို မပြုနှင့်တော့" ဟု ဆိုလေ၏။ ငါတို့၏ အမိအရာ အဘအရာဌာနင်း၊ ဆရာအရာဌာနင်း ထားပါ၏ သင်သည် ဘုရားသခင်၏ အထံသို့သွား၍ ပရိသတ် လေးပါးတို့၏ အလည်ဌာ ထိုက်သည် အားလျှော်စွာ မြတ်စွာဘုရား ဟောကြားတော် မူအပ်သော တရားတော်ကို နာယူ၍ အမိက ငါ့အား တဆင့်ဟောပါလော့" ဟု ပြောလေ၏၊

ခုဇ္ဇုတ္တရာသည် သာမာဝတီဆိုတိုင်း ဘုရားသခင်အထံသို့သွား၍ တရားတော်ကို နာကြားပြီး သာမာဝတီနှင့်တကွ ငါးရာသော မောင်းမတို့ကို တရားဟောလေ၏။

ဤသာမာဝတီနှင့် ခုဇ္ဇုတ္တရာဝတ္ထုကို ထောက်ရှု၍ မိမိအား တမင်,တဖိုလ်,အသိဉာဏ်ပေးသော ပုဂ္ဂိုလ်သည် သံယာစစ်ဟူ၍ "သံယံ သရဏံ ဂစ္ဆामိ" ဟု ဒိဋ္ဌသရဏဂုံတည်လေ၏။

(ဤကား... အကျဉ်းမျှသာတည်း)

ဇတ္တရဏီ၊ နဒီမြစ်လောင်း၊ အမွှန်ချောင်း.သို့၊စောင်းမြောင်းငြူ၊ ခြုတ်ခြုတ် ပူသည်.ဟူဟူသမျှ၊ အာသဝနှင့်၊ မလှနောက်ကျ၊ မကောင်းမှုကို၊ ရှစ်ခု မှုဂ္ဂင်၊ မြှိုက်ရေရှင်ဖြင့်၊ စင်စိမ့်သို့စော်၊ လေးကြိမ်လျှော်၍ ကိုယ်ပေါ် ကိုယ်တွင်း သန့်ရှင်းရှင်းလျင်၊ အချင်းခပ်သိမ်း၊ ကျေးဇူးရှိန်းလျက်၊ ချိုးလိမ်း နံ့သာ၊ စျာန်အင်္ဂါနှင့်၊ ခေမာဥပလဝဏ်၊မိန်းမမွန်သို့၊ နိဗ္ဗာန်ကမ်းခိုင်၊ လမ်းဆုံးတိုင်လိမ့်၊ ပြည့်လှိုင် ကျေးဇူးအပေါင်းတည်း။

လို့ ဝေးပိုင်တော်မူကြသော ပုဂ္ဂိုလ်ကြီးများမိန့်တော်မူခဲ့တဲ့အတိုင်း ယခုတရားနာလာရောက်ကြကုန်သော အမျိုးကောင်းသား, အမျိုးကောင်း သမီးကြီးတို့သည် ဤ မဟာသတိပဋ္ဌာန်တရားတော်မြတ်ကြီးကို ယခုဘဝနှင့်ပင် အပိုင်ရလေအောင်.... ဝဒေါ့ဒ္ဓု ·အဘိဝဒေါ့ဒ္ဓု ·ပဝဒေါ့ဒ္ဓု၊ သဒ္ဓါပညာ အဖြားဖြားဖြင့် ပွားစ ပွားလယ် ပွားဆုံး ကြွယ်အောင် ပင်လယ်ရေစု မြေထုအလား တဏှာယ်တန်းပွားများနိုင်ကြ,ကြီးစားနိုင်ကြ,အားထုတ်နိုင်ကြ ပါစေကုန်သတည်း။

ညဟောစဉ်။

ဥပါဒါန-သဏ္ဌာယဟု ၊တလွဘေးထူ၊ ငါတည်းဟူသား၊ မသူတော်ရှာ၊ ဤခန္ဓာမှ၊ ပြည်သာ ပြာသာဒ်၊ အရိမဒ်ဟု၊ ဘုံထွင့်ညီးညီး၊ မိုးရပ်သီးသို့၊ လင်းစီးထောက်ထောက်၊ မရောက်သောကြား၊ ခြောက်ဘန့် နားလျက်ရထားခြောက်ဆူ၊ သိဒ္ဓိဟူသား၊ ယဉ်ဖြူလှည်းဘီး၊ ဆူလှယ်စီး၍၊ ပြည်ကြီးလိုက်ပင်၊သင့်ကုန်လျှင်သား၊ ရှင်ပင်သင်္ဏာ၏၊ငါထံ့ဖြစ်သား၊အစစ်နှင်နှင်၊ သူတော်ခွင့်ဝယ်၊ ညာတင်စင်ကြီး၊ ပညာဖြိုးသည် ကျမ်းရိုးတတ်စွာ၊ ထိုပမာသို့၊ ခန္ဓာနှာမ်ရုပ်၊ မချုပ်သမျှ၊ နှိုးလုံ့လ၍၊ နေ့ညကြိုးစား ကုန်ရာသကဲ့သို့ရင်း။

လို့တရားပိုင်ခေတ်ပိုင်တော်မူတဲ့ ပုဂ္ဂိုလ်ကြီးတွေ ၊မိန့်တော်မူခဲ့သည့်အတိုင်း---ဤဝိသာခါတရားဥကျောင်းကို အခြေခံထားပြီး ယခု မဟာသဘိပဋ္ဌာန် တရားတော်ကြီးကို တက်လာခဲ့တာဟာ ဒီနေ့ဘဲ ပစ္စယ ပရိဂ္ဂဟ ဥာဏ်ကြီးကို ဥကျောင်း ချရတော့မယ်၊ ပစ္စဟ ပရိဂ္ဂဟ ဥာဏ်ကြီးကို ဥကျောင်းချရင် ဘယ်သဘာဝကို အပိုင်သိမ်းနိုင်မလဲ၊ အဲဒါမိမိရဲ့နှလုံးအိမ်ထဲမှာ ရှိနေတဲ့ ယုံမှားခြင်း(၇)ပါးကို အပိုင်သိမ်းနိုင်ရမယ်၊ နောက်ပုံစံကိုလဲ သဘောပေါက်နားလည်ထားရမယ်။

ယုံမှားခြင်း ရှစ်ပါးတွေကို နေ့ခင်းပိုင်းမှာ ဟောကြားခဲ့ပြီးပါပြီ၊ ညပိုင်းမှာလဲ မနာကြားရသေးတဲ့ သူများအဘက် ထစ်ဟောပြပါအုံးမယ်၊ ဒီတော့ ယုံမှားခြင်း ဆိုတာ ဒိဋ္ဌ-သံသယ-အာရုံကို မဆုံးဖြတ်နိုင်တာပါ၊ ဒါဖြင့်ရင် ဘယ်လို ယုံမှားသလဲ၊

ဘုရားဌာယုံမှားတယ်ဆိုတာ သက်တော်ထင်ရှား ဂေါတမဘုရားမှ ဟုတ်မှုဟုတ်ပါသလား၊ (၀၁) သစ္စာလေးပါး မြတ်တရားတို့ကို ဆရာမကူ သယမ္ဘူ၏ဥာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော ရှင်ဂေါတမတာ ဘုရားစစ်မှ ဟုတ်ပါလေသလားဆိုပြီး ယုံမှားနေတာပါ။

နောက်တရားဌ ယုံမှားခြင်းဆိုတာလဲ လောကုတ္တရာတရားကိုးပါး တို့ဟာ တရားစစ်မှ ဟုတ်ပါလေသလား၊ မဟုတ်လေသလား လို့ ယုံမှားနေတာပါ၊ သံဃာတော်ဌ ယုံမှားခြင်းဆိုတာကလဲ ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံတော်မူသော သံဃာတော်များဟာလဲ သံဃာစစ်မှ ဟုတ်မှ ဟုတ်ပါလေသလား၊ မဟုတ်လေသလား လို့ ယုံမှားနေတာပါ၊ နောက် အကျင့်သီလဌယုံမှားခြင်းဆိုတာကလ ကိုယ်အားထုတ်နေတဲ့တရားသည်ပင် မဂ်ဖိုလ်နိဗ္ဗာန်ကိုမှ ရမှ ရပါလေမလား နောက် သံသရာရဲ့ရှေ့အစွန်း, သံသရာရဲ့နောက်အစွန်း, သံသရာရဲ့ ရှေ့နောက်အစွန်း, သစ္စာလေးပါး တရားတော်ဟာလဲ ဟုတ်မှ ဟုတ်ပါလေမလားလို့ ယုံမှားနေတာပါ၊ ဒါဟာ ပရမတ်ယုံမှားခြင်း ရှစ်ပါးလို့ ခေါ်တယ်။

ဒီယုံမှားခြင်းတွေကို အရင်က ဆရာတော်တို့ ဘယ်အနေနဲ့ ထင်ခဲ့သလဲဆိုတော့ ငါတို့ဟာ ဗုဒ္ဓဘာသာအစစ်ဖြစ်ပြီး သက်နှံးဝတ်နေတဲ့အတွက် ဘုရား, တရား, သံဃာတွေကို ယုံကြည်နေတဲ့သူတွေ ဖြစ်နေလို့ ဒီ-ယုံမှားခြင်း တွေဟာ မရှိပါ၊ ရတနာမြတ်သုံးပါးကို မကြည်ညိုတဲ့သူတွေမှ ဒီ-ယုံမှားခြင်း တွေဟာ ရှိမှာဘဲလို့ အဲဒီလို ထင်လာခဲ့တယ်၊ အဲဒါ ကိုယ်ကိုယ်ကိုတော့ လှတ်အောင်ရှုနှိုးပြီး သူများတွေကိုတော့ တွန်း ချခဲ့တယ်၊ နောက် ပဋ္ဌိပတ် ဝိပဿနာဘက်ကို လိုက်လာခဲ့တဲ့အခါကျတော့ ဒီ-ပစ္စယ ဖရိုဋ္ဌဟဉာဏ်ကိုလဲ ရောက်လာရော အရင်က ယူလာခဲ့တဲ့ အယူ

တွေ့ကို ပြန်စဉ်းစားလိုက်တော့ သက်နှီးဝတ်တယ် ဆိုတာလဲ ကိုယ်က ဂုဏ်တော်ကိုးပါးကိုရပြီးတော့ ဝတ်တာမဟုတ်၊ တရားတော်ကို သိလို့ ဝတ်တာလဲမဟုတ်ပါ။

ဒီတော့ ယုံမှားခြင်းဟာ ဘယ်ကင်းအုံးမှာလဲ၊ သာသနာတော်ကြီးရဲ့ ဘောင်ကို ဝင်လာတာဟာ သိက္ခာပုဒ်တော်တွေကို ထိန်းသိမ်းစောင့်ရှောက်ချင်လို့ ဝင်လာတာ ဖြစ်ခြင်းကြောင့် ယုံမှားခြင်းဟာ မကင်းသေးပါ၊ ဒီတော့ ပဋ္ဌယပရိဂ္ဂဟဉာဏ်နဲ့ ပရမတ္ထသဘာဝခွဲရုပ်နာမ်ကို မသိမ်းနိုင်သေးသမျှကာလပတ်လုံး ယုံမှားခြင်းတွေဟာ မကင်းသေးပါ၊ ဒီတော့ ဘုရားရှင်ဟာ ဘယ်ဟာလဲဆိုရင် အဲဒါ ဂုဏ်တော်ကိုးပါးလို့ ပြောလိုပြော၊ သဗ္ဗညုတဉာဏ်တော်ကြီးပါလို့ ပြောလိုခြေပြောနဲ့ ပြောလာကြပြီဘဲ မဟုတ်လား၊ ဒီတော့ သဘာဝတွေကတော့ မှန်ပါရဲ့ မိမိသောက်တဲ့ သဘာဝကိုက သညာဝိညာဏ်နဲ့ ထောက်လေတော့ ဘုရားစစ်ကိုမတွေ့ပါ။

ယုံမှားခြင်းဘုရားသာလျှင် ရှိနေသေးတယ်၊ ဒီတော့ သုတသရဏာဂုံကနေ ဒိဋ္ဌသရဏာဂုံ ရောက်အောင် ဘယ်လိုလုပ်မလဲ ဒါကို တွေးကြံရမယ်၊ ဆရာတော်တို့ အောက်ပြည်မှာ ဆိုရင် အညာဆန် ဆရာကြီးတွေရောက်လာပြီး တရားဟောကြတဲ့အခါမှာ ဘုရားစစ်ကိုတွေ့ချင်သလား၊ တွေ့ချင်ရင် အသိဉာဏ်ကိုပေးတဲ့ ပုဂ္ဂိုလ်ဟာ ဘုရားဘဲ ဒီလို ပြောလာ တော့တယ်၊ နောက်တဦးကျပြန်တော့လဲ ဒီရုပ်ပွားဆင်းထုတော်လေးကွေ့ဟာ နာမနဲ့သဏ္ဌာနပညတ် မကင်းသေးပါ၊ ဒါဟာ ပညတ်ဘုရားသာ ရှိသေးတယ်။

ဒါတွေကို မယူနဲ့၊ ပရမတ် အစစ်ဘုရားဆိုတာ ဂုဏ်တော်ကိုးပါးသာလျှင် ဘုရား၊ သဗ္ဗညုတ ဉာဏ်တော်သာလျှင် ဘုရား၊

ဒီလိုသာ ပြောလာတယ်။ ဒီတော့ ဒီဂုဏ်တော်, ဉာဏ်တော်ကို ဘုရားလို့ ပြောတာကတော့ မမှန်ဘူးလို့ မဆိုပါ၊ ဒါပေမဲ့ မိမိသိတဲ့အသိက သည်ဝ ဝိညာဏ်သိ ဖြစ်လေတော့ မိမိရဲ့ အသိကကို မစင်ကြယ်သေးပါ၊ ဒါကြောင့် ဘုရားစစ်ကို မတွေ့သေးပါ၊ ယခုပစ္စုယပရိဂ္ဂဟဉာဏ်နဲ့ မသိမ်းသမျှ ဘုရားစစ်, တရားစစ်, သံဃာစစ်ကို မတွေ့သေးပါ။

အဲဒီလို အညာဆန် ဆရာကြီးတွေက ပြောတဲ့အတိုင်း ဂုဏ်ဟော်ဘုရားကိုလဲ ယူလာရော ကြေးဆင်းတု, ကျောက်ဆင်းတု ပုံတော်တွေကို တခါထဲစွန့်ပစ်လာတော့တယ်၊ ဒီတော့ ထိုပုဂ္ဂိုလ်တွေမှာ ဥစ္စာဒဿီဋ္ဌိထဲ ကျမကုန်ဘူးလား ယခုပစ္စုယပရိဂ္ဂဟဉာဏ်နဲ့ တကယ်သိမ်းနိုင်မှ သုတသရဏာဂုံကြီးက နေပြီးတော့ ဒိဋ္ဌသရဏဂုံကြီးကိုရောက်လာမယ်၊ ဒီသဘာဝတွေကို သေသေချာချာတွေးပါ ဒီသရဏဂုံကျတော့ အသက်သေသော်လဲ မပျောက်တော့ပါ၊ နိဗ္ဗာနဝတ် မရမခြင်းတည်နေပြီ။

ဒါကြောင့် သူ့မှာ " တိဏ္ဏံ သံယောဇနာနံ "တိဏ္ဏံ - သုံးပါးကုန်သော။ သံယောဇနာနံ၊ ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတပရာမာသသံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ်တို့ကို။ ပဟာနာယ-ပယ်ခြင်းကြောင့်။ ပရိက္ခယာယ-ကုန်ခြင်းကြောင့်။ နိယတော- ဘုရားမြဲပြီ, တရားမြဲပြီ, သံဃာမြဲပြီ, အဝိနိပါတဓမ္မာ နှစ်ဆယ်, ကိုးပါးသောကံတရားတို့က ဖရိုဖရဲနဲ့ အပါယ်လေးပါးသို့ ဆွဲမခေါ်နိုင်တော့ပြီ၊ သမ္ဗောဓိပရာယနော၊ အထက်မဂ်, အထက်ဖိုလ်သို့ ဥက္ကောင်းဆိုက်ပြီလို့ ပြလာပါတယ်။ ဒီတော့ ဘုရားမြဲတယ်, တရားမြဲတယ်, သံဃာမြဲတယ်ဆိုတာဟာ ပစ္စုယပရိဂ္ဂဟဉာဏ်က အခြေခံပင်မ, ကြီးပါ၊ ဒီဉာဏ်ကို တကယ်ပိုင်လာရင် ဝိသမယေ တုကဒိဋ္ဌိကြီးကို ပယ်နိုင်ပြီ၊ ဒီနေ့ ပစ္စုယပရိဂ္ဂဟဉာဏ်ကို ဥက္ကောင်းချတော့မယ်။

ဒါဖြင့် ဘုရားစစ်, တရားစစ်, သံဃာစစ်ကို ခံယူနိုင်အောင် ကိုင်း ဘုရားစစ်ကို ဘယ်လိုရှာမလဲ ဒီတရားဟာ အင်မတန်မှ နက်နဲသိမ်မွေ့တဲ့တရားတော်ကြီးပါ၊ ဒီတော့သကိပဋ္ဌာန်အာနာ ပါန တရားတော်ကြီးကို နာကြားလိုက်တာနဲ့ အသိဉာဏ်တွေ တောက်လာအောင် ကိုင်း . ဘုရားစစ်ကိုရှာပြတော့မယ်၊ ဒီတော့ ဝိသမဟေတုက ဒီဋ္ဌိကိုပယ်သတ်လိုက်ရင် (တနည်း) အကြောင်း နဲ့ အကျိုးလဲ သိမ်းလိုက်ရော အကြောင်းပြတ် ဒုကျိုးငြိမ်း၊ အကြောင်းပြတ်ဆိုတာက အကြောင်းလို့ မပြောနိုင်တော့ဘဲနဲ့ အကျိုးတရားမှာ သုဉ်းဆိတ်သွားမယ်၊ သုဉ်းတယ် ဆိုတာကလဲ နောင်တဖန် အဒုကြောင်းထပ်ပြီး မပေါ်တာကိုခေါ်တယ် ဆိတ် တယ်ဆိုတာက ငြိမ်းတော့ခေါတ်ကို ရည်ညွှန်းတာပါ။

ဒီတော့နာမနဲ့ သဏ္ဌာန်ပညတ်ဟာ မပေါ်တော့ဘဲ သုဉ်း ဆိုတ်သွားတော့ အာရုံခြောက်ပါးနဲ့ ဟော့လိုက်တဲ့အခါမှာ ဣဋ္ဌ အနိဋ္ဌ,သုခ,ဒုက္ခ, ဝေဒနာတွေမပေါ်တော့ပါ၊ အဲဒါကိုလာတွေ့ တယ်၊ ဒါပေမဲ့ ဝိသမဟေတုကဒီဋ္ဌိဟာ မကင်းသေးပါ၊ ယခု ဒီနေရာမှာ မှတ်ဘမ်းကြီးပေးခဲ့ပါဘယ်။ အဗျာပါရ အနတ္တနဲ့ သတ်ရုံနဲ့ ဝိသမဟေတုက ဒီဋ္ဌိဟာမကင်းသေးပါ၊ မှတ်ချက်ယူ ထားပါ၊ ဒီနေရာမှာ အရင်က ဒီသဘာဝတွေကို မဖေါ်ခဲ့ပါ၊ အခုမှဖေါ်ထုတ်ပြီးပြလာခဲ့ရပါတယ်၊ ဒီတော့ ဝိသမဟေတုက ဒီဋ္ဌိကိုသတ်ချင်ရင် အာဟာရအကြောင်း ၄ ချက်ကို ပြန်ရှုလိုက် ပါ၊ ဝေဒနာ,ဖဿ,စေတနာ,ကံ ဒါကို ပြန်ရှုပါ၊ အဲဒါဟာ ပဋ္ဌမ မူလ ဘူတ ဗီဇ အကြောင်းပါ၊ ဒါဟာ သန့်တ လောကကြီးရဲ့ ပဋ္ဌမအကြောင်းရင်းပါ။

ဒီလေးချက်ဟာ ဘယ်သူ့ကြောင့်ပေါ်လာသလဲလို့မေးရင် ဘယ်လိုခြေပြောမလဲ၊ စာပေါက်ဂ(၀၊)ပိဋ္ဌကတ်ကတော့ အဆင်း

နဲ့အကြည်ဆုံလို့ ပေါ်တယ်လို့ အပေါ်ရုံလောက်သာ ပြောသွားပါတယ်၊ ဒီသဘာဝကို ယခု ဒီနေရာက မကိုင်ပါ၊ သူ့ထက်အရင် ဖြစ်တဲ့အကြောင်းကို ရှာရမယ်၊ ဒီတော့ အဆင်း,အကြည်အမြင်,အသိ-ဒီလေးပါ။ ပေါင်းမှ သိပါတယ်လို့ ယခုဒီနေရာမှာ မယူပါ၊ အဲဒါ ဝေဒနာ,ဖဿ,စေတနာ,ကံ- ဒီလေးပါးကြောင့် သိတာပါ၊ ဒီတော့ ဝေဒနာနဲ့ကင်းတဲ့ စိတ်မရှိပါ၊ ဒီဝေဒနာကနေ စိတ်တခုယုတ်ကိုးဆယ် အကျယ်(၁၂၁)ပါးဘွဲ့ ဖြစ်လာရတာပါ၊ စေတသိက်ငါးဆယ်နှစ်လုံးဖြစ်လာတာဟာ ဖဿကနေ ဖြစ်လာရတာပါလို့ ဆိုတာကို အပိုင်ယူထားပါ။

ယခုမဟာသတိပဋ္ဌာန်တရားတော်ကြီးရဲ့ ယခု ပစ္စယပရိဂ္ဂဟ ဉာဏ်ဟာ အကြောင်း တရားတွေကို သိမ်းဆည်းတဲ့ ဉာဏ်ပါ၊ ဒီတော့ကာ ပဋ္ဌိစ္စသမုပ္ပါဒီ တရားတော်ကြီးဟာလဲ အကြောင်းတရားတွေကို ဖေါ်ပြတဲ့တရားပါ၊ပဋ္ဌာန်းကျမ်းကြီးဆိုတာဟာလဲ အကြောင်းတရားတွေကိုဖေါ်ပြတဲ့တရားတွေပါ၊ တနည်း- ဟေတု အကြောင်းနဲ့ ပစ္စယအကြောင်းတရားတွေပါဘဲ၊ အဲဒါဟာ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီးကို အကျဉ်းချုံးပြီးအဆိုညွှန်လိုက်တော့ စေတနာတလုံးသာထွက်လာပါတယ်၊ပဋ္ဌာန်းကျမ်းကြီးရဲ့ ပစ္စည်း ပစ္စယုပ္ပန်တွေကို ဆက်ပြီး ကျေးဇူးပြုပုံအမျိုးမျိုးကိုဟောပြထားတဲ့ အကြောင်းတွေကို အကျဉ်းချုံးလိုက်တော့လဲ ကံ-ကလေးတလုံးသာထွက်လာပါတယ်၊ ဒီတော့ ယခုပစ္စယပရိဂ္ဂဟ ဉာဏ်မှာ သိမ်းဆည်းနေတာက ၃၁-ဘုံကြီးရဲ့ အကြောင်းရင်းရေသောက်မြစ်ဖြစ်တဲ့(တနည်း)မူလ-ဘူတ ဗီဇဖြစ်တဲ့ အာဟာရ အကြောင်းတရားလေးပါးရဲ့ ပစ္စုပ္ပန်ဆတ်ဆတ် သဘာဝအနတ္တဖြစ်တဲ့ နိမိတ္တ သန္တတိလေးဘွဲ့ကို ဖေါ်ထုတ်ပြနေတာပါ။

ဒီတော့ယခုပြလာတဲ့ဝေဒနာဟာ အရိပ်ကင်းတဲ့ဝေဒနာပါ။ ဒီနေးကောင်ကို ပစ္စယပရိဂ္ဂဟဉာဏ်က သိမ်းလိုက်တဲ့ အခါမှာ သညာဝိညာဏ်ရိပ်မကင်းတဲ့ သဘောတွေသာ ပြတ်ပြီး သညာဝိညာဏ်ရိပ်ကင်းတဲ့ သဘာဝတွေဟာ ကျန်သေးတယ်၊ (၀၊) နာမနဲ့ သဏ္ဌာနမကင်းဘဲအကြောင်းသာပြတ်ပြီးနာမနဲ့ သဏ္ဌာနပညတ်ရိပ်ကင်းတဲ့ အကြောင်းဟာ ကျန်နေသေးတယ်၊ ဒါကို နိမိတ္တသန္တတိအကြောင်းလို့ခေါ်တယ်၊ ပေါ်လာတဲ့ အခါမှာ တခုထဲ ပေါ်လာတာ မဟုတ်ဘဲ လေးခုလုံး ပေါ်လာတာကို (တနည်း)သဘာဝ အနေနဲ့ သဘောတူ ဆက်စပ်တဲ့ အနေနဲ့ ပေါင်းပေါ်ရတာကို ပရမတ်သန္တတိလို့ခေါ်တယ်၊ ဒါဟာနိမိတ္တသန္တတိပါ။

အဲဒီ နိမိတ္တ သန္တတိလေးတွေကို ဝိပဿနာဉာဏ်စဉ်ဖြင့် အနုပဿနာအပိုင်းကျတော့ နိစ္စ,သုခ,သုဘ,အတ္တရိပ်ဆိုပြီးတော့ ဖွင့်လာပါတယ်၊ အဲဒီ နိစ္စသာရအရိပ်ဆိုတာဟာ စက္ခုအကြည်ခံတဲ့ လေးမှာကပ်နေတဲ့ဝေဒနာလေးကိုခေါ်တာပါ၊ဒီနိမိတ္တသန္တတိကို ကြည့်လိုက်တဲ့ အခါမှာ အကြည်ရဲ့ မျိုးဇာတ်ထဲမှာ သဘာဝအားဖြင့် ဖြစ်နေတဲ့ဝေဒနာလေးကို ပြန်ကြည့်လိုက်ရင် အဝိဇ္ဇာကြီးရဲ့ အရိပ်ကိုလာတွေ့နေတယ်၊ ဒီလို အဝိဇ္ဇာ အရိပ်ကြီးကို သဘာဝနဲ့ တက္ခ တကယ်မြင်လာရင်ဘဲ သံသရာရဲ့ ရှေ့အစွန်းဟာ ရှိလေသလား မရှိလေသလားဆိုတာဟာ တခါထဲပြတ်သွားတယ်။

ဒီတော့ ဝေဒနာရဲ့ နိမိတ္တသန္တတိလေးကို ကြည့်လိုက်တာနဲ့ ကုတ်ထားတဲ့ အဝိဇ္ဇာရ်ပ်ကြီးကိုလဲတွေ့လိုက်ရော သံသရာရဲ့ ရှေ့အစွန်းကြီးဟာ ရှိတယ်လို့ သူ့ပြောလာပြီ၊ ဒီတော့ဝိသမဟေတုဏ ဒီဋ္ဌိကြီးကိုဘခါထဲ တွန်းလှန်နိုင်လာပြီဘဲ မဟုတ်လား၊ ဒီတော့ သံသရာရဲ့ရှေ့အစွန်းဟာ ရှိသလား-ရှိတယ်၊ဘာကြောင့်ရှိတယ်

လို့ပြောနိုင်သလဲ၊ နိမိတ္တသန္တတိကို ကုတ်ထားတဲ့အဝိဇ္ဇာ ရေသောက်မြစ်ကိုတွေ့နေပြီ၊ ဒီလိုတွေ့ရင် သံသရာရဲ့ ရှေ့အစွန်း၌ ယုံမှားခြင်းဟာ ကင်းသွားမယ်။

အဲဒီလို ယုံမှားခြင်းဟာ ကင်းသွားရင်ဘဲ နာမနဲ့သဏ္ဌာန ပညတ်တွေဟာ ဘယ်လိုပင် လှည့်နေသော်လဲ မလိုက်တော့ပါ၊ (တနည်း)သညာဝိညာဏ်တွေ လှည့်နေသော်လဲ မိမိက မလိုက်တော့ပါ၊ အကြောင်းယုံမှားခြင်းပျောက်တော့ အကျိုးယုံမှားခြင်းဟာလဲ ပျောက်ပြီးတော့ဘုရားစစ် ဘယ်လိုတွေ့သလဲလို့ဆိုရင်ဘဲ ကိုးကွယ်ရာ အစစ်သည်ဘုရားဘဲလို့ သိလာတယ်၊ကိုးကွယ်ရာအစစ်သည်ပင် တကာကြီးတို့ရဲ့ နှလုံးအိမ်မှ အဝိဇ္ဇာရိပ်ကြီး ကင်းသွားရင် ဘုရားအစစ်ဟာ ငါတို့ရဲ့ ရှင်ဂေါတမကြီးဟာ ငါတို့ရဲ့ ကိုးကွယ်ရာ အစစ်ကြီးပါဘဲ ဆိုပြီး တွေ့လာပြီ။

ဒီတော့ ဝေဒနာကနေ အကြောင်းယုံမှားခြင်းဖြစ်တဲ့ သံသရာရဲ့ ရှေ့အစွန်း၌ ယုံမှားခြင်းကြီးပျောက်သွားပြီ၊ နောက် အကျိုးယုံမှားဖြစ်တဲ့ ဘုရား၌ ယုံမှားခြင်းဟာလဲ ကင်းသွားပြီ၊ နောက်ရုပ်ဖဿဆိုတာ အဆင်းနဲ့အကြည် ဆုံတဲ့သဘောပါ၊ နာမ်ဖဿဆိုတာ အဆင်းနဲ့အကြည်ဆုံတဲ့အခါမှာ အဝင်သဏ္ဌာ မီးခါတ်အားဖြင့် အဆင်းမှာထင်တဲ့သဘောကို မယူတော့ဘဲနဲ့ အထွက်သဘော မီးခါတ်၏ အကြည်ဝိပ်မှာရှိနေတဲ့ ဖဿကို ခေါ်တယ်၊ ဒါဟာ စေတသိက်ထဲမှာပါတဲ့ဖဿပါ။

အဲဒီ နာမ်ဖဿလေးရဲ့ ရေသောက်မြစ်ကို ကြည့်လိုက်ရင် သူက အနာဂတ်ထွက်မဲ့ တဏှာရေသောက်မြစ်ထဲကို ချရပါဘယ်၊ ဒီတော့ အဝိဇ္ဇာနဲ့တဏှာကိုခွဲလို့မရပါ၊ကဲ့သွားရင် သောတာပန်ဖြစ်ပြီ၊ (၀၊) မျိုးချလို့မရပါ၊ ဒီတော့ ဖဿရဲ့ နိမိတ္တ သန္တတိကြီးဟာ တဏှာကြီးပါလို့လဲ လာတွေ့လိုက်ရော အကြောင်း

ယုံမှားခြင်းဖြစ်တဲ့ သံသရာရဲ့ နောက်အစွန်းကြီးဟာ ရှိတယ်ဆိုတာကိုလာတွေ့ပြီ၊ ဒီတော့ သံသရာရဲ့ နောက်အစွန်း၌ ယုံမှားခြင်းဟာ ပြတ်သွားပြီ။

ဒါဟာ တရား၌ ယုံမှားခြင်းဆိုတဲ့ အကျိုးယုံမှားခြင်းဟာ ကင်းပြီးတော့ တရားစစ်ကိုလာတွေ့ပြီ၊ တရားစစ်ကိုလာတွေ့လို့ အဲဒါ ဖဿထဲမှာရှိနေတဲ့ မျိုးစေ့ကို သတ်နိုင်ရင် တရားစစ်ကို တွေ့ပြီ၊ တရားစစ်ကိုတွေ့ရင် မျိုးစေ့ကို ချေမှုန်းနိုင်ပြီ (၀၊) သတ်နိုင်ပြီ မျိုးစေ့ကို သတ်နိုင်တာဟာ တရားစစ်ပါ၊ နောက်စေတနာလေးက မျိုးစေ့လေး ရှိလာရင်ဘဲ ဘယ်မှာဘဲ ချစိုက်ချစိုက် ပေါက်လာတော့မှာဘဲမဟုတ်လား၊ ဒီတော့ စေတနာလေးဟာ အနာဂတ်ကိုထွက်မဲ့ 'ကံ'ပေါ်လာအောင် လုံ့ဆော်ပေးနေတာကို စေတနာလို့ ခေါ်တယ်၊ ဒါကို ထပ်ကြည့်ရင် ပုဗ္ဗဇ္ဇစက် အဝိဇ္ဇာ၊ အပရဇ္ဇစက် တဏှာ၊ ဒီစက်နှစ်ခု ဆုံတော့မှ ပုဗ္ဗဇ္ဇပရဇ္ဇစက် အခု အဝိဇ္ဇာနဲ့ တဏှာ ဆုံတဲ့အခါ ထွက်လာတဲ့ 'ကံ'လေး ဖြစ်လာတယ်။ ဒီ ကံလေး ထွက်လာတာကိုလဲမြင်ရော သံသရာရဲ့ ရှေ့အစွန်း နောက်အစွန်းဖြစ်တဲ့ အကြောင်း ယုံမှားခြင်းဟာကင်းသွားပြီးတော့ ဒီလိုလဲကင်းရော သံဃာစစ်ကြီးဟာ ထွက်လာပြီ။

ဒီတော့ အကျိုးယုံမှားခြင်းဖြစ်တဲ့ သံဃာ၌ယုံမှားခြင်းဟာ ကင်းသွားပြီ၊ အဲဒီတော့ သံဃာဟာ ဂုဏ်တော်ကိုးပါး ရှိတာနှစ်ရာ့ နှစ်ဆယ် ခုနှစ်သွယ်သော သိက္ခာပုဒ်တော်တွေကို ထိန်းသိမ်းနေတာ သံဃာလို့ အရင်ကပြောသလို ပြောမလား၊ ဒီလိုပြောနေတာဟာ သံဃာစစ်မှန်သော်လဲ ကိုယ်ရဲ့အသိ သညာဝိညာဏ်နဲ့ ထောက်ပြီး ပြောနေတာဖြစ်လို့ အသိဉာဏ် မစင်ကြယ် ခြင်းကြောင့် ဝိစိကိစ္ဆာမကင်းသေးပါ၊ အခု ဒီနေရာမှာလဲ

တကယ်သိမ်းလိုက်ရော အဲဒါ သံဃာစစ်ဆိုတာ အသိဉာဏ် ပေးတဲ့ ပုဂ္ဂိုလ်ကိုခေါ်တယ် ဆိုတာကို သိလာပြီ။

ဒါဟာ ဒိဋ္ဌသရဏကုံ ဘဲမဟုတ်လား၊ ဒီတော့ "သံဃ သရဏံ ဂစ္ဆामိ" လို့ ဒိဋ္ဌသရဏကုံ ကိုရသွားပြီ၊ သုတသရဏကုံ ဆိုတာ အားမကိုးရပါ၊ ဒိဋ္ဌသရဏကုံမှ အားကိုးစရာပါ၊ ဒါကြောင့် ယခုသာသနာနဲ့တွေ့တဲ့အခါမှာ ဒိဋ္ဌသရဏကုံကို ရအောင် လုပ်ရမယ်၊ အဲဒါဟာ ဒီစေတနာလေးကနေပြီးတော့ သံဃာစစ်ကြီး ထွက်လာပြီ၊ နောက် 'ဂံ'ဆိုတဲ့ မျိုးစေ့ကျတော့ နိမိတ္တသန္တတိ ရှိနေတယ်၊ အဲဒီ နိမိတ္တသန္တတိကိုလဲ မြင်ရော 'ဟော' သစ္စာ လေးပါးဌ် ယုံမှားခြင်းဆိုတဲ့ အကြောင်းယုံမှားခြင်းဟာ ကင်းသွားပြီးတော့ အကျိုးထုတ်ဆိုရင်ဘဲ ဒီအကျိုး ဝိသမဟေတုက ဒိဋ္ဌိမှာ အဲဒါ အလေ့မှား,အကျင့်မှားကြီးတွေ့ကို ပယ်နိုင် လာတာ သည်ပင်....

အဲဒါ အကျင့်သိက္ခာဌ်ယုံမှားခြင်းဖြစ်တဲ့ အကျိုးယုံမှားခြင်း ဟာလဲ ကင်းသွားပြီးတော့ ယုံမှားခြင်း ရှစ်ပါးဟာ တခါထဲ ကင်းသွားပြီ၊ ဒီတော့မှ "ဒိဋ္ဌဓမ္မော ပတ္တော်ဓမ္မော ဝိဒိတဓမ္မော ပရိယောဂဠှဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေ သာရဇ္ဇပတ္တော အပရပစ္စယော" ဆိုတဲ့ ဒီရှစ်ပါးကို မိမိရဲ့ နှလုံးအိမ်ထဲမှာရသွားပြီ၊ ဒီတော့မှ ဝိသမဟေတုကဒိဋ္ဌိကြီးပြုတ်ပြီး ဒိဋ္ဌသရဏကုံကြီးဟာ တည်နေပြီ၊ ဒီတော့ ပစ္စယပရိဂ္ဂဟ ဉာဏ်ဟာ ဒီမှာဘဲဉကြောင်းချလိုက်ပါပြီ။ ဤကွင် ပစ္စယပရိဂ္ဂဟ ဉာဏ် ဉကြောင်းကျ၏။ ပစ္စယပရိဂ္ဂဟဉာဏ် ဤတွင် ပြီးပြီ။

သာသနာရေးဦးစီးဌာနခုနှစ်ခေါ်ကြပါတော့။

စာကြည့်တိုက်သာဝေ–သာဝေ–သာဝ။

ကမ္ဘာအေး၊ ရန်ကုန် ၁၀၇၇

ပြင်ဆင်ဖတ်ရှုပါရန်

စာမျက်နှာ	ကြောင်းရေ	အမှား	အမှန်
၁၉	၉	တွေ့ထဲမှာ	တွေ့ထံမှာ
၂၄	၁၆	ပစ္စုပ္ပန်	ပစ္စုပ္ပန်
၂၂	၉	သတိဌပဘန်	သတိပဋ္ဌာန်
၂၈	၁၀	အာဠဋ္ဌာယ	အာဠဋ္ဌာရ
၃၁	၁၂	သဘာဝမကျရင်	သဘာဝနယ်မကျယ်ရင်
၄၂	၈	ဒါရုစရိယ	ဒါရုစိရိယ
″	၁၄	ကဘတ္တာ	တဋ္ဌတ္တာ
၆၄	၂	ကို တွေ့ရင်	ကိုမတွေ့ရင်
၆၅	၄	ဝိပဋ္ဌိတည်။	ဝိပဋ္ဌိတည်။
၇၁	၅	တ္ဌိယောဂီ	ထိုယောဂီ
၈၄	၅	နာတိသီတသဏ္ဌာ်ကာယ	
			နာတိသီတာယ နစ္ဆုကာယ
၉၅	၃	ပဋ္ဌန္ဒ်ိ	ပဋန္ဒ်ိ
၁၁၃	၁၆	ဆီလ	သီလ
၁၁၉	၁	နာတိသီတသ နဏ္ဌာ်ကာယ	
			နာတိသီတာယ နစ္ဆုကာယ
″	၂	ဂဟာဏိယ	ဂဟာဏိယာ
၁၂၇	၁၃	ဥတုအကြောင်း	ဟေတုအကြောင်း
၁၄၁	၂၂	ဒါယာ	ဒါဟာ
၄၀၈	၂၁	ရုပ်ဘက်နေ	ရုပ်ဘက်ကနေ

(သု) တေသိန် သုမိဘ္ဘာနံ၊
(ခ) ဂေန အတ္ထသာဓကာ။
(ဝ) ဓေ့ဒ္ဓါ သုခုမာပညာ၊
(တိ) ရေဒ္ဓါ ဘဝအဏ္ဏဝါ။

သုတေသိနံ၊ အနာဂုလ တဒ် သိပ္ပကို လုံ့လအားသီး ဖေ့ရှာမှီးကြကုန်သော။ သုမိတ္ဘာနံ၊ ငါးပါးမလွတ် မိတ်ဂေါင်းဂတ်မှ မချုတ်ယွင်းပေ ချစ်မိတ်ဆွေတို့အား။ ခဂေန၊ နှောင့်ယှက်လွတ်ကင်း ခဏခြင်းဖြင့်။ အတ္ထသာဓကာ၊ လောကဓမ္မ နှစ်ဝအကျိုးဆောင်ပိုး ပြီးမြောက်စေတတ်ကုန်သော။ သုခုမာပညာ၊ သမုဒ်နက်ကျယ် ယုန်သူငယ်သို့ နှိုင်းဘွယ်မရှေ့. သိမ်မွေ့နက်နဲ ခက်ခဲလှစွာ မြတ်ပညာတို့သည်။ ဝဓေ့ဒ္ဓါ၊ တနေ့ဟခြား ကျယ်ပြန့်ပွားချဲ့ ဖုံ့ထွား တိုးတက်တော် မူကြပါ၊ စေကုန်သတည်း။ ဘဝအဏ္ဏဝါ. သုံးပါးဘဝ ဒုက္ခပြောကျယ် ဝဋ်ပင်လယ်မှ။ တိ ရေဒ္ဓါ၊ မက်ပေါက် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်အောင် ကူးမြောက်တော်မူနိုင်ကြပါစေကုန်သတည်း။

ဘာသာရေးဆိုင်ရာ စာပေနှင့်ပြိုချက်အမှတ် (၃၀၀၂)
ပုံနှိပ်သူ—ဦးစိန်တင်၊ (ပ/ဝ၀၇၄) သုခဝတီစာပုံနှိပ်တိုက်
၀၄-ဗိုလ်ချုပ်လမ်း-မန္တလေးမြို့တွင်- ရိုက်နှိပ်၍
ထုတ်ဝေသူ—ဦးစိန်တင်၊ (ထ-မြ/ဝ၆၄၂) သုခဝတီစာပေတိုက်
၀၄-ဗိုလ်ချုပ်လမ်း-မန္တလေးမြို့မှ ထုတ်ဝေသည်။
ဖုံးနံပါတ် (၆၃၆)
ဘီ- ၃/၆၅၂